

# ဦးဝင်းထိန်

## သံသရာတစ်ကွေ့




# သံသရာတစ်ကွေ့

ဦးဝင်းထိန်







## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ ၂၀၁၈၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | ၂၀၀၀ |
| တန်ဖိုး | ၁၀၀၀၀ ကျပ် |
| မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ | **ဝင်းပပ ပုံနှိပ်တိုက် (၀၀၃၁၃)**<br>၁၂၄၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။<br>၀၉ ၅၁၀၁၇၄၄၊ ၀၉ ၇၉၁၂၉၆၃၃၅ |
| ထုတ်ဝေသူ | **ဒေါ်သင်းသင်းမွန် (၀၀၃၇၂)၊ သင်း စာပေ**<br>၁၉၊ ယောသကလမ်း၊ သာယာကုန်းရပ်ကွက်၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | **ဝင်းပပ စာပေ၊ ပုံနှိပ်နှင့် စာအုပ်ချုပ် လုပ်ငန်း**<br>ဦးသန်းဝင်း၊ ၁၂၄၊ မဟာဗန္ဓုလလမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။<br>၀၉ ၅၁၀၁၇၄၄၊ ၀၉ ၇၉၁၂၉၆၃၃၅ |
| မျက်နှာဖုံး ဒီဇိုင်း | Prodigy |

# သံသရာ တစ်ကွေ့

## ဦးဝင်းထိန်


ဦးဝင်းထိန်


သံသရာတစ်ကွေ့

(ပထမ အကြိမ်၊ ၂၀၁၈)

စာ- ၈၀၈၊ ၁၉ စင်တီ × ၂၆.၆ စင်တီ

ဝင်းပပ စာပေတိုက်

၀၉ ၅၁၀၁၇၄၄၊ ၀၉ ၇၉၅၂၉၆၃၃၅



## ဦးဝင်းထိန် (၁၉၄၁ -          )

ဦးဝင်းထိန်ကို ၂၄၊ ၁၂၊ ၁၉၄၁နေ့မှာမိတ္ထီလာမြို့နယ်၊ အလယ်ရွာ ကျေးရွာ အုပ်စုမှာ ပါဝင်တဲ့ ဆည်ကုန်း ဆိုတဲ့ ဇနပုဒ်လေးမှာ မွေးဖွားခဲ့ပါတယ်။ ဖခင်က ကျောင်းဆရာ ဦးလှထွန်းနဲ့ မိခင်က ဒေါ်ခင်စု ဖြစ်ပြီး မွေးချင်း ၁၃ ယောက် ရှိခဲ့ပါတယ်။ သားအကြီးဆုံးပါ။

သူ အသက် သုံးနှစ် အရွယ်လောက်မှာ အလယ်ရွာ တောင်ကျောင်းက ကျောင်းထိုင်ဆရာတော် ဖြစ်တဲ့ ဦးသာသန ပျံလွန်တော်မူပြီးမှ အမေ ဒေါ်ခင်စုရဲ့ ဝမ်းဗိုက်မှာ ကိုယ်ဝန်တည်ရင်း အခု ဘဝသစ် တစ်ခုကို ရခဲ့တယ်လို့ ပြောခဲ့ဖူးပါတယ်။

"လူဝင်စားပေါ့ခင်ဗျာ၊ ကျွန်တော် သုံးနှစ်သားလောက်က အရင်ဘဝ ဖြစ်စဉ်တွေကို အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ပြောနိုင်ခဲ့ပါတယ်၊ ကြီးလာတော့ တဖြည်းဖြည်း မေ့သွားခဲ့ပေမဲ့ ဖခင် ကျောင်းဆရာကြီးက စာရေးဆရာဉာဉ် ရှိတော့ ကျွန်တော် ပြောတာတွေ ရေးမှတ်ထားလို့ ပြန်ပြောင်း မှတ်မိခဲ့တာပါ"

မူလတန်း ပညာကိုတော့ အလယ်ရွာ ဘုန်းကြီးကျောင်းမှာ တွဲဖက်ထားတဲ့ မူလတန်းကျောင်းက အောင်ခဲ့ပြီး အလယ်တန်းနဲ့ အထက်တန်း ပညာကို မိတ္ထီလာမြို့ အထက ၁ မှာ ဆည်းပူးခဲ့ပါတယ်။ ၁၀ တန်းနှစ်မှာ မမျှော်လင့်ဘဲ High School Final ပဲ အောင်လို့ ကျောင်းဆက်တက်ခွင့် မရတဲ့အခါ မိတ္ထီလာ ခရိုင် သစ်တောဝန်ရုံးမှာ အောက်တန်းစာရေးအဖြစ် တစ်နှစ်ခွဲ အလုပ် လုပ်ခဲ့ဖူးပါတယ်။ ၁၆ နှစ်သား အရွယ်က စခဲ့တာပါ။ အောက်တန်း *စာရေး လခ ၁၂၆ ကျပ် ၇၅ ပြား ရခဲ့ရာမှာ အဲဒီထဲက ငွေကျပ် ၁၀၀ ကို မိခင်ကြီး လက်ထဲကို* လစဉ် အပ်ခဲ့ပါတယ်။

အောက်တန်းစာရေး ဘဝက အဲဒီလို လစာငွေကို မိခင်ကြီးထံ ပို့တဲ့ အစဉ်အလာကို စစ်ဗိုလ် ဖြစ်တော့လည်း ဆက်လက် ဆောင်ရွက်ခဲ့ပါတယ်။ ဒုဗိုလ် ဘဝတုန်းက တစ်လကို ကျပ် ၁၅၀၊ ဗိုလ်ဖြစ်တော့ တစ်လ ကျပ် ၂၀၀၊ ဗိုလ်ကြီး ဖြစ်တော့ တစ်လ ကျပ် ၂၅၀ လစဉ်မပျက်မကွက် ဘဏ်ကတစ်ဆင့် ပို့ပေးခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်၊ မေလက စပြီး ကျွန်တော်လက်ထပ်တဲ့ ၁၉၇၂ ခုနှစ်၊ ဧပြီလ အထိ  ကျွန်တော်ရဲ့ စစ်ဗိုလ် လစာတွေကို တစ်လမှအပြည့်အဝ မထုတ်ခဲ့ဖူးပါ။ ကိုးနှစ်တိုင်တိုင် ဖြစ်ပါတယ်။

၁၉၅၉ ခုနှစ်မှာ ၁၀ တန်း စာမေးပွဲ အောင်ရုံတင်မက DSA အပတ်စဉ် ၅ မှာ တက်ခွင့် ရခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်မှာ ကျောင်းဆင်းခဲ့ပြီး ဒုဗိုလ်အဖြစ် ခန့်အပ်ခြင်း ခံခဲ့ရပါတယ်။ ကျောင်းဆင်းတဲ့အခါ အောင်စစ်သည်ဆုနဲ့ စာပေ ထူးချွန်ဆု ဆုနှစ်ဆု ဆွတ်ခူးခဲ့ပါတယ်။ ဒီလို ဆုနှစ်ဆု ဆွတ်ခူးခဲ့တာဟာ စစ်တက္ကသိုလ် သမိုင်းမှာ ပထမဦးဆုံးပါ။

မိခင် တပ်ရင်းက သနက ၅ ဖြစ်ပါတယ်။ ကျုံပျော်နဲ့ မအူပင် ပန်တပွတ် စခန်းတို့မှာ အခြေစိုက်ပြီး နေခဲ့ဖူးပါတယ်။ တပ်မှာ နေရင်း မြစ်ဝကျွန်းပေါ် ဒေသ၊ ရခိုင် ပြည်နယ် အရှေ့ခြမ်း၊ ပဲခူး ရိုးမနဲ့ ရှမ်းပြည်နယ် အရှေ့မြောက် ဒေသတွေမှာ စစ်ဆင်ရေး ဝင်ခဲ့ဖူးပါတယ်။ ၁၉၆၇ ခုနှစ်မှာ သနက ၅ ဟာ ရန်ကုန်ကို ရောက်လာပြီး အောင်ဆန်းမြို့မှာ အခြေချပါတယ်။ အဓိက တာဝန်ကတော့ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ ဦးနေဝင်းရဲ့ လုံခြုံရေးပါ။

အဲဒီလို တာဝန် ထမ်းဆောင်ရင်းနဲ့ ကက (ကျင့်) ရဲ့ အစီအစဉ်နဲ့ နိုင်ငံခြား ဘာသာ သိပ္ပံမှာ ရုရှား ဘာသာကို အချိန်ပြည့် တက်ရောက်ခဲ့ပါတယ်။ ၁၉၆၉ ခုနှစ်မှာ ရုရှား ဘာသာ ဒီပလိုမာကို ထူးချွန် အဆင့်နှင့် အောင်မြင်ခဲ့ပြီး စစ်ရုံး [ကက (ကြည်း) တာဝန်] မှာ တွဲဖက် တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီနောက် ကက (ကြည်း) စီမံရေး ဌာနကို ပြောင်းရွှေ့ တာဝန် ထမ်းဆောင်ပြီး မြန်မာ-အိန္ဒိယ နယ်နိမိတ် သတ်မှတ်ရေး ကော်မရှင် အောက်မှာ ဖွဲ့ထားတဲ့ "အောင်နိမိတ် စစ်ဆင်ရေး ဌာနချုပ်" မှာ ၁၉၆၉ ခုနှစ်က စပြီး ၁၉၇၆ ခုနှစ်အထိ ဦးစီး အရာရှိ အဖြစ် တာဝန်ယူခဲ့ရပါတယ်။

၁၉၇၇ ခုနှစ်မှာ ခမရ ၁၀၆ ကို ပြောင်းရွှေ့ပြီး စစ်ရုံးမှာ နေစဉ်က အတူ တာဝန် ထမ်းဆောင်ခဲ့ဖူးတဲ့ အရာရှိ အချို့နဲ့ ပတ်သက်ပြီး ရှေ့တန်းက ပြန်အခေါ်ခံခဲ့ရပါတယ်။ အကြောင်းရင်းကတော့ ထိုစဉ်က ပေါ်ပေါက်ခဲ့ "ဗိုလ်ကြီး အုန်းကျော်မြင့်နဲ့ အရာရှိ အချို့ရဲ့ နိုင်ငံတော် လုပ်ကြံမှု" နဲ့ ပတ်သက်လို့ ဖြစ်ပါတယ်။ ကိုယ်တိုင် မပါဝင်သော်လည်း နားစွန် နားဖျား ကြားမှုကြောင့် တစ်ကြောင်း၊ ထိုစဉ်က ခေါင်းဆောင်တွေ အချင်းချင်း အာဏာပြိုင်မှု ဖြစ်နေတာကလည်း တစ်ကြောင်းတို့ကြောင့် နာမည်ကျော်တဲ့ ထောက်လှမ်းရေးနဲ့ ရေကြည် အိုင် စခန်းမှာ ခြောက်လ အချုပ်ခံခဲ့ရပါတယ်။ သူတို့ အမှု ပြီးတဲ့ အခါမှာ အငြိမ်းစား ယူခဲ့ရပါတယ်။

၁၉၇၂ ခုနှစ်မှာ ဒေါ်သိန်းမြင့်ကြည် (တုံတုံ) နဲ့ အိမ်ထောင် ပြုခဲ့ပြီး သားသမီး လေး ယောက် ထွန်းကား ခဲ့ပါတယ်။ မဝင်းစုကြည် (ခ) မဇွန်၊ ဆန်းဝင်းထိန် (ခ) သားဂျူး၊ အောင် ခန့်ဝင်းထိန် (ခ) အငယ်လေးနဲ့ မချစ်စုဝင်းထိန် (ခ) ချစ်တို့ ဖြစ်ပါတယ်။ အားလုံး အိမ်ထောင် ကျကုန်ကြပါပြီ။

၁၉၇၈ ခုနှစ်က စပြီး ၁၉၈၈ ခုနှစ် အထိ စီးပွားရေး လုပ်ခဲ့ပါတယ်။ ရွှေညောင် သကြားစက်၊ ကျောက်တော် သကြားစက်၊ ကျောက်တော် အရက်ချက် စက်ရုံ၊ မြစ်သား ဂါစက်နဲ့ ရွှေတောင် အထည်ချော စက်ရုံ စီမံကိန်းတွေ ကန်ထရိုက် ရခဲ့ပါတယ်။ အောင်မြင် တဲ့ စီးပွားရေး လုပ်ငန်းရှင် တစ်ဦး ဘဝကနေပြီး ၁၉၈၈ ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ ရှစ်လေးလုံး အရေးတော်ပုံမှာ ပါဝင်ခဲ့ပါတယ်။ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့နဲ့ အတူ အနီးကပ် နိုင်ငံရေး လုပ်ခဲ့တဲ့ အတွက် ၁၉၈၉ ခုနှစ်ကနေ ၁၉၉၅ ခုနှစ်ထိ ငါးနှစ်ခွဲ ထောင်ကျခဲ့ပါတယ်။

၁၉၉၅ ခုနှစ်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရုံးမှာ ဆက်အလုပ်လုပ်ရင်းနဲ့ ၁၉၉၆ ခုနှစ်မှာ တစ်ခါ ပြန်အဖမ်းခံရပါတယ်။ အင်းစိန်ထောင်၊ မြင်းခြံထောင်၊ မိတ္ထီလာထောင်၊ မန္တလေးထောင်နဲ့ ကသာထောင်တို့မှာ ၂၀၁၀ ခုနှစ်အထိ ၁၄ နှစ်ကျော်ကြာ နေခဲ့ရပါတယ်။ စုစုပေါင်း ထောင်သက်က နှစ် ၂၀ နဲ့ နှစ်လ ဖြစ်ပါတယ်။

၂၀၁၂ ကြားဖြတ် ရွေးကောက်ပွဲမှာ မိတ္ထီလာ မြို့နယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဖြစ်လာပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာတော့ ကျန်းမာရေးအရ ရွေးကောက်ပွဲ မဝင်တော့ဘဲ "အောင်နိုင်ရေး ဗဟို အဖွဲ့" မှာပဲ ဖောက်ချ တာဝန်ယူခဲ့ပါတယ်။ ရွေးကောက်ပွဲ အောင်နိုင်ပြီးတဲ့အခါ အစိုးရ တစ်ရပ် ဖွဲ့စည်းရေး အတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ တာဝန် ပေးချက်အရ "အစိုးရ လွှဲပြောင်းရေး အဖွဲ့ Transition Team" ဥက္ကဋ္ဌ အဖြစ်နဲ့ တာဝန်ယူခဲ့ရပါတယ်။ အဖွဲ့ဝင် နှစ်ဦးကတော့ ဒေါက်တာ အောင်သူ (လည်/ဆယ် ဝန်ကြီး) နဲ့ ဒေါက်တာ မျိုးအောင် (နေပြည်တော် မြို့တော်ဝန်) တို့ ပါဝင်ပါတယ်။

ယနေ့အထိ ပြည်ပ ခရီးစဉ်များ အဖြစ် အိန္ဒိယ၊ အင်ဒိုနီးရှား၊ တရုတ်၊ ဘယ်လ်ဂျီယမ်၊ ဟော်လန်နဲ့ အင်္ဂလန် နိုင်ငံများကို ရောက်ခဲ့ဖူးပါတယ်။ အဲဒီ ခရီးစဉ်တွေမှာ ကုတ်အင်္ကျီ၊ Neck tie နဲ့ ရှူးဖိနပ်များ မစီးဘဲ ပင်နီ တိုက်ပုံ၊ ကချင် လုံချည်၊ ညှပ်ဖိနပ်တွေနဲ့သာ သွားခဲ့ပါတယ်။

၂၀၁၆ ခုနှစ်မှာ NLD ရဲ့ အတွင်းရေးမှူးများ အဖွဲ့ဝင် ဖြစ်လာပြီး ၂၀၁၈ ခုနှစ်မှာ နာယက အဖွဲ့ဝင် တစ်ဦး အဖြစ် ပါတီ တာဝန်များကို ထမ်းဆောင်လျက် ရှိပါတယ်။

♥♥♥♥♥

Tipping Point ချိန်ခွင်လျှာ ဂိတ်ဆုံးတော့မှာလား ၄၄၀
သတိလစ်သွားပြီ ၄၄၀
ဗကပ ယူကိုတွေ အကြောင်း ၄၄၁
ထောင်ထဲကို ရောက်ပြီ ၄၄၁
ငါတို့ရေးသည့် အချဉ်မဟုတ် ၄၄၁
တိုက်တွေ လှည့်နေရပြီ ၄၄၂
သန်းဇော်နဲ့ ညီညီဦး ၄၄၃
ထောင်သဘာဝ တစ်ခု ၄၄၄
အမြင်ဘက်ကို တစ်ခေါက် ၄၄၄
ဓာတ်ပုံတွေ ချောင်းရိုက်ထားတယ် ၄၄၅
ထောင်ထဲက တိုက်တွေ ၄၄၆
အထူးတိုက် ၄၄၆
အထူးတိုက်က အထူး အကျဉ်းသားတွေ ၄၄၇
အထူးဆောင်မှာ နိစ္စဓူဝ ၄၄၇
အထူးတိုက်မှာ စာရေးပုံ ၄၄၈
ကျန်းမာရေး ချို့တဲ့ခြင်း အကြောင်းရင်း တစ်ခု ၄၄၉
ပါဝီမ ၄၅၀
ကိုမိုးသူနဲ့ ကိုဝံသ ၄၅၁
ဗိုလ်မှူး ဘသော် (ခ) မောင်သော်က ၄၅၂
၁၉၉၀ ခုနှစ်၊ မေလ ရွေးကောက်ပွဲ ၄၅၃
ပြဿနာ အစမှ စပြီ ၄၅၃
They Never Learn သူတို့ အမှတ်သည်းခြေ မရှိကြဘူး ၄၅၄
၁၉၆၀ ခုနှစ် ရွေးကောက်ပွဲ ၄၅၄
ရောက်လာကြပြီ ၄၅၅
ရာဇဝင်ရှိုင်းပြီ ၄၅၅
ထောင်တွင်း ဆန္ဒပြပွဲ ၄၅၇
ဒေါက်တာ တင်မျိုးဝင်း ၄၅၇
ဇာဂနာနဲ့ အရိုင်း ၄၅၈
ရွေးကောက်ပွဲအပြီး ထောင်ထဲမှာ ၄၅၉
KNU က ကိုကိုနိုင် ၄၆၀
သားရေကွင်းနဲ့ တူတဲ့ ဥပဒေ ၄၆၀
ထောင်ဝင်စာ တွေ့ခွင့်ရပြီ ၄၆၁
အထူးတိုက်က ထူးခြားဖြစ်စဉ် အချို့ ၄၆၂
ဦးခင်မောင်မြင့်ရဲ့ နောက်ဆုံးနေ့များ ၄၆၃
အဖျားကြီးလာပြီ ၄၆၃

စာတွေ ပါကုန်ပြီ ၄၆၄
နှစ်ပတ်မှ နာရီဝက်လောက်ပဲ စကားပြောချိန် ရှိခဲ့တယ် ၄၆၅
လက်ကောက်ဝတ် သွေးကြောဖြတ်ပြီ ၄၆၆
အပြင်ဘက်က လော်စပီကာ ၄၆၆
ခြင်လုံ သံဆန်ခါက အပေါက်ကလေး ၄၆၇
၁၁/၉၂ ကြေညာပြီ ၄၆၇
အနာကို ဆားပက်ခံရပြီ ၄၆၈
အမျိုးသား ညီလာခံ NC ၄၆၉
ဦးကိုယု ၄၆၉
စာအုပ် အနီနဲ့ စာအုပ် အစိမ်း ၄၇၀
နီဘယ်ဆု ၄၇၁
ကိုရဲထွန်းနဲ့ ဒေါ်ဥမ္မာမော် ၄၇၂
အမေရိကန် အထက်လွှတ်တော် အမတ် Senator Bill Richardson ၄၇၃
ကျန်းမာရေး ပြဿနာများ ၄၇၄
အ.က.စ ဝန်ထမ်းများနဲ့ သူတို့ဘဝ ၄၇၅
ညွှန်ကြားရေးမှူး ဘဝကနေ ထောင်သား ဖြစ်သွားရတဲ့ ပုဂ္ဂိုလ် ၄၇၅
ထောင်ဝန်ထမ်း အချို့ရဲ့ ကံကြမ္မာများ ၄၇၆
လွှတ်ခဲ့ပြီ..... ဒါပေမဲ့ ၄၇၇
နောက်တစ်မှု ကျန်သေးပါတယ်တဲ့ ၄၇၈
ကျွန်တော့် အခြေအနေ ၄၇၉

## အခန်း (၈)
## လွတ်လပ်တဲ့ဘဝ တစ်ခဏ

ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်က လွတ်ပြီ ၄၈၁
သမိုင်းမှတ်တမ်း တင်သင့်တဲ့ အခိုက်အတန့် တစ်ခု
A Historic moment ၄၈၂
ဂယက် ရိုက်ခတ်မှု ၄၈၃
ကျွန်တော့်အပေါ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထား ၄၈၄
မိသားစုတွင်း ဒီမိုကရေစီ ၄၈၄
ဇူလိုင်လ ၁၉ ရက် ၄၈၅
ထမင်းအိုးထမ်း၊ ဟင်းအိုးထမ်း ၄၈၆
အမျိုးသား ညီလာခံ ကိစ္စ ၄၈၆
NC ကျင်းပနေစဉ် ဖြစ်ပေါ်ခဲ့တဲ့ ရယ်စရာတစ်ခု ၄၈၇
၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၄၈၈

| | |
|---|---|
| စည်းကမ်းနဲ့ မညီတာက သူတို့ | ၄၈၉ |
| နဝတရဲ့ ဥပဒေအသစ် ၅/၉၅ | ၄၈၉ |
| ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေး | ၄၉၀ |
| ဒေါ်အောင်ဆန်းစုကြည် စစ်ကြောရေး | ၄၉၀ |
| ဝိုင်းမြင့်သူတို့ ဖုတ်ထားကြတာကိုး | ၄၉၀ |
| ညနေပိုင်း ဟောပြောပွဲများ | ၄၉၂ |
| ဦးတင်ဦးနဲ့ ဦးကြည်မောင်တို့ ပါလာပြီ | ၄၉၂ |
| ရန်ကုန်တက္ကသိုလ် စိန်ရတု | ၄၉၄ |
| ဝါရင့် နိုင်ငံရေးသမားကြီးများ | ၄၉၄ |
| အမျိုးသား အောင်ပွဲနေ့ (စိန်ရတု) | ၄၉၅ |
| မျက်ရည်လွယ်တဲ့ ချစ် | ၄၉၅ |
| မင်္ဂလာဆောင်က ဆုံးမ ဩဝါဒ | ၄၉၅ |
| Eugene ဆိုတဲ့ ခွေးမသား- လူလည် | ၄၉၆ |
| အမျိုးသားနေ့ အခမ်းအနား | ၄၉၇ |
| NLD လူငယ်များ | ၄၉၈ |
| သာမညသို့ ခရီးတစ်ခေါက် | ၄၉၈ |
| တွေ့ခဲ့ရတဲ့ အဖွဲ့မျိုးစုံ | ၅၀၁ |
| ရှမ်းခေါင်းဆောင် ဦးရွှေအုန်း | ၅၀၁ |
| ဒုတိယ ဗိုလ်မှူးကြီး ကျော်ဆန်း (ငြိမ်း) | ၅၀၂ |
| ဘောလုံးပွဲ အဖွင့် မိန့်ခွန်း | ၅၀၂ |
| ကျွန်တော်နဲ့ ဗိုလ်မှူးကြီး ကျော်ဆန်း | ၅၀၃ |
| ထောင်မင်းသား ဒုဗိုလ်မှူးကြီး ကျော်ဆန်း | ၅၀၃ |
| သတိပေးတယ်တဲ့လား | ၅၀၄ |
| ၁၉၉၆ ခုနှစ် သင်္ကြန် | ၅၀၆ |
| မုန်တိုင်းမကျမီ | ၅၀၇ |
| ABC အဖွဲ့ | ၅၀၇ |
| သစ်တစ်ပင် ဥပမာ | ၅၀၈ |
| လျှို့ဝှက်သည်းဖို ရုပ်ရှင်ပမာ | ၅၀၈ |
| ကိုဖိုးအေးနဲ့ နွေစပါး | ၅၀၉ |
| Directional Microphone | ၅၀၉ |
| ဧပြီလ ၃၀ ရက် | ၅၁၀ |
| Satellite Phone ကိစ္စ နိုင်ငံခြားသားတိုင်းကို မယုံနဲ့ | ၅၁၀ |
| ၁၉၉၆ ခုနှစ်၊ မေလ | ၅၁၂ |

ဒေါက်တာ လှိုင်မြင့် (ခ) Billy Mckenzie ၅၁၃
တွဲဘက်ထောင်က တိုက် ၅၁၄
ဆရာတော် ဦးကုသလ ၅၁၅
ကျွန်တော့်ကို ရုံးတင်ပြီ ၅၁၆
မှတ်မှတ်ရရ နေ့စပါး ၅၁၆
မဝံ့မရဲ ရှေ့နေတွေ ၅၁၇
တွဲဘက်ထောင် အခြားအဆောင်က လူတွေ ၅၁၇
တန်ဘိုး မဖြတ်နိုင်တဲ့ အမြတ် ၅၁၈
ထောင်ကျဖြစ်ပြန်ပြီပေါ့ ၅၁၈
ဘိုးတော် ခင်ဝင်း ၅၁၉
ကြည်အေး မုန့်တိုက်ရှေ့မှာ ဖြစ်ခဲ့တဲ့ ရိုက်ပွဲ ၅၂၀
အထူးတိုက်သို့ နောက်တစ်ခေါက် ၅၂၀
ခြေဆီ လက်ဆီ ထွက်ဖို့လိုတယ် ၅၂၀
April Fool ၅၂၂
ဦးတင်ရွှေရဲ့ အသုဘ ၅၂၃

## အခန်း (၉)
## အလှုပ်အခတ်များ

ဘာ့ကြောင့်များပါလိမ့် ၅၂၅
ဆင်တဲ့အကွက်ထဲကို ဝင်မိလျက်သား ၅၂၅
ဥက္ကဋ္ဌ ဘိုဘိုဦး ၅၂၆
စုံထောက်..... စောက်ထုံ ၅၂၇
ကျေးဇူးကြီးလှပါပေ့ ကိုဖိုးအေး ၅၂၈
ဝန်ထမ်းတွေထဲက သိရတဲ့ ထောင်ရထား တစ်စီးရဲ့ အကြောင်း ၅၂၉
တောင်ငူမှာ တစ်သုတ် ၅၂၉
သူတို့ နှစ်ယောက် ၅၃၀
မန္တလေးထောင်မှာ ငါးညကြာ ၅၃၀
ခြံထဲကို ရိုက်သွင်းပြီ ၅၃၀
ဘိုဘိုဦး ထောင်ဝင်စာနေ့ ၅၃၀
ဘိုဘိုဦး ညွှေ့ခံတဲ့ Hamburger ၅၃၂
ထူးဆန်းတဲ့ ပုဂ္ဂိုလ်တချို့ ၅၃၂
ကျွန်တော်နဲ့အတူ ပါလာသူများ အကြောင်း ၅၃၃
နောက်ထပ် ရောက်လာကြသူများ ၅၃၄
မောင်မောင်ဦးနဲ့ ကျွန်တော် ၅၃၄

| | |
|---|---|
| သာကေတ ဦးစိုးမြင့် | ၁၃၅ |
| နောက်ထပ် တစ်သုတ် | ၁၃၅ |
| နာမကျန်းဖြစ်တုန်းက | ၁၃၆ |
| အလှုပ်အခတ်များ | ၁၃၇ |
| သားငယ်လေးနဲ့ ထောင်ဝင်စာ | ၁၃၇ |
| ငယ်လေးရဲ့ ဇာတ်လမ်းတွေ | ၁၃၈ |
| မဝင်းမာမြင့် (ခ) မီးမီး | ၁၃၉ |
| ICRC ကမ္ဘာ့ ကြက်ခြေနီအဖွဲ့ | ၁၃၉ |
| မောင်နှစ်မ နှစ်ယောက်ရဲ့ အဖြစ် | ၁၄၀ |
| ICRC ရဲ့ မနင်းဆီ | ၁၄၁ |
| မြင်းခြံထောင်ကို ဘာ့ကြောင့် ပုံစံထောင်အဖြစ် ပြောင်းရသလဲ | ၁၄၂ |
| တိုင်စာပို့ပြီ | ၁၄၂ |
| ကျွန်တော့်ရဲ့ကျန်းမာရေး | ၁၄၃ |
| ပိုက်ကျော်ခြင်း | ၁၄၄ |
| အစာငတ်ခံ ဆန္ဒပြပွဲများ | ၁၄၄ |
| နည်းဗျူဟာများ | ၁၄၅ |
| တစ်ကိုယ်တော် ဆန္ဒပြပွဲ | ၁၄၆ |
| ခြင်လုံဆန်ခါတွေ တပ်ပြီ | ၁၄၇ |
| ရေလောင်းအိမ်သာ ရပြီ | ၁၄၈ |
| ဆုံးမစရာ ကိစ္စတစ်ခု | ၁၄၈ |
| ဂျွန်နီ ဆရာတော် ဦးကာဝိယ | ၁၄၉ |
| ကိုးလေးလုံး အရေးအခင်း | ၁၅၀ |
| သေကောင်ပေါင်းလဲ ဖြစ်ခဲ့ပုံ | ၁၅၀ |
| ကျောင်းပြန်ရပြီ | ၁၅၁ |
| စားရတာကလည်း သဲတရှပ်ရှပ် | ၁၅၁ |
| ယင် တစ်လောင်းလောင်း | ၁၅၂ |
| ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ် | ၁၅၃ |
| သေတဲ့အထိ အရက်သောက်သွားသူ | ၁၅၃ |
| ထောင်ပိုင် ဦးကောင်း (အမည်လွှဲ) | ၁၅၄ |
| ထူးခြားချက် တချို့ | ၁၅၄ |
| မြင်းခြံထောင်က ဝန်ထမ်းအချို့ | ၁၅၅ |
| ထောင်ပိုင်ရဲ့ ပညာခန်း | ၁၅၆ |
| ကျွန်တော့်အပေါ် သူတို့သဘောထား | ၁၅၇ |

| | |
|---|---|
| မန္တလေးက ဒေါ်ဝင်းမြမြ | ၅၅၇ |
| တာဝန် သိတတ်ခြင်းရဲ့ အကျိုးဆက် | ၅၅၈ |
| မန္တလေးရောက် ရှမ်းကလေး တစ်ယောက် | ၅၅၈ |
| ဒေါ်အောင်ဆန်းစုကြည်ရဲ့သက်တော်စောင့် လုပ်ချင်ပါတယ် | ၅၅၉ |
| ထောင်ထဲမှာ ဈေးဝယ်ရခြင်း | ၅၅၉ |
| ကိုဝင်းလတ်ညို | ၅၆၀ |
| ရွှေမန်ကျည်းသီးတောင့်များ | ၅၆၀ |
| ကိုသက်ဝင်းအောင် | ၅၆၁ |
| ထောင်ဆေးရုံရဲ့ အနေအထား | ၅၆၂ |
| ကြံ့ခိုင်ရေး အဖွဲ့နဲ့ လွှတ်ပေးခြင်း | ၅၆၄ |
| လူမှုရေး အဖွဲ့အစည်းဆိုပဲ | ၅၆၄ |
| ကြံ့ခိုင်ရေး အသင်းရဲ့ မူလဇာစ်မြစ် | ၅၆၄ |
| အဂတိတရားများ | ၅၆၅ |
| မန္တလေးထောင်ရဲ့ နောက်ဆက်တွဲ သတင်း | ၅၆၅ |
| အဂတိတရားတွေ ပပျောက်အောင်လို့တဲ့ | ၅၆၆ |
| ထောင်ပြောင်းရခြင်းများရဲ့ ဒဿန | ၅၆၇ |


**အခန်း (၁၀)**

**နောက်ဆုံးဆိုပေမဲ့ မရိုးရပါဘူး**


| | |
|---|---|
| ကသာထောင် | ၅၆၉ |
| အတူနေ ပုဂ္ဂိုလ်များအကြောင်း | ၅၆၉ |
| အဝင်းရဲ့ ကောင်းမှု | ၅၆၉ |
| ကိုအုံ့ဘွယ်ကျော် | ၅၇၀ |
| သေဒဏ် ကျွန်းပြောင်း အဖွဲ့များ | ၅၇၀ |
| တာဝန်ရှိသူရဲ့ အဖြေ | ၅၇၁ |
| ၂၀၀၈ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက် | ၅၇၁ |
| Without ဆိုင်ကယ်တွေ | ၅၇၂ |
| အခြေအနေမကောင်းဘူး | ၅၇၂ |
| နကမ္ဘတိ ကျွန်တော် | ၅၇၃ |
| ဆက်စပ် ဆန်းစစ်ကြည့်ခြင်း | ၅၇၃ |
| ဇနီးသည်ရဲ့ဒေါသ | ၅၇၄ |
| အကျိုးဆက်များ | ၅၇၅ |
| နောက်တစ်နေ့ | ၅၇၆ |
| ငှက်ဖျားတဲ့ ဗျာရိ | ၅၇၆ |

မင်းပျို မင်းလွင် ၅၇၈
လွယ်လွယ်နဲ့ လာဘ်လာဘတွေ ၅၇၈
ခွေးမြီးကောက် ကျည်တောက်စွပ် ၅၇၉
ပြည်ထဲရေးဝန်ကြီးရဲ့ အပိုဆု ၅၈၀
အနှစ် ၂၀ နဲ့ နှစ်လ ၅၈၂

## အခန်း (၁၁)
## ပုံမှန်ဘဝ ပြန်ရောက်ဖို့

အိမ်အပြန် ၅၈၃
ဘုန်းကြီး ကုလား ၅၈၃
မွန္တလေး-မြစ်ကြီးနား ရထား ၅၈၄
ရေကန်အသင့် ကြာအသင့် ၅၈၄
ဇနီးသည်က ငွေမကိုင်တတ်ဘူး ၅၈၅
နွားလေး နို့ကို နွားကြီး စို့ခြင်း ၅၈၅
ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာ၌ ဒုလ္လဘဝတ်ခြင်း ၅၈၆
ကျန်းမာရေး ချို့တဲ့လာမှုရဲ့ ရှေ့ပြေး ၅၈၈
အိမ်တွင်းရေး ပြဿနာ ၅၈၈
ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်က လွတ်ပြန်ပြီ ၅၈၉
ဝိဝါဒကွဲကြခြင်း ၅၉၀
လွတ်တော့မယ်တဲ့.... လွတ်တော့မယ် ၅၉၀
လှုပ်လှုပ်ရွရွ ၅၉၁
စည်းရုံးရေး လုပ်ငန်းတွေ ပြန်စပြီ ၅၉၂
ကျွန်တော်ရဲ့အလုပ်တွေ ၅၉၃
နယ်ခရီးတွေ ထွက်ပြီး စည်းရုံးရေး လုပ်ငန်းတွေ စပါပြီ ၅၉၃
နိုင်ငံရေး အလှည့်အပြောင်း ၅၉၄
ဆက်ဆံရေး အရာရှိ ခန့်ပြီ ၅၉၄
ကံကြမ္မာရဲ့ ခြယ်လှယ်မှုတစ်ခု ၅၉၅
အထစ်အငေါ့ တစ်ခု ၅၉၇
အင်းတော်က ကိုစောလှိုင် ၅၉၇
ကြားဖြတ် ရွေးကောက်ပွဲရဲ့ နိုင်ငံရေး ရည်မှန်းချက်များ ၅၉၈
စည်းရုံးရေး လုပ်ငန်းများ ၅၉၈
ပြင်ဆင်မှုများ ၅၉၉
မြို့ပေါ်ကိုတော့ လွှတ်ထားခဲ့တယ် ၆၀၀
ဆွေမျိုး အသိုင်းအဝိုင်းရဲ့ အင်အား ၆၀၀

ကိုခွန်သာမြင့် ၆၀၀
ကြားဖြတ် ရွေးကောက်ပွဲနဲ့ ဒေါ်အောင်ဆန်းစုကြည် ၆၀၀
နေပြည်တော်က ကိုယ်စားလှယ်လောင်းများ ၆၀၁
ကိုခွန်သာမြင့်ရဲ့ ခရီးစဉ်များ ၆၀၂
ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဟောပြောပွဲ ၆၀၂
ကိုခွန်သာ ညစ်ပြီ ၆၀၃
မန္တလေးက ခွပ်ဒေါင်းယာဉ် ၆၀၄
ကြားဖြတ် ရွေးကောက်ပွဲနေ့ ၆၀၅
မဲတွေ စတင်ရေတွက်ပါပြီ ၆၀၅
ဦးဝင်းထိန် ရှုံးသွားပြီတဲ့ ၆၀၆
ကျန်တဲ့ မဲပုံးတွေ ရေတွက်ပြီ ၆၀၆
နိုင်ပြီ ဆိုပေမဲ့ စိတ်မချရဲသေးပါ ၆၀၇
တပ်မတော်ထဲက မဲတွေ ၆၀၈
တွန်းပို့လောကကို ရောက်ခဲ့ပြီ ၆၀၉

## အခန်း (၁၂)
## လွှတ်တော် ကိုယ်စားလှယ် ဘဝ

နေပြည်တော် ရောက်ပြီ ၆၁၁
နင်းဆီစံအိမ် ပိုင်ရှင် ၆၁၁
NLD ရဲ့ ပထမဆုံး စတိတ်ရှိုး ၆၁၂
လုံခြုံရေး ကွပ်ကဲမှု ၆၁၂
ကဏ္ဍတွေ ပြောင်းပြန် ဖြစ်ကုန်ပြီ ၆၁၂
စတိတ်ရှိုးနေ့ ၆၁၃
လေလံပွဲ ၆၁၃
ပြည်ခိုင်ဖြိုး ပါတီ ၆၁၄
လွှတ်တော် အစ ပထမနေ့ (သူပုန်တွေ လာပြီ) ၆၁၄
ကျွန်တော်နဲ့ ကိုမြတ်ခိုင် ၆၁၅
ဦးဝင်းတင်၊ ကျွန်တော်နဲ့ ရတနာ သုံးပါး ၆၁၅
နေရာယူတတ်ကြဖို့ လိုပါတယ် ၆၂၀
ကိုယ့်လူတွေ အားတက်လာတယ် ၆၂၁
လွှတ်တော်များ အနေအထား ၆၂၁
လွှတ်တော် ကော်မတီများ ၆၂၂
ပြည်သူ့ ငွေစာရင်း ကော်မတီ Public Accounts Committee (PAC) ၆၂၂
ပြဿနာ တစ်ခုနဲ့ နဖူးတွေ့ ဒူးတွေ့ ၆၂၄

သူတို့ချင်း ဖြစ်နေကြပါလား ၆၂၄
နတ်ထွက်သွားကြပြီ ၆၂၆
အပတ်စဉ် အစည်းအဝေးများ ၆၂၆
မှတ်မှတ်ရရ ဟာသတစ်ခု ၆၂၇
မိတ္ထီလာက အရေးအခင်း ၆၂၇
သူတို့တစ်တွေ ဘာမှမလုပ်ကြဘူး ၆၂၈
တုတ်ကိုင် ဓားကိုင် လူတစ်စု ၆၂၈
ဘယ်လို စဖြစ်ကြတာပါလိမ့် ၆၂၉
တားလို့ မရနိုင်တော့ပြီ ၆၂၉
နောက်တစ်နေ့ ဖြစ်စဉ် ၆၂၉
တိုင်းဝန်ကြီးချုပ်ကို အကူအညီတောင်းခြင်း ၆၃၀
ကျွန်တော်နဲ့ ဘာသာခြား မိတ်ဆွေများ ၆၃၂
မိတ္ထီလာမြို့သားလို့ ပြောရတာ ရှက်တယ် ၆၃၃
သူလည်း ပါသည် "ဧရာဝတီ" ၆၃၃
ရုပ်ချင်းတူတဲ့ ညီအစ်ကို နှစ်ယောက် ၆၃၄
ဒုက္ခသည်များနဲ့ ကူညီ ထောက်ပံ့မှုများ ၆၃၄
ထူးဆန်းသော ကိစ္စလေးများ ၆၃၅
မဘသနဲ့ ပတ်သက်တဲ့ ကိစ္စတွေ ၆၃၅
ဆရာတော် ဦးတိလောက ၆၃၆
ဒေါ်စု သွားတဲ့နောက်ပိုင်းကျမှ ၆၃၇
မောင်သွေးချွန် ဆိုတဲ့ စာရေးဆရာ ၆၃၈
လွှတ်တော်ပြင်ပ နိုင်ငံရေး ၆၃၈
ပုဒ်မ ၄၃၆ ပြင်ဆင်ရေး ၆၃၉
လက်မှတ်ပေါင်း ငါးသန်း ၆၄၀
ပုဒ်မ ၅၉ (စ) ၆၄၀
ယခု ဒုတိယ သမ္မတ ၁ လည်း ငြိခဲ့ဖူးတယ် ၆၄၀
လွှတ်တော်တွင်း လှုပ်ရှားမှု ၆၄၁
ဗိုလ်ချုပ် အောင်ဆန်း ရာပြည့် လှုပ်ရှားမှုများ ၆၄၁
ဆရာတော် ဦးဉာဏိဿရ ၆၄၂
ဆရာတော် ရှင်ဆန္ဒာဓိက ၆၄၂
ပါမောက္ခချုပ် ဆရာတော် ဦးနန္ဒမာလာဘိဝံသ ၆၄၂
မအောင်မြင်ရှာတဲ့ ဖူးစာရေးနတ် ၆၄၃
အကျိုးဆက် ၆၄၄

ပြည်ပ ခရီးစဉ်များ/ဘာလီကျွန်း ၆၄၄
လှပသော ဘာလီ ၆၄၅
သတိပြုမိတဲ့ သူတို့ရဲ့ ရိုးရာ ကိုးကွယ်မှု ၆၄၆
ပါစကာ တေဇော (သို့) အရက်သေစာ ၆၄၆
အရက်သောက်တတ်လာပုံ ၆၄၇
ရှိုးယားစ်၊ ကမ်ပေ့၊ ချကွ ၆၄၈
ဘာလီသို့ ဒုတိယ တစ်ခေါက် ၆၄၈
မထင်မှတ်သော ငြင်းခုံမှု ၆၄၉
ဥရောပ ခရီး၊ ဘယ်လ်ဂျီယမ်၊ ဟော်လန်နဲ့ အင်္ဂလန် ၆၅၀
အီးယူ ဗီဇာ ၆၅၀
ဘရပ်ဆဲမြို့၊ ဘယ်လ်ဂျီယမ်နိုင်ငံ ၆၅၀
ချောကလက် ဘယ်လို လုပ်သလဲ ၆၅၁
စက်ဘီး နိုင်ငံ ၆၅၂
နယ်သာလန် နိုင်ငံ ၆၅၂
ဆရာ တင်မိုးရဲ့ မိသားစု ၆၅၃
ဘရပ်ဆဲမြို့က ဆရာတင်မိုးရဲ့ သမီးများ ၆၅၄
ဟော်လန်/နယ်သာလန်/ဒတ်ချ် ၆၅၆
ဟော်လန်နိုင်ငံက မြန်မာများ ၆၅၆
အင်္ဂလန်နိုင်ငံသို့ Eurostar မြေအောက်ရထားဖြင့် ၆၅၇
မေသင်းနဲ့ ဘော်ဘီ Part I ၆၅၇
ဘော်ဘီ၊ မေသင်းတို့ရဲ့သား ဂျက်ဂျက် ၆၅၈
စိန်မျောက်မျောက် ဂျက်ဂျက် ၆၅၉
လန်ဒန်မြို့က အမှတ်တရများ ၆၆၀
လန်ဒန်မြို့က လူ့အခွင့်အရေး အဖွဲ့တစ်ခု ၆၆၀
နေ့ခင်းပိုင်း အစီအစဉ် ၆၆၀
သက်သတ်လွတ် စားတဲ့ ရောဘတ်ဖေ ၆၆၁
မြန်မာပြည်က သတင်း အဆက်အသွယ် ၆၆၁
အင်္ဂလန် ပါလီမန် ၆၆၂
ဘော်ဘီနဲ့ မေသင်းတို့ရဲ့ မိတ်ဆွေများ ၆၆၃
ဂန္ဓဝင် လက်ဖက်ရည်ဆိုင် ၆၆၄
ကျေနပ်မိတဲ့ ကီစွလေး တစ်ခု ၆၆၄
ဘော်ဘီနဲ့ မေသင်း Part-II ၆၆၅
မေသင်းနဲ့ ကျန်းမာရေး လုပ်ငန်းများ ၆၆၅

ချစ်လွန်လွန်းလို့ ၆၆၅
Control Freak / Micro Management ၆၆၆
အပြန်ခရီးမှာ ဝိုးရဲယား Wheel Chair နဲ့ ၆၆၆
ဟီးသရိုး လေဆိပ်က အတွေးများ ၆၆၆
၁၄ နာရီကြာ လေယာဉ်ခရီး ၆၆၇
တရုတ်ပြည် ခရီးစဉ် ၆၆၇
Xian မြို့ ၆၆၈
Terra-Cotta ရွှံ့ရုပ်ကြီးများ ၆၆၈
ဖားမင်းမြို့နဲ့ ဗုဒ္ဓ ဘုရားကျောင်း ၆၆၉
ခမ်းနားလှသော ဘုရားကျောင်း ၆၇၀
မြတ်စွာဘုရားရဲ့လက်ညှိုးတော်လို့ ပြောတဲ့အရာ ၆၇၀
အမွိုင်မြို့ ၆၇၀
ကူမင်းမြို့သို့ ၆၇၁
တိုင်းရင်းသားရွာများ ၆၇၂
နမ်ဖဲ့ငယ် စောရဒိုင် ၆၇၂
မြစ်ဆုံ စီမံကိန်း ၆၇၃
ပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူးရဲ့ ညစာ စားပွဲ ၆၇၃
၂၀၁၅ ခုနှစ် အတွက် ကြိုတင် ဟောကိန်း ၆၇၄
ပဲနီလေးဟင်းနဲ့ ငါးခြောက် ခရမ်းချဉ်သီးချက် ၆၇၄
နောင် လာလတ္တံ့သော ပြည်ပ ခရီးများ ၆၇၆
ဘာ့ကြောင့်များပါလိမ့် ၆၇၆
ခေါင်းပေါင်း ပြဿနာ ၆၇၆
နောက်ဘဝ မစောင့်ဘူး ၆၇၈

## အခန်း (၁၃)
## သားရေး၊ သမီးရေးနဲ့ ကျန်းမာရေး

ကျွန်တော့် သား သမီးများနဲ့ မြေးများ ၆၇၉
ဓဝင်းစုကြည် (ခ) ဖွန် ၆၇၉
သမီးလေးနဲ့ ကျွန်တော် ၆၈၀
သမီးရဲ့ Boy friends များ ၆၈၀
လူနှစ်ယောက်ရဲ့ မတူတဲ့ ခံစားချက် ၆၈၁
မွှန် အိမ်ထောင်ကျပြီ ၆၈၂
တော်တော် လူမဆန်တဲ့သူတွေ ၆၈၂
မွှန်ရဲ့ နောက်အိမ်ထောင် ၆၈၃

Sonny Norton ၆၈၃
သားကြီး မောင်ဆန်းဝင်းထိန် ၆၈၄
သားငယ်လေး (ခ) အောင်ခန့်ဝင်းထိန် ၆၈၆
ငယ်လေးရဲ့ ပညာရေး ၆၈၇
ဘုရားစူးရစေ့၊ ငယ်လေး ဘွဲ့ရပြီတဲ့ ၆၈၈
စိန်ပေဒါ သီချင်းလိုပါ ၆၈၈
ချစ်စုဝင်းထိန် (ခ) မချစ် ၆၈၉
မလျှမ်းမ-ချစ် ၆၉၀
မြေးဦးလေး "ဖိုင်း" ၆၉၀
မရမ်းခြံ ကျောင်းသူ ရွှေဥ ၆၉၁
ကျန်းမာရေး အဆင့်ဆင့် ယိုရွင်းလာခြင်း ၆၉၂
ဆေးရုံတက်ရပြီ (ခုတင်-၁၀၀၀) ၆၉၂
ဒုတိယအကြိမ် ကျန်းမာရေး ပြဿနာ ၆၉၃
ဖနောင့်ကြော Archille's Tandon ၆၉၄
ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေး တာဝန်ခံ ၆၉၅
သေမင်းက တံခါးခေါက်ပြီ ၆၉၆
ဒုတိယအကြိမ် ၂၀၁၅ ခုနှစ် ၆၉၇
ကိုထွန်းအောင်ကျော်နဲ့ ဒေါက်တာ မိကျော်သောင်း ၆၉၈
မယုံကြတော့ဘူးတဲ့ ၆၉၈
မဖွန်နဲ့ ကိုထွန်းအောင်ကျော် ၆၉၉
ဆေးစစ်ဖို့ စင်ကာပူသွားရပြီ ၇၀၀
မိရဲ့ကျေးဇူး/ Sleep Apnea ရောဂါ ၇၀၀
ကျွန်တော်အိပ်တာကို မိက လာအကဲခတ်တာ ၇၀၁
အောက်စီဂျင်စက်/ C- Pad ၇၀၁
ခွဲစိတ်ခန်း ဝင်ခဲ့ရသေးတယ် ၇၀၁
ကျွန်တော့်ညီ ဒေါက်တာနိုင်လင်း ၇၀၂
ဒေါက်တာ ခင်မောင်မြင့် ၇၀၃

## အခန်း (၁၄)
## ကျေးဇူးကြီးသော ပုဂ္ဂိုလ်များ

ဦးညီပုနဲ့ အမေနင်း ၇၀၅
ဒေါက်တာ မင်းသိန်းနဲ့ ဒေါက်တာ နုနုဝင်း ၇၀၅
ကျွန်တော့် ဘဝထဲက တုံတုံများ ၇၀၇
ကျန်သေးတယ် ၇၀၈

ဦးအုန်းမြင့်နဲ့ ကိုနီတို့ သားအဖ ၇၀၈
NLD လူမှု အထောက်အကူပြု အဖွဲ့ ၇၀၉
မရှိမဖြစ် ကိုနီ ၇၀၉
ကိုနီရဲ့ အမွေ ၇၁၀
Uncle Leo ၇၁၀
ယူနီစန်က မစ်ပယ်တွေး ၇၁၁
တရင်းတနီးဖြစ်လာပြီ ၇၁၂
စိတ်ထား ကောင်းတာလား၊ နုးညံ့ သိမ်မွေ့တာလား ၇၁၃
ငှါသမီးလေးကို ကြိုက်တဲ့သူ မပေါ်ပါစေနဲ့ ၇၁၃
တော်ဝင်နှင်းဆီ ကိုစိုးညွန့် ၇၁၄
အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ၂၀၁၃ ခုနှစ် ပထမဦးဆုံး ညီလာခံ ၇၁၄
ဗဟို အလုပ်အမှုဆောင် အဖွဲ့ ၇၁၅
ဥက္ကဋ္ဌ အဆင့်ဆင့် ၇၁၅


## အခန်း (၁၅)

## ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ


မြေစမ်း ခရမ်းပျိုးခြင်း ၇၁၇
ဗဟိုအောင်နိုင်ရေး အဖွဲ့ ၇၁၇
အရည်အချင်းများ စိစစ်ရေး ၇၁၈
အောင်နိုင်ရေးရုံး ၇၁၉
ပွက်လောထပြီ ၇၂၀
တချို့နေရာတွေမှာ ဆန္ဒတောင်ပြကြတယ် ၇၂၀
ဖြူလုံးနဲ့ မဲလုံး ၇၂၀
မအဲမွန် ၇၂၀
မန္တလေးက ဖြူလုံးနဲ့ မဲလုံး ၇၂၂
သူတို့ ကံကောင်းသွားကြတယ် ၇၂၃
ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ၇၂၃
ရက်ရက်စက်စက် အသုံးချခံခဲ့ရသူများ ၇၂၄
စည်းရုံးရေး ကာလ ၇၂၄
သက်ပိုင်ရှိန်း ၇၂၅
စည်းရုံးရေး ကာလ၊ ပြည်နိုင်ဖြိုး လုပ်ရပ်များ ၇၂၆
ကျွန်တော်ရဲ့ မိတ္ထီလာ မြို့နယ် ၇၂၇
ဒေါက်တာ ဝင်းစိုးဦး ၇၂၇
မိတ္ထီလာကို မပြန်ရတော့ဘူး ၇၂၈

ရွေးကောက်ပွဲမှာ NLD ရဲ့ အလားအလာ ၁၂၈
အနုပညာရှင်တို့ရဲ့ စွမ်းအား ၁၂၉
လူမင်းရဲ့ အခွေ ၁၂၉
အခြား အခြားသော ပုဂ္ဂိုလ်တွေ ၁၂၉
ဆိုက်ကားသမားများ ၁၃၀
ကိုမျိုးရန်နောင်သိမ်းရဲ့ အဖွဲ့ ၁၃၀
မျိုးရန်နောင်သိမ်းရဲ့ အကဲဖြတ်မှု ၁၃၁
UEC ဥက္ကဋ္ဌ ဦးတင်အေးရဲ့ ဖိတ်ခေါ်မှု ၁၃၁
မီဒီယာတွေရဲ့ အစွမ်း ၁၃၃
နောက်ဆက်တွဲ ဂယက်များ ၁၃၃
သနားစရာ မီဒီယာသမားများ ၁၃၄
ရွေးကောက်ပွဲ နီးလာပါပြီ ၁၃၅
ရွေးကောက်ပွဲနေ့ ၁၃၅
အောင်နိုင်ရေးရုံးနဲ့ ရွှေဂုံတိုင် NLD ရုံးချုပ်တို့ရဲ့ ကဏ္ဍများ ၁၃၅
UEC ဦးတင်အေးရဲ့ နောက်ဆုံးရိုက်ချက် ၁၃၈
မိတ္ထီလာမှာတော့ ရှုံးခဲ့တယ် ၁၃၉
သုံးသပ်ချက် ၁၄၀

## အခန်း (၁၆)
## နိုင်ငံတော် တာဝန် လွှဲပြောင်း လက်ခံခြင်း

မကြုံစဖူးထူး ကဲသည့် ဖြစ်ရပ် ၁၄၁
ကောလဟာလတွေ ၁၄၁
မဟာဗျူဟာမြောက် လှုပ်ရှားမှုများ ၁၄၂
ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ တွေ့ဆုံခြင်း ၁၄၂
သူတို့က အမိကကိုး ၁၄၃
နိုင်ငံတာဝန် လွှဲပြောင်း လက်ခံရေး အဖွဲ့ Transition Team ၁၄၃
ကျွန်တော် ဘာလုပ်ချင်သလဲတဲ့ ၁၄၅
ပြန်ကြားရေး ဝန်ကြီး ဦးရဲထွဋ် ၁၄၅
အစည်းအဝေးတွေ စပြီ ၁၄၆
အစိုးရ ဖွဲ့စည်းရေး ၁၄၆
ဦးထင်ကျော်ကို သမ္မတရာထူး ပေးရေး ၁၄၇
ဦးဟင်နရီ ဗန်ထီးယူ ၁၄၇
ဒုသမ္မတ ရွေးချယ်ရေး ၁၄၈
လွှတ်တော် ဥက္ကဋ္ဌ/ ဒုတိယ ဥက္ကဋ္ဌများ ၁၄၈

အမျိုးသား လွှတ်တော် ၇၄၈
CRPP အဖွဲ့ဝင် SNLD ၇၄၉
ပြည်နိုင်ဖြိုးက ပုဂ္ဂိုလ်များ ၇၄၉
ကန်ပက်လက်မြို့က ဦးစံခင် ၇၅၀
ထိပ်ပိုင်း အဖွဲ့အစည်းများ ၇၅၁
နေပြည်တော် မြို့တော်ဝန် ၇၅၁
အခြား ထိပ်ပိုင်း အဖွဲ့အစည်းများ ၇၅၁
ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ၇၅၁
ပြည်ထောင်စု အစိုးရ အဖွဲ့ဝင်များ ၇၅၂
တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရ အဖွဲ့များ ၇၅၃
ကချင် ပြည်နယ် စည်းရုံးရေး တာဝန်ခံ ဒေါ်ကြူကြူသန်း ၇၅၃
စစ်ကိုင်တိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနဲ့ ဧရာဝတီတိုင်း ၇၅၃
ကရင် ပြည်နယ်က ဒေါ်နန်း ၇၅၄
ရခိုင် ပြည်နယ်က ဦးညီပု ၇၅၅
ရခိုင် ပြည်နယ်နဲ့ ရှမ်းပြည်နယ် ၇၅၆
ဒေသဆိုင်ရာ အစိုးရ အဖွဲ့ဝင်များ ၇၅၆
ပြည်ထောင်စု ဥပဒေရေးရာနဲ့ အထူး ကိစ္စရပ်များ
လေ့လာ ဆန်းစစ် သုံးသပ်ရေး ကော်မရှင် ၇၅၇
နိုင်ငံတော် အာဏာကို တကယ့်ကို လွှဲပြောင်းပါပြီ ၇၅၇
၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်၊ သမိုင်းဝင်နေ့ ၇၅၇
ကမ္ဘာက စိတ်ဝင်စားတဲ့ ဓာတ်ပုံတစ်ပုံ ၇၅၈
နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ၇၅၉
အတိုက်အခံတွေနဲ့ပါ ၇၆၀
လူတွေ လဲခဲ့ရတယ် ၇၆၁
နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်ရဲ့ ဦးစားပေးကိစ္စများ ၇၆၁

## အခန်း (၁၇)
## ရှေးပြချင်သေးတဲ့ ပုဂ္ဂိုလ် အချို့

ကိုဝင်းမြင့် ၇၆၃
အပေးအယူလုပ်ဖို့ ကမ်းလှမ်းကြသေးတယ် ၇၆၃
ကိုဝင်းမြင့်ရဲ့ ဟာသအချို့ ၇၆၄
ကိုဝင်းမြင့် အမေ ခေါ်လာတယ် ၇၆၄
ဒေါက်တာ ဒေါ်မေဝင်းမြင့် ၇၆၅
စည်းကမ်းကြီးတဲ့ မဝင်းမြင့် ၇၆၆

ဒေါက်တာ ဒေါ်သန်းငွေ (ကျွန်တော့်ရဲ့ မေခလာ) ၇၆၇
She saves the day ၇၆၇
အဆိုးထဲက အကောင်း ၇၆၈
အပြန်ခါကျတော့ တစ်မျိုး ၇၆၉
ဦးအောင်သောင်း ၇၆၉
မကွယ်လွန်မီက မှာကြားချက် တစ်ခု ၇၇၀
မောင်မောင်ဦး ၇၇၀
မောင်မောင်ဦး ထောင်ကျပြီ ၇၇၀
မမြ ၇၇၁
ကြားဖြတ် ရွေးကောက်ပွဲမှာ အောင်နိုင်ရေး တာဝန် ၇၇၂
လုံခြုံရေး တာဝန် ၇၇၂
မောင်မောင်ဦး လွှတ်တော် ကိုယ်စားလှယ် ဖြစ်ပြီ ၇၇၃
မချစ်နဲ့ ကယားပြည်နယ်က ရှားတော ၇၇၄
Organic မချစ် ၇၇၅
ဗိုလ်အောင်မင်းရဲ့ ဆေးခန်း ၇၇၅
လက်တွဲဖြုတ်ခဲ့ရသူများ ၇၇၅
မခင်သန္တာ၊ တံတားဦး မြို့နယ် ၇၇၆
နေပြည်တော်က ကိုမင်းသူ ၇၇၆
ကိုကျော်သီဟ (ခ) ချယ်ရီကိုကို ၇၇၆
ကိုအောင်စိုး ၇၇၈
လွှတ်တော် ကိုယ်စားလှယ် ဖြစ်ပြီ ၇၇၉
ကိုလှဝင်း (လေသူရဲတစ်ဦး) ၇၈၀
မောင်လင်းထွန်းနဲ့ အဝင်းတို့ရဲ့ မိသားစု ၇၈၂
ကျွန်တော့်ညီများနဲ့ ကိုလှဝင်း ၇၈၂
ကိုလှဝင်းနဲ့ နောက်အိမ်ထောင် ၇၈၃
နိုင်ငံရေး ခိုလှုံခွင့် ၇၈၄
၁၉၈၀ ခုနှစ်၊ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် ၇၈၄
မမြင့်မြင့်တင် ကွယ်လွန်ရှာပြီ ၇၈၅
ရှစ်လေးလုံး အရေးတော်ပုံ အစက ကိုလှဝင်း ၇၈၅
ကျွန်တော်နဲ့ သူရ ဦးတင်ဦး ၇၈၆
ကိုလှဝင်းတို့ ရွှေ့ကျွံသွားပြီ ၇၈၆
ကျွန်တော် ကြားဖြတ် ရွေးကောက်ပွဲ ဝင်တော့မယ် ၇၈၆
ပြန်ကောက်ကြည့်ဦးစို့ ၇၉၁

မောင်ဆန်းဝင်းထိန်နဲ့ မနှင်းရတနာဇော်တို့ရဲ့ ဖူးစာ ၁၉၂
နေပြည်တော်မှာပဲ လုပ်တော့မယ် ၁၉၃
ကိုမိုးဝင်းမောင် ၁၉၄
ကိုမိုးဝင်းမောင်ရဲ့ ဘဝ အပြောင်းအလဲ ၁၉၆
သိန်းသိန်းနဲ့ အေးမာ ၁၉၆
နောက်တော့ကို ဓားနဲ့ထိုးသတဲ့ ၁၉၇

**အခန်း (၁၈)**

**ဒီဘဝ သံသရာ ဆုံးခန်းတိုင်လုနီးပြီ**

မိုးချုပ်ချိန် တန်ပါပြီ ၁၉၉
ဒုတိယ ဘဝ ၁၉၉
တတိယ ဘဝ ၁၉၉
အကျဉ်းခံ ဘဝ ၂၀၀
စတုတ္ထ ဘဝ ၂၀၀
ဘယ်သူမပြု မိမိမှု ၂၀၁
Bonus နဲ့ နေနေတာပါ ၂၀၁
ဝေဖန် တိုက်ခိုက်ကြတာတွေနဲ့ ပတ်သက်လို့ ၂၀၁
မိမိကိုယ်ကိုယ် သုံးသပ်ခြင်း ၂၀၂
ပါရမီရှင် ဒေါ်အောင်ဆန်းစုကြည် ၂၀၃
တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ထားသင့်တဲ့ သဘောထား ၂၀၃
တပ်မတော်နဲ့ ပတ်သက်လို့ ၂၀၄
ဗိုလ်ချုပ်နဲ့ အရမ်းကွာတယ် ၂၀၄
ဘယ်သူ ဘယ်လိုပဲ ကောင်းကောင်း၊ စံနစ်ကောင်းမှလား ၂၀၆
ပထမ ဂျပန် နိုင်ငံ ၂၀၆
ဒုတိယ တောင်ကိုရီးယား ၂၀၆
ယနေ့ အခြေအနေ ၂၀၇
နှုတ်ဆက်စကား ၂၀၈

♥♥♥♥♥

# အခန်း (၆)
# ရှစ်လေးလုံး အရေးတော်ပုံနှင့် အတူ

## တာရှည်နေသော အခြေခံအကြောင်းများ

ကျွန်တော်ဟာ လမ်းစဉ် ပါတီခေတ်မှာ ဆီလို အပေါက်ရှာပြီး စီးပွားရေး အောင်မြင်အောင် လုပ်နိုင်ခဲ့ပါတယ်။ ဆီလို အပေါက်ရှာပြီး လုပ်ခဲ့တယ် ဆိုတာက လမ်းစဉ် ပါတီရဲ့ စီးပွားရေး စနစ်ဟာ စီမံကိန်း စီးပွားရေး ဖြစ်တဲ့ အတွက် ပုဂ္ဂလိက လုပ်ငန်းတွေကို အားမပေးပါဘူး။ ဆိုဗီယက် ရုရှားတို့၊ ကွန်မြူနစ် တရုတ် နိုင်ငံတို့မှာ ကျင့်သုံးတဲ့ စီးပွားရေး စနစ်မျိုး ကျင့်သုံးတာပါ။ အကြောင်းကြောင်းကြောင့် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းငယ် လေးတွေကို ခွင့်ပြုတယ် ဆိုရင်လည်း ရှင်သန် ကြီးထွားခွင့် မပေးပါဘူး။

အဲဒီ စနစ်မျိုး ကျင့်သုံးနေတဲ့ ကာလမှာ ကျွန်တော်က အောင်မြင်ခဲ့တာပါ။ ၁၉၈၈ ခုနှစ်မှာ ဆိုရင် အခု နေတဲ့ နေရာမှာ မြေကွက်က ပေ ၁၀၀ ပတ်လည်၊ အိမ်ကိုတော့ တပ်တွေမှာ အရာရှိငယ်တွေ အတွက် ဆောက်တဲ့ အိမ်မျိုး၊ အိမ်သုံးကားနဲ့ စီးပွားရှာတဲ့ကား ငါးစီး ရှိနေပါပြီ။

ကိုယ်နဲ့ ကိုယ့်မိသားစု စီးပွားရေး အောင်မြင်နေပေမဲ့ နိုင်ငံရဲ့ စီးပွားရေးဟာ တဖြည်းဖြည်းနဲ့ ချွတ်ခြုံကျ လာနေတာတွေကို မြင်နေ၊ တွေ့နေရပါတယ်။ စီးပွားရေး အခြေအနေ မကောင်းလွန်းလို့ ၁၉၈၇ ခုနှစ်မှာ မြန်မာ နိုင်ငံကို ကုလသမဂ္ဂက "အဆင်းရဲဆုံး နိုင်ငံ Least Developed Country- LDC" အဖြစ် အသတ်မှတ် ခံခဲ့ရပါတယ်။ ၁၉၆၂ ခုနှစ်၊ ဦးနေဝင်း အာဏာသိမ်းတုန်းက မြန်မာနိုင်ငံဟာ ကမ္ဘာမှာ ဆန်အများဆုံး တင်ပို့ နိုင်တဲ့ နိုင်ငံအဖြစ် ရပ်တည်ခဲ့တာပါ။ အဲဒီ အနေအထားကနေ ၂၆ နှစ် အကြာမှာ မြန်မာ နိုင်ငံဟာ ကမ္ဘာ့ရဲ့ အဆင်းရဲဆုံး နိုင်ငံ ဖြစ်သွားခဲ့ပါပြီ။

စီးပွားရေးမှာ အဲဒီလို အခြေအနေ ဆိုးဝါးနေခဲ့သလို ဥပဒေနဲ့ တရားစီရင်ရေး ကဏ္ဍမှာလည်း အခြေ အနေတွေ အများကြီး ယိုယွင်းနေပါပြီ။ ဦးနေဝင်းရဲ့ တိုက်တွန်းချက်ကြောင့် ဒေါက်တာ မောင်မောင် အကောင် အထည် ဖော်ခဲ့တဲ့ စနစ်တစ်ခု ရှိပါတယ်။ ၁၀ တန်း "ခ" အောင်ရုံနဲ့ ရှေ့နေ လိုင်စင် ရနိုင်တဲ့စနစ်။ ၁၀ တန်း "ခ" အောင်ပြီ ဆိုတာနဲ့ သတ်မှတ်ထားတဲ့ ဥပဒေပညာတွေကို သတ်မှတ်ထားတဲ့ အချိန်အတိုင်းအတာ တစ်ခု အထိ သင်၊ ပြီးရင် လိုင်စင်ရ ရှေ့နေကြီးတွေဆီမှာ Chamber- အလုပ်သင် ဆင်း။ ပြီးတာနဲ့ ရှေ့နေလိုင်စင် ရ။ နာမည်ပေးပုံက တော်တော်သင်းတယ်။

ဘယ်လိုလဲ ဆိုတော့ Higher Grade Pleading- HGP၊ မြန်မာလို ဘာသာပြန်ရရင် အထက်တန်း ရှေ့နေပေါ့။ အဲဒီခေတ်က အလုပ်အကိုင် ရှားပါးတဲ့ ကာလဆိုတော့ ရှေ့နေ လိုင်စင်နဲ့ အသက်မွေးဝမ်းကြောင်း

## Tipping Point ချိန်ခွင်လျှာ ဂိတ်ဆုံးတော့မှာလား

ဈေးသည်တွေ ဈေးရောင်းလို့ ချိန်ခွင်ချိန်တဲ့အခါ ပစ္စည်းက တစ်ဖက်မှာ ထည့်ပြီး အလေးချိန် တစ်ဖက်မှာ ထည့်လေ့ ရှိပါတယ်။ တစ်ခုခု အလေးသာနေရင် ချိန်ခွင်လျှာက အဆုံးအဖြတ်ပေးတာပါ။ ကျွန်တော်လည်း အဲဒီ အခြေအနေ ရောက်နေပြီ ထင်ပါတယ်။ ကျွန်တော် ဒုးထောက်နေချိန်မှာ သူတို့ မေးတဲ့ မေးခွန်းက ဒေါ် အောင်ဆန်းစုကြည်ရဲ့ နိုင်ငံခြား ထောက်လှမ်းရေး အဆက်အသွယ်တွေကို ဖော်ထုတ်ဖို့ပါ။ ဒူးထောက်လို့ နာတဲ့ ခံစားချက် သိပ်ကြီးလာတဲ့အခါ "ငါ ပြောလိုက်ရင် ကောင်းမလား။ မှန်မှန် မမှန်မှန် ငါ ပြောလိုက်ရင် ဒူးထောက် ညှဉ်းဆဲမယ့် ကိစ္စ ရပ်သွားမှာပဲ" လို့ မကြာခဏ စိတ်ထဲမှာ အတွေး ပေါ်ပေါက်လာပါတယ်။

တစ်ဆက်တည်းမှာ တွေးမိတာက ငါ ပြောလိုက်ရင် "ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံခြား ထောက်လှမ်းရေး အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်မှုရှိတယ်လို့ ဦးဝင်းထိန်က ပြော" ဆိုပြီး ဗိုလ်ခင်ညွန့်က သတင်းစာ ရှင်းလင်းပွဲမှာ ပြောမှာ သေချာပါတယ်။ အဲဒီအတွေးကြောင့် "ငါ ပြောလိုက်ရင် ငါ့ဘဝတော့ သေပြီပဲ" ဆိုတဲ့ အတွေး ဖြစ်လာပြန်ပါတယ်။ အဲဒီ အတွေးကြောင့် နာကျင် ဆင်းရဲတဲ့ ဒဏ်တွေကို အံကြိတ်ခံပါတယ်။

## သတိလစ်သွားပြီ

အကြိမ်ပေါင်း များစွာ ဒူးထောက်လိုက်၊ ပစ်လဲသွားလိုက် ဖြစ်လာတဲ့အခါ ကျွန်တော့်အထင် မနက် နှစ်နာရီ လောက်မှာ လုံးဝ သတိလစ်သွားပါတယ်။ နောက်ဆုံးအကြိမ် ပစ်လဲကျပြီး သတိမေ့သွားတဲ့အခါ ထောက်လှမ်း ရေး ပုဂ္ဂိုလ်က အပြင်ထွက်သွားတယ် ထင်ပါတယ်။ ခဏနေ သူပြန်ဝင်လာတော့မှ ကျွန်တော် ပြန်သတိရ ပါတယ်။ အချိန် ဘယ်လောက် ကြာသွားသလဲ မမှန်းတတ်ပါ။ သူ ပြန်ဝင်လာပေမဲ့ ကျွန်တော့်ကို ပြန်ပြီး ဒူးထောက် မခိုင်းတော့ပါ။ ကျွန်တော်ကလည်း ကြမ်းပြင်ပေါ်မှာ လဲကျတဲ့ အနေအထားနဲ့ ဆက်မှိန်းရင်း အိပ် ပျော်သွားပါတယ်။

မနက် ငါးနာရီလောက်မှာ ကျွန်တော် နိုးပေမဲ့ ကြမ်းပေါ်က မထနိုင်ပါဘူး။ အဲဒီနောက်မှာ တံခါးဖွင့်သံ ကြားပါတယ်။ တခြားလူတစ်ယောက် ဝင်လာသံ ကြားပါတယ်။ အဲဒီအခါကျမှ ကျွန်တော့်ကို ပြန်ထူပြီး ကုလားထိုင်ပေါ်မှာ ထိုင်ခိုင်းပါတယ်။ အဲဒီအခါကျတော့မှာ ကျွန်တော့်ကို လက်ထိပ် ဖြုတ်ပေးပြီး ကျွန်တော့် လက်မောင်းကို အဝတ်တစ်ခု လာပြီး ချည်နှောင်တာကို သိလိုက်ပါတယ်။ ကျွန်တော်ရဲ့ သွေးတိုးနှုန်း ဘယ်လောက် ရှိတယ်ဆိုတာ လာပြီးစစ်တာပါ။ ရင်ဘတ်ကိုလည်း ဟိုထောက် ဒီထောက် ထောက်တော့ ကျွန်တော့် နလုံးကို နားကြပ်နဲ့ စစ်ဆေးနေတာပဲလို့ သိလိုက်ရပါတယ်။ ခဏနေတော့ သူတို့ နှစ်ယောက်လုံး ပြန်ထွက်သွားကြပါတယ်။

မနက် ခြောက်နာရီလောက်ကျတော့ လူတစ်ယောက် ဝင်လာပြီး ကျွန်တော့်အတွက် အိကြာကွေး တစ်ချောင်း၊ လက်ဖက်ရည် တစ်ခွက် ယူလာပါတယ်။ ခေါင်းစွပ်တဲ့ အဝတ်ကို နှာခေါင်းထိ မတင်ပေးပြီး အစာ စားခိုင်းပါတယ်။ အစာ စားပြီး ခဏအကြာမှာ ကျွန်တော့်ကို အချုပ်ခန်း ပြန်ခေါ် သွားပါတယ်။ အဲဒီ အချုပ်ခန်း မှာ ဗိုလ်ကိုလေးကြီး မရှိတော့ပါ။ ရန်ကုန်တိုင်း NLD က ဗိုလ်မှူးဟောင်း ငွေလှိုင် (ယခု ရဟန်းဘဝ) ရောက် နေပါတယ်။ အဲဒီနေ့ကျမှ ကျွန်တော့်ကို ရေချိုးခွင့်ပေးပါတယ်။ ငါးရက်မြောက်နေ့မှာလား၊ ခြောက်ရက်မြောက် နေ့မှာလား ကျွန်တော် မမှတ်မိတော့ပါ။ ရေချိုးရင်းနဲ့ ကျွန်တော့်ရဲ့ ရှပ်အင်္ကျီနဲ့ တိုက်ပုံအင်္ကျီကို ဖြစ်သလို လျှော်လိုက်ပါတယ်။ လုံချည်ကိုတော့ မလျှော်တော့ပါ (ရေလဲလုံချည်မှ မရှိဘဲ)။ အချုပ်ခန်း ပြန်ရောက်တော့ လုံချည်ကိုပဲ တစ်ကိုယ်လုံး ခြုံထားပြီး ရှပ်အင်္ကျီ ခြောက်တော့မှ ပြန်ဝတ်ရပါတယ်။

နောက်ပိုင်းလည်း ကျွန်တော့်ကို မကြာခဏ ခေါ်ထုတ်ပြီး ဦးဝင်းတင် အကြောင်း၊ ဒေါ်မြင့်မြင့်ခင် အကြောင်း စသဖြင့် သူတို့ သိချင်တဲ့ လူတွေ အကြောင်း မေးပါတယ်။ ကျွန်တော်လည်း သူတို့ အကြောင်း သိပ်မသိတော့ သူတို့ ကျေနပ်လောက်တဲ့ အဖြေတော့ ရမသွားပါဘူး။ အဲဒီ အချုပ်ခန်းမှာ နေရင်းနဲ့ ကျွန်တော့်ကို သတင်းစာ ဖတ်ခွင့်ပေးပါတယ်။ သတင်းစာ ဖတ်တော့မှ အဲဒီ ဇူလိုင်လ ကုန်ခါနီးအချိန်မှာ စစ်အုပ်ချုပ်ရေး ကြေညာတဲ့ အကြောင်း သတင်းအပြင် ကိုခင်ညွန့် ကိုယ်တိုင် သတင်းစာ ရှင်းလင်းပွဲလုပ်တဲ့ ဗကပ ယူဂျီများ အကြောင်း သိရပါတယ်။

## ဗကပ ယူဂျီတွေ အကြောင်း

ဗကပ ယူဂျီတွေထဲမှာ ကိုသက်ခိုင်၊ ကိုတင်အောင်နဲ့ ဦးခင်မောင်မြင့်တို့က ခေါင်းဆောင်တွေပါ။ သာမန် နိုင်ငံရေးသမားများအပြင် ဌာနပေါင်းစုံက ဝန်ထမ်းများနဲ့ ဆရာဝန်အချို့ ပါလာကြောင်း ဖတ်ရပါတယ်။ ဓာတ်ပုံတွေနဲ့ ဝေဝေဆာဆာပါ။ ကိုသက်ခိုင်ကတော့ ဗကပ ခေါင်းဆောင် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောရဲ့ သမက်ဖြစ်ကြောင်း၊ ဇနီးဖြစ်သူက ဒေါက်တာ လှကျော်ဇော ဖြစ်ကြောင်း၊ ကိုတင်အောင်ကတော့ လမ်းစဉ် ပါတီခေတ်က ကိုကိုးကျွန်းပြန် ဖြစ်ကြောင်း၊ သူ့ကို ခေါင်းဖြူကြီးလို့ ခေါ်ကြောင်း ဘာ့ကြောင့်လဲ ဆိုတော့ သူ့ တစ်ခေါင်းလုံးက ဖြူနေလို့ပါ။

ဦးခင်မောင်မြင့်ကလည်း ကိုကိုးကျွန်းပြန်ပါ။ နဝတ အစိုးရက ပါတီတွေ ဖွဲ့ဖို့ ခွင့်ပြုတော့ သူက ပီသုံးလုံး အဖွဲ့ ဥက္ကဋ္ဌ ဖြစ်ပါတယ်။ ရေဒီယို အဆိုကျော် ကိုသန်းလှိုင်ရဲ့ အစ်ကိုအရင်းပါ။ သူတို့မှာ ညီအစ်ကို နှစ်ယောက်ပဲ ရှိပါတယ်။ ဒေးဒရဲ မြို့နယ်ထဲက ရွာကြီးတစ်ရွာ ဖတီပါ (ရွာနာမည်ကတော့ မေ့နေပါပြီ)။ ဂျပန်တော်လှန်ရေး ကာလ သူတို့အဖေ အိမ်မှာ ဦးနေဝင်းနဲ့ ဦးအောင်ကြီးတို့ ဌာနချုပ် ဖွင့်ခဲ့ပါသတဲ့။ သူတို့ သုံးယောက်စလုံးကို ထောင်ထဲကျမှ အထူးတိုက်မှာ ပြန်ဆုံပါတယ်။

## ထောင်ထဲကို ရောက်ပြီ

ရမန်ကြီး နှစ်ပတ်၊ ၂၈ ရက် ပြည့်တဲ့ နေ့မှာ ကျွန်တော့်ကို ထောင်ထဲ ပို့ပါတော့တယ်။ တစ်ယောက်တည်း မဟုတ်ပါ။ ကားက မိုက်ခရိုဘတ်စ်ပါ။ အခြားသူတွေလည်း ပါပါတယ်။ ကားပေါ် ရောက်လို့ ခေါင်းစွပ်တွေ ဖြုတ်လိုက်တော့ ကျွန်တော့်ဘေးမှာ ကိုမော်နဲ့ မျက်စောင်းထိုး ထိုင်ခုံမှာ အောင်အောင်တို့ကို တွေ့ရပါတယ်။ နှုတ်ဆက်စကား ပြောမယ်ဆိုတော့ အတူပါလာတဲ့ ထောက်လှမ်းရေးက မပြောရဘူးဆိုလို့ ထောင်ဘူးဝထဲ ရောက်မှပဲ နှုတ်ဆက်ရပါတယ်။ ထောင်ဘူးဝကျပြန်တော့လည်း ကျွန်တော်တို့ကို လက်ခံတဲ့ ဝန်ထမ်းက စကားမပြောရဘူးလို့ တားပြန်ပါတယ်။ ဩော်… ဘဝများ။ ထောင်ထဲ ရောက်တော့ ကျွန်တော့်ကို ၃ တိုက်က အခန်း တစ်ခန်းကို ပို့လိုက်ပါတယ်။

## ငါ့ဘုရားသည် အချဉ်မဟုတ်

၃ တိုက်က အခန်းမှာ မူလက လေးယောက် ရှိနှင့်ပါပြီ။ လူငယ်လေးတွေပါ။ သူတို့ထဲက တစ်ယောက်ကတော့ ကျွန်တော် တပ်ထဲမှာ နေစဉ်က ကျွန်တော့်ထက် စီနီယာကျတဲ့ ဗိုလ်မှူးကြီး တစ်ယောက်ရဲ့ သားပါ။ နာမည်ကမောင်မောင်မြင့်ဆွေထင်ပါရဲ့။ သူက ၁၉၇၄ ခုနှစ်မှာဖြစ်ခဲ့တဲ့ ဦးသန့်အရေးအခင်းမှာထောင်ကျခဲ့ဖူးတယ်လို့ သိရပါတယ်။ သူ့အသက် ၁၃ နှစ်ပဲ ရှိပါသေးတယ်တဲ့။ သူက ဦးသန့် အရေးအခင်းမှာတုန်းက လှုပ်ရှားတဲ့

အဖွဲ့တွေ တစ်ခုနဲ့ တစ်ခု ဆက်သွယ်ဖို့ ဆက်သား အဖြစ်နဲ့ ပါခဲ့တာပါ။ တက္ကသိုလ်ဝင်း တစ်ခုလုံးကို ပိတ်ဖမ်းတဲ့ အချိန် သူ ပါလာတာပါ။

ကျွန်တော်ကလည်း နိုင်ငံရေးကိစ္စထဲမှာ ဘယ်လို ပါခဲ့တယ် ဆိုတဲ့အကြောင်း အကျဉ်းချုပ် ပြောပြပြီး ထောက်လှမ်းရေးမှာ အညှဉ်းဆဲခံရတာတွေ ပြောပြတော့ သူတို့မှာလည်း ဖတ်လမ်းလေးတွေ ကိုယ်စီနဲ့ပါ။ ညအိပ်တော့ အရပ် သိပ်မရှည်တဲ့သူတွေက သုံးယောက်သား ပြားအိပ်ပြီး ခြေရင်းမှာ နှစ်ယောက် ကန့်လန့် အိပ်ကြရပါတယ်။ သူတို့ခမျာ မိလ္လာစွက်နဲ့ နီးတော့ အနံ့အသက် မကောင်းပါ။ အဲဒီနေရာမှာ ကျွန်တော် တစ်ညပဲ နေခဲ့ရပါတယ်။

နောက်တစ်နေ့ကျတော့ အထူးတိုက်ကို ပြောင်းခဲ့ပါတယ်။ အဲဒီ တိုက်ခန်းမှာ နေရင်းနဲ့ မမေ့နိုင်စရာ ဆောင်ပုဒ်လေး တစ်ခုကို မှတ်မှတ်ထင်ထင် စွဲနေမိပါတယ်။ ခေါင်းရင်းလို့ သတ်မှတ်ထားတဲ့ နံရံမှာ အုတ်နီခဲ ပိုင်းနဲ့ ရေးဆွဲထားတဲ့ ဘုရားပုံတော် ရှိပါတယ်၊ တော်တော် အရိုးအစား ကျနပါတယ်။ ကျွန်တော် သဘော ကျတာက အဲဒီအောက်မှာ ရေးထားတဲ့ စာသားပါ။ ဘယ်လိုလဲဆိုတော့...။

"ကိုယ်ဖြစ် ကိုယ်ခံ၊ မတောင်းပန်နဲ့၊ ငါဘုရားသည် အချဉ်မဟုတ်" တဲ့။

## တိုက်တွေ လှည့်နေရပြီ

နောက်တစ်နေ့ မနက်တော့ ကျွန်တော့်ကို လာထုတ်ပါတယ်။ ထောင်ရုံးကို ခေါ်သွားပါတယ်။ ထောင်ရုံးမှာ ကိုဝံသနဲ့ ကိုမိုးသူတို့ကို တွေ့ရပါတယ်။ အချင်းချင်း ပြုံးရုံသာ ပြုံးပြနိုင်ပြီး စကားပြောခွင့် မရပါ။ ခဏ နေတော့ ကျွန်တော်တို့ သုံးယောက်လုံးကို အထူးတိုက်ကို ခေါ်သွားပါတယ်။ ကျွန်တော်က အခန်း ၁၊ ကိုဝံသက အခန်း ၆၊ ကိုမိုးသူက အခန်း ၈ ဖြစ်ပါတယ်။ ကျွန်တော်တို့အရင် ရောက်နေတဲ့သူတွေက ကိုသက်ခိုင်၊ ကိုတင်အောင်နဲ့ ဦးခင်မောင်မြင့်။

နောက်ပြီး လေယာဉ်မှူး ဗိုလ်မှူးဟောင်း ဂျွန်လှဝင်းအပြင် ဦးခင်မောင်မြင့် ပါတီက အတွင်းရေးမှူး၊ သံတော်ဆင့် ဂျာနယ်မှာ ဆောင်းပါးတွေ ရေးနေတဲ့ အောင်သာ (ပီသုံးလုံး) ခေါ် ကိုလှရွှေတို့ ဖြစ်ပါတယ်။ ဒီမှာလည်း တစ်ပတ်လောက်ပဲ နေလိုက်ရပါတယ်။ ၂ တိုက်ကို ပို့လိုက်ပြန်ရော။ အထူးတိုက်မှာက အစားအသောက် ကောင်းပါတယ်။ နိုင်ငံရေးအရ အရေးကြီးတဲ့သူတွေကို ထားတဲ့တိုက်လို့ သူတို့ သတ်မှတ်ပါတယ်။

ဂျွန်လှဝင်းနဲ့ ကျွန်တော်ဟာ အပြင်မှာကတည်းက ခင်မင်ရင်းစွဲ ရှိခဲ့ပါတယ်။ လေတပ်က ပင်စင်ယူပြီးတဲ့ နောက်မှာ ကမ်းလွန် ပင်လယ်ပြင်မှာ ရေနံ ရှာဖွေရေး လုပ်နေတဲ့ နိုင်ငံခြား ကုမ္ပဏီ တစ်ခုမှာ ရဟတ် ယာဉ်မောင်း ဘဝနဲ့ ဟန်ကျနေတဲ့သူပါ။ ဒါပေမဲ့ ရှစ်လေးလုံး အရေးတော်ပုံ ဖြစ်လာတော့ သူလည်း မနေ နိုင်တော့ဘဲနဲ့ ပါလာပါတယ်။ အထူးသဖြင့် စောစောပိုင်းက တပ်က ထွက်ထားတဲ့ ဗိုလ်မှူးကြီးဟောင်း စံသာနဲ့ တွဲမိပါတယ်။ ပြောကြ ဆိုကြရင်းနဲ့ ဦးနေဝင်းအိမ်ကို လေယာဉ် သို့မဟုတ် ရဟတ်ယာဉ်နဲ့ ဗုံးကြဲ လုပ်ကြရင် ဖြစ်နိုင် မဖြစ်နိုင် ဆွေးနွေးခဲ့ဖူးပါတယ်။

အဲဒီ ဆွေးနွေးတာတွေကို နားစွန်နားဖျား ကြားတဲ့ လူတစ်ယောက်က ထောက်လှမ်းရေးကို သွားပြော တော့ အဖမ်းခံရပြီး စစ်ခုံရုံးနဲ့ ထောင်ဒဏ် ၁၀ နှစ် ချခံခဲ့ရသူပါ။ ၁၉၉၅ ခုနှစ်၊ နှစ်စမှာ တော်လှန်ရေး နှစ် ၅၀ ပြည့် အထိမ်းအမှတ်နဲ့ ထောင်ထဲ ရောက်နေတဲ့ စစ်သား စစ်ဗိုလ်ဟောင်းတွေကို ပြန်လွှတ်ပေးရာမှာ

ကျွန်တော်နဲ့ အတူ ၅၊ ၂၊ ၁၉၉၅ ခုနှစ်မှာ အတူတူ လွတ်ခဲ့သူဖြစ်ပါတယ်။ သူဟာ အိမ်ထောင်ဆက် များတော့ နောက်ဆုံး အိမ်ထောင်က တနင်္သာရီဘက်ကလို့ သိပါတယ်။ ပထမ မယားကြီးကတော့ အင်းစိန်မှာ ကျွန်တော်တို့နဲ့ သိပ်မဝေးပါဘူး။ ဆရာမပါ။

၂ တိုက်မှာ တော်ဘုရားလေး၊ ဦးဝင်းတင်နဲ့ သံလျင် ဗုံးခွဲမှု လုပ်တယ်လို့ ကိုခင်ညွန့် ကိုယ်တိုင် သတင်းစာ ရှင်းလင်းပွဲနဲ့ ဖော်ထုတ်ခံလိုက်ရတဲ့ သန်းဇော်နဲ့ ညီညီဦး။ သူတို့ နှစ်ယောက်စလုံးက သံလျင် NLD က လူငယ်တွေပါ။ သံလျင် ရေနံချက် စက်ရုံ ဗုံးခွဲမှုလည်း ဖြစ်ရော နောက်တစ်နေ့မှာ ဖမ်းပြီး သမိုင်းက စသုံးလုံးဝင်းမှာ ငါးရက်လောက် ရက်ရက်စက်စက် အညှဉ်းဆဲ ခံခဲ့ရတဲ့ သူတွေပါ။ အစာငတ် ရေငတ် ထားတယ်၊ လက်ကို နောက်ပြန် ကြိုးချည်ပြီး ထုတ်မှာ တွဲလောင်း ဆွဲထားတယ်။ အဲဒီအချိန်မှာ လူတစ်ကိုယ်လုံးကို ကြေးစည်လို လည်အောင်လုပ်ပြီးတော့ တဖုန်းဖုန်း အရိုက်ခံရတယ်။ ရေစည်ထဲမှာ တစ်ကိုယ်လုံး နှစ်ထားတယ်။

## သန်းဇော်နဲ့ ညီညီဦး

ကတ်ပြားကို ပင်အပ် ၁၀ ခုလောက်ကို ဖောက်ထားပြီးတော့ ပက်လက်လှန်ထားတဲ့အပေါ် မှာ ခြေဖျားထောက် နိုင်းထားတယ်။ ညောင်းလို့ ဖနောင့် အောက်ချချင်တယ် ဆိုရင် ပင်အပ်တွေက ဖနောင့်ကို စူးတယ်။ ဒီလို နည်းတွေနဲ့ ညှဉ်းဆဲခံရတာပါ။ အသက် ၂၀ ပတ်ဝန်းကျင် လူငယ်တွေ ဆိုတော့ အတွေ့အကြုံလည်း မရှိ၊ မှန်လည်း မမှန် ဆိုပေမဲ့ ညှဉ်းဆဲလွန်းမက ညှဉ်းဆဲတဲ့ အခါမှာ သံလျင် ရေနံချက် စက်ရုံ ဗုံးခွဲတာ သူတို့ပါလို့ ဝန်ခံလိုက်ရပါတယ်။ သူတို့နဲ့ အမှုတွဲ တစ်ယောက်ကတော့ ရဲကျော်သူဆိုတဲ့ ကောင်လေးပါ။ အသက်ကလည်း ၁၆ နှစ်လောက်ပဲ ရှိပါသေးတယ်။ သူတို့ကို စစ်ခုံရုံးတင်တော့ သန်းဇော်နဲ့ ညီညီဦးတို့က သေဒဏ်၊ ရဲကျော်သူက ထောင်ဒဏ် အနှစ် ၂၀ အသီးသီး ကျသွားပါတယ်။

စစ်ခုံရုံးတွေ မလာခင်မှာတော့ သူတို့နဲ့ စကားစမြည် ပြောရပါတယ်။ သူတို့ကလည်း အညှဉ်းဆဲ ခံရတာတွေ ပြော၊ ကျွန်တော်လည်း ကျွန်တော့် အတွေ့အကြုံတွေ ပြောပေါ့။ ညီညီဦးကတော့ လူပျော်ပါ။ သီချင်းတကြော်ကြော် အော်ဆိုလိုက်၊ စိတ်ရရင် ကွက်စိပ် ဟောလိုက်နဲ့ ထောင်ရဲ့ ကျဉ်းကြပ်မှုကို ခံသာအောင် နေတာပါ။ သန်းဇော်ကတော့ နိုင်ငံရေး စိတ်ဓာတ် အပြည့်အဝရှိတဲ့ ကလေးပါ။ အတွေ့အကြုံ နည်းသေးတော့ နဝတလို့ ခေါ်တဲ့ စစ်အစိုးရဟာ ခဏလေးတင် မရှိတော့မယ့် ပုံစံမျိုး ခဏ ခဏ ပြောပါတယ်။ သူတို့ကိုယ်တိုင်က အပြစ်မရှိဘူးလို့ ယုံကြည်တဲ့အတွက် နဝတ ပေးတဲ့ သေဒဏ်တွေကို မမှုပါ။ နောက်ပိုင်းတော့ သန်းဇော်က သရက်ထောင် ရောက်ပြီး၊ ညီညီဦးကတော့ တောင်ငူထောင် ရောက်သွားပါတယ်။ ညီညီဦးက စောပြီး ထောင်က လွတ်လာပါတယ်။

သူက သံလျင် NLD မှာ ဆက်လက် လှုပ်ရှားပြီး ကြားဖြတ် ရွေးကောက်ပွဲနဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွေမှာ တက်တက်ကြွကြွ ပါဝင် လှုပ်ရှားခဲ့ပါတယ်။ ထောင်ထဲမှာ နှစ် ၂၀ လောက် နေခဲ့တဲ့ ဒဏ်တွေကြောင့် ထင်ပါတယ်။ ရောဂါမျိုးစုံရပြီး ကွယ်လွန်သွားရှာပါပြီ။ သန်းဇော်ကတော့ လွတ်တာ နောက်ကျပါတယ်။ ထောင်တွင်းပြစ်ဒဏ်တွေကြောင့် လျှော့ရက်တွေ အဖြတ်ခံရတယ်နဲ့ တူပါတယ်။ ထောင်က လွတ်လာတဲ့အခါ ထောင်အတွေ့အကြုံတွေ ရေးရင်းနဲ့ စာရေးဆရာတစ်ပိုင်း ဖြစ်နေပါပြီ။ အိမ်ထောင်လည်း ကျပြီးတော့ ကလေးလည်း ရနေပါပြီ။ အသက်ကလည်း ၄၀ ကျော် ပြီ ဆိုတော့ ရင့်ကျက်နေပါပြီ။

## ထောင်သဘာဝ တစ်ခု

ကျွန်တော့်ကို ပုဒ်မ ၁ဝ (က) နဲ့ ချုပ်ထားတာ ဖြစ်လို့ ထောင်ဝင်စာလည်း မရှိပါဘူး။ အိမ်နဲ့လည်း အဆက်အသွယ် လုပ်လို့ မရပါဘူး။ အဆက်အသွယ် ရဖို့ကျတော့ အပြင်ရုံးတွေ ထွက်တဲ့ ဘဝတူ အကျဉ်းသမားတွေက တစ်ဆင့် မှာရပါတယ်။ ကျွန်တော် ထောင်ထဲ ရောက်တဲ့အချိန်မှာ အင်းစိန် မြို့နယ် NLD က ခေါင်းဆောင် သုံးဦး ထောင်ထဲ ရောက်နှင့်နေပါပြီ။ သူတို့ကတော့ ကိုချစ်ခိုင် (ယခု ဒေဝ် စီးပွားရေး လုပ်ငန်းစု ပိုင်ရှင်)၊ ရှေ့နေ ကိုမောင်မောင် (ယခု စင်ကာပူ) နဲ့ ကိုဝင်းရွှေတို့ ဖြစ်ပါတယ်။

သူတို့က ၃ တိုက်မှာပါ။ သူတို့ အခန်းက အနောက်ဘက်မှာ ပြတင်းပေါက် ဖွင့်ထားတော့ ကျွန်တော် ရေချိုးဆင်းတဲ့ အခါ သူတို့နဲ့ စကားပြောရပါတယ်။ ဒါကြောင့် ကျွန်တော်က ထောင်ထဲ ရောက်နေတဲ့ အကြောင်း အိမ်ကို အကြောင်းကြားပေးဖို့ ပြောရပါတယ်။ ကျွန်တော်က အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့မို့ သူတို့ဆီက စောင်တစ်ထည်ပေးလို့ ညအိပ်ချိန် ပြေလည်သွားပါတယ်။ ကျွန်တော် ရှိနေတုန်းက တိုက် တာဝန်ခံ ထောင်မှူး ဦးသိန်းနိုင်၊ ဒုတိယ တာဝန်ခံက ထောင်မှူး ဦးချိုပါ။ သူက ဆေးတပ် တပ်ကြပ်ကြီး ဘဝက ပြောင်းလာတာပါ။ တိုက်စာရေး တစ်ယောက်လည်း ရှိပါသေးတယ်။ သူက တပ်ကြပ် အဆင့်ပါ။

၁ဝ (က) အကျဉ်းသားတွေကို နှစ်ပတ် တစ်ခါ ပါဆယ် ပို့ခွင့်ရှိပါတယ်။ ဒါကလည်း ထောင်မှာ တာဝန်ကျနေတဲ့ ထောက်လှမ်းရေးက ခွင့်ပြုမှပါ။ ကျွန်တော်ကတော့ ဘာပါဆယ်မှ မရှိပါ။ ထောင်က ပေးတဲ့ အစားအသောက်နဲ့ပဲ စားနေရတာပါ။ ကျွန်တော် ရောက်ပြီး သုံး-လေးရက် အကြာမှာ ပြဿနာ တစ်ခု တက်ပါတယ်။ တနင်္လာနေ့ ၁ဝ (က) တွေ အတွက် ပါဆယ် လာတဲ့အခါမှာ ထောက်လှမ်းရေးက ခွင့်မပြုသေးတဲ့ ၁ဝ (က) အကျဉ်းသမား တစ်ယောက်အတွက် ပါဆယ် လာပါတယ်။ ဒါကို ထောက်လှမ်းရေးက သိတော့ စုံစမ်းစစ်ဆေးရေးတွေ လုပ်ပြီး တာဝန်ရှိသူတွေကို အရေးယူလိုက်ပါတယ်။

အရေးယူပုံကတော့ ထောင်မှူး နှစ်ယောက် ဖြစ်တဲ့ ဦးသိန်းနိုင်နဲ့ ဦးချိုအပြင် စာရေးဖြစ်တဲ့ တပ်ကြပ်ကိုပါ ချက်ချင်း ထုတ်ပယ်လိုက်ပါတယ်။ နောက်တစ်နေ့ကျတော့ ထောင်မှူးကြီး တစ်ယောက်၊ ထောင်မှူး တစ်ယောက်နဲ့ စာရေးအသစ် တစ်ယောက်တို့က တာဝန် ဆက်ယူပါတယ်။ ကျွန်တော် ၂ တိုက်မှာ နေတုန်းက ထောင်သန္ဓေဖြစ်တဲ့ ဦးသိန်းနိုင်က ဆက်ဆံရေး မဆိုးပါဘူး။ ဒါပေမဲ့ ဦးချိုကတော့ အင်တန် ရိုင်းပါတယ်၊ မောက်မာပါတယ်။ ဘယ်အကျဉ်းသားကို မဆို ရိုင်းရိုင်းပြပြ ဆက်ဆံဖို့ နောက်မတွန့်တဲ့သူပါ။

သူတို့ ပြုတ်သွားရတဲ့ အကြောင်းအရင်းက နာမည်ကြီး ၁ဝ (က) အကျဉ်းသမား တစ်ယောက် အိမ်ကို စာရေးက သွားရောက် ဆက်သွယ်ပါတယ်။ ပါဆယ် ပို့ပေးဖို့ပေါ့။ အဲဒီ အကျဉ်းသားက လမ်းစဉ် ပါတီခေတ်တုန်းကလည်း ထောင်ကျဖူးပါတယ်။ စီးပွားရေး အမှုပါ။ ထောင်အထာ ကျွမ်းနေလို့ စာရေးကို သူ့အိမ် လွှတ်လိုက်တာပါ။ သူတို့က တတ်နိုင်တော့ ထောင်မှူး နှစ်ယောက်လုံးကို စက်ဘီး တစ်စီးဆီ ဝယ်ပေးပြီး တပ်ကြပ်ကိုတော့ ရေဒီယို ကက်ဆက် တစ်လုံး ဝယ်ပေးပါတယ်တဲ့။ အဲဒါနဲ့ သူတို့ ဘဝတွေ ပျက်သွားကြတာပါ။

## အပြင်ဘက်ကို တစ်ခေါက်

၂ တိုက်ကို ဒုတိယအကြိမ် ရောက်စဉ်က ဖြစ်ပါတယ်။ တစ်နေ့မှာ (အောက်တိုဘာလထဲ ထင်ပါတယ်) ကျွန်တော့်ကို ထောက်လှမ်းရေးက လာခေါ် ပါတယ်။ အပြင်သွားမှာမို့ ကောင်းကောင်းမွန်မွန် ဝတ်စားဖို့လည်း ပြောပါတယ်။ ဒါ့ကြောင့် အိမ်က ပို့လာတဲ့ ရှပ်အင်္ကျီ တစ်ထည်နဲ့ လုံချည် ဝတ်ပြီး သူတို့ ခေါ် ရာ လိုက်သွားပါတယ်။ ထောင်ဘူးဝ ရောက်တော့ ကျွန်တော့်ကို ကားတစ်စီးပေါ်မှာ တင်ပါတယ်။ မရေးမနှောင်းမှာ ဘွဲ့ရ

ကျောင်းသားများ ပါတီ ဥက္ကဋ္ဌ ကိုရန်ကျော်ကိုလည်း တခြား ကားတစ်စီးမှာ တွေ့လိုက်ပါတယ်။ ကျွန်တော်တို့ကို အင်းစိန်လမ်း အတိုင်း ခေါ်သွားပြီး ဦးဝိစာရလမ်းမှာ ရှိတဲ့ တပ်မတော် ခန်းမကို ခေါ်သွားပါတယ်။

အဲဒီမှာ ပြပွဲကြီးတစ်ခု လုပ်နေတာပါ။ ရေဒီယို နားမထောင်ရ၊ သတင်းစာ မဖတ်ရတော့ အပြင်မှာ ဘာဖြစ်နေလဲ ဆိုတာ မသိပါ။ ထောင်ဝင်စာလာတဲ့ သူတွေဆီက တစ်ပိုင်းတစ်စ ရတဲ့ သတင်းလေးတွေနဲ့တင် ကျေနပ်နေရတာပါ။ အဲဒီခန်းမမှာ လုပ်နေတဲ့ ပြပွဲက "၁၉၈၈ ခုနှစ် ဖြစ်ခဲ့တဲ့ အရေးအခင်း" အကြောင်းကို ဓာတ်ပုံတွေ၊ ဗီဒီယိုတွေနဲ့ ပြခန်း လုပ်ထားတာပါ။ ကျွန်တော်တို့က မနက် ကိုးနာရီကျော်ကျော်လောက်မှာ ရောက်သွားတာပါ။ လူမစည်ကားသေးပါ။

ပြခန်းမှာ ပြထားတာတွေက ၁၉၈၈ ခုနှစ်၊ ဩဂုတ်လမှာ ဖြစ်ခဲ့တဲ့ လူထု အုံကြွမှုမှာ ဓားပြတွေရဲ့ လုယက်မှု၊ လက်ယာ နိုင်ငံရေး အုပ်စုက လူတွေရဲ့ သတင်းအမှားတွေ ဖန်တီးပုံ၊ သံရုံးအချို့ရဲ့ ဝင်ရောက်စွက်ဖက်ပုံတွေကို တချို့လည်း ဓာတ်ပုံ၊ တချို့လည်း စာရွက်စာတမ်းတွေနဲ့ ဖော်ပြထားတာပါ။ ပြခန်းရဲ့ ရည်ရွယ်ချက်ကို ကျွန်တော် မှန်းဆကြည့်ရတာက အများက ယုံကြည်ထားတဲ့ "ရှစ်လေးလုံး အရေးတော်ပုံ" ရယ်လို့ မဟုတ်ဘဲ အဖျက်အမှောင့်သမားတွေရဲ့ ဖန်တီးမှုကြောင့် ဖြစ်တယ်ဆိုတာ လူထု လက်ခံသွားအောင် ကြိုးစားတဲ့ ပြပွဲပါ။

အဲဒီပြပွဲနဲ့ ပတ်သက်လို့ ကျွန်တော် မှတ်မိတာ တစ်ခုရှိပါတယ်။ ပြခန်းထဲကို ကျွန်တော် လျှောက်ကြည့်နေတဲ့ အချိန်မှာ ထောက်လှမ်းရေးက ပုဂ္ဂိုလ်ကလည်း ကျွန်တော်နားက တစ်ဖဝါး မခွာ လိုက်ပါနေပါတယ်။ ကျွန်တော် ပြောသမျှ လိုက်မှတ်ဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ပြပွဲ တစ်လျှောက်လုံးမှာ ကျွန်တော် ဘာမှ မှတ်ချက် မပေးခဲ့ပါ။ ကားတစ်စီးနဲ့ သီးသန့်လိုက်လာတဲ့ ကိုရန်ကျော်ကတော့ ကျွန်တော့်ကို မီလာတဲ့အခါ "ဒါတွေကို ဒီလိုပြမှတော့ ကျုပ်တို့ကို ဆော်ပြီပေါ့ဗျာ" လို့ ကျွန်တော့်ကို ပြောပါတယ်။ သူနဲ့ ပါလာတဲ့ ထောက်လှမ်းရေးက လည်း လိုက်မှတ်နေပါတယ်။

အဲဒီလို အပြင်ကို ပို့ပြီး ပြပွဲကို သွားခဲ့တာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ကို ထောက်လှမ်းရေးက ခေါ်ပြီး မှတ်ချက် ရေးခိုင်းပါတယ်။ ကျွန်တော်ကတော့ သူတို့ တင်ပြပုံဟာ တကယ် ဖြစ်ပျက်တာတွေနဲ့ ကွဲပြားနေကြောင်း၊ လက်ဝဲ လက်ယာ နိုင်ငံရေး အုပ်စုတွေက လှုံ့ဆော်လို့ ဒီအရေးအခင်းကြီး ဖြစ်ပေါ်လာတယ်ဆိုရင် တစ်ပိုင်းတစ်စ မှန်ကြောင်း၊ အဓိက အကြောင်းရင်းမှာ လမ်းစဉ် ပါတီ အစိုးရရဲ့ လွဲမှားတဲ့ မူဝါဒတွေကြောင့် တိုင်းပြည်ဟာ ချွတ်ခြုံကျပြီး မွဲပြာကျလုမတတ် ဖြစ်ခဲ့တာကို ပြည်သူလူထု တစ်ရပ်လုံးက မကျေနပ်လို့ အုံကြွ ပေါက်ကွဲခဲ့တာ ဖြစ်ကြောင်း ရေးပြခဲ့ပါတယ်။ ကိုရန်ကျော်ကတော့ နောက်နှစ်ပတ်လောက် အကြာမှာ လွှတ်သွားပါတယ်။ ကံကောင်းတဲ့သူပဲ။

## ဓာတ်ပုံတွေ ရှောင်းရိုက်ထားတယ်

ပြပွဲထဲမှာ သတိထားမိတဲ့ ကိစ္စတစ်ခုက အင်းလျားလမ်းနဲ့ တက္ကသိုလ်ရိပ်သာ လမ်းထောင့်၊ တက္ကသိုလ် ရိပ်သာလမ်းပေါ်မှာ သံရုံးအကျ ပစ္စည်းတွေ ရောင်းတဲ့ ဆိုင်လေးတစ်ဆိုင် ရှိပါတယ်။ အခုလည်းပဲ ရှိနေဆဲပါ။ အဲဒီဆိုင်နဲ့ မျက်နှာချင်းဆိုင်မှာ အမေရိကန် သံရုံးက အရာရှိတွေ နေကြပါတယ်။ အဲဒီ သံရုံးအိမ် အဝင်ဝမှာ ကျောင်းသားသပိတ် ခေါင်းဆောင်အချို့ စုဝေးရောက်နေကြတဲ့ ဓာတ်ပုံ ဖော်ပြထားပါတယ်။ ကျွန်တော်လည်း အဲဒီအိမ်ကို နှစ်ခေါက် သုံးခေါက်လောက် ရောက်ဖူးတော့ ငါသွားတုန်းကလည်း သူတို့ အဲဒီလို ဓာတ်ပုံရိုက်ထားမှာပဲလို့ အတွေးပေါက်မိပါတယ်။

## ထောင်ထဲက တိုက်တွေ

ကျွန်တော် ၂ တိုက်ကို နှစ်ကြိမ် ပြန်ရောက်ပါတယ်။ ပထမ တစ်ခေါက်တုန်းကတော့ သန်းဖေ၊ ညီညီဦးတို့ အပြင် သံလျင် ကျောက်တန်းဘက်က မီးပြရှာက တံငါသည်ကြီးတွေနဲ့လည်း တွေ့ခဲ့ရပါတယ်။ သူတို့က သပိတ် ကာလမှာ ရွာကို ရောက်နေတဲ့ ရဲနဲ့ အုပ်ချုပ်ရေး အာဏာပိုင်တွေကို ရန်မူတဲ့ လုပ်ငန်းတွေ လုပ်ခဲ့လို့ပါ။ ပြီးတော့ သေဒဏ် ကျထားတဲ့ ရာဇဝတ်သား အချို့လည်း ရှိပါတယ်။ ဒုတိယ တစ်ခေါက် ရောက်တော့ လူ ပိုများလာပါပြီ။

၂ တိုက်က အခန်း ၆၀ စလုံး ပြည့်နေပါပြီ။ ဥပဒေအရ သေဒဏ် ကျပြီးသား လူတွေကို တစ်ယောက် တစ်ခန်းထားရမယ်လို့ ဆိုထားသော်လည်း မထားနိုင်တော့ပါ။ အရေးတော်ပုံ ကာလ ခေါင်းဖြတ်သတ်မှုတွေမှာ ပါဝင်ခဲ့တဲ့သူများကို အစုလိုက် အပြုံလိုက် ဖမ်းပြီး သေဒဏ်ပေးခဲ့တာပါ။ စုစုပေါင်း သေဒဏ်ကျတဲ့သူ ၁၀၈ ယောက် ရှိပါသတဲ့။ သူတို့အကြောင်းကို ကွယ်လွန်သူ စာရေးဆရာ မောင်သော်က (ခ) ဗိုလ်မှူး ဘသော်က စာအုပ် တစ်အုပ် ရေးမယ်လို့ ပြောခဲ့ဖူးပါတယ်။

၂ တိုက်အပြင် ၃ တိုက်နဲ့ ၅ တိုက်တို့မှာလည်း နေခဲ့ဖူးပါတယ်။ တစ်နေရာမှာ တစ်ပတ်ပြည့်အောင် မနေခဲ့ရပါ။ ၅ တိုက်မှာ နေစဉ်က အောင်မြင့် (ခ) ဩဇာ (ကွယ်လွန်)၊ ဒေါက်တာ တင်မျိုးဝင်းတို့နဲ့ တွေ့ဆုံ ခဲ့ပါတယ်။ ဒုတိယအကြိမ် ၂ တိုက်ကို ရောက်တုန်းက သုံးရောင်ခြယ်က ကျော်သူရတို့၊ မျိုးသိမ်းတို့နဲ့လည်း ပြန်ဆုံကြပါသေးတယ်။ သူတို့က ဒေါ် စု ခရီးစဉ်တိုင်းမှာ ကျွန်တော်နဲ့ တွဲပြီး ခရီးသွားခဲ့သူတွေမို့ ကျွန်တော်ကို ၂ တိုက်မှာ ပြန်ဆုံတဲ့အခါ ဝမ်းသာမိကြပါတယ်။

## အထူးတိုက်

အမှန်တော့ အထူးတိုက်ဆိုတဲ့ နာမည်က ဘယ်တုန်းက စပေးတာလဲတော့ ကျွန်တော် မသိပါ။ တိုက်အဝင်ဝ မုခ်ဦးမှာတော့ Juvenile ward လို့ ရေးထားပါတယ်။ အဓိပ္ပာယ်က ကလေးဆောင်ပေါ့။ ဝင်ဝင်ချင်းမှာ တစ်ထပ်တိုက် တစ်လုံး ရှိပါတယ်။ လူနေအိမ် သဘောမျိုး တစ်ထပ်တိုက်၊ အိပ်ခန်း သုံးခန်း၊ ထမင်းစားခန်း၊ မီးဖိုနဲ့ အိမ်သာ တွဲဖက် ပါပါတယ်။ အဲဒီတုန်းကတော့ ဒီတိုက်လေးကို နိုင်ငံရေး အကျဉ်းသားများကို စစ်ကြော ရေး လုပ်တဲ့တိုက် အဖြစ်နဲ့ ထောက်လှမ်းရေးက သုံးထားပါတယ်။

အဲဒီတိုက်နဲ့ မျက်စောင်းထိုးမှာတော့ စေတီတစ်ဆူ ရှိပါတယ်။ ဉာဏ်တော်က ၁၀ ပေလောက်ပဲ ရှိမယ် ထင်ပါတယ်။ ကျွန်တော့် စိတ်ထဲမှာတော့ "ဩော်... စေတီလေးနယ်၊ ထောင်ထဲမှာ ဆိုတော့ စေတီကို မြင့်ချင် တိုင်း မြင့်လို့ မရဘဲ ပုညက်နေရပါလား" လို့ စိတ်ထဲမှာ အောက်မေ့မိပါတယ်။ တိုက်နဲ့ တည့်တည့်မှာတော့ ၁၀ ခန်းတွဲ အဆောင်ပါ။ ကျွန်တော်က အဲဒီက အခန်း ၁ မှာ ငါးနှစ်နီးပါးမျှ နေခဲ့ပါတယ်။

စေတီနဲ့ တည့်တည့် လျှောက်ရင်တော့ သုံးခန်းတွဲတိုက် နှစ်ခု ရှိပါတယ်။ တွေ့တွေ့ချင်း သုံးခန်းတွဲက တော့ ဒေါက်တာ အောင်ခင်ဆင့် ရောက်မှ ဆောက်တဲ့ အခန်းတွေပါ။ သူက အမျိုးသား ညီလာခံကို NLD ကိုယ်စားလှယ် တစ်ဦးအဖြစ် တက်ရင်းနဲ့ "အမျိုးသား ညီလာခံ ဘာလဲ? ၊ ဘယ်လဲ?" ဆိုတဲ့ စာတမ်း တစ်စောင် ရေးသား ထုတ်ဝေလို့ ထောင်ကျခဲ့တာပါ။ အဲဒီနဲ့ မလှမ်းမကမ်းမှာ သုံးခန်းတွဲ တိုက်တစ်ခု ရှိပါ တယ်။ အဲဒီ သုံးခန်းတွဲကို ပြစ်ဒဏ်တိုက်လို့ ခေါ်ပါတယ်။ အဲဒီ သုံးခန်းတွဲ တိုက်နှစ်လုံးကတော့ ၁၀ ခန်းတွဲ တိုက်နဲ့ မျက်နှာချင်းဆိုင်ပါ။

အဲဒီကနေ ဆက်သွားရင်တော့ သွပ်ပြားတွေ ခေါင်လိုက် ကာထားတဲ့ လုံးချင်းအိမ် ခုနစ်လုံး ရှိပါတယ်။ ကျွန်တော် ပထမတစ်ကြိမ် အထူးတိုက် ရောက်တုန်းက မျက်နှာချင်းဆိုင် လုံးချင်းအိမ်ကလေးတွေမှာ နာမည်ကျော် မျက်မှန် တင်ဦးကြီး ရှိပြီး၊ နောက်အိမ်တစ်လုံးမှာ ပြည်ထဲရေးဝန်ကြီးဘဝက ထောင်ကျလာတဲ့ "ဦးဘိုနီ" တို့ နေကြပါတယ်။

သူတို့ ထောင်ဝင်စာ သွားတော့မယ်ဆိုရင် ကျွန်တော်တို့ ၁၀ ခန်းတွဲမှာ ရှေ့က သံစ်သား တံခါးတွေ လာပိတ်ပါတယ်။ သူတို့ ထောင်ဝင်စာ တွေ့ပြီးမှ အဲဒီ သစ်သားတံခါးတွေ ပြန်ဖွင့်တာပါ။ ဒါပေမဲ့ ကျွန်တော်တို့ အခန်း သံတံခါး အပေါ်ကနေ ကျော်ကြည့်ရင် သူတို့အခန်းတွေကို လှမ်းမြင်နိုင်ပါတယ်။

သူတို့ နှစ်ယောက်စလုံး ၁၉၈၉ ခုနှစ် နှစ်မကုန်ခင် လွတ်မြောက်သွားကြပါတယ်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲပြီးတော့ အဲဒီထဲက လုံးချင်းအိမ် ခုနစ်လုံး ရှိရာမှာ ပထမ လေးလုံးကို NLD ခေါင်းဆောင်များ ဖြစ်ကြတဲ့ ဦးတင်ဦး၊ ဦးချစ်ခိုင်၊ ဦးကြည်မောင်နဲ့ ဦးမောင်ရွှေတို့ ရောက်လာကြပါတယ်။ တစ်ခန်းကျော်မှာ ဗိုလ်မှူးကြီး စံသာ (ဗိုလ်မှူး ချွန်လှဝင်း အမှုတွဲပါ)၊ နောက်တစ်ခန်းကျော်မှာက ၁၉၈၃ ခုနှစ် အောက်တိုဘာ အာဇာနည်ကုန်း ဗုံးခွဲတဲ့ အမှုနဲ့ ရောက်နေတဲ့ မြောက်ကိုးရီးယား ထောက်လှမ်းရေး ဗိုလ်ကြီး ကင်မင်ချိုး ရှိပါတယ်။

သူက အဲဒီအချိန်မှာ ဗုဒ္ဓဘာသာ ဖြစ်နေပါပြီ။ အဝိဇ္ဇာနှ် ပုတီးတွေလည်း စိပ်နေပါပြီ။ နောက်ပြီး အထူးတိုက်မှာ တာဝန်ကျတဲ့ ဝန်ထမ်းအချို့ကိုလည်း တိုက်ကွမ်ဒို သင်ပေးပါတယ်။ ဗုံးခွဲပြီးတော့ ထွက်ပြေးရာမှာ ဝိုင်းလာတဲ့ ရွာသားတွေကို လက်ပစ်ဗုံးနဲ့ ပစ်မလို့လုပ်တုန်း လက်ထဲမှာတင် ဗုံးကွဲလို့ ညာဘက်လက် ပြတ်သွားတဲ့ အတွက်ကြောင့် လက်ကို တံတောင်ဆစ်ကစ ဖြတ်ထားရပါတယ်။ သူဟာ အစာအိမ် ရောဂါနဲ့ ၂၀၁၂ ခုနှစ်လောက်မှာ ထောင်ထဲမှာ ကွယ်လွန်သွားခဲ့တယ်လို့ သိရပါတယ်။

## အထူးတိုက်က အထူး အကျဉ်းသားတွေ

အထူးတိုက်မှာ ၁၀ ခန်း ရှိရာမှာ အခန်း ၂ ကို လွတ်ထားပါတယ်။ ၁ မှာက ကျွန်တော်၊ ၃ မှာက မင်းကိုနိုင်၊ အခန်းက ကွာနေတော့ ကျွန်တော်တို့ နှစ်ယောက် စကားပြောရင် ကြားအောင် အော်ပြောရပါတယ်။ ဒါကို ထောက်လှမ်းရေး ကောင်လေးတွေက ချောင်းနားထောင်ပြီး အထက်ကို သတင်းပို့ရပါတယ်။ အခန်း ၄ မှာက ဒေါက်တာမော်ဇင်၊ ၅ မှာက ခေါင်းဖြူ ကိုတင်အောင်၊ ၆ မှာက ဦးခင်မောင်မြင့်၊ ၈ မှာက ဦးဝင်းတင်၊ ၁၀ မှာက KNU ဗုံးခွဲသမား ကိုကိုနိုင်တို့ ရှိကြပါတယ်။ အခန်း ၇ နဲ့ ၉ ကိုတော့ အလွတ်ထားပါတယ်။

အခန်းက ၁၀ × ၁၄ ပေ လောက် ကျယ်ပါတယ်။ ရေလောင်းအိမ်သာ ထားပေးပြီး ရေချိုးဖို့လည်း ရေပိုက်နဲ့ စဥ့်အိုး တစ်လုံးတို့ စီစဥ်ပေးထားပါတယ်။ အပြင်ကို ထွက်ဖို့ မလိုဘူးဆိုတဲ့ သဘောပေါ့။ အခန်းရှေ့မှာတော့ ငါးပေလောက် ကွန်ကရီ ကွက်လပ် တစ်ခု ရှိပြီး အဝင်မှာတော့ အုတ်နံရံနဲ့ သစ်သားတံခါးနဲ့ပါ။ ကျွန်တော် အထက်မှာ ရေးပြခဲ့သလို မျက်မှန် တင်ဦးနဲ့ ဦးဘိုနီတို့ ထောင်ဝင်စာ သွားမယ့်နေ့ ဆိုရင် သစ်သား တံခါးတွေ ပိတ်ပါတယ်။

## အထူးဆောင်မှာ နိစ္စဓူဝ

ကျွန်တော်ဟာ ငယ်ငယ်လေး ကတည်းက ကိုယ့်ကိုယ်ကိုယ် ထောင်ကျလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်မိခဲ့တာပါ။ အခုတော့ ထောင်ကျရုံမက ထောက်လှမ်းရေးမှာပါ ပညာသားပါပါ နှိပ်စက်ခံရတဲ့ ဘဝလည်း ဖြတ်သန်းခဲ့ရပြီးပြီ။ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ သမံတလင်းပေါ်မှာ ဖိနပ်ကို ခေါင်းချပြီး အိပ်ခဲ့ရပြီးပြီ။

အစာဖြတ်၊ ရေဖြတ်တဲ့ ဒဏ်လည်း ခံခဲ့ရပြီးပြီ။ ကျွန်တော့် အယူအဆအရတော့ ထောင်ဆိုတာ လူ့လောကရဲ့ အောက်ဆုံးက အလွှာ ဖြစ်ပါတယ်။

၅၊ ၇၊ ၁၉၈၉ ရက်နေ့မှာ ဗိုလ်ချုပ်ကြီး စောမောင် ပြောခဲ့တဲ့ မိန့်ခွန်းကို ယုံကြည်လို့ နိုင်ငံရေး လောကထဲ ရောက်ခဲ့ရာမှာ အခုတော့ ထောင်ထဲကို ဒုတ်ဒုတ်ထိ ရောက်ခဲ့ရပါပြီကော။ ဒီတစ်ခေါက် အထူးဆောင်ကို ရောက်လာတာ ဒီမှာပဲ ကြာကြာ နေရမယ့်သဘောလို့ စိတ်ထဲက အလိုလို သိလာပါတယ်။ ငါ ဒီမှာ နေရင် ကျန်းမာမှဖြစ်မယ် ဆိုတဲ့အသိက လွှမ်းမိုးနေတဲ့အတွက် ကျွန်တော်ဟာ မနက် တစ်ခါ ညနေ တစ်ခါ လေ့ကျင့်ခန်း မှန်မှန်လုပ်ပါတယ်။

အခန်းကို ထောင့်တန်း လမ်းလျှောက်ပြီး တစ်နေ့ကို အနည်းဆုံး ခြေလှမ်း ၈၀၀၀၊ အများဆုံး ခြေလှမ်း ၁၀၀၀၀ ရအောင် လမ်းလျှောက်ပါတယ်။ လက်ထောက်မှောက် တစ်ကြိမ်လုပ်ရင် အခါ ၄၀၊ တစ်နေ့ကို လေးကြိမ် လုပ်ပါတယ်။ စောင်ကို ခေါက်ပြီးတော့ ခေါက်တဲ့အပေါ်မှာ အုန်းပင် စိုက်တာ မနက် တစ်ခါ၊ ညနေ တစ်ခါမှန်မှန်လုပ်ပါတယ်။ တစ်ရက်တည်း ဆိုသလိုပဲ ဘယ်နေ့ဟာ ဥပုသ်နေ့လည်း ဆိုတာကို ဝန်ထမ်းတွေကို မေးပြီး ပုံမှန် ဥပုသ်စောင့်ပါတယ်။

အပြင်မှာကတည်းက ဒုလ္လဘ အကြိမ်ကြိမ် ဝတ်ပြီး တရားစခန်းလည်း ဝင်ခဲ့ဖူးတော့ မနက်၊ နေ့လယ်နဲ့ ညနေ ပုံမှန် တရားထိုင်ပါတယ်။ ညပိုင်းမှာတော့ စိတ်ပါရင် သီချင်းဆိုလေ့ရှိပါတယ်။ ကျွန်တော်က စိုင်းထီးဆိုင်၊ လွှမ်းမိုး၊ ကိုင်ဇာတို့ သီချင်းတွေကိုလည်း ရသလို ကိုမြကြီး၊ ပြည်လှဖေ၊ ကိုမင်းနောင်၊ စန္ဒရား ချစ်ဆွေနဲ့ ကိုတင်လှိုင်တို့ သီချင်းတွေလည်း တော်တော်များများ ရပါတယ်။ တစ်ခါတလေ မင်းကိုနိုင်က ဦးထိန် သီချင်းဆိုပါဦးဗျလို့ ဆိုတဲ့အချိန်မှာ ကျွန်တော်က သူ့ကို ဘယ်သူ့ သီချင်း ဆိုရမလဲလို့ မေးပြီး စိတ်ပါလက်ပါ သီချင်းဆိုပြပါတယ်။ သူကလည်း သီချင်း တော်တော်များများ ရပေမဲ့ ကီးကိုက်အောင် မဆိုနိုင်ပါဘူး။

နှစ်ပတ် တစ်ခါ ပါဆယ်လည်း မှန်မှန် ရပါတယ်။ ပေါ်ဦးလည်း ထောင်ဝင်စာ မှန်မှန် လာပါပြီ။ ကိုသက်ခိုင်က ထောင်ဝင်စာ မရှိပါ။ ကိုကိုနိုင်လည်း ထောင်ဝင်စာ မမှန်ပါ။ သူနဲ့ အတူတူ သူ့မိန်းမ နှစ်ယောက်ပါ ထောင်ကျနေတာပါ။ ကျန်တဲ့လူတွေက ထောင်ဒဏ် ကျပြီးကြပြီမို့ ထောင်ဝင်စာ လာတွေ့ကြပါတယ်။ ကျွန်တော်တို့ ပါဆယ်လာတိုင်း စားစရာ သောက်စရာ အချင်းချင်း ဖလှယ်ကြပါတယ်။ အဲဒီလို ဖလှယ်တာကို အကြောင်းပြုပြီး ဟင်းထုပ်တွေထဲမှာ စာရေးပြီး သတင်းဖလှယ်ကြပါတယ်။

## အထူးတိုက်မှာ စာရေးပုံ

စက္ကူ မရှိ၊ ဘောပင် မရှိ ဘယ်လို စာရေးကြပါလိမ့်ကို စာရှုသူများ အတွေးခေါင်သွားပါလိမ့်မယ်။ "လိုလျှင်ကြံဆ နည်းလမ်းရ" စကားအတိုင်း ဟင်းတွေ ထည့်လာတဲ့ ပလပ်စတိတ်အိတ်တွေကို ဆပ်ပြာနဲ့ ပြောင်အောင် လျှော်၊ အခြောက်လှမ်း၊ အဲဒီအိတ်တွေကို ခေါက်ရိုးအတိုင်း ဖြဲလိုက်တဲ့ အခါမှာ စက္ကူသဘောမျိုး ဖြစ်သွားပါပြီ။ အဲဒီ ပလတ်စတစ် အလွှာကို နံရံမှာကပ်၊ အကြံအဖန်လုပ်ပြီး ရထားတဲ့ သံမှိုနဲ့ ရေးလိုက်ရင် စာရွက်ပေါ်မှာ ဘောပင်နဲ့ ရေးသလိုပါပဲ။ ဒါပေမဲ့ အလင်းရောင်ဘက်ကို ထောင်ဖတ်မှ ဖတ်လို့ရပါတယ်။ အဲဒီ ပလတ်စတစ်ကို အထပ်ထပ် ဖြစ်နေအောင် ခေါက်ပြီး အပြင်ကလည်း ပလတ်စတစ် တစ်လွှာ ဖုံးရပါသေးတယ်။ ပြီးမှ ဘာလချောင်ကြော်ထဲမှာ မြှုပ်ပြီး အထုပ်ဖြစ်အောင်လုပ်၊ ဝန်ထမ်း တစ်ယောက်နဲ့ မင်းကိုနိုင် အခန်းကို ပို့ခိုင်းရတာပါ။

မင်းကိုနိုင်ကလည်း ကျွန်တော့်ဆီ စာပေးရင် ဒီလိုပုံစံနဲ့ပဲ စာပို့လေ့ရှိပါတယ်။ ကြာလာတော့ ဝန်ထမ်းတွေကလည်း ရိပ်မိလာပါတယ်။ ဒါပေမဲ့ ပြဿနာ မရှာခဲ့ပါ။ တိုက်တွေထဲက နိုင်ငံရေး အကျဉ်းသမားများ

အားလုံးအတွက် ထောင်ထဲမှာ ထောက်လှမ်းရေး တပ်ဖွဲ့တစ်ခု ရှိပါတယ်။ သူတို့ရဲ့ အဓိက တာဝန်ကတော့ လိုအပ်ရင် နိုင်ငံရေး အကျဉ်းသားများကို စစ်ကြောရေး လုပ်မယ်၊ ပြဿနာပေါ်ရင် ဖြေရှင်းပေးမယ်၊ အထူးသဖြင့် အထူးတိုက်ရဲ့ နိုင်ငံရေး အကျဉ်းသမားများကို ကြီးကြပ်ဖို့နဲ့ အခါအားလျော်စွာ သူတို့ဆီက ရသမျှ သတင်း စုဆောင်းဖို့ ဖြစ်ပါတယ်။

ဒီလိုနဲ့ ၁၉၈၉ ခုနှစ်ကုန်လို့ ၁၉၉၀ ခုနှစ် ကူးပါပြီ။ အထူးတိုက်မှာပဲ နေနေ၊ အပြင်က တိုက်တွေမှာပဲ နေနေ ကျွန်တော်တို့ ဘဝက သိပ်မထူးခြားပါဘူး။ သမံတလင်းပေါ်မှာ ဖျာခင်းပြီး ကွန်ကရစ်က လာတဲ့ အအေးဓာတ်ကို ခံနိုင်အောင် စောင်ကို တတ်နိုင်သမျှ ခေါက်ပြီး အောက်မှာ ခင်းပြီး အိပ်ရပါတယ်။ မနက်လင်းလို့ စောင်ကို သိမ်းလိုက်တဲ့အခါ ဖျာအောက်က သမံသလင်းဟာ အပူဓာတ်ကြောင့် နွေးနေပါတယ်။ အဓိပ္ပာယ်ကတော့ ခန္ဓာကိုယ်က အပူဓာတ်ဟာ သမံသလင်းထိ ရောက်ပြီး သမံသလင်းက အအေးဟာ လူကို မရောက်တဲ့ သဘောပေါ့။

သမံသလင်း အအေးဟာ နိုင်ငံရေး အကျဉ်းသမားတိုင်းကို မျှဉ်းပြီး သတ်နေတဲ့ အသံတိတ် လူသတ်သမားပါ။ မသေရင်လည်း သေလုနီးပါးထိအောင် ရောဂါ ဖြစ်စေတာပါ။ ရာဇဝတ် အကျဉ်းသားတွေကျတော့ အဆောင်မှာ နေရတာမို့ အောက်အခင်းက ပျဉ်ခင်းတွေပါ။ ၁၉၉၆ ခုနှစ် နိုဝင်ဘာလလောက်က စပြီး ၁၉၉၇ ခုနှစ် ဧပြီလ အထိ ၁ တိုက်ထဲ နေခဲ့တဲ့ မုံရွာ ဦးတင်ရွှေ ဆိုရင် ကျန်းမာရေး တော်တော် ချို့ယွင်းနေပါပြီ။ ဒီဇင်ဘာ/ဇန်နဝါရီလတွေမှာ ဦးတင်ရွှေ ကျန်းမာရေး စဖောက်ပါတယ်။

## ကျန်းမာရေး ချို့တဲ့ရခြင်း အကြောင်းရင်း တစ်ခု

သာမန်လူတွေ ဆိုရင် ဆောင်းတွင်းမှာ ခြေဆီ၊ လက်ဆီ ထွက်ပါတယ်။ ခန္ဓာကိုယ်ရဲ့ ဇီဝဖြစ်စဉ် တစ်ခုပါ။ ဦးတင်ရွှေကတော့ ခြေဆီ၊ လက်ဆီ မထွက်တော့ပါ။ ထောင်ထဲမှာ ခြောက်နှစ်လောက် ဖျာနဲ့ အိပ်ခဲ့ရတဲ့ ဒဏ်တွေပါ။ အဲဒီတော့ သူဟာ ဆောင်းတွင်းမှာ စောင်ခြုံလို့ မရလောက်အောင် အပူဓာတ်တွေ များနေပါတယ်။ ထောင်ဆရာဝန်တွေ ဆိုတာ သိတဲ့အတိုင်း ဆရာဝန် ကျင့်ဝတ်နဲ့ ညီတဲ့သူ ခပ်ရှားရှား။ ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလလောက်မှာ ထင်ပါရဲ့ တိုက်ထဲမှာ မူးလဲသွားလို့ ထောင်ဆေးရုံကို ခေါ်သွားပါတယ်။ တစ်ညအိပ် နေပြီး ပြန်ပို့ပါတယ်။ ဇွန်လမှာ အဲဒီ အခန်းထဲမှာပဲ ညအချိန်မှာ လူမသိ သူမသိ ကွယ်လွန်ခဲ့ပါတယ်။ မနက် တန်းစီလူစစ်မှ သိတာပါ။

ကျွန်တော် အထူးတိုက်ကို ရောက်တာနဲ့ ကျန်းမာရေး ကောင်းဖို့ရယ်၊ ကုသိုလ်တရား ပွားများဖို့ရယ်၊ ကိုယ်လုပ်တဲ့ နိုင်ငံရေး ခံယူချက် တည်တံ့ ခိုင်မြဲရေးတို့ကို "ကိုယ့်တာဝန် အရေးသုံးပါး" အဖြစ် သတ်မှတ်ပြီး နေထိုင်ခဲ့ပါတယ်။ ပြီးတော့ ၁၉၉၀ ခုနှစ်၊ မေ ၂၇ ရွေးကောက်ပွဲကလည်း နီးကပ်လာပါ ပြီ။ ကျွန်တော့်မှာလည်း ပေါ်ဦးကလွဲလို့ စကားပြောစရာ အဖော်မရှိလို့ သူနဲ့ ပြောတိုင်းလည်း ဒီရွေးကောက်ပွဲ အကြောင်းပဲ ပြောဖြစ်တာ များပါတယ်။

သူ့ကို ပြောတဲ့အကြောင်းတွေထဲမှာ "ရွေးကောက်ပွဲဟာ မေလမှာ ကျင်းပါတယ် ဆိုပေမဲ့ မင်း သိထားဖို့က အခြေအနေ လုံးဝမကောင်းဘူး" ဆိုတာပဲ။ ကျွန်တော် ထောက်ပြတာက ဒီရွေးကောက်ပွဲ ကျင်းပနေချိန်မှာ နိုင်ငံရေး အကျဉ်းသမားတွေ တော်တော်များများ ထောင်ထဲမှာ ရှိနေတယ် ဆိုတဲ့အချက်။ နောက်တစ်ချက်က နဝတ အစိုးရက တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စစ်အုပ်ချုပ်ရေး ကြေညာထားတာ တစ်ချက်။ အဲဒီအချက်တွေဟာ လာမယ့် ရွေးကောက်ပွဲဟာ တစ်ခုခုတော့ ပြဿနာ ဖြစ်တော့မယ်ဆိုတဲ့ အချက်တွေပဲ။ အဆိုးဆုံး

ကတော့ ပါတီ ခေါင်းဆောင်တွေ ဖြစ်တဲ့ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကို အကျယ်ချုပ်အဖြစ် ဆက်လက် ထားရှိတယ် ဆိုတဲ့အချက်ပဲ။

## ပါဝီမ

ကျွန်တော်တို့ ၁ဂ (က) ဘဝမှာ နေစဉ်တုန်းက အင်းစိန်ထောင် တစ်ခုလုံးက တိုက်တွေမှာ နေနေတဲ့ ၁ဂ (က) အားလုံး ဂိတ်နားက အိမ်လေးမှာ ခေါ်ပြီး ဗီဒီယို ပြပါတယ်။ ဇာတ်ကား နာမည်က "ပါဝီမ" ပါတဲ့။ အဲဒီ နာမည်ကို အစက ကျွန်တော်တို့လည်း မသိပါ။ နောက်မှ သိရတာက ရှစ်လေးလုံး အရေးတော်ပုံကြီးမှာ တောခိုကြတဲ့ သူတွေထဲမှာ ယောက်ျားလေးတွေသာမက မိန်းကလေးတွေလည်း ပါပါတယ်။ တချို့လည်း အထက်တန်းကျောင်းက၊ တချို့လည်း တက္ကသိုလ်ကပါ။ အဲဒီထဲက မိန်းကလေး တစ်ချို့ဟာ ဘန်ကောက်မြို့ကို ရောက်သွားရင်းနဲ့ စားသောက်ဆိုင်တို့၊ ကာရာအိုကေ ဆိုင်တို့ ရောက်သွားပြီး ပျက်စီးသွားတဲ့ မိန်းကလေး တစ်ယောက် အကြောင်းပါ။

ဘန်ကောက်က ဟိုတယ်တွေမှာ လမ်းကြောင်းမှားပြီး ဘဝကို ဖြစ်သလို ရုန်းရတဲ့ လူတွေကို ထိုင်းဘာသာနဲ့ "ပါဝီမ" လို့ ခေါ်ပါသတဲ့။ အဲဒါကို အကြောင်းပြုပြီး အမျိုးသား ဇာတ်ဆောင်ထဲမှာ မဲဇာ ပါဝင်လာတာ မှတ်မိပါတယ်။ အမျိုးသမီး အဓိက ဇာတ်ဆောင်က ယုနန္ဒာမြင့်လို့ သိရပါတယ်။ ဇာတ်လမ်းကတော့ ရွက်ကြမ်းရေကျိုပါ။ ဝါဒဖြန့် ရုပ်ရှင် Propaganda Movie ဖြစ်မှန်း သိပါတယ်။ ဒါကြောင့် ကျွန်တော်က ရုပ်ရှင်ကြည့်လိုက် မကြည့်လိုက်နဲ့ စုရုံး ရောက်ရှိလာတဲ့ ဘဝတူ ၁ဂ (က) အကျဉ်းသားတွေနဲ့ စကားပြောရပါတယ်။ အမျိုးသမီးထဲကတော့ မသိဂီ တစ်ယောက်ပဲ ပါပါတယ်။

သူက မန္တလေးသူပါ။ ရန်ကုန်မှာ တစ်ယောက်တည်း အိမ်ငှားနေ၊ ထောင်ကျခဲ့တော့ သူ့ခမျာ အသိမိတ်ဆွေ တစ်ချို့က ထောင်ဝင်စာ ခက်ခက်ခဲခဲ ပို့ပေးရပါတယ်။ ရုပ်ရှင် ကြည့်ဖို့ ထောက်လှမ်းရေးက ခေါ်တဲ့ အုပ်စုမှာ အမျိုးသမီးဆိုလို့ သူတစ်ယောက်တည်းပါ။ နောက်ပြီး ဆေးကျောင်းသား ရန်မျိုးသိန်းလည်း ပါပါတယ်။ သူက မကြာမီ ထောင်က လွတ်သွားပြီး ဆေးတက္ကသိုလ် ပြန်တက်ခွင့် ရပါတယ်။ နိုင်ငံရေးမှုနဲ့ ထောင်ထဲ ဝင်ရတဲ့ ဆေးကျောင်းသားတွေထဲမှာ ဆေးတက္ကသိုလ် ပြန်တက်ခွင့်ရတာ သူတစ်ယောက်ပဲလို့ သိရပါတယ်။ (အကြောင်းတော့ ရှိပါလိမ့်မယ်။)

ကျန်တဲ့ ပုဂ္ဂိုလ်တွေကတော့ ကျွန်တော့် ဘော်ဒါဟောင်းတွေပါ။ ဗိုလ်မှူးကြီး မျိုးအောင်၊ ဗိုလ်မှူးကြီး လှဖေ၊ ဗိုလ်မှူးကြီး လွန်းတင်တို့အပြင် ယခင်က ဗဟို နိုင်ငံရေး တက္ကသိုလ်မှာ ကျောင်းအုပ် လုပ်ခဲ့ဖူးတဲ့ ဗိုလ်မှူးကြီး တင်အေးလည်း ပါပါတယ်။ သူတို့ခမျာ ကျွန်တော်နဲ့ စကားပြောရလို့ ဝမ်းသာနေကြပုံ ပေါက်ပေမဲ့ ထောင်ထဲမှာ နေရတဲ့အတွက် စိတ်ဖိစီးမှုတွေ ရှိနေတာ သူတို့မျက်နှာတွေမှာ အတိုင်းသား ပေါ်နေပါတယ်။ စိတ်မကောင်းလိုက်တာ။

ဒီရုပ်ရှင်ကို သူတို့ တကူးတက ခေါ်ပြရတဲ့ ရည်ရွယ်ချက်က ရှစ်လေးလုံး အရေးတော်ပုံကြောင့် ခံစားချက်တွေနဲ့ တစ်ဖက်နိုင်ငံကို ကူးသွားတဲ့ လူအများစုဟာ ဘဝတွေ ပျက်ပြီး ရည်မှန်းချက်တွေ ပျောက်ကုန်တယ် ဆိုတာကို ပြချင်ကြတာပါ။ ဒါပေမဲ့ သူတို့ ရည်မှန်းချက်က အလဟဿပါ။ ဘာ့ကြောင့်လဲဆိုတော့ သူတို့ ရုပ်ရှင်ပြတဲ့ တစ်ချိန်လုံး ရုပ်ရှင်ကို အာရုံမရောက်ဘဲ မတွေ့တာ ကြာပြီ ဖြစ်တဲ့ လူတွေနဲ့ အချိန်လုပြီး စကားတွေ ပြောလိုက်ရတာ အမြတ်မို့ အဲဒီအတွက် အားလုံးက ပျော်နေကြတာပါ။

## ကိုမိုးသူနဲ့ ကိုဝံသ

ကိုမိုးသူက မန္တလေးသားပါ။ နာမည်ကျော် စာရေးဆရာ၊ ရုပ်ရှင် ဒါရိုက်တာပါ။ ဘဝကို သူက "ပျော်ပျော်နေသေခဲ" လို့ သဘောထားပြီး ပေါ့ပေါ့ပါးပါး နေထိုင် ဖြတ်သန်းခဲ့သူပါ။ ကျွန်တော့်ထက် လေးနှစ် ကြီးပါတယ်။ မန္တလေး တက္ကသိုလ် ကျောင်းသား ဘဝကတည်းက နိုင်ငံရေးနဲ့ ယဉ်ပါးနေတဲ့သူ ဖြစ်ပါတယ်။ အရေးတော်ပုံကာလက "ဝရဇိန်" ဆိုတဲ့ စာစောင်တစ်ခု ထုတ်ဝေပြီး သပိတ်သတင်းတွေကို ဦးစားပေး ဖော်ပြခဲ့တာပါ။ NLD စဖွဲ့တော့ သူက ဦးဝင်းတင်၊ ဒေါ်မြင့်မြင့်ခင်၊ ဦးအောင်လွင်တို့ အုပ်စုနဲ့အတူ ပါလာတာပါ။

"ပါဝိမ" ရုပ်ရှင် ပြပြီးမှလား၊ မပြသေးခင်လား မမှတ်မိတော့ပါဘူး။ ကျွန်တော်တို့ ၁၀ (က) အကျဉ်းသားအားလုံးကို အထူး ခန်းမ တစ်ခုမှာ စုပြီးတော့ ထောက်လှမ်းရေးက ဗိုလ်မှူးသန်းထွန်း (နောင် ဗိုလ်မှူးချုပ်) က စကားပြောပါတယ်။ စကား မပြောခင်မှာ ဗကပ အဝေးရောက် ဗဟို အစည်းအဝေး မှတ်တမ်းကို ဗီဒီယို ဖွင့်ပြပါတယ်။ အဲဒီ ဗီဒီယိုမှာ ရှစ်လေးလုံး အရေးတော်ပုံကို သူတို့ ဘယ်လို ညွှန်ကြားတယ်၊ ဘာတောင်းဆိုချက်တွေ လုပ်ခိုင်းတယ် စတာတွေကို ဗကပ ခေါင်းဆောင်တွေက မစားရဝခမန်း ပြောနေကြပါတယ်။ အဲဒါ ပြတဲ့ ရည်ရွယ်ချက်က ရှစ်လေးလုံး အရေးတော်ပုံကြီးဟာ ပြည်သူလူထု အုံကြွမှုကြီး မဟုတ်ဘဲ ဗကဗက ဖန်တီးတယ် ဆိုတာ သက်သေပြချင်လို့ပါ။

ကျွန်တော်က အဲဒီ ဗီဒီယို ကြည့်ပြီး တာဝန်ရှိတဲ့ အစိုးရ အဖွဲ့ဝင်တွေရဲ့ အ,ပုံ၊ ထူပုံတွေကို အံ့သြလို့ မဆုံးပါဘူး။ အဲဒီခန်းမထဲမှာ ဗိုလ်မှူး သန်းထွန်းက ဗီဒီယို ပြပြီးတဲ့အခါ ကျွန်တော်တို့ကို မိန့်ခွန်းပြောပါတယ်။ ပြောမယ့် စကားတွေကို စာရွက်ထဲမှာ ရေးလာတာက ကျွန်တော့် စိတ်ထဲမှာတော့ "ဒီငတိ၊ တို့ကို မိန့်ခွန်းခြွေဖို့ သူ့ခမျာ တကူးတက ပြင်ဆင်လာရရှာတာပဲ" လို့ ဖြစ်မိပါတယ်။ သူ ပြောတဲ့စကားတွေထဲမှာ နဝတ အစိုးရက ကုန်းတွင်း ရေနံ ရှာဖွေရေးနဲ့၊ ကမ်းလွန် ရေနံ ရှာဖွေရေး လုပ်ငန်းတွေ စနေပြီ ဖြစ်ကြောင်း၊ မလွှဲမသွေ ရေနံတွေ တွေ့တော့မှာ ဖြစ်ကြောင်း ပြောနေပါတယ်။ သဘောကတော့ သူတို့ အစိုးရဟာ တိုင်းပြည်ကို ရေရှည် အုပ်ချုပ်မယ် ဆိုတဲ့အကြောင်း မသိမသာ အသိပေးသွားတာပါ။

သူ မိန့်ခွန်း ခြွေပြီးတဲ့နောက် မေးစရာ ဘာရှိသေးလဲဆိုတော့ ဦးအောင်လွင်က လာမယ့် ရွေးကောက်ပွဲမှာ ထောင်ကျနေတဲ့ နိုင်ငံရေးသမားတွေ ရွေးချယ်ခံခွင့် ရှိ/မရှိ၊ မဲပေးခွင့် ရှိ /မရှိ ဆိုတဲ့ မေးခွန်းတွေ မေးပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော့်နားမှာ ထိုင်နေတဲ့ ကိုမိုးသူက သူ့အတွေ့အကြုံကို ပြောပြပါတယ်။ ၁၉၅၈-၅၉ ခုနှစ်တွေမှာ အိမ်စောင့်အစိုးရ တက်တော့ နိုင်ငံရေးလောကက လူတွေ တော်တော်များများ အဖမ်းခံရကြောင်း၊ ရွေးကောက်ပွဲနား နီးလို့ ရွေးကောက်ပွဲဝင်မယ့် ပုဂ္ဂိုလ်တွေကို ထောင်က လွှတ်ပေးကြောင်း စတဲ့ အကြောင်းအရာတွေ ပြောပြပါတယ်။

နောက်အပတ်မှာ ထောက်လှမ်းရေးက ကျွန်တော်တို့ ၁၀ (က) အားလုံးကို ရွေးကောက်ပွဲ ဝင်ရန် ဆန္ဒ ရှိ/မရှိ မေးပါတယ်။ ကျွန်တော်ကတော့ နဂိုကတည်းက စီးပွားရေး ဆက်လုပ်မယ့် ဆန္ဒရှိနေတော့ မဝင်ဘူးလို့ ဖြေလိုက်ပါတယ်။ ကိုမိုးသူက ရွေးကောက်ပွဲ ဝင်မယ်လို့ ဆန္ဒပြုလိုက်ပါတယ်။ နောက်တစ်ပတ်လောက် ကြာတော့ ကိုမိုးသူကို စစ်ခုံရုံးတင်ပြီး ထောင်ဒဏ် ၁၀ နှစ်ချလိုက်ပါတယ်။

ကိုမိုးသူ ထောင်ကျပြီး မကြာခင်မှာ ကိုဝံသ လွတ်သွားပါတယ်။ ကျွန်တော်တို့ တော်တော် ဦးနောက် ခြောက်သွားပါတယ်။ ရွေးကောက်ပွဲ ဝင်ချင်တယ်လို့ ဆန္ဒပြုရာမှာ ကိုဝံသလည်း ပါပါတယ်။ တစ်ယောက်ကတော့ ထောင်ကျပြီး၊ တစ်ယောက်ကတော့ လွတ်သွားပါတယ်။ ကံကြမ္မာ ဖန်လာပုံက ရွေးကောက်ပွဲမှာ ကိုဝံသက ဝေါမြို့မှာ ရွေးကောက်ပွဲ ဝင်ပါတယ်။ သူ့ပြိုင်ဘက်က တစည်းက ရန်ကုန် မြို့တော်ဝန်ဟောင်း

ဗိုလ်မှူးကြီး သူရ တင်ဖေပါ။ ဗိုလ်တင်ဖေကို ကိုဝံသက ရွေးကောက်ပွဲမှာ နိုင်တယ်။ ရွေးကောက်ပွဲအပြီး အဖမ်းခံရပြန်တယ်။

အဖမ်းခံရပြီး အထူးတိုက်က အခန်း ၂ မှာ တစ်ပတ်လောက် လာနေပါတယ်။ အဲဒီကျမှ သူ့အကြောင်းကို ပြောပြတာပါ။ သူ့အမျိုးသမီး ဒေါ်မြင့်က အခြေအနေ သုံးသပ်တတ်လို့ ပဲခူးတိုင်း NLD နဲ့ တိုင်ပင်ပြီး ဝေါမြို့နယ်မှာ အရွေးခံဖို့ စာရင်းပေးလိုက်ပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်တဲ့ ကိုယ်စားလှယ်လောင်း စာရင်းမှာ ကိုဝံသ နာမည် ပါသွားပါတယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ်လောင်းကို ထောင်ချလို့ မဖြစ်ဘူးဆိုပြီး ထောက်လှမ်းရေးက လွှတ်ပေးလိုက်ရတာပါ။

ကိုမိုးသူနဲ့ ကိုဝံသ အကြောင်းကို အခုလို တကူးတက ရေးပြနေရတာဟာ သူတို့ နှစ်ယောက်နဲ့ ကျွန်တော် ဘယ်လို ရေစက်လည်း မသိဘူး၊ ၁၉၈၉ ခုနှစ်၊ ဇူလိုင်မှာ ဖမ်းတော့လည်း သူတို့ နှစ်ယောက်နဲ့ ကျွန်တော်၊ ၁၉၉၆ ခုနှစ်၊ မေလမှာ ဖမ်းတော့လည်း သူတို့ နှစ်ယောက်နဲ့ ကျွန်တော်။ ကိုဝံသများတော့ ၂၀၁၁ ခုနှစ်လောက်က ပြန်လွှတ်သွားပြီး အပြင်မှာ မီဒီယာသမား၊ စာပေ ထုတ်ဝေသူ အနေနဲ့ လူအများ လေးစားရလောက်အောင် ရပ်တည်နိုင်ခဲ့ပါတယ်။ နိုင်ငံခြား ခရီးတွေလည်း မကြာခဏ သွားခဲ့ရပါတယ်။ ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD တို့ ၂၀၁၅ ခုနှစ်မှာ ရွေးကောက်ပွဲ အောင်ပွဲရတာကိုတော့ မြင်မသွားရရှာပါဘူး။ အဆုတ် ကင်ဆာနဲ့ ကွယ်လွန်သွားခဲ့ပါတယ်။

## ဗိုလ်မှူး ဘသော် (ခ) မောင်သော်က

ဒီကြားထဲမှာ စိတ်မကောင်းစရာ ကိစ္စတစ်ခု ကြုံခဲ့ပါသေးတယ်။ ဒါကတော့ ဗိုလ်မှူး ဘသော် (ခ) မောင်သော်ကနဲ့ ပတ်သက်လို့ပါ။ တစ်နေ့မှာ အထူးတိုက်မှာ တာဝန်ကျတဲ့ ထောက်လှမ်းရေးက တပ်ကြပ်တစ်ဦး (နာမည်တော့မေ့သွားပါပြီ) က ထူးထူးခြားခြားကျွန်တော့်အခန်းကိုလာပါတယ်။ "နေကောင်းလား" ဘာညာနဲ့ ဘာစကားပြောပါတယ်။ ကျွန်တော်တို့ အခန်းတွေကို ထောက်လှမ်းရေးက လူတွေက တကူးတက ဝင်လာပြီး စကားပြောတာ ရှားပါတယ်။ အဲဒီနေ့က သူ ဝင်လာပြီး စကား လာပြောတော့ ထူးတယ်လို့ စိတ်ထဲက မှတ်ချက်ပြုနေမိပါတယ်။

ဒါပေမဲ့ ခဏနေတော့ သူက "ဗိုလ်မှူး ဘသော် ဆုံးသွားပြီ" လို့ ပြောပါတယ်။ ကျွန်တော်က အံ့ဩဟန်လည်း မပြဘဲနဲ့ ဆက်တိုက်ဆိုသလို "ဘယ်မှာ ဆုံးတာလဲ၊ ဘယ်မိန်းမဆီ ပို့ပေးတာလဲ" လို့ မေးပါတယ်။ ဗိုလ်မှူး ဘသော်က မွတ်စလင် ဆိုတော့ ဇနီးမယား နှစ်ယောက် ရှိတာ ကျွန်တော် သိထားလို့ပါ။ သူက "ထောင်ဆေးရုံမှာ ဆုံးသွားတာ ဖြစ်ကြောင်း၊ သူက မွတ်စလင်မို့ သူ့ဆန္ဒအရ ကြည့်မြင်တိုင်မှာ ရှိတဲ့ သူ့ဇနီးဆီကို ပို့ပေးလိုက်ပါတယ်" လို့ ပြန်ပြောပါတယ်။

ခဏနေတော့ သူ ပြန်သွားပါတယ်။ ကျွန်တော့်ဆီ လာစကားပြောတာ သူ့သဘောနဲ့သူ ဟုတ်ဟန်မတူပါဘူး။ အထက်က ပြောခိုင်းလို့ ဖြစ်ပါလိမ့်မယ်။ ကောင်းတဲ့သတင်း ဆိုရင်တော့ အပြောမခိုင်းပါ။ မကောင်းတဲ့ သတင်းကို ကျွန်တော်တို့ဆီ ပို့ပေးခြင်းအားဖြင့် အဲဒီ သတင်းကို ကြားရသူတိုင်း စိတ်ဓာတ်ကျမယ်၊ စိတ်ဖိစီးမှုကြောင့် သွေးတိုးမယ် စသဖြင့် ကျန်းမာရေး ချို့တဲ့ပြီး စိတ်ဓာတ်တွေ ချောက်ချား ဖောက်ပြားသွားအောင် တစ်နည်းအားဖြင့် နိုင်ငံရေးလုပ်ရင် ဒါမျိုး ကြုံရမယ်ဆိုတာ သတိပေးခြင်းအားဖြင့် ကျွန်တော်တို့ကို စိတ်ဓာတ် ရေးရာအရ ပျက်ပြားသွားအောင် ရည်ရွယ်တာပါ။

## ၁၉၉၀ ခုနှစ်၊ မေလ ရွေးကောက်ပွဲ

အများ မျှော်လင့်တဲ့ ရွေးကောက်ပွဲ ရောက်လာပါပြီ ခင်ဗျား။ အများဆိုတာထက် ကျွန်တော်တို့ ထောင်ထဲက အကျဉ်းကျနေတဲ့ နိုင်ငံရေးသမားတွေက ပိုပြီးတော့ မျှော်ရတာပါ။ ဘာ့ကြောင့်လဲ ဆိုရင် ရွေးကောက်ပွဲ ပြီးတာနဲ့ ကျွန်တော်တို့ရဲ့ လွတ်မြောက်ရေးဟာ ပိုပြီး နီးလာမယ်လို့ မျှော်လင့်ကြလို့ပါ။ ရွေးကောက်ပွဲပြီး နောက်တစ်ရက်ကျွန်တော်တို့အထူးတိုက်ကဦးဝင်းတင်ထောင်ဝင်စာရှိပါတယ်၊တကယ်တော့အရင်နေ့ကတည်းက ကျွန်တော်တို့အားလုံး စိတ်စောနေတာပါ။ မဲရဲ့ အားလုံးက ညနေ လေးနာရီမှာ ပိတ်မယ်၊ မဲရေတွက်တာ ဘယ်လောက် ကြာမယ် ဆိုတာမသိဘူး။ ကျွန်တော်တို့ နိုင်ငံမှာ ဒီလို လွတ်လပ်ပြီး တရားမျှတဲ့ Free and Fair ရွေးကောက်ပွဲမျိုး မရှိခဲ့တာ နှစ်ပေါင်း ၄၀ ကျော်ခဲ့ပြီမို့လား။

ဦးဝင်းတင် ထောင်ဝင်စာ ပြန်လာပြီး တံခါးပိတ်တဲ့အချိန်က စပြီး အနားပတ်ဝန်းကျင်က အခန်းတွေရဲ့ အသံတွေ ဆူညံသွားတာ ကျွန်တော်တို့ဘက်အထိ ရောက်လာပါတယ်။ ရွေးကောက်ပွဲမှာ NLD က အပြတ်အသတ် နိုင်သွားပါသတဲ့။ ပျော်လွန်းလို့ ဦးဝင်းတင်က အခန်းထဲမှာ ခုန်ပေါက်နေပါသတဲ့။ ကျွန်တော်ကတော့ နိုင်တယ်ဆိုတဲ့ သတင်း ကြားလို့ ကျေနပ် အားရပေမဲ့ စစ်အစိုးရ ရှေ့ဆက် ဘယ်လိုများ ဆက်စခန်း သွားမှာပါလိမ့် ဆိုတဲ့အတွေးနဲ့ ရုတ်တရက် စိတ်လေးသွားမိခဲ့ပါတယ်။

## ပြဿနာ အစုမှ စပြီ

တစ်ဖက်အခန်းက မင်းကိုနိုင်က မေးပါတယ်။ "ရွေးကောက်ပွဲ နိုင်တယ်ဆို၊ ဦးထိန် ဘယ်လို သဘောရလဲ" တဲ့။ ကျွန်တော်က "အေးကွာ၊ ငါလည်း စဉ်းစားနေတာပဲ၊ ပြဿနာက အစုမှ စပြီ ထင်ပါရဲ့ကွာ" လို့ ပြောမိပါတယ်။ သူက "ဘာဖြစ်လို့လဲဗျ" လို့ မေးတဲ့အခါ ကျွန်တော်က အထက်က တစ်နေရာမှာ ရေးပြဖူးတဲ့အတိုင်း ပြောမိပါတယ်။ "မင်းကွာ စဉ်းစားကြည့်၊ မင်းတို့ ငါတို့တစ်တွေအပြင် ဒေါ်စုကိုရော၊ အဖိုးကြီးကိုရော လွှတ်မပေးဘဲနဲ့ ရွေးကောက်ပွဲ လုပ်တယ်၊ ပြီးတော့ စစ်အုပ်ချုပ်ရေးကိုလည်း မရုပ်သိမ်းပေးထားဘူး၊ အဲဒါကိုက စဉ်းစားကြည့်၊ ဒီရွေးကောက်ပွဲမှာ တစည နိုင်မယ်၊ သူတို့ အစိုးရ ဖွဲ့မယ်၊ ပြီးရင် တို့ကို ဆက်ပြီး နှိပ်ကွပ်မယ်၊ ဒီသဘောနဲ့ ရွေးကောက်ပွဲ လုပ်ပေးတာ၊ အခုတော့ သူတို့ တွက်ကိန်း လုံးဝ မှားသွားပြီ ဆိုတော့ သူတို့ ဆက်နေနိုင်အောင် ဘာတွေများ ဘယ်လို လုပ်ကြဦးမယ် မသိဘူး" လို့ ပြန်ပြောလိုက်ပါတယ်။

သူက "ဘာဆက်ဖြစ်မယ် ထင်သလဲ" လို့ မေးတဲ့အခါ "အေး ငါလည်း စဉ်းစားနေတာပေါ့၊ ငါက ဗိုလ်ချုပ်ကြီး စောမောင် ပြောတဲ့ ရွေးကောက်ပွဲပြီးရင် နိုင်တဲ့ပါတီက အစိုးရလုပ်၊ တပ်မတော်ကတော့ Barrack ပြန်သွားမယ် ဆိုတဲ့စကားက အထင်အရှား ပြောခဲ့ပြီးသား၊ ဒါ့ကြောင့် ဗိုလ်ချုပ်ကြီး စောမောင်ဟာ သူ့ကတိတော့တည်ကောင်းပါရဲ့"လို့ပြန်ပြောမိပါတယ်။ကျွန်တော်ပြောတဲ့အတိုင်းပါပဲ။နောက်ရက်တွေမှာတော့ ထောင်ဝင်စာ ထွက်တဲ့လူတွေက တစ်ဆင့် သတင်းတွေ နားစွင့်တဲ့အခါ ဘာမှ ထူးခြားတဲ့သတင်း မရမိပါဘူး။

ရွေးကောက်ပွဲပြီးလို့ ရတဲ့သတင်းတွေအရ NLD က တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ၈၂ ရာခိုင်နှုန်းကျော် နိုင်ခဲ့တယ်ဆိုတာ သိရပါတယ်။ ဒါတောင် အဓိက ခေါင်းဆောင်တွေ ဖြစ်တဲ့ ဒေါ်စုနဲ့ ဦးတင်ဦးကို အကျယ်ချုပ် ထားထားတာပါ။ တပ်မတော်က လိုလားတဲ့ တစည က ၁၀ နေရာပဲ နိုင်ပါသတဲ့။ ကျန်တဲ့နေရာတွေတော့ တိုင်းရင်းသား ပါတီတွေ ဖြစ်တဲ့ ရှမ်းနဲ့ ရခိုင် ပါတီတွေက သူတို့ ပြည်နယ်တွေမှာ အနိုင် ရာနှုန်း များတယ်လို့ သိရပါတယ်။

## They never learn သူတို့ အမှတ်သည်းခြေ မရှိကြဘူး

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ NLD က အပြတ်အသတ် နိုင်ပြီး တစည်က မရှုမလှ ရှုံးသွားတာဟာ သမိုင်းဝင် မှတ်တမ်းပေါ့။ ဒီလိုအဖြစ်မျိုးကို ၁၉၆၀ ခုနှစ် ရွေးကောက်ပွဲမှာလည်း တပ်မတော်က ကြုံခဲ့ရပါတယ်။ အဲဒီ ရွေးကောက်ပွဲမှာ ဦးကျော်ငြိမ်းနဲ့ ဦးဘဆွေ ခေါင်းဆောင်တဲ့ တည်မြဲ ဖဆပလကို ပြည်သူတွေက မဲပေးဖို့ တပ်မတော်က ဖိအားပေးပါတယ်။ အောက်က တပ်မှူးတွေက အနယ်နယ် အရပ်ရပ်မှာ တည်မြဲကို မဲပေးဖို့ တိုင်းတပ်ဖွဲ့ အသီးသီးက ဟောတယ်၊ ပြောတယ်၊ ခြိမ်းခြောက်တယ်။ "တည်မြဲကို မဲမထည့်ရင် ရွာတွေကို မီးရှို့ပစ်မယ်" ဆိုတဲ့အထိ လုပ်ကြတယ်။ ခိုင်းတဲ့ သူက အဲဒီတုန်းက ဝန်ကြီးချုပ်လည်း ဟုတ် တပ်မတော် ဦးစီးချုပ်လည်း ဟုတ်တဲ့ ဦးနေဝင်းပါ။

တကယ့် ရွေးကောက်ပွဲလည်းကျရော ဦးနု ခေါင်းဆောင်တဲ့ သန့်ရှင်း ဖဆပလဟာ ၈၀ ရာခိုင်နှုန်းကျော် နိုင်ခဲ့ပါဟယ်။ ၁၉၉၀ ခုနှစ်မှာ လုပ်တဲ့ ရွေးကောက်ပွဲမှာလည်း ဒီပုံစံပါပဲ။ ရွေးကောက်ပွဲ မတိုင်ခင်က နဝတ ခေါင်းဆောင်တွေဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးတို့ကို အမျိုးမျိုး အပုပ်ချခဲ့တာ အပတ်စဉ်တိုင်း လိုလိုပါ။ ရည်ရွယ်ချက်ကတော့ NLD မဲ မပေးရေး၊ တစည မဲပေးရေးပေါ့။ တကယ် ရွေးကောက်ပွဲလည်း လုပ်ရော တစည်ဟာ အဲဒီတုန်းက တည်မြဲ ဖဆပလ ကြုံခဲ့သလို ထပ်တူ ထပ်မျှ ခံလိုက်ရတာပါ။

အဲဒီအချိန် ကာလအထိ ဦးနေဝင်းဟာ နဝတကို ဩဇာရှိနေဆဲလို့ ယုံကြည်ပါတယ်။ အဲဒီတော့ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲအတွက် တပ်မတော်က ချမှတ်တဲ့ မဟာဗျူဟာ နည်းဗျူဟာတွေဟာ ဦးနေဝင်းရဲ့ ခြေရာ လက်ရာတွေလို့ ကျွန်တော် မြင်မိပါတယ်။ ဒါ့ကြောင့်မို့လို့ ဦးနေဝင်းနဲ့ တပ်မတော် ခေါင်းဆောင်တွေဟာ "အမှတ်သည်းခြေ မရှိဘူး။ They never learn" လို့ ဆိုလိုတာပါ။

## ၁၉၆၀ ခုနှစ် ရွေးကောက်ပွဲ

အဲဒီ ရွေးကောက်ပွဲ မတိုင်ခင်က မြန်မာနိုင်ငံ တစ်ဝှမ်းလုံးမှာ ရှိတဲ့ တပ်ရင်းတပ်ဖွဲ့တွေ အားလုံးလိုလိုက ပြည်သူလူထုအပေါ် တည်မြဲ ဖဆပလကို မဲပေးဖို့ ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ လုပ်ခဲ့ပါတယ်။ အဆိုးဆုံး ဖြစ်ရပ် တစ်ခုကတော့ တောင်ငူမှာ ဖြစ်ခဲ့ပါတယ်။ ရွေးကောက်ပွဲမှာ သန့်ရှင်း ဖဆပလ မဲပုံးက ပြည့်လျှံနေပြီး၊ တည်မြဲ ဖဆပလ မဲပုံးက မဲအရေအတွက် နည်းမှန်းသိလို့ တောင်ငူက တပ်မဟာမှူး ဖြစ်သူက အဲဒီမဲပုံးတွေကို ယူပြီး ပေါင်းလောင်းချောင်းထဲကို မျှောစေလိုက်ပါတယ်လို့ အများပြောတာ ကြားမိပါတယ်။

တစ်နိုင်ငံလုံးလည်း တည်မြဲ ဖဆပလကို မဲပေးဖို့ တပ်မတော်က ခိုင်းတာနဲ့ ပတ်သက်ပြီး ရွေးကောက်ပွဲ နိုင်တဲ့ ဦးနုက သူ ဝန်ကြီးချုပ်အဖြစ် အစိုးရ ဖွဲ့ပြီးတဲ့အခါ တပ်မတော် ဦးစီးချုပ် ပြန်လုပ်တဲ့ ဗိုလ်ချုပ်ကြီး နေဝင်းကို ခေါ်ပြီး တိုင်တဲ့သဘောမျိုး ပြောပါတယ်။ ဦးနေဝင်းက ကျွန်တော် လိုအပ်သလို အရေးယူပါ့မယ်လို့ ကတိပေးပြီး ပြန်လာတဲ့အခါ စစ်ရုံးအဝင်က အုံ ရိပ်သာမှာ တပ်မှူးများကို ခေါ်တွေ့ပါတယ်။ အဲဒီအခါမှာ ဗိုလ်မှူးကြီး သီဟ သူရ လှမော်၊ ဗိုလ်မှူးကြီး သိန်းတုတ်၊ ဗိုလ်မှူးကြီး ဘရွှေတို့ကို သံအမတ်/စစ်သံမှူးများ အဖြစ် ပြောင်းရွှေ့ ခန့်ထားပြီး၊ ဗိုလ်မှူးကြီး ချစ်ခိုင်၊ ဗိုလ်မှူးကြီး ခင်ညိုနဲ့ ဗိုလ်မှူးကြီး ကြည်ဝင်းတို့ကိုတော့ တပ်တော်က အငြိမ်းစားပေးလိုက်ပါတယ်။

တပ်မတော်ကို အထိုက်အလျောက် ဩဇာရှိတဲ့ ဗိုလ်မှူးချုပ် မောင်မောင်နဲ့ ဗိုလ်မှူးချုပ် အောင်ရွှေ တို့ကိုတော့ စောစောပိုင်းကပဲ သံအမတ်များအဖြစ် ပြောင်းရွှေ့ခန့်ထားပြီးပါပြီ။ တပ်မတော် အကြောင်းကို ထဲထဲဝင်ဝင် သိသူတစ်ဦးကတော့ ဦးနေဝင်း။ သူဟာ နောင်အလားအလာကို မျှော်ပြီး သူ့ ဩဇာ မညောင်းတဲ့

တပ်မတော် အရာရှိကြီးတွေကို ကြိုတင် ရှင်းလင်းခဲ့တာပဲလို့ပြောကြပါတယ်။ တချို့ကတော့ တပ်မတော်မှာ ဩဇာကြီးတဲ့ စစ်ကိုင်းနဲ့ မန္တလေး အုပ်စုကို ကြိုရှင်းလိုက်တာလို့လည်း ပြောလိုက်ပါတယ်။ ဦးသိန်းတုတ်နဲ့ ဦးလှမော်တို့က စစ်ကိုင်းသားတွေပါ။ ဦးဘရွှေက မန္တလေးသားပါ။ ကျန်နေတဲ့ ဗိုလ်မှူးကြီး စောမြင့်ကိုတောင် တော်လှန်ရေး ကောင်စီခေတ်မှာ ငွေစက္ကူ ကိစ္စနဲ့ တရားစွဲပြီး ထောင်ချခဲ့ပါတယ်။

## ရောက်လာကြပြီ

ရွေးကောက်ပွဲပြီး ကာလတွေဟာ ထောင်ထဲမှာ အတော်ကို မရေရာတဲ့ ကာလတွေပါ။ ရွေးကောက်ပွဲ ပြီးရင် အာဏာ လွှဲပေးမယ်လို့ ဗိုလ်ချုပ်ကြီး စောမောင်က ကတိပေးထားခဲ့သော်လည်း ကြားရတဲ့ သတင်းတွေ အရ အာဏာလွှဲပေးမယ့် အရိပ်အရောင်တွေ မကြားရပါ။ ရွေးကောက်ပွဲ ကာလမှာ ခေါင်းဆောင်တွေ လုပ်ခဲ့တဲ့ ဦးကြည်မောင်နဲ့ ဦးချစ်ခိုင်တို့ကို အတွင်းရေးမှူး ၁ ဗိုလ်မှူးချုပ် ခင်ညွန့်က ခေါ်တွေ့တဲ့ အကြောင်း သတင်း ကြားရပါတယ်။ ဘာတွေပြောတယ် ဆိုတာတော့ ထုတ်ပြန် ကြေညာခြင်း မရှိလို့ မသိရပါဘူး။

NLD အရွေးခံ လွှတ်တော် ကိုယ်စားလှယ်များကလည်း ဗိုလ်အောင်ကျော်လမ်းက ဂန္ဒီ ခန်းမမှာ ညီလာခံ ကျင်းပတယ်ဆိုတာ ကြားရပါတယ်။ အဲဒီ ညီလာခံ မကျင်းပမီ နှစ်ရက် အလိုလောက်မှာလည်း နဝတ အစိုးရက ၁/၉၀ ကြေညာချက် ထုတ်ပြန်ပါတယ်။ ချက်ချင်းတော့ ဘာတွေဖြစ်တယ် ဆိုတာ မသိရပေမဲ့ တစ်စ တစ်စ ဝင်လာတဲ့ သတင်းများအရ NLD ညီလာခံ မကျင်းပမီ ရက်ပိုင်း အလိုမှာ ကြေညာချက် ထုတ်ခြင်း ဟာ NLD ကို ထောင်ချောက်ဆင်လိုက်ခြင်း ဖြစ်ပါတယ်။ အနှစ်သာရကတော့ NLD အနေနဲ့ တစ်ဖက်သတ် ကြေညာချက် ထုတ်တာ၊ လွှတ်တော် ခေါ်တာတွေ လုပ်ရင် တရားမဝင်ဘူး၊ ရပ်ကြည့်နေမှာ မဟုတ်ဘူးဆိုတဲ့ သဘောပါဝင်တဲ့ ထောင်ချောက်ဆင်လိုက်တာပါ။

ဒီလိုနဲ့ အဲဒီ နေ့က ဩဂုတ်လ နောက်ဆုံးပတ်လောက်လို့ ထင်ပါတယ်။ ကျွန်တော်တို့ အခန်းတွေက တံခါးတွေကို လာပိတ်ပါတယ်။ နာရီဝက်လောက် ကြာမှ ပြန်ဖွင့်ပါတယ်။ နောက်မှ တဖြည်းဖြည်း စုံစမ်းကြည့် တော့ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ NLD ကို ရွေးကောက်ပွဲ နိုင်အောင် ခေါင်းဆောင်ခဲ့တဲ့ ဦးကြည်မောင်နဲ့ ဦးချစ်ခိုင်တို့အပြင် အကျယ်ချုပ် ချထားတဲ့ ဦးတင်ဦးနဲ့ ရန်ကုန်တိုင်း NLD ဥက္ကဋ္ဌ ဦးမောင်ရွှေတို့ ရောက်လာ ကြတာပါ။

လွှတ်တော် ကိုယ်စားလှယ် အများအပြားလည်း အဖမ်းခံရတယ်လို့ ကြားသိရပါတယ်။ တစ်ဆက် တည်းမှာပဲ ကြားသိရတာက ဒေါ်စုရဲ့ မောင်တစ်ဝမ်းကွဲ တော်တဲ့ ဒေါက်တာ စိန်ဝင်းနဲ့ အချို့ ကိုယ်စားလှယ် တွေလည်း တစ်ဖက်နိုင်ငံကို ထွက်ခွာသွားကြတယ်လို့ ကြားသိရပါတယ်။

## ရာဇဝင်ရိုင်းပြီ

ကျွန်တော်ဟာ တပ်မတော်ထဲမှာ ၁၈ နှစ် တာဝန် ထမ်းဆောင်ခဲ့ဖူးကြောင်း အထက်မှာ တင်ပြခဲ့ဖူးပြီးပါပြီ။ ကာကွယ်ရေး ဦးစီးချုပ်များ ဖြစ်တဲ့ ဗိုလ်ချုပ်ကြီး နေဝင်း၊ ဗိုလ်ချုပ်ကြီး စန်းယုနဲ့ ဗိုလ်ချုပ်ကြီး သူရ တင်ဦးတို့ လက်အောက်မှာ သွယ်ဝိုက်လို့ပဲဖြစ်ဖြစ် တိုက်ရိုက်ဖြစ်ဖြစ် အမှုထမ်းခဲ့ဖူးပါတယ်။ သူတို့ဟာ တပ်မတော်သား တွေ ဖြစ်တယ်၊ သိက္ခာ ရှိတယ်၊ တည်ကြည်တယ်၊ စကားတည်တယ် စတဲ့ အရည်ချင်းတွေ ရှိပါတယ်။ သူတို့ အရင် ဦးစီးချုပ် လုပ်သွားတဲ့ ဗိုလ်ချုပ်ကြီး စမစ်ဒွန်းကိုတော့ ကျွန်တော် မမီလိုက်ပါဘူး။ သူကတော့ ကရင် အမျိုးသား ဖြစ်လို့ ကရင် တော်လှန်ရေး စတင်တဲ့ အခါ သိက္ခာရှိရှိနဲ့ နှုတ်ထွက်သွားပါတယ်။

ဗိုလ်ချုပ်ကြီး သူရ ကျော်ထင်ကိုတော့ သူ့ ဦးစီးချုပ်ဘဝကို လပိုင်းတော့ မှီခဲ့ဖူးပါတယ်။ ဒါပေမဲ့ သူ ဒုချုပ် ဘဝမှာတုန်းက မြန်မာ-အိန္ဒိယ နယ်နိမိတ် ကိစ္စနဲ့ ပတ်သက်ပြီး တိုက်ရိုက် တင်ပြဖူးပါတယ်။ အဲဒီ ပုဂ္ဂိုလ် အားလုံးဟာ ယုံကြည် ကိုးစားထိုက်တဲ့ ပုဂ္ဂိုလ်တွေပါ။ စစ်ရေးအရ ပြောတာနော်။ နိုင်ငံရေး အရည် အချင်းကို ပြောတာ မဟုတ်ပါဘူး။ ဗိုလ်ချုပ်ကြီး စောမောင်ကတော့ ကျွန်တော် တပ်က ထွက်ရတဲ့အချိန်မှာ သူက နတခ (ပုသိမ်) တိုင်းမှူးပါ။ ဗိုလ်ချုပ်ကြီး ကျော်ထင် ဦးစီးချုပ်ဖြစ်တော့ ဒုချုပ်က ဒုတိယ ဗိုလ်ချုပ်ကြီး အေးကိုပါ။ ဦးအေးကိုက အသက်ကြီးလို့ ပါတီကို ပြောင်းသွားတဲ့အခါ ဗိုလ်ချုပ် စောမောင်က ဒုချုပ် ဖြစ်လာ တာပါ။

ကျွန်တော်တို့ စစ်ရုံးက ခွာလာပြီးတဲ့ နောက်ပိုင်းမှာ ကစထလို့ ခေါ်တဲ့ ဌာနချုပ် အသစ် တစ်ခုကို စစ်ရုံးမှာ ဖွဲ့စည်းခဲ့ပါတယ်။ နောက်ပိုင်းမှာ ကစထ ၁ လို့ သတ်မှတ်ပြီး အထက် ဗမာပြည်ကို တာဝန်ယူရတဲ့ ဌာနချုပ်ရယ်၊ အောက်ဗမာပြည်ကို စစ်ရေးအရ တာဝန်ယူတဲ့ ကစထ ၂ ရယ်လို့ ပေါ်လာပါတယ်။ သူတို့က Protocol အရ ဒုချုပ်နဲ့ တိုင်းမှူးတွေ ကြားမှာ ရှိပါတယ်။ အဲဒီမှာ တာဝန်ယူရတဲ့ ပုဂ္ဂိုလ်တွေက စီနီယာ တိုင်းမှူးတွေ ဘဝက ဖြစ်လာကြတာပါ။

စာနဲ့ သတ်မှတ်ထားတာ မဟုတ်ပေမဲ့ သူတို့ဟာ ဒုချုပ်ဖြစ်ရန် အလားအလာရှိတဲ့ ပုဂ္ဂိုလ်တွေပါ။ ဗိုလ်ချုပ် စောမောင် ဒုချုပ် ဖြစ်လာတော့ အဲဒီ ကစထမှူးတွေက တော်တော် ခံစားသွားကြရတယ် ပြောပါ တယ်။ နောက်ပိုင်းတော့ သူတို့လည်း အရပ်ဘက်ဌာနတွေမှာ ရာထူးကြီးကြီးတွေ ရသွားကြပါတယ်။

ကျွန်တော် ဒီကိစ္စတွေကို ရေးပြနေရတာက တပ်မတော် ခေါင်းဆောင်တွေဟာ အဆင့်တန်း မြင့်တဲ့ ပုဂ္ဂိုလ်တွေလို့ အမှန်အတိုင်း သိရှိရန် တင်ပြခြင်း ဖြစ်ပါတယ်။ နဝတ အစိုးရ တက်လာတဲ့ အခါ ဗိုလ်ချုပ်ကြီး စောမောင်က တာဝန်ယူပြီး အာဏာသိမ်းရတယ် ဆိုသော်လည်း ဦးနေဝင်း မီးစိမ်းပြမှ အာဏာ သိမ်းခြင်း ဖြစ်သလို နဝတ လုပ်ငန်းစဉ် အများစုဟာ ဦးနေဝင်း တော်လှန်ရေး ကောင်စီ တက်ခါစက လုပ်ရပ်တွေနဲ့ တော်တော်များများ တူနေပါတယ်။

သူကိုယ်တိုင်ကလည်း Far Eastern Economic Review ဆိုတဲ့ မဂ္ဂဇင်းမှာ I saved Buma ဆိုတဲ့ ခေါင်းစဉ်နဲ့ အင်တာဗျူး လုပ်ခဲ့ပါသေးတယ်။ နောက်ပြီး ကျွန်တော် အထက်မှာ ကိုးကား တင်ပြတဲ့ သူရဲ့ ၅၊ ၇၊ ၁၉၈၉ ရက်နေ့မှာ ပြောတဲ့ မိန့်ခွန်းမှာလည်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ ကတိတွေ အမျိုးမျိုး ပေးသွားခဲ့ပါတယ်။ ကျွန်တော် ကိုယ်တိုင်ကလည်း ရွေးကောက်ပွဲပြီးလို့ နိုင်ငံရေး အစိုးရ တက်လာရင် စီးပွားရေး ဆက်လုပ်မယ် ဆိုတဲ့ ဆုံးဖြတ်ချက်ဟာ အဲဒီမိန့်ခွန်းမှာ ပြောခဲ့တဲ့ ဗိုလ်ချုပ်ကြီး စောမောင်ရဲ့ ကတိစကားကို ယုံကြည်လို့ ဖြစ်ပါတယ် ဆိုတာ ထပ်တင်ပြပါရစေ။

အခု ရွေးကောက်ပွဲ ပြီးပြီ။ ဗိုလ်ချုပ်ကြီး စောမောင်ရဲ့ ကတိစကားကြောင့် အမျှော်လင့်ကြီး မျှော်လင့် နေတဲ့ နိုင်ငံရေးပါတီကို အာဏာလွှဲဖို့ ကိစ္စဟာ ကြာလေဝေးလေ ဆိုတာ သဘောပေါက်လာပါတယ်။ NLD က ဂန္ဒီခန်းမမှာ ညီလာခံ မလုပ်ခင် နဝတ အစိုးရက ၁/၉၀ ညွှန်ကြားချက်နဲ့ ကြိုကာတာတွေ သိလာတဲ့အခါ ဗိုလ်ချုပ်ကြီး စောမောင်ဟာ စကား မတည်တော့ဘူးလို့ပဲ ကောက်ချက်ချမိပါတယ်။

နိုင်ငံ့ ခေါင်းဆောင်အနေနဲ့သော်လည်းကောင်း၊ တပ်မတော်ခေါင်းဆောင်အနေနဲ့သော်လည်းကောင်း၊ ကမ္ဘာသိ ပေးထားတဲ့ ကတိတွေ ပျက်ယွင်းကုန်ပါပြီ။ "မင်းမှာ ကတိ၊ လူမှာ သစ္စာ" ဆိုတဲ့ ရှေး ဆိုရိုး စကား အရ ပြောရမယ်ဆိုရင် မင်း အနေနဲ့လည်း ကတိမတည်ပါဘူး။ လူပုဂ္ဂိုလ် တစ်ယောက် အနေနဲ့လည်း သစ္စာ ပျက်ယွင်းခဲ့ပါတယ်။ ဒါ့ကြောင့်မို့ အထူးဆောင်က အခန်းမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း "တပ်မ

တော်တော့ ရာဇဝင်ရှိင်းပြီ" လို့ တတွတ်တွတ် ရွတ်နေမိပါတယ်။ ကျွန်တော်ဟာ တပ်မတော်ကို သံယောဇဉ် ရှိသူပီပီ ဒီလို ခေါင်းဆောင်ဖြစ်သူက ကတိမတည်တဲ့ အဖြစ်ကို များစွာ စိတ်မချမ်းမသာ ဖြစ်ရတာ ယနေ့ အထိပါပဲ။

## ထောင်တွင်း ဆန္ဒပြပွဲ

ဒီအကြောင်းတွေကို ကျွန်တော် အပြင်ရောက်မှ ကြားရတာပါ။ ကျွန်တော်တို့ အထူးဆောင်က အပြင်နဲ့ လုံးဝ အဆက်အသွယ် ဖြတ်ခံရတော့ ဘာမှမသိပါ။ ၁၉၉၀ ခုနှစ်၊ စက်တင်ဘာလမှာလို့ သိရပါတယ်။ အကြောင်း ရင်းတော့ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ ရလဒ်ကို အကောင်အထည်ဖော်ရေးနဲ့ တစ်ဆက်တည်း အာဏာ လွှဲပြောင်းပေးရေးတို့ ဖြစ်ပါတယ်။ အဆောင်တွေမှာတော့ မဖြစ်ဘူးလို့ သိရပါတယ်။ တိုက်တွေမှာတော့ ကြွေးကြော်သံများနဲ့ ဆူညံနေပါသတဲ့။

နဝတ အစိုးရလေ၊ စစ်အစိုးရလေ။ ဘယ်ရလိမ့်မလဲ။ မငြိမ်မသက် ဖြစ်နေတာမျိုးကို စစ်တပ်နဲ့ ဖြိုခွဲ လေ့ရှိပေမဲ့ ထောင်ထဲက ပုဂ္ဂိုလ်တွေကျတော့ တပ်ကို လုံးဝ မသုံးတော့ဘဲ ထောင်ဝန်ထမ်းတွေနဲ့ပဲ ကိုင်တွယ် ခဲ့တာပါ။ ဒါပေမဲ့ ပျော့ပြောင်းတဲ့နည်း၊ သိမ်မွေ့တဲ့နည်းတော့ မဟုတ်ပါ။ အသက်အရွယ်ကြီးတဲ့ ကိုသော်က (ခ) ဗိုလ်မှူး ဘသော်နဲ့ ကိုမိုးသူက လွဲလို့ ကျန်တဲ့ နိုင်ငံရေး အကျဉ်းသား အားလုံးလိုလို အရိုက်ခံရတယ်လို့ သိရပါတယ်။ သဘောကတော့ ခြင်းထဲမှာ ထည့်ထားတဲ့ ကြက်တွေ၊ ကတော် ကတော် မြည်တဲ့ကောင် အရိုက်ခံရတဲ့ သဘောမျိုးပေါ့။

အဲဒါတွေ ဖြစ်နေခိုက်မှာ ဒေါက်တာ တင်မျိုးဝင်းကို အခန်းထဲက ထုတ်၊ လက်ကို လက်ထိပ်ခတ်၊ ရှေ့က ဝန်ထမ်း တစ်ယောက်က ကြိုးနဲ့ဆွဲပြီး နောက်မှာ ဝန်ထမ်း တစ်ယောက်က ကြိမ်တုတ်နဲ့ တဖုန်းဖုန်း ရိုက်ပြီး တိုက်တွေရှေ့ မျက်နှာစာမှာ ဆွဲခေါ်သွားတာပါ။ အဓိပ္ပာယ်က ဒေါက်တာ တင်မျိုးဝင်းဟာ တိုက်တွေ ထဲမှာ ရှိတဲ့ NLD/နိုင်ငံရေး အကျဉ်းသားတွေထဲမှာ အဆင့်အမြင့်ဆုံး၊ လူတွေ အလေးထားခံရဆုံး ပုဂ္ဂိုလ်၊ ထိပ်သီး ပုဂ္ဂိုလ်၊ ဒါ့ကြောင့်မို့လို့ သူ့ကို ရွေးပြီးတော့ ရိုက်ခိုင်းတယ်လို့ ကျွန်တော် ယူဆပါတယ်။

အဲဒီတုန်းက ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့တဲ့ ထောင်ဝန်ထမ်း တစ်ယောက်ဟာ အခုတော့ အရပ်သား ဖြစ်နေပါပြီ။ သူက ကျွန်တော့်မိန်းမဘက်က အမျိုးတော်ပါတယ်။ သူက အဲဒီ ကိစ္စကို ကျွန်တော့်ကို ပြန်ပြော ပါတယ်။ "အန်ကယ်ရာ... ကျွန်တော် စိတ်မကောင်းချက်တော့၊ ဆရာ တင်မျိုးဝင်းကို ရှေ့မှာ လက်ထိပ် ခတ် ထားပြီး ကျွန်တော်က ရှေ့က ဆွဲခေါ်သွားရပါတယ်။ နောက်ဘက်က ထောင်မှူး တစ်ယောက်က (နာမည် တော့ မေ့သွားပါပြီ) တုတ်တစ်ချောင်းနဲ့ တဖုန်းဖုန်း ရိုက်ပြီးတော့ပေါ့။ ကျွန်တော်က ရှေ့ကဆွဲ၊ ထောင်မှူးက နောက်ကရိုက်၊ တိုက် ငါးတိုက်စလုံး လှည့်တာ အန်ကယ်ရေ၊ ဆရာ တင်မျိုးဝင်းကလည်း အံ့ဩစရာ ကောင်းတာက တစ်ချက်ကလေးမှ မအော်ဘူး၊ အပြုံးလည်း မပျက်ဘူး၊ ကျွန်တော် စိတ်မကောင်းချက်တော့"။

## ဒေါက်တာ တင်မျိုးဝင်း

အဲဒီတုန်းက အကာစ ညွှန်ချုပ်က ဗိုလ်မှူးကြီးပောင်းတွေပါ။ တစ်ယောက်က ဇော်မင်းတဲ့၊ နောက်တစ်ယောက် က ကျော်ခွန်း။ အကျဉ်းသားတွေကို ကိုင်တွယ်ရာမှာ ကျွမ်းကျင်တဲ့ ထောင်ပိုင် ဦးဗိုလ်ကြည်လည်း ခေါ်ထား ပါတယ်။ အဲဒီတုန်းက ထောင်ပိုင်က ဗိုလ်မှူး အုန်းဖေပါ။ သူကအေးလွန်းလို့ ဦးဗိုလ်ကြည်ကို ခေါ်ထားတာပါ။ တကယ်တော့ အဲဒီ ထောင်တွင်းသပိတ်ကို ဦးဆောင် နှိပ်ကွပ်တာက ဒုညွှန်ချုပ် ဦးအုန်းဟန်ပါ။ သူက ဒု

ဗိုလ်မှူးကြီး ဘဝကနေ အကစကို ရောက်လာတာပါ။ အင်မတန် ရိုင်းပါတယ်၊ သူက တိုက်တွေ ရှေ့မှာ မတ်တတ်ရပ်ပြီး ကြိမ်းမောင်းခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ သူ့ လက်သုံးစကားကတော့ "မင်းတို့ လိုချင်တဲ့ ဒီမိုကရေစီတော့ မရဘူး၊ ဒါပဲရမယ်" ဆိုပြီး သူ့ပစ္စည်းကို လက်နဲ့ပုတ်ပြတဲ့ ပုဂ္ဂိုလ်ပါ။

အဲဒီ နောက်ပိုင်းမှာ နိုင်ငံရေး အကျဉ်းသားတွေကို နယ်မှာ ရှိတဲ့ ထောင်အသီးသီးကို လူစုခွဲ ပို့လိုက်ပါတယ်။ အဲဒီ ဗိုလ်မှူး အုန်းဟန် ဆိုတဲ့ပုဂ္ဂိုလ်က ကျွန်တော် စစ်ရုံးမှာ ရှိစဉ်က သူက သုတေသန ဌာနမှာ တာဝန်ကျနေခဲ့တာပါ။ သူ့ယောက္ခမတွေရဲ့ အိမ်က ထောင်နဲ့ မျက်နှာချင်းဆိုင် လမ်းတစ်ဖက်မှာပါ။ ၁၉၈၉ ခုနှစ်ကျတော့ အကျဉ်းဦးစီးဌာန ဒုညွှန်ချုပ် ဖြစ်နေပါပြီ။ သူက တစ်လ တစ်ခါလောက် ဒုညွှန်ချုပ်အနေနဲ့ ထောင်ထဲကို ပတ်လေ့ရှိပါတယ်။ ကျွန်တော့် အခန်းရှေ့မှာ ရပ်ပြီး အာလာပသလ္လာပ ပြောလေ့ရှိပါတယ်။ ကျွန်တော်က စတတ်၊ နောက်တတ်လွန်းလို့ ကျွန်တော်နဲ့ ကြာကြာရပ် စကားမပြောရဲကြပါ။

သူက အင်းစိန်ထောင်ရှေ့က လမ်းမကြီး ဘေးမှာ နေတာပါ။ သူ့ယောက္ခမရဲ့ အိမ်ဖြစ်ပါတယ်။ ဥပမာ အားဖြင့် သူက နေကောင်းလား ဆိုရင် ကောင်းပါတယ်ပေ့ါ။ ကျွန်တော်က "ခင်ဗျား အိမ်ပြင်နေတာ တွေ့ရ ပါလား" လို့ ပြောတဲ့အခါ သူက "ယောက္ခမအိမ်ပါဗျာ" လို့ ပြန်ပြောပါတယ်။ ကျွန်တော်က "ခေတ်မှီသူတိုင်း ယောက္ခမ ချမ်းသာကြတယ်ဗျ" လို့ ပြောတဲ့အခါ သူ မျက်နှာပျက်သွားပါတယ်။ ဟုတ်ပါတယ်၊ သူက ထောင်ထဲ ကို လှည့်တယ်ဆိုရင် သူ့နောက်မှာက ထောင်ပိုင်၊ ထောင်မှူးကြီး၊ ထောင်ဆရာဝန်တွေ အပါအဝင် နောက် တော်ပါး ၁၀ ယောက်လောက် ပါလေ့ရှိတာကိုး။ ကျွန်တော်က အဲဒီလို စတော့ သူ့ခမျာ မခံနိုင်ရှာဘူးပေ့ါ။

## ဇာဂနာနဲ့ အရိုင်း

ရွေးကောက်ပွဲ မစခင် တစ်ပတ်လောက် အလိုမှာ ကျွန်တော်တို့ အထူးတိုက်ကို ဇာဂနာနဲ့ အရိုင်းတို့ ရောက်လာ ကြပါတယ်။ ပူပူနွေးနွေး အကျဉ်းသားလေးတွေပေ့ါ။ သူတို့ အမှုက ဇာဂနာရဲ့ အမေဟာ ရန်ကင်း မြို့နယ်က လွှတ်တော် ကိုယ်စားလှယ်လောင်းပါ။ သူတို့ နှစ်ယောက်က နယ်ဘက်မှာ ပွဲကပြီး ပြန်အလာ ရန်ကုန် ပြန် ရောက်တော့ သူ့အမေရဲ့ မဲဆွယ် တရားပွဲကို သွားကြပါတယ်။ ပြန်ရောက်ရောက်ခြင်း သူ့အမေရဲ့ ပွဲကို တက်တော့ ပရိသတ်ရဲ့ တောင်းဆိုချက်အရ သူတို့က အမေ့အတွက် မဲဆွယ် တရားဟောကြပါတယ်။

ရွေးကောက်ပွဲ စည်းမျဉ်းတစ်ခုမှာ ကိုယ်စားလှယ်လောင်း တစ်ယောက်ဟာ မဲဆွယ် တရားဟောမယ် ဆိုရင် ဟောမယ့် နေရာ၊ အချိန် ဘယ်လောက် ကြာမယ်၊ ဘယ်သူတွေ ဟောပြောမယ် ဆိုတာတွေကို မြို့နယ် ထွေအုပ်တွေကို ကြိုတင် တင်ပြရပါတယ်။ ဇာဂနာတို့က အစီအစဉ်ထဲမှာ မပါဘဲ မဲဆွယ် တရားဟောမှုနဲ့ ထောင်ထဲ ရောက်လာကြတာပါ။ ဇာဂနာက ဦးခင်မောင်မြင့်ရဲ့ အခန်းဘေး နံပါတ် ၆ ထဲပါရဲ့၊ အရိုင်းက တော့ ကျွန်တော်နဲ့ မင်းကိုနိုင်ကြား ရောက်လာကြတာပါ။ ရွေးကောက်ပွဲနီးမှ သူတို့ကို ကမန်းကတန်း ထောင်ချတဲ့ အဓိပ္ပာယ်ဟာ ရွေးကောက်ပွဲပြီးရင် အာဏာလွှဲမယ်ဆိုတဲ့ မျှော်လင့်ချက်ကို ထိခိုက်စေတယ်လို့ ကျွန်တော် တွေးမိပါသေးတယ်။

ဇာဂနာက ညညဆိုရင် သီချင်းဆိုပါတယ်။ သူ့အသံက အရမ်းအောင်ပါတယ်။ အသံရဲ့စက် မလိုလောက်အောင်ကို အသံ ကျယ်ပါတယ်။ သူ သီချင်းဆိုလိုက်ရင် အထူးတိုက် တစ်ဝင်းလုံး ဟိန်းသွားတာ ပါ။ အဲဒီလို အသံကျယ်လို့ ထောင်မှူးက သွားတားရင်း သူနဲ့ အခြေအတင် စကားများကြပါလေရော။ သူတို့ နှစ်ယောက်လုံးက ဟာသဉာဏ်ကဲတဲ့ အနုပညာသမားတွေ ဆိုတော့ အရာရာကို ဟာသ ရှုထောင့်နဲ့ မြင်လေ့ ရှိပြီး မြင်သလိုလည်း ပြောတတ်ကြတဲ့ ပုဂ္ဂိုလ်တွေပါ။

ဥပမာအားဖြင့် မနက် ခြောက်နာရီလောက် နိုးလို့ ကျွန်တော်က အရိုင်းကို "မင်္ဂလာပါ" လို့ နှုတ်ဆက်ရင် သူက "မင်္ဂလာဒုံမှာ မင်္ဂလာဆောင်ပါ" လို့ ပြန်အော်လေ့ရှိပါတယ်။ သူတို့ ရှိတုန်းမှာ ထောင်ပိုင်က အထူးတိုက် လာတဲ့အခါ ထုံစံအတိုင်း ထောင်မှူးက "ပုံစံ" လို့ အော်ရပါတယ်။ ကျွန်တော်တို့ အကျဉ်းသားတွေက သံတံခါး နောက်မှာ ထိုင်ပြီး ဒူးနှစ်ဖက်ပေါ်မှာ လက်တွေ တင်ထားရပါတယ်။ ထောင်ပိုင် ထွက်သွားပြီဆိုတဲ့ အခါ ထောင်မှူးက "အေးစေ" လို့ အော်ပါတယ်။ ဒါကို အရိုင်းက ဘယ်လို ဆက်အော်သလဲ ဆိုတော့ "အရိပ်ထဲက လူတွေ အေးစေ၊ နေရောင်အောက်က လူတွေ ပူစေ၊ တံစက်မြိတ်က လူတွေ နွေးနွေးလေး ဖြစ်စေ" ပါတဲ့။ သူ အော်တာကို ထောင်ဝန်ထမ်းတွေ ကြားပေမဲ့ သူတို့ကိုတော့ ခွင့်လွှတ်ထားဟန်တူပါရဲ့။

သူတို့ နှစ်ယောက် အထူးတိုက်မှာ သိပ်မကြာလိုက်ပါ။ ရွေးကောက်ပွဲပြီး နှစ်ပတ်လောက် အကြာမှာ အရိုင်းကို အပြင်ဘက်ကို ခေါ်ထုတ်သွားပြီး တိုက်တစ်ခုမှာ ထားလိုက်ပါတယ်။ ဇာဂနာကိုတော့ အရှေ့တည့်တည့်မှာ ရှိတဲ့ အခန်း ၃ ခန်းပဲ ပါတဲ့ ပြစ်ဒဏ်တိုက်ကို ပို့လိုက်ပါတယ်။

ကျွန်တော် လွန်ခဲ့တဲ့ သုံး-လေး ရက်လောက်က သတင်းထောက် တစ်ယောက်ကို "စောက်ရှူး ခြောက်ခါ" ပြောတာနဲ့ ပတ်သက်လို့ ဇာဂနာက Tomorrow ဂျာနယ်မှာ "စောက်ရှူး" လို့ ပြောတာဟာ အစုမှ မဟုတ်ဘူး၊ ထောင်ထဲမှာကတည်းက ထောင်အရာရှိတွေကိုတောင် အဲဒီလို ပြောခဲ့တဲ့ အကြောင်း ဆောင်းပါး တစ်စောင် ရေးတာ ဖတ်လိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ် ကိုသူရ။

## ရွေးကောက်ပွဲအပြီး ထောင်ထဲမှာ

ကျွန်တော်တို့ အထူးတိုက်က အကျဉ်းသားတွေကတော့ အပြင်ဘက်တိုက်တွေမှာ ရုတ်ရုတ်သဲသဲ ဖြစ်နေတာ တွေ့လို့ ဘာသတင်းမှ မရပါ။ တိုက်တွေမှာ ဆန္ဒပြတာတွေနဲ့ မရွေးမနှောင်းမှာ ဦးကြည်မောင်၊ ဦးချစ်ခိုင်၊ ဦးတင်ဦးနဲ့ ဦးမောင်ရွှေတို့ ထောင်ထဲကို ရောက်လာကြပါတယ်။ ရွေးကောက်ပွဲ မတိုင်ခင်က မျက်မှန် တင်ဦးကြီးနဲ့ ဦးဘိုနီတို့ ထောင်က လွတ်သွားပါတယ်။ သူတို့နှစ်ယောက် ထောင်ထဲမှာ ရှစ်နှစ်စီ လောက် နေသွားကြပါတယ်။ NLD လူကြီးတွေကိုတော့ လွတ်နေတဲ့ အိမ်တွေမှာ နေရာ ချထားတာ တွေ့ရပါတယ်။

ဦးတင်ဦး အဖို့ကတော့ ထောင်ထဲကို ဒုတိယ အကြိမ် ရောက်ရခြင်းပါ။ ပထမ အကြိမ်တုန်းက ၁၉၇၆ ခုနှစ်မှာ ဖြစ်ခဲ့တဲ့ "ဗိုလ်ကြီး အုန်းကျော်မြင့်၊ အရေးအခင်း" မှာပါ။ အဲဒီတုန်းက ထောင်ဒဏ် ခုနစ်နှစ် ကျခဲ့ပါတယ်။ အမှန်အားဖြင့် လေးနှစ်လောက်ပဲ နေခဲ့ရပါတယ်။ ၁၉၈၀ ခုနှစ်မှာ သာသနာ သန့်ရှင်းရေး လုပ်ငန်း အောင်မြင်တဲ့ အထိမ်းအမှတ်အနေနဲ့ အထွေထွေ လွတ်ငြိမ်း ချမ်းသာခွင့်မှာ လွတ်ခဲ့တာပါ။

ဦးကြည်မောင်အဖို့ကတော့ တတိယ အကြိမ် ပြန်ရောက်တာပါ။ ပထမ အကြိမ်ကတော့ ဦးနု ကိစ္စနဲ့ ပတ်သက်လို့ပါ။ ဦးနု တောခိုမယ် ဆိုတော့ ဦးကြည်မောင်ကို ခေါ်ပြီး တိုင်ပင်ပါတယ်။ ဦးကြည်မောင်ကတော့ တောခိုတာ သဘောမတူဘူးဆိုပြီး နေကျန်နေခဲ့တာပါ။ ဒါပေမဲ့ ဦးနု တောခိုတော့ သတင်းမပို့ရ ကောင်းလား ဆိုပြီး ၁၀ (က) နဲ့ ထိန်းသိမ်းလိုက်တာပါ။

ဒုတိယ အကြိမ်ကတော့ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ဦးစိန်လွင် သမ္မတ ဖြစ်တော့ ဦးအောင်ကြီး အုပ်စုကို ဖမ်းခိုင်းတဲ့အခါ ပါသွားခဲ့တာပါ။ အခုအခေါက်ကတော့ တတိယ အကြိမ်ပေါ့။

## KNU က ကိုကိုနိုင်

ရွေးကောက်ပွဲ မတိုင်ခင်လေးမှာ ထင်ပါတယ်။ အထူးတိုက်က အခန်း ၁၀ ကို အကျဉ်းသား အသစ်တစ်ယောက် ရောက်လာပါတယ်။ သူ ရောက်စကတော့ ဘယ်သူမှန်း မသိပေမဲ့ ထုံးစံအတိုင်း အချိန်ကြာလာတာနဲ့အမျှ သူဟာ KNU က ဖြစ်ပြီး မြို့တော်ခန်းမ ဗုံးခွဲမှုနဲ့ ပတ်သက်ပြီး မိလာလို့ စစ်ခုံရုံးက သေဒဏ်ချမှတ်လိုက်လို့ ရောက်လာတာပါ။ တစ်စ တစ်စ သတင်းဝင်လာတဲ့အခါ သူ့ရဲ့ ဇာတ်ကြောင်းတွေပါ သိလာပါတော့တယ်။

ကိုကိုနိုင်က အရပ်ရှည်ပါတယ်။ ၅ ပေ ၁၀ လက်မလောက် ရှိမှာပါ။ ရုပ်က မိန်းမတွေကျလောက်တဲ့ ရုပ်မျိုးမို့ လူချောလို့ ပြောရမှာပါ။ သူက အင်ဂျင်နီယာကျောင်း (GTI လား THS လား မမှတ်မိတော့ပါ။) တက်ဖူးလို့ KNU ကို ရောက်သွားတဲ့အခါ သူ့ကို ဖောက်ခွဲရေး ပညာတွေ တတ်အောင် သင်ပေးပါတယ်။ ဒါ့ကြောင့် သူဟာ KNU ရဲ့ ဖောက်ခွဲရေး တာဝန်ခံ ဖြစ်လာပါတယ်။ သူက ဖောက်ခွဲရေး ပစ္စည်းတွေကို မွန်ပြည်နယ် တစ်မြို့မြို့က လိုင်းကားနဲ့ ရန်ကုန်ကို ပို့ပေးပါတယ်။ ပစ္စည်းတွေ ရောက်ပြီဆိုမှ ရန်ကုန် လာပြီး ဖောက်ခွဲရေးလုပ်တာပါ။

သူ့ ပြောစကားအရ ရန်ကုန် မြို့တော်ခန်းမထဲကိုလည်း ဖောက်ခွဲရေး ပစ္စည်းတွေ ပို့ပြီး ဖောက်ခွဲတဲ့အခါ လုံခြုံရေး တာဝန်ရှိတဲ့ လူတွေရဲ့ နီးကြား ဖြတ်လတ်မှုကြောင့် သူ အဖမ်းခံရပြီး သေဒဏ်ကျခဲ့တာပါ။ ထူးခြားချက် တစ်ခုက သံလျင် ဗုံးခွဲတာကိုလည်း သူပဲ လုပ်ခဲ့တာပါ။ ဒါပေမဲ့ ထောက်လှမ်းရေးကတော့ သံလျင် NLD က လူငယ်တွေ ဖြစ်တဲ့ သန်းဇော်၊ ညီညီဦးနဲ့ ရဲကျော်သူတို့ကို ထောင်ချပြီးပါပြီ။ ဒါကို ကိုကိုနိုင်က သိတော့ သံလျင် ဗုံးခွဲတာကို သူ လုပ်ခဲ့တာပါလို့ ပြောတော့လည်း ထောက်လှမ်းရေးက အရေးတယူ နားမထောင်ပါ။ "ဒါတွေ မပြောနဲ့တော့" လို့တောင် တားပါသေးသတဲ့။

ကိုကိုနိုင် အဲဒီလို ပြောတာတွေကို ထောင်ထဲမှာ သတင်းပြန့်သွားပါတယ်။ အခံရခက်ဆုံး ပုဂ္ဂိုလ်တွေကတော့ သန်းဇော်တို့ တစ်သိုက်ပေါ့။ ဒါပေမဲ့ ထောက်လှမ်းရေးရဲ့ မတရားမှုကြီးဟာ ထုထည် ကြီးမားတော့ ဘယ်သူက ဘယ်လိုပဲ ပြောစေကာမူ အရာမထင်ခဲ့ပါ။ ဒီလိုနည်းနဲ့ သန်းဇော်နဲ့ ညီညီဦးတို့ဟာ သူတို့ဘဝရဲ့ အနှစ် ၂၀ လောက်ကို ထောင်ထဲမှာ စတေးခဲ့ရတာပါ။ ရဲကျော်သူကတော့ ဦးစောမောင် အပြုတ်၊ ဦးသန်းရွှေ အတက်မှာ ကြေညာချက် ၁၁/၉၂ မှာ သူ့ရဲ့ ထောင်ဒဏ်ဟာ ၁၀ နှစ်အထိ လျော့ချပေးတဲ့ အတွက်ကြောင့် ခုနစ်နှစ် ကျော်ကျော်လောက်မှာ လွတ်သွားခဲ့ပါ တယ်။ သန်းဇော်နဲ့ ညီညီဦးကတော့ သေဒဏ်ကနေ အနှစ် ၂၀ ကို လျော့ချပေးခဲ့ပါတယ်။

## သားရေကွင်းနဲ့ တူတဲ့ ဥပဒေ

အထူးတိုက်က အကျဉ်းသားတွေထဲမှာ ကျွန်တော်နဲ့ မင်းကိုနိုင် နှစ်ယောက်ပဲ ၁၀ (က) အကျဉ်းသားတွေပါ။ ကျန်တဲ့သူတွေ အားလုံး ပြစ်ဒဏ်ကျခံခဲ့ပြီးသားတွေပါ။ ကျွန်တော်က ၁၉၈၇ ခုနှစ်မှာ မှတ်ပုံတင်ရ ဥပဒေပညာရှင်လို့ ဘာသာပြန်ရမလား မသိပါ။ Registered Lawyer- RL သင်တန်းကို တက်ခဲ့ရာမှာ ပထမနှစ်အောင်ပြီးပါပြီ။ ဒုတိယနှစ်မှာ ရုစ်လေးလုံး အရေးတော်ပုံ ဖြစ်လာလို့ သင်တန်း ဆက်မတက်တော့တာပါ။

ဒါ့ကြောင့် ကျွန်တော်တို့ကို တပ်ထားတဲ့ ၁၀ (က) ပုဒ်မဟာ Maximum သုံးနှစ် ဆိုတာ ကျွန်တော်မှတ်မိနေပါတယ်။ ကျွန်တော့်ကို ၁၉၈၉ ခုနှစ်မှာ ဖမ်းတယ်ဆိုတော့ ၁၉၉၂ ခုနှစ် ဆိုရင် သုံးနှစ်ပြည့်ပြီပေါ့။ ပေါ်ဦးက ကျွန်တော့်ထက် စောတော့ "မင်းက ငါ့ထက် သုံး-လေးလ စောလွတ်မှာကွ" လို့ သူ့ကို အားပေး

စကား ပြောခဲ့ဖူးပါတယ်။ ဒါကြောင့် ၁၉၉ဝ ခုနှစ် ရွေးကောက်ပွဲလည်းအပြီး၊ NLD ခေါင်းဆောင်တွေလည်း ထောင်ထဲ ရောက်လာ၊ ၁၉၉ဝ ခုနှစ် ရွေးကောက်ပွဲမှာ နိုင်တဲ့ ပုဂ္ဂိုလ်တွေလည်း ရာနဲ့ချီပြီး အဖမ်းခံရ၊ ဒေါက်တာ စိန်ဝင်းနဲ့ အရွေးချယ်ခံ ပုဂ္ဂိုလ် ၄ဝ ကျော်လောက်ကလည်း ပြည်ပကို ထွက်ခွာ စတဲ့ ဖြစ်စဉ်တွေနဲ့ နိုင်ငံရေး ဖြစ်စဉ်တွေဟာ တစ်ခုမှ စိတ်ချမ်းသာစရာမရှိပါ။

အထင်ရှားဆုံး ဖြစ်စဉ်တစ်ခုကတော့ ထိုင်းနိုင်ငံကို ရောက်သွားတဲ့ ဒေါက်တာ စိန်ဝင်းကို ခေါင်းဆောင် တင်ပြီး အရွေးချယ်ခံ အများစု ပါဝင်တဲ့ အဝေးရောက် အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့တဲ့ ကိစ္စဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ကတော့ ဒေါက်တာ စိန်ဝင်းတို့ကို အပြစ်မတင်ပါ။ အခြေအနေနဲ့ အချိန်အခါအရ ပေါ်ပေါက်လာတဲ့ လှုပ်ရှားမှု တစ်ခုပဲလို့ ကျွန်တော် မြင်ပါတယ်။ ဒါပေမဲ့ ပြည်တွင်းမှာတော့ သူတို့ကို အကြောင်းပြုပြီး ဖိနှိပ်မှုတွေ များလာပါတယ်။ ဗိုလ်ချုပ်ကြီး စောမောင်ကလည်း သူ့ကိုယ်သူ "ဗိုလ်ချုပ်မှူးကြီး" အဖြစ် ရာထူးအသစ် ဖန်တီးပြီး မထူးဇာတ် ခင်းလာပါတော့တယ်။

ပုဒ်မ ၁ဝ (က) မှာ သတ်မှတ်ထားချက်အရ မင်းကိုနိုင်ဟာ ၁၉၉၂ ခုနှစ်၊ မတ်လမှာ လွတ်ရမှာ ဖြစ်သလို ကျွန်တော်ကလည်း အဲဒီနှစ် ဇူလိုင်မှာ လွတ်ရမှာပါ။ ဒီအကြောင်းကိုလည်း မင်းကိုနိုင်ကို ပြောပြထား ဖူးပါတယ်။ ကျွန်တော်တို့က ဘယ်ကိစ္စကိုမဆို ဖြောင့်ဖြောင့် စဉ်းစားတာကိုး။ ဒါပေမဲ့ သူတို့ကတော့ မဟုတ်ပါ ဘူး။ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလလောက်မှာ ပေါ်ဦးကို အဝတ်အစား လဲစေပြီး ထောင်အပြင်ဘက်ကို ခေါ်ထုတ် သွားပါတယ်။ အဲဒီမှာ စစ်ခုံရုံးကို အတင်ခံရပြီး ထောင်ဒဏ် ၁၅ နှစ် ချတာခံလိုက်ရပါတယ်။

ကျွန်တော့်ကိုကျတော့ ၁၉၉၂ ခုနှစ်၊ မတ်လလောက်မှာ အပြင်ခေါ်ထုတ်သွားပြီး စစ်ခုံရုံးကို တင်ပါ တယ်။ ထောင်ဒဏ် ၁ဝ နှစ် အချခံရပါတယ်။ ဘာ့ကြောင့် ဘယ်လို ဆိုတာ မမေးကြပါနဲ့တော့။ သူငယ်တန်း ဖတ်စာမှာ သင်ရတဲ့ "ဝံပုလွေနဲ့ သိုးငယ်" ပုံပြင်ထဲကလိုပဲ။ "မင်း မဟုတ်ရင်၊ မင်းအမေပေါ့" ဆိုတဲ့ အကြောင်း ပြချက်နဲ့ ထောင်ချခဲ့တာပါ။ ကျွန်တော့်ကို ထောင်ချတဲ့ စစ်ခုံရုံးမှာ ဥက္ကဋ္ဌက အင်ဂျင်နီယာတပ်က ဒုဗိုလ်မှူးကြီး စန်းအောင်ပါ။

ကျွန်တော် တပ်ထဲမှာ ရှိစဉ်က သူနဲ့ ဆုံဖူးပါတယ်။ ရေတပ်ကတော့ မေ့သွားပါပြီ။ လေတပ်က ဗိုလ်မှူး ကျော်မြင့်ပါ။ DSA အပတ်စဉ် ၆ ကပါ။ သူက ထောက်လှမ်းရေး တာဝန်ခံကို ခွင့်တောင်းပြီး ခုံရုံး မစမီ ကျွန်တော့်ကို လာနှုတ်ဆက်ပါတယ်။ အဲဒီမှာ တာဝန်ကျတဲ့ ပုဂ္ဂိုလ်က SB က တစ်ပွင့်လောက်ပဲ ရှိမှာပါ။ သူက ကျွန်တော်တို့ ဘေးမှာ ရပ်ပြီးတော့ စီးကရက် သောက်နေပါတယ်။ မီးခိုးတွေကို အဲဒီ လေတပ် ဗိုလ်မှူး ကျော်မြင့်ဘက်ကို မှုတ်ထုတ်နေပါတယ်။ "မကြည်ဘူး" ဆိုတဲ့ သဘောပေါ့။ အခုတော့ အဲဒီ ဗိုလ်ကျော်မြင့်ဟာ ဆုံးသွားရှာပါပြီ။

## ထောင်ဝင်စာ တွေ့ခွင့်ရပြီ

ကျွန်တော် ထောင်ကျဖြစ်ပြီ ဆိုတော့ ကျွန်တော် ထောင်ဝင်စာ တွေ့ခွင့်ရပြီပေါ့။ ကျွန်တော်တို့ အထူးဆောင်က အကျဉ်းသားတွေနဲ့ အပြင်တိုက်တွေက နိုင်ငံရေး အကျဉ်းသား အချို့ ထောင်ဝင်စာ ထွက်ရာမှာ အခြား ထောင်ကျတွေနဲ့ မတူပါဘူး။ သီးသန့် ဆောက်ထားတဲ့ အခန်းကျဉ်းလေးထဲမှာ တစ်ဖက်အခန်းက မိသားစုဝင် တွေနဲ့ ပြောကြရတာပါ။ ပြောတဲ့အခါမှာ လူချင်း ထိတွေ့မှု မရှိအောင် ကြားမှာ ခြင်လုံဆန်ခါ တစ်ခုနဲ့ ခြားထားပါတယ်။ ကျွန်တော် ထောင်ဝင်စာ တွေ့ရတဲ့နေ့ဟာ ၁၉၉၂ ခုနှစ်၊ ဧပြီလဆန်း ဖြစ်ပါလိမ့်မယ်။ ကျွန်တော်နဲ့ ကျွန်တော့် မိသားစု မတွေ့ရတာ နှစ်နှစ်နဲ့ ရှစ်လ ရှိပါပြီ။

သမီးကြီး မဝင်းစုကြည်က အဲဒီအချိန်မှာ စင်ကာပူ ရောက်နေပါပြီ။ သားကြီးက ၁၇ နှစ်နဲ့ သားငယ်က ၁၆ နှစ် ရှိနေပါပြီ။ ကျွန်တော် အဖမ်းခံရစဉ်က သူတို့ဟာ ကလေးသာသာ အရွယ်လေးတွေပါ။ ထောင်ဝင်စာ တွေ့ဖို့ အခန်းကျဉ်းလေး Booth ထဲ ဝင်တော့ အမျိုးသမီးနဲ့ သားငယ် နှစ်ယောက်ကို တွေ့ရပါတယ်။ သားငယ်ကတော့ ငယ်ရုပ်နဲ့ဖမ်းပြီးတော့ သိရပေမဲ့ သားကြီးကတော့ လူပျိုပေါက် ဖြစ်နေပြီး ကြီးကောင်ဝင်တဲ့ အရွယ်ဆိုတော့ ကျွန်တော်က "တုံတုံ နေကောင်းလား၊ သားငယ်လည်း ထွားလာတယ်နော်" ဆိုပြီး ပြောရင်းနဲ့ တစ်ဆက်တည်း "မင်းက" ဆိုပြီး ရုတ်တရက် တွေဝေသွားတော့ ဇနီးသည်က "အဲဒါ သားကြီးလေ" ဆိုပြီး ပြောရင်း မျက်ရည်တွေ ဝဲလာတာ မြင်လိုက်ရပါတယ်။ ဒီကောင်ကလည်း လူပျိုပေါက် ဖြစ်လာပြီး ထွားလာလို့ ချက်ချင်း မမှတ်မိပါဘူး။

သူတို့အပြင် သမီးငယ်လေးလည်း ပါလာပါတယ်။ သူက ခြောက်နှစ် ရှိပါပြီ။ ကျောင်းနေပါပြီ။ ဗဟို မူလတန်းကျောင်း၊ အင်းစိန်မှာ ကျောင်းနေနေပါတယ်။ သူ့အစ်ကိုတွေ၊ အစ်မတွေ နေခဲ့တဲ့ ကျောင်းပါ။ ပထမ ဦးဆုံး ထောင်ဝင်စာ ဆိုတော့ ဘာတွေ ပြောမိလို့ ပြောမိမှန်း မသိပါဘူး။ ကျွန်တော်တို့ ပြောသမျှကို အသံ လည်း ဖမ်းထားတဲ့အပြင် အနားက ကပ်ပါလာတဲ့ ထောက်လှမ်းရေးနဲ့ ထောင်မှူးတို့ကလည်း လိုက်မှတ်နေ တာပါ။ ဒါ့ကြောင့်မို့ မိသားစုနဲ့ တွေ့တဲ့ပွဲဟာ လွတ်လွတ်လပ်လပ် မပျော်နိုင်ပဲ စိတ်ကျဉ်းကြပ်နေခဲ့တာပါ။

## အထူးတိုက်က ထူးခြားဖြစ်စဉ် အချို့

မြင်ရုံသာ မြင်ရ၊ မကြင်ရ မောင့်ကိုယ် ဆိုတဲ့ ရှေးထုံး စကားတစ်ခု ရှိပါတယ်။ အဓိပ္ပာယ်ကတော့ မိန်းကလေးနဲ့ ယောက်ျားလေး ချစ်သူနှစ်ယောက် မိဘ အသိုင်းအဝိုင်းက တားမြစ်ထားလို့ တွေ့ခွင့်လည်း မရှိ၊ စကားပြော ခွင့်လည်း မရှိဆိုတဲ့ အနေအထားကို ဆိုလိုတာပါ။ ကျွန်တော်ကတော့ အထူးတိုက်က အကျဉ်းသားတွေရဲ့ အနေအထားလည်း အဲဒီလိုမျိုး နှစ်စဉ် တစ်နှစ် တစ်ခါလောက် ကြုံတွေ့ခဲ့ပါတယ်။ ဖြစ်ပုံက ဒီလိုပါ...။

အဲဒီတုန်းက ကျွန်တော်တို့ကို ခြင်ထောင် ခွင့်မပြုသေးပါ။ ဒါ့ကြောင့် အထူးတိုက် တစ်ဝင်းလုံးနဲ့ တိုက်ခန်းတွေကို ခြင်ဆေး ဖြန်းပါတယ်။ အဲဒီလို ခြင်ဆေး ဖြန်းတဲ့အချိန်မှာ ကျွန်တော်တို့ အားလုံးကို တိုက်ခန်းရှေ့ ထုတ်ပြီး မတ်တတ်ရပ်ခိုင်းထားပါတယ်။ အဲဒီအခါကျမှ ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် တွေ့မြင်ကြရတာပါ။ ဒါ့ကြောင့် ကျွန်တော်က ပေါ်ဦးကိုကြည့် လက်ဟန်၊ ခြေဟန်နဲ့ နှုတ်ဆက်၊ မျက်ခုံးကိုလည်း ဘယ်က ပင့်လိုက်၊ ညာက ပင့်လိုက်နဲ့ စ၊ ဒီကောင်ကတော့ အေးအေးပဲ။

ဟိုဘက်တော့ ဒေါက်တာ မော်ဇင် (ဗကပ ယူရီ)၊ ဟိုဘက်က ဦးခင်မောင်မြင့်၊ ပြီးတော့ ခေါင်းဖြူ ကိုတင်အောင်၊ ဦးဝင်းတင်၊ ကိုသက်ခိုင်နဲ့ အစွန်က ကိုကိုနိုင်တို့ပါ။ သူတို့ကလည်း ကျွန်တော့်ဘက် ကြည့်၊ ကျွန်တော်ကလည်း သူတို့ဘက် ကြည့်။ ခြင်ဆေးဖျန်းတဲ့ ပုဂ္ဂိုလ်တွေကတော့ မြို့နယ် ဌက်ဖျား တိုက်ဖျက်ရေး ဌာနကလို့ ပြောပါတယ်။

သူတို့ကလည်း တစ်ခေါင်းလုံး ဓာတ်ငွေ့ကာ ဝတ်စုံတွေဆိုတော့ သူတို့ကတော့ ကျွန်တော်တို့ကို မြင် မှာပါ၊ ကျွန်တော်တို့ကတော့ သူတို့ ဘယ်သူမှန်းတောင် မသိလိုက်ပါဘူး။ ခြင်ဆေးတွေ တဂျိဂျိ မှုတ်ထုတ်ပြီး အခန်းအားလုံး ဓာတ်ငွေ့တွေ အပြည့်ဖြစ်မှ ထွက်သွားကြတာပါ။ ဓာတ်ငွေ့တွေ ပြယ်ဖို့ ၁၅ မိနစ်လောက် စောင့်ရပါတယ်။ အဲဒီကျမှ ကိုယ့်အခန်းကို ပြန်ဝင်ကြရတာပါ။ အဲဒီတော့ ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် "မြင်ရုံသာ မြင်ရ၊ မကြင်ရ မောင့်ကိုယ်" ဘဝပါ။

## ဦးခင်မောင်မြင့်ရဲ့ နောက်ဆုံးနေ့များ

ကျွန်တော် အထက်မှာ တင်ပြခဲ့သလို သူက ဒေးဒရဲ မြို့နယ်၊ ရွာကြီးတစ်ရွာက ဇာတိပါ။ သူ့ မိဘများက ရွာမှာ အချမ်းသာဆုံး ဖြစ်ပါသတဲ့။ စိန်တွေကို ပြည်တောင်းနဲ့တောင် ထည့်ထားနိုင်တဲ့ အဆင့်ပါ။ ဒါ့ကြောင့် သူ့ကို ငယ်ငယ်က အိန္ဒိယ နိုင်ငံ ဒါဂျီလင်မြို့ကို ပို့ပြီး ပညာသင်ကြားစေပါတယ်။

သူ့မိဘ နှစ်ပါးစလုံး မတော်တစ်ဆ တစ်ပြိုင်နက် ကွယ်လွန်သွားပါသတဲ့။ (အသေးစိတ်တော့ မမှတ်မိတော့ပါ။) သူ့ကို ဒါဂျီလင်က ပြန်ခေါ် လို့ ရွာရောက်တဲ့အခါ မိဘရဲ့အတွင်းပစ္စည်းတွေ ဘာမှ မရှိတော့ပါဘူးတဲ့။ ဒါနဲ့ သူက မိဘနှစ်ပါး ကျန်တဲ့ လယ်မြေ ဧက ရာကျော်ကို သူရင်းငှားတွေနဲ့ ဆက်လုပ်ရင်းနဲ့ ရန်ကုန်တက္ကသိုလ် တက်ပါတယ်။ တက္ကသိုလ် ကျောင်းသား ဘဝမှာ ကွန်မြူနစ်ဝါဒနဲ့ ယဉ်ပါးပြီး ဒီဝါဒသာလျှင် လူသား အားလုံးရဲ့ မိုတ္တယ်စရာ၊ အားကိုးစရာလို့ ခံယူလိုက်ပါတယ်။ ဒီလိုနဲ့ နိုင်ငံရေး ရေယာဉ်ကြောမှာ မျောပါပြီး တော်လှန်ရေး ကောင်စီ တက်တဲ့အခါမှာ အဖမ်းခံရပါတယ်။ ကိုကိုးကျွန်းကို အပို့ခံရပါတယ်။ ကိုကိုးကျွန်းက လွတ်လာတဲ့အခါကျတော့ သူဟာ ထုသားပေသားကျလာတဲ့ လက်ဝဲ နိုင်ငံရေးသမား တစ်ယောက် ဖြစ်လာပါတယ်။

သူ့ညီအရင်း အဆိုတော် ကိုသန်းလှိုင်ကတော့ အစ်ကိုနဲ့ မတူပါ။ ရေဒီယို အဆိုတော်ဘဝနဲ့ နာမည်ရလာပြီး သူ့သီချင်းတွေဟာ နိုင်ငံကျော်ခဲ့ပါတယ်။ သူကတော့ နိုင်ငံရေး စိတ်မဝင်စားပါ။ အနုပညာနဲ့ ပတ်သက်တဲ့ ဌာနတစ်ခုမှာ ဝင်ရောက် လုပ်ကိုင်ရင်း အဆိုတော် ဘဝနဲ့ အစိုးရ ဝန်ထမ်း ဘဝကို ခံယူခဲ့ပါတယ်။ သူတို့ ညီအစ်ကို နှစ်ယောက်စလုံးက ပိန်ပိန်ပါးပါးပါ။ အဆုပ်ရောဂါ ကိုယ်စီ ရှိကြတယ်လို့ သိရပါတယ်။ ဒီ အကြောင်း အရာတွေကို သူက ဒေါက်တာ မော်ဇင်ကို ပြော၊ ဒေါက်တာ မော်ဇင်က ပေါ်ဦးကို ပြော၊ ဒီလိုနည်းနဲ့ ထောင်တွင်း သတင်းအဖြစ် ကျွန်တော် သိလာရတာပါ။

အချိန်က ညနေ လေးနာရီခွဲလောက်မှာပါ။ ညနေစာ ဝေတဲ့ အချိန်ပေါ့။ ကျွန်တော်က အစွန်ဆုံး အခန်း ဆိုတော့ ထမင်းဝေတဲ့ ဝန်ထမ်းက ထောင်မှူးရုံးကို အပြေးအလွှား သွားတာ မြင်လိုက်ရပါတယ်။ ထောင်မှူး ကလည်း အဲဒီဝန်ထမ်းနဲ့ အတူ ပြေးလာတာ မြင်ရပါတယ်။ ဘာတွေဖြစ်နေသလဲ ဆိုတာ မသိရပါ။ မင်းကိုနိုင်ကို မေးကြည့်တော့ သူလည်း မသိပါ။

ည ခုနစ်နာရီလောက် ဝန်ထမ်းက ကျွန်တော်တို့ကို ဆေးလိပ်သောက်ဖို့ မီးလာညှိပေးတဲ့ အချိန်ကျမှ သူ့ကို မေးကြည့်ရပါတယ်။ (မီးခြစ်ကို ကျွန်တော်တို့ကို ပေးမထားပါ၊ ဒါ့ကြောင့် အကျဉ်းသားတွေ ဆေးလိပ်ပုံမှန် သောက်နိုင်ဖို့ တစ်နေ့ကို ငါးကြိမ်လောက် ဆေးလိပ်မီး လာညှိပေးပါတယ်။ ကျွန်တော်ကလည်း ဆေးလိပ် မသောက်ပေမဲ့ မီးလာညှိပေးတဲ့ ဝန်ထမ်းနဲ့ စကားစမြည်ပြောပြီး သတင်းနိုက်ချင်လို့ အိမ်ကို ဆေးလိပ်မှာပြီး ဆေးလိပ် သောက်ချင်ယောင် ဆောင်ရပါတယ်။) အဲဒီ အခါကျမှ ညနေက ဖြစ်စဉ်ကို သိရတာပါ။

## အဖျားကြီးလာပြီ

ဦးခင်မောင်မြင့်ဟာ လွန်ခဲ့တဲ့ နှစ်ရက်လောက်က စပြီး ဖျားပါတယ်။ ဖျားတဲ့အကြောင်း ဝန်ထမ်းကို သတင်းပို့လို့ ဝန်ထမ်းက ဆေးရုံသွားပြီး အကြောင်းကြား၊ ဆရာဝန်က ပါရာစီတမောလ်နဲ့ ဗီဘာစ် သုံးရက်စာ ပေးပါသတဲ့။ ဦးခင်မောင်မြင့် သက်သာဟန် မတူပါ။ အဲဒီနေ့က နေ့လယ်စာအတွက် ထမင်း ပန်းကန်နဲ့ ဟင်းခွက်ကို သံတိုင် တံခါးနားမှာ ချထားလို့ ဝန်ထမ်းက နေ့လယ်စာ ထည့်ပေးထားခဲ့ပါသတဲ့။

အဲဒီအချိန်မှာ ဦးခင်မောင်မြင့်က သူ့အိပ်ရာမှာပဲ လှဲနေပါသတဲ့။ ညနေ ထမင်း ဟင်း ဝေမလို့သွားတော့ နေ့လယ်ကတည်းက ထည့်ထားတဲ့ ထမင်းဟင်းတွေဟာ ဒီအတိုင်းပဲ ရှိပါသတဲ့။ ဝန်ထမ်းက ဦးခင်မောင်မြင့်ကို ခေါ်တဲ့အခါမှာ သူက အသံတိုးတိုးလေးနဲ့ပဲ ဖြေနိုင်ပါတယ်။ ဒါနဲ့ အခြေအနေ မကောင်းဘူးလို့ ယူဆပြီး ထောင်မှူးကို အပြေးအလွှား သွားခေါ်တာပါ။

ထောင်မှူး လိုက်လာပြီး တံတားကို ဖွင့်လို့ ဦးခင်မောင်မြင့်ကို စမ်းသပ်ကြည့်တဲ့အခါမှာ မျက်လုံးတောင် မဖွင့်နိုင်တော့ပါဘူးတဲ့။ အဲဒီတော့ ဆေးရုံကိုသွားပြီး ထမ်းစင် မှာနေမယ့်အစား ဘောက်ဆင်း တစ်ယောက်က ဦးခင်မောင်မြင့်ကို ကျောပိုးပြီး ဆေးရုံကို ပို့ပေးရပါသတဲ့။ သူက ဗကပ ယူဂျီ အမှုနဲ့ အဖမ်းခံရသူ၊ ထောင်ဒဏ် အနှစ် ၂၀ အချခံရသူ ဆိုတော့ ထောက်လှမ်းရေးက အထူး စောင့်ကြည့်ခြင်းခံရသူ ဖြစ်ပါတယ်။ ဒါ့ကြောင့် သူ့ကို အပြင် ဆေးရုံ မပို့တော့ဘဲ ထောင်တွင်း ဆေးရုံမှာပဲ ထားပါတယ်။ သုံးရက်လောက်နေတော့ ကွယ်လွန် သွားရှာပြီလို့ သိလိုက်ရပါတယ်။

## စာတွေ ပါကုန်ပြီ

ကျွန်တော်နဲ့ မင်းကိုနိုင်ကတော့ သိတဲ့အတိုင်း လေပေးဖြောင့်ပါတယ်။ အကြောင်းအရာ မျိုးစုံကိုလည်း ပြော ပါတယ်။ ထောင်ဝင်စာ လာတိုင်းလည်း သတင်းတွေကို ပလတ်စတစ်ပေါ်မှာ သံမှိုနဲ့ ရေးတဲ့စာလည်း ပို့နေ ကျပါ။ တစ်နေ့တော့ သူက တောင်းဆိုလို့ တပ်မတော် ထောက်လှမ်းရေး အကြောင်း ကျွန်တော် သိထားသမျှ သူ့ဆီကို စာရေးပြီး ပို့ပါတယ်။ အင်္ဂလိပ်လို ရေးပို့တာပါ။ တစ်ခါ ရေးပို့ရင် ခြောက်မျက်နှာပါ။ တစ်ပတ်ကို ၁၂ မျက်နှာ သို့မဟုတ် ၁၈ မျက်နှာလောက် ရေးပို့ဖြစ်ပါတယ်။ ရေးပြီးတိုင်းလည်း နောက်ဆုံး စာမျက်နှာ အောက် ခြေမှာ "Destroy after you've read it." လို့ အမြဲတမ်း ပါလေ့ရှိပါတယ်။ သဘောကတော့ ဖတ်ပြီးရင် ဖျက်ဆီးပစ်ပေါ့။

ကျွန်တော့် ခန့်မှန်းခြေ သူ့ဆီကို စာမျက်နှာ ၁၀၀ လောက် ရေးပေးခဲ့ပြီးပါပြီ။ ရေးတဲ့ အကြောင်းအရာ တွေထဲမှာ ဗိုလ်နေဝင်းဟာ ရဲဘော်သုံးကျိပ် ဘဝနဲ့ ဂျပန်ပြည်မှာ စစ်ပညာ သင်တုန်းကတည်းက အခြေခံ စစ်ပညာ သင်ပြီးတဲ့အခါ ထောက်လှမ်းရေး ပညာကို သီးသန့် သင်ယူခဲ့ကြောင်း၊ တပ်မတော်ကို ဖွဲ့ပြီး ထောက် လှမ်းရေး တပ်ဖွဲ့ ဖွဲ့တဲ့အခါမှာလည်း သူက အဓိက ကြီးကြပ်ကြောင်း၊ မျက်မှန် တင်ဦးကြီးနဲ့ ဦးလေးမောင် ဆိုသူတို့ကို ဗိုလ်ကြီးအဆင့်နဲ့ ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းမှာ အမေရိကန် ထောက်လှမ်းရေး ပညာတွေ သင်စေခဲ့ကြောင်း။

ဦးလေးမောင်ကိုတော့ ပြင်ပဌာနတွေမှာ အမှုထမ်းစေခဲ့ပြီး၊ ၁၉၈၇-၈၈ ခုနှစ်လောက်မှာ ဦးလေးမောင် ကို ဥရောပကို ပို့ပြီး ဦးနေဝင်းရဲ့ ပြည်ပ စီးပွားရေး ကိစ္စများကို ကြီးကြပ်စေတယ်လို့ ယူဆရကြောင်း၊ မျက်မှန် တင်ဦးကြီးကိုတော့ အဆင့်ဆင့် ရာထူးတွေ တိုးပေးခဲ့တာ တပ်မတော်မှာ ဗိုလ်မှူးချုပ် အဆင့်၊ ပါတီမှာတော့ တွဲဘက် အထွေထွေ အတွင်းရေးမှူး အဆင့်အထိ တိုးမြှင့်ခန့်ထားခဲ့ရာ နိုင်ငံခြား သတင်းဌာနတွေက သူ့ကို One & half လို့တောင် သမုတ်ခဲ့ကြောင်း၊ ဆိုလိုတာက ဦးနေဝင်းက နံပါတ် ဝမ်း၊ ဦးစန်းယုက နံပါတ် တူး၊ သူက One & half ဆိုတော့ သမ္မတ ဦးစန်းယုထက်တောင် ပါဝါ ရှိသူလို့ ဆိုလိုကြောင်းတွေ ရေးပြရင်းနဲ့ ထောက်လှမ်းရေး ညွှန်ကြားရေးမှူးတွေ ဘယ်လိုပဲ ပြောင်းပြောင်း တကယ့် ညွှန်ကြားရေးမှူးဟာ ဦးနေဝင်းသာ ဖြစ်ကြောင်း စတဲ့အကြောင်းတွေကို ရေးထားတာပါ။

တစ်နေ့တော့ သူ ထောင်ဝင်စာ သွားပါတယ်။ နာရီဝက်လောက် နေတော့ ပြန်လာပါတယ်။ ခဏနေ တော့ သူက ဝိုသံပါကြီးနဲ့ "ဦးထိန်ရေ ပါသွားပြီဗျို့" လို့ ပြောပါတယ်။ "ဟ... ဘာလဲကွ၊ အရင်းမရှိ အဖျားမရှိ

မင်းဟာက” လို့ ကျွန်တော် ပြောတဲ့အခါ သူက ကျွန်တော် ရေးထားပေးတဲ့ ထောက်လှမ်းရေး အကြောင်း စာတွေ ပါသွားပြီတဲ့။ “မင်းက ဘယ်မှာ ထားလို့လဲ” လို့ မေးတဲ့အခါ သူက အိမ်သာပေါ်က မျက်နှာကြက်ထဲမှာ ဝှက်ထားပါသတဲ့။ အဲဒါတွေ ပါသွားပြီပေါ့။ ကျွန်တော်က “မင်းနေယ်ကွာ၊ ငါလန့်သွားတာပဲ” လို့ ပြောရုံက လွဲလို့ ဘာမှ မတတ်နိုင်တော့ပါ။

ကျွန်တော်တို့ အထူးခန်းတွေမှာ ရေလောင်းအိမ်သာက အမြင့်ပါ။ ဘေးမှာ အုတ်ဘောင်တွေ ရှိပါတယ်။ အဲဒီပေါ်က တက်ရင် မျက်နှာကြက်ကို မီပါတယ်။ ကျွန်တော်တို့ အခန်းတိုင်းမှာ အိမ်သာပေါ်က မျက်နှာကြက်တွေကို မီးခံကျောက်ပြား အပြည့်မတပ်ဘဲ တစ်ခြမ်းပဲ တပ်ပါတယ်။ အဲဒီအပေါ်မှာမှ သံဆန်ခါ တစ်ချပ် ရှိတာပါ။ အဓိပ္ပာယ်က အကျဉ်းသားတွေ မျက်နှာကြက် ဖျက်ပြီး လွတ်မြောက်ရေး မကြံနိုင်အောင် သံဆန်ခါကို ပြထားတာပါ။ သူက ကျွန်တော့် စာတွေကို သံဆန်ခါနဲ့ မီးခံကျောက်ပြား ကြားက ဟနေတဲ့ ကြားထဲမှာ ဝှက်ထားတာပါ။ အဲဒါ သူ ဝှက်နေတုန်း အနောက် ပြတင်းပေါက်က နေပြီး ထောက်လှမ်းရေး (သို့) ဝန်ထမ်း တစ်ယောက်ယောက်က မြင်သွားတာ ဖြစ်ပါလိမ့်မယ်။ တော်ပါသေးရဲ့ အဲဒါတွေနဲ့ ပတ်သက်လို့ အာဏာပိုင်တွေဘက်က ဘာမှ အရေးယူမှု မရှိခဲ့ပါဘူး။

## နှစ်ပတ်မှ နာရီဝက်လောက်ပဲ စကားပြောချိန် ရှိခဲ့တယ်

စဉ်းစားကြည့်ပါ စာရှုသူ။ လူတစ်ယောက်ကို တိုက်ခန်း တစ်ခန်းထဲမှာ နှစ်ရှည်လများ ထည့်ထားတယ်။ အထဲမှာပဲ ရေချိုး၊ အထဲမှာပဲ အိမ်သာသွား၊ စကားပြောမယ့်သူ ဆိုလို့ ဝေလာဝေး၊ ဆေးလိပ်မီး လာညှိပေးတဲ့ ဝန်ထမ်းက လွဲလို့ ဘယ်သူမှ မရှိ။ ဘေးခန်းက သူနဲ့ စကားပြောမယ် ဆိုရင်လည်း သူနဲ့ ပြေလည်ဦးပါမှ။ မပြေလည်ရင် စကားပြောလို့ မရ။ ပါတောပိတ်။ ကျွန်တော်နဲ့ ပေါ်ဦးကတော့ ငါးနှစ်လောက် ဘေးချင်းကပ် နေခဲ့ရတာ။ သူနဲ့ ဘာမှ ပြဿနာ မပေါ်ခဲ့ဘူး။ ဒီကောင်က လူပါ။

ဒါပေမဲ့ သူ့ခမျာ တစ်ဖက်ခန်းက ပုဂ္ဂိုလ်နဲ့တော့ အဆင့်မပြေရှာ၊ သူ ဘာပြောပြော ဘာလုပ်လုပ်၊ လုပ်သမျှ အပြစ်ရှာ၊ ဆူပူ ကြိမ်းမောင်းပြီး နင်ပဲငဆ ဆဲဆိုတာတွေထိ ဖြစ်လာပါတယ်။ “မင်းတို့ကောင်တွေ၊ ဘယ်ကောင်မှ ဒီမိုကရေစီနဲ့ မတန်ဘူး၊ စစ်တပ်က အုပ်ချုပ်နေတာပဲ ကောင်းတယ်” ဆိုတဲ့ စကားတွေကို ကြိမ်ဖန်များစွာ ပြောဆိုလာပါတယ်။ ဒါ့ကြောင့် ပေါ်ဦးက “ဦးထိန်ရေ၊ တစ်ဖက်အခန်းက လူရဲ့ ရန်က မအေး ဘူးဗျ၊ ဒါ့ကြောင့် ကျွန်တော်တို့ တိတ်တိတ်ဆိတ်ဆိတ် နေလိုက်ကြရအောင်” လို့ မေတ္တာရပ်ခံတဲ့အတွက် သူနဲ့ ကျွန်တော်နဲ့ နှစ်ယောက်သား ပလတ်စတစ်ရွက်ပေါ်မှာ စာရေးပြီး ဖလှယ်တာက လွဲလို့ ရပ်ထားလိုက်ပါတယ်။

အဲ...တစ်ဖက်လူ ထောင်ဝင်စာသွားတွေ့တဲ့ အချိန်ကျတော့မှ နှစ်ယောက်သား အားရပါးရ စကားပြောရပါတယ်။ အဲဒီပုဂ္ဂိုလ်ဟာ ပေါ်ဦးကိုသာမက ခေါင်းဖြူ ကိုတင်အောင်၊ ကိုသက်ခိုင်တို့ကိုလည်း အခွင့်အရေး ရတာနဲ့ ဆဲရေးတိုင်းထွာပါတယ်။ သူလည်းပဲ ထောင်ဒဏ် အနှစ် ၂၀ ကျခံခဲ့ရတာပါ။ ဒါပေမဲ့ ဗိုလ်ချုပ်ကြီး သန်းရွှေ တက်လာတော့ ထောင်ကျတွေရဲ့ ပြစ်ဒဏ်တွေ လျှော့တဲ့အခါ သူ့ရဲ့ ပြစ်ဒဏ်ဟာ ၁၀ နှစ်ပဲ ဖြစ်သွားပါတယ်။ နိုင်ငံရေး အကျဉ်းသား အများစုဟာ ခုနစ်နှစ်ကျရင် ခုနစ်နှစ် တိတိ၊ ၁၀ နှစ်ကျရင် ၁၀ နှစ် တိတိ နေခဲ့ကြရမှာ သူကတော့ ထူးခြားပြီး ခုနစ်နှစ်လောက်နဲ့ လွတ်သွားခဲ့ပါတယ်။ အခုတော့ အပြင်လောကမှာ နောက်အိမ်ထောင်နဲ့ အေးအေးဆေးဆေးပါတဲ့။ သူ ထောင်ထဲမှာ နေစဉ်မှာပင် ပထမ အိမ်ထောင်က အိမ်ထောင်ပြုသွားခဲ့ပါတယ်။

## လက်ကောက်ဝတ် သွေးကြောဖြတ်ပြီ

ဗကပ ထိပ်သီး နှစ်ယောက်အနက်က ခေါင်းဖြူ ကိုတင်အောင်ကို ထောင်ဝင်စာ မှန်မှန် လာပါတယ်။ ကိုသက်နိုင်က ထောင်ဝင်စာ မရှိပါ။ မိန်းမဖြစ်သူ ဒေါက်တာ လှကျော်ဇောက တရုတ်ပြည်မှာ၊ အမေဖြစ်သူက စစ်ကိုင်းတောင်က ရှောင်တစ်ခုမှာ သီလရှင်ဝတ်တာ သူ့တစ်သက်ပါတဲ့။ အဲဒီတော့ ထောင်ဝင်စာ မရှိပါ။ စိတ်ဖိစီးမှုဒဏ်တွေ မခံနိုင်ဘူးထင်ပါရဲ့၊ မွန်းတည့် ၁၂ နာရီကနေ နေ့လယ် နှစ်နာရီဟာ အကျဉ်းသား အားလုံး အတွက် အိပ်ချိန်ပါ။ အဲဒီ အိပ်ချိန်မှာ သူက သူ့လက်ကောက်ဝတ် သွေးကြောကို ဘလိပ်ဓားနဲ့ ဖြတ်ပါတယ်။

သွေးတွေထွက်ပြီးတော့ လဲနေတုန်းမှာ နေ့ခင်း နှစ်နာရီ အိပ်ရာထချိန်ရောက်တော့ ဝန်ထမ်း လာကြည့်တဲ့အခါ သူ သွေးတော်တော်ထွက်နေပါပြီ။ ဒါနဲ့ ထောင်မှူးကို အပြေးအလွှား တင်ပြပြီး ကိုသက်နိုင်ကို ဆေးရုံကို ပို့လိုက်ရပါတယ်။ ဆေးရုံမှာ ငါးရက်လောက် ကြာပါတယ်။ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှုနဲ့ ထောင်တွင်းမှာ တရားရုံးအဖွဲ့ စစ်ဆေးပြီး နောက်ထပ် ထောင်ဒဏ် သုံးနှစ်လားမသိ ပြစ်ဒဏ် ထပ်တိုးခံရပါတယ်။

အထူးဆောင်ဆိုတာ ပတ်ဝန်းကျင်နဲ့ အဆက်အသွယ် ဖြတ်ထားတဲ့ နေရာပါ။ အကယ်၍ အကျဉ်းသား တစ်ယောက်က မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ရိတ်ရမယ်ဆိုရင် အဲဒီ ကိရိယာတွေကို ရုံးက သိမ်းထားပြီး အဲဒီ အကျဉ်းသား မုတ်ဆိတ်ရိတ်တော့မယ် ဆိုမှ ဝန်ထမ်းက သွားပေးရတာပါ။ ဒီလို ထားထားပါလျက် မုတ်ဆိတ်မွေး မရိတ်တဲ့ ကိုသက်နိုင်ဆီကို ဘာဖြစ်လို့ ဘလိပ်ဓား ရောက်နေပါသလဲ။ စစ်ကြောရေး လုပ်ပြီပေါ့။ အဲဒီတော့ ကိုသက်နိုင်က ဘာပြောသလဲ ဆိုတော့ "အဲဒီ ဘလိပ်ဓားဟာ ဇာဂနာ့ ဘလိပ်ဓားပါ" လို့ ဖြေပါတယ်။ ဒါဖြင့် ဘယ်သူ ယူပေးသလဲ ဆိုတော့ ဝန်ထမ်းတစ်ယောက် နာမည် ပြောလိုက်ပါတယ်။

တကယ်တော့ ဟုတ်ချင်မှ ဟုတ်မှာပါ။ အဲဒီ ဝန်ထမ်းက ကျွန်တော်တို့ အကျဉ်းသားတွေနဲ့ စကားစမြည် ပြော၊ ပြီးတော့ ထောက်လှမ်းရေးကို သွားသတင်းပို့။ အဲဒီလို လုပ်နေတာ ကြာပါပြီ။ ကျွန်တော်တို့ အားလုံး မခံရတဲ့သူ မရှိပါ။ ကိုသက်နိုင်လည်း ခံရဖူးဟန်တူပါရဲ့။ ဒါကြောင့် သူ့နာမည် ပြောလိုက်တယ် ထင်ပါတယ်။ အဖြေကတော့ နောက်နှစ်ရက်လောက်လည်း နေရော၊ အဲဒီ ဝန်ထမ်းလည်း ပြုတ်ပါလေရော။ အကျိုးဆက် အဖြစ် ကျွန်တော်တို့ တိုက်ကို နေ့စဉ် "တလာစီ" ပါတော့တယ်။ တလာစီတယ် ဆိုတာ ကုလားတွေ ထောင်မှာ ရှိစဉ် ကတည်းက သုံးတဲ့ အသုံးအနှုန်းပါ။ အကျဉ်းသားတွေကို ရှာဖွေရေး လုပ်တယ် ဆိုရင် တလာစီတယ် ခေါ်ပါတယ်။

## အပြင်ဘက်က လော်စပီကာ

ကျွန်တော်တို့ အထူးတိုက်က နိုင်ငံရေးသမားတွေ အတွက် အပြင်ဘက် တစ်နေရာကနေ ရိသဲ့သဲ့ လုပ်တဲ့ သီချင်းတွေကို အသံချဲ့စက်နဲ့ ဖွင့်လေ့ရှိပါတယ်။ ထောင်ဝင်စာ တစ်ခုမှာ သမီးငယ်လေး ပါလာပါတယ်။ သူ့ နာမည်က ချစ်စုဝင်းထိန်ပါ။ အဲဒီနေ့ ထောင်ဝင်စာပြီးတော့ အပြင်ဘက် တစ်နေရာက ခုနက ပြောတဲ့ လော်စပီကာက "ချစ်စု" ဆိုတဲ့ သီချင်းကို အကြိမ်ကြိမ် အခါခါ ဖွင့်ပေးတာ ကြားနေရပါတယ်။

ဒီထက် ဆိုးတာ ရှိပါသေးတယ်။ ဒါက ဘာလဲဆိုတော့ အတွင်းရေးမှူး ၁ ဗိုလ်ချုပ် ခင်ညွန့်က တစ်နေရာမှာ ပြောတဲ့ မိန့်ခွန်းပါ။ အဲဒီမိန့်ခွန်းမှာ ဒေါ်အောင်ဆန်းစုကြည် အကြောင်း ခဏ ခဏ ထည့်ပြောပါတယ်။ ဒါပေမဲ့ အပြည့်အစုံ မဟုတ်ပါ။ သူက "ဒေါ်စုကြည်က ဘယ်လို"၊ "ဒေါ်စုကြည်က ဘယ်ဝါ" အဲဒီ စကားတွေ

ပါတဲ့ မိန့်ခွန်းကို အပြင်ဘက်က အသံချဲ့စက်နဲ့ ပြောနေတာတွေကို အတိုင်းသား ကြားနေခဲ့ရပါတယ်။ ကြားရတဲ့ ကျွန်တော်တို့အဖို့ ဒေါ်မနသသတွေ ပွားရပြီပေါ့။

ကျွန်တော် ခန့်မှန်းလို့ရလိုက်ပါပြီ၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နာမည်ကို အပြည့်အစုံ မသုံးတော့ဘဲနဲ့ "ဒေါ်စုကြည်" လို့ စတင် သုံးစွဲလိုက်တာပါ။ ယတြာချေတဲ့ အနေနဲ့ နာမည်ကို နစ်ပိုင်း ဖြတ်ပစ်လိုက်တဲ့ သဘောပေါ့။ အဲဒီတုန်းကရော ယနေ့အထိပါ တချို့က ဒေါ်စုကြည်လို့ ပြောနေ၊ သုံးနေဆဲပါ။ အပြင်ကနေပြီး အသံချဲ့စက်နဲ့ ကျွန်တော်တို့ အထူးဆောင်က အကျဉ်းသားတွေကို နှိပ်စက်တာဟာ ထောက်လှမ်းရေးရဲ့ နည်းလမ်း တစ်ခုပေါ့။ အဲဒီလို လုပ်တဲ့ နည်းလမ်းတွေဟာ ထိရောက်သလား၊ မထိရောက်သလား ဆိုတာကိုတော့ အခု လက်ရှိ ကာလမှာ သူတို့တစ်တွေ ဘယ်ရောက်သွားပြီလဲ ဆိုတဲ့ ရလဒ်က အဖြေပေးနေပါတယ်။

## ခြင်လုံ သံဆန်ခါက အပေါက်ကလေး

ကျွန်တော့် သမီးငယ်လေးဟာ ခုနစ်နှစ် အရွယ်လောက်မှာ ကျွန်တော့်ကို ထောင်ဝင်စာ လာတွေ့ပါတယ်။ မတွေ့တာ ကြာတော့ သူ တီတီတာတာ ပြောတာလေးတွေကို ကျွန်တော် အရသာခံပြီး နားထောင်ခဲ့တယ်။ သူ အဲဒီလို စကားပြောနေတုန်းမှာ ကြားက ကာထားတဲ့ ခြင်လုံ သံဆန်ခါကို သူ့ လက်ဝါးလေးနဲ့ အုပ်ထားပါတယ်။ အဲဒီမှာ သံဆန်ခါက တစ်နေရာက သူ့လက်ကို စူးမိတယ် ထင်ပါတယ်။ သူက အဲဒီနေရာကို လက်ညှိုးနဲ့ ထိုးလိုက် စကားပြောလိုက်၊ လက်ညှိုးနဲ့ ထိုးလိုက် စကား ပြောလိုက်နဲ့ ကြာလာတော့ လက်ညှိုးတစ်ချောင်းစာ အပေါက်ကလေး ဖြစ်လာပါတယ်။ သူက "ဖေကြီး ရပြီ၊ ဖေကြီး ရပြီ" ဆိုပြီး သူ့လက်ကလေးက သံဆန်ခါပေါက်ကနေ ကျွန်တော့်ဘက် ထွက်လာပါတယ်။ ကျွန်တော်က သူ့လက်ကလေးကို ကိုင်လိုက်တဲ့ အခါမှာ သူက ပျော်လို့ ခုန်ဆွ ခုန်ဆွနဲ့ ဟက်ဟက်ပက်ပက်ကို ရယ်လို့၊ ကျွန်တော်ကလည်း သဘောကျလို့ပေါ့။

နောက်နှစ်ပတ်နေလို့ ထောင်ဝင်စာသွားတဲ့အခါ အဲဒီ သံဆန်ခါ မရှိတော့ပါဘူး။ သံဆန်ခါအစား မှန်အကြည်ကို အစားထိုး တတ်ထားတာ တွေ့ရပါတယ်။ ကျွန်တော့် စိတ်ထဲက အောက်မေ့လိုက်ပါတယ်။ "သူများကို နည်းမျိုးစုံနဲ့ ညှဉ်းဆဲဖို့တော့ ကျွမ်းကျင်ကြပါပေရဲ့" လို့ မှတ်ချက်ချမိပါတယ်။ ဒီအကြောင်းကို ထောင်က လွတ်တော့ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြပါတယ်။ သူကလည်း အဲဒီတုန်းက ဂျပန် သတင်းစာ ဖြစ်တဲ့ Yumi Yuri Shimbom မှာ အပတ်စဉ် ဆောင်းပါး ရေးနေတဲ့အချိန် ဖြစ်တော့ နဝတ အစိုးရ လက်ထက်မှာ နိုင်ငံရေး အကျဉ်းသမားတွေကို ဘယ်လို ချုပ်ချယ် နှိပ်ကွပ်သလဲ ဆိုတာ ပေါ်လွင်အောင်လို့ ဆောင်းပါး တစ်စောင် ရေးခဲ့ပါတယ်။ အဲဒီ ဆောင်းပါး နာမည်က Letters form Burma ဖြစ်ပါတယ်။ အဲဒီ စာအုပ်ကို တစ်ယောက်က ဗမာလို ဘာသာပြန်ထားတယ်လို့ သိရပါတယ်။

## ၁၁/၉၂ ကြေညာပြီ

အခု ရေးမယ့် အကြောင်းအရာတွေက ထောင်က ထွက်လာပြီးမှ သိရတာပါ။ ၁၉၉၂ ခုနှစ် မတ်/ဧပြီမှာ နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင် ကျန်းမာရေးကြောင့် အနားပေးလိုက်ပြီး ဗိုလ်ချုပ်ကြီး သန်းရွှေက နဝတ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူလိုက်ပါတယ်။ အဲဒီလို တာဝန်ယူပြီးနောက် နဝတက ၁၁/၉၂ လို့ ခေါ်တဲ့ ကြေညာချက် ထုတ်ပြန်ပါတယ်။ အဲဒီ ကြေညာချက်ထဲမှာ ကျွန်တော်တို့ နိုင်ငံရေး အကျဉ်းသားတွေ (သူတို့ကတော့ နိုင်ငံရေး အကျဉ်းသားလို့ မသုံးပါ။) နဲ့ ပတ်သက်တဲ့ အချက်တွေ ပါပါတယ်။ အနှစ်သာရကတော့ သူတို့ကို

အန္တရာယ် ပြုမယ်လို့ ထင်တဲ့သူတွေကို ချန်ထားပြီး၊ အန္တရာယ် မရှိလောက်ဘူးလို့ ထင်တဲ့သူတွေကို လွှတ်ပေးမယ် ဆိုတဲ့ အဓိပ္ပာယ်။

အဲဒီ ကြေညာချက် ထွက်တဲ့အကြောင်း အဲဒီနေ့မှာပဲ ကျွန်တော်တို့ဆီ သတင်း ရောက်လာပါတယ်။ နောက်တစ်နေ့ မနက် ရုစ်နာရီလောက်မှာ ကျွန်တော့် တိုက်ခန်းတွေက တံခါးတွေ ပိတ်ပါတယ်။ ပြီးတော့ ဗိုလ်မှူးကြီး ချစ်ခိုင် (NLD အတွင်းရေးမှူး) နဲ့ ဗိုလ်မှူးကြီး မောင်ရွှေ (ရန်ကုန်တိုင်း NLD ဥက္ကဋ္ဌ) တို့ကို ကနဦး လွှတ်ပေးလိုက်ပါတယ်။ တံခါးတွေ ပြန်ဖွင့်တာနဲ့ ဝန်ထမ်းတွေက အဲဒီလို လွှတ်သွားတဲ့ အကြောင်း အားတက်သရော ပြောပါတယ်။ ဒါဆိုရင် ကျွန်တော်တို့လည်း လွှတ်တော့မှာပေါ့လို့ စိတ်ထဲမှာ ဖြစ်လာပါတယ်။ ထောင်ထဲရောက်တာသုံးနှစ်လောက်ရှိပြီဆိုတော့အပြင်ရောက်ချင်တဲ့အာသီသဟာအလွန်ပြင်းထန်ပါတယ်။

## အနာကို ဆားပက်ခံရပြီ

လွှတ်ချင်တဲ့ ရောဂါ ဒီလောက် ဆိုးနေတာကို ပိုသည်းစေမယ့် အဖြစ်တစ်ခုကလည်း ပေါ်လာပါသေးတယ်။ ကျွန်တော့ အခန်းနောက်က တစ်စုံတစ်ယောက် လမ်းလျှောက်သွားရင်းနဲ့ "ဦးဝင်းတိန် မနက်ဖြန် လွှတ်မှာ" လို့ ပြောသွားပါတယ်။ အဲဒီတော့ လွှတ်ချင်တဲ့ရောဂါ ကျွန်တော့်မှာ အထွတ်အထိပ် ရောက်ပြီပေါ့။ စားလို့မဝင် အိပ်လို့မပျော် ဆိုတာ တကယ်ပါပဲ။ နောက်တစ်နေ့ မနက်ခင်းကျတော့ ညက ကြက်အိပ်ကြက်နိုး အိပ်ခဲ့ရလို့ မျက်လုံးတွေလည်း ဖန်တွတ်လို့၊ ပြီးတော့ ပစ္စည်းတွေလည်း သိမ်းလို့ ထုပ်လို့၊ အိမ်ပြန်ယူရမယ့် ပစ္စည်းက တစ်ထုပ်၊ ချန်ထားမယ့်ဟာတွေက သတ်သတ်၊ ကိုယ့်ဖာသာ စိတ်ကူးနဲ့ ရှုးနေရတာ။

မနက် ဆန်ပြုတ်ဝေတဲ့ ဝန်ထမ်းကို အကဲခတ်လိုက်တော့ သူ့အမူအရာက ဘာမှမထူး။ အဲဒီလို မြင်လိုက်ရတော့ တက်နေတဲ့ စိတ်ဓာတ်က ဝုတ်ခနဲ ကျသွားပြန်ရော။ အဲဒီလိုနဲ့ အချိန်တွေ တရွေ့ရွေ့ ကုန်ခဲ့တာ နေ့လယ်စာ ဝေတဲ့ အချိန်ကျတော့လည်း ဘာမှမထူး။ စိတ်မောလူမောနဲ့ မျှော်လင့်တကြီး ဆက်စောင့်ရင်း ဘာမှ ထူးမလာ၊ အခါတိုင်းဆိုရင် ရစ်သီ ရစ်သီ လုပ်နေတဲ့ ထောက်လှမ်းရေးက ကောင်တွေကိုလည်း တစ်ကောင်မှ မတွေ့ရ။ ညနေ ထောင်ပိတ်ချိန် ရောက်တဲ့အထိ ဘာမှမထူးတဲ့ အခါ "အော်... မနေ့ ညနေက ငါ လွှတ်တော့မယ်လို့ ပြောသွားတာဟာ ငါ့ကို ညှဉ်းဆဲဖို့ ပြောသွားတာနေမှာပဲ" လို့ သဘောပေါက်မိပါတော့တယ်။

အဲဒီရက် နောက်ပိုင်းမှာတော့ ထောင်ထဲ ရောက်နေတဲ့ ကျွန်တော်တို့ ဘဝတူတွေကို တစ်ရက်မှာ လေးယောက် လွှတ်လိုက်၊ ငါးယောက် လွှတ်လိုက်နဲ့ လွှတ်ပေးနေတာ တစ်ပတ်မှာ နှစ်ရက် သုံးရက်လောက်၊ တစ်လမှာ ငါးကြိမ် ခြောက်ကြိမ်လောက် ဖြစ်ပါတယ်။ အဲဒီလို တတိ တတိ လွှတ်ပေးနေတာဟာ ဩဂုတ်လ လောက် အထိ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆိုရင် သောင်းဂဏန်းလောက် ရှိရာမှာ လေး-ငါး လအတွင်း လေး-ငါးထောင်လောက် လွှတ်ပေးခဲ့တယ်လို့ သိရပါတယ်။ ကျွန်တော်တို့ အထူးတိုက်ကတော့ နောက်ထပ် ထီပေါက်သူ မရှိတော့ပါ။

၁၁/၉၂ ကြေညာချက်နဲ့ နိုင်ငံရေးသမားတွေကို လွှတ်ပေးတာဟာ နဝတ အစိုးရ အတွက် နိုင်ငံတကာ ဖိအား အများကြီး လျော့သွားစေပါတယ်။ ဗိုလ်ချုပ်ကြီး သန်းရွှေ ခေါင်းဆောင်တဲ့ နဝတ အစိုးရသစ်ဟာ ဒီလိုနိုင်ငံတကာ ဖိအားတွေ လျော့လာတာကို အခွင့်ကောင်းယူပြီး တိုင်းပြည် တိုးတက်ဖို့၊ နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုတွေ ဝင်ရောက်လာဖို့ အများကြီး မျှော်လင့်ခဲ့ပါတယ်။ ဒါပေမဲ့ မှန်းချက်နဲ့ နမ်းထွက် ကိုက်မလာပါ။

## အမျိုးသား ညီလာခံ NC

ဗိုလ်ချုပ်ကြီး သန်းရွှေ အာဏာရလာပြီး နိုင်ငံရေး အကျဉ်းသား အများအပြားကို လွှတ်ပေးခဲ့ပေမဲ့လည်း နဝတ အစိုးရကို နိုင်ငံတကာ အသိုင်းအဝိုင်းက လူရာမသွင်းပါ။ ဒါကြောင့် နဝတ အစိုးရဟာ တရားဝင် အစိုးရ ဖြစ်လာရေးကို ဦးတည်မယ့် အမျိုးသား ညီလာခံကို ၁၉၉၃ ခုနှစ်မှာ စတင် ကျင်းပခဲ့ပါတယ်။ ဒီလို ကျင်းပတဲ့ အခါ ပါဝင်မယ့် ကိုယ်စားလှယ်တွေ အရေအတွက်နဲ့ အမျိုးအစားတွေ ကြေညာကတည်းက ပြဿနာ စပါ တော့တယ်။ ကိုယ်စားလှယ်ပေါင်း ၆၀၀ ကျော်မှာ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ အရ အရွေးခံထားရတဲ့ ကိုယ်စားလှယ် ၈၅ ဦးပဲ ပါတာ တွေ့ရပါတယ်။

ကျန်တဲ့ ကိုယ်စားလှယ်တွေကတော့ နဝတကို လိုလားတဲ့ ဝန်ထမ်းများ၊ တပ်မတော် အရာရှိများနဲ့ တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်ပါတယ်။ ပြည်သူလူထု အရွေးချယ်ခံထားရတဲ့ ပုဂ္ဂိုလ်တွေက လူ အနည်းစု ဖြစ်ပြီး အစိုးရဘက်ပြောပြော ခေါင်းညိတ်မယ့် ပုဂ္ဂိုလ်တွေက ၈၀ ရာနှုန်းကျော် ပါနေပါတယ်။ NC ကို ဥက္ကဋ္ဌ အဖြစ် တာဝန်ယူသူတွေကလည်း အဆက်ဆက် ပြောင်းလဲသွားကြပါတယ်။ ပထမတော့ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးညွန့်၊ သူပြီးတော့ ဗိုလ်ချုပ် စောလွင်၊ နောက်တစ်ယောက်ကတော့ ဗိုလ်ချုပ် ပြည့်စုံ၊ နောက် တော့လည်း အပြောင်းအလဲတွေ များလာလို့ မမှတ်မိတော့ပါဘူး။ ၁၉၉၃ ခုနှစ်က စခဲ့တဲ့ အမျိုးသား ညီလာခံ ဟာ ၁၉၉၅ ခုနှစ် ကျွန်တော် လွှတ်တဲ့အထိ မပြီးဆုံးသေးပါဘူး။ နောက်လည်း ပြောစရာတွေ အများကြီး ရှိလာမှာ ဖြစ်တဲ့အတွက် အခုတော့ ဒီလောက်ပဲ ရပ်နားပါရစေ။

## ဦးကိုယု

ဦးကိုယုဟာ NLD ဖွဲ့ရာမှာ "အတတ်ပညာ၊ အသိပညာ အဖွဲ့" က ပါလာတဲ့ ဗဟို ကော်မတီဝင် တစ်ဦး ဖြစ်ပါ တယ်။ သူဟာ ရှစ်လေးလုံး အရေးတော်ပုံ မတိုင်ခင် ကတည်းက နာမည် ရပြီးသား ရှေ့နေ/စာရေးဆရာ တစ်ဦး ဖြစ်ပါတယ်။ ပြီးတော့ သူဟာ တော်လှန်ရေး ကောင်စီဝင် ဗိုလ်မှူးချုပ် တင်ဖေရဲ့ ယောက်ဖ တော်ပါ တယ်။ ဗိုလ်မှူးချုပ် တင်ဖေရဲ့ ဇနီးက ဒေါ်မြတ်လေးပါ။ ဦးကိုယု အမပါ။ နောက်ပြီး ဒေါ်မြတ်လေး၊ ဦးကိုယု တို့ရဲ့အကိုကြီး ဗိုလ်မှူးကြီး တန်ယုဆိုင်ကလည်း တော်လှန်ရေး ကောင်စီခေတ်က ဝန်ကြီးတစ်ပါး ဖြစ်ပါတယ်။

ဦးကိုယုဟာ တက္ကသိုလ် ကျောင်းသားဘဝ ကတည်းက "ကျောင်းသား တပ်ဦး" အဖွဲ့ကပါ။ အဲဒီ ခေတ်က ကျောင်းသား တပ်ဦး ဆိုတာ တောတွင်း ဗကပရဲ့ ညွှန်ကြားချက်နဲ့ လုပ်နေကြတာပါ။ အဲဒီခေတ်က ကျောင်းသား ခေါင်းဆောင်တွေ ဖြစ်တဲ့ ကိုသက်၊ ဘဆွေလေး၊ ကိုလှရွှေ စတဲ့ ပုဂ္ဂိုလ်တွေနဲ့ ကျောင်းသား ခေါင်းဆောင် အများစုဟာ ၁၉၆၂ ခုနှစ်၊ ဇူလိုင် အရေးအခင်း ဖြစ်ပြီးတဲ့အခါ တောခိုသွားကြပါတယ်။ ဒါပေမဲ့ ဦးကိုယုက တောမခိုခဲ့ပါ။

ဦးကိုယု ဘာသာပြန်တဲ့ ဥပဒေရေးရာကိစ္စ စာအုပ်အချို့ဟာ လူကြိုက် များပါတယ်။ ဥပမာ- "ကမ္ဘာ ကျော် လျှောက်လဲချက်များ"၊ "တရားခံ ဖြစ်သွားသော ရှေ့နေ" စတာတွေ ဖြစ်ပါတယ်။ ရှေ့နေအလုပ်နဲ့လည်း ဦးကိုယု အောင်မြင်ပါတယ်။ သူဟာ အလံနီ သခင်စိုးကြီး အမှုတုန်းက သခင်စိုးကြီးဘက်က ရှေ့နေလိုက်ပေးခဲ့ ပါတယ်။ အုန်းကျော်မြင့် အမှုတုန်းကလည်း အုန်းကျော်မြင့်ရဲ့ ရှေ့နေအဖြစ် အမှုလိုက်ခဲ့ပါတယ်။ သာမန် ရှေ့နေများ မလိုက်ဝံ့ မလိုက်ရဲတဲ့ဘက်က ရှေ့နေလိုက်ရဲတဲ့ အတွက်ကြောင့် နာမည် ကြီးပါတယ်။

ဦးကိုယုဟာ နောက်တစ်မျိုးနဲ့လည်း နာမည်ကြီးပါတယ်။ ကျောင်းသား တပ်ဦးဘဝက တက္ကသိုလ်မှာ အဖမ်းအဆီးတွေ ရှိပြီဆိုရင် သူက ပျောက်သွားပြီး သူ့ယောက်ဖ ဗိုလ်ချုပ် တင်ဖေ အိမ်မှာ သွားရှောင်နေတတ်

လို့ သူ ဘယ်တော့မှ အဖမ်းမခံရပါ။ ထောက်လှမ်းရေးကလည်း သိသိကြီးနဲ့ လွှတ်ပေးထားတာပါ။ ဒါနဲ့ ပတ်သက်လို့ သူ့အပေါင်းအသင်းတွေကလည်း အပြစ်မပြောကြပါ။ ဒါပေမဲ့ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လမှာ န၀တက NLD ကို ဖြိုခွဲရာမှာ ဦးကိုယုကို သူ့ယောက်ဖ ဗိုလ်မှူးချုပ် တင်ဖေရဲ့ အိမ်မှာ တက်ရာရင်နဲ့ အဖမ်းခံလိုက်ရပါတယ်။ ဦးကိုယုအတွက် ကံကောင်းခြင်းများ ကုန်ဆုံးသွားပြီ ထင်ပါရဲ့။

ဦးကိုယုကို ၁ တိုက်မှာ ထားပါတယ်။ ၁၁/၉၂ ကြေညာတဲ့ အခါမှာ သူ့ကို တော်တော်နဲ့ လွှတ်မပေးပါဘူး။ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလလောက်ကျတော့ ထောက်လှမ်းရေးက သူ့ကို ပညာပြလိုက်ပါတယ်။ ဘယ်လို ပညာပြသလဲ ဆိုတော့ ဦးကိုယု အခန်းကို သွားပြီး "ကဲ အန်ကယ် အပြင် သွားကြစို့" ဆိုပြီး ပြုံးပြုံးရွှင်ရွှင်နဲ့ ခေါ်ပါတယ်။ အဲဒီတုန်းက ထောင်ထဲက လူတွေကို တတိ တတိ လွှတ်နေတဲ့ အချိန်ဆိုတော့ ဦးကိုယုကလည်း သူ့ကို လွှတ်ပေးတော့မယ်ပေါ့လို့ ယူဆပြီး ဘေးနားက အခန်းတွေကို "ငါ့ပစ္စည်းတွေကို မင်းတို့ ကြည့်ကျက် လုပ်လိုက်ကြ" အဲဒီလို မှာခဲ့ပါတယ်။

သူကတော့ အဝတ်တစ်ထည် ကိုယ်တစ်ခုပေါ့။ ထောက်လှမ်းရေး ဘသားချောက သူ့ကို ထောင်ဘူးဝကို ခေါ်မသွားပဲ အထူးတိုက်ထဲ ခေါ်သွားပါတယ်။ ဦးဝင်းတင် ဘေးက လွှတ်နေတဲ့ အခန်းထဲကို ခေါ်သွင်းလိုက်မှ "ထိပ်ချမှ ဓားပြမှန်း သိတော့တာပါ"။ အဲဒီတော့ ဦးကိုယုလည်း ခရု ဆန်ကျက် ဖြစ်ပြီး ကျွန်တော်တို့ အားလုံး က စုပြီး စောင် ပေးရ၊ အဝတ်အစား ပေးရ၊ အစားအသောက် ဝေမျှရနဲ့ တော်တော် အလုပ်များသွားပါတယ်။ သူ့ကို အဲဒီ အခန်းမှာ နှစ်ပတ်လောက် ထားပါတယ်။ အဲဒီလို ထားတုန်း သူ့ကို ခဏ ခဏတော့ ခေါ်ထုတ်ပြီး စစ်ကြောရေး လုပ်ပါတယ်။ ပြီးမှ လွှတ်ပေးလိုက်တာပါ။ အခုတော့ ကွယ်လွန်သွားရှာပါပြီ။

## စာအုပ် အနီနဲ့ စာအုပ် အစိမ်း

ကျွန်တော်တို့ အကျဉ်းထောင်တွေထဲမှာ ထောက်လှမ်းရေးက ပေးလို့ "စာအုပ် အနီနဲ့ စာအုပ် အစိမ်း" တို့ကို ဖတ်ရပါတယ်။ စာအုပ် အနီမှာတော့ ဗကပ ယူဂျီ ခေါင်းဆောင် ကိုသက်ခိုင်နဲ့ ကိုတင်အောင် (ခေါင်းဖြူ) တို့ရဲ့ တစ်နှယ်ငင် တစ်စင်ပါ စုစုပေါင်း ဗကပ ယူဂျီ ၂၀၀ လောက် အကြောင်း ရေးထားတဲ့ စာအုပ်ပါ။ သူတို့ အဖွဲ့ ထဲမှာ ဒေါက်တာ မော်ဇင်လို ဆရာဝန်တွေ ပါလာသလို ဗလကြီး (ခ) ကိုသန်းထွန်းလို လူလည်း ပါလာပါတယ်။ သူက SB က ဒုရဲမှူးပါ။ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့က ရဲမှူး တစ်ယောက်လည်း ပါလာပါသေးတယ်။ အဲဒီ ရဲတပ်ဖွဲ့ ဝင် နှစ်ဦးရဲ့ ကျေးဇူးကြောင့် ဗကပဟာ မြန်မာပြည်ရဲ့ လုံခြုံရေး အခြေအနေကို မသိချင်မှ အဆုံးပါ။

ကိုဝင်းကြည် ဆိုသူကတော့ စက်မှု ၁ က အရာရှိပါ။ အဲဒီခေတ်က လမ်းစဉ် ပါတီ အစိုးရရဲ့ ဒုတိယ ဝန်ကြီးချုပ် သူရ ဦးထွန်းတင် (ကွယ်လွန်) ရဲ့ တူအရင်းပါ။ သူက စနေ၊ တနင်္ဂနွေ ဆိုရင် သူ့ဦးလေးအိမ် သွားပြီး ဝေယျာဝစ္စတွေ လုပ်ပေးသလိုလိုနဲ့ သတင်း စုဆောင်းပြီး ရသမျှ သတင်းကို ဗကပဆီ အမြဲတမ်း ပို့ပေးနေသူပါ။ ယခု ငြိမ်းချမ်းရေး ကော်မရှင်မှာ ပါနေတဲ့ ဗိုလ်ချုပ် သိန်းဇော်က ကိုဝင်းကြည်ရဲ့ ညီအရင်းပါ။ သူတို့အပြင် ရှေ့နေတွေ၊ ကျောင်းဆရာတွေလည်း ပါပါတယ်။ သူတို့ရဲ့ အခြေခံ စိတ်ထားတွေကတော့ ကွန်မြူနစ် ဝါဒကို ယုံကြည် သက်ဝင်တာရယ်၊ လမ်းစဉ် ပါတီ အာဏာရှင် အစိုးရကို မလိုလားတာရယ်တွေ ဖြစ်ပါတယ်။

စာအုပ် အစိမ်းမှာတော့ ရှစ်လေးလုံး အရေးတော်ပုံအတွင်းမှာ ဗကပ မဟုတ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ လှုပ်ရှားမှုတွေ အကြောင်းပါ။ နာမည်ကျော် ရှေ့နေ ဦးရဲထွန်း (ခ) Roland Chan Tun (ကွယ်လွန်) နဲ့ သူ့ရဲ့ အပေါင်း အပါတွေ၊ ဘွဲ့ရ ကျောင်းသားများ ပါတီ ဥက္ကဋ္ဌ ကိုရန်ကျော်နဲ့ အဖွဲ့တွေ၊ ပီသုံးလုံး ဥက္ကဋ္ဌ ဦးခင်မောင်မြင့်

(ကွယ်လွန်)၊ ဒုတိယ ဥက္ကဋ္ဌ ဘိုးတော် ခင်ဝင်း၊ အတွင်းရေးမှူး ဦးလှရွှေ (အောင်သာ- ဗိသုံးလုံး) တို့အပြင် ကျောင်းသား ခေါင်းဆောင်များ ဖြစ်တဲ့ မင်းကိုနိုင်၊ မိုးသီးဇွန်၊ ကိုကိုကြီး၊ မင်းဇေယျာ စတဲ့ ပုဂ္ဂိုလ်တွေ အကြောင်း ပါပါတယ်။ အရေးတော်ပုံ ကာလမှာ အောင်-စု-တင်လို့ အများက သတ်မှတ်ကြတဲ့ လူထု ခေါင်း ဆောင်တွေနဲ့ ပတ်သက်လို့လည်း တစ်ဖက်သတ် ရေးထားပါတယ်။

အဲဒီ စာအုပ်တွေကို နဝတက အုပ်ရေ အများကြီး ထုတ်ဝေခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ အရှိန် အဟုန် ကြီးမားတဲ့ ရှစ်လေးလုံး အရေးတော်ပုံကြီးနဲ့ ပတ်သက်ပြီး လူထု အထင်အမြင် မှားအောင် ရည်ရွယ်ပြီး ထုတ်လုပ်တယ်လို့ ယူဆစရာ ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံရေး အကျဉ်းသမားတွေအဖို့ကတော့ ဒီစာအုပ် တွေ ဖတ်တိုင်း မခံမရပ်နိုင်တဲ့ စိတ်တွေနဲ့ အံတကြိတ်ကြိတ် ဖြစ်ခဲ့ရပါတယ်။ စိတ်ထဲကလည်း "ဒီကောင်တွေ သမိုင်းကို လိမ်ဖို့ ကြိုးစားနေတယ်" လို့ တဖွဖွ ရွတ်နေမိပါတယ်။

## နိုဘယ်ဆု

၁၉၉၁ ခုနှစ်မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ ငြိမ်းချမ်းရေး နိုဘယ်ဆု ရခဲ့ပါတယ်။ ဒီသတင်းဟာ ထောင်ထဲကို တစ်မဟုတ်ချင်း ရောက်ရှိ ပျံ့နှံ့ခဲ့ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အထူးတိုက်မှာလည်း ထောင်ဝင်စာ ထွက် တဲ့ လူတွေ ရှိနေတာကိုး။ ဒါပေမဲ့လည်း ဒီအကြောင်းကို သတင်းအဖြစ်နဲ့ပဲ လိုရင်းတိုရှင်း ပြောကြပါတယ်။ အကျယ်တဝင့် ဆွေးနွေးလို့ မဖြစ်နိုင်ပါဘူး။ ကိုယ့်ဘာသာကိုယ်ပဲ ကြိတ်ပြီး ကျေနပ်နေရတာပါ။ ခေါင်းထဲမှာ အဲဒီအတွေး ပေါ်လိုက်တိုင်း "ဟုတ်ပြီကွ" လို့ ကြိတ်ပြီး ကြုံးဝါးပါတယ်။ ကိုယ့်အခန်းထဲမှာ စကားပြောစရာ အဖော်မှ မရှိဘဲ။

အဲဒီ နိုဘယ်ဆုကိစ္စဟာ ထောင်ထဲမှာ ရှိနေတဲ့ နိုင်ငံရေး အကျဉ်းသားတွေ အတွက်တော့ တော်တော် အရေးပါတဲ့ ကိစ္စ တစ်ခုပါ။ ဘယ်လို ဘယ်ပုံ အရေးပါသလဲဆိုတာ ကျွန်တော့် ကိုယ်တွေ့ ဖြစ်ရပ်တစ်ခုကို ရေးပြပါမယ်။

အဖြစ်က ၁၉၉၃ ခုနှစ် အမျိုးသား ညီလာခံ စတင်ပြီး အချိန်မှာ ၁၁/၉၂ နဲ့ တတိ တတိ လွှတ်ပေးနေ တဲ့ အစီအစဉ်တွေကလည်း ရပ်သွားပါပြီ။ အဲဒီ ကြေညာချက်နဲ့ လုပ်ရပ်တွေဟာ အသစ်တက်လာတဲ့ ဗိုလ်ချုပ် ကြီး သန်းရွှေရဲ့ နဝတ အစိုးရဟာ နိုင်ငံရေး အသက်ရှူပေါက် ချောင်သွားပါတယ်။

၁၉၉၃ ခုနှစ်၊ အောက်တိုဘာလမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကို ထောက်လှမ်းရေးက ခေါ်ပြီး စစ် ကြောရေး လုပ်ပြန်ပါတယ်။ အဲဒီ စစ်ကြောရေးကို တာဝန်ကျတဲ့ ပုဂ္ဂိုလ်ကတော့ ဗိုလ်မှူး ထွန်းချွန် ဖြစ်ပါတယ်။ မေးခွန်းတွေက (၁) အမျိုးသား ညီလာခံအပေါ် မှာ ဘယ်လို သဘောထားသလဲ၊ (၂) ဒေါ်အောင်ဆန်းစုကြည် နိုဘယ်ဆု ရတဲ့အပေါ် ဘယ်လို သဘောထားသလဲ၊ (၃) နဝတ အစိုးရ နဲ့ တပ်မတော်အပေါ်မှာ ဘယ်လို သဘောထားသလဲဆိုတဲ့ မေးခွန်းတွေပါ။ ကျွန်တော်နဲ့ တစ်ခန်းထဲမှာ ရှိနေတာက ဦးရဲထွန်း (ခ) Roland Chan Tun ပါ။ သူ့လည်း အဲဒီလို မေးခွန်းတွေပေ့ါ။

ထောက်လှမ်းရေးက လူက တခြားလူတွေကို ရေးဖြေဖို့ စာရွက်တွေ သွားပေးနေတဲ့ အချိန်မှာ ကိုရဲထွန်းက ကျွန်တော့်ကို အင်္ဂလိပ်လို ပြောပါတယ်။ It is all rubbish သဘောကတော့ "အလကား ပေါက်တတ်ကရ မေးခွန်းတွေ" လို့ ပြောချင်တာပါ။ ကျွန်တော်က I agree လို့ ပြောပြီး သူတို့ မေးခွန်းကို ကျွန်တော် ရေးချပါတယ်။ ကျွန်တော် ရေးသမျှ အကြမ်းဖျင်း ပြောရရင် (၁) အမျိုးသား ညီလာခံဟာ အခြေ အနေ အရပ်ရပ်အရ လိုအပ်ပါတယ်။ လုပ်သင့်ပါတယ်။ ဒါပေမဲ့ ထောင်ထဲမှာ နိုင်ငံရေး အကျဉ်းသားတွေ

ကျန်နေတာရယ်၊ ထောထဲမှာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေ ရှိသေးတာတွေကြောင့် NC အဓိပ္ပာယ် မပြည့်ဝပါ။

မေးခွန်း ၂ နဲ့ ပတ်သက်လို့က ဗိုလ်ချုပ် အောင်ဆန်း သမီးလည်း ဖြစ်တယ်၊ အမျိုးသမီးလည်း ဖြစ်တယ်၊ ဒါ့ကြောင့် ဒီလို နိုဘယ်ဆု ရခြင်းဟာ မြန်မာပြည်အတွက် ဂုဏ်တက်စေတယ်။ မေးခွန်း ၃ နဲ့ ပတ်သက်လို့တော့ နဝတ အစိုးရဟာ ပြည်သူ့ဆန္ဒ မပါဘဲ အာဏာ ရလာတာ ဖြစ်တဲ့အပြင် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာလည်း ကတိပျက်ခဲ့တဲ့အတွက် ဒါကို ပြည်သူလူထု အများလက်ခံလာအောင် ဘယ်လို လုပ်သင့်သလဲဆိုတဲ့ အဖြေရှာ သင့်ပြီ ဖြစ်ကြောင်း ရေးပြပါတယ်။ ဦးရဲထွန်းကတော့ ဘယ်လို ရေးတယ် မသိရပါ။

အဲဒီလို ရေးပြီးတဲ့နောက် နှစ်ပတ်လောက် အကြာမှာ နိုင်ငံရေး အကျဉ်းသမား တချို့ လွတ်သွားပါတယ်။ အဲဒီအထဲမှာ ဦးရဲထွန်း ပါသွားပါတယ်။ ကျန်တာတွေတော့ မသိပါ။ ကျွန်တော်ကတော့ မလွတ်ပါ။ တကယ် တော့ ကျွန်တော်ဟာ သူတို့ မေးခွန်းတွေကို ဘယ်လို ရေးရင် သူတို့ သဘောကျမယ် ဆိုတာသိပြီးသားပါ။ သူတို့ သဘောကျ ရေးနိုင်ရင် လွှတ်ပေးပါတယ်။ ဒါပေမဲ့ အပြင် ရောက်ရင် ကျွန်တော် ရေးတာတွေနဲ့ ကျွန်တော့်ကို နိုင်ငံရေးအရ ထိုးနက်မှာပါ။ နောက်တစ်ချက်က ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် မညာချင်ပါ ဘူး။ ဒါ့ကြောင့်မို့ ကျွန်တော် အထက်မှာ ပြောခဲ့သလို ဒေါ်အောင်ဆန်းစုကြည် နိုဘယ်ဆု ရတာဟာ နိုင်ငံရေး အကျဉ်းသားတွေ အထိပါ ဂယက်ရိုက်ခဲ့တာပါ။

## ကိုရဲထွန်းနဲ့ ဒေါ်ဥမ္မာမော်

ကျွန်တော် ထောင်ကျစဉ် ကာလ တစ်လျှောက်လုံး ကိုယ့်အရင် လွတ်မြောက်သွားတဲ့ လူတွေ အများကြီး ရှိပါ တယ်။ သူတို့ကတော့ လွတ်သွားပြီ၊ ငါကတော့ ကျန်နေခဲ့ပါလား ဆိုပြီး မနာလို ဝန်တိုစိတ် ဘယ်တုန်းကမှ မဖြစ်ခဲ့ပါ။ ဒါ့ကြောင့် ကျွန်တော်နဲ့ တစ်ခန်းတည်း နေခဲ့ရပြီး မေးခွန်းတစ်စုံကို အတူတူ အဖြေတွေ ရေးခဲ့တဲ့အခါ ဦးရဲထွန်းက လွတ်ပြီးတော့ ကိုယ်ကျန်နေခဲ့ရတဲ့ အဖြစ်နဲ့ ပတ်သက်လို့ စိတ်ထဲမှာ ဘယ်လိုမှ မခံစားရပါ။

၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ကျွန်တော် ပြန်လွတ်ပြီး ရက်သတ္တ နှစ်ပတ်ခန့် အကြာမှာ ဦးရဲထွန်းနဲ့ သူ့ဇနီး ဒေါ်ဥမ္မာမော်တို့ အင်းစိန်က ကျွန်တော့်အိမ်ကို ရောက်လာကြပါတယ်။ ဦးရဲထွန်းရဲ့ ဇနီး ဒေါ်ဥမ္မာမော် ဟာ ကိုလိုနီခေတ်က နန်းရင်းဝန်အထိ ဖြစ်ခဲ့ပြီး ဂျပန်ခေတ်မှာလည်း နိုင်ငံ့ ခေါင်းဆောင် အဓိပတိ အား ဖြင့် "အဓိပတိ" ရာထူးကို ဗိုလ်ချုပ် အောင်ဆန်း ကိုယ်တိုင် မြှောက်စားပေးခဲ့တဲ့ ဒေါက်တာ ဘမော်ရဲ့ သမီး ဖြစ်ပါတယ်။

ဦးရဲထွန်းရဲ့ ဖခင်ကတော့ ကိုလိုနီခေတ်က ငါးထောင်စားလို့ ခေါ်ဝေါ် ခံရပြီး နာမည်ကြီးခဲ့တဲ့ တရားရေး ဝန်ကြီးဟောင်း ဦးချန်ထွန်ရဲ့ သားပါ။ အဲဒီခေတ်က ဒီလိုပုဂ္ဂိုလ်တွေဟာ ဘယ်လောက်ထိ ကြီးပွားသလဲ ဆိုရင် စာရေးတစ်ယောက်ရဲ့ လခဟာ ၁၂ ကျပ်ပဲ ရှိတဲ့အချိန်မှာ သူတို့က တစ်လကို ကျပ် ၅၀၀၀ ရခဲ့တာပါ။ (ညီတော်မောင်- မောင်ညိုနွဲ့ရဲ့ ဇနီး မတီတီအုန်းဟာလည်း ဦးချန်ထွန်းကဲ့သို့ တရားရေး ဝန်ကြီးဟောင်း ဦးအုန်းဖေရဲ့ အငယ်ဆုံး သမီးပါ။)

ဦးရဲထွန်းနဲ့ ဒေါ်ဥမ္မာမော်တို့ လာတဲ့အခါ ကျွန်တော့်အတွက် လုံချည် တစ်ထည်နဲ့ စပို့ရှပ် တစ်ထည် လက်ဆောင် ပါပါတယ်။ ကျွန်တော်က အလိုက်သင့် ကြိုဆိုပြီး ဇနီးသည်နဲ့လည်း မိတ်ဆက်ပေးပါတယ်။ သူတို့နဲ့ ရောက်တတ်ရာရာ အကြောင်းတွေ ပြောပြီး မကြာခင် သူတို့ လင်မယား ပြန်သွားပါတယ်။ သူတို့ကား ခြံထဲက ထွက်သွားတော့ ကျွန်တော်က ရယ်မိပါတယ်။ ဇနီးသည်က ဘာလို့ ရယ်တာလဲ မေးတော့ ကျွန်တော်

က ထောက်လှမ်းရေး မေးတဲ့ မေးခွန်းကို အတူတူ ဖြေရာက ကျွန်တော်က မလွတ်ပဲ သူက လွတ်သွားတာကို မလုံမလဲဖြစ်လို့ တောင်းပန်တဲ့ အနေနဲ့ လာနှုတ်ဆက်ပြီး လက်ဆောင်တွေ ပေးသွားတာပါကွာလို့ ပြန်ဖြေရပါတယ်။ အခုတော့ ဦးရဲထွန်းလည်း ကင်ဆာ ရောဂါကြောင့် ကွယ်လွန်သွားရှာပါပြီ။

## အမေရိကန် အထက်လွှတ်တော် အမတ် Senator Bill Richardson

၁၉၉၃ ခုနှစ်လောက် ထင်ပါတယ်။ ကျွန်တော်နဲ့ မင်းကိုနိုင်ကို ထောင်ဘူးဝမှာ တွေ့စရာ ဧည့်သည် ရှိတယ် ဆိုပြီး ခေါ်ထုတ်သွားပါတယ်။ တစ်ပြိုင်နက် မဟုတ်ပါဘူး တစ်ယောက်ပြီးမှ တစ်ယောက်ပါ။ ထောင်သား ဝတ်စုံ ဝတ်ခိုင်းပါတယ်၊ အဲဒီတုန်းက အထူးတိုက် ထောင်မှူးက ဇော်မင်းအောင်ပါ။ သူက အင်္ဂလိပ်စာ အဓိက နဲ့ ဘွဲ့ရထားတာပါ။ ဒါ့ကြောင့် ကျွန်တော် ထောင်ဘူးဝ ထွက်တော့ သူပါ လိုက်လာပါတယ်။ ကျွန်တော်တို့ စကား ပြောသမျှကိုလည်း သူက လိုက်လံ မှတ်သားပါတယ်။ သူ တတ်ထားတဲ့ ပညာနဲ့ ဒီလို လိုက်လုပ်နေရ တာကို ဂုဏ်ယူနေတဲ့ပုံ ပေါက်ပါတယ်။

ထောင်ပိုင်ကြီး ရုံးခန်းနဲ့ မျက်နှာချင်းဆိုင် ခန်းမထဲမှာပါ။ ဧည့်သည်တွေ ရောက်လာပါပြီ။ ကျွန်တော်နဲ့ တွေ့ရမယ့် ပုဂ္ဂိုလ်ကတော့ အမေရိကန် အထက်လွှတ်တော် အမတ် U.S. Senator Bill Richardsom ဖြစ်ပါတယ်။ သူက ဒီမိုကရက်တစ် ပါတီက ဖြစ်ပြီး ထိုစဉ်က အမေရိကန် သမ္မတ ကလင်တန်ရဲ့ မိတ်ဆွေ ဖြစ်ပါတယ်။ သူနဲ့အတူ အမေရိကန် သံရုံးက အရာရှိ တစ်ယောက်လည်း ပါပါတယ်။ သူတို့အပြင် ဗီဒီယို မှတ်တမ်းတင်တဲ့ အဖွဲ့ နှစ်ဖွဲ့လည်း ပါပါတယ်။ ကျွန်တော့်အထင် တစ်ဖွဲ့က သံရုံးက ဖြစ်ပြီး၊ တစ်ဖွဲ့က အ.က.စ က ဖြစ်နိုင်ပါတယ်။

ကျွန်တော်နဲ့ကျတော့ ဘာသာပြန် မလိုပါဘူး။ တိုက်ရိုက်ပြောတာပါ။ သူက စစချင်း ပြောတဲ့ စကားက "အခု သူတို့ဟာ မှန်ကန်တဲ့ လမ်းကြောင်းကို သွားနေဟန်တူတယ်" ပြောပါတယ်။ ကျွန်တော်က ချက်ချင်းပဲ "ခင်ဗျား ဘာတွေ ပြောနေတာလဲ" လို့ အဓိပ္ပာယ်ပေါက်တဲ့ What the hell are you talking about. လို့ ခပ်ထန်ထန် ပြန်မေးပြီး တစ်ဆက်တည်း You are dealing with the people who does not understand the meaning of justice. လို့ ပြန်ပြောလိုက်ပါတယ်။ အဓိပ္ပာယ်က "ခင်ဗျားနဲ့ ဆက်ဆံတဲ့လူတွေဟာ တရား ဥပဒေ မျှတမှု ဆိုတာကို နားမလည်တဲ့လူတွေပဲ" ဖြစ်ပါတယ်။

သူက နဝတ အစိုးရဟာ အမျိုးသား ညီလာခံ ကျင်းပပြီး ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဖို့ ကြိုးစား နေတဲ့ အကြောင်း ရှည်ရှည်ဝေးဝေး ရှင်းပြပါတယ်။ ကျွန်တော်နဲ့ စကားပြောရတာ အပေါက်အလမ်း မတည့် တော့ပါ။ သူက ပြော၊ ကျွန်တော်က ငြိမ်နဲ့ ခဏနေတော့ အိုကေ.... အိုကေ ဆိုပြီး ကျွန်တော်နဲ့ တွေ့ရတာ ဝမ်းသာကြောင်း၊ အမြန်ဆုံး လွတ်ပါစေကြောင်း ဆုတောင်းပြီး ကျွန်တော်နဲ့ ဓာတ်ပုံ တွဲရိုက်ပြီး တွေ့ဆုံပွဲကို ရပ်ဆိုင်းလိုက်ပါတယ်။

နောက်ပိုင်း သိရတာက ကျွန်တော့်လိုပဲ ဦးဝင်းတင်၊ မင်းကိုနိုင်နဲ့ မသီတာ (စမ်းချောင်း) တို့ကိုလည်း တွေ့တယ်လို့ သိရပါတယ်။ ဦးဝင်းတင်ကလည်း ကျွန်တော့်လိုပဲ စကားပြန် မပါဘဲ တိုက်ရိုက်ပြောတာပါ။ ကျွန်တော် ထောင်က လွတ်ပြီး အမေရိကန် သံရုံးက ဖိတ်တဲ့ ဧည့်ခံပွဲ တစ်ခုမှာ သံရုံး အရာရှိ တစ်ယောက်က Bill Richardson နဲ့ တွေ့တုန်းက ကျွန်တော့်ရဲ့ ဓာတ်ပုံကို မှန်ဘောင် သွင်းပြီး ကျွန်တော့်ကို လက်ဆောင် ပေးပါတယ်။ ဓာတ်ပုံထဲမှာ ကျွန်တော့်နောက်က ထောင်မှူး ဇော်မင်းအောင် စာအုပ် တစ်အုပ်နဲ့ လိုက်ရေးနေတဲ့ ပုံ မှန်ဝါးဝါး ပါရှိပါတယ်။

တကယ်တော့ သူ ရောက်လာတာဟာ အမေရိကန်မှာ ရောက်နေတဲ့ မြန်မာနိုင်ငံရဲ့ တရားမဝင် သံအမတ် ဦးသောင်း (DSA- ၁) ရဲ့ ဖိတ်ခေါ်မှုကြောင့် ရောက်လာတာပါ။ ပထမပိုင်းမှာတော့ ဦးသောင်းရဲ့ ရှင်းလင်း ပြောဆိုချက်တွေကို နားယောင်ပြီး ရောက်လာတာပါ။ သူ့အစီအစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဖို့ မပါဘူးလို့ သိရပါတယ်။ ကျွန်တော်တို့ကို လာပြောတုန်းက သူ့ကို တိုက်တွန်းချက်ကြောင့် သူဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခဲ့ရပါတယ်။ အဲဒီအခါကျတော့မှ သူဟာ ဖြစ်စဉ် အမှန်တွေ သိသွားပြီး နဝတ ရဲ့ ဖိနှိပ်မှုတွေကို သဘောပေါက်သွားတာပါ။

သူဟာ ၂၀၁၇ ခုနှစ် နှောင်းပိုင်းမှာ ဗမာပြည် ရောက်လာပါသေးတယ်။ ဇမ္ဗူသီရိ ဆေးရုံမှာ ရှိနေတဲ့ ကျွန်တော့်ကို လာတွေ့ပါတယ်။ သူနဲ့ တွေ့တဲ့အချိန်ဟာ လွန်ခဲ့တဲ့ ၂၄ နှစ် ကာလ ဆိုတော့ သူလည်း အိုနေပါပြီ။ ကျွန်တော်လည်း အလားတူပေါ့။ နောက်ပိုင်းမှာ ရခိုင်အရေးနဲ့ ပတ်သက်တဲ့ ကော်မရှင်မှာ ပါဝင်ခဲ့ပေမဲ့ နောက်ပိုင်းတော့ အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ဝေဖန်တဲ့ ကြေညာချက် တစ်စောင် ထုတ်ဝေပြီး အဲဒီ ကော်မရှင်က ထွက်သွားပါတယ်။ သူက အမေရိကန်ပီပီ စိတ်မရှည်ဘဲ သူလိုချင်ရာ ဆွဲတွေးပြီး သူရေးချင်ရာ ရေးသွားတာပါ။

## ကျန်းမာရေး ပြဿနာများ

ကျွန်တော် အင်းစိန်ထောင်ထဲကို ရောက်တဲ့အချိန်မှာ အသက် ၄၈ နှစ်ပဲ ရှိပါသေးတယ်။ အပြင်မှာ နေစဉ် ကတည်းက နေ့စဉ် လမ်းလျှောက်ခြင်း၊ ပြေးခြင်း စတဲ့ လှုပ်ရှားမှုတွေ လုပ်ခဲ့ပါတယ်။ ဒါ့ကြောင့် အထိုက် အလျောက် ကျန်းမာရေး ကောင်းပါတယ်။ ထောင်ထဲမှာလည်း နေ့စဉ် ကျန်းမာရေး လှုပ်ရှားမှုတွေကို တခုတ် တရ လုပ်ပါတယ်။ အဲဒီလို လုပ်ရာက ၁၉၉၃ ခုနှစ်က စပြီး သွေးတိုး စဖြစ်ပါတယ်။ တော်တော် စိတ်ပျက် သွားပါတယ်။

ယေဘုယျအားဖြင့် ထောင်ထဲမှာ တာဝန်ထမ်းနေတဲ့ ဆရာဝန် အများစုဟာ အကျဉ်းသားတွေကို လူနာ အနေနဲ့ မြင်ပြီး ဆက်ဆံတဲ့သူ ရှားပါတယ်။ အပေါ်စီးကနေ ဆက်ဆံလေ့ ရှိကြပါတယ်။ ဆီလျော်တဲ့ ဆေးဝါးတွေကိုလည်း မှန်မှန်ကန်ကန် ပေးလေ့မရှိပါဘူး။ ဥပမာ- ကျွန်တော် မနက် မနက် ခေါင်းမူးတာတွေ ဖြစ်တော့ ဆန်ပြုတ် လာဝေတဲ့ ဝန်ထမ်းကို သတင်းပို့လိုက်ပါတယ်။ "ကျွန်တော် ခေါင်းမူးနေတာ သုံး- လေးရက်လောက် ရှိပါပြီ" လို့ သတင်းပို့ပါတယ်။ "နေမကောင်းလို့ ဆရာဝန် ခေါ်ပေးပါ၊ ဘာ... ညာ" ပြောလို့ မရပါဘူး။ အဲဒီလို ပြောရင် အငေါက်ခံရတာပါ။ ကျွန်တော် သတင်းပို့မယ်၊ သူတို့က အဆင်ပြေသလို လုပ်ပေး မယ်၊ ဒီသဘောပါ။

နောက်နှစ်ရက်လောက်နေတော့ ဆရာဝန်တစ်ယောက် ရောက်လာပါတယ်။ သူက ကျွန်တော့် အခန်း ရှေ့ ရောက်တော့ "ဝင်းတိုင် ဆိုတာလား" ဆိုပြီး မေးပါတယ်။ လူကြည့်တော့ အသက် ၃၀ လောက်ပဲ ရှိမှာပါ။ ကျွန်တော်က အကျဉ်းသားလေ၊ ကိုဝင်းတိုင် ခေါ်စရာ မလိုဘူး၊ ဒီအယူအဆက သူတို့မှာ စွဲမြဲနေတာပါ။ အစ ကတည်းက လူကို လူလို မမြင်တော့ဘူး အကျဉ်းသားလို မြင်တယ် ဆိုတဲ့သဘောပါ။ သူက ကျွန်တော့်ကို သွေးတိုင်းတော့ သွေးတိုး ရှိတယ်လို့ အဖြေ ထုတ်ပါတယ်။ ဆေး သုံး-လေးရက်စာ ပေးပါတယ်။ သောက်ပေမဲ့ မပျောက်ပါ။ အဲဒီတော့ ကျွန်တော်လည်း ကြားဖူးနားဝရှိတဲ့အတိုင်း ကိုယ်နဲ့ ခင်တဲ့ ဝန်ထမ်းကို တောင်းပန်ရ ပါတယ်။ အထူးတိုက်ဝင်းထဲမှာ ရှိတဲ့ ဒန့်သလွန်ရွက်တွေကို နည်းနည်း ခူးပေးဖို့။

ဒီလိုနဲ့ ဒန့်သလွန်ရွက်ကို ရေနွေးနဲ့ ဖျော်ပြီး ထမင်းစားတိုင်း နေ့စဉ် စားခဲ့ပါတယ်။ တစ်လလောက်

ကြာတဲ့အခါကျတော့ ခေါင်းမူးပြန်ပါတယ်။ ခေါင်းမူးတာကို သတင်းပို့တော့ ဆရာဝန်က သွေးလာတိုင်းတဲ့အခါ ကျွန်တော် သွေးမတိုးတော့ပါဘူး။ သွေးကျနေပါတယ်။ ဆရာဝန်က အံ့သြပြီး ဘာတွေစားသလဲလို့ မေးတော့ ကျွန်တော်က ဒန့်သလွန်ရွက် နေ့တိုင်းစားတယ်လို့ ဖြေတဲ့အခါ သူက "အော်... ဒါ့ကြောင့်ကိုး" လို့ မှတ်ချက်ပေးပါတယ်။ ကျွန်တော် အဲဒီနေ့က စပြီး ဒန့်သလွန်ရွက် စားတာကို ဖြတ်လိုက်ပါတယ်။ ဒါ့ကြောင့် ဘော်ဒါတို့ ..... သွေးတိုးရင် ဘာဆေးမှ မသောက်နဲ့ ဒန့်သလွန်ရွက်သာ ပုံမှန်စားပေးရင် သွေးကျမှာမုချ။

## အ.က.စ ဝန်ထမ်းများနဲ့ သူတို့ဘဝ

ကျွန်တော် ထင်ပါတယ်။ အ.က.စ လို့ အတိုကောက် ခေါ်တဲ့ အကျဉ်းဦးစီးဌာနမှာ တာဝန် ထမ်းဆောင်ချင်တဲ့လူ အတော်ရှားပါလိမ့်မယ်။ သို့သော် မျိုးရိုးစဉ်ဆက်အရ သော်လည်းကောင်း၊ မက်လုံးမျိုးစုံကြောင့် သော်လည်းကောင်း၊ ဒါမှမဟုတ် စားဝတ်နေရေး အကြောင်းများကြောင့် သော်လည်းကောင်း စတဲ့ အကြောင်းများကြောင့်သာ ဒီဌာနမှာ တာဝန် ထမ်းဆောင်နေကြတာပါ။ "တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး" ဆိုတဲ့ သဘောလည်း ပါနိုင်ပါတယ်။

ဒါပေမဲ့ လမ်းစဉ် ပါတီခေတ်က ကျင့်သုံးပြီး တပ်မတော် အစိုးရစဉ်ဆက်မှာလည်း လိုက်နာခဲ့တဲ့ အစဉ်အလာတွေကြောင့် တပ်မတော်က ပုဂ္ဂိုလ်များလည်း တစ်ဆင့်တိုး ရာထူးနဲ့ ရောက်လာကြတဲ့ ပုဂ္ဂိုလ်တွေကလည်း ဒုနဲ့ဒေးပါ။ ဥပမာ- တပ်မတော်က တပ်ကြပ်ကြီး (သို့) တပ်ခွဲ တပ်ထောက် တစ်ယောက် အ.က.စ သို့မဟုတ် ပြည်သူ့ရဲကို ရောက်လာပြီဆိုရင် တစ်ပွင့် တပ်ရတဲ့ ထောင်မှူး သို့မဟုတ် ဒုရဲအုပ် အဆင့်ကို ရပါတယ်။ ဒုအရာခံဗိုလ် ဆိုရင်တော့ ထောင်မှူး သို့မဟုတ် ရဲအုပ် ရာထူး ရပါတယ်။ ထိပ်ဆုံးက ညွှန်ကြားရေးမှူးချုပ်ကတော့ တပ်မတော်က ဗိုလ်မှူးကြီး သို့မဟုတ် ဒုဗိုလ်မှူးကြီးတို့ အတွက်ဆိုတာ အားလုံးက လက်ခံပြီးသားပါ။

## ညွှန်ကြားရေးမှူး ဘဝကနေ ထောင်သား ဖြစ်သွားရတဲ့ ပုဂ္ဂိုလ်

ကျွန်တော် ၁၉၈၉ ခုနှစ် ထောင်ထဲ ရောက်စဉ်တုန်းက ဖြစ်စဉ်တစ်ခုပါ။ ၂ တိုက် ရောက်ခါစကပေါ့။ တစ်မနက်မှာ ညွှန်ကြားရေးမှူး စစ်ဆေးဖို့ လာမယ်ဆိုလို့ ၂ တိုက်မှာ တာဝန်ကျတဲ့ ဝန်ထမ်းတွေနဲ့ အကျဉ်းသားတွေဟာ တစ်မနက်လုံး အလုပ်ရှုပ်နေပါတယ်။ ကျွန်တော်တို့ အကျဉ်းသားတွေကိုလည်း ညွှန်ကြားရေးမှူး လာမယ် ဆိုပြီးတော့ ကြိုတင် ပြောထားတာ ရှိပါတယ်။ ညွှန်ကြားရေးမှူးချုပ်က ဗိုလ်မှူးကြီး ဖော်မင်းလို့ ကြားဖူးထားပါတယ်။ ညွှန်ကြားရေးမှူး ဘယ်သူဆိုတာတော့ မသိပါ။ တခြား အကျဉ်းသားတွေ မေးတော့ သူတို့လည်း မသိပါဘူးတဲ့။

လာပါပြီ။ ညွှန်ကြားရေးမှူး၊ ၁ တိုက်ကို အရင်လာတော့ အော်သံတွေ ကြားရပါတယ်။ ခဏ နေတော့ "၂ တိုက်၊ ပုံစံ" လို့ အော်သံ ကြားတော့ သူက ဟိုဘက်အစွန်က ဝင်လာတာပါ။ ၂ တိုက်က ရင်ခွဲတိုက် ဆိုတော့ နံပါတ် ၁ နေ ၃၀ အထိက ဟိုဘက်အခြမ်း၊ ၃၁ ကနေ ၆၀ အထိက ကျွန်တော် ရှိနေတဲ့ ဒီဘက်အခြမ်း။ အခန်း ၁ ကနေ ၉ အထိ၊ ၅၁ ကနေ ၆၀ အထိကို ၂ တိုလို့ ခေါ်ပါတယ်။ ဟိုဘက်အခြမ်းက ၂ ရှည်ပေါ့။ အခန်း ၉ အလွန်မှာ သစ်သားတံခါး တစ်ခု ရှိပါတယ်။ ညွှန်ကြားရေးမှူးက အခန်း ၃၀ / ၃၁ ဘက်က ဝင်လာတာပါ။ ကျွန်တော်က ၂၈ မှာပါ။

ရှေ့ပြေး ရဲဘော် နှစ်ယောက်နောက်မှာ ညွှန်ကြားရေးမှူး ပါလာပါတယ်။ သူက တပ်မတော် ယူနီဖောင်း

နဲ့ပါ။ ဒုတိယ ဗိုလ်မှူးကြီးပေါ့။ ကျွန်တော့်ရှေ့ ရောက်တော့ ရပ်ပြီး နှုတ်ဆက်ပါတယ်။ ကျွန်တော်ကလည်း ကြည့်လိုက်တော့ DSA မှာတုန်းက ကျွန်တော့်နောက်က အပတ်စဉ်ကပါ။ ကျွန်တော်လည်း ချက်ချင်း ဆိုတော့ အံ့ဩသွားပြီး "မင်းက အ.က.စ ရောက်နေတာကိုး" လို့ နှုတ်ဆက်တော့ သူကလည်း ဖော်ဖော်ရွေရွေပါပဲ။ "ကိုဝင်းထိန် နေကောင်းလား" လို့ နှုတ်ဆက်ပါတယ်။

အမှန်က အကျဉ်းသားနဲ့ အ.က.စ ဝန်ထမ်းဆိုရင် ဘယ်သူမဆို မင်းတွေ ငါတွေနဲ့ ပြောခွင့် မရှိပါ။ ညွှန်ကြားရေးမှူးက DSA ကလည်း ဖြစ်တယ်။ ကိုယ့်ထက်လည်း ဂျူနီယာကျတယ် ဆိုတော့ DSA ထုံးစံအတိုင်း မင်းတွေ ငါတွေ ဖြစ်သွားတာပါ။ သူကလည်း ကျွန်တော်က မင်းနဲ့ ငါနဲ့ ပြောတဲ့ ကိစ္စကို မှုဟန်မတူပါ။ ကျွန်တော်က ဆက်ပြောပါသေးတယ်။ "ဟေ့... အ.က.စက တော်တော် ရှုပ်တယ်နော်၊ မင်း သတိထား နေပေါ့ကွာ" လို့။ သူကတော့ ဘာမှ ပြန်မပြောဘဲ ပြုံးပြုံးနဲ့ ပြန်လည် ထွက်ခွာသွားပါတယ်။

နောက်မကြာလိုက်ပါဘူး ခြောက်လလောက်မှာ ထင်ပါတယ်။ ဖြစ်စဉ်တွေကိုတော့ အသေးစိတ် ရေးမပြတော့ပါဘူး။ ဘာဖြစ်လို့လည်း ဆိုတော့ ဒီကိစ္စမှာ ပါဝင်တဲ့သူတွေက အခုထိ သက်ရှိထင်ရှား ဖြစ်နေဆဲမို့ပါ။ အဲဒီ ညွှန်ကြားရေးမှူးဆိုတဲ့ ပုဂ္ဂိုလ် ရာထူးက ထုတ်ပယ်ခြင်း ခံရတဲ့အပြင် ထောင်ဒဏ် ခြောက်လကျခံပြီး သီးသန့်ထောင်က တစ်ယောက်တည်း နေရတဲ့ သီးသန့်တိုက်ခန်းလေးမှာ နေသွားခဲ့ပါတယ်။ တခြား အဲဒီလို အဆိုးလောကဓံနဲ့ ဇာတ်သိမ်းသွားတဲ့ အ.က.စ ဝန်ထမ်းတွေ အများကြီးပါ။

## ထောင်ဝန်ထမ်း အချို့ရဲ့ ကံကြမ္မာများ

ထောင်ဆိုတာ ရာဇဝတ်မှု ကျူးလွန်တဲ့ ရာဇဝတ်သားတွေကို ထိန်းသိမ်းထားရတဲ့ နေရာတွေပါ။ ကံဆိုးမိုးမှောင် ကျပြီး ဘာမှမဆိုင်ပဲနဲ့ ထောင်ကျတဲ့ လူတွေလည်း ရှိပါတယ်။ ဒါက ခြွင်းချက်ပါ။ အများစုကတော့ မကောင်းမှု ဒုစရိုက်ကို မလွှဲမရှောင်နိုင်လို့ သော်လည်းကောင်း၊ ဝါသနာအရ သော်လည်းကောင်း ရာဇဝတ်မှု ကျူးလွန်သူတွေက အများစုပါ။ အဲဒီတော့ စိတ်ထားမဖြောင့်တဲ့ ရာဇဝတ်သားတွေနဲ့ ဆက်ဆံရပါ များတဲ့အခါ သူတို့ ကိုယ်တိုင်ပါ အများစုက စိတ်ထား မဖြောင့်နိုင်ကြတော့ပါ။ သူတို့ကိုယ်တိုင်ကလည်း ရာဇဝတ်သားတွေနဲ့အတူ ပြောရ၊ ဆိုရ၊ ဆက်ဆံရတော့ ကြာလာတဲ့အခါ အကုသိုလ်ကိစ္စတွေမှာ ယှဉ်ပါးလာလေ့ရှိပါတယ်။

သူတို့ကို အ.က.စ ဝန်ထမ်းအဖြစ် စတင်တဲ့နေ့မှာပဲ သင်တန်းဆရာတွေရဲ့ ပို့ချမှုက ဒီလိုပါလို့ ဝန်ထမ်း တစ်ယောက်က ပြောပြဖူးပါတယ်။ အ.က.စ ဝန်ထမ်း တစ်ယောက်အနေနဲ့ ထောင်ထဲကို ရောက်လာတဲ့ လူတွေနဲ့ ပတ်သက်လို့ ထားရမယ့် သဘောထားပါ။ "ထောင်ထဲကို ရောက်လာတဲ့ လူမှန်သမျှ သူတို့အပြင်မှာ ဘာကြီး ဖြစ်ခဲ့ ဖြစ်ခဲ့၊ ဥပမာကွာ တစ်ချို့က သာမန် ဝန်ထမ်း ဖြစ်ချင်ဖြစ်မယ်၊ သူတောင်းစား ဖြစ်ချင်ဖြစ်မယ်၊ အဆုံးစွန် ပြောမယ်ကွာ၊ တချို့ကျတော့ ဝန်ကြီး၊ ဗိုလ်ချုပ်ကြီး၊ သမ္မတ စတဲ့ ရာထူးတွေ ဖြစ်ချင်ရာဖြစ်၊ ထောင်ထဲကျရင် သာမန် အကျဉ်းသားပဲ၊ ဘယ်သူ ဘယ်သူမှ မပိုဘူး။ အခွင့်အရေးလည်း ပိုပေးစရာ မလိုဘူး၊ အားလုံး တစ်ပြေးညီပဲ ဆိုတာ မှတ်ထားကြ" ပါတဲ့။ ဒီပုံစံမျိုးနဲ့ သူတို့တစ်တွေ ထောင်ဝန်ထမ်းဖြစ်လာကြတာပါ။

တချို့ ထောင်ဝန်ထမ်းတွေကျတော့လည်း ပင်ကိုက ရိုးရိုးအေးအေးသမားတွေပါ။ ထောင်ဝန်ထမ်း ဖြစ်လာတော့မှ ဆန်းဆန်းပြားပြား ဖြစ်ကုန်ကြတာပါ။ ဒါ့ကြောင့် တော်တော်များများဟာ ဘဝဇာတ်သိမ်း မကောင်းကြပါဘူး။ ကျွန်တော် ၂ တိုက် ရောက်ခါစက ထောင်မှူး ဦးသိန်းနိုင်နဲ့ ဦးချိုတို့ ချက်ချင်း အလုပ်ပြုတ်သွားပုံ ရေးပြခဲ့ဖူးပါတယ်။ ကျွန်တော် အထူးဆောင်မှာ နေတုန်းက တာဝန်ကျတဲ့ ထောင်မှူး တစ်ယောက်ဟာလည်း နောက်ပိုင်းမှာ အချိန်မတန်မီ ထွက်လိုက်ရတယ်လို့ ကြားသိရပါတယ်။ ၁၉၉၆ ခုနှစ် ဒုတိယ အကြိမ်

ထောင်ထဲ ရောက်တုန်းက တွေ့ခဲ့တဲ့ ဗိုလ်ကြီး တစ်ယောက် ဆိုရင်လည်း သီးသန့်ထောင်၊ ထောင်ဘူးဝ အပေါ်ထပ်က နေအိမ်မှာ ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချ သေဆုံးသွားပါတယ်။

၁၉၉၇ ခုနှစ် ကျွန်တော် မြင်းခြံထောင်ကို ရောက်တုန်းက တွေ့ခဲ့ဖူးတဲ့ ထောင်ပိုင်တစ်ဦး ဆိုရင်လည်း သူနောက်ရောက်သွားတဲ့ကလေးမြို့ဘက်ကရဲဘက်စခန်းတစ်ခုမှာကိုယ့်ကိုယ်ကိုယ်သတ်သေသွားပါတယ်။ အဲဒီတုန်းက မြင်းခြံထောင်မှာ ဒုထောင်ပိုင် လုပ်နေတဲ့ ဦးဇော်အုန်းဟာ သူ ပင်စင်ယူပြီးတော့မှ မကြာခင် နလုံးရောဂါနဲ့ ရုတ်ချည်း ဆုံးပါးသွားပါတယ်။ မြင်းခြံထောင်မှာပဲ တွေ့ခဲ့တဲ့ ထောင်မှူးကြီး တစ်ယောက်ဟာလည်း တခြားထောင်ကို ပြောင်းရွှေ့သွားတဲ့အခါ လူမှုရေး ပြဿနာ တစ်ခုကြောင့် ရာထူးက ထွက်လိုက်ရပါတယ်။

မန္တလေး ထောင်မှာ တွေ့ခဲ့တဲ့ ထောင်ပိုင်ဟာ ထောင်ဒဏ် ၁၀ နှစ်ကျပြီး ခန္တီးထောင် အပို့ခံရပါတယ်။ မန္တလေး ထောင်ကပဲ ထောင်ပိုင်ကိစ္စနဲ့အတူ ဒုထောင်ပိုင် နှစ်ဦးလည်း ထွက်လိုက်ရပါတယ်။ ကသာထောင်မှာ တွေ့ခဲ့တဲ့ ထောင်ပိုင်ဟာ ကသာကနေပြီး မွန်ပြည်နယ်က ကျောက်စခန်းတစ်ခုကို ပြောင်းရွှေ့သွားပါတယ်။

သူလည်းပဲ ကျောက်စခန်းမှာပဲ ဆုံးလား၊ ရန်ကုန်ရောက်မှ ဆုံးလားတော့ မကွဲပြားပါ။ ကျွန်တော် ကသာ ထောင်မှာ ရှိနေစဉ်မှာပဲ ထောင်မှူးတစ်ယောက်က ပျောက်သွားပါတယ်။ သုံး-လေးရက်လောက် ရှာမတွေ့ပါ။ တွေ့မယ့်တွေ့တော့ တောတွင်း တစ်နေရာမှာ ရှိတဲ့ သစ်ပင်တစ်ပင်ပေါ်မှာ ကြိုးဆွဲချ အဆုံးစီရင်သွားပါတယ်။ ရှင်ပြတဲ့ စိတ်နေ သဘာဝနဲ့ မကြီးပြင်းလာရတဲ့အခါမှာ သူတို့ ရုပ်တွေ ဖောက်ပြန်ပြီး ရောဂါဘယတွေ ထူလာတဲ့ သဘောနဲ့တူပါတယ်။ တချို့လည်း မျှော်မှန်းမထားတဲ့ အဆိုးလောကခံနဲ့ ကြုံသွားကြရ ရှာတာပါ။

## လွတ်ခဲ့ပြီ..... ဒါပေမဲ့

၁၉၉၅ ခုနှစ်ထဲ ဝင်လာတော့ ကျွန်တော်တို့ကို တပ်မတော် စစ်ဆေးရုံကို ပို့ပြီး ဆေးစစ်ခံရပါတယ်။ အားလုံးတော့ မဟုတ်ပါ။ ကျွန်တော်ရယ်၊ သူရ ဦးတင်ဦး၊ ဦးကြည်မောင်နဲ့ ဗိုလ်မှူးကြီး စံသာတို့ပါ။ အပြင်ထောင်က ဗိုလ်မှူး ဂျွန်လှဝင်းလည်း ဆေးစစ်ခံရတယ်လို့ နောက်မှ သိရပါတယ်။ ကျွန်တော်တို့က ထောင်ထဲမှာ နေလာတာ ငါးနှစ်ကျော်ပြီ ဖြစ်လေတော့ အပြင်သတင်းတွေနဲ့လည်း ပြတ်နေတဲ့အတွက် ဆေးစစ်တာတွေကို ရုတ်တရက် အဓိပ္ပာယ် မကောက်တတ်ပါ။

ဇန်နဝါရီလကုန်တဲ့ ရက်သတ္တပတ်မှာ ကဗျာဆရာ ကိုတင်မိုးနဲ့ လေး-ငါးယောက်ကို လွှတ်လိုက်ပြီလို့ ကြားရပါတယ်။ ဖေဖော်ဝါရီလ ၅ ရက်နေ့မှာတော့ ထောင်မှူးနဲ့ ထောက်လှမ်းရေး ကိုယ်တိုင် လာပြီး ကျွန်တော် လွတ်ပြီမို့ အိမ်ပြန်ယူမယ့်ဟာတွေနဲ့ ထားခဲ့မယ့် ပစ္စည်းတွေကို ခွဲခြားထားဖို့ လာပြောပါတယ်။ ကျွန်တော်ကလည်း သူတို့ ပြောတဲ့အတိုင်း ပစ္စည်းတွေ ခွဲခြမ်း ထုတ်ပိုးပြီးတဲ့အခါ သူတို့ လာခေါ်တာနဲ့ ထောင်ဘူးဝနားက Main jail လို့ ခေါ်တဲ့ ရုံးကို ရောက်သွားပါတယ်။ အဲဒီမှာ ဗိုလ်မှူးကြီး စံသာ၊ ဗိုလ်မှူး ဂျွန်လှဝင်း၊ မန္တလေးက ဒေါက်တာ စိုးလင်းနဲ့ သံလျင်က ကိုကျော်သွင်တို့ကို တွေ့ရပါတယ်။

ဗိုလ်မှူးကြီး စံသာနဲ့ ကိုဂျွန်တို့ကိုတော့ သိပြီးသားပါ။ ဒေါက်တာ စိုးလင်းနဲ့ ကိုကျော်သွင်တို့ကိုတော့ အဲဒီကျမှ တွေ့ဖူးလို့ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ရပါတယ်။ ဒေါက်တာ စိုးလင်းကတော့ ထောင်က လွတ်ပြီးတဲ့အခါ စစ်အစိုးရ အလိုကျ "ဝံသာနု NLD" ဆိုတဲ့ ပါတီတစ်ခု ထောင်ပါတယ်။ စစ်အစိုးရ ပေးတဲ့ စီးပွားရေး အခွင့်အလမ်းတွေနဲ့ ကြီးပွားနေပါတယ်။ ကိုကျော်သွင်ကတော့ နောက်ပိုင်းမှာ ပြည်ပကို ထွက်သွားပြီး အခု

တော့ နော်ဝေ နိုင်ငံကို ရောက်နေပါပြီ။ သူလည်း အဆင်ပြေပါတယ်။ အခုဆိုရင် မြန်မာပြည်ကို အခေါက်ခေါက် အခါခါ ပြန်လာပြီး စီးပွားရေး လုပ်နေတယ်လို့ သိရပါတယ်။

အဲဒီ မိန်းဂျေးမှာ ရှိနေတုန်း ဝန်ထမ်း တပ်ကြပ်ကြီး တစ်ယောက်က ရောက်လာပြီး ကျွန်တော်တို့ကို အဲဒီနေ့ပဲ လွှတ်ပေးမယ်လို့ လူကြီးတွေက ဆုံးဖြတ်ထားကြောင်း။ ဒါ့ကြောင့် ထောင်ပိုင်ကြီး ရုံးခန်းသွားပြီး လူကြီးတွေရဲ့ ဆုံးမစကားကို နာခံရမှာ ဖြစ်ကြောင်း ပြောပါတယ်။ အဲဒီအချိန်မှာ SB က နှစ်ပွင့်နဲ့ အရာရှိ တစ်ယောက် ရောက်လာပါတယ်။ ကျွန်တော့်ဆီလာပြီး စာရွက်တချို့ကို ပြပါတယ်။ ဒီလိုပြရင်းနဲ့ မိန်းဂျေးက ဝန်ထမ်းကို "အဲဒီ လေးယောက်ကို ဘူးဝ ခေါ်သွား၊ ဗိုလ်ကြီး ဝင်းထိန်တော့ ခဏနေဦး" လို့ ပြောတဲ့အတွက် ဟိုလေးယောက် ဘူးဝကို ထွက်သွားကြပါတယ်။

## နောက်တစ်မှု ကျန်သေးပါတယ်တဲ့

အဲဒီ SB က ပုဂ္ဂိုလ်ကို ကျွန်တော် သိပါတယ်။ ကျွန်တော် ထောင်ဝင်စာ ခဏ ခဏ လိုက်ပို့ဖူးလို့ပါ။ သူ ယူလာတဲ့ စာရွက်ကို ကျွန်တော့်ကို ပြရင်းနဲ့ "ဗိုလ်ကြီးကို ဒီနေ့ လွှတ်မယ် ဆိုပြီး ဖိုင်တွဲတွေ ပြန်လှန်တော့ ဗိုလ်ကြီးကို နောက်ထပ် တစ်မှုနဲ့ ထောင်ချထားတဲ့ မှတ်တမ်း တွေ့ရပါတယ်" လို့ ပြောပါတယ်။ ကျွန်တော် သိလိုက်ပါပြီ၊ ကျွန်တော့်ကို ပညာပြပြီး ထောင်ထဲကို ပြန်ထည့်ချင်လို့ ထင်ပါတယ်။ ကျွန်တော်က "ကျွန်တော် တော့ ခင်ဗျား ပြတဲ့ အမှုအကြောင်းတော့ မသိဘူးဗျာ၊ ကျုပ်ကိုချတာတော့ စစ်ခုံရုံးနဲ့ပဲ၊ ခင်ဗျားပြောတဲ့ အမှုက ဘယ်ခုံရုံးကလဲ" လို့ မေးတဲ့အခါ သူ ပြတဲ့ စာရွက်မှာက သာမန် အရပ်ရုံး နာမည်နဲ့ပါ။ သူက "အဲဒါတော့ မသိဘူးဗျာ၊ ကျွန်တော်လည်း တာဝန်အရ လုပ်ရတာပါ" လို့ ပြောပါတယ်။

"ဒါဆို ကျွန်တော် မလွှတ်တော့ဘူးပေါ့၊ တိုက်ကို ပြန်ကြရုံပေါ့" လို့ ကျွန်တော်က ပြောတဲ့အခါ သူက "အေးဗျာ၊ ကျွန်တော် သွားမေးလိုက်ပါဦးမယ်" လို့ ဆိုပြီး ဘူးဝဘက် ထွက်သွားပါတယ်။ ကိုယ်ချင်းသာ စာ ကြည့်ပါတော့ မိတ်ဆွေ၊ မနက်ကတည်းက လွှတ်မယ်ဆိုပြီး အပျော်လေးနဲ့ လွင့်နေတဲ့ ပီတိစိတ်ဟာ ပျောက် ချင်းမလှ ပျောက်သွားပြီး "ငါ မလွှတ်သေးပါလား၊ နေရဦးမှာပေါ့" ဆိုတဲ့ အတွေးနဲ့ စိတ်ပျက်လက်ပျက် ဖြစ်နေ မိပါတယ်။ သွေးတွေလည်း တစ်ကိုယ်လုံး ဆူပွက်နေမယ်လို့ ထင်ရပါတယ်။

SB က ပုဂ္ဂိုလ်က နောက်နာရီဝက်လောက်ကျ ပြန်လာပြီးတော့ လေးတိလေးကန် အမူအရာနဲ့ "ကဲ၊ သွားကြရအောင်" ဆိုပြီး ကျွန်တော့် အထုပ်ဆွဲပြီး ထောင်ဘူးဝဘက် ထွက်သွားပါတယ်။ ကျွန်တော် ထောင် ဘူးဝဘက်ကို လျှောက်သွားရင်း စိတ်ထဲက "အော်... ဒီကောင်တွေ ငါ့ကို စိတ်ဆင်းရဲအောင် လုပ်တာပဲ၊ ဒါမှမဟုတ် အပြင်ကျရင် ငါ ဘာမှ မလုပ်ရဲအောင် ခြိမ်းခြောက်တာ နေမှာပဲ" လို့ တွေးနေမိပါတယ်။

ရေးပြဖို့ တစ်ခု လိုသွားပါတယ်။ မိန်းဂျေးကို ရောက်ရောက်ချင်း အဲဒီက တာဝန်ကျတဲ့ ဝန်ထမ်းက ကျွန်တော်တို့ ငါးယောက်ကို အသင့်ပြင်ထားတဲ့ စာရွက်တွေကို လက်မှတ် ထိုးခိုင်းပါတယ်။ ပုဒ်မ ၄၀၁ အကြောင်း ပါတဲ့ ပုံစံပါ။

ပုဒ်မ ၄၀၁ ရဲ့အဓိပ္ပာယ်က "အခုတော့ လွှတ်ပေးလိုက်မယ်၊ အပြင်ရောက်လို့ တစ်ခုခု မလွှတ်မကင်း လုပ်ရင် ကျန်တဲ့ ပြစ်မှုတွေကို ပြန်ဆပ်ရမယ်" ဆိုတဲ့ သဘောပါ။ ကျွန်တော်ကတော့ လွှတ်ချင်တဲ့ ဇောနဲ့ လက်မှတ်ထိုးလိုက်ပါတယ်။ အခြားသူတွေလည်း လက်မှတ်ထိုးကြပါတယ်။

ဗိုလ်မှူးကြီး စံသာနဲ့ ကျွန်တော်နဲ့က အပြင်မှာကတည်းက ဆုံဖူးတော့ တစ်ယောက် အကြောင်း တစ်ယောက် သိပြီးသားပါ။ သူက ကျွန်တော့်ကို အင်္ဂလိပ်လို ပြောပါတယ်။ Promises given to the dogs

should not be kept. အဓိပ္ပာယ်ကတော့ "ခွေးတွေကို ပေးထားတဲ့ ကတိတွေဟာ တည်စရာ မလိုဘူး" ဖြစ်ပါတယ်။ ကျွန်တော်ကလည်း သဘောတူပါတယ်။

ဒီလိုနဲ့ ကျွန်တော့်ကို ထောင်ပိုင်အခန်းထဲ ခေါ်သွားပြီး ပစ္စည်းတွေကို ရှာဖွေရေး လုပ်ပါတယ်။ ဘာမှ မတွေ့ပါ။ ပြီးတာနဲ့ ကျွန်တော့်ကို ထောင်ပိုင်ရုံးနဲ့ ဆန့်ကျင်ဘက် အခန်း (ကျွန်တော် ထောင်ဝင်စာ တွေ့နေကျ နေရာမှာ မိသားစု ဝင်ရတဲ့ အခန်း) မှာပါ။ ဟိုလေးယောက်ကတော့ ကျွန်တော့်ကို စောင့်နေဟန်တူပါတယ်။ ကျွန်တော်လည်း ရောက်ရော ဘယ်က ပေါ်လာမှန်းမသိတဲ့ ထောက်လှမ်းရေးက ဗိုလ်မှူး သန်းထွန်း (နောက် ဗိုလ်မှူးချုပ်- ယခု ထောင်ထွက်) ပေါ်လာပါတယ်။ သူက ကျွန်တော်တို့ကို ဆုံးမစကား ပြောပါတယ်။ တပ်မတော် အနှစ် ၅၀ ပြည့် အထိမ်းအမှတ်နဲ့ လွှတ်တာဖြစ်ကြောင်းလည်း ပြောပြပါတယ်။ ကျန်တာ ဘာမှ မမှတ်မိပါ။

ပြီးတဲ့အခါမှာ ထောင်ဝန်ထမ်းတွေက ကျွန်တော်တို့ကို အပြင် ခေါ်ထုတ်သွားပါတယ်။ ထောင်ဘူးဝ တံခါးက မထွက်ခင် လက်တစ်ဝါးလောက်တောင် မရှိတဲ့ စာရွက်ကလေးပေါ်မှာ တစ်ဖက်က ထောင်တံဆိပ်တုံး တွေ ထားပြီး၊ တစ်ဖက်ကတော့ ကျွန်တော့် နာမည်နဲ့ လွှတ်တဲ့ ရက်ကို ဘောပင်နဲ့ ရေးထားတာ တွေ့ပါတယ်။ ကျွန်တော်က အဲဒီစာရွက်ကို ထောင်တံခါး အပြင်မှာပဲ လွှင့်ပစ်လိုက်ပါတယ်။ အပြင်ဘက် ကြည့်လိုက်တော့ ကျွန်တော့် မိသားစု။ ကျွန်တော်က သမီးငယ်လေးကို ချီပြီး ဘေးတစ်ဖက်တစ်ချက်မှာ ဇနီးသည်၊ သမီးနဲ့ သားများ ခြံရံနေတဲ့ပုံဟာ နောက်တစ်နေ့ သတင်းစာတွေမှာ မျက်နှာဖုံးသတင်းအဖြစ် ပါလာပါတယ်။

## ကျွန်တော့် အခြေအနေ

အပျက်အပျက်နဲ့ နာခေါင်းသွေး တကယ်ထွက်ခဲ့ပါပြီ။ ရှစ်လေးလုံး အရေးတော်ပုံ ဖြစ်စက သူရဦးတင်ဦးကြီးက ခေါ်လို့ ဒီနိုင်ငံရေး ဖြစ်စဉ်တွေထဲမှာ ပါလာရတယ်။ ဗိုလ်ချုပ်ကြီး စောမောင်ရဲ့ ကတိစကားကို ယုံစားလို့ စိတ်ချလက်ချ နိုင်ငံရေးအလုပ်တွေ ဝင်လုပ်မိပါမှ ထောင်ထဲကို ဒုတ်ဒုတ်ထိ ရောက်ပြီး ထောင်ထဲမှာ ငါးနှစ်ခွဲ နေခဲ့ရတာပါ။

ကျန်းမာရေး ကောင်းတယ်လို့ မပြောနိုင်ပါ။ လူတစ်ကိုယ်လုံးက ပွယောင်းယောင်း ဖြစ်နေပါတယ်။ နေဓာတ်နဲ့ မြေဓာတ် နည်းတဲ့သဘောလို့ ကျွန်တော် စဉ်းစားမိပါတယ်။ ဒါကြောင့် မနက်ခင်း နေထွက်ချိန်တိုင်း အိမ်ရှေ့က မြက်ခင်းမှာ ခြေဗလာနဲ့ နာရီဝက်/တစ်နာရီလောက် လမ်းလျှောက်ပါတယ်။ သုံးလလောက် ကြာ တော့မှ ကျွန်တော့် အသားအရေဟာ ပုံမှန် ပြန်ရောက်လာပါတယ်။ သွေးတိုးကလည်း တက်လိုက် ကျလိုက် နဲ့ပါ။ အသက်ကလည်း ၅၄ နှစ် ရောက်နေပါပြီ။

ကျွန်တော် ထောင်ထဲမှာ ရှိနေစဉ်ကတည်းက အပြင်ရောက်ရင် လုပ်မယ့် စီးပွားရေး လုပ်ငန်းတွေ အကြောင်း အမြဲတမ်း စဉ်းစားနေပါတယ်။ ကိုယ် တည်ထောင်မယ့် ကုမ္ပဏီ နာမည်တွေတောင် ရွေးထား တာပါ။ အပြင်ရောက်ရင် စီးပွားရေး လုပ်လိုက်မဟဲ့လို့ စိတ်ထဲမှာ တေးထားတာပါ။ ထောင်အပြင်လည်း ရောက်လို့ နည်းနည်းပါးပါး ဟိုနားဒီနား လှုပ်ရှားကြည့်တဲ့အခါမှာ ကျွန်တော် မျှော်လင့်ထားတာတွေနဲ့ တခြားစီပါ။ ကျွန်တော် စက်မှု- ၁ မှာ ရထားတဲ့ ပရောဂျက်တွေနဲ့ ပတ်သက်ပြီး အနားသီဖို့ ဝေးလို့ ဌာနဆိုင်ရာ တွေကိုတောင် သွားလို့ မရတော့ပါ။

စီးပွားရေးမှာ တံခါးဖွင့် ဝါဒ ကျင့်သုံးမယ်လို့ ကမ္ဘာသိ ကြေညာထားတဲ့ ခေတ်မှာ ကျွန်တော့် အတွက် တော့ တံခါးတွေ အားလုံး ပိတ်ကုန်ပါပြီ။ ဘာဆက်လုပ်ရပါ့။

အပြင်ရောက်တော့လည်း NLD က အမျိုးသား ညီလာခံ ဆိုတဲ့ ထောင်ချောက်ထဲမှာ ပိတ်မိနေ။ ဒါကို ဘဝင်မကျလို့ စိတ်မသက်မသာ ဖြစ်ရ။ ဒီတော့ နိုင်ငံရေး အခြေအနေ၊ စီးပွားရေး အခြေအနေ အားလုံးဟာ ကျွန်တော့်ကို အဘက်ဘက်က ဖိအားပေးနေပြီပေါ့။

ဒီအချိန်မှာပဲ ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်က လွတ်လာပါတယ်။

♥♥♥♥♥

# အခန်း (၈)
# လွတ်လပ်တဲ့ ဘဝ တစ်ခဏ

## ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်က လွတ်ပြီ

ကျွန်တော် အကျဉ်းထောင်ထဲတုန်းက အပြင်ရောက်ရင် ဘာလုပ်မယ်ဆိုတာ ကြိုတင်ပြီး အစီအစဉ်တွေ လုပ်ထား ပါတယ်။ ဒါပေမဲ့ ဘာတစ်ခုမှ အကောင်အထည် ဖော်လို့မရပါ။ NLD ကလည်း အမျိုးသား ညီလာခံ တက်နေပြီဆိုတော့ ကျွန်တော်လည်း ဘဝင်မတွေ့တာနဲ့ ရုံးချုပ်ကိုတောင် သွားသတင်းမပို့တော့ပါ။ ဥက္ကဋ္ဌ တာဝန် ထမ်းဆောင်နေတဲ့ ဦးအောင်ရွှေက ဗိုလ်ဟန်ဇော်ကို ကျွန်တော့်အိမ် လွှတ်ပြီး အခြေအနေတွေ ရှင်းပြ နိုင်းပါတယ်။

မလွှဲမရှောင်သာလို့ NC တက်နေရတဲ့ အကြောင်း၊ ဒေါ်စု ပြန်လွတ်လာရင် သူ့လက်ထဲကို ပါတီတစ်ခုလုံး ထိုးအပ်မှာ ဖြစ်ကြောင်း စသဖြင့် ဗိုလ်ဟန်ဇော်က ပြောပြပါတယ်။ ကျွန်တော်ကတော့ အင်းမလှုပ် အဲမလှုပ်နဲ့ ဘာမှ ပြန်မပြောဖြစ်ပါ။ လူကြီးတွေဖြစ်တဲ့ ဦးအောင်ရွှေ၊ ဦးလွင်တို့ကိုလည်း မကျေနပ်ကြောင်း မပြောမိပါ။ (အဲဒီလို မပြောမိတာ ကံကောင်းလေစွလို့ နောင်မှ ကိုယ့်ကိုယ်ကိုယ် ချီးမွမ်းမိပါတယ်။)

ကျန်းမာရေး ဦးစားပေးပြီး ကိုယ့်ကိုယ်ကိုယ် ပြန်လည် တည်ဆောက်နေတုန်း ဇူလိုင်လ ၁၀ ရက် နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်က လွှတ်ပေးလိုက်ပါတယ်။ အချုပ်က လွှတ်တဲ့နေ့မှာ ကျွန်တော် ဒေါ်စုအိမ်ကို ရောက်သွားပါတယ်။ မနက် ၁၀ နာရီလောက် ဖြစ်နေပါပြီ။ ခြံရှေ့မှာတော့ လူတွေ အုံ့ခဲလို့။ ကျွန်တော် ဝင်ခွင့်ရလို့ ဝင်သွားတဲ့အခါမှာ အိမ်ထဲမှာ ဦးကြည်မောင်နဲ့ ဦးတင်ဦးတို့ ရောက်နေပါပြီ။ ဒေါ်စုက သူတို့နဲ့အတူ ကြေညာချက်တစ်ခု ထုတ်ဖို့ တိုင်ပင်ပြီး ရေးနေကြပါတယ်။ သူတို့ ရေးပြီးတော့ ကျွန်တော့်ကို ပြပါတယ်။

ခေါင်းဆောင် သုံးယောက် တိုင်ပင်ပြီး ရေးထားတဲ့ ကြေညာချက်ကို ကျွန်တော့်ကို ပြတယ် ဆိုတာက လူကို တန်ဖိုးထားလို့ ဆိုတာ သဘောပေါက်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ပြောရေးဆိုခွင့် ရှိတယ်လို့ မယူဆ ပါဘူး။ သို့သော်လည်း စကားလုံး တစ်လုံးနဲ့ ပတ်သက်ပြီး ကျွန်တော် စိတ်ထင့်ခဲ့ဖူးပါတယ်။ အဲဒါက ဘာလဲ ဆိုတော့ Devastated ဆိုတဲ့ စကားလုံးပါ။ ဗမာလိုဆိုရင်တော့ သိပ်မသိသာပေမဲ့ အင်္ဂလိပ်လို ဆိုရင်တော့ "အလုံးစုံ ပျက်သုဉ်းခြင်း၊ ပြိုကွဲ ပျက်စီးခြင်း" ဆိုတဲ့ အဓိပ္ပာယ်ပေါက်နေလို့ပါ။

ကြေညာချက်က တိုတိုတုတ်တုတ်ပါ။ အရင်က NLD ကြေညာချက်တွေမှာ သော်လည်းကောင်း၊ ဒေါ် အောင်ဆန်းစုကြည် ပြောခဲ့ဖူးတဲ့ မိန့်ခွန်းအသီးသီးမှာ သော်လည်းကောင်း အမြဲပါနေကျ ဖြစ်ပါတယ်။

အနာဂတ် မြန်မာနိုင်ငံကို စစ်မှန်တဲ့ ဒီမိုကရေစီ နိုင်ငံ တည်ထောင်ရေးကို ရှေးရှုကြောင်း၊ အမျိုးသား ရင်ကြားစေ့ရေး အောင်မြင်လာအောင် ကြိုးစားမည် ဖြစ်ကြောင်း၊ ဒီလို အခြေအနေမျိုးကို မရှေးရှုဘဲ ပြည်သူလူထု ဆန္ဒကို ဆန့်ကျင်ပြီး ရှေ့ဆက် တိုးနေမယ်ဆိုရင် အလုံးစုံ ပျက်သုဉ်းခြင်းကို ဦးတည်စေတာ ဖြစ်ကြောင်း စတဲ့ ကိစ္စတွေ ပါဝင်ပါတယ်။

(ကျွန်တော် အခုထိ "သံသရာတစ်ကွေ့" မှတ်တမ်းကို ရေးနေတာဟာ ဘာကိုမှ မကိုးကားဘဲ ကျွန်တော့် မှတ်ဉာဏ်ကိုသာ အမှီပြုပြီး ရေးနေခြင်း ဖြစ်ပါတယ်။ ဒိုင်ယာရီ ရေးမှတ်ခြင်းကိုလည်း လုံးဝ ရှောင်ကြဉ်ခဲ့ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ တပ်မတော် အရာရှိ ဘဝတုန်းက ကိုယ့်ပယောဂ မပါဘဲ ဝါးလုံးသိမ်း အရေးယူမှုမှာ ခံခဲ့ရတယ်။ အဲဒီတုန်းက ရှေ့တန်းကအပြန် ပါလာတဲ့ မှတ်တမ်းတွေကို အမွှေအနှောက် ခံခဲ့ရဖူးပါတယ်။ ပြင်ပလောက ရောက်လို့ စီးပွားရေး လုပ်ပြန်တော့လည်း ထောက်လှမ်းရေးက ရံဖန်ရံခါ နှောက်က အမျှင်တန်းလန်း၊ နိုင်ငံရေးလောက ရောက်ပြန်တော့လည်း သွားလေရာမှာ သော့လည်းကောင်း၊ အိမ်ရှေ့မှာ သော်လည်းကောင်း ထောက်လှမ်းရေးက မပြတ်ရှိနေတော့ ဒိုင်ယာရီထားရင် ကိုယ့်မှတ်တမ်းနဲ့ ကိုယ် ပြဿနာ အရှာခံရမယ့် အန္တရာယ်ကြောင့် ဘာမှတ်တမ်းမှ မထားဘဲ ကိုယ့်မှတ်ဉာဏ်ကိုပဲ အားကိုး ရေးခဲ့တာပါ။)

အဲဒီ ကြေညာချက်ကို ဒေါ်အောင်ဆန်းစုကြည် အိမ်မှာရှိတဲ့ လက်နှိပ်စက်နဲ့ ရိုက်ပြီး ကော်ပီ များများ ရအောင် ပွားလိုက်ပါတယ်။ အဲဒီလို အလုပ်များနေတဲ့အခိုက်မှာ ဂိတ်က စောင့်နေတဲ့ ကလေး တစ်ယောက်က ဦးအောင်ရွှေနဲ့ ဦးလွင်တို့ ရောက်နေကြောင်း လာသတင်းပို့ပါတယ်။ ဒေါ်စုက "ခေါ်လိုက်ပါ" လို့ ပြောတဲ့ အတွက်ကြောင့် ကျွန်တော် ကိုယ်တိုင် လူကြီးနှစ်ယောက်ကို ဂိတ်မှာ သွားခေါ်ပါတယ်။

## သမိုင်း မှတ်တမ်းတင်ရမယ့် အခိုက်အတန့် တစ်ခု A Historic Moment

ကျွန်တော်က ဦးအောင်ရွှေနဲ့ ဦးလွင်ကို သွားကြိုနေခိုက်မှာ ကျွန်တော့်စိတ်ကိုတော့ အကြီးအကျယ် အလုပ်ပေးနေပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့...။

- ဦးအောင်ရွှေနဲ့ ဦးလွင်တို့ရဲ့ခေါင်းဆောင်မှု ကာလမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးတို့ အပါအဝင် နိုင်ငံရေး အကျဉ်းသား အားလုံးကို NLD က ထုတ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ။

- အကျယ်ချုပ်၊ အကျဉ်းချုပ် ကျနေတဲ့ NLD အဖွဲ့ဝင်တွေရဲ့သဘောထား မပါဘဲ NC ကို တက်ဖို့ ဆုံးဖြတ်ပြီး လက်ရှိလည်း သူတို့ ခေါင်းဆောင်ပြီး NC ကို တက်နေတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်လို့ပါ။

ကျွန်တော် သူတို့ကို ဂိတ်ဝက ခေါ်ခဲ့ပါတယ်။ ဒေါ်စုရဲ့ အိမ်တံခါးဝ ရောက်တဲ့အခါ ဒေါ်စုက ဦးတင်ဦးနဲ့ ဦးကြည်မောင်တို့နဲ့တူ ဦးအောင်ရွှေတို့ကို ကြိုဆိုပါတယ်။ ကျွန်တော်ကလည်း သူတို့ ဘာတွေ ပြောမလဲလို့ စိတ်ဝင်တစား စောင့်ကြည့်နေခဲ့ပါတယ်။ မျက်တောင်မခတ်ပေါ့။

ဦးအောင်ရွှေက စ,စကားပြောပါတယ်။ "စုစုရေ၊ အန်ကယ်တို့ကတော့ ကိုယ်စွမ်းရှိသ၍၊ ဉာဏ်စွမ်းရှိသ၍ လုပ်ခဲ့ပါတယ်၊ စုစု မကျေနပ်လို့ရှိရင် ကြိုက်သလို ဝေဖန်နိုင်ပါတယ်" လို့ ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က "ရပါတယ် အန်ကယ်၊ အရင်ကလို ဆက်လုပ်ကြတာပေါ့" လို့ ပြန်ပြောလိုက်ပါတယ်။

ကျွန်တော့် စိတ်ထဲမှာတော့ "ပွဲပြတ်ပြီကွ" လို့ မှတ်ချက်ချရင်း ကြွေးကြော်လိုက်ပါတယ်။ ဒီလို ကြွေးကြော်ရတဲ့ အကြောင်းက အင်မတန် ကြီးမားပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်း

စုကြည်တို့ အကျယ်ချုပ်ကျနေပြီး ဦးကြည်မောင်၊ ဦးချစ်ခိုင်နဲ့ ရန်ကုန်တိုင်း ဥက္ကဋ္ဌ ဦးရွှေတို့ ထောင်ထဲမှာ နေရစဉ်မှာ ဦးအောင်ရွှေနဲ့ ဦးလွင်တို့က NLD ကို ခေါင်းဆောင်ခဲ့ပါတယ်။ ပြန်အစဖော်ရရင် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ ကာလမှာ ဦးကြည်မောင်နဲ့ ဦးချစ်ခိုင်တို့က NLD ခေါင်းဆောင်တွေပါ။ ဗိုလ်မှူးကြီးဟောင်း ဦးရွှေကတော့ အရေးပါတဲ့ ရန်ကုန်တိုင်းကို ဦးဆောင်ခဲ့တာပါ။

အဲဒီလို ကာလမှာ နဝတ၊ အထူးသဖြင့် ဗိုလ်ချုပ် ခင်ညွန့်ဟာ ဦးအောင်ရွှေနဲ့ ဦးလွင်တို့ကို အမျိုးမျိုးဖိအားပေးခဲ့ပါတယ်။ အမျိုးမျိုး ခြိမ်းခြောက်ခဲ့ပါတယ်။ အဲဒီ ခြိမ်းခြောက်မှုတွေကြောင့် ဦးအောင်ရွှေနဲ့ ဦးလွင်တို့ဟာ အမျိုးသား ညီလာခံကို တက်ဖို့ သဘောတူခဲ့ရပါတယ်။ အဆုံးစွန်အားဖြင့် ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ထောင်ကျ NLD အားလုံးကို ပါတီက ထုတ်ဖို့ ဖိအားပေးတာကိုလည်း လိုက်နာ လက်ခံခဲ့ပါတယ်။

ဦးတင်ဦးနဲ့ ဦးကြည်မောင်တို့ကို NLD က ထုတ်ပစ်စေတဲ့ အမိန့်ဟာ ပြည်တွင်းမှာသာမက ပြည်ပမှာပါ ဂယက်ရိုက်ခဲ့ပါတယ်။ ယေဘုယျ တွက်ကိန်းအရ ပြောရရင် ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ NLD နဲ့ ဦးအောင်ရွှေ၊ ဦးလွင်တို့ ခေါင်းဆောင်တဲ့ NLD တို့ နှစ်ခြမ်းကွဲလေရောလဟဲ့လို့ ရည်ရွယ်ပြီး လုပ်ခဲ့တာပါ။ ဒီလုပ်ရပ်ကို အကောင်အထည် ဖော်တာက ဗိုလ်ချုပ် ခင်ညွန့် ဖြစ်နိုင်သလို အဓိက တရားခံကတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေလို့ ကျွန်တော် ယူဆပါတယ်။ ဘာပဲဖြစ်ဖြစ် သူတို့လုပ်ရပ်ဟာ အထိုက်အလျောက် အောင်မြင်တယ်လို့ ယူဆရမှာပါ။

## ဂယက်ရိုက်ခတ်မှု

ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကို ထုတ်ပယ်တဲ့ အမိန့်ဟာ တစ်နိုင်ငံလုံးရှိ အဆင့်ဆင့်သော NLD အဖွဲ့ကို ဂယက်ရိုက်ချက်က ပြင်းထန်ပါတယ်။ အဲဒီသတင်း ထောင်ထဲကို ရောက်လာတဲ့ အခါမှာ ထောင်ကျ NLD အားလုံးနီးနီး သဘောမတူကြပါ။ ကန့်ကွက်စာတွေကို လျှို့ဝှက်ပြီး အပြင် ရောက်အောင် ထုတ်ပါတယ်။ ဦးအောင်ရွှေလက် ရောက်အောင် ပို့စေခဲ့ပါတယ်။ တိုင်းနဲ့ ပြည်နယ် NLD တချို့က ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ထုတ်ပစ်တာ လက်မခံကြောင်း၊ အပြင်းအထန် ကန့်ကွက်ကြောင်း ဗဟိုသို့ တရားဝင် အကြောင်းကြားခဲ့ပါတယ်။ မြို့နယ် တစ်ချို့ ဆိုရင် ဆိုင်းဘုတ် ဖြုတ်ချပြီး မြို့နယ် NLD အဖွဲ့ ဖျက်သိမ်းကြောင်းတောင် လုပ်ခဲ့ပါတယ်။ ဒါ့ကြောင့် ဂယက် ပြင်းတယ်လို့ ကျွန်တော် ဆိုလိုတာပါ။

ဒေါ်အောင်ဆန်းစုကြည်ဟာ စိတ်ထက်တဲ့အတွက် ဦးအောင်ရွှေနဲ့ ဦးလွင်တို့ကို မလွှဲမသွေ တုံ့ပြန်မယ်လို့ ယူဆပါတယ်။ ဒါပေမဲ့ အထက်မှာ ဖော်ပြခဲ့တဲ့ ဦးအောင်ရွှေနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ စကား အပြန်အလှန် ပြောဆိုမှုဟာ စက္ကန့်ပိုင်းလေးပဲ ကြာတာပါ။ အဲဒီ စက္ကန့်ပိုင်းလေးဟာ အနာဂတ် ဗမာပြည် နိုင်ငံရေးအတွက် အလွန်အရေးပါတဲ့ စက္ကန့်ပိုင်းလေးပါ။ ဗိုလ်သန်းရွှေနဲ့ ဗိုလ်ခင်ညွန့်တို့ စီမံဖန်တီးတဲ့ NLD ပြိုကွဲရေး စီမံကိန်းဟာ လုံးဝ ပျက်သုဉ်းသွားတာ ဖြစ်ပါတယ်။

ဦးအောင်ရွှေနဲ့ ဒေါ်စုတို့ အပြန်အလှန် ပြောဆိုပြီးတဲ့အချိန်မှာ အပြင်မှာ လူအုပ်ကြီးက များနေပါပြီ။ ဒါ့ကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို ခွင့်တောင်းပြီး ဧည့်ခန်းမှာ နေရာထိုင်ခင်းတွေ ပြင်ဆင်ပါတယ်။ ဒေါ်စုနဲ့ လူကြီးတွေ နေရာထိုင်ခင်း ယူပြီးတဲ့အခါ သံတမန် အရာရှိတွေနဲ့ မီဒီယာက ပုဂ္ဂိုလ်တွေကို စာရင်းစစ်ပြီး ခေါ်သွင်းပါတယ်။ အားလုံး ၈၅ ယောက် ရှိပါတယ်။ အားလုံး စုံသလောက် ရှိတဲ့အခါမှာ ကျွန်တော်က အခမ်းအနားမှူးအဖြစ် တိုတိုတုတ်တုတ်နဲ့ မိတ်ဆက်ပေးပြီး ဧည့်သည်တွေထဲက မေးချင်တာ ရှိတာတွေ မေးဖို့ ဖိတ်ခေါ် လိုက်ပါတယ်။

အမေရိကန် သံရုံးက အရာရှိတစ်ဦးက စမေးပါတယ်။ သူ့မေးခွန်းကတော့ "ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကို NLD က ထုတ်ပယ်ထားတဲ့ ကိစ္စနဲ့ ပတ်သက်လို့ ဘယ်လို သဘောထားပါသလဲ" ဖြစ်ပါတယ်။ အဲဒီ အချိန်မှာ ပရိသတ်တွေရဲ့ ရှေ့မှာရှိတဲ့ ထိုင်ခုံမှာ ဒေါ်အောင်ဆန်းစုကြည်က အလယ်မှာ ထိုင်ပါတယ်။ သူ့ညာဘက်မှာ ဦးကြည်မောင်နဲ့ ဦးတင်ဦး ထိုင်ပြီးတော့ သူ့ဘယ်ဘက်မှာ ဦးအောင်ရွှေနဲ့ ဦးလွင်တို့ ထိုင်နေကြပါတယ်။ အဲဒီလို မေးခွန်းမေးတော့ ဒေါ်အောင်ဆန်းစုကြည်က "အခု ရှင်တို့ မြင်တဲ့အတိုင်း ဒီပုဂ္ဂိုလ်တွေဟာ ကျွန်မနဲ့ အတူတကွ ထိုင်နေသလို နောင်လည်း ဒီလိုပဲ အတူတကွ လက်တွဲပြီး အလုပ်တွေ ဆက်လုပ်သွားမှာ ဖြစ်ပါတယ်" လို့ ဖြေလိုက်ပါတယ်။

အဲဒီ အဖြေဟာ ပြည်တွင်းမှာသာမက ပြည်ပပုဂ္ဂိုလ်များကပါ အထူး စိတ်ဝင်စားတဲ့ အကြောင်းအရာဖြစ်ပါတယ်။ နောက်ပိုင်း မေးခွန်းတွေကတော့ အမျိုးသား ညီလာခံအပေါ်မှာ ဘယ်လို သဘောထားလဲ၊ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ ဘယ်လို သဘောထားသလဲ၊ အဆင့်ဆင့်သော NLD အဖွဲ့အစည်းတွေကို ဘယ်လို ပြန်လည် ဖွဲ့စည်းမှာလဲ စတဲ့ မေးခွန်းတွေ ဖြစ်ပါတယ်။ အားလုံး သိကြတဲ့အတိုင်း ဒေါ်အောင်ဆန်းစုကြည်က စကားကြွယ်စတဲ့အတွက် မေးခွန်း အားလုံးကို ပြေလည်အောင် ဖြေကြားသွားနိုင်ပါတယ်။

## ကျွန်တော့်အပေါ် ဒေါ်အောင်ဆန်းစုကြည်ရဲ့သဘောထား

အဲဒီနေ့ ညနေပိုင်း ဧည့်ပရိသတ်တွေ ရှင်းသွားတော့ ဒေါ်စုက ကျွန်တော့်ကို ပြောပါတယ်။ "ကျွန်မကတော့ နိုင်ငံရေး ဆက်လုပ်ရမယ် ကိုဝင်းထိန်၊ ဒါ့ကြောင့် ဟိုတုန်းကလိုပဲ ကျွန်မကို ဆက်အကူအညီ ပေးပါဦး" လို့ ပြောပါတယ်။ ကျွန်တော်က ချက်ချင်းအဖြေမပေးပါ။ အဲဒီအစား "ကျွန်တော် အိမ်ကိုပြန်တိုင်ပင်လိုက်ပါဦးမယ်၊ တိုင်ပင်ပြီးမှ ဖြေပေးပါရစေ" လို့ ပြန်ပြောခဲ့ပါတယ်။ အဲဒီလို ပြောပြီး ညနေပိုင်း အိမ်ပြန်ခဲ့ပါတယ်။ အိမ်ပြန်ရောက်တော့ မိသားစုအားလုံးကို ခေါ်ပြီး သူတို့ကို အကျိုးအကြောင်း ပြောပြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က သူ့ရဲ့ နိုင်ငံရေး လုပ်ငန်းတွေကို အရင်ကလို ဆက်လက် အကူအညီ ပေးဖို့ ကိစ္စ၊ သူတို့ သဘောထားဘယ်လို ရှိသလဲပေါ့။

## မိသားစုတွင်း ဒီမိုကရေစီ

ကျွန်တော်က ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးအလုပ်တွေကို ကူညီလုပ်ဖို့ ဒေါ်စုက ဆန္ဒရှိတဲ့အကြောင်း မိသားစုအားလုံးကို ရှင်းပြပြီး ကျွန်တော်ဟာ ၁၉၈၈-၈၉ ခုနှစ် ကာလတွေမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေး လုပ်ငန်းစဉ်တွေ လုပ်ပေးခဲ့ရကြောင်း အကျယ်တဝင့် ပြောပြပါတယ်။ ပြီးတော့ သူတို့ဆန္ဒ ဘယ်လို ရှိသလဲ ဆိုတာကိုလည်း မေးပါတယ်။

ဇနီးသည်ကတော့ "ကိုကြီးသဘောပဲ" လို့ ပြောပါတယ်။ ဆိုလိုတာက ကျွန်တော် နိုင်ငံရေး ဆက်လုပ်မယ် ဆိုလည်း သဘောတူတယ်၊ ဆက်မလုပ်ဘူး ဆိုလည်း သဘောတူတယ်ပေါ့။ သမီးကြီး ဝင်းမာမြင့် (ခ) မီးမီးကတော့ ထောင်ဝင်စာ မပို့ချင်တော့ဘူးလို့ ညည်းပြပါတယ်။ လုပ်ပါ/မလုပ်ပါနဲ့လို့ မပြောဘဲ ရှေ့ကို နှစ်ပြန် သုံးပြန် ကျော်စဉ်းစားပြီး နိမိတ်ဖတ်သလို ပြောပြတာပါ။ ဒါပေမဲ့ အဆုံးတော့ ကိုကြီးသဘောပေါ့။ သူက သမီးအဖြစ် မွေးစားထားပေမဲ့ ခယ်မ အငယ်ဆုံး ဖြစ်လို့မို့ ကျွန်တော့်ကို ကိုကြီးလို့ပဲ ခေါ်ပါတယ်။

သားကြီးနဲ့ သားငယ်ကတော့ "ဖေကြီး ဆက်လုပ်" ပေါ့။ အဲဒီတော့ ဇနီးနဲ့တကွ သားကြီး၊ သမီးကြီး

တွေက ကျွန်တော် နိုင်ငံရေး ဆက်လုပ်မှာနဲ့ ပတ်သက်လို့ သဘောတူတယ်လို့ ယူဆလို့ရပါတယ်။ နောက်ဆုံး အနေနဲ့ သမီးငယ်လေးကို မေးပါတယ်။ သမီးငယ် မချစ်စုဝင်းထိန် အဲဒီ အချိန်မှာ ကိုးနှစ် ရှိပါပြီ။ လေးတန်း လည်း ရောက်နေပါပြီ။ "သမီးငယ်က ဘယ်လို သဘောရသလဲ" လို့ မေးတဲ့ခါ သူက "ဖေကြီးနဲ့ မခွဲချင်တော့ ဘူး" လို့ ပြောပါတယ်။ ဒီလိုဆိုတော့ သမီးလေးက သဘောမတူတော့ဘူးပေါ့။ သမီးကြီး မဝင်းမာမြင့်နဲ့ သမီးငယ် မချစ်တို့က ကျွန်တော် ပြန်အဖမ်းခံရမှာကို ကြိုတင် နိမိတ်ဖတ်နေသလိုပါပဲ။

နောက်တစ်နေ့ ကျွန်တော် ဒေါ်အောင်ဆန်းစုကြည် အိမ်ကို သွားပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အားတဲ့အခါ ကျွန်တော် မနေ့က အိမ်မှာ အစည်းအဝေး လုပ်တဲ့အကြောင်း၊ ဇနီးသည်နှင့်တကွ သားကြီး၊ သမီးကြီးတွေ အားလုံး သဘောတူကြောင်း၊ သမီးငယ်လေးကတော့ အင်တင်တင် ဖြစ်နေကြောင်း စသဖြင့် ရှင်းပြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က စူးစူးစိုက်စိုက် နားထောင်ပြီး အဆင်ပြေတဲ့ တစ်နေ့မှာ မိသားစု အားလုံးနဲ့ တွေ့ချင်ကြောင်း ပြောပါတယ်။

## ဇူလိုင်လ ၁၉ ရက်

၁၉၉၅ ခုနှစ် အာဇာနည်နေ့မှာ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ရေးအတွက် အစိုးရက တာဝန်ယူပါတယ်။ ထောက်လှမ်းရေးက ဗိုလ်မှူး သန်းထွန်း ကိုယ်တိုင် လာကြို/ပြန်ပို့ လုပ်ပေးပါတယ်။ အဲဒီနေ့မှာပဲ ဗိုလ်ချုပ် အောင်ဆန်းရဲ့ အစ်ကို အာဇာနည် ဦးဘဝင်း အိမ်မှာ ဧည့်ပရိသတ်တွေကို အစားအသောက်နဲ့ ဧည့်ခံပါတယ်။ နှစ်စဉ် အာဇာနည်နေ့တိုင်း သူတို့ မိသားစု လုပ်နေကျ အလုပ်ပါ။ ဒါ့ကြောင့် ကျွန်တော်တို့ မိသားစုဝင် အားလုံး သွားရောက်ကြပါတယ်။ အာဇာနည်နေ့ အခမ်းအနား တက်ပြီး ပြန်လာတဲ့ ဒေါ်အောင်ဆန်းစုကြည်လည်း ရောက်လာပါတယ်။

ဧည့်ပရိသတ်တွေ စဲသွားတဲ့အခါမှာ ကျွန်တော်တို့ မိသားစုဝင် အားလုံးကို ဒေါ်အောင်ဆန်းစုကြည် ခေါ်တွေ့ပါတယ်။ သူက အငယ်ဆုံးသမီး မချစ်ကို မူတည်ပြီး စကားပြောပါတယ်။ အမိပွာယ်ကတော့ မြန်မာ နိုင်ငံ အနာဂတ် သာယာ ဝပြောရေးအတွက် သူ့အနေနဲ့ နိုင်ငံရေး အလုပ်တွေ ဆက်လုပ်ရမှာ ဖြစ်ကြောင်း၊ အဲဒီလို လုပ်ရာမှာ သမီးအဖေရဲ့ အကူအညီ လိုအပ်ကြောင်း၊ အဲဒီလို လုပ်ရာမှာ သူကိုယ်တိုင်တောင် အန္တရာယ် ရှိကြောင်း၊ သမီးလေးရဲ့ အဖေကိုတော့ တတ်နိုင်သမျှ ဘေးကင်းအောင် စီစဉ် ဆောင်ရွက်ပေးမှာ ဖြစ်ကြောင်း။ ဒါ့ကြောင့် သမီးလေးအနေနဲ့ စိတ်ပူမယ်ဆိုတာ နားလည်ကြောင်း အကျယ်တဝင့် ရှင်းပြပါတယ်။

အဲဒီလို ရှင်းပြနေတဲ့ အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ မျက်ရည်တွေ ဝဲနေပါတယ်။ ကျွန်တော်က တော့ သမီးငယ်လေးကို ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် စိတ်ရှည်လက်ရှည် ရှင်းပြနေတာကို ဘေးကနေ ထိုင်ကြည့်ပြီး အားနာနေပါတယ်။ သမီးလေးက သူပြောသမျှကို မျက်တောင်လေး ပေကလပ် ပေကလပ်နဲ့ နားထောင်နေပါတယ်။ နားလည်မယ်လို့တော့ ထင်ပါတယ်။ အဲဒီနေ့ နောက်ပိုင်းမှာတော့ ဘာမှ ထူးထူးခြားခြား မရှိတော့တဲ့ အတွက် နေ့စဉ် တနင်္ဂနွေနေ့ကလွဲလို့ တစ်ပတ်မှာ ခြောက်ရက် ပုံမှန် ဒေါ်အောင်ဆန်းစုကြည် အိမ်ကိုသွားပြီး လုပ်အားပေးခဲ့ပါတယ်။

ကျွန်တော်နဲ့အတူ ရုံးလုပ်ငန်းတွေ ဆောင်ရွက်တဲ့ တခြားလူ တစ်ဦးကတော့ ဦးအေးဝင်းပါ။ သူက အာဇာနည် ဦးဘဝင်းရဲ့ သားအကြီး ဖြစ်ပါတယ်။ စက်မှု (အထည်) မှာ ညွှန်ကြားရေးမှူး ဘဝက အငြိမ်းစား ယူခဲ့တာပါ။ အငြိမ်းစား ယူပြီးတဲ့နောက် ကိုယ်ပိုင် စာရင်းစစ် အဖွဲ့ Audit Firm တစ်ခု ဖွင့်လှစ်ထားပြီး ပုဂ္ဂလိက ကုမ္ပဏီ တချို့အတွက် စာရင်းစစ် လုပ်ငန်းတွေ ဆောင်ရွက်ပေးရင်းနဲ့ အဆင်ပြေနေတဲ့ သူ

တစ်ယောက်ပါ။ သူလည်းပဲ ကျွန်တော့်လို ဒေါ်အောင်ဆန်းစုကြည်က မေတ္တာရပ်ခံလို့ သူ့ ရုံးကိစ္စတွေ ဆောင်ရွက်ပေးနေတာပါ။ သူ့ရဲ့ အဓိက တာဝန်ကတော့ ပြည်ပ ဆက်ဆံရေး ဖြစ်ပါတယ်။ နိုင်ငံခြား သံတမန်များ၊ သတင်း မီဒီယာများနဲ့ ဆက်သွယ်ရေး ကိစ္စတွေ လုပ်ပေးရတာပါ။ သူ့မှာ တည်ငြိမ် အေးဆေးတဲ့ အမူအရာတွေ ရှိပါတယ်။

## ထမင်းအိုးထမ်း၊ ဟင်းအိုးထမ်း

၁၉၉၅ ခုနှစ်၊ ဇူလိုင် လလယ်လောက်က စပြီးတော့ ကျွန်တော် ဒေါ်အောင်ဆန်းစုကြည် ရုံးကိစ္စတွေကို ကူညီ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ လူမျိုးစုံ၊ အဖွဲ့အစည်း မျိုးစုံနဲ့ ဆက်ဆံရပါတယ်။ ပြည်တွင်း၊ ပြည်ပ ဧည့်သည်တွေလည်း ပါပါတယ်။ အဲဒီလို တွေ့ကြုံ ဆက်ဆံရတဲ့ အခါမှာ ရံဖန်ရံခါ သူတို့ မေးလေ့မေးထ ရှိတဲ့မေးခွန်းက "ခင်ဗျားက ဘာလဲ" ဆိုတဲ့ မေးခွန်းပါ။ ကျွန်တော်ကလည်း အဲဒီလို မေးခွန်းမျိုးကို ကြုံသလို လက်တန်း ဖြေလေ့ရှိပါတယ်။ ဖြေရင်လည်း တစ်ခါနဲ့ တစ်ခါ မတူတတ်ပါ။

"ကျွန်တော်က ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရုံးအဖွဲ့မှူး" ဆိုတာမျိုး၊ "Assistant to Daw Aung Suu Kyi" ဆိုတာမျိုး၊ ဗမာလို ဆိုရင်တော့ "ဒေါ်အောင်ဆန်းစုကြည်ရဲ့ လက်ထောက်" စသဖြင့် ပြောလေ့ရှိပါတယ်။ ကျွန်တော်က ဒေါ်အောင်ဆန်းစုကြည်ထက် လေးနှစ် ပိုကြီးတဲ့အတွက် သူက ကျွန်တော့်ကို ခိုင်းရတာ အားနာကြောင်း နီးစပ်တဲ့သူတွေကို ပြောလေ့ရှိပါတယ်။ ကျွန်တော့်ကို တိုက်ရိုက်ပြောတာ မဟုတ်ပါဘူး။ သူ့ ပတ်ဝန်းကျင်က တခြားလူရင်းတွေကို ပြောခဲ့တာပါ။ ဒါပေမဲ့ အရမ်းခင်တဲ့ မိတ်ဆွေ သူငယ်ချင်း အချို့ကတော့ "ကြီးတော်နွား အလကား ကျောင်းပေးနေတယ်" လို့ ပြောလေ့ရှိကြပါတယ်။ အားပေးတာလား၊ ခနဲ့တာလား မပြောတတ်ပါ။

တကယ်တော့ ၁၉၉၅-၉၆ ခုနှစ် ကာလတွေမှာ ကျွန်တော် သူ့ရုံးမှာ လုပ်ခဲ့ရတာက နယ်က လာတဲ့ လူကြီး/လူငယ် အဖွဲ့အစည်းတွေကို တွေ့ပေးရပါတယ်။ ပြည်ပ ဆက်ဆံရေး ကိစ္စတွေကို ဦးဓအေးဝင်းက တာဝန်ယူတယ် ဆိုပေမဲ့၊ တစ်ခါတလေ သူ မရှိတဲ့အခါ ကျွန်တော်ကပဲ တာဝန်ယူပြီး စီစဉ်ပေးရပါတယ်။ သံတမန်တွေ၊ ပြည်တွင်း ပြည်ပ မီဒီယာတွေ ဖြစ်ပါတယ်။ တကယ်တော့ အဲဒီလို လုပ်ပေးနေတာတွေဟာ ဗမာနိုင်ငံမှာ ဒီမိုကရေစီ ထွန်းကားဖို့ လုပ်ဆောင်နိုင်မယ့်လူဟာ သူက လွဲလို့ တခြား ဘယ်သူမှ မရှိဘူးဆိုတဲ့ ယုံကြည်ချက်နဲ့ပါ။

ဒါ့ကြောင့် အဲဒီအလုပ်တွေနဲ့ ပတ်သက်လို့ အောက်ခြေသိမ်း အလုပ်တွေ လုပ်ပေးရတာကို ကိုယ့်ကိုယ်ကိုယ် "ထမင်းအိုးထမ်း၊ ဟင်းအိုးထမ်း" အလုပ်လို့ ယူဆပါတယ်။ အဲဒီစကားဟာ ဖတ်စကားပါ။ ဖတ်အဖွဲ့တစ်ခုမှာ မင်းသားနဲ့ သူ့ရဲ့ အရန် သရုပ်ဆောင်တွေ၊ မင်းသမီးနဲ့ အမျိုးသမီး သရုပ်ဆောင်တွေ၊ လူရွှင်တော် အဖွဲ့၊ ဆိုင်းဝိုင်း အဖွဲ့၊ စတဲ့ အဖွဲ့တွေဟာ သူ့တာဝန်နဲ့သူ ရှိပါတယ်။ အဲဒီလို တာဝန် သီးသန့် မရှိဘဲနဲ့ ပေါ်လာတဲ့ ကိစ္စမျိုးစုံအတွက် အသုံးတည့်တဲ့ သူမျိုးကိုတော့ "ထမင်းအိုးထမ်း၊ ဟင်းအိုးထမ်း" လို့ ခေါ်လေ့ရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော် လုပ်ရတဲ့ အလုပ်ကို ဒီလိုပဲ အမည်နာမ တပ်လိုပါတယ်။

## အမျိုးသား ညီလာခံ ကိစ္စ

ကျွန်တော် ထောင်ထဲမှာ ရှိစဉ်တုန်းကတည်းက ကျွန်တော်တို့ အဖွဲ့ချုပ် NC ကို ပါနေတာနဲ့ ပတ်သက်လို့ လုံးဝ မကျေနပ်ခဲ့ပါ။ အဲဒီလို မကျေနပ်ပေမဲ့ ထောင်က လွတ်လာတဲ့အခါမှာ မကျေနပ်ကြောင်းကို ဘယ်သူ့ကိုမှ

မဝေဖန်ခဲ့ပါ။ ကံအားလျော်စွာ လူကြီးတွေကိုလည်းမဝေဖန်ခဲ့ပါ။ အလားတူပဲ ဒေါ်အောင်ဆန်းစုကြည်ကလည်း မကျေနပ်ဘူးလို့ ခံစားရမယ် ထင်ပါတယ်။ သို့သော်လည်း အလုပ်တွေက ဆက်တိုက်များနေတော့ အဲဒီကိစ္စနဲ့ ပတ်သက်လို့ သူနဲ့ တစ်ခါမှ မဆွေးနွေးခဲ့ဖူးပါ။

ဒေါ်အောင်ဆန်းစုကြည်က တိုင်းနဲ့ပြည်နယ် အသီးသီးက အဖွဲ့ချုပ်ဝင်တွေ၊ တစ်ခါတလေ မြို့နယ် အဖွဲ့အစည်းတွေ၊ လူငယ်အဖွဲ့တွေနဲ့ တွေ့ပြီး ဆွေးနွေးကြတဲ့အခါမှာ သူတို့ရဲ့ သဘောထားတွေကို တင်ပြကြပါတယ်။ တင်ပြကြတဲ့ ပြဿနာ အများစုထဲမှာ အဖွဲ့ချုပ်က NC ကို တက်တဲ့ အတွက် ကျေနပ်မှု မရှိတဲ့ အကြောင်းတွေ ထပ်ခါ ထပ်ခါ ပါလာပါတယ်။ အဲဒီလို ဆွေးနွေးမှုတွေ အကြောင်းကို ဗဟို အလုပ်အမှုဆောင် အစည်းအဝေးတွေမှာ တင်ပြ ဆွေးနွေးပါတယ်။ နောက်ဆုံးမှာတော့ အဖွဲ့ချုပ် ဗဟို အလုပ်အမှုဆောင် အဖွဲ့နဲ့ NC တက်တဲ့ အဖွဲ့ချုပ်ဝင်တွေ တွေ့ဆုံ ဆွေးနွေးဖို့ အခြေအနေ ဖြစ်ပေါ်လာပါတယ်။

အမျိုးသား ညီလာခံ တက်ရောက်တဲ့ ကိုယ်စားလှယ်ပေါင်း ၆၀၀ နီးပါးရှိတဲ့ အထဲမှာ ကျွန်တော်တို့ အဖွဲ့ချုပ်ရဲ့ အင်အားဟာ ၈၅ ဦးသာ ရှိပါတယ်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ ၈၂ ရာခိုင်နှုန်းကျော် နိုင်ခဲ့ တာပါ။ တိုင်းရင်းသားပါတီ တချို့က ကိုယ်စားလှယ်တွေကလည်း လူအနည်းစုပါ။ ကျန်တဲ့ အများစုကတော့ တပ်မတော် အရာရှိများ၊ နဝတ အစိုးရက ဘာပြောပြော လက်ညှိုးထောင်၊ ခေါင်းညိတ်မယ့် ပုဂ္ဂိုလ်များ ပါဝင်ပါတယ်။ အားလုံးသိတဲ့အတိုင်း ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ ၈၂ ရာခိုင်နှုန်း နိုင်ခဲ့တဲ့ NLD ကိုယ်စားလှယ် ပေါင်းဟာ ၈၅ ယောက်ပဲ ပါပါတယ်။ ၁၉၉၃ ခုနှစ်က စပြီး ၁၉၉၅ ခုနှစ် နှောင်းပိုင်းအထိ ညီလာခံ ကျင်းပခဲ့ရာ မှာ NLD က အကျိုးနဲ့ အကြောင်းနဲ့ တင်ပြတဲ့ အချက်အလက် အများစုဟာ အပယ်ခံခဲ့ရပါတယ်။

## NC ကျင်းပနေစဉ် ဖြစ်ပေါ်ခဲ့တဲ့ ရယ်စရာတစ်ခု

အမျိုးသား ညီလာခံ အကြောင်းကို ကျွန်တော်တို့ရဲ့ တုံ့ပြန်ပုံကို မတင်ပြမီ ကြားဖြတ်ကိစ္စလေး တစ်ခုကတော့ သိသင့်သိထိုက်လို့ တင်ပြပါရစေ။ နဝတ အစိုးရက NC ညီလာခံ ကိုယ်စားလှယ်တွေ ရွေးရာမှာ တပ်မတော် သားတွေနဲ့ ဝန်ထမ်းတွေအပြင် မြို့နယ် အသီးသီးမှာ လူအများက လေးစားတဲ့ ရပ်မိရပ်ဖ အချို့လည်း ပါပါ တယ်။ အခု တင်ပြမယ့်အချက်က ပြည်နယ်တစ်ခုက ကိုယ်စားလှယ်ကြီး တစ်ယောက်နဲ့ ပတ်သက်ပါတယ်။ အဲဒီ ကိုယ်စားလှယ်ကြီးဟာ အသက် ၆၀ ကျော်ပါပြီ။ သူ့မြို့နယ်မှာ အချမ်းသာဆုံးထဲက တစ်ယောက် ဖြစ်ပါ တယ်တဲ့။

သူဟာ အရောင်းအဝယ် လုပ်ငန်းအပြင် ပေါင်နှံ၊ ချေးငှားခြင်း အလုပ်တွေလည်း လုပ်တယ်လို့ သိရပါ တယ်။ သက်သောင့်သက်သာ အလုပ်တွေ နေ့စဉ်လုပ်တဲ့အခါ နေ့လယ်စာ စားပြီးတာနဲ့ တစ်ရေးတမော အိပ်လေ့ရှိပါတယ်။ ဒါက သူ့ရဲ့ နေ့စဉ် လုပ်နေကျ အလေ့အထတစ်ခုပါ။ NC ကိုယ်စားလှယ်လည်း ဖြစ်ရော နေ့စဉ် နေ့လယ်စာ စားပြီးတိုင်း ထိုင်ခုံမှာ ထိုင်ရင်းနဲ့ တစ်ရေးတမော အိပ်လေ့ရှိပါတယ်။ ဒါပေမဲ့ အရေးကြီးတဲ့ ကိစ္စတွေ လွတ်သွားမှာစိုးလို့ သူ့ဘေးက အဖော်တစ်ယောက်ကို မှာထားပါတယ်။ ဘယ်လိုမှာသလဲ ဆိုတော့ "လက်ခုပ်တီးဖို့ အချိန်ရောက်ရင် ကျွန်တော့်ကို တံတောင်နဲ့ တွတ်ပြီး နှိုးပါဗျာ" တဲ့။

အဲဒီလိုနဲ့ NC တက်တာလည်း တာဝန်မပျက်၊ နေ့လယ်စာ စားပြီးလို့ ညီလာခံတက်ရင်းနဲ့ တစ်ရေး တမော အိပ်တာလည်း မပျက်နဲ့ ဟန်ကျနေပါတယ်။ ဒါပေမဲ့ တစ်နေ့ကျတော့ သူ့ခမျာ ကံမကောင်း အကြောင်း မလှတဲ့ ကိစ္စတစ်ခု ကြုံရပါတယ်။ ဘာလဲဆိုတော့ သူ တစ်ရေးတမော အိပ်နေတဲ့အခိုက်မှာ ပြန်ကြားရေး TV အဖွဲ့တစ်ဖွဲ့က ကိုယ်စားလှယ်တွေကို ခုံတန်းအလိုက် တရွေ့ရွေ့ ရိုက်ကူး မှတ်တမ်းတင်နေတဲ့ အခိုက်မှာပါ။

သူ့ဘေးက လူက အဲဒီ အိပ်ပျော်နေတာ TV ထဲ ပါသွားမှာစိုးလို့ TV အဖွဲ့ သူတို့နား ရောက်လာတော့ ဘေးကလူကို တံတောင်နဲ့ တွတ်လိုက်ပါတယ်။ အဲဒီမှာ သူက ထပြီး လက်ခုပ်တီးပါလေရော။

အဲဒီမှာ ဘေးပတ်ပတ်လည်က ကိုယ်စားလှယ်တွေကလည်း သူ့ကို လှည့်ကြည့်၊ မှတ်တမ်းတင်တဲ့ TV အဖွဲ့ကလည်း ကြောင်ပြီး ရိုက်ကူးတာကို ရပ်တန့်လိုက်ပါတယ်။ အားလုံးက ဘာ့ကြောင့် အဲဒီ ကိုယ်စားလှယ်ကြီး လက်ခုပ်တီးတယ် ဆိုတာ သဘောမပေါက်ကြပါ။ ညနေ ညီလာခံ အချိန်ပြီးလို့ ကိုယ့်အခန်းကို ပြန်ကြတော့ NC မှာ လုံခြုံရေး တာဝန်ယူတဲ့ အဖွဲ့က သူ့ကို ခေါ်ပါလေရော။

မေးခွန်းက နေ့ခင်းတုန်းက ဆိုင်းမဆင့် ဗုံမဆင့် သူ ဘာဖြစ်လို့ လက်ခုပ်တီးရသလဲ ဆိုတဲ့ အကြောင်းရင်းကို သိချင်တဲ့အတွက်ပါ။ အဲဒီမှာ သူက သူ့ရဲ့ နိဗ္ဗုတ္တဝအကျင့်ကို ပြောပြပြီး သူ့ဘေးက ကိုယ်စားလှယ်က တာဝန်ကျေစွာ တံတောင်နဲ့ တွတ်တာကို သူ အမှတ်မှားပြီး လက်ခုပ်တီးမိပါကြောင်း။ ဒါအတွက် တောင်းပန်ပါကြောင်း ထွက်ဆိုချက် ပေးခဲ့ရပါတယ်။ အဲဒီနေ့က စပြီးတော့ ကိုယ်စားလှယ်တော်ကြီးများက သူ့ကို မြင်တိုင်း ပြုံးစိစိပေါ့။ သို့သော်လည်း နောင်မှာ NC ကိုယ်စားလှယ် အပြောင်းအလဲ လုပ်တဲ့အခါ သူ ပါမလာတော့ပါဘူး။ သူ့အတွက်တော့ ဝဋ်ကျွတ်သွားတယ်လို့ ဆိုရမှာပေါ့။ အဲဒီလို လူစား လဲပေးလိုက်တာကိုလည်း သူ ကျေးဇူးတင်နေမှာပါ။

## ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ

ရက်အတိအကျတော့ ကျွန်တော် မမှတ်မိတော့ပါ။ အောက်တိုဘာ လကုန်ပိုင်း တစ်ရက်မှာ ဖြစ်ပါတယ်။ ဗဟို အလုပ်အမှုဆောင် အဖွဲ့ရဲ့ ဖိတ်ကြားချက်ကြောင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဧည့်ခန်းမှာ အမျိုးသား ညီလာခံ တက်နေတဲ့ ကိုယ်စားလှယ်တွေနဲ့ ဗဟို အလုပ်အမှုဆောင် တွေ့ဆုံပွဲ ကျင်းပပါတယ်။ အဲဒီနေ့မှာ ထူးခြားတာက အခါတိုင်း ဧည့်ခန်းမှာ ဧည့်သည်တွေ တွေ့ရင် ဖျာခင်းပြီး ဆွေးနွေးလေ့ရှိပေမဲ့ အဲဒီ နေ့ကတော့ ကုလားထိုင်တွေ ခင်းထားပါတယ်။ ၈၅ ယောက်စလုံး ဆုံပါတယ်။ ဒါပေမဲ့ ကြပ်ကြပ်သပ်သပ်ပါ။ ကျွန်တော်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရပြီး တွေ့ဆုံပွဲ အစ အဆုံးကို ဗီဒီယို မှတ်တမ်းအဖြစ် ကိုစိန်အုန်းက တာဝန်ယူပါတယ်။

အစည်းအဝေး စတာနဲ့ ဥက္ကဋ္ဌ ဦးအောင်ရွှေက အမျိုးသား ညီလာခံ တက်ရောက်တဲ့ ဖြစ်စဉ်တွေကို အစီအရင်ခံစာ တင်သွင်းပါတယ်။ အစီအရင်ခံစာထဲမှာ သူ ထောက်ပြတဲ့ အချက်တွေဟာ အဓိပ္ပာယ် အများကြီး လေးနက်မှုရှိပါတယ်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ ၈၂ ရာနိုင်နှုန်းနဲ့ သောင်ပြိုကမ်းပြို နိုင်ထားတဲ့ ပါတီကို NC မှာ ၁၀ ရာနိုင်နှုန်းလောက်ပဲ ထည့်သွင်းထားပုံ၊ NC စတင် ကျင်းပ ကတည်းက အစီအစဉ်တွေ ရေးဆွဲထားတာတွေက ဒီမိုကရေစီ နည်းမကျပုံ၊ ညီလာခံ ကျင်းပနေဆဲ ကာလမှာလည်း NLD က တင်ပြတဲ့ အချက်တွေကို တစ်စုံမှ မလေးမထားဘဲ ငြင်းပယ်ခြင်း ခံရပုံ စသည်တို့ကို အကျယ်တဝင့် ရှင်းပြပါတယ်။

တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တွေကလည်း ညီလာခံ ကျင်းပနေဆဲမှာ နဝတနဲ့ နဝတ အလိုတော်ရိတွေ တစ်ဖက်သတ် ပြုမူ ဆောင်ရွက်ပုံတွေကို ဖွင့်ဟ ဝေဖန်ကြပါတယ်။ ဒီကြားထဲမှာ တက်လာတဲ့ ကိုယ်စားလှယ်တွေက ညီလာခံ တက်ရတဲ့ ကိစ္စတွေကို ထောက်ခံတဲ့ စကားတွေ ထပြီး ဆွေးနွေးကြပါတယ်။ သူတို့ ပြောစကားတွေကို အများစုက မကျေနပ်ကြပါ။ စိတ်ဆိုး မာန်ဆိုးနဲ့ ထပြီး ရန်တွေ့တဲ့ စကားတွေလည်း ပြောကြလို့ အခိုက်အတန့် ရုတ်ရုတ်သဲသဲ ဖြစ်သွားပါတယ်။

အချုပ်အားဖြင့် တင်ပြရရင် ရောက်ရှိနေတဲ့ ကိုယ်စားလှယ် အများစုက ညီလာခံ တစ်ခုလုံးဟာ

ဒီမိုကရေစီ နည်းမကျတဲ့ နဝတ လိုလားတဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပေါ် လာမှာဖြစ်လို့ ဒီမိုကရေစီ နည်းလမ်းနဲ့ သွေဖည်နေကြောင်း သဘောကိုက်ညီကြပါတယ်။ ဒါပေမဲ့ ဦးလှစိုး (မကွေးတိုင်း-ကွယ်လွန်)၊ ဦးတင်ထွန်းမောင်နဲ့ ဦးကြည်ဝင်း (ရန်ကုန်တိုင်း)၊ ဦးသန်းထွန်း (ဒေးဒရဲ)၊ ဦးသိန်းကြည် (မကွေးတိုင်း)၊ ဦးထွန်းရွှေ (တရားရုံးချုပ် ရှေ့နေ) နဲ့ နောက်တစ်ဦးတို့ကတော့ အများသဘောနဲ့ မတူပါဘူး။ လူအများစုနဲ့မို့ ပေါ်ပေါ်ထင်ထင် မကန့်ကွက်ရဲပေမဲ့ နောက်ပိုင်း တစ်ဦးချင်း ဆန္ဒဖော်ထုတ်ကြရာမှာတော့ ညီလာခံရဲ့ သဘောထားတွေကို လက်ခံသင့်ကြောင်း ပြောခဲ့ကြပါတယ်။ နောက်ပိုင်းမှာ သူတို့ကို အဖွဲ့သဘောမျိုး သတ်မှတ်ပြီး G-7 အဖွဲ့လို့ ခေါ်ကြပါတယ်။

## စည်းကမ်းနဲ့ မညီတာက သူတို့

အဲဒီ ဆွေးနွေး ညှိနှိုင်းမှုများက ပေါ်ထွက်လာတဲ့ သဘောထားကတော့ ညီလာခံနဲ့ ပတ်သက်တဲ့ သဘောထားတွေ ဖော်ပြမယ်၊ ညီလာခံ တစ်လျှောက်လုံး ဒီမိုကရေစီနည်းမကျတဲ့ အချက်တွေ ဖော်ထုတ်ပြီး ယင်းကိစ္စများနဲ့ ပတ်သက်ပြီး ညီလာခံ ကော်မရှင်ရဲ့ အဖြေကို သိလိုပါတယ်လို့ တင်ပြ တောင်းဆိုမယ်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အမျိုးသား ညီလာခံ ကော်မရှင်ရဲ့ ပြန်ကြားချက်ကို စောင့်ဆိုင်းနေမယ်ဆိုတဲ့ အဓိပ္ပာယ်ပေါက်တဲ့ စာ ပြုစုပြီး သက်ဆိုင်ရာကို ပို့ပေးလိုက်ပါတယ်။

ညီလာခံ ကော်မရှင် စည်းမျဉ်းအရ လိုအပ်ချက်ကို တင်ပြတဲ့အခါမှာ အဲဒီ တင်ပြချက်ကို ကော်မရှင်က ၄၈ နာရီ စောင့်ဆိုင်းရမယ်ဆိုတာ ပါပါတယ်။ ဒါပေမဲ့ အဖွဲ့ချုပ်က အဲဒီစာကို တင်ပြလည်းပြီးရော ၄၈ နာရီ မစောင့်ဆိုင်းတော့ပဲ နောက်တစ်နေ့မှာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ကို ညီလာခံက ထုတ်ပယ်ပစ်လိုက်ကြောင်း ပြန်ကြားစာရသလို နိုင်ငံပိုင် သတင်းစာတွေမှာလည်း ဝေဝေဆာဆာ ဖော်ပြခဲ့ပါတယ်။ NLD အများစုက ညီလာခံရဲ့ နိုင်ငံရေး အနှစ်သာရမဲ့မှုကို သဘောပေါက် သက်ဝင်ပြီး ဖြစ်နေကြတဲ့အတွက် NC က ဒီလို အထုတ်ခံရတာကို ဝမ်းနည်းတဲ့သူ မရှိသလောက်ပါပဲ။

ကျွန်တော့်အမြင်နဲ့ ပြောရရင် အဖွဲ့ချုပ်ဝင်တွေရော ဒေါ်အောင်ဆန်းစုကြည်ကပါ အဖွဲ့ချုပ်က ညီလာခံကို တက်တဲ့ကိစ္စ သဘောမတူကြပါ။ ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည်က သူ့သဘောတစ်ခုတည်း မလုပ်ဘဲ အများဆန္ဒ ပါအောင် လိမ္မာ ကျွမ်းကျင်စွာ ပဲ့ကိုင် လမ်းညွှန်သွားတာ သူမရဲ့ နိုင်ငံရေး ကျွမ်းကျင်မှုလို့ ပြောချင်ပါတယ်။ အဲဒီကိစ္စနဲ့ တစ်ဆက်တည်းပဲ အမျိုးသား ညီလာခံကို ရက်အကန့်အသတ်မရှိ ရပ်ဆိုင်းလိုက်ပါတယ်။

## နဝတရဲ့ ဥပဒေအသစ် ၅/၉၆

ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ် လွတ်ပြီးနောက်ပိုင်းမှာ နိုင်ငံရေးအရ တည်ငြိမ်မှု မရှိပါ။ နဝတက အကျယ်ချုပ် လွှတ်ပေးတယ် ဆိုတာကလည်း အချိန်က ခြောက်နှစ်ကျော် ကြာအောင် အကျယ်ချုပ် ချထားပြီးခဲ့ပါပြီ။ ဒေါ်စုအပေါ် ပြည်သူလူထုရဲ့ စိတ်ဝင်စားမှုကလည်း အခါတိုင်းလောက် ရှိမှာမဟုတ်တော့ဘူးလို့ တွက်ထားကြဟန် တူပါတယ်။ ဒါပေမဲ့ အချုပ်က လွတ်လွတ်ချင်း အဖွဲ့ချုပ်ဝင်တွေရော ပြည်သူလူထုကပါ စိတ်ဝင်စားမှု လျော့မသွားကြပါ။ ဒေါ်စု ရှိရာ အမှတ် ၅၄၊ တက္ကသိုလ် ရိပ်သာလမ်းကို တစ်နိုင်ငံလုံးက အဖွဲ့ချုပ်ဝင်တွေ တဖွဲဖွဲ ရောက်လာကြပါတယ်။ သူတို့ မျှော်မှန်းသလို ဦးအောင်ရွှေ ဦးလွင် အုပ်စုနဲ့ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် အုပ်စုရယ်လို့လည်း ကွဲမသွားကြပါ။ နဝတက သုံးသပ်မိဟန်တူပါတယ်။ ဒါ့ကြောင့်မို့ အမိန့် ကြော်ငြာစာ ၅/၉၆ ကို ထုတ်ပြန် ကြေညာခဲ့ပါတယ်။

အဲဒီ ကြေညာချက် အချုပ်သဘောကတော့ တိုင်းပြည်မှာ လုံခြုံရေးနဲ့ ပတ်သက်လို့ သော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှုနဲ့ ပတ်သက်လို့ သော်လည်းကောင်း ပြုလုပ်မယ်၊ လှုံ့ဆော်မယ် ဆိုရင် ကြီးမားတဲ့ ထောင်ဒဏ်၊ ငွေဒဏ်များ ချမှတ်မယ်၊ အခြေအနေအရ လိုအပ်ရင် ပစ္စည်းများကို သိမ်းမယ် ဆိုတဲ့အချက်တွေ ပါပါတယ်။ ကျွန်တော်က ဦးနေဝင်း လက်ထက်မှာ ထုတ်ပြန်ခဲ့တဲ့ ညွှန်ကြားချက်တွေ၊ ဥပဒေတွေကို မျက်ခြေမပြတ်တဲ့ သူပါ။

အဲဒီ ကြေညာချက်ထွက်တော့ ဒါဟာ ဦးနေဝင်း လုပ်လေ့လုပ်ထရှိတဲ့ အချက်နဲ့ မတူဘူး၊ ဦးနေဝင်းက နိုင်ငံရေးပါးဝတော့ သူ မကြိုက်တဲ့သူဆိုရင် ထောင်ချပစ်လိုက်တာ များပါတယ်။ ပစ္စည်းသိမ်း၊ မြေသိမ်းတဲ့အထိ လုပ်လေ့မရှိပါ။ အဲဒီ ကြေညာချက်လည်း ထွက်ရော ဒီအကြောင်းကို ဒေါ်အောင်ဆန်းစုကြည် ပြောမိခဲ့ပါသေးတယ်။ နောက်ပိုင်း ဖြစ်ရပ်တွေအရ အကဲဖြတ်ရရင် အဲဒီ အချိန်မှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအပေါ် ဦးနေဝင်းရဲ့ ဩဇာ အာဏာဟာ သိပ်မကျန်တော့ဘူးလို့ ကောက်ချက်ချမိပါတော့တယ်။

## ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေး

ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ် လွတ်လာပြီးတဲ့ နောက်ပိုင်းမှာ အဖွဲ့ချုပ်ဝင်တွေသာမက သာမန် ပြည်သူတွေကလည်း ခြံရှေ့မှာ တစ်ချက်ဝဲဝဲ ရှိနေလေ့ရှိပါတယ်။ ကျွန်တော်က အဖွဲ့တွေကို စီစစ်ပြီး လက်ခံကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်က မလွှတ်မီ ထောက်လှမ်းရေးက ဗိုလ်မှူးကြီး ကျော်ဝင်း (နောင် ဗိုလ်ချုပ်-အငြိမ်းစား) နဲ့ ဗိုလ်မှူး သန်းထွန်း (ဗိုလ်မှူးချုပ်ဟောင်း) တို့ လာပြီး အကျယ်ချုပ်က လွှတ်မယ့် အကြောင်း လာပြောရင်းနဲ့ ခြံရဲ့လုံခြုံရေး ကိစ္စကို ဆွေးနွေးပါတယ်။

သူတို့က ဒေါ်အောင်ဆန်းစုကြည်ဟာ အကျယ်ချုပ် ကာလမှာ နေတာ ကြာပြီ ဖြစ်လို့ အဖွဲ့ချုပ်နဲ့ ကင်းကွာနေသလို ဖြစ်ကြောင်း၊ ဒါ့ကြောင့် လူကြီးတွေက ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေးကို တာဝန်ယူလို ကြောင်း ပြောတဲ့အခါ သူက သဘောတူခဲ့ပါတယ်။ အဲဒီလို လက်ခံခဲ့တာနဲ့ ပတ်သက်လို့ သူ မှားသွားတယ်လို့ ဒေါ်စုက ကျွန်တော့်ကို ပြောပြခဲ့ဖူးပါတယ်။

အဲဒီလို သဘောတူခဲ့တဲ့ အတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြံထဲကို ဝင်လာတဲ့သူတိုင်းကို ဓာတ်ပုံ/ ဗီဒီယိုတွေနဲ့ မှတ်တမ်းတင်ပါတယ်။ စောစောပိုင်းတုန်းက ဝင်လာတဲ့လူတွေရဲ့ ပစ္စည်းတွေနဲ့ စာတွေကိုပါ စစ်လို့ ကျွန်တော် ပြောမှ အဲဒီလို စစ်ဆေးတာတွေ ရပ်ပြီးတော့ ဓာတ်ပုံရိုက်တာတွေတော့ ဆက်လုပ်ပါတယ်။ သူတို့ ရည်ရွယ်ချက်ကတော့ အဲဒီလို လုပ်ရင် လာတွေ့မယ့်သူတွေ မလာရဲအောင် လုပ်တဲ့ ရည်ရွယ်ချက်ပါ။ ဒါပေမဲ့ သူတို့ ရည်ရွယ်ချက် မအောင်မြင်ပါဘူး။ တဖွဲဖွဲ တသဲသဲ လာမြဲလာလျှက်ပါ။

## ဒေါ်အောင်ဆန်းစုကြည်ရဲ့ စစ်ကြောရေး

ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ် လွတ်လာတဲ့အချိန်က စပြီးတော့ ဦးအေးဝင်းနဲ့ ကျွန်တော်တို့က သူ့ရဲ့ ဝေယျာဝစ္စ လုပ်ပေးခဲ့ကြပုံတွေကို အထက်မှာ ရေးပြခဲ့ပြီးပါပြီ။ နေ့လယ်စာကိုလည်း ကျွန်တော်တို့ နှစ်ယောက်က ဒေါ်စုနဲ့ အတူတူ စားလေ့ရှိကြပါတယ်။ နေ့လယ်စာ စားချိန်မှာတော့ ကျွန်တော်တို့ အချင်းချင်း သတင်းတွေ ဖလှယ်လေ့ရှိကြပါတယ်၊ တစ်ခါတစ်ရံတော့ သူ့ထင်မြင်ချက်တွေ ပြော၊ ကိုယ့်ထင်မြင်ချက်တွေ ပြောပေါ့။

တစ်ခါမှာတော့ ကျွန်တော် အဖမ်းခံရပုံ၊ စစ်ကြောရေး ဝင်ခဲ့ရပုံတွေကို ဒေါ်စုက မေးလို့ ကျွန်တော့် အတွေ့အကြုံတွေကို မပုတ်မလွှန် ပြောပြခဲ့ရပါတယ်။ အပြန်အလှန်အနေနဲ့ "ဒေါ်စုကို ၁၉၈၉ ခုနှစ်တုန်းက

ဖမ်းတဲ့အခါ စစ်ကြောရေး မလုပ်ဘူးလား" လို့ ကျွန်တော်က မေးပါတယ်။ သူ့ကိုလည်း စစ်ကြောရေး လုပ်ပါတယ်တဲ့။

ကျွန်တော်တို့ တစ်ဖွဲ့လုံး (မသိင်္ဂီ၊ ကိုဝံသ၊ ကိုမိုးသူ အပါအဝင်) ကို ဖမ်းသွားပြီး နောက် နှစ်ရက်လောက် အကြာလောက်မှာ ဗိုလ်မှူး သန်းထွန်း ရောက်လာပါတယ်တဲ့၊ သူ့လက်ထဲမှာတော့ စာအိတ်တစ်အိတ် ပါလာပါတယ်တဲ့။ ဗိုလ်မှူး သန်းထွန်းက ဒေါ်စုကို "ကျွန်တော်တို့ လူကြီးတွေက နိုင်ငံတော်ရဲ့ တရိုတသေ ကိစ္စလေးတွေကို အစ်မရဲ့ သဘောထား သိချင်လို့ ရေးပြပေးပါ၊ ဒီစာအိတ်ထဲမှာ မေးခွန်းတွေ ပါပါတယ်" လို့ ပြောပြီး ဒေါ်စုကို ပေးလိုက်ပါတယ်။ ဒေါ်စုက လက်ခံမယူပါ။ "အဲဒီ စားပွဲပေါ်မှာ တင်ထားခဲ့ပါ" လို့ ပြောတော့ ဗိုလ်မှူး သန်းထွန်းက စာအိတ်ကို စားပွဲပေါ်မှာ တင်ထားခဲ့ပါတယ်။

ညနေကျတော့ ဗိုလ်မှူး သန်းထွန်း ရောက်လာပါတယ်၊ ဗိုလ်မှူးက "အစ်မ ဖြေပြီးပြီလား" လို့ မေးတဲ့အခါ ဒေါ်စုက "ဗိုလ်မှူး ထားခဲ့တဲ့ စာအိတ်ကို ကျွန်မ လက်ဖျားနဲ့တောင် မတို့မိဘူး" လို့ ပြန်ဖြေလိုက်တော့ ဗိုလ်မှူး သန်းထွန်းက သူ့စာအိတ်ကို ပြန်ယူသွားပါသတဲ့။ ကျွန်တော်က "ဒါမှ တို့ခေါင်းဆောင်ကွ" လို့ စိတ်ထဲက ကြုံးဝါးလိုက်ပါတယ်။

## စိုးမြတ်သူကို ဖုက်ထားကြတာကိုး

၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်၊ မနက် ခြောက်နာရီလောက်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြံဝင်းကို တပ်က လာပိုင်းပါတယ်။ အဲဒီလို လာပိုင်းတဲ့အခါကျတော့ ခြံထဲမှာ ရှိကြတာက ကိုမြင့်ဆွေ၊ ကိုမော်နဲ့ ကိုအောင်တို့ပဲ လူကြီးတွေ ရှိတာပါ။ ကျန်တာက သုံးရောင်ခြယ် လူငယ်တွေ။ သုံးရောင်ခြယ် လူငယ်တွေထဲမှာက စိုးမြတ်သူ ရှိနေပါတယ်။ စိုးမြတ်သူရဲ့ ကျန်းမာရေးက မကောင်းလှပါ။ တစ်နေ့ရွှေ၊ တစ်နေ့ငွေ သဘောမျိုး အမြဲ အပြောင်းအလဲ ရှိနေပါတယ်။

ပြီးတော့ စိုးမြတ်သူက မတရားအသင်း ကြေညာခံထားရတဲ့ ABSDF လို့ ခေါ်တဲ့ ကျောင်းသား တပ်ဦး အဖွဲ့က ဘဏ္ဍာရေးမှူး ဖြစ်ပါတယ်။ သူ့ကိုသာ အာဏာပိုင်တို့က မိသွားရင် မတရားအသင်းလို့ သတ်မှတ်ထားတဲ့ သူနဲ့ ဆက်သွယ်တယ် ဆိုပြီး အမှုတိုးနိုင်တယ်လို့ တွေးမိကြပါတယ်။ ဒါကြောင့် ကိုမြင့်ဆွေတို့ တိုင်ပင်ပြီး ဒေါ်စုကို တင်ပြတယ် ထင်ပါတယ်။ အဲဒီအခါမှာ တပ်က အကုန်လုံး ဖမ်းသွားလို့ရှိရင် စိုးမြတ်သူက တစ်နေရာမှာ ပုန်းနေမယ်၊ ခြံထဲမှာ လူရှင်းမှ စိုးမြတ်သူက ပုန်းနေရာက ထွက်လာပြီး သူ့ဆန္ဒရှိရာ သွားမယ်ပေါ့။

ဒီလိုအတွေးနဲ့ ပုန်းစရာနေရာ ရှာတဲ့အခါ ဒေါ်စု ခြံဝင်းထဲက ထောင့်တစ်နေရာမှာ လေးပေ ပတ်လည်လောက် ကျယ်ပြီး သုံးပေလောက် နက်တဲ့ ကျင်းလေးတစ်ခု ရှိပါသတဲ့၊ အဲဒီ ကျင်းထဲမှာ ရေစုပ်စက်လေး တစ်လုံး ရှိပါတယ်။ စိုးမြတ်သူလို သွယ်သွယ်ပါန်းပိန် ကောင်လေးတစ်ယောက် ခွေခေါက်ပြီး ပုန်းနေရင် ရနိုင်ပါသတဲ့။ ဒါနဲ့ စိုးမြတ်သူကို အဲဒီကျင်းထဲမှာ ထည့်၊ စားစရာ နည်းနည်းနဲ့ သောက်ရေတွေ ပေးပြီး ပုန်းနေစေပါတယ်တဲ့။

တကယ် ဖြစ်လာတော့ ဒေါ်စု တစ်ယောက်တည်း ချန်ထားပြီး ခြံရဲ့ လုံခြုံရေးကို တပ်နဲ့ ထောက်လှမ်းရေးက ယူလိုက်တဲ့အခါ သူတို့ အစီအစဉ် ကသိကအောက် ဖြစ်သွားပြီပေါ့။ ပုန်းနေတဲ့ စိုးမြတ်သူကလည်း နှစ်ရက်လောက်ပဲ ခံပြီး အစာငတ်၊ ရေငတ်၊ ခြင်ကိုက်တဲ့ ဒဏ်တွေ မခံနိုင်တော့ ထွက်လာတဲ့အခါ ထောက်လှမ်းရေးနဲ့ တည့်တည့် တိုးပြီပေါ့။ အဲဒီအခါမှာ ဉာဏ်ရှင်ကြီးများ သုံးသပ်တာက "စိုးမြတ်သူကို ဒီလို ဖုက်ပေးတဲ့ အစီအစဉ်ဟာ ဗိုလ်ထိန်ရဲ့ အစီအစဉ်" ပေါ့။ အဲဒီ သုံးသပ်ချက်ကြောင့် ထောက်လှမ်းရေး အချုပ်

ခန်းမှာ ရောက်နေတဲ့ ဗိုလ်ထိန်ကို ညှဉ်းဆဲ စစ်ဆေးစေလို့ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ဆုံးဖြတ် ညွှန်ကြားလိုက်ပါတယ်။

ဒါ့ကြောင့် ကျွန်တော့်ကို ထောက်လှမ်းရေးတပ်က အချုပ်ခန်းထဲက ခေါ်ထုတ်ပြီး လက်နဲ့ မထိတဲ့နည်းနဲ့ ညှဉ်းဆဲခန်းတွေ လုပ်ခဲ့တာပါ။ ဒီကိစ္စကို ထောင်က ထွက်ပြီး ၁၉၉၅ ခုနှစ်လောက်မှာ ကိုမော်တို့နဲ့ တွေ့မှ ကျွန်တော် ဘာ့ကြောင့် ခံရတယ် ဆိုတာ သဘောပေါက်ခဲ့တာပါ။ စိုးမြတ်သူကတော့ စဖမ်းခံရကတည်းက ကျန်းမာရေး ချို့တဲ့လို့ ထောင်ဆေးရုံနဲ့ပဲ စခန်းသွားနေရတယ်လို့ သိရပါတယ်။ သူ ထောင်က လွတ်တော့ ပြင်သစ် သံရုံးက ဖွင့်တဲ့ ပြင်သစ် ဘာသာ သင်တန်း တက်ပါတယ်။ ဉာဏ်ကောင်းသူ တစ်ယောက် ဖြစ်လို့ အဲဒီကျောင်းမှာ ကျောင်းဆရာ ပြန်လုပ်နေပါသတဲ့။ အခုတော့ မတွေ့တာကြာပါပြီ။ နိုင်ငံခြား သတင်း ဌာန တစ်ခုမှာ လုပ်နေသလိုလိုတော့ ကြားမိပါတယ်။

## ညနေပိုင်း ဟောပြောပွဲများ

ဒေါ်စု ခြံထဲကို အဖွဲ့ချုပ်ဝင်တွေ အဆက်မပြတ် လာနေသလို ခြံဝမှာလည်း စိတ်ပါဝင်စားသူတွေ၊ ထောက်ခံသူတွေလည်း ရစ်သီရစ်သီနဲ့ လူစုလူဝေး မကြာခဏ ဖြစ်နေခဲ့ပါတယ်။ ရဟန်း သံဃာတော်များလည်း ပါပါတယ်။ အဲဒီလို လူစုလူဝေးကိုတော့ သူတို့လာတာ နိုင်ငံရေးနဲ့ မပတ်သက်လို့ ကျွန်တော်က ဝင်ခွင့်မပေးပါဘူး။ သူတို့ တစ်တွေ အကြောင်းကို ဒေါ်စုကို အသိပေးတဲ့အခါ သူက အစီအစဉ်တစ်ခု ပြောပြပါတယ်။ ဒါကတော့ စနေ၊ တနင်္ဂနွေနေ့တိုင်း ညနေပိုင်းတွေမှာ ဟောပြောပွဲ လုပ်ဖို့ပါ။ အဲဒီအကြံကို ဗဟို အလုပ်အမှုဆောင် အဖွဲ့ကို တင်ပြတဲ့အခါ သဘောတူ လက်ခံပါတယ်။

အမျိုးသား ညီလာခံက အထုတ်ခံရတဲ့အခါမှာ ခြံရှေ့မှာ လူစုလူဝေး ပိုများလာပါတယ်။ အဲဒါနဲ့ စနေ၊ တနင်္ဂနွေ ညနေ လေးနာရီတိုင်း ဟောပြောပွဲတွေ စတင်ပါတယ်။ ဟောပြောပွဲတွေ စနေနဲ့ တနင်္ဂနွေနေ့တိုင်း လုပ်တယ်လို့ ကြားရတဲ့အခါ လူသတင်း လူ့ချင်းဆောင် ဆိုသလို သတင်းပြန့်သွားကြပြီး ဒေါ်အောင်ဆန်းစုကြည် ခြံရှေ့မှာ အစကတော့ သုံး-လေးရာ၊ နောက်ပိုင်းကြတော့ တစ်ထောင် နှစ်ထောင်၊ နောက်ပိုင်းကျတော့ လမ်းလုံးပြည့် ပရိသတ် စည်ကားလာပါတယ်။ အဲဒီအခါမျိုးမှာ တက္ကသိုလ်ရိပ်သာလမ်း အလယ်ကောင်ကို ကားတွေ မောင်းလို့ရအောင် သံဆူးကြိုးတန်းတွေနဲ့ ကာထားပြီး ယာဉ်ထိန်းရဲများက လာရောက် ကြီးကြပ်လေ့ ရှိပါတယ်။


နောက်ပိုင်းတော့ မြို့နယ် အသီးသီးမှာ ရှိတဲ့ လူငယ်တွေကို အလှည့်ကျ တာဝန်ပေးပြီး လုံခြုံရေး တာဝန်ယူစေပါတယ်။ ထောက်လှမ်းရေးတွေလည်း ထုံးစံအတိုင်း အလုပ်ရှုပ်နေကြတာပေါ့။ သူတို့ တာဝန်ပေးချက်အရ ပြန်ကြားရေး ဝန်ကြီးဌာနက သတင်းထောက်တွေကလည်း တက်လာတဲ့ ပရိသတ်ကို ဓာတ်ပုံမှတ်တမ်းတွေ တင်ပါတယ်။ သူတို့ကလည်း ခြံထဲမှာလုပ်တဲ့ နည်းအတိုင်း ဟောပြောပွဲကို လာတဲ့ လူတွေ မလာရဲအောင် လုပ်နေကြတာပါ။ ဒီမှာလည်း မအောင်မြင်ပါဘူး။

## ဦးတင်ဦးနဲ့ ဦးကြည်မောင်တို့ ပါလာပြီ

ဟောပြောပွဲတွေ အရှိန်ရလာတဲ့အခါမှာ ဦးတင်ဦးနဲ့ ဦးကြည်မောင်ကိုပါ တစ်လှည့်စီ ဟောပြောစေလိုက်တော့ ပွဲက ပိုပြီး စည်လာပါတယ်။ အဲဒီအပြင် ခြံရှေ့မှာ စာတိုက်ပုံးချိတ်ပြီး ဟောပြောပွဲလာတဲ့ လူတွေဆီက မေးခွန်းတွေ၊ အကြံပေးစာတွေ ထည့်စေပါတယ်။ ဟောပြောပွဲ ပြီးတာနဲ့ ကျွန်တော်က အဲဒီစာတွေကို စုစည်းပြီး



၁၉၉၅ ခုနှစ်၊ ဒေါ်အောင်ဆန်းစုကြည်
ခြံဝင်းအတွင်း ဦးကြည်မောင်နဲ့အတူ။



ဒေါ်အောင်ဆန်းစုကြည် အိမ်၌ စနေ၊ တနင်္ဂနွေ ညနေ
ဟောပြောပွဲများ အပြီး အိမ်တွင်းသို့ ပြန်ဝင်လာကြသူများ။
နောက်တန်းမှ အောင်ကျော်ဦး၊ သူရ ဦးတင်ဦးနဲ့ မျိုးသန့်
(ယခု အမေရိကား)။

---

စာရွက် တစ်ရွက်မှာ အစီအစဉ်ကျအောင် ပြန်ရေးပေးရပါတယ်။ အဲဒါအပြင် ကျွန်တော်နဲ့ နီးစပ်ရာ အသိုင်းအဝိုင်းက သူတွေကိုလည်း သူတို့ သိချင်တာ၊ မေးချင်တာတွေ ရှိရင် မေးဖို့ သူတို့ ဆန္ဒတွေကို ကျွန်တော်က စုစည်းပေးရပါတယ်။

ဟောပြောပွဲတွေဟာ အင်မတန် အောင်မြင်ပါတယ်။ သူတို့မေးခဲ့တဲ့ မေးခွန်းကို ဒေါ်အောင်ဆန်းစုကြည်က အချက်ကျကျ ဖြေနိုင်တဲ့အတွက် လက်ခုပ်သံ တဖြောင်းဖြောင်းပါ။ ဦးကြည်မောင်နဲ့ ဦးတင်ဦးတို့ကလည်း အဟောကောင်း၊ အပြောကောင်းပါ။ ဦးကြည်မောင်ကတော့ အဲဒီအချိန်က လက်ရှိ ဖြစ်နေတဲ့ အနေအထားတွေကို တိုက်ရိုက်ကျတဲ့ စကားလုံးတွေနဲ့ ဝေဖန်တတ်သလို ဦးတင်ဦးကလည်း စကား ကြွယ်ဝတဲ့အပြင် သူ့ရဲ့ ထေ့လုံး၊ ရိလုံးတွေဟာ ပရိသတ် အတွက်တော့ လက်ခုပ်လက်ဝါး တီးပြီး ရယ်ရတဲ့ အခိုက်အတန့်တွေတောင် ရှိပါတယ်။

ဒီဟောပြောပွဲတွေကို နဝတ အစိုးရက လုံးဝ မကြိုက်ပါ။ အဲဒီ ဟောပြောပွဲတွေနဲ့ ပတ်သက်လို့ သူတို့ သတင်းစာတွေထဲမှာ အမျိုးမျိုး တိုက်ခိုက်ပါတယ်။ နောက်ပိုင်း ဖိနှိပ်မှုတွေ များလာတဲ့အခါ သူတို့ နိုင်းချင်တိုင်း နိုင်းလို့ရတဲ့ သရုပ်ဆောင်တွေနဲ့ သရော်တဲ့ အဓိပ္ပာယ်ပါတဲ့ ဇာတ်လမ်းတိုလေးတွေ ရိုက်ပါတယ်။ ဟောပြောပွဲနေ့တွေမှာ ပရိသတ်ထဲက မေတ္တာနဲ့ လာပေးတဲ့ ပန်းတွေကို ဒေါ်အောင်ဆန်းစုကြည်က အမြဲလိုလို တစုတ်တရ ပန်လေ့ရှိပါတယ်။ အဲဒီလိုမျိုးနဲ့ ဆင်အောင် သူတို့ ဇာတ်ကားထဲက လူရွှင်တော် အမျိုးသမီးဟာ လိုက်တုပြီးတော့ ပန်းပန်ပါတယ်။ အဲဒီ အမျိုးသမီး ဆိုရင် ရပ်ရွာက ဖယ်ကြဉ်ခြင်းခံရလို့ ပြောင်းပြေးရတဲ့အထိပါပဲ။

## ရန်ကုန် တက္ကသိုလ် စိန်ရတု

အဖွဲ့ချုပ်ကို အမျိုးသား ညီလာခံက ထုတ်ပယ်ပြီးတဲ့အခါ နဝတရဲ့ ဖိအားဟာ ပိုပြီးတော့ များပြားလာပါတယ်။ ၁၉၉၅ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ် ၇၅ နှစ်မြောက် စိန်ရတုနဲ့ သွားတိုက်ဆိုင်နေပါတယ်။ အစိုးရကလည်း တက္ကသိုလ် စိန်ရတုအဖြစ် သတ်မှတ်ပြီး တက္ကသိုလ် အဆောင်တွေမှာ အလှည့်ကျ ဟောပြောပွဲတွေ လုပ်စေပါတယ်။ တစ်ခါတစ်ရံမှာ ခေတ်ပေါ် တီးဝိုင်းနဲ့ တီးမှုတ်စေပြီး အခမ်းအနား ကျင်းပသလို လုပ်ပါတယ်။ ကျောင်းသား ခေါင်းဆောင်များ ဖြစ်ကြတဲ့ မင်းကိုနိုင်၊ ကိုကိုကြီး၊ ဂျင်မီ၊ မီးမီး၊ မာလာသိန်း စတဲ့ ကျောင်းသား လူငယ် ခေါင်းဆောင်တွေကလည်း ထောင်ထဲမှာ ရှိနေဆဲပါ။

ဒါ့ကြောင့် အပြင်မှာ ရောက်နေတဲ့ ခေါင်းဆောင်လို့ မဆိုနိုင်သော်လည်းပဲ ရန်ကုန် တက္ကသိုလ် စိန်ရတုကို သူ့ဟို့နည်း သူတို့ဟန်နဲ့ ကျင်းပချင်တဲ့ ကျောင်းသား နိုင်ငံရေးသမား အချို့လည်း ရှိနေကြပါတယ်။ ဥပမာ- မောင်မောင်ဝမ်း (ပြည်ပရောက်)၊ ရဲထွန်းနဲ့ သန်းဦး ဆိုတဲ့ ညီအစ်ကိုတွေ၊ မာကီ (ခ) ကျော်ထွေး၊ မင်းဇေယျာ စတဲ့ လူငယ် ကျောင်းသား ခေါင်းဆောင်တွေ ဖြစ်ပါတယ်။ သူတို့ကလည်း ရန်ကုန် တက္ကသိုလ် စိန်ရတုပွဲကို သူတို့ကိုယ်တိုင် လုပ်ချင်နေကြပါတယ်။

ဒါပေမဲ့ သူတို့မှာ နေရာမရှိပါ။ ဒါ့ကြောင့် သူတို့က ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်တောင်းပြီးတော့ သူ့ခြံထဲမှာ စိန်ရတု အခမ်းအနား လုပ်ဖို့ ခွင့်တောင်းပါတယ်။ ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည်က ခွင့်မပြုပါ။ ဘာ့ကြောင့်လဲ ဆိုတော့ သူ့အနေနဲ့ NLD ကိစ္စရပ်တွေကို သူ့ခြံထဲမှ အခြေပြုပြီး လုပ်နေတဲ့အတွက် နဝတက မျက်မုန်းကျိုးနေပါတယ်။ ဒါ့ကြောင့် ခြံထဲမှာ တက္ကသိုလ်နဲ့ ပတ်သက်တဲ့ အခမ်းအနား လုပ်တယ် ဆိုရင် မဆီလျော်တဲ့အတွက် ဖြစ်ပါတယ်။ ဒါ့ကြောင့် သူတို့ထဲက တစ်ချို့ဟာ တက္ကသိုလ် နိုပ်သာ လမ်းသစ်က စားသောက်ဆိုင် တစ်ခုမှာ လုပ်ကြပါတယ်။ ဒါပေမဲ့ အနှောင့်အယှက်နဲ့ ကြုံရတဲ့အတွက် အောင်မြင်တယ်လို့ မဆိုနိုင်ပါ။

## ဝါရင့် နိုင်ငံရေးသမားကြီးများ

နဝတက နိုင်ငံရေးကို လွှမ်းမိုးပြီး အမျိုးမျိုး ဖိနှိပ် ချုပ်ချယ်နေတဲ့ ကာလမှာ မြန်မာပြည် လွတ်လပ်ရေး အတွက် ပါဝင်ခဲ့ပြီး ခေတ်အဆက်ဆက်မှာလည်း အရေးပါတဲ့ နိုင်ငံရေး လှုပ်ရှားမှုတွေမှာ အမြဲပါလေ့ရှိတဲ့ နိုင်ငံရေးသမားဟောင်းကြီးတွေ ရှိပါတယ်။ သူတို့ထဲမှာ ဦးစီး နာယက ဖြစ်သူကတော့ ရဲဘော် သုံးကျိပ်ဝင် ဗိုလ်မှူးအောင် ဖြစ်ပါတယ်။ ကျွန်တော် မှတ်မိသမျှ ပြောရရင် ဝိဓုရ သခင် ချစ်မောင်၊ ဗိုလ်ညို၊ လေထီး ဦးအုန်းမောင်၊ သခင်လွင်၊ သခင် ခင်အောင်၊ ဦးအုန်းမြင့်၊ ဗိုလ်ထိန်လင်း၊ ဗိုလ်ရဲလှ၊ ဗိုလ်အောင်နိုင်တို့ ဖြစ်ပါတယ်။ ကျွန်တော် မှတ်မိသလောက်ပေါ့။

အဲဒီ ဝါရင့် နိုင်ငံရေးသမားကြီးတွေဟာ အခွင့်အရေး ကြုံကြိုက်တိုင်း ကြေညာချက်တစ်ခု ထုတ်လေ့ရှိပါတယ်။ ဥပမာ- ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်က လွတ်တဲ့နေ့မှာ ဒီလို လွတ်မြောက်လာတာကို ကြိုဆိုကြောင်း၊ ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်က လွတ်မြောက်ပြီး ထုတ်ပြန်တဲ့ ကြေညာချက်ကို ထောက်ခံကြောင်း၊ နောင်အနာဂတ်မှာ ဒေါ်အောင်ဆန်းစုကြည် မျှော်မှန်းတဲ့ ဒီမိုကရေစီ လမ်းစဉ် အောင်မြင်ရန် ဆန္ဒပြုကြောင်း စတဲ့အချက်တွေ ပါဝင်ပါတယ်။

တက္ကသိုလ် စိန်ရတုနဲ့ ပတ်သက်လို့လည်း ကြေညာချက်ထုတ်ရာမှာ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ကြိုးပမ်းတဲ့ ခေါင်းဆောင်တွေ မွေးထုတ်ရာ တက္ကသိုလ်ကြီး ဖြစ်ကြောင်း၊ ဒီတက္ကသိုလ်ကြီးရဲ့ စိန်ရတု

အခမ်းအနားကို ပြည်သူလူထု တစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်စေဖို့ နဝတ အစိုးရကို တိုက်တွန်းကြောင်းစတဲ့ အချက်တွေ ဖြစ်ပါတယ်။ ဒါပေမဲ့ နဝတ အစိုးကတော့ တုတ်တုတ်မျှ မလှုပ်၊ ကျောက်ရုပ် အလားသဏ္ဍာန်မျိုး။ အဲဒီလူကြီးတွေကို ဘာမှလည်း အရေးမယူ ဘာမှလည်း ဂရုမစိုက်တဲ့သဘောပါ။ ဒါပေမဲ့ ကျွန်တော်တို့ နိုင်ငံရေးလောက အတွက်တော့ အားဖြစ်စေပါတယ်။ အခုအချိန်မှာတော့ အဲဒီ ဝါရင့် နိုင်ငံရေးသမားကြီးတွေ အားလုံး ကွယ်လွန်ကုန်ကြပါပြီ။

## အမျိုးသား အောင်ပွဲနေ့ (စိန်ရတု)

နိုဝင်ဘာလထဲမှာ အမျိုးသား အောင်ပွဲနေ့ကျပါတယ်။ တန်ဆောင်မုန်း လဆုတ် ၁၀ ရက်နေ့ပေါ့။ ဒါလည်း စိန်ရတုပါ။ အခွင့်အခါ ကြုံကြိုက်တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားနေ့ကို သူ့ခြံထဲမှာ ကျင်းပဖို့ ဆုံးဖြတ်ပါတယ်။ ခြံထဲမှာ မဏ္ဍပ်ထိုးပြီး ပထမတစ်ရက်မှာ လူငယ်တွေနဲ့ ပတ်သက်တဲ့ ဟောပြောပွဲနဲ့ ကလေးတွေအတွက် ကဗျာရွတ် ပြိုင်ပွဲ လုပ်မှာဖြစ်ပြီး နောက်တစ်နေ့မှာတော့ ဝါရင့် နိုင်ငံရေးသမားကြီးတွေကို ဖိတ်ကြားပြီး အမျိုးသားနေ့နဲ့ ပတ်သက်တဲ့ ဟောပြောပွဲတွေ လုပ်မှာဖြစ်ပါတယ်။

တကယ်တော့ ဒီလို နေ့မျိုးတွေကို ကျင်းပတယ်ဆိုတာ လိုအပ်တာတော့ မှန်ပါတယ်။ သို့သော်လည်း နိုင်ငံရေး အနှစ်သာရရှိတဲ့ လှုပ်ရှားမှုတွေကို ဖော်ထုတ်ဖို့ အမြဲတမ်း စဉ်းစားနေတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီမိုကရေစီ လှုပ်ရှားမှု အမြဲတမ်း ရှင်သန်နေတယ်ဆိုတာ ပြချင်တဲ့ သဘောပါပါတယ်။ ဒါ့ကြောင့် ပထမနေ့မှာ NLD အဖွဲ့ဝင်များရဲ့ သားသမီးအချို့ရဲ့ ကဗျာရွတ်ဆိုပွဲနဲ့ ပုံပြောပြိုင်ပွဲ ပြုလုပ်ပါတယ်။

## မျက်ရည်လွယ်တဲ့ ချစ်

အဲဒီပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြံထဲကို လာရဲတဲ့ အဖွဲ့ချုပ်ဝင်တွေရဲ့ သားသမီးတွေ ပုံပြောပြိုင်ပွဲ လုပ်ပါတယ်။ ပြီးရင် ဆုပေးပွဲလည်း တစ်ပါတည်း လုပ်ပါတယ်။ နောက်တစ်သုတ်ကတော့ ၁၀ နှစ်အောက် ကလေးငယ်တွေ ကဗျာရွတ်ပြိုင်ပွဲပါ။ သမီးငယ်လေး ချစ် (ချစ်စုဝင်းထိန်) လည်း ပါဝင်ပါတယ်။ ဖြစ်ချင်တော့ သူ ကဗျာရွတ်နေတဲ့ အချိန်မှာ မီးက ပျက်သွားတော့ သူ့မိုက်က အသံတိတ်သွားပါတယ်။ သူက မျက်ရည်လွယ်တဲ့ သူ ဆိုတော့ သူ ကဗျာရွတ်တာကို ဘယ်သူမှ မကြားတော့ဘူးဆိုတဲ့ အတွေးနဲ့ ငိုပါလေရော။ သူက အရမ်း မျက်ရည်လွယ်တဲ့ ကလေးမပါ။ အဲဒီတော့ မိုက်ကိုချပြီး စင်ပေါ်က ဆင်းလာတဲ့အခါမှာ ဒေါ်အောင်ဆန်းစုကြည်က သူ့ပေါင်ပေါ်မှာ ထိုင်ခိုင်းပြီး ချော့မှ အငိုတိတ်ပါတော့တယ်။

## မင်္ဂလာဆောင်က ဆုံးမ ဩဝါဒ

တစ်ဆက်တည်းပဲ ပြောလိုက်ပါဦးမယ်။ မချစ်က ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့မှာ အိမ်ထောင်ပြုပါတယ်။ ရန်ကုန်မြို့က Novotal Hotel မှာပါ။ NLD အစိုးရကာလ ဖြစ်လို့ အစိုးရ အဖွဲ့ဝင်များကို ဖိတ်ရပါတယ်။ (ဖိတ်ရင်လည်း မကောင်း၊ မဖိတ်ရင်လည်း မကောင်းပါ။) ဖိတ်ရင် မကောင်းဘူး ဆိုတာက တော်တော်များများက နေပြည်တော်မှာ နေတော့ သူတို့ကို ရန်ကုန်ကို လာခိုင်းသလိုဖြစ်လို့ အားနာပါတယ်။ မဖိတ်ရင် မကောင်းဘူး ဆိုတာကတော့ ကျွန်တော်လို လူတစ် ယောက်ရဲ့ သမီး မင်္ဂလာဆောင်ကို သူတို့ကို ဘာလို့ မဖိတ်တာလဲလို့ အပြောခံရမှာ သေချာလို့ပါ။

သမီးရဲ့ မင်္ဂလာဆောင်မှာ ပရိသတ်က စုံပြီပေါ့။ သတို့သား၊ သတို့သမီး နေရာယူပြီးတဲ့အခါ ပန်းကုံးစွပ်

တာတို့ လက်စွပ်လဲတာတို့ ပြီးတဲ့အခါမှာ ဒေါ်အောင်ဆန်းစုကြည်က မင်္ဂလာဆောင်အတွက် ဆုံးမ ဩဝါဒပေးပါတယ်။ ရန်ကုန်မှာ မင်္ဂလာဆောင်ရင် ဘိသိက်ဆရာကသာ မင်္ဂလာစကား ပြောလေ့ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော့် ဖနီးသည်ရဲ့ မေတ္တာရပ်ခံချက်ကြောင့် ထင်ပါတယ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် မင်္ဂလာ ဩဝါဒ စကား ပြောပါတယ်။

အဲဒီလို ပြောတဲ့အခါမှာ ၁၉၉၅ ခုနှစ်၊ သူ အကျယ်ချုပ်က ပြန်လာတဲ့အခါမှာ ဖခင်ရဲ့ နိုင်ငံရေး အလုပ်တွေကို ငယ်ငယ်ရွယ်ရွယ်နဲ့ နားလည်မှုပေးခဲ့တဲ့ အကြောင်းအတွေ ထည့်ပြောပါတယ်။ ဖခင် မရှိဘဲ ကြီးပျင်းလာရပေမဲ့ ပညာစုံခဲ့တဲ့အတွက် ဝမ်းမြောက်မိကြောင်း၊ ဒါပေမဲ့ သမီးလေး တစ်ယောက် အရွယ်ရောက် အတောင်စုံလို့ ပျံသန်းရတော့မယ်လို့ ဆိုတဲ့အခါကျတော့လည်း နှမြောမိကြောင်း စသဖြင့် ဝေဝေဆာဆာ ပြောကြားသွားပါတယ်။ ကျေးဇူး အထူးတင်လှပါတယ်။ နိုင်ငံတော် ခေါင်းဆောင်၊ နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ကိုယ်တိုင် ဩဝါဒပြောခဲ့တဲ့ မင်္ဂလာဆောင်ဆိုပြီး နာမည်ကြီးခဲ့ပါတယ်။

တကယ်တော့ မချစ်ရဲ့ မင်္ဂလာဆောင် အစီအစဉ်တွေ အားလုံးကို ကျွန်တော် ဘာမှ မလုပ်လိုက်ရပါ။ သူ့အမေလည်း ဘာမှ မလုပ်ရပါ။ မင်္ဂလာ အခမ်းအနား အစီအစဉ်၊ နောက်ဘက်နံရံမှာ ထားမယ့် ပန်းတွေ၊ တလုံးတွေကလည်း သူ့ Idea ပါ။ တီးပိုင်းကိစ္စ၊ သတို့သား သတို့သမီး အရန်ကိစ္စ၊ သတို့သမီးဘက်က မိဘတွေ အမျိုးတွေ ဝတ်မယ့် အဝတ်အစား ကိစ္စတွေ အားလုံး မချစ် တစ်ယောက်တည်း စီစဉ်သွားတာပါ။ အခု နောက်ပိုင်း ပြန်စဉ်းစားကြည့်တော့မှ ဒီကောင်မလေးရဲ့ Capacity ကို သတိပြုမိပြီး စိတ်ထဲက ချီးကျူးနေမိတာပါ။

## Eugene ဆိုတဲ့ ခွေးမသား - လူလည်

ပြောလက်စနဲ့ တစ်ဆက်တည်း ထပ်ရေးပြချင်ပါသေးတယ်။ Eugene ဆိုတဲ့ကောင် အကြောင်း။ ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်က လွတ်လာတဲ့အခါ ကျွန်တော်ကလည်း အနောက် ရွှေဂုံတိုင် ရုံးချုပ်မှာ ရုံးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ တစ်နေ့မှာ ကျွန်တော်နဲ့ တွေ့ပါရစေလို့ ဆိုပြီး လာတွေ့တဲ့ နိုင်ငံခြားသား တစ်ယောက် ရှိပါတယ်။ သူက သူ့ကတ်ပြားကို ကျွန်တော့်ကို ပေးလို့ ဖတ်ကြည့်တဲ့အခါကျတော့ နာမည်က Eugene Qua ပါတဲ့။ ပညာအရည်အချင်းက ဥပဒေ ဘွဲ့ရ Lawyer ဆိုပြီး ရေးထားပါတယ်။

လူပုံက ရုပ်ရည် အသင့်အတင့်၊ အရပ် မနိမ့်မမြင့်၊ တရုတ် လူမျိုးပါ။ ဒါပေမဲ့ စကားပြောရင်း သိလိုက်ရတာက ဩစတေးလျ နိုင်ငံသား၊ မိဘ နှစ်ယောက်စလုံးကလည်း ဩစတေးလျ နိုင်ငံသား။ ဒါပေမဲ့ တရုတ်လူမျိုး။ သူက ဩဇီ နိုင်ငံ၊ ဆစ်ဒနီ တက္ကသိုလ်က ဥပဒေဘွဲ့ရ ဆိုတာ သူနဲ့ စကားပြောရင်း သိရပါတယ်။ သူ ကျွန်တော့်ကို လာတွေ့ရတဲ့အကြောင်းက သူဟာ လှည်းတန်းမှာ အသစ်ဖွင့်တဲ့ Junction Center မှာ သူ့ရဲ့ အင်္ဂလိပ်စာ သင်တန်းကျောင်း ရှိပါသတဲ့။ နာမည်က Edulink လို့ ခေါ်ပါသတဲ့။ သုံးလခန့် ကြာမယ့် သင်တန်းချိန် Semester တစ်ခု အတွက် သင်တန်းကြေး နှစ်သိန်းခွဲ ရှိပါသတဲ့။ ဒါပေမဲ့ သူ ချထားတဲ့ မူအရ NLD လူငယ် လေးယောက်ကို အခမဲ့ စကောလားရှစ် ပေးဖို့ လာပြောတာပါ။

သူ့အကျောင်းရဲ့ အကြောင်း ပါတဲ့ စာအုပ်လေးတွေ ဖတ်ကြည့်တော့ အခြေအနေ ကောင်းမယ်ထင်လို့ ကျေးဇူးတင်ပါတယ်လို့ ပြောပြီး နောက်တစ်ပတ်မှာ လူရွေးပေးလိုက်ပါတယ်။ အဲဒီ လေးယောက်ကတော့ အခု ဝန်ကြီးချုပ် ဖြစ်နေတဲ့ ဖြိုးမင်းသိန်း၊ လွှတ်တော် ကိုယ်စားလှယ် ဖြစ်နေတဲ့ မောင်မောင်ဦးတို့ နှစ်ယောက် ကတော့ ယောက်ျားလေးတွေ။ မိန်းကလေးထဲကတော့ ရုံးချုပ်မှာ လာပြီး လုပ်အားပေးနေတဲ့ မိုးကုတ်သူလေး

ရွှေရည်ဝင်း၊ သူ့အဖေက အဲဒီ အချိန်မှာ ထောင်ထဲမှာပါ။ အခုတော့ နေပြည်တော် ကောင်စီ ကော်မတီဝင် ကိုမင်းသူ။ သူ့ဇနီးက အဲဒီအချိန်တုန်းက မိုးကုတ် NLD ကို ဦးဆောင်နေတဲ့ ဒေါ်နန်း။

နောက် မိန်းကလေး တစ်ယောက်ကတော့ မိတ္ထီလာမှာ ကျွန်တော် ရွေးကောက်ပွဲ ဝင်တော့ ရွေးကောက်ပွဲ ကိုယ်စားလှယ် ဖြစ်လာတဲ့ ကိုတင်ကိုကို၊ မသီတာတို့ရဲ့ သမီး ဆုမြတ်နိုး။ သူတို့ လေးယောက် Edulink ကို တက်တဲ့အခါ သိလာရတာက Eugene က ကျွန်တော့်တို့ NLD က လေးယောက်ကို စကောလားရှစ် ပေးသလို၊ ပြည်ခိုင်ဖြိုးက လေးယောက်ကိုလည်း စကောလားရှစ် ပေးတယ် ဆိုတာ သိလာရပါတယ်။ အဲဒီကျတော့မှ Eugene ဆိုတဲ့ကောင် လူလည်ပဲလို့ မှတ်ချက်ချမိတာပါ။ အဲဒီ လူလည်က အခုတော့ ကျွန်တော့် သမက် ဖြစ်လာပြန်ရော။ လောကကြီးက ဒီလိုပါပဲ။

NLD က လေးယောက်က ပထမတော့ သင်တန်း မှန်ပါတယ်။ ဒါပေမဲ့ ကြာလာတော့ မောင်မောင်ဦးနဲ့ ဖြိုးမင်းသိန်းက သင်တန်းတွေ ပျက်ကွက်ပြီး မလာတော့ပါဘူး။ ဒါပေမဲ့ ရွှေရည်ဝင်းနဲ့ ဆုမြတ်နိုးတို့ကတော့ မပျက်မကွက် တက်ခဲ့ကြပါတယ်။ Semester ရှစ်ခု၊ အချိန်အားဖြင့် နှစ်နှစ် နီးပါး ပေါက်မြောက်အောင် တက်ခဲ့ကြရာမှာ အင်္ဂလိပ်စာကို ပြောနိုင် ဖတ်နိုင်တဲ့အပြင် အရေးပါ ကျွမ်းကျင်တဲ့အထိ တတ်ခဲ့ကြပါတယ်။

ရွှေရည်ဝင်းက မန္တလေးမှာ အခြေပြုတဲ့ နိုင်ငံခြား ခရီးသွား လုပ်ငန်းတစ်ခုမှာ ဆရာမကြီး ဖြစ်နေပါပြီ။ ဆုမြတ်နိုးကတော့ ပြည်ပ စကောလားရှစ် တစ်ခုရလို့ ပထမ ဘော့စ်နီးယားနိုင်ငံ သွားပြီး ပညာ ဆက်သင်ပါတယ်။ တစ်ဆက်တည်း အမေရိကန်က စကောလားရှစ် တစ်ခု ထပ်ရပြန်လို့ Oklahoma ပြည်နယ်က တက္ကသိုလ် တစ်ခုမှာ ပညာသင်နေပါပြီ။ ရွှေရည်က ရှမ်းမလေးပါ။ ပုပုသေးသေးနဲ့ ချစ်စရာ ကောင်းပါတယ်။ သူက သူ့မိဘတွေကို ဒီလို ပြောလေ့ရှိပါတယ်။ "သမီး ကျောင်းတက်တုန်းက သမီးရဲ့ Class-mate တွေထဲမှာ ဦးဖြိုးမင်းသိန်းပါတယ်နော်" ဘာ့ကြောင့်လဲဆိုတော့ အခုအချိန်မှာ ဖြိုးမင်းသိန်းက "ကြီးဖြိုး" ဖြစ်နေပြီလေ။

မချစ်နဲ့ Eugene နဲ့ အိမ်ထောင်ပြုပြီးတဲ့အခါ ကျွန်တော်က ထုံးစံအတိုင်း တရင်းတနှီး ဆက်ဆံပါတယ်။ နောက်လိုက် ပြောင်လိုက်ပေါ့။ နောက်ရင်း ပြောင်ရင်းနဲ့ ကျွန်တော်က ချစ်ကို "Eugene အတွက် Nickname တစ်ခု စဉ်းစားထားတယ်" လို့ ပြောတဲ့အခါမှာ Eugene က ကြားသွားပါတယ်။ သူက ဗမာလို နည်းနည်းတတ်တော့ "ဘာလဲ... ဘာလဲ" လို့ မေးပါတယ်။ ကျွန်တော်ကလည်း မဆိုင်းမတွဘဲ "မင်းကို Nickname ပေးမလို့ စိတ်ကူးနေတာ" လို့ ပြောတဲ့အခါ သူက "ဘယ်လို ပေးမှာလဲ" လို့ မေးပါတယ်။ ကျွန်တော်က "ခွေးမသား" လို့ ပြောလိုက်တော့ သူက သဘောတွေကျလို့။ အဲဒီနာမည်ကို အခုထိ သူက ကြိုက်နေဆဲပါ။

## အမျိုးသားနေ့ အခမ်းအနား

အမျိုးသားနေ့ အခမ်းအနား ကျင်းပမယ့်နေ့မှာတော့ နိုင်ငံရေးသမားဟောင်းကြီးတွေ အင်တိုက်အားတိုက် တက်လာကြပါတယ်။ အထက်မှာ ဖော်ပြတဲ့ "ဝါရင့် နိုင်ငံရေးသမားကြီးများ" လို့ သတ်မှတ်ခံရတဲ့ ပုဂ္ဂိုလ်အများစု တက်လာကြပါတယ်။ တချို့ဆိုရင် ဆရာစံရဲ့ သင်္ကေတဖြစ်တဲ့ နဂါးနဲ့ ဂဠုန် ပါတဲ့ အလံ၊ တချို့က သုံးရောင်ခြယ် အလံတို့ကို ဝင့်ဝင့်ကြွားကြွား ကိုင်တွယ်ပြီး ဝင်လာကြပါတယ်။ သူတို့ကို မဏ္ဍပ်သဖွယ် ဆောက်ထားတဲ့ ရုံထဲမှာ စင်မြင့်လို နေရာမှာ ထားပါတယ်။

အခမ်းအနားကိုတော့ ကျောင်းသားတွေနဲ့ NLD လက်ကျန် လူငယ်တချို့ကို အစီအစဉ်တွေ ရေးစေပြီး အမျိုးသား အောင်ပွဲနေ့ ကျင်းပါစေပါတယ်။ နိုင်ငံရေး စိတ်ဓာတ် နိုးကြားဖွယ်ရာသော မိန့်ခွန်းများ၊ ဟောပြောမှုများကို ပြုလုပ်စေပါတယ်။ ကျောင်းသားလူငယ် တစ်ချို့ကို စကားပြောခွင့် ပြုသလို ကြွရောက်လာကြတဲ့

လူကြီးများကိုလည်း စကားပြောစေပါတယ်။ ကျွန်တော် မှတ်မိသမျှ ဗိုလ်မှူးအောင်၊ ဗိုလ်အောင်နိုင် စတဲ့ ပုဂ္ဂိုလ်တွေ စိတ်ဓာတ် တက်ကြွဖွယ်ရာ မိန့်ခွန်းများ ပြောကြားသွားပါတယ်။ တချို့ကလည်း တက်ကြွလွန်းသွားကြတာသတိပြုမိပါတယ်။ ဒီလို အခမ်းအနားတွေ လုပ်နေခြင်းကို နဝတ အစိုးရက လုံးဝ သဘောမတွေ့ပါ။

## NLD လူငယ်များ

လူငယ်များနဲ့ ပတ်သက်လို့ အထက်တစ်နေရာမှာ ကျယ်ကျယ်ပြန့်ပြန့် ရေးပြခဲ့ပါပြီ။ ဒီအပိုဒ်မှာ ရေးပြချင်တာက ၁၉၉၅ ခုနှစ်လောက်မှာ လူငယ်ခေါင်းဆောင်ဆိုလို့ လက်တစ်ဖက်စာတောင် မရှိတော့တဲ့ အဖြစ်ပါ။ တချို့လည်း ထောင်ထဲမှာ ရောက်နေကြပါတယ်။ တချို့လည်း ပြည်ပကို တိမ်းရှောင်သွားကြပါတယ်။ သူတို့ကတော့ ကိုဝင်းလှိုင်၊ ကိုမြင့်စိုးတို့ ဖြစ်ကြပြီး ကျန်တဲ့လူတွေတော့ သိပ်မမှတ်မိတော့ပါဘူး။ ထောင်ထဲမှာ ရှိတဲ့ လူငယ်တစ်ချို့ကတော့ မောင်မောင်ဦး၊ မိုးမြတ်သူတို့ ဖြစ်ကြပါတယ်။

လူငယ်ခေါင်းဆောင် ဆိုလို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ မကြာ မကြာ တွေ့ပြီး တိုင်ပင်လေ့ရှိတဲ့ လူငယ်တွေကတော့ ထွန်းဇော်ဇော်၊ တင်ထွဋ်ဦး (ယခု မန္တလေးတိုင်း NLD ဥက္ကဋ္ဌ)၊ ခွန်မြင့်ထွန်း (ယခု ပအိုဝ်း ငြိမ်းချမ်းရေး တပ်ဖွဲ့ရဲ့ ခေါင်းဆောင်) နဲ့ ခင်ထွန်း (ပဲခူးတိုင်း) တို့ ဖြစ်ကြပါတယ်။ ယခု လွှတ်တော် ကိုယ်စားလှယ် ဖြစ်နေတဲ့ ကိုရန်အောင်ကလည်း ပြည်ပမှာပဲ ထင်ပါတယ်။ ရန်ကုန်တိုင်းမှာ ရှိနေတဲ့ လူငယ်တွေကတော့ မျိုးညွန့် (ကွယ်လွန်)၊ မြင့်ဌေး (ယခု ရန်ကုန်တိုင်း NLD ဥက္ကဋ္ဌ)၊ အေးထွန်း (လူငယ် ဗဟိုကော်မရှင် အဖွဲ့ဝင်)၊ လှဦး (လူငယ် ဗဟိုကော်မရှင် အဖွဲ့ဝင်)၊ ထွန်းမြင့် (ဖယာန်း မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်) တို့ ဖြစ်ကြပါတယ်။ မှတ်မိသမျှပါ။ ကျန်တာတွေလည်း ရှိကြဦးမှာပါ။

တကယ်တော့ ၁၉၉၅ ခုနှစ်က စတင်ပြီး NLD ကို နဝတက ကြွက်ကို ကြောင်က ကစားနေသလို လုပ်နေတဲ့ကာလ ဖြစ်တော့ NLD လူငယ်တွေကို ပြန်ဖွဲ့စည်းဖို့ နေနေသာသာ မြို့နယ်အဆင့်တွေကိုတောင် ပီပီပြင်ပြင် ပြန်လည် မဖွဲ့စည်းနိုင်သေးတဲ့ အခြေအနေပါ။ ၁၉၉၆ ခုနှစ် နှစ်လယ်ပိုင်းက စပြီး အဆင့်မြင့်ပြီး ဖိနှိပ်လာတဲ့အတွက် လုပ်နိုင်ကိုင်နိုင်တဲ့ လူတွေ တဖြည်းဖြည်း နည်းလာပါတယ်။ အဲဒီအခါ ဒေါ်အောင်ဆန်းစုကြည်ဟာ ထွန်းဇော်ဇော်ကို တာဝန်တွေ ပိုပေးပြီး လုပ်ဆောင်စေခဲ့ပါတယ်။ အဆင်ပြေတာတွေ ရှိသလို၊ အဆင်မပြေတာလည်း ရှိတယ်လို့ သိရပါတယ်။ ၂၀၁၀ ခုနှစ်မှာ ကျွန်တော် ထောင်က လွတ်လာတော့ လူငယ် တော်တော်များများ မရှိကြတော့ပါ။ NLD ခေါင်းဆောင်များကို မကျေနပ်တဲ့အတွက် ထွန်းဇော်ဇော် ခေါင်းဆောင်တဲ့ လူငယ် ၁၀၈ ဦးတို့ဟာ NLD က ထွက်သွားခဲ့ကြတယ်လို့ သိရပါတယ်။

## သာမညသို့ ခရီးတစ်ခေါက်

ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ် လွတ်မြောက်ပြီး နောက်ပိုင်းမှာ ပြည်တွင်း အစည်းအဝေး ခရီးစဉ်များ မထွက်ဖြစ်ပါ။ ဒီလို မထွက်ဖြစ်တာနဲ့ ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်က မရှင့်မရဲ ဖြစ်မိပါတယ်။ ဒါပေမဲ့ နာမည်ကြီးနေတဲ့ ကရင်ပြည်နယ်က သာမည ဆရာတော် ဘုရားကြီးကို သွားရောက် ဖူးမျှော်ကြပါတယ်။ အဲဒီလို သွားတဲ့အခါမှာ ကျွန်တော့် ဇနီးသည်လည်း ပါပါတယ်။ ကိုမော်၊ ကိုအောင်နဲ့ လူငယ်အချို့လည်း ပါပါတယ်။ ကားနှစ်စီးနဲ့ပါ။ လုံခြုံရေးအဖြစ် ထောက်လှမ်းရေးက ဗိုလ်ကြီး နေစိုး(ခြံထဲမှာတော့ သူ့ကိုယ်သူ ဗိုလ်သူရလို့ ပြောထားပါတယ်၊ ကြောင်တောင်တောင်နဲ့ မသိမှာကျနေတာပဲ)။

ဒေါ်အောင်ဆန်းစုကြည် လာမှာကို မသိတဲ့အတွက် မွန်ပြည်နယ်ကို ဖြတ်သန်းရာမှာ သော်



၁၉၉၅ ခုနှစ်၊ သာမည ဆရာတော်ကြီးအား သွားရောက် ဖူးမျှော်ကြစဉ်။

လည်းကောင်း၊ ကရင်ပြည်နယ်ကို ရောက်တဲ့အခါမှာ သော်လည်းကောင်း ယခင်ကလို သောင်းသောင်းဖြဖြ ကြိုတာမျိုး၊ လူစုလူဝေး ဖြစ်တာမျိုးတွေ မရှိခဲ့ပါ။ ကျွန်တော် မှတ်မိသမျှ ပြန်ရေးပြရရင် ဆရာတော် ဘုရားကြီးက ဒေါ်အောင်ဆန်းစုကြည်ရဲ့ တစ်ဖွဲ့လုံးကို ဝမ်းမြောက်ဝမ်းသာ လက်ခံ ကြိုဆိုပါတယ်။ တစ်ဖွဲ့လုံးကို ငါးပါးသီလ ဆောက်တည်စေပြီး သာမညရဲ့ ကျော်ကြားတဲ့ သက်သတ်လွတ် ဟင်းလျာတွေနဲ့ နေ့လယ်စာ တည်ခင်း ကျွေးမွေးပါတယ်။

. အစားအသောက်က သက်သတ်လွတ် ဆိုပေမဲ့ ချက်ထားတာတွေက ကုန်းဘောင်ကြီးကြော်၊ ချိုချဉ်ကြော်၊ အစိမ်းကြော်၊ ဆယ်နှစ်မျိုး ဟင်းချို စတဲ့ နာမည်ကြီး တရုတ်ဆိုင်က ဟင်းလျာတွေအတိုင်းပါပဲ။ ဒါပေမဲ့ အသား မပါပါဘူး။ ဝဥတွေကို အသားသဖွယ် ဖန်တီးပြီး ချက်ထားတာပါ။ အရသာလည်း ကောင်းပါတယ်။ အဲဒီလို စားသောက်ပြီးတဲ့အခါမှာ ဆရာတော်ကြီးက သူ ကျိန်းတဲ့ အခန်းကို ဒေါ်အောင်ဆန်းစုကြည်ကို ခေါ်သွားပြီး စကားပြောကြပါတယ်။ ဘာတွေ ဆွေးနွေးတယ်တော့ ကျွန်တော် မသိပါ။ ဒါပေမဲ့ ဝိနည်း လေးစားတဲ့ ဆရာတော်ကြီး ဖြစ်လို့ သူတို့နှစ်ယောက်ပဲ စကားပြောနေတဲ့ အချိန်မှာ တံခါးကို ဟထားပြီး ကပ္ပိယ တစ်ယောက် စောင့်ခိုင်းပါတယ်။

အဲဒီမှာ ဆရာတော်ကြီးနဲ့ ကျွန်တော်တို့ အဖွဲ့နဲ့ တွဲပြီး ဓာတ်ပုံရိုက်ကြပါတယ်။ အဲဒီ ဓာတ်ပုံဟာ ပြည်တွင်းမှာသာမက၊ ပြည်ပ မီဒီယာများကပါ သတင်းတစ်ရပ် အနေနဲ့ ဖြန့်ဝေခဲ့တဲ့အတွက် တော်တော် နာမည်ကြီးတဲ့ ဓာတ်ပုံတစ်ပုံပါ။ သာမည ဆရာတော်ကြီးရဲ့ ခြေရင်းမှာ ဒေါ်အောင်ဆန်းစုကြည် ထိုင်နေတဲ့ပုံဟာ တစ်နိုင်ငံလုံး ပြန့်သွားပါတယ်။ ဒါကို နဝတက လုံးဝ မလိုလားပါ။ "ရဟန်း သံဃာ တစ်ဦးနဲ့ မိန်းမသား တစ်ဦး ဓာတ်ပုံကို တွေ့ရတဲ့အခါမှာ လူထုက ရှိခိုးရမှာလား၊ ဖက်နမ်းရမှာလား၊ ဝေခွဲလို့ မရအောင် ဖြစ်ကုန်ကြရတယ်" ဆိုတဲ့ သဘောပါတဲ့ ဆောင်းပါးတွေနဲ့ တိုက်ခိုက် ပုတ်ခတ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က ဆရာတော်ကြီးနဲ့ စကားပြောတဲ့အခါမှာ ဆရာတော်ကြီးကို ရန်ကုန်ကို ကြွပြီး သူ့ခြံထဲမှာ သီတင်းသုံးဖို့ ဖိတ်ကြားခဲ့ဟန်တူပါတယ်။ ဆရာတော်ကြီး ရန်ကုန် ကြွလာရင် ဘယ်လို ဧည့်ခံရမလဲ၊ ဘာတွေ လုပ်သင့်သလဲလို့ ကျွန်တော့်ကို တိုင်ပင်ဖူးပါတယ်။ ကျွန်တော်က ဆရာတော်ကြီးဟာ သူ့ဒေသက လွဲရင် ဘယ်ကိုမှ မကြွဘူးလို့ ကြားဖူးထားပါတယ်။ နောင်မှာ ဆရာတော်ကြီး ရန်ကုန်ကို ကြွမလာပါဘူး။

သာမညဒေသကို ရောက်တုန်းရောက်ခိုက် လျှပ်တစ်ပြက် လေ့လာမိပါတယ်။ ကျောင်းထဲက ဖိုကြီးကို ရောက်တဲ့အခါ မိုးပြဲဒယ် လေးငါးဆယ်လုံးနဲ့ ထမင်းတွေ၊ ဟင်းတွေ ချက်နေကြတဲ့ ကရင် အမျိုးသားတွေကို တွေ့ရပါတယ်။ ဆရာတော်ကြီးကို ဖူးမျှော်ဖို့ လာတဲ့သူ မှန်သမျှ အားလုံးကို မနက်စာ နေ့လယ်စာ အခမဲ့ ကျွေးပါတယ်။ ဆန်ဂိုဒေါင်မှာလည်း ဆန်အိတ်တွေ အပြည့်ပါ။ နောက်တစ်ခန်းမှာတော့ ဝဥတွေ မနည်းမနောပါ။ အဲဒီ ဒေသက ဝဥ တော်တော်များများ ထွက်တယ်လို့ သိရပါတယ်။ သာမညက ကျွေးသမျှ အစားအစာတွေရဲ့ အဓိက ပစ္စည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ သာမညကို သွားတော့ ကားသုံးစီးပါ။ ကျွန်တော်တို့က ကားနှစ်စီး၊ ထောက်လှမ်းရေးက ကားတစ်စီးပါ။ ကျွန်တော်တို့ သာမညဘက်ကို နီးလာလေ လမ်းတွေက ပိုကောင်းလာလေပါ။ သာမညမှာ ရှိရိုက် ပတ်ပတ်လည် လမ်းတွေ အားလုံးဟာ အင်မတန် ကောင်းမွန်တဲ့ လမ်းတွေပါ။ အဲဒီလမ်းတွေ အားလုံးကို သာမည ဆရာတော်ကြီးရဲ့ နဝကမ္မ ငွေများနဲ့ ဆောက်လုပ်ထားတာလို့ သိရပါတယ်။ သာမညကို ရေးရှတဲ့ လမ်းမှန်သမျှ အားလုံးဟာ အဆင့်မြင့်လမ်းတွေပါ။ အားလုံး ပေါင်းရင် မိုင် ရာနဲ့ချီပြီး ရှိမှာ ဖြစ်တဲ့အတွက် ကုန်ကျငွေဟာ ကျပ် သိန်းပေါင်း ထောင်သောင်းမက ရှိနိုင်မယ်လို့ ကျွန်တော် စိတ်တွက် တွက်နေမိပါတယ်။

---

**၁၉၉၅ ခုနှစ်၊ ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်မှ လွတ်မြောက်စဉ် ကျောင်းသား အဖွဲ့အစည်းများနဲ့ တွေ့ဆုံ ဆွေးနွေးပွဲ (ဓျက်မှန်နှင့်သူက မော်မောင်ဝမ်း- ယခု နော်ဝေး)။**



## တွေ့ခဲ့ရတဲ့ အဖွဲ့ မျိုးစုံ

ဒေါ်အောင်ဆန်းစုကြည် ခြံထဲမှာ နိုင်ငံရေးကိစ္စတွေ လုပ်ရင်းနဲ့ လူမျိုးစုံ၊ အဖွဲ့အစည်း မျိုးစုံတို့နဲ့ ဆက်ဆံရပါတယ်။ အဖွဲ့အစည်း မျိုးစုံဆိုရာမှာ အဲဒီတုန်းက ဖိနှိပ်မှုတွေ များနေတော့ နိုင်ငံရေး အားယူတဲ့ အနေနဲ့ ဒေါ်စုနဲ့ လာတွေ့ကြတာ ရှိသလို၊ တစ်ချို့ အဖွဲ့တွေကျတော့လည်း သဘောရိုးနဲ့ အကြံပေးကြတာတွေလည်း ရှိပါတယ်။ တစ်ချို့ကြတော့ ဒေါ်စု လုပ်တာ မှားနေပြီ၊ လမ်းစဉ်ပြင်တော့ ဆိုပြီး ဆရာလုပ်တဲ့ အဖွဲ့တွေလည်း ရှိပါတယ်။

မှတ်မှတ်ရရ နာမည်ကျော် သခင်စိုးကြီးရဲ့ တပည့်ကျော်တွေနဲ့လည်း ဒေါ်စုနဲ့ တွေ့ဖြစ်ပါတယ်။ သူတို့က သခင်စိုးကြီးရဲ့ တပည့် ဖြစ်ကြောင်း၊ အနာဂတ် နိုင်ငံရေးကို ဒေါ်စုနဲ့ ဆွေးနွေးချင်ကြောင်း ခဏ ခဏ ဒေါ်စုနဲ့ တွေ့ဖို့ စာရေးပါတယ်။ သူတို့အကြောင်း ကျွန်တော် သိနေတော့ ကျွန်တော်က တွေ့ခွင့်မပေးပါ။ "ဒီကောင်တွေကလည်း ပြဿနာပဲကွာ" လို့ ညည်းတွားပြီး သူတို့စာကို ဘေးမှာ ချထားတော့ ဒေါ်စုက ဘယ်သူတွေလဲလို့ မေးပါတော့တယ်။ ကျွန်တော်က "သခင်စိုးကြီး တပည့်တွေဗျာ၊ အကြောင်းကျားတွေမို့ ကျွန်တော်က ဒေါ်စုနဲ့ ပေးမတွေ့တာ" လို့ ပြောတဲ့အခါ ဒေါ်စုက ခေါ်လိုက်ပါလို့ ပြောလို့ တွေ့ဖို့ချိန်းလိုက်ပါတယ်။

သူတို့နဲ့ ဒေါ်စု ဆွေးနွေးပွဲမှာ ကျွန်တော် ဘေးက ထိုင်ပြီး မှတ်တမ်းရေးပါတယ်။ သူတို့က ဗမာနိုင်ငံ သမိုင်းကို သခင်စိုးကြီးရဲ့ မူအတိုင်း ဒေါ်စုကို ပြောပါတယ်။ ဒေါ်စုက ပြန်မဆွေးနွေးပါ။ နောက်ပြီး သူတို့က သခင်စိုးကြီး ချထားတဲ့မူကို အခုလို ပြောပြပါတယ်။ "အစိုးရ ဆိုတာ ပြည်သူလူထုကို အုပ်ချုပ်ခွင့် ရထားတဲ့ အတွက်ကြောင့် သူတို့ ဘာလုပ်လုပ် နိုင်ငံရေး အဖွဲ့အစည်းတွေက ပံ့ပိုး ကူညီပေးရမယ်" ဆိုပြီး ထပ်ခါ တလဲလဲ ပြောပါတယ်။ ဒေါ်စုက "အဲဒီလို ဆိုရင် ပြည်သူလူထုကို ညှင်းဆဲနေတဲ့ အစိုးရကိုရော ပံ့ပိုးရမှာလား" လို့ မေးတဲ့အခါ သူတို့ပေးတဲ့ အဖြေဟာ ကျေနပ်လောက်စရာ မရှိပါ။

အစိုးရ ဘာပဲလုပ်လုပ် နိုင်ငံရေး ပါတီတွေက ပံ့ပိုးရမယ် ဆိုပဲ။ ဒါ့ကြောင့်မို့လို့ ထင်ပါရဲ့ ဒေါ်စု နောက်တစ်ခေါက် ထပ်ပြီး အကျယ်ချုပ် ကျတဲ့အခါ သူတို့က ဒေါ်စုကို ပုတ်ခတ်တဲ့ ဆောင်းပါးတွေ ပုံမှန် ရေးလာကြတာ သတိထားမိပါတယ်။ မကြာ မကြာ တွေ့ဖြစ်တာက မောင်မောင်ဝမ်း (နော်ဝေး) တို့ အဖွဲ့၊ မာကီရဲ့ D.A.Y.S အဖွဲ့၊ ရဲထွန်းတို့ အေးလွင်တို့ အဖွဲ့တွေ ဖြစ်ပါတယ်။

## ရှမ်းခေါင်းဆောင် ဦးရွှေအုန်း

ဦးရွှေအုန်းက အခုတော့ ကွယ်လွန်ပါပြီ။ ရှမ်းပြည်နယ်က ထင်ရှားတဲ့ နိုင်ငံရေး ခေါင်းဆောင် တစ်ယောက်ပါ။ သူ ဘာ့ကြောင့် ထောင်ကျတယ်လို့တော့ မသိပါဘူး။ ကျွန်တော် အထူးမှာ ရှိတုန်းက သူကလည်း အထူးဆောင်က အကျဉ်းသားပါ။ ဦးတင်ဦးနဲ့ ကပ်လျက် အိမ်တစ်လုံးမှာ နေရပါတယ်။ ကျွန်တော်တို့ ၁၉၉၅ ခုနှစ် မလွတ်ခင်ကတည်းက သူ လွတ်သွားခဲ့ပါပြီ။ သူ ဘာ့ကြောင့် ထောင်ကျတယ်၊ ဘာ့ကြောင့် လွတ်တယ် ဆိုတာ မသိရပါ။

သူက ထောင်ထဲမှာ နေစဉ်ကတည်းက ဦးတင်ဦးနဲ့ လျှို့ဝှက် စာပေးစာယူ အဆက်အသွယ် ရှိပါသတဲ့။ (အိမ်ဝင်းချင်းကလည်း ကပ်နေတာကို) အဲဒီအကြောင်းကို သူ ဒေါ်စုကို လာတွေ့တဲ့ အချိန်ကျမှ ကြားသိရတာပါ။ သူ ဒေါ်စုနဲ့ ပြောနေတဲ့အခါ ထုံးစံအတိုင်း ကျွန်တော် ဘေးမှာ ရှိပါတယ်။ သူက ဒေါ်စုကို "ပင်လုံစာချုပ်မှာ ချို့ယွင်းချက်တွေ အများကြီး ရှိတယ် ဆိုတဲ့အကြောင်း၊ စာချုပ်မှာ လွတ်လပ်ရေး ရပြီး ၁၀ နှစ် ကြာရင်

ပြည်နယ်တွေ ခွဲထွက်ခွင့် ရမယ်လို့ စာချုပ်ထဲမှာ ပါပေမဲ့ လက်တွေ့မှာ ဗမာဘက်က ကတိမတည်ကြောင်း” စသဖြင့် ပြောပါတယ်။

သူက ဆက်ပြောပါသေးတယ် ထောင်ထဲမှ နေခဲ့ရစဉ်က ဦးတင်ဦးနဲ့ စာအဆက်အသွယ် လုပ်လို့ ရခဲ့ကြောင်း၊ အဲဒီစာတွေ ထောင်က လွတ်တဲ့အခါ ယူသွားခဲ့ပေမဲ့ ထောင်ဘူးဝမှာ ရှာဖွေရေး လုပ်လို့ အသိမ်းခံရကြောင်း အဲဒီစာတွေထဲမှာ ဦးတင်ဦးက ပြည်နယ်ခွဲထွက်ဖို့ သဘောတူတယ်လို့ ရေးထားကြောင်း ပြောပါတယ်။

ကျွန်တော်ကလည်း မနေနိုင်တော့ ဝင်ပြောမိပါတယ်။ “အန်ကယ်၊ အဲဒီအကြောင်းတွေကို ဒေါ်စုကို ဘာလို့ လာပြောနေတာလဲ၊ အခု အုပ်ချုပ်နေတာက စစ်အစိုးရလေ၊ ဗိုလ်ချုပ် သန်းရွှေတို့၊ ဗိုလ်ချုပ် ခင်ညွန့်တို့ သွားပြောပါ့လား၊ ဘာလို့ ဒေါ်စုကို လာပြောနေတာလဲ” လို့ ပြောတဲ့အခါ သူ ငြိမ်ကျသွားပါတယ်။

## ဒုတိယ ဗိုလ်မှူးကြီး ကျော်ဆန်း (ငြိမ်း)

သူဟာ စစ်ကိုင်း ဇာတိပါ။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ အရွေးခံတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပါတယ်။ ရွေးကောက်ပွဲ ပြီးလို့ ဖမ်းဆီး နှိပ်ကွပ်ရေးတွေ လုပ်တုန်းက သူ အဖမ်းမခံခဲ့ရပါဘူး။ ဒါ့ကြောင့် သူ့ကို စစ်ကိုင်းတိုင်း NLD ဥက္ကဋ္ဌ အနေနဲ့ တာဝန်ယူစေပြီး စစ်ကိုင်းတိုင်းအတွင်း စည်းရုံးရေး လုပ်ငန်းတွေကို ဆောင်ရွက်နေခဲ့သူပါ။ သားသမီး သုံးယောက်မှာ အကြီး နှစ်ယောက်က အရွယ်ရောက်ပြီး စီးပွားရေး လုပ်ငန်းတွေ အောင်မြင်နေပါတယ်။ အင်းစိန်၊ မဂ္ဂင်ကျောင်းလမ်းမှာ ခြံဝင်း အကျယ်ကြီးနဲ့ နေပါတယ်။

၁၉၉၇ ခုနှစ် ဒေါ်စုခြံကို ပိတ်ဆို့နေတဲ့ ကာလမှာ သူဟာ ဒေါ်အောင်ဆန်းစုကြည် ခြံဝင်းရဲ့ လုံခြုံရေး တာဝန် ယူခဲ့ရပါတယ်။ ဒီမိုကရေစီကို သက်ဝင် ယုံကြည်မှုရှိပြီး သဘောတရားတွေလည်း အများကြီး လေ့လာထားတဲ့ သူပါ။ သူနဲ့ ပတ်သက်ရင် တပ်မတော်မှာ ပြောစရာ အများကြီး ကျန်ခဲ့တဲ့ ဖြစ်ရပ်တွေ ရှိပါတယ်။ အဲဒီထဲက ထင်ရှားတဲ့ ဖြစ်ရပ်လေး တစ်ခု နှစ်ခုလောက် ဖော်ပြပါရစေ။

## ဘောလုံးပွဲ အဖွင့် မိန့်ခွန်း

ရောဝတီတိုင်း၊ ကျုံပျော်မြို့မှာ အခြေစိုက်တဲ့ ခလရ ၃၆ တပ်ရင်းမှူး အဖြစ် တာဝန် ထမ်းဆောင်ခဲ့ဖူးပါတယ်။ သူ အခြားအဆင့်ဘဝတုန်းကတော့ နာယကကြီး ဦးတင်ဦး တပ်ရင်းမှူး လုပ်တဲ့ သနက ၁ မှာ ရဲဘော်ပါ။ နောက်မှ အရာရှိ ဖြစ်လာတော့ တပ်ရင်းအချို့မှာ တာဝန်ထမ်းဆောင်ရင်း တပ်ရင်းမှူးဖြစ်တော့ ခလရ ၃၆ မှာပါ။ ရောဝတီတိုင်းဟာ သောင်းကျန်းသူ ကင်းစင်တဲ့ အဖြူရောင်နယ်မြေ ဖြစ်တော့ သူ့တပ်ကို တစ်ခါတလေ ကရင် ပြည်နယ်၊ တစ်ခါတလေ ကချင် ပြည်နယ်နဲ့ တစ်ခါတလေ ပဲခူးတိုင်း ဒေသတွေမှာ စစ်ဆင်ရေး အငှား လိုက်ရပါတယ်။

တစ်ခါမှာတော့ သူတို့တပ်က ကချင် ပြည်နယ်က ပြန်လာပြီး နားရပါတယ်။ နားရပြီဆိုတော့ ထုံးစံအတိုင်း တပ်ခွဲလိုက် ပြန်လည် လေ့ကျင့်ရေး လုပ်၊ ဇန်နဝါရီ ၄ ရက်၊ လွတ်လပ်ရေးနေ့နဲ့ ကြုံတော့ တပ်ခွဲ ခြောက်ခွဲလုံး တပ်ရင်းမှူးဒိုင်း အတွက် ဘောလုံးပွဲ လုပ်မယ်လို့ စီစဉ်ကြပါတယ်။ တပ်ခွဲ ခြောက်ခွဲလုံး ဘောကန် ဖိနပ်၊ ဘောင်းဘီ၊ အားကစား အင်္ကျီနဲ့ တန်းစီပြီး တပ်ရင်းမှူးရဲ့ ဩဝါဒကို နာခံဖို့ စီစဉ်ကြပါတယ်။ အစီအစဉ် တစ်- တပ်ရင်းမှူး မိန့်ခွန်း ပြောခြင်း၊ အစီအစဉ် နှစ်- သတ်မှတ်ထားသော တပ်ခွဲ နှစ်ခွဲ ယှဉ်ပြိုင် ဘောလုံး ကစားခြင်း စတဲ့ အစီအစဉ်တွေပေါ့။

အချိန်ကျပါပြီ။ တပ်ခွဲ ခြောက်ခွဲလည်း တန်းစီပြီးပါပြီ။ ညနေ လေးနာရီမှာ တပ်ရင်းမှူးလည်း ရောက်ရှိလာပါပြီ။ တပ်ရေးဗိုလ်ကြီးက တပ်ရင်းမှူးကို အလေးပြုပြီး "တပ်ရင်းမှူး မိန့်ခွန်း နာခံရန် အသင့်" ဆိုပြီး သတင်းပို့လိုက်ပါတယ်။ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ကျော်ဆန်းလည်း မိန့်ခွန်းပြောပါပြီ။ ဆိုရှယ်လစ် ဝါဒကို ကာကွယ်ရမယ့် တပ်မတော် အကြောင်း၊ ပြီးခဲ့တဲ့ လတွေ/နှစ်တွေတုန်းက သူတို့တပ် ပါဝင် ဆင်နွှဲခဲ့ရတဲ့ စစ်ဆင်ရေးတွေ အကြောင်း စီကာပတ်ကုံးပေါ့။ ညနေ ငါးနာရီ ထိုးပါပြီ။ တပ်ရင်းမှူး စကား ဆက်ပြောနေပါတယ်။ ညနေ ခြောက်နာရီ ထိုးပါပြီ၊ တပ်ရင်းမှူး မိန့်ခွန်း မဆုံးသေးပါ။

နေဝင်သွားပါပြီ။ တပ်ရင်းမှူး ဆက်ပြောနေဆဲပါ။ အဲဒီကျမှ တပ်ရေး ဗိုလ်ကြီးက "ဗိုလ်မှူးကြီး၊ နေဝင်သွားပြီ" လို့ ဆိုတော့မှ သူ့မိန့်ခွန်း ပြီးဆုံးသွားပါတယ်။ အဲဒီနေ့ ဘောလုံးကန်မယ့် အသင်း နှစ်သင်း အချိန်မရှိတော့လို့ နောက်တစ်နေ့မှ ဆက်ကန်ရပါတော့တယ်။ ဒီအကြောင်းကို ကြားရတဲ့သူတိုင်းက ရယ်မောလို့ မဆုံး၊ ပြောလို့မဆုံး။ အခုအထိ ရယ်နေရဆဲပါ။

## ကျွန်တော်နဲ့ ဗိုလ်မှူးကြီး ကျော်ဆန်း

သူနဲ့ ကျွန်တော်နဲ့က အိမ်ချင်းနီးပါတယ်။ ၁၀ မိနစ်လောက် လမ်းလျှောက်ရင် ရောက်နိုင်ပါတယ်။ ရာထူးအရ သော်လည်းကောင်း၊ အသက်အရွယ်အရ သော်လည်းကောင်း ကျွန်တော့်ထက် စီနီယာကျလို့ တလေးတစား ဆက်ဆံခဲ့ပါတယ်။ ပြီးတော့ သူ့ရဲ့ နိုင်ငံရေး ရပ်တည်ချက်ကိုလည်း ကျွန်တော် သဘောကျတဲ့ တစ်ကွက် ရှိပါတယ်။ ဒါက ဘာလဲဆိုတော့ ဒေါ်စုနဲ့ ဦးတင်ဦးကို NLD က ထုတ်တော့ စစ်ကိုင်းတိုင်း NLD ဥက္ကဋ္ဌ အနေနဲ့ ဗဟို အလုပ်အမှုဆောင် ကော်မတီကို လုံးဝ လက်မခံကြောင်း ကန့်ကွက်ခဲ့တဲ့ အချက်ပါ။ တစ်နိုင်ငံလုံး ကန့်ကွက်ရဲတာ သူတစ်ယောက်ပဲ ရှိပါတယ်။

ကျွန်တော်တို့ အကျယ်ချုပ်က လွတ်တော့ ဗိုလ်မှူး ကျော်ဆန်းက သူ့စစ်ကိုင်းတိုင်း အလုပ်တွေကိုပဲ ပြန် အာရုံစိုက်ပါတယ်။ ကျွန်တော်ကတော့ ဒေါ်စုရဲ့ တာဝန်ယူရတာပေါ့။ တစ်နေ့ တစ်နေ့ အိမ်ပြန်ရောက်ရင် ညနေ ခြောက်နာရီ အစောဆုံးပါပဲ။ ဒါပေမဲ့ သူက ရောက်နှင့်နေပြီ။ ကျွန်တော်ကလည်း အားနာတာနဲ့ ဧည့်ခံ စကားပြောမိတာ စကားတွေက မပြီးတော့ဘူး။ ခုနစ်နာရီလည်း မပြီး၊ ရှစ်နာရီလည်း မပြီး၊ ကိုးနာရီလောက်ကျမှ "ဗိုလ်မှူးကြီး၊ ကျွန်တော် ရေလည်း မချိုးရသေးဘူး၊ ထမင်းလည်း မစားရသေးဘူး" ဆိုတော့မှ အင်တင်တင်နဲ့ ပြန်သွားတာ၊ တစ်ရက်မက၊ နှစ်ရက်မက၊ သုံးရက်မကလို့ ပြောနိုင်ပါတယ်။ ကျွန်တော် လွှတ်တော် ကိုယ်စားလှယ် ဖြစ်တဲ့အချိန်မှာ သူ ကွယ်လွန်သွားပါပြီ။

## ထောင်မင်းသား ဒုဗိုလ်မှူးကြီး ကျော်ဆန်း

ဒုဗိုလ်မှူးကြီး ကျော်ဆန်း တပ်ရင်းမှူး ဘဝတုန်းက ပုသိမ်ကို အခြေစိုက်တဲ့ နတခ တိုင်းမှူးက ဗိုလ်မှူးကြီး သန်းရွှေပါ။ သူက NLD မှာ ဝင် နိုင်ငံရေးလုပ်တော့ ဟိုပုဂ္ဂိုလ်က နဝတ ဥက္ကဋ္ဌပေါ့။ လူပုဂ္ဂိုလ်ချင်း ကောင်းကောင်း သိခဲ့ကြတာပါ။ ဒါ့ကြောင့်လဲ ဗိုလ်မှူးကြီး ကျော်ဆန်းဟာ အကြိမ်ကြိမ် ထောင်ချခံခဲ့တာပါ။ ထောင်ထဲမှာတော့ ဗိုလ်မှူးကြီး ကျော်ဆန်းဟာ အတော် ကံကောင်းပါတယ်။ အဲဒီကံကြောင့်ပဲ ဗိုလ်မှူးကြီး ကျော်ဆန်းကို ထောင်ထဲမှာ အတူတူ နေခဲ့ကြတဲ့ တခြား နိုင်ငံရေး အကျဉ်းသားတွေက လေးစား ချစ်ခင်ကြတာပါ။

သူ့ကံကောင်းပုံက သူ ထောင်ကျတဲ့အခါမှာ ရန်ကုန်တိုင်း တိုင်းမှူးက အခု ဒုတိယ သမ္မတ ဖြစ်နေတဲ့ ဗိုလ်မြင့်ဆွေလား၊ အငြိမ်းစားယူသွားတဲ့ ဗိုလ်လှဌေးဝင်းလား တစ်ယောက်ယောက်ပါ။ အဲဒီ တစ်ယောက်

ယောက်က ဗိုလ်မှူးကြီး ကျော်ဆန်းရဲ့ လက်အောက်ခံ တပ်မှူးငယ်လေး တစ်ယောက် ဖြစ်ခဲ့ပါသတဲ့။ တိုင်းမှူးက အကျဉ်းဦးစီးဌာန ညွှန်ချုပ်နဲ့ DSA အပတ်စဉ် အတူတူ ဖြစ်ပါသတဲ့။

ဒါ့ကြောင့် သူ ထောင်ကျတယ်လည်း ကြားရော တိုင်းမှူးက သူ့သူငယ်ချင်း ညွှန်ချုပ်ကို "သူငယ်ချင်း၊ ဒီအဖိုးကြီး (ဗိုလ်မှူးကျော်ဆန်း) က လူရိုးလူဖြောင့်ကွ၊ ငါ့ဆရာသမားအစ ထောင်ကျတော့ မင်း လက်အောက်မှာပေါ့၊ အဲဒီတော့ သူ့ကို သက်သက်သာသာ ထားပေးပါကွာ၊ ထွက်မပြေးရင်တော့ တော်ရောပေါ့" ဆိုတဲ့ အဓိပ္ပာယ်ပါတဲ့ စကားမျိုး ပြောခဲ့ပါသတဲ့။ ဒါ့ကြောင့် ဗိုလ်မှူး ကျော်ဆန်းဟာ ထောင်ထဲမှာ ညဆိုရင် တစ်နာရီ နှစ်နာရီမှာ အိပ်ပြီး မနက်ဆိုရင် ၁၀နာရီ ၁၁ နာရီမှ ထပါသတဲ့။ ပုံစံ တန်းစီ ဆိုတာလည်း သူ့အတွက် မရှိဘူး။ ထောင်ဝင်စာကလည်း အလျှံပယ်၊ လူကြီးတွေလာလို့ တန်းစီတယ် ဆိုရင် သူက ခေါ်ခေါ် စကားပြောတဲ့အခါ တစ်နာရီ နှစ်နာရီ ကြာတတ်ပါသတဲ့။ ဒါ့ကြောင့် ထောင်ထဲမှာ လူကြီးတွေ Round လှည့်ပြီ ဆိုရင် ဗိုလ်မှူးကျော်ဝန်းရှိတဲ့ တိုက်ကို အမြဲ ရှောင်လေ့ရှိပါသတဲ့။ ထောင်ထဲမှာ ဘေးမဲ့ပေးခြင်း ခံရတဲ့သဘောပေါ့။

## သတိပေးတယ်တဲ့လား

နဝတနဲ့ NLD၊ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆက်ဆံရေးဟာ တစ်နေ့တခြား ဆိုးလာပါပြီ။ အပတ်စဉ် စနေ၊ တနင်္ဂနွေ ဟောပြောပွဲတွေမှာလည်း လူတွေက တစ်ပတ်ပြီး တစ်ပတ် ပိုစည်ကားလာပါပြီ။ တစ်နေ့တာ ဆွေးနွေးပွဲပြီးတိုင်း ဟောပြောပွဲ လာနားထောင်တဲ့ လူအချို့က "ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ" ဆိုတဲ့ ဆုတောင်း ကြွေးကြော်သံတွေဟာ အမြဲလိုလို ကြားနေရပါတယ်။ တက္ကသိုလ် စိန်ရတု ကိစ္စ၊ အမျိုးသား အောင်ပွဲ ကျင်းပတဲ့ ကိစ္စတွေဟာ နဝတက လုံးဝ မလိုလားပါ။ သူတို့ ခက်ခဲ ပင်ပန်းစွာ သိုင်းဝိုင်းပြီး စီစဉ် ကျင်းပခဲ့တဲ့ အမျိုးသား ညီလာခံကြီးလည်း ရက်အကန့်အသတ် မရှိ ရပ်ဆိုင်းသွားပါပြီ။

ဒီလိုနဲ့ ဒီဇင်ဘာ ကုန်တဲ့အခါ လွတ်လပ်ရေးနေ့ နီးကပ်လာပါပြီ။ လွတ်လပ်ရေးနေ့ကို ဘယ်လို ကျင်းပရမယ် ဆိုတာကိုလည်း ဗဟို အလုပ်အမှုဆောင် အဖွဲ့မှာ ဆွေးနွေး ဆုံးဖြတ်ပြီးပါပြီ။ မြို့နယ် အသီးသီးမှာ ကျင်းပကြဖို့လည်း ညွှန်ကြားချက်တွေ ပေးပြီးပါပြီ။ အဲဒါကို သိတဲ့ နဝတက ကျွန်တော်တို့ လုပ်နေတာတွေ မကြိုက်ပါ။ ဒါ့ကြောင့် ထောက်လှမ်းရေးက ဗိုလ်မှူး သန်းထွန်းက ဒေါ်အောင်ဆန်းစုကြည်ကို လာတွေ့ပြီး NLDအနေနဲ့လွတ်လပ်ရေးနေ့မကျင်းပဖို့ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့လေအေးအေးလေးနဲ့ "လုပ်ရမှာပေါ့" လို့ ပြန်ဖြေလိုက်ပါတယ်။

ကျွန်တော်ကတော့ အထက်တစ်နေရာမှာ ရေးပြဖူးသလို ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗဟို အလုပ် အမှုဆောင် အဖွဲ့က ဆုံးဖြတ်တာတွေကို အောက်အဖွဲ့အစည်းတွေအထိ ရောက်အောင် ဖြန့်ဝေ အသိပေးဖို့ ဖြစ်ပါတယ်။ အစကတည်းက ကျွန်တော်ဟာ "ထမင်းအိုးထမ်း၊ ဟင်းအိုးထမ်း" လို့ ပြောထားပြီးသားမို့လား။ ပြီးတော့ NLD ဟာ ဒေါ်အောင်ဆန်းစုကြည်ကို အကြောင်းပြုပြီးတော့ လဲကျသွားခြင်း၊ မြင့်တက်လာခြင်းတို့ ဖြစ်နေခဲ့တာပဲ။ အခြေအနေတွေက မကောင်းမှန်းတော့ သိနေပါတယ်။ ဒါပေမဲ့ ကျွန်တော်ကို တိုက်ရိုက် ပတ်သက်လာလိမ့်မယ်လို့တော့ မထင်မိပါဘူး။

ဇန်နဝါရီလ ၃ ရက်နေ့ ရောက်ပါပြီ။ ဗုဒ္ဓဟူးနေ့ပါ။ အခါတိုင်းလိုပဲ နေ့ခင်းမှာ ဒေါ်အောင်ဆန်းစုကြည် ခြံကို သွားပြီး ရုံးကိစ္စတွေ ဆောင်ရွက်ပါတယ်။ ညနေ ခြောက်ကျော်လောက် အိမ်ပြန်ရောက်ပါတယ်။ စားသောက်ပြီး နားနားနေနေနဲ့ တယ်လီဗွီးရှင်း ကြည့်နေပါတယ်။ ည ကိုးနာရီ ထိုးတော့ အိမ်ရှေ့က ခေါ်သံကြားပါတယ်။ ကျွန်တော့် နာမည်ကိုပါ။ ခြံဝက မီးဖွင့်လိုက်တော့ တံခါးရှေ့မှာ ရဲတွေရယ်၊ အရပ်ဝတ်နဲ့ လူ

တချို့ရယ်နဲ့ ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ကို မြင်ရပါတယ်။ သိလိုက်ပါပြီ။ ကျွန်တော့်ကို လာဖမ်းပြီပေါ့။ အဖွဲ့ထဲက အရာရှိလို့ ထင်ရတဲ့သူက ကျွန်တော့်ကို မေးစရာရှိလို့ လိုက်ခဲ့ပါဆိုပြီး ပြောပါတယ်။ ကျွန်တော်က နဂိုကတည်းက အသင့်ပြင်ပြီးသားပါ။ အိတ်တစ်အိတ်ထဲမှာ အဝတ်အစား နှစ်စုံ၊ မျက်နှာသုပ်ပဝါ၊ ဆပ်ပြာ၊ သွားတိုက်ဆေး ၊ သောက်ရေခွက်၊ ရေချိုးခွက် စတဲ့ ပစ္စည်းတွေ ထည့်ထားတဲ့ အိတ်ကို အိပ်ခန်းထဲက သွားယူပြီး သူတို့ခေါ်ရာ လိုက်သွားပါတယ်။ အိမ်ကိုတော့ ရှာဖွေခြင်း မလုပ်ကြပါ။

သူတို့က ကျွန်တော့်ခေါင်းကို ဘာနဲ့မှ မအုပ်တော့ပါ။ အဆန်းပဲလို့ စိတ်ထဲကထင်ပြီး လိုက်သွားရာမှာ အာလိန်ငါးဆင့် ဘုရားရှေ့က လမ်းသစ်လမ်း၊ အဲဒီကမှ ပြည်လမ်း၊ ရှစ်မိုင် လမ်းဆုံ ရောက်တော့ ဘယ်ချိုးပြီး ကမ္ဘာအေး ဘုရားလမ်းအတိုင်း ခေါ်သွားပါတယ်။ ကမ္ဘာအေး ဘုရား မရောက်ခင် ဘယ်ဘက်ကို ချိုးတော့ တောင်ဥက္ကလာပေါ့။ အဲဒီမှာ ထောက်လှမ်းရေးတပ် အသစ်ရှိတယ်လေ။ အမှတ် ၂၆ ထောက်လှမ်းရေးတပ်ပါ။

သူတို့ ကျွန်တော့်ရဲ့ ကိုယ်ရေး ရာဇဝင် မမေးတော့ပါ။ အရင် စစ်ကြောရေး အကြိမ်ကြိမ် လုပ်ခဲ့တုန်းက ထွက်ချက်တွေ သူတို့ဆီမှာ ရှိပြီးသားလေ။ ကျွန်တော့်ကို ဒေါ်အောင်ဆန်းစုကြည် ခြံမှာ ဘာလုပ်တယ်၊ ဘယ်သူတွေနဲ့ တွေ့တယ် ဆိုတဲ့ အချက်တွေ မေးလိုက် ကျွန်တော်ကလည်း ရေးချလိုက်နဲ့ ထုံးစံအတိုင်း နှစ်ပါးသွားနေကြပါတယ်။ တစ်ခါတလေကျတော့လည်း သူတို့က ကျွန်တော်တို့ လုပ်နေတဲ့ နိုင်ငံရေး လမ်းစဉ်တွေ အောင်မြင်မှာ မဟုတ်ကြောင်း ချိုးချိုးနှိမ်နှိမ် ပြောပါတယ်။ ကျွန်တော်ကလည်း ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ ကတိမတည်တဲ့ အကြောင်းကို ပြောရင်တော့ သူတို့ ပြန်မငြင်းနိုင်ကြပါ။ စကားလမ်းကြောင်း လွှဲပြီး ဦးတင်ဦး အကြောင်း၊ ဦးကြည်မောင် အကြောင်းတွေ ရောက်သွားတတ်ပါတယ်။

သူတို့က တစ်နာရီ တစ်ခါ၊ နှစ်နာရီ တစ်ခါ လူလဲပေမဲ့ ကျွန်တော်ကတော့ တစ်ယောက်တည်းပေါ့။ စိတ်ထဲမှာတော့ "ပထမ တစ်ညလောက်တော့ အေးဆေးပဲကွ၊ နောက်ညတွေ ဆိုရင်တော့ မပြောတတ်တော့ဘူး" ဆိုတဲ့ အတွေးနဲ့ သူတို့ရဲ့ စစ်ကြောရေးကို ကစားနည်း တစ်မျိုးလို သဘောထားပြီး ဖြတ်သန်းနေပါတယ်။ ဒီတစ်ခါ ထူးခြားတာက ကျွန်တော့်ကို "မင်းတစ်လုံး၊ ငါတစ်လုံး" မပြောပါ။ အသံမာမာ ပြောရုံကလွဲလို့ ခြိမ်းခြောက်တာလည်း မရှိပါ။ ကျွန်တော့် စိတ်ထဲမှာတော့ "ဒီတစ်ခါ တီးလုံးကတော့ တစ်မျိုးပဲ၊ အေးလေ သူတို့ တီးတဲ့ တီးလုံးအတိုင်း လိုက်ကရတော့မှာပေါ့" လို့ပဲ စိတ်ဆုံးဖြတ်ထားပါတယ်။

ဒီလိုနဲ့ မိုးလင်းသွားတော့ ကျွန်တော့်ကို တစ်ယောက်တည်း ထားပြီး ထွက်သွားကြပါတယ်။ တစ်ညတာတော့ ပြီးပြီထင်ပါရဲ့။ ကျွန်တော်လည်း စားပွဲပေါ်မှာ မှောက်ချလိုက်ပြီး ထိုင်လျက် အိပ်ပျော်သွားပါတယ်။ ဘယ်လောက် ကြာသွားသလဲတော့ မသိပါ။ ထောက်လှမ်းရေး တစ်ယောက်က လာနှိုးပြီး "လူကြီး လာမယ်၊ ရေချိုး အဝတ်အစားလဲ" လို့ ပြောပြီး ကျွန်တော့်ကို ရေချိုးခန်း ခေါ်သွားပါတယ်။ ရာသီဥတု မပူပေမဲ့ တစ်ညလုံး စစ်ကြောရေး လုပ်ထားတဲ့ ဒဏ်ကြောင့် ချွေးတွေနဲ့ တစ်ကိုယ်လုံး စွဲနေပါတယ်။ အဝတ်အစား လဲပြီးတဲ့အခါ ကျွန်တော့်ကို တပ်မှူးအခန်းကို ခေါ်သွားပါတယ်။ ကျွန်တော့်ကို ခေါင်းစွပ် အုပ်မထားတဲ့အတွက် အားလုံးကို မြင်နေရပါတယ်။

တပ်မှူးအခန်းကို ရောက်တော့ ကြည့်လိုက်တဲ့အခါ ကြမ်းတစ်ခုလုံးက ပါကေး ခင်းထားပါတယ်။ ပေါလစ် တိုက်ထားတဲ့အတွက် ကြမ်းပြင်တစ်ခုလုံး လက်လက်ထနေပါတယ်။ စိတ်ထဲက "အမယ်.. ထောက်လှမ်းရေး တပ်မှူး ရုံးခန်းက တယ်သားနားပါလား" လို့ မှတ်ချက်ချနေမိပါတယ်။ ခဏကြာတော့ ကားတစ်စီး ရောက်လာတာကြားပြီး ကားတံခါး ဖွင့်ပိတ်သံနဲ့အတူ လူတစ်ယောက် ဝင်လာပါတယ်။ ကြည့်လိုက်တော့ "ဒုတိယ ဗိုလ်မှူးကြီး သန်းထွန်း"၊ နဝတ တက်ခါစကတော့ သူ့အဆင့်က ဗိုလ်မှူးပါ။

သူ့လက်ထဲမှာ ကျွန်တော့်ကို စစ်ကြောရေး လုပ်ထားတဲ့ စာရွက်တွေ တွေ့နေရပါတယ်။ ကျွန်တော်ကလည်း အမျိုးမျိုး တွက်နေမိတာပေါ့။ "ငါ ဒေါ်စုအိမ်မှာ လုပ်အားပေးတဲ့ အလုပ်တွေပဲ လုပ်တာ၊ ဒါနဲ့ပဲ ထောင်ချမယ် ဆိုရင်လည်း ချပေါ့၊ ဗိုလ်သန်းထွန်းနဲ့ တွေ့ပြီးရင် ငါ့ကို ထောင်ကြီးကို ပို့တော့မှာပဲ" လို့ တွက်နေမိတာပါ။ ဗိုလ်သန်းထွန်းက DSA အပတ်စဉ် ၁၃ ပါ။ သူက ကျွန်တော်တို့ NLD အနေနဲ့ လုပ်ကိုင်တာ များတဲ့ အကြောင်း အကျယ်တဝင့် ပြောပြပါတယ်။ ကျွန်တော်ကတော့ ထောင်ထဲသွားမယ့် အတူတူ ပြန်ပြောနေရင် အချိန်ကုန်မှာကလွဲလို့ ဘာမှ ထူးမှာမဟုတ်ဘူး ဆိုပြီး သူ ပြောသမျှ နားထောင်နေပါတယ်။ နာရီဝက်လောက် ပြောပြီးမှ အဲဒီ ထောက်လှမ်းရေးက လူတွေကို လှမ်းခေါ်ပြီး ကျွန်တော့်ကို အပ်လိုက်ပါတယ်။

ပြီးပြီပေါ့။ ကျွန်တော်က ကိုယ့်အထုပ် ကိုယ်ဆွဲပြီး သူတို့ကားပေါ် တက်လိုက်သွားပါတယ်။ လာတဲ့ လမ်းအတိုင်း သူတို့ကားက မောင်းပြီး အာလိန်ငါးဆင့် ဘုရားရှေ့က လမ်းသစ်အတိုင်း ခေါ်သွားပြီး မင်းကြီးလမ်းနဲ့ ဆုံတဲ့ နေရာကျတော့ ညာချိုးလိုက်ပါတယ်။ ကျွန်တော်က စိတ်ထဲမှာ "အမယ် ငါ့ကို ထောင်ကို မပို့တော့ပါလား" လို့ အာမေဋိတ်ရင်းနဲ့ ခဏနေတော့ အိမ်ရောက်ပါလေရော။ အိမ်ရောက်တော့ အိမ်သားတွေအားလုံးကလည်း အံ့သြလို့ပါ။

ကျွန်တော်က တစ်ညလုံး မအိပ်ရသော်လည်းပဲ ရေချိုးပြီးသားမို့ အဝတ်အစားလဲကာ သမိုင်းကျိုက်ဝိုင်းဘုရား အလွန်က "ဝါရင့် ရဲဘော်ဟောင်းကြီး တစ်ဦး" ရဲ့ အိမ်မှာ ပြသထားတဲ့ လွတ်လပ်ရေးကြိုးပမ်းမှုနဲ့ ပတ်သက်တဲ့ ဓာတ်ပုံတွေ ပန်းချီတွေ ပြထားတဲ့နေရာကို သွားပါတယ်။ အဲဒီမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD က တခြားလူကြီးတွေ ရောက်နေကြပါပြီ။ သူတို့ကလည်း ကျွန်တော့်ကို ထောက်လှမ်းရေးက ခေါ်သွားကြောင်း ညကတည်းက သိထားကြပါပြီ။ ကျွန်တော် ပြန်ရောက်လာတာ သိတော့ အားလုံး ဝမ်းသာနေကြပါတယ်။

အဲဒီပွဲမှာ ကြည့်ပြီးကြတဲ့အခါ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြံကို ဆက်သွားပြီး အဲဒီမှာ လုပ်တဲ့ လွတ်လပ်ရေးနေ့ အခမ်းအနား ဆက်လက် ပါဝင်ဆင်နွှဲပါတယ်။ ပြခန်းတွေ ရှိသလို ဟောပြောပွဲတွေလည်း ရှိပါတယ်။ အဲဒီနေ့ မနက်မှာ အားလုံး သဘောပေါက်လိုက်ကြတာက နဝတက တားတဲ့ ကိစ္စတွေကို ဒေါ်အောင်ဆန်းစုကြည်က နားမထောင်ဘူး၊ အဲဒီတော့ ဒေါ်အောင်ဆန်းစုကြည်ကို သတိပေးတဲ့အနေနဲ့ သူ့ရုံးက ကျွန်တော့်ကို တစ်ညတာ (ဥပဒေအရ ၂၄ နာရီ) ဖမ်းပြလိုက်ခြင်းအားဖြင့် "ခင်ဗျားတို့တော့ သတိသာ ထားနေကြပေရော့" လို့ ပြောလိုက်ခြင်းပါပဲ။

## ၁၉၉၆ ခုနှစ် သင်္ကြန်

လွတ်လပ်ရေးနေ့ ကိစ္စနဲ့ပတ်သက်လို့ နဝတက ကျွန်တော့်ကို တစ်ရက် ဖမ်းပြခြင်းအားဖြင့် သတိပေးလိုက်ပေမဲ့ နောက်ပိုင်းတော့ ဘာမှ ထူးထူးခြားခြား ဖြစ်မလာတော့ပါ။ ဖေဖော်ဝါရီလ ၁၂ ရက်၊ ပြည်ထောင်စုနေ့မှာလည်း လုပ်သင့်လုပ်ထိုက်တဲ့ အခမ်းအနားတွေ ဆက်လုပ်ကြပါတယ်။ ဒီလိုနဲ့ သင်္ကြန်ရောက်တဲ့အခါမှာ လူထုနဲ့ တွေ့ဆုံဖို့ အမြဲတမ်း ကြံရွယ်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ သင်္ကြန် သုံးရက်စလုံး စတုဒိသာ ကျွေးဖို့ စီစဉ်ပါတယ်။ တစ်ရက်ကို မုန့်လုံးရေပေါ် ကျွေးမယ်၊ နောက်တစ်ရက်ဆိုရင် မုန့်လက်ဆောင်း ကျွေးမယ် စသဖြင့် စီစဉ်ပြီး ကျွန်တော်တို့ တစ်ဖွဲ့လုံး အလုပ်ရှုပ်ကြပါတော့တယ်။

ထုံးစံအတိုင်း သင်္ကြန်ကာလမှာ လူတွေက မဏ္ဍပ်တွေ ဆောက်ပြီးရင်လည်း အဲဒီမှာ ပျော်ကြတယ်၊ ကားတွေငှား လျှောက်လည်ပြီးတော့လည်း ပျော်ကြတယ်။ ဘာမှမရှိရင်လည်း အိမ်ရှေ့မှာ တိုင်ကီထဲ ရေ

ဖြည့်ပြီး တစ်ယောက်စ နှစ်ယောက်စနဲ့တင် ပျော်ကြတဲ့သူတွေပါ။ ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်ကျတဲ့အခါမှာ လူထုနဲ့ ကင်းကွာသွားပါတယ်။ အဆင့်ဆင့်သော ပါတီ အဖွဲ့အစည်းတွေနဲ့ တွေ့ခဲ့သော်လည်း ၁၉၈၈-၈၉ ခုနှစ်တွေတုန်းကလို အုတ်အော်သောင်းတင်း အဆင့်တော့ ပြန်မရောက်သေးပါ။ လူထုက ရှိန်နေပါသေးတယ်။

မနက်လင်းကတည်းက ဒေါ်စု ခြံရှေ့ ကားတွေ ဖြတ်သွားတိုင်း "အန်တီစု ကျန်းမာပါစေ" လို့ ကားများပေါ်က အော်သွားကြပါတယ်။ တချို့ကားတွေကျတော့ မရဲတရဲပါ။ မနက် ကိုးနာရီလောက်မှာ ခြံရှေ့မှာ စားပွဲ နှစ်လုံးလောက်ချပြီး ဖော့ဘူးလေးတွေနဲ့ မုန့်လုံးရေပေါ်တွေကို ကားတစ်စီး တစ်ထုပ် ဝေတဲ့အခါ ခဏကြာတော့ လူတွေ ကြိတ်ကြိတ်တိုး ဖြစ်လာပါတော့တယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ လူထုနဲ့ တွေ့မယ်ဆိုရင် အမြဲတမ်း ပျော်နေတဲ့သူပါ။ ဒီလိုနဲ့ သကြန်ကာလများမှာ လူထုနဲ့ ပိုမို နီးစပ်အောင် ဆောင်ရွက်တဲ့ အလုပ်တွေနဲ့ပဲ ဖြတ်သန်းခဲ့ရပါတယ်။

## မုန့်တိုင်း မကျမီ

လွှတ်လပ်ရေးနေ့နဲ့ ပတ်သက်ပြီး နဝတက တားမြစ်တာကို NLD က မလိုက်နာတဲ့အတွက် ကျွန်တော့်ကို ၂၄ နာရီ ဖမ်းချုပ်ခြင်းအားဖြင့် သတိပေးခဲ့တဲ့ အကြောင်း ကျွန်တော် အထက်မှာ ရေးပြီးပါပြီ။ အဲဒီအချိန်က စပြီးတော့ ကျွန်တော့်အိမ်ရှေ့မှာ SB (သို့မဟုတ်) စစ်ထောက်လှမ်းရေးက ပုဂ္ဂိုလ်တွေဟာ တောက်လျှောက်ရောက်လာကြပါတယ်။ မနက် ခြောက်နာရီက ရောက်လာကြပြီးတော့ ညနေ ခြောက်နာရီလောက် အထိဆိုပါတော့။ သူတို့ လုပ်ငန်းသုံး စကားအရ ဆိုရင်တော့ မနက် ခြောက်၊ ည ခြောက်ပေါ့။

တစ်ဖွဲ့တည်း တောက်လျှောက်မဟုတ်ဘဲ အလဲအလှယ်နဲ့ပါ။ ကျွန်တော် သွားလေရာလည်း လိုက်ပါကြပါတယ်။ ဘုန်းကြီးကျောင်း သွားရင် ဘုန်းကြီးကျောင်း၊ မင်္ဂလာဆောင် သွားရင် မင်္ဂလာဆောင်ပါ။ အဲဒီလို ဖြစ်လေတော့ ကျွန်တော့် ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းအသင်း ရှဲကုန်ကြပါတော့တယ်။ ဒါလည်း သဘာဝကျပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ နိုင်ငံရေး အကျဉ်းသမား အများစုရဲ့ အမျိုးတွေ အစိုးရ ဝန်ထမ်း ဖြစ်ရင် အလုပ်က အရေးယူခံရတဲ့ သာဓကတွေ အများကြီးပါ။

အဲဒီလို အခမ်းအနားတွေ လုပ်ဖို့ မဆုံးဖြတ်ခင်မှာ နဝတက ကျွန်တော်တို့ NLD ပေါ်မှာ ဖိနှိပ်မှုတွေ ပိုများလာပါတယ်။ နိုင်ငံပိုင် သတင်းစာတွေမှာ NLD မကောင်းကြောင်း ဆောင်းပါးတွေ အပတ်စဉ် ပါပါတယ်။ "နာမည်ကျော်ကြား လူကြောက်များနေတဲ့ အပြင် အက်စ်ဝမ်း" လို့လည်း ကျော်ကြားနေတဲ့ ဗိုလ်ချုပ် ခင်ညွန့်ကလည်း ပြောလိုက်ပြီဆိုရင်ဖြင့် NLD မကောင်းကြောင်း၊ ဒေါ်အောင်ဆန်းစုကြည် ရာဇဝတ်မှုလန်ကြောင်း ဆက်တိုက်ဆိုသလိုပါပဲ။

## ABC အဖွဲ့

ပြည်တွင်း နိုင်ငံရေး အသိုင်းအဝိုင်းကသာမက Burma Watchers လို့ သူတို့ကိုယ်သူတို့ ကင်ပွန်းတပ်တဲ့ ဗမာ နိုင်ငံရေးကို မပြတ်လေ့လာကြတဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း "နဝတက NLD ကို ဆော်တော့မယ်၊ ဘယ်တော့လဲဆိုတာပဲ ရှိတယ်" လို့ သုံးသပ်လာကြပါတယ်။ အထက်မှာပြောသလို ကျွန်တော့်နောက်က အမြီး တန်းလန်းနဲ့ ဖြစ်နေတာကို ဒေါ်အောင်ဆန်းစုကြည်ထံကို လာရောက် သတင်းယူ တဲ့ ဩစတေးလျက Australian Broadcasting Corporation-ABC ရုပ်သံအဖွဲ့က မီဒီယာသမားတွေက သတိပြုမိကြပါတယ်။

သူတို့က ကျွန်တော်နဲ့ အင်တာဗျူး လုပ်ချင်တယ်လို့ တောင်းခံတဲ့အခါ ကျွန်တော်က ကျွန်တော့်အိမ်ကို တနင်္လာနေ့ မနက် ရှစ်နာရီလောက် လာဖို့ ချိန်းလိုက်ပါတယ်။ ရောက်လာကြပါတယ်။ သူတို့ ရောက်လာတဲ့ အချိန်မှာ ထောက်လှမ်းရေးက ပုဂ္ဂိုလ်က သူ့ မော်တော်ဆိုင်ကယ်ပေါ်မှာ ထိုင်ပြီး သတင်းစာ ဖတ်နေတော့ မမြင်လိုက်ပါဘူး။ သူတို့က သိနေတဲ့အတွက် အဲဒီတစ်ကွက်ကို ဗီဒီယို ရိုက်နိုင်ခဲ့ပါတယ်။ ထောက်လှမ်းရေးက ကောင် အငိုက်မိသွားတာပါ။ ကျွန်တော်က မနက် ကိုးနာရီလောက်မှ အိမ်က ထွက်နေကျ၊ သူက စောသေးတယ် ဆိုပြီး သတင်းစာ ဖတ်နေတာပါ။

## သစ်တစ်ပင် ဥပမာ

သူတို့ကို ကျွန်တော့်အိမ်ပေါ် ခေါ်ပြီး တယ်လီဗွီးရှင်း အင်တာဗျူး လုပ်ပါတယ်။ လက်ရှိ နိုင်ငံရေး အခြေအနေကို သုံးသပ်ပြခိုင်းပါတယ်။ ကျွန်တော်က ဥပမာ တစ်ခုနဲ့ နှိုင်းယှဉ်ပြီးတော့ ပြောလိုက်ပါတယ်။ လောလောဆယ် အခြေအနေမှာ ဦးအောင်ရွှေ၊ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အလုပ်အမှုဆောင် အဖွဲ့ဟာ သစ်ပင် တစ်ပင်ရဲ့ ပင်စည်ကြီးနဲ့ တူကြောင်း၊ တိုင်းနဲ့ ပြည်နယ်နဲ့ ကျွန်တော် အပါအဝင် အဖွဲ့ချုပ်ဝင်တွေဟာ သစ်ပင် တစ်ပင်ရဲ့အကိုင်းတွေနဲ့ တူကြောင်း၊ အခြေအနေအရ ပင်စည်ကြီးကို ချန်ထားပြီး ကိုင်းဖျားကိုင်းနား တွေကိုတော့ မကြာမီ ချိုင်တော့မယ်လို့ မှန်းဆရနိုင်ကြောင်း သုံးသပ်ပြပါတယ်။ နာရီဝက်လောက် ကြာတဲ့ အခါ ကျွန်တော်လည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြံကို သွားရတော့မှာမို့လို့ သူတို့ကို ပြောတဲ့အခါ အင်တာဗျူး လုပ်တဲ့ မစ္စတာ အီဘန်နဲ့ သူ့ရဲ့ ဗီဒီယို ကင်မရာသမား နှစ်ယောက် ကျွန်တော့် ကားနဲ့ လိုက်ပါလိုကြောင်း ပြောကြားပါတယ်။ ကျွန်တော်လည်း ခွင့်ပြုလိုက်ပါတယ်။

## လျှို့ဝှက်သည်းဖို ရုပ်ရှင်ပမာ

အင်းစိန်အိမ်ကနေ ထွက်ပြီး တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်ခြံ သွားရာလမ်း တစ်လျှောက် မှာ ကျွန်တော်က ကားမောင်း မစ္စတာ အီဘန် (ABC က သတင်းထောက်) က ဘေးမှာ ထိုင်ပြီး အိမ်တုန်းက မေးခဲ့တဲ့ မေးခွန်းတွေ ပြန်မေး၊ ကျွန်တော်လည်း ဖြေပြီးသားတွေ ပြန်ဖြေ၊ သူ့ရဲ့ ကင်မရာဆရာကလည်း ကားထဲမှာ ကျွန်တော့်ကို ရိုက်လိုက် နောက်က မော်တော်ဆိုင်ကယ်နဲ့ လိုက်လာတဲ့ ထောက်လှမ်းရေးကိုလည်း ရိုက် (အမယ်... ဒီတစ်ခါကျတော့ မော်တော်ဆိုင်ကယ်က နှစ်စီး၊ လူက လေးယောက်)။ ကင်မရာ ဆရာက နောက်ကြည့်မှန်မှာ ပေါ်နေတဲ့ မော်တော်ဆိုင်ကယ် ပုံရိပ်တွေကို ရိုက်လိုက်နဲ့ တော်တော် အလုပ်များနေကြ ပါတယ်။ လျှို့ဝှက်သည်းဖို ရုပ်ရှင်ထဲကအတိုင်းပါပဲ။

ဒေါ်အောင်ဆန်းစုကြည် ခြံဝရောက်တော့ သူတို့နှစ်ယောက်စလုံး ကားပေါ်က ဆင်းသွားကြပါတယ်။ သူတို့က နောက် သုံး-လေးရက်ဆို ပြန်မှာဖြစ်ကြောင်း နှစ်ပတ်အတွင်း ဒီသတင်းကို လွှင့်မှာဖြစ်ကြောင်း ပြော သွားပါတယ်။ ကျွန်တော်ကတော့ "မင်းတို့တစ်တွေ သတိထားကြနော် အဖမ်းခံရဦးမယ်" လို့ နောက်လိုက်ပါ သေးတယ်။ ဟုတ်ပါတယ်၊ သူတို့ ပြန်သွားပြီး တစ်ပတ်အတွင်းမှာ ဗမာပြည် နိုင်ငံရေး အခြေအနေနဲ့ ပတ်သက် လို့ TV အစီအစဉ်ကို ABC သတင်းဌာနက နာရီဝက် ကြာတဲ့ အစီအစဉ် ထုတ်လွှင့်ပါတယ်။

အဲဒီ အစီအစဉ်မှာ ဗိုလ်ချုပ် ခင်ညွန့်နဲ့ ကုန်သွယ်ရေး ဝန်ကြီး ဗိုလ်ချုပ် အေးဘယ်အပြင်၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျွန်တော့်တို့ အင်တာဗျူး ပါပါတယ်။ အဲဒါအပြင် ဒေါ်အောင်ဆန်းစုကြည် ခြံ အတွင်းမှာ လုံခြုံရေးလုပ်နေတဲ့ အီဗား (ခ) တင်လှိုင်ရဲ့ အင်တာဗျူးလည်း ပါပါတယ်။ သူက သာယာဝတီ

ထောင်မှာ ရှိနေစဉ်က ထောက်လှမ်းရေးနဲ့ ထောင်ဝန်ထမ်းတွေ ညှည်းဆဲလို့ ခြေသလုံး ပေါက်ပြဲသွားတာတွေ၊ လက်မောင်း ပေါက်ပြဲသွားတာတွေကို ပြောတဲ့အခါ ကျွန်တော်က ဘာသာပြန်ပေးရပါတယ်။

## ကိုဖိုးအေးနဲ့ နေ့စပါး

ကိုဖိုးအေးဆိုတဲ့ NLD အဖွဲ့ဝင်ဟာ တရုတ်သွေး ပါပြီး လှည်းတန်း ကမာရွတ်မှာ နေပါတယ်။ NLD အဖွဲ့ဝင် ဖြစ်ပြီး ရုံးဖန်ရံခါ သူ့မြို့နယ်က ပြဿနာတွေကို ခြံထဲကို မကြာ မကြာ လာသတင်းပေးလေ့ရှိပါတယ်။ အထူး သဖြင့် ကျွန်တော့်ဆီ လာပြောတာပါ။ သူက မြို့နယ် တာဝန်ခံနဲ့ တိုင်းတာဝန်ခံတွေ ကျော်ကျော်ပြီး လာပြော လေ့ ရှိလို့ ကျွန်တော်က "ခင်ဗျား မြို့နယ်ကိစ္စတွေကို ကျွန်တော့်ကို ကျော်ကျော်ပြီး လာမပြောနဲ့၊ မြို့နယ်ကို အရင်ပြော၊ မရမှ တိုင်းကို ပြော၊ အဲဒီလို လုပ်ပါ" လို့ ခဏ ခဏ သတိပေးရပါတယ်။ သူက "ဖိုးတက်ကြွ" တစ်ယောက်ပါ။

တစ်ကြိမ်မှာတော့ တွံတေးဘက်က လယ်သမားတွေရဲ့ ပြဿနာကို လာတင်ပြပါတယ်။ သူ တစ် ယောက်တည်း မဟုတ်ပါ။ လယ်သမား သုံး-လေးဆယ်လောက် ပါပါတယ်။ အဲဒီအခါကျတော့ ဒေါ်အောင်ဆန်း စုကြည်နဲ့ပါ ချိန်းပေးပြီး ပြဿနာတွေကို နားထောင်စေပါတယ်။ နောက်တစ်ခါကျတော့ ဧရာဝတီတိုင်း အိမ်မဲ မြို့နယ်ဘက်က လယ်သမား လေး-ငါးဆယ် ခေါ်လာပြန်ပါတယ်။ အလားတူပဲ သူတို့ကို ကျွန်တော်က ဒေါ် အောင်ဆန်းစုကြည်နဲ့ တွေ့ပြီး ပြောချင်ရာ ပြောနိုင်အောင် စီစဉ်ပေးပါတယ်။ အဲဒီအစီအစဉ် ပြီးတဲ့အခါ ကိုဖိုးအေးကို ကျွန်တော် သတိပေးလိုက်ပါတယ်။ "နောက်ကို ဒီလို လူစုလူဝေးတွေ မခေါ်ခဲ့နဲ့၊ ရန်ကုန်တိုင်းက ကိစ္စဆိုရင် ရန်ကုန်တိုင်း NLD၊ ဧရာဝတီတိုင်းက ကိစ္စဆိုရင် ဧရာဝတီတိုင်း NLD က တစ်ဆင့် လာမှ ကျုပ်လက်ခံမယ်၊ ဒီလို လုပ်ရပ်မျိုး ရပ်တန်းက ရပ်ဖို့ သတိပေးလိုက်ပါတယ်"

ကိုဖိုးအေးက ဒီမှာတင် ရပ်မသွားသေးပါ။ သကြံန် အပြီးလောက်မှာ ဟသ်တဘက်က လယ်သမားကြီး နှစ်ယောက် ခေါ်လာပြန်ပါတယ်။ တစ်ယောက်က ကိုလှထွန်း၊ ဟသ်ာတ မြို့နယ်ထဲက NLD ရပ်ကျေး ကိုယ်စားလှယ်ပါ၊ နောက်တစ်ယောက်ကတော့ ဦးကျော်သန်း၊ ကလေး ရှစ်ယောက် အဖေ လယ်သမားကြီးပါ။ ကိစ္စကတော့ ကိုကျော်သန်းရဲ့ လယ်တွေမှာ ပဲတွေ စိုက်ထားပါတယ်။

ဒါပေမဲ့ နဝတ အမိန့်နဲ့ ပဲခင်းတွေကို ဘူဒိုဇာနဲ့ ထိုးပစ်တယ်၊ ပြီးရင် စပါးစိုက်ခိုင်းတယ်။ ရေ မရပါဘူး။ နောက်ဆုံးတော့ ရေရအောင် ရေစုပ်စက်တွေ ငှားပြီး ရေပေးတဲ့အခါ ဒီဇယ်ဆီကို ကိုယ့်ဘာသာကိုယ် ဝယ်ရ တယ်။ အဲဒီစပါးတွေ မအောင်ပါဘူး စသဖြင့် လာပြောပြီး သူတို့လယ်တွေကို ဗီဒီယို ရိုက်ထားတဲ့ CD ကိုလည်း ယူလာပြီး ပေးပါတယ်။ ကျွန်တော်က ဒီပြဿနာတွေ အားလုံး သိပြီးသာ မို့ သူတို့ကို ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့မပေးတော့ဘဲ သူတို့ပေးတဲ့ စာတွေကိုရော CD ကိုပါ ကျွန်တော့် ရုံးခန်းက စားပွဲ အံဆွဲထဲမှာ သိမ်းထား လိုက်ပါတယ်။

## Directional Microphone

ကိုဖိုးအေး၊ ကိုကျော်သန်းနဲ့ ကိုလှထွန်းတို့ သုံးယောက် ဒေါ်အောင်ဆန်းစုကြည် ခြံထဲကို ကျွန်တော့်ကို နေ့ စပါးတွေ အကြောင်း လာပြီး ပြောတာက ဒေါ်အောင်ဆန်းစုကြည် အိမ်ရှေ့မှာ ထိုးထားတဲ့ မဏ္ဍပ်ထဲမှာပါ။ ကျွန်တော်တို့ စကားပြောတဲ့နေရာက ခြံဝမှာ စုနေတဲ့ ထောက်လှမ်းရေးရုံးနဲ့ တစ်တန်းထဲပါ။ ဒီအကြောင်းကို နောက်မှ သိရလို့ ဗဟုသုတ ဖြစ်အောင် ပြန်ရေးပြနေရတာပါ။ ကျွန်တော်နဲ့ ကိုဖိုးအေးတို့ အုပ်စု ပြောနေတဲ့

စကားတွေကို ခြံဝက ထောက်လှမ်းရေးက အကုန်လုံး အသံဖမ်းမိပါတယ်။ သူတို့နေရာနဲ့ ကျွန်တော်တို့ နေရာဟာ ကိုက် ၃၀ လောက်ပဲ ဝေးမှာပါ။ သူတို့က ကျွန်တော်တို့ စကားပြောနေတာကို Directional Microphone နဲ့ ဖမ်းယူတာပါ။ အဲဒီဖုန်းဟာ ကမ္ဘာ့အရပ်ရပ်က ထောက်လှမ်းရေးအဖွဲ့တွေက သုံးတာပါ။ လူတစ်ယောက် စကား ပြောနေတယ်ဆိုရင် သူ့ကို တည့်တည့် လှမ်းချိန်လိုက် ကိုက် ၅၀ အတွင်းမှာဆိုရင် အကုန်ဖမ်းမိပါသတဲ့။

## ဧပြီလ ၃၀ ရက်

ကိုဖိုးအေးတို့ ကျွန်တော့်ကို နွေစပါးကိစ္စ လာပြောပြီး နောက်နှစ်ရက်ဟာ ဧပြီလ ၃၀ ရက်နေ့ပါ။ အဲဒီနေ့ည ကိုးနာရီမှာ ကျွန်တော့် အိမ်ကို ထောက်လှမ်းရေး ရဲနဲ့ ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ လာဝိုင်းပြန်ပါတယ်။ ၁၀ ယောက်လောက် ရှိမှာပါ။ အဲဒီအထဲမှာ ကျွန်တော့် အိမ်ရှေ့မှာ နေ့စဉ် လာစောင့်နေတဲ့ ထောက်လှမ်းရေးလည်း ပါပါတ သ်။ အဲဒီလူအုပ်ကို မြင်တော့ ကျွန်တော့်ကို ဖမ်းတော့မယ်လို့ တွက်ဆမိပါတယ်။ သူတို့က ကျွန်တော့် ခြံရှေ့မှာ စုရုံးရောက်ရှိနေပေမဲ့ ကျွန်တော့် ခြံတံခါးကိုတော့ မဖွင့်နိုင်းပါ။ နောက်တစ်နာရီလောက်မှာ တချို့ ပြန်သွားပါတယ်။ ထောက်လှမ်းရေးကလို့ ယူဆရတဲ့သူတွေကတော့ အိမ်နီးနားချင်းတွေဆီက ပက်လက် ကုလားထိုင်တွေ ငှားပြီး မီးတိုင်အောက်မှာ ညအိပ်စောင့်ကြပါတယ်။ ဒါပေမဲ့ မနက်လင်းတဲ့အထိ ဘာမှ မထူးခြားဘဲ ထောက်လှမ်းရေးကလူတွေ ပြန်သွားကြပါတယ်။

နောက်ပိုင်းကျမှ ကျွန်တော် သိရတာက ကိုဖိုးအေးတို့ နွေစပါးကိစ္စ လာပြောတဲ့အကြောင်းကို သူတို့ သိရှိသွားတဲ့အတွက် ကျွန်တော့်ကို အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဖမ်းတော့မယ်လို့ ဆုံးဖြတ်လိုက်ကြပါတယ်။ အဲဒီတုန်းက အားလုံး သဘောတူထားတဲ့ လုပ်ထုံးလုပ်နည်းမှာ ထောက်လှမ်းရေးက ဖမ်းဖို့သင့်တယ် ဆိုတဲ့ လူတိုင်းကို နာမည်နဲ့တကွ ရှေ့နေချုပ်ရုံးကို တင်ပြ ခွင့်တောင်းကြပါတယ်။ လုပ်ရိုးလုပ်စဉ်မှာ အကြိမ် ၁၀၀ မှာ ၉၉ ခုလောက်ကိုတော့ ရှေ့နေချုပ်ရုံးက ခွင့်ပြုမြဲပါ။ ဒါပေမဲ့ ကျွန်တော့်ကို ဖမ်းဖို့ ရှေ့နေချုပ်ရုံးကို ခွင့် တောင်းတဲ့အခါမှာ ရှေ့နေချုပ်ထံ တင်ပြရပါတယ်။ အဲဒီတုန်းက ရှေ့နေချုပ်က ဦးသာထွန်းပါ။

ကျွန်တော် အောင်နိမိတ် စစ်ဆင်ရေး ကိစ္စနဲ့ ခရီးတွေ ထွက်နေတုန်းက ဦးသာထွန်းဟာ ပြည်ထဲရေး ဌာနက ညွှန်ကြားရေးမှူးချုပ်ပါ။ နယ်နိမိတ် ကိစ္စနဲ့ ခရီးထွက်တဲ့ အချိန်တွေမှာ သူနဲ့အတူ ခရီးသွားဖူးပါတယ်။ အစည်းအဝေးတွေမှာလည်း မကြာခဏ ကြုံဖူးတော့ လူချင်းလည်း ခင်နေပါတယ်။ သူဟာ နဝတ အစိုးရ တက်လာတဲ့အခါ ရှေ့နေချုပ် ဖြစ်လာပါတယ်။ ကျွန်တော့်ကို ဖမ်းဖို့ ထောက်လှမ်းရေးက တင်ပြ ခွင့်တောင်း တဲ့အခါ ဦးသာထွန်းက လက်မှတ် ထိုးမပေးဘူးလို့ ယူဆရပါတယ်။ ဒါ့ကြောင့် အဲဒီ ဧပြီလ ၃၀ ရက်နေ့ ည ကျွန်တော့်ကို သေချာပေါက် ဖမ်းပြီဆိုပြီး လာစောင့်တဲ့ ထောက်လှမ်းရေးတွေ တစ်ညတာ အိပ်ရေးပျက်သွား တာပါ။

## Satelite Phone နိုင်ငံခြားသားတိုင်းကို မယုံနဲ့

သကြိန် မတိုင်ခင်လောက်မှာ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံခြားသား တစ်ယောက် လာတွေ့ပါတယ်။ ဟောင်ကောင်ကို အခြေခံတဲ့ အင်္ဂလိပ်ဘာသာ ဂျာနယ်တစ်ခုရဲ့ အယ်ဒီတာချုပ်လို့ ပြောပါတယ်။ ဒေါ်အောင် ဆန်းစုကြည်နဲ့ တွေ့ပြီးလို့ အပြင်ကို ထွက်လာတဲ့အခါမှာ ဒေါ်စုက လိုက်လာပြီး ကိစ္စတစ်ခုကို ကျွန်တော်နဲ့ ဆွေးနွေးပါလို့ ပြောပါတယ်။ သူနဲ့ ကျွန်တော် ဒေါ်အောင်ဆန်းစုကြည် အိမ်ရှေ့က ဆင်ဝင်အောက်မှာ စကား ပြောပါတယ်။ သူက ကျွန်တော်တို့ လိုချင်တယ်ဆိုရင် Satelite Phone တစ်လုံး ပေးမယ်လို့ ပြောပါတယ်။

ကျွန်တော်က စာဖတ်ဖူးထားတော့ ဘာအမျိုးအစားလဲ၊ ဘယ်ကုမ္ပဏီ ထုတ်တာလဲ စသဖြင့် မေးတဲ့အခါမှာ သူက ရေရေရာရာ မပြောနိုင်ပါ။ အဲဒီတော့ ကျွန်တော်က စဉ်းစားလိုက်ဦးမယ်လို့ ပြောပြီး သူ့ တယ်လီဖုန်း နံပါတ် တောင်းထားလိုက်ပါတယ်။ ဒါပေမဲ့ ဖုန်းမဆက်ဖြစ်ပါ။

အဲဒီကိစ္စ ဖြစ်ပြီး သုံးရက်လောက် အကြာမှာ ကျွန်တော့်အိမ် ပတ်ဝန်းကျင်မှာ ထူးခြားမှုတစ်ခု ဖြစ်လာပါတယ်။ ဘာလဲဆိုတော့ တယ်လီဗွီးရှင်း ကြည့်တဲ့အခါ ဖန်သားမျက်နှာပြင်မှာ အစက်တွေ၊ အပျောက်တွေ ပေါ်လာပါ တယ်။ စက္ကန့် ၃၀၊ တစ်မိနစ်လောက် ကြာမယ် ထင်ပါတယ်။ အဲဒီလို အဖြစ်မျိုးက နာရီဝက် တစ်ခါ ဖြစ်လာလေ့ ရှိပါတယ်။ နှစ်ရက် သုံးရက် ကြာတဲ့အခါမှာ ကျွန်တော် ရန့်မကင်းဖြစ်ပြီး ကျွန်တော့်အိမ်နဲ့ မျက်စောင်းထိုးမှာ ရှိတဲ့ အရာရှိအိမ် အရှေ့ထောင့်မှာ အိမ်ပိုလေး တစ်လုံး ရှိပါတယ်။ အဲဒီအိမ်လေးက ကျွန်တော့်အိမ် ဧည့်ခန်း ကို တိုက်ရိုက် မြင်ရတဲ့ ပြတင်းပေါက်တစ်ခု ရှိပါတယ်။ အိမ်မကြီးမှာတော့ တိုင်းအဆင့်ရှိ အင်ဂျင်နီယာချုပ် နေပါတယ်။ အိမ်မကြီးနဲ့ အိမ်လေးဟာ ကိုက် ၂၀ လောက် ကွာဝေးပါတယ်။

တီဗီ ဖန်သားပြင်မှာ အနှောင့်အယှက်တွေ သုံး-လေးရက်လောက် ပေါ်လာပြီးတဲ့အခါ ညတစ်ည ရှစ်နာရီလောက်မှာ ကျွန်တော် ခြံထဲကထွက်ပြီး အဲဒီအိမ်လေးရဲ့ ဘေးက လမ်းကြားကို ဖြည်းဖြည်း လျှောက် သွားပါတယ်။ အဲဒီအိမ်လေး ဘေးမှာ ရပ်ပြီးတော့ နားစွင့်ကြည့်တဲ့အခါမှာ အိမ်ထဲက အသံတော့ မကြားရပါ ဘူး။ ဒါပေမဲ့ ဖြည်းလေး ညင်သာစွာ လုပ်တဲ့ လှုပ်ရှားမှုတွေတော့ ကြားနေရပါတယ်။

နောက်တစ်ညမှာလည်း ဒီလို စောင့်ကြည့်တဲ့အခါမှာ အလားတူပါပဲ၊ လူသံသူသံ မကြားရပေမဲ့ အထဲမှာ ရှိတဲ့ သူတစ်ချို့ (အနည်းဆုံး နှစ်ယောက် သုံးယောက်) ရဲ့ ဖြည်းဖြည်းခြင်း လှုပ်ရှားမှုတွေ ကြားရပါ တယ်။ အဲဒီအခါကျမှ ကျွန်တော့် ခေါင်းထဲမှာ အတွေးဝင်လာပါတယ်။ ကျွန်တော့် အိပ်ခန်းထဲက သော် လည်းကောင်း၊ တစ်နေရာရာက သော်လည်းကောင်း Satelite Phone ကို သုံးပြီး ဖုန်းဆက်နေခြင်း ရှိ/မရှိ သိဖို့ ထောက်လှမ်းနေတယ်လို့ ယူဆလိုက်ပါတယ်။ အဲဒီအခါမှာ ကျွန်တော့်ကို Satelite Phone ပေးမယ်ဆိုတဲ့ နိုင်ငံခြားသားကို ပြေးသတိရလိုက်ပါတယ်။ စေတ္တ အဲဒီ ပုဂ္ဂိုလ်ရဲ့ လက်ချက်လို့ ကျွန်တော် ကောက်ချက်ချ လိုက်ပါတယ်။ "နိုင်ငံခြားသား ပြောတိုင်းလည်း မယုံနဲ့" ဆိုတဲ့ သင်ခန်းစာကို ကျွန်တော် ရလိုက်ပါတယ်။

ဒီလို အတွေ့အကြုံမျိုးကို ၂၀၁၅ ရွေးကောက်ပွဲ အပြီးမှာ ကြုံရပြန်ပါတယ်။ NLD နိုင်ပြီ ဆိုတော့ နိုင်ငံတကာက NGO တွေ INGO တွေ လာကြပါတယ်။ ပြည်တွင်းရှိ အဖွဲ့တွေနဲ့ပါ ပေါင်းရင် အဲဒီလို အဖွဲ့ပေါင်း သောင်းဂဏန်းလောက် ရှိပါသတဲ့။ အဲဒီလို အဖွဲ့တွေမှာ ခေါင်းဆောင်ပါလာကြတဲ့ နိုင်ငံခြားသား တစ်ချို့ဟာ ကျွန်တော်နဲ့ အရင်က သိကျွမ်းပြီးသားပါ။ တစ်ချို့သော ပုဂ္ဂိုလ်တွေက ကျွန်တော်တို့ NLD ဟာ ဒီအဆင့်ကို ရောက်အောင် ဘယ်လို ကြိုးပမ်းခဲ့တာ သိလို့ စာနာကြပါတယ်။

အဲဒီလို အဖွဲ့မျိုးထဲက ခေါင်းဆောင်တစ်ယောက် (သံအရာရှိဟောင်း) က ကျွန်တော့်ကို နှစ်ကိုယ်ကြား ပြောဖူးပါတယ်။ Some NGOs are trying to balcanise your country အဓိပ္ပာယ်ကတော့ "မင်းတို့ တိုင်းပြည်ကို ဘော်ကန် နိုင်ငံတွေလို ဖြစ်အောင် လုပ်မှာ" လို့ ပြောပါတယ်။

ဘော်ကန် ဒေသဆိုတာ တူရကီ၊ ဂရိနဲ့ ယူဂိုစလားဘီးယား နိုင်ငံတွေကို ဆိုလိုတာပါ။ ယူဂိုစလား ဘီးယားမှာ ပြည်တွင်းစစ် ဖြစ်တော့ အချင်းချင်း တိုက်ကြ၊ ခိုက်ကြပြီး ကုလသမဂ္ဂနဲ့ အီးယူတို့ရဲ့ ဖြန်ဖြေမှု ကြောင့် လက်နက်ကိုင် ပဋိပက္ခတွေ ချုပ်ငြိမ်းသွားခဲ့ပါတယ်။ ဒါပေမဲ့ တိုင်းပြည်ကတော့ အစိတ်စိတ် အမြွှာမြွှာ ကွဲသွားပါတယ်။ မူလက ယူဂိုစလားဘီးယား တစ်နိုင်ငံတည်း အခုတော့ ဘော့စ်နီးယား၊ ခရိုးအေးရှား၊ မစ်စီဒိုး နီးယား စတဲ့ နိုင်ငံငယ်လေးတွေ ခြောက်ခု ခုနစ်ခုလောက် ကွဲသွားပါတယ်။ ဒါကို Balcanisation လို့ ခေါ်ပါ

တယ်။ အဲဒီပုဂ္ဂိုလ်တချို့က မြန်မာပြည်ကို အဲဒီလို ဖြစ်စေချင်တဲ့သူတွေပါ။ ဒါကြောင့် အထက်မှာ ရေးခဲ့ဖူးသလို နိုင်ငံခြားသားဆိုတိုင်း မယုံနဲ့၊ ဒီထက် ထပ်ချဲ့ပြီး ပြောရရင် နိုင်ငံခြားသားတိုင်းကို အထင်ကြီးရန် မလို ဆိုတဲ့ အချက်ပါ။ ကျွန်တော့်အိမ်ကို စောင့်ကြည့်နေတဲ့ အဖြစ်ဟာ မေလ ၁၅ ရက်နေ့ ကျွန်တော့်ကို ဖမ်းတဲ့ အချိန်ထိ ရှိနေဆဲပါ။

## ၁၉၉၆ ခုနှစ်၊ မေလ

မေလဟာ ကျွန်တော်တို့ NLD အတွက် အမှတ်တရ ဖြစ်စေတဲ့ လပါ။ ၁၉၉၀ ခုနှစ်၊ မေလ ရွေးကောက်ပွဲမှာ ကျွန်တော်တို့ NLD က အပြတ်အသတ် နိုင်ခဲ့တယ်မို့လား။ ဒါကြောင့် မေလထဲမှာ ကျတဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ထူးခြားတဲ့ အစီအစဉ်တွေ လုပ်ဖို့ ကျွန်တော့်ကို လာပြီး သတိပေးတဲ့လူတွေ ရှိပါတယ်။ အလားတူပဲ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း တိုက်တွန်းကြပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ဗဟို အလုပ်အမှုဆောင်ကို တင်ပြတဲ့အခါမှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အခမ်းအနားကို ပြုလုပ်သင့်ကြောင်းနဲ့ အကျဉ်းကျ မခံရတဲ့ အရွေးချယ်ခံ ကိုယ်စားလှယ်များကိုပါ ရန်ကုန်ကို ဖိတ်ကြားပြီး အခမ်းအနား လုပ်ဖို့ သဘောတူကြပါတယ်။

အဲဒီလို ကျန်ရှိနေသေးတဲ့ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ ပုဂ္ဂိုလ်တွေကို ရန်ကုန် ဖိတ်ပြီး အစည်းအဝေး ကျင်းပတော့မယ်ဆိုတဲ့ သတင်းဟာ နဝတအတွက် အင်မတန် တုန်လှုပ်စရာဖြစ်တဲ့ သတင်းပါ။ အဲဒီမှာ သူတို့ ယတိပြတ် ဆုံးဖြတ်လိုက်ဟန်တူပါတယ်။ "NLD ကို အပြတ်နှိပ်ကွပ်ဖို့" ဆိုတဲ့အချက်ကို နဝတ ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေနဲ့ နဝတ အဖွဲ့သား အားလုံးက တညီတညွတ်တည်း ဝမ်းမြောက်ဝမ်းသာ သဘောတူ ဆုံးဖြတ်ချက် ချလိုက်ဟန်တူပါတယ်။

ပထမဦးဆုံး ရှေ့ဦးပေါက်သူက ကျွန်တော်ရယ်၊ စာရေးဆရာ ကိုမိုးသူနဲ့ ကိုဝံသရယ်၊ ကိုအေးဝင်း (ဒေါ်စုရဲ့ ပြည်ပ ဆက်ဆံရေး တာဝန်ခံ) ရယ်၊ ကိုသိန်းတင်နဲ့ ဗိသုကာ ဦးကျော်မင်းတို့ ဖြစ်ပါတယ်။ ကျွန်တော့်ကိုတော့ မေလ ၁၅ ရက်နေ့ ညကိုးနာရီမှာ လာဖမ်းပါတယ်။ သူတို့ လာတာနဲ့ ကျွန်တော်က ခင်ဗျားတို့ ကျွန်တော့်ကို ဖမ်းဖို့ ဝရမ်းပါလားလို့ မေးပါတယ်။ ဒါကတော့ ကျွန်တော်တို့ NLD လူတွေကို အဖမ်းအဆီးတွေ များလာတဲ့အခါ အဖွဲ့ချုပ်ဝင် အားလုံးကို ညွှန်ကြားထားတဲ့အတိုင်း မေးရတာပါ။ အဖွဲ့ ခေါင်းဆောင်တဲ့ ပုဂ္ဂိုလ် (ထောက်လှမ်းရေးက အရာရှိ ဖြစ်ဟန် တူပါတယ်။) က "ခင်ဗျားကို ဖမ်းဖို့ ဝရမ်း ပါရုံတင်မကဘူး ခင်ဗျားကို ထောင်ဘယ်နနှစ် ချမယ်ဆိုတာတောင် သတ်မှတ်ပြီးသား" လို့ ပြောပါတယ်။

သူက အဲဒီလို ပြန်ဖြေတဲ့အပြင် သူတို့ လာဖမ်းတာကို ကျွန်တော်က စိုးရိမ် ထိတ်လန့်တဲ့ အမူအရာ မပြဘဲ ကြိုတင် ပြင်ဆင်ပြီး မျှော်လင့်ထားမှန်း သိတဲ့အတွက် ရှုံ့ရှုံ့ရှုံ့နဲ့ ဒေါပွသွားပါတယ်။ သူတို့က အိမ်ကို ဘာမှ မရှာတော့ဘဲ ထောင်ထဲကို တစ်ခါတည်း ခေါ်သွားပါတော့တယ်။ ကျွန်တော်ကို ထောင်မကြီးကို မပို့ပါဘူး။ သီးသန့်ထောင်က တိုက်ခန်းကို ပို့ပါတယ်။ ကျွန်တော့်ကို သီးသန့်တိုက် အခန်းတစ်ခုမှာ ထားပါတယ်။ အဲဒီ အခန်းမှာ အရင် နေသွားတဲ့ သူရဲ့ ပစ္စည်း အစအနလေးတွေ တွေ့ရပါတယ်။ ဘာတွေလဲ ဆိုတော့ 555 စီးကရက် အစီခံတွေပါ။ အရင်နေတဲ့ လူက ငါးသုံးလုံးကို အလျှံပယ် သောက်သွားတဲ့ လကွက်ပါ။

ကျွန်တော်နဲ့ မရှေးမနှောင်းမှာ ဒေါ်စုရဲ့ အစ်ကိုတစ်ဝမ်းကွဲ အာဇာနည် ဦးဘဝင်းရဲ့သား အကြီးဆုံး ကိုအေးဝင်းလည်း ရောက်လာပါတယ်။ အဲဒီနောက်တော့ စာရေးဆရာ ကိုဝံသ၊ ကိုမိုးသူ၊ ဗိသုကာ ဦးကျော်မင်း နဲ့ ဦးသိန်းတင်တို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာပါတယ်။ ကျွန်တော်နဲ့ ကပ်လျက် အခန်း ၂ မှာတော့ ကြည့်

မြင်တိုင် ဘုန်းကြီးကျောင်း တစ်ခုက ဆရာတော် ဦးကုသလ၊ ရန်ကင်း NLD က ချစ်မလွယ်မုန်းခက် (ခ) မျိုးခင်ပါ။ သူက ဗီဒီယို ဟာသ သရုပ်ဆောင်လည်း ဖြစ်ပါတယ်။

ဟိုဘက်ခန်းတွေမှာတော့ မှတ်မိသမျှ ဒေါက်တာ လှိုင်မြင့် (မော်ဒယ် သန္တာလှိုင်ရဲ့ အဖေ) နဲ့ ခွန်မြင့်ထွန်းတို့ ဖြစ်ပါတယ်။ နောက်ပြီး ဆက်တိုက် ဆက်တိုက် ရောက်လာကြတာက ဒေါ်အောင်ဆန်းစုကြည်ရဲ့ စနေ၊ တနင်္ဂနွေ ဟောပြောပွဲတွေမှာ ရှေ့ဆုံးက လာထိုင်ပြီး ဟောပြောပွဲပြီးတိုင်း "ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ" လို့ ဝက်ဝက်ကွဲအောင် အော်တဲ့ အုပ်စုပါ။

အားလုံး ၁၃ ယောက်။ ရေခဲချောင်း ရောင်းတဲ့သူ ပါတယ်၊ စက်ဘီးပြင်တဲ့သူ ပါတယ်၊ စားသောက်ဆိုင် ထမင်းချက်တဲ့သူ ပါတယ်၊ လူကတော့ အစုံပါ။ နိုင်ငံရေး စကားနဲ့ ပြောမယ် ဆိုရင်တော့ အောက်ခြေလူတန်းစား Grass root တွေပါ။ သူတို့ရဲ့အခြေအနေဟာ တစ်နေ့လုပ်မှ တစ်နေ့ စားရတဲ့ လူတွေမို့ စိတ်မကောင်းမိပေမဲ့ တို့ခေါင်းဆောင်ကို အဲဒီလိုလူတွေက ထောက်ခံနေသ၍တော့ ငါတို့ မျှော်မှန်းတဲ့ နိုင်ငံရေး လမ်းစဉ်ဟာ အနေးနဲ့ အမြန် အောင်မြင်မှာပဲလို့ ယုံကြည်စိတ်တွေ မြင့်မားလာပါတယ်။

အရင်တစ်ခေါက် အင်းစိန်ထောင် ရောက်တုန်းက စိတ်ထဲမှာ တော်တော် ခံစားရပါတယ်။ ထောင်ဆိုတာ လူဆိုး လူမိုက်တွေသာ ရောက်ရမယ့်နေရာ၊ အခုတော့ နိုင်ငံရေးမှာ ပါမိလို့ ဘာမှမဖြစ်ဘဲနဲ့ ရောက်ရပါပကော လို့ စိတ်ထဲမှာ ပြင်းပြင်းထန်ထန် ဖြစ်မိပါတယ်။ ယူကျုံးမရပေါ့။ အခုတော့ ထောင်ပါးဝလို့ပဲလား၊ ဘဝ ဝဋ်ကြွေးတွေ မကျေသေးလို့ ပြန်လာရတယ်ဆိုတဲ့ မသိစိတ်က နှိုးဆော်နေလို့လား၊ ခံစားချက် သိပ်မရှိပါ။ နောက်တစ်မျိုးလည်း ဖြစ်နိုင်ပါတယ်။ ဒို့က တည်တည်ကြည်ကြည် မှန်မှန်ကန်ကန်နဲ့ လုပ်တယ်၊ မင်းတို့က ဓရာမ ကြီးမားတဲ့ မုသာဝါဒက်တွေ ကျူးလွန်ပြီး ကမ္ဘာကရော၊ တိုင်းသူပြည်သားတွေကပါ မကြည်ညိုတဲ့ကောင်တွေ ငါတို့ကို လုပ်ချင်တာ လုပ်ကြကွ ဆိုတဲ့ မခံချင်တဲ့စိတ်ကြောင့်လား မသိပါ။

ဦးအေးဝင်း ပါလာတာကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုပ်ငန်းတွေ အဆင်ပြေအောင် လုပ်ပေးလို့ ဆိုတာ ထင်ရှားပါတယ်။ ကိုဝံသ၊ ကိုမိုးသူ၊ ဦးသိန်းတင်နဲ့ ဦးကျော်မင်းတို့ ပါလာတဲ့ အကြောင်းရင်းကတော့ ဒေါ်စုခြံမှာ နှစ်ပတ်တစ်ခါ လုပ်တဲ့ စာပေ ဆွေးနွေးပွဲဝိုင်းမှာ ကမကထ လုပ်ခဲ့တဲ့ အပြစ်ပါ။ အဲဒီဝိုင်းတွေမှာ NLD လူငယ်အများစု တက်ပြီးတော့ ဖတ်ခိုင်းထားတဲ့ စာအုပ် တစ်အုပ်နဲ့ ပတ်သက်လို့ ဝိုင်းဝန်း ဆွေးနွေး ကြပါတယ်။ နည်းတဲ့ ပြစ်ချက်ကြီး မဟုတ်ပါဘူး။

ခွန်မြင့်ထွန်းကတော့ ဟိုးအစွန်ဆုံးက အခန်း ၁၂ မှာ ထားလို့ သူ့ကို ဘာ့ကြောင့် ဖမ်းတယ်ဆိုတာ မသိရပါဘူး။ အော်... အခုမှ သတိရတယ်၊ သူနဲ့အတူ ရန်ကုန်တိုင်းက NLD လူငယ် တချို့လည်း ပါပါတယ်။ အေးထွန်း၊ မျိုးညွန့်၊ လှဦး၊ နေဝင်းတို့ ပါတယ် ထင်ပါတယ်။ နှစ်ပတ်လောက် ကြာတော့ ခွန်မြင့်ထွန်းက လွဲလို့ လူငယ် အားလုံးကို လွှတ်ပေးလိုက်ပါတယ်။ ခွန်မြင့်ထွန်းကိုတော့ မန္တလေးကို ခေါ်သွားတယ်လို့ သိရပါတယ်။

## ဒေါက်တာလှိုင်မြင့် (ခ) Billy Mckenzie

ဒေါက်တာ လှိုင်မြင့်က မုံရွာသားပါ။ မန္တလေး ဆေးတက္ကသိုလ်က ဘွဲ့ရတာပါ။ သူ့ရဲ့ ဘဝ ဇာတ်ကြောင်းက စိတ်ဝင်စားစရာ ကောင်းပါတယ်။ သူ့အဖိုး Mr. Mckenzie ဟာ အင်္ဂလိပ် အစိုးရ လက်ထက်က ရန်ကုန်-ဗန်းမော် ပြေးနေတဲ့ ရေကြောင်း သင်္ဘောလိုင်း တစ်ခုက သင်္ဘော ကပ္ပတိန်ပါ။ အိမ်ထောင်ကျတော့ စစ်ကိုင်းက ဗမာ အမျိုးသမီး တစ်ယောက်နဲ့ အိမ်ထောင်ကျပါတယ်။ သူတို့ နှစ်ယောက်က မွေးလာတဲ့ Mr. Macken-

zie Jr. ဆိုသူကတော့ ဒုတိယ ကမ္ဘာစစ်အတွင်းမှာ အင်္ဂလိပ် စစ်တပ်မှာ ပါဝင် အမှုထမ်းခဲ့ပါတယ်။ ဒုတိယ ကမ္ဘာစစ်အတွင်းမှာ အင်္ဂလိပ် တပ်မတော်နဲ့ အတူ ဗမာပြည်ကိုဝင်တဲ့ စစ်ကြောင်းထဲမှာ ပါပါတယ်။ ဗမာ့ တပ်မတော်ဖွဲ့တော့ ဗိုလ်ကြီးအဆင့်ထိ အမှုထမ်းပြီး အငြိမ်းစား ယူတဲ့အခါမှာ မုံရွာမှာ အမှုထမ်းပါတယ်။

ဒေါက်တာ လှိုင်မြင့်က မန္တလေး ဆေးတက္ကသိုလ် တက်တော့ သူ ဝါသနာပါတဲ့ အလုပ်ကို လုပ်ပါတယ်။ သူ့ဝါသနာက "ရွှေငါး" မွေးမြူ ရောင်းဝယ်ရေးပါ။ သူရဲ့ အဆက်အသွယ်တွေက မုံရွာ၊ ရွှေဘိုဘက်မှာ များပါတယ်။ သောကြာနေ့ ဆိုရင် မန္တလေးကနေ ရန်ကုန်ကို ရထားနဲ့ လာတယ်။ ရန်ကုန် ရောက်ရင် သံဈေး/ လမ်းမတော်ဈေးမှာ ရှိတဲ့ ရွှေငါး မွေးတဲ့ နေရာတွေကို သွားပါတယ်။ အဲဒီ ဈေးက ရွှေငါး အကောင် ၁၀၀ လောက် ဝယ်ပြီးတော့၊ မှန်နဲ့ လုပ်ထားတဲ့ ရွှေငါးကန် လေး-ငါးကန်လောက်မှာ မျှထည့်ပါတယ်။ အဲဒီ ကန်တွေကို ဘူတာရုံကို ယူသွားပါတယ်။

အဲဒီခေတ်က အထက်တန်း ရထားတွဲက တွဲစောင့်တွေနဲ့ သူနဲ့က ဘော်ဒါတွေပါ။ ဖောက်သည်တွေလို့ ပြောရင် ပိုမှန်မှာပေ့ါ။ သူက အဲဒီ ရွှေငါးကန်လေးတွေကို အထက်တန်း ရထားတွဲ နှစ်ယောက် အိပ်ခန်းမှာ ရွှေငါးကန်တွေ ထည့်ပါတယ်။ အဲဒီ ညနေမှာ ရန်ကုန်က ထွက်ရင် နောက်ရက် မန္တလေး ဘူတာကြီးမှာ အသင့် ငှားထားတဲ့ ကားနဲ့ မုံရွာ၊ ရွှေဘို တစ်ခွင်ကို ဖြန့်ပါတယ်။

သူက ရန်ကုန်မှာ တစ်ကောင်ကို လမ်းမတော်ဈေးက ကျပ် ၁၀ နဲ့ ဝယ်ပြီး ရွှေဘိုမှာ ကျပ် ၁၀၀ နဲ့ ရောင်းပါတယ်။ အဲဒီတော့ မန္တလေး ဆေးတက္ကသိုလ်ကို ဒီနည်းနဲ့ ငွေရှာပြီး တက်ခဲ့တယ်လို့ ပြောပါတယ်။ အမှန်က ဆင်းရဲလို့ မဟုတ်ပါ။ ဝါသနာအရ ပိုက်ဆံရှာတဲ့ အလုပ်ကို စိတ်ဝင်စားလို့ပါ။ ဆရာဝန် ဖြစ်တော့လည်း ဆေးကုပေမဲ့ ငုံးမွေးမြူရေးကို ဖောက်ချလုပ်ခဲ့ပါတယ်။ သူက တိရစ္ဆာန် မွေးမြူရေးနဲ့ အကျိုးပေးပါတယ်။ အဖမ်းခံရတဲ့ အကြောင်းအရင်းကတော့ ဒေါ်အောင်ဆန်းစုကြည်ကို ကွန်ပျူတာ လှူတဲ့အတွက် ဖြစ်ပါတယ်။

သူ့ကို မန္တလေးထောင်ကို ပြောင်းလိုက်ပါတယ်။ ကျွန်တော် မန္တလေးထောင် ရောက်တော့ သူ မရှိတော့ပါဘူး။ လွတ်သွားပါပြီ။ ထောင်ဝန်ထမ်းတွေ အတွက်တော့ အမြဲတမ်း အမှတ်ရစရာ တစ်ယောက်ပါ။ ဘာ့ကြောင့်လဲ ဆိုတော့ ထောင်ဝင်စာမှာ တစ်ခါတလေ သူ့သမီး လာရင် နာမည်ကြီး မော်ဒယ်မို့ အားလုံးက ဝိုင်းကြည့်ကြတာပါ။ သန္တာလှိုင်ကလည်း ဖော်ရွေပါသတဲ့။ ဝန်ထမ်းတွေ အတွက် စားစရာတွေ ဝယ်လာတဲ့ အပြင် မော်ဒယ်အနေနဲ့ ရိုက်ထားတဲ့ ဓာတ်ပုံတွေကို နီးစပ်ရာ ဝန်ထမ်းအားလုံးကို ဝေတော့ အားလုံးက အလုအယက်ပါပဲတဲ့။

## တွဲဘက်ထောင်က တိုက်

ကျွန်တော်တို့ ၁၉၉၆ ခုနှစ်၊ မေလမှာ စတဲ့ လူဖမ်းပွဲကြီးဟာ ဒေါ်အောင်ဆန်းစုကြည်က ၁၉၉၀ ခုနှစ် မေလ ရွေးကောက်ပွဲ နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် အဖမ်းမခံရဘဲ ကျန်နေတဲ့ ရွေးကောက်ပွဲနိုင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေနဲ့ အစည်းအဝေး လုပ်မှာကို အကြောင်းပြုပြီးတော့ တစ်နိုင်ငံလုံး လူဖမ်းပွဲ လုပ်ခဲ့တာပါ။ အဲဒီပွဲမှာ ကျွန်တော်တို့ ရန်ကုန်က လူတွေက ဗွေဆော်ဦး အဖမ်းခံကြရတာပါ။ နောက်မှ သိရတာက ကျွန်တော် နေတဲ့ အခန်း ၁ ဟာ မူလက မလေးရှား လုပ်ငန်းရှင် ဗမာနာမည် စောရန်နိုင် နေသွားတာပါ။

သူ့အခန်းရှေ့မှာ ပြန့်ကျဲနေတဲ့ ငါးသုံးလုံး စီးကရက် အစေ့ခံတွေ မြင်ရခြင်းအားဖြင့် သူဟာ ထောင်ထဲမှာ သက်သက်သာသာ နေနိုင်တယ်၊ ဝန်ထမ်းတွေကလည်း သူ့ကို လိုက်လျောမှုရှိတယ် ဆိုတာလည်း သိသာ

ပါတယ်။ သူ အဖမ်းမခံရခင်တုန်းက အင်းလျားမြိုင် လမ်းဆုံ တစ်နေရာမှာ Limelight ဆိုတဲ့ နာမည်နဲ့ နိုက်ကလပ် ဖွင့်ထားတာပါ။ အဲဒီ ကလပ်က လုံးချင်းတိုက် တစ်ခုကို ငှားပြီး ဖွင့်ထားတာပါ။ အပေါ်ထပ် ပြတင်းပေါက် တစ်ခုက ဖောက်စ်ဝက်ဂွန်း လိပ်ခုံး အဝါရောင်ကား တစ်ခြမ်း ရှေ့ထွက်နေတဲ့ပုံနဲ့ စိတ်ဝင်စားအောင် တန်ဆာဆင်ထားပါတယ်။

သူ့လုပ်ငန်းက ထုတ်ကုန်၊ သွင်းကုန် လုပ်ငန်းတွေအပြင် သီချင်း၊ ဂီတ ထုတ်လုပ်ရေး လုပ်ငန်းတွေလည်း ပါတယ်လို့ ကြားသိရပါတယ်။ နောက်ပြီး သူ့ရုံးမှာ လူကြီးတွေရဲ့ သမီးတချို့ကိုလည်း အလုပ်ခန့်ထားတယ်လို့ သိရပါတယ်။ နာမည် တက်ခါစ အဆိုတော် "အေးချမ်းမေ" ကိုလည်း အခွေ ထုတ်ပေးပါတယ်။ အေးချမ်းမေကလည်း သူ့သီချင်း "လိမ္မော်သီး" နဲ့ တစ်နိုင်ငံလုံး ကျော်ကြားသွားပါတယ်။ သူ ထောင်ထဲမှာ နှစ်နှစ်လောက် နေပြီး မလေးရှား ပြန်သွားတဲ့အခါ အေးချမ်းမေကို ခေါ်သွားတယ်လို့ သိရပါတယ်။ အဲဒီတုန်းက အေးချမ်းမေလို့ တစ်မုဟုတ်ချင်း ကျော်ကြားပြီး ချက်ချင်း ပျောက်ကွယ်သွားတဲ့ ကိစ္စရပ်မျိုးကို လူငယ်တွေက "အေးချမ်းမေ ဖြစ်သွားပြီ၊ မေးချမ်းမေ ဖြစ်သွားပြီ" လို့ တင်စား ပြောလေ့ရှိကြပါတယ်။

သူက တွဲဘက်ထောင်အတွက် (ဟုတ် မဟုတ်တော့ မသိဘူးနော်၊ ကြားရတာကို ပြောတာ) အဝီစိတွင်း၊ ရေစုပ်စက်နဲ့ ရေကန် မျှော်စင်တို့ကို ဆောက်ပြီး လှူသွားတယ်လို့ သိရပါတယ်။ ဒါကြောင့် အဲဒီ စောရန်နိုင်ဟာ ထောင်ထဲမှာ နေ့တိုင်း ဝီစကီ သောက်နိုင်ပါသတဲ့။ သူ့ရုံးက ကောင်မလေး တစ်ချို့လည်း လာတွေ့ပါသတဲ့။ အဲဒီလို လာတွေ့တဲ့ အခါမျိုးဆိုရင် ထောင်ဘူးဝက အခန်းတစ်ခုမှာ လွတ်လွတ်လပ်လပ် တွေ့ခွင့်ပြုပါသတဲ့။ ကြားတာနော်.... ကြားတာ။ သူ ထောင်က လွတ်လွတ်ချင်း လေဆိပ်ကို ပို့ပြီးတော့ သူ့နိုင်ငံကို ပြည်နှင်ဒဏ် ပေးလိုက်ပါတယ်။ သူ့ကို ဖမ်းတုန်းကလည်း မလေးရှား နိုင်ငံ ပြန်ဖို့ လေဆိပ်မှာ ဖမ်းပြီး ထောင်ထဲ ခေါ်လာတာပါ။

## ဆရာတော် ဦးကုသလ

နောက်အချုပ်သားသစ် တစ်ယောက်ကတော့ ကြည့်မြင်တိုင် မြို့နယ်ထဲက အောင်မင်္ဂလာ ဆိုတဲ့ ကျောင်းက ဆရာတော်ပါ။ သက်တော် ၃၄ နှစ်လောက် ရှိပါပြီ။ ၁၄ ဝါပေါ့။ သူက ဒေါ်အောင်ဆန်းစုကြည်ရဲ့ စနေ၊ တနင်္ဂနွေ ဟောပြောပွဲတိုင်းကို လာပြီး နားထောင်လေ့ ရှိပါသတဲ့။ နိုင်ငံရေး ဖတ်ရှိန်တွေ မြင့်လာတဲ့အခါမှာ အဲဒီဆရာတော်ဦးကုသလကဘယ်သူ့မှမတိုင်ပင်ဘဲကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်ကိစ္စတစ်ခုလုပ်လိုက်ပါတယ်။

သူက ကြည့်မြင်တိုင်ဈေး သွားပြီး ဝါးလုံး တစ်လုံး၊ ကတ်ထူပြား လေးမေ ပတ်လည် တစ်ခုနဲ့ ဆေးဖပင် တစ်ခု ဝယ်ပါတယ်။ ဝယ်ပြီးတော့ သူ့အခန်းထဲမှာ ဆေးဖပင်နဲ့ ကတ်ထူပြားပေါ်မှာ သူ ဆန္ဒရှိတာတွေ ရေးချပါတယ်။ (၁) နိုင်ငံရေး အကျဉ်းသမားများ အမြန်ဆုံး လွှတ်ပေးရေး၊ (၂) အတင်းအဓမ္မ လုပ်အားပေးခိုင်းခြင်းများ တစ်နိုင်ငံလုံး ရပ်တံ့ရေး၊ (၃) ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ ရလဒ် အသိအမှတ်ပြုရေး၊ (၄) ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အမြန်ဆုံး တွေ့ဆုံ ဆွေးနွေးရေး" တို့ ဖြစ်ပါတယ်။

အဲဒီလို ရေးပြီးတဲ့အခါမှာ ဆရာတော်က ဝါးလုံးထိပ်ကို ဓားနဲ့ နည်းနည်း ခွဲလိုက်ပါတယ်။ အဲဒီ ကတ်ပြား ညှပ်လို့ရအောင်ပါ။ ပြီးမှ ကတ်ပြားကို လိပ်၊ ဝါးလုံးကို ဆွဲပြီး ဘတ်စ်ကားနဲ့ ဆူးလေ ဘုရားကို သွားပါတယ်။ ရောက်တော့ မြို့တော်ဝန်ရုံးနဲ့ ဆန့်ကျင်ဘက် ကုလားဗလီရှေ့က ကွက်လပ်မှာ ရပ်လိုက်ပါတယ်။ ပြီးတော့ စက္ကူကတ်ပြားကို ဝါးလုံးထဲ ညှပ်ထည့်ပြီးတော့ ဝါးလုံးကို ထောင်လိုက်ပါတယ်။ သူကတော့ မျက်စိမှိတ်ပြီး မေတ္တာသုတ် ရွတ်လျက် မတ်တတ်ရပ်နေပါတယ်။

အစတော့ လူတွေက ကွက်ကြည့် ကွက်ကြည့်ပေါ့။ နောက် နာရီဝက်လောက် ကြာတော့ ကျောက်တံတား ရဲစခန်းက ရဲတစ်ယောက် ရောက်လာပါတယ်။ ဆရာတော် ဘာလုပ်တာလဲလို့ မေးပါတယ်။ ဆရာတော်က "တစ်ကိုယ်တော် ဆန္ဒပြတာ" လို့ ပြန်ပြောလိုက်ပါတယ်။ ခဏနေတော့ ရဲပြန်သွားပြီး နောက်ထပ် ရဲနှစ်ယောက် ထပ်ခေါ်လာပါတယ်။ အဲဒီအချိန်မှာ လူတွေက ဝိုင်းအုံနေကြပါပြီ။ အဲဒီ ရဲနှစ်ယောက်က သူ့ရဲ့ ဝါးလုံးနဲ့ ကတ်ပြားကိုလည်း သိမ်း၊ လူကိုလည်း ကျောက်တံတား ရဲစခန်း ခေါ်သွားပါတယ်။ တိုတို ပြောရရင် ရဲဌာနက သရက်တော ကျောင်းတိုက်ထဲက သံဃာတော် တစ်ပါးကို ပင့်ပြီး အဲဒီ ဦးဖင်းကို သိက္ခာချ လူဝတ်လဲပြီး အင်းစိန်ထောင်ကို ပို့လိုက်ပါတယ်။

သူ့ဇာတ်လမ်းကို ကျွန်တော် ကြားရတော့ "ဦးဖင်း။ အဲဒီလို လုပ်တာ ဘယ်သူ့ တိုင်ပင်သေးလဲ" လို့ ကျွန်တော်က မေးပါတယ်။ သူက ဘယ်သူ့မှ မတိုင်ပင်ပါဘူးတဲ့။ ပြီးတော့ မေးပါသေးတယ်၊ သူဘာ ဖြစ်နိုင်ပါသလဲပေါ့။

ကျွန်တော်က "ခုနစ်နှစ် ဆရာတော်ရေ၊ ခုနစ်နှစ်" လို့ ပြောတဲ့အခါ သူက "ဟုတ်ပဲ့မလားဗျာ၊ ဦးဖင်းက တကယ့် စေတနာ မေတ္တာနဲ့ အကောင်းဆုံး ဖြစ်သင့်တယ် ထင်တာ တွေးပြီး လုပ်လိုက်တာပါ" လို့ ပြောပါတယ်။ ကျွန်တော်က "ဆရာတော်ရေ့၊ နဝတရဲ့ အဘိဓာန်မှာ စေတနာတို့၊ မေတ္တာတို့ ဆိုတာ မရှိဘူး" လို့ ပြန်ပြောလိုက်ပါတယ်။ သူ တကယ်ပဲ ထောင်ဒဏ် ခုနစ်နှစ် ကျသွားပါတယ်။

## ကျွန်တော့်ကို ရုံးတင်ပြီ

ကျွန်တော့်ကို အမှု နှစ်မှုနဲ့ ရုံးတင်ပါတယ်။ ပထမ တစ်မှုကတော့ ကိုဖိုးအေးတို့ သားအဖရယ်၊ ဟသ်ာတက ကိုလှသန်းနဲ့ ဦးကျော်သန်းတို့ ဖြစ်ပြီး နွေစပါး စိုက်ဖို့ စီမံကိန်းချတဲ့ အစိုးရကို အကြည်အညို ပျက်စေမှု၊ နောက်တစ်မှုက ABC ရုပ်မြင်သံကြားဌာနနဲ့ အင်တာဗျူးခဲ့လို့ပါ။ ကျွန်တော့် အမှုတွဲက အီဗား (၁) တင်လိုင်ပါ။ တကယ်တော့ ဖမ်းတုန်းက ကိုဖိုးအေး တစ်ယောက်ထဲ ဖမ်းတာပါ။ ဒါပေမဲ့ ထောက်လှမ်းရေးနဲ့ SB တို့က ကိုဖိုးအေးကို လာရှာတဲ့အချိန်မှာ သူ့သားက အပြင်က ပြန်လာပြီး အဝမှာ စောင့်နေတဲ့ ထောက်လှမ်းရေးကို လေ့ကားပေါ်က ဒူးနဲ့ တိုက်ချလိုက်ပါတယ်။ ဒါ့ကြောင့် ကိုဖိုးအေးသားကို တစ်ပါတည်း ဖမ်းလာတာပါ။

ရုံးထုတ်တော့ တွဲဘက်ထောင်ရဲ့ အပြင်မှာ ဆောက်ထားတဲ့ တရားရုံးမှာ စစ်တာပါ။ ABC အင်တာဗျူးအမှုနဲ့ စစ်တော့ အင်တာဗျူးမှာ ပြောတဲ့ အခွေကို တရားရုံးမှာ တင်ခဲ့ပါတယ်။ ကျွန်တော်ကတော့ အဲဒီလို အင်တာဗျူး လုပ်တာဟာ ကျွန်တော်တို့ လိုလားတဲ့ ဒီမိုကရေစီ လမ်းကြောင်းပေါ်ကို ရောက်ဖို့ တွန်းအား တစ်ရပ် ဖြစ်စေမှာမို့လို့ ဘာကိုမှ မငြင်းပါ။ အားလုံးကို ဝန်ခံလိုက်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်နဲ့ အီဗားကို ထောင်ဒဏ် ခုနစ်နှစ်စီ ချလိုက်ပါတယ်။ ဝန်မခံလည်း ချမှာပါပဲ။

## မှတ်မှတ်ရရ နွေစပါး

နောက်တစ်မှုကတော့ နွေစပါး ကိစ္စပါ။ ကိုဖိုးအေးတို့ သားအဖရယ်၊ ဟသ်ာတက ကိုလှထွန်းနဲ့ ကိုကျော်သန်းရယ်၊ ကျွန်တော်ရယ် ပေါင်း ငါးယောက်ပါ။ ဒီအမှုမှာတော့ တရားခွဲဆိုတဲ့သူတွေ ချာတူးလန်တာရယ်၊ မတရားမှုတွေ ပေါ်စေချင်လို့ တရားသူကြီး ခွင့်ပြုချက်နဲ့ ကျွန်တော်က ပြန်လှန် မေးခွန်းထုတ်ခဲ့ပါတယ်။ ကိုကျော်သန်းရဲ့ မြေပဲခင်း ရှစ်ဧကလောက်မှာ အပင်တွေ ဖြိုင်ဖြိုင်ပေါက်နေပါလျက် နဝတ အမိန့်နဲ့ စက်ကြီးတွေ သုံးပြီး ပဲခင်း တစ်ခုလုံး ဖျက်ဆီးခံရတာ၊ စပါးစိုက်ဖို့ ရေ မရတာ၊ သူတို့ အတင်းအကြပ် နိုင်းလို့ ရေစုပ်စက် ဝယ်ရတာ၊

ရေစုတ်စက်နဲ့ ရေတင်တော့လည်း ဒီဇယ်ဖိုး ကုန်ကျစရိတ်ကို ကိုယ်ပဲ စိုက်ရတာ၊ တကယ် စိုက်ပြန်တော့ အပင်တွေ မအောင်လို့ စပါး တစ်စေ့မှ မထွက်တာ၊ ဒါတွေ ပေါ်လွင်ခဲ့ပါတယ်။

ကိုလှထွန်းနဲ့ ကိုကျော်သန်းတို့ ဒေါ်အောင်ဆန်းစုကြည် မြဲထဲ ကျွန်တော့်ကို လာတွေ့တဲ့အခါ အပေါ်မှာ ရေးပြတဲ့အတိုင်း ပြောတာကို နားထောင်ခဲ့ကြောင်း သူတို့ ဗီဒီယို ရိုက်ထားတဲ့ အခွေကိုလည်း မကြည့်ဖြစ်ပဲ ရုံးမှာပဲထားခဲ့ကြောင်း၊ ရေဝတီတိုင်း၊ ရန်ကုန်တိုင်းနဲ့ပဲခူးတိုင်းက လယ်သမားတွေဟာ ဒေါ်အောင်ဆန်းစုကြည်ကို လာတွေ့တိုင်း ကျွန်တော်က လိုက်မှတ်ရတာမို့ လယ်သမားတွေ တပြေးညီ ခံစားနေကြရတာကို ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် သိပြီးသားဖြစ်လို့ သူတို့ ပေးတဲ့ CD ကို ကျွန်တော် မကြည့်ဖြစ်ခဲ့ဘူး ဆိုတဲ့ အကြောင်း ပေါ်လွင်ခဲ့ပါတယ်။

## မင့်မရဲ ရှေ့နေတွေ

အမှု စစ်တုန်းက ကျွန်တော် တရားသူကြီးကို ရစ်တဲ့အတွက် အမှုကို တစ်ရက်ဆိုင်းပြီး ကျွန်တော့် အတွက် ရှေ့နေလိုက်ဖို့ ခွင့်ပြုခဲ့ပါတယ်။ ကျွန်တော့်အတွက် ရှေ့နေ ရောက်လာပါတယ်။ မင်္ဂလာဒုံ မြို့နယ်က ၁၉၉၀ ခုနှစ်၊ မေလက အရွေးချယ်ခံ ဦးကြည်ဝင်းပါ။ နောင်မှာ G-7 လို့ ခေါ်တဲ့ အထဲ ပါသွားတဲ့သူပါ။ သူ့ခမျာ ကြောက်ကြောက်နဲ့ ဘာမေးရမှန်း မသိတော့ ကျွန်တော်ကပဲ ခဏ ခဏ ဝင်မေးရပါတယ်။ တကယ်လို့ အဲဒီ အမှုကို အများပြည်သူကသာ ဝင်ကြည့်ခွင့် ရမယ်ဆိုရင် လုံးဝမ တရားဘူးဆိုတာ ပေါ်လွင်ပါတယ်။ ကျွန်တော့် အမှု ပြီးဆုံးခါနီးမှာ ဦးကျော်သန်းကို ကျွန်တော်က "ခင်ဗျား လယ်က စပါး ဘယ်လောက် ထွက်ပါသလဲ" လို့ မေးတဲ့အခါ ဦးကျော်သန်းက "တစ်စေ့မှ မထွက်ပါဘူး" တဲ့။ တရားသူကြီး ပြုံးရောင်သမ်းသွားတာကို ဖျတ်ခနဲ တွေ့လိုက်ပါတယ်။ `နွေစပါး အတင်းအကြပ် စိုက်ခိုင်းပြီး စပါးတစ်စေ့မှ မထွက်တဲ့ ကိစ္စကို ကျွန်တော်က အစိုးရရဲ့ မဟာ ရေမ စီမံကိန်းကြီးကို အစိုးရ သိက္ခာကျအောင် ဆိုတဲ့ စွပ်စွဲချက်နဲ့ ထောင်ဒဏ် ခုနစ်နှစ် ချလိုက်ပါတယ်။ အရင်အမှုနဲ့ တစ်ပေါင်းတည်း မပေးပါဘူးတဲ့။ မဟာ ကရုဏာရှင်များ ပီသပါပေရဲ့။

## တွဲဘက်ထောင် အခြားအဆောင်က လူတွေ

တွဲဘက် ထောင်ကိုရောက်တော့ တိုက်ထဲက ပုဂ္ဂိုလ်တွေအပြင် အခြား အဆောင်တွေမှာလည်း အကျဉ်းသား တွေ အပြည့်ပါ။ နှစ်ထပ်ဆောင်ကြီး တစ်ခုလုံးကိုတော့ ငါးမိုးဖမ်းတဲ့ ယိုးဒယား ငါးဖမ်း သင်္ဘောတွေပေါ်က သင်္ဘောသားတွေ ထားပါတယ်။ ရာနဲ့ချီပြီး ရှိပါတယ်။ ကျွန်တော်တို့ တိုက်က လှမ်းကြည့်ရင် သူတို့အဆောင် တစ်ခြမ်းနဲ့ ရေချိုးကန်ကို မြင်ရပါတယ်။ တခြား အဆောင်တွေမှာတော့ နိုင်ငံရေး အကျဉ်းသမားတွေ ကျောင်း သားတွေ ရှိပါတယ်။

NLD က လူငယ်တွေ ဖြစ်တဲ့ မောင်မောင်ဦး (အင်းစိန် မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်)၊ မိုးမြတ်သူ (နယူးဇီလန်)၊ မိုးမောင်မောင် (နော်ဝေး)၊ ဝင်းသိန်း (နော်ဝေး) စတဲ့ သူတွေ ရှိပါတယ်။ မောင်မောင် ဦးတို့ အုပ်စုကတော့ ဦးန အသုဘ ကိစ္စနဲ့ ထောင်ကျတာပါ။ တကယ်တော့ အဲဒီအချိန်မှာ နဝတက ဒေါ် အောင်ဆန်းစုကြည်ကို လွှတ်ရတော့မယ့် အနေအထား ရောက်နေပါပြီ။ သူ အပြင် ရောက်လာရင် အနားမှာ နိုင်ငံရေး လုပ်ပေးမယ့် သူတွေ နည်းသွားအောင် ကြိုပြီး ထောင်ချထားတာပါ။

သူတို့က ကျွန်တော်တို့ အချုပ်ကျခါစလူတွေ သက်သာအောင် အမျိုးစုံ ကူညီခဲ့ပါတယ်။ အဝတ်အစား တွေ၊ စောင်တွေ အပြင် စားစရာ မျိုးစုံကို နည်းမျိုးစုံနဲ့ ပို့ပေးခဲ့ပါတယ်။ သူတို့ ကိုယ်တိုင်က ပို့လို့ မရတော့

သန့်ရှင်းရေးသမားတွေ (ထောင်အခေါ် ဘောက်ဆင်း) နဲ့ ပို့ပေးတာပါ။ အဲဒီ ကလေးတွေကတော့ ထောင်ထဲကို ဝင်လိုက် ထွက်လိုက် ဆိုတဲ့ ကလေးတွေပါ။ နာမည်တွေတော့ မေ့ကုန်ပါပြီ။

## တန်ဘိုး မဖြတ်နိုင်တဲ့ အမြတ်

ကျွန်တော် တွဲဘက်ထောင်မှာ အချုပ်နဲ့ သုံးလလောက် နေစဉ်မှာ ကျွန်တော့် အခန်းဘေးမှာ ဦးဖင်း တစ်ပါး ရှိနေတယ် ဆိုတာ အပေါ်မှာ ရေးခဲ့ပြီးပါပြီ။ သူနဲ့ ကျွန်တော်နဲ့ စစ်ကြောရေး ထွက်ခိုက်တွေမှာတော့ လူချင်း မဆုံကြပေမဲ့ စစ်ကြောရေး ပြီးလို့ သူတို့ အမှု ပြင်ဆင်နေချိန်မှာ စကားပြောချိန် ရပါတယ်။ ဆရာတော်က ပုဂံ၊ ညောင်ဦးနယ်က "ပန်းကုံးတင်ရွာ" ဇာတိလို့ သိရပါတယ်။ အဲဒီ ရွာဟာ ပုဂံခေတ်မှာ ထင်ရှားတဲ့ မိဘုရား ဖွားစောကို နေ့စဉ် ပန်းပို့ပေးရတဲ့ ရွာမို့လို့ ဒီနာမည်ရတယ်လို့ပြောပါတယ်။ ဦးဖင်းက ကြည့်မြင့်တိုင် မြို့နယ်မှာ ရှိတဲ့ ကျောင်းတစ်ကျောင်းမှာ စာလိုက်နေတာပါ။ မွေ့စရိယတန်းလို့ ထင်ပါတယ်။

စကားစမြည် ပြောနေရင်းက ကျွန်တော့်ခေါင်းထဲမှာ အတွေးတစ်ခု ပေါ်လာပါတယ်။ အဲဒီတော့ ဆရာတော်ကို လျှောက်ပါတယ်။ အချိန်အားတုန်းမှာ ကျွန်တော့်ကို "ပရိတ်ကြီး ၁၁ သုတ်" သင်ပေးဖို့။ သူကလည်း သဘောတူလို့ ကျွန်တော် ပြင်ဆင်ပြီး စာလိုက်ဖို့ လုပ်ရပါတော့တယ်။ ပြင်ဆင်တယ် ဆိုတာက ပလတ်စတစ် အလွတ်တွေ ရအောင်ရှာပြီး ရေချိုးချိန်မှာ ဆီတွေ ပြောင်အောင် လျှော်ရတာပါ။ ပြီးတော့မှ သံမှိုချွန်ချွန် နှစ်ချောင်းလောက်ကိုတော့ ဘောက်ဆင်းတွေဆီက အကြံအဖန်လုပ် သွင်းပါတယ်။ ပလတ်စတစ်ပေါ်မှာ သံမှိုနဲ့ စာရေးမယ် ဆိုတော့ ဆရာတော်က အံ့သြနေပါတယ်။ ဒါနဲ့ သင်ခန်းစာ စပါတော့တယ်။

မေတ္တာသုတ်ကတော့ ရပြီးသားပါ။ တခြား သုတ္တန်အတိုလေး နှစ်ခုလောက်လည်း ရပြီးသားပါ။ ဒါကြောင့် မင်္ဂလသုတ်က စပြီး သူက နှုတ်တိုက်ချလိုက် ကျွန်တော်က လိုက်ရေးလိုက်နဲ့ ဟန်ကျသွားပါပြီ။ ဒီလိုနဲ့ပဲ အချုပ်ကာလ နှစ်ပတ် သုံးပတ်လောက်အတွင်း ပရိတ်ကြီး ၁၁ သုတ်လုံး ရသွားပါပြီ။ အကျိုး ကြီးမား လှပါတယ်။

အဲဒီ ပရိတ်ကြီး ၁၁ သုတ်လုံးကို ထောင်ထဲမှာသာမက ယနေ့အထိလည်း နေ့စဉ်နီးပါး ရွတ်ဖတ်နေဆဲပါ။ ဒါတင်မကပါဘူး။ မွေ့စကြာ၊ အနတ္တလက္ခဏာသုတ်၊ မဟာသမယသုတ်၊ ပဋ္ဌာန်း ဒေသနာတော် (ဥဒ္ဒေသ၊ နိဒ္ဒေသ) တို့ကိုလည်း မပြတ်ရွတ်ဖတ် သရဇ္ဈာယ်နေဆဲပါ။

## ထောင်ကျ ဖြစ်ပြန်ပြီပေါ့

ကျွန်တော့်ကို ၃ တိုက်ကို ပို့လိုက်ပါတယ်။ အဲဒီမှာတော့ ကျွန်တော် ရောက်တယ် ဆိုတာနဲ့ ဘေးပတ်လည် အခန်းတွေက မိတ်ဆက်ပေးပါတယ်။ ထိပ်ဆုံးခန်းမှာ ဘိုးတော် ခင်ဝင်း၊ ကျွန်တော့် ဘေးက အောင်မျိုးတင့်နဲ့ သက်မင်းအောင်။ သူတို့နှစ်ယောက်က မကာသ တစ်ဖွဲ့တည်းပါ။ နောက်မှ မှတ်မိသမျှ ပြောရရင် လှဘောင်သစ်က ပြန်ကြားရေး တာဝန်ခံ မောင်ယဉ်ထွေး၊ နောက် သုံးရောင်ခြယ်က စိန်လှိုင်၊ စိန်လှိုင်နဲ့က ခေါ်စုရုံမှာ ကတည်းက အတူတူနေခဲ့တာပါ။ နောက်တစ်နေ့ မနက်ခင်း စောစောမှာ တာဝန်ကျ ဝန်ထမ်းနဲ့ ကျွန်တော့်ကို နံနက်စာ ဘီစကွတ် တစ်ထုပ် ပို့လိုက်တာကို ရလိုက်တော့ "စိန်လှိုင် သိတတ်လိုက်တာ" လို့ အောက်မေ့ မိပါတယ်။ ကျေးဇူးတင်လိုက်တာ။ သူကတော့ အခုထိ လူပျိုကြီးပါ။ အသက်ကလည်း ၆၀ နား ကပ်နေရော ပေါ့။

## ဘိုးတော် ခင်ဝင်း

နိုင်ငံရေး အကျဉ်းသား အများစုက ဘိုးတော် ခင်ဝင်းကို မသိတဲ့သူ မရှိကြပါဘူး။ သူကတော့ တကယ့် နိုင်ငံရေး သတ္တဝါ တစ်ဦးပါ။ ၁၉၇၄ ခုနှစ်၊ ဦးသန့် အရေးအခင်းမှာလည်း ထောင်ကျခဲ့ဖူးပါတယ်။ ရှစ်လေးလုံး အရေးတော်ပုံမှာလည်း ဘယ်နေပုံမလဲ ဘိုးတော်ပဲ။ ဝင်နွှဲခဲ့သေးတာပေါ့။ ပါတီကို ဖွဲ့ကြတဲ့အခါကျတော့ သူက ကမာရွတ် မြို့နယ် NLD ဒုတိယ ဥက္ကဋ္ဌ ဖြစ်လာပါတယ်။ ဒါပေမဲ့ ထောင်ထဲက သိကျွမ်းခဲ့ဖူးတဲ့ သူတွေနဲ့ လည်း အဆက်အသွယ် ရှိတဲ့အခါ ၁၉၈၉ ခုနှစ် ဇကာဘ ယူရီ ကိုသက်နိုင်နဲ့ ကိုတင်အောင်တို့ အုပ်စုကို ဖမ်းတဲ့ အခါ သူလည်း ပါလာပြီး ထောင်ဒဏ် အနှစ် ၂၀ ကျခံခဲ့ရတာပါ။ ကျွန်တော်နဲ့ သူနဲ့က အထူးဆောင်မှာ သုံး-လေးလလောက် အခန်းချင်းကပ် နေခဲ့ရဖူးပါတယ်။ သူက အခန်း ၂ မှာပါ။

ဘိုးတော် ခင်ဝင်းက အသားဖြူပါတယ်။ ခန္ဓာကိုယ် တုတ်တုတ်ခိုင်ခိုင် ထောင်ထောင်မောင်းမောင်း ပါ။သူက စာဖတ်ပါတယ်။ စကားကိုလည်း ကြွယ်ကြွယ်ဝဝ ပြောတတ်ပါတယ်။ ကျွန်တော် အထူးတိုက် ရောက်တော့ ပါဆယ်ပဲ ရပြီး မိသားစု တွေ့ခွင့် မရတော့ အပြင်သတင်း မှန်သမျှ ဘိုးတော်ကို အားကိုးရပါ တယ်။ သူက ထောင်ကျ ဖြစ်နေတော့ ထောင်ဝင်စာ ရှိတယ်လေ။ သူက အိမ်ထောင်ရှိပြီး ကလေး မရှိပါ။ သူ့ အမျိုးသမီးကတော့ ထမိန် အစိမ်းဝတ် ဝါရင့် သူနာပြု ဆရာမကြီး ဖြစ်နေပါပြီ။ သူ့အနွံအတာကိုလည်း အများကြီး ခံပါတယ်။

သူ တစ်နေ့တော့ ထောင်ဝင်စာ ထွက်သွားပါတယ်။ ပြန်လာတော့ ချက်ချင်း စကား မပြောဖြစ်သေးပါ။ ညနေကျတော့မှ စကားစမြည် ပြောဖြစ်ပါတယ်။ သူကလည်း ထောင်ဝင်စာ အတွေ့အကြုံ ပြောပါတယ်။ သူ ပြောတဲ့အထဲမှာ ဒေါ်အောင်ဆန်းစုကြည် အကြောင်းလည်း ပါပါတယ်။ သူပြောပုံက ဒီလိုပါ။

"ဦးထိန် သိလား၊ ဒေါ်အောင်ဆန်းစုကြည် အထက်လှန်အောက်လျှော ဖြစ်တယ်ဗျ။ ပြီးခဲ့တဲ့ အပတ်က ညတစ်ညမှာပေါ့။ အဲဒါ ထောက်လှမ်းရေးက ကျွန်တော့် မိန်းမကို လာခေါ်ပြီး ဒေါ်စုကို ဆေးကုခိုင်းပါတယ်၊ ကျွန်တော့်မိန်းမကလည်း လိုအပ်သလို ဆေးကုပေးပြီး လိုအပ်တဲ့ဆေးတွေ ပေးခဲ့ပါတယ်၊ ထောက်လှမ်းရေးက ကောင်တွေ အလစ်မှာ ဒေါ်စုကို ထောက်ခံပါတယ်လို့ တိုးတိုးလေး ပြောခဲ့သတဲ့၊ နောက်တစ်နေ့ ပြန်လာ ခေါ်တော့ ဒေါ်စု အိမ်ကို ရောက်တဲ့အခါ ဒေါ်စုက ကျန်းမာရေး ကောင်းနေပြီ၊ ဒေါ်စုက ကျွန်တော့် မိန်းမကို ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်သတဲ့"

အဲဒီအခါမှာ ဘိုးတော်ရဲ့ အတွေးချော်မှုကို သတိပြုလိုက်မိပါတယ်။ သူက ထောက်လှမ်းရေးအကြောင်း နဲ့ လုပ်နည်းကိုင်နည်းတွေကို အတွေ့အကြုံ မရှိလို့ ပြောတာပဲလို့ ယူဆပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ဒေါ်စုသာ တကယ် မကျန်းမာရင်၊ သို့တည်းမဟုတ် ကျန်းမာရေး အရေးပေါ် အခြေအနေ ကြုံလာရင် ထောက်လှမ်းရေးဟာ ဦးဝိစာရလမ်းက စစ်ဆေးရုံ ၂ ကို ပြေးမယ်၊ အဲဒီမှာ ဆရာဝန်တွေရော၊ သူနာပြုတွေရော ပြည့်လို့၊ အမှတ် ၂ စစ်ဆေးရုံက ဆရာဝန်၊ ဆရာမ ဆိုတိုင်းလည်း မဟုတ်ပါဘူး။ သူတို့ ရွေးချယ် သတ်မှတ် ထားတဲ့ ဆရာဝန်၊ ဆရာမတွေနဲ့သာ ဆေးကုစေတာပါ။ ဒေါ်စုလို လူကျတော့ အဲဒီလို ဘယ်လုပ်ပုံမလဲလို့ ကျွန်တော် တွေးမိပါတယ်။ ဒါပေမဲ့ သူတို့ကိုတော့ မပြောင်းတော့ပါ။

ကျွန်တော့် ဇနီးသည်က ဒေါ်အောင်ဆန်းစုကြည်နဲ့ ပုဂ္ဂိုလ်ရေး ရင်းနှီးနေပါတယ်။ ကျွန်တော် အဖမ်းခံ ရတဲ့ အခါမှာ ဒေါ်စုအိမ်ကို တစ်ပတ်မှာ အနည်းဆုံး နှစ်ခေါက် ရောက်ပါတယ်။ ကျွန်တော် ထောင်ကျဖြစ်ပြီး ထောင်ဝင်စာ တွေ့တော့ ဒီကိစ္စကို ဇနီးသည်ကို မေးပါတယ်။ ဒေါ်စု ကျန်းမာရေး ကောင်းရဲ့လား၊ အရေးပေါ် ကျန်းမာရေး အခြေအနေ ဖြစ်သေးလားလို့ ပြောတဲ့အခါ ဇနီးသည်က သူ့ကျန်းမာရေးကို အရင်က တစ်ပတ်

တစ်ခါ ဆေးစစ်ကြောင်း၊ နောက်ပိုင်းတော့ တစ်လ တစ်ခါ ဆေးစစ်ကြောင်း။ အဲဒီလို ဆေးစစ်တဲ့အခါ စစ်ဆေးရုံက ဒေါက်တာ ဗိုလ်မှူးကြီး ကျော်ဇောနဲ့ အဖွဲ့ လာကြောင်း။

အဲဒီ ဗိုလ်မှူးကြီး ကျော်ဇော ဆိုတာ အရင်က တပ်မတော် ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲ့ သားဖြစ်ကြောင်း သိရပါတယ်။ အဲဒီအကြောင်းကိုတော့ ဘိုးတော်ကို ပြန်မပြောဖြစ်ပါ။ အဲဒီအပြင် ဘိုးတော် ပြောပြတဲ့ တခြား ဇာတ်လမ်းတွေလည်း ရှိပါတယ်။ အခုတစ်ခါ ၃ တိုက်မှာ သူနဲ့ ပြန်ဆုံရတာပါ။

အခုတော့ အောင်မျိုးတင့်၊ သက်မင်းအောင်နဲ့ မောင်ယဉ်ထွေးတို့ကတော့ ပြည်ပကို ရောက်နေကြပြီလို့ သိရပါတယ်။ ဘိုးတော် ခင်ဝင်းကတော့ နိုင်ငံရေး လှုပ်ရှားမှုတွေ ရှိတိုင်း သူနာမည် မကြာ မကြာ ကြားမိပါ တယ်။ ကျန်းမာရေး သိပ်မကောင်းဘူးလို့လည်း သိရပါတယ်။

အဲ.... ပြောဖို့ တစ်ခုမေ့သွားတာက ကျွန်တော် သူ့ကို မေးဖူးပါတယ်။ "ခင်ဗျားကို ဘိုးတော်လို့ ဘာ့ကြောင့် ခေါ်တာလဲဗျ" လို့ မေးတော့ သူက "သိပါဘူးဗျာ၊ ဦးသန့် အရေးအခင်းတုန်းက ထောင်ထဲမှာ နေရင်း ဘော်ဒါတွေ ခေါ်တာနဲ့ တွင်သွားတာပါဗျာ" လို့ပြောပါတယ်။ ကျွန်တော် ထင်တာကတော့ ဘိုးတော်က အပေါင်းအသင်းတွေ အပျင်းပြေအောင် ဖျော်ဖြေရေး သဘောနဲ့ ဇာတ်လမ်းတွေ ဖန်တီး ပြောပြခဲ့လို့ ဖြစ်မယ် လို့ ထင်ပါတယ်။

၃ တိုက်ဟာ ကျွန်တော် အရင်တစ်ခေါက် ရှိစဉ်တုန်းကနဲ့ မတူတော့ပါဘူး။ အရင်တုန်းက အခန်းတွေ ရှေ့မှာ ဟင်းလင်းပြင်ပါ။ အခုတော့ အခန်းတိုင်းမှာ အုတ်နံရံနဲ့ ကန့်ထားပြီးတော့ ထိပ်မှာ အုတ်နံရံ သံတံခါး နဲ့ပါ။ အပေါ်က သံဆန်ခါနဲ့ အုပ်ထားတော့ တစ်ခန်းနဲ့ တစ်ခန်း ကူးလို့မရအောင် လုပ်ထားတာပါ။ ကျွန်တော် ၃ တိုက်မှာ နေစဉ် ထောင်ဝင်စာ ပုံမှန်တွေ့ရပါတယ်။ ထောင်ဝင်စာ တွေ့တဲ့အခါမှာ ဇနီးသည်က သူနဲ့ ဒေါ်စု တွဲရိုက်ထားတဲ့ ဓာတ်ပုံတွေ ယူလာပါတယ်။ ဒါကို ထောက်လှမ်းရေးက မှတ်သားပါတယ်။ "ထောင်တွင်း အပြစ်" လို့ သူတို့ သတ်မှတ်တယ်လို့ ယူဆရပါတယ်။

## ကြည့်မြင်အေး မုန့်တိုက် ရှေ့မှာ ဖြစ်ခဲ့တဲ့ ရိုက်ပွဲ

ဒီသတင်းကို ကျွန်တော် ၃ တိုက် ရောက်မှ ကြားရတာပါ။ ၃ တိုက်က ထောင်ကျတွေ ထောင်ဝင်စာ ထွက်ရင်း နဲ့ ကြားလာတာပါ။ ကျွန်တော်နဲ့တကွ တစ်နိုင်ငံလုံးက NLD မှာ အရေးပါတဲ့ သူတွေကို ဖမ်းတာနဲ့ တစ်ပြိုင်နက် ဒေါ်အောင်ဆန်းစုကြည် မြို့ရွာ့မှာ လုပ်တဲ့ ဟောပြောပွဲတွေလည်း အပိတ်ခံရပါသတဲ့။ ဒါနဲ့ စနေ၊ တနင်္ဂနွေမှာ လာနေကျ လူတွေဟာ ဆရာစံလမ်း၊ ဝွတ္တလစ်ဘက်မှာ သွားစုကြပါသတဲ့။ အဲဒါကို ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနဲ့ ဦးကြည်မောင်တို့က အဲဒီလူအုပ်တွေကို သွားနှုတ်ဆက်ဖို့ စီစဉ်ကြပါတယ်။

အဲဒီ အစီအစဉ်မှာ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်က ကားတစ်စီး၊ ဦးကြည်မောင်က ကားတစ်စီးနဲ့ သွားဖို့ စီစဉ်ကြပါတယ်။ ယာဉ်တန်းက ဒေါ်စုခြံက ထွက်ပါတယ်။ ယာဉ်တန်းမှာ ပထမ ကားက ဒေါ်စုနဲ့ ဦးတင်ဦး၊ ဒုတိယကားက ဦးကြည်မောင်၊ တတိယကားက ထောက်လှမ်းရေးကား။ စတုတ္ထကားက ကိုမော် ခေါင်းဆောင်တဲ့ လူငယ်တွေ ပါတဲ့ ဟိုင်းလပ်စ် ပစ်ကပ်ကား။ အဲဒီ အစီအစဉ်အတိုင်း တစည ဌာနချုပ်ဘေးက လမ်းကြားလေးအတိုင်း သွားပါတယ်။ ဦးကြည်မောင် အိမ်ရှေ့ ရောက်တော့ သူ့ကားက ရပ်စောင့်ပါတယ်။

ဒေါ်စုတို့ ကားက ဦးကြည်မောင် ကားပေါ်ရောက်ပြီ ထင်ပြီး ထွက်ပါတယ်။ အဲဒီမှာ ထောက်လှမ်းရေး ကားက ကပ်လိုက်သွားပါတယ်။ ယာဉ်တန်း အစီအစဉ် ပြောင်းသွားတာပေါ့။ အဲဒီနေ့မှာ ကမ္ဘာအေး ဘုရား လမ်း တစ်ခုလုံး ယာဉ်တွေရော၊ လူတွေရော ပိတ်ဆို့ထားလို့ တစ်လမ်းလုံး ရှင်းနေပါတယ်။ ဒါပေမဲ့ ကမ္ဘာ့ဓ

ရိပ်သာ မှပ်ဝန်နဲ့ မျက်စောင်းထိုးမှာ ကြည်အေး မုန့်တိုက် ရှိပါတယ်။ ထိုစဉ်က နာမည်ကြီး မုန့်တိုက်ပါ။ တိတိကျကျ ပြောရရင် အခု အနုပညာဦးစီးဌာန ဆိုပြီး ဆိုင်းဘုတ် တပ်ထားတဲ့ ချင်းရှောင်း ရိပ်သာနဲ့ မျက်စောင်းထိုးလောက်မှာပါ။

ထွက်လာပါပြီ။ ရှေ့ဆုံးက ဦးတင်ဦးနဲ့ ဒေါ်စုကား၊ နောက်က ဗိုလ်နေစိုး ခေါင်းဆောင်တဲ့ ထောက်လှမ်းရေးကား။ တကယ်တော့သူက တတိယကားဖြစ်ရမှာပါ။ ဦးကြည်မောင်ကားက တတိယကားဖြစ်သွားပါတယ်။ သူတို့ ကားတွေလည်း ကြည်အေး မုန့်တိုက်ရှေ့ ရောက်ရော အဲဒီနားက လူအုပ်ကြီးက အဲဒီ ကားနှစ်စီးကို ဝိုင်းရိုက်ကြပါလေရော။ ဒီလိုနဲ့ရှေ့က ကားကလည်း တစ်စီးလုံးဖွတ်ဖွတ်ကြေသွားသလို၊ ဒုတိယကားကလည်း မှန်တွေကွဲ ဘော်ဒီတွေလည်း ပိန်ချိုင့်သွားပါတယ်။ အဲဒီမှာမှ ဗိုလ်နေစိုးက ကားထဲက ထွက်လာပြီး ပစ္စတိုနဲ့ ထုတ်ချိန်တော့မှ လူတွေ ရှဲသွားတာပါ။ နောက်က ပါလာတဲ့ ဦးကြည်မောင်ရဲ့ ကားကတော့ ဘေးကင်းသွားပါတယ်။

ဒီဖြစ်ရပ်ဟာ နဝတ အစိုးရက NLD ကို အကြမ်းဖက် နှိမ်နင်းတဲ့ ပထမဦးဆုံးသော ဖြစ်ရပ်ပါ။ ဒီဖြစ်စဉ်နဲ့ ပတ်သက်လို့ ယနေ့အထိ အဖြေရှာနိုင်ခြင်း မရှိခဲ့ပါဘူး။

## အထူးတိုက်သို့ နောက်တစ်ခေါက်

အဲဒီလိုနေရင်းနဲ့ ဒီဇင်ဘာကျတော့ ကျွန်တော့်ကို ခေါ်ပြီး အထူးတိုက်က ပြစ်ဒဏ်တိုက်မှာ နေရပါတယ်။ အခန်း ၃ မှာပါ။ ကျွန်တော် ရောက်ပြီး ခဏအကြာမှာ အခန်း ၁ က ဖွင့်သံ၊ ပိတ်သံ ကြားပြီး အကျဉ်းသား နောက်တစ်ယောက် ရောက်လာပါတယ်။ လူစဲသွားမှ မေးကြည့်တော့ မုံရွာ ဦးတင်ရွှေပါ။ အခန်း ၂ မှာ လူမထားပါ။ သူနဲ့ ကျွန်တော်နဲ့က သိဖူးရုံပဲ ရှိပါတယ်။ လူချင်း မရင်းနှီးပါ။ ၁၉၈၉ ခုနှစ် ဇူလိုင်လမှာ အဖမ်းအဆီးတွေ ရှိတုန်းက ထောက်လှမ်းရေးရဲ့ ဖမ်းမယ့်စာရင်းမှာ သူ ပါပါတယ်။ ဒါပေမဲ့ သူ တစ်နေရာမှာ ခိုခဲ့တဲ့ အတွက်ကြောင့် အဖမ်းမခံရပါ။

ရွေးကောက်ပွဲ ကာလမှာ သူ ပြန်ပေါ်လာပြီး ရွေးကောက်ပွဲ ဝင်ခဲ့ပါတယ်။ ဘယ်မြို့နယ်က နိုင်ခဲ့တယ်ဆိုတာ ကျွန်တော် မေ့သွားပါပြီ။ ကျွန်တော်တို့ နှစ်ယောက်ဆုံကြတဲ့ အချိန်ဟာ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာ ဖြစ်ပါတယ်။ ဦးတင်ရွှေ ထောင်ထဲ ရောက်နေတာ ခြောက်နှစ် ရှိပါပြီ။ "ထောင်ထဲမှာ ကြာနေပြီဗျာ" လို့ ညည်းရှာပါတယ်။ သူ့ကို ၆ တိုက်မှာ ထားပါတယ်။ တိုက်တွေ အားလုံးထဲမှာ နေထိုင်ရတာ အကျဉ်းကြပ်ဆုံးလို့ ပြောပါတယ်။ ကျွန်တော် မရောက်ဘူးခဲ့ပါ။ သူဟာ ထောင်ထဲက တိုက်တွေမှာ နေခဲ့ရချိန်တုန်းက သမံတလင်းမှာ ဖျာခင်းပြီး အိပ်ခဲ့ရတယ်လို့ ပြောပါတယ်။

## ခြေဆီ၊ လက်ဆီ ထွက်ဖို့လိုတယ်

ကျွန်တော် အရင်တစ်ခေါက် အထူးမှာ နေစဉ်တုန်းကလည်း ဖျာနဲ့ အိပ်ခဲ့ရတာပါ။ ညအိပ်ရင် ဖျာပေါ်မှာ စောင်ခင်းပြီး အိပ်တယ် ဆိုပေမဲ့ သမံတလင်းပေါ်မှာပဲ အိပ်ခဲ့ရတာပါ။ သစ်သား ကွပ်ပျစ်ကို တခြားသူတွေ ရခဲ့ပေမဲ့ ကျွန်တော် မရပါ။ ဦးတင်ရွှေလည်း အလားတူပါပဲ။ သူလည်း အဲဒီလို အိပ်ခဲ့လို့ ကျန်းမာရေး မကောင်းပါ။ ကျွန်တော်တို့ တွေ့တဲ့အချိန်က ဆောင်းတွင်း ဖြစ်ပေမဲ့ သူ့မှာ ခြေဆီ၊ လက်ဆီတွေ မထွက်ဘူးလို့ ညည်းရှာပါတယ်။ အဲဒီလိုဖြစ်တော့ ဘာထူးလဲဆိုတော့ ထူးပါတယ် ခင်ဗျာ။ သူ့ခန္ဓာကိုယ် တစ်ခုလုံးဟာ ပူနေပြီးတော့ ဆောင်းတွင်းမှာ ညအိပ်ရင်တောင် စောင်ခြုံလို့ မရပါဘူး။

အောက်တိုဘာ၊ နိုဝင်ဘာလတွေမှာ အပြင် နိုင်ငံရေး အခြေအနေ မကောင်းပါ။ ကျောင်းသားတွေ ဆန္ဒပြကြပြန်ပါတယ်။ ဒီလို ဖြစ်ရပ်မျိုးတွေကို ဒီမိုကရေစီရေးကို လိုလားသူတိုင်း သဘောကျတဲ့အလျောက် ထောင်ဝင်စာမှာ သူ့အိမ်က ပြောတာတွေကို အားရဝမ်းသာ ချီးကျူးပါတယ်။ အဲဒီ ပြစ်ချက်ကြောင့် သူ့ကို အထူးကို ပို့လိုက်တာပါ။ ကျွန်တော့် ပြစ်ချက်ကတော့ ထောင်ဝင်စာမှာ ဇနီးသည်က သူနဲ့ ဒေါ်စု ရိုက်တဲ့ပုံတွေ ပြလို့ပါ။

ရေချိုးဆင်းတဲ့အခါ ကျွန်တော့်နောက်က ရေဘုံဘိုင်မှာ ချိုးရတာမို့ သူနဲ့ ကျွန်တော်နဲ့ အနောက် ပြတင်းပေါက်က တစ်ဆင့် စကားပြောလို့ ရပါတယ်။ သူ့ခန္ဓာကိုယ်ကတော့ သိသာတဲ့ ပြောင်းလဲမှုကို မတွေ့ ရပါ။ သူ ပြောပြလို့သာ သူ့ခန္ဓာကိုယ် အပူချိန် မြင့်နေတယ်ဆိုတာ သိရတာပါ။ တစ်ညမှာတော့ ဦးတင်ရွှေက ဝန်ထမ်းကို လှမ်းအော်ခေါ်သံကြားပါတယ်။ ကျွန်တော်က ဘာဖြစ်လို့ ခေါ်တာလဲလို့ မေးတော့ သူ ခေါင်းမူး နေတယ်လို့ ဖြေပါတယ်။ အထူးတိုက်ဝင်းမှာ ဆေးမှူး မရှိပါဘူး။ ဒါ့ကြောင့် ဝန်ထမ်းက ဆေးရုံ ဆရာဝန် တစ်ယောက် ခေါ်လာပါတယ်။ အဲဒီ ဆရာဝန်က ဦးတင်ရွှေကို သွေးတိုင်းပြီးတဲ့အခါမှာ သွေးတွေ တက်နေ တယ်လို့ ပြောပြီး ဦးတင်ရွှေကို ဆေးရုံ ခေါ်သွားပါတယ်။

ဦးတင်ရွှေ ဆေးရုံမှာ နှစ်ရက်ပဲ ကြာပါတယ်။ အခန်းတံခါး ပိတ်ပြီး ဝန်ထမ်းတွေ ပြန်သွားတော့ ဦး တင်ရွှေ အခြေအနေ ကောင်းလားလို့ မေးလိုက်ပါတယ်။ ဦးတင်ရွှေက မထူးပါဘူးဗျာ။ ဆေးရုံကလည်း ဂရု မစိုက်ပါဘူးလို့ ပြန်ဖြေပါတယ်။ ဒီအခြေအနေမျိုးတွေဟာ နိုင်ငံရေး အကျဉ်းသားတွေအဖို့ ရိုးနေပြီ ဖြစ်လို့ သူ့ကို ဘာမှ ဝေဖန်ချက် မပေးတော့ပါဘူး။ သူနဲ့ စကားစမြည် ပြောတဲ့အခိုက်မှာ သူကလည်း သူ့အကြောင်း ပြော၊ ကျွန်တော်ကလည်း ကျွန်တော့်အကြောင်း ပြောပေါ့။ သူ မန္တလေး တက္ကသိုလ်မှာ တက်စဉ်က အကြောင်း တွေ၊ သူ့မိသားစု အကြောင်းတွေနဲ့ သူ့အမျိုးသမီးက အင်းစိန် အထက ၁ ကျောင်းဆရာမ ဖြစ်ကြောင်း သိရ ပါတယ်။

သူ မန္တလေး တက္ကသိုလ်မှာ တက်တုန်းက ဆရာ ကိုမိုးသူတို့၊ ကဗျာဆရာ ကိုတင်မိုး (ခ) ကိုဘဂျမ်းတို့နဲ့ ရင်းနှီးပုံ၊ ဦးဝင်းတင်ကိုလည်း မန္တလေး ဟံသာဝတီ သတင်းစာတိုက် အယ်ဒီတာချုပ်ဘဝက ခင်မင်ခဲ့ဖူး ကြောင်း၊ ရန်ကုန်မှာ ရှေ့နေလိုက်တော့လည်း ရှေ့နေကြီး ဦးတင်တင်နဲ့ ခင်ခဲ့ဖူးကြောင်းတွေ ပြောတဲ့ခါမှာ သူ့မိတ်ဆွေ အပေါင်းအသင်းတွေ အများစုဟာ လက်ဝဲယိမ်း နိုင်ငံရေးမားတွေ ဖြစ်တယ်လို့ အကဲခတ်မိပါ တယ်။

သူ့ရဲ့ အကဲဖြတ်ချက်များအရ ပြောရမယ် ဆိုရင် ဝင်းတင်ဟာ သူ့အမေ မွေးလိုက်ကတည်းက "မင်း ဟာ၊ တစ်သက်လုံး သတင်းစာဆရာ လုပ်ပေရော့" လို့ ထင်ရလောက်အောင် အားကောင်းမောင်းသန် သတင်းသမား တစ်ယောက် ဖြစ်ပါတယ်။ သူက အင်္ဂလိပ်လို ညွှပ်ပြောလိုက်ပါသေးတယ်။ He is a born journalist ဗျ။ အဲဒီလိုပဲ NLD ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင်တစ်ဦး ဖြစ်သူ ရှေ့နေကြီး ဦးထွန်းတင်ကိုလည်း He is a born Lawyer လို့ ပြောပါတယ်။

## April Fool

အဲဒီလိုနဲ့ ဧပြီလ ၁ ရက် ရောက်ပါပြီ။ မနက် ငါးနာရီလောက်မှာ ထောင်မှူးက ကျွန်တော့်ကို "ဦးဝင်းတိ ပစ္စည်းတွေ အသင့် ထုပ်ပိုးထား၊ ထောင်ပြောင်းဖို့ ရှိတယ်" လို့ ပြောပါတယ်။ ကျွန်တော်က "ဟာ၊ ဒီကောင် ငါ့ကို April Fool လာလုပ်နေတယ်" ဆိုပြီး ပေအိပ်နေပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီနေ့က ဧပြီလ ၁

ရက်နေ့လေ၊ နာရီဝက်လောက် ကြာတော့ သူ ပြန်ရောက်လာပြီး အခန်းတံခါးလည်း ဖွင့်၊ အဆင်သင့် ဖြစ်ပြီလားလို့လည်း မေးတော့ "ဟ တကယ်ပါလား" လို့ သဘောပေါက်ပြီး အဝတ်အစားတွေ ထုပ်ပိုးရပါ တော့တယ်။

ကျွန်တော် အပြင်အထွက်မှာ ဦးတင်ရွှေ အခန်းဝမှာ ရပ်ပြီး "ဦးတင်ရွှေ သွားပြီဗျို့၊ ထောင်ပြောင်းလို့ ပြောတယ်၊ ဘယ်ကိုလဲတော့ မသိဘူး " လို့ ပြောတဲ့အခါမှာ သူက "ကိုထိန်ရေ၊ ကျန်းမာရေးသာ ဂရုစိုက်ဗျာ၊ Good Luck" ဆိုပြီး နှုတ်ဆက်ရှာပါတယ်။

ကျွန်တော် မြင်းခြံထောင်ကို ဧပြီလ ၆ ရက်နေ့ ရောက်ပါတယ်။ ဇနီးသည် ထောင်ဝင်စာ လာပါတယ်။ ဖွန်လကုန် ထောင်ဝင်စာကိုတော့ ဇနီးသည်နဲ့ သားကြီး ထောင်ဝင်စာ လာပါတယ်။ အဲဒီအချိန်မှာ သားကြီးက "ဦးတင်ရွှေ ဆုံးပြီ" လို့ ပြောတဲ့အခါ ကျွန်တော် စိတ်ထိခိုက်မိပါတယ်။ ဦးတင်ရွှေကို ထောက်လှမ်းရေးက သတ်တာပါ။ သူ့ကို တုတ်၊ ဓား၊ လက်နက်နဲ့ သတ်တာ မဟုတ်ပေမဲ့ သေချင်းကို ရှေးရှုစေမယ့် အခြေအနေ တွေကို ဖန်တီးပေးပြီး အဲဒီ အခြေအနေတွေက ဦးတင်ရွှေကို ဖြည်းဖြည်းချင်း မှုဉ်းသတ်တယ်လို့ ကျွန်တော် ယူဆပါတယ်။

## ဦးတင်ရွှေရဲ့ အသုဘ

အခုရေးမယ့် အကြောင်းအရာတွေက ကျွန်တော် မြင်းခြံထောင်မှာ ရောက်နေစဉ်က ဖြစ်ပျက်တဲ့ အကြောင်း အရာတွေပါ။ ရဲဘော်ရဲဘက်တွေက ပြန်ပြောင်းပြောပြလို့ ရေးပြရခြင်းပါ။ မှတ်တမ်းတင်ခြင်းလည်း ဖြစ်ပါ တယ်။ ဖြစ်ရပ်မှန်တွေကို ပြောပြတဲ့အခါ ပါဝင် ပတ်သက်သူအချို့က သူတို့ကို အပုတ်ချတယ်လို့ ထင်ကောင်း ထင်ပါလိမ့်မယ်။ သို့သော် မှတ်တမ်း တင်အပ်၊ နိုင်ငံရေး သင်ခန်းစာ ယူအပ်တဲ့ အကြောင်းအရာတွေမို့ ကျွန်တော် မဖြစ်မနေ ရေးပြခြင်း ဖြစ်ပါတယ်။

ဦးတင်ရွှေ သေတာကို အဲဒီနေ့ မနက် ထောင်လူစစ်ချိန်ကျမှ သိရတာပါ။ ည ဘယ်အချိန်ကတည်းက သေနေတယ် ဆိုတာကို မသိရပါဘူး။ ဒါ့ကြောင့် သူ့အလောင်းကို ရန်ကုန် ဆေးရုံကြီးက ရေခဲတိုက်ကို ပို့တယ် လို့ သိရပါတယ်။ မိသားစုကို အကြောင်းကြားတော့ ဇနီး ဆရာမ ဒေါ်မြတ်သူနဲ့ သားအချို့ သွားကြည့်ပြီး အလောင်းကို ပြင်စရာရှိတာ ပြင်ကြပါတယ်။ ပြီးတော့ NLD ခေါင်းဆောင်ပိုင်းကိုလည်း အကြောင်းကြား ပါတယ်။ ဦးတင်ရွှေဟာ ဗဟို ကော်မတီဝင် ဖြစ်တဲ့အတွက် NLD ကလည်း ထိုက်တန်တဲ့ အခမ်းအနားနဲ့ သဂြိုဟ်ဖို့ စီစဉ်ကြပါတယ်။

တကယ့် သဂြိုဟ်မယ့်နေ့ ရောက်တော့ ဦးတင်ရွှေရဲ့ အလောင်းဟာ အင်းစိန် ဆေးရုံကြီးက ရေခဲတိုက် မှာ မရှိတော့ပါဘူး။ ရေဝေးကို ပို့ထားပြီးပါပြီတဲ့။ အသုဘအတွက် ရန်ကုန် ဆေးရုံကြီးကို လာတဲ့ NLD ပရိသတ်များဟာလည်း တော်တော် စိတ်အနှောင့်အယှက် ဖြစ်သွားမိကြပါတယ်။ အဲဒါနဲ့ တာဝန်ရှိတဲ့ လူတွေ ရေဝေး ရောက်တဲ့အခါမှာ ဦးတင်ရွှေအလောင်းထားတဲ့နေရာမှာ ထောက်လှမ်းရေး အစောင့်တွေနဲ့ပါ။ ဆေးရုံကြီးကနေ ရေဝေးကို ရုတ်တရက် ပြောင်းလိုက်တယ် ဆိုတော့ လူ မစုံတော့ပါ။ ရှိတဲ့လူနဲ့ပဲ သဂြိုဟ် လိုက်ရပါတယ်လို့ သိရပါတယ်။

လုပ်ရက်ပါပေ့ကွယ်လို့ တောက်ခေါက်ပြီး ညည်းမယ်ဆိုလည်း ညည်းစရာပါ၊ သူတို့ ဦးတင်ရွှေရဲ့ အသုဘ ကိစ္စကို လုပ်တဲ့ဖြစ်ရပ်ဟာ လူမှုရေး အမြင်နဲ့ပဲ ကြည့်ကြည့်၊ နိုင်ငံရေး အမြင်နဲ့ပဲ ကြည့်ကြည့်၊ ဘာသာရေး အမြင်နဲ့ပဲ ကြည့်ကြည့်၊ အင်မတန် နိမ့်ကျတဲ့ လုပ်ရပ်တွေပါ။ ဒါပေမဲ့ အဲဒီကိစ္စမှာ ပါဝင် ခြယ်လှယ်

ခဲ့တဲ့သူ အားလုံးလိုလို ဘဝ ဝဋ်ကြွေး တစ်ဖန် ပြန်လည် ဆပ်ကြပြီးပြီဆိုတာ သိရတော့ သံဝေဂ တရားပဲ ပွားများရတော့မှာပေါ့။ ကျွန်တော် ကြားဖူးသလို ပြောရရင် "ဗမာပြည်မှာ မဟုတ်တာ မလုပ်နဲ့၊ ဗမာ ဘုရား တန်ခိုးကြီးတယ်၊ နောက်ဘဝ မစောင့်ဘူး" ပေါ့။

♥ ♥ ♥ ♥ ♥

# အခန်း (၉)
# အလှုပ်အခတ်များ

## ဘာ့ကြောင့်များပါလိမ့်

၁၉၉၇ ခုနှစ်၊ ဧပြီလ ၁ ရက်မှာ ကျွန်တော် ထောင်ပြောင်းပါသွားပါတယ်။ ကျွန်တော်ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အနီးကပ် လုပ်ကိုင်ပေးတဲ့သူမို့ အရင်တစ်ခေါက်တုန်းကတော့ အထူးတိုက်မှာ တိုက်ပိတ်ထားခဲ့တယ်။ အခုကျတော့ ဒေါ်အောင်ဆန်းစုကြည်ကို အနီးကပ် လုပ်ကိုင်ပေးပြန်လို့ ထောင်ချရုံတင်မကဘူး အပြင်တိုက်ကနေ အထူးတိုက်က ပြစ်ဒဏ်တိုက်ကို အပို့ခံရတယ်။ ဘာ့ကြောင့်ပါလိမ့်လို့ သုံးသပ်တဲ့အခါ ထောင်ဝင်စာမှာ ကျွန်တော့်မိန်းမက ဒေါ်အောင်ဆန်းစုကြည်နဲ့ သူနဲ့ ရိုက်ထားတဲ့ ဓာတ်ပုံ ပြတဲ့အတွက်မို့ ဒါကို ပြစ်ဒဏ်လို့ ကောက်ချက်ချပြီး အထူးတိုက်က ပြစ်ဒဏ်တိုက်ကို ပို့လိုက်တာ ဖြစ်ပါတယ်။ ဒါက နောက်မှ စဉ်းစားမိတာပါ။

ပြစ်ဒဏ်တိုက် ရောက်တော့ မကြာပါဘူး၊ ကျွန်တော့်ဆီကို မင်းကိုနိုင်ဆီက စာတစ်စောင် ရောက်လာပါတယ်။ သူနဲ့ ကျွန်တော်နဲ့ အရင် အခန်းနီးနေတုန်းက ဝန်ထမ်းနဲ့ အိမ်ကို စာပို့ဖူးပါတယ်။ အကြိမ်ကြိမ်ပါ။ ဒီလို စာပို့တိုင်းလည်း ထောက်လှမ်းရေးက ဖတ်ပြီးမှ ရောက်တယ် ဆိုတာလည်း ကျွန်တော် မှန်းဆပြီးသားပါ။ စာတစ်စောင် ပို့တိုင်း ဝန်ထမ်းကို တစ်ခေါက် တစ်ထောင် ပေးရစမြဲပါ။ မင်းကိုနိုင်က ကျွန်တော် လွတ်သွားပြီးကတည်းက သူ့အိမ်ကို စာပို့လို့ မရတော့ကြောင်း၊ ကျွန်တော် ရောက်လာတော့မှ စစ်တပ်က ရောက်လာတဲ့ ဝန်ထမ်းနဲ့ အပြင်စာပို့ဖို့ လမ်းပွင့်သွားပြီ ဖြစ်ကြောင်း ပြောလာပါတယ်။

ကျွန်တော် အပြင်ကို စာပို့ချင်ရင် အခု စာလာပေးတဲ့ ဝန်ထမ်းနဲ့ ပေးလို့ရကြောင်းကိုလည်း တိုက်တွန်းထားပါတယ်။ ကျွန်တော်က ထောင်ဝင်စာလည်း တွေ့နေရ အပြင်ရောက်လာတာလည်း မကြာသေးတော့ အပြင်နဲ့ ဆက်သွယ်ဖို့ အလောတကြီး မလိုသေးပါဘူး။ သူကတော့ ထောင်ထဲရောက်တာ ခြောက်နှစ် ကျော်ပြီဆိုတော့ အိမ်နဲ့တော့ ဆက်ချင်ရှာမှာပဲလို့ ကိုယ်ချင်းစာစိတ်နဲ့ တွေးမိပါတယ်။ အိမ်ကို စာမရေးဖြစ်ပေမဲ့ သူနဲ့တော့ သုံးကြိမ်လောက် ထင်ပါရဲ့ စာအပြန်အလှန် ရေးမိပါ တယ်။ ဒီစာတွေကလည်း ထောက်လှမ်းရေးက ဖတ်ပြီးမှ (သို့မဟုတ်) ကူးပြီးမှ ကျွန်တော့်ဆီ ရောက်လာတယ် ဆိုတာလည်း တစ်ထစ်ချ တွက်ပြီးသားပါ။

## ဆင်တဲ့ အကွက်ထဲကို ဝင်မိလျက်သား

ဒါဟာ ကျွန်တော့်ကို ထောင်ပြောင်းထည့်ဖို့ ထောက်လှမ်းရေးက ဆင်တဲ့အကွက်ထဲကို သိသိကြီးနဲ့ ကျွန်တော် ဝင်ခဲ့တယ်လို့ ပြောရမှာပါ။ အဲဒီလို သိလာတာတွေဟာ ကြိုသိတာ မဟုတ်ပါဘူး။ ကိုယ်က ရိုးရိုးသားသား

စဉ်းစား တွေးခေါ် တတ်တော့ သူများလို ကလိမ်ကကျစ် အတွေးနဲ့ ကြိုတင် ကာကွယ်တာမျိုး မလုပ်ခဲ့မိပါဘူး။ ကိုယ် ခံလိုက်ရပြီ ဆိုတော့မှ ဘာ့ကြောင့်များပါလိမ့်လို့ တစိမ့်စိမ့်တွေးရင်း သဘောပေါက်လာတာပါ။ နိုင်ငံရေး အကျဉ်းသားတွေကို ကိုင်တာက ဗိုလ်မှူး သန်းထွန်းပါ။ ကျွန်တော်တို့ အားလုံးရဲ့ ကံကြမ္မာဟာ သူ့လက်ထဲမှာပဲ ရှိပါတယ်။ အခုတော့ သူ့ကို စိတ်နာစရာ မလိုတော့လောက်အောင် သူဟာ လောကဓံတရားရဲ့ ပယ်ပယ် နယ်နယ် ရိုက်ချက်ကို ခံခဲ့ပြီးပါပြီ။ "ပြုသူအသစ်၊ ဖြစ်သူအဟောင်း" မဖြစ်တော့ဘူးပေါ့။

အထူးထောင်က ထောင်ပြောင်းတာ ကျွန်တော် တစ်ယောက်တည်းပါ။ အများစုကတော့ တိုက်တွေက လာတာပါ။ အားလုံးကို စုပြီးတော့ ထောင်ဘူးဝမှာ သံခြေချင်းတွေ ခတ်ပါတယ်။ ကျွန်တော့်ဘဝမှာ ပထမ ဦးဆုံး သံခြေချင်း ခတ်ခံရခြင်းပါ။ ကျွန်တော့်လိုပဲ တခြားလူတွေ (ပေါင်း ၆၀ လောက် ရှိပါတယ်) လည်း စိတ်ထဲမှာ ဘယ်လိုများ ခံစားနေကြမလဲ ဆိုတာ တွက်သာကြည့်ကြပါတော့။ ဘယ်ကိုပို့မယ် ဆိုတာလဲ မသိ။ မိသားစု လိုက်လာရင်လည်း ဒုက္ခရောက်တော့မယ်။ အဲဒီအချိန်မှာ ဖြစ်နေတဲ့ ကျွန်တော်တို့ရဲ့ဝေဒနာတွေဟာ အတိုင်းအဆ မရှိလို့တောင် ပြောလို့ရပါတယ်။ ကျွန်တော်တို့နဲ့အတူ ပြောင်းတဲ့အထဲမှာ ပါလာတဲ့သူတွေက ဒေါက်တာ ဇော်မြင့်မောင်၊ နွေစပါးမှုနဲ့ ပါခဲ့တဲ့လူ အားလုံး။ အီတားကတော့ သာယာဝတီထောင် ပါသွားတယ် ဆိုတာ နောက်မှ သိပါတယ်။

ကျွန်တော်တို့ကို ရန်ကုန်ဘူတာကြီးကို ခေါ် သွားပါတယ်။ ရန်ကုန်ဘူတာကြီး ရောက်တော့ မနက် ရှစ် နာရီလောက်ပါ။ အင်မတန် လူတွေစည်တဲ့ အချိန်ပါ။ ဒေါက်တာ လှိုင်မြင့်လည်း ပါလာပါတယ်။ ကျွန်တော်တို့ကို အစောင့်လိုက်ပါလာတဲ့ ရဲအရာရှိ တစ်ဦးက ဒေါက်တာ လှိုင်မြင့်ရဲ့ အသိပါ။ သူက အဲဒီအရာရှိကို ဖုန်းနံပါတ် တွေပေးပြီး သူ့အိမ်ကိုဖုန်းဆက်ဖို့မှာနေတာတွေကြားရတော့ ကျွန်တော်ကလည်း သူ့ကိုအကူအညီတောင်းပြီး အိမ်ကိုဖုန်းဆက်ဖို့ မေတ္တာရပ်ခံပါတယ်။ (အဲဒီ ရဲအရာရှိက အိမ်ကို တယ်လီဖုန်းဆက် အကြောင်းကြားပါတယ်။ အိမ်က မယုံလို့ ထောင်ကို သွားစုံစမ်းတဲ့အခါ ထောင်က ရေရေရာရာ ပြန်မဖြေပါဘူး။ ထောင်ဝင်စာ ပို့ခွင့်ကျတဲ့ နေ့ ရောက်မှသာ မြင်းခြံထောင် ပြောင်းသွားပြီလို့ သိရတာပါ။)

ကျွန်တော်တို့ အဖွဲ့ထဲမှာ ဘိုဘိုဦး (စမ်းချောင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်) လည်း ပါပါတယ်။ ဘိုဘိုဦးနဲ့ ကျွန်တော်က အရင်တစ်ခါ ထောင်ကျစဉ်ကတည်းက တွေ့ဖူးခဲ့ပါတယ်။ အပြင် ရောက်တော့လည်း သူ့ရဲ့ မိသားစုက ဒေါ်စုနဲ့ တွေ့ချင်တယ်ဆိုလို့ တွေ့ပေးဖူးပါတယ်။ သူတို့ဟာ ဒေါ်စုကို ကိုးကွယ်တဲ့လူတွေ လို့တောင် ပြောလို့ရပါတယ်။ မိသားစု နာမည်နဲ့ အင်ယာမြိုင်လမ်းထဲမှာ ဟိုတယ် သေးသေးလေး တစ်လုံး ဖွင့်ထားပါတယ်။ သူ့အဖေ နာမည်က ဦးရန်အောင်ပါ။ ထူးခြားချက်က သူ့မိဘနှစ်ပါးစလုံးက ရုပ်ရည် ချောမော ကြပါတယ်။ သူ ထောင်က မလွတ်ခင် ဖခင် ဦးရန်အောင် ဆုံးပါးသွားပါတယ်။

## ၃၀၈၄ ဘိုဘိုဦး

ဘိုဘိုဦးက အိမ်ထောင်ရှင်ပါ။ သူက ကိုးနှစ် တစ်ခါ၊ ၁၀ နှစ် တစ်ခါ၊ ပေါင်း ၁၉ နှစ် ထောင်ကျခဲ့တာပါ။ ထောင်ကျလို့ တစ်နှစ်လောက် အကြာမှာ သူ့ဇနီးက ကွာရှင်းခွင့် လက်မှတ် ထိုးခိုင်းတာကို ကြည်ကြည်ဖြူဖြူ လက်မှတ်ထိုးပေးခဲ့တာပါ။ သူ့ဇနီးသည်ရဲ့ အဖေက အဲဒီအချိန်တုန်းက လေတပ်မှာ ဗိုလ်မှူးချုပ် ဖြစ်နေပါပြီ။ အဲဒီလို နိုင်ငံရေး အကျဉ်းသားကို ကွာရှင်းခွင့်ရခဲ့တဲ့ ကိစ္စ အထက်ကို သတင်းပို့ဟန်တူပါတယ်။ အဲဒီ မိန်းကလေးရဲ့ အဖေဟာ များမကြာမီ လေတပ် ဦးစီးချုပ် ဖြစ်သွားခဲ့ပါတယ်။

ဘိုဘိုဦးမှာ ရင်ကြပ်ရောဂါ ရှိပါတယ်။ ဒါ့ကြောင့် သူ့မှာ အင်အားပြင်းတဲ့ Inhaler တစ်ခု ဆောင်ထားရ

ပါတယ်။ သူ ရင်ကြပ်ရင် သူ့ရဲ့ ရင်ဘတ်တစ်ခုလုံးဟာ ပန်းပဲဖိုက လေမှုတ်တဲ့ လေအိုးကြီးလို ဖောင်းလိုက်၊ ပိန်လိုက်ပါ။ မြင်ရတဲ့သူတောင် တော်တော် စိတ်မချမ်းသာရပါဘူး။ အဲဒီအခါမှာ အဲဒီ Inhaler ရှူမှ သက်သာပါတယ်။ အဲဒီဘူးမှာ သတိပေး စာတမ်းတစ်ခု မင်အနီရောင်နဲ့ ရေးထားပါတယ်။ အဓိပ္ပာယ်က "ဤဘူးပေါ် သို့ မနင်းပါနဲ့၊ မာတဲ့အရာတွေကိုလည်း မပစ်ပါနဲ့" ပါတဲ့။

တစ်နေ့မှာ ထောင်အပြင် ထွက်ခွင့်ရလို့ အားလုံး စကားစမြည် ပြောရင်း အပြင်မှာ ထိုင်ကြတဲ့အခါ ဝန်ထမ်းတစ်ဦး ရောက်လာပါတယ်။ အဲဒီဝန်ထမ်း အနားမှာရှိတုန်း ဘိုဘိုဦးက သူ့ရှူဆေးဘူး အကြောင်း ပြောတဲ့အခါ ဝန်ထမ်းက မယုံပါဘူး။ ဘူးက တစ်ထွာလောက်ပဲ ရှိတော့ ဘိုဘိုဦးက ဝန်ထမ်းကို "ဘူးကို ပစ်ကြည့်မယ်လေ ရမလား" လို့ မေးတော့ ဝန်ထမ်းက ခေါင်းညိတ်ပြပါတယ်။ ဘိုဘိုဦးက အဲဒီဘူးကို ထောင်နံရံကို လွှဲပစ်လိုက်ပါတယ်။ ဒိုင်းခနဲ မြည်သွားပါတယ်။ ခြောက်လုံးပြူး အသံလောက် ကျယ်ပါတယ်။ အဲဒီ အသံကြောင့် ဘူးဝ မိန်းဂျေးက ဝန်ထမ်းတချို့ အပြေးအလွှား ရောက်လာပြီး စုံစမ်းပါသေးတယ်။

ကျွန်တော် မြင်းခြံထောင်ကနေ မန္တလေးထောင်ကို ပြောင်းရတော့ သူတို့နဲ့ အဆက်ပြတ်သွားပါတယ်။ ဒါပေမဲ့ မြင်းခြံထောင်က သတင်းတွေကိုတော့ မပြတ် မပြတ် ကြားသိနေရပါတယ်။ ကျွန်တော် မရှိတုန်းမှာ မြင်းခြံထောင်ကို နိုင်ငံရေး အကျဉ်းသမားတွေ ရောက်လာတာတွေ၊ တချို့လည်း လွတ်သွားတာတွေ ကြားနေရပါတယ်။ ကိုဘိုဘိုဦးလည်း နှစ်ကာလ ကြာရှည် ထောင်ထဲမှာ နေရပြီး လွတ်ချိန်တန်တော့ လွတ်သွားပါတယ်။ တိုက်ဆိုင်မှု တစ်ခုက သူ ထောင်က လွတ်တဲ့နေ့မှာ အမျိုးသမီးဆောင်ကလည်း နိုင်ငံရေး အကျဉ်းသူ တစ်ဦး လွတ်ခဲ့ပါတယ်။ သူ့နာမည်က မခင်မိုးအေး ဖြစ်ပါတယ်။ တစ်ရက်တည်း တစ်ပြိုင်တည်း လွတ်တဲ့ တိုက်ဆိုင်မှုက တွန်းအားပေးတယ်နဲ့တူပါ တယ်။ သူတို့နှစ်ဦး ဖူးစာ ဆုံဖြစ်သွားကြပါတယ်။

## စုံထောက်..... စောက်ထုံ

ကျွန်တော် ထောင်က လွတ်လို့ အိမ်ပြန်ရောက်တဲ့နေ့က စပြီး ကျွန်တော့် အိမ်ရှေ့မှာ ထောက်လှမ်းရေးက မော်တော်ဆိုင်ကယ်နဲ့ လာစောင့်နေပြန်ပါပြီ။ ဘယ်မှ မသွားရင် တစ်နေ့လုံး စောင့်တယ်။ အပြင်သွားရင် သွားတဲ့ နေရာတိုင်းကို လိုက်ပါတယ်။ ဒီတော့ မိတ်ဆွေ အပေါင်းအသင်းတွေထံကို သွားလာ လည်ပတ်တဲ့အခါ သတိထားပါတယ်။ ကျွန်တော် သူတို့ဆီ လာတာ တချို့က ကြိုက်ချင်မှ ကြိုက်ကြမှာလေ။ အဲဒီအချိန်မှာ ကိုဘိုဘိုဦးကလည်း အပြင်ရောက်ပြီး စီးပွားရေး လုပ်ငန်း လုပ်နေပါတယ်။ သူ့စီးပွားရေးက ကိုယ်ပိုင် ပန်းချီ ပြခန်း ဖွင့်တာပါ။ သူ့ပြခန်းက ပုလဲ ကွန်ဒိုမှာပါ။

ကျွန်တော် ထောင်က လွတ်တော့ ကျွန်တော့်မှာ နာရီ မရှိပါ။ ဩစီရောက်နေတဲ့ သမီးကြီးကလည်း နေ့စဉ်လိုလို ဖုန်းဆက် အားပေးပါတယ်။ ပိုက်ဆံလည်း ပုံမှန် ပို့ပေးပါတယ်။ တစ်ခါမှာတော့ သမီးက မေးပါ တယ်၊ ဖေကြီးမှာ နာရီ ရှိသလား။ ကျွန်တော်က နာရီတော့ မရှိဘူး၊ မလိုပါဘူး သမီးရယ်လို့ ပြောတဲ့အခါ သူက ရပါတယ်၊ ဘာနာရီ လိုချင်သလဲလို့ မေးတဲ့အခါ ကျွန်တော်က ပေးချင်ရင် လက်ပတ်နာရီတော့ မပေးနဲ့ ခါးပိုက်ဆောင် နာရီ Pocket Watch ပို့လိုက်ပါဆိုတော့ နောက်တစ်ပတ်မှာ လူကြုံနဲ့ ရောက်လာပါတယ်။

အပေါ်ကအကြောင်းကို ပြန်ကောက်ရရင် ကျွန်တော် ကိုဘိုဘိုဦးရဲ့ ပန်းချီပြခန်း သွားတဲ့ အခါ အဲဒီ ထောက်လှမ်းရေးကလည်း လိုက်လာပါတယ်။ ကျွန်တော် ကိုဘိုဘိုဦးရဲ့ ပန်းချီပြခန်းက ပန်းချီတွေကို ကြည့်နေတဲ့ အခါမှာလည်း အနားမှာ ကပ်နေပါတယ်။ ကိုဘိုဘိုဦးနဲ့ ကျွန်တော်နဲ့ ပြောတဲ့ စကားတွေ မှတ်ဖို့ပါ။ တစ်နာရီလောက် ပန်းချီကားတွေ ကြည့်ပြီးတဲ့နောက် ခဏ နားပါတယ်။

ကိုဘိုဘိုဦးက ကျွန်တော့်ကို မုန့်လက်ဆောင်းနဲ့ ဧည့်ခံပါတယ်။ တော်တော်ကောင်းတဲ့ မုန့်လက်ဆောင်းပါ။ ကိုဘိုဘိုဦးက ထောက်လှမ်းရေးက ပုဂ္ဂိုလ်ကိုလည်း ဧည့်ခံပါတယ်။ ခဏနေတော့ ကျွန်တော်က ကိုဘိုဘိုဦးကို ဘယ်နနာရီလောက် ရှိပြီလဲလို့ မေးပါတယ်။ သူကလည်း လက်ပတ်နာရီ ပတ်မထားပါ။ အဲဒီအခါ ထောက်လှမ်းရေးက ပုဂ္ဂိုလ်က "အန်ကယ့် သမီး ပို့ထားတဲ့ နာရီရော မပါဘူးလား" လို့ မေးတဲ့အခါ သူ ရှက်သွားမှာစိုးလို့ ကျွန်တော်က စိတ်ထဲမှာပဲ ရယ်ဖြစ်လိုက်ပါတယ်။

"တော်တော် တော်တဲ့ ထောက်လှမ်းရေးပဲ၊ ဘယ်လိုများ သင်တန်း ပေးထားကြပါလိမ့်" လို့ တအံ့တဩ တွေးမိပါတယ်။ သူက ကျွန်တော်နဲ့ သမီးဖွန် ပြောတဲ့ တယ်လီဖုန်းကို သူတို့က ကြားဖြတ် နားထောင်ထားလို့ သိနေတယ်လို့ ကြေညာသလိုပါပဲ။

မြင်းခြံထောင် ရောက်တော့ ပထမပိုင်းတော့ ကြပ်ပါတယ်။ ကြပ်တယ်ဆိုတာ သာမန် မဟုတ်ပါဘူး။ တစ်ရက် နှစ်ရက်လည်း မဟုတ်ပါဘူး၊ ကျွန်တော်တို့ ရောက်တဲ့ ၁၉၉၇ ခုနှစ်ကနေ ၁၉၉၈/၉၉ ခုနှစ်တွေထိ ဆိုတော့ သုံးနှစ်ကျော်ကျော်ပေါ့။ ၂၀၀၀ ခုနှစ် ICRC ကို ထောင်တွေကို ကြည့်ရှုခွင့် ရတဲ့ နောက်ပိုင်း လွတ်လပ်လာတဲ့ အခါ တစ်ယောက်နဲ့ တစ်ယောက် စကားပြောခွင့် ရပါတယ်။ အဲဒီအခါမှာ အကျဉ်းသား တစ်ချို့က ဘိုဘိုဦးကို "ဥက္ကဋ္ဌ" လို့ ခေါ်ပါတယ်။

အဲဒီလို ခဏ ခဏ ခေါ်တာ ကြားရတော့ ကျွန်တော် စိတ်ဝင်စားသွားပြီး ဘိုဘိုဦး ဘယ်အဖွဲ့မှာများ ဥက္ကဋ္ဌ ဖြစ်နေသလဲပေါ့။ ကျွန်တော်က ဘိုဘိုဦးကို ဥက္ကဋ္ဌလို့ ခေါ်တဲ့လူကို မေးကြည့်ပါတယ်။ "ဟေ့ ကိုယ့်လူ၊ ဘိုဘိုဦးက ဘယ်အဖွဲ့မှာ ဥက္ကဋ္ဌ ဖြစ်နေတာလဲ" လို့ မေးတဲ့အခါ သူက ရယ်ကျဲကျဲနဲ့ "ထောင်ကျတဲ့အထဲက ပထမဦးဆုံး မိန်းမက ကွာခွင့်တောင်းလို့ ပေးလိုက်တဲ့ အထဲမှာ ဘိုဘိုဦးက ဖွဲ့ဆော်ဦးမို့ သူ့ကို ဥက္ကဋ္ဌ ပေးလိုက်တာ၊ ကျွန်တော်က အတွင်းရေးမှူး" လို့ ဖြေပါတယ်။ "အော်၊ ဝဋ်နယ် ဖြစ်ရလေ၊ ဒီကလေးတွေက ရင်နင့်စရာ ဖြစ်ရပ်တွေကို ရယ်စရာ ဟာသ အဖြစ် လုပ်ပြီး လောကဓံကို အံတုနေကြတဲ့ သူတွေပါလား" လို့ အတွေးရောက်မိပါတယ်။

ကျွန်တော့် အမှုတွဲ ကိုဖိုးအေးကတော့ ရထားထဲမှာ ပါလာတဲ့လူတွေနဲ့ နိုင်ငံရေး ဆွေးနွေးတာ တစ်နေ့လုံး၊ တစ်ညလုံးပါပဲ။ မအိပ်မနေ စကားပြောနိုင်လွန်းတဲ့သူပါ။ တစ်ဆက်တည်း သူ့ဇာတ်ကြောင်း ပြောလိုက်ပါရစေ။ ကိုဖိုးအေးတို့ သားအဖနှစ်ယောက်စလုံး မြစ်ကြီးနားထောင် ပါသွားပါတယ်။

## ကျေးဇူးကြီးလှပါပေ့ ကိုဖိုးအေး

ကိုဖိုးအေးတို့ သားအဖဟာ ခုနစ်နှစ်ပြည့်တော့ လွတ်သွားကြပါတယ်။ ကိုဖိုးအေးက တရုတ် လူမျိုးလည်း ဖြစ်သလို၊ တရုတ် ဘာသာလည်း ကောင်းကောင်း တတ်ပါတယ်။ ထောင်က လွတ်တဲ့အခါ တရုတ် ကုမ္ပဏီ တစ်ခုမှာ အလုပ် လုပ်တဲ့အတွက် လစာ ကောင်းကောင်း ရတယ်လို့ သိရပါတယ်။ ကိုဖိုးအေး ဟန်ကျနေပြီပေါ့ လို့ ကျွန်တော့် စိတ်ထဲ တွေးမိပါတယ်။ သူ့သမီးတွေကလည်း တရုတ်လို တတ်တော့ အလုပ်တွေ ရကြပါတယ်။ သူတို့ မိသားစုတွေ အဆင်ပြေပါတယ်။ ကျွန်တော် ထောင်က လွတ်တော့ သူနဲ့ မတွေ့ဖြစ်ပါ။

ဒါပေမဲ့ လူမှုရေး ကိစ္စတစ်ခုမှာ သူနဲ့ကြုံတော့ အမယ် ကိုယ်တော်ချောက သားနားလို့၊ ဂျင်းဘောင်းဘီနဲ့ စပို့ရှပ်နဲ့၊ တသွေးတမွေး ဖြစ်လို့၊ သူက ကျွန်တော့်ကို တွေ့တော့ ပြာပြာသလဲနဲ့ "သူ့ အခု ကုမ္ပဏီ တစ်ခုမှာ လုပ်နေတာ၊ နိုင်ငံရေး ပါတီတွေနဲ့ ကင်းကင်းရှင်းရှင်း နေရမယ် ဆိုလို့ လာ မတွေ့ဖြစ်တာပါ" ဆိုပြီး တောင်းပန်ပါတယ်။ မောင်မင်းကြီးသား ကျေးဇူးကြီးလှပါပေရဲ့။

## ဝန်ထမ်းတွေထံက သိရတဲ့ ထောင်ရထား တစ်စီးရဲ့ အကြောင်း

ကျွန်တော်တို့ ရန်ကုန်က မန္တလေးကို သွားကြရာမှာ ၂၄ နာရီလောက် ကြာပါတယ်။ လိုက်ပို့တဲ့ လုံခြုံရေး အဖွဲ့မှာ ရဲတပ်ဖွဲ့ ပါသလို ထောင်ဝန်ထမ်းတွေလည်း ပါပါတယ်။ တော်တော်များများက နိုင်ငံရေး အကျဉ်းသမားတွေနဲ့ ခင်မင်နေပါပြီ။ ဝန်ထမ်းတွေ ထောင်ထဲမှာ တာဝန်ကျခိုက်မှာ တချို့က နေ့စဉ် ဝမ်းရေးကို အကျဉ်းသားတွေကို မှီခိုကြပါတယ်။ အကျဉ်းသားတွေကလည်း အပြင်က သတင်းတို့၊ သတင်းစတွေ ရဖို့ အရေး ဝန်ထမ်းတွေကို တည့်အောင် ပေါင်းကြရပါတယ်။ ရထား စီးရတာ အချိန် ကြာလာတော့ ဝန်ထမ်းတွေနဲ့ စကားပြောရင်း ထောင်ရထား တစ်စီးရဲ့ ဖြစ်ပုံတွေကို သူတို့ ပြောပြလို့ သိရပါတယ်။ မှတ်သားစရာလည်း ကောင်းပါတယ်။

အဲဒီရထားက မွန်ပြည်နယ်ဘက်မှာ ရှိတဲ့ ကျောက်စခန်းတွေ အတွက် လိုအပ်တဲ့ ရဲဘော်တွေ သွားပို့တဲ့ ရထားပါ။ အဲဒီရထားက မြို့ရွာတွေနဲ့ မနီးတဲ့ နေရာတစ်ခုမှာ စက်ပျက်လို့ ရပ်နေခိုက်မှာ ဖြစ်တာပါတဲ့။ ည အချိန်မှာပါ။ အဲဒီလို ရပ်နေတုန်းမှာ အကျဉ်းသားတွေထဲက တစ်ချို့က ရထားတွဲရဲ့ ကြမ်းပြင်က ပျဉ်တွေကို ခွာကြပါသတဲ့။ ခွာလို့ရတဲ့အခါ အကျဉ်းသား တချို့က အသံမထွက်အောင် ရထားအောက်ထဲကို ခိုးဆင်းပြီး အပြင်ရောက်တဲ့အခါ ရထားပေါ်က လုံခြုံရေးလိုက်တဲ့ ရဲတွေရဲ့ သေနတ်တွေကို သိမ်းပါသတဲ့။ တချို့ကလည်း အိပ်ပျော်နေကြတာကိုး။

အဲဒီအခါ အကျဉ်းသားတွေရဲ့ အချုပ်ခန်းကို ဖွင့်ခိုင်းပြီး အားလုံး လွတ်ကုန်ကြတဲ့ သဘောပေါ့။ အများစုကတော့ ထွက်ပြေးကြပါတယ်။ တချို့ကတော့ ကျန်ရစ်ခဲ့ပါတယ်။ ကျန်ခဲ့တဲ့သူတွေက ထောင်စကားအရ "လွတ်နီး" လို့ ခေါ်တဲ့ နောက် ခြောက်လ/တစ်နှစ် နေရင် လွတ်မယ့်သူတွေပါ။ ရထားက ဆိုက်ရမယ့်အချိန် ဆိုက်မလာတော့ လုံခြုံရေးအဖွဲ့တွေ နောက်ရထား တစ်စီးနဲ့ ရောက်လာကြပါတယ်။ သူတို့က စစ်ကူခေါ်ပြီး လွတ်ပြေးတဲ့ လူတွေကို လိုက်ဖမ်းတဲ့အခါ အများစုကတော့ ပြန်မိကြပါသတဲ့။ သုံး-လေးယောက်လောက်ပဲ လွတ်သွားကြတယ်လို့ သိရပါတယ်။

## တောင်ငူမှာ တစ်သုတ်

ကျွန်တော်တို့ ရထား တောင်ငူရောက်တော့ ညသန်းခေါင် ကျော်ပါပြီ။ တောင်ငူ တစ်ခုလုံးကတော့ မီးတွေ ထိန်ထိန်လင်းလို့ပါ။ စားသောက်ဆိုင်တွေလည်း ဖွင့်ထားပြီး သီချင်းသံတွေလည်း ဆူညံနေအောင် ဖွင့်ထားပါ တယ်။ ဘဝတူ တစ်ယောက်က သီချင်းသံ နားထောင်ရင်း "ဟာ တိုးကြီးကွာ" လို့ နှမြောသံ၊ တသသံနဲ့ ပြော လိုက်ပါတယ်။ သူ ဆိုလိုတာက ခင်မောင်တိုးကို ဆိုလိုတာပါ။ ဟုတ်ပါတယ် ခင်မောင်တိုး အခွေကို စား သောက်ဆိုင်က ဖွင့်ထားတာပါ။ သီချင်းသံတွေနဲ့ ပြတ်နေတာ ကြာလို့ထင်ပါရဲ့၊ ကြားရတာသာယာလိုက်တာ။

အဲဒီမှာ တောင်ငူထောင်မှာ နေရမယ့် အကျဉ်းသား ၁၀ ယောက်လောက် ထင်ပါတယ်။ ဆင်းသွားပါ တယ်။ အဲဒီထဲက မှတ်မိတာကတော့ သားကြီး ဖြစ်ပါတယ်။ သူကလည်း ဒုတိယအကြိမ် ထောင်ကျခြင်းပါ။ သားကြီးက ဦးနုခေတ်က တက္ကသိုလ် တပ်ဦး ခေါင်းဆောင် ဗဆွေလေးရဲ့ သားလို့ သိရပါတယ်။ ဗဆွေလေး ကတော့ ၁၉၆၇ ခုနှစ်၊ ဇူလိုင် အရေးအခင်း အပြီးမှာ တောခိုသွားပြီး တောထဲမှာ ကျဆုံးသွားခဲ့ပါတယ်။

## သူတို့ နှစ်ယောက်

အဖမ်းခံရတော့လည်း သူတို့ နှစ်ယောက် အတူတူပါ။ သူတို့ နှစ်ယောက်ကို တွဲပြီး ရုံးတင်တော့ သူတို့ နှစ်ယောက်က ထပြီး တရားသူကြီးကို တောင်းဆိုပါတယ်။ ဘာတောင်းဆိုသလဲ ဆိုတော့ သူတို့ကို ထောင်မချ ခင် တရားသူကြီးက လက်ထပ်ပေးစေချင်ပါတယ် ဆိုပြီး ပြောလိုက်တာပါ။ အဲဒီ သတင်းဟာ ထောင်အတွင်း နိုင်ငံရေး အကျဉ်းသားများအတွင်းမှာ ပျံ့နှံ့ပြီးတော့ အင်မတန် လူပြောများတဲ့ သတင်းတစ်ပုဒ်ပါ။ ဒါပေမဲ့ ဖြစ်ချင်တော့ သူတို့ နှစ်ယောက်စလုံး ထောင်က လွတ်တဲ့အခါမှာ မိန်းကလေးကလည်း အခြား နိုင်ငံရေး အကျဉ်းသား တစ်ဦးနဲ့ အိမ်ထောင်ကျပြီး၊ သားကြီးကလည်း အခြား မိန်းကလေး တစ်ယောက်နဲ့ အိမ်ထောင်ပြု သွားပါတယ်တဲ့။

## မန္တလေးထောင်မှာ ငါးညကြာ

ကျွန်တော်တို့ မန္တလေးရောက်တော့ ထောင်က လာကြိုတဲ့ကားနဲ့ အိုးဘိုထောင်ကို သွားရပါတယ်။ ထောင်က ၁၉၉၇ ခုနှစ်မှာ အသစ်နီးပါးပါ။ ကျွန်တော်တို့ကို နေရာချထားတဲ့ တိုက်ဆိုရင် သုတ်တဲ့ ဆေးနံ့တောင် မပျောက်သေးပါ။ အိုးဘိုထောင် ရောက်မှ တချို့ကို မန္တလေးထောင်မှာ ထားမယ်၊ တချို့က မြစ်ကြီးနား ပါ သွားမယ်၊ ကျွန်တော်တို့ ခြောက်ယောက်က မြင်းခြံထောင် သွားရမယ် ဆိုတာ သိရပါတယ်။ မြင်းခြံ သွားရမယ့် လူတွေက ကျွန်တော်ရယ်၊ ဘိုဘိုဦးရယ်၊ ကိုမြတ်ထွန်း (ခ) ဘကြီး (ယခု DVB သတင်းဌာန)၊ ရဲလ် (ခ) အောင်အောင်၊ ခင်မောင်စိုးနဲ့ ကျော်ဆန်းတို့ပါ။

ကျွန်တော်တို့ အိုးဘိုထောင်မှာ ခဏ နေရစဉ်က ဘိုဘိုဦးနဲ့ ကျွန်တော်နဲ့ တစ်ခန်းတည်းပါ။ အရင် နှစ်ရက်က ခရီးပန်းလို့ ထင်ပါရဲ့ ညအချိန်မှာ ထပြီး သူ့ရဲ့ ပန်းနာရောဂါ ထလာပါတယ်။ သူ အသက်ရှူပုံက ရှူးရှဲ ရှူးရှဲနဲ့ အသံကျယ်ပါတယ်။ ဒါ့အပြင် သူ့ရဲ့ ဝမ်းဗိုက်ကလည်း ဖောင်းလိုက် ပိန်လိုက်နဲ့ မြင်ရတာကိုက ကြောက်စရာပါ။ အိပ်မရလို့ ငုတ်တုတ် ထထိုင်နေရပါတယ်။ ညအိပ်ချိန်မှာ ဘိုဘိုဦးက ငုတ်တုတ်ထိုင်နေတော့ ကင်းလှည့်တဲ့ ဝန်ထမ်းရဲ့ အငေါက်ခံရပါတယ်။ သူက ရှင်းပြမှ အဲဒီပုဂ္ဂိုလ်က ထွက်သွားတာပါ။ အိုးဘိုထောင် မှာတော့ ဘာမှ ထွေထွေထူးထူး မဖြစ်ဘဲ အိမ်က ပါလာတဲ့ အစားအသောက်တွေကို မျှစားရင်းနဲ့ အချိန်ကုန်ခဲ့ တာပါ။

## မြဲထဲကို ရိုက်သွင်းပြီ

ဧပြီလ ၅ ရက်မှာတော့ ကျွန်တော်တို့ကို အချုပ်ကားနဲ့ မြင်းခြံထောင်ကို ခေါ်သွားပါတယ်။ မြင်းခြံ ရောက်တော့ မနက် ၁၀ နာရီခွဲလောက် ရှိပါပြီ။ ထောင်ဘူးဝ ရောက်တာနဲ့ အားလုံးကို ထုံးစံအတိုင်း လူ စစ်ပါတယ်။ ပြီးတာနဲ့ ပါလာတဲ့ ပစ္စည်းအားလုံးကို ယူခွင့်မပေးပါဘူး အကုန် ထားခဲ့ရပါတယ်။ ထောင်ဘူးဝက ထွက်တဲ့အခါ ဝန်ထမ်းတွေက ကျွန်တော်တို့ ခြောက်ယောက်လုံးကို ပုံစံ လုံချည်တွေနဲ့ အုပ်လိုက်ပါတယ်။

လုံချည်တွေနဲ့ ခေါင်းကို အုပ်လိုက်ပြီးတဲ့အချိန်မှာ တစ်ယောက်က ဘေးကတွဲပါတယ်။ နောက်တစ် ယောက်က အားလုံးကို တဘုန်းဘုန်းနဲ့ ရိုက်ပါလေရော။ ကျွန်တော်ကတော့ မမျှော်လင့်တဲ့ ကိစ္စဖြစ်လို့ Shock ဖြစ်သွားပေမဲ့ မအော်ပါဘူး။ ခင်မောင်စိုးတို့၊ ကျော်ဆန်းတို့ကတော့ အသက် ၂၀ ကျော် လူငယ်လေးတွေမို့ "အမလေးဗျ....အမလေးဗျ" လို့ အော်ကြတာပေါ့။ ထောင်ဘူးဝကနေ ကျွန်တော်တို့ နေရမယ့် တိုက်အထိ ကိုက် ၅၀ လောက် ဝေးပါတယ်။ တိုက်တံခါးကနေ နောက်ထပ် ကိုက် ၂၀ လောက် ထပ်လျှောက်ရပါသေးတယ်။

တိုက်ခန်းတွေကို တစ်ယောက် တစ်ခန်း ထားပြီး သော့ပိတ်တဲ့အထိ ရိုက်ခဲ့တာပါ။ တစ်ယောက်ကို အချက် သုံး-လေးဆယ်လောက်တော့ အရိုက်ခံရမှာပါ။ ကျွန်တော်တို့ ထင်တာက ဝန်ထမ်းတွေက ရိုက်တယ် ပေါ့။ တကယ်တော့ မဟုတ်ပါ။ အကျဉ်းသားတွေထဲက ခန့်ထားတဲ့ ထောင်က အခေါ် "အကျဉ်းသား အရာရှိ" ဆိုသူတွေက ရိုက်တာပါ။ နောက်ကြာတော့ အဲဒီ အကျဉ်းသား အရာရှိတွေ ဆိုတဲ့ သူတွေဟာ နှစ်ကြီးသမား တွေပြ၊ လူသတ်သမား၊ မုဒိမ်းမှုတွေနဲ့ ထောင်ကျနေတဲ့သူတွေလို့ သိရပါတယ်။

အခန်းထဲ ရောက်တာနဲ့ ပုံစံ ထိုင်ရပါတယ်။ လျှော့ရိလျှော့ရဲ ထိုင်ရင် အရိုက်ခံရပြန်ရော။ ပုံစံ ထိုင်ရင်းနဲ့ နာမည်၊ အသက်၊ ဘာညာ မေးပါတယ်။ ဖြေတာ အရှိုးမပြေရင်လည်း ရိုက်ပါတယ်။ ပြီးတော့ ထောင်ရဲ့ စည်းကမ်းတွေ ပြောပြပါတယ်။ မြင်းခြံထောင်ကို ပုံစံထောင်လို့ အာဏာပိုင်တွေက သတ်မှတ်လိုက်ပါသတဲ့။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ အားလုံး ပုံစံထောင် စည်းကမ်းနဲ့ နေရမှာ ဖြစ်ပါတယ်တဲ့။ တခြား စည်းကမ်းတွေ ကတော့... ...။

၁။ တစ်ခန်းနဲ့ တစ်ခန်း စကား လုံးဝ မပြောရ၊ သီချင်း မဆိုရ၊ လေ မချွန်ရ။

၂။ အစားအသောက်၊ အဝတ်အစား၊ ဆေးဝါး၊ ဆေးလိပ်၊ အချင်းချင်းလုံးဝပေးခွင့်မရှိ။

၃။ ထောင်ဖွင့်တာနဲ့ ကိုယ့်ရှေ့မှာ ရှိတဲ့ ကွက်လပ်ကို ရေနဲ့ စိုအောင်လုပ်ပြီး ပြောင်နေအောင် တိုက်ရ မယ်။

၄။ အတွင်းတံခါး မင်းတုံးနဲ့ အပြင်တံခါး မင်းတုံးတွေကို ပြောင်နေအောင် တိုက်ရမယ်။

၅။ တစ်ဖက်အခန်းက ရေချိုးထွက်မယ် ဆိုရင် ကိုယ်က နောက်လှည့် ထိုင်နေရမယ်၊ အမိန့်ရမှ ပြန် လှည့်ရမယ်။

၆။ ရေချိုးရင် "ခပ်- တစ်ခွက်" လို့ သူတို့က ခေါ်ပေးမယ်။ အမိန့်ရမှ ချိုးရမယ်၊ အမိန့်ရမှ ဆပ်ပြာ တိုက်ရမယ်။

၇။ နေ့တိုင်း အဝတ်လျှော် ခွင့်မရှိ။ ခွင့်ပြုတဲ့ နေ့ကျမှသာ အဝတ်လျှော်ရမယ်။

အပေါ်မှာ ရေးပြတဲ့ အချက်တွေက မှတ်မိသလောက်ပါ။ ဒီထက် များပါတယ်။ ကိုယ့်အခန်းထဲမှာကိုယ် ဆီးသွားရင် မတ်တတ်ရပ် မသွားရပါဘူးတဲ့၊ တကယ်လို့ သွားတာ တွေ့ရင် တံခါးဖွင့်ပြီး ဝင်ရိုက်ကြတာပါ။

## ဘိုဘိုဦး ထောင်ဝင်စာနေ့

ကျွန်တော်တို့ ရောက်ပြီး သုံး-လေးရက် အကြာမှာ ဘိုဘိုဦး ထောင်ဝင်စာ လာပါတယ်။ သူ ထောင်ဝင်စာ သွားတဲ့ အချိန်မှာ ကျွန်တော်တို့ အားလုံး နောက်လှည့် ထိုင်နေရပါတယ်။ သူ ထောင်ဝင်စာ ပြန်လာမှ လှုပ်ရှား ခွင့် ရတာပါ။ သူက ကျွန်တော့် အခန်းဘေးမှာပါ။ ဘာ့ကြောင့် သိရသလဲဆိုတော့ ရောက်တဲ့နေ့က တစ်ဦးချင်း နာမည်မေး စာရင်းကောက်တဲ့အခါ သူတို့က အော်မေး၊ ကိုယ်က အော်ဖြေမို့လို့ ကြားသိရတာပါ။

ထောင်ဝင်စာလာပြီး နောက်တစ်နေ့မှာ ကျွန်တော့်ကို ဘိုဘိုဦးက အသံ တိုးတိုးလေးနဲ့ ဆက်သွယ်ပါ တယ်။ သူက စွန့်စားတာပါ။ သဒ္ဓါတရား ကောင်းတဲ့အတွက် သူက ကျွန်တော့် အခန်းကို စားစရာ ပစ်ပေးချင် တာပါ။ ဝန်ထမ်းနဲ့ ထောင်အရာရှိ ဆိုတဲ့ ပုဂ္ဂိုလ်တွေ လွတ်တုန်း လုပ်တာပါ။ သူက ရှေ့ကွက်လပ်၊ ကျွန်တော်တို့ နှစ်ယောက်ကို ခြားထားတဲ့ နံရံကိုကျော်ပြီး စားစရာ ပစ်လိုက်မယ်၊ ကျွန်တော်က ဖမ်းပြီး မြန်မြန်ဆန်ဆန် ဖွက်ပေါ့။

သူက ပစ်လိုက်ပါပြီ။ ဖြစ်ချင်တော့ အဲဒီအထုပ်က နံရံပေါ် တင်နေပါတယ်။ နံရံက ၁၂ ပေလောက်

မြင့်ပါတယ်။ ကျွန်တော်က အထုပ် နံရံပေါ် တင်နေတယ် ပြောတော့ သူက စုန်စုန်ပြီး လှမ်းယူဖို့ကြိုးစားပါတယ်။ မရပါ။ ပြီးတော့ စောင်တစ်ထည်ယူပြီး ပစ်တင် ဆွဲချပါတယ်၊ မရပါ။ ခဏနေတော့ မောင်မင်းကြီးသား ထောင်အရာရှိ ဆိုတဲ့လူတွေ ရောက်လာပါတယ်။ ဘိုဘိုဦးရော ကျွန်တော်ရော ကမ္ဘာပျက်ပြီပေါ့။

သူတို့က ကြိမ်တုတ်တွေနဲ့ အော်ဟစ်ပြီး ဘိုဘိုဦး အခန်းထဲ ဝင်လာပါတယ်။ ပြောလည်းပြော ရိုက်လည်း ရိုက်နဲ့၊ ဘိုဘိုဦးလည်း တအားအား အော်နေပါတယ်။ သူ အရိုက်ခံနေရတဲ့ အခိုက်မှာ ကျွန်တော့်ကိုလည်း ရိုက်တော့မှာမို့ အတွင်းခံ ဘောင်းဘီ ဝတ်၊ တင်ပါးနေရာမှာ လက်သုတ်ပဝါ နှစ်ထည် ခံ၊ ပုံစံ လုံချည် သုံးထည် ထပ်ဝတ်ပြီး စောင့်နေပါတယ်။ ဘိုဘိုဦးကို ၁၄/၁၅ ချက်လောက် ရိုက်ပြီး ကျွန်တော့်ရှေ့က တံခါး ဖွင့်ဝင်လာပါတော့တယ်။ သူတို့အတွက်တော့ ပွဲတော်ကြီးပေါ့။

သူတို့နာမည်ကို ကျွန်တော် သိနေပါပြီ။ တန်းစီး တင်နုက နှစ်ကြီးသမား ဓားပြ စည်းကမ်းထိန်းလို့ ခေါ်တဲ့ ဖိုးနိုင်၊ ဒီကောင်က လူသတ်မှု နှစ်ကြီးသမားနဲ့ မောင်မောင် (ဓားပြ) တို့ ဖြစ်ပါတယ်။ စကား ပြောတာကတော့ ထုံးစံအတိုင်း အကြမ်းတကာ့ အကြမ်းပေါ့။ ခင်ဗျားကြီးက လူကြီးပြီး အချိန်မစီးဘူး၊ စည်းကမ်းနဲ့ ထားတာ ကောင်းကောင်း မနေချင်ဘူး၊ သေသွားချင်သလား ဘာညာနဲ့ ပြောလည်း ပြော ရိုက်လည်းရိုက်၊ ၁၄/၁၅ ချက်လောက် ရိုက်ပြီးတာနဲ့ သတိတွေ အဖန်ဖန်ပေးပြီး ထွက်သွားကြပါတယ်။ ဟိုဘက် အခန်းက ခင်မောင်စိုးလေးကတော့ ရိုက်သံတွေ ကြားတာနဲ့တင် ကြောက်လို့ တုန်နေပါသတဲ့။ (နောက်မှ သိရတာပါ။)

## ဘိုဘိုဦး ကျွေးခဲ့တဲ့ Hamburger

ICRC ဝင်ပြီးတဲ့နောက်မှာ ကျွန်တော်တို့ ထောင်တွင်း လွတ်လပ်ရေး အကန့်အသတ် တစ်ခုအထိ ရလာပါပြီ။ ဘိုဘိုဦး အမေ ဒေါ်ခင်မမ ထောင်ဝင်စာ လာတွေ့တိုင်း နောက်တနေ့ မနက်ဆိုရင် ဘိုဘိုဦးက ကျွန်တော်တို့ကို နံနက်စာနဲ့ ကျွေးခံလေ့ရှိပါတယ်။ လက်ဖက်ရည်နဲ့ Hamburger ပါ။ ပေါင်မုန့်ကိုထောပတ်သုတ်၊ အလယ်မှာ ဝက်ပေါင်ခြောက်၊ ကြက်သွန်နီ၊ ဆလတ်ရွက် စတဲ့ အစာတွေ ပြည့်ပြည့်စုံစုံနဲ့ပါ။ အများစုက Hamburger စားမယ် ဆိုရင် လက်နှစ်ဖက်နဲ့ အားရပါးရ ကိုင်ပြီး စားလေ့ရှိပါတယ်။ ကျွန်တော်က အဲဒီလို မစားတတ်ပါဘူး။ သူတို့ ရှေ့မှာတင် အပေါ်က ပေါင်မုန့်ကြမ်းကို ဖယ်လိုက်ပါတယ်။

ပြီးမှ ဝက်ပေါက်ခြောက်ကို ဆလတ်ရွက်၊ ကြက်သွန်နီတွေနဲ့ ရောစားလိုက်ပါတယ်။ အဲဒါတွေ စားပြီးတဲ့ အခါကျမှ ပေါင်မုန့်ကို လက်ဖက်ရည်နဲ့ တို့စားတာပါ။ အဲဒါ ကျွန်တော့် အကျင့်။ ဘယ်သူက Hamburger ကျွေးကျွေး ဒီလိုပဲ စားတတ်ပါတယ်။ ထောင်တွင်းဆိုတော့ အမှတ်တရပေါ့။

## ထူးဆန်းတဲ့ ပုဂ္ဂိုလ် တချို့

အဲဒီမြင်းခြံထောင်မှာ ၁၉၉၇ ခုနှစ်ကနေ ၁၉၉၉ ခုနှစ် နှစ်ကုန်လောက်ထိဟာ နေ့တိုင်းလိုလို ရိုက်သံနှက်သံတွေ၊ အမလေးဗျလို့ အော်သံတွေ မကြားရတဲ့နေ့ မရှိသလောက်ပါပဲ။ အကြံအဖန်ကလည်း လုပ်လို့ မရတော့ အကျဉ်းသား အများစုဟာ အစားဆင်းရဲ၊ အနေဆင်းရဲ ဖြစ်ကြရပါတယ်။ တချို့ဆိုရင် စိတ်ဖောက်ပြန်သွားကြတာ တွေ့ခဲ့ရပါတယ်။ အဲဒီလို ကြပ်တည်းလွန်းတဲ့ အခါကာလမှာ အနေချောင်၊ အစားချောင်နဲ့ ရေကိုလည်း ကြိုက်သလိုချိုး၊ သနပ်ခါး အဖွေးသား၊ သီချင်းတအေးအေးနဲ့ နေနေတဲ့ နိုင်ငံရေး အကျဉ်းသားတွေလည်း ရှိပါတယ်။ သူတို့က ဆိုင်ရာပိုင်ရာတွေကို လစဉ် ပိုက်ဆံပေးပြီး နေနေကြတာပါ။

အခုရေးပြရတဲ့ အကြောင်းအရင်းကတော့ ဒီပုဂ္ဂိုလ်တွေကို အပုပ်ချချင်လို့ မဟုတ်ပါဘူး။ လူ အများစု

ခံနေရတဲ့ အခါမှာ သူတို့မှီ နေစိမ့်တယ်ဆိုတဲ့ စိတ်အခံနဲ့ ရေးပြရခြင်း ဖြစ်ပါတယ်။ ကျန်တဲ့ လူတွေက လူငယ်တွေ ဖြစ်ပေမဲ့ တစ်ယောက်ကတော့ လူကြီးပါ။ သူကတော့ လသာ မြို့နယ်က ဦးကြည်မြင့် (ကွယ်လွန်) ပါ။ သူက ငွေကြေးတတ်နိုင်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲမှာ NDF ပါတီက လွှတ်တော် ကိုယ်စားလှယ် ဖြစ်လာခဲ့ပါတယ်။

နောက်တစ်ယောက်ကတော့ နေတင်မြင့်ပါ။ သုံးရောင်ခြယ် လူငယ်တစ်ယောက်ပါ။ အခုတော့ New York မှာ ရောက်နေပါပြီ။ နောက်တစ်ယောက်ကတော့ ကျောက်ပန်းတောင်းက လှိုင်မိုးသန်း၊ သူလည်း အမေရိကား ရောက်နေပြီလို့ ကြားပါတယ်။ နောက်တစ်ယောက်တော့ ကိုကိုကြီးပါ။ စမ်းချောင်းကပါ။ မိသားစု လုပ်ငန်း တစ်ခု ရှိပါတယ်။ သူကတော့ နိုင်ငံရေး လောကမှာ ကျင်လည်ဆဲပါ။ နောက်တစ်ဦး ကျန်ပါသေးတယ်။ သူ့အဖေကလည်း NLD မှာ အထိုက်အလျောက် နေရာရနေပါပြီ။ သူ့နာမည်အရင်းတော့ မမှတ်မိတော့ပါဘူး။ ပွကြီး ဆိုရင် တော်တော်များများက သိကြပါတယ်။ အခုတော့ သူက နိုင်/ကျဉ်း ကိစ္စတွေ လုပ်နေပါသတဲ့။

ထပ်ပြောပါမယ်။ အခုလို ကျွန်တော် ထုတ်ဖော် ရေးသားနေတာဟာ အဲဒီပုဂ္ဂိုလ်တွေကို အပုပ်ချချင်လို့ မဟုတ်ပါဘူး။ နောင်မှာ နိုင်ငံရေး လောကမှာ ကျင်လည်ကြမယ့် ပုဂ္ဂိုလ်တွေဟာ လုပ်သင့်တာ မလုပ်သင့်တာ၊ အမှန်နဲ့ အမှား၊ သိက္ခာ ရှိတာနဲ့ သိက္ခာမဲ့တာ စတဲ့ အချက်တွေကို ခွဲခြား နားလည်စေချင်တဲ့ သဘောပါ။ သင်ခန်းစာ ယူတတ်ကြအောင်ပါ။

## ကျွန်တော်နဲ့အတူ ပါလာသူများ အကြောင်း

ကိုမြတ်ထွန်းက ထိုင်းနိုင်ငံဘက် ရောက်သွားရင်းနဲ့ ပြန်လာတုန်း အဖမ်းခံရတာပါ။ အဖမ်းခံရပြီး ရဲစခန်းတစ်ခုကို ပို့တဲ့အခါ သူက အဖျားရောဂါ ခံစားနေရရှိက်ပါ။ အချုပ်ခန်းထဲ ရောက်တော့ ပိန်လှီပြီး ဖြူဖတ်ဖတ် ဖြစ်နေပါသတဲ့။ ဒီရောက်တော့ တခြားအကျဉ်းသား တစ်ဦးက "ဘ...လား" လို့ မေးပါသတဲ့။ အဓိပ္ပာယ်ကတော့ ဘိန်းမှုလားလို့ ဆိုလိုတာပါ။ သူ့ပုံက သာခွေယိုင်နေတာမို့ ဘိန်းစားနဲ့ တူလို့ပါ။ အဲဒါနဲ့ပဲ ကိုမြတ်ထွန်းကို ထောင်ထဲမှာ "ဘ,ကြီး၊ ဘ,ကြီး" လို့ တွင်နေတာပါ။ Garand Father ဘကြီး မဟုတ်ပါ။ သူက အခုတော့ ပြည်တွင်း DVB သတင်းဌာနမှာ အကောင်း ဖြစ်နေပါပြီ။ အိမ်ထောင်လည်းကျပြီး ကလေး တစ်ယောက်တောင် ရနေပါပြီ။

ရှဲလ်ကတော့ ဒုတိယအကြိမ် ထောင်ကျခြင်းပါ။ ပထမတစ်ခေါက် ထောင်က လွတ်တော့ သူက အလုပ် မည်မည်ရရ ရှာလို့မရတော့ ဗိုလ်တထောင်ဘက်က ညအချိန် ကားတွေ အများကြီး ထားတဲ့ နေရာတစ်ခုမှာ ညစောင့် လုပ်နေခဲ့တာပါ။ ည အလုပ်လုပ်၊ နေ့လယ် နားရင်းနဲ့ ၁၉၉၆ ခုနှစ် နှစ်ကုန်မှာ ဆန္ဒပြပွဲထဲ ပါရင်း ထောင်ကျခဲ့တာပါ။ သူလည်း ထောင်ထဲမှာ နေရင်းနဲ့ အိမ်ထောင်ရေး ပြိုကွဲသွားတာပါ။ ကလေး တစ်ယောက်နဲ့ပါ။

ခင်မောင်စိုးနဲ့ ကျော်ဆန်းတို့က အမျိုး တော်ကြပါတယ်။ သူတို့က ဆန္ဒပြပွဲထဲ မပါခဲ့ပါ။ ဒါပေမဲ့ ဆန္ဒပြတဲ့ သူတွေကို သောက်ရေသန့်တို့ စားစရာတို့ ဝေရင်း အဖမ်းခံရတာပါ။ သူတို့အဖြစ်က ငိုအားထက် ရယ်အားသန်လို့ ပြောရပါ။ သူတို့နဲ့ သူငယ်ချင်းတစ်သိုက်က လှည်းတန်း လမ်းဆုံမှာ ဆန္ဒပြနေတဲ့ သူတွေကို စားစရာနဲ့ သောက်ရေသန့်တွေ ဝေ၊ ဆန္ဒပြတဲ့ လူတန်းကြီး မြေနီကုန်း ရောက်တော့ သူတို့က ကားနဲ့ လိုက်ပြီး ပေးပြန်ရော၊ အဲဒီ လူတန်းကြီး ဦးထောင်ဗိုလ်လမ်းအတိုင်း ရွှေတိဂုံဘုရားကို ချီတက်အလာမှာ လုံခြုံရေးတွေက လမ်းပိတ် ဖမ်းရင်း၊ သူတို့ကလည်း မုန့်တွေ ဝေဖို့ စောင့်နေရင်းနဲ့ အဖမ်းခံကြရတာပါ။

## နောက်ထပ် ရောက်လာကြသူများ

ရက်အတိအကျတော့ မမှတ်မိတော့ပါဘူး။ ၁၉၉၈ ခုနှစ် နှစ်စလောက်မှာ ထင်ပါတယ်။ အင်းစိန်ထောင်က နောက်တစ်သုတ် ရောက်လာကြပြန်ပါတယ်။ အဲဒီအသုတ်မှာ ဦးခင်မောင်ဆွေ (ယခု NDF ဥက္ကဋ္ဌ)၊ ဦးစိုးမြင့် (သာကေတ မြို့နယ် NLD ဥက္ကဋ္ဌ- ယခု ကွယ်လွန်)၊ မောင်မောင်ဦး (အင်းစိန် မြို့နယ် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်) တို့ကိုတော့ မှတ်မိပါတယ်။ ဖြစ်ချင်တော့ မောင်မောင်ဦးက ၁၉၈၉ ခုနှစ်၊ ဇူလိုင်မှာလည်း အတူတူ အဖမ်းခံရတယ်၊ ၁၉၉၆ ခုနှစ် ကျွန်တော် တွဲဘက်ထောင် ရောက်တော့ သူက ရောက်နှင့်နေပြီ။ ကျွန်တော် မြင်းခြံရောက်တော့ သူကလည်း လိုက်လာပါတယ်။

လိုက်လာပုံကလည်း ခပ်သင်းသင်း။ အခန်းတွေ နေရာချထားတော့ ကျွန်တော့် အခန်းဘေးကို ဒုတ်ဒုတ်ထိ ရောက်လာပါတယ်။ မြင်းခြံထောင် ပုံစံအတိုင်း ဘယ်သူတွေ ပါလာတယ်ဆိုတာ ဘယ်သိမလဲ။ တန်းစီး တင်နုတို့က သူတို့ကို တစ်ဦးချင်း "နာမည်.... အဖေနာမည်.... နေရပ်လိပ်စာ....ပုဒ်မ... ပြစ်ဒဏ်...." စတဲ့ ကိစ္စတွေကို အော်မေး၊ အော်ဖြေ လုပ်တော့ မသိချင်မှ အဆုံး။ ငါ့အခန်းဘေးကို မောင်မောင်ဦး ရောက်လာပြီပေါ့။ ညကျတော့ သူ့ကို နံရံကတစ်ဆင့် ခေါက်ပြီး ဆက်သွယ်ပါတယ်။ သူက ဘာတုံ့ပြန်မှုမှ မပြုပါ။ ဒီကောင်က အင်မတန် သတိကြီးတဲ့ကောင်။ ရှိပါစေတော့။

## မောင်မောင်ဦးနဲ့ ကျွန်တော်

သူနဲ့ ကျွန်တော်တို့ရဲ့ ပတ်သက်မှုကို ရေးရမယ်ဆို စာတစ်အုပ် သတ်သတ် ရေးလို့ရပါတယ်။ သူက ခုနှစ်နှစ်ပြည့်လို့ ထောင်က လွတ်သွားတဲ့အခါ အိမ်ထောင်ပြုပါတယ်။ အဲဒီလိုပြုတဲ့အခါ ကျွန်တော့်မိန်းမက သတို့သားဘက်က လိုက်တောင်းပေးရပါတယ်။ ကျွန်တော် ထောင်က လွတ်ပြီး NLD ကြားဖြတ် ရွေးကောက်ပွဲ ဝင်မယ်ဆိုတော့ သူက မကွေးတိုင်းနဲ့ စစ်ကိုင်းတိုင်း အောင်နိုင်ရေး ကိစ္စတွေ လိုက်လုပ်ခဲ့တာ ထိထိရောက်ရောက် လုပ်ပေးနိုင်ခဲ့ပါတယ်။ သူ အဲဒီနေရာတွေကို စည်းရုံးရေး သွားတဲ့အခါ အထောက်အကူရဖို့ ရုပ်ရှင်မင်းသား ရဲတိုက်နဲ့ သွားရပါတယ်။ သူနဲ့ ရဲတိုက်တို့ရဲ့ စည်းရုံးရေး ခရီးစဉ်ကို ရေးရရင် စာအုပ် တစ်အုပ် ထွက်လာနိုင်ပါတယ်။

အဲဒီ နောက်ပိုင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ စည်းရုံးရေး ခရီးစဉ်တွေထဲမှာ အမြဲလိုလို လိုက်ပါပြီး လုံခြုံရေး လုပ်ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း ၂၀၁၂ ခုနှစ်ကနေ ၂၀၁၅ အထိ တိုင်းနဲ့ ပြည်နယ် ၁၄ ခုလုံး မရောက်တဲ့နေရာ မရှိအောင် စည်းရုံးရေး ခရီးစဉ်တွေ သွားခဲ့တာပါ။ ပုဒ်မ ၄၃၆ ပြုပြင်ရေး လှုပ်ရှားမှု၊ ဗိုလ်ချုပ် နှစ် ၁၀၀ ပြည့် အခမ်းအနားတွေမှာ သွားရတာတွေ၊ အဲဒီ ခရီးစဉ်တွေ အားလုံးကို အချိန် အားကြလို့သာ တွက်ကြည့်မယ်ဆိုရင် မိုင်ပေါင်း သိန်းနဲ့ချီ ရှိပါတယ်။ အဲဒီခရီးစဉ်တွေ အားလုံးလိုလိုကို မောင်မောင်ဦးက တာဝန်ယူပြီး စီစဉ်ရပါတယ်။ တချို့တစ်ဝက်ကိုတော့ ကျွန်တော် လိုက်ပါခဲ့ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲမှာ သူက မပါချင်ပါဘူး။ ကျွန်တော်က ဝေါက်ငမ်းပြီး ပြောတော့မှ အင်တင်တင်နဲ့ အင်းစိန် မြို့နယ်မှာ အရွေးခံခဲ့တာပါ။ အခုတော့လည်း လွှတ်တော်ရဲ့ မွေးမြူရေးနဲ့ လယ်ယာ သားငါး ကော်မတီမှာ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရင်း လုပ်ငန်းတွေ ကျွမ်းကျင်နေပါပြီ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ခရီးသွားတဲ့ ကိစ္စတွေကိုရော အဲဒီ ခရီးစဉ်တွေမှာ တွေ့ရတဲ့ ကိစ္စတွေကိုရော ရေးရမယ်ဆိုရင် နောက်ထပ် စာတစ်အုပ် သီးသန့် ရေးနိုင်ပါလိမ့်မယ်။

## သာကေတ ဦးစိုးမြင့်

ဦးစိုးမြင့်က ရေတပ်က အရာခံဗိုလ်ဟောင်းပါ။ ဒါပေမဲ့ တပ်က ထွက်ပြီး သင်္ဘောလိုက်တာ နှစ် ၂၀ လောက် ရှိပါပြီ။ သင်္ဘော မလိုက်တော့တဲ့အခါမှာ သာကေတ NLD မှာ ဝင်လုပ်ရှားရင်း မြို့နယ် NLD ဥက္ကဋ္ဌ ဖြစ်လာတာပါ။ သူ့သမီး တစ်ယောက်က ကျွန်တော်နဲ့ တစ်ပတ်စဉ်တည်း သူငယ်ချင်း ကိုလှကြည်ရဲ့ သားနဲ့ အိမ်ထောင်ကျပါတယ်။ ကိုလှကြည်ရဲ့ သားက အရာရှိ တစ်ယောက်ပါ။ အခုတော့ ဒုတိယ ဗိုလ်မှူးကြီး အဆင့်နဲ့ ပင်စင်ယူပြီလို့ သိရပါတယ်။ ဦးစိုးမြင့်မှာ ဆီးချိုရောဂါ ရှိပါတယ်။ တော်တော်ရင့်နေပါပြီ။ ကျွန်တော့် ထောင်ဝင်စာမှာ ထန်းလျက် အစိတ်သားလောက် အမြဲ ပါပါတယ်။ အဲဒီ ထန်းလျက်တွေကို ကျွန်တော် ဦးစိုးမြင့်ကို အမြဲလိုလို မျှဝေပါတယ်။ ဆီးချိုသမားဆိုတော့ အချိုကို ဘယ်လောက် ကြိုက်သလဲ ဆိုရင် အဲဒီ ထန်းလျက်အစိတ်သားကို တစ်ရက်တည်းနဲ့ အကုန် စားပစ်လိုက်ပါတယ်။

## နောက်ထပ် တစ်သုတ်

၁၉၉၈ ခုနှစ် နှစ်ကုန်လောက်မှာ ကျောင်းသားတွေ တစ်ကျော့ထပြီး ဆန္ဒပြကြပါတယ်။ များသောအားဖြင့် စက်မှု တက္ကသိုလ်နဲ့ GTI ကျောင်းတွေမှာပါ။ အသစ်ဖွဲ့တဲ့ သိပ္ပံနဲ့ စက်မှု နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းရဲ့ ကောင်းမှုကြောင့် ကျောင်းသားတွေ အများကြီး ထောင်ထဲ ရောက်လာကြပြန်ပါတယ်။ သူတို့ ရောက်လာတဲ့ အချိန်မှာ ကျွန်တော်တို့ လူဟောင်းတွေ အားလုံး နောက်လှည့် ထိုင်နေကြရပြန်ပါတယ်။ အဲဒီလို နောက်လှည့် ထိုင်တဲ့အခိုက်မှာ တစ်ဖုန်းဖုန်းနဲ့ ရိုက်သံတွေ၊ အော်သံတွေ ကြားရပါတယ်။ အဲဒီ ကျောင်းသားတွေ တိုက်ဝင်းထဲကို ရောက်တော့ ထောင်မှူးကြီး အမိန့်နဲ့ ဝန်ထမ်းတွေက ရိုက်နေကြတာပါ။ အဲဒီလို ရိုက်ပြီးမှ သူတို့လေးတွေကို တိုက်ခန်းတွေဆီ ပို့ပေးပါတယ်။

အဲဒီ အုပ်စုထဲက တင်အောင်မြင့်က စက်မှု တက္ကသိုလ်က၊ သူ့အဖေရော အမေရော တရုတ်ပါ။ ဉာဏ် အလွန် ထက်မြက်ပါတယ်။ အုန်းတံမြက်စည်း အဟောင်းတစ်ခုက အုန်းဆံလေးတွေနဲ့ အိမ်ပုံလေးတစ်ခု တည်ဆောက်တာ အလွန် လက်ရာမြောက်ပါတယ်။ အဲဒီ အုန်းဆံလေးတွေ မြဲအောင် အင်မတန် သေးတဲ့ ပလတ်စတစ်လေးတွေ ကျစ်ပြီးတော့ တည်ဆောက်တာပါ။ ရာဇူနေမြင့်က ဟိန္ဒူဘာသာဝင်ပါ။ အင်းစိန် GTI ကျောင်းသားပါ။ သူလည်း ဉာဏ်ကောင်းပါတယ်။ အခုတော့ ကိုယ်ပိုင် ပုဂ္ဂလိကကျောင်း ထောင်ထားတာ အောင်မြင်တယ်လို့ သိရပါတယ်။

ဆွေဝင်းကတော့ တက္ကသိုလ် ကျောင်းသားပါ။ သူက ပညာကို အင်မတန် လိုလားပါတယ်။ ထောင်ထဲမှာ ကတည်းက အင်္ဂလိပ်စာကို အပတ်တကုတ် ကြိုးစား သင်ယူနေတာပါ။ တတ်နိုင်သမျှ ကျွန်တော်နဲ့ စကားပြောရင် အင်္ဂလိပ်လို ပြောပါတယ်။ ကျွန်တော့်မှာ ရှိသမျှ စာအုပ်တွေကို သူ အငမ်းမရ ဖတ်လေ့ရှိပါတယ်။ အခုတော့ Myanmar Now ဆိုတဲ့ သတင်းဌာန တစ်ခုမှာ အကြီးတန်း အရာရှိ ဖြစ်နေပါပြီ။ မနှစ်က အင်းဝ အပ်ချုပ်ဆိုင် ပိုင်ရှင်များက အိမ်ဖော်များကို လူမဆန်ဘဲ ညှဉ်းဆဲတဲ့ ကိစ္စကို ဖော်ထုတ်ခဲ့တာပါ။ အဲဒီ သတင်းနဲ့ ပတ်သက်လို့ သူ နာမည်ကောင်း ရခဲ့ပြီး သတင်းစာနဲ့ ပတ်သက်တဲ့ ဆုတစ်ဆုလည်း ရခဲ့ပါတယ်။

ဖော်မင်းလတ်ဆိုတဲ့ ကလေးကလည်း ပညာ လိုလားပါတယ်။ လူကတော့ ပုပုသေးသေးလေးပါ။ အင်္ဂလိပ်စာ Vocabulary တွေ သိချင်တယ်ဆိုလို့ သူ့ကို ပလတ်စတစ်ပေါ်မှာ စာရေးပြီး ပို့ပေးရပါတယ်။ ဥပမာ A ဆိုရင် About/ Above/ Abhor/ Abuse စသဖြင့် ကျွန်တော် မှတ်မိသမျှ ရေးပို့ပါတယ်။ ကြပ်တည်းစဉ်

ကာလက ဖြစ်ပါတယ်။ ဒီလိုနည်းနဲ့ A ကနေ Z အထိ Mini dictionary သဘောမျိုး တစ်ခု ရေးပေးခဲ့တာပါ။ နောက်ပိုင်း အခြေအနေ ချောင်လာတဲ့အခါ ကျွန်တော့်ဆီက အင်္ဂလိပ်စာအုပ်တွေကို နေ့တိုင်း ဖတ်ပြီး ဘာသာပြန်ပေးရပါတယ်။ ဥပမာ Hilary Crinton ရဲ့ My Life ဆိုတဲ့ အတ္ထုပ္ပတ္တိ တစ်နေ့ကို သုံး-လေး မျက်နှာလောက် ဖတ်ပြီး ဘာသာပြန်ပြပေးပါတယ်။ အခုတော့ မိန်းမရပြီး စီးပွားရေး လုပ်နေတယ်လို့ သိရပါတယ်။ လူချင်း မတွေ့ဖြစ်တော့ပါဘူး။

နောက်တစ်ယောက်ကတော့ ကိုကိုမောင်ပါ။ ဇော်မင်းလတ်တို့ ဆွေဝင်းတို့နဲ့ တက္ကသိုလ် တစ်ခုတည်းပါ။ သူက စာပေ အနုပညာ အရမ်း စိတ်ဝင်စားပါတယ်။ ပန်းချီလည်း တော်ပါတယ်။ အခုတော့ စာပေ ထုတ်ဝေရေး တစ်ခုမှာ ဝင်လုပ်ရင်း စာတွေ ကဗျာတွေ ရေးပါတယ်။ ကဗျာဆရာ နာမည်ကတော့ "ဇော်လူစိမ်း" တဲ့။ မင်းနာမည်က ဘာလဲကွလို့ မေးတော့ သူက ဘာမှ ပြန်မပြောပါ။ ပြုံးနေပါတယ်။ ဒါ့ကြောင့် ကျွန်တော်က ဆက်ပြီး ဇော်လူစိမ်းရှိရင် ဇော်လူပြာ၊ ဇော်လူဝါတွေလည်း ရှိရမှာပေါ့ ဆိုတော့လည်း သူက ဘာမှပြန်မပြောပါ။

## နာမကျန်း ဖြစ်တုန်းက

သူနဲ့ ပတ်သက်လို့ အမှတ်ရစရာတစ်ခု ဖြစ်ခဲ့ပါတယ်။ တစ်ချိန်မှာ သူ အကြီးအကျယ် ဖျားပါတယ်။ သုံးရက်လည်း မပျောက်၊ လေးရက်လည်း မပျောက်။ ဒါ့ကြောင့် ထောင်ဆေးရုံက ဆရာဝန်က သွေးလာဖောက်ပါတယ်။ အပြင်ဆေးရုံ ပို့ပြီး သွေးစစ်ဖို့ပါ။ ဒါလည်း သုံး-လေးရက် ကြာတဲ့အထိ သွေးအဖြေ မသိရပါ။ လူလည်း တစ်ပတ်လောက် ကြာတဲ့အထိ မပျောက်သေးတော့ အိပ်ရာကတောင် မထနိုင်တော့ပါဘူး။ ကျွန်တော် သူ့ အခန်း သွားကြည့်တော့ မျက်လုံး ဖွင့်ရုံပဲ ဖွင့်နိုင်ပြီး စကားတောင် ဟဟ မပြောနိုင်တော့ပါ။

ထောင်ဝန်ထမ်းကို သတင်းပို့တော့လည်း သူကလည်း မထုံတက်သေး။ ထောင်ပိုင်ကို တွေ့ချင်တယ်လို့ ပြောတော့လည်း သတင်းပို့မပေးပါ။ ဒါ့ကြောင့် ညနေ ထောင်ပိတ်ချိန် အခန်းတွေ အကုန်ပြန်ပိတ်တော့ ကျွန်တော် အခန်းကို ပြန်မဝင်ပါ။ "ထောင်ပိုင်ဖြစ်ဖြစ်၊ ထောက်လှမ်းရေးဖြစ်ဖြစ် မတွေ့ရရင် အခန်းထဲကို မဝင်ဘူး" လို့ ပေပြီး ဆန္ဒပြပါတယ်။ ထောင်မှာ ထောင်ပိတ်ချိန် အခန်းထဲ မဝင်ရင် အမှုကြီးပါတယ်။ သာမန် အကျဉ်းသား ဆိုရင် ပိုင်းရိုက်ပြီး အခန်းထဲ ပြန်သွင်းမှာပါ။

ကျွန်တော်က တိုက်ရုံးခန်းမှာ ထိုင်နေတာ နာရီဝက်လောက် ရှိပါပြီ။ အဲဒီကျမှ ထောက်လှမ်းရေး တပ်ကြပ် (နာမည်တော့ မမှတ်မိတော့ပါ။) ရောက်လာပြီး ရှူးရှူးရှဲရှဲနဲ့ ကျွန်တော့်ကို ဝေါက်ပါတယ်။ ဘာလို့ ထောင်စည်းကမ်းအတိုင်း မနေဘဲ အာဏာဖီဆန်ရသလဲပေါ့။ ကျွန်တော်က ကိုယ့်အတွက် မဟုတ်ဘူး ကိုကိုမောင် ဆိုတဲ့ ကျောင်းသားလေး ဖျားနေတာ တစ်ပတ်လောက်ရှိပြီ။ သွေးလည်း လာယူသွားတယ်။ အခုထိ ဘာမှလည်း အကြောင်းမပြန်၊ ဆေးလည်း ဟုတ်တိပတ်တိ မပေးလို့ အားမရှိဘဲ လဲနေပြီ။ ဒါကို ဆရာဝန် ခေါ်ပေး၊ ထောင်ပိုင် ခေါ်ပေးဆို ဘယ်သူကမှ ခေါ်မပေးလို့ အခုလို လုပ်ရတာလို့ ပြောတဲ့အခါကျမှ သူက ထောင်ဝန်ထမ်းတွေနဲ့အတူ ကိုကိုမောင်ကို သွားကြည့်ပါတယ်။

ကိုကိုမောင့် အခြေအနေကို သူ အကဲခတ်ကြည့်တော့ မဟန်မှန်း သိတာကြောင့် သူအပြင်ကို မော်တော်ဆိုင်ကယ်နဲ့ ထွက်သွားပြီး ဆရာဝန် ခေါ်လာပါတယ်။ အဲဒီ ဆရာဝန် ခေါ်လာပြီး ကိုကိုမောင်ကို သွားကြည့်တဲ့ အချိန်မှာ ကျွန်တော် အခန်းထဲကို ပြန်ဝင်ခဲ့ပါတယ်။ နောက်တစ်နေ့ ကိုကိုမောင်ကို သွားကြည့်တော့ ဆေးတွေ ပေးတာ အများကြီးပါ။ လူလည်း ထူထူထောင်ထောင် ဖြစ်နေတဲ့ အတွက် အဲဒီနေ့က ကျွန်တော် ဆန္ဒပြရကျိုး နပ်သွားတယ်လို့ ဆိုရမှာပေါ့။

## အလုပ်အစတ်များ

မေလဆန်းလောက်မှာ ကျွန်တော့်အိမ်က ထောင်ဝင်စာ လာပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့် သံခြေချင်းတွေ မဖြုတ်ရသေးပါဘူး။ ထောင်ဝင်စာ ဝတ်တဲ့ ဝတ်စုံကလည်း ထောင်က ထုတ်ပေးတဲ့ ဖျဉ်ကြမ်း ပုံစံပါ။ ဆံပင်ကလည်း ပုံစံဆံပင် ဆိုတော့ ခေါင်းတုံးနီးပါးပါ။ ကျွန်တော် ထောင်ဝင်စာ တွေ့တဲ့အခါ အကျဉ်းသားတွေ ထောင်ဝင်စာ တွေ့တဲ့အခန်းမှာ မတွေ့ရပါဘူး။ ထောင်ဘူးဝရှေ့ သံတိုင်တံခါးတွေမှာ တွေ့ရတာပါ။ ဖနီးသည်နဲ့ မီးမီးတို့ လာကြပါတယ်။ ကျွန်တော့် ပုံစံက စုတ်တီစုတ်ဖတ် ဖြစ်နေလို့ သူတို့ မမှတ်မိကြပါ။ မှတ်မိတဲ့အခါကျတော့မှ သူတို့ မျက်နှာ အမူအရာတွေဟာ ရှော့ရသွားတဲ့ ပုံစံပါ။

ထောင်ဝင်စာ တွေ့ပြီးလို့ သူတို့ ရန်ကုန် ပြန်ရောက်တဲ့အခါ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ပြီး ကျွန်တော့် အခြေအနေကို ပြောပြပါတယ်တဲ့။ ဒေါ်စုက သူ့ခြံမှာ တာဝန်ကျနေတဲ့ ထောက်လှမ်းရေးက အရာရှိကို ပြောလိုက်တယ် ထင်ပါတယ်။ နောက်သုံးရက်လောက် အကြာမှာ ကျွန်တော်တို့ အားလုံးကို သံခြေချင်း ဖြုတ်ပေးပါတယ်။

၁၉၉၉ ခုနှစ်၊ မေလထဲမှာ ကျွန်တော့်အိမ်က ထောင်ဝင်စာ လာပါတယ်။ သားကြီး မောင်ဆန်းဝင်းထိန် (၈) သားဂျူး လိုက်လာပါတယ်။ သူ ပြောလို့ မှုံရွာ ဦးတင်ရွှေ ဆုံးတယ်ဆိုတာ သိရတာပါ။ မှုံရွာ ဦးတင်ရွှေရဲ့ သားတစ်ယောက်နဲ့ သူနဲ့က ကျောင်းနေဘက် သူငယ်ချင်းတွေပါ။ တကယ်တော့ သားဂျူးက ကျွန်တော့်ကို လာနှုတ်ဆက်တာပါ။ နောက်လထဲမှာ အမေရိကားကို ထွက်သွားပါတယ်။ မဖွန်က ဩဇီကို ထွက်သွားပါတယ်။ ကျွန်တော်က သူတို့အပေါ်မှာ ဖခင်ဝတ္တရား မကျေတဲ့ အတွက် ကိုယ့်လမ်းကိုယ်ရှာပြီး ထွက်သွားကြတာဟာ ကောင်းတယ်လို့ မြင်ပါတယ်။

## သားငယ်လေးနဲ့ ထောင်ဝင်စာ

၁၉၉၉ ခုနှစ်၊ မတ်လ နောက်ဆုံးရက်မှာ ငယ်လေး (၈) မောင်အောင်ခန့်ဝင်းထိန် တစ်ယောက်တည်း ထောင်ဝင်စာ လာပါတယ်။ သူ့အမေ မပါလာပါ။ ဘာ့ကြောင့် မပါလာဘူး ဆိုတာလည်း မပြောပါ။ နေမကောင်းလို့ ဆိုတဲ့ သဘောမျိုးပေ့ါ။ (တကယ်တော့ မတ်လ ၂၇ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခင်ပွန်း Dr. Michel Aris ကွယ်လွန်ခဲ့ပါတယ်။ ဒါ့ကြောင့် ဒေါ်စုအိမ်မှာ ဘာသာရေး အစီအစဉ်တွေ လုပ်ဖို့ သူနေခဲ့တာပါ။ ဒီ အကြောင်း သီးသန့် ကျွန်တော် ရေးပြပါ့မယ်။)

ကျွန်တော်ကလည်း အခွင့်အရေးရတုန်း သားငယ်ကို အိမ်မှာရှိတဲ့ အမေနဲ့ ညီမလေးတွေကို ဘယ်လို ကာကွယ်ရမယ်၊ ဘယ်လို စောင့်ရှောက်ရမယ်၊ အဖေနဲ့ အစ်ကို မရှိတုန်း ဘယ်လို တာဝန် ယူရမယ်ဆိုတဲ့ အကြောင်းတွေကို ထောင်ဝင်စာ တစ်ချိန်လုံး ပြောခဲ့ပါတယ်။ သူကလည်း ဟုတ်ကဲ့၊ ဟုတ်ကဲ့ပေ့ါ။ ထောင်ဝင်စာ ခွင့်ပြုတဲ့ တစ်ချိန်လုံး အဲဒီအကြောင်းကိုပဲ နည်းမျိုးစုံနဲ့ သားငယ်လေး ခေါင်းထဲကို ရိုက်သွင်းနေတာပေါ့။

နောက်လ ဧပြီလအကုန်မှာ ဖနီးသည် တစ်ယောက်တည်း ထောင်ဝင်စာလာပါတယ်။ စစချင်း သတင်းက ကျွန်တော့် ရင်ကို မြင်းကန်တာထက် နာတယ်လို့ ထင်ရတဲ့သတင်း ပါလာပါတယ်။ ဒါကဘာလဲ ဆိုတော့ "ငယ်လေး မိန်းမ ခိုးပြေးသွားပြီ" ပါတဲ့။ စိတ်ပျက်လိုက်တဲ့ ဖြစ်ခြင်း။ ဖနီးသည် ပြောလို့ သိရတာက ငယ်လေးက သင်္ကြန်တွင်းမှာ သူ့မိတ်ဆွေ အပေါင်းအသင်းတွေနဲ့ သင်္ကြန် လျှောက်လည်ပါသတဲ့။ နောက်ဆုံးနေ့မှာ အိမ်နီးနားချင်း မိန်းကလေး တစ်ယောက်နဲ့ ခိုးပြေးကြတာပါ။ ဖနီးသည်က စိတ်ဆိုးလို့ လက်မခံတဲ့အတွက် သူတို့ အသိုး အသွား အိမ်မှာပဲ နေကြပါသတဲ့။

## ငယ်လေးရဲ့ ဇာတ်လမ်းတွေ

ငယ်လေး မိန်းမ ခိုးပြေးတော့ သူ ၁၀ တန်း မအောင်သေးပါ။ သူ ၁၀ တန်း အောင်ဖို့အရေးကို ဇနီးသည် တစ်ယောက်တည်း ရုန်းကန်ခဲ့တာ အလွန် ခက်ခဲခဲ့တာပါ။ ကျွန်တော် ထောင်ထဲဝင် ကတည်းက ထော်လော် ကန့်လန့် လုပ်ပါများတော့ သူ ရှစ်တန်း ရောက်တဲ့အခါမှာ မိတ္ထီလာကို ပို့ပါတယ်။ မိတ္ထီလာမှာက ကျွန်တော့် အဖေရယ်၊ ကျောင်းဆရာမ ဖြစ်နေတဲ့ ညီမတွေရယ် ရှိတယ်မို့လား။ မိတ္ထီလာ ရောက်တော့ ငယ်လေးက လိမ္မာသွားမယ် ထင်ပါသလား။

ပိုတောင် ဆိုးပါသေးတယ်။ ကျောင်းက မတက်သလောက် ဖြစ်တဲ့အပြင် အနေအစားနဲ့ ပတ်သက်ရင် မျိုးစုံ ကျိုကျတော့ မိတ္ထီလာက အမျိုးတွေဆိုရင် "ငယ်လေးဟော့" ဆိုရင် တစ်မျိုးလုံးကတောင် လက်မြှောက်ကြ ရတဲ့ အနေအထား ရောက်ခဲ့ပါတယ်၊ ကြောက်ကြလွန်းလို့။ ဒါပေမဲ့ ရှစ်တန်းတော့ အောင်ခဲ့ပါတယ်။ အဖေနဲ့ ညီမတွေ ဘယ်လောက်များ ခက်ခက်ခဲခဲ လုပ်ပေးရသလဲ မမှန်းဆနိုင်တော့ပါဘူး။ ဥပမာ တစ်ခု ပြောရရင် နောက်တစ်နေ့ ဖြေမယ့် ဘာသာကို ညီမ တစ်ယောက်က သူ့ကို မရမချင်း နှုတ်တိုက်ချပေးရတဲ့ အထိ ဖြစ်ခဲ့ရ ပါသတဲ့။

ရှစ်တန်း စာမေးပွဲလည်း ပြီးရော မိတ္ထီလာက အမျိုးတွေက ငယ်လေးကို ဆိုင်းနဲ့ ဗုံနဲ့ ရန်ကုန်ကို ပြန်ပို့ ကြပါတယ်။ ကိုးတန်းကို ဘယ်လို ရင်ဆိုင်ရမှာလဲ။ အမျိုးသမီးက အဖက်ဖက်က စဉ်းစားပြီး သူ့ကို ကွင်းကောက် ရွာကို ပို့လိုက်ပါတယ်။ ကွင်းကောက်ရွာ ဆိုတာက အင်္ဂပူ မြို့နယ်က ရွာကြီး တစ်ရွာပါ။ အိမ်ခြေ ၂၀၀၀ လောက် ရှိပါတယ်။ မြန်မာနဲ့ ကရင် တိုင်းရင်းသားတွေ နေကြပါတယ်။ ရွာမှာ ရဲဌာန ၊ ကျန်းမာရေး ဆေးပေးခန်း၊ အထက်တန်း ကျောင်းစတဲ့ အခြေခံ အဆောက်အဦတွေ ရှိပါတယ်။ ဦးလေးအရင်း နှစ်ယောက်လုံးက အထက်တန်းပြ ဆရာကြီးတွေပါ။ ရှိုးသားကြပါတယ်။

အငယ်လေးက ရွာရောက်တာနဲ့ ကျောင်းတက်ဖို့ နေနေသာသာ စူဠလိပ် ရေထဲ လွှတ်သလိုပါပဲတဲ့။ ကျောင်းမှန်မှန် တက်ဖို့ ဆိုတာ သူ့ရဲ့ ဒုတိယ ဦးစားပေး ဖြစ်သွားပါတယ်။ မိုးတွင်းမှာ ဆိုရင် ချောင်းရေက အပြည့်မို့လို့ နေ့တိုင်း ရေကူးပါသတဲ့။ ပြီးရင် ထန်းလည်း အပျော် တက်ကြည့်ပါသတဲ့။ အဲဒီတော့ ထန်းရည် သောက်တတ်သွားပြီပေါ့။ အချုပ်ပြောရရင် ငယ်လေး ကိုးတန်း ကျပါတယ်။ ဇနီးသည်ရဲ့ ဦးလေးအရင်းတွေ ရှိလျက်နဲ့ ကိုးတန်း မအောင်ဘူး ဆိုတော့ အဲဒီ ဦးလေးတွေကို အပြစ်မတင်မိပါ။ ငယ်လေးရဲ့ ကျောင်းခေါ်ကြိမ် က သုည ပါတဲ့။

ဦးလေးတွေက သမာသမတ် ရှိတဲ့ ကျောင်းဆရာကြီးတွေဆိုတော့ သူတို့ကို ကျွန်တော်က အပြစ်မတင် ပါ။ ငယ်လေးကို အသားပေးပြီး စာမေးပွဲအောင်ဖို့ လုပ်ပေးလိုက်ရင် သူတို့ရွာမှာ ဘယ်လောက်ထိ သိက္ခာ ကျသွားမယ် ဆိုတာ မှန်းဆလို့ ရပါတယ်။ ဒါနဲ့ ငယ်လေး ရန်ကုန် ရောက်လာပါတယ်။ ကိုးတန်းနဲ့ ၁၀ တန်းကို ရန်ကုန်က နာမည်ကြီးမှေ့ ဆိုတဲ့ ကျူရှင်တွေမှာ ပိုက်ဆံကုန်ခံ ထားရပါတယ်။ ကိုးတန်းတော့ အောင်ပါရဲ့ ၁၀ တန်းတော့ မအောင်ပါ။ ၁၀ တန်း မအောင်တဲ့ အနေအထားမှာ မိန်းမခိုးပြေးတာပါ။

ကျွန်တော် သူ့ကိုတော့ မေးမကြည့်ဖူးပါဘူး။ မှန်းဆကြည့်တာပါ။ သူ မိန်းမလည်း ရပြီဆိုရော တွေးမိ ပါလိမ့်မယ်။ ငါ ၁၀ တန်းလည်း မအောင်သေးဘူး၊ မိန်းမလည်း ရနေပြီ။ ဘယ်လို အသက်မွေးရမှာ ဆိုတာ မျိုးပေါ့။ အဲဒီမှာ သူ့နည်းသူ့ဟန်နဲ့ ကြိုးစားပြီး ဖြေလိုက်တာ ၁၀ တန်း အောင်သွားပါလေရော။ ဒါနဲ့တင် မပြီးသေးဘူး။ သူ့ဟာသူလည်းလုပ် ကျွန်တော့် ညီမ တက္ကသိုလ်က ဆရာမ တစ်ယောက်ကိုလည်း ကပ်ရပ်ပြီး

အဝေးသင်နဲ့ စခန်းသွားလိုက်တာ ဘွဲ့တောင် ရသွားပါတယ်ခင်ဗျာ။ အဲဒီတော့ လူလည်း အပင်အပန်းခံ ငွေတွေလည်း သိန်းနဲ့ချီ အကုန်ခံပြီး သူ့အတွက် ပင်ပန်းခဲ့တဲ့ ဖနီးသည် ဘယ်လောက်ထိ ဒေါသ ထွက်နေမလဲ ဆိုတာ မှန်းဆလို့ရပါတယ်။

ငယ်လေးရဲ့ ပေါင်းသင်း ဆက်ဆံရေးက ဆွေရင်းမျိုးရင်းတွေ ဆိုရင် ဂျီတိုက်မယ်၊ သူစိမ်းတွေ ဆိုရင်တော့ ကောင်းသလား မမေးနဲ့။ အားလုံးလိုလိုက "ငယ်လေး" "ကိုငယ်လေး" နဲ့ နေတာပဲ။ နောက်တစ်ခုက ငယ်လေးဟာ မတော်တဆ ခဏ ခဏ ဖြစ်လေ့ရှိပါတယ်။ တစ်ခါတလေ သွေးထွက်သံယိုထိပါ ဖြစ်ခဲ့တာပါ။ တဖြည်းဖြည်း ကြီးလာတော့ ကလေးတွေလည်း ရလာတဲ့အခါ (သားတစ်ယောက်၊ သမီးတစ်ယောက်) စိတ်လည်း နည်းနည်း ငြိမ်လာပါတယ်။ ဘာသာရေးဘက်လည်း ယုံကြည် ကိုင်းရှိုင်းမှု ပိုလာတဲ့အတွက်ကြောင့် ထင်ပါရဲ့၊ အဲဒီလို မတော်တဆ ဖြစ်မှုတွေ လျော့နည်းလာပါတယ်။ အခုတော့ အလုပ်နဲ့ အကိုင်နဲ့ ဟန်ကျနေပါပြီ။

## မဝင်းမာမြင့် (ခ) မီးမီး

အထက်တစ်နေရာမှာတော့ သူ့အကြောင်း ရေးခဲ့ပြီးပါပြီ။ သူက ကျွန်တော့်ရဲ့ ခယ်မ အငယ်ဆုံးပါ။ ကျွန်တော်တို့ အိမ်ထောင်ပြုကတည်းက သူ့အစ်မကြီးနဲ့ မခွဲနိုင်ဘူးဆိုပြီး ကျွန်တော်တို့နဲ့ ပါလာတာပါ။ သူ့မိဘအရင်း အိမ်ကိုတောင် တစ်ညမှတောင် ပြန်မအိပ်ဖူးပါဘူး။ သူက ယောကျ်ားလေး တစ်ယောက်လို အားကိုးရတဲ့သူပါ။ ကျွန်တော့် သားသမီးတွေကိုလည်း အစ်မကြီးသဖွယ် အုပ်ထိန်းနိုင်တဲ့သူ ဖြစ်ပါတယ်။

၁၀ တန်းအောင်၊ ဘွဲ့ရပြီး ကုမ္ပဏီတစ်ခုမှာ အလုပ် လုပ်နေဆဲမှာ ကွယ်လွန်သွားတာပါ။ မကွယ်လွန်မီ တစ်ပတ်လောက် အလိုမှာ သူ့ရဲ့ မင်္ဂလာဆွမ်းကျွေး ဖိတ်စာတွေ ဝေပြီးပါပြီ။ သူ့ ကုမ္ပဏီက ဝန်ထမ်းတွေနဲ့ အတူ သကြန်မှာ ချောင်းသာ ကမ်းခြေ သွားလည်ခဲ့ရင်းနဲ့ ငှက်ဖျားမိလာတာပါ။ သာမန်ဖျားတာ အောက်မေ့ပြီး အိမ်သုံးဆေးတွေ သောက်ရင်းနဲ့ မသက်သာလို့ ဆေးရုံတင်တော့မှ ငှက်ဖျားရောဂါရမှန်း သိတာပါ။ မီးမီး ရေတိမ်နစ်ခဲ့တာပါ။

## ICRC ကမ္ဘာ့ ကြက်ခြေနီ အဖွဲ့

၁၉၉၉ ခုနှစ်၊ အောက်တိုဘာလမှာ ICRC အဖွဲ့ ရောက်လာပါတယ်။ အားလုံးသိတဲ့အတိုင်း အဲဒီအဖွဲ့ဟာ ကမ္ဘာမှာ အင်မတန် သိက္ခာမြင့်မားတဲ့ လူမှုရေး အဖွဲ့အစည်း ဖြစ်ပါတယ်။ ကမ္ဘာစစ်ကြီးတွေ ဖြစ်နေတဲ့ အခါမှာတောင် ရန်ပြုနေကြတဲ့ နိုင်ငံတွေက စစ်သုံ့ပန်းတွေ အချင်းချင်းရဲ့ စာတွေ ၊ လက်ဆောင် ပစ္စည်းတွေ ကိုပါ ဖလှယ်ခွင့် ရအောင် လုပ်ဆောင်ခဲ့တဲ့ အဖွဲ့အစည်းပါ။ အဲဒီ အဖွဲ့အစည်းရဲ့ ဦးစီးဦးဆောင်ပြုခဲ့တဲ့ "နိုက်တင်ဂေး" ၊ " ဟင်နရီ ဒူးနန့်" ဆိုတဲ့ နာမည်တွေကို ကျွန်တော်တို့ နိုင်ငံသားတွေ ယဉ်ပါးနေတဲ့ နာမည်တွေပါ။ လမ်းစဉ် ပါတီခေတ်က "ဟင်နရီ ဒူးနန့်ဆု" ကို မြန်မာနိုင်ငံသား "စိုင်းအောင်လှိုင်ဝင်း (ကွယ်လွန်)" က ဆွတ်ခူးခဲ့ဖူးပါတယ်။

ICRC အဖွဲ့ လာမယ်ဆိုတဲ့ သတင်းကြားတော့ ပထမတော့ ကျွန်တော် မယုံနိုင်ပါ။ မှန်နဲ့ အလုပ် လုပ်တဲ့ သိက္ခာရှိတဲ့ အဖွဲ့ကြီးမို့လား။ အာဏာ တည်မြဲဖို့ ဆိုရင် ဘာလုပ်ရ လုပ်ရ ဆိုတဲ့ နဝတ အစိုးရနဲ့ ဘယ်လိုများ အလုပ်ဖြစ်ကြမလဲလို့ တွေးမိလို့ဖြစ်ပါတယ်။ မြင်းခြံထောင်မှာ နိုင်ငံရေး အကျဉ်းသား "ဗထူးမောင်" ဆိုတာ ရှိပါတယ်။ (ဒေါ်ခင်ကြည် အသုဘတုန်းက အသွား ဒေါ်ခင်ကြည် အသက် ရာကျော် ရှည်ပါစေလို့ ကြွေးကြော်

ခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ သူ့အစ်မက ICRC ရဲ့ တာဝန်ခံ အရာရှိပါ။ "မနီလာဦး" လို့ ခေါ်ပါတယ်။ သူတို့ လာမယ့် အကြောင်းကို ထောင်ဝင်စာမှာ သူ့အစ်မ ပြောလို့ သိတဲ့ အတွက် ကျွန်တော်တို့ သတင်းရတာပါ။

သူတို့အဖွဲ့ တကယ် ရောက်လာပါပြီ။ လုံခြုံရေးအရ မြင်းခြံမြို့ပေါ် မှာ မတည်းပါဘူး။ ပုဂံ၊ ညောင်ဦးမှာ တည်းပြီး မြင်းခြံထောင်ကို လာကြတာပါ။ မြင်းခြံထောင်ကို သုံးရက် ဝင်သွားပါတယ်။ အဲဒီလို ဝင်တဲ့အခါမှာ ကျွန်တော်တို့နဲ့ တွေ့ဖို့ အခန်း တစ်ခန်းမှာ စီစဉ်ထားပါတယ်။ ကျွန်တော်တို့နဲ့ တွေ့နေတဲ့အချိန်မှာ ဘယ် ထောက်လှမ်းရေး၊ ဘယ်ထောင်ဝန်ထမ်းမှာ အနားကပ်ခွင့် မရှိပါဘူး။

ကျွန်တော်တို့တစ်တွေလည်း သုံးနှစ် နီးပါး တုတ်မိုးပြီး အုပ်ချုပ်ခံထားရတဲ့ အနေအထားကြောင့် ရင်ဖွင့်လိုက်ကြတာ ညနေ မှောင်တဲ့ အထိပါပဲ။ ကျွန်တော်ကတော့ တိုက်ရိုက် ပြောခဲ့ပေမဲ့ ကျန်တဲ့ ပုဂ္ဂိုလ် တွေကိုတော့ မနီလာနဲ့ ဗမာလိုတတ်တဲ့ ပြင်သစ် အမျိုးသမီး တစ်ဦးနဲ့ ဂျပန် အမျိုးသမီး တစ်ဦးတို့က ဘာသာ ပြန်ပေးပါတယ်။ တစ်ခါတွေ့ရင် ၁၀ ယောက် တစ်ဖွဲ့လောက် ဖြစ်တဲ့အတွက် သုံးရက် ကြာသွားတာပါ။

အကျဉ်းသား အားလုံးလိုလိုက မိမိတို့ရဲ့ ခံစားချက်တွေကို အားရပါးရ ပြောလိုက်တဲ့အတွက် ကျေနပ် သွားကြပါတယ်။ အဲဒီ တွေ့ဆုံမှုကြောင့် ကျွန်တော်တို့မှာ အများကြီး ထူးခြားတဲ့ အခွင့်အရေးများ ရလာပါ တယ်။ ထောင်ဝင်စာမှာ ကြပ်ခြင်း၊ ရစ်ခြင်းတွေ လျော့လာပါတယ်။ ရေချိုးတာ လွတ်လွတ်လပ်လပ် ရှိလာ ပါတယ်။ ထောင်ဖွင့်တာနဲ့ တစ်ပြိုင်နက် အခန်းတွေထဲကို ပြန်မသွင်းတော့ပဲ အပြင်မှာပဲ နေပြီး နေခွင့်ရပါတယ်။ စကားတွေ ပြောကြ၊ ငြင်းကြ၊ ခုန်ကြပေါ့။ တုတ်မိုးပြီး ရိုက်တဲ့ အလေ့ကတော့ လုံးဝ ပျောက်ကွယ်သွားပါပြီ။

ICRC ကြောင့် ပွင့်လင်းလာတဲ့ အခြေအနေတွေထဲက အကြိုက်ဆုံး အခွင့်အရေး နှစ်ခုရှိပါတယ်။ တစ်ခုကတော့ သတင်းစာ ဖတ်ခွင့်၊ စာအုပ် ဖတ်ခွင့်နဲ့ ပိုက်ကျော်ခြင်း ခတ်ခွင့်တို့ ဖြစ်ပါတယ်။ ကျွန်တော်က တော့ အဲဒီ အခွင့်အရေးတွေ အားလုံး အကျိုးရှိအောင် သုံးပါတယ်။ နဂိုကတည်းက အချိန်ရရင် ဝေါင်နေတာမျိုး မဖြစ်အောင် သတိနဲ့ နေနေတဲ့အတွက် အဲဒီ အခွင့်အရေးတွေ ရလာတဲ့ အခါ အချိန်တောင် မလောက်ချင် တော့ပါဘူး။ သို့သော်လည်းပဲ အဲဒီ အခွင့်အရေးဟာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ရလာတာ မဟုတ်ပါဘူး။ တတိ တတိနဲ့ တောင်းဆိုရယူခဲ့ရတာပါ။

## မောင်နှစ်မ နှစ်ယောက်ရဲ့ အဖြစ်

ကျွန်တော် အထက်တစ်နေရာမှာ အရိပ်အမြွက်မျှ ဖော်ပြခဲ့တဲ့ ICRC ရဲ့ ပြည်တွင်း တာဝန်ခံက မနီလာဦးပါ။ သူက သူ့မောင်အတွက် ပုံမှန် ထောင်ဝင်စာ လာပို့နေကျပါ။ အဲဒီမောင်ကတော့ ကျောင်းသား ခေါင်းဆောင် တစ်ဦးဖြစ်တဲ့ ဗထူးမောင် ဖြစ်ပါတယ်။ သူက ကျွန်တော်တို့ အရင်ကတည်းက မြင်းခြံထောင်ကို ရောက်နေသူ ပါ။ သူဟာ စရောက်ကတည်းက တပ်ထားတဲ့ သံခြေချင်းကို ရက်ပေါင်း ၃ဂဂ ကျော် ဖြုတ်မပေးဘဲ ထားခံရ သူပါ။ အင်းစိန် ထောင်ပိုင်ရဲ့ မှတ်ချက် အရလား၊ ဒီရောက်မှ ဖြစ်တဲ့ ကိစ္စကြောင့်လား ကျွန်တော် မသိပါ။

တကယ်တော့ သူတို့ မောင်နှမ နှစ်ယောက်ရဲ့ဇာတိက သာစည်ကပါ။ သူတို့ အဖေက မန္တလေးတိုင်း လက်ရွေးစင် ရှေ့တန်း တိုက်စစ်မှူး ကိုလှဖေပါ။ တိုင်းလက်ရွေးစင်အဖြစ် လေး-ငါးနှစ်လောက် အရွေးခံရတာ မှတ်မိပါတယ်။ မိတ္ထီလာ ပေါက်ချောင်းရပ် အားကစားကွင်းမှာ သူ့ မြို့နယ် ကိုယ်စားပြုပြီး ဘောလုံးကန်ခဲ့တာ ကျွန်တော် မကြာခဏ ကြည့်ခဲ့ရဖူးပါတယ်။ သူ့နေရာက ညာတောင်ပံ တိုက်စစ်မှူးပါ။ မန္တလေးတိုင်းမှာလည်း ညာတောင်ပံပါ။ သူနဲ့အတွဲက ရှေ့တန်း အလယ် တိုက်စစ်မှူး ကိုမာတင်ဖြစ်ပါတယ်။

ကိုမာတင်ဟာ အင်္ဂလိပ်ကပြားပါ။ Mr. Martin ပေါ့။ တိုင်းလက်ရွေးစင်ဘဝနဲ့ ကျွန်တော်ရဲ့ ကျောင်းနေဘက် သူငယ်ချင်း မဒွေးကြည်နဲ့ အိမ်ထောင်ကျခဲ့တာပါ။ မဒွေးကြည်၊ မဒွေးရီတို့ ညီအစ်မဟာ ကျွန်တော် ၁၀ တန်း ဒုတိယနှစ်တုန်းက တစ်ခန်းတည်းပါ။ သူတို့ ဖခင်ကတော့ မိတ္ထီလာမြို့ရဲ့ ဂုဏ်ထူးဆောင် မျိုးမြင့်နဲ့ ရွှေဗဟို ရုပ်ရှင်ရုံများ ပိုင်ရှင် ဦးပု ဖြစ်ပါတယ်။ တော်လှန်ရေး ကောင်စီ တက်လာတော့ အဲဒီ ရုပ်ရှင်ရုံတွေ ပြည်သူပိုင် အသိမ်းခံရတဲ့ အချိန်ကစပြီး ဦးပု မိသားစုရဲ့ စီးပွားရေး အခြေအနေတွေ နိမ့်ပါးသွားတာပါ။

မနီလာဦးနဲ့ ဗထူးမောင်တို့ရဲ့ ဖခင် ကိုလှဖေဟာ စိတ်ဓာတ် အင်မတန် ကောင်းပါတယ်။ ဘောလုံး ကစားရင်းနဲ့ သူ့ကို တခြားတစ်ယောက်က ညစ်တယ်ဆိုရင် ဘယ်တော့မှ ပြန်မလုပ်တာကို မှတ်မိနေပါတယ်။ ခန္ဓာကိုယ် ကြံ့ခိုင်တော့ တစ်ပါးသူ ဘယ်လိုပဲ ညစ်ညစ် ပြန်လည် တုံ့ပြန်လေ့မရှိပါဘူး။ မန္တလေးတိုင်း ဘောလုံးအသင်းမှာ သူတို့ ပါနေတဲ့ ကာလတွေမှာ ပြည်ထောင်စုဒိုင်းကို သုံးနှစ်ဆက်တိုက် ဆွတ်ခူးခဲ့ပါတယ်။ တိုင်းမှာ ပါတဲ့ တခြား ထင်ရှားတဲ့ မိတ္ထီလာသားတွေကတော့ နောက်တန်းက ကိုအုံးသွင် (ပေါက်ချောင်း ရပ်ကွက်) နဲ့ ကိုလွန်း (ရဲတပ်ဖွဲ့) တို့ ဖြစ်ပါတယ်။

အဲဒီခေတ်က တိုင်းနဲ့ပြည်နယ် ဘောလုံးပွဲတွေကို ရေဒီယိုနဲ့ ကြေညာလေ့ရှိပါတယ်။ ဂိုးသွင်းတဲ့ အခါ တိုင်း "လှဖေက ညာတောင်ပံက တင်လိုက်တဲ့ ဘောလုံးကို မာတင်က လှလှပပလေး ဂိုးသွင်းယူသွားပါတယ်" ဆိုတာ ကြားနေကျပါ။ အလားတူပဲ "နောက်တန်းက အုံးသွင်ကြီး ကန်လိုက်တာဗျာ၊ တစ်ဖက်အသင်း ကွင်းလယ်ကောင်ထိ ရောက်သွားပါတယ်" ဆိုတဲ့ ရေဒီယိုမှာ ကြေညာသံတွေကို ဒီနေ့အထိ ကြားယောင်နေ ဆဲပါ။ ကြုံလို့ ရေးပြရရင် မကွေးတိုင်းနဲ့ ဘော်လုံး ကန်တဲ့အခါ ကြေညာသူက လောကြီးပြီး "တစ်ဖက်အသင်းက သွင်းလိုက်တဲ့ ဘောလုံးကို မဂိုး- ဝွေးသမားက လှလှပပ ဖမ်းသွားပါတယ်" ဆိုတဲ့ စကားကို ခုထိ မှတ်မိနေဆဲပါ။

ကိုင်း၊ အဲဒီ မောင်နှမ အကြောင်း ပြန်စရရင် မြင်းခြံထောင်ကို ICRC ဝင်လာတဲ့အခါ အစ်မက အဲဒီ အဖွဲ့ကို ခေါ်လာတယ်၊ မောင်အရင်း ဖြစ်သူက ထောင်ထဲမှာ ရှိနေတယ်ဆိုတဲ့ အဖြစ်ဟာ ဝတ္ထုဆန် လွန်းလှ ချည့်လို့ အားလုံးက မှတ်ချက်ပြုကြပါတယ်။ ICRC ဝင်တဲ့ သုံးရက်လုံးမှာ မောင်နဲ့ အစ်မ တွေ့နေသော်လည်း စည်းကမ်းအရ နှုတ်ဆက်ရုံကလွဲလို့ စကားမပြောကြရပါ။ ICRC အဖွဲ့ ပြန်ပြီးမှသာ အစ်မက ချန်နေခဲ့ပြီး သူ့မောင်ကို ထောင်ဝင်စာ လာတွေ့ရပါတယ်။ ဖြစ်ပုံက။

## ICRC ရဲ့ မနှင်းဆီ

ဒါလေးတော့ ရေးဖြစ်အောင် ရေးပြပါရစေ။ သူတို့အဖွဲ့ စရောက်ရောက်ခြင်း ကျွန်တော်တို့နဲ့ တစ်ခုတဝေး မတွေ့ရခင် ထောင်ပိုင် ဦးဆောင်ပြီး ခေါ် လာပါတယ်။ အခန်းတိုင်း ရှေ့မှာ ရပ်ပြီး နှုတ်ဆက်ပါတယ်။ အဖွဲ့ဝင် ငါးယောက်လောက် ပါပါတယ်။ အဲဒီထဲက တစ်ယောက်က ပြင်သစ်နိုင်ငံသူလို့ နောက်မှသိရတဲ့ ဗမာ နာမည် ယူထားတဲ့ မနှင်းဆီ ဆိုတဲ့ အမျိုးသမီးပါ။ ကျွန်တော့် အခန်းရှေ့ သူ လာရပ်တော့ "အားလားလား.... လှလိုက်တာ" လို့ ပြောထွက်ရလောက်အောင်ပါပဲ။

ကြည့်ဦးလေ၊ သူက ဗမာ ရင်ဖုံး အင်္ကျီ လက်ရှည် အနီရောင်၊ လုံချည်ကတော့ အနီ အောက်ခံမှာ အဝါရောင် ချိတ်ထဘီ ဝတ်ထားပါတယ်။ ဖိနပ်ကတော့ အနီရောင် ကတ္တီပါ ပုံတော်ဖိနပ်နဲ့ပါ။ သူ့ရဲ့ အလှကို အထူး ပေါ်လွင်စေတာက အနီရောင် ပုသိမ်ထီးလေးနဲ့ပါ။ မိန်းမဆိုရင် ကိုယ့်မိသားစုတွေက လွဲလို့ ရက်ရှည်လများ မတွေ့ရဘူးတဲ့ အကျဉ်းသား အားလုံးလိုလို မနှင်းဆီရဲ့ အလှအပကို အသိအမှတ် မပြုသူ မရှိသလောက်ပါ။ တချို့ဆို အငမ်းမရ ဖြစ်ခဲ့ကြပါတယ်။

ပြီးတော့သူက နိုင်ငံခြား ဘာသာသင် တက္ကသိုလ်မှာ မြန်မာစာ အဓိကနဲ့ ဘွဲ့ယူထားသူပါတဲ့။ ကျွန်တော်တို့ အဖွဲ့နဲ့ တွေ့တဲ့ အုပ်စုမှာ ပါမလာပါဘူး။ ဒါ့ကြောင့် ကျွန်တော်နဲ့ မိတ်ဆက်ခွင့် စကားပြောခွင့် မရခဲ့ပါဘူး။ သူနဲ့ တွေ့ခွင့်ရတဲ့သူတွေကတော့ ကံကောင်းတာပေါ့။ နှစ်ရှည်လများ ထောင်ထဲမှာနေရတဲ့ နိုင်ငံရေး အကျဉ်းသားတွေအတွက် ဘာမှ လက်တွေ့မကျပေမဲ့ တစ်စုံတစ်ခုသော စိတ်သက်သာရာရစေမယ့် ထွက်ပေါက်ပေါ့။

## မြင်းခြံထောင်ကို ဘာ့ကြောင့် ပုံစံထောင်အဖြစ် ပြောင်းရသလဲ

အဓိက အကြောင်းအရင်းက ၁၉၉၀ ခုနှစ်၊ မေလ ရွေးကောက်ပွဲပါ။ ရွေးကောက်ပွဲမှာ NLD အပြတ်အသတ် နိုင်သွားတဲ့ အခါမှာ မြင်းခြံ တစ်မြို့လုံးကရော၊ ထောင်ဝန်ထမ်း အားလုံးလိုလိုကရော NLD အစိုးရ တက်တော့မယ်လို့ မှတ်ယူကြပါတယ်။ ရန်ကုန်နဲ့ ဝေးတော့ နိုင်ငံရေး မိုးလေဝသကို မဖတ်တတ်ကြဘူးလေ။ ဒါ့ကြောင့် ထောင်ဝန်ထမ်းတွေက နိုင်ငံရေး အကျဉ်းသားများကို ပျော့ပျော့ပြောင်းပြောင်း ဆက်ဆံလာပါတယ်။ အခွင့်အရေးတွေလည်း အများကြီး ပိုပေးပါတယ်။ ဘယ်လောက်ထိ အခွင့်အရေးတွေ ရကြသလဲဆိုရင် ကိုယ်ကြိုက်တဲ့ သတင်းစာ ဂျာနယ်တွေကို ကြိုက်သလိုမှာပြီး ဖတ်ခွင့်ရှိပါတယ်။ ထောင်ထဲ ရောက်အောင် သွင်းခကတော့ ပေးရတာပေါ့။

ထောင်ထဲမှာ ကိုယ့်စိတ်ကြိုက် ထမင်းဟင်းတွေ ချက်စားကြပါတယ်။ တိုက်အပြင်မှာ ရှိတဲ့ မြေကွက်လပ်တွေမှာ မီးဖိုတွေလုပ်ပြီးတော့ ချက်ကြပါသတဲ့။ အဲဒီလို လွတ်လပ်လာတာနဲ့အမျှ နိုင်ငံရေး ဆွေးနွေးပွဲတွေ ငြင်းခုန်မှုတွေ ဖြစ်လာပါတယ်။ အဲဒီလို ဖြစ်လာတာတွေဟာ လပိုင်းမက နှစ်နဲ့ချီပြီး ဖြစ်လာပါတယ်။ ပြဿနာက အစားအသောက်တွေ၊ စာအုပ်တွေကြောင့် မဟုတ်ပါဘူး။ နိုင်ငံရေး အငြင်းအခုံတွေက စတာပါ။ သိကြတဲ့အတိုင်းပဲ နိုင်ငံရေး အကျဉ်းသားတွေထဲမှာ NLD ပါတယ်၊ ဗကပ ယူဂျီတွေ ပါတယ်၊ ကျောင်းသားတွေ ပါတယ်။ ကျောင်းသား ဆိုရာမှာလည်း လူ့ဘောင်သစ်၊ မကသ၊ ဗကသ အစုံ ပါတယ်။ ပြီးတော့ ဗိုလ်မှူးကြီး စဝ်ငွေသောင်လို တိုင်းရင်းသားတွေလည်း ပါပါတယ်။

အဲဒီတော့ နိုင်ငံရေး အငြင်းအခုံ ဖြစ်ပြီဆိုရင် ကျွန်တော်တို့ NLD က လူတွေက အထက်စီးကပေါ့။ ရွေးကောက်ပွဲလည်း နိုင်ထားတယ်မို့လား။ NLD အုပ်စုက အစွာဆုံးကတော့ အင်းစိန်က အောင်မြင့် (ဓ) ညြဗ။ သူက ရွေးကောက်ပွဲ မလုပ်မီ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်လို့ သီးသန့်စာဖြန့်လို့ အဖမ်းခံရတာပါ။ သူ ထောင်ထဲရောက်တော့ ၅ တိုက်မှာပါ။ ကျွန်တော်ကလည်း သုံးလေးလလောက် ၅ တိုက်မှာ နေတုန်း တွေ့လိုက်ရပါသေးတယ်။

## တိုင်စာပို့ပြီ

အငြင်းအခုံတွေက နေ့စဉ်ဆက်တိုက် ဖြစ်လာတော့ အခြေအနေတွေက တင်းမာလာပါတယ်။ ပဋိပက္ခဖြစ်တဲ့ အထိတော့ မရောက်ပါ။ ဒါပေမဲ့ မခံချင်တဲ့ ပုဂ္ဂိုလ် တချို့က သူတို့နဲ့ ခင်တဲ့ ဝန်ထမ်းက တစ်ဆင့် မြင်းခြံမှာရှိတဲ့ ထောက်လှမ်းရေး တစ်ဖွဲ့ကို တိုင်စာ ပို့ပါတော့တယ်။ တိုင်စာမှာ ထောင်တွင်း စည်းကမ်းတွေ ပျက်နေကြကြောင်း။ ထောင်က ဝေတဲ့ အစားအသောက်တင်မက ထောင်ထဲမှာ မိမိတို့ဘာသာ စိတ်ကြိုက် ချက်စားနေကြကြောင်း၊ (ကိုယ့်ဘာသာ ချက်စားတယ် ဆိုတဲ့ အဓိပ္ပာယ်က မီးဖိုတွေ ရှိတယ် ဆိုတဲ့သဘော၊ စည်းကမ်းနဲ့ လုံးဝ မညီပါ)၊ အတွင်းနဲ့ အပြင် လွယ်လွယ်ကူကူ စာဆက်သွယ်လို့ ရနေကြောင်း စတဲ့အချက်တွေ ပါတယ်လို့ သိရပါတယ်။

အဲဒီလို တိုင်စာကြောင့် (ကျွန်တော့် မှန်းဆချက်) စစ်ရုံး ကက (လှမ်း) ရဲ့ အစီအစဉ်နဲ့ မြင်းခြံထောင်ကို စစ်ဆေးရေးအဖွဲ့ ဝင်ပါတော့တယ်။ အဲဒီအချိန်မှာ ရွေးကောက်ပွဲ နိုင်ပေမဲ့ အာဏာမလွှဲတော့ဘူး ဆိုတဲ့ အကြောင်း သူတို့ဘာသာ ဆုံးဖြတ်ပြီးချိန် ဖြစ်ပါမယ်။ အဲဒီအခါမှာ တိုင်တဲ့လူတွေကို ခေါ်စစ်ပြီး အစား အသောက် ကိစ္စ၊ စာအပေးအယူ ကိစ္စ၊ သတင်းစာ ဂျာနယ်တွေသာမက နိုင်ငံခြား စာစောင်တွေဖြစ်တဲ့ Time/ Newsweek စတဲ့ မဂ္ဂဇင်းတွေကိုပါ အလျှံပယ် ဖြစ်နေတဲ့အကြောင်းတွေ ပေါ်လွင်သွားပါတယ်။

အဲဒီအဖွဲ့ရဲ့ တွေ့ရှိချက်တွေကို မူတည်ပြီး တချို့ကို နောက်တစ်မှုနဲ့ တရားစွဲပြီး ထောင်ဒဏ် နှစ်နှစ် သုံးနှစ် တိုးလိုက်ပါတယ်။ တချို့တော့ ထောင်ပြောင်းလိုက်ပါတယ်။ အဲဒီမှာ အောင်မြင့် (၈) ဩဇာလည်း ထောင်ပြောင်းထဲ ပါသွားပါတယ်။ ထောင်က လွတ်တော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြံထဲမှာ လုံခြုံရေး တာဝန်နဲ့ ဝေယျာဝစ္စတွေ လုပ်ရင်းနဲ့ အစွန်းရောက်တာတွေ ဖြစ်လာလို့ သူ့ကို အင်းစိန် မြို့နယ် လူငယ်ကို ပြန်ပို့လိုက်ပါတယ်။ သူ့ရဲ့ နိုင်ငံရေးအမြင်က ပြင်းထန်လွန်းတဲ့ အတွက် မြို့နယ်မှာလည်း အဆင်မပြေပါ။ ဒါ့ကြောင့် သူဟာ နိုင်ငံရေး လှုပ်ရှားမှုထဲမှာ မပါတော့ဘဲ အပြင်မှာပဲ နေပါတော့တယ်။

နာမည်ကြီး ဗေဒင် လက္ခဏာ ဆရာ စံဇာကီဘိုနဲ့က တစ်မြို့နယ်တည်းချင်း ဖြစ်သလို ထောင်ထဲ မှာလည်း ဆုံခဲ့ဖူးတဲ့အခါ ဗိုလ်စံက အောင်မြင့်ကို သူ့ရဲ့ ရုံးအဖွဲ့ သဘောမျိုး ခန့်ထားပြီးတော့ စောင့်ရှောက် ထားပါတယ်။ ဇာတိက အငြိမ်မနေပါ။ အရက်ကို မိုးလင်းမိုးချုပ် သောက်လာပါတယ်။ ဒီ့အပြင် နောက်မိန်းမက ထပ်ယူလိုက်သေးတယ်။ အင်းစိန် ဘီပီအိုင်က ဝန်ထမ်းမလေး တစ်ယောက်ပါ။ အိမ်ထောင် နှစ်ဆက်လုံးနဲ့ ကလေးတွေ ရှိပါတယ်။ ထုံးစံအတိုင်း အရက်ဆိုတာ "မအိုဆေး" လေ။ အောင်မြင် တစ်ယောက် ငယ်ငယ် ရွယ်ရွယ်နဲ့ ဆုံးပါးသွားခဲ့ပါတယ်။

## ကျွန်တော့်ရဲ့ ကျန်းမာရေး

ကျွန်တော် မြင်းခြံထောင် ရောက်တော့ ၅၅ နှစ် ရှိနေပါပြီ။ အရင်ထောင်မှာ နေခဲ့ရတဲ့ ဒဏ်တွေနဲ့ မြင်းခြံထောင် ရဲ့ ဖိနှိပ်တဲ့ ဒဏ်တွေကြောင့် ဖြစ်ပါလိမ့်မယ်။ ကျန်းမာရေး ချို့တဲ့စပြုလာပါပြီ။ ပထမ ခေါင်းတစ်ခြမ်း ကိုက်ပါ တယ်။ တဖြည်းဖြည်းနဲ့ ဘယ်ဘက် တစ်ခြမ်း ကိုက်လိုက်၊ ညာဘက် တစ်ခြမ်း ကိုက်လိုက်၊ တစ်ခါတလေ တစ်ခေါင်းလုံး ကိုက်လိုက်၊ တစ်ခါတလေကျတော့ တစ်ခေါင်းလုံးကို သံပြားကြီးနဲ့ ညှပ်ထားသလို ဖြစ်လိုက် ဖြစ်ပါတယ်။

ထုံးစံအတိုင်း ထောင်ဆရာဝန်တွေက နိုင်ငံရေး အကျဉ်းသမားတွေ ဆိုရင် ဂရုတစိုက် ဆေးဝါး ကုသမှု မရှိပါဘူး။ ထောက်လှမ်းရေး ဆရာကြီးများက တမင်သက်သက် ညွှန်ကြားထားဟန် တူပါတယ်။ ဆေးတွေ တော့ ပေးပါတယ်၊ မသက်သာပါဘူး။ ထောင်ဝင်စာတိုင်းလိုလို ကျွန်တော့် နံပါတ် ၈ ညီ ဒေါက်တာ နိုင်လင်း ပါလာလေ့ရှိတော့ သူပေးတဲ့ ဆေးတွေနဲ့ သက်သာပါတယ်။ နောက်ဆုံး စာစောင်တွေ ဖတ်ရတဲ့အခါ ကြော်ငြာ တွေထဲက ပါတဲ့ ဗမာဆေး "စကြာမင်း" နဲ့ ကျမှ လုံးဝ သက်သာလာပါတော့တယ်။

ကြော်ငြာပေးသလို ဖြစ်ပေမဲ့ မတတ်နိုင်ဘူးလေ၊ အခုလည်း တစ်ခါတလေ ရောဂါ ပြန်ထလာပါတယ်။ ဥပမာ- အိပ်မလို့ ခုတင်ပေါ် လှဲလိုက်ပြီ ဆိုရင် တစ်အိမ်လုံး ချာချာလည်သွားတာမျိုး၊ အိပ်ရာက ထလိုက်မယ် ဆိုရင် အဲဒီလို ဖြစ်တာမျိုး ဖြစ်လာတဲ့အခါ အဲဒီဆေး သုံး-လေးရက် သောက်တာနဲ့ ပျောက်သွားပါ။ မိုဒီ ကြော်ငြာသလိုတောင် ခေါ်လို့ရပါတယ်။ အခုတော့ အဲဒီဆေးကို လိုရမည်ရ ဆောင်ထားရပါတယ်။

## ပိုက်ကျော်ခြင်း

ကျွန်တော်တို့ကို ပိုက်ကျော်ခြင်း ခွင့်ပြုတာကလဲ ချက်ချင်းတော့ ဒီအခွင့်အရေး ရတာ မဟုတ်ပါဘူး။ ကျွန်တော် အထက်မှာ ပြောခဲ့သလို တင်ပြ တောင်းဆိုမှုအရ သော်လည်းကောင်း၊ အစာအငတ်ခံ ဆန္ဒပြမှုများ ကြောင့် သော်လည်းကောင်း၊ တစ်စ တစ်စ ရလာတဲ့ အခွင့်အရေး တစ်ခု ဖြစ်ပါတယ်။ ထောင်ကျနေတဲ့ ကျောင်းသား လူငယ်တွေအတွက်တော့ ကျန်းမာရေး အထောက်အကူ အများကြီး ဖြစ်စေပါတယ်။ ကျွန်တော် က လူကြီး အနေနဲ့ အလောင်းအစား မလုပ်သင့်ကြောင်း အကြံပေးတဲ့အခါ သူတို့ လက်ခံကြပါတယ်။

ကျွန်တော်ကလည်း ကျန်းမာရေး အတွက် ရည်ရွယ်ပြီး နေ့စဉ် သုံးပွဲ ကစားပါတယ်။ အဲဒီလို သုံးပွဲ ကစားတဲ့ အတွက်ကြောင့် ချွေးတွေ ပြိုက်ပြိုက်ထွက်ပါတယ်။ ဒါပေမဲ့ ပြဿနာက ကျွန်တော် ၁၉၆၄ ခုနှစ် ထဲမှာ ကားတိုက်လို့ ရခဲ့တဲ့ ဒူးဒဏ်ရာဟာ ပြန်ပေါ်လာပါတယ်။ ဒဏ်ရာက နာလာရုံတင်မက ဒူးကပါ ရောင်လာပါတယ်။ တစ်လလောက်ပဲ ကစားပြီး ဒူးက မခံမရပ်နိုင် နာပြီး ရောင်ကိုင်းလာတဲ့ အခါကျတော့ ရပ်လိုက်ရပါတယ်။ နှစ်ပေါင်း ၅၀ ကျော်မှ ပြန်ပေါ်လာတဲ့ ဒဏ်ရာပါ။

ဒူးရောင်တာကို တဖြည်းဖြည်း လိမ်းဆေး၊ စားဆေးတွေနဲ့ ငြိမ်ငြိမ်လေး နေလိုက်တော့ တစ်လ အကျော်မှာ သက်သာလာပါတယ်။ အဲဒီအခါ ကျွန်တော့ ကျန်းမာရေးအတွက် လမ်းလျှောက်တာကိုပဲ အား ကိုးရပါတယ်။ ဒါကြောင့် ကျွန်တော် တစ်နေ့ကို အနည်းဆုံး ခြေလှမ်း ၈၀၀၀၊ အများဆုံး ခြေလှမ်း ၁၀၀၀၀ လျှောက်ဖို့ လိုမယ်လို့ တွက်ဆမိပါတယ်။ အဲဒီတော့ ကျွန်တော် လမ်းလျှောက်ပါတယ်။ ဘယ်လို လမ်းလျှောက် သလဲ ဆိုတော့ ပရိတ်ကြီး ၁၁ သုတ်နဲ့ မေတ္တာစကြာတို့ကို ရွတ်ရင် ခြေလှမ်း ၈၀၀ စီ၊ မဟာ သမယသုတ်နဲ့ ပဋ္ဌာန်း အကျယ်တို့ကို ရွတ်ရင် ခြေလှမ်း ၁၀၀၀ စီ တွက်လို့ရပါတယ်။ မနက်ကို တစ်ကြိမ်၊ ညနေ တစ်ကြိမ်နဲ့ အပို ဆောင်း တစ်ခုခု ရွတ်လိုက်တဲ့အခါ တစ်နေ့ကို ခြေလှမ်း ၈၀၀၀ နဲ့ ၁၀၀၀၀ ကြား ရပါ တယ်။

အစာအိမ် အရည်ပေါက် ရောဂါလည်း ဖြစ်လာပါတယ်။ သွေးတိုးကလည်း ဖြစ်လိုက်၊ မဖြစ်လိုက် အဲဒါ တွေကို ထိမ်းနိုင်အောင် ညီတော်မောင် ဒေါက်တာ နိုင်လင်းက အမြဲတမ်း ပို့ပေးနေပါတယ်။ အဲဒီလို ဆေးတွေ စားရင်းနဲ့လည်း တဖြည်းဖြည်း လူက ဝလာပါတယ်။ မြင်းခြံထောင်မှာ ကျွန်တော့်ရဲ့ ခန္ဓာကိုယ် အလေးချိန်ဟာ ပေါင် ၁၄၀ နဲ့ ၁၅၀ ကြား ရှိလာပါတယ်။ ကျွန်တော်ဟာ လမ်းလျှောက်ချိန် အပြင် လက်၊ ခါး၊ ခြေ လေ့ကျင့်ခန်း တွေလည်း လုပ်ပါတယ်။ နောက်ပြီး မနက် တစ်ကြိမ်၊ ညနေ တစ်ကြိမ် နံရံမှာ ကပ်ပြီး အုန်းပင်စိုက်ပါတယ်။ တစ်ခါ လုပ်ရင် ၁၀ မိနစ်လောက် ကြာပါတယ်။ အုန်းပင်စိုက်နေခိုက်မှာတော့ ပရိတ်ကြီးထဲက သုတ္တံ တစ်ခု မဟုတ် နှစ်ခုလောက် ရွတ်နေခဲ့ပါတယ်။

## အစာငတ်ခံ ဆန္ဒပြပွဲများ

ICRC ဝင်လာပြီး နောက်ပိုင်းမှာ အခွင့်အရေးတွေ ပိုရှိပြီးတော့ ရလာပါတယ်။ ဒါပေမဲ့ သိသိသာသာကြီး မဟုတ်ပါ။ သို့သော် ICRC နဲ့ သူတို့ အာဏာပိုင်တွေနဲ့ သဘောတူထားတဲ့ အချက်တွေတော့ ရှိမှာပါ။ ကျွန်တော်တို့က အတိအကျ မသိရပေမဲ့ မှန်းဆလို့ ရနိုင်ပါတယ်။ ဥပမာ- စာဖတ်ရေး ကိစ္စ။ ICRC ပြန်သွား ပြီးတဲ့နောက် ကျွန်တော်တို့ကို ဘာသာရေး စာအုပ်တွေ ခွင့်ပြုပါတယ်။ အစတော့ ကျွန်တော်တို့လည်း ရတဲ့ စာအုပ်တွေနဲ့ ဖတ်ပြီး ပျော်နေတာပေါ့။ ကျွန်တော်ဆိုရင် ဘာသာရေး စာအုပ်တွေ ရလာတာနဲ့ တစ်ပြိုင်နက် မေတ္တာစကြာ၊ ပဋ္ဌာန်းနဲ့ မဟာ သမယသုတ်တွေကို ကြိုးစားပြီး ရအောင် ကျက်ပါတယ်။

လူငယ်တွေကတော့ ဘာသာရေး စာအုပ် စာပေတွေကို ရက်တိုတိုနဲ့ ငြီးငွေ့သွားကြပြန် တူပါတယ်။ မကြာခင်မှာ ဂျာနယ်တို့၊ မဂ္ဂဇင်းတို့ သွင်းခွင့် လိုချင်လာကြပါတယ်။ ဒါ့ကြောင့် ထောင်ပိုင် တစ်ပတ် တစ်ခါ လှည့်တဲ့အခါမှာ သူတို့ လိုချင်တာကို တင်ပြကြပါတယ်။ မရပါ။ တစ်ခါ တင်ပြလည်း မရ၊ နှစ်ခါ တင်ပြလည်း မရ ဆိုတဲ့အခါ သူတို့ ဒေါပွလာကြပါတယ်။ အဲဒီအခါမှာ နာမည်တော့ မပြောတော့ပါဘူး။ လူငယ်တစ်ချို့က သူတို့ လိုချင်တာ မရရင် ဆန္ဒပြမယ်ဆိုတာ ဖြစ်လာပါတယ်။

သူတို့ အဲဒီလို မလုပ်ခင် ကျွန်တော် အပါအဝင် လူကြီးတစ်ချို့ကို တိုင်ပင်ကြပါတယ်။ ဦးခင်မောင်စိုး လည်း ပါမယ်ထင်ပါရဲ့။ ကျွန်တော် မမှတ်မိတော့ပါဘူး။ ကျွန်တော်ကတော့ သူတို့လုပ်မယ့် ကိစ္စကို တားလည်း မတားပါဘူး၊ လုပ်ပါလို့လည်း မတိုက်တွန်းပါဘူး။ သူတို့လုပ်တာ မှားဖို့ နည်းပြီး မှန်ဖို့ များပါတယ်။ ဒါပေမဲ့ ကျွန်တော့် အသက်အရွယ်နဲ့ ကျန်းမာရေး အခြေအနေအရ ကိုယ်က တိုက်တွန်းမိရင် အခက်အခဲ အကြပ် အတည်း ပေါ်တဲ့အချိန်မှာ ကျွန်တော် ထိုင်နေလို့မဖြစ်ပါဘူး။ ပါကို ပါရတော့မယ့် သဘောပါ။ မတားတာက တော့ သူတို့ရဲ့ ယုံကြည် တက်ကြွမှုတွေကို မပိတ်ပင်ချင်လို့ပါ။

## နည်းဗျူဟာများ

တစ်ခုတော့ အကြံပေးပါတယ်။ လူရွေးဖို့နဲ့ သတ်မှတ်ထားတဲ့ရက်မှာ ဘာမှဖြစ်မလာရင် နောက်က တပ်ကူ လိုက်ဖို့၊ ကျန်းမာရေးအတွက် ဓာတ်ဆားရည်နဲ့ ဆေးဝါးတွေ အသင့်ဆောင်ထားဖို့ ပြောပါတယ်။ အိန္ဒိယ နိုင်ငံ ခေါင်းဆောင် "မဟတ္တမ ဂန္ဒီ" အကြိမ်ကြိမ် အစာငတ်ခံစဉ်က အတွေ့ အကြုံတွေကို ကျွန်တော် ဖတ်ဖူးထား လို့ပါ။ ထောင်မှာက စည်းမျဉ်း သတ်မှတ်ချက်အရ နိုင်ငံရေး အကျဉ်းသားတွေ အစာငတ်ခံရင် ပြည်ထဲရေးကို ချက်ချင်း သတင်းပို့ရပါတယ်။ ပြည်ထဲရေးကလည်း ထောက်လှမ်းရေးကို ချက်ချင်း သတင်းပို့ရပါတယ်။ ဒါ ဆိုရင် သူတို့က အဖွဲ့တစ်ဖွဲ့ ဖွဲ့ပြီး သက်ဆိုင်ရာ ထောင်ကို စုံစမ်းဖို့ လွှတ်ရပါတယ်။

အဲဒီ စုံစမ်းရေးအဖွဲ့က အစာငတ်ခံ ဆန္ဒပြတဲ့သူတွေနဲ့ တွေ့ပြီး ဘာ့ကြောင့် ဆန္ဒပြတယ်၊ ဘာတွေ လိုချင်တယ် ဆိုတာ မေးမြန်းရပါတယ်။ သူတို့ကလည်း ထောင်ထဲမှာ သူတို့ ခံစားရသမျှတွေကို ပြောပြီး သူတို့ တောင်းဆိုချက်တွေနဲ့ ပတ်သက်လို့ အပေးအယူ လုပ်ကြရပါတယ်။ အဲဒီအခါမှာ များသောအားဖြင့် ထောင် အာဏာပိုင်တွေက ခွင့်ပြုရင်ဖြစ်ရဲ့သားနဲ့ ကိုယ့်ဖာသာကိုယ် တာဝန်ယူပြီး မဆုံးဖြတ်ဘဲ အထက်ကို တင်ပြတာမျိုးတွေ ကြုံရဖန်များပါတယ်။ အဲဒီအခါမှာ တကူးတက လာရတဲ့ အထက်လူကြီးများက "မင်းတို့ ဒါလောက်တောင် မဆုံးဖြတ်ရဲဘဲ နေကြသလား၊ ဘာလို့ တို့ဆီထိ တင်ပြရတာလဲ" ဆိုတဲ့ သဘောမျိုးတွေနဲ့ ဆူပူ ကြိမ်းမောင်းသွားတတ်ပါတယ်။

နိုင်ငံရေး အကျဉ်းသားတွေကလည်း အဲဒီလို အခွင့်အရေးတွေ တစ်ခုပြီး တစ်ခု တောင်းဆိုရင်း အစာ ငတ်ခံ ဆန္ဒပြတာတွေ များလာပါတယ်။ အဲဒီလို များလာသလို ရုံးချုပ်က အဖွဲ့တွေလည်း ခဏ ခဏ လာနေ ရပါတယ်။ အဲဒီတော့ အဆူအပူတွေ ခံရပြီပေါ့။ နောက်ပိုင်းမှာ ကျွန်တော်တို့ တောင်းဆိုသမျှ ဆိုရင် လိုက် လျောကြတာ များပါတယ်။ သတင်းစာတွေ ဝယ်လို့ရတယ်၊ ဂျာနယ်တွေ ဝယ်လို့ရတယ်၊ Times/ News-week တွေတင်မက အင်္ဂလိပ်ဘာသာနဲ့ ရေးထားတဲ့ ဝတ္ထုစာအုပ်တွေပါ သွင်းလို့ ရတယ်။ မိမိ အိမ်ကိုတင်မက မိတ်ဆွေတွေဆီလည်း လစဉ် စာရေးလို့ရပါတယ်။

ကျွန်တော်က ဒီအခွင့်အရေးကို အသုံးချပြီးတော့ ကျွန်တော်နဲ့ သိသမျှ၊ ခင်သမျှ တစ်နိုင်ငံလုံးက မိတ်ဆွေတွေထံကို ပုံမှန် မပြတ် စာရေးပါတော့တယ်။ ကျွန်တော့်စာကို ရတဲ့သူတွေထဲက လူနည်းစုကတော့

ကြောက်စိတ်ဝင်ကြပေမဲ့ အများစုကတော့ အမှတ်တရ သိမ်းထားကြတယ်လို့ ပြောပါတယ်။ ဘယ်လောက် ပွင့်လင်းသလည်း ဆိုလို့ရှိရင် ကိုယ့်အခန်းတွေမှာ ကိုယ် ဟင်းချက်စားလို့ ရနေပါပြီ။ လောင်စာ ပြဿနာက လည်း အေးဆေးပါ။ ပထမတော့ ထောင်ဝင်စာက ပါတဲ့ ပလတ်စတစ်တွေကို ပြောင်အောင်ဆေး၊ အခြောက်လှမ်းပြီး လောင်စာလုပ်ပါတယ်။ ကြာတော့ အဲဒီက ထွက်တဲ့ မီးခိုးနံ့ကို မခံနိုင်ကြပါ။

အဲဒီတော့ ဉာဏ်ကြီးရှင် တစ်ယောက်က ထောင်တွင်း လောင်စာတစ်ခု တီထွင်ပါတယ်။ (လိုအပ်ရင် ထောင်ထဲမှာ ဒီလို ဉာဏ်ကြီးရှင်တွေ ပေါ်လာတတ်ပါတယ်။) အဲဒါက ထမင်းခြောက်ပါ။ ခါတိုင်းလို ထမင်းကို ပုံစံနဲ့ မဝေတော့ပါ။ ကြိုက်သလောက်ယူ စနစ် ဖြစ်လာတော့ ထမင်းတွေ ပိုယူ၊ ပိုတဲ့ ထမင်းတွေကို အခြောက် လှမ်း၊ အဲဒီ ထမင်းခြောက်တွေက လောင်စာ ဖြစ်လာတာပါ။ တစ်ပတ်တစ်ခါ ဈေးဝယ်ခွင့် ရတဲ့အတွက် လိုအပ်တဲ့ သား၊ ငါးနဲ့ အသီးအရွက်တွေ မှာပြီး ဟင်း ဖန်တီးကြပါတယ်။ တစ်ခါတလေ ထမင်းခြောက်တွေ ပိုလွန်းလို့ တိုက်ရဲ့ စတိုခန်းထဲမှာ ဝှက်ထားရပါတယ်။

## တစ်ကိုယ်တော် ဆန္ဒပြပွဲ

၂၀၀၂ ခုနှစ်လောက် ဖြစ်မယ် ထင်ပါတယ်။ အပြင်မှာတော့ နိုင်ငံရေး အခြေအနေ ဘယ်လို ရှိသလဲ မပြော တတ်ပါ။ မြင်းခြံထောင်မှာတော့ တော်တော် လွတ်လပ်လာပါပြီ။ ဒါ့ကြောင့်မို့ ထောင်ဝင်စာ လာတဲ့အချိန်မှာ ထောင်မှူးကို ပြောပြီး ခြင်ထောင် မှာပါတယ်။ နောက်လ ထောင်ဝင်စာမှာ ပါလာပါတယ်။ ၁၉၈၉ ခုနှစ် ထောင် ကျ ကတည်းက အဲဒီနေ့အထိ ဒီတိုင်းပဲ အိပ်လာခဲ့ရတာ၊ ညဆိုရင် ခြင်တွေ တဝီဝီနဲ့၊ အိပ်ရာက နိုးရင် မျက်နှာတွေရော၊ လက်တွေပါ ခြင်ကိုက်ရာတွေ ဗလပွနဲ့၊ အဲဒီတော့ ထောင်ထဲမှာ ခြင်ထောင်နဲ့ အိပ်ရတဲ့ အရသာ ဘယ်လောက်ထိ ထူးမယ်ဆိုတာ စာရှုသူများ စဉ်းစားသာကြည့်ကြပါတော့။

ဒါပေမဲ့ အဲဒီ ခြင်ထောင်နဲ့ အိပ်လိုက်ရတဲ့ စည်းစိမ် သုံး-လေးရက်ပဲခံ ပါတယ်။ ထောင်ပိတ်ပြီး အိပ်ရာ ဝင်တဲ့ အခါကျတော့မှ ထောင်မှူးကြီး တစ်ယောက် ခေါင်းဆောင်တဲ့ ဝန်ထမ်းတစ်ဖွဲ့ ရောက်လာပြီး ကျွန်တော့် ခြင်ထောင်ကို သိမ်းတယ်ဆိုပြီး သိမ်းသွားပါလေရော။ တကယ်တော့ ရှာဖွေရေး ဆိုတာ ထောင်မှာ သူ့အချိန်နဲ့ သူ လုပ်ရတာပါ။ ထောင်ပိတ်ပြီး အိပ်ရာဝင်ချိန်ကျမှ ပစ္စည်း လာသိမ်းတယ်ဆိုတာ အပြိုးတကြီး လုပ်တာ ဖြစ်ပါတယ်။

ပါလာတဲ့ ထောင်မှူးကြီးအကြောင်းကို ကျွန်တော် အပေါ်မှာ ရေးပြီးပါပြီ။ သူ ပြဿနာ ဖြစ်ပြီး ထွက်ရတော့ မိတ္ထီလာက ရပ်ကွက် တစ်ခုမှာ NLD ကို ဝင်ခဲ့သေးတယ်လေ။ အဲဒီလို ဝင်တဲ့အခါ သူက ပြောသေးတယ်၊ "မြင်းခြံထောင်မှာနေတုန်းက ဦးဝင်းထိန်က အကျဉ်းသား သူ့ကိုအများကြီးအကူအညီပေးခဲ့ ပါတယ်" တဲ့။ ဟာ.... ဟ။

ကျွန်တော်က သူတို့ ခြင်ထောင်သိမ်းသွားတဲ့ အချိန်ကစပြီး သူတို့ကို ပြောလိုက်ပါတယ်၊ "မနက်ဖြန် ခါက စပြီး အစာ မစားတော့ဘူး၊ ထောင်ပိုင်ကို ပြောလိုက်" လို့။ နောက်တစ်နေ့ မနက် ဆန်ပြုတ်ဝေတဲ့ အချိန်က စပြီး ကျွန်တော် ထောင်က ဝေတဲ့ အစားအသောက် မှန်သမျှ ဘာမှ မယူတော့ပါ။ ကျွန်တော့် အခန်းမှ ဒရှိတဲ့ စားစရာတွေကိုလည်း လက်ဖျားနဲ့တောင် မတို့တော့ပါ။ အိပ်ရာပေါ်ပဲ လှဲနေပြီး ဘေးနားမှာ သောက်ရေတစ်ခွက်ပဲ အဆင်သင့် ခပ်ထားပါတယ်။ ဆာရင် ရေသောက်ပေါ့။

ပထမ တစ်ရက်တော့ အေးအေးဆေးဆေးပါ။ ဒုတိယနေ့ကျတော့ ဆာလောင် မွတ်သိပ်မှုက ဆန္ဒပြ လာပါပြီ။ ဗိုက်ကလည်း တဗွီဗွီ မြည်နေပါပြီ။ ရေနဲ့ပဲ ဖြေသိမ့်လိုက်ပါတယ်။ မဟတ္တမ ဂန္ဒီ စာအုပ် ဖတ်ရစဉ်က

အင်္ဂလိပ် အစိုးရကို အစာငတ်ခံ ဆန္ဒပြတဲ့အခါ ဓာတ်ဆားရည် ပုလင်းတွေ အသင့် ဆောင်ထားတယ်လို့ ဖတ်ရဖူးပါတယ်။ အစာအိမ် မပျက်စီးအောင် ဖြစ်တယ်လို့ သိရပါတယ်။ တတိယနေ့ကျတဲ့ အခါကျတော့ သိသိသာသာ အားနည်းလာပါပြီ။ စကားပြောရင်လည်း အသံ သိပ်မထွက်တော့ပါဘူး။ တာဝန်ကျ ဝန်ထမ်းတွေ တစ်နာရီ တစ်ခါလောက် လာကြည့်တဲ့အခါ သူတို့ မေးတဲ့ အကြောင်းကို ဖြေရာမှာ အသံ မမာတော့ပါဘူး။

စတုတ္ထနေ့ကျတော့ နေ့ခင်း တစ်နာရီလောက်မှာ ကျွန်တော့်ကို လာခေါ်ပါတယ်။ ထောင်ပိုင်ကြီး ရုံးခန်းကိုပါ။ အဲဒီတုန်းက ထောင်ပိုင်က ဦးသောင်းညွန့်ပါ။ တပ်က ပြောင်းလာတဲ့ ပုဂ္ဂိုလ်ပါ။ သူ့အကြောင်းကို သီးသန့် ရေးပြပါဦးမယ်။ ထောင်ပိုင် ရုံးခန်းရောက်တော့ ထောက်လှမ်းရေးက ဗိုလ်မှူးချုပ် သန်းထွန်းပါ။ အရပ်ဝတ်နဲ့ပါ။ သူက ကျွန်တော် ဘာဖြစ်လို့ အစာငတ်ခံ ဆန္ဒပြရသလဲလို့ မေးပါတယ်။ သူနဲ့ ကျွန်တော် အကြိတ်အနယ် ငြင်းကြပါတယ်။ "မပေးနိုင်ဘူး - ပေးရမယ်" ပေါ့။ ကျွန်တော်ကလည်း အစာ မစားတာ ခံနိုင်ရည် ရှိပြီဆိုတော့ မလျှော့ပါ။

နောက်ဆုံး သူက ကျွန်တော့်ကို ခြင်ထောင် ခွင့်ပြုတော့မယ်လို့ ပြောတဲ့အခါ ကျွန်တော်က ကျွန်တော် တစ်ယောက်တည်းဆို မလိုချင်ဘူး၊ မူလ ထောင်အာဏာပိုင်တွေကို ကျွန်တော် တောင်းဆိုတာက "နိုင်ငံရေး အကျဉ်းသမား အားလုံး ခြင်ထောင် သွင်းခွင့်ပြုရန်" ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့် တစ်ယောက်တည်း ခြင်ထောင် ခွင့်ပြုတာမျိုးကို လက်မခံပါဘူးလို့ ပြန်ပြောလိုက်ပါတယ်။ နောက်ဆုံးတော့ သူက နိုင်ငံရေး အကျဉ်းသား အားလုံးအတွက် ခြင်ထောင်အစား အခန်းအားလုံး ခြင်ဆန်ခါ တပ်ပေးမယ် ဆိုရင်ရော လက်ခံ နိုင်မလားလို့ မေးပါတယ်။

ကျွန်တော် ရုပ်ချည်း စဉ်းစားလိုက်ရပါတယ်။ ငါ တောင်းတာ ပေးရင် ပေး၊ မပေးရင် အသေခံမယ် ဆိုပြီး ငြင်းရမလား၊ ခြင်ထောင်ကိစ္စနဲ့ အလျှော့မပေးဘဲ ဆက်ပြီး အစာငတ်ခံခြင်းအားဖြင့် အသက်ဆုံးရင် ဆုံး၊ မဆုံးရင် ကျန်းမာရေး အကြီးအကျယ် ထိခိုက်တဲ့အထိ တင်းခံမလား၊ ဒါမှမဟုတ် သူပြောတဲ့အတိုင်း လက်ခံလိုက်ရင် အကျဉ်းသားအားလုံးအကျိုးရှိမှာမို့လို့ လက်ခံသင့်သလားစသဖြင့် စက္ကန့်ပိုင်းလေးအတွင်းမှာ ကျွန်တော့်အတွေးတွေ ယောက်ယက်ခတ်နေပါတယ်။

နောက်ဆုံး အကျဉ်းသား အားလုံးလည်း အကျိုးရှိမယ်။ သူ့ဘက်က လိုက်လျောတာလည်း ထင်ရှား တယ် ဆိုတဲ့ အသိနဲ့ "ခြင်ဆန်ခါ တပ်ပေးမယ်ဆို ဘယ်တော့ စမှာလည်း" လို့ မေးတဲ့အခါမှာ သူက နှစ်ရက် သုံးရက်အတွင်း ဖြစ်စေရမယ်လို့ ပြန်ဖြေတဲ့ အခါမှာ ကျွန်တော်က "ကောင်းပြီ၊ ဒီနေ့ စပြီး အစာ စားတော့ မယ်" လို့ ပြောပြီး ဘေးနားမှာ ထိုင်နေတဲ့ ထောင်ပိုင်ကြီးကို "ဒီနေ့က စပြီး ကျွန်တော့်ကို နောက် သုံး-လေး ရက် ဆက်တိုက် ဆန်ပြုတ်ပဲ စီစဉ်ပေးပါ" လို့ ပြောပြီး အခန်းကို ပြန်ခဲ့ပါတယ်။

## ခြင်လုံဆန်ခါတွေ တပ်ပြီ

ဟုတ်ပါတယ်။ နောက် ရက်အနည်းငယ်က စပြီးတော့ အဆောင်တွေမှာ နေတဲ့ အကျဉ်းသား လက်သမား အဖွဲ့တွေ လိုအပ်တဲ့ သစ်တွေနဲ့အတူ ရောက်လာပြီး လုပ်ငန်းတွေ စကြပါတော့တယ်။ ကျွန်တော်ကလည်း နီးစပ်ရာ ဘော်ဒါတွေကို အစာငတ်ခံတဲ့ အကြောင်း၊ ထောက်လှမ်းရေးက ပုဂ္ဂိုလ်နဲ့ အပေးအယူ အငြင်းအခုံ လုပ်တဲ့ အကြောင်းတွေ ပြန်လည် ပြောပြရပါတယ်။ ကျွန်တဲ့သူတွေကိုတော့ ရှင်းမပြတော့ပါဘူး။ အဲဒီအချိန်မှာ ထောင်ထဲမှာ လွတ်လပ်မှုတွေ ရှိလာရင် ဖြစ်လေ့ဖြစ်ထရှိတဲ့ အုပ်စုကွဲတာလေးတွေ ဖြစ်နေပါပြီ။ အင်္ဂလိပ်လို ဆိုရင်တော့ Polarization ပေါ့။

နောက်နှစ်ပတ်လောက် ကြာတဲ့အခါမှာ ခြင်လုံ သံဆန်ခါများ အားလုံး တပ်ပြီးပါပြီ။ ညနေ အိပ်ချိန် ရောက်ရင် ခြင်လုံဆန်ခါတွေက ပတ္တာနဲ့မို့ သူတို့ကို ဖွင့်လိုက်ပြီး တစ်ခန်းလုံးမှာ ရှိတဲ့ ခြင်တွေကို အိပ်ရာခင်း တွေနဲ့ တစ်ခန်းလုံး ခါထုတ်ပါတယ်။ တစ်ကြိမ်လုပ်၊ နှစ်ကြိမ်လုပ် ဆိုတော့ ခြင်တွေ တော်တော်များများ ပါးသွားပါပြီ။ ခြင်ထောင်နဲ့ မဟုတ်သော်လည်းပဲ ခြင်ရဲ့ နှောင့်ယှက်မှုကင်းကင်းနဲ့ အိပ်ရတဲ့ အရသာကို ကိုယ်တွေ့ကြုံဖူးတဲ့ သူတွေမှ သိကြမှာပါ။

## ရေလောင်း အိမ်သာ ရပြီ

ကျွန်တော်တို့ နိုင်ငံရေး အကျဉ်းသားတွေ ထားတဲ့ တိုက်ခန်းတွေမှာ စောစောပိုင်းကတော့ ကျွန်တော် ရေးပြခဲ့သလို တုတ်နဲ့ မိုးပြီးတော့ တင်းတင်းကြပ်ကြပ် အုပ်ချုပ်ခဲ့ပါတယ်။ ICRC ဝင်ပြီး နောက်ပိုင်းမှာ တစ်စ တစ်စ လွတ်လပ်ခဲ့တော့ ပိုက်ကျော်ခြင်းတွေ ခတ်၊ စာအုပ်တွေ ဖတ်၊ စာတွေ ရေး၊ ညဆိုလည်း သီချင်း တကျော်ကျော်နဲ့ ဆိုတော့ မုဒိတာစိတ်နဲ့ ဝမ်းသာတဲ့လူတွေ ရှိသလို ဒီလို အနေအထားမျိုးကို မလိုလားတဲ့ ဝန်ထမ်း တချို့လည်း ရှိပါတယ်။ အဲဒီထက် ဆိုးတာက ထောင်အရာရှိလို့ သတ်မှတ်ထားတဲ့ တန်းစီး၊ စည်းကမ်းထိန်းတို့က သူတို့မှာ အရင်ကလို အာဏာ မရှိတော့ တတ်နိုင်သမျှ ညစ်ခြင်း၊ ရစ်ခြင်းတွေ လုပ်ခဲ့ ပါတယ်။

အခုပြောမယ့် ကိစ္စတစ်ခုကတော့ ICRC အကြိမ်ကြိမ် ဝင်ရောက်ခဲ့ခြင်းရဲ့ ရလဒ်အဖြစ် တိုက်ခန်းတွေ ရဲ့ ဝင်းအတွင်းမှာ ရေလောင်းအိမ်သာ ဆောက်ပေးခဲ့ပါတယ်။ ထောင်ဖွင့်ပြီ ဆိုတာနဲ့ ကျွန်တော်တို့တစ်တွေ အလုညကျ ရေလောင်းအိမ်သာ တက်ကြပါတယ်။ လူ့သဘာဝကတော့ အဆန်းသား၊ ရေလောင်းအိမ်သာတွေ မရှိခင်တုန်းကတော့ အခန်းထဲမှာတင် ဂန်ဖလားနဲ့ သွားကြပါတယ်။ ရေလောင်းအိမ်သာ ပေါ်လာပြန်တော့ လည်း အောင့်အည်းထားလို့ရသဗျ။ တန်းဖွင့်တော့မှ အလုညကျ အိမ်သာတက်ရပြန်တော့လည်း ဟုတ်လို့။

## ဆုံးမစရာ ကိစ္စတစ်ခု ပေါ်လာပြီ

အဲဒီအချိန်မှာ တန်းစီးက ကျောက်ပန်းတောင်းသား တစ်ယောက်ပါ။ သူက အသားညိုညို၊ အရပ်ထောင်ထောင် မောင်းမောင်းနဲ့ပါ။ အရင်တစ်ခါ ထောင်ကျတုန်းကလည်း ကျွန်တော်တို့ တိုက်မှာ တန်းစီး လုပ်သွားပါတယ်။ သူ နှစ်စေ့လို့ လွတ်သွားပါတယ်။ တစ်နှစ်ခွဲလောက် ကြာတော့ လူသတ်မှု ထပ်ဖြစ်ပြီး ထောင်ဒဏ် ၁ဂ နှစ် ထင်ပါရဲ့။ ထောင်ကျပြန်ပါတယ်။ ကျွန်တော်တို့ တိုက်မှာ တန်းစီး လာလုပ်ပြန်ပါတယ်။

သူ အရင်တစ်ခါ တန်းစီးတုန်းက ကျွန်တော်တို့ တိုက်က တင်းကြပ်နေတဲ့အချိန်။ သူ ဒီတစ်ခေါက် ပြန်လာတော့ အင်မတန် လွတ်လပ်တဲ့ အချိန်။ အရင်တစ်ခေါက်လို စားသာမလားလို့ တန်းစီး လာလုပ်ပါတယ်။ သူ့အတွက် မချောင်တဲ့ အနေအထား ဖြစ်နေတယ်ဆိုတာ တွေ့နေရပါတယ်။ ဒါပေမဲ့ သူ အောင့်သက်သက်နဲ့ ဆက်ပြီး တန်းစီး လုပ်နေရပါတယ်။ ငေါက်လို့ မရ၊ ရိုက်လို့ မရတဲ့ အခြေအနေကို သူ မကြိုက်ပါ။ ဒါပေမဲ့ ပညာသားပါပါနဲ့ ညစ်လို့ရရင်တော့ ညစ်လေ့ရှိပါတယ်။

သူက မနက် မနက်မှာ တန်းဖွင့်ပြီဆိုတာနဲ့ အခန်းစေ့ ဆန်ပြုတ်ဝေရပါတယ်။ ကျွန်တော်က ဆန်ပြုတ် ကို မနက်တိုင်း စွဲစွဲမြဲမြဲ သောက်ပါတယ်။ အဲဒီနေ့က ဖြစ်ချင်တော့ ကျွန်တော့်ကို ဆန်ပြုတ် ဝေပြီးတဲ့အခါ သူ့ကို ပြောပါတယ်။ "အချို့ဗျာ ဆန်ပြုတ် မယူတဲ့သူတွေ ရှိပါတယ်၊ ကျွန်တော်ကတော့ ဆန်ပြုတ် စွဲစွဲမြဲ သောက်ပါတယ်၊ ဒါ့ကြောင့် ကျုပ်ကို နောက်တစ်ပုံစံစာ တိုးပေးပါဗျာ" လို့ ပုံမှန်လေသံနဲ့ ပြောပါတယ်။ သူက

"မရဘူး" လို့ ခပ်ပြတ်ပြတ် ပြောပြီး ထွက်သွားပါတယ်။ သူ ဒီလို သဘောထားရှိတာ သိထားတော့ သူ အဲဒီလို ပြောသွားတာကို ကျွန်တော် ဘယ်လိုမှ မခံစားရပါ။ ပြုံးရုံပဲ ပြုံးနေမိပါတယ်။

သူ အခန်းစေ့ ဆန်ပြုတ် ဝေပြီးတဲ့အခါ ကျွန်တော့် အခန်းရှေ့မှာ "ဆန်ပြုတ်တွေလည်း ပိုနေတယ် ကွာ" လို့ တစ်ယောက်ယောက်ကို ပြောသလိုနဲ့ အော်ပြောပါတယ်။ ပြီးတော့မှ ကျွန်တော့် ရှေ့တည့်တည့်က စိုက်ခင်းပေါ်မှာ ရှိတဲ့ သစ်ပင်လေးတွေပေါ် ဆန်ပြုတ်ပုံးကို သွန်ချလိုက်ပါတယ်။ ကျွန်တော် မြင်အောင် တမင်သက်သက် လုပ်ပြတာပါ။ "ဒါတော့ လွန်လွန်းပြီ" လို့ စိတ်ထဲက မှတ်ချက်ချလိုက်ပြီး "ဒါကတော့ မင်း ငါ့ကို တမင် လုပ်တာ၊ အခွင့်ကြုံရင်တော့ မင်းကို ဆုံးမရမယ်" ဆိုပြီး စိတ်ထဲမှာ တေးထားပါတယ်။

ကြာကြာ မစောင့်လိုက်ရပါ။ အဲဒီနေ့မှာပဲ အခွင့်အရေး ပေါ်ပါတယ်။ ရေလောင်းအိမ်သာမှာပါ။ ထုံးစံ အတိုင်းဆိုရင် "အမြဲဆင်း" တွေက အိမ်သာက ရေကို ဖြည့်ပေးရပါတယ်။ ဖြည့်နိုင်းရမှာက တန်းစီး တာဝန်ပါ။ ကျွန်တော် အိမ်သာတက်မယ့် အချိန်ရောက်တော့ တိုက်တိုက်ဆိုင်ဆိုင် အိမ်သာမှာ ရေ မရှိတော့ပါ။ ဖင်ကပ်ပဲ ကျွန်နေတာ တွေ့ရပါတယ်။ ကျွန်တော်က သူ့ကို လှမ်းခေါ်ပြီး "ဒီမှာ ရေမရှိတော့ဘူး" ပြောလိုက်ပါတယ်။ သူက "ဒါ ကျုပ် တာဝန် မဟုတ်ဘူး" လို့ ဘုကျကျ လေသံနဲ့ ပြောပါတယ်။ ကျွန်တော်က "မင်း တန်းစီးပဲကွ မင်းတာဝန် ရှိတာပေါ့၊ အေး ကိစ္စမရှိဘူး ငါလိုတဲ့ ရေ မင်းအခန်းက သွားခပ်မယ်" ဆိုပြီး ရေကန်ထဲက ခွက်ကို ယူပြီး သူ့အခန်းကို သွားပါတယ်။

သူ့အခန်း ရောက်တော့ ကျွန်တော် သတိထားပါတယ်။ သူ့ သောက်ရေအိုးက အဖုံးနဲ့ ရေခွက်ကို ယူပြီး ကျွန်တော့် ပေါင်ပေါ် တင်ပါတယ်။ သူ့ သောက်ရေအိုးက ခွက်နဲ့ ရေကို ခပ်ပြီး မိလ္လာခွက်ထဲကို ပြည့်အောင် ထည့်ပါတယ်။ ပြီးမှ သောက်ရေအိုးဖုံးနဲ့ ပန်းကန်ပြားကို ပြန်ထားပါတယ်။ ညစ်ပတ်တဲ့ လက်နဲ့ သူ့ခွက် သူ့ ပန်းကန်ပြား မထိအောင် သတိထားပြီး လုပ်တာပါ။ တစ်ခုတော့ ရှိတာပေါ့၊ သူ့ သောက်ရေအိုးက ရေကို ကျွန်တော်က မိလ္လာရေ လုပ်ပစ်တာပါ။

သူက တာဝန်မှူးနဲ့ ထောင်ဝန်ထမ်းတွေကို သွားတိုင်ပါတယ်။ သူတို့ကလည်း ကျွန်တော် ဘာလို့ အဲဒီလို လုပ်ရသလဲလို့ မေးပါတယ်။ ကျွန်တော်က အကျိုးအကြောင်း ရှင်းပြပြီးတော့ သောက်ရေကို မိလ္လာရေအဖြစ်နဲ့ လုပ်တာပဲ ရှိတယ်။ သူ့အိုးတွေ၊ ခွက်တွေ၊ ပန်းကန်ပြားတွေ မညစ်ပတ်ပါဘူး။ လုပ်ရတာ ကလည်း ကျွန်တော်တို့ကို ပညာပြတာ များလွန်းလို့ သူ့ကို ဆုံးမတဲ့အနေနဲ့ လုပ်တာပါလို့ ရှင်းပြလိုက်ပါတယ်။ ပြီးသွားပါတယ်။ ဒါပေမဲ့ ကျောင်းသား အုပ်စုထဲက တစ်ယောက်က ကျွန်တော် လုပ်တာ ရိုင်းပြတယ်လို့ ထင်တဲ့ အတွက် ကျွန်တော့်ကိုယ်စား သူ့ကို သွားတောင်းပန်ပါသေးတယ်။

## ဂျွန်နီ ဆရာတော် ဦးကာဝိယ

ကျွန်တော်တော်တို့ မြင်းခြံထောင်မှာ ကြပ်ကြပ်တည်းတည်း နေရတုန်းက ဒီဆရာတော်နဲ့ တွေ့ခွင့် မရခဲ့ပါဘူး။ ICRC လာပြီး နောက်ပိုင်း ပွင့်လင်းလာတဲ့အခါကျမှ တွေ့ခွင့်ရခဲ့တာပါ။ သူ့ပုံက အရပ် ငါးပေ ကျော်ကျော်၊ အသား ညိုညို၊ ဆံပင် တိုတိုပါ။ သူက ခေါင်းတုံး တုံးချင်တာ၊ ထောင်စည်းကမ်းအရ ထားလို့မရလို့ ခေါင်းတုံးဆံတောက် ပုံစံမျိုးပဲ ထားတာပါ။ လူပုံက သေးသေးညှက်ညှက် ဆိုပေမဲ့ အသံသြဇာ ရှိပါတယ်။ တရားဟောလည်း ကောင်း၊ သီချင်းဆိုလည်း ကောင်းပေါ့။

ဘုန်းကြီးတွေ ထောင်ကျတော့ ထောင်ထဲမှာ အဆင်ပြေသလို နေကြရရှာပါတယ်။ ကျွန်တော် ထောင် ထဲမှာ တွေ့ခဲ့သမျှ ဘုန်းကြီးတွေ ထောင်က လွတ်တဲ့အခါ ၉၉ ရာခိုင်နှုန်းလောက်သော သူများက ဘုန်းကြီး

ပြန့်ဝတ်ကြပါတယ်။ ကျွန်တော်တို့ နိုင်ငံရေး အကျဉ်းသားတွေကလည်း တတ်နိုင်သမျှ ကူကြပါတယ်။ ကိုးလေးလုံး (၉၊ ၉၊ ၉၉) အရေးအခင်းကြောင့် ပဲခူးတိုင်းက သံဃာတော် အပါး ၃၀ လောက် မြင်းခြံထောင် ရောက်လာပါတယ်။

## ကိုးလေးလုံး အရေးအခင်း

အဲဒီလို ရောက်လာတာကို ကျွန်တော့် ဇနီးသည်က တစ်ဆင့် သိသွားတဲ့အခါ ရန်ကုန်မြို့၊ ချမ်းမြေ့ ရိပ်သာကျောင်းက ဆရာတော်တွေက စောင်တွေ ပို့တဲ့အပြင် လစဉ် ဟာလရောင်ကြော် ပုံးကြီး နှစ်ပုံး ပို့ပါတယ်။ နှစ်ပုံးပေါင်း ၁၀ ပိဿာလောက် ရှိမှာပါ။ အဲဒီလိုပဲ မြို့ထဲက ကျွန်တော့် မိတ်ဆွေ ဗိုလ်မှူး သူရ ချစ်ခိုင် (လေ) မိသားစုကလည်း နိုင်ငံရေး အကျဉ်းသမားတွေနဲ့ ဘုန်းကြီးတွေအတွက် လစဉ် အမဲသားနပ် ၁၀ ပိဿာလောက် ပို့ပါတယ်။ တစ်လ နှစ်လ မဟုတ်ပါဘူး။ ကျွန်တော် မန္တလေးထောင် ပြောင်းသွားတဲ့အထိပါ။

ကျွန်တော်က ဦးစားပေး ထောက်ပံ့တဲ့အထဲမှာ ဆရာတော် ဦးကာဝိယ ပါပါတယ်။ ကျွန်တော်က တိုက်တောင်ဘက်အခြမ်းကနေ မြောက်ဘက်ခြမ်း ပြောင်းတဲ့အခါမှာ သူ့အခန်းဘေးမှာ သွားကျပါတယ်။ ဒါကြောင့် ထောင်ဝင်စာ လာတိုင်း အစားအသောက်တွေ ခွဲပို့တဲ့အခါမှာ သူ့ကို ဦးစားပေးပါတယ်။ သူက လောဘလည်း နည်းပါတယ်။ အလိုက်လည်း သိပါတယ်။ ကျွန်တော် လွှတ်တော် ကိုယ်စားလှယ် ဖြစ်လို့ မိတ္ထီလာမှာ အစိကရုဏ်း ဖြစ်တဲ့အခါ သူ ခေါင်းဆောင်တဲ့ အဖွဲ့က ထောက်ပံ့ရေး ပစ္စည်းတွေနဲ့အတူ မိတ္ထီလာကို ပေါက်ချလာပါတယ်။ အဲဒီလို သိတတ်ပါတယ်။

လူချင်း ရင်းနှီးလို့ မေးကြည့်တော့မှ သူဟာ မိတ္ထီလာနယ်သား ဖြစ်ပြီး ကျွန်တော်တို့ ရွာနဲ့တော့ နည်းနည်း လှမ်းပါတယ်။ ရှစ်လေးလုံး အရေးတော်ပုံကြီးမှာ သူဟာ မန္တလေးတိုင်းရဲ့ အထင်ကရ သပိတ်ခေါင်းဆောင် တစ်ဦး ဖြစ်ပါတယ်။ သပိတ်ကာလမှာ သူ့သပိတ်အဖွဲ့တွေဟာ အလွန်အကျွံ လုပ်ခဲ့ခြင်း မရှိပါဘူး။ ဒါပေမဲ့ နဝတ အစိုးရ တက်တဲ့အခါ သူလည်း အဖမ်းခံရပြီး သေဒဏ်ကျခဲ့တာပါ။ ဗိုလ်ချုပ်မှူးကြီး စောမောင်ဆီက ဗိုလ်ချုပ်ကြီး သန်းရွှေ တာဝန် လွှဲယူတဲ့အခါ နိုင်ငံရေး အကျဉ်းသားတွေအတွက် လွတ်ငြိမ်းချမ်းသာခွင့် သဘောမျိုးနဲ့ ၁၁/၉၂ ကြေညာချက် ထုတ်ပါတယ်။ အဲဒီ ကြေညာချက်အရ ဆရာတော် ဦးကာဝိယဟာ သေဒဏ်ကနေ လွတ်ခဲ့ပါတယ်။

## သေကောင်ပေါင်းလဲ ဖြစ်ခဲ့ပုံ

သူ့ကို ထောင်ဝင်စာ လာပို့မယ့်သူ ဘယ်သူမှ မရှိပါဘူး။ ထောင်ထဲမှာ အစား ဆင်းရဲ၊ အနေ ဆင်းရဲ ဖြစ်ခဲ့ပါတယ်။ ၁၉၉၃ - ၉၄ ခုနှစ် ကာလတွေမှာ မြင်းခြံထောင်မှာ အကျဉ်းသားတွေ ကပ်ဆိုက်သလိုမျိုး သေကျေပျက်စီးခဲ့ရပါတယ်။ အစာ အာဟာရ မပြည့်ဝလို့ပါ။ အထူးသဖြင့် ဘိုကလေးနယ် အရေးအခင်းကြောင့် မြစ်ဝကျွန်းပေါ်ဘက်က ဖမ်းပို့လိုက်တဲ့ လူအင်အား ၃၀၀ လောက်က ပိုခံရတယ်လို့ သိရပါတယ်။ ခြောက်လကာလလောက် အတွင်းမှာ လူ ၈၀ လောက် သေခဲ့ပါသတဲ့။ ပုံစံနဲ့ ကျွေးတဲ့ ထမင်း နည်းလို့ အာဟာရ ပြတ်ပြီး သေကြရတာပါ။

ဦးကာဝိယလည်း နာမကျန်း ဖြစ်ပါတယ်။ အာဟာရ မပြည့်တာနဲ့ ဆက်စပ်ပြီး တစ်ကိုယ်လုံး ဖောရောင်လာတာပါ။ အဲဒီတုန်းက ဒီလိုဖောရောင်တာ သုံး-လေးပတ်ဆိုရင် အသက်ပါ ပါသွားတတ်ပါသတဲ့။ အဲဒီအခါမှာ ဦးကာဝိယနဲ့ တစ်ခန်းတည်း နေတဲ့ အကျဉ်းသား တစ်ဦးက ထောင်ဝင်စာ လာပါသတဲ့။ သူ့ထောင်ဝင်စာမှာ

ကုလားအော်သီးတောင့် ၁၀ ကျပ်သားလောက် ပါလာပါသတဲ့။ အဲဒီ အချိန်မှာ ဦးကာဝိယက မတ်တတ် မရပ်နိုင်တော့ပါ။ အိပ်ရာပေါ်မှာပဲ လှဲနေရပါတယ်။ သူက ကုလားအော်သီးတွေ မြင်လိုက်တဲ့အခါ အခန်းဖော်ကို ပြောပါတယ်။ "ငါ သေရင် သေတော့မှာကွာ၊ မသေခင် ကုလားအော်သီးထောင်းလေး စားချင်တယ်" လို့ ပြောလိုက်ပါတယ်။

အခန်းဖော်ကလည်း တခြားသူတွေနဲ့ တိုင်ပင်ပြီး ဆရာတော်က သေချင်လည်း သေသွားနိုင်တာမို့ နောက်ဆုံး လိုက်လျောတဲ့အနေနဲ့ ကုလားအော်သီးတွေ အကုန်ထောင်းပြီး ဆားနဲ့ နယ်ပေးလိုက်ပါတယ်။ ပြီးမှ သံပရာသီး တစ်ခြမ်း ညှစ်ပေးလိုက်ပါတယ်။ ဆရာတော်က အဲဒီ ကုလားအော်သီးထောင်း စားလိုက်တာ ကုန်သွားပါရောတဲ့။ စားပြီးလို့ တစ်နာရီလောက် ကြာတာနဲ့ ဝမ်းတွေ ဒရဟောသွားပါတယ်တဲ့။ တစ်ညလုံး ဝမ်းသွားတာ မိုးလင်းခါနီးမှ ရပ်သွားပါတယ်တဲ့။ မနက်လည်း လင်းရော သူ့ ဖောတဲ့ ရောင်တဲ့ဟာတွေ အကုန်လုံး ပျောက်သွားပါရောတဲ့။ သူရော၊ အခန်းဖော်တွေရော တအံ့တဩ ဖြစ်ကြပါသတဲ့။ အဲဒီအခါမှာ ထမင်းကို ရုတ်တရက် မစားသေးပဲ ဆန်ပြုတ်ကိုပဲ သုံး-လေးပတ်လောက် သောက်ရင်းနဲ့ ပြန်ပြီး နလန် ထူလာတာပါတဲ့။ "ကျုပ်တော့ သေရွာက ပြန်လာတယ်လို့ မှတ်ယူရတာပါဗျာ" လို့ ဆရာတော်က ပြန်ပြောပါတယ်။

## ကျောင်း ပြန်ရပြီ

ကျွန်တော်နဲ့ နေတဲ့အခိုက်မှာ သူ့ ကျောင်းဖြစ်တဲ့ မန္တလေး ဘုရားကြီးနားက "ငွေငါးကျောင်း" နဲ့ ပတ်သက်ပြီး မြို့နယ် အာဏာပိုင်တွေဆီက သူ့ဆီ စာလာပါတယ်။ အဓိပ္ပာယ်ကတော့ သူ့ကျောင်းကို တခြား ဆရာတော် တစ်ပါးဆီကို အပ်ချင်တဲ့သဘောပါ။ အဲဒီစာကို ဆရာတော်က ပြောလို့ သိရတဲ့အခါ ထောင်ထဲ ရောက်နေတဲ့ ဥပဒေသမား တချို့နဲ့ တိုင်ပင်ပြီး စာပြန်ရေးရပါတယ်။

ဆရာတော် ကိုယ်တိုင် သက်ရှိ ထင်ရှား ရှိတယ်၊ တခြား ပုဂ္ဂိုလ် တစ်ဦးဦးကိုလည်း စွန့်ပေးဖို့ ရည်ရွယ်ချက် မရှိဘူး။ ထောင်က လွတ်ရင် အဲဒီကျောင်းမှာပဲ ကျောင်းထိုင်ဖို့ ရည်ရွယ်တယ်ဆိုတဲ့ သဘောပါတဲ့ စာကို အားလုံး တိုင်ပင်ပြီး ရေးကြပါတယ်။ အခုတော့ ဆရာတော် ဦးကာဝိယဟာ ဘုရားကြီးနားက ငွေငါးကျောင်းမှာ ပြန်လည် ကျောင်းထိုင်နေပါပြီ။ ကျွန်တော်နဲ့လည်း တစ်ခါတစ်ရံ တွေ့ပါတယ်။ အများရှေ့မှာတော့ မဟုတ်ပါဘူး။ လူနည်းတဲ့ အခါမျိုးဆိုရင် "ဆရာတော်၊ တွံတေး တစ်ပုဒ်လောက် ဟဲပါဦး" လို့ စလေ့ ရှိပါတယ်။

## စားရတာကလည်း သဲတရှပ်ရှပ်

ကျွန်တော် အခု ရေးပြမယ့် အကြောင်းအရာတွေကို စာရှုသူတို့က ယုံချင်မှ ယုံကြမှာပါ။ ဒါပေမဲ့ တကယ် ဖြစ်ခဲ့တာပါလို့ ကျွန်တော့် သိက္ခာနဲ့ အလဲအထပ် လုပ်ပြီး ပြောရဲပါတယ်။ ဒါမှမဟုတ် အဲဒီအချိန်က မြင်းခြံထောင်မှာ နေခဲ့ဖူးတဲ့ နိုင်ငံရေး အကျဉ်းသားဟောင်းများကို မေးကြည့်နိုင်ပါတယ်။ ၁၉၉၇- ၉၈- ၉၉ ခုနှစ် ကာလတွေမှာ ကိုယ်တွေ့ကြုံရတဲ့ အဖြစ်ပါ။ ကိစ္စက ထောင်ထမင်းပါ။

ရောက်တဲ့နေ့ ညနေ ၁၉၉၇ ခုနှစ်၊ ဧပြီလ ၆ ရက်။ ညနေစာ ထောင်ထမင်း ဝေတဲ့အခါ ထုံးစံအတိုင်း ယူလိုက်ပါတယ်။ ပါလာတဲ့ ဟင်းလက်ကျန်နဲ့ စားမယ်လို့ ဇွန်းနဲ့ ခပ်ပြီး ပါးစပ်ထဲ ထည့်လိုက်တဲ့ အခါမှာ တစ်ချက် နှစ်ချက် ဝါးရုံနဲ့ ဝါးလို့ မရပါဘူး။ ထမင်းထဲမှာ ကျောက်စရစ်ခဲ သေးသေးလေးတွေ ဝါးမိလို့ပါ။ ကျွန်တော်က ပြန်ထွေးထုတ်ပြီး ထမင်းတွေကို ကော်ဇွန်းနဲ့ ရှပ်ပြီး စမ်းကြည့်တဲ့အခါ ကျောက်စရစ်နဲ့

ပွတ်တိုက်သံ ကြားရပါတယ်။ ဒါ့ကြောင့် ထမင်းကို ဇွန်းနဲ့ခပ်ပြီး ထမင်းလုံးတွေကို တစ်စေ့ချင်း ဖယ်ပြီးတဲ့အခါ ကျောက်စရစ် သေးသေးဖြူဖြူလေး လေး-ငါးခုလောက် တွေ့ရပါတယ်။ အရွယ်ကတော့ သကြားပွင့် အရွယ်လောက်ပါ။

ဒါ့ကြောင့် ထမင်းကို ကျောက်စရစ် စင်အောင် သန့်စင်လိုက်ပါတယ်။ နာရီဝက်လောက်များ ကြာမလား မသိဘူး။ ထမင်း တစ်ပုံစံမှာ အဲဒီလို ကျောက်စရစ်ခဲလေးတွေ လေး-ငါးဆယ်လောက် ရတတ်ပါတယ်။ အဲဒါက နေ့တိုင်းပါ။ သုံး-လေးနှစ် ဆက်တိုက်ပေါ့။ ကျွန်တော်တို့ထဲက ကျောင်းသား တစ်ယောက်က အဲဒီ ကျောက်စရစ်ခဲလေးတွေကို နေ့တိုင်း ရွေးပြီး နေ့တိုင်း စုပါတယ်။ သုံးနှစ်လောက် ကြာတဲ့အခါကျတော့ နို့ဆီ ခွက် တစ်ခွက်စာလောက် ရပါတယ်။

အဲဒီ ကျောက်စရစ်ခဲလေးတွေကို အဲဒီ ပုဂ္ဂိုလ်က ICRC အဖွဲ့ကို ပြလိုက်ပါတယ်။ "အကြံပိုင်သော ငခွေး" ပေါ့။ ဒီအသုံးအနှုန်းက ရှေးဟောင်း လူကြီးတွေပဲ သိကြမှာပါ။ ကျွန်တော်တို့ခေတ်က ထုတ်တဲ့ ဒေါ်သွေးသောက် မဂ္ဂဇင်းရဲ့ အရှေ့ဦးဆုံး စာမျက်နှာမှာ "ကာတွန်း ဦးဟိန်စွန်း" ရဲ့ အကြံပိုင်သော ငခွေး ဆိုတဲ့ တစ်မျက်နှာ ကာတွန်း ပါနေကျပါ။ လှုပ်ရှားမှု တစ်ခု လုပ်လိုက်ရုံနဲ့ ကိစ္စတစ်ခု ပြီးမြောက်သွားပုံကို ဖော်ပြတာပါ။ သူက ICRC ကို အထောက်အထားနဲ့ တင်ပြလိုက်တာကြောင့် နောက်အပတ်က စပြီး ထမင်းတွေထဲမှာ သဲ/ခဲ မပါတော့ပါ။

ဇာတ်လမ်းက အဲဒီမှာတင် မပြီးသေးပါ။ နောက်တစ်နှစ်လောက်မှာ ကျွန်တော်တို့ထဲကို သန့်ရှင်းရေးနဲ့ အထွေထွေ အလုပ်လုပ်ဖို့ "အမြဲဆင်း" တွေ လဲတဲ့အခါ ထောင်ကျတစ်ယောက် ပါလာပါတယ်။ သာမန် ခိုးမှု အသေးစားလေးနဲ့ ထောင်ကျလာတဲ့ ကလေးပါ။ သူနဲ့ ခင်လာလို့ စကားစမြည် ပြောကြည့်တဲ့အခါ လွန်ခဲ့တဲ့ သုံး-လေးနှစ်က ထူးဆန်းတဲ့ အလုပ်တစ်ခု လုပ်ခဲ့ရပါသတဲ့။ ဘာအလုပ်လဲဆိုတော့ ဧရာဝတီ မြစ်ကမ်းဘေးမှာ သဲတွေကို တူး၊ ဆန်ခါပေါ် မှာ တင်ပြီး ရေနဲ့ လှောင်းချ၊ ပြီးမှ သေးပေ့ ဖြူပေ့ ဆိုတဲ့ ကျောက်စရစ်ခဲလေးတွေကို ရွေးပြီး တစ်နေ့ကို နို့ဆီဘူး လေးဘူးစာလောက် ထောင်ကို သွင်းရပါသတဲ့။

အဲဒီလို သွင်းတဲ့အလုပ်နဲ့ တစ်နေ့တာ ဈေးဖိုး ကာမိပါတယ်တဲ့။ အဲဒီ အလုပ်က လွန်ခဲ့တဲ့ တစ်နှစ် ကျော်လောက်မှာ ရပ်သွားပါတယ်တဲ့။ သူ့ကို ဘယ်သူက ခိုင်းသလဲလို့ မေးတဲ့အခါကျတော့ သူ ပါးစပ် ပိတ်သွားပါတယ်။ ဆက်မပြောတော့ပါ။ မပြောရဲတာလား၊ မပြောချင်တာလား မသိပါ။ ကျွန်တော့်စိတ်ထဲက တော့ "အော်... သံသရာကို မကြောက်တဲ့လူတွေပဲ" လို့သာ မှတ်ချက်ပြုရပါတယ်။

## ယင် တလောင်းလောင်း

ကျွန်တော်တို့ ရောက်ပြီး လပိုင်းလေးအတွင်းမှာ တာဝန်တစ်ခု ပိုလာပါတယ်။ အရင်လုပ်ငန်း တာဝန်တွေကို တော့ အထက်မှာ ရေးပြခဲ့ပြီးပါပြီ။ ထပ်ရေးပြပါရစေ။ အခန်းရှေ့က မြေကွက်လပ်ကလေးကို မနက်ဆိုရင် နေ့တိုင်း ရေနဲ့ ဆွတ်ပြီး နေ့တိုင်း မှန်ရောင်ထနေအောင် တိုက်ရတာပါ။ သူတို့က စဥ့်အိုးကွဲ အပိုင်းအစ နှစ်ခု သုံးခု ရှာပေးပါတယ်။ မြေကြမ်းပြင် မဆိုမခြောက် အချိန်လေးမှာ စဥ့်အိုးကွဲနဲ့ ပွတ်တိုက်ရတာပါ။ ပွတ်ပါ များရင် မြေမျက်နှာပြင်က ပြောင်ချောလာပါတယ်။ အဘယ်သို့သော ဉာဏ်ကြီးရှင်ကများ တီထွင်ထားပါလိမ့်။

နောက်လုပ်ငန်းတစ်ခုက အတွင်းတံခါးနဲ့ အပြင်တံခါးက မင်းတုန်းတွေကို ပြောင်နေအောင် တိုက်ရ တာပါ။ ဒါအတွက်လည်း ကိုယ်တော်ချောများက နည်းပေးပါတယ်။ ပုံစံ လုံချည် အကြမ်းကို ဖျက် လေးလက်မလောက်၊ အရှည် တစ်ပေလောက် ဆုတ်ဖြဲ၊ ထမင်းကို ကော်ဖြစ်အောင် နယ်ပြီး အဲဒီ အဝတ်ပေါ်မှာ

သုတ်၊ အဲဒီပေါ်မှာမှ သဲကို ထုထုတင်၊ ဒါဆိုရင် ကော်ပတ် ကောင်းကောင်း တစ်ခု ရပြီပေါ့။ အဲဒီ ကော်ပတ်နဲ့ မင်းတုန်းတွေကို တိုက်ရတာပါ။ လက်လက်ကို ထလို့၊ မလက်လို့က မရဘူးလေ။ စမ်းကြည့်ကြပါလား။ အကွက်ဝင်ပြီ ဆိုပြီးတော့ သဲကြီးမဲကြီး ရိုက်ကြမှာလေ။

ဘယ်ညဏ်ကြီးရှင်က ချမှတ်လိုက်တဲ့ လမ်းစဉ်လည်း မသိပါဘူး။ ကျွန်တော်တို့ အားလုံး ယင်ကောင် တစ်နေ့ကို ၂၅ ကောင် ဖမ်းပေးရမယ်လို့ အမိန့်ထွက်လာပါတယ်။ "ညနေ ထောင်ပိတ်ချိန်မှာ ၂၅ ကောင် အပ်ရမယ်၊ မအပ်လို့ကတော့...... " ဆိုပြီး ပြောတဲ့ အပြောနဲ့ မျက်လုံး အမူအရာကိုက "သိတယ်မို့လား" ဆိုတဲ့ ပုံစံမျိုးနဲ့ပါ။ အဲဒီတော့ အားလုံးက "ပါဏာတိပါတာ" သိက္ခာပုဒ်ကို မစောင့်ထိန်းနိုင်တော့ပဲ နေ့စဉ် ယင် ဖမ်းပွဲ ကျင်းပရပါတယ်။

## ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်

ဒါနဲ့ ပတ်သက်လို့ ရယ်စရာ တစ်ခုတော့ ပြောရဦးမယ်။ ညနေရောက်ပြီဆိုရင် ကိုယ် ရတဲ့ ယင်ကောင် အရေအတွက် ပြည့်လား၊ မပြည့်လား ရေရတာက အမော။ ကျွန်တော်တို့ထဲက တစ်ယောက်က တစ်နေကုန် ယင်ဖမ်းတာ အရေအတွက် မပြည့်သေးပါဘူး။ "တစ်တိုက်လုံး ဖမ်းနေကြတော့ ယင်ကောင်တွေ ငါ့ဆီ မလာ ကြတော့ဘူး"လို့ရေရွတ်မိပါတယ်။ဒါကလည်းလူတိုင်းကြုံနေကြပါ။အဲဒီမှာညနေလေးနာရီလောက်ကျတော့ ရေချိုးထွက်ရပါတယ်။ အနည်းဆုံး မိနစ် ၂၀ လောက် ကြာမှာကိုး။ ဒါနဲ့ ရေချိုးတဲ့နေရာကို ကမန်းကတန်း သွား၊ ကမန်းကတန်း ရေချိုးပြီး သွက်သွက်ပြန်လာ၊ အခန်းထဲဝင်တော့ ယင်ကောင် သုံး-လေးကောင်ကို မြင်လိုက်ရပါတယ်။ ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း။

ရေချိုးချတဲ့ စည်းကမ်းထိန်းက သော့ခတ်လို့တောင် မပြီးသေးဘူး။ ကပျာကယာ လေးဘက်ထောက်ပြီး ယင်ကောင်တွေကို ဖမ်းတော့ ရုတ်တရက်မို့ လုံချည်က ကျွတ်သွားပြန်ရော။ ယောကျ်ားတွေချည်းပဲလေ၊ ဘာ ရှက်စရာမှ မလိုဘူးဆိုတဲ့ စိတ်ထားနဲ့ ယင်ကောင်တွေကို ဆက်ဖမ်းပါတယ်။ အဲဒီအဖြစ်ကို မြင်သွားတဲ့ အပြင်က တခြား အကျဉ်းသား တစ်ဦးက နောက်သလိုလိုနဲ့ "အပြင်မှာတုန်းကတော့ ဆင်ဖမ်းမယ်၊ ကျား ဖမ်းမယ်နဲ့ ကြီးကြီးကျယ်ကျယ်တွေ ပြောခဲ့တာ၊ အခုတော့ ယင်ဖမ်းနေရပါပေါ့လား" လို့ ပြောပါတယ်။ အပြော ခံရတဲ့ကောင်ခမျာ သူ့စကားတွေက မှန်လွန်းအားကြီးလို့ စိတ်ထဲမှာ ကျင်ခနဲ ဖြစ်သွားပြီး ဒီနေ့ထိအောင် မှတ်မိနေဆဲပါ။

## သေတဲ့အထိ အရက်သောက်သွားသူ

ကျွန်တော်တို့ ၁၉၉၇ ခုနှစ်၊ မြင်းခြံထောင် ရောက်တုန်းက တိုက်ထောင်မှူးနဲ့ တွေ့ရတာ သိပ်မရှိပါ။ ထောင်တာဝန်ကျတပ်ကြပ်နဲ့ပဲတွေ့ရပါတယ်။သူကလည်းနိုင်ငံရေးအကျဉ်းသားတွေကိုတင်းတင်းကြပ်ကြပ် ကိုင်တွယ်တဲ့ နေရာတွေမှာ နာမည် ရထားသူပါ။ သူ့ကို ပိုက်ဆံပေးတဲ့ နိုင်ငံရေး အကျဉ်းသမား ငါးယောက် ကိုတော့ လွတ်လွတ်လပ်လပ် နေခွင့်ပေးပြီး ကျန်တဲ့ ကျွန်တော်တို့ အားလုံးကိုတော့ တင်းတင်းကြပ်ကြပ် ကိုင်တွယ်တာပါ။ သူ့ရဲ့ အကျင့်တစ်ခုက မိုးလင်း မိုးချုပ် အရက် သောက်တာပါ။ မနက်ခင်း တိုက်ထဲ ဝင်လာ တဲ့ အချိန်မှာ လက်တွေ တုန်နေတာ တွေ့မိပါတယ်။

သူက နိုင်ငံရေး အကျဉ်းသားတွေကို ဆက်ဆံပုံက တာဝန်အရထက် လွန်ကဲတဲ့ အငြိုးနဲ့ ဆက်ဆံတဲ့ ပုံစံပါ။ ဘယ်လောက်ထိ လွန်ကဲသလဲဆိုရင် သူ ခဏ ခဏ ကြွေးကြော်ဖူးတဲ့ စကားတစ်ခုက "ဒီမိုကရေစီ

အစိုးရသာ တက်ရင် ငါ တောခိုမယ်" ဆိုတဲ့ စကားပါ။ ခဏ ခဏ ပြောလွန်းလို့ သူ့ တပည့်တပန်းတွေ အလွတ် တောင် ရနေပါတယ်။ ဒါပေမဲ့ သူ တောခိုတဲ့ ဘဝတော့ မရောက်လိုက်ပါဘူး။ အလွန်အကျွံ သောက်တဲ့ တစ်နေ့မှာ အိမ်မပြန်နိုင်ဘဲ လမ်းဘေး တစ်နေရာမှာ ထိုးလဲပါတယ်။ သူ့အိမ်က ညက ပြန်မလာလို့ လိုက်ရှာ တော့ လမ်းဘေးမှာပဲ အသက်ပျောက်နေပါသတဲ့။

## ထောင်ပိုင် ဦးကောင်း (အမည်လွှဲ)

သူကလည်း အပေါ် မှာရေးခဲ့တဲ့ တိုက်တာဝန်ခံ တပ်ကြပ်နဲ့ စိတ်ထား မတိမ်းမယိမ်းပါ။ နိုင်ငံရေး အကျဉ်းသမား တွေ ဆိုရင် နည်းမျိုးစုံနဲ့ ပညာပြခဲ့တာပါ။ ကျွန်တော်တို့အပေါ် မှာ မလိုမုန်းထားတဲ့ စိတ်ဟာ တစ်နေ့မှာတော့ သူ့ကို တိုက်ရိုက် တုံ့ပြန် အကျိုးပေးပါတယ်။ ဘယ်လိုပုံနဲ့လဲ ဆိုတော့ အဆောင်တွေမှာ စည်းကမ်း ဖောက်လို့ ဆိုပြီး တိုက်ကို ပို့ထားတဲ့ အကျဉ်းသား နှစ်ယောက်က ထောင်နံရံတွေကို တုတ်နဲ့ ထောက်၊ ကျော်တက်ပြီး လွတ်မြောက်သွားပါတယ်။ အကျဉ်းသား တစ်ယောက် မသမာတဲ့နည်းနဲ့ လွတ်သွားတယ်ဆိုရင် ထောင်ပိုင်နဲ့ တကွ တာဝန်ရှိတဲ့ ဝန်ထမ်းအားလုံး မြွေကိုက်ခံရတာကမှ သက်သာပါဦးမယ်။ အသက် အန္တရာယ်ကို ဆိုလို တာ မဟုတ်ပါဘူး။ သိက္ခာပိုင်းအရ ပြောရခြင်း ဖြစ်ပါတယ်။

အဲဒီလို လွတ်သွားတယ် ဆိုတာနဲ့ တာဝန်ကျ ဝန်ထမ်းအားလုံး နှစ်လ သုံးလ နီးပါးလောက် တိုက်ပိတ် ခံရပါတယ်။ တစ်နည်းအားဖြင့် ထောင်ကျတာပါပဲ။ ထောင်ပိုင်လည်းပဲ အမျိုးမျိုး စစ်ဆေးခံရပြီး ရာထူးက နုတ်ထွက်ခွင့် ပေးခြင်း ခံရပါတယ်။ ပင်စင် ရ/မရတော့ မသိပါ။

## ထူးခြားချက် တချို့

ဒီမှာ ရေးပြရမှာက ကျွန်တော် မြင်းခြံထောင် ရောက်တဲ့အခါမှာ တွေ့ကြုံရတဲ့ ထူးခြားမှုလေးတွေ ထုတ်ဖော် ပြောပြချင်လို့ပါ။ ကြွားဝါလိုတဲ့သဘော အလျဉ်းမရှိဘူး ဆိုတာကိုတော့ ကြိုတင် ပြောထားပါရစေ။

ပထမ တစ်ချက်က ကျွန်တော်ဟာ အထိုက်လျောက် တတ်နိုင်ပါလျက်နဲ့ တချို့သူတွေလို အာဏာပိုင် တွေကို ပိုက်ဆံပေးပြီး အနေချောင်အောင် မနေခဲ့ပါဘူး။ အဲဒီလို မနေဘဲ နိုင်ငံရေး သိက္ခာ ထိန်းသိမ်းနိုင်ခဲ့ပါ တယ်။ ကျွန်တော် တစ်ယောက်တည်းတော့ မဟုတ်ပါဘူး။ ကျွန်တော့်လိုပဲ အဆိုးလောကဓံကို ကြံ့ကြံ့ခံနိုင်တဲ့ တခြား နိုင်ငံရေး အကျဉ်းသားတွေ အများကြီးပါ။

ဒုတိယ တစ်ချက်က ၂၀၀၀ ခုနှစ် ကျွန်တော့် ဖခင်ကြီး မိတ္ထီလာမှာ ကွယ်လွန်သွားတဲ့အခါ မြင်းခြံ ထောင်ကနေ မိတ္ထီထောင်ကို ပြောင်းပေးပြီး အသုဘ ပို့ခွင့်နဲ့ ရက်လည်ဆွမ်းသွပ် အခမ်းအနား တက်ခွင့်တွေ ရခဲ့တာပါ။ ဒီအကြောင်းကို အပေါ်က တစ်နေရာမှာ အသေးစိတ် ကျွန်တော် ရေးပြခဲ့ပါပြီ။ မြင်းခြံထောင်က အဆင့်မြင့် ဝန်ထမ်းကြီး တစ်ယောက်က "ဒီထောင်က တခြား ထောင်ပြောင်းပြီး အသုဘ ပို့နိုင်းတာ သူ့ ဝန်ထမ်းသက် အနှစ် ၂၀ မှာ တစ်ခါမှ မတွေ့ဖူးဘူး" လို့ မှတ်ချက်ချတာကို ကြားခဲ့ရပါတယ်။ အဲဒီလို ဖြစ်လာတဲ့ အကြောင်းအရင်းက  ကျွန်တော့် ညီ/ညီမ တချို့ရဲ့ ကြိုးပမ်းမှုနဲ့ ဗိုလ်ခင်ညွှန့် သဘောကောင်းတဲ့ အချိန်နဲ့ တိုက်ဆိုင်သွားလို့ပါ။

တတိယ ထူးခြားချက်ကတော့ ကျွန်တော့်ရဲ့ အစာငတ်ခံ ဆန္ဒပြမှုကြောင့် မြင်းခြံထောင်မှာ နေတဲ့ နိုင်ငံရေး အကျဉ်းသား အားလုံးရဲ့ အခန်းတွေကို ခြင်လုံ သံဆန်ခါတပ် ပေးခဲ့ခြင်းပါ။ ကျွန်တော် ထင်ပါတယ်။ စစ်အစိုးရခေတ်က အခန်းတွေကို ခြင်လုံ တပ်ပေးတာ မြင်းခြံထောင် တစ်ခုတည်း ရှိခဲ့တယ်နဲ့ တူပါတယ်။

စတုတ္ထ တစ်ချက်ကတော့ ရန်ကုန်မြို့ ချမ်းမြေ့ ရိပ်သာနဲ့ မိတ်ဆွေ တချို့ရဲ့ ထောက်ပံ့မှုကြောင့် တခြား ဘဝတူ အကျဉ်းသားတွေကို လစဉ် စားစရာတွေ ဝေမျှပေးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ အထူးသဖြင့် ပဲခူးတိုင်းက ဆရာတော်တွေ ရောက်လာတဲ့အခါမှာ လူတိုင်းစေ့ စောင်များ၊ အဝတ်အစားများနဲ့ စားစရာများကို ဝေငှပေး နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဘာပဲပြောပြော ဘဝတူတွေ အကျိုးအတွက် လုပ်ပေးနိုင်ခဲ့တဲ့ အတွက် အများကြီး ကျေနပ်မိပါတယ်။

## မြင်းခြံထောင်က ဝန်ထမ်းအချို့

၁၉၉၇ ခုနှစ် ကျွန်တော်တို့ မြင်းခြံထောင် ရောက်တော့ ထောင်ပိုင်က ဦးပြုံးချိုပါ။ ထောင်ပိုင်က မိန်းမ ဩဇာ နာခံနေရတယ်လို့ နာမည်ကြီးနေသူပါ။ သူက ကျွန်တော်တို့ နိုင်ငံရေး အကျဉ်းသား အားလုံးကို ပုံစံထောင် အဖြစ်နဲ့ တင်းတင်းကြပ်ကြပ် ကိုင်တွယ်ပါတယ်။ ဒါလည်း သူ့သဘောနဲ့တော့ ဟုတ်ရှာမယ် မထင်ပါဘူး။ အထက်က ညွှန်ကြားချက်အတိုင်း လုပ်ရတာနေမှာပါ။ တကယ်တော့ သူက ပါးစပ်နဲ့ပဲ ညွှန်ကြားရတာပါ။ တကယ်တန်း လက်တွေ့ လုပ်တဲ့လူတွေက အောက်က ဝန်ထမ်းတွေနဲ့ သူတို့ ခန့်ထားတဲ့ တန်းစီးတို့ စည်းကမ်းထိန်းတို့က လုပ်ရတာပါ။

သို့သော်လည်းပဲ ကျွန်တော်တို့ကို စစ်သားတွေလို ဆံပင်ကို ခေါင်းတုံးနီးပါး ညှပ်တာတို့၊ အင်းစိန် ထောင်က တပ်ပေးလိုက်တဲ့ ခြေချင်းတွေကို သုံးလပြည့်မှ ဖြုတ်တာတို့က သူ့အစီအစဉ်တွေပါ။ ကျွန်တော်တို့ ရောက်ပြီး ကိုးလလောက် အကြာမှာ ဦးပြုံးချို ပြောင်းသွားပါတယ်။ ကလေး မြို့နယ်မှာ ဖွင့်ထားတဲ့ ရဲဘက် စခန်း တစ်ခုကိုပါ။ အဲဒီရောက်မှ ဘာဖြစ်လဲဆိုတာ အသေးစိတ် မသိရပေမဲ့ ဦးပြုံးချိုဟာ သူ့သေနတ်နဲ့သူ အဆုံးစီရင်သွားတယ်လို့ ကြားလိုက်ရပါတယ်။

ဦးပြုံးချို ပြောင်းသွားတော့ ရောက်လာတဲ့ ပုဂ္ဂိုလ်က ဦးသောင်းညွှန့်ပါ။ စစ်တပ်က ပြောင်းလာတယ်လို့ သိရပါတယ်။ မြင်းခြံထောင် ရောက်မလာခင်က သရက်ထောင်မှာ နေခဲ့ဖူးပါတယ်။ အဲဒီ ထောင်မှာ နိုင်ငံရေး အကျဉ်းသားတွေနဲ့ ပြဿနာဖြစ်လို့ ကျွန်တော်တို့ဆီ ရောက်လာတာပါ။ သူက ကျွန်တော်တို့ အကျဉ်းသား တွေကို သူ့ရုံးခန်းထဲ ခေါ်ပြီး ရံဖန်ရံခါ စကားပြောပါတယ်။ ကျွန်တော့်ကိုလည်း ခေါ်ပြီး စကားပြောဖူးပါတယ်။ ဘာမှ အဓိပ္ပာယ် မရှိပါဘူး။ စကားတွေက တောင်ရောက် မြောက်ရောက်နဲ့ပါ။ တစ်ခါမှာတော့ သူက ကျွန်တော့်ကို မေးပါတယ်။ ဘာလို့ နိုင်ငံရေး လုပ်တာလဲပေ့ါ။ ကျွန်တော်က ထောင်ထဲမှာ ကျွန်တော်တို့လို နိုင်ငံရေး အကျဉ်းသားတွေ မရှိအောင်လို့ ဆိုတာ ရည်ရွယ်ချက် တစ်ခုပဲလို့ ပြောတဲ့အခါ သူက ဉာဏ်မမှီ ဘူးဗျာလို့ ပြန်ပြောပါတယ်။

သူလည်း တစ်နှစ်လောက် နေပြီး ပြောင်းသွားပါတယ်။ တပ်က လာတဲ့သူပါ။ လွယ်လွယ် ပြောရရင် Gun-shot ပေ့ါ။ ဒဏ်ရာရပြီး ဆေးအဆင့် နိမ့်လို့ အရပ်ဘက်ကို ပို့ခံရတာ ဖြစ်ပါတယ်။ ဒုထောင်ပိုင်က ဦးဇော်အုန်းပါ။ ဦးဇော်အုန်းက ထောင်သမ္ဘာပါ။ ထောင်ပိုင် စစ်ဗိုလ်က ထောင်အကြောင်းကို စာတွေ့ပဲ သိတာ ပါ။ ကျွန်တော် မိတ္ထီလာကို အဖေ့ အသုဘ သွားပို့ပြီး အပြန်မှာ ကျွန်တော့်ကို ကိုယ့်အခန်းကိုယ် ပြန်မပို့ပဲ ပြစ်ဒဏ်တိုက်ကို ပို့တာဟာ ဦးဇော်အုန်းရဲ့ အကြံဉာဏ် ဖြစ်ဖို့များပါတယ်။ နောက် ဦးဇော်အုန်းဟာ ထောင်ပိုင် ဖြစ်သွားပြီး သက်စေ့ပင်စင် ယူသွားပါတယ်။ ဒါပေမဲ့ မကြာပါဘူး။ နာရေး ကြော်ငြာ တစ်ခု တွေ့လိုက်ပါတယ်။ နှလုံးရောဂါနဲ့ ကွယ်လွန်သွားကြောင်း သိရပါတယ်။

## ထောင်ပိုင်ရဲ့ ပညာခန်း

ဦးသောင်းညွန့်က ရှမ်းပြည်နယ် တောင်ပိုင်းမှာရှိတဲ့ ထောင်တစ်ခုကို ပြောင်းသွားရာက မြင်းခြံထောင် ပြန်ရောက်လာပါတယ်။ ဘာ့ကြောင့် ပြန်ရောက်လာမှန်းတော့ မသိပါဘူး။ ဒါပေမဲ့ ထောင်ပိုင် ဘဝမှာ အနေကြာလာတော့ တော်တော် ပညာစုံနေပါပြီ။ ကျွန်တော်တို့ နိုင်ငံရေး အကျဉ်းသားတွေကို မထိတထိ ပညာပြတာတွေ လုပ်လာပါတယ်။ ဥပမာ နှစ်ပတ် တစ်ခါ ဈေးဝယ်ခွင့် ရတာကို တစ်လ တစ်ခါမှ ဈေးဝယ်ခွင့် ရမှာတို့၊ ဈေးဝယ်မှာရင်လည်း ဘာမမှာရ၊ ညာမမှာရ စတဲ့ ကိစ္စတွေပါ။ အဲဒီလို လုပ်လာပါများတော့ ကျွန်တော်က ထောင်ပိုင်တန်းစီ လာတဲ့အချိန်မှာ သတင်းပို့ပါတယ်။

နိုင်ငံရေး အကျဉ်းသမားတွေ ဈေးဝယ်ခွင့်ကို သတ်သတ်မှတ်မှတ် ခွင့်ပြုဖို့ဆိုပြီး သတင်းပို့ပါတယ်။ အဲဒီလို သတင်းပို့ပြီး နောက်တစ်ရက်မှာ ကျွန်တော့်ကို ဆေးစစ်ဖို့ဆိုပြီး မန္တလေးထောင်ကို ပြောင်းလိုက်ပါတယ်။ ပြောင်းပုံကလည်း သင်းပါတယ်။ နိုင်ငံရေး အကျဉ်းသားတွေကို ပြောင်းပုံမဟုတ်ဘဲ ရာဇဝတ်သားတွေကို ပြောင်းပုံမျိုးပါ။ လူကို သံခြေချင်းခတ်ပြီး မီးရထားနဲ့ သွားရတာပါ။ ကျွန်တော်ကတော့ ကြိုက်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ လူတွေနဲ့ ရောရောနှောနှော တွေ့ရတာကိုး။ ထင်တဲ့အတိုင်းပါပဲ ရထားပေါ် ရောက်တော့ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်မှာ အသက် ၁၈/၁၉ အရွယ် မိန်းကလေး နှစ်ယောက်ကို တွေ့ပါတယ်။

လိုက်ပါလာတဲ့ လုံခြုံရေး သုံး-လေးယောက်လောက်ကတော့ ကျွန်တော့် ပတ်လည်မှာ ရတဲ့ ထိုင်ခုံတွေမှာ ထိုင်နေကြပါတယ်။ မိန်းကလေးတွေက ကျွန်တော်ရဲ့ ထောင်အဝတ်အစား (အဖြူရောင်) နဲ့ သံခြေချင်းတွေကြောင့် ခပ်အမ်းအမ်း ဖြစ်နေကြပါတယ်။ စကား မပြောရဲကြပါ။ နာရီဝက်လောက် ကြာတော့မှ ကျွန်တော်က မိတ်ဆက်ပြီး ဘာမှမဖြစ်သလို ပုံမှန် စကားစမြည် ပြောပါတယ်။ သူတို့က ကျောက်ဆည်တစ်ဝိုက်က ဖြစ်ပြီး ကျောင်းပိတ်လို့ အိမ် ခဏပြန်ကြတာပါ။ ကျွန်တော်က ဖြစ်စဉ်ကို ပြောပြပြီး အကူအညီ တောင်းပါတယ်။ ဘာလဲဆိုတော့ အင်းစိန်က ဇနီးသည်ထံကို ဖုန်းဆက်ပေးဖို့၊ ဖုန်းနံပါတ်နဲ့တကွ အမည်ကို ပြောပြီး မေတ္တာရပ်ခံပါတယ်။

လိုက်လာတဲ့ ထောင်ဝန်ထမ်းက မကြိုက်တဲ့သဘောနဲ့ သူ့နေရာက ထပြီး ကျွန်တော့်နားကို ရစ်သီရစ်သီနဲ့ စကားမပြောဖို့ တားပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဂရုမစိုက်တဲ့ပုံနဲ့ စကားဆက်ပြောနေတော့ သူ့နေရာသူ ပြန်ထိုင်ပါတယ်။ ဟုတ်တယ်လေ၊ ကျွန်တော်က သံခြေချင်းနဲ့ ထွက်ပြေးလို့မှ မရတာ။ ထောင်ပိုင်က ကျွန်တော် တင်ပြတာကို လုပ်မပေးချင်လို့ ထောင်ပြောင်းလိုက်တာ မတရားမှန်း အားလုံး သိနေကြတာပဲ။ လူကြားထဲဆိုတော့ ကျွန်တော့်ကိုလည်း မငေါက်ရဲကြဘူးပေါ့။ အဲဒီတုန်းက ဒီမိန်းကလေးတွေ နာမည် မှတ်ထားသော်လည်း အခုတော့ မေ့သွားပါပြီ။

အဲဒီ မိန်းကလေးတွေလည်း သူတို့ ဆင်းရမယ့် ဘူတာရောက်တော့ ဆင်းသွားကြပါတယ်။ ကျွန်တော်လည်း မန္တလေးထောင် ရောက်ပြီပေါ့။ ထောင်ပိုင်ရဲ့ မှတ်ချက် ပါဟန်တူပါတယ်၊ ကျွန်တော့်ကို ထောင်ဆေးရုံကို ပို့ပေးပါတယ်။ ဆေးရုံ ခန်းမကြီးကို ပို့မပေးပါ။ ဆေးရုံက တိုက်မှာ ထားပါတယ်။ ကျွန်တော်က အခန်း ၁။ အခန်း ၂ ကိုတော့ အဆောင်တွေက နေမကောင်းတဲ့ အကျဉ်းသားတွေ ဝင်လိုက် ထွက်လိုက်ပါ။ အခန်း ၃ မှာတော့ ထိုင်းနိုင်ငံက အပြန် ဖမ်းမိပြီး ထောင်ကျလာတဲ့ ဝင်းလတ်ညို ရှိပြီး၊ အခန်း ၄ မှာတော့ ကျောင်းသား သက်ဝင်းအောင် ရှိပါတယ်။ အခန်း ၅ မှာတော့ ကိုကျော်နိုင်ဦး။ သူက စက်လှေ ပိုင်ရှင်ပါ။ ရခိုင်ပြည်နယ်ကနေ ရန်ကုန်ကို ခွင့်ပြုချက်မရဘဲ လူတွေ တင်ခေါ်လာမှုနဲ့ ထောင်ကျရုံမက စက်လှေပါ အသိမ်းခံရတဲ့ ပုဂ္ဂိုလ်ပါ။ အခန်း ၂ နဲ့ ၃ ကြားမှာတော့ နံရံခြားထားပါတယ်။

## ကျွန်တော့်အပေါ် သူတို့သဘောထား

ကျွန်တော် မြင်းခြံထောင်ကနေ ပြောင်းလာတော့ ဆေးစစ်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ပါ။ ဒါပေမဲ့ ထောင်ပြောင်းတဲ့ ဝရမ်းမှာတော့ မြင်းခြံ ထောင်ပိုင်က မှတ်ချက်တစ်ခု ရေးလိုက်ပါလိမ့်မယ်။ ဒါ့ကြောင့် ထောင်အရာရှိတွေက ကျွန်တော့်ကို ဆက်ဆံရာမှာ ချိုးချိုးနှိမ်နှိမ် ဆက်ဆံကြပါတယ်။ ထင်ရှားတဲ့ ဥပမာတစ်ခု ပြရရင် ထောင်ဝင်စာမှာ ကျွန်တော့် မိသားစုဆိုရင် အမျိုးအမည် ခြောက်ခုထက် မပိုရ၊ တစ်မျိုးလျှင် ၅ဂ ကျပ်သားထက် မပိုရ ဆိုတဲ့ ကန့်သတ်ချက် လုပ်ပါတယ်။ ထောင်ဝင်စာ နည်းသွားပြီပေါ့။ နောက်တစ်လ ထောင်ဝင်စာ မလာခင် ဒီလ ပို့တာနဲ့ စားလို့ကတော့ ဘယ်တော့မှ မလောက်ပါဘူး။

တစ်ကြိမ်မှာတော့ ကျွန်တော် ထောင်ဝင်စာမှာ ဇနီးသည်နဲ့ စကားပြောနေချိန်မှာ (ကျွန်တော့် ထောင်ဝင်စာ ရှိရင် ကျန်တဲ့ ထောင်ဝင်စာတွေ အားလုံး ပိတ်ထားတာပါ။) ထောင်ပိုင် ဖြတ်သွားတာ မြင်လိုက်ရပါတယ်။ အဲဒီမတိုင်မီလေးမှာ ဇနီးသည်က ကျွန်တော့်အတွက် ပန်းသီး သုံးလုံး ယူလာတာ ခွင့်မပြုဘူးလို့ ပြောထားဆဲပါ။

ထောင်ပိုင်ကို မြင်လိုက်တဲ့အခါ ကျွန်တော်က လှမ်းခေါ်ပြီး "ထောင်ပိုင်ကြီး ဒါ ကျွန်တော့်ဇနီးပါ၊ ကျွန်တော့် အတွက် ပန်းသီး သုံးလုံး သွင်းလို့ မရဘူးတဲ့ဗျာ၊ ကြည့်လုပ်ပေးပါဦး" လို့ ပြောတဲ့အခါ သူက "သည်းခံပါ၊ လုံခြုံရေးကြောင့်ပါ" လို့ ပြောပါတယ်။

ကျွန်တော်က "ထောင်ပိုင်ကြီးရယ် ပန်းသီး သုံးလုံးကို လုံခြုံရေးအရ ဆိုပြီး သွင်းခွင့်မပြုတာတော့ လွန်လွန်းပါတယ်၊ အဓိပ္ပာယ်လည်း မရှိပါဘူးဗျာ" လို့ ပြောတော့ သူကတော့ ခပ်ပြုံးပြုံးပဲ၊ "ခွင့်မပြုနိုင်ပါဘူး" လို့ ပြန်ပြောပါတယ်။

## မန္တလေးက ဒေါ်ဝင်းမြမြ

ကျွန်တော် ၁၉၈၈-၈၉ ခုနှစ်၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရုံးမှာ အလုပ် လုပ်နေစဉ်က တစ်နေ့မှာ ခြံဝက သတင်းလာပို့ပါတယ်။ မန္တလေးက ဒေါ်ဝင်းမြမြဆိုတဲ့ အမျိုးသမီးတစ်ဦးက ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဖို့ လာပါတယ်။ ရက်ချိန်းရပြီးသားပါလို့ ပြောပါတယ်။ ကျွန်တော်က ဝင်ခဲ့ပါလို့ ပြောလိုက်ပါတယ်။ စိတ်ထဲမှာတော့ ဒေါ်ဝင်းမြမြ ဆိုတဲ့နာမည်က ထူးခြားလို့ စိတ်ဝင်စားတဲ့အပြင် မန္တလေး ဝင်းမြမြ ဆိုတော့ ကဗျာဆန်မယ်လို့ ထင်ပါတယ်။ မန္တလေးသူဆိုတော့ ဖြူဖြူနွဲ့နွဲ့လေး ဖြစ်မယ်ပေါ့။ စိတ်ကူးထဲမှာ။

အိမ်ရှေ့ ရောက်လာတော့ ကျွန်တော်က ထွက်ပြီး ဧည့်ခံရပါတယ်။ ဒေါ်စုကလည်း အရင် ဧည့်သည် တစ်ဖွဲ့နဲ့ စကားမပြတ်သေးလို့ပါ။ ဒေါ်ဝင်းမြမြ ရောက်လာတော့ ကျွန်တော့်စိတ်ထဲမှာ ဘယ်မှာ ဖြူဖြူနွဲ့နွဲ့ ဟုတ်ပါ့မလဲ၊ အသားတော့ ဖြူပါရဲ့၊ လူက တုတ်တုတ်ခိုင်ခိုင် ထောင်ထောင်မောင်းမောင်းနဲ့ အရပ်က မပုပါဘူး။ ရယ်ချင်တဲ့စိတ်ကို အသာမျိုသိပ်ပြီး အချင်းချင်း မိတ်ဆက်ပါတယ်။ သူက အစွလာမ် ဘာသာဝင် ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို လူအရ လည်းကောင်း၊ မှုအရ လည်းကောင်း ထောက်ခံနေသူပါ။ ဒီအနေ့အထိပါပဲ။

အခု လက်ရှိအချိန်မှာ ဒေါ်ဝင်းမြမြဟာ မန္တလေးတိုင်း NLD ရဲ့ ဒုတိယ ဥက္ကဋ္ဌအဖြစ် တာဝန် ထမ်းဆောင်နေပါတယ်။ ကျွန်တော် မန္တလေးထောင်မှာ ရှိစဉ်တုန်းကတော့ သူက တိုင်း အလုပ်အမှုဆောင် အဖွဲ့ဝင်ပါ။ ကျွန်တော် မန္တလေးထောင် ရောက်တော့ ကျွန်တော့် မိသားစုက မန္တလေးကို လာတဲ့အခါ ဘုတာရုံ ပလက်ဖောင်းမှာပဲ ပစ္စည်းတွေချ၊ တစ်ကိုယ်ရေ သန့်ရှင်းမှုကိုလည်း ဘုတာရုံက ရေချိုးခန်းတွေမှာပဲ လုပ်၊ ပြီးမှ

ထောင်ဝင်စာ သွားပို့၊ ပြန်လာရင် ညရထားနဲ့ ရန်ကုန်ပြန်၊ ဒီပုံစံနဲ့ ရန်ကုန် မန္တလေး အသွား/အပြန် ထောင်ဝင်စာ ပို့နေတာပါ။

ဒေါ်ဝင်းမြမြက ကျွန်တော့်ကို ခင်ပါတယ်။ ကျွန်တော် မန္တလေးထောင်ကို ရောက်နေပြီး မိသားစုက ဘူတာရုံမှာ စတည်းချပြီး ထောင်ဝင်စာ ပို့နေတယ်ကြားတော့ သူကစပြီး ကျွန်တော့် မိသားစုကို ဖိတ်ခေါ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့် ဇနီးသည်နဲ့ ထောင်ဝင်စာ လိုက်နေကျ ညီနံ့ပါတ် ၈ ဒေါက်တာ နိုင်လင်းတို့ပါ သူတို့အိမ်မှာ တည်းပါတယ်။ ထောင်ဝင်စာ ပို့ပြီးရင်လည်း သူတို့အိမ်မှာ ပြန်တည်းပြီးမှ ရထားနဲ့ ပြန်ပါတယ်။ အလွန် သက်သာသွားပြီပေါ့။ ဒေါ်ဝင်းမြမြ ကျေးဇူးကြီးလှပါပေရဲ့။ သူတင်မကပါဘူး သူတို့ ညီအစ်ကို မောင်နှမ အားလုံးကိုပါ။ သူတို့က လူပျိုကြီး၊ အပျိုကြီးတွေလေ။

## တာဝန် သိတတ်ခြင်းရဲ့ အကျိုးဆက်

ဒေါ်ဝင်းမြမြက ကျွန်တော်နဲ့ မိသားစုကို သူတို့အိမ်မှာ တည်းခိုစေတာဟာ သူတို့မိသားစု အတွက် အကုသိုလ် ဝင်တာပါပဲ။ ကျွန်တော့် မိသားစု သူတို့အိမ်မှာ လေး-ငါးလလောက် တည်းပြီးရော သူတို့ ဈေးချိုမှာ ရောင်းတဲ့ လက်ကား အထည်ဆိုင်ကို ထောက်လှမ်းရေးက ဝင်ရှာပါတယ်။ ဥပဒေနဲ့ ငြိစွန်းတာ ဘာမှမတွေ့ရပါဘူး။ ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည် ဓာတ်ပုံပါတဲ့ စာရွက်လေး တစ်ရွက်ကိုတော့ အဝတ်ဗီရို တစ်ခုတည်းမှာ တွေ့သွားပါတယ်။ အဲဒါကို အကြောင်းပြုပြီး တိုင်းအာဏာပိုင် တွေက တိုင်းမှူးအမိန့်နဲ့ ဆိုပြီး တစ်ဆိုင်လုံးကို သိမ်းလိုက်ပါတယ်။ ခဏကြာတော့ သူတို့နဲ့ အဆင်ပြေတဲ့ မိသားစုတစ်ဖွဲ့နဲ့ နားလည်မှုယူပြီး သိန်း ၅၀ လောက်နဲ့ ပြန်ရောင်းလိုက်ပါတယ်။ တကယ်တော့ သူတို့ ဆိုင်ဟာ နှစ်ခန်းတွဲမို့ သိန်း ၅၀၀ ထက်မက တန်တယ်လို့ သိရပါတယ်။

ဒေါ်ဝင်းမြမြတို့ မိသားစုဟာ ကျွန်တော့်အတွက်ကြောင့် ဘဝပျက်ခဲ့တယ်လို့ ပြောလို့ရမှာပါ။ သူတို့ လုပ်ငန်းကို သူတို့အိမ်မှာပဲ အခြေပြုပြီး ဆက်လုပ်ပါတယ်။ ဒါပေမဲ့ ရောင်းအားကတော့ ခေါက်ချိုးကျသွားတယ်လို့ သိရပါတယ်။ အဲဒီလို အခြေအနေမျိုးကို Fast Forward လုပ်ကြည့်ပါရစေ။ ၂၀၁၅ ခုနှစ်မှာ NLD အစိုးရ ဖြစ်လာတော့ ဒေါက်တာ ဇော်မြင့်မောင် မန္တလေးတိုင်း ဝန်ကြီးချုပ် ဖြစ်လာပါတယ်။ ကျွန်တော်က ဒေါ်ဝင်းမြမြတို့ ဆိုင်ခန်းကိစ္စ ပြောပြပြီး နစ်နာတဲ့အတွက် တစ်ခုခု လုပ်ပေးဖို့ တင်ပြခဲ့ပါတယ်။ တော်တော်နဲ့ အကောင်အထည် မပေါ်ပါ။

၂၀၁၇ ခုနှစ် (နှစ်နှစ် ကြာပြီးမှ) ဒေါ်ဝင်းမြမြ မိသားစုအတွက် အောက်ထပ် ဆိုင်ခန်းတွဲ တစ်ခုကို ဝယ်ယူခွင့် ပေးလိုက်ပါတယ်။ ဘယ်နေရာမှာလဲ ဆိုတာတော့ ကျွန်တော် မမှတ်မိတော့ပါ။

## မန္တလေးရောက် ရှမ်းကလေး တစ်ယောက်

ကျွန်တော် ထောင်ဆေးရုံ ရောက်ပြီး သုံး-လေးလလောက် အကြာမှာ ကျွန်တော့်ဘေးက အခန်း ၂ ကို အကျဉ်းသား တစ်ယောက် ရောက်လာပါတယ်။ ရှမ်းတိုင်းရင်းသားလေးပါ။ အရပ်ပုပု ပိန်ပိန်ပါးပါး၊ ခေါင်း ကြီးကြီးနဲ့ပါ။ နာမည်က "စံမြင့်" (ထင်ပါရဲ့)။ သူက ဗိုက်ထဲက အောင့်အောင့်နေလို့ လာပြတာပါ။ နောက်တော့ အူထဲမှာ TB ဖြစ်တယ်လို့ ဆန်းဆန်းပြားပြား တွေ့ရပါတယ်။ ရောဂါ လက္ခဏာ တွေ့ပြီး လိုအပ်တဲ့ဆေးတွေ ပေးလိုက်ပြီးတဲ့အခါ သူ့နေရာသူ ပြန်ပို့ခံရပါတယ်။

သူနဲ့က တစ်လလောက် နေတဲ့အခါမှာ သူ့အမှုအကြောင်း ပြောပါတယ်။ ပြစ်ဒဏ်က သေဒဏ် သုံးကြိမ်

ပါ။ ကြားရတာနဲ့ မျက်လုံးပြူးသွားပါတယ်။ သူက လားရှိုး၊ ကွတ်ခိုင် တစ်ဝိုက်မှာ လုပ်ရှားပါတယ်။ ဥပမာ လားရှိုးကနေ ကွတ်ခိုင်သွားဖို့ စီးလုံးတကွဲဆီ ငှားပါတယ်။ ငှားလည်းပြီးရော ခရီးမထွက်ခင် သူနဲ့ ခင်အောင် မင်အောင် ပေါင်းလိုက်ပါတယ်။ တကယ်သွားတဲ့နေ့မှာ လားရှိုးကနေ ကွတ်ခိုင်ကို သွားပါတယ်။ လမ်းတစ်နေရာ ရောက်တော့ အသိအိမ် တစ်အိမ်ရှိလို့ ရှမ်းရွာ တစ်ခုကို ဝင်ချင်တယ်ဆိုပြီး ဝင်ပါတယ်။

အဲဒီအိမ်မှာ ကောင်းကောင်း စားတယ်၊ ကောင်းကောင်း သောက်တယ်၊ ဘီယာ အရက် အစုံပေါ့။ ရွာက ပြန်ထွက်တယ်၊ သူနဲ့ ကြိုတင် စီစဉ်ထားတဲ့ ရှမ်း လေး-ငါးယောက်လောက်က ဓားတွေ၊ တုတ်တွေ ကိုင်ပြီး ကားကို တားပါတယ်။ ပြီးရင် ဒရိုင်ဘာကို ခေါ်သွားပါတယ်။ အဲဒီ ဒရိုင်ဘာကို ရှမ်းရွာသားတွေက ရွာနဲ့ မလှမ်းမကမ်းမှာ အပျောက်ရှင်းပြီး မြေမြှုပ်လိုက်ပါတယ်။ သူကတော့ အဲဒီကားကို ယူသွားပါပြီ။ အဲဒီ ရွာသားတွေက ကားသမားကို အပျောက်ရှင်းတဲ့အတွက် တစ်ခါတလေ ကျပ် ၃ဝဝဝဝ၊ တစ်ခါတလေ ကျပ် ၄ဝဝဝဝ ပေးရပါသတဲ့။

အဲဒီလိုနဲ့ လားရှိုးက ကားကို ကွတ်ခိုင်ကို ငှား၊ ကွတ်ခိုင်က ကားကို လားရှိုး ဆင်းမယ်ဆိုပြီး ငှား၊ တစ်ခါတလေ မေမြို့က ကားကို လားရှိုး သွားမယ်ဆိုပြီး ငှား၊ လားရှိုးက ကားကို မေမြို့ သွားမယ်ဆိုပြီး ငှား။ ကားသမားတွေကို အပျောက်ရှင်းပြီး ကားတွေကို ရောင်းစား။ တစ်နှစ်ခွဲလောက် ကာလအတွင်းမှာ သူ့မှာ ရွှေတွဲလွဲ၊ ငွေတွဲလွဲ ဖြစ်လာပါတယ်။ လားရှိုး၊ ကွတ်ခိုင်၊ မေမြို့၊ နောင်ချိုု၊ ကျောက်မဲ စတဲ့ မြို့တွေမှာ လှည့်ပတ် လုပ်နေခဲ့ကြပါတယ်။ သူ အဲဒီလို ကားသမားကို အပျောက်ရှင်းပြီး ကားတွေကို အပိုင်စီး၊ ရောင်းစား လုပ်ခဲ့တာကို ရဲနဲ့ ထောက်လှမ်းရေး ပေါင်းပြီး လုပ်မှ မိတာပါ။

သူ အဲဒီလို လုပ်တာတွေ အောင်မြင်တာက နံပါတ်တစ် အချက်က သူက သွေးအေးအေးနဲ့ ရက်စက်ရဲတယ်။ နှစ်က အဲဒီအချိန်မှာ လက်နက်ကိုင် သောင်းကျန်းသူတွေနဲ့ ယာယီ ငြိမ်းချမ်းရေး ရတော့ သူတို့အဖွဲ့တွေ ငြိမ်းချမ်းရေး နံပါတ်နဲ့ ကားတွေ ခွင့်ပြုခဲ့ပါတယ်။ သူကလည်း သူ လုပ်လို့ရတဲ့ ကားတွေကို ငြိမ်းချမ်းရေး နံပါတ်တပ်ပြီး မေမြို့မှာ သွားရောင်းတယ်၊ တောင်ကြီးမှာ ရောင်းတယ်၊ မန္တလေးမှာ ရောင်းတယ်၊ နောက်တစ်ချက်က သူ့ကားတွေကို Without သဘောနဲ့ ရောင်းတော့ ခေါက်ချိုး ဈေးချိုတယ်။ ဒီတော့ ရောင်းထွက်တယ်ပေါ့။

## ဒေါ်အောင်ဆန်းစုကြည်ရဲ့ သက်တော်စောင့် လုပ်ချင်ပါတယ်

သူ့စကားအရဆိုရင် ကားအရေအတွက်ပေါင်း ၈ဝ ကျော်လောက် ရှိမယ်လို့သိရပါတယ်။ ဒါပေမဲ့ အမှုသုံးမှုကိုပဲ ဖော်ထုတ်နိုင်လို့ သေဒဏ် သုံးခါ ကျတာပါ။ သုံးလလောက်အတွင်းမှာ သူနဲ့ ခင်သွားပါတယ်။ ရောဂါပျောက်လို့ သူ့နေရာ ပြန်ခါနီးမှာ ကျွန်တော့်ကို တစ်ခု မေတ္တာရပ်ခံသွားပါတယ်။ သူ ထောင်က လွတ်ရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ သက်တော်စောင့် လုပ်ချင်တယ်လို့ ပြောတဲ့အခါ ကျွန်တော့်မှာ ကြောင်အ,သွားရပါတယ်။

## ထောင်ထဲမှာ ဈေးဝယ်ရခြင်း

ထောင်ထဲမှာ ဈေးဝယ်ခွင့်ပြုပါတယ်။ မိသားစု ထောင်ဝင်စာ လာတဲ့အခါ အပ်ငွေလည်း စာရင်းဇယားနဲ့တကွ လက်ခံပါတယ်။ တချို့ မအပ်ချင်ဘဲ ငွေကိုင် သုံးချင်တဲ့သူတွေကျတော့လည်း ဝန်ထမ်းတွေက တစ်ဆင့် သွင်းယူပါတယ်။ တယ်ဟုတ်ပါလားလို့ အချီးအကျူး မစောလိုက်ပါနဲ့ဦး။ အထာတွေ ရှိပါတယ်။ ဟုတ်ပါတယ်။ ထောင်ထဲကို ဝန်ထမ်းက တစ်ဆင့် ပိုက်ဆံ သွင်းလို့ရပါတယ်။ ငွေကျပ် ၁ဝဝဝ သွင်းရင် ၈ဝဝ ကျပ်ပဲ အကျိုး

သားက ရတာပါ။ ၂၀ ရာနှုန်း ပေးရတာဟာ ထောင်ထုံးစံပါ။

ဈေးဝယ်မယ် ဆိုရင်လည်း ကျပ် ၁၀၀ တန်တဲ့ ပစ္စည်းဆိုရင် ၁၆၀ ကျပ်လောက်အထိ ဈေးတင်ပါတယ်။ ထောင်ဝင်စာတွေကို ကန့်သတ်တာက ဈေးဝယ်တဲ့ ပမာဏ များအောင်လို့ပါ။ တစ်လ တစ်ခါ ဈေးဝယ်ရင် ထောင်ဆေးရုံက လူတွေရဲ့ ဝယ်အားဟာ သိန်း လေး-ငါးဆယ်လောက် ရှိပါတယ်။ တစ်ထောင်လုံး အလုညိ့ကျ ဈေးဝယ်တဲ့ ငွေပမာဏက တစ်လကို ကျပ်သိန်း ၁၀၀၀ ဖိုးထက် ကျော်ပါတယ်။

## ကိုဝင်းလတ်ညို

သူ့နာမည်ကို မိတ်ဆက်တုန်းကရော၊ ဝန်ထမ်းတွေက ခေါ်တဲ့အခါမှာရော ကျွန်တော့် နားထဲမှာ ဝင်းလှဲ့ညိုလို့ ကြားနေရပါတယ်။ အို... နာမည်က မိန်းကလေး နာမည်ပါလားလို့တောင် စိတ်ထဲမှာ ဖြစ်မိပါတယ်။ ခင်လာတော့မှ သူ့နာမည်အမှန် သိရတာပါ။ သူက မကွေးဇာတိပါ။ တက္ကသိုလ်တက်ရင်းနဲ့ ကျောင်းမပြီးခင် ရေတပ်ထဲ ဝင်ခဲ့ပါတယ်။ ရေတပ် စက်မှုလက်မှုတပ်ထဲမှာ အမှုထမ်းရပါတယ်။ ဒါပေမဲ့ သူ စကားပြောရာမှာ နိုင်ငံရေး လေသံတွေ ပါလာတဲ့အတွက် အထက် အရာရှိတွေနဲ့ မသင့်မတင့် ဖြစ်ရာကနေ တောခိုသွားခဲ့ပါတယ်။

ထိုင်းနိုင်ငံမှာ ရောက်နေတဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တစ်ခုနဲ့ အဆက်အသွယ် ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်လို ပြဿနာတွေ ဖြစ်ခဲ့တယ်မသိပါဘူး ဗမာပြည်ဘက်ကို ပြန်ဝင်အလာမှာ ဖမ်းမိပြီး လူဝင်မှု ဥပဒေနဲ့ရော၊ လက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်တဲ့ အမှုတွေရော ပေါင်းပြီးတော့ ထောင်ချခံလိုက်ရတာပါ။ လူပုံက ညိုညိုသွယ်သွယ်၊ အရပ်မနိမ့်မမြင့်၊ ဆံပင်က ခေါင်းတုံးဆံတောက်နဲ့ပါ။ အညာသားပီပီ စကားပြောရာမှာ ပြတ်ပြတ်သားသား ပြောလေ့ရှိပါတယ်။

ရောက်လို့နှစ်လလောက်ရှိတော့ သူနဲ့ ခင်ခင်မင်မင် ဖြစ်လာပါတယ်။ တစ်နေ့တော့ သူက ကျွန်တော့်ကို တရားထိုင်ဘူးသလားလို့ မေးပါတယ်။ ကျွန်တော်က ဒုလ္လဘကို ခုနစ်ကြိမ်လောက် ဝတ်ဖူးတဲ့အပြင် လူဝတ်နဲ့ပါ ရိပ်သာတွေမှာ ၁၀ ကြိမ်လောက်ဝင်ပြီး တရားထိုင်ဖူးကြောင်း ပြောပြပါတယ်။ အဲဒီမှာ သူ့ကို တရားထိုင်နည်း ပြောပြပါလို့ ဆိုပါတယ်။ ကျွန်တော်က တရားအကြိမ်ကြိမ် ထိုင်ခဲ့ဖူးပေမဲ့ ပေါက်မြောက်တဲ့ အဆင့်အထိ မရောက်ခဲ့ဖူးဘူး။ ဒါပေမဲ့ ခင်ဗျား ထိုင်ချင်ရင် ကျွန်တော် နည်းပေးမယ် ဆိုပြီး မဟာစည် ဆရာတော် ဘုရားကြီးရဲ့ "ပိန်-ဖောင်း" နည်းနဲ့ ဒေသနာတော်မှာ ပါတဲ့ မြတ်စွာဘုရားရဲ့ အာနာပါနနည်းတွေကို အကျယ်တဝင့် ရှင်းပြပါတယ်။

အဲဒီလို ပြောပြီးတဲ့အခါမှာ သူ့ကို သတိပေးလိုက်ပါတယ်။ တရားစခန်းတွေမှာဝင်ပြီး တရား ထိုင်ရင် ကမ္မဋ္ဌာန်း ဆရာတွေက ညစဉ် တရားစစ်တယ်။ ဒါ့ကြောင့် ဆရာမရှိဘဲ တရားတွေ စွတ်ထိုင်ရင် ရေရှည်မှာ ပြဿနာပေါ်တတ်တယ်။ ဒါ့ကြောင့် ခင်ဗျား တရားထိုင်မယ် ဆိုရင် မနက် တစ်ချိန်၊ နေ့လယ် တစ်ချိန်နဲ့ ည တစ်ချိန်လောက် ဆိုရင် လုံလောက်ပြီ၊ ဒီထက် မပိုစေနဲ့၊ ပိုလာရင် ပြဿနာပေါ်တဲ့ သာဓကတွေ အများကြီး ရှိတယ်လို့ ပြောလိုက်ပါသေးတယ်။

## ရွှေမန်ကျည်သီးတောင့်များ

သူ တရားထိုင်တာ လေး-ငါးရက် ရှိသွားပါပြီ။ အဲဒီလိုနေရာက သူက ကျွန်တော့်ကို "တရား ထိုင်ရတာ အားရတယ် အန်ကယ်ရာ၊ ကျွန်တော် နေ့ရော ညရော ထိုင်တော့မယ်၊ မအိပ်မနေ ကျင့်တော့မယ်" လို့ ပြောပါတယ်။ "ဟော့လူ မလုပ်နဲ့နော်၊ ကျုပ်က ကမ္မဋ္ဌာန်းဆရာ အဆင့်ထိ မရောက်ခဲ့ပေမဲ့ အဲဒီလို မလုပ်သင့်ဘူး ဆိုတာတော့

သိတယ်" လို့ အတန်တန် တားပါတယ်။ မရပါ။ ဒီလိုနဲ့ နောက် သုံး-လေးရက် ကြာတော့ ရေချိုးတဲ့အချိန်မှာ သူက ကျွန်တော့်ကို ပြောပါတယ်။ "အန်ကယ်တို့ ပူစရာ မလိုတော့ဘူး၊ ကျွန်တော့် အတွက်ရော အန်ကယ်တို့ အတွက်ပါ ရွှေမန်ကျည်းသီးတောင့် ခုနစ်တောင့်စီ ရထားပြီးပြီ" လို့ ပြောပါတယ်။ ကိုဝင်းလတ်ညိုတော့ ဂေါက်သွားပါပြီ။

နောက်များမကြာခင်ကျွန်တော် ကသာထောင်ကို ပြောင်းရတော့ သူနဲ့ အဆက်အသွယ် ပြတ်သွားပါ တယ်။ ကျွန်တော် ထောင်က လွတ်ပြီး လွှတ်တော် ကိုယ်စားလှယ် ဖြစ်တဲ့အချိန်မှာ ကျွန်တော့် အင်းစိန်က အိမ်ကို သူရောက်လာပါတယ်။ ထောင်က လွတ်ပြီး မိန်းမတောင် ရနေပြီဆိုပဲ။ မိန်းမက စက်ချုပ်ပါသတဲ့။ "ကျွန်တော်တို့ အတွက် ခင်ဗျား ရထားတဲ့ ရွှေမန်ကျည်းသီးတောင့်တွေ ရှိသေးလား" လို့ သူ့ကို မေးတော့ မောင်မင်းကြီးသားက တဟီးဟီး ရယ်နေပါလေရော။ အခုတော့ သူဟာ မကွေးမှာ အခြေချနေပါတယ်။ NGO ဆန်ဆန် ပရဟိတအဖွဲ့ တစ်ခုမှာ အလုပ် လုပ်နေပါတယ်။

## ကိုသက်ဝင်းအောင်

အခန်း ၄ မှာ နေပါတယ်။ အသားညိုညို၊ အရပ် မနိမ့်မမြင့်ပါ။ ဆံပင် နည်းနည်းကောက်သလိုလို ရှိပါတယ်။ နိုင်ငံရေး အကျဉ်းသား ကျောင်းသား အုပ်စုတွေထဲမှာ သူ့ကို အတော် လူသိများပါတယ်။ သူဟာ အစက ခန္တီး ထောင်မှာပါ။ အဲဒီမှာ ကျန်းမာရေးချို့တဲ့လို့ မန္တလေးထောင် ရောက်လာတာပါ။ မန္တလေးထောင်ကို ရောက် တော့လည်း သူ့ကျန်းမာရေးက တိုးတက်မလာပါဘူး။ ကျန်းမာရေး မကောင်းပေမဲ့ ထောင်ဆရာဝန်တွေရဲ့ ဆေးကုသတာကိုလည်း သူ မလိုက်နာပါဘူး။

ကိုသက်ဝင်းအောင်က နိုင်ငံရေး အယူအဆ ပြင်းထန်ပါတယ်။ စစ်အစိုးရကို ရန်သူလို့ သတ်မှတ်သလို စစ်အစိုးရရဲ့ အုပ်ချုပ်ရေး အသိုင်းအဝိုင်းကိုလည်း ရန်သူနဲ့ တစ်တန်းတစ်စားတည်း ထားပြီး ဆက်ဆံတာပါ။ ဒါ့ကြောင့် ဆေးရုံက ပေးတဲ့ ဆေးတွေကို သောက်လိုက် မသောက်လိုက် ဖြစ်နေပါတယ်။ သူ့ရဲ့ အဓိက ချို့ယွင်းချက်က နလုံးပါ။ ဒါကလည်း ဆရာဝန်တွေ ပြောလို့ သိတာပါ။ သွေးတိုးကလည်း ဆက်တိုက် ဖြစ်နေ ပါသတဲ့။

ကျွန်တော်နဲ့ ခင်လာတော့ သူ့ကို ကျွန်တော် ပြောပြပါတယ်။ "ခင်ဗျားတို့ ကျွန်တော်တို့ဟာ စစ်အစိုးရရဲ့ မတရားမှုကို အာခံလို့ ထောင်ထဲ ရောက်ကြတာ၊ ထောင်က လွတ်ရင်လည်း နိုင်ငံရေး ဆက်လုပ်မယ့် ရည်ရွယ် ချက် ရှိချင်ရှိမယ်၊ ဆက်လုပ်မယ် ဆိုရင်လည်း ကိုယ်ကျန်းမာမှ ဆက်လုပ်နိုင်မှာ၊ ဒါ့ကြောင့် ကျန်းမာအောင် နေသင့်တယ်၊ ဆေးဝါးတွေလည်း မှီဝဲသင့်တယ်၊ တကယ်လို့ နိုင်ငံရေး ဆက်မလုပ်ချင်ဘူး ဆိုရင်လည်း ကျန်းမာမှ ကိုယ် လုပ်ချင်ရာ လုပ်လို့ရမှာ၊ အဲဒီတော့ ကိုယ့်ကျန်းမာရေးကို ဂရုတစိုက်နဲ့ ပြန်လည် တည် ဆောက်သင့်တယ်ဗျာ" လို့ အကြိမ်ကြိမ် ပြောဖူးပါတယ်။ သူကတော့ ဘာမှပြန်မပြောပါ။ ပြုံးပြုံးနဲ့ပဲ နေထိုင် လှုပ်ရှားနေပါတယ်။

ကိုသက်ဝင်းအောင်က စာ အလွန်ဖတ်ပါတယ်။ ဘာသာရေး၊ နိုင်ငံရေး စာအုပ်တွေ အများကြီး ရှိပါ တယ်။ ကျွန်တော့်မှာလည်း စာအုပ်တွေ များပါတယ်။ ဒါ့ကြောင့် သူနဲ့ ကျွန်တော် မကြာ မကြာ စာအုပ်တွေ ဖလှယ် ဖတ်လေ့ရှိပါတယ်။ တစ်နေ့မှာတော့ သူ ကျွန်တော့်ဆီက စာအုပ် တစ်အုပ် ငှားပါတယ်။ အဲဒီ စာအုပ်က ကျွန်တော် ဖတ်လက်စမို့ "ကျွန်တော် ဒီနေ့ပြီးအောင် ဖတ်ပြီးရင် မနက် ဆန်ပြုတ်ဝေချိန်မှာ ခင်ဗျား ကို လာပေးမယ်" လို့ ပြောလိုက်ပါတယ်။

နောက်တနေ့ မနက်ခင်း ထောင်ဖွင့်ချိန်မှာ ကျွန်တော် ကိုသက်ဝင်းအောင် ဖတ်ချင်တဲ့ စာအုပ်ကို သွားပေးမယ် ဆိုပြီး သူတို့အခြမ်းကို သွားလိုက်ပါတယ်။ သူက အိပ်ရာက မနိုးသေးပါ။ ညာဘက်ခြမ်းကို စောင်းပြီး အိပ်နေပါတယ်။ ကျွန်တော်က စာအုပ်ကို တံခါးဝ သံတိုင်ဘောင်ပေါ်မှာ တင်ထားပြီး ပြန်ထွက်ခဲ့ပါတယ်။ ၁၀ မိနစ်လောက် နေတော့ ထောင်အခေါ် "အမြဲဆင်း" လို့ ခေါ်တဲ့ကောင်တွေက ဆန်ပြုတ် လာဝေပါတယ်။ အဲဒီကောင်လေးရဲ့ ဆံပင်ပုံက ရုပ်ရှင်မင်းသား ဟက်ကက်နဲ့ တူလို့ ထောင်ထဲမှာ သူ့ကို "ဟက်ကက်" လို့ ခေါ်တာပါ။ ကျွန်တော် ဆန်ပြုတ်ယူလိုက်ပါတယ်။

သူက ဟိုဘက်အခန်းတွေကို ဆက်ပြီး ဆန်ပြုတ်ဝေပါတယ်။ ခဏကြာတော့ သူ ကျွန်တော့်ဆီကို ကမန်းကတန်း ပြေးလာပါတယ်။ ပြူးတူးပြဲတဲနဲ့၊ "အဘ၊ ကိုသက်ဝင်းအောင် အခြေအနေ မကောင်းဘူး" ဆိုပြီး ပြောတော့ "ငါ အခုပဲ ပြန်လာသေးတာ၊ ကောင်းပါတယ်" လို့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော် သူနဲ့အတူ သူ့အခန်းရှိရာကို သွားကြည့်တော့ ဟုတ်ပါတယ်။ လွန်ခဲ့တဲ့ မိနစ် ၂၀ လောက်က သူ့အခန်းကို ကျွန်တော် သွားကြည့်တဲ့အခါ ညာဘက်စောင်းပြီး အိပ်နေတာပါ။

အခု သွားကြည့်တဲ့အခါကျတော့ သူက ပက်လက် အနေအထားနဲ့ ခြေကားယား လက်ကားယား ပုံစံ ဖြစ်နေပါတယ်။ မျက်လုံး နှစ်ဖက်ကလည်း ပွင့်နေပါတယ်။ ခဏတဖြုတ် လေ့လာကြည့်တော့ သူ အသက် မရှူတော့ဘူး ဆိုတာ အကဲခတ်လို့ ရပါတယ်။ ဒါနဲ့ ဟက်ကက်ကို "ချက်ချင်းသွား၊ ထောင်မှူးကို သတင်းပို့၊ ဆရာဝန် ရှိရင် ဆရာဝန်ကိုပါ ခေါ်ခဲ့" လို့ပြောပြီး ကျွန်တော် ကိုယ့်အခန်းကို ပြန်ပါတယ်။ ကိုသက်ဝင်းအောင် အခန်းက သော့ပိတ်ထားဆဲမို့ ဘာအကူအညီမှ ပေးလို့ မရနိုင်ပါ။

နာရီဝက်လောက်ကြာတော့မှ (အချိန် မနက် ရှစ်နာရီလောက် ရှိပါပြီ) ဆရာဝန်နဲ့ တစ်ဖွဲ့ ရောက်လာပါတယ်။ ခဏကြာတော့ ထောင်ပိုင်နဲ့ ထောင်အရာရှိတစ်သိုက် ရောက်လာကြပြန်ပါတယ်။ သူတို့ ဘယ်လို ဆွေးနွေးတယ်၊ ဘယ်လို စမ်းသပ်တယ် ဆိုတာ ကျွန်တော် မသိရပါ။ ၁၀ နာရီလောက်ကျမှ ကိုသက်ဝင်းအောင်ကို ထမ်းစင်နဲ့ သယ်ထုတ်သွားပါတယ်။ သူနာပြုကားလည်း ရောက်နေပါပြီ။ နောက်နှစ်ရက်လောက် နေတော့ သတင်းစာတွေမှာ ကျောင်းသား ခေါင်းဆောင် ကိုသက်ဝင်းအောင် ကွယ်လွန်တဲ့အကြောင်း ပါပါတယ်။ သတင်းစာမှာ ရေးထားတာတွေက တကယ့် ဖြစ်စဉ်နဲ့ ကိုက်ညီမှုမရှိပါ။

ကိုသက်ဝင်းအောင်ဟာ အထိုက်အလျောက် လူသိများတဲ့ ကျောင်းသား ခေါင်းဆောင် တစ်ယောက် ဖြစ်တဲ့အတွက် သူနဲ့ ပတ်သက်ပြီး ပြောကြ ဆိုကြတာတွေ၊ ဝေဖန်ကြတာတွေ တော်တော်များပါတယ်။ စစ်အစိုးရ အတွက်တော့ ဆူးကြီး တစ်ဆူး စူးပြန်ပြီပေါ့။ ကိုဝင်းအောင်ရဲ့ မိသားစုကလည်း သူ ကွယ်လွန်တဲ့ နေ့တိုင်းမှာ နှစ်စဉ် ဆုတောင်းပွဲ လုပ်ပြီး အခမ်းအနား လုပ်လေ့ရှိပါတယ်။ ကျွန်တော် သတိပြုမိတာ တစ်ခုက သူနဲ့ ကျွန်တော် နေ့စဉ် တွေ့ဆုံနေခဲ့ရာမှာ ဝေဒနာ ခံစားမှု မရှိပါ။ မကွယ်လွန်ခင် မိနစ် ၂၀/နာရီဝက်လောက် အတွင်းမှာလည်း ဝေဒနာ ခံစားမှုမရှိဘဲ အသက် ဆုံးပါးသွားတဲ့အတွက် ညင်ညင်သာသာနဲ့ အသက်ထွက် သွားတယ်လို့ သိရပါတယ်။ ဒါဟာ ကောင်းရာသုဂတိ လားနိုင်မယ့် အကြောင်းတစ်ခု ဖြစ်ပါတယ်။

## ထောင်ဆေးရုံရဲ့ အနေအထား

တကယ်တန်းအားဖြင့် ကျွန်တော့်မှာ ဆိုးဆိုးဝါးဝါး ကျန်းမာရေး ထိခိုက်တာ မရှိပါ။ ထောင်ပိုင် ဦးသောင်းညွန့်က ကျွန်တော့်ကို သူ့ထောင်မှာ မရှိစေချင်တာနဲ့ အထက်ဗမာပြည် ရုံးချုပ်က ညွှန်မှူးရယ်၊ မန္တလေး ထောင်ပိုင်ရယ် ပေါင်းပြီး လုပ်ကြံလိုက်တာပါ။ ရှိစေတော့ပေါ့။ တူဖြစ်ရင် နံ့၊ ပေဖြစ်ရင် ခံ ဆိုတဲ့ ရှေးစကားအတိုင်း ခံရ

တော့မှာပေါ့။ ဒါပေမဲ့ ကျွန်တော် တူဘဝ ရောက်ရင်တော့ နံချင်တဲ့စိတ် မမွေးပါဘူးလို့ ကိုယ့်ကိုယ်ကိုယ် ပိုင်းဖြတ်ထားပါတယ်။

ထောင်ဆေးရုံမှာ နစ်ပတ် သုံးပတ်လောက် ကြာလာတဲ့အခါမှာ ထောင်ဆေးရုံရဲ့ အကြောင်းအပြင် မန္တလေးထောင်ရဲ့ အကြောင်းတွေကိုပါ သိလာရပါတယ်။ တစ်ထောင်လုံး အကြောင်း မပြောခင် ထောင်ဆေးရုံ အကြောင်း ပြောပါ့မယ်။ ဆေးရုံမှာ လူအင်အား ၄၀၀ ပတ်ဝန်းကျင်လောက်ပဲ ရှိမှာ ပါ။ (၂၀၀၆-၀၇ ခုနှစ် ကာလလောက်မှာပါ။) တကယ့် လူနာက ၁၀၀ လောက်ပဲ ရှိမှာပါ။ လူနာ အကူက ၁၀၀ လောက် ခွင့်ပြုထားပါတယ်။ ပေါင်း ၂၀၀ ပေါ့။ ကျန်တဲ့ ၂၀၀ လောက်က အကြံအဖန်တွေပါ။ ဆိုင်ရာပိုင်ရာတွေကို ပိုက်ဆံပေးပြီး နေနေကြတာပါ။ ဟုတ်မဟုတ်တော့ မသိဘူး။ နေခွင့်ရဖို့ တစ်လ ကျပ် ၅၀၀၀၀ ပေးရတယ်လို့ ဆိုပါတယ်။

မန္တလေးဆိုတာ ဒုတိယမြို့တော်မို့လို့ လူကြီးတွေ ခဏ ခဏ လာတဲ့မြို့ပါ။ လူကြီးလာပြီလို့ ကြားတာနဲ့ တစ်ထောင်လုံး ပြင်ကြ၊ ဆင်ကြရပါပြီ။ နံရံတွေကို ထုံးဖြူသုတ်ရတယ်၊ ကွန်ကရိလမ်းတွေကိုလည်း ရေဆေးပြီးသဘော်ဆေးအနီ သုတ်ရပါတယ်။ အဲဒီလိုဟာမျိုးက တစ်လ တစ်ကြိမ်လောက် ဖြစ်ခဲ့တာပါ။ သဘော်ဆေးတို့၊ ထုံးတို့ကို ဘယ်သူ ဝယ်ရတယ် ထင်ပါသလဲ။ ထောင်က ထုတ်ပေးဖို့ ဝေးစွ။ သူတို့ တာဝန် မဟုတ်ဘူးလို့ သတ်မှတ်ထားဟန်တူပါရဲ့။

ဥပမာ ဆိုပါတော့ ထောင်ဆေးရုံမှာ တန်းစီး၊ စည်းကမ်းထိန်း ရှစ်ယောက်ရှိရင် တစ်ယောက် ကျပ် ၁၀၀၀၀ စီ ပေးရပါတယ်။ အဲဒီ ပိုက်ဆံနဲ့ ခြယ်သကြရတာပါ။ ဒီကိစ္စတွေကို သူတို့က ကျွန်တော့်ကို ပြောပြလို့ သိရတာ မဟုတ်ပါဘူး။ စာမဖတ်တဲ့ အချိန်၊ လမ်းမလျှောက်တဲ့ အချိန်တွေမှာ တိုက်ရှေ့က သံတံခါးနား ရပ်ပြီး နားနေခိုက်မှာ တိုက်ပြင်မှာ စုရုံးနေလေ့ရှိတဲ့ တာဝန်ကျ အကျဉ်းသားတွေ အချင်းချင်း ပြောလို့သိရတာပါ။

ဒါတင်မကသေးပါဘူး။ ဘောလုံးပွဲ ရာသီဆိုရင် ထောင်ထဲမှာ လောင်းကစားတွေက လှိုင်နေပါတယ်။ ထောင်ဆေးရုံပဲ ဖြစ်ဖြစ်၊ အဆောင်မှာပဲ ဖြစ်ဖြစ် ညကင်းစောင့်တာ ထောင်မှူး တစ်ယောက်၊ အခြား အဆင့် ဝန်ထမ်း သုံးယောက် ရှိပါတယ်။ ဘောလုံးပွဲ လာတဲ့ညမှာ အိပ်ချိန်မှာ မအိပ်ဘဲ ဘောလုံးပွဲလည်း ကြည့်ရမယ်၊ လောင်းလို့လည်း ရမယ်ဆိုတော့ သူတို့ကို တစ်ယောက် တစ်ထောင် ပေးရပါ တယ်။ နှုတ်ပိတ်ခ သဘောမျိုး ပေါ့။ အပြင်က အဆောင်တွေမှာလည်း ဒီလိုပါပဲတဲ့။ ထောင်ဝန်ထမ်း အများစုဟာ အမြဲတမ်း အပိုငွေ ရှာလေ့ ရှိတဲ့ အတွက် ဘောလုံးပွဲ ရာသီဟာ သူတို့အတွက်တော့ အိုကေပေါ့။ ညကင်း အမြဲကျပါစေလို့ သတင်းပို့တဲ့ သူတောင် ရှိပါတယ်တဲ့။

မူးယစ်ဆေးဝါးလည်း ရပါသတဲ့။ ထောင်ထဲမှာ မူးယစ်ဆေးဝါးမှုနဲ့ ထောင်ကျတဲ့သူတွေက မပြတ်နိုင်လို့ အကြံအဖန်လုပ်ပြီး မူးယစ်ဆေးဝါး သွင်းကြပါတယ်။ အင်းစိန်ထောင်မှာလည်း တွေ့ခဲ့ဖူးပါတယ်။ ဝန်ထမ်းတွေ နဲ့လည်း သွင်းတယ်၊ အချုပ်နဲ့ အပြင်ထွက်ရတဲ့ သူတွေကလည်း သွင်းတယ်။

အဲဒီလို သွင်းမှန်း သိလို့ အပြင်က ပြန်လာတဲ့ အချုပ်သား မှန်သမျှကို စအိုထဲထိ နှိုက်ရှာတဲ့ စနစ်တစ်ခု ဖြစ်လာပါတယ်။ အင်းစိန်ထောင်တုန်းက ဆိုရင် နာမည်ကြီး ရုပ်ရှင်မင်းသား တစ်ယောက်ရဲ့ အစ်ကိုဟာ မူးယစ်ဆေးဝါးနဲ့ ထောင် ခဏ ခဏ ကျပြီး နောက်ဆုံး ကျွန်တော်တို့နဲ့ တွေ့တဲ့အချိန်မှာ ဖြန့်ဝေတဲ့သူ ဖြစ်လာ ပါပြီ။ အကြောင်းမသင့်လို့ မိပြီဆိုရင် ဟင်းနနွယ် စိုက်ခင်းလိုဟာမျိုးအောက်မှာ မြေကြီးထဲ မြှုပ်ထားတာ တွေ့ကြုံခဲ့ဖူးပါတယ်။ မန္တလေးထောင်နဲ့ အလားတူပါပဲ။ ဒါ့ကြောင့်မို့လို့ ထောင်ထဲရောက်မှ မူးယစ်ဆေးဝါး ထပ်မိလို့ နောက်တစ်မှု ဖြစ်တဲ့သူတွေ ရှိခဲ့ဖူးပါတယ်။

## ကြံ့ခိုင်ရေးအဖွဲ့နဲ့ လွှတ်ပေးခြင်း

ကျွန်တော် မန္တလေးထောင် ရောက်တဲ့အချိန်မှာ အပြင်မှာလည်း အခြေအနေတွေ ပြောင်းလဲကုန်ပါပြီ။ ထောက်လှမ်းရေး တစ်ဖွဲ့လုံးလည်း ခေါင်းသူကြီးက စပြီး ထောင်ကျကုန်ပါတယ်။ ဗမာပြည်တင်သာမက ကမ္ဘာ့အထိပါ ရိုက်ခတ်သွားတဲ့ "ဒီပဲယင်း အရေးအခင်း" လည်း ဖြစ်ပြီးသွားပါပြီ။ နောက်ပြီး ဗိုလ်ခင်ညွန့်နဲ့ အပေးအယူ မျှခဲ့တဲ့ ICRC အဖွဲ့လည်း ထောင်တွေကို ဝင်ခွင့်မရတော့ပါဘူး။ ICRC အစား အကျဉ်းသားတွေရဲ့ စားဝတ်နေရေးကို ပြေလည်အောင် လုပ်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အာဏာပိုင်တွေက ကြံ့ခိုင်ရေး အသင်းကို တာဝန်ပေးလိုက်ဟန်တူပါတယ်။

မန္တလေးထောင်ကို သူတို့အဖွဲ့ ဝင်လာပါတယ်။ မန္တလေးတိုင်း တာဝန်ခံ ခေါင်းဆောင်ပြီး ရောက်လာကြတာပါ။ သူတို့ကို ဆေးရုံထောင်ဝင်းက မီးဖိုကြီးနားက ခန်းမတစ်ခုမှာ ကျွန်တော်နဲ့ ပေးတွေ့ပါတယ်။ သူတို့အဖွဲ့က ၁၃-၄ ယောက်လောက် ရှိမှာပါ။ ဆရာဝန် တစ်ယောက်လည်း ပါပါတယ်။ ကျွန်တော် တစ်ယောက်တည်းကို လာခေါ်တာပါ။ ဘယ်အဖွဲ့နဲ့ တွေ့ရမယ်ဆိုတာ မပြောပါဘူး။ ကျွန်တော်ရောက်တော့ အားလုံးနဲ့ မိတ်ဆက်ပေးပါတယ်။ အာဏာပိုင် အဖွဲ့ထဲကတော့ ထောက်လှမ်းရေးနဲ့ ထောင်မှူးကြီး တစ်ယောက် ပါတယ်လို့ မှတ်မိပါတယ်။

## လူမှုရေး အဖွဲ့အစည်း ဆိုပဲ

မိတ်ဆက်ပြီးတာနဲ့ ကျွန်တော်က မေးပါတယ်။ "မိတ်ဆွေတို့က ဘယ်အဖွဲ့ကလည်း" လို့ ဆိုတဲ့အခါ သူတို့ ခေါင်းဆောင်က "ကျွန်တော်တို့က လူမှုရေး အဖွဲ့ပါ" လို့ ဖြေပါတယ်။ ကျွန်တော်က ထပ်ပြီး "ခင်ဗျားတို့ အဖွဲ့ နာမည် ဘာခေါ်သလည်း" လို့ မေးတဲ့အခါ သူတို့ခေါင်းဆောင်က "ဗိုလ်ချုပ် ဒွေးဦး ခေါင်းဆောင် ဖွဲ့စည်းထားတဲ့ အဖွဲ့ပါ" လို့ ဆိုပါတယ်။ ကျွန်တော်က "ဒါဆိုရင် လယ်/ဆည် ဝန်ကြီးဌာနကပေါ့" လို့ မေးပါတယ်။ အဲဒီတုန်းက ဗိုလ်ချုပ် ဒွေးဦးက လယ်/ဆည် ဝန်ကြီးလေ၊ ကျွန်တော်က သိသိကြီးနဲ့ မေးတာပါ။

အဲဒီအခါကျမှ "ကျွန်တော်တို့က ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးအသင်း" ကပါလို့ ပြောပါတယ်။ အဲဒီကျတော့ ကျွန်တော်က ဟက်ဟက်ပက်ပက် ရယ်ပါလေရော။ သူတို့အားလုံးလိုလို အိုးတိုးအမ်းတမ်းဖြစ်သွားကြပါတယ်။ ဆက်ပြီး ကျွန်တော်က "ကိုယ့်လူတို့ရယ်၊ ကိုယ့်အဖွဲ့က ဘာလဲဆိုတာတောင် ပွင့်ပွင့်လင်းလင်း မပြောတဲ့ လူတွေ ဆိုတော့ ကျုပ်က ဘယ်လို ဆက်ဆံရမှာလဲ" လို့ ပြောပြီး ကျွန်တော်က သူတို့ကို မေးပါတယ်။ "ခင်ဗျားတို့ အဖွဲ့ကို ဘယ်လိုပုံစံနဲ့ ဖွဲ့လဲ သိလား" ပေါ့။ သူတို့က မသိပါဘူးတဲ့။

## ကြံ့ခိုင်ရေး အသင်းရဲ့ မူလဇာစ်မြစ်

"အဲဒီအဖွဲ့ မူလဖွဲ့စဉ်တုန်းက ၁၉၅၉-၆၀ ခုနှစ်တုန်းက အိမ်စောင့် အစိုးရခေတ်မှာ ဦးနေဝင်း ဖွဲ့ခဲ့တဲ့ အသင်း၊ အဲဒီတုန်းက ခြသေ့်က အခု ခင်ဗျားတို့ ခြသေ့်လို ဘုရားရှေ့က ခြသေ့် မဟုတ်ဘူး၊ အာဖရိက ခြသေ့်လို လည်ဆံမွေးဖွားဖွားနဲ့၊ အဲဒီတုန်းက ကြံ့ခိုင်ရေး ဌာနချုပ်မှာ ခင်ဗျားတို့ ခေါင်းဆောင ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဗိုလ်ကြီး ဘဝနဲ့ တာဝန်ယူခဲ့တာ၊ အခု ခင်ဗျားတို့ခေတ်ကျတော့လည်း သူပဲ ဖွဲ့ပေးပြီး အဲဒီတုန်းက အတိုင်း လုပ်ခဲ့တာ" လို့ ပြောရင်း သူတို့ကို ဆက်မေးလိုက်ပါတယ်။ "ခင်ဗျားတို့ အဖွဲ့ ဖွဲ့ရခြင်းရဲ့ ရည်ရွယ်ချက်က ဘာလဲ သိလား" လို့။

သူတို့က "မသိပါဘူး" လို့ ပြောတဲ့အခါ ကျွန်တော်က "ကဲ ခင်ဗျားတို့ မှတ်ထားကြ၊ ခင်ဗျားတို့ အဖွဲ့ဖွဲ့ရခြင်းရဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ရဲ့ NLD ကို နှိပ်ကွပ်ဖို့ပဲဗျ။ အဲဒါ အဓိက ရည်မှန်းချက်ပဲ" လို့ ပြောတဲ့အခါ သူတို့က ခါးခါးသီးသီး ငြင်းပါတယ်။ ကျွန်တော်က "ဒီပဲယင်းမှာ ဦးတင်ဦးနဲ့ ဒေါ်စု လမ်းကြောင်းကို ပိတ်ဆို့ ရိုက်နှက်တာလည်း ခင်ဗျားတို့ပဲလေ၊ ပြီးတော့ ၁၉၉၆ ခုနှစ်၊ နှစ်ကုန်လောက်မှာ ကမ္ဘာအေး ဘုရားလမ်းပေါ်က ကြည်အေး မုန့်တိုက်ရှေ့မှာ ဝိုင်းရိုက်ကြတာကော မှတ်မိကြသေးမှာပေါ့" လို့ ပြောတော့ အဲဒီ ငတိက "အဲဒါ ကျွန်တော်တို့ မပါဘူး" လို့ ပြောပါတယ်။ အဲဒီမှာ ကျွန်တော်က ခွက်ထိုးခွက်လန် ရယ်ရပြန်ရော။

ဒါနဲ့ပဲ သူတို့က ပြောရတယ် မရှိဘဲနဲ့ ကျွန်တော်ကပဲ နာရီဝက်လောက် အားရပါးရ ပြောပြီးတာနဲ့ "ကဲ ပြန်မယ်ဗျာ" ဆိုပြီး ပြန်တဲ့အခါ သူတို့လည်း ဆန့်တငံ့ငံ့နဲ့ ကျန်ရစ်ခဲ့ကြတယ် ထင်ပါရဲ့။ အခု အပြင်ရောက်မှ မေးကြည့်တော့ အဲဒီပုဂ္ဂိုလ် ကွယ်လွန်သွားပါပြီလို့ သိရပါတယ်။ အဲဒီ ညနေက အဆောင်တွေမှာလည်း သူတို့ဝင်ပြီး သူတို့ရဲ့ ရည်ရွယ်ချက်တွေကို ရှင်းပြတယ်လို့ သိရပါတယ်။ မုန့်တွေ၊ ဆေးလိပ်တွေလည်း လက်ဆောင်ပေးပါသတဲ့။ တချို့ အဆောင်တွေကျတော့ ဒံပေါက်တောင် ဝေပါသတဲ့။ အဆောင်က အဘိုးကြီး တစ်ယောက်က ဒံပေါက်ကို မဆင့်မပြဲ စားမိလို့ ညမှာ အစာအိမ် ပြဿနာဖြစ်ပြီး ဆုံးပါးသွားတယ်လို့ သိရပါတယ်။ စားပိုးနင့်သွားတယ် ထင်ပါတယ်။

## အဂတိတရားများ

ကျွန်တော် အထက်မှာ ရေးပြခဲ့သလို လူကြီးတွေ လာမယ်ဆိုရင် အကျဉ်းသားတွေဆီက ပိုက်ဆံကောက်တာ၊ ဆေးရုံမှာ နေချင်ရင် ပိုက်ဆံပေးရတာ၊ ဘောလုံးပွဲ လောင်းကစားတာတွေကို အဲဒီမှာ တာဝန်ကျနေတဲ့ SB က နှစ်ပွင့် တစ်ယောက်ကို ပြောလိုက်ပါတယ်။ မင်းတို့ ရှိနေရဲ့သားနဲ့ ဒါတွေ ဖြစ်နေတာ ဒီတိုင်းပဲ ကြည့်နေတော့မှာလား ဆိုတဲ့ ပုံစံမျိုးနဲ့ မေးလည်း မေး၊ ပြောလည်း ပြောလိုက်ပါတယ်။ အဲဒီလိုလည်း ပြောပြီးရော နောက်နှစ်ပတ်ခန့် အကြာမှာ နေပြည်တော်က ရဲမှူးကြီး တစ်ယောက် ခေါင်းဆောင်တဲ့ စစ်ဆေးရေး အဖွဲ့ ရောက်လာပါတယ်။

သူတို့အဖွဲ့ ဘာရည်ရွယ်ချက်နဲ့ ရောက်လာတယ်ဆိုတာ မသိရခင် ကျွန်တော့်ကို နောက်တစ်နေ့မှာ ကသာထောင်ကို ပြောင်းလိုက်ပြန်ပါတယ်။ တကယ့်ကို ကမန်းကတန်းပါ။ ထောင်မှူး တစ်ယောက်ပဲ ပါတဲ့ ခရီးစဉ်ပါ။ သံခြေချင်းရိုက်ပြီး လိုင်းကားနဲ့ သွားရတာပါ။ စိတ်ညစ်စရာရယ်လို့ မစဉ်းစားတော့ပဲ ရောက်ဖူးတယ် ရှိတာပေါ့၊ တွေ့ကြုံရတာပေါ့ ဆိုတဲ့ စိတ်ထားနဲ့ ပေါ့ပေါ့ပါးပါးပဲ သွားလိုက်ပါတယ်။ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှာပါ။

## မန္တလေးထောင်ရဲ့ နောက်ဆက်တွဲ သတင်း

ကျွန်တော် ကသာထောင် ရောက်တော့ သုံးလလောက်မှာ မန္တလေးထောင်က ဝန်ထမ်း နှစ်ယောက် ရောက်လာကြပါတယ်။ ချက်ချင်းတော့ မတွေ့ရသေးပေမဲ့ သူတို့ တာဝန်ဖယား အလှည့်အပြောင်းကြောင့် မကြာမီ သူတို့နဲ့ တွေ့ပြီး စကားပြောရပါတယ်။ ကျွန်တော်နဲ့ မန္တလေးထောင်မှာကတည်းက မျက်မှန်း တန်းမိတဲ့သူ တစ်ဦး ပါပါတယ်။ သူက ကျွန်တော့်ကို မြင်တော့ "ဟာ... အဘ မွှေလိုက်တာ၊ ကျွန်တော်တို့ မန္တလေးထောင် တစ်ခုလုံး ရစရာကို မရှိဘူး" လို့ ပြောပါတယ်။

ကျွန်တော်က "ဟ...ဒါ ဘာလုပ်လို့လဲ" လို့ မေးတော့ သူက "ဘဘလည်း ပြောင်းသွားရော နေပြည်တော်က လာတဲ့ စစ်ဆေးရေး အဖွဲ့က တစ်ထောင်လုံး မွှေတာဗျာ၊ ရစရာကို မရှိဘူး၊ လူကြီးတွေလည်း တရားစွဲခံရ၊ ပြုတ်တဲ့လူက ပြုတ်၊ ပြောင်းတဲ့သူက ပြောင်း။ ပြောင်းတယ် ဆိုရာမှာလည်း တစ်ထောင်လုံး ရှုံခါခံရတာ၊ ဒါ့ကြောင့် ကျွန်တော့်တို့ ကသာ ရောက်လာတာ၊ မန္တလေးထောင်မှာ လူဟောင်းဆိုလို့ တစ်ယောက်မှ မကျန်တော့ဘူး" လို့ ပြောပါတယ်။

သူက ဆက်ပြောပါသေးတယ်။ "ထောင်ပိုင် ဦးမြ (အမည်လွှဲ) က ထောင် ၁၀ နှစ် ကျသွားတယ်။ သူ့ကို ခန္တီးထောင်ကို ပို့တော့ သံခြေချင်းနဲ့ဗျ၊ တော်တော် ကြောက်စရာ ကောင်းတဲ့ လောကခံပဲ။ နောက်ပြီး သုံးပွင့် နှစ်ယောက်လည်း ပြုတ်တယ်၊ နှစ်ပွင့်/တစ်ပွင့်တွေလည်း ပါတယ်။ တစ်ထောင်လုံးက ဝန်ထမ်းတွေလည်း မြန်မာပြည်အနှံ့က ထောင်တွေ အပို့ခံရပြီး အဲဒီအစား တခြားထောင်က လူတွေ ရောက်လာကြတာ" လို့ ပြောပါတယ်။

## အဂတိတရားတွေ ပပျောက်အောင်လို့တဲ့

ကျွန်တော် မှန်းဆကြည့်ရတာက အဲဒီတုန်းက ဗိုလ်ချုပ်ကြီး စိုးဝင်း (ကွယ်လွန်) က ဝန်ကြီးချုပ်ပါ။ သူက ဝန်ကြီးချုပ် ဖြစ်ခါစမှာ အဂတိ တိုက်ဖျက်ရေး ဖောက်ချ လုပ်မယ်လို့ ကြွေးကြော်ခဲ့တာပါ။ သူ့အမိန့်နဲ့ ဒီလို လုပ်တယ်လို့ မှန်းဆမိပါတယ်။ တကယ်တော့ မန္တလေးထောင်မှာ ဖြစ်သွားတာက "ကံဆိုးသူ မောင်ရှင်" လို့ ပြောရမှာပါ။ အဲဒီအချိန်က ဘယ်ထောင်ကိုပဲ လုပ်လုပ် အဲဒီ ကံကြမ္မာအတိုင်း အနည်းနဲ့အများ ခံရမယ့်ဟာ တွေချည်းပါပဲ။ ထောင်ဆေးရုံက ဆရာဝန်တွေ အကြောင်းတော့ ကျွန်တော် မမေးမိခဲ့ပါဘူး။ သူတို့လည်း စက်ကွင်းတော့မိကြမယ် ထင်ပါတယ်။

ဒီကိစ္စကို ကျွန်တော် စဉ်းစားကြည့်တော့ တိုက်ဆိုင်မှုတွေ အများကြီး အကျုံးဝင်တယ်လို့ ထင်ရပါတယ်။ အဓိကအချက်က ဗိုလ်ချုပ်ကြီး စိုးဝင်း ဝန်ကြီးချုပ် ဖြစ်လာတာ တစ်ချက်ပါ။ ဒုတိယ တစ်ချက်က သူ တက်လာတာနဲ့ သူ့အစိုးရ အဖွဲ့က အဂတိတရား တိုက်ဖျက်ရေးကို ဦးစားပေးမယ်လို့ ကြွေးကြော်ခဲ့ပါတယ်။ သူက DSA အပတ်စဉ် ၁၁ ပါ။ DSA ကျောင်းဆင်းတွေ အားလုံးလိုလိုမှာ မသိလိုက် မသိဘာသာ ဖြစ်နေတဲ့ အနစား စိတ်ရောဂါလေးတွေ ရှိကြပါတယ်။

ဘာလဲဆိုတော့ DSA ကျောင်းဆင်းပဲဟဲ့လို့ ကြားလိုက်ရင် ကြီးကြီးငယ်ငယ်၊ စီနီယာ၊ ဂျူနီယာ မခွဲခြားဘဲ ဖျတ်ခနဲ စိတ်ဝင်စားမှု နိုးကြားလာခြင်းပါ။ ကျွန်တော်က စီနီယာ DSA ကျောင်းဆင်း၊ ထောင်ထဲမှာ၊ သူက ဂျူနီယာ DSA ကျောင်းဆင်း၊ ဗိုလ်ချုပ်ကြီး-ဝန်ကြီးချုပ်။ သူ့ ဝန်ကြီးအဖွဲ့မှာ DSA ကျောင်းဆင်းတွေ ပါတော့ ရံဖန်ရံခါ ကျွန်တော့်အကြောင်း ပြောမိကြမှာပါ။

အဲဒီတော့ ထောင်ထဲက DSA ကျောင်းဆင်း တစ်ယောက်ရဲ့စကားတွေကို SB ကနေ ပြည်ထဲရေး ဝန်ကြီး၊ သူကမှ ဝန်ကြီးချုပ်ကို သတင်းပို့ ဆိုတော့ သူ ချထားတဲ့ မူဝါဒတွေနဲ့ ကိုက်ညီတဲ့အတွက် စုံစမ်းရေး အဖွဲ့ကို မန္တလေးထောင် ပို့လိုက်တာပါ။ ကျွန်တော် အထက်မှာ ရေးခဲ့သလို ကျွန်တော် မန္တလေးထောင်ကို ရောက်တာက သူတို့အတွက် အကြီးအကျယ် လှုပ်ခါသွားတဲ့ ဖြစ်ရပ်တွေ ဖြစ်ပေါ်ခဲ့တာပေါ့။ သူတို့ဘဝတွေ ထိခိုက်ကုန်တာကတော့ "ဘယ်သူမပြု မိမိမှု" ပေါ့။

## ထောင်ပြောင်းရခြင်းများရဲ့ ဒဿန

ကျွန်တော် အခု ကသာထောင်ကို ရောက်လာတာဟာ ငါးထောင်မြောက် ဖြစ်ပါတယ်။ အင်းစိန်ထောင်၊ မြင်းခြံထောင်နဲ့ မိတ္ထီလာထောင်တွေကို ပြောင်းခဲ့ရတာကတော့ ထောက်လှမ်းရေး အစီအစဉ်နဲ့ ဖြစ်ပါတယ်။ ပထမအချိန်အင်းစိန်ထောင်ကလွတ်ပြီးတဲ့အခါကိုယ့်ဘာသာကိုယ်အေးအေးမနေဘဲဒေါ်အောင်ဆန်းစုကြည်အတွက် ဆက်လုပ်လို့ ထောင်ထပ်ကျရတယ်။ အဲဒီ အကြောင်းကြောင့်ပဲ မြင်းခြံထောင်ကို ပို့ပေးလိုက်တယ်။ ကျွန်တော့်အပေါ်မှာ ထောက်လှမ်းရေးက ဘယ်လို သဘောထားသလဲ ဆိုတာ သိသာပါတယ်။

မိတ္ထီလာကို ခဏပြောင်းပေးပြီး ဖခင်ကြီးရဲ့ အသုဘ ပို့ခွင့်ရအောင် စီစဉ်ပေးတာကလည်း သူတို့ပါပဲ။ ဒေါ်အောင်ဆန်းစုကြည်အပေါ် နဝတ တစ်ဖြစ်လဲ အေးချမ်း/ဖွံ့ဖြိုး အစိုးရရဲ့ သဘောထားအပေါ် မူတည်ပြီး ကျွန်တော့်အပေါ်မှာ လိုက်လျောတာ/ ဖိနှိပ်တာတွေ လုပ်ခဲ့တာပါ။ ဒါ့ကြောင့် ကျွန်တော့် အပေါ်မှာသူတို့ရဲ့ ဖိနှိပ်မှု ပြင်းထန်နေရင် သူတို့နဲ့ ဒေါ်စုကြားမှာ ဆက်ဆံရေး မကောင်းဘူး။ သူတို့နဲ့ ဒေါ်စု ပြေလည်အောင် ကြိုးစားနေတဲ့ ကာလဆိုရင် ကျွန်တော့်အပေါ်မှာ ဆက်ဆံရေး ကောင်းမယ်။

အဲဒီတော့ ကျွန်တော်ဆိုတဲ့ နိုင်ငံရေး အကျဉ်းသားဟာ ဒေါ်စုနဲ့ အစိုးရ ဆက်ဆံရေး အခြေအနေကို ပြတဲ့ ရေချိန်တစ်ခု ဖြစ်ပါတယ်။ ဒီလို ပြောရတာက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလို့ မဟုတ်ပါဘူး။ တကယ် ဖြစ်ခဲ့တဲ့ အခြေအနေပါ။ ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တုန်းက ကျွန်တော့်ကို ၂၄ နာရီ ဖမ်းချုပ်ခဲ့တာကိုပဲ ကြည့်လေ။ သူတို့က "ဒီနှစ် လွတ်လပ်ရေးနေ့ အခမ်းအနား မကျင်းပရဘူး" လို့ လာပြောတဲ့အခါမှာ ဒေါ်စုက လေသံအေးအေးလေးနဲ့ "လုပ်ရမှာပဲ" လို့ ပြန်ပြောခဲ့တဲ့ အကျိုးဆက်လေ။

၂၀၀၃ ခုနှစ်မှာ ဗိုလ်ချုပ်ကြီး ခင်ညွန့်က စပြီး ထောက်လှမ်းရေး တစ်ဖွဲ့လုံး ပျားအုံကြွေသလို တစ်ပြုံကြီး ကြွေကျသွားတဲ့အခါ နိုင်ငံရေး အကျဉ်းသားတွေကို ထောက်လှမ်းရေးက ကွပ်ကဲတဲ့ ယန္တယား အစဉ် ပျက်ပြားသွားခဲ့ပါပြီ။ သူတို့အစား SB က ပြောင်းလဲ ကိုင်တွယ်ခဲ့တယ်လို့ နောက်မှ သိရပါတယ်။ SB ကလည်း ကျွန်တော်တို့ကို ကောင်းကောင်း မသိတဲ့အတွက် ကျွန်တော်တို့ရဲ့ ကံကြမ္မာဟာ အ.က.စ ဌာန၊ တစ်နည်းအားဖြင့် ထောင်ပိုင်တွေရဲ့ စီမံရာကို ခံခဲ့ကြရတာပါ။ ဒါ့ကြောင့် ကျွန်တော်ဟာ မြင်းခြံထောင်ကနေ မန္တလေး ထောင်၊ အဲဒီကမှ တစ်ဆင့် ကသာထောင်ကို ရောက်ခဲ့တာပါ။ သူတို့ (ထလရ) ကိုယ်တိုင်လည်း ထောင်မင်းသားတွေ ဖြစ်သွားကုန်ကြပြီလေ။

♥♥♥♥♥

# အခန်း (၁၀)
# နောက်ဆုံးဆိုပေမဲ့ မရိုးရပါဘူး

## ကသာထောင်

ကသာထောင်ကိုရောက်တော့ထောင်ပိုင်ကဦးကျော်သန်းမြင့်ပါ။ သူနဲ့ကအင်းစိန်တွဲဘက်ထောင်မှာကတည်းက ဆုံဖူးခဲ့ပါတယ်။ အဲဒီတုန်းက သူက ထောင်မှူးကြီး အဆင့်ပဲ ရှိပါသေးတယ်။ သဘောကောင်းသူတစ်ဦး ဖြစ်တယ်လို့လည်း သိခဲ့ရပါတယ်။ ၁၉၉၇ ခုနှစ်တုန်းကပေါ့။ ကသာထောင်ကို ကျွန်တော် ရောက်တဲ့နှစ်က ၂၀၀၇ ခုနှစ်ပါ။ ၁၀ နှစ်တောင် ကြာခဲ့ပြီပေါ့။ သူလည်း ထောင်ပိုင်ဖြစ်၊ ကျွန်တော်ကလည်း ထောင်သက် ၁၀ နှစ်ရပေါ့။

ကသာထောင်က အသေးစားထောင်ပါ။ အကျဉ်းသား ၄၀၀ လောက်ပဲ ရှိပါတယ်။ တိုက်ခန်းကလည်း သုံးခန်းတည်းပါ။ ကျွန်တော်က တစ်ခန်း၊ နောက်တစ်ခန်းက ဒုပိုလ်မှူးကြီးဟောင်း မင်းသူ (အလုပ်သင်- ၇)၊ သူက ကက (လှမ်း) မှာ ဂျီ- ဝမ်း အဆင့်နဲ့ နေရင်း ထောင်ထဲ ရောက်လာတာပါ။ နောက်တစ်ခန်းကတော့ သေဒဏ်ကျပြီးမှ ထောင်ဒဏ် အနှစ် ၂၀ ကို လျှော့ချခံရတဲ့ အကျဉ်းသားတွေ ထားပါတယ်။ နောက်ပိုင်းမှာ ကျောင်းသား အုပ်စုနဲ့ ထောင်ကျလာတဲ့ ကိုအံ့ဘွယ်ကျော် ရောက်လာပါတယ်။

## အတူနေ ပုဂ္ဂိုလ်များ အကြောင်း

ကိုမင်းသူက အလုပ်သင် ၇ က ကျောင်းဆင်းပြီး နောင်မကြာခင် ထောက်လှမ်းရေးကို ရောက်လာတဲ့သူပါ။ အသားဖြူဖြူ၊ အရပ် မနိမ့်မမြင့်၊ မျက်လုံးမျက်ခုံး ကောင်းပါတယ်။ ထောက်လှမ်းရေး လုပ်ငန်း လုပ်ရင်းနဲ့ ကျင့်သားရနေလို့ ထင်ပါရဲ့၊ အတွေးအခေါ် အယူအဆ ထက်မြက်ပါတယ်။ သူပြောပြလို့ မန္တလေးမှာ တပ်မှူး လုပ်စဉ်က ငြိမ်းချမ်းရေးအဖွဲ့ တစ်ဖွဲ့က ကျောက်စိမ်း အကောင်းစားတွေ ဝှက်ထားတာကို ဖော်ထုတ်နိုင်ခဲ့ပါ တယ်တဲ့။ အဲဒီအဖွဲ့က ကျောက်စိမ်းတွေကို ဘယ်လို ဝှက်သလဲဆိုတော့ သူတို့နေတဲ့ အိမ်ဝင်းထဲက ကွန်ကရီ အပြည့် ဖုံးအုပ်ထားတဲ့ တင်းနစ် ကစားကွင်း အောက်မှာ ဝှက်ထားလို့ စက်ပေါက်ချွန်းတွေနဲ့ တူးပြီး ဖော်ထုတ် ရရှိခဲ့ပါသတဲ့။

## အဝင်းရဲ့ ကောင်းမှု

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ ကျွန်တော် လွတ်လာပြီး မကြာခင်မှာ သူ့ကို မအူပင်ထောင်ကို ပြောင်းပေးလိုက်ပါတယ်။

သူ့အမျိုးသမီး နာမည်က "အဝင်း" ပါ။ မအူပင်ဆိုတော့ ထောင်ဝင်စာ ပို့ရတာ လွယ်သွားတာပေါ့။ ကားနဲ့ နေ့ချင်းပြန် သွားလို့ရပါတယ်။ ကသာထောင်မှာတုန်းကတော့ နှစ်လ တစ်ခါလောက်မှ လာနိုင်တာပါ။ သူ လာရင်တော့ ကျွန်တော်တို့ တိုက်ကလူတွေ ကောင်းကောင်း စားရပါတယ်။

ကသာမြို့ထဲက မိတ်ဆွေအိမ်မှာ လေး-ငါးရက်လောက် တည်းရင်းနဲ့ သူ့ခင်ပွန်းနဲ့ အပေါင်းအသင်းများ (ကျွန်တော်တို့) ကို အုန်းထမင်း တစ်ရက်၊ ရှမ်းခေါက်ဆွဲ တစ်ရက်၊ ကြာဆံကြော် တစ်ရက် ဆိုသလို ရက်ဆက် စားစရာတွေ ပို့ပေးတာပါ။ ကိုမင်းသူက အဲဒီအချိန် ကတည်းက ကျောက်ကပ်ရောဂါ စဖြစ်နေပါပြီ။ မအူပင် ထောင်က လွတ်တော့ အခြေအနေ မကောင်းလို့ အိန္ဒိယမှာ သွားပြီး ကျောက်ကပ် လဲပါတယ်။ သူ့ဇနီး အဝင်းက လိုလေသေး မရှိအောင် ပြုစု စောင့်ရှောက်ပေးခဲ့တာပါ။ ဒါပေမဲ့ သူ့ခမျာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ကွယ်လွန်သွားခဲ့ပါပြီ။

## ကိုအုံ့ဘွယ်ကျော်

သူက ကွယ်လွန်သွားပြီဖြစ်တဲ့ နာမည်ကြီး စာရေးဆရာ "မင်းကျော်" ရဲ့ တစ်ဦးတည်းသော သားပါ။ အရပ်ထောင်ထောင်မောင်းမောင်း၊ အသား ညိုညို၊ ဆံပင် ကောက်ကောက်၊ ပုလင်းဖင် မျက်မှန်နဲ့ပါ။ သူကိုယ်တိုင်လည်း စာတိုပေစတွေ ရေးဖူးပါတယ်။ ကျွန်တော်လည်း အပြင်မှာ သူ့ဝတ္ထုတို တချို့ကို ဖတ်ဖူးပါတယ်။ သူ့မိခင်ကြီးက ကျန်းမာရေး သိပ်မကောင်းပေမဲ့ အခုထိ ရှိနေဆဲပါ။ ရန်ကင်းက တိုက်ခန်းလေး တစ်ခုမှာ တစ်ယောက်တည်း ကြောင်တွေနဲ့ နေပါတယ်။ သူကိုယ်တိုင် ထောင်ဝင်စာ မလာနိုင်လို့ ကျွန်တော့် မိသားစု ထောင်ဝင်စာ လာတိုင်း သူ့အတွက် စားစရာတွေ ယူလာပေးလေ့ ရှိပါတယ်။ ကျွန်တော် ထောင်က လွတ်တော့လည်း သူ့တိုက်ခန်းကို သွားခဲ့ပါသေးတယ်။

သူက မင်းကိုနိုင်တို့ ကိုကိုကြီးတို့နဲ့ တစ်ဖွဲ့တည်းပါ။ သူတို့ ပါတီမဖွဲ့ခင်တုန်းကတော့ သူတို့ အဖွဲ့ရဲ့ ပြန်ကြားရေး တာဝန် ထင်ပါရဲ့။ ကိုကိုကြီး ပါတီဖွဲ့တော့ သူလည်း အဲဒီ ပါတီဝင် ဖြစ်သွားပြီး အဲဒီ ပါတီရဲ့ ဗဟို အလုပ်အမှုဆောင် နောက်တစ်ဦး ဖြစ်သွားတယ်လို့ ကြားပါတယ်။ ကသာထောင်မှာ နေစဉ်တုန်းက မနက်တိုင်း သူ့အခန်းက "ဟပ်ချိုး" သံ ဆယ်ခါလောက် ကြားရလေ့ရှိပါတယ်။ ဒါဆိုရင် ကိုအုံ့ဘွယ်ကျော် နိုးပြီပေါ့။ အရေးထဲသူက ကြောင်မွေးသေးသဗျ။ အဲဒီကြောင်တွေက အခန်းတကာ လှည့်ပြီး အစာရှာရင် သူကတော့ အိပ်ကောင်းနေမှာပေါ့။ ကျွန်တော်ကတော့ နိုးပြီး ပြန်အိပ်လို့မရဘူး။ တစ်ရက်ပြီး တစ်ရက် လနဲ့ချီကြာတော့ ကျွန်တော် အိပ်ရေးမဝ ဖြစ်ပြီး သွေးတွေ တိုးလာပါလေရော။

## သေဒဏ် ကျွန်းပြောင်း အဖွဲ့များ

သူတို့အဖွဲ့ထဲက ခေါင်းဆောင်ဟာ ကိုဝင်းအောင် ဖြစ်ပါတယ်။ ဝန်းသိုဘက်က သူတို့ရွာမှာ ဘုရားပွဲ လုပ်တုန်းက သူက ရွာကြက်ခြေနီ အဖွဲ့ဝင်၊ ဘုရားပွဲ လုံခြုံရေး တာဝန်ကျပါတယ်။ သန်းခေါင်ကျော်လို့ တာဝန်ချိန်ပြီးတဲ့အခါ အိမ်ပြန်သွားပါတယ်။ အဲဒီညမှာ ဘုရားပွဲလာတဲ့ မိန်းမ တစ်ယောက် မုဒိမ်းကျင့်ပြီး အသတ်ခံရပါတယ်။ အဲဒါကို သူနဲ့အဖွဲ့ ဆိုပြီး ရဲက လာဖမ်းရာမှာ သေဒဏ်ကျခဲ့တာပါ။ ကျွန်တော်နဲ့ တွေ့တဲ့ အချိန်မှာ သူ့ရဲ့ သေဒဏ်ဟာ တစ်ကျွန်းဒဏ် (နှစ် ၂၀) ပြောင်းလိုက်ပါပြီ။ သူ့ရဲ့ အမှုသွားအမှုလာ နားထောင်ကြည့်ရာမှာ တာဝန်ရှိသူ ရဲများက မခံမရပ်နိုင်အောင် ညှဉ်းဆဲပြီး သေဒဏ်ကျအောင် လုပ်ခဲ့တာပါ။ အသေးစိတ်တော့ ရေးမပြတော့ပါဘူး။

ကိုအုံ့ဘွယ်ကျော် ရောက်လာတော့ သူတို့က အဆောင် ပြောင်းသွားပါတယ်။ ဒါပေမဲ့ ဆက်သွယ်လို့ ရပါတယ်။ အချုပ်ပြောရရင် ကျွန်တော် ထောင်က လွတ်ပြီး ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲမှာ ကျွန်တော် လွှတ်တော် ကိုယ်စားလှယ် ဖြစ်ပြီ ဆိုတော့ တရားဥပဒေ စိုးမိုးရေး ကဏ္ဍ တစ်ခုမှာ ကိုဝင်းအောင် ကိစ္စ လွှတ်တော်မှာ ကြယ်ပွင့်ပြ မေးခွန်း တစ်ခု မေးခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့ တကယ် မကျူးလွန်ပါဘဲနဲ့ တာဝန်ရှိရဲအရာရှိတွေက မဖြစ်ဖြစ်အောင် အမှု တည်ဆောက်တယ်၊ တရားသူကြီးကလည်း ဘက်လိုက်တယ်၊ အဲဒီ အချိန်တုန်းက ဆိုရင် အပြစ်မဲ့တဲ့ ကိုဝင်းအောင်ဟာ ထောင်ထဲမှာ နေတာ ရှစ်နှစ်လောက် ရှိသွားပြီ၊ စီးပွားရေးလည်း ပျက်စီး၊ လယ်တွေလည်း ရောင်းတဲ့ဟာ ရောင်း၊ ပေါင်တဲ့ဟာ ပေါင်၊ လူလည်း ကျန်းမာရေး ချို့တဲ့ စသဖြင့် ဖော်ပြခဲ့ပါတယ်။

## တာဝန်ရှိသူရဲ့ အဖြေ

ကျွန်တော့် မေးခွန်းကို တရားလွှတ်တော်ချုပ်ရုံးက တရားသူကြီးတစ်ဦး လာပြီး ဖြေပါတယ်။ ကျွန်တော် ပြောတဲ့ အချက်အလက်တွေဟာ တစ်ဆင့်ကြားတွေ ဖြစ်လို့ မခိုင်လုံဘူး၊ ဒါ့ကြောင့် ကိုဝင်းအောင်ရဲ့ အမှုကို ကျေအေးပေးနိုင်စရာ မရှိဘူးဆိုတဲ့ သဘောမျိုး ပြန်ဖြေသွားပါတယ်။ နောက်တစ်နှစ် (၂၀၁၃ ခုနှစ်) ထင်ပါတယ်၊ လွှတ်လပ်ရေးနေ့ လွှတ်ငြိမ်းချမ်းသာခွင့်မှာ ကိုဝင်းအောင် လွှတ်သွားပါတယ်။ သူ့ လွှတ်မြောက်ရေး အတွက် သူ့မြို့နယ် ကြံ့ခိုင်ရေး လွှတ်တော် ကိုယ်စားလှယ်ကလည်း ကြိုးပမ်းခဲ့ပါသေးတယ်။ သူ ထောင်က လွှတ်လို့ ကျွန်တော့်ကို ကျေးဇူးတင်တဲ့ အကြောင်းကို လူကြုံနဲ့ အမှာစကားပါး လိုက်ပါသေးတယ်။ သူ ကိုယ်တိုင်ကတော့ လာနိုင်မယ် မထင်ပါဘူး။

## ၂၀၀၈ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်

အဲဒီနေ့ နေ့လယ် ထမင်းစားပြီးချိန်လောက်မှာ ထောင်ပိုင် ဦးကျော်သန်းမြင့် ကျွန်တော်တို့ တိုက်ထဲ ဝင်လာပါတယ်။ သူက ပြုံးပြုံးနဲ့ "ကဲ အန်ကယ် လွှတ်ပြီ၊ အထုပ်အပိုးတွေ ပြင်တော့" လို့ ပြောပါတယ်။ ကျွန်တော်က "ဟုတ်ရဲ့လား ဆရာရယ်၊ သေသေချာချာ Confirm လုပ်ကြည့်ပါဦး" လို့ နောက်သလိုလိုနဲ့ ပြောမိပါတယ်။ သူက "အော်... အန်ကယ်ရယ် ကျွန်တော် ဒါမျိုး မနောက်တတ်ပါဘူး၊ တကယ်ပါ" လို့ ပြောတော့မှ ကျွန်တော် ယူသင့်တဲ့ ပစ္စည်းတွေ ထုပ်ပိုးပါတယ်။ သိပ်မများပါ။ အစားအသောက်တွေကိုတော့ အပြင်အဆောင်တွေကို ပို့ခိုင်းလိုက်ပါတယ်။ စောင်၊ ခြင်ထောင်နဲ့ အဝတ်အစား တချို့ကိုလည်း အပြင်ဆောင်က ဘော်ဒါတွေကို ခွဲပေးလိုက်ပါတယ်။

ကျွန်တော့်ကို SB က ဒုရဲမှူးကလေးက ကသာမြို့ထဲက တည်းခိုခန်း တစ်ခုကို ခေါ်သွားပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် အဲဒီ တည်းခိုခန်း ပိုင်ရှင်က DSA အပတ်စဉ် ၁၃ က ဆင်းလာပါတယ်။ ဗိုလ်ကြီး ဘဝက ထွက်ပြီး ကသာသူနဲ့ အိမ်ထောင်ကျရာက အဲဒီ တည်းခိုခန်းလေး ထောင်ထားတာပါ။ ပိုင်ရှင်ဆီက ခွင့်တောင်းပြီး ရန်ကုန်ကို ဖုန်းဆက်ပါတယ်။ အဲဒီအချိန်မှာ ဇနီးသည်က ရန်ကုန်က ထွက်လာပါပြီ။ ကျွန်တော် ရှိရာ ထောင်ဝင်စာ ပို့ဖို့ပါ။ မန္တလေး ရောက်တော့ ကျွန်တော် လွှတ်ပြီလို့ ကြားတဲ့အတွက် ကသာကို ဆက်သွားသင့် မသွားသင့် ချီတုံချတုံ ဖြစ်နေပါတယ်။ သူတို့က ဒေါ်ဝင်းမြမြ အိမ်မှာ ခဏ တည်းနေတာပါ။

ကျွန်တော် လွှတ်တယ် ကြားတော့ ဩစတေးလျရောက်တဲ့ သမီးဆီကကော၊ အမေရိကား ရောက်နေတဲ့ သားဆီကကော ဖုန်းတွေ လာပါတယ်။ အလားတူပဲ BBC တို့၊ VOA တို့ကရော ဖုန်းဆက်တယ် ထင်ပါတယ်။

သေချာတော့ မမှတ်မိပါဘူး။ အဲဒီညၾ တည်းခိုခန်းမှာ ကျွန်တော် ကောင်းကောင်း အိပ်မပျော်ပါဘူး။ ဒါကလည်း သဘာဝကျပါတယ်။ ထောင် ၁၄ နှစ် ကျတာ၊ ထားနိုင်သလောက်ထား နေမယ်ကွလို့ စိတ်တုံးတုံးချထားတာ အခုပုံ ဆိုရင် ၁၂ နှစ်နဲ့ လွတ်တယ်ဆိုတော့ ထင်မထားဘူးလေ။

## Without ဆိုင်ကယ်တွေ

မနက်လင်းလို့ ခုနစ်နာရီလောက်မှာ SB က ကောင်လေး လာခေါ်ပါတယ်။ တစ်နေရာမှာ မနက်စာ သွားစားရအောင်လို့ပါ။ ကျွန်တော် သူနဲ့ လိုက်သွားပြီး ဈေးနားက ဆိုင်တစ်ခုမှာ ရှမ်းခေါက်ဆွဲ စားပါတယ်။ အဲဒီလို စားနေတုန်းမှာ ကျွန်တော်တို့နားက ဖြတ်ပြီး မော်တော်ဆိုင်ကယ်တွေ တစ်စီးပြီး တစ်စီး ဝင်လာနေပါတယ်။ မော်တော်ဆိုင်ကယ် အားလုံးလိုလိုက ရွှံ့ဗွက်တွေနဲ့ ပေကျံနေတာပါ။ စီးလာတဲ့သူလည်း အလားတူပဲပေါ့။ အဲဒီ ဆိုင်ကယ်တွေက ကျွန်တော် ရှမ်းခေါက်ဆွဲ စားနေတဲ့ နေရာနဲ့ မနီးမဝေး တစ်နေရာမှာ သွားစုကြပါတယ်။ ကျွန်တော်နဲ့ ပါလာတဲ့ SB က ကောင်လေးကို "ဘာတွေလဲကွ" လို့ မေးတော့ သူက "နယ်စပ်က ခိုးသွင်းလာတဲ့ ဆိုင်ကယ်တွေလေ၊ တစ်ညလုံး မောင်းပြီး ဒီမှာ လာသွင်းကြတာ" လို့ ပြောပါတယ်။

သူက ဆက်ပြောပါတယ်။ "ဆိုင်ကယ်တွေကို ဟိုဘက်ကမ်းက တရုတ်ပြည် ခိုးသွင်းလာကြတာ တစ်ခေါက်ကို ကျပ် ၃၀၀၀၀ ရတယ်၊ ဝန်ထမ်းတွေ၊ ရဲဘော်တွေတောင် လုပ်ကြတယ်၊ အပိုငွေ ရအောင်လို့ပေါ့" တဲ့။ "မင်းတို့က ဒီအတိုင်းပဲ ကြည့်နေကြတာပေါ့လေ" လို့ မေးတော့ သူက ဘာမှပြန်မပြောဘဲ ပခုံး တွန့်ပြပါတယ်။ စားသောက်ပြီးတော့ ကျွန်တော်တို့ တည်းခိုခန်းကို ပြန်ကြပါတယ်။

## အခြေအနေ မကောင်းဘူး

တည်းခိုခန်းနား ရောက်တော့ အဲဒီရှေ့မှာ ရဲဂျစ်ကား တစ်စီး ရပ်ထားတာ တွေ့ရပါတယ်။ ကျွန်တော်က SB က ကောင်လေးကို "ဟေ့ ဟိုမှာ ရဲကား တွေ့လား။ အခြေအနေ မကောင်းဘူးကွ" လို့ ပြောလိုက်ပါတယ်။ ကျွန်တော်တို့ အနားရောက်တော့ ရဲကားပေါ်က ဒုရဲမှူးကြီး တစ်ယောက် ဆင်းလာပါတယ်။ သူက "အဘ ဦးဝင်းထိန်လား" လို့ မေးပါတယ်။ ကျွန်တော်က ဟုတ်တယ်လို့ ပြောတော့ သူက "ကျွန်တော့်ကို အထက်က ခိုင်းလို့၊ အဘနဲ့ ဆွေးနွေးစရာ ရှိလို့ ခဏ လိုက်ခဲ့ပါ" လို့ ပြောပါတယ်။

ကျွန်တော်က ဒါဆို ခဏနေဦးလို့ ဆိုပြီး ပစ္စည်းတွေ သွားသိမ်းပါတယ်။ ပြီးမှ ပစ္စည်းတွေနဲ့ တကွ ကားပေါ် လိုက်လာပါတယ်။ အဲဒီ ဒုရဲမှူးကြီးက စစ်ကိုင်းတိုင်း၊ တိုင်းရဲမှူး ခင်မောင်လွင်လို့ ပြောပါတယ်။ သူ့ဂျစ်ကားက မနေ့လာတဲ့ လမ်းအတိုင်း မောင်းသွားပြီး ထောင်ဘူးဝကို ရောက်ပါတယ်။ ထောင်ဘူးဝ ရောက်တော့ ကျွန်တော့်ကို "ကဲ အဘ ဝင်ကြရအောင်" ဆိုပြီး ထောင်ထဲကို ခေါ်သွင်းလိုက်ပါတယ်။ ဘယ်လိုမှ မမျှော်လင့် မထင်မှတ်တဲ့ ဖြစ်ရပ်တစ်ခုပါ။ အရင်နေ့က ညနေ လေးနာရီလောက်မှာ ထွက်ခဲ့တာ အခု ပြန်ဝင်တော့ မနက် ကိုးနာရီ အပြင်မှာ စုစုပေါင်း ၁၇ နာရီ နေခဲ့ရတယ် ဆိုပါတော့။

ကျွန်တော် အခုလို ထောင်ကို ပြန်ဝင်တာနဲ့ ပတ်သက်လို့ အံ့သြ ထိတ်လန့်ခြင်း မဖြစ်မိပါ။ ဘာ့ကြောင့်လဲ ဆိုတော့ ကျွန်တော် ကိုယ်တိုင်က စစ်ရုံးမှာ နေခဲ့ဖူးတယ်၊ အစိုးရရဲ့ စစ်ခေါင်းဆောင်တွေနဲ့လည်း သိခဲ့ဖူးတယ် ဆိုတော့ ဒီလို တရားလက်လွတ် လုပ်ရပ်မျိုး လုပ်ဖို့ သူတို့ ဝန်မလေးဘူး ဆိုတာ ကျွန်တော် ကောင်းကောင်း သိပါတယ်။ ဒါ့ကြောင့် ကျွန်တော် မတုန်လှုပ်ပါ။ တုန်လှုပ်သူကတော့ ထောင်ပိုင်ကြီး ဦးကျော်သန်းမြင့်ပါ။ မူလက ညိုတဲ့ မျက်နှာက မည်းနေပါတယ်။ စိတ်မကောင်းခြင်း ကြီးစွာဖြစ်တဲ့ အမူအရာ သိသာပါတယ်။

## နကာမွတိ ကျွန်တော်

ကျွန်တော့်ကို ချက်ချင်း ထောင်ထဲ ပြန်မသွင်းသေးဘဲ ထောင်ဘူးဝ ရုံးခန်းမှာ နေ့လယ်စာ ကျွေးပါတယ်။ အဲဒီလို နေခိုက်မှာ သူက အ.က.စ ရုံးချုပ်ကို ဖုန်းဆက်နေပါတယ်။ ကျွန်တော်နဲ့ ပတ်သက်လို့ လွှတ်ဖို့ အမိန့်လာတဲ့အတွက် လွှတ်ပေးရခြင်း ဖြစ်ကြောင်း၊ အခု ကျွန်တော့်ကို ထောင်ထဲ ပြန်သွင်းတဲ့ ကိစ္စကိုလည်း အတည်ပြုပေးစေလိုကြောင်း၊ ဒါ့ကြောင့် ကျွန်တော့်ကို ထောင်ထဲ ပြန်မထည့်သေးဘဲ ထောင်ပိတ်ချိန် ရောက်တဲ့ အထိ ဘူးဝမှာပဲ စောင့်ခိုင်းနေမှာ ဖြစ်ကြောင်း ပြောသံ ကြားနေရပါတယ်။

ကျွန်တော်လည်း နေ့လယ်စာ ကောင်းကောင်း စားထားတာရယ်၊ ညက အိပ်ပျက်တာရယ်တွေကြောင့် ထောင်ဘူးဝ ရုံးခန်းမှာပဲ နေ့လယ် တစ်ရေး ရလိုက်ပါသေးတယ်။ ညနေ ထောင်ပိတ်ချိန်ကျတော့မှ ထောင်ပိုင်ကြီးက ဝန်လေးတဲ့ မျက်နှာထားနဲ့ "ကိုင်း အန်ကယ်၊ ပြန်ဝင်ကြရအောင်" ဆိုပြီး ကျွန်တော့်ကို တိုက်အထိ လိုက်ပို့ပါတယ်။ တိုက်ထဲက လူတွေလည်း ကျွန်တော် ပြန်ရောက်နေတာ သိနေကြပါပြီ။ ဘယ်သူမှ မျက်စိမျက်နှာ မကောင်းကြပါ။ ဘာမှ တုန်လှုပ်ဟန် မပြတာက ကျွန်တော် တစ်ယောက်တည်းပါ။ ရယ်စရာဖြစ်ရပုံက ကျွန်တော် မနေ့က ဝေငှထားတဲ့ ပစ္စည်းတွေ "ငါ့ကို ပြန်ပေးကြပါဦးကွ၊ ငါ့ကို ပြန်ပေးကြပါဦးဟ" ဆိုတဲ့ စကားနဲ့ ပြန်တောင်းရတဲ့အဖြစ်ပါ။

## ဆက်စပ် ဆန်းစစ်ကြည့်ခြင်း

ကျွန်တော် ပထမနေ့ ညနေမှာ လွှတ်ပြီး ဒုတိယနေ့ မနက်မှာ ပြန်အဖမ်းခံရတာနဲ့ ပတ်သက်လို့ ဘာ့ကြောင့်ပါလိမ့်၊ ဘယ်သူက အမိန့်ပေးလို့ပါလိမ့်လို့ အပြန်ပြန် အလှန်လှန် တွေးတောကြည့်တဲ့အခါ ကျွန်တော် စစ်ရုံးမှာ နေစဉ်က ကြုံတွေ့ရဖူးတဲ့ ကိစ္စတွေနဲ့ ဆက်စပ် စဉ်းစားကြည့်ပါတယ်။ ကျွန်တော် အပေါ်မှာ တင်ပြခဲ့ဖူးပါတယ်။ ကက (ကြည်း) မှာ နေခဲ့ရတယ် ဆိုတော့ ပြန်ကြားရေးနဲ့ SB က ထုတ်တဲ့ နေ့စဉ် ထောက်လှမ်းရေး သတင်းတွေ အမြဲလိုလို ဖတ်ရပါတယ်။ အဲဒါအပြင် ပြန်ကြားရေးက ထုတ်တဲ့ သတင်းဦး၊ သတင်းထူး ဖြစ်စဉ်တွေကိုလည်း ဖတ်ရပါတယ်။ အဲဒီ သတင်းလွှာရဲ့ ခေါင်းစဉ်က Monitoring Service လို့ ခေါ်ပါတယ်။ အခုတော့ ဘယ်လို နာမည်ပေးလဲ မသိပါဘူး။

VOA၊ BBC နဲ့ တခြား အရေးပါတဲ့ ပြည်ပ သတင်းတွေကို အမြဲ စောင့်ဖမ်းပြီးတော့ ချက်ချင်း ပုံနှိပ်တဲ့ အဖွဲ့ တစ်ဖွဲ့ ပြန်ကြားရေး ဝန်ကြီးဌာနမှာ ရှိပါတယ်။ အရေးကြီးရင် ကြီးသလို ဝန်ကြီးထံ ချက်ချင်း ပို့ရတာပါတယ်။ ကျွန်တော်နဲ့ သား/သမီးတွေ၊ ပြင်ပ သတင်းဌာနတွေနဲ့ ပြောတာကို သူတို့က ချက်ချင်း အသံဖမ်းပြီး၊ ချက်ချင်း ဝန်ကြီးဆီ ပို့ပါလိမ့်မယ်။ ဝန်ကြီးကလည်း စစ်ရုံးကိုသွားပြီး အပေါ်က လူကြီးတွေ (ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး စသည်) ကို သတင်းပို့ပါလိမ့်မယ်။

ဟုတ်မဟုတ်တော့ မသိပါဘူး။ ပြန်ကြားရေးဌာနက ရတဲ့ သတင်းကို ပြည်ထဲရေး ဝန်ကြီးကို သတင်းပို့ပါလိမ့်မယ်။ ပြည်ထဲရေး ဝန်ကြီးကလည်း စစ်ရုံးကိုသွားပြီး သတင်းပို့ပါလိမ့်မယ်။ အဲဒီအချိန်မှာ ကိုအေး (ဒုတိယ ဗိုလ်ချုပ်မှူးကြီး) ကို ဝန်ကြီးက သတင်းပို့ချိန်မှာ သူက ရေချိန်ကိုက်နေပါပြီ။ "အေး.... ဝင်းထိန်လား၊ ဒါဆို ပြန်ထည့်လိုက်ပေါ့" ဆိုတဲ့ မှတ်ချက်ချလိုက်ပါတယ်။ အဲဒီမှတ်ချက်အရ ဒုရဲမှူးကြီး ခင်မောင်လွင်က ကျွန်တော့်ကို လာခေါ်ပြီး ထောင်ထဲကို ပြန်ထည့်လိုက်တာပါ။ ပြန်ကြားရေး ဝန်ကြီးက ဦးကျော်ဆန်း ဖြစ်ပြီး ပြည်ထဲရေး ဝန်ကြီးက ဦးမောင်ဦးပါ။

## ဇနီးသည်ရဲ့ ဒေါသ

မန္တလေး ရောက်တုန်းက ကျွန်တော် လွတ်ပြီလို့ ကြားလို့ ဝမ်းသာအားရ စောင့်နေတဲ့ ဇနီးသည်ဟာ ခဏ နေတော့ ကျွန်တော် ပြန်ဝင်သွားပြီလို့ ကြားရတဲ့အခါ သူ့ရဲ့ ဒေါသဟာ အထွဋ်အထိပ်ကို ရောက်သွားဟန် တူပါတယ်။ အခါတိုင်းထက် နှစ်ရက်လောက် နောက်ကျပြီးမှ ကသာထောင်ကို ရောက်လာပြီး သူ့ရဲ့ ဒေါသတွေ ကျွန်တော့်အပေါ် ပွင့်အန်လာပါတော့တယ်။ ကျွန်တော် သူပြောသမျှ ငြိမ်ပြီး နားထောင်ပါတယ်။ ဘာမှ ပြန်မပြောပါ။

ကျွန်တော် ထောင်ထဲမှာ ရှိနေတုန်း သူ ဘယ်လောက် ပင်ပန်းတယ် ဆိုတဲ့အကြောင်း၊ ထောင်ဝင်စာ တွေ စောင့်စောင့် ပို့နေရတဲ့ အတွက်ကြောင့် သူ့ဘဝရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေ ဆုံးရှုံး နစ်နာသွားတဲ့အကြောင်း၊ ဒါ့ကြောင့် ကျွန်တော် ပြန်ရောက်ရင် နိုင်ငံရေးလုပ်ဖို့ စဉ်းတောင် မစဉ်းစားစေချင်ဘူး ဆိုတဲ့အကြောင်းတွေ ထပ်ခါတလဲလဲ ပြောနေပါတယ်။ မှန်ပါတယ်။ ကျွန်တော် ထောင်စကျတဲ့ ၁၉၈၉ ခုနှစ်မှာ သူက အသက် ၃၆ နှစ်ပဲ ရှိပါသေးတယ်။ ကျွန်တော့်ကို အဲဒီ စကားတွေ ပြောနေတဲ့ အချိန်မှာ သူဟာ ၅၅ နှစ် ရှိနေပါပြီ။

သူ နစ်နာတာနဲ့ ပတ်သက်လို့ ကျွန်တော်လည်း ခံစားရပါတယ်။ ဒါ့ကြောင့် အရင် ထောင်ကျတုန်းက တစ်ခါ၊ အခုအချိန်မှာ တစ်ခါ "သူ နစ်နာမှုတွေ များနေလို့ ထောင်ဝင်စာ မလာတော့နဲ့၊ အပြင်မှာ ကြိုက်သလိုနေ၊ အဆင်ပြေမယ် ထင်ရင် နောက်အိမ်ထောင် ပြုချင်လည်းပြု၊ ကိုကြီး ခွင့်ပြုတယ်" လို့ ဆိုတဲ့အခါမှာ သူက တရှုံ့ရှုံ့နဲ့ ဒေါသထွက်ပြီး သူ့ကို ဒီလိုပြောတာ စော်ကားတာပဲလို့ ရန်တွေ့ခံရပါသေးတယ်။ အဲဒီလို ပြော တာတွေဟာ တစ်ကြိမ်မကပါဘူး။

တကယ်တော့ ဟုတ်ပါတယ်။ ကျွန်တော်ရဲ့ ဆန္ဒသဘောထား တစ်ခုတည်းနဲ့ နိုင်ငံရေး ရေယဉ်ကြော ထဲမှာ မျောပါပြီး လုပ်ခဲ့တာ တလူလူလွင့်နေတဲ့ စီးပွားရေး လုပ်ငန်းတွေလည်း အကုန် ပျက်ခဲ့တယ်။ ဇနီးသည် အတွက် ဆုံးရှုံး နစ်နာတာတွေကတော့ ရေတွက်လို့ မရပါဘူး။ အလားတူပဲ သားတွေ၊ သမီးတွေနဲ့ ပတ်သက်လို့ လူမှုရေး၊ ပညာရေး ဆုံးရှုံး နစ်နာမှုတွေ အများကြီးပါ။

သို့သော်လည်း ဦးနေဝင်းက စတင်ခဲ့တဲ့ တစ်နိုင်ငံလုံးကို အာဏာရှင် စနစ်နဲ့ မတရား အုပ်ချုပ်ခဲ့တာ၊ ဗိုလ်ချုပ်မှူးကြီး စောမောင်က ကမ္ဘာနဲ့ မြန်မာကိုပါ လိမ်လည်ပြီး တိုင်းပြည်ကို အုပ်ချုပ်ခဲ့တာ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနဲ့ အုပ်စုကလည်း NLD နဲ့တကွ ပါတီအားလုံးကို နှိပ်ကွပ်ထားပြီး တစ်နိုင်ငံလုံးကို အာဏာရှင် စနစ်နဲ့ အုပ်ချုပ်ထားတာတွေကြောင့် ဒီစနစ်ကြီး မရှိမှ ဖြစ်မယ်လို့ ယုံကြည်ပြီး နိုင်ငံရေး ရေယဉ်ကြောမှာ တစ်ကိုယ်လုံး နစ်ပြီး လိုက်ပါဖို့ ဆုံးဖြတ်ခဲ့တာဟာ ကျွန်တော် တစ်ကိုယ်တည်းရဲ့ ဆုံးဖြတ်ချက် ဖြစ်ပါတယ်။

အဲဒီ ဆုံးဖြတ်ချက်နဲ့ လုပ်တဲ့အခါ ဘယ်လိုပြောရင် အာဏာပိုင်တွေရဲ့ အပြုံအပြင်က လွတ်မယ်၊ ဘယ်လိုပြောရင် အာဏာပိုင်တွေ ကြည်ဖြူမယ်ဆိုတာ သိပါတယ်။ သိသိကြီးနဲ့ ကိုယ့်ကိုယ်ကိုယ် မညာနိုင်လို့ အမှန်တရားကို ရွေးချယ်ပြီး ပြောခဲ့၊ ဆိုခဲ့၊ လုပ်ခဲ့တာပါ။ ဥပမာ ဆိုပါတော့ ထောက်လှမ်းရေးက မေးခွန်းတစ်ခုမှာ "ဒေါ်စုကြည် နိုဘယ်ဆု ရတဲ့အပေါ် ဘယ်လို သဘောထားပါသလဲ" ဆိုတဲ့ မေးခွန်းပါ။

အဲဒီမေးခွန်းရဲ့ အဖြေကို ထောက်လှမ်းရေးက ဗိုလ်မှူးကြီး တစ်ယောက်ရဲ့ စကားအရ ပြန်ပြောင်း ဖောက်သည် ချရမယ်ဆိုရင် (၁) ဘယ်လိုမှ အဖြေ မပေးလိုပါ။ (၂) ဒီဆုဟာ အနောက်နိုင်ငံများက မြန်မာပြည် (စစ်)အစိုးရအပေါ် ဖိအားပေးချင်လို့ တမင် ခွင်ဆင်ပြီး ပေးတဲ့ဆု ဖြစ်တယ်။ (၃) ဗိုလ်ချုပ် အောင်ဆန်းရဲ့

သမီးလည်း ဖြစ်တယ်၊ မြန်မာပြည်သူ တစ်ဦးလည်း ဖြစ်တယ်၊ အမျိုးသမီး တစ်ဦးလည်း ဖြစ်တယ်။ လက်ရှိ အကျယ်ချုပ်ကျနေတဲ့ နိုင်ငံရေး အကျဉ်းသားလည်း ဖြစ်တယ်။ ဒီလို အချိန်မှာ ဒီဆုရခြင်းဟာ အခြေအနေနဲ့ အချိန်အခါအရ အလွန် ကောင်းမွန်တဲ့ အချက်တစ်ခု ဖြစ်ပါတယ် စသဖြင့် ဖြေကြပါတယ်လို့ သိရပါတယ်။

၁၉၉၃ ခုနှစ်မှာ ကျွန်တော်တို့ နိုင်ငံရေး အကျဉ်းသားတွေ အဲဒီမေးခွန်း အပါအဝင် တခြား မေးခွန်း တချို့ကိုလည်း ထောက်လှမ်းရေးက မေးလို့ ဖြေခဲ့ရတာ ရှိပါတယ်။ ကျွန်တော်က အထက်မှာ ဖော်ပြခဲ့တဲ့ နံပါတ် ၃ အတိုင်း ဖြေခဲ့ပါတယ်။ အတူတူ ဖြေကြတဲ့အထဲက တချို့ကို လွှတ်ပေးလိုက်ပါတယ်။ ကျွန်တော် ကျန်ခဲ့ပါတယ်။ မလွှတ်ချင်လို့တော့ မဟုတ်ပါဘူး။ လွှတ်ချင်တာပေ့ါ။ ဒါပေမဲ့ သူတို့အကြိုက် ရေးလို့ လွှတ် သွားခဲ့ရင် ဦးဝင်းထိန်ကတော့ ဒီလို ပြောပါတယ် ဆိုပြီးတော့ သတင်းစာ ရှင်းလင်းပွဲမှာ ထုတ်ပြောပြီး ကျွန်တော့်ကို နာမည်ဖျက်မယ် ဆိုတာ ကြိုတွေးမိလို့ပါ။ တနည်းအားဖြင့် ပြောရမယ်ဆိုရင် (ကံကို ပုံချတာ တော့ မဟုတ်ပါဘူး) ကျွန်တော့် ဘဝ ဝဋ်ကြွေးတွေ မကျေသေးလို့ပဲ ဖြစ်မယ်လို့ အတွေးတိမ်တိမ်နဲ့ တွေးမိ ပါတယ်။

၂၀၀၈ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက် ကိစ္စနဲ့ ပတ်သက်လို့ ဖြစ်ပေါ်လာတဲ့ နိုင်ငံရေး ဂယက်တွေဟာ ပြည်တွင်းမှာသာမက ပြည်ပမှာပါ ပြန့်နှံ့သွားပါတယ်။ နိုင်ငံရေး အကျဉ်းသမား တစ်ယောက်ကို တစ်ညအိပ် အပြင်ထုတ်ပြီးတော့ ထောင်ထဲ ပြန်ထည့်တဲ့ ဖြစ်ရပ်ဟာ အဲဒီအချိန်က စစ်အစိုးရကို ဂျာမနီမှာ တန်ခိုး ထွားခဲ့ဖူးတဲ့ နာဇီတွေရဲ့ လုပ်ရပ်မျိုး၊ ဆိုဗီယက် ယူနီယံမှာ စတာလင် တန်ခိုးထွားတုန်းက လုပ်ရပ်မျိုးတွေနဲ့ နှိုင်းယှဉ် ဝေဖန်ခဲ့ရပါတယ်။ ကွယ်လွန်သွားပြီဖြစ်တဲ့ NLD ခေါင်းဆောင် ဦးဝင်းတင်ကို လုပ်ပုံမျိုးနဲ့တော့ နည်းနည်း ကွာတာပေ့ါ။ သူ့ကို အပြင်ကို ထုတ်ပြီး ထောင်ထဲ ပြန်ထည့်တာမျိုး မဟုတ်ဘဲ "လွှတ်ပြီ" ဆိုပြီး ထောင်ဘူးဝကို ခေါ်သွားပြီးမှ "မှားလို့" လို့ ဆိုပြီး တိုက်ခန်း ပြန်ပို့ခဲ့ဖူးပါတယ်။ ဦးဝင်းတင်က ဒါနဲ့ပတ်သက်လို့ မမှုသလို ကျွန်တော်ကလည်း မတုန်လှုပ်ခဲ့ပါဘူး။ (အကြွေး မကျေသေးလို့ဘဲ ဆိုကြပါစို့။)

## အကျိုးဆက်များ

ပထမ အကျိုးဆက်ကတော့ ကျွန်တော့် ဇနီးသည်ရဲ့ ပြောကြားချက်ကြောင့် ဖြစ်ပေါ်လာတာပါ။ ထောင်ဝင်စာ မှာ သူ့ဘဝ ဘယ်လောက် အချည်းနှီး ဖြစ်ခဲ့ရတဲ့အကြောင်း၊ ဒါ့ကြောင့် ထောင်က လွှတ်လာရင် နိုင်ငံရေး ဆက်မလုပ်စေလိုတော့ကြောင်း ပြောကြားခဲ့သလို၊ ရန်ကုန် ပြန်ရောက်တော့လည်း ဒီသဘောမျိုး ပါတဲ့ စကားတွေ ပြောခဲ့ပါသတဲ့။ ဒါ့ကြောင့် NLD ထိပ်ပိုင်း ခေါင်းဆောင်တွေရဲ့ အသိုင်းအဝိုင်းမှာ ကျွန်တော်က နိုင်ငံရေးမှာ ဆက်ပြီးတော့ အလုပ်လုပ်ဖို့ အလားအလာ နည်းသွားပြီဆိုပြီး ပြောကြဆိုကြပါသတဲ့။ ကျွန်တော် ထောင်က လွှတ်ပြီး လာနှုတ်ဆက်တဲ့ နိုင်ငံရေး အသိုင်းအဝိုင်းက ပုဂ္ဂိုလ်များကလည်း အလားတူ စကားမျိုး တွေကို ပြောတဲ့အခါ ကျွန်တော်ကတော့ ဘာမှ ပြန်မပြောပါဘူး။ အင်းမလှုပ်၊ အဲမလှုပ်ပေ့ါ။

ဒုတိယ အကျိုးဆက်ကတော့ ကသာ ထောင်ပိုင်နဲ့ ပတ်သက်ပါတယ်။ အထက် ဌာနချုပ်က ကျွန်တော့် ကို လွှတ်တာဟာ အထက် အမိန့်မရဘဲ ကသာ ထောင်ပိုင်က အမိပ္ပာယ် အကောက်မှားပြီး လွှတ်တဲ့ သဘော မျိုးနဲ့ စုံစမ်း စစ်ဆေးရေး DE ဝင်ပါတယ်။ ထောင်ပိုင်က အထက် ဌာနချုပ်ရဲ့စာကြောင့် လွှတ်ပေးခြင်း ဖြစ် ကြောင်း ထုချေသော်လည်း အောင်မြင်မှုရဟန်မတူပါ။ ဒါ့ကြောင့် ထောင်ပိုင်ကို ပြစ်ဒဏ်ချလိုက်ပါတယ်။ "သုံးလ ရာထူးချထားခြင်း" ဖြစ်ပါတယ်။ အမိပ္ပာယ်ကတော့ ထောင်ပိုင်ဟာ ပုခုံးပေါ်မှာ သုံးပွင့်တပ်ရာကနေပြီး နှစ်ပွင့်ပဲ တပ်ခွင့်ရပါတော့တယ်။ ဒါပေမဲ့ ဒီသတင်းကို လူတွေ သိပ်မသိဘူးလို့ ယူဆပြီး ထောင်ပိုင်က

ယူနီဖောင်းအပေါ်မှာ ဂျာကင် အမြဲတမ်း ဝတ်ထားလေ့ ရှိပါတယ်။ ဂံကောင်းတာက စက်တင်ဘာကနေ နောက်နှစ် ဖေဖော်ဝါရီလ အထိက ဆောင်းတွင်းဆိုတော့ ဂျာကင် ဝတ်ရတာ ပြဿနာ မဟုတ်တော့ဘူးပေါ့။

## နောက်တစ်နေ့

ကျွန်တော် အထက်မှာ ရေးပြခဲ့ဖူးသလိုပါ။ ကသာထောင်မှာ ဆရာဝန် မရှိပါ။ ဒါပေမဲ့ ကိုယ့် ကျန်းမာရေး အခြေအနေ သိချင်တဲ့အတွက် အကျဉ်းသားထဲက ဆေးမှူးအဖြစ် တာဝန်ပေးထားတဲ့ ကောင်လေးကို ခေါ်ပြီး ကျွန်တော့်ရဲ့ သွေးတိုး အခြေအနေ သိအောင် Pressure Card နဲ့ တိုင်းခိုင်းပါတယ်။ ကျွန်တော့် အနေအထား က ၁၂၀- ၈၀ ပါတဲ့။ ဆိုတော့ ပုံမှန်ပေါ့။ အရင်တစ်နေ့က ကျွန်တော့်ကို လွှတ်ပေးပြီး နောက်တစ်နေ့ ထောင်ထဲ ပြန်သွင်းခြင်းအားဖြင့် ကျွန်တော့်ရဲ့ စိတ်အနေအထားဟာ လှုပ်ရှားမှု နည်းပြီး တည်ငြိမ်နေတဲ့သဘောပေါ့။

အလားတူပဲ ညက ကျွန်တော် အိပ်ပျော်ပါတယ်။ အိပ်ချိန် ကိုးနာရီဆိုတာနဲ့ အိပ်ရာကို ပြင်ဆင်ပြီး အိပ်ဖို့ လုပ်ပါတယ်။ ကျွန်တော်ရဲ့ နေ့စဉ် ကျင့်ဝတ်ဖြစ်တဲ့ ညတိုင်း ခေါင်းချလိုက်တာနဲ့ မျက်စိ နှစ်လုံးကို မှိတ်ပြီး ပရိတ် တရားတော် တစ်ခုခုကို စိတ်နဲ့ ရွတ်ဆိုခြင်း လုပ်ငန်း စလိုက်ပါတယ်။ ပဋ္ဌာန်း ဒေသနာ တော်ကြီးလား၊ ဓမ္မစကြာလား၊ ပရိတ်ကြီး ၁၁ သုတ်လား မမှတ်မိတော့ပါ။ ရွတ်ရင်းနဲ့ ပရိတ်တွေ မပြီးဆုံးခင် မှာပဲ ကျွန်တော် အိပ်ပျော်ခဲ့ပါတယ်။

ထုံးစံအတိုင်း နောက်တစ်နေ့ မနက် လေးနာရီ ကျော်ကျော်လောက်မှာ နိုးပါတယ်။ ချက်ချင်း အိပ်ရာက မထသေးပါ။ ညက ရွတ်လက်စ ပရိတ်တွေကို ဆက်ရွတ်ပါတယ်။ အဲဒီလို ရွတ်ရင်း ရွတ်ရင်းနဲ့ မှေးခနဲ အိပ်ပျော်သွားပြန်ပါတယ်။ ငါးနာရီကျော်မှ ပြန်နိုးလာတာပါ။ အဓိပ္ပာယ်က ကျွန်တော်ဟာ ထောင်ထဲက နာရီအနည်းငယ် အပြင်ထုတ်ခေါ် သွားပြီး နောက်တစ်နေ့ မနက် ပြန်ဖမ်းထည့်ခြင်းနဲ့ ပတ်သက်လို့ ကျွန်တော့် မှာ ထူးခြားတဲ့ စိတ်ဖိစီးမှု Traumatic Stress မရှိခဲ့ဘူးဆိုတဲ့ သာဓကပါ။ အဲဒီလို ဖြစ်ခဲ့တဲ့ စိတ်နေသဘာဝကို ကျွန်တော့်အထင် မိဘနှစ်ပါးထံက အမွေဆက်ခံရခဲ့တဲ့ ဒီသွေး၊ ဒီအသား၊ ဒီစိတ်နဲ့ အရင်ဘဝပေါင်း မြောက်များစွာက ဖြည့်ဆည်းခဲ့တဲ့ အထုံပါရမီကြောင့်လို့ ကျွန်တော် ယူဆပါတယ်။

ကျွန်တော့်ကို အခု လွှတ်လိုက်၊ အခု ပြန်ဖမ်းလိုက်ဆိုတာနဲ့ ပတ်သက်ပြီး ထူးထူးခြားခြား စိတ်ဖိစီးမှု မဖြစ်ခဲ့ပေမဲ့ ဇနီးသည်မှာတော့ တော်တော် ဖြစ်သွားဟန်တူပါတယ်။ ထောင်ဝင်စာမှာလည်း ကျွန်တော့်ကို ရစရာ မရှိအောင် ဆူပူ ကြိမ်းမောင်းသွားခဲ့တယ်၊ ရန်ကုန် ပြန်ရောက်တော့လည်း ဒီသဘောဆန်ဆန်တွေ မျှဝေခဲ့တယ်လို့ သိရပါတယ်။ ဟုတ်တာပေါ့၊ ကျွန်တော် ထောင်ကျတာ ကျွန်တော့်ရဲ့ ယုံကြည်မှုနဲ့ ကျွန်တော်၊ သူ့မှာက သားသမီးတွေရဲ့ ကိစ္စတွေကိုလည်း ရင်ဆိုင် ဖြေရှင်းရ၊ လင်သည် ဖြစ်တဲ့ ကျွန်တော့်ကိုလည်း ထောက်ပံ့ရနဲ့ ဘယ်လောက် ဗျာများနေမယ်ဆိုတာ တွက်ဆလို့ရပါတယ်။

## ဝှက်ဖျားတဲ့ ဗျာရှိ

ထောင်ဝင်စာလာတုန်းက ဇနီးသည်က ပေါက်ကွဲသွားခဲ့ပေမဲ့ နောက်လတွေက စပြီး ထောင်ဝင်စာ ပုံမှန် ပြန် လာပါတယ်။ တကယ်တော့ အရင်တစ်ခါကတည်းက သူ့ကို ထောင်ဝင်စာ မလာဘဲနေလည်း ရပါတယ်လို့ ပြောခဲ့ပြီးသားပါ။ ဒါကို ဆက်လာမြဲ လာနေတာပါ။ ကျေးဇူးရှင်ကြီးပေါ့၊ အဲဒီတုန်းက၊ အဲဒီလိုနဲ့ ကသာထောင် ထဲမှာ ဆက်လက် နေထိုင်ရင်းနဲ့ တစ်နေ့တော့ ကိုယ်ပူလာပါတယ်။ အပူချိန်က မပြင်းပါ။ ဒါ့ကြောင့်

ထောင်တွင်း ဆေးမှူး တာဝန် ထမ်းဆောင်နေတဲ့ အကျဉ်းသားလေး (နာမည်တော့ မေ့သွားပါပြီ) ကို ခေါ်ပြီး အပူချိန် တိုင်းကြည့်တော့ ၁၀၀ ဒီဂရီလောက်ပဲ ရှိပါတယ်။ ဒါ့ကြောင့် သူက ထုံးစံအတိုင်း ပါတာစီတမော တစ်လုံး၊ စီဗစ် တစ်လုံးနဲ့ ဘာမီတွန် တစ်လုံး ပေးပါတယ်။ အဲဒီ ဆေးကို ငါးရက်လောက် ဆက်တိုက် သောက်ပါတယ်။ အဖျားမကျပါ။

ကျွန်တော် ပြောခဲ့ဖူးသလိုပဲ ကသာထောင်မှာ ဆရာဝန် မရှိပါ။ သို့သော်လည်း တိုက်တိုက်ဆိုင်ဆိုင် ဆရာဝန် တစ်ယောက် တာဝန်ကျလို့ ရောက်လာပါတယ်။ သူ့နာမည်လည်း မမှတ်မိပြန်ဘူး။ သူရောက်လာတော့ ထုံးစံအတိုင်း ထောင်ပိုင်နဲ့အတူ ထောင်ထဲကို ဝင်ကြည့်ပါတယ်။ ကျွန်တော် အဖျားသွေးရှိမှန်းသိတော့၊ ဆေးသောက်နေတာကလည်း လေး-ငါးရက်ရှိပြီ ဆိုတာ သိတဲ့အတွက် ခဏနေတော့ ကျွန်တော့်ကို သွေး လာဖောက်ပါတယ်။ နောက်တစ်နေ့ကျတော့ သွေးအဖြေနဲ့အတူ ဆရာဝန် ရောက်လာပါတယ်။ "အဘမှာ ငှက်ဖျား ရှိပါတယ်" တဲ့။ "ဟိုက်... သောက်ကျိုးနဲ" လို့ပဲ ကိုယ့်ဘာသာကိုယ် ရေရွတ်လိုက်ပါတယ်။

ကျွန်တော် အဲဒီလို ရေရွတ်ရတဲ့ အကြောင်းက ငှက်ဖျားလို့ဆိုတဲ့ ငနဲသားက ကျွန်တော့်ဆီကို ဘယ်လို မှောင်ခိုပြီး ရောက်လာပါလိမ့်လို့ အတွေးပေါ်လို့ပါ။ တပ်ထဲမှာ ၁၈ နှစ်ကြာမျှ တာဝန်ထမ်းဆောင်စဉ်က မြစ်ဝကျွန်းပေါ် ဒေသကို နှံ့နှံ့စပ်စပ် ရောက်ခဲ့ပါတယ်။ ရခိုင်ရိုးမ အရှေ့ခြမ်း၊ ပဲခူးရိုးမ၊ ရှမ်းပြည်နယ် အရှေ့ မြောက် ဒေသတွေကို ရောက်ခဲ့ပါတယ်။ ငှက်ဖျားရယ်လို့ မဖြစ်ခဲ့ဖူးပါ။ တပ်က ထွက်တာ နှစ်ပေါင်း ၄၀ နီးပါး ကြာလာမှ ငှက်ဖျားဖြစ်တယ် ဆိုတော့ တပ်ထဲမှာ နေခဲ့လို့ကြောင့်တော့ မဖြစ်နိုင်ပါ။

သကြားစက် စီမံကိန်း၊ ရခိုင်ပြည်နယ် ကျောက်တော် သကြားစက် စီမံကိန်းတွေတုန်းကလည်း ရှမ်း ပြည်နယ် ညောင်ရွှေဒေသ၊ ရခိုင် ပြည်နယ် ကျောက်တော် မြို့နယ်တွေမှာလည်း လပေါင်းများစွာ နေထိုင်ခဲ့ဖူး ပါတယ်။ ကျောက်တော် စီမံကိန်းက ရွှေညောင် စီမံကိန်းထက် သုံးနှစ်လောက် နောက်ကျတာဆိုတော့ ဒီ ငှက်ဖျားဟာ ရှမ်း ငှက်ဖျား မဖြစ်နိုင်ပါ။ ရခိုင် ငှက်ဖျား ဖြစ်ကောင်းဖြစ်မယ်လို့ တွေးမိပါတယ်။ ဒါပေမဲ့ ကသာ နယ်ဟာလည်း ငှက်ဖျား နာမည်ကြီးတဲ့အတွက် ကျွန်တော် ရတဲ့ ငှက်ဖျားဟာ ကသာ ငှက်ဖျား ဖြစ်ဖို့ များတယ် လို့ တွက်မိပြန်ပါတယ်။

ဆရာဝန်က "ကျွန်တော် ကသာမှာ ရှိတဲ့ ငှက်ဖျား တိုက်ဖျက်ရေး ဌာနကို သွားပြီး အဘ အတွက် ဆေးတွေ ယူလာပါတယ်" လို့ ပြောပြီး ဆေးမျိုးစုံကို ငါးရက်စာ ပေးသွားပါတယ်။ အဲဒီ ဆေးတွေကို ကျွန်တော် စွဲစွဲမြဲမြဲ သောက်ပါတယ်။ ဆရာဝန်ကလည်း နေ့စဉ် လာပြီး အပူချိန် တိုင်းပါတယ်။ ဒါပေမဲ့ မသက်သာပါ။ ဒါ့ကြောင့် ဆရာဝန်က "အဘ ငှက်ဖျားက ဒီဆေးနဲ့တော့ မရတော့ဘူး၊ ဒီထက် တစ်ဆင့်မြင့်တဲ့ ဆေးနဲ့မှ ရတော့မယ် ထင်တယ် ဆရာ" လို့ ပြောပြီး နောက်တစ်နေ့မှာ ဆေးပြောင်းပေးခဲ့ပါတယ်။ အဲဒီဆေးကို ငါးရက်လောက် သောက်ပြီးတော့မှ အဖျားကျသွားတာပါ။

ကျွန်တော် ငှက်ဖျား ဖြစ်တာ စုစုပေါင်း တစ်လလောက် ကြာမယ် ထင်ပါတယ်။ လူဟာ တော်တော် ပိန်သွားပါတယ်။ သို့သော်လည်း ကျွန်တော် နိစ္စဓူဝ လုပ်နေကျ လုပ်ငန်းတွေတော့ မပျက်ပါ။ ဆိုလိုတာက ပရိတ် တရားတော်များ ရွတ်ဆိုခြင်းကို ဆိုလိုတာပါ။ လမ်းလျှောက်တာကိုတော့ လျှော့ချလိုက်ပြီး တိုက်ခန်း ထဲမှာပဲ လဲလျောင်း နားနေခဲ့ပါတယ်။ အဲဒီ ငှက်ဖျားဟာ ယနေ့အထိ မှတ်မှတ်ရရ ပြန်ပေါ်လာခြင်းတော့ မရှိပါ။ ဒါပေမဲ့ ကိုယ်ခံအားကျတဲ့ အချိန်မျိုးကျရင်တော့ ကိုယ်ပူချင်သလို ဖြစ်လာတတ်ပါတယ်။ ချက်ချင်း ဆေးသောက်ရပါတယ်။

## မင်းပို့ မင်းလွှင်

ကသာထောင်က ဝန်ထမ်းတွေထဲမှာ အသက်ငယ်ငယ်လေးနဲ့ ငွေကြယ်တစ်ပွင့် ရတဲ့ ထောင်မှူးလေး တစ်ယောက် ရှိပါတယ်။ သူက အသားဖြူပါတယ်။ အရပ်ကလည်း ငါးပေ ရှစ်လက်မလောက် ရှိမှာပါ။ ရုပ်ကလည်း ချောတယ်လို့ ပြောရမယ့် သူတစ်ယောက် ဖြစ်ပါတယ်။ နာမည်ကတော့ နန္ဒ (အမည်လွှဲ) ဖြစ်ပါ တယ်။ သူက မြစ်ဝကျွန်းပေါ်က နာမည်ကြီး ရွာတစ်ရွာကပါ။ အသက်ကလည်း ၂၄ နှစ်လောက်ပဲ ရှိပါသေး တယ်။ ညားခါစ ဇနီးသည်လေးနဲ့ပါ။ သူ့ဇနီးသည်က တစ်ရွာတည်းသူ၊ ငယ်ငယ်ကတည်းက ကျောင်းနေဘက် သူငယ်ချင်း။ ဘွဲ့ရတော့လည်း အတူတူ။ သူတို့ဇနီးမောင်နှံမှာ ကလေးငယ် တစ်ယောက် ရနေပါပြီ။

ကျွန်တော်နဲ့ တွေ့တော့ သူ ထောင်မှူး ဖြစ်တာ ခြောက်လလောက်ပဲ ရှိပါသေးသတဲ့။ လူပုံချောဆို တော့ သူက ထောင်ယူနီဖောင်းနဲ့ ဆိုရင် ကြည့်လို့ အလွန်ကောင်းပါတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ထောင်မှူး ဖြစ်လာရတဲ့အကြောင်းက သူ့မိဘနှစ်ပါးက ထိပ်ပိုင်းနားက လူကြီးတစ်ယောက်နဲ့ ခင်မင် ရင်းနှီးပါသတဲ့။ အဲဒီ လူကြီးရဲ့ မ,စမှုကြောင့် နန္ဒလေးဟာ ဘွဲ့ရပြီး မကြာခင်မှာပဲ ထောင်မှူးလေး ဖြစ်လာခဲ့တာပါ။

ထောင်မှာဆိုတော့ သိကြတဲ့အတိုင်း အကြံအဖန် အလွန်များတာကလား။ ဟင်းလျာ၊ အစားအသောက် ဆိုတာကတော့ ထောင်ထဲမှာ အလျှံပယ်၊ ဘယ်အကျဉ်းသားဆီက သွားတောင်းတောင်း ထောင်မှူးလေး၊ ထောင်မှူးကြီးတွေ အတွက်ဆို ပေးချင်တဲ့လူက များမှများ။ ကော်ဖီချိန်ဆို ကော်ဖီ၊ လက်ဖက်ရည်ချိန်ဆို လက်ဖက်ရည်၊ နေ့ခင်း အဆာပြေ စားချင်ရင် လက်ဖက်သုပ် စားမလား၊ ဂျင်းသုပ် စားမလား မျက်နှာလုပ်ချင် တဲ့သူက ခပ်များများ။

## လွယ်လွယ်နဲ့ လာဘ်လာဘတွေ

ဒီထက်ပိုတဲ့ လာဘ်လာဘတွေကတော့ ငွေကြေး တတ်နိုင်တဲ့သူတွေဆီက လစဉ် သော်လည်းကောင်း၊ အချိန်အခါအရ သော်လည်းကောင်း ဝင်နေတဲ့ ငွေကြေး ပမာဏတွေပါ။ ပရိုးမိုးယားလိဂ် ဘောလုံးရာသီ ဆိုရင် ထောင်ထဲမှာ အလောင်းအစားတွေက ညတိုင်း ဖြစ်နေကျ၊ ထောင်မှူး၊ ထောင်ပိုင် မပြောနဲ့ သာမန် ဝန်ထမ်းတောင် တစ်ည တစ်ထောင် ဆိုတာက အနည်းဆုံး။ အဲဒီတော့ တွက်သာကြည့်ကြပါရော။ (ဒီအနေ အထားတွေက ကျွန်တော် ဟိုတုန်းက ကြုံခဲ့ရတဲ့ အကြောင်းတွေ အခြေခံပြောတာပါ၊ အခုတော့ ဘယ်လို အခြေအနေ ဆိုတာ မသိနိုင်တော့ပါဘူး။)

ဒီအခြေအနေတွေကြောင့် ကျွန်တော် ပြောပြတဲ့ ထောင်မှူးလေး နန္ဒဟာ လက်ဖျား ငွေသီးပြီပေါ့။ ဒါ့ ကြောင့် အသောက်အစားလေးလည်း ဖက်လာပါတယ်။ သူ့ရုပ်ရည်လေးကြောင့် ချဉ်းကပ်လာတဲ့ မိန်းကလေး တစ်ချို့ကိုလည်း အလစ်မပေးပါဘူး။ ခြေများလာတာပေါ့။ သူ့မိန်းမကလည်း ဒီအကြောင်းတွေ ကြားတဲ့အခါမှာ မေးတယ်၊ မြန်းတယ်၊ ဂျီတိုက်တယ်ပေါ့။ အိမ်ထောင်ရေးက သိပ်မသာယာတော့ပါဘူး။ ကျွန်တော် ကသာ ထောင် ရောက်လို့ တစ်နှစ်လောက် အတွင်းမှာ သူဟာ ကသာမြို့ရဲ့ Playboy တစ်ယောက် အဖြစ်နဲ့ နာမည် ရစပြုလာပါပြီ။ မြို့ကလည်း ကျဉ်းကျဉ်းလေးကိုး။

ကျွန်တော် ကသာ ထောင်ရောက်လို့ တစ်နှစ်ကျော်ကျော်လောက်မှာ ထောင်မှူးလေး မောင်နန္ဒဟာ ခွင့်တစ်လ ယူသွားပါတယ်။ ဇနီးသည်ကို ခေါ်ပြီး ပြန်တာပါ။ အဓိက အကြောင်းအရင်း မောင်နန္ဒ မူပျက် နေတာကို သူ့ဇနီးသည်က မောင်နန္ဒရဲ့မိဘများကို လှမ်းတိုင်တဲ့အတွက်ကြောင့် မိဘတွေက ခေါ်လို့ ပြန်ရ တာပါ။ မောင်နန္ဒရဲ့ မိဘနှစ်ပါးဟာ အငြိမ်းစား ဝန်ထမ်းများ ဖြစ်ပါသတဲ့။

စည်းစနစ် အလွန် ကောင်းပြီး မောင်နန္ဒလေးကို သိမ်မွေ့ယဉ်ကျေးတဲ့ လူငယ်လေး တစ်ယောက်အဖြစ် ပြုစုပျိုးထောင်ပြီး ဘွဲ့ရတဲ့အထိ ပညာသင်ပေးခဲ့ကြတာပါ။ အခုတော့ ချွေးမဖြစ်သူရဲ့စာနဲ့ တိုင်တန်းချက်အရ မောင်နန္ဒဟာ ပျက်စီးခြင်း လမ်းကြောင်းပေါ်ကို ရောက်နေပြီဆိုတာ သိတော့ မိဘနှစ်ပါးဟာ တော်တော် စိတ်ထိခိုက်သွားကြပါတယ်။ ဒါ့ကြောင့် သူတို့ကို နေရပ်ဆီ ခဏ ပြန်လာဖို့ ခေါ် လိုက်တာပါ။ ဒါ့ကြောင့် သူတို့လည်း ခွင့်ရက်ရှည်ယူပြီး ပြန်လာခြင်း ဖြစ်ပါတယ်။

နေရပ်ပြန်ရောက်တော့ မောင်နန္ဒရဲ့ ဇနီးက ယောက္ခမများကို မောင်နန္ဒ အရက် သောက်တတ်လာပုံ၊ မိန်းကလေးတွေနဲ့ ရှုပ်လာပုံ၊ အိမ်ကို မူးမူးနဲ့ ပြန်လာပြီး သူ့ကို ရန်တွေ့ပုံတွေကို တိုင်ပါတယ်။ မောင်နန္ဒရဲ့ အခြေခံ စိတ်ထားက မိဘစကားကို မြေဝယ်မကျ နားထောင်လေ့ရှိတဲ့ သားကောင်းလေးပါ။ အရွယ်ရောက်လို့ အစိုးရ ရာထူးရခဲ့သော်လည်း မိဘနှစ်ပါးကို ချစ်၊ ကြောက်၊ ရိုသေတဲ့စိတ်လေး ရှိပါသေးတယ်။ အဲဒီတော့ မိဘနှစ်ပါးက ဆုံးမတာတွေကို မြေဝယ်မကျ နားထောင်ပါ့မယ်လို့ ကတိခံပြီးတော့ ကသာမြို့ကို ပြန်လာပါတယ်။

## ချွေးမြီးကောက် ကျည်တောက်စွပ်

ကသာကို ပြန်ရောက်လို့ ထောင်တာဝန်တွေ ထမ်းဆောင်ကြပြီဆိုတာနဲ့ မောင်နန္ဒဟာ အရင်အတိုင်း ပြန်စခန်းသွားနေပါတော့တယ်။ အရက်တွေ ပြန်သောက်လာတယ်၊ ခဏတဖြုတ် ကွဲသွားတဲ့ မိန်းကလေးတွေနဲ့ ပြန်ဆက်တယ်။ ဇနီးသည်ကိုလည်း သူ့မိဘကို တိုင်ရမလားဆိုတဲ့ အကြောင်းပြချက်နဲ့ ပိုအနိုင်ကျင့်လာပါတယ်။ ချွေးမြီးကောက် ကျည်တောက်စွပ်ပေါ့။ ပြန်ရောက်လို့မှ တစ်လ မကြာသေးဘူး ပြဿနာတွေက အရင်အတိုင်း ပြန်ဖြစ်လာလို့ ဇနီးသည်လေးက ယောက္ခမများဆီ စာရေးပြီး တိုင်ကြားရပြန်ပါတော့တယ်။

ကသာထောင်က သေးသေးလေး ဖြစ်တဲ့အပြင် ထောင်သားတွေထဲမှာလည်း ကသာ မြို့သူ၊ မြို့သားတွေ ပါပါတယ်။ ဝန်ထမ်း တစ်ချို့ကလည်း ကသာ ဇာတိဖြစ်တော့ ထောင်မှူးလေး နန္ဒရဲ့ သတင်းဟာ ထူးခြားဖြစ်စဉ် သတင်းမျိုး ဖြစ်နေတော့ ထောင်ထဲက လူတွေ အကုန်နီးပါး သိနေကြပါတယ်။ သူတို့ ဇနီးမောင်နှံ ကသာကို ပြန်ရောက်လို့ ခြောက်လလောက် အကြာမှာ သူ့မိဘနှစ်ပါးက ကသာကို လာလည်မယ် ဆိုတဲ့ အကြောင်းစာ ရခဲ့ပါတယ်။ နောက်ထပ် စာတစ်စောင်မှာတော့ အဲဒီ မိဘနှစ်ပါး လာမယ့်ရက်ကို သတ်မှတ်ပြီးပြီ ဖြစ်ကြောင်း ဘယ်နေ့ ကသာ ရောက်နိုင်ကြောင်း စသဖြင့် ဖော်ပြထားပါတယ်။ စိတ်ဝင်စားသူများရဲ့ မှတ်ချက်အရတော့ "မောင်နန္ဒ ပျားတုတ်တော့မယ်" ပေါ့။

မောင်နန္ဒ မိဘနှစ်ပါး ကသာမြို့ကို ရောက်မလာခင် တစ်ရက်မှာ မောင်နန္ဒ ဇနီးသည်က ထောင်ပိုင်ကြီးကို လာတွေ့ပါတယ်။ သူ့ခင်ပွန်း ညက ဂျူတီလည်း မကျဘဲနဲ့ အိမ်ပြန်မလာဘူး ဆိုတဲ့ အကြောင်း၊ ထောင်ပိုင်ကြီးကလည်း မောင်နန္ဒနဲ့ မကင်းရာမကင်းကြောင်း ဖြစ်တဲ့ မြို့ထဲက မိသားစုတွေ အိမ်ကို သွားစုံစမ်းတော့လည်း မောင်နန္ဒ မလာပါဘူးတဲ့။ မိဘနှစ်ပါး ရောက်လာပါပြီ။ မောင်နန္ဒကို ဘယ်လိုမှ ရှာလို့မရပါ။ ဒါ့ကြောင့် ထောင်ပိုင်တွေနဲ့ ရဲစခန်းကို အကြောင်းကြားပြီး လူပျောက်တိုင်ရပါတယ်။ မောင်နန္ဒ ပျောက်နေတာ သုံးရက် ရှိပါပြီ။

ငါးရက်မြောက်နေ့ ထင်ပါတယ်။ ကသာနဲ့ မလှမ်းမကမ်းမှာ ရှိတဲ့ ရွာတစ်ရွာက နွားကျောင်းသား တစ်ဦး ကသာ ရဲစခန်းကို ရောက်လာပါတယ်။ သူ နွားကျောင်းရင်းနဲ့ သစ်ပင် တစ်ပင်မှာ ငှက်တွေ အုံထိုးနေတာ တွေ့ရတော့ သွားကြည့်တဲ့အခါမှာ လူတစ်ယောက် သစ်ကိုင်းမှာ ကြိုးချည်ပြီး ကြိုးဆွဲချ သေနေတဲ့

အလောင်း တစ်လောင်း၊ ပုတ်ပွနေပါပြီ။ အဲဒါ တွေ့လို့ လာသတင်းပို့တာပါ။ ရဲစခန်းက သွားကြည့်တော့ ဟုတ်ပါတယ်။ အလောင်းက တော်တော် ပုံပျက်နေပါပြီ။ ရဲစခန်းက သွားကြည့်တော့ ထောင်မှူးလေး မောင်နန္ဒပါ။ သစ်ပင်ကြီး တစ်ပင်က သစ်ကိုင်း တစ်ခုမှာ ကြိုးဆွဲချ သေနေတာပါ။ အလောင်းက ပုံပျက်နေပေမဲ့ အဝတ်အစားအရ သူဆိုတာ အတည်ပြုနိုင်ခဲ့ပါတယ်။

သူ့မိဘနှစ်ပါးနဲ့ ဇနီးသည်ကတော့ ရင်ကွဲပက်လက်ပါပဲ။ ဘာ့ကြောင့်ပါလိမ့်လို့လည်း အဖန်ဖန် အခါခါ မေးခွန်းတွေ ထုတ်နေကြမှာပါ။ မောင်နန္ဒရဲ့ သတင်းက ထောင်တွင်းမှာရော ထောင်ပြင်မှာပါ ကောက်ရိုးမီးလို ပျံ့နှံ့သွားပါတယ်။ ကြားရတဲ့ လူတိုင်းက စုတ်တသပ်သပ်နဲ့ပေါ့။ "ဟယ်... ငယ်ငယ်ရွယ်ရွယ်လေး၊ နမြောစရာ၊ ဘာညာပေါ့"။ ဒီသတင်းဟာ ကသာမြို့မှာ တစ်ပတ် နှစ်ပတ်နဲ့ ပျောက်ကွယ်မသွားပါဘူး။ လူစုစုဆိုတိုင်း ပြောနေကြတဲ့ သတင်းတစ်ခု ဖြစ်လာပါတယ်။ ရယ်စရာ ကောင်းတာက သူနဲ့ မကင်းရာမကင်းကြောင်း ဖြစ်တဲ့ ကောင်မလေးတွေရဲ့ အိမ်တွေမှာ ဆိုရင် ည မအိပ်ရဲကြလို့ အမျိုးတွေ အိမ်ကို ပြောင်းအိပ်ကြရပါသတဲ့။

ထောင်မှူးလေး မောင်နန္ဒရဲ့ အဖြစ်ဟာ ကျွန်တော့် အတွက်လည်း အများကြီး စဉ်းစား ဆင်ခြင်စရာ တစ်ခု ဖြစ်ခဲ့ပါတယ်။ သူက ဘွဲ့ရပြီးခါစ ထောင်ဝန်ထမ်း ဖြစ်လာတော့ အတွေးအခေါ်တွေ သိပ်မပျက်စီးသေးပါဘူး။ ကျွန်တော့်ကိုလည်း ချိုချိုသာသာ ခင်ခင်မင်မင် ဆက်ဆံလို့ သူနဲ့ လေပေးဖြောင့်ပါတယ်။ လေပေးဖြောင့်သော်လည်းပဲ သူ အရက်သောက်နေတာတွေ၊ မိန်းမရှုပ်နေတာတွေကို ဂယနက မသိခဲ့ရပါ။ ဘွဲ့ရခါစဆိုတော့ တက္ကသိုလ်မှာ သူ သင်ခဲ့ရတဲ့ ဘာသာရပ်တွေအကြောင်း အများကြီး ပြောဖြစ်ခဲ့ပါတယ်။

တကယ်တော့ အကျဉ်း ဦးစီးဌာနမှာ ဘွဲ့ရပြီးချင်း ထောင်မှူး ရဖို့ဆိုတာ တော်တော် မလွယ်တဲ့ ကိစ္စပါ။ အကြောင်းအပေါင်း အများကြီးသင့်မှ ဒီလို ရာထူးမျိုး ရတာပါ။ ဒါ့ကြောင့် သူဟာ အလွန် ကံကောင်းကြောင်း၊ ဒီလို ကံကောင်းခြင်းကို ထိန်းထိန်းသိမ်းသိမ်းနဲ့ နေထိုင်တတ်ဖို့လိုကြောင်း ပြောပြခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ စကားကို နားမဝင်တာကိုတော့ သူ့လုပ်ရပ်က သက်သေပြသွားခဲ့ပါတယ်။

သူဟာ ဘွဲ့ရတဲ့အထိတော့ သူ့ဘဝ လမ်းကြောင်းဟာ ကောင်းကောင်းမွန်မွန်ဖြောင့်ဖြောင့်ဖြူးဖြူးပါ။ ကျောင်းသားဘဝကနေ ဝန်ထမ်းပေါက်စ ဘဝရောက်တော့ မရခဲ့ဖူးတဲ့ အခွင့်အရေးတွေ၊ မခံစားခဲ့ရဖူးတဲ့ လာဘ်လာဘတွေကိုလည်းပဲ ရခဲ့တယ်။ ဒါ့ကြောင့် သူဟာ အောက်သက်မကျေသလို ဖြစ်ခဲ့တယ်။ အောက်ခြေ လွတ်ခဲ့တယ်။ အဲဒီလို လွယ်လွယ်နဲ့ ရခဲ့တဲ့ အခွင့်အရေးတွေဟာ သူ့ဘဝကို ပျက်စီးခြင်း လမ်းကြောင်းပေါ် တင်ပေးလိုက်တာပဲလို့ ယူဆပါတယ်။

## ပြည်ထဲရေး ဝန်ကြီးရဲ့ အပိုဆု

ကျွန်တော့်ကို ပထမနေ့ ထောင်က လွှတ်ပြီး၊ ဒုတိယနေ့ ထောင်ထဲ ပြန်ထည့်တဲ့ ကိစ္စဟာ ထောင်ပိုင်ရဲ့တာဝန်လို့ သူတို့က ယူဆပြီး ထောင်ပိုင်ကို သုံးလ ပြစ်ဒဏ်ပေးခဲ့တဲ့ အကြောင်း အပေါ်မှာ ဖော်ပြခဲ့ပြီးပါပြီ။ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော်လည်း အပြစ်မကင်းပါဘူးတဲ့။ တော်တော် ရယ်ရတဲ့ သူတို့ရဲ့ Logic ပါပဲ။ ဒါ့ကြောင့် ကျွန်တော့်ကို ပြည်ထဲရေး ဝန်ကြီးက ခံစားခွင့် ရှိတဲ့ လျှော့ရက် နှစ်လကို ခွင့်မပြုတော့ပဲ မူလ ပြစ်ဒဏ် ၁၄ နှစ်အပြင် နှစ်လ အပိုနေရဦးမယ် ဆိုတဲ့အကြောင်း ထောင်ပိုင်က ကျွန်တော့်ကို ပြောပါတယ်။ သူကလည်း ပြောသာ ပြောရတာပါ၊ မျက်နှာ မကောင်းပါဘူး။

စာရှုသူခင်ဗျား...၊ ထောင်ဆိုတာ အပြစ်မဲ့တဲ့ သူတစ်ယောက် တစ်နာရီ၊ တစ်မိနစ်တောင် မနေသင့်တဲ့ အရပ်ပါ။ လူ့ဘောင်အလွှာရဲ့ အောက်ဆုံးအဆင့်မှာ နေနေတဲ့ သတ္တဝါတွေပါ။ ဒါပေမဲ့ နိုင်ငံရေးစိတ် အခြေခံနဲ့



ကသာထောင်မှ လွတ်မြောက်ပြီး အိမ်မှာ နေစဉ် နာယကကြီး ဦးတင်ဦးလာရောက် နှုတ်ဆက်နေပုံ။

နာယကကြီး ဦးတင်ဦး၊ ဦးဝင်းတင်နဲ့ ကျွန်တော်။



ထောင်ကျခဲ့တဲ့ ကျွန်တော့်အဖို့တော့ နှစ်လ ဆိုတာ ဘာအရေးလဲပေါ့။ သံသရာဆိုတာ ဘာမှန်းမသိတဲ့ ပုဂ္ဂိုလ်တွေ အဖို့တော့ အပြစ်မဲ့တဲ့သူတွေကို ထောင်ချတာ၊ အမျိုးမျိုး ပညာပြတာတွေဟာ ဆန်းတော့ မဆန်းပါဘူး။ သူတို့အဖို့တော့ ထမင်းစားရေသောက်ပေါ့။ ကျွန်တော် ကျခဲ့တဲ့ ထောင်ဒဏ် ၁၄ နှစ်အပြင် အပို နှစ်လတော့ နေရဦးတော့မှာပေါ့။ အဲဒီ နှစ်လဟာ ပြည်ထဲရေး ဝန်ကြီးက ကျွန်တော့်အတွက် ဆုချတဲ့ အပိုဆောင်းလက်ဆောင်ပေါ့။

၂၀၁၂ ခုနှစ်၊ ကြားဖြတ် ရွေးကောက်ပွဲမှာ ကျွန်တော် လွှတ်တော် ကိုယ်စားလှယ် ဖြစ်လာခဲ့ပါတယ်။ ကျွန်တော်တို့ လွှတ်တော်တက်တော့ အဲဒီတုန်းက ပြည်ထဲရေး ဝန်ကြီးဟောင်းက ပြည်ခိုင်ဖြိုး ကိုယ်စားလှယ် ဖြစ်နေပါပြီ။ ကျွန်တော် လွှတ်တော် ရောက်တိုင်း သူနဲ့ တွေ့ဆုံပြီး စကားစမြည် ပြောမယ်လို့ ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမဲ့ မအောင်မြင်ပါ။ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်လိုက်တိုင်းမှာ သူက မျက်လုံးလွှဲသွားတတ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ လွှတ်တော်သာ ပြီးသွားရော သူနဲ့ စကားပြောဖို့ အခွင့်အရေး မရခဲ့ပါ။

ကျွန်တော် မန္တလေး ထောင်ကနေ ကသာ ထောင်ကို ပြောင်းတဲ့နေ့ဟာ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှာပါ။ ကသာ ထောင်က ပြန်လွှတ်တဲ့နေ့ကတော့ ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့ ဖြစ်ပါတယ်။ သုံးနှစ်တိတိပေါ့။ အလွန့်ကို တိုက်ဆိုင်လွန်းလှပါတယ်။ ကျွန်တော်နဲ့ ကသာရဲ့ ရေစက်ဟာ သုံးနှစ်တိတိဆိုတာ ဘယ်ကြမ္မာက ပြဋ္ဌာန်းပေးခဲ့တာပါလိမ့်။ အဲဒီလိုပဲ ကျွန်တော် စိတ်ထဲမှာ မေးမိပါတယ်။ အဖြေတော့ ယနေ့အထိ မသိသေးပါ။ ဘယ်တော့မှလည်း သိမယ်လို့ မထင်တော့ပါ။ တစ်ခုတော့ ပြောစရာ ရှိပါသေးတယ်။ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်နေ့က ပြန်လွှတ်မပေးတာဟာ ကသာမှာ နေတာ သုံးနှစ် မပြည့်သေးလို့လားပေါ့။

## အနှစ် ၂၀ နဲ့ နှစ်လ

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှာ ကျွန်တော့်ရဲ့ အကျဉ်းကျ ဝဋ်ကြွေး ကုန်ဆုံးခဲ့ပါပြီ။ တပ်မတော်ထဲမှာ နေစဉ်က ဗိုလ်အုန်းကျော်မြင့် ကိစ္စနဲ့ ပတ်သက်လို့ ခြောက်လနီးပါး (ငါးလနဲ့ ၁၅ ရက်)။ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့က စပြီး ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ အထိ ငါးနှစ်ခွဲနဲ့ ၁၅ ရက်။ အဲဒီ နှစ်ခု ပေါင်းတော့ ခြောက်နှစ်ပေါ့။

နောက်တစ်ကြိမ်မှာတော့ ၂၀၁၆ ခုနှစ်၊ မေလ ၁၅ ရက်က စရေတွက်ရပါမယ်။ မြင်းခြံထောင်ကို ပြောင်းတော့ ၁၉၉၇ ခုနှစ်၊ ဧပြီလ ၁ ရက် ဆိုတော့ အင်းစိန်ထောင်မှာ ၁၀ လနဲ့ ၁၅ ရက်၊ လမ်းမှာ ငါးရက် ပေါင်းတော့ ၁၀ လနဲ့ အရက် ၂၀ ပေါ့။ မြင်းခြံထောင်မှာ ၁၉၉၇ ခုနှစ်၊ ဧပြီလ ၅ ရက်ကနေ ၂၀၀၆ ခုနှစ် (တကယ်ပဲဗျာ နေ့ကိုတော့ မှတ်ကို မမှတ်မိတော့ဘူး။) ထိ ဆိုတော့ ကိုးနှစ် ကျော်ကျော်ပေါ့။ မိတ္ထီလာ ထောင်မှာကတော့ ငါးရက်၊ ကသာထောင်မှာကတော့ သုံးနှစ်တိတိ၊ အားလုံး ပေါင်းရင် ၁၄ နှစ်နဲ့ နှစ်လ။ တစ်သက်တာလုံး ပေါင်းတော့ နှစ် ၂၀ နဲ့ နှစ်လ ဖြစ်ပါတယ်။ ကျွန်တော့် အသက် ၈၀ အထိ ရှည်မယ် ဆိုရင် ထောင်ထဲမှာ ကျွန်တော် နေရတဲ့ ကာလဟာ ဘဝရဲ့ လေးပုံ တစ်ပုံလို့ ပြောရမှာပါ။ တကယ်တော့လည်း ဒီထောင်ကျတဲ့ ကာလကို ဒီစာရေးတော့မှသာ တွက်ကြည့်မိတာပါ။ အရင်တုန်းကတော့ ခေါင်းထဲမှာ မထည့်ဖြစ်ပါဘူး။

♥♥♥♥♥

## အခန်း (၁၁)
## ပုံမှန်ဘဝ ပြန်ရောက်ဖို့

### အိမ်အပြန်

ဒီတစ်ခါတော့ ကျွန်တော် တကယ် အိမ်ပြန်ရပါပြီ။ ဘယ်အာဏာပိုင်ကမှ ထောင်အကျ် ထပ်တိုးဖို့ မကြိုးစားတော့ပါဘူး။ အပြန်ခရီးကတော့ ရေကြောင်း ခရီးနဲ့ပါ။ သင်္ဘောက နှစ်ထပ် သင်္ဘောပါ။ သပ်ရပ်ပါတယ်။ တရုတ် နိုင်ငံလုပ် သင်္ဘောလို့ သိရပါတယ်။ တော်တော် သစ်ပါသေးတယ်။ ကျွန်တော်ကတော့ စီးပွားရေး လုပ်ခဲ့ဖူးသူပီပီ ဒီသင်္ဘောကို ဘယ်လို လူတွေက၊ ဘယ်လို အာဏာပိုင်တွေနဲ့ အဆင်ပြေပြီး သွင်းလာလို့ ဒီလို ပြေးနေသလဲပေါ့။ တွက်နေမိပါသေးတယ်။ ဘာပဲဖြစ်ဖြစ် ရေကြောင်းခရီးသွားတွေ အတွက်တော့ အဆင်ပြေတာပေါ့။

မန္တလေးရောက်တော့ အငယ်ဆုံး ဦးလေးဖြစ်တဲ့ ဦးသန်းမောင်နဲ့ ငယ်သူငယ်ချင်း မောင်ဘိုလေးတို့ လာရောက် ကြိုဆိုကြပါတယ်။ ကျွန်တော်နဲ့အတူ ကသာမြို့က NLD နာယက ဦးပြုံးလည်း ပါလာပါတယ်။ မန္တလေး သင်္ဘောဆိပ်မှာတော့ စစ်ထောက်လှမ်းရေးတို့၊ SB တို့ကတော့ အပြည့်ပါပဲ။

ကျွန်တော်က မန္တလေးကနေ ရန်ကုန်ကို လေယာဉ်ပျံနဲ့ ပြန်လာတာပါ။ ကျွန်တော့် အတွက် လေယာဉ်ပျံ စရိတ်ကိုတော့ မန္တလေးတိုင်း NLD ဒုတိယ ဥက္ကဋ္ဌ ဒေါ်ဝင်းမြမြက စီစဉ် ဆောင်ရွက်ပေးပါတယ်။ မင်္ဂလာဒုံ လေဆိပ်ရောက်တော့လည်း ထောက်လှမ်းရေး အဖွဲ့ပေါင်းစုံက ဓာတ်ပုံတွေ တဖျပ်ဖျပ် ရိုက်ပြီး ကြိုဆိုကြပါတယ်။ ဘာပဲဖြစ်ဖြစ် အိမ်ကိုတော့ ရောက်ပါပြီ။

### ဘုန်းကြီးကုလား

သင်္ဘောဆိပ် မရောက်မီ အချိန်ပိုနေလို့ ကသာမြို့က NLD အဖွဲ့ဝင်အချို့နဲ့လည်း တွေ့ဆုံ စကားပြောရပါသေးတယ်။ အခု လွှတ်တော် ကိုယ်စားလှယ် ဖြစ်နေတဲ့ "ဦးမြင့်ကြည်" နဲ့ အဖွဲ့သားတွေနဲ့ပါ။ အဲဒီပုဂ္ဂိုလ်တွေနဲ့ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေစဉ်မှာ ဘုန်းကြီးကုလားလည်း ရောက်လာပါတယ်။ ဘုန်းကြီးကုလား ဆိုတာက ကသာမြို့မှာ ဩဇာတိက္ကမ ရှိတဲ့ ဆရာတော် တစ်ပါးပါ။ ဘွဲ့တော့ မသိပါဘူး။ ဆရာတော်က အသားမည်းလို့ တစ်နည်းအားဖြင့် ကုလားနဲ့ တူလို့ ဘုန်းကြီးကုလားလို့ ခေါ်နေကြတာပါ။ သူကလည်း ကျွန်တော် လွတ်တယ် ကြားလို့ လာတွေ့တာပါ။

အဲဒီ ဆရာတော်ဟာ ကသာမြို့နဲ့ အနီးချုပ်စပ် မြို့လေးတွေမှာ ရှိတဲ့ သာရေး၊ နာရေး ကိစ္စ မှန်သမျှ

ပါဝင် ကူညီလေ့ရှိပါတယ်။ အဲဒီလို ကူညီတဲ့အတွက် တချို့သော ပုဂ္ဂိုလ်တွေက လေးစား ကြည်ညိုကြပြီး တချို့သော ပုဂ္ဂိုလ်တွေကတော့ ခပ်တန်းတန်း ဆက်ဆံကြပါတယ်။ ဆရာတော်က ကျွန်တော့်ကို အပြန်စရိတ် အဖြစ် ငွေကျပ် ၁၀၀၀၀ စွန့်ခဲ့ပါသေးတယ်။ နောက်ပိုင်းတော့ မတွေ့တော့ဘဲနဲ့ ၂၀၁၈ ခုနှစ် နှစ်ဦးပိုင်းလောက် မှာ မြစ်ကမ်းတစ်ဖက်ကို လှေနဲ့ ကူးသွားရင်း လှေမှောက်လို့ ပျံလွန်တော်မူသွားပြီလို့ ကြားလိုက်ရပါတယ်။

## မန္တလေး-မြစ်ကြီးနား ရထား

ဇနီးသည် ထောင်ဝင်စာလာတိုင်း မန္တလေး-မြစ်ကြီးနား ရထားကို စီးရပါတယ်။ ရန်ကုန်ကနေ မန္တလေးကို ရထားနဲ့လာ၊ မန္တလေးကနေ မြစ်ကြီးနား ရထား စီးပြီးတော့ နဘားဆိုတဲ့ ဘူတာ သေးသေးလေးမှာ ဆင်းရပါ တယ်။ ဆင်းရတဲ့ အချိန်လည်း ကြည့်ပါဦး ညသန်းခေါင်ကျော် မှောင်မှောင်မည်းမည်း။ မိုး၊ ဆိုး၊ နှိုက်တွေ ကြိုက်တဲ့ အချိန်ပေါ့။ တစ်ခါကများဆို ရထားတွဲပေါ် က အဆင်း ခါးပိုက်နှိုက်ခံရလို့ ငွေတစ်သိန်း ပါသွားတယ်လို့ ထောင်ဝင်စာမှာ ဇနီးသည်က ညည်းပြဖူးပါတယ်။

နဘားကနေ ကသာကို လိုင်းကားနဲ့ လာရပါတယ်။ ကသာ သွားမယ့်သူ များတဲ့အခါ နေရာရအောင် အပြေးအလွှား နေရာလုရပါသတဲ့။ လူကလည်း သေးသေး၊ ထောင်ဝင်စာထုပ်တွေ မနိုင်မနင်းနဲ့ ဇနီးသည်ပုံကို မြင်ပြီး ကရုဏာသက်မိပါတယ်။ ဒါပေမဲ့ ထောင်ဝင်စာလာတိုင်း အမြဲလိုလို လိုက်ပါ ပို့ဆောင် ကူညီနေတဲ့ ညီနံပါတ် ၈ ဒေါက်တာ မောင်နိုင်လင်း ပါလို့ တော်သေးတာပေါ့။ ကသာ ရောက်တော့ NLD နာယကကြီး ဦးပြူးရဲ့ အိမ်မှာ ညအိပ် နားရပါတယ်။ ညအိပ်တယ် ဆိုပေမဲ့ ကသာကို ရောက်တဲ့အချိန်က မနက် နှစ်နာရီ၊ သုံးနာရီလောက်မှာပါ။ ကျောခင်းချိန်လေး ရတယ်ဆိုရုံပေါ့။

မြစ်ကြီးနား ရထားစီးရာမှာ လက်မှတ်ကလည်း မလွယ်ပါဘူး။ တစ်ရပ်ကွက်တည်း နေခဲ့ဖူးတဲ့ ငယ် သူငယ်ချင်း မောင်ဘိုလေးက မန္တလေး မြေစာရင်းဌာနမှာ ရောက်နေပါတယ်။ ဇနီးသည် ထောင်ဝင်စာလာတိုင်း မောင်ဘိုလေးက မြစ်ကြီးနား လက်မှတ်နှစ်စောင် အမြဲ တာဝန်ယူ ဆောင်ရွက်ပေးပါတယ်။ မန္တလေး-မြစ်ကြီး နား ရထားကတော့ တော်တော်ကို တရားကျစရာပါ။ ဒါပေမဲ့ ကျွန်တော်က မြတ်စွာဘုရားရဲ့ ပထမဦးဆုံးသော "ဓမ္မစကြာ" ဒေသနာတော်ကြီး ဟောပြီးတော့ နတ်ဗြဟ္မာတွေက ပြိုင်တူ ကြွေးကြော်ကြပါတယ်။ အဲဒီ အရှိန် အဟုန်ကြောင့် စကြဝဠာ တစ်ခုလုံး တုန်လှုပ်သွားပါတယ် ဆိုတဲ့ ဖြစ်စဉ်ကို ပြန်လည် ဆင်ခြင်မိပါတယ်။

စကြာဝဠာ တုန်လှုပ်ပုံကို ဒေသနာထဲမှာ "သံကမ္ပိ၊ သံပကမ္ပိ၊ သံပဝေဓိ" လို့ ဖော်ပြထားပါတယ်။ အဓိပ္ပာယ်က စကြဝဠာ တစ်လုံးသည် "ရှေ့တိုး နောက်ဆုတ်ပုံနဲ့လည်း ခုန်တယ်၊ ပုခက်လွှဲသလိုပုံလည်း ဘယ်ညာ လွှဲတယ်၊ အထက်အောက်လည်း ခုန်တယ်" လို့ ပါရှိပါတယ်။ မြစ်ကြီးနား ရထားကလည်း အဲဒီပုံ ခုန်ပါတယ်။ ဒါ့ကြောင့် မြစ်ကြီးနား ရထားစီးရင်း ဓမ္မစကြာ ဒေသနာတော်ကြီးကို ဆင်ခြင်ပွားများရင်း သတိရ အောက်မေ့ဖွယ်ဖြစ်လို့ ဇနီးသည်ကို "ရထားလည်း စီးရင်း ကုသိုလ်လည်း ဖြစ်ရင်းပေါ့" လို့ ဖျောင်းဖျစကား ပြောခဲ့ရပါတယ်။

## ရေကန်အသင့် ကြာအသင့်

ကျွန်တော် ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့ အိမ်ကို ပြန်ရောက်ပါတယ်။ အိမ်ကိုရောက်တော့ ကျွန်တော့် အိမ်ဟာ ယခင်ကလို ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုးအိမ် မဟုတ်တော့ဘဲ သပ်ရပ် လှပသော တစ်ထပ်တိုက် ဖြစ်နေပါပြီ။ အိပ်ခန်း သုံးခန်း၊ ရေချိုးခန်း၊ မီးဖို၊ အိမ်သာ အပြည့်အစုံဖြင့် သပ်ရပ် လှပလွန်းပါတယ်။ အိပ်ခန်း

သုံးခန်းလုံးမှာ ရေချိုးခန်း တွဲဘက်ပါပြီး ရေချိုးခန်းမှာလည်း ကြွေပြားတွေ ခင်းထားပြီး ရေပူရေအေးစက်နဲ့ ဘိုထိုင် အိမ်သာများ ပါဝင်ပါတယ်။ ကျွန်တော် မှန်းထားတာထက်ပင် သားနားပါသေးတယ်။

ကျွန်တော် ကသာထောင်ကို ရောက်မှ ဩစလေးလျ နိုင်ငံရောက် သမီးကြီး မဝင်းစုကြည် (ခ) မဖွန် ပို့ပေးတဲ့ ပိုက်ဆံတွေနဲ့ ဆောက်နေတာပါ။ သူ ထောင်ဝင်စာ တစ်လတစ်ခါ လာတိုင်းလည်း အိမ်အဟောင်းကို ဖျက်ပြီး အိမ်အသစ် ဆောက်ပုံ အဆင့်ဆင့် ဓာတ်ပုံများနဲ့တကွ ကျွန်တော့်ကို ပြသလေ့ ရှိပါတယ်။ အဲဒီလို အိမ်ဆောက်ရာမှာ ကန်ထရိုက် အဖွဲ့ သုံးဖွဲ့နဲ့ အကောင်အထည် ဖော်ရကြောင်းကိုတော့ ထောင်က လွတ်မှ သိရပါတယ်။

## ဇနီးသည်က ငွေမကိုင်တတ်ဘူး

ဇနီးသည်က ၁၀ တန်း အောင်ခဲ့ပေမဲ့ လူမှုရေး၊ စီးပွားရေး ကိစ္စတွေမှာ ကျွန်တော့်ကိုပဲ တစ်သက်လုံး မှီခိုခဲ့ရတော့ ငွေကြေး အပြောက်အမြားကို ကိုင်တွယ်ပုံလည်း မကျွမ်းကျင်ပါ။ လူတွေနဲ့ ဆက်ဆံရေးမှလည်း အားနည်းပါတယ်။ ဒါ့ကြောင့် အိမ်ဆောက်ရာမှာ ကန်ထရိုက် သုံးဖွဲ့နဲ့ ပြောင်းပြောင်း လုပ်ရတော့ ငွေကြေး အလေအလွင့်ဟာ သိန်းဆယ်ဂဏန်းမက ရှိပါတယ်။ ဒါပေမဲ့လည်း ကိုယ်အလုမ်းမမှီတဲ့ ကိစ္စမို့လို့ "ရှိစေတော့" လို့ သဘောထားပြီး စိတ်ကို လျှော့ပေးလိုက်ပါတယ်။

ဧည့်ခန်းကလည်း ကျွန်းပါကေး ခင်းထားတဲ့အပြင် အခန်းတိုင်း လေအေးစက် တပ်ထားပါတယ်။ ဘုရားခန်းကိုလည်း ရှယ်ပြင်ဆင်ထားပါတယ်။ ဒါပေမဲ့ ကျွန်တော် အိမ်ပြန်ရောက်တဲ့ အချိန်ဟာ မိုးရာသီမို့ အိမ်အသစ်စက်စက်ကြီးက မိုးယိုပါတယ် ခင်ဗျာ။ မိုးယိုပုံက ဘုရားခန်း ရေအပြည့် အပြင် ဧည့်ခန်းထိပါ ပါတော့ ဒါတွေဟာ ကန်ထရိုက် သုံးဖွဲ့ ပြောင်းခဲ့ရခြင်းရဲ့ အကျိုးဆက်လို့ သဘောပိုက်ခဲ့ပါတယ်။

ဒါ့ကြောင့် အိမ်နီးနားချင်းက ကျွမ်းကျင်တဲ့သူတွေ ခေါ်ပြီး အကူအညီ တောင်းရပါတယ်။ သူတို့ ခေါင်မိုးပေါ် တက်ကြည့်မှ အမိုးအဖြစ် လုပ်ထားတဲ့ ပြည်ပက အုတ်ကြွပ်တွေကို ဝက်အူနဲ့ ချုပ်ရမှာကို ဝက်အူရစ် အပြည့် မလုပ်ဘဲ ထားခဲ့တဲ့အတွက်ကြောင့် အုတ်ကြွပ်ပြားတွေ ဟနေလို့ ရေတွေ ဒရဟောဝင်တာပါ။ အိမ်နီးချင်း မိတ်ဆွေတွေရဲ့ စေတနာကြောင့် ဝက်အူတွေ အပြည့်ရစ်ပေးပြီးတဲ့ အခါကျမှ မိုးယိုတဲ့ ပြဿနာ ပြီးဆုံးသွားခဲ့တာပါ။ ဇနီးသည်တုန်းကတော့ အဲဒီလို မိုးယိုရင် စိတ်ပျက်လက်ပျက်နဲ့ပဲ ထိုင်ကြည့်နေခဲ့ပါတယ်တဲ့။

နောက်ပြီးတော့ ကျန်သေးတယ်။ ဧည့်ခန်းကလည်း ပါကေး ခင်းထားပြီး ဆက်တီတွေ အပျံစား၊ ထမင်းစားခန်းမှာက ရေခဲသေတ္တာ နှစ်လုံး၊ လျှပ်စစ် မီးဖို၊ ဓာတ်ငွေ့ မီးဖို၊ Microwave အပူနွေးစက်နဲ့ အားလုံး နေသားတကျ။ ဒီလိုဆိုတော့လည်း ကျွန်တော့်ရဲ့ ဘဝပေး ကံဇာတာက နိမ့်မသွားသေးဘူးပေါ့လို့ ဆိုရမှာပါ။ တကယ်တော့ အနှစ် ၂၀ ကျော် ထောင်ကျခဲ့ဖူးတဲ့ လူတစ်ယောက်ရဲ့ဘဝဟာ မြောင်းထဲကို ရောက်နေရမှာပါ။ ဒါပေမဲ့ နေစရာ အိမ်၊ သွားစရာ ကားတွေ ရှိနေတဲ့ အခြေအနေဟာ ကျွန်တော့်ရဲ့ ဘဝ ဘဝက ဒါန ကုသိုလ်များရဲ့ အကျိုး ကျေးဇူးကြောင့်လို့ပဲ သဘောပေါက်မိပါတယ်။

## နွားလေး နို့ကို နွားကြီး စို့ခြင်း

နေစရာ အိမ်၊ သွားစရာ ကား ရှိတာတော့ ဟုတ်ပါပြီ။ သုံးစရာ ငွေရေးကြေးရေးကျတော့ရောလို့ မေးစရာ ရှိပါတယ်။ တကယ်တော့ ရန်ကုန်မှာ နေရင် ကားရှိရင်တော့ အဆင်ပြေတာပေါ့။ ကား မရှိရင်တော့လည်း

တက္ကစီ ငှားသွားရင်လည်း အဆင်ပြေပါတယ်။ ပြင်ဆင်ရ၊ ထိန်းသိမ်းရတဲ့ တာဝန်တွေတောင် ကင်းသေး။ သုံးစရာ ငွေကြေးကျတော့လည်း ပြည်ပရောက်နေတဲ့ သားနဲ့ သမီးတို့က ထောက်ပံ့နေလို့ ချောင်ချောင်လည် လည် ရှိပါတယ်။

ဒါကြောင့် မိတ်ဆွေ အပေါင်းအသင်းများကို ကျွန်တော်တို့ နေထိုင်ပုံ နေထိုင်နည်းဟာ ဘုရားဟော ဒေသနာတော်မှာ ပါတဲ့ "နွားလေးနို့ကို နွားကြီး စို့သလိုပါပဲ" လို့ ပြောလေ့ ရှိပါတယ်။ ဆက်ပြီး ရှင်းပြတာက "ဒါဟာ ကျွန်တော့်ရဲ့ စကားမဟုတ်ပါဘူး၊ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ကောသလ အိပ်မက် ၁၆ ချက် ဒေသနာမှာ ပါတဲ့အတိုင်း ပြောရတာပါ" ဆိုပြီး ပြောခဲ့ပါတယ်။ အဲဒီ တရားတော်မှာ ပါတဲ့ တခြား အကြောင်းအရာတွေလည်း စိတ်ဝင်စားစရာ ကောင်းပါတယ်။

အဲဒီ တရားတော်က မြတ်စွာဘုရား သာဝတ္ထိပြည်ကို ရောက်ရှိ သီတင်းသုံးနေစဉ်မှာ ပသေနဒီ ကောသလ မင်းကြီး မက်ခဲ့တဲ့ အိပ်မက်တွေကို အကြောင်းပြုပြီး ဟောကြားခဲ့တဲ့ တရားတော်ပါ။ ပသေနဒီ ကောသလ မင်းကြီးဟာ ထူးခြားတဲ့ ပုဂ္ဂိုလ်ဖြစ်သလို သူ မက်တဲ့ အိပ်မက်တွေကလည်း ထူးခြားပါတယ်။ စုစုပေါင်း ၁၆ ချက် ရှိပါတယ်။ အဲဒီ အိပ်မက်တွေကြောင့် ကောသလမင်းကြီး မအိပ်နိုင် မစားနိုင် အတွေးနယ်ချဲ့ နေတာကို သူ့ရဲ့ မိဖုရားခေါင်ကြီး မလ္လိကာရဲ့ တိုက်တွန်းမှုအရ မြတ်စွာဘုရားကို သွားရောက် မေးမြန်း လျှောက်ထားရာက ဖြစ်ပေါ်လာတဲ့ တရားတော်ပါ။ (ပသေနဒီ ကောသလ မင်းကြီးနဲ့ မိဖုရား မလ္လိကာဒေဝီတို့ရဲ့ ဇာတ်ကြောင်းဟာ ရှည်လျား များပြားပါတယ်။ အကျယ် မဖော်ပြတော့ပါ။)

စိတ်ဝင်စားစရာ ကောင်းတဲ့ အချက်တချို့ကိုတော့ ရွေးချယ်တင်ပြပါမယ်။ ဥပမာ- မြင်းတစ်ကောင်မှာ ခေါင်းနှစ်လုံး ပါပါသတဲ့။ ခေါင်းတစ်လုံးက လယ်ကွင်းတစ်ခုက မြက်ကို စားပြီး တခြား ခေါင်းတစ်လုံးက ဘေးနားက ကပ်လျက် လယ်ကွင်းထဲက မြက်ကို စားနေပါသတဲ့။ မြတ်စွာဘုရားရဲ့ အဓိပ္ပာယ် ဖော်ပြချက်က တော့ "နောင်မှာ လူမှုရေးနဲ့ စီးပွားရေး စနစ်တွေ ပြောင်းလာတဲ့ အတွက် တရားသူကြီးတွေဟာ တရားခံက ပေးတဲ့ လာဘ်ကိုလည်း ယူ၊ တရားလို ပေးတဲ့ လာဘ်ကိုလည်း ယူတဲ့ခေတ် ရောက်လာလိမ့်မယ်" လို့ ဆိုပါ တယ်။ "နွားလေးနို့ကို နွားကြီး စို့" တဲ့ အဓိပ္ပာယ်ကျတော့ အလားတူပဲ နောင်မှာ လူမှုရေးနဲ့ စီးပွားရေး စနစ်တွေ ပြောင်းလာတော့ သားသမီးတွေရဲ့ ထောက်ပံ့မှုကို မိဘ၊ ဘိုးဘွားတွေက မှီခို နေရတယ် ဆိုတဲ့သဘောပါ။ နောက်တစ်ခုကတော့ ရေတွင်း ရေကန် ရှိတဲ့အရပ်တွေမှာ မိုးရွာပြီးတော့၊ ကန္တာရ လွင်ပြင်တွေမှာ မိုးမရွာတဲ့ ကိစ္စပါ။ မြတ်စွာဘုရားက နောင်တစ်ချိန်မှာ ချမ်းသာတဲ့ လူတွေက ပိုပိုချမ်းသာပြီး ဆင်းရဲတဲ့လူတွေက ပိုပိုပြီး ဆင်းရဲမယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။ အခုခေတ်မှာ အဲဒီလို ဖြစ်ရပ်တွေ ဖြစ်နေပါပြီ။ ကျန်တဲ့ အချက်တွေကိုတော့ မိမိတို့ဘာသာ ဆက်လေ့လာကြပါလို့။

## ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာ၌ ဒုလ္လဘဝတ်ခြင်း

ကျွန်တော်ဟာ ထောင်က လွတ်ပြီး ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများမှာ ကျန်းမာရေး ဆေးစစ်ခြင်းနဲ့ "ကွက်လပ်များ ဖြည့်ခြင်း Fill in the blanks" လုပ်နေခဲ့ပါတယ်။ ဆေးစစ်တာကိုတော့ ညီတော်မောင် မောင် နိုင်လင်းက တာဝန်ယူပါတယ်။ "ကွက်လပ်များ ဖြည့်ခြင်း" ဆိုတာက ကျွန်တော် ထောင်ထဲ ရောက်နေတဲ့ ကာလတစ်လျှောက် ပြည်တွင်း ပြည်ပမှာ ဖြစ်ပေါ်ခဲ့တဲ့ အကြောင်းအရာတွေကို ပြန်လည် လေ့လာနေခြင်းကို ဆိုလိုပါတယ်။ ဘယ်သူကတော့ ရှိသေးတယ်၊ ဘယ်သူတွေကတော့ ဆုံးပါးသွားကြပြီ၊ ဘယ်သူ့ သားနဲ့ ဘယ်သူ့ သမီးတို့ကတော့ မင်္ဂလာဆောင်ပြီးကြပြီ စသဖြင့်ပေါ့။

ကျွန်တော် ထောင်ထဲနေခဲ့တဲ့ ၁၄ နှစ်ကျော် ကာလအတွင်းမှာ ပြည်ပရေးရာတွေမှာလည်း ပြောင်းလဲမှုအများကြီး ဖြစ်ခဲ့ပါတယ်။ တရုတ်ပြည်မှာဆိုရင် ခေါင်းဆောင် ကျန်ဇီမင်းက ဟောင်ကောင်ကို အာဏာလွှဲခဲ့လို့ တရုတ်ပြည်မှာ သမ္မတ ဟောင်ကောင် အုပ်ချုပ်နေတဲ့ပုံ။ အိန္ဒိယမှာလည်း လွတ်လပ်ရေး ရစဉ်ကတည်းက တောက်လျှောက် အာဏာရခဲ့တဲ့ ကွန်ဂရက် ပါတီဟာ ရွေးကောက်ပွဲမှာ အရေးရှုံးနိမ့်ပြီး ဟိန္ဒူဘာသာရေးကို ဦးစားပေးတဲ့ BJP ပါတီ အာဏာရပုံတွေ၊ ဥရောပနဲ့ ဂျပန်၊ ဩစတေးလျတွေမှာလည်း ခေါင်းဆောင်ပြောင်းလဲခဲ့ပုံတွေ၊ အမေရိကန်မှာတော့ သမ္မတ အဆင့်ဆင့် ပြောင်းလဲပုံတွေ၊ ပြဿနာတွေကိုလည်း ဖတ်ရှုလေ့လာရပါတယ်။

အဲဒီကိစ္စတွေ အသားကျပြီးသွားတဲ့အခါ ဒုလ္လဘ ဝတ်ချင်တဲ့ အာသီသ ပြင်းပြလာပါတယ်။ ကျွန်တော်တပ်က ထွက်ပြီးတဲ့နောက် သာစည်မြို့က ငါးဆူကျောင်းမှာ ပထမဦးဆုံး ဒုလ္လဘ ဝတ်ခဲ့ပါတယ်။ ဝိပဿနာဘာဝနာကို ကျင့်ရပါတယ်။ နောက်ပိုင်းတော့ လူဝတ်နဲ့ သော်လည်းကောင်း၊ သင်္ကန်းဝတ်နဲ့ သော်လည်းကောင်း အကြိမ်ကြိမ် ဝိပဿနာ တရားစခန်းများကို ဝင်ခဲ့ဖူးပါတယ်။ သာစည်မြို့ ငါးဆူကျောင်း၊ ဖယာန်းမြို့နယ်က မဟာစည် သာသနာ့ ရိပ်သာ၊ နောက်ပိုင်းတော့ ရန်ကုန်မြို့ ချမ်းမြေ့ ရိပ်သာမှာ တရားစခန်းတွေဝင်ခဲ့ပါတယ်။

ချမ်းမြေ့ ရိပ်သာ ဆရာတော်ဘုရားကြီး ဟောကြားသော တရားဒေသနာတော်တွေကို ကြိုက်တာရယ်၊ မဟာစည် ဆရာတော်ဘုရားကြီးရဲ့ မူအတိုင်း ဝိပဿနာ ဘာဝနာကို အားထုတ် ပွားများခဲ့ရာမှာ မိမိစရိုက်နဲ့ ကိုက်ညီတဲ့အတွက် နောက်ပိုင်း တရားစခန်းဝင်ရင် ကမ္ဘာအေးဘုရားလမ်းပေါ်က ချမ်းမြေ့ရိပ်သာမှာပဲ တရားစခန်း ဝင်လေ့ရှိပါတယ်။ ချမ်းမြေ့ ရိပ်သာက ဆရာတော်ကြီးနဲ့တကွ သံဃာတော်များဟာ ဝိနည်းတော်ကို ရိုသေ လေးစား လိုက်နာကြပါတယ်။ အဲဒီအပြင် တရားဘာဝနာ ကျင့်ကြံတဲ့ ယောဂီတွေကို တရားစစ်ရာမှာ သော်လည်းကောင်း၊ အုပ်ချုပ်ရေး ကိစ္စများနဲ့ ပတ်သက်လို့ ဆုံးဖြတ်ရာမှာ သော်လည်းကောင်း ကျွမ်းကျင်ကြတဲ့ ပုဂ္ဂိုလ်များ ဖြစ်တယ်ဆိုတာ သိခဲ့ရပါတယ်။

ကျွန်တော် ဒုလ္လဘဝတ်တဲ့ အောက်တိုဘာလဟာ ကျောင်းမှာ ယောဂီ မများတဲ့ ကာလပါ။ ဒါတောင် ယောဂီရယ်လို့ သံဃာ လေး-ငါးပါး၊ လူယောဂီ လေး-ငါးယောက်လောက်နဲ့ အမျိုးသမီး ယောဂီ ၂၀ လောက်ရှိပါတယ်။ ဘယ်အချိန်မှာပဲ ကြည့်ကြည့်၊ ဘယ်တရားစခန်းမှာပဲ ကြည့်ကြည့် အမျိုးသမီး ယောဂီတွေရဲ့ အရေအတွက်ဟာ အမျိုးသား ယောဂီတွေထက် နှစ်ဆ သို့မဟုတ် သုံးဆလောက် များနေတာ တွေ့ရတတ်ပါတယ်။ အဲဒီလိုတွေ့ရပါများတော့ ကျွန်တော်က "ဒါကြောင့်မို့လို့ နတ်ပြည်မှာ နတ်သမီးတွေ များနေတာကိုး" လို့ ကောက်ချက်ချမိပါတယ်။

ကျွန်တော် ချမ်းမြေ့ ရိပ်သာမှာ ဒုလ္လဘဝတ်တဲ့ အချိန်မှာတော့ ဆရာတော် ဘုရားကြီး ပြည်ပ ခရီးထွက်နေချိန် ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒုတိယ ကျောင်းထိုင် ဆရာတော် ဦးဇဝနနဲ့ ခင်မင် ရင်းစွဲရှိတဲ့ ဦးသောဘိတတို့နဲ့ပဲ ကြုံကြိုက်ရပါတယ်။ အဲဒီအချိန်မှာ မော်ဘီဘက်မှာလည်း ကြီးမား ကျယ်ပြန့်တဲ့ ချမ်းမြေ့ရိပ်သာ စခန်းခွဲ တစ်ခု ရှိနေပြီးပါပြီ။ အလားတူပဲ တောင်ကြီးမြို့၊ ကလေးမြို့၊ ပြင်ဦးလွင်မြို့များနဲ့ အခြား မြို့အချို့မှာလည်း ချမ်းမြေ့ ရိပ်သာခွဲများ ဖွင့်လှစ်ပြီး တရားစခန်းများ ဖွင့်လှစ်ခဲ့ပြီး ဖြစ်ကြောင်း သိရပါတယ်။

ဝိပဿနာတရားများကို တစ်လကြာမျှ လေ့ကျင့်ခွင့်ရခဲ့လို့ အားရစရာတော့ ဖြစ်ခဲ့ပါတယ်။ ဒုလ္လဘဝတ်တဲ့ ကာလတစ်လျှောက်လုံး ရှစ်ပါးသီလကို ကောင်းစွာ ထိန်းသိမ်းနိုင်ခဲ့တဲ့အတွက် လွန်စွာ အားရ ပီတိဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ တမဂ်၊ တဖိုလ်အထိ ရောက်အောင် မကျင့်ကြံနိုင်သေးတဲ့ အတွက် ကိုယ့်ကိုယ်ကိုယ်

အားမလို အားမရ ဖြစ်မိပါတယ်။ အဓိက အခက်ခဲကတော့ ရိပ်သာမှာ တွေ့တဲ့ ယောဂီတချို့က ကျွန်တော်နဲ့ စကားပြောချင်ကြတဲ့ ပြဿနာပါ။ တရားကျင့်ရာမှာ အကြီးဆုံးသော အပြစ်က "စကားပြောခြင်း" ပါပဲ။ လေး-ငါးရက်လောက် ကြိုးစား တည်ဆောက်ထားတဲ့ သမာဓိအဟုန်ဟာ လေး-ငါးမိနစ်လောက် စကားပြောလိုက်တာနဲ့ သမာဓိ ပျက်ခဲ့ရပေါင်း များလှပါပြီ။

## ကျန်းမာရေး ချို့တဲ့လာမှုရဲ့ ရှေ့ပြေး

ချမ်းမြေ့ ရိပ်သာမှာ ဒုလ္လဘဝတ်တုန်းက အပတ်စဉ် ဥပုသ်နေ့တိုင်း ဆွမ်းခံ ထွက်ရပါတယ်။ ကျွန်တော် အင်မတန် ကြိုက်ပါတယ်။ ဆွမ်းခံထွက်တဲ့အခါ ထုံးစံအတိုင်း ဝါ ကြီးစဉ်ငယ်လိုက်အတိုင်း ထွက်ရတော့ ဝါအကြီးဆုံး ဆရာတော်က ရှေ့ဆုံးကပေ့ါ။ ကျွန်တော်က ဝါအငယ်ဆုံးဆိုတော့ နောက်ဆုံးကပါ။ ဆွမ်းခံ ထွက်တဲ့ သံဃာတော် စုစုပေါင်းက ၁၅ ပါးလောက်ပဲ ရှိပါတယ်။ ရိပ်သာထဲက တန်းစီ ထွက်လို့ ကိုက် ၁၀၀ လောက် ခရီးရောက်တဲ့အခါ ကျွန်တော်ဟာ အလိုလို နောက်ကျ ကျန်ရစ်ခဲ့ပါတယ်။ သံဃာတန်းကို မီအောင် အပြေးအလွှား လိုက်ရပါတယ်။ တစ်ခါတလေ မမီပါ။ မီလာတဲ့အခါကျတော့ ကျွန်တော်ဟာ "ဟောဟဲ.. ဟောဟဲ" နဲ့ အမောဖောက်နေပါပြီ။

ဆွမ်းခံထွက်တဲ့အခါ ဒီတစ်ပတ် တောင်ဥက္ကလာ ပါရမီရပ်ကွက် ဆိုရင်၊ နောက်တစ်ပတ် ပါရမီ လမ်းမရဲ့အရှေ့ဘက် ရပ်ကွက်ဘက်ကို ထွက်လေ့ရှိပါတယ်။ အဲဒီ ရပ်ကွက်မှာတော့ အများအပြော အရ ရုပ်ရှင် မင်းသမီး နန္ဒာလှိုင် တစ်ခါတလေ ထွက်ပြီး ဆွမ်းလောင်းတယ်လို့ ပြောကြပါတယ်။ ကျွန်တော်နဲ့တော့ တစ်ခါမှ မဆုံဖြစ်ခဲ့ပါ။ နောက်ပြီး သမ္မတဟောင်း ဦးစိန်လွင် မိသားစုလည်း ဆွမ်းလောင်းလေ့ ရှိတယ်လို့ သိရပါတယ်။

ဆွမ်းခံတဲ့အခါတိုင်း ရှေ့က သံဃာများနဲ့ အဆက်ပြတ်ပြီး နောက်မှာ ကျန်ရစ်တဲ့ ဖြစ်ရပ်ဟာ အမြဲတမ်းလိုလို ဖြစ်ခဲ့တယ်။ ရှေ့က သံဃာတွေကို မီအောင် အပြေးအလွှားသွားလို့ မီလည်းမီရော အမောဖောက်တာ စတင် သတိပြုမိခဲ့ပါတယ်။ အသက်က ၆၉ နှစ် ရှိပါပြီ။ တစ်သက်လုံး တာဝန် ကျေခဲ့တဲ့ နှလုံးဟာ စတင် ဆန္ဒပြလာပြီပေ့ါ။ ကျန်းမာရေး ချို့တဲ့လာမှုရဲ့ ရှေ့ပြေး လက္ခဏာပါပဲ။

## အိမ်တွင်းရေး ပြဿနာ

ထောင်က လွတ်လို့မှ ခြောက်လ မပြည့်သေးဘူး ဖနီးသည်နဲ့ ကျွန်တော်တို့ဟာ သူ့အမျိုးတွေ နေနေတဲ့ လမ်းသစ်က အိမ်ကို အကြောင်းပြုပြီး စိတ်သဘောထား ကွဲလွဲမှုစတင်ခဲ့ပါတယ်။ ကြီးမားတဲ့ သဘောကွဲလွဲမှုပါ။ ဒီအကြောင်းတွေကိုတော့ အထက်မှာ အသေးစိတ် ဖော်ပြခဲ့ပြီး ဖြစ်လို့ ထပ်မရေးတော့ပါဘူး။ ဒီလိုဖြစ်ရတဲ့ အဓိက အကြောင်းရင်းက အဲဒီအိမ်နဲ့ ပတ်သက်ပြီး ဇနီးသည်နဲ့ သူ့အမေတို့က လောဘရဲ့ ပြဋ္ဌာန်းချက် နောက်ကို လိုက်ခဲ့တဲ့အတွက်ကြောင့်ပါ။

နောက်တစ်ချက်ကတော့ ဇနီးသည်ရဲ့ အဖေ မရှိတော့တဲ့အတွက်ပါ။ သူ့အဖေဟာ ကျွန်တော့်ကို သူ့ သားသမီးများ အားလုံးထက် ပိုချစ်ပါတယ်။ ပိုလည်း အားကိုးပါတယ်။ ကျွန်တော်ဟာ လူကောင်း တစ်ယောက် ဖြစ်တယ်ဆိုတာ အသိအမှတ်ပြုခဲ့ပါတယ်။ တကယ်လို့သာ သူ့အဖေ သက်ရှိထင်ရှား ရှိခဲ့ရင် သူတို့ ကျွန်တော့် ကို အဲဒီလို မဆက်ဆံရဲပါဘူး။ အခုဟာက အဘိုးကြီး မရှိတော့တဲ့ အတွက် ဖြစ်လာခဲ့တာပါ။ အဘိုးကြီး ရှိရင် သူတို့ နားရွက်တောင် မခတ်ရဲကြတဲ့သူတွေပါ။

၂၀၁၁ ခုနှစ်က စပြီး ယနေ့အထိ ကျွန်တော့် ဇနီးသည်ဟာ ကျွန်တော့်ကို တစ်ခါတလေကျတော့ ရန်သူလို၊ တစ်ခါတလေကျတော့ သူစိမ်းလို ဆက်ဆံခဲ့တာ ယနေ့အထိပါ။ ဇနီးမောင်နှံ ဘဝဟာ Life Partner ဆိုတဲ့ အဓိပ္ပာယ် မရှိတော့ပါဘူး။ ဆေးပေးမီးယူ ဆိုတာတော့ ဝေလာဝေး။ ဆိုးတိုင်ပင် ကောင်းတိုင်ပင် အဆင့်တောင် မရှိတော့သလောက်ပါ။ အဲဒီလို မိသားစုဘဝ အဆင်မပြေတာကို ပြေလည်အောင် နည်းမျိုးစုံနဲ့ ကြိုးပမ်းခဲ့ပေမဲ့ မအောင်မြင်ပါဘူး။ ဒါ့ကြောင့် စကားနည်း ရန်စဲ ဖြစ်ရလေအောင် ကျွန်တော်ဟာ တတ်နိုင်သမျှ နေပြည်တော်မှာပဲ စတည်းချနေရပါတော့တယ်။

ကျွန်တော်ဟာ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဖြစ်တဲ့အချိန်က စပြီး ယနေ့ ၂၀၁၈ ခုနှစ်အထိ ခုနစ်နှစ် နေပြည်တော်မှာ နေခဲ့ပါပြီ။ ဒီခုနစ်နှစ် ကာလပတ်လုံး ဆေးရုံလည်း လေး-ငါးခါလောက် တက်ပြီးပါပြီ။ ဒါပေမဲ့ ကျွန်တော့် အခန်းကို တစ်ညမှ လာပြီး မအိပ်ခဲ့ဘူးပါ။ ဒီလိုပြောလို့ လင်မယား sex ကိစ္စကြောင့် ပြောတယ်လို့ မထင်ပါနဲ့။ ကျွန်တော်တို့ အသက် ၇၀ တန်း ဆိုတာ sex ကိစ္စဟာ အဓိကမကျတော့ပါဘူး။

ဒါပေမဲ့ သူကတော့ နေပြည်တော်ကို နှစ်လ တစ်ခါ၊ တစ်လ တစ်ခါ ဆိုသလို လာလေ့ရှိပါတယ်။ လာတိုင်းလည်း ဒေါ်အောင်ဆန်းစုကြည် အိမ်မှာ ညအိပ်ပါတယ်။ တစ်ခါ လာရင်လည်း သုံး-လေးရက်ပါ။ ဘယ်သူက တိုက်တွန်းလို့လဲတော့ ကျွန်တော် မသိပါ။ ကျွန်တော့် အခန်းကို လာလည်ဖူးပါတယ်။ တစ်ခါ လာရင်တော့ တစ်နာရီလောက် ကြာတတ်ပါတယ်။ သူ လာရင်တော့ ကျွန်တော်ရဲ့ စကားနည်း ရန်စဲ မူအရ စကား ရှည်ရှည်ဝေးဝေးလည်း မပြောပါဘူး။ မေးခွန်းတွေလည်း မမေးပါဘူး။ သူ ပြောချင်ရာတွေ ပြောသွားပြီး တစ်နာရီလောက် ရောက်ရင် ပြန်တော့တာပါပဲ။ အဲဒီတော့ ကျွန်တော်လည်း ဘာများတတ်နိုင်ဦးတော့မှာလည်း။ အိုင်ရင်းဇင်မာမြင့်ရဲ့ သီချင်းထဲကလို "နင် စိတ်ချမ်းမြေ့တယ် ဆိုရင် ပြီးတာပဲ" ပေါ့။

## ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်က လွတ်မြောက်ပြီ

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ (ထင်ပါတယ်) မှာ အထွေထွေ ရွေးကောက်ပွဲကြီး လုပ်ပါတယ်။ ပြည်ခိုင်ဖြိုး အဖွဲ့က အပြတ်အသတ် အနိုင်ရသွားပါတယ်။ အဲဒီ ရွေးကောက်ပွဲဟာ ၂၀၀၈ ခုနှစ်၊ မေလမှာ အတည်ပြုခဲ့တဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ကျင်းပခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆိုတာဟာ အချို့က ခေါ်သလို "နာဂစ် အခြေခံ ဥပဒေ" ဖြစ်လို့မို့ ကျွန်တော်တို့ NLD က လုံးဝ အသိအမှတ် မပြုတဲ့ ဥပဒေပါ။

"နာဂစ် ဥပဒေ" ဆိုတာဟာ အဲဒီ ဥပဒေကို ဒရေဘသောပါး အတည်ပြုချက် ရယူမယ့် Referendum မကျင်းပမီ တစ်ပတ်အလိုက ဧရာဝတီတိုင်း အောက်ပိုင်း တစ်ခုလုံးနီးပါး စုတ်ပြတ်သတ်သွားစေတဲ့ "နာဂစ်" မုန်တိုင်း ပေါ်ခဲ့လို့ပါ။ ရန်ကုန်မြို့ထဲက တချို့ မြို့နယ်တွေ မုန်တိုင်းဒဏ် ခံခဲ့ကြရပါတယ်။ ဒေးဒရဲ မြို့နယ်က အဆိုးဆုံးပါ။ စုစုပေါင်း လူဦးရေ ၁၃၀,၀၀၀ ကျော် သေကြေ ပျက်စီးခဲ့တာပါ။ ၂၀၀၈ ခုနှစ်၊ မေလမှာ ဖွဲ့စည်းပုံကို အတည်ပြုခဲ့ပေမဲ့ ရွေးကောက်ပွဲကိုတော့ နောက် နှစ်နှစ်ခွဲကျော်မှ ကျင်းပပေးခဲ့တာပါ။ (ဗေဒင်ဆရာတွေ အကြံပေးတဲ့အတိုင်းနဲ့ တူပါတယ်။) ဒီတစ်ခါတော့ ရွေးကောက်ပွဲ နိုင်တဲ့ ပါတီကို အာဏာ လွှဲပေးခဲ့ပါတယ်။ လွှဲပေးမှာပေါ့။ ရွေးကောက်ပွဲ နိုင်တဲ့ ပါတီရဲ့ ခေါင်းဆောင်တွေက ဗိုလ်ချုပ်ကြီးဟောင်းတွေကိုး။

## ဝိဝါဒ ကွဲကြခြင်း

NLD အနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို အသိအမှတ် မပြုကြောင်း ကြေညာခဲ့ပြီးပါပြီ။ ဒါ့ကြောင့်မို့လို့ ၂၀၁၀ နိုဝင်ဘာမှာ ကျင်းပမယ့် ရွေးကောက်ပွဲကိုလည်း ဝင်မပြိုင်တော့ဘူးလို့ ကြေညာခဲ့ပြီးပါပြီ။ သူတို့ရဲ့ ဥပဒေ အရ ရွေးကောက်ပွဲ မဝင်ရင် အဲဒီပါတီကို ဖျက်သိမ်းမယ်လို့လည်း ကြေညာထားပြီးသားပါ။ ဒါ့ကြောင့်မို့ NLD ထိပ်ပိုင်း ပုဂ္ဂိုလ်တချို့က "NLD ရွေးကောက်ပွဲ မဝင်ရင် ဖျက်သိမ်းခံရမယ့် အန္တရာယ် ရှိတယ်၊ ဒါ့ကြောင့်မို့ အဲဒီလို အဖျက်ခံရရင် အရန်ပါတီ ရှိဖို့ လိုအပ်တယ်" လို့ ယူဆကြပါတယ်။

အဲဒီ အယူအဆကို အခြေခံပြီးတော့ NLD ဒုက္ခရောက်ရင် ကယ်တင်နိုင်ဖို့ဆိုပြီး NDF ဆိုတဲ့ ပါတီ တစ်ခုကို ထောင်လိုက်ကြပါတယ်။ သူတို့ရဲ့ စည်းရုံးမှုအရ ရန်ကုန်မှာရော၊ နယ်က မြို့ကြီးတချို့မှာရော NDF ထဲကို ပဲ့ပါသွားတဲ့ သူတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ အင်အား သိပ်များပါဘူး။ သူတို့ အဲဒီလို ခွဲထွက်ပြီး ပါတီ ထောင်တာကို စစ်အစိုးရက သဘောကျပါတယ်။ အဲဒီလိုပဲ ပြည်ခိုင်ဖြိုးကလည်း သဘောကျပါတယ်။ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာ ရွေးကောက်ပွဲမှာ သူတို့ ပါတီက ၁၀ ယောက်လောက် အနိုင်ရပါတယ်။ ဒါပေမဲ့ ၂၀၁၂ ခုနှစ်၊ ကြားဖြတ် ရွေးကောက်ပွဲမှာ ကျွန်တော်တို့ အနိုင်ရတော့ လွှတ်တော်ထဲ ရောက်နေတဲ့ NDF လွှတ်တော် အမတ် တချို့ဟာ NLD ကို ပြန်လာကြပါတယ်။

## လွှတ်တော့မယ်တဲ့.... လွှတ်တော့မယ်

ကျွန်တော် ချမ်းမြေ့ ရိပ်သာမှာ အောက်တိုဘာ တစ်လလုံး ဝတ်ပြီးတော့ လူထွက်လာတဲ့အခါ ရွေးကောက်ပွဲ အချိန်နဲ့ သွားတိုက်နေပါတယ်။ သို့သော် အဲဒီ ရွေးကောက်ပွဲနေ့မှာ ကျွန်တော် မဲရုံကို မသွားပါ။ သဘောက ကျွန်တော် ဘယ်သူ့ကိုမှ မဲမပေးဘူးပေ့ါ။ ဟုတ်တယ်လေ၊ ကိုယ်အယုံအကြည် မရှိတဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အရ လုပ်တဲ့ ရွေးကောက်ပွဲမှာ ကျွန်တော် မဲမပေးနိုင်ပါဘူး။ ရွေးကောက်ပွဲမှာ အားလုံး သိကြတဲ့အတိုင်း ပြည်ခိုင်ဖြိုးက အပြတ်အသတ် နိုင်သွားပါတယ်။

ဒီလို ဖြစ်လာအောင်လည်း မူလကတည်းက စီစဉ်ပြီးသားကိုး။ တော်လိုက်ပါပေ့၊ မောင်မင်းကြီးသား ဗိုလ်ချုပ်မှူးကြီး သန်းရွှေ။ ဘာနဲ့ တူသလဲဆိုတော့ ကိုယ့်ဖဲထုပ်ကို ကိုယ့်ဘာသာ ကုလားဖန် ထိုး၊ ကိုယ့်ဘာသာ ကိုယ်ချိုး၊ ဂျိုကာ လေးကောင်ကိုလည်း နိုးထားပြန်ပါသေးတယ်။ ဒါနဲ့မှ မဒေါင်းဘူး ဆိုရင် ဒီဖဲဝိုင် ညံ့ပြီပေါ့။ အခုတော့ အဲဒီ ဖဲဝိုင်က တော်သဗျ။ အမျိုးသား ညီလာခံဆိုတဲ့ လုပ်ပွဲကြီးကိုလည်း ဘောင်ဝင်အောင် ကျင်းပ၊ ကိုယ် ပါစေချင်တဲ့ အဓိက အချက်အလက်တွေကိုလည်း ပါအောင် လုပ်ထားတဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကိုလည်း ကိုယ့်စိတ်တိုင်းကျ အတည်ပြု၊ NLD မပါတဲ့ ရွေးကောက်ပွဲကိုလည်း ကိုယ်စိတ်တိုင်းကျ ကျင်းပ ဆိုတော့ နိုင်ပြီပေါ့။

ဒီလို အကြောင်းအရာတွေကို ဟိုတုန်းကသာ ရေးဖြစ်လို့ကတော့ ထောင်ဒဏ် တစ်သက် တစ်ကျွန်း တောင် ကျမလား မသိဘူး။ ဒီသဘောမျိုးတွေကို ဒေါ်အောင်ဆန်းစုကြည်ကို ပြောရင်တော့ သူက ဘာမှ ပြန် ပြောမှာ မဟုတ်ပါဘူး။ မျက်လုံးကြီးပြူးပြီး ကြည့်နေမှာပါ။ ကျွန်တော်က သူ့ရုံးမှာ ၁၉၈၉ ခုနှစ်ကတည်းက စလုပ်လာတယ် ဆိုတော့ သူ့အကြောင်းကို တော်တော်များများ သိနေပါပြီ။ အပေါ်ကလို စကားမျိုး သူ့ကို ပြောရင် စိတ်ထဲမှာတော့ သူ လက်ခံ သဘောတူမှာပါ။ ဒါပေမဲ့ ဘာမှ ထုတ်ပြောမယ်လို့တော့ မအောက်မေ့နဲ့။ မျက်လုံးပြူးပြီးတော့ အကြည့်ခံရပေါင်း များလို့ အခုလို ပြောနိုင်တာပါ။ အချို့ စကားတွေကျတော့ သူ ပြောလို့ မသင့်လျော်ဘူး မဟုတ်လား။ ကျွန်တော်တို့လို ငမိုက်သားတွေက ရံဖန်ရံခါ ပြောပေးရတာပါ။

## လှုပ်လှုပ်ရွရွ

ရွေးကောက်ပွဲ ပြီးတဲ့အခါမှာ ဒေါ်အောင်ဆန်းစုကြည် ပြန်လွတ်တော့မယ် ဆိုတဲ့ သတင်းတွေက တော်တော်များများ ပြန့်နှံ့နေပါပြီ။ သူ့ခြံဝင်းထဲကိုလည်း အစိုးရ အဖွဲ့ ထိပ်တန်း အရာရှိကြီးတွေရဲ့ ကားတွေကလည်း ဝင်ထွက်မှု များနေပါပြီ။ ကျွန်တော်ကလည်း ကိုယ့်တွက်ကိန်းနဲ့ကိုယ် တွက်ချက်ပြီး သူ့ခြံရှေ့မှာ ကားတစ်စီးနဲ့ သွားစောင့်ပါတယ်။ ကျွန်တော့်လိုပဲ လာစောင့်တဲ့လူတွေ၊ နိုင်ငံခြားသားတွေ၊ မီဒီယာ နယ်ပယ်က လူတွေ အများကြီးပါ။ တက္ကသိုလ် ရိပ်သာလမ်း သူ့ခြံရှေ့မှာလည်း သံဆူးတန်းတွေနဲ့ ပိတ်ထားတော့ ကား အသွားအလာ ဘာမှမရှိပါ။ စိတ်အေးလက်အေး စောင့်လို့ ရပါတယ်။

အဲဒီလို စောင့်တာ တတိယနေ့ ရောက်တဲ့အခါ စောင့်နေတဲ့လူက ပိုများလာသလို ဒေါ်စု ခြံထဲကိုလည်း အရာရှိကြီးတွေ ပါတဲ့ ကားတစ်စီး ဝင်သွားပြီး နာရီဝက်လောက် အကြာမှာ ပြန်ထွက်သွားပါတယ်။ မကြာမီမှာ ဒေါ်စုခြံမှာ အမြဲလိုလို ရှိနေတဲ့ "ကိုနီ" ထွက်လာပါတယ်။ နောက်ပြီး အပြင်မှာ ရပ်ထားတဲ့ သူ့ကားနဲ့ ထွက်ခွာသွားပါတယ်။ အဲဒီလို ထွက်သွားခြင်းဟာ (နောက်မှ သိရတာက) ဒေါ်အောင်ဆန်းစုကြည်ဟာ အဲဒီနေ့မှာ လွတ်မှာဖြစ်ပြီး လွတ်တဲ့အချိန်မှာ သူ့အနားမှာ ရှိစေချင်တဲ့ သူတွေကို သွားခေါ်တာပါ။

အဲဒီလို ကိုနီ့ကို ခေါ်ခိုင်းတဲ့ လူတွေကတော့ (၁) သူရ ဦးတင်ဦး၊ (၂) ဒေါက်တာ တင်မျိုးဝင်း၊ (၃) ကိုခွန်သာမြင့် (ယခု NLD အတွင်းရေးမှူး ကိုဟံသာမြင့်ရဲ့ ညီ)၊ (၄) ယခု သမ္မတဟောင်း ဦးထင်ကျော်နဲ့ ဇနီး ဒေါ်စုစုလွင်၊ (၅) ဦးညာဏ်ဝင်းတို့ ဖြစ်ပါတယ်။ (၂၀၁၀ ခုနှစ်က ကိစ္စဖြစ်တော့ လူအမည်နဲ့ အရေအတွက်တွေ လွဲနိုင်ပါတယ်။) အဲဒီထဲမှာ ကျွန်တော် မပါတာတော့ သေချာပါတယ်။

ကိုနီရဲ့ လှုပ်ရှားမှုကြောင့် အဲဒီပုဂ္ဂိုလ်တွေ ခြံဝင်းထဲကို ဝင်သွားတဲ့အခါမှာ အပြင်က ပရိသတ် အဖို့ "သေချာပါပြီ၊ လွတ်တော့မှာ" ဆိုတဲ့ သတင်းဟာ တောမီးလို တစ်မဟုတ်ချင်း ပျံ့နှံ့သွားပါတယ်။ အဲဒီအချိန်မှာ လက်ကိုင်ဖုန်းတွေ လူတော်တော်များများမှာ ရှိနေပြီဆိုတော့ သတင်း ပျံ့နှံ့မှုကြောင့် ခြံရှေ့မှာ လူတွေ ကြိတ်ကြိတ်တိုးနေပါပြီ။ ညနေ ငါးနာရီလောက်ကတည်းက ခြံရှေ့မှာ ထားတဲ့ အကာအကွယ် အတားအဆီးတွေကို ရုပ်သိမ်းတဲ့အခါ ရောက်နေတဲ့ ပရိသတ်တွေက ဝမ်းသာကြလွန်းလို့ လက်ခုပ်တီးကြ၊ လက်ခေါက်မှုတ်ကြနဲ့ စည်ကားနေပါပြီ။

တရားဝင် အကျယ်ချုပ်က လွတ်တဲ့အချိန်ဟာ ညနေ ခြောက်နာရီ ထင်ပါတယ်။ မမှတ်မိတော့ပါဘူး။ ခြံတခါး ရှေ့မှာလည်း လူတွေက စုပြုံတိုးနေပါပြီ။ အမှောင်ထုကလည်း တစ်စထက် တစ်စ လွှမ်းမိုးစပြုလာပါပြီ။ ဒါပေမဲ့ စုဝေးနေတဲ့ လူထုက တယ်လီဖုန်းမှာ ပါတဲ့ မီးလေးတွေနဲ့ ထွန်းထားလို့ အလင်းရောင် အထိုက်အလျောက် ရနေပါပြီ။ ကျွန်တော်ကလည်း လူအုပ်ကြားထဲက တိုးဝှေ့ပြီး ခြံတံခါးကို ရောက်အောင် သွားပါတယ်။ တံခါးကိုရောက်မှ ကျွန်တော် ရောက်ကြောင်း အတွင်းကို လှမ်းသတင်းပို့တဲ့ခါ တံခါးဖွင့်ပေးလို့ အထဲကို ကျွန်တော် ဝင်ခွင့်ရပါတယ်။

ခြံထဲမှာတော့ အထက်မှာ ဖော်ပြခဲ့တဲ့သူတွေ ရောက်နေပါပြီ။ မှောင်ရီပျိုးစပြုလာပြီ ဖြစ်တဲ့ အတွက် ဒေါ်အောင်ဆန်းစုကြည်က ခြံဝမှာ စုဝေးနေတဲ့ လူထုကို နှုတ်ဆက် စကားပြောဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ခြံတခါး အတွင်းမှာ ဒေါ်အောင်ဆန်းစုကြည် တက်လို့ရအောင် သစ်သားခုံ တစ်ခု ချလိုက်ပြီး သူက အပြင် ပရိသတ်ကို နှုတ်ဆက်ဖို့ တက်လိုက်တဲ့အခါ သူ့ကို မြင်တာနဲ့ အပြင်က လူထုဟာ တစ်ခဲနက် နည်းမျိုးစုံနဲ့ ဝမ်းသားအားရ နှုတ်ဆက်ကြပါတယ်။ အဲဒီ စင်မြင့်ကလေးပေါ်ကို ကျွန်တော် လိုက်မတက်ပါ။ တံခါးကြားက

မြင်နေရတာနဲ့ပင် ကျေနပ်အားရနေပါပြီ။ ဝမ်းသာတဲ့ အပှုန်ကြောင့် မျက်ရည်တွေတောင် ကျလာမိပါတယ်။

ဒေါ်စုက ကျန်းကျန်းမာမာနဲ့ သူတို့ကို အခုလို နှုတ်ဆက်နိုင်လို့ ဝမ်းသာပါကြောင်း၊ လူထုရဲ့ ထောက်ခံမှုကို အမြဲ တန်ဖိုးထားပါကြောင်း၊ နောင်ကိုလည်း မြန်မာနိုင်ငံ ဒီမိုကရေစီ ထွန်းကားအောင် ဆက်လက်ဆောင်ရွက်မှာ ဖြစ်တဲ့အတွက် ဆက်လက် ထောက်ခံ အားပေးကြဖို့ တိုက်တွန်းလိုကြောင်း ပြောကြားပါတယ်။ လူထုကလည်း သူ့ စကားတစ်ခွန်း ပြောလိုက် လက်ခုပ်တီး အားပေးလိုက်နဲ့ အပေးအယူမျှနေပါတယ်။ ဖုန်းကင်မရာတွေနဲ့ ရိုက်နေတာကို သတိပြုမိတော့ ဒေါ်စုဟာ လက်ကိုင်ဖုန်းတွေရဲ့ ပျံ့နှံ့နေမှုကို သတိထားမိပါတယ်။

ခြံဝမှာ နာရီဝက်လောက် စကားပြောပြီး နောက်ပိုင်းမှာ လူထုကို နှုတ်ဆက်ပြီး ခြံထဲကို ပြန်ဝင်လာပါတယ်။ အဲဒီညက အကျယ်ချုပ်က လွတ်မြောက်တဲ့အတွက် ပြောစရာတွေ များလွန်းတော့ ပဋိသန္ဓာရ စကားလောက်ပဲ ပြောဖြစ်ကြပြီး အနာဂတ် နိုင်ငံရေး လုပ်ငန်းစဉ်များနဲ့ ပတ်သက်လို့ မပြောဖြစ်ခဲ့ကြပါ။

## စည်းရုံးရေး လုပ်ငန်းတွေ ပြန်စပြီ

ပထမအကြိမ် အကျယ်ချုပ် ဘဝက လွတ်မြောက်လာတဲ့အခါ လုပ်ငန်း အများစုကို သူ့ခြံမှာပဲ လုပ်ခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်မှာ ဖိနှိပ်မှုတွေ များပြီး အဖမ်းအဆီးတွေ ထူပြောလာတဲ့အခါမှာ နယ်က လာတဲ့ တချို့ NLD လူကြီးတွေဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြံထဲမှာ ခိုလှုံပြီး လပေါင်း၊ နှစ်ပေါင်း များစွာ နေခဲ့ကြရပါတယ်။ အဲဒီအချိန်မှာတော့ ကျွန်တော် ထောင်ထဲကို ရောက်နေပါပြီ။ ဒါပေမဲ့ ကြားရတဲ့ သတင်းစကားများအရ ယခု ရေဝတီတိုင်း ဝန်ကြီးချုပ်ဟောင်း မန်းဂျော်နီ၊ ဦးတင်ချော (ကွယ်လွန်) နဲ့ ဒေးဗစ်လှမြင့်။ မကွေးတိုင်း ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ ယခု NLD/CEC ပူပူနွေးနွေး ဦးအောင်ကြည်ညွန့် (မွန်ပြည်နယ်) တို့ဟာ ဒေါ်စု ခြံထဲမှာ ခိုလှုံခဲ့ကြရပါတယ်။

အဲဒီကာလမှာ စစ်အစိုးရရဲ့ ပိတ်ဆို့မှုကြောင့် အစားအစာ ပြတ်လပ်မှု မရှိအောင် မြင်ပက ပုဂ္ဂိုလ်တချို့က အမြဲလိုလို လာရောက် ပံ့ပိုးကြပါတယ်။ အဲဒီ ပုဂ္ဂိုလ်တွေကတော့ ဒေါက်တာ တင်မျိုးဝင်းနဲ့ အဖွဲ့၊ ဗိုလ်မှူး ထွန်းငွေ (ရေ/ငြိမ်း) နဲ့ သူ့ဇနီး မတိုး (ယခု US ရောက်နေ)၊ အာဇာနည် ဦးဘဝင်းရဲ့ သားအငယ်ဆုံး ကိုထွေးဝင်း၊ ဇနီး ဒေါ်မမလေးနဲ့ သမီးများ၊ ဦးကြည်မောင်ရဲ့ ဇနီး အန်တီကြည်နဲ့ ကျွန်တော့် ဇနီးတို့ ပါဝင်ပါတယ်။ အဲဒီ ပုဂ္ဂိုလ် တချို့ဟာ ခြံထဲမှာ သုံးနှစ်လောက် နေသွားကြပါတယ်။

နောက်ဆုံး အကျယ်ချုပ် ခုနစ်နှစ် ကာလမှာတော့ နိုင်ငံရေးလုပ်လို့ အလုပ်က ပြုတ်သွားတဲ့ ဒေါ်ခင်ခင်ဝင်းနဲ့ သမီးတို့ဟာ ဒေါ်စုကို အမြဲတမ်း အဖော်ပြုခဲ့ပါတယ်။ အဲဒီ သားအမိဟာ အမေရိကန် နိုင်ငံသား မစ္စတာ ယက်တော ကိစ္စကြောင့် ဒေါ်စုကို အင်းစိန်ထောင် ပို့ရာမှာလည်း သူတို့ သားအမိ ပါသွားပါတယ်။ တရားစွဲခံရတော့လည်း အတူတူပါပဲ။ သူတို့အားလုံးကို ထောင်ထဲမှာ သုံးလလောက်ပဲ ထားပြီး အိမ်ပြန်ပို့ပေးလိုက်ပါတယ်။ အခုတော့ ဒေါ်ခင်ခင်ဝင်းတို့ သားအမိဟာ တောင်ဒဂုံ မြို့နယ်ထဲက အိမ်လေးတစ်လုံးမှာ နေထိုင်လျက်ရှိပါတယ်။

ဒီတစ်ခါ အကျယ်ချုပ်က ပြန်လွတ်တော့ သူ့အိမ်ကို ရုံးအဖြစ်နဲ့ အသုံးမပြုတော့ပါဘူး။ အိမ်ကိုတော့ နိုင်ငံခြားက ဧည့်သည်တွေ၊ မီဒီယာ အင်တာဗျူးတွေ လုပ်တာလောက်ပဲ လုပ်ပြီး အနောက် ရွှေဂုံတိုင်လမ်းက ရုံးချုပ်မှာ ရုံးလာတက်လေ့ရှိပါတယ်။ အဲဒီအချိန်မှာ လူကြီးတွေထဲက ဦးအောင်ရွှေ၊ ဦးကြည်မောင်နဲ့ ဦးလွင်တို့ ရုံးကို မလာနိုင်ကြတော့ပါဘူး။ ဦးလွင်ကတော့ ဒေါ်စု အကျယ်ချုပ်က လွတ်ပြီး မကြာခင်မှာ ကွယ်လွန်သွားခဲ့ပါ

တယ်။ ပုံမှန် ရုံးလာတဲ့ ပုဂ္ဂိုလ်တွေကတော့ CEC အဖွဲ့ဝင်တွေ ဖြစ်တဲ့ သူရ ဦးတင်ဦး၊ ဦးလှဖေ၊ ဦးသန်းထွန်းနဲ့ ဦးညွန့်ဝေတို့ ဖြစ်ကြပါတယ်။

ဦးလှဖေကတော့ ယခုအခါ အသက် ၉၂ နှစ် ရှိပါပြီ။ သူရ ဦးတင်ဦးကလည်း လေဖြတ်ထားတဲ့ အတွက် ရုံးမလာနိုင်တော့ပါ။ ဦးသန်းထွန်းနဲ့ ဦးညွန့်ဝေတို့ကတော့ ကွယ်လွန်သွားကြပါပြီ။ ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ် လွတ်ခါစလောက်မှာတော့ သူတို့အားလုံး CEC အစည်းအဝေးကို တက်နိုင်ကြပါသေးတယ်။ ၂၀၁၃ ခုနှစ်၊ ပထမအကြိမ် ညီလာခံပြီးတဲ့ အခါကျတော့ သူတို့ အားလုံးဟာ သဘာပတိ အဖွဲ့ဝင်တွေ ဖြစ်သွားကြပါတယ်။ အသက်တွေကလည်း မငယ်တော့ပါဘူး။ ၈၀ ကျော်နေကြပါပြီ။ သူရ ဦးတင်ဦး ဆိုရင် အသက် ၉၀ ပြည့်ပြီးပါပြီ။

## ကျွန်တော်ရဲ့အလုပ်တွေ

ဒေါ်အောင်ဆန်းစုကြည်ဟာ ပါတီလုပ်ငန်းတွေကို ရုံးမှာပဲ လာလုပ်တဲ့အတွက်ကြောင့် ကျွန်တော်ကလည်း ၁၉၉၅-၉၆ ခုနှစ် ကာလတုန်းကလို သူ့ခြံကို သွားစရာ မလိုတော့ပါ။ ဒါကြောင့် နေ့စဉ် အနောက် ရွှေဂုံတိုင်လမ်းက ရုံးကိုပဲ သွားပြီး ရုံးလုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အပြင်ကို ရောက်လာပြီဆိုတော့ ရုံးချုပ်ကို သူ့အတွက် ရည်ရွယ်ပြီး စာတွေ တဖွဲဖွဲ ရောက်လာပါတယ်။ ဒေါ်စုရဲ့ ညွှန်ကြားချက်အရ အဲဒီစာတွေကို ဖောက်ဖတ်ရပြီး အကြောင်းအရာ တူတာ တူတာတွေကို စုစည်းပြီး မှတ်ချက်တွေ ရေး၊ အချို့စာတွေကျတော့လည်း ရရှိကြောင်း အကြောင်းပြန်ရှုံ သက်သက်တွေမို့ ဒေါ်စုကို တင်ပြစရာမလိုတော့ပါဘူး။

စာတွေက များလွန်းလို့ မနိုင်တဲ့အတွက် ပထမတော့ ထောက်ကြန့်က လူငယ်အဖွဲ့ဝင် မခင်သက်မွန်ကို အကူအညီ ခေါ်ရပါတယ်။ ခင်သက်မွန်က လူထုကြားထဲ သွားလာ လှုပ်ရှားရတဲ့ အလုပ်တွေကိုပဲ အားသန်လို့ ကြာကြာ မလုပ်ပါ။ သူ မရှိတော့ ရုံးချုပ်က မမြင့်မြင့်သန်းရဲ့ အကူအညီနဲ့ ဆက်လုပ်ပါတယ်။ သူက ပိန်လွန်းလို့ ကျွန်တော်က ဗလကြီးလို့ နာမည်ပေးထားပါတယ်။ ဒီလိုနဲ့ နေ့စဉ်လိုလို ရုံးလုပ်ငန်းတွေနဲ့ ပိနေပါတယ်။

## နယ်ခရီးတွေ ထွက်ပြီး စည်းရုံးရေး လုပ်ငန်းတွေ စပါပြီ

မှတ်မှတ်ရရ ဒေါ်စုရဲ့ ပထမဦးဆုံးသော စည်းရုံးရေး ခရီးစဉ်ကို ပဲခူးတိုင်းက စတင်ပါတယ်။ ၁၉၈၈-၈၉ ခုနှစ် ကာလတုန်းက သော်လည်းကောင်း၊ ၁၉၉၅-၉၆ ခုနှစ် ကာလတုန်းက သော်လည်းကောင်း ကျွန်တော်က တာဝန်ယူပြီး စီစဉ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၁ ခုနှစ် ခရီးစဉ်တွေမှာတော့ ကျွန်တော် မပါတော့ပါ။ ကိုခွန်သာမြင့်ကိုပဲ တာဝန်ပေးပါတယ်။ သူကလည်း ခရီးစဉ်တွေ အောင်မြင်အောင် လုပ်နိုင်ပါတယ်။ လုံခြုံရေး တာဝန်ယူရတဲ့သူတွေကတော့ အစဉ်အဆက် NLD လူငယ်တွေ ဖြစ်ပါတယ်။

အဲဒီအချိန်မှာ အာဏာပိုင်တွေရဲ့ NLD အပေါ် သဘောထားဟာ တင်းမာဆဲ ဖြစ်ပါတယ်။ ဦးသိန်းစိန် သမ္မတအဖြစ် ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်တွေ ထမ်းဆောင်နေပါပြီ။ နိုင်ငံတကာနဲ့လည်း ဆက်ဆံရေးတွေ တိုးချဲ့ ဆောင်ရွက်ပြီး နိုင်ငံတကာ အစည်းအဝေးများ၊ ညီလာခံများမှာလည်း တက်ရောက်ပြီး ဆက်ဆံရေးတွေ တည်ဆောက်နေပါပြီ။ သို့သော်လည်း ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို NLD မထောက်ခံတာရယ်၊ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ရွေးကောက်ပွဲကို NLD က သပိတ်မှောက်တာရယ်တွေ ကြောင့် နိုင်ငံတကာနဲ့ ဆက်ဆံရာမှာ သူတို့အစိုးရ အများကြီး မျက်နှာငယ်ရတယ်လို့ သိရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က ပဲခူးတိုင်း၊ သနပ်ပင်မြို့မှာ စာကြည့်တိုက် ဖွင့်ပွဲ တစ်ခုကို အကြောင်းပြုပြီး

နယ်ဆင်း စည်းရုံးတဲ့ လုပ်ငန်းစခဲ့ရာမှာ ပြည်သူလူထုရဲ့ ထောက်ခံမှုဟာ လျော့ကျမသွားဘဲ အရင်အတိုင်း နီးပါးလောက် ရှိတယ်ဆိုတာ သူ သတိထားမိသွားပါတယ်။ ပြည်သူလူထုက ဒေါ်စုအပေါ်မှာ ချစ်မြဲချစ်လျှက် ရှိသော်လည်း အကြောက်တရားတွေကတော့ လွှမ်းမိုးဆဲဖြစ်နေတယ် ဆိုတာလည်း သဘောပေါက်သွားပါ တယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီလို အနေအထားတွေကို ဆင်ခြင်သုံးသပ်ပြီး ရှေ့ဆက်ရမယ့် နိုင်ငံရေး လမ်းစဉ်တွေကို သတိထား အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်လိုက်ဟန်တူပါတယ်။

## နိုင်ငံရေး အလှည့်အပြောင်း

ဒေါ်စုကို အကျယ်ချုပ်က လွှတ်ခဲ့သော်လည်း NLD ပေါ်မှာ အစိုးရရဲ့ ဖိနှိပ်မှုက လျော့မသွားပါ။ လက်ဖက်ရည် ဆိုင်တွေမှာလည်း ဒေါ်စုနဲ့ NLD အကြောင်းကို ရဲရဲ မပြောရဲကြသေးပါဘူး။ ဦးသိန်းစိန် အစိုးရရဲ့ အခက်အခဲက တစ်မျိုး၊ ကျွန်တော်တို့ NLD ရဲ့ အခက်အခဲကလည်း တစ်မျိုးပါ။ NLD အနေနဲ့ကတော့ ဖိအား အမျိုးမျိုးကို ရင်ဆိုင်ခဲ့ရလို့ ရိုးနေပြီဖြစ်လို့ မထူးခြားသော်လည်း ဦးသိန်းစိန် အစိုးရအတွက်ကတော့ ထူးခြားတဲ့ ဖိအားများ ဖြစ်စေတယ်လို့ ယူဆရပါတယ်။ ဒါ့ကြောင့်မို့ သူတို့က ဒေါ်စုနဲ့ NLD ကို တရားမဝင် ဖြစ်အောင် လုပ်ရမယ်လို့ ဆုံးဖြတ်ထားသလား မသိပါဘူး။ ပြည်ထဲရေးဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ကိုကိုရဲ့ လက်မှတ်နဲ့ NLD ကို စာပို့ ပါတယ်။

အဲဒီစာရဲ့ သဘောထားကတော့ NLD ဟာ ဦးသိန်းစိန် အစိုးရရဲ့ လုပ်ငန်းတစ်ခုမှာ နိုင်ငံရေး ပါတီတွေ မှတ်ပုံတင်ရမယ် ဆိုတဲ့ စည်းမျဉ်းကို မလိုက်နာဘူး၊ NLD ခေါင်းဆောင်များ အနေနဲ့လည်း နိုင်ငံရေး လှုပ်ရှားမှု တွေကို လုပ်နေတယ်။ ဒါတွေဟာ တရားမဝင်ဘူး၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို အသိအမှတ် မပြုတာ၊ ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်တာတွေဟာ တရားမဝင်တဲ့ လုပ်ရပ်တွေ ဖြစ်တယ်၊ ဒါ့ကြောင့်မို့ NLD ရဲ့ ရပ်တည်မှုကို အသိအမှတ် မပြုပဲ မှတ်ပုံတင် ဖျက်သိမ်းရေးကို ဦးတည်နေတယ် စသဖြင့် ပါရှိပါတယ်။ စကားလုံး တိကျချင်မှ တိကျမယ် ဖြစ်သော်လည်းပဲ စာရဲ့သဘောထားက အဲဒီအတိုင်းပါ။

အရင့်အရင်တုန်းက CEC အစည်းအဝေးတွေမှာ တက်ရောက်ပြီး မှတ်တမ်းရေးခဲ့သော်လည်း ၂၀၁၀ ခုနှစ်မှာတော့ ကျွန်တော် မှတ်တမ်း မရေးရတော့ပါ။ ကိုဝင်းမြင့် ရေးတယ်နဲ့ တူပါတယ်။ ပြည်ထဲရေး ဝန်ကြီးရဲ့ စာကို CEC မှာ အကြိတ်အနယ် ဆွေးနွေးပြီးတော့ ပြည်ထဲရေး ဝန်ကြီးထံကို စာပြန်လိုက်ပါတယ်။

စာထဲမှာ NLD အဖွဲ့ချုပ်ဟာ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့ ကတည်းက မှတ်ပုံတင်ထားပြီးတဲ့ ပါတီ ဖြစ်ကြောင်း၊ ၁၉၉၀ ခုနှစ် မေလ ရွေးကောက်ပွဲမှာလည်း ကိုယ်စားလှယ် အားလုံးရဲ့ ၈၂ ရာခိုင်နှုန်းကျော် အနိုင်ရထားတဲ့ ပါတီဖြစ်ကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဟာလည်း ပြည်သူလူထု ဆန္ဒနဲ့ မကိုက်ညီ တဲ့ ဥပဒေ ဖြစ်ကြောင်း၊ ထိုဥပဒေကို အခြေခံပြီး ပြုလုပ်တဲ့ ရွေးကောက်ပွဲမှာ မပါဝင်ခဲ့တာကလည်း အဲဒီ အကြောင်းတွေကြောင့် ဖြစ်ကြောင်းနဲ့ အချုပ်အားဖြင့် ဒီလို သဘောထား ကွဲလွဲတဲ့ အကြောင်းအရာတွေကို ဆွေးနွေး ညှိနှိုင်းပြီး အဖြေရှာသင့်တဲ့အတွက် တွေ့ဆုံ ဆွေးနွေး ညှိနှိုင်းလိုပါကြောင်း စသဖြင့် ရေးသား ပေးပို့ ခဲ့ပါတယ်။

## ဆက်ဆံရေး အရာရှိ ခန့်ပြီ

အဲဒီလို စာပို့ပြီး နောက်လထဲမှာ ထင်ပါတယ်။ ဦးသိန်းစိန်ရဲ့ အစိုးရက "အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်နဲ့ ညှိနှိုင်း ဆောင်ရွက်ရန် ဝန်ကြီး ဦးအောင်ကြည်ကို ဆက်ဆံရေး အရာရှိအဖြစ် တာဝန်ပေးကြောင်း" ထုတ်ပြန်

ကြေညာခဲ့ပါတယ်။ အဲဒီ အကျိုးဆက်အဖြစ် ဝန်ကြီး ဦးအောင်ကြည်ဟာ ရန်ကုန်ကို လာပြီး အင်းလျားလမ်းနဲ့ မလှမ်းမကမ်းမှာ ရှိတဲ့ အစိုးရ ဧည့်ဂေဟာမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အကြိမ်ကြိမ် တွေ့ဆုံခဲ့ပါတယ်။

အဲဒီ တွေ့ဆုံမှုရဲ့ ရလဒ်တွေ အဖြစ် ဦးသိန်းစိန်နဲ့ တွေ့ဆုံ ဆွေးနွေးဖို့အတွက် ဒေါ်အောင်ဆန်းစုကြည်ကို နေပြည်တော်ကို ဖိတ်ခေါ် လိုက်ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လမှာပါ။ ဖိတ်ခေါ်တဲ့အတိုင်း ဒေါ်အောင်ဆန်းစုကြည်ဟာ နေပြည်တော်ကို သွားရောက်ခဲ့ပါတယ်။ အဖွဲ့ချုပ် လူကြီးများ မပါပါဘူး။ ဒါပေမဲ့ ကိုစွန်သာမြင့် လိုက်ပါပို့ဆောင်ခဲ့ပါတယ်။ အဲဒီခရီးစဉ်ကပြန်လာပြီးတဲ့အခါမှာ ဒေါ်အောင်ဆန်းစုကြည်က အလုပ်အမှုဆောင် အဖွဲ့ကို ပြန်လည် တင်ပြခဲ့ပါတယ်။ တင်ပြချက် အချုပ်ကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

၁။ အကျဉ်းကျခဲ့သော အကျဉ်းသားဟောင်းများကို နိုင်ငံရေးပါတီများတွင် အဖွဲ့ဝင်များ အဖြစ် ပါဝင်ခွင့် မပြုရန် စည်းကမ်း သတ်မှတ်ချက်ကို ပယ်ဖျက်ပေးမည်။

၂။ ရွေးကောက်ပွဲ ကော်မရှင်၏ ဥပဒေတွင် ပါရှိသော "ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ကာကွယ် စောင့်ရှောက်ပါမည်" ဟူသော စာသားကို "ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို လေးစား လိုက်နာပါမည်" ဟူသော စကားဖြင့် အစားထိုးပေးမည်။

၃။ အထက်ပါ အချက်များကို ပြင်ဆင်ပေးခြင်းအားဖြင့် လာမည့် ကြားဖြတ် ရွေးကောက်ပွဲတွင် ပါဝင်ပေးရန်။

အထက်ပါ အချက်များကို ဗဟို အလုပ်အမှုဆောင် အဖွဲ့မှာ အကြိတ်အနယ် ဆွေးနွေးခဲ့ကြပြီးနောက် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သည် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ ကျင်းပမယ့် ကြားဖြတ် ရွေးကောက်ပွဲမှာ ပါဝင် ဆင်နွှဲရန် ဆုံးဖြတ်လိုက်ပါတယ်။ ဒီဆုံးဖြတ်ချက်ချတဲ့ အချိန်ဟာ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ထဲမှာ ဖြစ်ပါတယ်။ အဲဒီဆုံးဖြတ်ချက်ချတဲ့ အချိန်မှာ ကျွန်တော်ဟာ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာ ဒီမိုကရေစီ ဆိုင်ရာ ဆွေးနွေးပွဲတစ်ခု တက်ရောက်နေတဲ့ ကာလ ဖြစ်ပါတယ်။ ဆွေးနွေးပွဲ ဒုတိယနေ့မှာပဲ အဲဒီ သတင်း အင်တာနက်မှာ တက်လာတဲ့အတွက် အစည်းအဝေး တက်ရောက်သူများက ဝမ်းပန်းတသာ လက်ခုပ် လက်ဝါး တီးပြီး ချီးကျူးကြပါတယ်။ *

## ကံကြမ္မာရဲ့ ခြယ်လှယ်မှု တစ်ခု

ကျွန်တော် ဘာလီကျွန်းက ပြန်လာပြန်လာတဲ့အခါ ရုံးချုပ်မှာ ဒေါ်အောင်ဆန်းစုကြည်က ကျွန်တော့် ဆန္ဒကို မေးပါတယ်။ ကျွန်တော် ကြားဖြတ် ရွေးကောက်ပွဲ ဝင်ချင်သလားပေါ့။ ကျွန်တော် ထောင်က ထွက်လာတာ တစ်နှစ်လောက် ရှိပေမဲ့ စီးပွားရေး အခြေအနေက သိပ်မကောင်းပါ။ သားနဲ့ သမီးတို့ရဲ့ ထောက်ပံ့မှုကြောင့် ချောင်ချောင်လည်လည် နေနိုင်ပေမဲ့ ကိုယ်ပိုင် လုပ်ငန်းနဲ့ ကိုယ်ပိုင် ဝင်ငွေ ရဖို့ ကိစ္စတွေကို ကြိုးစား ရှာဖွေနေဆဲဖြစ်ပါတယ်။ ကျွန်တော် အရင်တုန်းက တည်ဆောက် ပေးခဲ့ဖူးတဲ့ စက်ရုံ ပရောဂျက်တွေဟာ ကျွန်တော်နဲ့ ကင်းကွာသွားပါပြီ။ နဝတခေတ် စက်မှု ဝန်ကြီး တစ်ဦးရဲ့ ကောင်းမှုကြောင့်ပါ။ ဒါ့ကြောင့်မို့ ဒေါ်အောင်ဆန်းစုကြည်ကို ကျွန်တော်က ရွေးကောက်ပွဲ မဝင်ပါရစေနဲ့ဦး၊ ကျွန်တော် လုပ်ငန်းလေး တချို့ တာစူထားလို့ပါလို့ တင်ပြခဲ့ပါတယ်။

ကြားဖြတ် ရွေးကောက်ပွဲမှာ လစ်လပ်တဲ့ နေရာက စုစုပေါင်း ၄၄ နေရာ ရှိပါတယ်။ မိတ္ထီလာမှာလည်း လစ်လပ်လို့နေပါတယ်။ မိတ္ထီလာမှာက NLD စဖွဲ့ကတည်းက ပါလာပြီး တောက်လျှောက် ခေါင်းဆောင်ခဲ့တဲ့ ဒေါက်တာ သိန်းလွင် ရှိပါတယ်။ မိတ္ထီလာမှာ လွှတ်တော် ကိုယ်စားလှယ် ရွေးမယ် ဆိုရင် ဒေါက်တာ



၂၄၊ ၁၂၊ ၂၀၁၀ နေ့က ဒေါ်အောင်ဆန်းစုကြည် နေအိမ်၌၊ ညီ ဒေါက်တာ နိုင်လင်း၊ သမီး မချစ်နဲ့ ဒေါ်စု အချစ်တော် "တိုက်ချီတို" (ရင်ခွင်ပိုက်လျက်) တို့နဲ့ အတူ။

သိန်းလွင်ဟာ အသင့်တော်ဆုံးပါ။ မြို့လူထုကရော၊ NLD အဖွဲ့ဝင် အများစုကပါ လေးစားတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်။

တိုက်တိုက်ဆိုင်ဆိုင်ပဲ၊ NLD ကြားဖြတ် ရွေးကောက်ပွဲ ဝင်မယ်လို့ CEC က ဆုံးဖြတ်ပြီး နောက်တစ်နေ့မှာ ဒေါက်တာ သိန်းလွင် လေဖြတ်သွားတဲ့အကြောင်း သတင်းရရှိပါတယ်။ ဒါ့ကြောင့် ဒေါ်အောင်ဆန်းစုကြည်က ဒေါက်တာ သိန်းလွင် အခြေအနေ အကဲခတ်ဖို့ ကျွန်တော့်ကို မိတ္ထီလာ လွှတ်လိုက်ပါတယ်။ ကျွန်တော် ရောက်သွားတော့ ဆရာ သိန်းလွင်က အိပ်ရာပေါ်မှာ ပက်လက်ပါ။ အိပ်ရာက မထနိုင်ပါဘူး၊ စကားလည်း မပြောနိုင်ပါဘူး။ သူ့ဇနီး မချယ်ရီ (ယခု ကွယ်လွန်) က ပြုစုနေပါတယ်။

ကျွန်တော်က ဆရာ့ကို အကျိုးအကြောင်း ပြောပြပါတယ်။ "လာမယ့် ကြားဖြတ် ရွေးကောက်ပွဲမှာ လစ်လပ်နေတဲ့ မိတ္ထီလာ မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်လောင်းအဖြစ် ဆရာ့ကို လျာထားကြောင်း၊ ဆရာရဲ့ ကျန်းမာရေး သတင်းကြောင့် ကျွန်တော့်ကို အကဲခတ်ဖို့အတွက် လွှတ်လိုက်လို့ လာတာ ဖြစ်ကြောင်း" ပြောပြပါတယ်။ ဆရာက စကား ပြန်မပြောနိုင်ပါ။ မျက်ရည်တွေသာ တွင်တွင် ကျနေပါတယ်။

ဆရာ ဦးသိန်းလွင်ရဲ့ အခြေအနေကို ကျွန်တော် ကောင်းကောင်း သဘောပေါက်ပါပြီ။ ဒါ့ကြောင့်မို့ မိတ္ထီလာ မြို့နယ် NLD ရဲ့ အတွင်းရေးမှူးအဖြစ် လူသိများနေတဲ့ မမြင့်မြင့်အေး အိမ်ကို ကျွန်တော် သွားပါ

တယ်။ မမြင့်မြင့်အေးရဲ့ မိသားစုနဲ့ ကျွန်တော် ကောင်းကောင်း သိကြပါတယ်။ ၁၉၈၈ ခုနှစ် မတိုင်ခင်က သူ ဂျပန်နိုင်ငံကို မသွားခင်ကရော၊ နောက်နှစ်နှစ်လောက် အကြာမှာ ပြန်လာတုန်းကရော တွေ့ခဲ့ဖူးပါတယ်။ ကျွန်တော် ထောင်ထဲမှာ ရှိစဉ်တုန်းက သူ့ရဲ့ အင်တာဗျူးတွေ အကြောင်း သတင်းစကား ကြားခဲ့ရလို့ "မိတ္ထီလာမှာ အားကိုးရမယ့် နိုင်ငံရေးသမား တစ်ယောက်တော့ ပေါ်လာပြီပဲ" လို့ အောက်မေ့မိခဲ့တာပါ။

ဒါပေမဲ့ ထောင်က လွတ်ပြီး အခြေအနေတွေ စနည်းနာကြည့်တော့ သူက မန္တလေးတိုင်း NLD က ပုဂ္ဂိုလ်တွေကို ဝေဖန်ခဲ့တယ်၊ အရေးဆိုခဲ့တယ်၊ အဲဒါတွေအပြင် ဗဟို CEC က ခေါင်းဆောင်တွေကိုလည်း ပယ်ပယ်နယ်နယ် ဝေဖန်ခဲ့တယ် ဆိုတဲ့ သတင်းတွေ ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ကလည်း ဒီသတင်းတွေ ကြားပြီးသားပါ။ သူက "ဒီမိန်းကလေးဟာ ဂါရဝတရား အားနည်းတယ်" လို့ မှတ်ချက်ချပြီး သားပါ။ ဒါ့ကြောင့် ကျွန်တော် သူ့အိမ် သွားတဲ့အခါ ကျွန်တော်ရဲ့ လာရင်း ရည်ရွယ်ချက်ကို ရှင်းပြပါတယ်။ (အဲဒီအချိန်မှာ သူနဲ့ ဒေါက်တာ သိန်းလွင်တို့ရဲ့ ဆက်ဆံရေး အခြေအနေ မကောင်းတော့ပါလို့ သိရပါတယ်။)

ကျွန်တော်က NLD တိုင်း လူကြီးအဖွဲ့နဲ့ ဗဟို CEC တွေကို ဝေဖန်တဲ့ ကိစ္စတွေကို အစဖော်ပြီး ဆွေးနွေး ပါတယ်။ သူက ဒီလူကြီးတွေကို ဝေဖန်ရတာ သူတို့ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေ မလုပ်လို့ ပြောရတာ ဖြစ်ကြောင်း၊ ဒါတွေနဲ့ ပတ်သက်လို့ ပြောခဲ့ဆိုခဲ့တာတွေဟာ အမှန်တရားတွေမို့ သူ့အနေနဲ့ နောင်တ ရစရာ မရှိတဲ့ အကြောင်း အကျယ်တဝင့် ရှင်းပြပါတယ်။ ဒါတွေ နားထောင်ပြီးတဲ့ အခါမှာ ကျွန်တော်က သူ့ရဲ့ သဘောထားတွေနဲ့ ပတ်သက်လို့ သဘောပေါက်ပြီ ဖြစ်ကြောင်း၊ ဆက်ပြီး ဆွေးနွေးဖို့ လိုမယ် မထင်တော့ ကြောင်း ပြောပြီး ပြန်ခဲ့ပါတယ်။

ရန်ကုန် ပြန်ရောက်တဲ့အခါ ဆရာ သိန်းလွင်ရဲ့အခြေအနေနဲ့ မြင့်မြင့်အေး အခြေအနေတို့ကို ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြပါတယ်။ သူက တစ်ချက်လောက် စဉ်းစားပြီးတော့ "ဒါဆိုရင် မိတ္ထီလာမှာ ကိုဝင်းထိန်ပဲ ဝင်လိုက်ပေါ့" ဆိုတာနဲ့ပဲ ကျွန်တော် မိတ္ထီလာကိုသွားပြီး ကြားဖြတ် ရွေးကောက်ပွဲ လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် နာမည်စာရင်း ပေးသွင်းရပါတယ်။ မူလ ရည်ရွယ်ချက် မရှိဘဲနဲ့ အခြေအနေ အရပ်ရပ်က တွန်းပို့သလို ဖြစ်လာတဲ့ အနေအထားတွေကြောင့် ကျွန်တော်ဟာ မိတ္ထီလာ မြို့နယ်၊ ကြားဖြတ် ရွေးကောက်ပွဲ ဝင်ဖို့ ဖြစ်လာပါတယ်။ ကံကြမ္မာရဲ့ ဖန်တီးမှုကြောင့်လို့ ပြောရမှာ ဖြစ်ပါတယ်။ ဆရာ ဦးသိန်းလွင် ရဲ့ နောက်ပိုင်း အခြေအနေတွေကို ကြည့်ရင် ဒီအချက်ဟာ ပိုထင်ရှားလာမှာပါ။

## အထပ်အခင့်ေါ တစ်ခု

တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကြားဖြတ် ရွေးကောက်ပွဲမှာ လစ်လပ်တဲ့ နေရာ ၄၄ နေရာ ရှိပါတယ်။ NLD အနေနဲ့ နေရာ အားလုံးမှာ စာရင်းပေးသွင်းခဲ့ပါတယ်။ ဒါပေမဲ့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က အတည်ပြု စာရင်းထုတ်ပြန်တဲ့အခါမှာ ၄၃ နေရာပဲ အတည်ပြုပြီး စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် ကိုယ်စား လှယ်လောင်း ဦးစောလှိုင်ကိုတော့ နိုင်ငံသား မဟုတ်ဘူး ဆိုတဲ့ အကြောင်းပြချက်နဲ့ ပယ်ခဲ့ပါတယ်။

## အင်းတော်က ကိုစောလှိုင်

ကျွန်တော်တို့ အသိုင်းအဝိုင်းမှာတော့ ဦးစောလှိုင်ကို ပယ်တာနဲ့ပတ်သက်လို့ ခံပြင်းမိသလို အကြောင်းပြချက် မခိုင်လုံပဲ ပယ်တဲ့အတွက် ရယ်ပွဲဖွဲ့ကြရပါသေးတယ်။ ဘာ့ကြောင့်လည်း ဆိုတော့ ဦးစောလှိုင်ဟာ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတုန်းက အင်းတော် မြို့နယ်က အပြတ်အသတ် အရွေးခံရတဲ့ ကိုယ်စားလှယ်မို့ပါ။ ဖိနှိပ်မှု

တအားများတဲ့ နဝတ စစ်အစိုးရ လက်ထက်မှာ ဦးစောလှိုင်က ရွေးကောက်ပွဲမှာ အတည်ပြုခံခဲ့ရလို့ ကိုယ်စားလှယ် ဖြစ်ခဲ့တယ်။ ဟော... အခုတော့ ကိုစောလှိုင်ဟာ နိုင်ငံသား မဟုတ်တော့ဘူးတဲ့။ ဘယ်လောက် ကိုးရိုးကားရားနိုင်တဲ့ ကိစ္စပါလဲ။

ကျွန်တော် ကသာထောင်မှာ ရှိစဉ်က ကိုစောလှိုင်ဟာ ထောင်ထဲမှာ ရှိနေဆဲပါ။ ကသာနဲ့ အင်းတော်ဆိုတာ တစ်ဆက်တည်းမို့ သူ့အကြောင်းတွေကို ကောင်းကောင်းကြားခဲ့ရပါတယ်။ ကိုစောလှိုင်ဟာ အင်းတော်မြို့မှာ ထင်ရှားတဲ့ မြို့မိမြို့ဖ တစ်ဦးပါ။ စီးပွားရေးလည်း အခြေအနေ တောင့်တင်းပါတယ်။ သူ့အဘိုးက ဟိန္ဒူဘာသာဝင်၊ အိန္ဒိယ နိုင်ငံသား တစ်ဦးပါ။ (ဒေါ်စုက သူတို့ကို ကုလားလို့ ခေါ်တာ မကြိုက်ပါ။) ရှစ်လေးလုံး အရေးတော်ပုံမှာ တက်ကြွစွာ ပါဝင်ခဲ့တဲ့ မြို့ခံ သပိတ် ခေါင်းဆောင် တစ်ဦးလည်း ဖြစ်ပါတယ်။

NLD ဖွဲ့တဲ့အခါမှာ အင်းတော် မြို့နယ်ရဲ့ NLD ခေါင်းဆောင်တစ်ဦး ဖြစ်လာပါတယ်။ ဒါ့ကြောင့်မို့ ၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲမှာ ပါဝင် ယှဉ်ပြိုင်တဲ့အခါ အင်းတော် မြို့နယ် ကိုယ်စားလှယ် အဖြစ် မဲအပြတ်အသတ်နဲ့ နိုင်ခဲ့ပါတယ်။ ရွေးကောက်ပွဲ နိုင်တဲ့အခါ ရန်ကုန်မြို့မှာ ကျင်းပတဲ့ ဗိုလ်အောင်ကျော်လမ်းက ဂန္ဒီ ညီလာခံကိုလည်း တက်ကြွစွာ ပါဝင်ခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာ အထက်မြန်မာပြည်က အရွေးချယ်ခံ ကိုယ်စားလှယ်တွေနဲ့ အနာဂတ် မြန်မာပြည် အစိုးရ အကြောင်း ဆွေးနွေးရင်းနဲ့ အဖမ်းခံရပြီးတော့ ထောင်နန်းစံခဲ့ရတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ သူနဲ့အတူ ပါသွားတဲ့ သူတွေကတော့ ဒေါက်တာ မြင့်နိုင် (ယခု စစ်ကိုင်းတိုင်း ဝန်ကြီးချုပ်)၊ ကိုမြင့်ကြည် (ကသာ မြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်) တို့ ဖြစ်ပါတယ်။ မှတ်မိသမျှပါ။

## ကြားဖြတ် ရွေးကောက်ပွဲရဲ့ နိုင်ငံရေး ရည်မှန်းချက်များ

ရွေးကောက်ပွဲ ဝင်မယ်ဆိုတာနဲ့ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ ဗဟို အလုပ်အမှုဆောင် အဖွဲ့ဟာ NLD ရဲ့ နိုင်ငံရေး ရည်မှန်းချက်တွေကို ဖော်ထုတ်ပြုစုရပါတယ်။ နိုင်ငံရေး ရည်မှန်းချက်၊ စီးပွားရေး ရည်မှန်းချက်များ အပြင် ကျန်းမာရေး၊ ပညာရေး စတဲ့ အကြောင်းအရာတွေ အားလုံး လွှမ်းခြုံတဲ့ စာတမ်း တစ်ခု ပြုစုရပါတယ်။ မြန်မာလို ဆိုရင်တော့ "ရွေးကောက်ပွဲ ကြေညာစာတမ်း" ပေါ့။ အင်္ဂလိပ်လို ဆိုရင်တော့ Election Manifesto ဖြစ်ပါတယ်။ အဲဒီအထဲက အရေးကြီးဆုံးဖြစ်တဲ့ နိုင်ငံရေး ရည်မှန်းချက်တွေကတော့....။

၁။ တရားဥပဒေ စိုးမိုးရေး

၂။ ပြည်တွင်း ငြိမ်းချမ်းရေးနဲ့

၃။ ၂၀၀၈ ဖွဲ့စည်းပုံ ဥပဒေ ပြင်ဆင်ရေးတို့ ဖြစ်ပါတယ်။

ဒီနိုင်ငံရေး ရည်မှန်းချက်တွေကို အခြေပြုပြီး ပြည်သူလူထုကို စည်းရုံးရေး လုပ်ရပါတယ်။ ၂၀၁၅ ခုနှစ်မှာ ပထမအကြိမ် လွှတ်တော် ပြီးဆုံးတဲ့အထိ ဒီရည်မှန်းချက်တွေကို ဦးထိပ်ထားပြီး နိုင်ငံရေး လှုပ်ရှားမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ အသေးစိတ်ကိုတော့ နောင်အလျဉ်းသင့်သလို ရေးပြသွားပါ့မယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ ဝင်စဉ်တုန်းကလည်း ကျွန်တော်တို့ရဲ့ နိုင်ငံရေး ရည်မှန်းချက်ဟာ ပြောင်းလဲခြင်း မရှိခဲ့ပါဘူး။

## စည်းရုံးရေး လုပ်ငန်းများ

ကြားဖြတ် ရွေးကောက်ပွဲဟာ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ လုပ်မှာဖြစ်တဲ့အတွက် စည်းရုံးရေး လုပ်ငန်း

များကို ဇန်နဝါရီလ ၁ ရက်နေ့ကစပြီး ပြုလုပ်ခွင့်ရပါတယ်။ မတ်လ ၃၀ ရက်နေ့ အထိပါ။ သုံးလ ဆိုပါတော့။ မတ်လ၃၁ရက်နေ့မှာတော့စည်းရုံးရေးလုပ်ငန်းတွေအားလုံးကိုရပ်ဆိုင်းပေးရပါတယ်။ဒီအကြောင်းအရာတွေကို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ဥပဒေအရ လမ်းညွှန်ပေးထားတာပါ။

မိတ္ထီလာမြို့နယ် တစ်နယ်လုံးမှာ ရွာပေါင်း ၃၇၉ ရွာ ရှိပါတယ်။ တိုက်နယ်ကိုလည်း လေးခု ခွဲထားပါတယ်။ မြို့ပေါ်က ရပ်ကွက်က ၁၄ ခုပါ။ စည်းရုံးချိန်က သုံးလပဲ ရမှာဆိုတော့ ထောင့်စေ့အောင် ဘယ်လိုလုပ်ရမလဲဆိုတာ အများကြီး စဉ်းစားရပါတယ်။ အဲဒီလို စဉ်းစားတဲ့အခါ ထောင်က လွတ်ခါစ နိုင်ငံရေးအကျဉ်းသားဟောင်း ကိုတင်ကိုကို ဆိုတဲ့သူ ရှိပါတယ်။ မူလကတော့ NLD လူငယ်ပေါ့။ အခုတော့ လူကြီးဖြစ်နေပါပြီ။ အိမ်ထောင်နဲ့ ကလေး နှစ်ယောက်တောင် ရနေပါပြီ။ သူ့ကို ကျွန်တော့် ရွေးကောက်ပွဲ ကိုယ်စားလှယ် အဖြစ် စာရင်းပေးပြီး စည်းရုံးရေးအစီအစဉ် ရေးဆွဲပါတယ်။ သူ့အပြင် မြို့နယ် NLD အဖွဲ့ဝင်တွေကိုလည်း သိကျွမ်း ခင်မင်အောင်လုပ်ပြီး တိုင်ပင်ရပါတယ်။ သူတို့ကတော့ ကိုလှမ်းမိုး (ယခု ကွယ်လွန်)၊ ဦးမောင်မောင်၊ ကိုအေးလွင်နဲ့ ကိုထွန်းမင်း (ရှမ်းတဲ) [ယခု နှစ်ဦးစလုံး နုတ်ထွက်ပြီး]၊ ကိုဆန်းဝင်းရှိန်တို့ ဖြစ်ပါတယ်။ မိန်းကလေးထဲက ဆိုရင် မခင်နှင်းအေး၊ မတင်မာရီ၊ မမြင့်မြင့်ကျော်နဲ့ ဥမ္မာတို့လည်း ပါပါသေးတယ်။

## ပြင်ဆင်မှုများ

စည်းရုံးရေး ထွက်မယ် ဆိုတာနဲ့ မထွက်ခင် ပြင်ဆင်ကြပါတယ်။ ပထမ လူရွေးရပါတယ်။ ကျွန်တော်နဲ့ ကျွန်တော့်ရဲ့ ကိုယ်စားလှယ်၊ နောက်ပြီး သက်ဆိုင်ရာ တိုက်နယ် တာဝန်ခံ စည်းရုံးရေးမှူးနဲ့ အဖွဲ့ သုံး-လေး ယောက်လောက်၊ အမျိုးသမီးနဲ့ လူငယ် ငါးယောက် ခြောက်ယောက်လောက်၊ လိုက်ထရပ် တစ်စီးနဲ့ မော်တော်ဆိုင်ကယ် လေး-ငါးစီး။ သူတို့အတွက် ဓာတ်ဆီ အပြည့် ဖြည့်ပေးထားရပါတယ်။ နောက်ပြီး အောင်နိုင်ရေးနဲ့ ပတ်သက်တဲ့ သီချင်းခွေများ ဖွင့်တဲ့ စက်နဲ့ စပီကာ နှစ်လုံး၊ ဒါလောက်ဆိုရင် ပြည့်စုံပြီ။

သီချင်းခွေနဲ့ စပီကာတွေက အရေးကြီးပါတယ်။ ရွာတစ်ရွာကို ဝင်တာနဲ့ တေးသွား သွက်သွက်နဲ့ အောင်နိုင်ရေး သီချင်းခွေကို ဖွင့်ပြီး ဝင်ရပါတယ်။ အဲဒီအခါမှာ ထွက်လာပါပြီ၊ ကလေးတွေရော၊ ခွေးတွေရော၊ နောက်ပြီးတော့ အမျိုးသမီးတွေပေါ့။ အမျိုးသားတွေကတော့ နေ့ခင်းဆိုရင် လယ်အလုပ် သွားကြလို့ မရှိတာများပါတယ်။ ဒါ့ကြောင့် ရွာတွေကို ဝင်ရင် မနက် ၁၁ နာရီလောက် အထိ တွေ့စရာ ရှိတာတွေ တွေ့၊ ပြောစရာ ရှိတာတွေ ပြောပြီးရင် နားပါတယ်။ အဲဒီလို နားပြီးမှ ညနေ လေးနာရီလောက်က စပြီး လယ်လုပ်က ပြန်လာတဲ့ အမျိုးသားတွေကို တွေ့ဆုံ စည်းရုံးရပါတယ်။

ရွာအများစုမှာ အရေးပါတဲ့ ဇဟို အချက်အချာ ဌာနတစ်ခုက ဘုန်းကြီးကျောင်းတွေပါ။ တချို့ ရွာတွေဆိုရင် ဘုန်းကြီးပြီးရင် ပြီးတာပဲ။ ဒါပေမဲ့ သတိတော့ထားရပါတယ်။ ဘာလဲဆိုတော့ တချို့ ဘုန်းကြီးတွေကို ပြည်ခိုင်ဖြိုးက လူတွေက ကြိုတင် စည်းရုံးပြီးသား။ အဲဒီလို ဘုန်းကြီးကျောင်းတွေ ဆိုရင် သတိထား ဝင်ပြီး စကား ပြောတာကအစ အများကြီး ချင့်ချိန်ရပါတယ်။ စကားပြော မှားပြီ ဆိုတာနဲ့ အဲဒီရွာက မဲတွေ ဆုံးရှုံးရမှာပါ။ ဒါ့ကြောင့် ကိုယ့်ကို ကရုဏာ သက်လာအောင် ကိုယ် ထောင်ကျခဲ့တဲ့ ဇာတ်လမ်းတွေကို အရှိကို အရှိအတိုင်း လျှောက်ထားတင်ပြရပါတယ်။

ဒီနည်းကလည်း အများကြီး ထိရောက်တယ်ဆိုတာ တွေ့လာရပါတယ်။ ကိုယ့်အပေါ်မှာ ကရုဏာ သက်ပြီးသား ဆရာတော်တွေ ဆိုရင်တော့ အထွေအထူး ကြိုးစားစရာ မလိုပါဘူး။ ဒေါ်စုအကြောင်း သိသမျှတွေ ပြောပြရင်ပဲ ဆရာတော်တွေနဲ့တကွ သူ့ရဲ့ ဥပါသကာတွေဟာ နားထောင်လို့ မဝကြပါဘူး။ တချို့ ရွာတွေ

ကျတော့ အကြောက်တရား လွှမ်းမိုးတဲ့ ရွာတွေပါ။ ဦးသိန်းစိန် အစိုးရ လက်ထက်က လွှတ်တော် ကိုယ်စားလှယ် လေးယောက်လုံးဟာ ပြည်ခိုင်ဖြိုးက ဖြစ်နေတော့ သူတို့နဲ့ ပတ်သက်တဲ့ ရွာတွေကို စည်းရုံးရေးလုပ်ရင် အင်မတန် ခက်ခဲပါတယ်။

ဒီလိုနဲ့ တစ်နေ့ကို ရွာငါးရွာကနေ ရှစ်ရွာလောက် ကာမိအောင် သွားခဲ့ရပါတယ်။ လူဦးရေ များတဲ့ ရွာကြီးတွေကို ဦးစားပေးပါတယ်။ တစ်ပတ်ကို ခြောက်ရက် ခရီးထွက်။ တနင်္ဂနွေ ဆိုရင်တော့ ကိုယ်လုပ်ခဲ့သမျှ တွေ ပြန်သုံးသပ်ပြီး နောက်တစ်ပတ်အတွက် စီမံချက်တွေ လုပ်ရပြန်ပါတယ်။ တစ်ပတ်မှာ ပျမ်းမျှ ရွာပေါင်း ၂၀ လောက် ရောက်ခဲ့ပါတယ်။ စည်းရုံးခွင့်ရတဲ့ သုံးလဆိုတော့ စုစုပေါင်း ရွာ ၂၅၀ လောက်အထိ စည်းရုံးရေး ခရီး ထွက်နိုင်ခဲ့ပါတယ်။ ရွာပေါင်း ၃၇၉ ရွာလုံးကိုတော့ မရောက်နိုင်ခဲ့ပါဘူး။

## မြို့ပေါ်ကိုတော့ လွှတ်ထားခဲ့တယ်

မြို့ပေါ် ၁၄ ရပ်ကွက် ရှိရာမှာ ရပ်ကွက် နှစ်ခုလောက်ကိုပဲ ကျွန်တော် ရောက်ခဲ့ပါတယ်။ ကျေးရွာတွေကို ဦးစားပေးတာက တစ်ကြောင်း။ မြို့နေလူထုဟာ တောနေလူထုထက် နိုင်ငံရေးပါးဝနေတယ်လို့ ယုံကြည်တာ က တစ်ကြောင်းကြောင့် မြို့ပေါ်ရပ်ကွက်တွေကို မရောက်ခဲ့တာပါ။ ဒါပေမဲ့ ကျွန်တော့် စည်းရုံးရေး ခရီးမှာ ပါတဲ့ ပုဂ္ဂိုလ်တွေဟာ မြို့ပေါ်ရပ်ကွက် အသီးသီးကဖြစ်တော့ ကျွန်တော့် အကြောင်းကို လူအများစုက ကြားသိ ပြီးသား ဖြစ်လို့မို့ စိတ်ချလက်ချ နေခဲ့တာပါ။ ဒါ့ကြောင့် မြို့ပေါ်လူထုရဲ့ အနေအထားကို သဘောပေါက် နားလည်တဲ့ အနေနဲ့ မြို့ပေါ်ရပ်ကွက်တွေကို လွှတ်ထားပေးခဲ့တာပါ။ အလေးဂရု မပြုလို့တော့ မဟုတ်ပါဘူး။

## ဆွေမျိုး အသိုင်းအဝိုင်းရဲ့ အင်အား

ကျွန်တော်တို့ ညီအစ်ကို မောင်နှမ ၁၃ ယောက်လုံးဟာ မိတ္ထီလာ အ.ထ.က ၁ ကျောင်းထွက်တွေပါ။ အဖေ ကိုယ်တိုင်ကလည်း အ.ထ.က ၁ မှာ အလယ်တန်းပြ ဆရာ အဖြစ် ပင်စင်ယူတဲ့အထိ တာဝန်ထမ်းဆောင်ခဲ့ တာပါ။ ဒါ့ကြောင့်မို့ တခြား မိသားစုနဲ့စာရင် ဆွေမျိုး အသိုင်းအဝိုင်းကြီးတယ်လို့ ပြောနိုင်ပါတယ်။ ဒါ့ကြောင့် မို့လို့ မိတ္ထီလာမြို့ပေါ်မှာရှိတဲ့ တန်းတူရည်တူတွေရဲ့ ပတ်ဝန်းကျင်မှာ ကျွန်တော့်ကို လူသိများကြပါတယ်။ ဘယ်သူ ဘယ်သူ့ရဲ့ အကိုကြီးဟဲ့ ဆိုတဲ့အသိမျိုး။ စစ်တပ်ထဲမှာ ဆုတွေ အများကြီး ရသွားပြီးတော့မှ အပြင်ထွက် စီးပွားရေး လုပ်တော့လည်း သူဌေးဖြစ်တဲ့ အထိ အောင်မြင်ပြီးမှ နိုင်ငံရေးလုပ်လို့ ထောင်ကျ သွားတာဆိုတဲ့ အသိမျိုးတွေ ရှိတဲ့ မိတ်ဆွေ အပေါင်းအသင်းတွေ အများကြီးပါ။

တချို့ရွာတွေ သွားတယ်ဆိုရင် အဖေ့ရဲ့တပည့် ဖြစ်ခဲ့ဖူးသူတွေနဲ့လည်း ကြုံခဲ့ဖူးပါတယ်။ ကျွန်တော့်ရဲ့ ရုပ်ရည်ရူပကာက အချောကြီး မဟုတ်သော်လည်း ဟဲ… ဟဲ အဖေနဲ့ အများကြီး ရုပ်ချင်းဆင်တဲ့အတွက် "ဟာ … ဆရာကြီး လာတယ်လို့တောင် ထင်ရတယ်ဗျာ" လို့ ရေရွတ်တဲ့ ရွာသားတွေ အများကြီးပါ။ အဲဒီလို အပြောခံရတဲ့အခါ ကျွန်တော့်စိတ်ထဲမှာ "အော်… မိဘရဲ့ ကျေးဇူးဟာ ဆပ်လို့ မကုန်နိုင်ပါလား၊ ငါ့ရွေးကောက် ပွဲမှာတောင် အဖေ့ကျေးဇူးနဲ့ မဲတွေ ရဦးတော့မှာပါလား" လို့ မိဘကျေးဇူးကို တ,သမိပါတယ်။

## ကိုခွန်သာမြင့်

ကိုခွန်သာမြင့်ဟာ ကွယ်လွန်သွားပြီဖြစ်တဲ့ စာရေးဆရာကြီး (ဦး)သိန်းဖေမြင့်ရဲ့ သားငယ် ဖြစ်ပါတယ်။ သူ့ အစ်ကို ကိုဟံသာမြင့်ကတော့ အခု ကျွန်တော်တို့ NLD မှာ အတွင်းရေးမှူးများ အဖွဲ့ဝင်ပါ။ ကိုဟံသာမြင့်က

တော့ NLD စဖွဲ့ကတည်းက ပါခဲ့တာပါ။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ သူ့ဖခင်ရဲ့ ဇာတိ စစ်ကိုင်းတိုင်း၊ ဘုတလင် မြို့နယ်က အရွေးကောက်ခံ ကိုယ်စားလှယ် ဖြစ်ပါတယ်။

သူ့ညီကတော့ အင်ဂျင်နီယာ ဖြစ်ပါတယ်။ နိုင်ငံရေး လှုပ်ရှားမှုထဲမှာ ပါခဲ့တယ်လို့ မသိရပါ။ ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ် ကာလမှာ သူ့အိမ်ရဲ့ ကြံ့ခိုင်ရေး ယိုယွင်းလာပါတယ်။ အခြေအနေက တင်းမာဆဲ ဖြစ်နေတော့ သူ့အိမ်ကို ပြင်ဖို့ ဘယ်သူမှ မလာရဲကြပါ။ ကျွန်တော့်အထင် ကိုဟံသာမြင့်ရဲ့ တိုက်တွန်းချက်ကြောင့် ထင်ပါတယ် ကိုခွန်သာမြင့်က ဒေါ်စုရဲ့အိမ် မွမ်းမံ ပြင်ဆင်ရေးအတွက် တာဝန်ယူဖို့ သဘောတူလိုက်ပါတယ်။ ထောက်လှမ်းရေးရဲ့ သဘောတူညီချက်လည်း လိုအပ်တယ် ထင်ပါတယ်။

ကိုခွန်သာက အိမ်မွမ်းမံရေးတွေ လုပ်ရင်းနဲ့ ဒေါ်စုရဲ့ ဆက်သား တာဝန်လည်း လုပ်ရတယ် ထင်ပါတယ်။ ကျွန်တော် ထောင်က လွတ်တော့ သူနဲ့ နာယကကြီး ဦးတင်ဦးအိမ်မှာ ဆုံမိကြပါတယ်။ အဲဒီအချိန်မှာ သူ့နောက်က ထောက်လှမ်းရေး မော်တော်ဆိုင်ကယ် လိုက်နေပါပြီ။ ဘယ်သူမှ ဘာမှ မလုပ်ရဲတဲ့ အချိန်မှာ ဒေါ်စုအတွက် လုပ်ကိုင်ပေးမယ့် လူတစ်ယောက် ပေါ်လာတော့ ဝမ်းသာမိပါတယ်။

ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်က လွတ်တော့ သူဟာ ဒေါ်စုရဲ့ အနီးကပ် ပုဂ္ဂိုလ် ဖြစ်လာခဲ့ပါတယ်။ အရင်က ကျွန်တော် လုပ်ခဲ့ဖူးတဲ့ အလုပ်တွေ သူ လိုက်ပါဆောင်ရွက်နေတာ တွေ့လို့ ဒါတွေဟာ ဒေါ်စု နိုင်းလို့ လုပ်နေတာပဲလို့ ယူဆခဲ့ပါတယ်။

ကျွန်တော်ကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အိမ်ကို သွားစရာ မလိုတော့တဲ့အတွက် ရွှေဂုံတိုင် ရုံးချုပ်မှာပဲ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နာမည်နဲ့ လာတဲ့ စာတွေကို ဒိုင်ခံဖွင့်ဖတ်ပြီး ဒေါ်စုဆီကို စုစည်း တင်ပြခဲ့ပါတယ်။ ဒီအလုပ်နဲ့ပဲ အလုပ်ထဲမှာ နစ်ပြီး ရုံးအုပ်ကြီး ပုံစံနဲ့ အချိန်ကုန်နေခဲ့တာပါ။

## ကြားဖြတ် ရွေးကောက်ပွဲနဲ့ ဒေါ်အောင်ဆန်းစုကြည်

သူကိုယ်တိုင်ကလည်း ရန်ကုန်တိုင်း ကော့မှူး မြို့နယ်က လစ်လပ်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် နေရာကို ဝင်ပြိုင်ဖို့ အမည်စာရင်း သွင်းခဲ့ပြီးပါပြီ။ အလားတူပဲ ကြားဖြတ် ရွေးကောက်ပွဲဝင်မယ့် တချို့ မြို့နယ်တွေကိုလည်း သူကိုယ်တိုင် သွားရောက်ပြီး စည်းရုံး ဟောပြောပေးမယ်လို့ ကြေညာထားပါတယ်။ သူ လာမယ့်ထဲမှာ ကျွန်တော့်ရဲ့ မိတ္ထီလာလည်း ပါတော့ ဝမ်းသာရပါတယ်။

မိတ္ထီလာကို လာရာမှာ အမရပူရ (ဒေါက်တာ ဇော်မြင့်မောင်)၊ တံတားဦး (ခင်သန္တာ) မိတ္ထီလာနဲ့ နေပြည်တော် မြို့နယ်များကို တစ်ဆက်တည်း သွားမယ့် အစီအစဉ် ရှိပါတယ်။ နေပြည်တော်မှာတော့ သိတဲ့ အတိုင်း ဖြိုးဇေယျာသော်၊ ကိုမင်းသူ၊ စန္ဒာမင်းနဲ့ ကိုနိုင်ငံလင်းတို့ ဖြစ်ကြပါတယ်။

## နေပြည်တော်က ကိုယ်စားလှယ်လောင်းများ

ကြားဖြတ် ရွေးကောက်ပွဲ ဝင်မယ်လို့ ဆုံးဖြတ်ပြီးတဲ့ နောက်ပိုင်းမှာ ကျွန်တော်ဟာ ဗဟို အောင်နိုင်ရေး အဖွဲ့ဝင် တစ်ယောက် ဖြစ်လာခဲ့တဲ့အတွက် ရွေးကောက်ပွဲ ဝင်မယ့် ကိုယ်စားလှယ်များ ရွေးချယ်ရေးနဲ့ ပတ်သက်လို့ စဉ်းစား ဆုံးဖြတ်ပုံတွေကို သိနေပါတယ်။ အဲဒီထဲမှာ အထူးခြားဆုံးက နေပြည်တော်မှာ လစ်လပ်တဲ့ ကိုယ်စားလှယ် နေရာများကို ရွေးချယ်ရတဲ့ ကိစ္စပါ။

ကျွန်တော်တို့ တော်တော် ငြင်းကြ၊ ခုန်ကြ၊ ခေါင်းစားကြရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နေပြည်တော်

ဆိုတာဟာ ပြည်နိုင်ဖြိုးရဲ့ အခြေခံ ဒေသ၊ လစ်လပ်သွားတဲ့ နေရာကလည်း ပြည်ထောင်စု ရာထူးတွေကို ရောက်သွားကြတဲ့ ဗိုလ်ချုပ်ကြီးများရဲ့ နေရာ။ နောက်လာမယ့် သူတို့ရဲ့ ကိုယ်စားလှယ်လောင်းတွေဟာလည်း တပ်မတော် ခေါင်းဆောင်ပိုင်းက သူတွေပဲ ဖြစ်မှာ။

အဲဒီတော့ ဘာလုပ်ကြမလဲလို့ စဉ်းစားပြီး အဖြေရှာခဲ့ရပါတယ်။ နေပြည်တော်မှာ ဘယ်သူပဲ ဝင်ပြိုင်ပြိုင် နိုင်ဖို့က အလားအလာ နည်းတဲ့ အချက်ပါ။ ဒါကြောင့် ဝင်ပြိုင်ရင် အတွေ့အကြုံ ရမယ်၊ နိုင်ချင်မှလည်း နိုင်မယ်၊ ရှုံးရင်လည်း ခံနိုင်ရည် ရှိနိုင်မယ်လို့ ယူဆရတဲ့ လူငယ်တွေကို ရွေးချယ် ယှဉ်ပြိုင်စေမယ်လို့ သဘောတူကြပါတယ်။

ဒါကြောင့် သင့်လျော်တဲ့ လူငယ်တွေကို ဖော်ထုတ်တဲ့အခါမှာ ကိုမင်းသူ (နေပြည်တော် စည်ပင် ကော်မတီဝင်)၊ နိုင်ငံလင်း (ရန်ကုန်တိုင်း အစိုးရ ဝန်ကြီး)၊ ဖြိုးဇေယျာသော် (နေပြည်တော် မြို့နယ် တစ်ခုမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်) နဲ့ စန္ဒာမင်း (ရန်ကုန်တိုင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်) တို့ကို ဝင်ရောက် ယှဉ်ပြိုင်စေဖို့ ဆုံးဖြတ်ကြပါတယ်။

သူတို့ကိုယ်တိုင်ကလည်း ဝင်ပြိုင်ဖို့ ရဲရဲဝံ့ဝံ့ လက်ခံခဲ့ပါတယ်။ တကယ်တော့ သူတို့ လေးယောက်စလုံး ဘယ်သူမှ နေပြည်တော်ကို မရောက်ခဲ့ဘူးပါ။ စန္ဒာမင်းကတော့ စီးပွားရေး လုပ်ငန်း တောင့်တင်းတဲ့ အတွက်ကြောင့် ပြဿနာ မရှိပါ။ ဖြိုးဇေယျာသော်ကတော့ မိဘ အသိုင်းအဝိုင်း ကောင်းလို့ ခက်ခဲမှုနည်းမှာ ဖြစ်ပေမဲ့ ကိုမင်းသူနဲ့ နိုင်ငံလင်းတို့ကတော့ ပိုက်ဆံလည်း မရှိ၊ နေပြည်တော်မှာ နေစရာလည်း မရှိတဲ့ သူတွေပါ။ ဒါပေမဲ့ ယုံကြည်ချက် တစ်ခုတည်းနဲ့ ဝင်ပါကြတာပါ။

## ကိုခွန်သာမြင့်ရဲ့ ခရီးစဉ်များ

ကိုခွန်သာမြင့်ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စည်းရုံးရေး ခရီးစဉ် မလုပ်မီ သူကိုယ်တိုင် တစ်ပတ်လှည့်ပါတယ်။ အမရပူရကနေ နေပြည်တော်ထိပေါ့။ ဒေါ်စု လာရင် လူထု ဟောပြောပွဲ လုပ်ဖို့ မိတ္ထီလာမြို့ မြောက်ဘက် ထီးသုံးဆင့် ဘုရားနားက ကွင်းကို ရွေးချယ်လိုက်ပါတယ်။ မြို့နယ် ထွေ/အုပ်၊ မြို့နယ် ကော်မရှင်နဲ့ ဘုရားဂေါပက အဖွဲ့တွေနဲ့ ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်း ရက်ပေါင်းများစွာ ဆွေးနွေးပြီးမှ ခွင့်ပြုချက်ရခဲ့ပါတယ်။

ကိုခွန်သာ လာတဲ့အခါ ကျွန်တော်က ဟောပြောပွဲ လုပ်မယ့်နေရာကို လိုက်ပြပါတယ်။ ဟောပြောပွဲ လုပ်မယ့် စင်မြင့် အနေအထား၊ လုံခြုံရေး အစီအစဉ်တွေ ရှင်းပြပါတယ်။ သူက သေချာ နားထောင်ပြီးတော့ မဏ္ဍပ် စင်မြင့် ဆောက်မယ့် ကိစ္စကို ပြောင်းပြန် ဆုံးဖြတ်လိုက်ပါတယ်။ သူပြောတဲ့အတိုင်း ဆောက်မယ်ဆိုရင် ဒေါ်စု ဟောပြောနေတဲ့ အချိန်မှာ နေက သူ့ကို တိုက်ရိုက် ထိုးနေမှာပါ။

ဒီထက် ပိုဆိုးတာက သူ ပြောတဲ့အတိုင်းသာ စင်မြင့်ဆောက်ရင် လုံခြုံရေး အစီအစဉ်တွေ အများကြီး ကမောက်ကမ ဖြစ်သွားမှာပါ။ ဒါပေမဲ့ ကျွန်တော် သူ့ကို ဘာမှ ပြန်မငြင်းတော့ပါဘူး။ ဒါပေမဲ့ တကယ် လုပ်တဲ့ အခါကျတော့ အကောင်းဆုံးလို့ ကျွန်တော် ယူဆတဲ့အတိုင်းပဲ ဆက်လုပ်ပြီး ကိုခွန်သာရဲ့ ဆုံးဖြတ်ချက်ကို မလိုက်နာခဲ့ပါဘူး။ အဲဒီအတွက် သူက ကျွန်တော့်ကို တစ်မျိုး ပညာပြခဲ့ပါတယ်။

## ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဟောပြောပွဲ

၂၀၁၂ ခုနှစ်၊ မတ်လဆန်းလောက်မှာ ဒေါ်အောင်ဆန်းစုကြည် မိတ္ထီလာကို ရောက်လာပါပြီ။ သူ့နောက်ကလည်း

ရေတွက်လို့ မရလောက်တဲ့ ကားတန်းကြီးတွေလည်း ပါလာပါတယ်။ မနက် ၁၀ နာရီလောက်မှာပါ။ ထုံးစံအတိုင်း လူတွေကလည်း ကြက်ပျံမကျလို့ ဆိုရမှာပါ။ လူအုပ်ကြားထဲ ခက်ခက်ခဲခဲ တိုးပြီး စင်မြင့်ပေါ် ရောက်တဲ့အခါ ဒေါ်အောင်ဆန်းစုကြည်က အလယ်မှာ နေရာယူပြီး ဒေါက်တာ သိန်းလွင်နဲ့ ကျွန်တော်က ဘေးတစ်ဖက်တစ်ချက်မှာပါ။ ဒေါ်စုနဲ့ ပါလာတဲ့ လူငယ်တွေနဲ့ မိတ္ထီလာက စည်းရုံးထားတဲ့ လူငယ် လေး-ငါးဆယ်တို့က စေ့စပ်အောင် စီစဉ်ထားပါတယ်။

ဒေါ်စုက ကျွန်တော့်အတွက် စည်းရုံးရေး လာတာဖြစ်လို့ ကျွန်တော့်ရဲ့ ဂုဏ်ပုဒ်တွေကို ဝေဝေဆာဆာ မွမ်းပြပါတယ်။ ဒေါက်တာ သိန်းလွင် အကြောင်းလည်း ချီးကျူးစကား ပြောခဲ့ပါတယ်။ သူ ပြောတဲ့ မိန့်ခွန်းထဲမှာ ကျွန်တော် မှတ်သားမိသလောက်ကတော့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ထွန်းကားဖို့ ကြိုးစားကြရာမှာ (၁) လုပ်ချင်တဲ့ ဆန္ဒကို အမြဲ ဦးစားပေးပြီး ဆောင်ရွက်ရမယ်၊ (၂) ဝီရိယကို မလျှော့ဘဲ အမြဲတမ်း ကြိုးစား ဆောင်ရွက်ရမယ်၊ (၃) စိတ်ဓာတ်ကို အမြဲတမ်း မြင့်မားနေအောင် ထိန်းသိမ်း ဆောင်ရွက်ရမယ်၊ (၄) ရည်မှန်းချက် အောင်မြင်စေဖို့ ပညာဉာဏ်နဲ့ ဆင်ခြင် လုပ်ဆောင်ကြရမယ်တို့ ဖြစ်ပါတယ်။ ကျွန်တော်က သူ့မိန့်ခွန်းကို နားထောင်ရင်းနဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးရဲ့ "အဓိပတိ ပစ္စယော" ကို သွားသတိရမိပါတယ်။

ပရိသတ်များကလည်း သောင်းသောင်းဖျဖျ အားပေးကြပါတယ်။ ဟောပြောပွဲမှာ ကျွန်တော်တို့ စကား မပြောကြပါဘူး။ ဒေါ်စု ပြောပြီးတာနဲ့ ပြီးပါပြီ။ သူက နေပြည်တော် ဆက်သွားပြီး ဟောရပြောရဦးမှာပါ။ ဒါပေမဲ့ ကျွန်တော့်ကို ထောက်ခံတဲ့ မြို့မိမြို့ဖတွေကိုတော့ မြို့ထဲက ဟိုတယ် တစ်ခုမှာ စောင့်ခိုင်းပြီး နေ့လယ်စာနဲ့ တည်ခင်း ဧည့်ခံဖို့ လုပ်ထားပါတယ်။ ပြီးမှ ကျောက်ပန်းတောင်းလမ်းက ထွက်ဖို့ စီစဉ်ထားတာပါ။ အဲဒီလမ်း တစ်လျှောက်မှာလည်း ကျောင်းတွေ တက္ကသိုလ်တွေ ရှိလို့မို့ မြို့သူမြို့သားတွေနဲ့ ကျောင်းသား လူငယ်တွေကို လည်း အသိပေး တပ်လှန့်ထားခဲ့ပါတယ်။ ဒီအစီအစဉ်တွေ အားလုံးကို ကိုခွန်သာ လာစဉ်ကတည်းက အသိ ပေးထားပြီးသားပါ။

## ကိုခွန်သာ ညစ်ပြီ

ဟောပြောပွဲလည်း ပြီးရော ကျွန်တော်က ဒေါ်အောင်ဆန်းစုကြည်ကို နေ့လယ်စာစားဖို့ မြို့မိမြို့ဖတွေနဲ့ စီစဉ်ထားကြောင်း ပြောတဲ့အခါ ကိုခွန်သာက "အချိန်မရှိဘူး.... အချိန်မရှိဘူး၊ ပြန်ထွက်မယ်၊ နောက်တစ်နေရာမှာ ချိန်းထားသေးတယ် ပြန်ထွက်မယ်၊ နောက်ကျလိမ့်မယ်" လို့ လောဆော်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမူအကျင့်က သူ တစ်စုံတစ်ယောက်ကို တာဝန် ပေးထားရင် အဲဒီလူ စီစဉ်တဲ့အတိုင်း တစ်သဝေမတိမ်း လိုက်နာလေ့ရှိပါတယ်။

အဲဒီအခါမှာ ဒေါ်အောင်ဆန်းစုကြည်က "ဒါဖြင့်လည်း သွားကြစို့လေ" လို့ တစ်ခွန်းတည်း ပြောပြီး ခရီး ဆက်ဖို့ ပြင်ဆင်ပါတယ်။ အဲဒီအခါမှာ ကိုခွန်သာက သူနဲ့ ပါတဲ့ လုံခြုံရေး အဖွဲ့ကို အသင့် ပြင်ဆင်ခိုင်းပြီး ကားပေါ် တက်စေပါတယ်။ ပြီးတော့ ကားတန်းကြီးနဲ့ ထွက်ခွာသွားပါတော့တယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ကလည်း သူ့ကားတန်းနောက်က တစ်ရှိန်ထိုး လိုက်သွားပြီး သူတို့ ယာဉ်တန်း အမြန်လမ်း ရောက်တဲ့အထိ လိုက်ပို့ဖို့ လိုက်သွားပါတယ်။ ကျွန်တော်တို့ အနေအထားက ကျွန်တော်တို့ကို တရွတ်ဆွဲ ခေါ်သွားသလို ခံစား ရပါတယ်။

အမြန်လမ်း မရောက်ခင် လမ်းတစ်ဝက်လောက် ရောက်တော့ ကိုခွန်သာဆီက မက်ဆေ့ လာပါတယ်။ "နေ့လယ်စာ ဘယ်မှာ စားရင် ကောင်းမလဲ" ပါတဲ့။ လုပ်ပုံသင်းလိုက်တာလို့ စိတ်ထဲကပဲ မှတ်ချက်ချလိုက်ပါ

တယ်။ နေ့လယ်စာ စားဖို့၊ လူထုနဲ့ တွေ့ဖို့ စီစဉ်ထားတာတွေ အကုန် လျစ်လျူရှု ပြီးတော့ ဘယ်သူမှ မရှိတဲ့ လာလမ်းအတိုင်း ပြန်ထွက်ခဲ့ကြတာလေ။ အဲဒီတော့ ကျွန်တော်ကပဲ စိတ်လျှော့ပြီးတော့ "ရှေ့လမ်းဆုံမှာ ရွှေအုန်းပင် ထမင်းဆိုင် ရှိတယ်၊ အားမနာတမ်း တည်းနိုင်တယ် စားနိုင်ပါတယ်" လို့ ပြန်ဖြေလိုက်ပါတယ်။

ကျွန်တော်က ကိုယ့်ဘာသာကိုယ် စီစဉ်ထားတဲ့ Walkie-talkie နဲ့ ရှေ့ဆုံးက ကားကို "ရွှေအုန်းပင် ဝင်မယ်၊ နားစရာ တစ်ခန်း လုပ်ထားပေးပါ၊ စားသမျှ အားလုံး တို့က တာဝန်ယူမယ် ဆိုတာ ပြောထားပေးပါ" ဆိုပြီး သတင်းပို့လိုက်ပါတယ်။ ဒေါ်စု ခရီးစဉ်မှာ လိုက်ပါလာတဲ့ ကားတွေဟာ အစီး သုံး-လေးဆယ်လောက် ရှိမှာပါ။ လူအရေအတွက်ကတော့ ရာနဲ့ချီ ရှိမှာပေါ့။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ။ ရန်ပုံငွေ များများစားစား မရှိပေမဲ့ ဆွေမျိုး မိတ်သင်္ဂဟတွေပဲ အားကိုးရမှာပေါ့။

"ရွှေအုန်းပင် ထမင်းဆိုင်" ဟာ မိတ္ထီလာမှာ အထင်ကရပါ။ ကျွန်တော့် မိသားစုနဲ့လည်း မိတ်ဆွေတွေပါ။ ကျွန်တော်တို့ ရောက်တဲ့အခါကျတော့ ထမင်းဆိုင်ရဲ့ အရှေ့ဘက်ခြမ်းမှာ VIP တွေ အတွက် သီးသန့် လုပ်ထားတဲ့ အခန်းတစ်ခု ရှိပါတယ်။ အဲဒီ အခန်းရောက်တော့ ဒေါ်စုက တံတားဦး အဖွဲ့က လူတွေအားလုံးကို တွေ့ချင်တယ်လို့ ပြောပါတယ်။ အဲဒီအဖွဲ့ထဲမှာ ကိုယ်စားလှယ်လောင်း၊ တံတားဦးမြို့သူ ခင်သန္တာ (ကျွန်တော် အခုမှ တွေ့ဖူးတာပါ) နဲ့ ဆရာကြီး (ဦး)ကိုလေး (အင်းဝ ဂုဏ်ရည်) တို့ ပါပါတယ်။

လက်စသတ်တော့ မနက်က ဒေါ်စု တံတားဦးကို ရောက်တဲ့အခါ လူတွေကလည်း မစုံသေးတဲ့ အပြင် ကိုယ်စားလှယ်လောင်းကလည်း ဘယ်ရောက်နေမှန်း မသိပါဘူးတဲ့။ အဲဒီလို ကိုးရိုးကားရား ဖြစ်ခဲ့တာတွေကို ဒေါ်စုက သူတို့တစ်ဖွဲ့လုံးကို ဆူပူ ကြိမ်းမောင်းနေတာပါ။ ကျွန်တော်ကလည်း ဒေါ်စုနဲ့ မြို့မိမြို့ဖ နေ့လယ်စာ စားတဲ့ အစီအစဉ် ပျက်တဲ့ကိစ္စနဲ့ မိတ္ထီလာ အနောက်ပိုင်းက ဆော်ဩထားတဲ့ လူကြီးလူငယ်တွေနဲ့ ဒေါ်စုနဲ့ လွဲတဲ့ ကိစ္စတွေကို မေ့ပြီး ကိုယ့်ခေါင်းဆောင်ရဲ့ခရီးစဉ်ကို ကိုးရိုးကားရားလုပ်တဲ့ တံတားဦးက ပုဂ္ဂိုလ်တွေကိုပဲ အံ့ဩနေမိပါတယ်။

အဲဒီနေ့ကတော့ ကျွန်တော်ဟာ နေ့လယ်စာ စားလိုက်ရတယ် မထင်ပါဘူး။ မြို့ထဲက ဟိုတယ်ကို သွားပြီး မြို့မိမြို့ဖကို သွားတောင်းပန်ရပါတယ်။ နောက်ပိုင်းတော့ ကိုစွန်သာဟာ ကျွန်တော် မသိတဲ့ ပြဿနာ တွေ ဖြစ်ခဲ့ပြီး ဒေါ်စုနားက ထွက်ခွာသွားရပါတယ်။ သူ ကျွန်တော့်ကို ပညာခန်းပြပြီး အစီအစဉ်တွေ ကိုးရိုးကားရား ဖြစ်အောင် လုပ်ခဲ့တဲ့ ကိစ္စတွေ အားလုံးကို ယနေ့အထိ ဒေါ်အောင်ဆန်းစုကြည်ကို မပြောခဲ့ပါ။

## မန္တလေးက ခွပ်ဒေါင်းယာဉ်

ရွေးကောက်ပွဲ မတိုင်ခင် နှစ်ပတ်လောက် အလိုမှာ နာယကကြီး ဦးသိန်းတန်က ကျွန်တော့်ကို ဖုန်းဆက်ပါ တယ်။ သူတို့ အမရပူရမြို့၊ တံတားဦး၊ မိတ္ထီလာနဲ့ နေပြည်တော်တွေကို စည်းရုံးရေး ဆင်းဖို့ သင်္ကြန် အလှပြ ကားတွေလို ဆင်ထားတဲ့ ခွပ်ဒေါင်းယာဉ် တစ်စီး မိတ္ထီလာကို လာချင်တယ်၊ စားစရိတ်နဲ့ ဓာတ်ဆီဖိုး ပေးမလား လို့ မေးတဲ့အခါ၊ လာခဲ့ပေါ့ ဘယ်လောက်ကျမလဲလို့ မေးလိုက်ပါတယ်။ သူက ငါးသိန်းလို့ ပြောတဲ့အခါ ရတယ် လာသာလာခဲ့လို့ သဘောတူလိုက်ပါတယ်။

နောက်တစ်နေ့ ခွပ်ဒေါင်းယာဉ်ကြီး ရောက်လာပါတယ်။ ဦးသိန်းတန်လည်း ပါပါတယ်။ သူ စည်းရုံး ထားတဲ့ အဆိုအဖွဲ့ အကအဖွဲ့တွေလည်း ပါပါတယ်။ သူတို့အဖွဲ့က မြို့ပေါ်အနှံ့ ဆိုလိုက်ကြ၊ ကလိုက်ကြနဲ့ အင်မတန် လူစည်တဲ့ပွဲ ဖြစ်လာခဲ့ပါတယ်။ သူတို့အဖွဲ့ တစ်နေ့လုံး၊ တစ်ညလုံး မမောနိုင်အောင် ဖျော်ဖြေကြ ပါတယ်။ အနီးအနားက ရွာတွေထိပါ ရောက်ခဲ့ကြပါတယ်။ အင်မတန် ထိရောက်ပါတယ်။ ဒါ့ကြောင့် သူတို့

ကျောက်ပန်းတောင်းကို ထွက်ခွာသွားတော့ ကုန်ကျစရိတ် ငါးသိန်း ဦးသိန်းတန်ကို ကြည်ကြည်ဖြူဖြူ ပေးလိုက်ပါတယ်။

သူတို့ ကျောက်ပန်းတောင်းမှာ ဖြေဖျော်ပြီးတဲ့အခါ နေပြည်တော်ကို ဆက်သွားကြပါတယ်။ နေပြည်တော် ဝင်ခွင့် မရကြပါဘူး။ အဖမ်းခံရမယ့် အနေအထား ရောက်ခဲ့ရလို့ သူတို့ မန္တလေးကို ပြန်လှည့်လာခဲ့ရပါတယ်။ ရွေးကောက်ပွဲတွေ ပြီးလို့ စာရင်းတွေ ချုပ်ပြီးခါမှ တစ်ချိန်မှာ ဦးသိန်းတန်နဲ့ ပြန်တွေ့ပါတယ်။ သူ့ရဲ့ ခွပ်ဒေါင်းယာဉ်ကြီး အကြောင်း စကားစပ်မိတော့ သူက "ကျုပ်ဗျာ... အဲဒီ ခရီးစဉ်မှာ ပိုက်ဆံ ငါးသိန်း ပေးတာ ခင်ဗျား တစ်ယောက်ပဲ ရှိတယ်၊ ကျန်တဲ့သူတွေ ဘယ်သူမှ မပေးဘူးဗျ၊ ဆိုးလိုက်တဲ့အဖြစ်" လို့ ပြောတော့ ကျွန်တော်ကလည်း "အဲဒီလိုမှန်း သိရင် ကျုပ်လည်း မပေးပါဘူးဗျာ" လို့ ပြောလိုက်ပါတယ်။

## ကြားဖြတ် ရွေးကောက်ပွဲနေ့

၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ဟာ ကြားဖြတ် ရွေးကောက်ပွဲနေ့ပါ။ အရင် သုံးလလုံးလုံး စည်းရုံးရေး ခရီးတွေ ထွက်ပြီးပြီ ဆိုတော့ ကျွန်တော် လုပ်ရမယ့် အလုပ်တွေ လုပ်ခဲ့ပြီလို့ ခံစားရပါတယ်။ စိတ်ကိုလည်း တုံးတုံးချ ထားပြီးပါပြီ။ ကျွန်တော့်ရဲ့ နာမည်ကိုလည်း ညီမ မနုနုရဲ့ မိသားစု ပုံစံ ၁၀ ထဲမှာလည်း ထည့်ပြီးဖြစ်လို့မို့ ပြည်သာယာ ရပ်ကွက် ခြောက်လမ်းက မဲရုံမှာ ညီမ၊ ယောက်ဖနဲ့ သားသမီးများတို့နဲ့ အတူ ပျော်ပျော်ပါးပါး မဲသွားပေးကြပြီး နေ့ခင်း တစ်နေ့ခင်းလုံး နားနေခဲ့ပါတယ်။

ညနေ လေးနာရီလောက်ကျမှ စုပေါင်းရုံးကို သွားပြီး မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်ရုံးမှာ လူစုကြပါတယ်။ တရားဝင် မဲရုံပိတ်ချိန်က ညနေ ငါးနာရီမို့ မဲရေတွက်ခြင်း အစီအစဉ်ကို ငါးနာရီကျမှ စလုပ်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြို့ပေါ် ရပ်ကွက်အချို့နဲ့ မြို့နဲ့နီးတဲ့ ရွာတွေက မဲပုံးတွေက ရောက်နေနှင့်ကြပါပြီ။ တပ်ရင်း တပ်ဖွဲ့အသီးသီးရဲ့ မဲပုံးတွေက အစောဆုံး ရောက်နေနှင့်ကြတာပါ။ သူတို့ မဲရုံတွေမှာက မနက် ၁၀ နာရီလောက်ဆို အားလုံးပြီး ကုန်ကြပြီလေ။

## မဲတွေ စတင် ရေတွက်ပါပြီ

တပ်မတော် မဲပုံးတွေကို စတင် ရေတွက်ပါတယ်။ မိတ္ထီလာမြို့မှာ တပ်ရင်း တပ်ဖွဲ့ပေါင်း ၂၁ ဖွဲ့ ရှိပါတယ်။ လေတပ်မှာက သုံး-လေးတပ်၊ အမြောက်နဲ့ သံချပ်ကာက သုံး-လေးတပ်၊ ခြေလျင်တပ်နဲ့ လေ့ကျင့်ရေးတပ်က သုံး-လေးတပ်၊ ထောက်/ပို့၊ ဂျီအီးနဲ့ ဘီအီး တပ်ဆွယ် ဆိုတာတွေကလည်း ရှိသေးတယ်။ ကျွန်တော်ကတော့ ကြားဖူးနားဝရှိလို့ သူတို့ရဲ့ မဲတွေကို အားကိုးတဲ့စိတ် မထားပါဘူး။

မဲပုံးတွေကို စားပွဲပေါ်တင်ပြီး မဲကို နှိုက်တဲ့သူက နှိုက်၊ ဖတ်တဲ့သူက ဖတ်၊ မှတ်တဲ့လူက မှတ်ပေါ့။ ကျွန်တော်ကတော့ နံရံနားမှာ ကပ်နေတဲ့ ကုလားထိုင်မှာ ထိုင်၊ နံရံကို ခေါင်းမှီပြီး နားထောင်နေပါတယ်။ ပြည်နိုင်ငံ ကိုယ်စားလှယ် နာမည်က ကိုလှမြင့်ပါ။ ကျွန်တော့်ညီတွေရဲ့ သူငယ်ချင်းလို့ သိရပါတယ်။ ဖတ်ပါပြီ "ဦးလှမြင့်၊ ဦးလှမြင့်၊ ဦးလှမြင့်" ဦးလှမြင့် ၁၀ ခါလောက် ရွတ်ပြီးမှ ကျွန်တော့် နာမည် "ဦးဝင်းထိန်" ဆိုတာ တစ်ခါလောက်ပဲ ကြားရပါတယ်။

မဲပုံး တစ်ပုံးပြီး တစ်ပုံး တပ်မတော်မဲတွေ ရေတဲ့အခါ ဦးလှမြင့် နာမည်တွေ ကြားရလွန်းလို့များလား မသိဘူး၊ လူက မျက်လုံးတွေ လေးလာပြီး အိပ်ပျော်သွားပါတယ်။ ငါးမိနစ် ဆယ်မိနစ်လောက် ဖြစ်ပါလိမ့်မယ်။ ကျွန်တော် ပြန်နိုးလာတော့လည်း ဦးလှမြင့် နာမည် ကြားနေရတုန်းပါ။ တပ်မတော် မဲပုံး အားလုံး ရေတွက်

ပြီးတဲ့အခါ ကျွန်တော်ဟာ မဲစုစုပေါင်းရဲ့ ၂၀ ရာနှုန်းလောက်ပဲ ရခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော့်ကို အကွက်ချောင်းနေတဲ့ မီဒီယာသမား တချို့အတွက် အကွက်ဝင်သွားပြီပေါ့။ ဘယ်လို အကွက်ဝင်သွားပြီလည်း ဆိုတော့ တပ်မတော်မဲတွေကို ကျွန်တော် မရဘဲ ရှုံးတာကို တစ်မြို့နယ်လုံး မဲစာရင်း ပုံစံမျိုးနဲ့ ရောချပြီး မိတ္ထီလာမှာ ဦးဝင်းထိန် ရှုံးပြီဆိုပြီး သတင်းပို့ကြပါတယ်။

## ဦးဝင်းထိန် ရှုံးပြီ

ကျွန်တော့်ကိုယ်က နမော်နမဲ့နိုင်တာပါ။ ရွေးကောက်ပွဲ မဲဆွယ်တဲ့ ကာလတစ်ခုလုံး သူတို့နဲ့ မတွေ့ဖြစ်ခဲ့ပါဘူး။ မရင်းနှီးခဲ့ပါဘူး။ အထူးသဖြင့် ပြည်ခိုင်ဖြိုး ကိုယ်စားလှယ်လောင်းများရဲ့ အလိုကျ လုပ်တဲ့ မီဒီယာတွေ ရှိနေတာကိုလည်း သတိမပြုမိပါဘူး။ တပ်မတော်မဲတွေ အဲဒီလို အပြတ်အသတ် ကွာတဲ့ သတင်းပျံ့နှံ့သွားတော့ ပြည်ပ သတင်းဌာနတစ်ခုက "မိတ္ထီလာ မဲဆန္ဒနယ်မှာ ဦးဝင်းထိန် ရှုံးပြီ" ဆိုပြီး ကြေညာလိုက်ပါတယ်။ အဲဒီလို သတင်းကြေညာကြောင်းကို ကျွန်တော့်ကိုလည်း လာပြောကြပါတယ်။

အဲဒီသတင်း ကြေညာပြီး နာရီဝက်လောက်အတွင်းမှာ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်ရုံး ရှိတဲ့ စုပေါင်းရုံးရှေ့ ကွက်လပ်ကို မော်တော်ဆိုင်ကယ်တွေ ရောက်လာကြပါတယ်။ အစီးရေ ရာဂဏန်းလောက် ရှိမယ် ထင်ပါတယ်။ ရိုးရိုးလာကြတာ မဟုတ်ပါဘူး။ "ဦးဝင်းထိန် ရှုံးတယ်ဆိုတာ မယုံဘူး၊ လက်မခံဘူး" လို့လည်း အော်ဟစ်နေကြပါတယ်။ အဲဒီလို ဆူဆူညံညံ ကြားတဲ့အခါမှာ ကော်မရှင်လူကြီးတွေက အခြေအနေ ထိန်းသိမ်းပေးဖို့ ကျွန်တော့်ကို မေတ္တာရပ်ခံလာကြပါတယ်။ ဒါကြောင့် ရုံးပေါ် ဝရန်တာက ထွက်ပြီး "ကိုယ့်လူတို့ အေးအေးဆေးဆေး၊ ငြိမ်ငြိမ်သက်သက်ပဲ နေပေးကြပါ။ မဲတွေ အကုန် မရေရသေးပါဘူး။ ရွာတွေက မဲပုံးတွေလည်း မစုံသေးပါဘူး။ မဲရေတွက်တာတွေ အားလုံး သန်းခေါင်ကျော်လောက်မှ ပြီးမှာမို့ အားလုံး စိတ်ရှည် သည်းခံကြပါ" လို့ အကြိမ်ကြိမ် အော်ပြောရပါတယ်။ အဲဒီလို လုပ်မှ အေးဆေး ငြိမ်သက်သွားလို့ ကျွန်တော်လည်း ရုံးထဲပြန်ဝင်ခဲ့ပါတယ်။

## ကျန်တဲ့ မဲပုံးတွေ ရေတွက်ပြီ

တပ်ရင်း တပ်ဖွဲ့က မဲပုံးတွေ ရေတွက်တာက သိပ်မကြာလိုက်ပါဘူး။ အဲဒီပုံးတွေက မဲတွေကို စာရင်းချုပ်ပြီးမှ ရောက်လာတဲ့ မဲပုံးတွေ ဖောက်ပြီးတော့ မဲတွေ စတင် ရေတွက်ပါတယ်။ အဲဒီအခါကျမှ လူနာမည် စာရင်း ကြေညာတဲ့အခါ "ဦးဝင်းထိန်၊ ဦးလှမြင့်၊ ဦးလှမြင့်" ဆိုတာမျိုး၊ "ဦးဝင်းထိန်၊ ဦးဝင်းထိန်၊ ဦးဝင်းထိန်၊ ဦးလှမြင့်" ဆိုတာမျိုး ကြားလာရပါတယ်။ ရွာမဲပုံး အချို့မှာလည်း ဦးလှမြင့်က အားကောင်းတာ သတိထားမိပါတယ်။ အချုပ်ဆိုရရင် ရွာမဲရုံ အားလုံးက မဲပုံးတွေကို ရေတဲ့အခါ ဦးလှမြင့် ရတဲ့ မဲအရေအတွက်က ကျွန်တော် ရတဲ့ မဲထက် မဆိုသလောက် များနေခဲ့ပါတယ်။

မြို့ပေါ် မဲပုံးတွေ ရေတွက်တော့မှ ကျွန်တော့်မဲ အရေအတွက်ဟာ ဦးလှမြင့်ရဲ့ မဲအရေအတွက်ထက် ကျော်သွားတာပါ။ မဲတွေ စုစုပေါင်း ရေပြီးတဲ့အခါမှာ ကျွန်တော် အနိုင်ရတယ် ဆိုတဲ့ စာရင်း ချုပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ တခြားမြို့နယ်တွေက မဲရုံတွေမှာလို အပြတ်အသတ် မဲမကွာခဲ့ပါ ဘူး။ ၁၀ ရာနှုန်းကျော်ကျော်လောက်ပဲ အသာစီး ရခဲ့ပါတယ်။ မဲစာရင်းတွေ အားလုံး ချုပ်ပြီးတဲ့ အချိန်မှာ ညသန်းခေါင်လောက် ရှိပါပြီ။ ရတဲ့ စာရင်း ချုပ်ရဲ့ အဖြေကို အပြင်မှာစောင့်နေတဲ့ ကျွန်တော့် အဖွဲ့သားတွေကို အပေါ်ကနေ လှမ်းအော် ပြောရပါတယ်။ အဲဒီအခါကျမှပဲ မော်တော်ဆိုင်ကယ် တပ်ဖွဲ့ကြီးက ကျေနပ်စွာနဲ့ ပြန်လည် ထွက်ခွာသွားပါတော့တယ်။

ကျွန်တော် အထက်မှာ ရေးပြခဲ့သလို မြို့ပေါ်က မဲတွေနဲ့ ကျွန်တော် အနိုင်ရခဲ့တယ် ဆိုရာမှာ ရွာက မဲတွေနဲ့ တပ်မတော်မဲတွေ ရေတွက်ရာမှာ ကျွန်တော် ရှုံးတယ်ဆိုတာ ပေါ်လွင်ပါတယ်။ တပ်မတော်က မဲတွေ မရတာတော့ ထားလိုက်ပါတော့။ ရွာက မဲတွေမှာ ကျွန်တော် ရှုံးတယ်ဆိုတဲ့ ကိစ္စက မြင့်မြင့်အေးနဲ့ ပတ်သက် နိုင်ပါတယ်။ သူက တစ်သီးပုဂ္ဂလ အနေနဲ့ ရွေးကောက်ပွဲ ဝင်ခဲ့တာပါ။ လူ့ပုဂ္ဂိုလ်ရေးအရ သော်လည်းကောင်း၊ စီးပွားရေး အဆက်သွယ်ကြောင့် သော်လည်းကောင်း မြင့်မြင့်အေးကို လိုလားတဲ့ ရွာအချို့ ရှိပါတယ်။ အဲဒီ နေရာတွေမှာ ကျွန်တော် ရှုံးနိုင်ပါတယ်။ အဲဒါအပြင် ပြည်ခိုင်ဖြိုး အမတ် လေးယောက်ရဲ့ အားသာမှုကြောင့် လည်း ရွာမဲတွေကို ကျွန်တော် မရခဲ့တာ ဖြစ်နိုင်ပါတယ်။

## နိုင်ပြီဆိုပေမဲ့ စိတ်မချရသေးပါ

ကျွန်တော်လည်း ကျေနပ်အားရပြီး အိမ်ကို ပြန်ပါတော့တယ်။ အိမ်ပြန်ရောက်တော့မှ ရန်ကုန် ရုံးချုပ်ကို သတင်းပို့ပါတယ်။ ရုံးချုပ်က (ဘယ်သူလဲ ဆိုတာတော့ မမှတ်မိတော့ပါဘူး) ကျွန်တော့် မဲစာရင်း ချုပ်တာကို လက်မှတ်ထိုး အတည်ပြုပြီးပြီလားလို့ မေးပါတယ်။ ကျွန်တော်က ယေဘုယျ စာရင်းချုပ်တော့ သိပြီးပြီ၊ လက် မှတ်တော့ မထိုးရသေးဘူးလို့ ပြောတဲ့အခါ သူက ဒါဆို စိတ်မချရသေးဘူး၊ မြို့နယ် ကော်မရှင်ရုံးမှာ သွားပြီး စောင့်၊ စာရင်းတွေ ချုပ်ပြီး လက်မှတ်ထိုးပြီးမှ အတည်ဖြစ်မှာ၊ ၂၀၁၀ ရွေးကောက်ပွဲတုန်းက ညမှာ နိုင်ပြီး မနက်မှာ ရှုံးသွားတဲ့ ကိုယ်စားလှယ်တွေ ရှိခဲ့ဖူးတယ်လို့ ပြောပါတယ်။

အဲဒီတော့မှ ကျွန်တော်လည်း စည်းရုံးရေး ခရီးစဉ် တစ်လျှောက်လုံး ကားလိုက်မောင်းပေးခဲ့တဲ့ တူတော်မောင် "အူဝါး" ကို နှိုးပြီး ကော်မရှင်ရုံးကို ပြန်သွားပါတယ်။ မနက် နှစ်နာရီလောက် ရှိပါပြီ။ ရုံး ရောက်တော့ ရုံးအဖွဲ့သားတွေ အလုပ်များဆဲပါ။ စာရင်းတွေ ချုပ်နေဆဲပါ။ အားလုံးပြီးတဲ့ အချိန်မှာကျတော့ မနက် လေးနာရီလောက် ရှိပါပြီ။ အဲဒီအခါကျမှ စာရင်းချုပ်ကို ကျွန်တော် လက်မှတ်ထိုးခဲ့ရပါတယ်။ အတည်ဖြစ်သွားပြီပေါ့။ တရားဝင် ကျွန်တော် အနိုင်ရပြီးတဲ့ အတွက်ကြောင့် ပြိုင်ဘက်ဖြစ်တဲ့ ပြည်ခိုင်ဖြိုးက ကိုယ်စားလှယ်လောင်း ဦးလှမြင့်ကို ဖုန်းဆက်လိုက်ပါတယ်။ နိုင်သူအနေနဲ့ ရှုံးသူကိုလည်း လေးစားကြောင်း ပြောချင်လို့ပါ။ ဒါပေမဲ့ သူ့အိမ်က တစ်ယောက်က (အိမ်ဖော်များ ဖြစ်မလား မသိဘူး) ဦးလှမြင့်တို့ မိသားစု ညသန်းခေါင်ကျော်လောက်ကပဲ ပုဂံ၊ ညောင်ဦးကို ဘုရားဖူးသွားတယ်လို့ ပြန်ဖြေပါတယ်။ ပွဲက ပြီးသွားပြီပေါ့။

ဒေါ်အောင်ဆန်းစုကြည် အသက် ၆၆ နှစ်ပြည့် မွေးနေ့ အတွက် ကျွန်တော်ရဲ့ ဆန္ဒ။




ကျွန်တော့်ကို ဝေဖန်တဲ့သူများ အပေါ် ကျွန်တော်ရဲ့ တုံ့ပြန်ချက်၊ "ပန်းနဲ့ ပေါက်တယ်လို့ပဲ ယူဆတယ်"။







နိုင်ငံရေး အခြေအနေများကို မင်းကိုနိုင်၊ ပွင့်လင်းလူ့အဖွဲ့အစည်းဝင်များနဲ့အတူ ဆွေးနွေးနေစဉ်။ မင်းကိုနိုင် နောက်တွင် ထိုင်နေသူမှာ အံ့ဘွယ်ကျော် ဖြစ်သည်။

ဦးဝင်းတင်နဲ့ ကျွန်တော်။

ကျွန်တော့်ရဲ့ မဲအရေအတွက် စာရင်းချုပ်ကို နောက်အပတ်ထဲမှာ မြို့နယ် ကော်မရှင်ရုံးက ရပါတယ်။ ကျေးရွာ စုစုပေါင်း မဲအရေအတွက်မှာ ကျွန်တော် ရှုံးပါတယ်။ တပ်မတော်မဲ ကျွန်တော် ရှုံးပါတယ်။ ကြိုတင်မဲနဲ့ မြို့ပေါ်မဲတွေမှာ ကျွန်တော်က အပြတ်အသတ် နိုင်ခဲ့ပါတယ်။ မြို့ပေါ်ရပ်ကွက်တွေကို ကျွန်တော် စည်းရုံးရေး မဆင်းနိုင်ခဲ့ပေမဲ့ ကျွန်တော် ကြိုတင် ခန့်မှန်းခဲ့တဲ့အတိုင်း နိုင်ငံရေးပါးဝတဲ့ မြို့လူထုဟာ ကျွန်တော့်ကို တစ်ခဲနက် မဲပေးခဲ့ကြောင်း သိရလို့ ဝမ်းသာမိပါတယ်။

## တပ်မတော်ထဲက မဲတွေ

တပ်မတော် တပ်ဖွဲ့တွေထဲမှာ ကျွန်တော်နဲ့ အမျိုးတော်တဲ့သူ တစ်ယောက်က တပ်မှူးပါ။ သူ့အဆက်အသွယ်နဲ့ အဲဒီတပ်မှာ ရောက်နေတဲ့ တချို့ကလည်း ကျွန်တော့် အမျိုးတွေပါ။ ဒါကြောင့် ရွေးကောက်ပွဲမှာ ကျွန်တော့်ကို

မဲမပေးဖို့ အမျိုးတော်တဲ့ တပ်မှူးက သူ့တပ်မှာ အမိန့် ထုတ်ပြန်ခဲ့ပါတယ်။ သူ့တပ်က အင်အား ၂၀၀ လောက် ရှိရာမှာ ကျွန်တော့်ကို မဲပေးတဲ့လူ ၂၁ ယောက်ကြီးများတောင် ရှိပါတယ်။ အဲဒီလို မဲပေးတဲ့ အတွက်ကြောင့် သူ့ရဲ့ အထက်ဌာနချုပ်က ဦးဝင်းထိန်ကို သူ့တပ်ဖွဲ့ဝင် ၂၁ ယောက်က ဘာလို့ မဲပေးသလဲ ဆိုတာ ထုချေလွှာ အတောင်းခံရပါသတဲ့။

## တွန်းပို့လောကကို ရောက်ခဲ့ပြီ

ဒီအကြောင်းအရာတွေကို အပေါ်က ကဏ္ဍတစ်ခုမှာ ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ လူတစ်ယောက်ဟာ သူ့ရဲ့ ဘဝ ခရီးအတွက် ရွေးချယ် ပြဋ္ဌာန်းပြီး ဖြစ်ပေမဲ့ အကြောင်းကြောင်းတွေက ပေါင်းစုံ ဖန်တီးလာတဲ့အခါမှာ ကိုယ် ရွေးချယ်ထားတဲ့ လမ်းကြောင်းက သွေဖည်ပြီး လုံးဝ မျှော်လင့်မထားတဲ့ ဘဝတစ်ခုကို ဦးတည် ရောက်ရှိလာ တတ်ခြင်း ဖြစ်ပါတယ်။

ကျွန်တော်က ကိုယ့်အနေအထားအရ ကြားဖြတ် ရွေးကောက်ပွဲမှာ မပါတော့ဘူးလို့ စဉ်းစား ဆုံးဖြတ် ထားပေမဲ့ မြင့်မြင့်အေးနဲ့ ဒေါက်တာ သိန်းလွင်တို့ရဲ့ အနေအထားကြောင့် ဘယ်လိုမှ ငြင်းလို့ မရနိုင်တော့ဘဲ မိတ္ထီလာ မြို့နယ်မှာ လစ်လပ်နေတဲ့ မဲဆန္ဒနယ်ကနေ ရွေးကောက်ပွဲ ဝင်ဖို့ ဖြစ်လာပါတယ်။ မိတ္ထီလာ မြို့နယ် ရဲ့ အရွေးချယ်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဖြစ်လာပါပြီ။ ကွယ်လွန်သွားတဲ့ စာရေးဆရာ ကြပ်ကလေး ရဲ့ အသုံးအနှုန်း တစ်ခုအရ အကြောင်းတရား မျိုးစုံက ကျွန်တော့်ကို "တွန်းပို့" လိုက်တာပါ။ "တွန်းပို့ လောက" ရဲ့ အကျိုးဆက်ပေါ့။

♥♥♥♥♥

# အခန်း (၁၂)
# လွှတ်တော် ကိုယ်စားလှယ် ဘဝ

## နေပြည်တော် ရောက်ပြီ

၂၀၁၂ ခုနှစ်၊ မေလဆန်းမှာ ကျွန်တော်တို့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ကိုယ်စားလှယ် ၄၃ ဦးဟာ လွှတ်တော် တက်ဖို့ နေပြည်တော်ကို ရောက်ရှိလာပါပြီ။ မဲဆန္ဒနယ်မြေ ၄၄ နေရာမှာ ၄၃ နေရာ အနိုင်ရခဲ့ခြင်းပါ။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတုန်းကတော့ ၈၂ ရာခိုင်နှုန်း ကျော်ခဲ့တယ်။ ဒီကြားဖြတ် ရွေးကောက်ပွဲမှာတော့ ၉၇ ရာနှုန်းကျော် နိုင်တယ်လို့ ပြောရမှာပါ။ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေကို နေပြည်တော် စည်ပင်ရိပ်သာ ၂ မှာ နေရာချထားပေးပါတယ်။ အဲဒီ ရိပ်သာက ဇမ္ဗူသီရိမြို့နယ်မှာ ပါဝင်ပါတယ်။

အခန်းအကျယ်က ပေ ၂၀ ပတ်လည်လောက် ရှိပါမယ်။ လေအေးစက်နဲ့ ပန်ကာ တပ်ဆင်ထားပါတယ်။ ရေချိုးခန်း အိမ်သာ တွဲလျက်ပါ။ တစ်ကိုယ်ရေ လိုအပ်ချက်အတွက်တော့ လုံလောက်တယ်လို့ ပြောနိုင်ပါတယ်။ အများစုက ထောင်ထွက်တွေ မဟုတ်လား။ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် အတွက်ကတော့ ပုပ္ပသီရိမြို့နယ်၊ လှိုင်ကော်လမ်းမှာ အိမ်တစ်လုံး ငှားပါတယ်။ "နှင်းဆီ စံအိမ်" လို့ ကျွန်တော်တို့ သမုတ်ပါတယ်။ နောင်မှာ လုပ်ငန်း များပြားလာတဲ့အခါ ကပ်လျက်က အိမ်တစ်လုံးကို ထပ်ပြီး ငှားရပါတယ်။ တစ်လ ငှားခက ငါးသိန်း ထင်ပါတယ်။

## နှင်းဆီစံအိမ် ပိုင်ရှင်

အဲဒီ နှင်းဆီစံအိမ်တွေကို လိုလိုလားလား ငှားပေးသူကတော့ ဒေါ်မာလာဝင်း ဖြစ်ပါတယ်။ သူ့ခင်ပွန်းက ဦးကီဝီလို့ ခေါ်ပါတယ်။ သူက အင်ဒိုနီးရှား နိုင်ငံသားပါ။ သူ မြန်မာနိုင်ငံမှာ စီးပွားရေး လာလုပ်ရင်းနဲ့ လှည်းကူး ဇာတိ ဒေါ်မာလာဝင်းနဲ့ အိမ်ထောင်ကျခဲ့တာပါ။ ရေစက်လို့ပြောရမှာဖြစ်ပါတယ်။ သူတို့ရဲ့ လုပ်ငန်းကတော့ လှိုင်သာယာ တစ်ဖက်ကမ်းမှာ ယန္တယား အကြီးစားတွေ တင်သွင်းတဲ့ သို့မဟုတ် လိုရင် ငှားရမ်းတဲ့ Volvo တံဆိပ်အမှတ် လုပ်ငန်းပါ။ နေရာက လေးဧကလောက် ကျယ်ပြီး ဝန်ထမ်း တစ်သောင်းလောက် ရှိတယ်လို့ သိရပါတယ်။

ဒေါ်မာလာဝင်းနဲ့ NLD တို့ရဲ့ ဆက်ဆံရေးဟာ ၂၀၁၁ ခုနှစ်က စတင်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောတူညီချက်အရ NLD ဦးဆောင်တဲ့ ဂီတ ဖျော်ဖြေပွဲကြီးကို မရမ်းကုန်း မြို့နယ်၊ မင်းဓမ္မလမ်းမှာ ရှိတဲ့ MICC II ခန်းမမှာ ကျင်းပဖို့ စီစဉ်ခဲ့ပါတယ်။ ကျွန်တော့်ကို ဦးဆောင်ခိုင်းပါတယ်။ ကျွန်တော်က

ဒီကိစ္စတွေ မကျွမ်းကျင်တော့ NLD လူငယ်ထဲက ကိုမြင့်ဌေး၊ ကိုမျိုးညွန့်၊ ကိုအေးထွန်း၊ ကိုလှဦး စတဲ့ လူငယ်တွေကို လုပ်ငန်းပြန်ခွဲပါတယ်။ အနုပညာပိုင်းတွေနဲ့ ပတ်သက်လို့ အဆိုတော် လင်းလင်းက တစ်ဆင့် ရုပ်ရှင်မင်းသမီး ချစ်သုဝေရဲ့ အဖေ ဦးတင်ဦးကို အကူအညီ တောင်းရပါတယ်။

## NLD ရဲ့ ပထမဆုံး စတိတ်ရှိုး

MICC II ခန်းမက ကျယ်ပေမဲ့ ဂီတ ဖျော်ဖြေပွဲ အတွက်ကတော့ ကျဉ်းပါတယ်။ ဒါ့ကြောင့် ပြင်ပ ကားပါကင်ကို ပွဲနေရာအဖြစ် သတ်မှတ်ပြီး စတိတ်စင် ဆောက်စေပါတယ်။ အဲဒီ ဂီတ ဖျော်ဖြေပွဲရဲ့ အဓိက အစီအစဉ်တစ်ခုက ဒေါ်အောင်ဆန်းစုကြည် လက်မှတ်ထိုးထားတဲ့ T-Shirt တစ်ထည်ကို လေလံပစ်တဲ့ အစီအစဉ်ဖြစ်ပါတယ်။ လုံးလုံးလွတ်လပ်တယ်လို့ မဆိုနိုင်သေးပါ။ မသိမသာ ဖိနှိပ်မှုလေးတွေက ရှိဆဲပါ။ အကြောက်တရားလည်း ကျန်နေပါသေးတယ်။ နိုင်ငံရေး မိုးလေဝသကို နှိုင်းယှဉ် ပြောရမယ်ဆိုရင် "ညီအစ်ကို မသိတသိ" အချိန်လို့ ပြောရပါမယ်။ ဒီလို အနေအထားမျိုးမှာ အင်မတန် တာဝန်ကြီးလှတဲ့ ဂီတပွဲလို့ ပြောရမယ့် စတိတ်ရှိုး Stage Show ပြုလုပ်ရခြင်းပါ။ လုံခြုံရေး တာဝန်ယူရတဲ့ ကျွန်တော့်အဖို့တော့ အလွန်ခေါင်းကြီးစရာပေါ့။

## လုံခြုံရေး ကွပ်ကဲမှု

စတိတ်ရှိုးအတွက် တီးဝိုင်းလည်း အိုကေပါပြီ၊ အဆိုတော်တွေလည်း အိုကေပါပြီ၊ ဝင်ခွင့် လက်မှတ်တွေကိုလည်း မေတ္တာလက်မှတ်က ဘယ်နှစ်စောင်၊ ရောင်းမှာက ဘယ်နှစ်စောင် အားလုံးအိုကေပါ။ တာဝန်တွေလည်း အသီးသီး ခွဲဝေပြီးပါပြီ။ နောက်ဆုံးအဆင့်က လုံခြုံရေးကိစ္စ ညှိနှိုင်းဖို့ပါ။ ဒါ့ကြောင့် မရမ်းကုန်း မြို့နယ်က ထွေ/အုပ်နဲ့ မြို့နယ်ရဲမှူးတို့ကို မေတ္တာရပ်ခံပြီး လုံခြုံရေး ကိစ္စတွေ ညှိနှိုင်းဖို့ သက်ဆိုင်သူများကို ဖိတ်ကြားပေးရန် မေတ္တာရပ်ခံခဲ့ပါတယ်။ စတိတ်ရှိုး မလုပ်မီ နှစ်ရက် အလိုမှာ ဖိတ်ပေးဖို့ ဖြစ်ပါတယ်။

အစည်းအဝေးက MICC II က VIP ဧည့်ခန်းမှာပါ။ ကျွန်တော်က ကြီးမှူး ကျင်းပတဲ့ အစည်းအဝေးဖြစ်လို့ တက်ရောက်လာတဲ့ လူတွေကို လုံခြုံရေး အစီအစဉ် ညှိနှိုင်းပါတယ်။ ရန်ကုန်တိုင်း အစိုးရရဲ့ ချမှတ်ထားတဲ့ မူအရ လုံခြုံရေး ကုမ္ပဏီ တစ်ခုကို ငှားရမ်းရမှာ ဖြစ်လို့ အဲဒီ ကုမ္ပဏီ တာဝန်ခံ တစ်ယောက်လည်း ပါပါတယ်။ သူက ရဲအရာရှိဟောင်း တစ်ယောက်ပါ။ NLD ဘက်ကလည်း လုံခြုံရေး လုပ်မှာဆိုတော့ ကိုမြင့်ဌေးတို့ ကိုမျိုးညွန့်တို့လည်း အဖွဲ့လိုက် ပါတာပေါ့။

## ကဏ္ဍတွေ ပြောင်းပြန် ဖြစ်ကုန်ပြီ

ဒါ့ကြောင့် ကျွန်တော်က NLD လူငယ်တွေ လုပ်မယ့် လုံခြုံရေး ကဏ္ဍ၊ မြို့နယ် ရဲတပ်ဖွဲ့က တာဝန်ယူမယ့် ကဏ္ဍ၊ SB နဲ့ တပ်မတော် ထောက်လှမ်းရေးတို့ တာဝန်ယူရမယ့် ကဏ္ဍတွေကို တစ်ခုချင်း ရှင်းပြပြီး တာဝန် အသီးသီး ခွဲခြား သတ်မှတ်ပေးလိုက်ပါတယ်။ အဲဒီလို သတ်မှတ်ပေးနေရင်းနဲ့ ခေါင်းထဲမှာ အတွေးပေါက်လာပါတယ်။

ဘာလဲဆိုတော့ ထောက်လှမ်းရေးတို့၊ SB တို့၊ ရဲတပ်ဖွဲ့တို့ ဆိုတာက တစ်ချိန်တုန်းက ငါတို့ကို စောင့်ကြည့်နေတဲ့ အဖွဲ့တွေ၊ တစ်ချိန်ကျရင် ဒီလူတွေကို ဘယ်လို ဖမ်းရမလဲဆိုတဲ့ အတွေးနဲ့ ဆက်ဆံခဲ့တဲ့ သူတွေ။ အခုတော့ ဒီလူတွေကို ငါက ကြီးကြပ် တာဝန်ပေးနေရပါပကောလား ဆိုတဲ့ အတွေးပါ။ အခြေအနေတွေ ပြောင်းပြန် ဖြစ်လာပုံကို သတိပြုမိလို့ပါ။ အစည်းအဝေး ပြီးခါနီးမှာ အားလုံးကို ကျွန်တော့် ခေါင်းမှာ ပေါ်လာတဲ့

အတွေးကို ပြောပြလိုက်ပါတယ်။ အဲဒီအခါကျမှ အစည်းအဝေး တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ် အားလုံးတို့ ကလည်း ပြုံးပြုံးရွှင်ရွှင် ဖြစ်လာကြပြီးတော့ တစ်ဦးနဲ့ တစ်ဦး ပိုမို နွေးထွေးလာတယ်လို့ ခံစားရပါတယ်။

## စတိတ်ရှိုးနေ့

စတိတ်ရှိုးက ထုံးစံအတိုင်း ညနေ ခုနစ်နာရီလောက်မှာ စမှာပါ။ ဒါပေမဲ့ ကျွန်တော်တို့ လုံခြုံရေး တာဝန်ယူတဲ့ အဖွဲ့တော့ မနက်ကတည်းက အလုပ်စနေကြပါပြီ။ NLD လူငယ်တွေကတော့ အလွန် အားကိုးရပါတယ်။ သူတို့လည်းပဲ မနက်ကတည်းက ရောက်နေကြပြီး ကိုယ် တာဝန်ကျမယ့် နေရာနဲ့ တခြားအဖွဲ့တွေ တာဝန် ယူရမယ့် နေရာတွေကို ပိုင်းခြား လေ့လာနေကြပါပြီ။ အစစ အရာရာ အဆင်ပြေတယ် ဆိုပေမဲ့ ကိစ္စတစ်ခုက ကျွန်တော့်စိတ်ကို အနှောင့်အယှက် ပေးနေပါတယ်။

အဲဒါက ဘာလဲဆိုတော့ ပွဲကြည့် ပရိသတ် အသုံးပြုဖို့အတွက် ရွှေ့လျား အိမ်သာ Mobile Toilet ကိစ္စပါ။ အဲဒီလို အိမ်သာတွေကို မြို့တော်စည်ပင်က ပထမတော့ ငှားမယ် ပြောပါတယ်။ ပွဲနေ့လည်း နီးရော မငှားဘူးဆိုတာ ဖြစ်လာပါတယ်။ ဒါ့ကြောင့် တာဝန်ရှိတဲ့ လူတွေနဲ့ တိုင်ပင်ပြီး ပွဲခင်း ပတ်လည်မှာ တိုင် လေးတိုင် စိုက်ပြီး မြေခြရေစွဲ အစတွေနဲ့ ပတ်ပြီး ဖြစ်သလို လုပ်ခဲ့ရပါတယ်။ ပွဲညမှာတော့ အဲဒီ နေရာတွေကို ပွဲကြည့် ပရိသတ် အသုံးပြုရာမှာ အဆင်မပြေခဲ့ပါဘူး။

## လေလံပွဲ

ပွဲတော်ည စတင်ပါပြီ။ စတိတ်စင်ပေါ် နောက်နားလောက်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လက်မှတ် ပါတဲ့ တီရှပ်ကို ပန်းချီကား တစ်ချပ်လို စီစဉ်ထားတာပါ။ အဲဒီ တီရှပ်နဲ့ ပတ်သက်လို့လည်း ပွဲမစခင်က ကြေညာထား တာပါ။ အဆိုတော် နှစ်ယောက် သုံးယောက်လောက် ဖြေဖျော်ပြီးတာနဲ့ အခမ်းအနားမှူးက လေလံ အကြောင်း ကြေညာပါတယ်။ ကြမ်းခင်းဈေး ကျပ်သိန်း ၅၀ (ထင်ပါတယ်) နဲ့ စတင်ပါတယ်။ ပွဲကြည့် ပရိသတ်ထဲကလည်း တစ်ခါ တစ်ခါကို ငါးသိန်း တိုးပေးလိုက်၊ ၁၀ သိန်း တိုးပေးလိုက်နဲ့ ဈေးက တစ်စ တစ်စ မြင့်တက်လာပါတယ်။

သန်းခေါင်အချိန်လောက် ရောက်တော့ သိန်း ၂၀၀ ကျော်သွားပါပြီ။ ဒေါ်အောင်ဆန်းစုကြည်ကလည်း အဲဒီ စတိတ်ရှိုးကို ကိုယ်တိုင် တက်ပါတယ်။ မေတ္တာလက်မှတ်တန်းက ငါးတန်းလောက် ရှိပါတယ်။ နံပါတ် ၇ အတန်းလောက်မှာ ဒေါ်အောင်ဆန်းစုကြည် အတွက် နေရာ ပြင်ပေးထားပါတယ်။ ဒီစတိတ်ရှိုးကို ဒေါ်အောင် ဆန်းစုကြည် ကိုယ်တိုင် တက်ရောက်ခြင်းအားဖြင့် အဓိပ္ပာယ် ပိုမို ပြည့်စုံသွားပါတယ်။ လေလံပစ်တဲ့ပွဲလည်း ပိုပြီးတော့ အားကောင်းလာပါတယ်။

စတိတ်ရှိုးက မနက် နှစ်နာရီလောက်မှာ ပြီးပါတယ်။ မနက် တစ်နာရီလောက်မှာ အဲဒီ တီရှပ်ကို လေလံ ပစ်တော့ နောက်ဆုံးဈေး သိန်း ၃၀၀ (လို့ ထင်ပါတယ်) နဲ့ ဈေးပြတ်သွားပါတယ်။ နောက်ဆုံးဈေး ပေးသွားသူ ကတော့ ဒေါ်မာလာဝင်းလို့ သိရပါတယ်။ ဒီနာမည်ကို ကျွန်တော်တို့ မသိပါ။ နောင်မှ သိလာရတာက ဒေါ် မာလာဝင်းဟာ စတိတ်ရှိုး လုပ်တဲ့နေရာနဲ့ မလှမ်းမကမ်းက ကွန်ဒိုမှာ နေတယ်လို့ သိရပါတယ်။ အဲဒီ လေလံ ကိစ္စကြောင့် နောက်အပတ်ထဲမှာ ဒေါ်မာလာဝင်းရဲ့ လုပ်ငန်း ဌာနချုပ် ရှိရာ လိုင်သာယာ မြို့နယ်ထဲက Volvo အလုပ်ရုံဝင်းကို ရောက်သွားခဲ့ခြင်း ဖြစ်ပါတယ်။

ဒေါ်မာလာဝင်းဟာ အခုဆိုရင် အသက် ၄၀ လောက် ရှိပါပြီ။ ရုပ်ရည်ကတော့ ရုပ်ရှင်မင်းသမီးတမျှ လှပ ချောမွေ့တဲ့သူ ဖြစ်ပါတယ်။ သူ့လုပ်ငန်းကိုလည်း ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်နိုင်တဲ့ Managing Director

တစ်ယောက် ဖြစ်တယ် ဆိုတာ သိရပါတယ်။ နေပြည်တော်မှာ ဒေါ်အောင်ဆန်းစုကြည် ငှားရမ်း နေထိုင်ခဲ့တဲ့ အိမ်မျိုး ရှစ်လုံးရှိတယ်လို့ ဆိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အပေါ်မှာလည်း စေတနာ ရှိလွန်းလို့ စတိတ်ရှိုးမှာ သာမန် တီရှပ် တစ်ထည်ကို သိန်း ၃၈၀ နဲ့ လေလံဆွဲခဲ့ရုံမက ဒေါ်စုအတွက် နှင်ဆီစံအိမ်ကိုလည်း မျှတတဲ့ အဖိုးအခနဲ့ ငှားပေးခဲ့တာ ဖြစ်ပါတယ်။

## ပြည်နိုင်ငံပြီး ပါတီ

ကျွန်တော်တို့က စည်ပင် ရိပ်သာ ၂ မှာ နေရသလို တခြား တိုင်းရင်းသား ပါတီက လွှတ်တော် ကိုယ်စားလှယ် တွေလည်း နေပါတယ်။ ဦးရေ အများဆုံး ဖြစ်တဲ့ ပြည်ခိုင်ဖြိုး ပါတီက နေပြည်တော် အဝင်ဝနားမှာ သူတို့ လွှတ်တော် ကိုယ်စားလှယ်တွေ နေဖို့ အင်မတန် ကျယ်ပြန့်တဲ့ ဝင်းကြီးတစ်ခု ရှိပါတယ်။ အဲဒီ ဝင်းထဲမှာ သုံးထပ်တိုက်တွေ အများကြီး ဆောက်ထားပါတယ်။ သူတို့ လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းက ၄၀၀ နီးပါး ရှိတော့ အဲဒီ အရေအတွက်ကို မျှော်မှန်းပြီး ဆောက်ထားဟန်တူပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ အတွက်တော့ မျှော်မှန်းထားဟန်မတူပါဘူး။

အဲဒီ ဝင်းထဲမှာပဲ အင်မတန် ခမ်းနားတဲ့ ရုံးခန်းတွေ၊ အစည်းအဝေး ခန်းမတွေ ရှိပါတယ်။ ကိုယ်တိုင် မရောက်ဖူးပေမဲ့ သူတို့ အစည်းအဝေး လုပ်ပုံတွေကို ဓာတ်ပုံတွေ တွေ့လို့ သိရပါတယ်။ အဲဒါတွေအပြင် မြို့နယ် တစ်ခုချင်းအလိုက်မှာ ရုံးချုပ် အဆောက်အဦးတွေ ရှိပါတယ်။ ခမ်းခမ်းနားနား ကျယ်ကျယ်ပြန့်ပြန့်ပါ။ အဆောက်အဦတွေကိုလည်း အကျအန ဆောက်ထားတာ တွေ့ရပါတယ်။ ကျွန်တော်တို့ အနောက် ရွှေဂုံတိုင် မှာ ပြီးစီးသွားတဲ့ ဌာနချုပ်ရုံးဟာလည်း အတိုက်အလျောက် ကောင်းမွန် ခမ်းနားပေမဲ့ ကျယ်ဝန်း ကျယ်ပြန့် ပြီးတော့ အချိုးကျနမှုက သူတို့ မြို့နယ်ရုံး တစ်ခုရဲ့ အဆောက်အဦကိုတောင် မီမယ် မထင်ပါဘူး။

## လွှတ်တော် အစ ပထမနေ့ (သူပုန်တွေ လာပြီ)

ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေ အားလုံးလိုလိုဟာ စည်ပင် ၂ ကနေ လွှတ်တော်အထိ သူတို့ စီစဉ်ပေးတဲ့ ဖယ်ရီကားနဲ့ သွားကြရပါတယ်။ လူ ၂၀ ကျော်လောက် ဆံ့တဲ့ မီနီ ဘတ်စ်နဲ့ပါ။ ကျွန်တော်တို့ ဘတ်စ်ကားက ဆင်းတော့ လွှတ်တော် အဝင်ဝ လှေကားထိပ်မှာ စောင့်နေလိုက်ကြတဲ့ မီဒီယာတွေ နည်းနည်း နောနောမှ မဟုတ်ပါဘူး။ ပြည်တွင်း ပြည်ပက စိတ်ဝင်စားတဲ့ အခန်းအနားမို့ ဖြစ်ပါလိမ့်မယ်။

လွှတ်တော်ကို တက်မယ့် လှေကားက တော်တော်ကျယ်ပါတယ်။ လှေကား တစ်ဖက်တစ်ချက်မှာ တော့ ထုံးစံအတိုင်း ခြင်္သေ့ရုပ် နှစ်ရုပ်က သွားဖြဲလို့ ကြိုဆိုနေပါတယ်။ လှေကားထစ်ပေါင်း ၃၄ ထစ် ရှိတယ် ဆိုတာ နောက်ပိုင်းကျမှ ရေကြည့်လို့ သိရပါတယ်။ ဘယ်လို ယတြာတွေကြောင့်များပါလိမ့်လို့ တွေးမိပါသေး တယ်။ ထားလိုက်ပါတော့။ လှေကားထစ် ၂၀ လောက်မှာကတည်းက သူတို့ကို တိုးဝှေ့တက်ရပါတယ်။

ဘယ်လိုကနေ ဘယ်လို ဖြစ်သွားတယ် မသိပါဘူး။ ကျွန်တော်တို့ ကိုယ်စားလှယ် အုပ်စုရဲ့ ရှေ့ကို ကျွန်တော်က ရောက်သွားပါတယ်။ မီဒီယာ ဒအုပ်စုထဲမှာ ကျွန်တော်နဲ့ မျက်မှန်းတန်းမိတဲ့သူတွေ ပါပါတယ်။ အထူးသဖြင့် "လျှပ်တစ်ပြက် ဂျာနယ်" က ကိုမြတ်ခိုင်ပေ့ါ။ ဓာတ်ပုံတွေ တဖျတ်ဖျတ် ရိုက်၊ ဗီဒီယိုတွေလည်း ရိုက်ပေ့ါ။ ကျွန်တော်က သူတို့ကို "ဟေ့၊ သူပုန်တွေ လာပြီကွ နောက်ဆုတ်၊ သူပုန်တွေ လာပြီကွ၊ နောက် ဆုတ်ရင် ဆုတ်၊ မဆုတ်ရင် ဘေးဖယ်" ဆိုပြီး ပြောပြောဆိုဆို လွှတ်တော်ထဲ လမ်းလျှောက်ဝင်ခဲ့ပါတယ်။

ဟုတ်တယ်လေ။ ကျွန်တော်တို့က သူပုန်တွေပဲဟာ။ စစ်အာဏာရှင် အစိုးရ နှစ်ဆက်လုံးလုံး အာခံခဲ့

တာ။ မတရားတဲ့ ကိစ္စမှန်သမျှ ဆန့်ကျင် တော်လှန်ခဲ့တာ။ လက်နက်ကိုင်ပြီး သူပုန်ထခဲ့တာကလွဲလို့ ကျန်တဲ့ ကိစ္စတွေ အကုန် လုပ်ခဲ့တာ။ ထောင်တွေကျ၊ ဘဝတွေ ပျက်ပြီး တချို့ဆို ကျန်းမာရေး ချို့တဲ့၊ တချို့ဆို ကွယ်လွန်သွားတဲ့အထိ ဘဝ ဆုံးသွားခဲ့ကြတာတွေလေ။ မြေပေါ် သူပုန်လို့ ခဏ ခဏ ကင်ပွန်းတပ်ခံခဲ့ရတာပါ။ ဒါ့ကြောင့် လွှတ်တော် အဝင်ဝမှာ အုံခဲနေတဲ့ သတင်းထောက်တွေကို "သူပုန်တွေ လာပြီကွ" လို့ ပြောခဲ့တာပါ။ ကျွန်တော် အဲဒီလို ပြောတာကို လျှပ်တစ်ပြက် ဂျာနယ်မှာ ကိုမြတ်ခိုင်က ထည့်ရေးပါတယ်။ ရေးပါစေပေ့ါ။

## ကျွန်တော်နဲ့ ကိုမြတ်ခိုင်

လွှတ်တော် နားတဲ့အချိန်မှာ ကိုမြတ်ခိုင်နဲ့ စကားစမြည် ပြောခဲ့ရပါသေးတယ်။ ထောင်ထဲမှာတုန်းက သူရဲ့ လျှပ်တစ်ပြက် ဂျာနယ်ကို အပတ်စဉ် ဝယ်ဖတ်ခဲ့ဖူးတော့ သူနဲ့ ရင်းနှီးသလို ဖြစ်နေပါတယ်။ သူက မေးပါတယ်၊ "ကျွန်တော်တို့ ရေးတာ တစ်ခုခုမှားရင် တရားစွဲမှာလား" တဲ့။ ကျွန်တော်က "မစွဲပါဘူးဗျာ" လို့ ပြောတော့ သူက "ဘာဖြစ်လို့လဲ" လို့ မေးပါတယ်။ ကျွန်တော်က "အလုပ်ရှုပ်တယ်ဗျာ၊ ရှေ့နေ ငှားရဦးမယ်၊ ပိုက်ဆံ ကုန်ဦးမယ်၊ ရုံးချိန်းရှိရင် သွားရဦးမယ်၊ ရုံးသွားပြီး အချိန်ဖြုန်းရဦးမယ်၊ အဲဒါတွေကြောင့် အလုပ်ရှုပ်ခံပြီး တရားစွဲဖို့ စဉ်းကိုမစဉ်းစားဘူး" လို့ ပြောခဲ့ပါတယ်။

သူက "အန်ကယ့် အတွေ့အကြုံတွေ စာရေးပါလား၊ ကျွန်တော် ထုတ်ပေးမယ်" လို့ ပြောတဲ့အခါ ကျွန်တော်က "ကောင်းပါပြီ" လို့ ပြောခဲ့ပါတယ်။ အခု ဒီစာမူတွေကို သူ့ကို ပေးပြီး လျှပ်တစ်ပြက် ဂျာနယ်မှာ အပါတ်စဉ် ထည့်နေတာဟာ အဲဒီတုန်းက သူ့အပေါ် ထားခဲ့တဲ့ ကတိကြောင့် ဖြစ်ပါတယ်။ တခြားဂျာနယ်တွေ ကလည်း တောင်းပါတယ်။ သူ့ဂျာနယ်ထက် အများကြီး အားကောင်းတဲ့ စာစောင်တွေကလည်း စာမူ တောင်း ပါတယ်။ ကျွန်တော်က "ကိုမြတ်ခိုင်ကို ကတိ ပေးပြီးပြီဗျာ၊ မတတ်နိုင်တော့ဘူး" လို့ ပြန်ပြောရပါတယ်။

## ဦးဝင်းတင်၊ ကျွန်တော်နဲ့ ရတနာ သုံးပါး

ကျွန်တော်က ထောင်အကြိမ်ကြိမ် ကျပြီး စုစုပေါင်း အနှစ် ၂၀ နဲ့ နှစ်လ ထောင်ထဲမှာ နေခဲ့ရပါတယ်။ အင်းစိန် ထောင်၊ မြင်းခြံထောင်၊ မိတ္ထီလာထောင်၊ မန္တလေးထောင်နဲ့ ကသာထောင်တွေမှာ နေခဲ့ရပါတယ်။ ဦးဝင်းတင်က တော့ အင်းစိန်ထောင်ထဲမှာပဲ တိုက်တွေ တစ်ခုပြီး တစ်ခု ပြောင်းရင်းနဲ့ ၁၈ နှစ်ကျော် နေခဲ့ရပါတယ်။ ကျွန်တော် ထောင်ကလွတ်တော့ ဦးဝင်းတင်နဲ့ တစ်လ တစ်ခါ၊ နှစ်လ တစ်ခါ ဆိုသလို သွားတွေ့ခဲ့ရပါတယ်။

အဲဒီလို သွားတွေ့တဲ့အခါ သူနဲ့ အကြောင်းအရာ ပေါင်းစုံ ဆွေးနွေးဖြစ်ပါတယ်။ နိုင်ငံရေး လေ့လာ သူများရဲ့ အကဲဖြတ်ချက်အရ ဦးဝင်းတင်ဟာ အမာလိုင်း Hardliner လို့ ခေါ် ရမှာပါ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်အစိုးရ ကိုယ်စားလှယ်နဲ့ တွေ့တဲ့ကိစ္စတွေ၊ အဲဒီနောက် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးသိန်းစိန် အစိုးရ ကိုယ်စားလှယ်နဲ့ တွေ့ဆုံခဲ့ပါတယ်။ အဲဒီ တွေ့ဆုံမှုတွေကို ဦးဝင်းတင်က ထောက်ခံခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲ ဝင်တာနဲ့ ပတ်သက်လို့ သူ မထောက်ခံပါ။

မထောက်ခံတဲ့ ကိစ္စနဲ့ ပတ်သက်လို့ သူ့သဘောထားက ဦးသိန်းစိန် အစိုးရဟာ ယူနီဖောင်း မဝတ်ဘဲ အရပ်သား အစိုးရအနေနဲ့ အုပ်ချုပ်နေသော်လည်းပဲ ဦးဝင်းတင်ရဲ့ အမြင်မှာ ဦးသိန်းစိန် အစိုးရဟာ ဘယ်လို ပုံစံ ပြောင်းသည် ဖြစ်စေ စစ်အစိုးရပဲ့ မူအရ မထောက်ခံခြင်း ဖြစ်ပါတယ်။ ဘယ်လောက်အထိ စိတ်ဓာတ် တင်းမာသလဲ ဆိုရင် ထောင်ဝတ်စုံဖြစ်တဲ့ အပြာရောင် ဝတ်စုံကို သူ ကွယ်လွန်တဲ့အထိ တစိုက်မတ်မတ် ဝတ်ခဲ့တာပါ။ သူ မတရား ထောင်ချခြင်း ခံရတာကို အာခံတဲ့ သဘောထားကို ဖော်ပြတဲ့ သင်္ကေတပါ။

"ဦးဝင်းတင် ဖောင်ဒေးရှင်း" က ဦးဝင်းတင် အထိမ်းအမှတ် စာအုပ်တစ်အုပ် ထွက်မယ်ဆိုတော့ ကျွန်တော်ကလည်း ဦးဝင်းတင်ကို ဂုဏ်ပြုတဲ့ ဆောင်းပါးတစ်စောင် ရေးဖို့ အတွေးပေါက်လာတာနဲ့ ဆောင်းပါး တစ်ပုဒ် ရေးခဲ့ပါတယ်။ ဦးဝင်းတင် အထိမ်းအမှတ် စာအုပ် ထွက်လာတဲ့အခါမှာ ကျွန်တော့် ဆောင်းပါး ပါလာ ပါတယ်။ အဲဒီ ဆောင်းပါးကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

တစ်လောက နေပြည်တော်မှာ တွေ့ဆုံခိုက်မှာ ဦးဟံသာမြင့်က ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပါတယ်။ "အစ်မ၊ ဦးဝင်းတင် ကွယ်လွန်တဲ့ အထိမ်းအမှတ် စာအုပ်ထုတ်ဖို့ အစ်မရဲ့ အမှာစာရေး ပေးဖို့ မဂ္ဂဇင်း ကော်မတီက တောင်းနေပါတယ်" လို့။

အဲဒီတော့မှ ဦးဝင်းတင် ကွယ်လွန်တာ တစ်နှစ်တောင် ပြည့်တော့မှာပါလားလို့ သတိရမိလိုက်တယ်။ ကျွန်တော့်မှာလည်း ဦးဝင်းတင်နဲ့ ပတ်သက်လို့ အမှတ်တရလေးတွေ ရှိနေလေတော့ "အဲလိုဆိုရင် ကျွန်တော့် မှာလည်း ဦးဝင်းတင်အကြောင်း ရေးစရာလေးတွေ ရှိတယ်" လို့ ပြောမိပါတယ်။ အဲဒီတော့ ဥက္ကဋ္ဌက "ဒါဆို ကိုဝင်းထိန်လည်း ရေးလေ" လို့ တိုက်တွန်းပါတယ်။ အဲဒီ တွန်းအားကြောင့် ကျွန်တော်နဲ့ ပတ်သက်သမျှ ဦးဝင်းတင်အ ကြောင်းတွေ ရေးရပါပြီ။

တကယ်တော့ ဦးဝင်းတင်နဲ့ ကျွန်တော်ဟာ NLD စဖွဲ့မှသာ တရင်းတနှီး တွေ့ခဲ့ဖူးတာပါ။ အဲဒီတုန်းက ဦးတင်ဦးက ဥက္ကဋ္ဌ၊ အထွေထွေ အတွင်းရေးမှူးက ဒေါ်အောင်ဆန်းစုကြည် ဖြစ်ပြီး ဦးဝင်းတင်က အတွင်းရေး မှူး၊ ကျွန်တော်ကတော့ ထင်အိုးထမ်း၊ ဟင်းအိုးထမ်း ဆိုပါစို့။ အထွေထွေ အတွင်းရေးမှူးရဲ့ ရုံးမှာ။

ဦးဝင်းတင်က အရင် မန္တလေးက ထုတ်ဝေတဲ့ ဟံသာဝတီ သတင်းစာရဲ့ အယ်ဒီတာချုပ် လုပ်ခဲ့တယ် ဆိုတာလည်း သိပါတယ်။ ကျွန်တော် စစ်ရုံးမှာ နေစဉ်က ဌာနအတွက် ယူတဲ့ သတင်းစာထဲမှာ "ဟံသာဝတီ" သတင်းစာ ပါတယ်လေ။ အစိုးရထုတ် သတင်းစာတွေ ဖြစ်တဲ့ "လုပ်သားပြည်သူ့နေ့စဉ်"၊ "ကြေးမုံ"၊ "ဗိုလ်တထောင်" သတင်းစာတွေထက် "ဟံသာဝတီ" သတင်းစာက ပိုပြီး ထူးခြားမှုရှိတော့ သတင်းစာ ဖတ် မယ်လို့ကိုင်လိုက်ရင် "ဟံသာဝတီ" သတင်းစာကို အရင်ဆုံး ကောက်ကိုင်လေ့ရှိတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီသတင်းစာထဲမှာ အညာဒေသက သတင်းထူးလေးတွေ ပါလေ့ရှိတဲ့အပြင် အဲဒီခေတ် ဖြစ်ရပ်တွေကို သရုပ်ဖော်တဲ့ ကာတွန်းတွေ ပါလေ့ရှိတယ်။ ဒါကြောင့်ပါ။ နောက်မှ ပြန်သုံးသပ်မိတော့ ဦးဝင်းတင်ဟာ အစိုးရ ထုတ်တဲ့ "မူဝါဒဆိုင်ရာ" သတင်းစာတွေမှာတောင် စိတ်ဝင်စားဖို့ကောင်းတဲ့ သတင်းကဏ္ဍတွေကို ကြိုးစား ဖန်တီးနိုင်ခဲ့တာပဲလို့။

NLD ဖွဲ့ပြီး ဦးဝင်းတင်ကို ကျွန်တော် သတိထားခဲ့မိတဲ့ ဖြစ်ရပ်တစ်ခုဟာ အမြဲလိုလို သတိရစရာ တစ်ခု ဖြစ်ခဲ့ပါတယ်။ ဒါကတော့ ၁၉၈၉ ခုနှစ် သင်္ကြန်ရက်မတိုင်မီ ရက်လေးတစ်ခုမှာပါ။ အဲဒီတုန်းက NLD အနေနဲ့ "သင်္ကြန် သံချပ် ပြိုင်ပွဲ" လုပ်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ နဝတခေတ် ဖြစ်လေတော့ မြို့နယ်အသီးသီးက သံချပ် အဖွဲ့တွေရဲ့ စာသားတွေကို ဗဟိုက ကြီးကြပ်ဖို့ ဆုံးဖြတ်ခဲ့ပြီး အဲဒီ ကြီးကြပ်တဲ့အဖွဲ့မှာ ဦးကြည်မောင်နဲ့ ဦးဝင်းတင်တို့ ပါပါတယ်။

မြို့နယ် အသီးသီးက သံချပ်ထိုးမယ့် စာသားတွေ CEC ကို ရောက်လာတဲ့အခါ ဒီစာသားတွေမှာ အဲဒီ ခေတ်က နဝတ အစိုးရနဲ့ တပ်မတော်အပေါ် တိုက်ခိုက် ပုတ်ခတ်တဲ့ စာသားတွေ ပါပါတယ်။ ဒါတွေနဲ့ ပတ် သက်လို့ နောင် နဝတ အစိုးရနဲ့ ဆက်ဆံရေး မထိခိုက်အောင် အချို့ မြို့နယ် သံချပ်အဖွဲ့တွေရဲ့ စာသားတွေကို ပြင်ဖို့ ဦးကြည်မောင်က တင်ပြပါတယ်။ ဒါကို ဦးဝင်းတင်က ကန့်ကွက်ပါတယ်။ ကန့်ကွက်တာကလည်း ရိုးရိုး ကန့်ကွက်တာမျိုး မဟုတ်ဘဲ ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ပါတယ်။ ဒါ့ကြောင့် သံချပ်အဖွဲ့တွေရဲ့ စာသား

တွေကို ပြင်ဖို့ (ဝါ) တစ်နည်းအားဖြင့် ပြောရရင် ဆင်ဆာလုပ်ဖို့ ကိစ္စ မဖြစ်မြောက်ခဲ့ပါဘူး။ ဒါကြောင့် အဲဒီ အချိန်က NLD ရဲ့ သံချပ်ပြိုင်ပွဲဟာ ဝက်ဝက်ကွဲ အောင်မြင်ခဲ့ပါတယ်။ ရယ်စရာ၊ သရော်စရာ၊ ရင်နင့်စရာ ရသ စုံတဲ့ သံချပ်ပြိုင်ပွဲဟာ အထင်ကရ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ခဲ့ပါတယ်။

ဘယ်လောက်ထိ အောင်မြင်ခဲ့ပါသလဲ ဆိုရင် နဝတ အဖွဲ့ သတင်းစာ ရှင်းလင်းပွဲ တစ်ခုမှာ (ဇူလိုင်လ ထဲမှာပါ) နဝတ အတွင်းရေးမှူး ၁ ဖြစ်သူ ဗိုလ်ချုပ် ခင်ညွန့်က "NLD က လုပ်တဲ့ သကြံန် သံချပ် ပြိုင်ပွဲတွေမှာ ပါတဲ့ အကြောင်းအရာတွေဟာ တပ်မတော်ကို ရစရာမရှိအောင် ပုတ်ခတ်ခဲ့ပါတယ်" လို့ ပြောခဲ့ပါတယ်။

ဒီမှာ ကျွန်တော် သတိထားမိတာက ဦးဝင်းတင်ဟာ သတင်းစာ လွတ်လပ်ခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့် နဲ့ လွတ်လပ်စွာ ရေးသားခွင့် ဆိုတဲ့ Freedom of Speech နဲ့ Freedom of Expression တို့နဲ့ ပတ်သက်ရင် ပြတ်ပြတ်သားသား ရပ်တည်တယ်ဆိုတဲ့ အချက်ပါပဲ။

၁၉၈၉ ခုနှစ်ကျတော့ ကျွန်တော်ရော ဦးဝင်းတင်ပါ ထောင်ထဲ ရောက်သွားကြပါလေရော။

သူက မတ်လလောက်ကတည်းက အဖမ်းခံရတာ။ ကျွန်တော်က ဇူလိုင်လကျမှ။ ထောင်ထဲမှာတော့ သူရော ကျွန်တော့်ကိုပါ တိုက်အသီးသီး လှည့်ပတ် ပို့ပြီး ခဏ ခဏ ပြောင်းခဲ့လေတော့ သူနဲ့က ဆုံလိုက် မဆုံ လိုက်ပေါ့။

သူ့ရဲ့ ထောင်ကျပုံ အကြောင်းကိုတော့ "ဘာလဲဟဲ့ လူ့ငရဲ" ဆိုတဲ့ စာအုပ် ဖတ်ဖူးတဲ့သူတိုင်း သိပါတယ်။ ဒါပေမဲ့ အရှင်းဆုံး ဥပမာ ပေးရရင်တော့ အများသိပြီးဖြစ်တဲ့ ကလေးပုံပြင် တစ်ခုမှာပါတဲ့ "သိုးငယ်နဲ့ ဝံပုလွေ" ဇာတ်လမ်းအတိုင်းပါပဲ။ "နင်မဟုတ်ရင် နင့်အမေပဲ" ဆိုတဲ့ ဆင်ခြေနဲ့ သူ့ကို ထောင်ချလိုက်တာပါ။ ကျွန်တော့် ကျတော့ ပထမ နှစ်နှစ်နဲ့ ကိုးလမှာ ပုဒ်မ ရှာမရလို့ ပုဒ်မ ၁၀ (က) နဲ့ အချုပ် (ထိန်းသိမ်း) ထားခဲ့ပါတယ်။ အဲဒီခေတ်က ဥပဒေအရ ပုဒ်မ ၁၀ (က) ဆိုရင် သုံးနှစ်ဆို လွှတ်ပေးရမှာပါ။ ဒါပေမဲ့ လွှတ်မပေးချင်တာနဲ့ သုံးနှစ် ပြည့်ခါနီး နှစ်နှစ်နဲ့ ကိုးလ အကြာမှာ ပုဒ်မ တစ်ခု ထပ်တပ်ပြီး စစ်ခုံရုံးတင်ပြီး ၁၀ နှစ်လား ခုနစ်နှစ် လား (မမှတ်မိတော့ပါဘူး) ထောင်ဒဏ် ချမှတ်ခံတာပါ။ [နောက်ပိုင်းမှာတော့ ပုဒ်မ ၁၀ (က) ဆိုရင် ကြမ်းခင်း ဈေး ခုနစ်နှစ်ပါတဲ့။]

ထောင်ထဲမှာ နေစဉ်မှာလည်း အညှဉ်းဆဲခံရတာတွေ၊ ရေဒီယို နားထောင်မှုဆိုတဲ့ နောက်တစ်မှုနဲ့ စွပ်စွဲပြီး ပြစ်ဒဏ် တိုးခဲ့တာတွေ၊ သူ့ကို လွှတ်တော့မယ်လို့ အကြောင်းပြပြီး ထောင်ဘူးဝကျမှ ပြန်ခေါ်ပြီး ထောင်ထဲ ပြန်ပို့တာတွေကတော့ စစ်အုပ်ချုပ်ရေးရဲ့ အဆိုးဝါးဆုံး မှတ်တိုင်တွေ ဖြစ်ခဲ့ရပါပြီ။ ဒီလို အဆိုး လောကဓံ မျိုးစုံကို ဦးဝင်းတင်ဟာ တစ်စက်လေးမှ မညည်းညူဘဲ ကြံ့ကြံ့ခံ ရပ်တည်နိုင်ခဲ့တာဟာလည်း သူ့ရဲ့ အံ့မခန်း ဂုဏ်ပုဒ်တွေပဲပေါ့။

ထောင်ထဲက အကြောင်းတွေကို ပြန်ဖေရးပြရရင်တော့ ပြောမဆုံးပေါင် တောသုံးတောင်လို့ ဆိုရမလို ပါပဲ။ ဒါပေမဲ့ ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလကနေ ၁၉၉၇၊ ဧပြီလဆန်းထိ ကျွန်တော်ဟာ ကွယ်လွန်သူ မုံရွာ ဦး တင်ရွှေနဲ့ တစ်တိုက်တည်း နေခဲ့ရပါတယ်။ အထူးတိုက်မှာပါ။ ထိုစဉ်က အထူးတိုက်ရဲ့ မျက်နှာချင်းဆိုင်မှာ ရှိတဲ့ ပြစ်ဒဏ်တိုက်တစ်ခု ရှိပါတယ်။ အဲဒီမှာပါ။ အခန်းက သုံးခန်းတည်းပါ။ ကျွန်တော့် အခန်းက ၁၊ ဦးတင်ရွှေ က အခန်း ၃ မှာပါ။ အခန်း ၂ ကိုတော့ ဘယ်သူ့မှ မထားပါဘူး။ ထောက်လှမ်းရေး နည်းဗျူဟာအတိုင်း ကျွန်တော်နဲ့ ဦးတင်ရွှေ စကားပြောရင် ကျယ်ကျယ်ပြောရမှာမို့ သူတို့ ချောင်းပြီး နားထောင်နိုင်အောင် တမင် လွှတ်ထားတာပါ။

ကျွန်တော်တို့ နှစ်ယောက်ကလည်း ထောင်ထဲကျမှ တရင်းတနှီး ဖြစ်ကြရတော့ စကားလက်ဆုံ ပြောလို့မကုန် ဆိုရမှာပါ။ သူနဲ့ ကျွန်တော်တို့ ပြောခဲ့ကြတဲ့ စကားတွေထဲမှာ ဦးဝင်းတင်နဲ့ ပတ်သက်တဲ့ သူ့အမြင်ဟာ မှတ်သားစရာ ကောင်းပါတယ်။ သူက ဦးဝင်းတင်အပြင်ကျွန်တော်တို့ NLD အဖွဲ့ CEC ဟောင်း ရှေ့နေ ဦးထွန်းတင် အကြောင်းလည်း ပါတယ်။

ဦးထွန်းတင်က ရှေ့နေလောကမှာ ထင်ရှားသူတစ်ဦးပါ။ လုပ်ငန်းအောင်မြင်လို့ ထင်ရှားသူတစ်ဦး ဖြစ်ရုံတင်မက သူ့ဖခင်က အင်္ဂလိပ် လက်ထက်ကတည်းက ထင်ရှား ကျော်ကြားတဲ့ ရှေ့နေတစ်ဦးဖြစ်ပါတယ်။ ဦးထွန်းတင်ဟာ ထင်ရှားရုံမက နိုင်ငံရေးမှာလည်း စိတ်ဝင်စားခဲ့သူ တစ်ဦးပါ။ ဒါ့ကြောင့် ရှစ်လေးလုံး အရေးတော်ပုံမှာ ရှေ့နေများနဲ့အတူ ဆင်နွှဲရင်း NLD ရဲ့ CEC ဖြစ်လာသူ တစ်ဦးပါ။ သူ့ကို ဦးတင်ရွှေက ဘာပြောသလဲ ဆိုရင် "ဦးထွန်းတင်က Born Lawyer" လို့ ပြောပါတယ်။ သဘောကတော့ ဦးထွန်းတင်ဟာ မွေးကတည်းက "မင်းတော့ ဘဝမှာ ရှေ့နေအနေနဲ့ လုပ်စားပေတော့" လို့ ပြောပြီး မွေးလာတာလို့ ပြောပါတယ်။

ဦးဝင်းတင် အကြောင်းကိုတော့ သူ တက္ကသိုလ်က ဘွဲ့ရပြီး နယ်သာလန် နိုင်ငံမှာ သတင်း ပညာသင် ဘဝမှာကတည်းက ဗမာပြည် အကြောင်းကို ရသမျှ စုဆောင်းပြီး ပြည်ပရောက် မြန်မာတွေ အတွက် News Bulletin တစ်ခု ထုတ်ခဲ့တဲ့အကြောင်းတွေ ပြောရင်းနဲ့ "ဦးဝင်းတင်ကတော့ တကယ့်ကို Born Journalist ဗျ" လို့ ပြောခဲ့သူပါ။ သဘောကတော့ မွေးကတည်းက သတင်းစာဆရာအနေနဲ့ အသက်မွေးမြူဖို့ လူဖြစ်လာတဲ့ လူပေ့ါ။ ဦးတင်ရွှေ မှတ်ချက်ပြုသလို ဦးဝင်းတင်ဟာ သတင်းစာဆရာ တစ်ယောက်အနေနဲ့ အသက်မွေး ဝမ်းကျောင်းပြုဖို့ ပါရမီ ပါလာသူတစ်ဦးပေ့ါ။ သို့သော် တကယ့် ဘဝမှာကျတော့ ဦးဝင်းတင်ရဲ့ ဘဝ နောက်ဆုံး ပိုင်း နှစ်ပေါင်း ၃၀ နီးပါးဟာ နိုင်ငံရေး အကျဉ်းသား ဘဝ၊ နိုင်ငံရေးသမား ဘဝနဲ့ အချိန်ကုန်ခဲ့တာပါ။

အချိန်တွေက တစ်စ တစ်စ ပြောင်းလဲနေပါပြီ။ NLD ကလည်း ကြားဖြတ် ရွေးကောက်ပွဲမှာ အပြတ်အသတ် အနိုင်ရလို့ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်ပြီး လွှတ်တော် တက်နေရပါပြီ။

ဦးဝင်းတင်ကတော့ NLD ပါတီရဲ့ အဓိက သဘောတရားရေးဆရာကြီး Idiological Leader အနေနဲ့ ဒီလိုင်း စာစောင်မှာ ပင်တိုင် ဆောင်းပါးတွေနဲ့ သူ့သဘောထားတွေကို မျှဝေနေပါပြီ။

သူ့ရဲ့ ဆောင်းပါးတွေဟာ NLD အဖွဲ့ဝင်တွေသာမက နိုင်ငံရေး စိတ်ပါဝင်စားသူတွေပါ စောင့်ဖတ်ရတဲ့ ဆောင်းပါးတွေ ဖြစ်လာပါတယ်။ သူက ဝေဖန်စရာရှိရင် မညှာမတာ ဝေဖန်ပါတယ်။ အရင် စစ်အစိုးရကိုရော နောက်တက်လာတဲ့ ယူနီဖောင်းချွတ် ပြည်ခိုင်ဖြိုး အစိုးရကိုပါ မထောက်မညှာ ဝေဖန်နေတာပါ။ သူ့အဘော် တွေဟာ ရုတ်တရက် ကြည့်ရင် ပြင်းထန်တယ်လို့ ထင်စရာဖြစ်ပေမဲ့ မှန်လွန်းလို့ ဘယ်သူမှ ငြင်းချက်ထုတ်လို့ မရအောင် တင်ပြပုံတွေက ခိုင်မာပါတယ်။

ဒါ့အပြင် အဖွဲ့ချုပ်ကိုရော အဖွဲ့ခေါင်းဆောင်တွေကိုပါ ဝေဖန်လေ့ရှိပါတယ်။ တစ်ခါတစ်ရံ ဥက္ကဋ္ဌ ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကိုပါ ချမ်းသာပေးလေ့ မရှိပါဘူး။ ဝေဖန်လေ့ရှိပါတယ်။ အဲဒါအပြင် တစ်ချက် တစ်ချက်မှာ NLD က ထွက်ချင်တယ်ဆိုတဲ့ စကားသံတွေပါ ကြားလာရပါတယ်။

ကျွန်တော်နဲ့က ဦးဝင်းတင်နဲ့ မကြာ မကြာ တွေ့ဖြစ်ပါတယ်။ သူ့ရဲ့ ဝါအရ လေးစားသမှုနဲ့ အမြဲလိုလို တစ်လ တစ်ခါ၊ နှစ်လ တစ်ခါ တကူးတက သွားတွေ့ပြီး နိုင်ငံရေး အခြေအနေတွေနဲ့ နောက်ဆုံး သတင်းတွေ အကြောင်း ထင်မြင်ချက် ဖလှယ်ကြပါတယ်။ တကယ်တော့ သူ့ဩဝါဒတွေကို ကြားချင်လို့ တမင်သွားတာပါ။ သူနဲ့ တွေ့တိုင်း ပြောဖြစ်တဲ့စကားတွေအရ ဦးဝင်းတင်က တခြားသူတွေကို ဝေဖန်လေ့ရှိပေမဲ့ ဒေါ်အောင်ဆန်း

စုကြည်နဲ့ ပတ်သက်ရင်တော့ ဘယ်တော့မှ မလေးမစားမရှိဘူး။ အမြဲ ဦးစားပေးပြီး အလေးထားနေတာ သတိပြုမိပါတယ်။ သူ မကြာ မကြာ ပြောလေ့ပြောထရှိတဲ့ စကားတစ်ခုကတော့ "She is the only hope for the future of our country" ဆိုတာပါပဲ။ သဘောကတော့ "ကျွန်တော်တို့ နိုင်ငံရဲ့ အနာဂတ်အတွက် သူမ သည်သာ တစ်ဦးတည်းသော မျှော်လင့်ချက်" ဆိုတဲ့ အဓိပ္ပာယ်ပါ။

ဦးဝင်းတင်က အဲဒီလို NLD က ထွက်ချင်ကြောင်း ပြောတဲ့အခါ ကျွန်တော်ကတော့ အမြဲ တောင်းပန်ပါတယ်။ NLD မှာ ဦးဝင်းတင်ရဲ့ ကဏ္ဍဟာ အလွန် အရေးပါ အရာရောက်နေတဲ့ အကြောင်းကို နည်းမျိုးစုံနဲ့ ပြောပြီး မထွက်ဖို့မေတ္တာရပ်ခံခဲ့ပါတယ်။ သူကတော့ ဘာမှပြန်မဖြေဘဲ သူ့မူအတိုင်းပြုံးပြီးတုံ့ပြန်လေ့ရှိပါတယ်။

အဲဒီလိုနဲ့ ကျွန်တော်နဲ့ တွေ့ပြီး အင်တာဗျူးလုပ်တဲ့ နိုင်ငံခြား သတင်းထောက်တစ်ဦးကို NLD အကြောင်း၊ ခေါင်းဆောင်တွေ အကြောင်း ပြောပြရာမှာ ကျွန်တော့်ခေါင်းထဲကို ဝင်လာတဲ့ အကြောင်းအရာ တစ်ခုကို ပြောပြမိပါတယ်။ အဲဒီအကြောင်းအရာကလည်း ကျွန်တော် ယုံကြည်တဲ့ ဘာသာရေး အမြင် တစ်ခုနဲ့ ပတ်သက်လို့ပါ။ အဲဒီအမြင်ကတော့...။

"ကျွန်တော်တို့ ဗမာလူမျိုးတွေ ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာမှာ အခြေခံအားဖြင့် ရတနာ သုံးပါး ဆိုတာ ရှိပါတယ်၊ အဲဒါတွေကတော့ (၁) ဘုရား ရတနာ၊ (၂) တရား ရတနာ၊ (၃) သံဃာ ရတနာတွေပါ။ အဲဒီလိုပဲ ကျွန်တော်တို့ NLD မှာလည်း ရတနာ သုံးပါး ရှိပါတယ်။ အဲဒါတွေကတော့ (၁) ဒေါ်အောင်ဆန်းစုကြည်၊ (၂) ဦးတင်ဦးနဲ့ (၃) ဦးဝင်းတင်တို့ ဖြစ်ပါတယ်" လို့။

အဲဒီ အင်တာဗျူးကို ဦးဝင်းတင်က ဖတ်လိုက်ရပါတယ်။ ကျွန်တော့်ကိုတော့ တိုက်ရိုက် မတုံ့ပြန်ပါဘူး။ ဒါပေမဲ့ ကျွန်တော်နဲ့ နီးစပ်တဲ့ ပုဂ္ဂိုလ်တချို့ကိုတော့ သူ့သဘောထား ပြောပါသတဲ့။ သူ့ မှတ်ချက်ကတော့ "ကိုဝင်းထိန်ကတော့ ကျုပ်ကို ချုပ်လိုက်ပြီတဲ့"။ သဘောကတော့ သူဟာ NLD ရဲ့အဓိက ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေတာကို ကျွန်တော်က လူသိရှင်ကြား ပြောလိုက်တော့ သူ့မှာ "ထွက်မယ်၊ ထွက်မယ်" လို့ တဖွဖွ အော်လို့ မရတော့ဘူး။ သူ့ကို ချုပ်လိုက်သလို ဖြစ်သွားတယ်နဲ့ တူပါရဲ့။

သူများတွေတော့ မပြောတတ်ဘူး။ စကားသံ မကြားရတော့တာဟာ သူ ကွယ်လွန်တဲ့ အထိပါပဲ။ ဟုတ်တယ် ဦးဝင်းတင်က ကျွန်တော်တို့ NLD အတွက် ကျွန်တော် သတိပြုမိတာက အဲဒီ အင်တာဗျူးကို ဦးဝင်းတင် ဖတ်ပြီးတဲ့ အချိန်ကစပြီး သူဟာ NLD အဖွဲ့ကနေ ထွက်မယ်ဆိုတဲ့ အသံတွေ တိတ်သွားပါတယ်။ ကျွန်တော့်အမြင်မှာ ဦးဝင်းတင်ဟာ အထူး အရေးထားရမယ့် NLD ရဲ့ ကိုးကွယ်ရာ ရတနာ သုံးပါးထဲက တစ်ပါးလို့ ကျွန်တော် ယုံကြည်မိပါတယ်။

အထက် ဖော်ပြပါ အကြောင်းအရာတွေကတော့ ကျွန်တော် ရေးခဲ့တဲ့ ဆောင်းပါးအတိုင်းပါပဲ။ ဒီလို ရေးရတာလည်း အကြောင်းရှိပါတယ်။ အထက်မှာလည်း ပါတော့ပါခဲ့ပြီးပါပြီ။ ဦးဝင်းတင်ဟာ ယုံကြည်ချက် ခိုင်မာတဲ့ အတွက် ပြောစရာရှိရင် အားမနာဘဲ ပြောရဲတဲ့ ပုဂ္ဂိုလ်ပါ။ ကျွန်တော်တို့ ကြားဖြတ် ရွေးကောက်ပွဲမှာ ဝင်မယ်လို့ ဆုံးဖြတ်တဲ့အခါမှာ သူ လုံးဝမကြိုက်ပါ။ မထောက်ခံကြောင်းကိုလည်း လူသိရှင်ကြား ထုတ်ဖော် ပြောခဲ့ပါတယ်။ အဲဒီလို မကျေနပ်မှုတွေ ဖြစ်ပေါ်လာတဲ့အခါတိုင်း "ငါ NLD က ထွက်ချင်တယ်" ဆိုတဲ့ စကားတွေ ပြောလာပါတယ်။

တစ်ဖက်ကလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခေါင်းဆောင်မှုကို သူ့အနေနဲ့ ယုံကြည်တယ်၊ လက်ခံတယ်။ သူနဲ့တွေ့တဲ့ ပြည်တွင်း/ပြည်ပ ဧည့်သည်တွေကိုလည်း ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံကြဖို့

အမြဲ တိုက်တွန်းပါတယ်။ အဲဒီတော့ သူမှာက NLD က ထွက်ချင်တယ်လည်း ပြောသေးရဲ့၊ ဒေါ်အောင်ဆန်း စုကြည် ခေါင်းဆောင်မှုကို ယုံကြည်တယ်လို့လည်း ပြောသေးရဲ့၊ သဘောထားက နှစ်ဖက်ခွနေတာပေါ့။ ဒါ့ကြောင့် ဦးဝင်းတင် မှတ်ချက်ချသလို "သူ့ကို ချုပ်လိုက်တာ" တော့ မဟုတ်ပါဘူး။ NLD အဖွဲ့ဝင် အများစုရဲ့ ဆန္ဒကို တင်စားတဲ့ သဘောနဲ့ ဒီဆောင်းပါးကို ရေးလိုက်ရတာပါ။

ကျွန်တော့်အနေနဲ့ကတော့ ၁၉၈၈ ခုနှစ်ကတည်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိစ္စအဝဝကို ကူညီ ဆောင်ရွက်ပေးခဲ့ရတဲ့အခါ၊ တစ်ခါတစ်ရံတော့ သဘော မတွေ့တာလေးတွေ ကြုံခဲ့ဖူးပါတယ်။ ဒါပေမဲ့ သူ့ ခေါင်းဆောင်မှုကို ယုံကြည်တဲ့အတွက် သဘောမတူတာတွေကို စိတ်ထဲမှာပဲ ထားပြီး တစ်ခါမှ သဘောထား ကွဲလွဲကြောင်း ထုတ်ဖော် မပြောခဲ့ဘူးပါ။ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့၊ ဦးဝင်းတင်ဟာ နောက် နှစ်အနည်းငယ် အတွင်းမှာ ကွယ်လွန်သွားတဲ့အထိ NLD က ထွက်ချင်တယ် ဆိုတဲ့စကား မပြောတော့ပါ။

## နေရာ ယူတတ်ကြဖို့ လိုပါတယ်

ကျွန်တော်တို့ NLD လွှတ်တော် ကိုယ်စားလှယ်များ လွှတ်တော်တက်တဲ့ မြင်ကွင်းကို ရေးပြခဲ့ပြီးပါပြီ။ ဒါပေမဲ့ နောက်လာလတ္တံ့သော ကိုယ်စားလှယ်များအတွက် အတုခိုးနိုင်ဖို့ သို့မဟုတ် နေရာ ယူတတ်ကြဖို့အတွက် ကြုံရတဲ့ ဖြစ်စဉ်လေးတစ်ခုကို ပြန်ပြောင်းရေးပြချင်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ မိတ္ထီလာမြို့ရဲ့ ၂၀၁၂ ခုနှစ် ခရိုင်/ထွေအုပ်ရဲ့ သင်္ကြန်အခမ်းအနားမှာ ကျွန်တော် ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့တဲ့လုပ်ရပ် တစ်ခုပါ။ ဖြစ်ပုံက ဒီလိုပါ...။

ရွေးကောက်ပွဲက ဧပြီလ ၁ ရက်နေ့မှာ ပြီးဆုံးသွားပါတယ်။ နောက်တစ်နေ့မှာတော့ ကျွန်တော် အရွေးချယ်ခံရကြောင်း သတင်းဟာ တစ်မြို့လုံးသာမက တစ်နိုင်ငံလုံးပါ ပျံ့နှံ့သွားပါပြီ။ အဲဒီတုန်းက ကြုံခဲ့တဲ့ မိတ်ဆွေ တချို့ဟာဆိုရင် ကြားဖြတ် ရွေးကောက်ပွဲ ၄၃ နေရာမှာ မိတ္ထီလာ မြို့လောက် ရင်မောရတာ မရှိပါဘူးတဲ့။ သူများကတော့ ရင်မောကြမှာပေါ့။ ကျွန်တော်ကတော့ အရာရာကို "ယောနိသောမနသိကာရ" စိတ်နဲ့ ဆင်ခြင်တဲ့ ဓလေ့ကို နှလုံးသွင်းနေတဲ့သူဖြစ်လို့ ရင်မောရလောက်အောင် မခံစားခဲ့ရပါ။

သင်္ကြန်လဆိုတော့ မိတ္ထီလာမြို့ရဲ့ ခရိုင် ထွေအုပ် သင်္ကြန် ကျင်းပမယ်ဆိုတဲ့ သတင်းကြားရပါတယ်။ စုပေါင်းရုံး သွားရင်းနဲ့လည်း ခရိုင် ထွေအုပ် သင်္ကြန်မဏ္ဍပ် ဆောက်နေတာလည်း ဖြတ်သွားဖြတ်လာ တွေ့ရ ပါတယ်။ ဒါပေမဲ့ ပူပူနွေးနွေး လွှတ်တော် ကိုယ်စားလှယ် ဖြစ်လာတဲ့ ကျွန်တော့်ကိုတော့ ဘယ်ကမှ အကြောင်း ကြားလာခြင်း မရှိပါ။ ဒါ့ကြောင့် ခရိုင် ထွေအုပ်ရဲ့ သင်္ကြန် အစီအစဉ်ကို အမြဲမပြတ်ရနေအောင် နားစွင့်နေခဲ့ ပါတယ်။ အဲဒီအခါမှာ သင်္ကြန် အကြိုနေ့ ညနေ လေးနာရီမှာ ခရိုင် ထွေအုပ် သင်္ကြန်မဏ္ဍပ် ဖွင့်ပွဲ အခမ်းအနား လုပ်မယ်ဆိုတာ သိလာရပါတယ်။

သင်္ကြန် အကြိုနေ့ကျတော့ နေ့လယ်စာ စားပြီး ရေမိုးချိုး အဝတ်အစား လဲပါတယ်။ အခမ်းအနား သွားဖို့ ကျွန်တော် ဝတ်တဲ့ အဝတ်အစားကတော့ ကချင် လုံချည်၊ ရှပ်အင်္ကျီ အဖြူ လည်ကတုံးနဲ့ ပင်နီ တိုက်ပုံပါ။ ကြည့်လိုက်တာနဲ့ ဒီလူဟာ NLD ကပဲ ဆိုတာ ထင်းခနဲ သိစေမယ့် ဝတ်စုံဖြစ်ပါတယ်။ ကျွန်တော့် ယောက်ဖ (ညီမ နံပါတ်- ၇ မနုနုရီရဲ့ ခင်ပွန်း) မောင်ဆန်နီလှိုင်က ကားမောင်းပြီး လိုက်ပို့ပါတယ်။ မဏ္ဍပ် ရောက်တော့ သုံးနာရီ ၄၅ မိနစ်မှာပါ။ ဌာနဆိုင်ရာ ပုဂ္ဂိုလ်တချို့လည်း ရောက်နှင့်နေကြပါပြီ။ ကျွန်တော် ရောက်သွားတဲ့အခါမှာ ရောက်နှင့်နေတဲ့သူ အချို့ကတော့ အမူအရာ ပြောင်းသွားကြပါတယ်။ ဘာလုပ်ရမလဲ ဆိုတာ မသိတဲ့အတွက် ဖြစ်လာတဲ့ စိတ်ရှုပ်တဲ့ အမူအရာတွေပါ။

ကျွန်တော်က မသိသလို အမူအရာနဲ့ ဧည့်သည်တော်တွေအတွက် ခင်းထားတဲ့ ရှေ့ဆုံးက ဆက်တီခုံတန်းကို သွားပြီး အလယ်ကောင် တည့်တည့်မှာ ထိုင်လိုက်ပါတယ်။ ကျွန်တော် အဲဒီလိုထိုင်တာကို တားမယ့်သူ ဘယ်သူမှ မရှိပါ။ ကျွန်တော်ကလည်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဖြစ်ပြီမို့ ဘယ်သူမှ တားလို့မရနိုင်ဘူးဆိုတဲ့ အသိနဲ့ လုပ်ခဲ့တာပါ။ "ဒီလို လုပ်တော့ ဘာဖြစ်လာမှာလဲ" လို့ မေးစရာ ရှိပါတယ်။ ဖြစ်လာတာတွေ ရှိပါတယ်။

## ကိုယ့်လူတွေ အားတက်လာတယ်

၂၀၁၂ ခုနှစ်၊ ကြားဖြတ် ရွေးကောက်ပွဲ ဝင်တဲ့အချိန်ထိ ပြည်သူလူထုမှာ အကြောက်တရား လွှမ်းမိုးနေပါတယ်။ NLD ဆိုလိုက်တာနဲ့ လူတွေက စကားမပြောရဲကြသေးပါဘူး။ မိတ်ဆွေ အချင်းချင်း တွေ့ရင်တောင် မမြင်ချင်ယောင်ဆောင်သွားကြတာပါ။ ဒါ့ကြောင့် NLD အဖွဲ့ဝင် အများစုဟာ လူတောထဲ မတိုးရဲကြပါဘူး။ သိမ်ငယ်စိတ်တွေ ဝင်နေခဲ့ကြတာပါ။ အခု ကြားဖြတ် ရွေးကောက်ပွဲမှာ အပြတ်အသတ် နိုင်လိုက်ရုံနဲ့ ပတ်ဝန်းကျင်အနေအထားဟာ ချက်ချင်း ပြောင်းလဲသွားတာ မဟုတ်ပါဘူး။ အရာရာကို ပြည်သူလူထုကြီးက ဒဏ်ခံနေရဆဲဖြစ်ပါတယ်။

မိတ္ထီလာမြို့ရဲ့ အခုလို အထင်ကရ သင်္ကြန်ပွဲမှာ ကျွန်တော်က ပြောင်ပြောင်တင်းတင်း နေရာယူပြလိုက်ခြင်းဟာ မြို့ခံ NLD အတွက်တော့ ထူးဆန်းတဲ့ မြင်ကွင်းတစ်ခု ဖြစ်လာရုံမက သူတို့အတွက် အားတက်စရာ မြင်ကွင်းတစ်ခုလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ NLD လွှတ်တော်ကိုယ်စားလှယ်များကို သင်တန်းပေးတဲ့အခါ ကျွန်တော့်ရဲ့ အဲဒီ အဖြစ်အပျက်လေးကို ပြန်ပြောင်း ပြောပြပြီး ကိုယ့်နေရာကိုယ် သိဖို့၊ မှန်မှန်ကန်ကန် နေရာယူတတ်ဖို့ တိုက်တွန်းရပါတယ်။ အခု ဒီစာရေးနေတဲ့ ၂၀၁၈ ခုနှစ်မှာတော့ ကျွန်တော့်ရဲ့ အချို့ ကိုယ်စားလှယ်တွေဟာ နေရာ ယူတတ်ရုံတင်မကဘူး၊ နေရာယူ လွန်ကဲမှုလေးတွေ ဖြစ်လာတဲ့ သာဓကလေးတွေ တွေ့လာရပါတယ်။ ဒါတွေကိုကျတော့ သတိပေး တားမြစ်ရပါတယ်။

## လွှတ်တော်များ အနေအထား

၂၀၁၀ နိုဝင်ဘာ ရွေးကောက်ပွဲမှာ ပြည်ခိုင်ဖြိုးက အပြတ်အသတ် နိုင်သွားတော့ အစိုးရအဖွဲ့ကို သိကြတဲ့အတိုင်း ဦးသိန်းစိန်က သမ္မတအဖြစ် တာဝန်ယူပြီး လွှတ်တော် နှစ်ရပ်ကိုတော့ ပြည်သူ့လွှတ်တော်မှာ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်မှာ ဦးခင်အောင်မြင့်တို့က ဥက္ကဋ္ဌများအဖြစ် တာဝန်ယူ ဆောင်ရွက်ကြပါတယ်။ ပြည်ထောင်စု လွှတ်တော် ဆိုတာရှိပါသေးတယ်။ အဲဒီ ပြည်ထောင်စု လွှတ်တော်ကိုတော့ နာယက တစ်ဦးက ဦးစီးပြီး နှစ်အပိုင်းအခြားနဲ့ တစ်လှည့်စီ တာဝန်ယူပါတယ်။

ကျွန်တော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ဖတ်ကြည့်ပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ ပြည်ထောင်စု လွှတ်တော်တွေနဲ့ ဖွဲ့စည်းထားပါတယ်။ အမေရိကန် နိုင်ငံမှာကျတော့ ဆီးနိတ်နဲ့ ကွန်ဂရက် ဆိုပြီးတော့ လွှတ်တော်တစ်ရပ်စီ ဖွဲ့စည်းထားတယ်။ အရေးကြုံရင် အဲဒီ လွှတ်တော်နှစ်ရပ်ကို ပေါင်းပြီးတော့ ကိစ္စအရပ်ရပ်ကို ဖြေရှင်းလေ့ရှိကြတာ လေ့လာဖူးပါတယ်။ အဲဒီတော့ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်ကို ပေါင်းပြီး ပြည်ထောင်စု လွှတ်တော် အဖြစ် တကူးတက ဖော်ပြထားတာဟာ ဒီသဘောများလားလို့ တွေးမိပါတယ်။ ကျွန်တော်က ဒေါ်အောင်ဆန်းစုကြည်ကို "ကျွန်တော် ဖွဲ့စည်းပုံ

အခြေခံ ဥပဒေကို ဖတ်ကြည့်တယ်၊ လွှတ်တော် သုံးရပ်နဲ့ ပတ်သက်လို့ ကျွန်တော် သိပ်သဘောမပေါက်ဘူး" လို့ ပြောတော့ သူက အဲဒီလို လွှတ်တော်မျိုး ဘယ်မှာမှ မရှိဘူးလေလို့ ဖြေပါတယ်။

တကယ်တော့ ဒီလို လွှတ်တော်တွေ ဖွဲ့ပြီး ဥပဒေပြု ကိစ္စတွေ ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်တွေဟာ ဗမာပြည်မှာ ဆိတ်သုဉ်းခဲ့တာ ကြာပါပြီ။ ၁၉၆၂ ခုနှစ်ကတည်းကပါ။ ၂၀၁၁ ခုနှစ်ကျမှ လွှတ်တော်တွေ ပေါ်လာတယ် ဆိုတော့ ၄၉ နှစ် ရှိပြီပေါ့။ လွှတ်တော် ဥက္ကဋ္ဌ သူရ ရွှေမန်းက လွှတ်တော်ကို မိန့်ခွန်းပြောတဲ့ အခါမှာ သူ့အနေနဲ့ အတွေ့အကြုံ မရှိတဲ့အတွက် ဖတ်ရှု လေ့လာရပါကြောင်း၊ ပြည်ပ ခရီးစဉ်တွေ သွားရာမှာလည်း ရောက်ရှိတဲ့ နိုင်ငံတွေက လွှတ်တော်တွေကိုလည်း လေ့လာရပါကြောင်း ထည့်ပြောလေ့ရှိပါတယ်။ သူ့ရော၊ ကိုခင်အောင်မြင့်ရော ကြိုးစားပမ်းစား အလုပ်လုပ်နေကြတာ တွေ့မြင်နေရပါတယ်။

## လွှတ်တော် ကော်မတီများ

ကျွန်တော်တို့ အဖွဲ့တွေ လွှတ်တော် ရောက်တာနဲ့ လွှတ်တော် ဥက္ကဋ္ဌရဲ့ အစီအစဉ်နဲ့ ကော်မတီ အသီးသီးမှာ အဖွဲ့ဝင်အဖြစ် တာဝန် ပေးအပ်ခြင်း ခံရပါတယ်။ ထူးခြားတဲ့ ကော်မတီတစ်ရပ်ကတော့ ဒေါ်အောင်ဆန်းစုကြည် အတွက် သီးသန့် ဖွဲ့စည်းပေးခဲ့ပါတယ်။ "တရားဥပဒေ စိုးမိုးရေးနဲ့ တည်ငြိမ် အေးချမ်းရေး ကော်မတီ" ကို တီထွင် ဖွဲ့စည်းပေးပြီး ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နဲ့ အတွင်းရေးမှူး အဖြစ် ကိုဝင်းမြင့် (ယခု သမ္မတ) တို့ကို တာဝန်ပေးပါတယ်။

အဲဒီ ကော်မတီဟာ ထူးခြားတဲ့ ကော်မတီ ဖြစ်ပါတယ်။ နိုင်ငံတစ်ဝှမ်း တရားဥပဒေ စိုးမိုးရေး ထွန်းကားဖို့ ရည်ရွယ်ပြီး လုပ်ငန်း တာဝန်တွေ ထမ်းဆောင်ပါတယ်။ ပြည်တွင်း ပြည်ပ အဆက်အသွယ်တွေ၊ ကုလသမဂ္ဂ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီးတော့ "တရားဥပဒေ စိုးမိုးရေး စင်တာ" တွေကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး တို့မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အဲဒီ စင်တာတွေမှာ တိုင်းနဲ့ ပြည်နယ် အသီးသီးက တရားသူကြီးတွေ၊ ရှေ့နေတွေကို တရားဥပဒေ စိုးမိုးရေးနဲ့ ပတ်သက်တဲ့ သင်တန်းတွေ ပို့ချခဲ့ပါတယ်။

## ပြည်သူ့ ငွေစာရင်း ကော်မတီ Public Accounts Committee (PAC)

ကျွန်တော့်ကိုတော့ ပြည်သူ့ ငွေစာရင်း ကော်မတီမှာ ထည့်သွင်းဖွဲ့စည်းပေးပါတယ်။ ဒီကော်မတီအကြောင်းကို တခြားနိုင်ငံက လွှတ်တော်တွေမှာ လေ့လာကြည့်တော့ အမေရိကန် လွှတ်တော်တွေမှာကော၊ အင်္ဂလန် လွှတ်တော်တွေမှာကော PAC တွေက တော်တော် ဩဇာကြီးတာပဲ။ ဝန်ကြီးချုပ် သို့မဟုတ် သမ္မတက အစ အစိုးရ အသုံးစရိတ်နဲ့ ပတ်သက်ရင် PAC ကို ခယနေရတဲ့ သဘောတွေ တွေ့ရပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ နိုင်ငံမှာတော့ PAC ဖွဲ့ပြီး လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ အစိုးရ ဌာနတွေနဲ့ ဆက်ဆံပြီး စာရင်းဇယားတွေနဲ့ နပန်းလုံးရပါတယ်။ တကယ်တော့ စစ်အစိုးရ အဆက်ဆက်မှာ ငွေရေးကြေးရေး ကိစ္စတွေကို စိတ်တိုင်းကျ သုံးစွဲခဲ့ကြတာ အခုလို လွှတ်တော်မှာ အသုံးစရိတ် ကိစ္စတွေ စည်းကမ်းကျနဖို့ လုပ်တဲ့အခါ အဆင်မချောတာတွေ တွေ့ခဲ့ရပါတယ်။ ဥပမာ- ဌာနတစ်ခု အသုံးစရိတ်ကို စာရင်းစစ်ချုပ်ရုံးက လာတင်ပြတဲ့အခါ ဌာနတစ်ခုရဲ့ ပရောဂျက်က အကောင်အထည် ဖော်ပြီးသွားပါပြီ။ အဲဒီ ပရောဂျက် ကုန်ကျစရိတ်တွေကို အခုမှ တင်ပြတောင်းဆိုတာပါ။

အဲဒီတော့ ကျွန်တော်က မေးရပါတယ်။ "အဲဒီ ပရောဂျက် လုပ်ငန်း အကောင်အထည်ဖော်တော့ ဘယ်က ပိုက်ဆံနဲ့ လုပ်ပါသလဲ" ဆိုတော့ စာရင်းစစ်ချုပ်ရုံးက အဒေါ်ကြီးက "သူတို့ဘာသာ သူတို့ စိုက်သုံး



၂၀၁၂ ခုနှစ်၊ ကြားဖြတ် ရွေးကောက်ပွဲ၌ အနိုင်ရရှိပြီး လွှတ်တော် တက်ရောက်စဉ် ကျမ်းသစ္စာ ကျိန်ဆိုနေကြပုံ။

၂၀၁၃ ခုနှစ်၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင်များ။



ထားတာပါ" တဲ့။ ကျွန်တော်က သူ စိတ်မထိခိုက်အောင် အရွှန်းဖောက်ပြီး ပြန်မေးပါတယ်။ "ကျားသားမိုးကြိုးဗျာ၊ အစိုးရဌာန လုပ်ငန်းကို အပြင်လုပ်ငန်းရှင်က ပိုက်ဆံ စိုက်သုံးထားတယ်၊ ပြီးမှ ပိုက်ဆံပြန်တောင်းတယ် ဆိုတာ အရပ်ရပ် နေပြည်တော် ကြားလို့မှ မတော်ပါဘူးခင်ဗျာ" လို့ ပြောတော့ ဘေးက အဖွဲ့ဝင်တွေက တခိခိပေါ့။

အဲဒီလို အလေ့အထတွေက တော်တော်နဲ့ မပျောက်ပါဘူး။ အခုထိ အလေ့အထလေးတွေ ကျန်ဆဲပဲလို့ သိရပါတယ်။ အဲဒီတုန်းက PAC ဥက္ကဋ္ဌက ဦးသူရိန်ဇော်ပါ။ အရင် အစိုးရတုန်းက ဒုတိယ ဝန်ကြီး တစ်ယောက်

ပါ။ သူ့ရဲ့ ဖခင်က တပ်မတော်က ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်သန်း ဖြစ်ပါတယ်။ ကျွန်တော် စစ်ရုံးမှာ နေခဲ့တုန်းက မကြာခဏ တွေ့ကြုံ ခင်မင်ခဲ့ဖူးပါတယ်။ နောက်ပိုင်းတော့ သူ့ဖခင်ဟာ အရပ်ဘက် ရောက်သွားပြီး ဌာနတစ်ခုမှာ ညွှန်ကြားရေးမှူးချုပ်အထိ တာဝန် ထမ်းဆောင်ခဲ့ပါတယ်။

ကျွန်တော့်အကြောင်းကို ဦးသူရိန်ဇော်က မူလကတည်းက ကြားဖူးပြီးသားပါ။ သူ့ဖခင်နဲ့ပါ ခင်မင်ခဲ့ဖူးတယ် ဆိုတော့ တရင်းတနှီး ဖြစ်လာပါပြီ။ အဲဒီကော်မတီက အခြားအဖွဲ့ဝင် တစ်ဦးဖြစ်တဲ့ ကိုမောင်တိုး (ယခု အထူး ကော်မရှင် အဖွဲ့ဝင်) နဲ့လည်း တရင်းတနှီး ဖြစ်လာပါတယ်။ သူက လွှတ်တော် ကိုယ်စားလှယ် မဖြစ်ခင် ဌာနတစ်ခုရဲ့ ဦးဆောင်ညွှန်ကြားရေးမှူး အဖြစ် တာဝန် ထမ်းဆောင်ခဲ့ဖူးပါတယ်။ ပုလဲ လုပ်ငန်း ကော်ပိုရေးရှင်း ဖြစ်ပါတယ်။

## ပြဿနာ တစ်ခုနဲ့ နဖူးတွေ့ ဒူးတွေ့


ကျွန်တော်တို့ လွှတ်တော် ရောက်တာနဲ့ ပြဿနာတစ်ခုနဲ့ စတိုးမိပါတယ်။ အဲဒီ ပြဿနာကတော့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ခုံရုံး Constitutional Court ကိစ္စပါ။ အကြောင်းရင်းက လွှတ်တော်က ဖွဲ့စည်းတဲ့ ကော်မရှင်၊ ကော်မတီတွေဟာ ပြည်ထောင်စုအဆင့် ဟုတ်မဟုတ် အငြင်းပွားတဲ့ ကိစ္စပါ။ သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်တဲ့ အစိုးရက ဖွဲ့စည်းပေးထားတဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ခုံရုံးက အဲဒီ ကော်မရှင်၊ ကော်မတီတွေကို ပြည်ထောင်စု အဆင့်လို့ မသတ်မှတ်ပါဘူးတဲ့။

အဲဒီအကြောင်းကို ပြည်သူ့လွှတ်တော် ကော်မတီ အသီးသီးက ခုံရုံးရဲ့ ထင်မြင်ချက်ဟာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေနဲ့ မညီဘူး၊ အခြေခံ ဥပဒေမှာ အဲဒီ ကော်မရှင် ကော်မတီများဟာ ပြည်ထောင်စု အဆင့် ဖြစ်တယ်လို့ အတိအလင်း ရေးထားပြီးသားပါ။ ဒါကို လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက သွားရောက် ရှင်းလင်း တင်ပြတဲ့အခါ ခုံရုံးက မခြေမင် ဆက်ဆံတဲ့အပြင် ပြည်ထောင်စု အဆင့် သတ်မှတ်ရေးကိုလည်း သဘောမတူပါဘူး။

ကျွန်တော်တို့ စပြီး လွှတ်တော် တက်တဲ့အချိန်မှာ ဒီဖွဲ့စည်းပုံ အခြေခံ ဥပဒေခုံရုံး Constitutional Court ပြဿနာနဲ့ တည့်တည့် တိုးပါတယ်။ ကျွန်တော်တို့ကတော့ လွှတ်တော် ရောက်ခါစ ဖြစ်လို့ ဒီပြဿနာရဲ့ အတိမ်အနက်ကို ရုတ်တရက် မသိသေးပါဘူး။ ဒါပေမဲ့ ခုံရုံးရဲ့ ဆုံးဖြတ်ချက်နဲ့ တုံ့ပြန်ချက်ကို မကျေနပ်တဲ့ လွှတ်တော် ကိုယ်စားလှယ်တွေက ပြင်းပြင်းထန်ထန် ဝေဖန် ပြောကြားတာတွေ ကြားရပါတယ်။ ဒီလို ဝေဖန် ရုံတင်မကဘူး၊ လက်ဖက်ရည် သောက်ချိန်၊ ထမင်းစားချိန်တွေမှာ လွှတ်လွှတ်လပ်လပ် ပြောကြဆိုကြတဲ့ အခါမှာ လွှတ်တော် ကိုယ်စားလှယ်အချို့က ခုံရုံးကို ပြစ်တင် ရှုတ်ချ Impeach တဲ့ အထိ လုပ်ရင် ကောင်းမယ် ထိပါ ပြောသံကြားနေရပါတယ်။

## သူတို့ချင်း ဖြစ်နေကြပါလား


အဲဒီလို ပြောသံတွေ၊ လွှတ်တော်ထဲမှာ ဝေဖန်တာတွေ ကြားနေရတော့ သမ္မတ ဦးသိန်းစိန်က ခန့်အပ်တဲ့ ခုံရုံးကို လွှတ်တော်ထဲက ပြည်ခိုင်ဖြိုး ကိုယ်စားလှယ် အများစုက ဆန့်ကျင်နေတယ် ဆိုတာ သိလိုက်ရပါတယ်။ ကျွန်တော့် စိတ်ထဲမှာတော့ "ဟ… ပြည်ခိုင်ဖြိုး လွှတ်တော်က ပြည်ခိုင်ဖြိုး အစိုးရကို ဆန့်ကျင် တိုက်ခိုက်နေတာပါလား" ဆိုတဲ့အသိ ဖြစ်လာပါတယ်။ တကယ်တော့ ဦးသိန်းစိန် ခေါင်းဆောင်တဲ့ ပြည်ခိုင်ဖြိုး အစိုးရ (အုပ်ချုပ်ရေး မဏ္ဍိုင်) နဲ့ သူရ ဦးရွှေမန်း၊ ဦးခင်အောင်မြင့်တို့ ခေါင်းဆောင်တဲ့ ပြည်ခိုင်ဖြိုး လွှတ်တော် (ဥပဒေပြု



၂၀၁၄ ခုနှစ်၊ ပြင်ဦးလွင် တော်ဝင်နန်းဆီ ဦးစိုးညွန့် ခြံ၌ ပြုလုပ်သော အထက် မြန်မာပြည် စာရေးဆရာ ကဗျာဆရာများနဲ့ တွေ့ဆုံပွဲ။

---

ဒေါ်အောင်ဆန်းစုကြည် ခြံဝင်း ညှိနှိုင်းပွဲ တစ်ခု၌ တွေ့ရသော "မရှိမဖြစ်" ကိုနီနဲ့ ဦးထင်ကျော် (သမ္မတပေါင်း)။



မလ္လိုင်) တို့ ကြားမှာ သိသာတဲ့ သဘောထား ကွဲလွဲမှု အစဖြစ်ပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်လို့ ခုံရုံးရဲ့ ဆုံးဖြတ်ချက်တွေ မှန်ကန်မှု ရှိ/မရှိ သုံးသပ် တင်ပြဖို့ သီးသန့် ကော်မတီ တစ်ခု ဖွဲ့လိုက်ပါတယ်။ အဲဒီ ကော်မတီ ဥက္ကဋ္ဌက ဦးသိန်းဆွေ (ယခု လူဝင်မှု ကြီးကြပ်ရေးနဲ့ အလုပ်သမား ဝန်ကြီး) ဖြစ်ပါတယ်။ အဲဒီ ကော်မတီမှာ ကျွန်တော်က ပါသွားပါသေးတယ်။ NLD က ပါသွားတာ ကျွန်တော် တစ်ယောက်တည်းပါ။ တိုင်းရင်းသား ပါတီ (ရှမ်း/ရခိုင်နဲ့ အခြား) က ကိုယ်စားလှယ်တွေလည်း ပါပါတယ်။ ကျွန်တော်တို့ ကော်မတီဟာ လွှတ်တော် ဥက္ကဋ္ဌရုံးရဲ့ မျက်နှာချင်းဆိုင်က ဧည့်ခန်းမှာ စုဝေးပြီး တိုင်ပင်ကြ ပါတယ်။

ကော်မတီ ဖွဲ့ပြီးပြီ ဖြစ်တဲ့အတွက်ကြောင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ခုံရုံးနဲ့ တွေ့ဆုံ ဆွေးနွေးသင့်တယ်လို့ အများ သဘောတူကြပါတယ်။ အဲဒီလို ဆွေးနွေးဖို့ ဖိတ်ခေါ်စာကို ဥက္ကဋ္ဌ ဦးသိန်းဆွေက ကြီးကြပ်ပြီး ရေးကြပါတယ်။ အဲဒီစာကို ပို့ပြီးမှ သူတို့ဘက်က တုံ့ပြန်မှုပေါ် မူတည်ပြီး လိုအပ်တာတွေ ဆက်လုပ်ဖို့ သဘောတူကြပါတယ်။ တကယ်တော့ ခုံရုံး အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံ ဆွေးနွေးတဲ့ အထိ မရောက်ခဲ့ပါဘူး။ ဖိတ်ကြားတဲ့စာ ပြုစု အတည်ပြုပြီးတဲ့ အချိန်မှာပဲ သတင်းက ရောက်လာပါတယ်။ "သမ္မတရဲ့ သဘောတူညီချက်အရ ခုံရုံး တစ်ဖွဲ့လုံး နုတ်ထွက်လိုက်ပါပြီ" ဆိုတဲ့ သတင်းပါ။

ဒီကိစ္စဟာ အင်မတန် ကြီးမားတဲ့ ပြဿနာ ဖြစ်ပါတယ်။ ဦးသိန်းစိန် ခေါင်းဆောင်တဲ့ ဒီမိုကရေစီ အစိုးရလို့ ခေါ်တဲ့ ကာလမှာ ပထမဦးဆုံး ကြုံရတဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆိုင်ရာ အကြပ်အတည်း Constitutional Crisis ဖြစ်ပါတယ်။ တကယ်တော့ စိတ်မကောင်းစရာ ဖြစ်ရပ်တစ်ခုပါ။ ညှိနှိုင်း ဆွေးနွေး အဖြေရှာရင် ရနိုင်လောက်တဲ့ သဘောရှိပေမဲ့ တစ်ဖက်နဲ့ တစ်ဖက် အာဃာတတွေ ရှေ့တန်းတင်လာလို့ ဒီလို ဖြစ်ခဲ့ရ တယ်လို့ ကျွန်တော် သုံးသပ်မိပါတယ်။

ဖွဲ့စည်းပုံ အခြေခံ ဥပဒေထဲမှာ အတိအလင်း ရေးထားတဲ့ အချက်တွေကို မဟုတ်ရပါဘူးလို့ သမ္မတ ဦးသိန်းစိန်ကို ဘယ်လို ဥပဒေ ပညာရှင်တွေက အကြံပေးလို့ သူက ဘက်လိုက် ရပ်တည်ခဲ့တဲ့အတွက် သမိုင်း မှာပါ မှတ်တမ်းဝင်သွားတဲ့ မကောင်းတဲ့ အစဉ်အလာတစ်ခု ဖြစ်သွားခဲ့ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ အဲဒီတုန်းက လွှတ်တော် ဥက္ကဋ္ဌဖြစ်တဲ့ သူရ ဦးရွှေမန်းက ဖြစ်စဉ်တစ်ခုလုံးကို စာအုပ် တစ်အုပ်အဖြစ် ပြုစုပြီး ထုတ်ဝေခဲ့ပါတယ်။ ဥပဒေ ပညာရှင်များ စိတ်ဝင်စားမယ့် စာအုပ်ပါ။

## အပတ်စဉ် အစည်းအဝေးများ

လွှတ်တော်ရောက်ပြီး နှစ်ပတ်လောက် အတွင်းမှာပဲ ဒေါ်အောင်ဆန်းစုကြည်က အစီအစဉ် တစ်ခု ချမှတ်လိုက် ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ် အားလုံး အပတ်စဉ် တနင်္လာနေ့တိုင်း သူ ခေါင်းဆောင်ပြီး အစည်းအဝေးလုပ်တဲ့ အစီအစဉ်ပါ။ နေရာကတော့ စည်ပင် ရိပ်သာထဲက စားရိပ်သာ တစ်ခု မှာပါ။ (အဲဒီ အစည်းအဝေးအတွက် နေရာရအောင် မနည်း ပြောယူရပါသေးတယ်။)

အဲဒီလို အစည်းအဝေးတွေမှာ ပြီးခဲ့တဲ့ အပတ်စဉ်က လွှတ်တော်ထဲမှာ ကျွန်တော်တို့ ဆွေးနွေးခဲ့တဲ့ အကြောင်းတွေ၊ နောက်လာမယ့် အပတ်မှာ ကျွန်တော်တို့ထဲက ဆွေးနွေးမယ့် အကြောင်းအရာတွေကို တင်ပြပါတယ်။ အများက ဝိုင်းဝန်း ဆွေးနွေးပြီးကြတဲ့အခါ ဒေါ်စုက သုံးသပ် လမ်းညွှန်မှုများ ချမှတ်ခဲ့ပါတယ်။ ဒါ့ကြောင့်မို့လို့ လွှတ်တော် ပြီးဆုံးတဲ့ ၂၀၁၅ ခုနှစ် ကာလအထိ ကျွန်တော်တို့ NLD လွှတ်တော် ကိုယ်စားလှယ် များဟာ ညီညီညွတ်ညွတ်နဲ့ တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့တယ်လို့ ယူဆမိပါတယ်။

## မှတ်မှတ်ရရ ဟာသတစ်ခု

ဒီအကြောင်းလေး ရေးပြရတာက မှတ်လောက်သားလောက်လည်း ဖြစ်လို့ပါ။ သူများကို နှိမ်စေလိုတဲ့ ဆန္ဒ မပါပါဘူး။ ဖြစ်တာကလည်း စည်ပင်ရိပ်သာမှာ အပတ်စဉ်လုပ်တဲ့ အစည်းအဝေးမှာပါ။ လွှတ်တော်အပြီး ညနေပိုင်းမှာ အစည်းအဝေး လုပ်တော့ အစ ပထမတော့ လူမစုံပါဘူး။ ဒေါ်စုနဲ့ ကိုယ်စားလှယ်အချို့ကတော့ ရောက်နေပါပြီ။ ကျွန်တော်က ဒေါ်စု ဘယ်ဘက်ဘေးမှာ ထိုင်ပြီး ဒေါက်တာ ဒေါ်မေဝင်းမြင့်ကတော့ ဒေါ်စု ညာဘက်မှာ ထိုင်နေပါတယ်။ (သူက ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ်က လွှတ်တော် ကိုယ်စားလှယ်ပါ။)

လူမစုံလို့ စောင့်နေတဲ့အခိုက်မှာ ဒေါ်မေက ဒေါ်စုကို စကားစလိုက်ပါတယ်။ နောက်သလိုလိုနဲ့ပါ။ "အစ်မ... အစ်မ၊ ဦးထိန် ဝက်သားတွေ စားတယ်" လို့ ပြောတော့ ဒေါ်စုကလည်း မဆိုင်းမတွ "ရှင် ချက် ကျွေးတာ မဟုတ်ဘူးလား" လို့ ပြောတဲ့အခါ ဒေါ်မေက "ဟုတ်ကဲ့" လို့ ပြန်ဖြေလိုက်ပါတယ်။ ဘေးကလူတွေ ကတော့ ဝါးခနဲပေါ့။ ဒေါ်မေက တကယ်တော့ ကျွန်တော့်ကို အချွန်နဲ့ မ,တာပါ။ ကျွန်တော်က ဆေးရုံ ခဏ ခဏ တက်နေရတော့ ဒေါ်စုက ကျွန်တော့်ကို ဝက်သား မစားဖို့ရယ်၊ အားလုံးကိုလည်း ကျွန်တော့်ကို ဝက်သား ဟင်း မပေးကြဖို့ တားထားတဲ့ ကာလပါ။

ဒေါ်မေက NLD မှာ အလွန် အလုပ်လုပ်တဲ့ အမျိုးသမီး ခေါင်းဆောင် တစ်ယောက်ပါ။ သူ့နာမည် အရင်းက "ဒေါ်ဝင်းမြင့်" ဖြစ်ပြီး သူ ဆေးကျောင်းသူ ဘဝကတည်းက ရည်ငံပြီး နောက်ပိုင်း လက်ထပ်ဖြစ်ခဲ့ ကြတဲ့ ရည်းစား နာမည်ကလည်း "ကိုဝင်းမြင့်" ပါ။ နှစ်ဦးသား အိမ်ထောင်ကျပြီးတော့မှ နှစ်ယောက်သား ကွဲကွဲပြားပြား ဖြစ်သွားအောင် သူ့နာမည်ကို "မေဝင်းမြင့်" လို့ ပြောင်းလိုက်တာပါ။ သားတစ်ယောက်၊ သမီး တစ်ယောက် ရှိပြီး အားလုံး အလုပ်အကိုင် ကိုယ်စီ၊ အိမ်ထောင် ကိုယ်စီနဲ့ ဖြစ်နေကြပါပြီ။

NLD ခက်ခက်ခဲခဲ ရုန်းကန်စဉ်အခါက ဒေါ်မေလည်း အဖမ်းခံရတာပေါ့။ စစ်အစိုးရရဲ့ ကြမ်းခင်းဈေး ခုနစ်နှစ် ထောင်ဒဏ် ချမှတ်ခြင်း ခံခဲ့ရတာပါ။ ခုနစ်နှစ် ပြည့်ပြန်တော့ သူဟာ ဒေါ်အောင်ဆန်းစုကြည် ချမှတ် ထားတဲ့ လမ်းစဉ်တွေကို ထောက်ခံဆဲ ဖြစ်နေလို့ လွှတ်မပေးဘဲ နှစ်တွေ ထပ်တိုးလိုက်တာ ၁၁ နှစ် ကြာသွား ပါတယ်။ ထောင်ထဲမှာ နှစ်ရှည်လများ နေခဲ့ပြီး ဝေါက်မသွားတဲ့ သူတွေထဲမှာ သူလည်း တစ်ယောက် အပါ အဝင်ပေါ့။ အခုတော့ NLD ရဲ့ အမျိုးသမီး လုပ်ငန်း ကော်မတီ ဗဟိုအဖွဲ့မှာ ဥက္ကဋ္ဌအဖြစ် တာဝန် ထမ်းဆောင် နေပါတယ်။ လွှတ်တော်ထဲမှာလည်း အရေးပါတဲ့ တာဝန်တွေ ထမ်းဆောင်ဆဲ ဖြစ်ပါတယ်။

## မိတ္ထီလာက အရေးအခင်း

ကျွန်တော် လွှတ်တော် တက်နေစဉ် ကာလတစ်လျှောက်လုံး အပတ်စဉ်နီးပါး သောကြာနေ့တိုင်း မိတ္ထီလာကို သွားပါတယ်။ စနေနေ့တွေမှာ ရပ်ကွက် သို့မဟုတ် ကျေးရွာ သွားပြီး မဲဆန္ဒရှင်တွေနဲ့ တွေ့ပါတယ်။ နောက်ပိုင်းမှာ လွှတ်တော်က မြို့နယ် တစ်မြို့နယ်မှာ သိန်းတစ်ထောင် ရန်ပုံငွေ ချပေးပြီးတဲ့အခါ ပိုပြီး အလုပ် များလာပါတယ်။ ရပ်ကွက်အလိုက် ကျေးရွာအလိုက် လုပ်စရာရှိတဲ့ အလုပ်၊ ဥပမာ ကျောင်းပြင်ခြင်း၊ ရေတွင်း တူးပေးခြင်း စတဲ့ လုပ်ငန်းတွေကို စာရင်းကောက်ပြီး ဖွံ့ဖြိုးရေး ရန်ပုံငွေနဲ့ အကောင်အထည် ဖော်ပေးပါတယ်။ လွှတ်တော်က သတ်မှတ်ထားတာက လုပ်ငန်း တစ်ခုကို သိန်း ၅၀ ဖြစ်ပါတယ်။ ကျွန်တော့် လွှတ်တော် ကိုယ် စားလှယ် သက်တမ်းတစ်လျှောက် ဖွံ့ဖြိုးရေး လုပ်ငန်းတွေ တော်တော်များများ အကောင်အထည် ဖော်ပေးနိုင် ခဲ့ပါတယ်။

လွှတ်တော် တက်နေစဉ် ကာလ မြို့ခံ NLD အဖွဲ့တွေဆီက အရေးတကြီး တယ်လီဖုန်း လာပါတယ်။ မိတ္ထီလာမှာ မွတ်စလင်နဲ့ ဗမာတွေနဲ့ အဓိကရုဏ်း ဖြစ်နေပါပြီ၊ ဗမာတွေနဲ့ မွတ်စလင်တွေနဲ့ ဖြစ်ကြတာပါ။ အသေအပျောက်လည်း ရှိပါပြီ။ အဆောက်အဦ တချို့လည်း မီးလောင်နေတယ်လို့ ပြောကြပါတယ်။ အဲဒီ သတင်းကြောင့် ကျွန်တော်ဟာ ဒေါ်အောင်ဆန်းစုကြည်ကို ခွင့်တောင်းပြီး မိတ္ထီလာကို ချက်ချင်း ပြန်ခဲ့ပါတယ်။ လွှတ်တော်ကိုလည်း ရက်အကန့်အသတ် ခွင့်တင်ပေးဖို့ အပေါင်းအသင်းတွေကို မှာခဲ့ပါတယ်။

ကျွန်တော် မိတ္ထီလာ ရောက်တော့ ညဦးပိုင်း ခုနစ်နာရီလောက် ရှိနေပါပြီ။ မှောင်နေပါပြီ၊ အခင်း ဖြစ်ပွားတဲ့ နေရာက မိတ္ထီလာ ဈေးကြီးရဲ့ မြောက်ဘက် နာရီစင်ကနေ ပြည်သာယာဘက်ကို သွားတဲ့ လမ်းမကြီး ပေါ်မှာပါ။ မူလ ဗလီကြီး ရှိပါတယ်၊ ဘဏ်တွေ ရှိပါတယ်၊ အဝေးပြေးကွင်း ကားဂိတ်လည်း ရှိပါတယ်။ မွတ်စလင် ဗလီကြီးလည်း ဖျက်ဆီးခံခဲ့ရပါပြီ။ သူနဲ့ မျက်နှာချင်းဆိုင်မှာ ရှိတဲ့ အဆောက်အဦ အချို့လည်း မီးလောင်နေပါပြီ။

## သူတို့တစ်တွေ ဘာမှ မလုပ်ကြဘူး

အဲဒီမှာ ခရိုင် မြို့နယ် ထွေအုပ်များနဲ့တကွ ရဲတပ်ဖွဲ့မှူးတွေလည်း ရောက်နေကြပါပြီ။ မကြာခင်မှာ မန္တလေး တိုင်း နယ်/လုံ ဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မျိုး (နာမည် မသေချာပါ) လည်း ရောက်နေပါပြီ။ နယ်/လုံ ဝန်ကြီးက မိတ္ထီလာမြို့သားပါ။ ကျွန်တော် ရောက်သွားချိန်မှာ မွတ်စလင်တွေပေါ်မှာ မကျေမနပ်နဲ့ အော်ဟစ် ကြွေးကြော်သံတွေ ညံနေပါတယ်။ မလှမ်းမကမ်းက အိမ်တွေကို လူတချို့ မီးရှို့နေတာလည်း မြင်နေရပါတယ်။

ရဲ လက်နက်ကိုင် တပ်ဖွဲ့တွေ ရှိပါလျက်နဲ့ ဘယ်သူကမှ ဘာအမိန့်မှ မပေးပါ။ ဒါ့ကြောင့် လူအချို့က ဖျက်လိုဖျက်ဆီး လုပ်နေတာတွေကိုလည်း တားမြစ်မယ့်သူ ဘယ်သူမှ မရှိပါ။ တာဝန်ရှိသူ အားလုံး ရပ်ကြည့် နေကြတဲ့သဘော ဖြစ်နေပါတယ်။ ကျွန်တော်က နယ်/လုံ ဝန်ကြီး၊ ခရိုင်နဲ့ မြို့နယ် ထွေအုပ်များနဲ့ ခရိုင် ရဲမှူး ကြီးတွေဆီ သွားပြီး အကျိုးအကြောင်း မေးတော့လည်း သူတို့ဆီ ဘာမှ ရေရာတဲ့ တုံ့ပြန်မှုမရပါ။

## တုတ်ကိုင် ဓားကိုင် လူတစ်စု

ဒီလိုနဲ့ မိုးတိုးမတ်တတ် ရပ်ကြည့်ရင်း ညကိုးနာရီလောက် ဖြစ်သွားပါပြီ။ အော်ဟစ် သောင်းကျန်းနေတဲ့ လူ တွေကလည်း သောင်းကျန်းဆဲ၊ အဆောက်အဦး တချို့ကလည်း မီးလောင်ဆဲ၊ တာဝန်ရှိတဲ့ လူတွေကလည်း ဘာမှ မလုပ်ဘဲ ရပ်ကြည့်နေဆဲပါ။ အဲဒီအချိန်မှာ နာရီစင်ဘက်က ကုန်တင်ကားကြီး နှစ်စီး သုံးစီးလောက် ချိုးဝင်လာတာ တွေ့ရပါတယ်။ ကားမီးရောင်တွေကြောင့် သိရတာပါ။ သူတို့က နာရီစင် အလွန်လောက်မှာ ရပ်လိုက်ပြီး ကားပေါ်က ဆင်းလာကြပါတယ်။ အင်အား သုံး-လေးဆယ်လောက် ရှိမယ် ထင်ပါတယ်။ တုတ်တွေ၊ ဓားတွေ ကိုယ်စီနဲ့ပါ။

လမ်းပေါ်မှာတော့ ကျွန်တော်တို့အပြင် လက်နက်ကိုင် ရဲတပ်ဖွဲ့ဝင်တွေနဲ့ ပွဲကြည့်တဲ့သူတွေနဲ့ တုတဲ့ မြို့ခံ ပရိသတ်အချို့ ရှိပါတယ်။ သူတို့က ဒီလူအုပ်ကြားက ဖြတ်ပြီး မီးလောင်တဲ့ဘက်ကို ဦးတည်သွားနေ ကြပါတယ်။ ဘယ်သူကမှ ဘာမှ မမေးပါ။ ကျွန်တော်နား ရောက်တော့ မနေနိုင်တာနဲ့ "ဟေ့ မင်းတို့က ဘယ်သူတွေလဲကွ" လို့ လှမ်းအော်မေးလိုက်တော့ သူတို့က "......ရွာကပါ" တဲ့။ ကျွန်တော်က မိတ္ထီလာ မြို့သားဆိုတော့ အဲဒီရွာအကြောင်း ကြားဖူးပါတယ်။ လူမိုက်တွေ ပေါတဲ့ ရွာပါ။ ကျွန်တော်က "မင်းတို့ ဘာ လာလုပ်ကြတာလဲ" လို့ မေးတော့ သူတို့ ရှေ့ဆက် မသွားတော့ဘဲ ကြောင်တောင်တောင်နဲ့ ရပ်နေကြပါတယ်။

ကျွန်တော်က "ဟော့ကောင်တွေ၊ မင်းတို့အကြောင်း ငါ သိတယ်၊ ပြန်ကြ ပြန်ကြ" လို့ မာန်ပါပါနဲ့ အော်လိုက်တော့ သူတို့ ပြန်သွားကြပါတယ်။ ကိုယ့်ကိုယ်ကိုယ်တော့ မချီးကျူးမိပါဘူး။ အခြေအနေ လိုအပ်ချက်အရ ခွင်ကျကျ လုပ်လိုက်တာ ထိရောက်သွားတယ်လို့ပဲ ယူဆပါတယ်။ တာဝန်ရှိသူ နယ်/လုံ ဝန်ကြီးတို့၊ ထွေအုပ်၊ ရဲ စတဲ့ ပုဂ္ဂိုလ်တွေကတော့ စာရေးဆရာ တစ်ယောက်ရဲ့ အသုံးအနှုန်းကို ခဏ ငှားရမယ် ဆိုရင် "သူတို့ကတော့ မတုန်မလှုပ် ကျောက်ရုပ်"။

## ဘယ်လို စဖြစ်ကြတာပါလိမ့်

အခြေအနေ ပိုထူးမလာတာနဲ့ ည ၁၁ နာရီလောက်မှာ ပြည်သာယာက ညီမအိမ်ကို ပြန်ပါတယ်။ ပြည်သာယာ မရောက်ခင် မီးပွိုင့် အလွန်လောက်မှာ လမ်းညာဘက် ဘေးမှာ မွတ်စလင်လို့ ယူဆရတဲ့ အလောင်း တစ်လောင်း တွေ့ရတဲ့အတွက် မြို့နယ် ထွေအုပ်ကို လှမ်းအကြောင်းကြားလိုက်ပါတယ်။ လုပ်သင့်တာ လုပ်ဖို့ပေါ့။ ညီမအိမ် ရောက်တော့ မိတ်ဆွေ အချို့ရော၊ NLD အဖွဲ့ဝင် အချို့ရော ကျွန်တော့်ကို စောင့်နေတာ တွေ့ရပါတယ်။ အဲဒီကျမှ ဖြစ်ကြောင်းရယ်ကုန်စင် ကြားသိရတာပါ။

အဲဒီနေ့ မနက် မိတ္ထီလာဈေးထဲက ပြဿနာ စတာပါ။ ဈေးထဲက ရွှေဆိုင်ကို ရွှေထည်ပစ္စည်း တချို့ လာရောင်းပါတယ်။ ရွှေထည်ပစ္စည်းရဲ့ အရည်အသွေးနဲ့ ပတ်သက်ပြီး ရောင်းတဲ့သူ မွတ်စလင် မိသားစုနဲ့ ဆိုင်ရှင် မိသားစုတို့ အငြင်းပွားကြပါတယ်။ ဒေါသအလျောက် ရိုက်တာနက်တာတွေ ရှိလာလို့ ဈေး တာဝန်ရှိသူတွေနဲ့ ရပ်/ကျေး အုပ်ချုပ်ရေးမှူးတို့က ဖြေရှင်းပေးလိုက်လို့ ပြဿနာက ခဏတဖြုတ် ငြိမ်သက်သွားတယ်လို့ သိရပါတယ်။ ဒါပေမဲ့ မွတ်စလင်နဲ့ မြန်မာဆိုင်ရှင်တို့ အငြင်းပွားမှု သတင်းဟာ တစ်မြို့လုံး ပျံ့နှံ့သွားပါတယ်။

## တားလို့ မရနိုင်တော့ပြီ

တခြားနေရာ တစ်ခုမှာလည်း ဒီထက်ကြီးတဲ့ ပြဿနာတစ်ခု ပေါ်ပေါက်လာပြန်ပါတယ်။ မလှိုင်မြို့ဘက်က ရွာတစ်ရွာက ဆရာတော်တစ်ပါးဟာ ကိစ္စတစ်ခုနဲ့ မြို့ကို ဆိုင်ကယ် တက္ကစီနဲ့ လာပါတယ်။ ဈေး အနောက်မြောက်ဘက်က မွတ်စလင် အများစု နေတဲ့ ရပ်ကွက်ကို ဖြတ်ခဲ့ရပါတယ်။ အဲဒီလို ဖြတ်လာတုန်း ဆေးပေါက်နေတယ်လို့ ယူဆရတဲ့ မွတ်စလင် လူငယ်အချို့ဟာ အဲဒီ ဆိုင်ကယ် တက္ကစီကို တားပြီး ဘုန်းကြီးကို ဆွဲချပါတယ်။ အဲဒီ ဘုန်းကြီးကို သူတို့ ဗလီ ရှိရာကို ဆွဲခေါ်သွားပြီး ရိုက်ကြနက်ကြပါတယ်။ ဓားနဲ့ ထိုးတယ်လို့လည်း ဆိုပါတယ်။

အဲဒီ ဘုန်းကြီးကို ပတ်ဝန်းကျင်က ကယ်ဆယ်လိုက်ပြီး ဆေးရုံပို့တဲ့အခါ ဆေးရုံမှာ ပျံလွန်တော်မူသွားတယ်လို့ ဆိုပါတယ်။ အဲဒီ "ဗုဒ္ဓဘာသာ ဘုန်းကြီးတစ်ပါးကို မွတ်စလင်တွေ ဝိုင်းရိုက်လို့ သေသွားတယ်" လို့ ဆိုတဲ့ သတင်းဟာ မိတ္ထီလာ မြို့ပေါ်မှာသာမက တစ်နိုင်ငံလုံး တစ်မုဟုတ်ချင်း ပျံ့နှံ့သွားပါတယ်။ အဲဒီ သတင်းကြောင့် မြို့ပေါ် နီးရာ ရပ်ကွက်ထဲက လူကြီး/လူငယ်တွေဟာ အခင်းဖြစ်ရာ ဗလီဘက်ကို လာပြီးတော့ ဖျက်ဆီးခဲ့ကြပါတယ်။ အနီးအနားက မွတ်စလင် ပိုင်တယ်လို့ ယူဆရတဲ့ အိမ်တွေကိုလည်း မီးရှို့ခဲ့ကြပါတယ်။ မွတ်စလင် အချို့လည်း သတ်ဖြတ်ခြင်း ခံရပါတယ်။

## နောက်တစ်နေ့ ဖြစ်စဉ်

ပြည်သာယာအိမ် ရောက်တော့ ရုတ်တရက် အိပ်ရာမဝင်နိုင်သေးပါ။ အကျိုးအကြောင်း ဖြစ်စဉ်တွေ နားထောင်

နေရတာရယ်၊ ရပ်ကွက်ထဲက မွတ်စလင် မိသားစုအချို့ကို ရပ်ကွက်သူ ရပ်ကွက်သားတွေက ရန်လုပ်နေကြတယ် ဆိုတဲ့သတင်းတွေကြောင့် သွားဖြေရှင်းခဲ့ရပါသေးတယ်။ ဒါ့ကြောင့် အိပ်ရာဝင် နောက်ကျသလို အိပ်ရာထလည်း နောက်ကျပါတယ်။ ဒါပေမဲ့ မနက် ရှစ်နာရီလောက်ကျတော့ ညက ပြဿနာဖြစ်ခဲ့တဲ့ ရပ်ကွက်က ကျွန်တော့်ကို ဖုန်းဆက်လာပါတယ်။

ကိစ္စက အရင်နေ့မှာ ဖြစ်ခဲ့တဲ့ ပြဿနာများကြောင့် အဝေးပြေးကွင်း နောက်နားက ရပ်ကွက် တစ်ခုမှာ မွတ်စလင် ဘာသာဝင် စာသင်သား လူငယ်တချို့ဟာ ညကတည်းက အိမ်မပြန်နိုင်ကြပဲ ပိတ်မိနေခဲ့ပါတယ်တဲ့။ အဲဒီအကြောင်းကို ရပ်ကွက်က သိတော့ လူအချို့က ဝိုင်းပြီး ရန်လုပ်နေကြပါတယ်။ အဲဒီအကြောင်း ကျွန်တော့်ကို သတင်းပို့တာပါ။ ကျွန်တော် လိုက်သွားပါတယ်။ မြို့အထွက် မြောက်ဘက် ကန်ဘောင်အောက်ဘက်မှာ ဖြစ်နေတာပါ။

ကျွန်တော် ရောက်တော့ အာဏာပိုင် အဖွဲ့အစည်းတွေလည်း စုံနေပါပြီ။ ခရိုင် ထွေအုပ်နဲ့ ခရိုင် ရဲမှူးကြီးလည်း ရောက်နေပါပြီ။ ရဲတပ်ဖွဲ့ကတော့ အော်ဟစ် ဆူပူနေတဲ့ လူအုပ်နဲ့ မွတ်စလင် လူငယ် တချို့ နေတဲ့ အိမ်ကို ဝိုင်းခြားထားတဲ့ အနေနဲ့ ရဲတပ်ဖွဲ့ဝင်တွေက တန်းစီထားပါတယ်။ တန်းစီပြီး ကာထားတဲ့ သဘောမျိုးပေါ့။ အော်ဟစ် ဆူပူနေတဲ့ လူအုပ်ကလည်း တစ်နေရာတည်း မဟုတ်ပါဘူး။ ၁၀ ယောက် အုပ်စု၊ ၁၅ ယောက် အုပ်စု ဆိုသလို လေး-ငါးနေရာလောက်မှာ ပြန့်နေတာပါ။ တချို့ အဖွဲ့တွေမှာ မိန်းမတွေ ပါပါတယ်၊ ဘုန်းကြီး အချို့လည်း ပါပါတယ်။

ပြောဖို့ တစ်ခု ကျန်သွားပါတယ်။ ယခင်နေ့ ညနေက ပုဒ်မ ၁၄၄ ထုတ်ပြီးပါပြီ။ အမိန့်ဟာ တစ်နေရာမှာ လူငါးယောက်ထက် ပိုမစုရပါဘူး။ ဆူပူ အော်ဟစ်ခြင်း၊ ကြွေးကြော်ခြင်းစတဲ့ ကိစ္စတွေ မလုပ်ရပါဘူး။ ဒါ့ကြောင့် ကျွန်တော်က ခရိုင် ထွေအုပ်နဲ့ ခရိုင် ရဲမှူးကြီးဆီ သွားပါတယ်၊ "ဟေ့... ခင်ဗျားတို့ ပုဒ်မ ၁၄၄ ထုတ်ထားပြီလေ" လို့ ပြောတော့ သူတို့က ဟုတ်ပါတယ်လို့ ပြန်ပြောပါတယ်။ "ခင်ဗျားတို့မှာ လက်ကိုင် စပီကာ ပါသလား" လို့ မေးတော့ "ပါပါတယ်" လို့ ဖြေပါတယ်။ အဲဒီတော့ ကျွန်တော်က "အဲဒီလိုဆိုရင် ဟိုမှာ ဆူပူနေတဲ့ အဖွဲ့တွေကို လှမ်းအော်လေဗျာ၊ ပုဒ်မ ၁၄၄ အရ လူစုခွဲဖို့" လို့ ပြောပါတယ်။

အဲဒီလို ပြောတော့ ခရိုင် ထွေအုပ်ကရော၊ ရဲမှူးကြီးကရော ဘာမှ ပြန်မပြောပါဘူး။ မျက်နှာ အမူအရာတွေက ကြောင်စီစီနဲ့ ရပ်နေကြပါတယ်။ ကျွန်တော် ပြောနေတာကို ဘာမှမကြားတဲ့ ပုံစံမျိုးပေါ့။ အဲဒီလို အခိုက်မှာပဲ အော်နေတဲ့ လူတွေထဲက သုံး-လေးယောက်လောက်က တန်းစီရပ်နေတဲ့ ရဲတွေကြားက ပြေးဝင်သွားပြီး မလှမ်းမကမ်းမှာ ရှိနေတဲ့ မွတ်စလင် လူအုပ်ထဲက လူငယ် တစ်ယောက်ကို ဆွဲခေါ်လာပါတယ်။ ကောင်လေးက ၁၄-၅ နှစ်လောက် ရှိဦးမှာပါ။

အဲဒီ ကလေးကို ၁၄-၅ ယောက်လောက် ရှိတဲ့ လူအုပ်က ဝိုင်းရိုက်လိုက်ကြတာ ပုံလဲကျသွားပါလေရော။ ရဲတွေ တန်းစီ ရပ်ထားပုံက တစ်ယောက်နဲ့ တစ်ယောက်ကြားမှာ သုံး-လေးပေလောက် ခြားနေတော့ ရဲက ဘာမှမလုပ်မှန်း သိလေ၊ သူတို့က အတင့်ရဲလာလေပါပဲ။ ဒီလိုနဲ့ ကျွန်တော် အဲဒီမှာ နာရီဝက်လောက် အချိန်အတွင်း လူငယ် လေး-ငါးယောက်လောက်ကို ဆွဲခေါ်ပြီး ရိုက်နှက်ပြီးပါပြီ၊ သေကုန်ကြလောက်ပါပြီ။

## တိုင်းဝန်ကြီးချုပ်ကို အကူအညီတောင်းခြင်း

ကျွန်တော်လည်း ကိုယ်ပြောတာ ဘာမှ မထိရောက်တဲ့အတွက် ကြံရာမရ ဖြစ်လာပါတယ်။ ခရိုင် ထွေအုပ်ကို "ဟေ့... နယ်/လုံ ဝန်ကြီးရောဗျ၊ သူ့ကို မတွေ့ပါလား" လို့ လှမ်းမေးတဲ့အခါ သူက "ဝန်ကြီးချုပ်လည်း ရောက်

နေတယ်၊ ရုံးကြီးမှာ” လို့ ပြန်ဖြေပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ၁၀ မိနစ်လောက် မောင်းရတဲ့ စုပေါင်းရုံးကို သွားပြီး ဝန်ကြီးချုပ်ရှိရာ ခရိုင် ထွေအုပ် ရုံးခန်းကို သွားပါတယ်။ မန္တလေးတိုင်း ဒေသကြီးရဲ့ ဝန်ကြီးချုပ်က ဦးရဲမြင့်ပါ။ အချိန်က မနက် ၁၀ နာရီလောက် ရှိမှာပေ့ါ။

ဝန်ကြီးချုပ် ဦးရဲမြင့်ကို ရဲမြင့်လေးလို့ ခေါ်ပါတယ်။ သူ့အရင် ရဲမြင့်ကြီး ဆိုတဲ့တစ်ယောက်က မန္တလေး တိုင်း တိုင်းမှူး ဖြစ်ခဲ့ဖူးပါတယ်။ ရဲမြင့်ကြီးက စီနီယာကျပြီး ရဲမြင့်လေးက ဂျူနီယာကျပါတယ်။ စစ်တက္ကသိုလ် အပတ်စဉ် ၁၅ က ဖြစ်ပြီး၊ ကျွန်တော့်ညီ နံပါတ် ၆ မောင်တင်စိုးနဲ့ အပတ်စဉ် အတူတူပါ။ တပ်မတော်ထဲမှာ ဗိုလ်ချုပ် အဆင့်အထိ ရောက်ခဲ့ပြီး ကက (လုမ်း) ညွှန်ကြားရေးမှူး အဖြစ် တာဝန် ထမ်းဆောင်ခဲ့တယ်လို့ ကြားဖူးပါတယ်။

ကျွန်တော်က ရဲတွေ ရှိနေလျက်နဲ့ ကျွန်တော်တို့ ရှေ့မှာတင် လူငယ် သုံး-လေးယောက်ကို လူအုပ်ကြီးက ဗိုင်းရိုက်လို့ သေသွားပြီ ဖြစ်ပါတယ်။ အဲဒီလို ဗိုင်းရိုက်တာကို ခရိုင် ထွေအုပ်၊ ခရိုင် ရဲမှူးကြီးနဲ့ ရဲတပ်ဖွဲ့ဝင် မြောက်များစွာက ဘာမှမလုပ်ဘဲ နေနေကြကြောင်း။ ဒါ့ကြောင့် ဝန်ကြီးချုပ်အနေနဲ့ ထိထိရောက်ရောက်၊ တစ်ခုခု လုပ်ပေးပါဦးလို့ ကျွန်တော်က တိုက်တွန်းပါတယ်။ ဝန်ကြီးချုပ်က အပြောချိုပါတယ်၊ ကျွန်တော့်ကို လည်း အကိုကြီးလို့ ခေါ်ပါတယ်။ သူ့အနေနဲ့ လုပ်စရာရှိတာ လုပ်ပြီး ထုတ်သင့်တဲ့ အမိန့်တွေ ထုတ်ပေးထားပြီး ဖြစ်လို့ အကိုကြီး ဘာမှမပူပါနဲ့လို့ ပြောပါတယ်။ ကျွန်တော်ကလည်း ထပ်ခါတလဲလဲ ပြော၊ သူကလည်း ထပ်ခါ တလဲလဲ အာမခံနေတာဟာ နာရီဝက်လောက် ကြာပါတယ်။

ကျွန်တော်လည်း ဝန်ကြီးချုပ်နဲ့ ငြင်းရ၊ ခုန်ရတာ စိတ်ပျက်ပြီး အခင်း ဖြစ်ပွားတဲ့နေရာကို ပြန်သွားပါတယ်။ အဲဒီနေရာရောက်တော့ သတ်ထား၊ ဖြတ်ထားတဲ့ သူတွေရဲ့အရေအတွက်က ပိုများလာပြီး အပုံလိုက် တွေ့ရပါတယ်။ ခန့်မှန်းခြေ ၄၀ လောက် ရှိမယ် ထင်ပါတယ်။ အရေအတွက်နဲ့ ပတ်သက်လို့ သတင်း မီဒီယာများကလည်း အမျိုးမျိုး ရေးသားခဲ့ပါတယ်။ လူအုပ်ကြီးက အစုလိုက်အပြုံလိုက် သေနေတဲ့ အလောင်းတွေပေါ်ကို ဓာတ်ဆီဖျန်းပြီး မီးရှို့နေကြပါတယ်။

အဲဒီလို လုပ်ချင်သလို လုပ်နေတာကို အာဏာပိုင် အဖွဲ့အစည်း အဆင့်ဆင့်က ဘာမှ ဝင်ရောက် ဟန့်တားခြင်း မရှိဘဲ ဒီအတိုင်း လက်ပိုက် ကြည့်နေသလို နေခဲ့ကြတာဟာ အင်မတန် အရုပ်ဆိုးတဲ့ မြင်ကွင်းပါ။ ကျွန်တော့်ဘဝ တစ်သက်လုံး မေ့ပျောက်မသွားနိုင်မယ့် အရုပ်ဆိုးတဲ့ မြင်ကွင်းပါ။ ဒီလို ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေကို နေပြည်တော်မှာ ရှိတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို တယ်လီဖုန်းနဲ့ အမြဲ သတင်းပို့ခဲ့ပါ တယ်။

ကန်ဘောင်အောက်က တစ်နေရာမှာ လူသတ်ပွဲ ဖြစ်နေတဲ့ အချိန်နဲ့ တစ်ပြိုင်နက် လူအုပ်ကြီးတွေက လည်း မြို့လယ်ကောင်က မွတ်စလင် ပိုင်တဲ့ ဆိုင်တွေ၊ အိမ်တွေနဲ့ ဘာသာရေး အဆောက်အဦတွေကို ဖျက်ဆီးနေကြပါပြီ၊ မီးရှို့နေကြပါပြီ။ ဆိုင်တွေမှာ ရှိတဲ့ ပစ္စည်းတွေကိုလည်း လုယက်နေကြပါပြီ။ ဘယ်လောက် များ အတင့်ရဲကြသလဲ ဆိုရင် ဆိုင်တစ်ဆိုင်က ရေခဲသေတ္တာကြီးကို မော်တော်ဆိုင်ကယ်ပေါ် မနိုင်မနင်းနဲ့ တင်ပြီး သယ်သွားတာကို မျက်မြင် ကိုယ်တွေ့ တွေ့ခဲ့ရပါတယ်။ မိတ္ထီလာ မြို့မှာ ကြုံရတဲ့ ဒုတိယနေ့ဟာတော့ မိတ္ထီလာမြို့မှာ မင်းမဲ့စရိုက် လွှမ်းမိုးတဲ့နေ့လို့ပဲ ပြောချင်ပါတယ်။ အဲဒီနေ့ ညနေမှာ မိတ္ထီလာမြို့ရဲ့ ကိစ္စ အဝဝ ကို တပ်မတော်ကို လွှဲပြောင်း ပေးအပ်လိုက်တဲ့ အမိန့်ကို သမ္မတ ဦးသိန်းစိန်က လက်မှတ်ထိုး ကြေညာ ပေးလိုက်ပါတယ်။

## ကျွန်တော်နဲ့ ဘာသာခြား မိတ်ဆွေများ

ကျွန်တော်ဟာ တောမှာ လေးတန်းအထိ နေခဲ့ရပြီး ငါးတန်းကနေ ၁၀ တန်းအောင်တဲ့အထိ အ.ထ.က ၁ မှာ ပညာ သင်ခဲ့ရတဲ့အကြောင်း အရင်က ရေးပြခဲ့ပြီးပါပြီ။ ၁၉၅၃ ခုနှစ်လောက်က စပြီး ၁၉၅၉ အထိ ခြောက်နှစ်လောက် ကာလ မြို့ပေါ်မှာ နေခဲ့တယ် ဆိုပါတော့။ အဲဒီလို ပညာသင်ရင်းနဲ့ ဘာသာခြား ကျောင်းနေဘက် သူငယ်ချင်းများနဲ့ တွေ့ကြုံ ခင်မင်ခဲ့ပါတယ်။ ဥပမာ- ကိုနီနဲ့ ကိုတင်ညွှန့်တို့ ညီအစ်ကိုတွေဟာ မွတ်စလင် ဘာသာဝင် ဖြစ်ပါတယ်။ စစ်အစိုးရ လက်ထက်မှာ အဖျက်ခံရတဲ့ ကုလားရွာမှာ နေထိုင်ကြပါတယ်။

၁၀ တန်းကို အထက်တစ်နေရာမှာ ဖော်ပြခဲ့သလို SLC သို့မဟုတ် HSF မှာလည်း အတူတူ အောင်ခဲ့တာပါ။ မြို့နယ် ဆည်မြောင်း ဌာန အလုပ် လျှောက်တော့လည်း အတူတူပါ။ သူကတော့ အလုပ်ရသွားပြီး ကျွန်တော် တစ်ယောက်တည်း အလုပ်ခန့် မခံခဲ့ရတာပါ။ ကျွန်တော်က သစ်တောရုံးမှာ အလုပ်ရသွား သော်လည်း ကိုနီနဲ့က အဆက်သွယ် မပြတ်ပါ။ သူ့ဇနီး၊ သူ့သားသမီးများနဲ့လည်း ကျွန်တော် ခင်ပါတယ်၊ အခုတော့ ကွယ်လွန်သွားရှာပါပြီ။ မိတ္ထီလာမှာ ရှိနေစဉ်က အဖေ့နေ့တိုင်းမှာ ကျွန်တော်တို့အိမ်ကို လက်ဆောင်တွေ အမြဲ လာပေးလေ့ ရှိပါတယ်။

အလားတူပဲ၊ အခု ရန်ကုန်မြို့ ပါရမီလမ်းမှာ ရှိတဲ့ "ပါရမီ ဆေးရုံ" ပိုင်ရှင် ဒေါက်တာ သိန်းအောင် ဆိုရင် ကျွန်တော်တို့ ညီအစ်ကိုတွေနဲ့ ငယ်သူငယ်ချင်းပါ။ သူ အထက်တန်း ကျောင်းသားဘဝကတည်းက ကျွန်တော် တို့ အိမ်ကို အဝင်အထွက် ရှိခဲ့ပါတယ်။ သူက ဆရာဝန် ဖြစ်ရုံတင်မက နိုင်ငံခြား ပညာတော်သင် ထွက်ပြီးတဲ့ အခါမှာ ကလေး အထူးကု ဖြစ်သွားပါတယ်။ ကျွန်တော်တို့ မိသားစု ကျန်းမာရေးကို၊ အထူးသဖြင့် ကလေး များရဲ့ ကျန်းမာရေးကို သူက မေတ္တာဖြင့် အမြဲတမ်း ကုပေးနေတဲ့သူပါ။ မိတ္ထီလာ အရေးအခင်း ဖြစ်တော့ ကုလားရွာမှာ နေတဲ့ သူ့အစ်ကိုကြီး ပျောက်နေလို့ သူက တယ်လီဖုန်းနဲ့ လှမ်းပြောတဲ့အတွက် ကျွန်တော် ကိုယ်တိုင် သွားရှာပေးခဲ့ရပါတယ်။ သူ့အစ်ကိုကြီးက အသက် ၈၀ ကျော်ပြီ ဖြစ်ပါတယ်။ ကျွန်တော်သွားရှာ တော့ သူ့အကိုကြီးကို ဆေးရုံမှာ တွေ့ရပါတယ်။

နောက်တစ်ယောက်က ညွှန့်မောင်ရှိန်ပါ။ သူနဲ့က ငါးတန်း ကတည်းက ကျောင်းနေဘက်ပါ။ မူလ နာမည်က ညွှန့်မောင်ပါ။ နောက်မှ ခေတ်မီအောင် ထင်ပါရဲ့ ညွှန့်မောင်ရှိန်လို့ ပြောင်းလိုက်တာပါ။ သူ့အဖေက ရှိန်ပါတယ် ထင်ပါတယ်။ သူကလည်း အစ္စလာမ် ဘာသာဝင်ပါ၊ ငယ်သူငယ်ချင်း ဖြစ်ရုံတင်မက အိမ်ထောင် ကျတော့လည်း ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်းက ပရိဘောဂ လုပ်ငန်းရှင်များ ဖြစ်ကြတဲ့ ကျွန်တော့် မိတ်ဆွေ ကိုလှဝင်းနဲ့ ကိုတင်ထွန်းရဲ့ ညီမနဲ့ အိမ်ထောင်ကျခဲ့တာပါ။ အခုနောက်ပိုင်း မွတ်စလင် အရေးအခင်း တွေ ဖြစ်လာတော့ သူနဲ့ ပိုပြီး ဆက်ဆံဖြစ်လာပါတယ်။ သူက မြန်မာနိုင်ငံရဲ့ မွတ်စလင် အဖွဲ့အစည်းတစ်ခုမှာ ခေါင်းဆောင် တစ်ယောက် ဖြစ်နေပါပြီ။

အထက်မှာ ဖော်ပြခဲ့တဲ့ ကိုနီနဲ့ ကိုတင်ညွှန့်တို့ ညီအစ်ကိုတွေ၊ ဒေါက်တာ သိန်းအောင်နဲ့ မိသားစု၊ ညွှန့်မောင်ရှိန်တို့ ညီအစ်ကိုတွေ အကြောင်းကို တကူးတက ရေးပြနေရတာက ကျွန်တော့်မှာ သူငယ်ချင်း မက၊ ညီအစ်ကို အဆင့်အထိလည်း ရောက်လုနီးဖြစ်ခဲ့တဲ့ ဘာသာခြား အစ္စလာမ် ဘာသာဝင် သူငယ်ချင်းတွေ ရှိတယ်ဆိုတာ တင်ပြချင်လို့ပါ။ အလားတူပဲ မွတ်စလင် ဘာသာဝင်နဲ့ ဟိန္ဒူ ဘာသာဝင် သူငယ်ချင်း မိတ်ဆွေ တွေလည်း တစ်ပုံကြီးပါ။ ဒါ့ကြောင့် မိတ္ထီလာမြို့ မွတ်စလင် အရေးအခင်းမှာ အခုလို အစုလိုက် အပြုံလိုက် အသတ်ခံရတဲ့ မြင်ကွင်းဟာ ကျွန်တော့်ကို ရက်ပေါင်းများစွာ ဒုက္ခပေးနေခဲ့ပါတယ်။

## မိတ္ထီလာ မြို့သားလို့ ပြောရတာ ရှက်တယ်

မိတ္ထီလာမြို့ လုံခြုံရေးကို တပ်မတော်က တာဝန်ယူတဲ့နေ့က စပြီး လုယက်မှုတွေနဲ့ မီးရှို့ ဖျက်ဆီးမှုတွေ ရပ်တန့်သွားပါတယ်။ အဲဒီလို ရပ်တန့်သွားတာနဲ့အမျှ ပြည်တွင်း ပြည်ပ မီဒီယာတွေလည်း တဖွဲဖွဲ ရောက်လာပါတော့တယ်။ သူတို့က တစ်မြို့လုံး အနေအထားတွေကို စုံစမ်း မေးမြန်းကြပါတယ်။ ကျွန်တော့်ကိုလည်း အင်တာဗျူး လုပ်ကြပါတယ်။

ဘယ်သတင်းဌာနလဲတော့ မမှတ်မိတော့ပါဘူး။ မိတ္ထီလာက အဖြစ်အပျက်တွေကို ပြန်ပြောင်း ပြောပြတဲ့ အခါ ကျွန်တော်က "မိတ္ထီလာမြို့မှာ ဘာသာမျိုးစုံ နေခဲ့ကြတာ အင်္ဂလိပ် အစိုးရ လက်ထက်ကတည်းက ဖြစ်ကြောင်း၊ အထူးသဖြင့် အစ္စလာမ် ဘာသာဝင်များက အများစုလို့ ယူဆကြောင်း၊ ကျွန်တော့် မိဘ ဘိုးဘွားတွေ လက်ထက်မှာလည်း သိသာ ထင်ရှားတဲ့ ပဋိပက္ခမျိုးတွေ မရှိဘဲနဲ့ အခုကျမှ (၂၀၁၃ ခုနှစ်) ထိန်းမနိုင် သိမ်းမရတဲ့ ဒေါသ ပေါက်ကွဲမှုတွေကြောင့် ကိုယ့်မြို့သား အချင်းချင်းကို သွေးအေးအေးနဲ့ သတ်တဲ့ ကိစ္စကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် မိတ္ထီလာမြို့သားလို့ ပြောရမှာ ရှက်မိကြောင်း" လို့ ပြောခဲ့ဖူးပါတယ်။

အဲဒီစကားနဲ့ ပတ်သက်လို့ မိတ္ထီလာမြို့ခံ ကျွန်တော့်ကို အကွက်ချောင်းနေတဲ့ အုပ်စုတစ်ခုက စတင် တိုက်ခိုက်ပါတော့တယ်။ မိတ္ထီလာမြို့သား ဖြစ်ပြီး အဲဒီလို ပြောရမလားဆိုပြီး "ဖွဘုတ်" မှာ တင်ပြီး တိုက်ခိုက် ကြပါတယ်။ အဲဒီက တစ်ဆင့်တက်ပြီး ကျွန်တော့်ကို မိတ္ထီလာမြို့နယ် ကိုယ်စားလှယ်အဖြစ်က ပြန်လည် ရုပ်သိမ်းဖို့ဆိုပြီး လက်မှတ်တွေ စုကြတယ်လို့ ကြားရပါတယ်။ ကျွန်တော်ကတော့ သူတို့ကို ဘာမှမတုန့်ပြန်ပါ။ စိတ်ထဲမှာတော့ "ကျွန်တော့်ကို ဝေဖန်တဲ့လူတွေ အခင်း ဖြစ်တဲ့နေ့က လူငယ်လေးတွေ အစုလိုက် အပြုံလိုက် အသတ်ခံနေရတဲ့အချိန်မှာ သူတို့ဘယ် ရောက်နေကြပါလိမ့်၊ ဘာလုပ်နေကြပါလိမ့်" လို့ပဲ စဉ်းစားနေမိပါတယ်။

## သူလည်း ပါသည် ဧရာဝတီ

ကျွန်တော် မိတ္ထီလာမြို့မှာ နှစ်ပတ်လောက် နေခဲ့ပါတယ်။ လွှတ်တော်ကိုတော့ ခွင့်တိုင်ရတာပေါ့။ ရောက်လာတဲ့ သတင်းမီဒီယာတွေမှာ ကျွန်တော်နဲ့ သိကျွမ်း ခင်မင်တဲ့ ပြည်တွင်း၊ ပြည်ပ မီဒီယာသမားများ ပါဝင်ပါတယ်။ မှတ်မှတ်ရရ ဧရာဝတီ သတင်းဌာနက ကိုအောင်ဇော် အကြောင်း ရေးရမယ့် ကိစ္စလေး ရှိလာပါတယ်။ ကိုအောင်ဇော် ရှစ်လေးလုံး အရေးတော်ပုံကြီးမှာ ပါဝင် ဆင်နွှဲခဲ့ပြီး စစ်အစိုးရ တက်လာတဲ့အခါ ထိုင်းနိုင်ငံက တစ်ဆင့် ပြည်ပက နိုင်ငံအသီးသီးကို ရောက်သွားတဲ့ ကျောင်းသားအုပ်စုထဲမှာ ပါသွားပါတယ်။

ပြည်ပမှာ ပညာသင်ခွင့်ရတော့ အရည်အချင်းတွေ မြင့်တက်လာပြီး အခုဆိုရင် ဧရာဝတီ သတင်းဌာနရဲ့ တာဝန်ခံတောင် ဖြစ်နေပြီလို့ သိရပါတယ်။ သူ မိတ္ထီလာကို သတင်းယူဖို့ လာရင်းနဲ့ ရန်ကုန် မပြန်မီမှာ ကျွန်တော့်ရုံးကို ရောက်လာပါတယ်။ မိတ္ထီလာ အရေးအခင်း အကြောင်း သူ သိချင်တာ မေးတဲ့အခါ ကျွန်တော်ကလည်း အလိုက်သင့် ပြန်ဖြေပါတယ်။ အားလုံးပြီးတော့မှ မိတ္ထီလာကိစ္စနဲ့ မဆိုင်ဘဲ လက်ရှိ အနေအထားနဲ့ ပတ်သက်လို့ သူ့သဘောထားကို ပြောပြပါတယ်။ "အန်ကယ်တို့ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်ပြီး လွှတ်တော်ထဲ ရောက်နေပေမဲ့ အခုထိ စစ်အစိုးရ ခြယ်လှယ်သမျှ ခံနေရတုန်းပါပဲလား" ပါတဲ့။

သူ ပြောပုံဆိုပုံနဲ့ အမူအရာက သာမန် ပြောရိုးစကား မဟုတ်ဘဲ ခနဲ့တဲ့တဲ့ အမူအရာ၊ ဆရာကြီး လုပ်တဲ့ အမူအရာတွ ပါပါတယ်။ ခင်ဗျားတို့ကို အထင်ကြီးစရာ အကြောင်းမရှိဘူး ဆိုတဲ့ သဘောမျိုး မျက်နှာမှာ ပေါ်နေပါတယ်။ ကျွန်တော်က စိတ်ထဲမှာ မျက်သွားပေမဲ့ "စောင့်ကြည့်ပါဦး ကိုအောင်ဇော်ရယ်၊ NLD ဟာ

အဖျက်ခံရလုနီးနီး ဖိနှိပ်ခံရတဲ့ အနေအထားကနေ အခုဆိုရင် လွှတ်တော်ထဲမှာ ရောက်လာတဲ့အထိ ဒေါ်စု အစွမ်းနဲ့ ဆွဲတင်လာခဲ့တာ၊ ပွဲမပြီးသေးပါဘူး၊ စောင့်ကြည့်ပါဦး” လို့ ပြောခဲ့ပါတယ်။

## ရုပ်ချင်းတူတဲ့ ညီအစ်ကို နှစ်ယောက်

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲပြီးလို့ သမ္မတ ဦးထင်ကျော် ခေါင်းဆောင်တဲ့ NLD အစိုးရ တက်လာတဲ့အခါမှာ ကျွန်တော်က အရင် လွှတ်တော် ကိုယ်စားလှယ် ဘဝက နေတဲ့ အခန်းမှာပဲ ဆက်နေပါ တယ်။ အဲဒီအခန်းကိုပဲ ပြည်တွင်း ပြည်ပက မိတ်ဆွေတွေ၊ မီဒီယာတွေ လာကြပါတယ်။ အဲဒီလို လာကြတဲ့ အဖွဲ့ တစ်ဖွဲ့မှာ ဗမာ တစ်ယောက် ပါလာပါတယ်။ သူ့ကို မြင်တော့ ကျွန်တော်က အောင်ဇော်လို့ ထင်ပြီး “ဟေ့ကောင်၊ မိတ္ထီလာ မှာတုန်းက မင်း ငါ့ကို ပြောသွားတဲ့ စကားတွေ မှတ်မိသေးသလား” လို့ မေးတဲ့အခါ သူက “အဲဒါ ကျွန်တော် မဟုတ်ဘူး၊ ကျွန်တော့် အစ်ကို ဖြစ်မယ်” လို့ ပြာပြာသလဲ ပြန်ဖြေပါတယ်။

ဟုတ်ပါတယ်၊ ကောင်လေးက ပိုငယ်ပါတယ်။ ဒါပေမဲ့ အောင်ဇော်နဲ့က ရုပ်ချင်းက ချွတ်စွပ်ပါ။ ဒါ့ကြောင့် ကျွန်တော်က “ဒါဆို မင့်အစ်ကိုကို ပြောလိုက်စမ်း၊ မိတ္ထီလာမှာတုန်းက သူ ငါ့ကို ပြောတဲ့ စကားတွေ မှတ်မိသေးသလား” လို့ ပြောလိုက်ပါတယ်။ သူ့ညီကလည်း သူ့အစ်ကိုကို ကျွန်တော့် စကားတွေ ပြန်ပြောတယ် ထင်ပါတယ်။ အဲဒီကာလက စပြီး ယနေ့အထိ ရောဝတီ သတင်းဌာနဟာ ကျွန်တော်တို့ NLD အစိုးရနဲ့ ပတ်သက်ရင် အကောင်း သတင်းထက်၊ မကောင်း သတင်းတွေကိုသာ ဦးစားပေး ဖော်ပြခဲ့တာ တွေ့ရပါတယ်။ ကျွန်တော်နဲ့ ပတ်သက်ရင်တော့ ထိလိုက် ပုတ်လိုက်ပေါ့။

## ဒုက္ခသည်များနဲ့ ကူညီထောက်ပံ့မှုများ

ဒုတိယနေ့က စပြီး မွတ်စလင် ဒုက္ခသည်များကို နေရာချထားဖို့ဟာ မြို့နယ် ထွေအုပ်ရဲ့ ဦးစားပေး လုပ်ငန်း တစ်ခု ဖြစ်လာပါတယ်။ အဲဒါအပြင် အသက်အန္တရာယ် စိုးရိမ်လို့ မိတ္ထီလာ မြောက်ဘက်ကန်ဘေးက ကိုင်း တောတွေထဲမှာ ရောက်ရှိ ပုန်းအောင်းနေတဲ့ မွတ်စလင် ဘာသာဝင် မိသားစုတွေကိုလည်း ရှာဖွေ စုစည်းပြီး ဘုန်းကြီးကျောင်းတွေမှာ နေရာချထားပေးပါတယ်။ အများစုကိုတော့ ရွှေမြင်တင်ဘုရားနဲ့ မလှမ်းမကမ်းမှာ ရှိတဲ့ မြို့နယ် အားကစားရုံထဲမှာ ထားရပါတယ်။

ကျွန်တော်တို့ NLD အဖွဲ့ဝင်တွေကလည်း ဒုက္ခသည်တွေကို ကယ်တင်ဖို့ အလုပ်ရယ်၊ ဒုက္ခသည်တွေ အတွက် လိုအပ်တဲ့ စားဝတ်နေရေး ကိစ္စတွေမှာ အာဏာပိုင် အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး တက်တက်ကြွကြွ ဆောင်ရွက်ပေးခဲ့ပါတယ်။ မှတ်မိသမျှ ပြောရရင် ကျွန်တော်နဲ့ မြင်းခြံထောင်မှာ အတူနေခဲ့တဲ့ ဂျွန်နီ ဆရာတော် ဦးကာဝိယက ခေါင်းဆောင်ပြီး သံဃာတော်များ၊ လူပုဂ္ဂိုလ်များ ဦးစီးတဲ့ ဒုက္ခသည်များကို အထောက်အကူ ဖြစ်မယ့် အဝတ်အထည်များ၊ စောင်များနဲ့ စားစရာများကို မော်တော်ကား ဖလေး-ငါးစီးတိုက်နဲ့ ရောက်လာပါတယ်။

မေမြို့ (သို့) ပြင်ဦးလွင်က လွှတ်တော် ကိုယ်စားလှယ် ကိုကျော်သီဟ (ကျွန်တော်တို့ အခေါ် ချယ်ရီ ကိုကို) နဲ့လည်း အလားတူ ထောက်ပံ့ရေး ပစ္စည်းများကို ကား ၁၀ စီးတိုက်လောက်နဲ့ ရောက်လာပါတယ်။ ချယ်ရီကိုကိုနဲ့အတူ သူ့ရဲ့ ဒူးမနာ သမီး ပိုပြည့်သူ ဆိုတဲ့ တက်ကြွတဲ့ ကလေးမ တစ်ယောက် ပါလာတာလည်း သတိထားမိပါတယ်။ မိတ္ထီလာမြို့ အနီးအနားက မြို့တွေဖြစ်တဲ့ မလှိုင်၊ ဝမ်းတွင်း၊ သာစည်၊ မြင်းခြံ စတဲ့ မြို့တွေက NLD အဖွဲ့ဝင်တွေကလည်း ဒုက္ခသည်များ အတွက် ပစ္စည်းမျိုးစုံ ပို့လာခဲ့ကြပါတယ်။ မြစ်ဝကျွန်း

ပေါ်က မြို့အချို့ဆိုရင် ဆန်အိတ်ကို ရာနဲ့ချီ ပို့ပေးပါတယ်။ ကျွန်တော်တို့ကလည်း ရောက်လာတဲ့ ပစ္စည်းတွေကို အချိန်မဆိုင်းပဲ ဝေငှပေးခဲ့ပါတယ်။

## ထူးဆန်းသော ကိစ္စလေးများ

မိတ္ထီလာမှာဖြစ်တဲ့ ဗမာနဲ့ မွတ်စလင် ပဋိပက္ခမျိုးတွေ တခြားနေရာတွေမှာလည်း တစ်ပြိုင်နက် နီးပါးလောက် ဖြစ်ပေါ်ခဲ့ပါတယ်။ ဥပမာ ပျော်ဘွယ်မှာဆိုရင်လည်း လူ လေး-ငါးဆယ်လောက်ဟာ ကားနှစ်စီးလောက်နဲ့ ရောက်လာပြီး မွတ်စလင်ဆိုင် တစ်ခုကို လူအင်အားနဲ့ ဝင်ရောက် ဖျက်ဆီးပါ တယ်။ နာရီဝက်လောက် စိတ်ကြိုက် လုပ်ချင်ရာလုပ်ပြီး နောက်ပိုင်း အဲဒီလူအုပ်ကြီးဟာ ကားပေါ် ပြန်တက်သွားပြီး ထွက်ခွာ ပျောက်ကွယ်သွားပါတယ်။

အလားတူပဲ ပဲခူးတိုင်း အနောက်ခြမ်းက မြို့ငယ်လေး တစ်မြို့မှာ လူအုပ်စု တစ်ဖွဲ့ ကားနဲ့ ဝင်ရောက်လာပြီး မွတ်စလင်တွေ ပိုင်တဲ့ ဆိုင်တွေကို ဝင်ရောက် ဖျက်ဆီးသွားခဲ့ပါတယ်။ အထူးခြားဆုံးသော ကိစ္စတစ်ခုက မိတ္ထီလာမှာ ဖြစ်ခဲ့ပါတယ်။ ဒါကဘာလဲဆိုတော့ မော်တော်ဆိုင်ကယ် ၁၅ စီးလောက် ပါတဲ့ အုပ်စုတစ်ခု ရောက်လာခြင်း ဖြစ်ပါတယ်။ သူတို့ရဲ့ ထူးခြားပုံက သူတို့ စီးတဲ့ မော်တော်ဆိုင်ကယ်တွေဟာ တရုတ်ဘီးလည်း မဟုတ်၊ ဂျပန်ဘီးလည်း မဟုတ်ဘဲ၊ အင်မတန် တန်ဖိုးကြီးတဲ့ BMW မော်တော်ဆိုင်ကယ်ကြီးတွေပါ။

အမေရိကန် နိုင်ငံထုတ် Harley-Davidson ဆိုင်ကယ် ပုံစံမျိုးတွေပါ။ ခံ့ညားလှပါတယ်။ သူတို့ စီးလာတဲ့ အဖွဲ့ဝင်အားလုံးဟာ ဂျင်းဘောင်းဘီ အမည်း၊ သားရေဂျာကင် အမည်း၊ မျက်နှာကာ ပါတဲ့ ဆိုင်ကယ်စီး ဦးထုပ်တွေ ကိုယ်စီနဲ့ပါ။ အမျိုးသမီး နှစ်ယောက် ပါပါတယ်။ ကျွန်တော် အခုလို တိတိကျကျ ပြောနိုင်တာက မြို့ထဲ မဝင်ခင် သူတို့ ခဏတဖြုတ် နားနေခိုက်မှာ ကျွန်တော်တို့အဖွဲ့ထဲ က တစ်ယောက်က ဓာတ်ပုံရိုက်ထားလို့ သေသေချာချာ ပြောနိုင်တာပါ။ ကြည့်ရတာ လေ့ကျင့်ရေး ကောင်းကောင်း လုပ်ထားတဲ့ အဖွဲ့ပုံစံမျိုးပါ။ ပြီးတော့ BMW ဆိုင်ကယ် ဆိုတာကလည်း သာမန် အရပ်သားတွေ စီးလေ့စီးထ ရှိတဲ့ ဆိုင်ကယ်မျိုး မဟုတ်ပါ။ သူတို့ ဘယ်သူတွေလဲ၊ ဘယ်က လာတာလဲ၊ ဘယ်မှာ လှုပ်ရှားခဲ့တာလဲ ဆိုတဲ့ ပတ်သက်တဲ့ မေးခွန်းတွေ ကျွန်တော် အဖြေရှာမရပါ။

## မဘာသနဲ့ ပတ်သက်တဲ့ ကိစ္စတွေ

ကျွန်တော် မန္တလေးထောင်မှာ ရှိစဉ်က ဆရာတော် ဦးဝီရသူဟာလည်း ထောင်ထဲမှာ ရှိတယ် ဆိုတာ ကြားသိရပါတယ်။ ကျွန်တော် မြင်းခြံထောင်မှာ ရှိစဉ်ကတည်းက ဘာသာရေး၊ လူမျိုးရေးနဲ့ ပတ်သက်တဲ့ သူ့ရဲ့ သဘောထားတွေ ပါတဲ့စာအုပ်ကို ကူးပါတယ်။ ပြင်းထန်တဲ့ လူမျိုးရေးဝါဒ ဖြစ်လို့ ကျွန်တော်တို့ NLD က ချမှတ်ထားတဲ့ လမ်းစဉ်နဲ့ လုံးဝ မတူညီပါ။ ဒါ့ကြောင့် ထောင်ထဲမှာ ဘဝတူ ဆိုပေမဲ့ ဆရာတော်နဲ့ အဆက်အသွယ် ရဖို့ မကြိုးစားခဲ့ပါ။

မန္တလေးထောင်မှာ ကျောက်ဆည်ဘက်က ထောင်ကျနေတဲ့ မွတ်စလင် ၃၀ နီးပါးလည်း ရှိပါတယ်။ ဗုဒ္ဓဘာသာ ဘုန်းကြီးတစ်ပါးကို သတ်မှုနဲ့ အဖမ်းခံရပြီး သေဒဏ်ကျခဲ့တာပါ။ သူတို့ထဲက တချို့ ဆေးရုံလာတက်တဲ့ အတွက်ကြောင့် သူတို့ ပြောစကားအရ သိရတာပါ။ ကျွန်တော်နဲ့ မန္တလေး ထောင်ဆေးရုံမှာ တွေ့တဲ့အချိန်မှာ သူတို့ သေဒဏ် ပြုတ်ကုန်ပါပြီ။ အားလုံးလိုလို တစ်ရွာတည်းသားတွေ ဖြစ်လို့ ညီညွတ်ကြပါတယ်။ ပြီးတော့ သူတို့က ကုန်သည် ဉာဉ်ရှိလို့ သူတို့နေတဲ့ အဆောင်မှာ ရှိတဲ့ ဘဝတူ အကျဉ်းသားတွေရဲ့

အရည်အသွေး ကောင်းတဲ့ စောင်တို့၊ အဝတ်အစားတို့၊ အစားအသောက်တွေနဲ့ ပတ်သက်လို့ ထောင်တွင်း အရောင်းအဝယ် လုပ်ငန်းဟာ နာမည်ကြီးပါတယ်။ သူတို့ ဝယ်လို့ရသမျှ ပစ္စည်းတွေကို အပြင်ထုတ်ပို့တဲ့ နည်းနဲ့ ထောင်တွင်း ကုန်သွယ်ရေး လုပ်ငန်း တွင်ကျယ်နေတာပါ။

ကျွန်တော်ကလည်း ထောင်ကလွတ်၊ ဦးဝီရသူကလည်း ထောင်က လွတ်လာကြတဲ့အခါ ကျွန်တော်က NLD မှာ ပြန်ပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ မူဝါဒတွေအတိုင်း ဆက်လက် လှုပ်ရှားပါတယ်။ ဦးဝီရသူကတော့ ထောင်က လွတ်တဲ့အခါမှာ သူ့ရဲ့ မူဝါဒတွေ ပိုတွင်ကျယ်လာတာ သိရပါတယ်။ အာဏာပိုင်တွေဘက်ကလည်း ဆရာတော်ကို တိုက်ရိုက်က တစ်မျိုး၊ သွယ်ဝိုက်လို့က တစ်မျိုး ထောက်ခံခဲ့တဲ့အတွက် နောက်ဆုံးမှာ မဘသ ဆိုတဲ့ အသင်းကြီး ပေါ်ထွန်းလာခဲ့ပါတယ်။

အဲဒီအသင်းကြီးရဲ့ ပထမဦးဆုံးသော အစည်းအဝေးက (ကျွန်တော် မမှားရင်) အောင်ဆန်းမြို့ တပ်ဦး ကျောင်းလို့ ခေါ်တဲ့ ဆရာတော် ဦးကိတ္တိသာရရဲ့ ကျောင်းမှာ ကျင်းပခဲ့ပါတယ်။ အသင်းရဲ့ ဥက္ကဋ္ဌကတော့ နာမည်ကြီးတဲ့ အင်းစိန် ရွာမ စာသင်တိုက်က ဆရာတော် ဦးတိလောက ဖြစ်လာပါတယ်။ ဆရာတော် ဦးတိလောက မဘသရဲ့ ဥက္ကဋ္ဌ ဖြစ်လာတယ်ဆိုတော့ ကျွန်တော့် ရင်မှာ "ဟိုက်" ခနဲ ဖြစ်မိပါတယ်။

## ဆရာတော် ဦးတိလောက

ကျွန်တော်တို့ မိသားစုနဲ့ ဦးတိလောကတို့ဟာ ၁၉၈၈ ခုနှစ် မတိုင်ခင်ကတည်းက ဆက်သွယ်မှုရှိခဲ့ပါတယ်။ အင်းစိန် ရွာမ စာသင်တိုက်ရဲ့ အဓိက မောင်းနှင်အား ဖြစ်ပါတယ်။ အဲဒီတုန်းက ကျောင်းထိုင် ဆရာတော်က ဦးနန္ဒဝံသ ဖြစ်ပါတယ်။ ဦးတိလောကရဲ့ အဓိက အရည်အချင်းက ယမိုက်၊ ပဋ္ဌာန်း ဒေသနာတော်တွေကို သင်ကြား ပို့ချတဲ့အခါမှာ တစ်ဖက်ကမ်းခတ် ပြောင်မြောက်စွာ ပို့ချနိုင်တဲ့ အရည်အချင်းတွေပါ။ ကျွန်တော်တို့ မိသားစုကလည်း စာသင်တိုက်မှာ ရှိတဲ့ အင်အား ၄၀၀ ခန့် ရှိတဲ့ သံဃာတော်များနဲ့ စာသင်သား သာမဏေ များကို တစ်နှစ်မှာ နှစ်ကြိမ် သုံးကြိမ်လောက် အရုဏ်ဆွမ်း ဆက်ကပ်ခဲ့ဖူးပါတယ်။

၁၉၈၉ ခုနှစ်မှာ ကျွန်တော် ထောင်ထဲ ရောက်သွားတော့ ဆရာတော် ဦးတိလောကက ၁၉၉၁ ခုနှစ်မှာ ပတ္တနိက္ကုဇ္ဇန ကိစ္စနဲ့ ထောင်ထဲ ရောက်လာပါတယ်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ ရလဒ်ကို စစ်အစိုးရက လျစ်လျူရှုတဲ့အတွက် မြန်မာနိုင်ငံ တစ်ဝှမ်းလုံးက နိုင်ငံရေး အသိစိတ် ရှိတဲ့ သံဃာတော်များက သပိတ်မှောက် ခဲ့လို့ ဖြစ်ပေါ်လာတဲ့ အရေးအခင်းပါ။ တကယ်တော့ ရန်ကုန်မြို့ပေါ်က အရေးပါတဲ့ စာသင်တိုက်ကြီးများက သံဃာတော် အများစုက လက်မှတ်ထိုး ကန့်ကွက်တဲ့ သပိတ်မှောက်ခြင်း တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကိစ္စမျိုးကို ကျွမ်းကျင်တဲ့ အာဏာပိုင်တွေက အကုန်လုံးကို မဖမ်းဘဲ အရေးပါတဲ့ နှစ်ပါးစ၊ သုံးပါးစကို ဖမ်းသွားတော့ အဖမ်းမခံရတဲ့ သံဃာ အများစုဟာ ရင်ကွဲပက်လက် ဖြစ်ခဲ့ကြပါတယ်။

နဝတ အစိုးရရဲ့ ၁၁/၉၂ ကြေညာချက်အရ သံဃာတော် အများစုကို ထောင်က လွှတ်တဲ့ အခါမှာ ဦးတိလောကလည်း လွတ်မြောက်သွားပါတယ်။ ဆရာတော်နဲ့အတူ အဖမ်းခံရတဲ့ စာချ ဆရာတော်တွေလည်း ပြန်လွတ်လာခဲ့ပါတယ်။ အဲဒီ ဆရာတော်တွေ လွတ်လာပြီးတဲ့ နောက်ပိုင်းမှာ အင်းစိန် ရွာမ စာသင်တိုက်မှာပဲ စာသင်စာချ အလုပ်တွေ ဆက်လုပ်ပါတယ်။ ဒါပေမဲ့ ထောင်ထွက် ဆရာတော်တွေ ကြီးစိုးနေတယ်ဆိုတဲ့ သတင်းကြောင့် ခရိုင်နဲ့ မြို့နယ် ထွေအုပ်တွေရဲ့လျစ်လျူရှုမှု ခံရပါတယ်။ အဲဒီတော့ သူတို့နဲ့ ပတ်သက်တဲ့ တကာ၊ တကာမတွေကလည်း ချဉ်းကပ် ပိုင်းဝန်းမှု မရှိတဲ့အတွက် ကျောင်းက ဆရာတော်၊ သံဃာတော်တွေ ဟာ ဆွမ်းကွမ်းက အစ ရှားပါးလှပါတယ်။

## ဒေါ်စု သွားတဲ့ နောက်ပိုင်းကျမှ

ကျွန်တော် ထောင်က လွတ်လာတဲ့ ၁၉၉၅ ခုနှစ်မှာ ရွာမ စာသင်တိုက်ကို မကြာခဏ ရောက်ခဲ့ပါတယ်။ ကျောင်းရဲ့ အနေအထားကိုလည်း အကဲခတ်မိပါတယ်။ မကြာမီမှာ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာပါတယ်။ စည်းရုံးရေး လုပ်ငန်းတွေ ပြန်လုပ်ရင်းနဲ့ တိုင်းနဲ့ ပြည်နယ်၊ မြို့နယ် NLD တွေက အဖွဲ့ချုပ်ဝင်တွေနဲ့ ဆက်တိုက် တွေ့ဆုံနေသလို ဒီမိုကရေစီ အရေးတော်ပုံနဲ့ ပတ်သက်ပြီး ထောင်ကျခဲ့တဲ့ အုပ်စုတွေနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ အလားတူပဲ ထောင်ကျခဲ့ဖူးတဲ့ သံဃာတော်တွေကိုလည်း တွေ့ဆုံပြီး အားပေးစကားများ ပြောကြားခဲ့ပါတယ်။

ထောင်ကျခဲ့ဖူးတဲ့ တိပိဋက ဆရာတော်၊ မဂ္ဂင် ဆရာတော်တို့ကို သွားရောက် ဖူးမြော်ခဲ့ပါတယ်။ အဲဒီနောက်မှာ ရွာမ စာသင်တိုက်ကိုလည်း ရောက်ခဲ့ပါတယ်။ ဆရာတော်နဲ့ စာသင်သား သာမဏေတွေက လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြပါတယ်။ ဒီအနေအထားကို ဒေါ်စုခြံမှာ လုံခြုံရေး တာဝန်ယူတဲ့ ဗိုလ်နေစိုး (ခ) ဗိုလ်နေသူရက အထက်ကို အစီရင်ခံရပါတယ်။ အဲဒီတော့ နဝတ အစိုးရက ဒီလောက် အင်အားကောင်းတဲ့ စာသင်တိုက်ကြီး တစ်ခုလုံး ဒေါ်စုကို ထောက်ခံရာက သူတို့ဘက်ကို ယိုင်လာအောင် အဲဒီတုန်းက အတွင်းရေးမှူး ၂ ဖြစ်တဲ့ ဗိုလ်ချုပ် တင်ဦးနဲ့ သူဌေးတစ်သိုက် ရောက်လာပြီး ကျောင်းအတွက် လိုအပ်တဲ့ ဆွမ်းကွမ်းကိစ္စတွေ တာဝန်ယူတယ်။

ဒါတင်မကဘူး၊ အင်အား ၄၀၀ ခန့် ရှိတဲ့ စာသင်သား သာမဏေများ ချောင်ချောင်ချိချိ သီတင်းသုံးနိုင်အောင် သုံးထပ်တိုက် တစ်လုံး ဆောက်ဖို့ပါ တာဝန်ယူသွားပါတယ်။ အဲဒီ သုံးထပ်တိုက်ဟာ မြန်မြန်ဆန်ဆန် အကောင်အထည် ပေါ်သွားပါတယ်။ ထုံးစံအရ အဲဒီ ကျောင်းတိုက်ကို နာမည် ပေးထားသော်လည်း ကျောင်းမှာ ရှိတဲ့ ဆရာတော်များနဲ့ စာသင်သား အများစုက "အောင်ဆန်းစုကြည် အဆောင်" လို့ ခေါ်ကြပါသတဲ့။ ဘာ့ကြောင့်လဲ ဆိုတော့ သူတို့ရဲ့ S-2 လို့ ခေါ်တဲ့ ပုဂ္ဂိုလ်နဲ့ အပေါင်းအသင်းတွေ ရောက်လာပြီး စီစဉ်ခဲ့တာဟာ ဒေါ်စုကြောင့် ဖြစ်တယ်လို့ အားလုံးက သဘောပေါက်ခဲ့ကြလို့ပါ။

ဦးတိလောကဟာ မဘသရဲ့ ဥက္ကဋ္ဌ ဖြစ်လာတယ် ကြားတော့ ကျွန်တော် လွန်စွာ စိတ်မကောင်း ဖြစ်ရပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ကျွန်တော်ဟာ ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်ပါတယ်။ ဘုရားဟော အရ သံဃာတော်တွေရဲ့ အဓိက တာဝန်ဟာ ပရိယတ္တိနဲ့ ပဋိပတ္တိ နှစ်မျိုးပဲ ရှိပါတယ်။ အဲဒီတာဝန်တွေ ထမ်းဆောင်ရင်းနဲ့ မလွှဲမရှောင်သာလို့ တခြား လူမှုရေး ကိစ္စတွေ ပါဝင်ရတာ ရှိတတ်ပါတယ်။ ဒါပေမဲ့ သံဃာတွေရဲ့ အချုပ်က ဝိနည်းတော် ဖြစ်ပါတယ်။

အဲဒီ အဖွဲ့ကြီးရဲ့ အဓိက တာဝန်နဲ့ ဝတ္တရားက ဗုဒ္ဓဘာသာဝင်တွေကို တခြားဘာသာတွေက လွှမ်းမိုးချုပ်ချယ်တာတွေကို ကာကွယ်ဖို့ဆိုတဲ့ ရည်မှန်းချက်ဟာ ရုတ်တရက် ကြည့်လိုက်ရင် မှန်မလိုလိုနဲ့ ဝိနည်းတော်နဲ့ ချိန်ထိုးလိုက်ရင် လုံးဝ သွေဖည်သွားပြီလို့ ပြောနိုင်ပါတယ်။ ဆရာတော် ဦးတိလောကရဲ့ စိတ်နေသဘာဝဟာ အလွန် ဖြူစင်ပါတယ်။ သူများပြောရင် ယုံတတ်ပါတယ်။ သူ့ရဲ့ သဘောကောင်းတဲ့ စရိုက်လက္ခဏာကို အသုံးချပြီး ကိုယ်လိုရာ လမ်းကြောင်းကို တွန်းပို့တဲ့ လူတွေရဲ့ စကားကို နားယောင်ခဲ့တယ် ဆိုတဲ့အတွက် စိတ်မကောင်းခြင်း ဖြစ်ရပါတယ်။

## မောင်သွေးချွန် ဆိုတဲ့ စာရေးဆရာ

ကျွန်တော့်အထင် ပြောရရင် ဆရာတော် ဦးတိလောကကို မဘသ လမ်းကြောင်းပေါ် တင်ပေးတဲ့ အဓိက ပုဂ္ဂိုလ်က စာရေးဆရာ မောင်သွေးချွန် ဖြစ်နိုင်ပါတယ်။ ၂၀၁၃ ခုနှစ်မှာ ဆရာတော် ဦးတိလောက မွေးနေ့ ဖိတ်လို့ ဒေါ်စုနဲ့တကွ ကျွန်တော်တို့ တော်တော်များများ ရွာမ စာသင်တိုက်ကို ရောက်ခဲ့ကြပါတယ်။ မွေးနေ့ကို အကြောင်းပြုပြီး သံဃာတော်များ ကြွလာကြပါတယ်။ လူပရိသတ်လည်း များပါတယ်။ မဘသ ပရိသတ်တွေက ပိုများပါတယ်။ အဲဒီထဲမှာ စာရေးဆရာ မောင်သွေးချွန်က ကျွန်တော့်နားမှာ ကပ်ပြီး ထိုင်လျက်သား ရောက်နေ ပါတယ်။

သူက ကျွန်တော့်ကို သူ ရေးတဲ့ စာအုပ် တစ်အုပ် ပေးပါတယ်။ အချိန်အားလေ့ ရှိနိုက်မှာ သူ့စာအုပ်ကို လှန်လှောဖတ်ကြည့်တော့ ဒေါ်အောင်ဆန်းစုကြည်ကို ဝေဖန်ထားတဲ့ အကြောင်းအရာ တချို့ ပါပါတယ်။ သူက "ဒေါ်အောင်ဆန်းစုကြည်ကို အမျိုးဘာသာ သာသနာကို စောင့်ရှောက်တာ အားနည်းကြောင်း၊ ဘယ် လောက်ထိ အားနည်းသလဲ ဆိုရင် သူ့ယောကျ်ား Michael Aris ကိုတောင် ဗုဒ္ဓဘာသာ ဖြစ်အောင် မလုပ်နိုင်ခဲ့ ကြောင်း" လို့ ရေးထားပါတယ်။

ကျွန်တော်က "ဟေ့လူ... ခင်ဗျား ဒါတွေ မှားနေတယ်ဗျ၊ ဆရာ Michael က ဗုဒ္ဓဘာသာဝင် ဖြစ်တာ ကြာလှပြီ" လို့ ပြောတဲ့အခါ သူက "အဲဒီလူက အင်္ဂလန်မှာ Church တွေ တက်တယ်ဗျ၊ ကျုပ်တို့ဆီမှာ ဓာတ်ပုံ တွေ ရှိတယ်" လို့ ပြန်ဖြေပါတယ်။ "အော်... ကိုယ့်လူရယ်၊ သူ့ရဲ့ တခြားအမျိုးတွေ အားလုံးက ခရစ်ယာန် တွေလေ၊ သူတို့နဲ့ ပတ်သက်တဲ့ အခမ်းအနားတွေ တက်ရတာပေါ့၊ ဒီမှာလည်း ဒေါ်စုကိုယ်တိုင် တစ်ခါတလေ Church တွေ သွားရတာပဲ" လို့ ပြောရပါတယ်။ သူကတော့ ကျွန်တော် ပြောတာကို လက်ခံဟန်မတူပါ။ "ငါ့စကား နွားရ" ဆိုတဲ့ လူစားမျိုးနဲ့ တူပါတယ်။

နောက်ပိုင်းတော့ သူနဲ့ ကျွန်တော်နဲ့ မတွေ့တော့ပါဘူး။ ဒါပေမဲ့ ကြားနေရပါတယ်။ သူတို့ သဘော ထားရဲ့ အနှစ်သာရကတော့ "မြန်မာပြည်မှာ ဗုဒ္ဓဘာသာဝင်တွေ တိမ်ကောတော့မယ်၊ တခြား ဘာသာတွေ လွှမ်းမိုးတော့မယ်" ဆိုတဲ့ အကြောင်းအရာတွေ ဖြစ်ပါတယ်။ တလောကတော့ ယောနယ်ဘက်မှာ သူ့စကား တွေက အလွန်အကျွံ ဖြစ်လာလို့ တရားစွဲခံရတယ်လို့ ကြားရပါတယ်။ သူ ပြောတဲ့ စကားတွေကလည်း ကြည့်ဦးလေ "မြန်မာပြည်မှာ ဒုတိယ သမ္မတကလည်း ခရစ်ယာန်၊ လွှတ်တော် ဥက္ကဋ္ဌတွေကလည်း ခရစ်ယာန်တွေ ဆိုတော့ မြန်မာပြည်မှာ ဗုဒ္ဓဘာသာဝင်တွေ တိမ်ကောတော့မယ့် အရိပ်အယောင်တွေပဲ" လို့ ပြောပါသတဲ့။

## လွှတ်တော်ပြင်ပ နိုင်ငံရေး


ကျွန်တော်တို့ဟာ ကြားဖြတ် ရွေးကောက်ပွဲ ဝင်မယ် ဆိုကတည်းက ရည်မှန်းချက်တွေကို ချထားခဲ့တဲ့ အကြောင်း အထက်တစ်နေရာမှာ ဖော်ပြခဲ့ပြီးပါပြီ။ အဲဒီ ရည်မှန်းချက်တွေထဲမှာ အဓိက အကျဆုံး ရည်မှန်း ချက်ကတော့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ရေး ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ပုဒ်မ ၄၃၆ ပြင်ဆင်ရေး လှုပ်ရှားမှုတွေ တစ်နိုင်ငံလုံး အနှံ့လုပ်ခဲ့ပါတယ်။ တိုင်းနဲ့ ပြည်နယ် မြို့ကြီးတွေမှာတော့ ဒေါ်အောင်ဆန်း စုကြည် ကိုယ်တိုင် ခေါင်းဆောင်ပြီး ဟောပြောပွဲတွေ ဆန္ဒပြပွဲတွေ လုပ်ပါတယ်။




မိတ္ထီလာ မြို့နယ်၊ ရပ်ကျေး မဲဆန္ဒရှင်များနဲ့ တွေ့ဆုံနေပုံ။

---

လွှတ်တော်မှ ခွင့်ပြုသော ကျပ်သိန်း ၁၀၀၀ ဖြင့် ရန်ပုံငွေမှ ရရှိသော ဖွံ့ဖြိုးရေး လုပ်ငန်း တစ်ခုအား မြေပြင် ကွင်းဆင်း စစ်ဆေးနေစဉ်။




## ပုဒ်မ ၄၃၆ ပြင်ဆင်ရေး

ဒီလှုပ်ရှားမှုက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ညွှန်ကြားချက်အတိုင်း ပြုလုပ်တဲ့ လှုပ်ရှားမှုပါ။ သူကိုယ်တိုင် ခေါင်းဆောင်ပြီး အမြို့မြို့ အနယ်နယ်မှာ ဟောပြောပွဲတွေ လုပ်ခဲ့ရာမှာ ဝက်ဝက်ကွဲ အောင်မြင်တယ်လို့ ဆိုရပါမယ်။ ဒီလို လှုပ်ရှားမှုအပြင် ပြည်သူလူထု အများစုထံက လက်မှတ်ရေးထိုးတဲ့ Signature Campaign အလုပ်လည်း

ပါဝင်ပါတယ်။ ပုဒ်မ ၃၄၆ ပြင်ဆင်ရေးကို NLD တစ်ခုတည်း တင်မကပါဘူး။ မင်းကိုနိုင်နဲ့ ကိုကိုကြီးတို့ ခေါင်းဆောင်တဲ့ "ပွင့်လင်း လူ့အဖွဲ့အစည်း" အနေနဲ့လည်း ပါဝင် ဆောင်ရွက်ခဲ့ပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေရဲ့ ပုဒ်မ ၄၃၆ ဟာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ရေးနဲ့ ပတ်သက်ပါတယ်။ လွယ်လွယ်နဲ့ ရှင်းရှင်း ပြောရမယ် ဆိုရင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ရေးကို လွှတ်တော်ကပဲ ဆောင်ရွက်နိုင်ပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာလည်း ၇၅ ရာနှုန်း အထက် ရမှ ပြင်လို့ ရနိုင်မှာဖြစ်ပါတယ်။ စဉ်းစားကြည့်ပါ စာရှုသူများ ခင်ဗျား၊ လွှတ်တော်ထဲမှာက တပ်မတော်က ၂၅ ရာနှုန်း ပါဝင်ပြီးသားပါ။ ကျန်တဲ့ ၇၅ ရာနှုန်းမှာလည်း NLD အပြင် အခြားပါတီတွေဖြစ်တဲ့ ပြည်ခိုင်ဖြိုး၊ NDF၊ ရှမ်း၊ ကရင်၊ ကချင် စတဲ့ ပါတီတွေလည်း ရှိနေသေးတော့ ၇၅ ရာနှုန်း ရဖို့ဆိုတာ လုံးဝ မဖြစ်နိုင်တော့တဲ့ သဘောပါ။

## လက်မှတ်ပေါင်း ငါးသန်း

ပုဒ်မ ၄၃၆ ပြင်ဆင်ရေး လှုပ်ရှားမှုဟာ ခြောက်လလောက်ကြာပါတယ်။ လက်မှတ်ရေးထိုးတဲ့ အင်အားကလည်း ငါးသန်းကျော် ရရှိခဲ့ပါတယ်။ ဒီလို ရရှိတဲ့ လက်မှတ်တွေကို စုရုံးပြီးတော့ နိုင်ငံတော် သမ္မတရုံးနဲ့ ပြန်ထောင်စု လွှတ်တော်တွေကို တင်ပြခဲ့ပါတယ်။ အဲဒီလောက်ထိ လက်မှတ်တွေ ရခဲ့ပေမဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ရေး ဆိုတဲ့ရည်မှန်းချက် မအောင်မြင်ခဲ့ပါ။

## ပုဒ်မ ၅၉ (စ)

အဲဒီလို ဖြစ်အောင်က ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ဆွဲခိုင်းတဲ့ သွားလေသူ ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့ နှုတ်ခါးပတ်တော်အရ ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ သူ့ရဲ့ တစ်ဦးတည်းသော ဆန္ဒကို အဲဒီခေတ်က ဒီဥပဒေ ရေးရာမှာ ပါဝင်ခဲ့တဲ့ ဦးအောင်တိုး၊ ဒေါက်တာ ထွန်းရှင်၊ ဦးသာထွန်း၊ ဦးအေးမောင် စတဲ့ ဥပဒေ ပညာရှင်များက အကောင်အထည် ဖော်ပေးရတာပါ။ အဲဒီ ပုဒ်မအပြင် ပုဒ်မ ၅၉ (စ) ဆိုတာလည်း ရှိပါသေးတယ်။

အဲဒီ ပုဒ်မအရ သမ္မတနဲ့ ဒုတိယ သမ္မတ အရည်အချင်း ပြည့်ဖို့ဆိုရင် လင်သား/ဇနီးမယားနဲ့ သား/သမီးများ ပြည်ပ နိုင်ငံသား မဖြစ်ရပါဘူး။ ဒါကတော့ အသိသာကြီးပါ၊ ဒေါ်အောင်ဆန်းစုကြည်ကို ရည်ရွယ်ပြီး ရေးထားတဲ့ ပုဒ်မပါ။ ဒါပေမဲ့ ဒီပုဒ်မရဲ့ အာနိသင်ကို အခု ဒုတိယ သမ္မတ ၁ ဖြစ်နေတဲ့ ဦးမြင့်ဆွေတောင်မှ ပထမအကြိမ် လွှတ်တော်မှာ ခံလိုက်ရပါသေးတယ်။ ဒုတိယ သမ္မတဖြစ်တဲ့ သီဟ သူရ တင်အောင်မြင့်ဦး နုတ်ထွက်သွားတော့ ဦးမြင့်ဆွေကို ဒုတိယ သမ္မတလောင်း အဖြစ် စာရင်း သွင်းခဲ့ပါတယ်။ ဒါပေမဲ့ သူလည်း ပုဒ်မ ၅၉ (စ) နဲ့ ငြိခဲ့ပါတယ်။

## ယခု ဒုတိယ သမ္မတ ၁ လည်း ငြိခဲ့ဖူးတယ်

ဘယ်လို ငြိသလဲဆိုတော့ ဦးမြင့်ဆွေရဲ့ သားမက်တစ်ယောက်က ဩစတေးလျ နိုင်ငံသား ဖြစ်နေပါသတဲ့။ ဒါ့ကြောင့် သူဟာ ပထမအကြိမ် လွှတ်တော်ကာလမှာ ဒုတိယ သမ္မတ မဖြစ်ခဲ့ပါဘူး။ ဒါ့ကြောင့် ဦးမြင့်ဆွေဟာ သူ့သားမက်ကို နိုင်ငံသားအဖြစ် ပြန်လည် ပြောင်းလဲစေခဲ့ပါတယ်။ ဒါ့ကြောင့် ဦးမြင့်ဆွေဟာ ဒုတိယ အကြိမ် လွှတ်တော်မှာ ဒုတိယ သမ္မတ ၁ ဖြစ်လာခဲ့ပါတယ်။ ကျွန်တော့်အထင်အရ မှန်ချင်မှတော့ မှန်မှာပေါ့လေ။ ဦးမြင့်ဆွေကို ဒုတိယ သမ္မတ ဖြစ်စေချင်တာက တခြားသူ ဟုတ်ပါရိုးလား၊ ဗိုလ်ချုပ်မှူးကြီးဟောင်း သန်းရွှေပဲ ဖြစ်မှာပါ။

ဘာ့ကြောင့် ဖြစ်စေချင်ရသလဲ၊ ကျွန်တော် ဆက်စဉ်းစားတဲ့အခါ ဦးသန်းရွှေက ဦးမြင့်ဆွေ သူ့အပေါ် တင်နေတဲ့ ကျေးဇူးကြွေးကို ပြန်ဆပ်တဲ့ သဘောလို့ ထင်ပါတယ်။ ဘာကြွေးတွေပါလိမ့်လို့ ဆက်စဉ်းစားတဲ့ အခါမှာ ပတ်သက်နိုင်တဲ့ အကြောင်းအရာ နှစ်ခုကို စဉ်းစားမိပါတယ်။ အဲဒီ အကြောင်းတွေကလည်း ထောင် ထဲ ရောက်မှ ကြားတဲ့ သတင်းစကားတွေကြောင့် ဆက်စပ် တွေးမိခြင်းဖြစ်ပါတယ်။

ပထမအကြောင်းကတော့ ဗိုလ်ချုပ်ကြီး ခင်ညွန့် ခေါင်းဆောင်တဲ့ ထောင်လှမ်းရေး တစ်ဖွဲ့လုံးကို အပြုတ် ရှင်းတဲ့အခါမှာ ဦးမြင့်ဆွေက အဲဒီတုန်းက ရန်ကုန် တိုင်းမှူးအနေနဲ့ သပ်သပ်ရပ်ရပ် အောင်မြင်အောင် လုပ်ပေးနိုင်ခဲ့ပါတယ်။ ဒုတိယ ကိစ္စကတော့ ၂၀၀၇ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ "ရွှေဝါရောင် တော်လှန်ရေး" မှာ ပါဝင်ခဲ့တဲ့ ရဟန်း သံဃာတွေနဲ့ လူထုကို အပြုတ် နှိမ်နင်းနိုင်ခဲ့တဲ့အတွက် ဒါတွေကို စုပေါင်းပြီး ကျေးဇူးကြွေး ဆပ်တဲ့အနေနဲ့ ဦးမြင့်ဆွေကို ဒုတိယ သမ္မတ အဖြစ်ကို မရောက် ရောက်အောင် စဉ်ဆက် ကြိုးပမ်းခဲ့တာ ဖြစ်ပါတယ်။

## လွှတ်တော်တွင်း လှုပ်ရှားမှု

ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ရေးနဲ့ ပတ်သက်လို့ လွှတ်တော်ထဲမှာလည်း လှုပ်ရှားမှုတွေ လုပ်ခဲ့ပါတယ်။ ဒီလိုပြင်ဆင်ရေးနဲ့ပတ်သက်လို့ လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းကလည်း လွှတ်တော်ထဲမှာ ထင်ထင်ပေါ်ပေါ် ဆွေးနွေးဖို့ လက်ခံခဲ့ပါတယ်။ ကျွန်တော်တို့ NLD လွှတ်တော် ကိုယ်စားလှယ်တွေကလည်း ဒီကိစ္စနဲ့ ပတ်သက် လို့ တက်တက်ကြွကြွ ပါဝင်ခဲ့ပါတယ်။ ဒေါ်စု ခေါင်းဆောင်တဲ့ NLD အနေနဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှာ ပြင်ဆင်သင့်တဲ့ အချက်တွေကို လေ့လာ ဆန်းစစ်တဲ့ အခါမှာ အချက်ပေါင်း ၁၀၈ ချက် ရခဲ့ပါတယ်။

အဲဒီလို လွှတ်တော်တွင်း၊ လွှတ်တော် ပြင်ပတွေမှာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ရေးနဲ့ ပတ်သက် လို့ လှုပ်ရှားမှုတွေ လုပ်ခဲ့ပေမဲ့ ထူးထူးခြားခြား အောင်မြင်မှုရယ်လို့ မရခဲ့ပါ။ ဒါက ဘာကို ပြသလည်း ဆိုတော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့ ထူးမြတ်တဲ့၊ ပါးနပ်တဲ့ ကောက်ကျစ်မှုလို့ ကျွန်တော် မြင်ပါတယ်။ နိုင်ငံသူ နိုင်ငံ သားတွေ လွတ်လွတ်လပ်လပ်နဲ့ နိုင်ငံ ဖွံ့ဖြိုးမှုကို ဖောက်ချ လုပ်နေရမယ့် အစား ဖွဲ့စည်းပုံ ပြင်ဆင်ရေး ကြိုးပမ်းမှုများနဲ့ပဲ အချိန်ကုန် လုံးပန်းနေရပြီး ဗျာများနေကြတဲ့ သဘောပါ။ အခြားကိစ္စတွေမှာ ဦးစား မပေး နိုင်တော့တဲ့ သဘော ဖြစ်ခဲ့ပါတယ်။

## ဗိုလ်ချုပ် အောင်ဆန်း ရာပြည့် လှုပ်ရှားမှုများ

ကံအားလျော်စွာ ဗိုလ်ချုပ် အောင်ဆန်းရဲ့ ရာပြည့် မွေးနေ့တွေကိုလည်း တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စည်စည်ကားကား ကျင်းပခဲ့ပါတယ်။ ဒါဟာ မြို့နယ် NLD အားလုံး တက်တက်ကြွကြွနဲ့ ပါဝင် ဆောင်ရွက် နိုင်ခဲ့ပြီးတော့ အဓိက ရာပြည့် အခမ်းအနားကို ဗိုလ်ချုပ် မွေးရပ်ဖြစ်တဲ့ နတ်မောက်မြို့မှာ ကျင်းပခဲ့ပါတယ်။ အဲဒီပွဲကိုတော့ ဒေါ်အောင်ဆန်းစုကြည်အပြင် ရဟန်း သံဃာတော်တွေထဲက နာမည်ကြီး ဆရာတော် ဖြစ်တဲ့ ဦးဉာဏိဿရ အပါအဝင် ဆရာတော်၊ သံဃာတော်များကပါ ကြီးမှူး ကျင်းပတဲ့ အတွက် ထူးခြားတဲ့ အခမ်း အနား တစ်ခု ဖြစ်ခဲ့ပါတယ်။

အထက်မှာ ရေးပြခဲ့တဲ့ ပုဒ်မ ၃၄၆ ပြင်ဆင်ရေး၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ရေး လှုပ်ရှားမှုများနဲ့ ဗိုလ်ချုပ် အောင်ဆန်း ရာပြည့် မွေးနေ့ လှုပ်ရှားမှုတွေဟာ ၂၀၁၅ ခုနှစ်မှာ ကျင်းပမယ့် ရွေးကောက်ပွဲနေ့ အတွက် အကြို လှုပ်ရှားမှုသဖွယ် ဖြစ်ခဲ့ပါတယ်။

## ဆရာတော် ဦးဉာဏိသရ

ဆရာတော်ဟာ ကျွန်တော် နာဖူးသမျှ တရားဟော ဓမ္မစရိယတွေထဲမှာ တရားဟော အကောင်းဆုံးလို့ သတ်မှတ်ရမယ့် ဆရာတော်တွေထဲမှာ ထိပ်ဆုံးကပါ။ နောက်ဆရာတော် တစ်ပါးကတော့ ဆရာတော် ရှင်ဆန္ဒာဓိကပါ။ ထောင်တွေထဲကို ICRC တွေ ဝင်ခွင့်ရပြီး နောက်ပိုင်း လွတ်လပ်လာတဲ့အခါ တရားစာအုပ်တွေ အပြင် ညပိုင်းမှာလည်း တရားခွေတွေ ဖွင့်ပြပါတယ်။ အဲဒီ တရားခွေတွေထဲက ဆရာတော် ဦးဉာဏိသရရဲ့ "နောက်ဆုံး ၁၀ လ၊ မြတ်ဗုဒ္ဓ" ဆိုတဲ့ တရားခွေဟာ ကျွန်တော် အကြိုက်ဆုံး တရားခွေတစ်ခု ဖြစ်ပါတယ်။

ဒီဆရာတော်နဲ့ ပတ်သက်လို့ ကျွန်တော် ကြားဖူးထားတာတွေ ရှိပါတယ်။ ဒီဆရာတော်ဟာ ၁၉၉၁ ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ ပတ္တနိကုဇ္ဇနလို့ ခေါ်တဲ့ သံဃာတော်တွေက စစ်အစိုးရကို သပိတ်မှောက်တဲ့ လှုပ်ရှားမှုမှာ ပါဝင်ခဲ့တယ်လို့ သိရပါတယ်။ ဒီဆရာတော်ကို ထောက်လှမ်းရေးက ဖမ်းဖို့ အတွက် ထိုစဉ်က တန်ခိုးထွားခဲ့တဲ့ S-1 လို့ ခေါ်တဲ့ ဗိုလ်ချုပ် ခင်ညွန့်က တိပိဋကဓရဓမ္မဘဏ္ဍာဂာရိက မင်းကွန်းဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဆရာတော်ကို လျှောက်တဲ့အခါ "ဒါဆို ငါ့ဘို့လည်း လူဝတ်ကြောင် တစ်စုံ ယူခဲ့" လို့ ပြောတဲ့ အတွက် မဖမ်းခဲ့ရပါဘူးတဲ့။ (ဟုတ်မဟုတ်တော့ မသိပါ။)

ဒါ့ကြောင့် ဆရာတော်ကို ပတ်စ်ပို့နဲ့ ပြည်ပ သွားခွင့်ပြုပြီး နှစ်နှစ်ကြာမျှ ပြည်နှင်ဒဏ် သဘောမျိုး နေခဲ့ရပါတယ်။ ဆရာတော်အတွက် ရတဲ့အကျိုးကတော့ အင်္ဂလိပ်စကားကို ကောင်းစွာ တတ်မြောက်ခဲ့ခြင်း ဖြစ်ပြီး တရားတော်များကို နိုင်ငံခြားသားများ နားလည်အောင် ကောင်းစွာ ဟောပြောနိုင်ခဲ့ပါတယ်။ ဆရာတော်ရဲ့ နိုင်ငံခြား ပရိသတ်တွေထဲမှာ ငွေကြေး တောင့်တင်းတဲ့ စီးပွားရေး လုပ်ငန်းရှင်များ၊ ဆရာဝန်များ၊ အင်ဂျင်နီယာများ ပါဝင်ပါတယ်။

သူတို့ရဲ့ အလှူဒါနများကြောင့် သီတဂူ ဆေးရုံ၊ အခမဲ့ မျက်စိဌာန လုပ်ငန်းများအပြင် စစ်ကိုင်းမှာလည်း သီတဂူ ဗုဒ္ဓ တက္ကသိုလ်ကြီးလည်း အထင်ကရ ပေါ်ပေါက်ခဲ့ပါပြီ။ ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ နာဂစ် မုန်တိုင်းကြောင့် ဘေးဒုက္ခရောက်ခဲ့တဲ့ လူတွေကိုလည်း အစိုးရ အဖွဲ့က ထောက်ပံ့ခဲ့တဲ့ ပမာဏလောက်ကို ဝေငှနိုင်ခဲ့ပါတယ်။

## ဆရာတော် ရှင်ဆန္ဒာဓိက

ဆရာတော် ရှင်ဆန္ဒာဓိကရဲ့ တရားခွေတွေကိုတော့ မနာဖူးပါ။ ဒါပေမဲ့ သူ့စာအုပ်တွေကိုတော့ အများကြီး ဖတ်ဖူးခဲ့ပါတယ်။ သူ့ရဲ့ "မသေခင် ဘာလုပ်ကြမလဲ" ဆိုတဲ့ စာအုပ်ကိုတော့ အကြိုက်ဆုံးလို့ ပြောနိုင်ပါတယ်။ နောက်ပိုင်းမှာ ဆရာတော်ဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဆက်အသွယ်ရပြီး သူ့ကို မိခင် တစ်ယောက်လို သဘောထားပြီး ရုပ်ပိုင်း ဆိုင်ရာ၊ စိတ်ပိုင်း ဆိုင်ရာ ထောက်ခံ အားပေးမှုတွေ များစွာပြုခဲ့ပါတယ်။

## ပါမောက္ခချုပ် ဆရာတော် ဦးနန္ဒမာလာဘိဝံသ

ဆရာတော် ဦးနန္ဒမာလာဘိဝံသဟာ စစ်အစိုးရ လက်ထက်မှာ ပေါ်ထွန်းလာတဲ့ ဗုဒ္ဓ တက္ကသိုလ်ရဲ့ ပါမောက္ခချုပ် အဖြစ် တာဝန်ယူခဲ့တယ် ဆိုတာ သိရပါတယ်။ သူ့တရားတွေကိုတော့ မနာခဲ့ဖူးပါ။ ဒါပေမဲ့ နာရဖို့ အကြောင်း ဖြစ်ပေါ်လာပါတယ်။ ဒါကတော့ ၂၀၁၂ ခုနှစ်၊ ကြားဖြတ် ရွေးကောက်ပွဲ ကာလမှာပါ။ အဲဒီအချိန်မှာ ကျွန်တော်နဲ့ ကျွန်တော် ဇနီးသည်တို့ရဲ့ ပြဿနာ စနေပါပြီ။ သူ့ဘက်က ကျွန်တော့်ကို ရန်သူလို သဘောထားစ

ပြုနေပါပြီ။ ဒါပေမဲ့ အဆက်အသွယ် မပြတ်သေးပါ။

ကျွန်တော် မိတ္ထီလာမြို့ကို သွားရမှာ ဖြစ်တဲ့အတွက် ကားပေါ်မှာ တရားနာဖို့ သူ့ဆီက ဆရာတော် ဦးနန္ဒမာလာဘိဝံသရဲ့ တရားခွေနဲ့ ကက်ဆက် အသေးလေး ငှားလိုက်ပါတယ်။ အသွားလမ်း တစ်လျှောက် လုံးမှာ ဆရာတော်ရဲ့ အဘိဓမ္မာ တရားတော်တွေကို တောက်လျှောက် နာသွားပါတယ်။ ဆရာတော်က အဘိဓမ္မာ တရားတော်တွေကို မြန်မာလို ဟောတာဟာ အင်မတန် ရှင်းလင်းပြီး နားလည်လွယ်ပါတယ်။

သူ့ရဲ့ တရားတော်တွေကို ကျွန်တော် သဘောကျလွန်းလို့ အိမ်ပြန်ရောက်တဲ့အခါ အဲဒီ တရားခွေနဲ့ ကက်ဆက်ကို ဖနီးသည်ကို ပြန်ပေးရင်း မေးမိပါတယ်။ "ဒီတရားတော်တွေက သိပ်နာလို့ ကောင်းတာပဲ၊ တုန်တုန်ရော နာလား" လို့ မေးတဲ့အခါ သူက "နာပါတယ်" လို့ ဖြေပါတယ်။ ဒါ့ကြောင့် ပြောပါတယ် "ဒီလို တရားတွေ နာလျက်သားနဲ့ ဘာဖြစ်လို့ ဒေါသတွေ ကြီးနေရတာလဲ" လို့ ဆိုတဲ့အခါ သူက "မဆိုင်ဘူး" တဲ့။ အော်... မဆိုင်ပါဘူး ဆိုပဲ။

## မအောင်မြင်ရှာတဲ့ ဖူးစာရေးနတ်

ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေထဲမှာ အပျိုကြီး၊ လူပျိုကြီး တချို့ ပါပါတယ်။ ထုံးစံအတိုင်း သူတို့ကို စကြ နောက်ကြပေါ့။ နာမည်တော့ မပြောတော့ပါဘူး။ ကျွန်တော်တို့ထဲမှာ သူတို့ လွှတ်တော် ကိုယ်စားလှယ် မဖြစ်ခင်ကတည်းက တွဲနေတဲ့ စုံတွဲတစ်စုံ ရှိပါတယ်။ သွားအတူ၊ လာအတူ အမြဲတမ်း တစ်တွဲတွဲပါ။ သူတို့ကို မြင်တဲ့သူတိုင်းက တစ်ချိန်ကျရင် သူတို့နှစ်ယောက် သေချာပေါက် အိမ်ထောင်ပြုကြ လိမ့်မယ်လို့ ထင်စရာပါ။

နှစ်ယောက်စလုံး လွှတ်တော် ကိုယ်စားလှယ် ဖြစ်လာကြတော့လည်း အရင်အတိုင်းပဲ တစ်တွဲတွဲပါ။ ဒီလို တွဲနေတာ လေး-ငါးနှစ်လောက် ရှိပါပြီ။ ဖြစ်ချင်တော့ လွှတ်တော် ကိုယ်စားလှယ် လေးဦးကို အမေရိကန် နိုင်ငံက သူတို့ စရိတ်နဲ့ သင်တန်း ခေါ်ပါတယ်၊ သင်တန်းကာလက လေးလပါ။ သင်ကြား ပို့ချမယ့် ဘာသာ ရပ်တွေကတော့ လူထု စည်းရုံးရေး လုပ်ငန်း၊ လွှတ်တော် လုပ်ငန်းတွေနဲ့ အင်္ဂလိပ်စာ သင်တန်းတွေ ပါပါ တယ်။

ဒါ့ကြောင့်မို့လို့ အဲဒီစုံတွဲ အပါအဝင် နောက်ထပ် သင့်လျော်မယ့်သူ နှစ်ယောက်ကို ရွေးပြီးတော့ ပို့လိုက်ပါတယ်။ တစ်နယ်တစ်ကျေးမှာ အကြာကြီး နေကြရရင်တော့ သူတို့နှစ်ယောက် "မရှောင်သာတဲ့ အမြှောင်ကြား" ဖြစ်သွားကြပြီး ပိုနီးစပ်ကြမယ်လို့ တစ်ထစ်ချ ယူဆပြီး စီမံပေးလိုက်ကြတာပါ။ လေးလကျော် ငါးလ နီးပါး ရောက်တော့ သူတို့ ပြန်လာကြပါပြီ။ အဲဒီ စုံတွဲထဲက အမျိုးသားကို အခြေအနေ မေးကြည့်တော့ ဘာမှ မထူးပါဘူးတဲ့။ ကျွန်တော်တို့ တကူးတကက စဉ်းစားပြီး ပို့လိုက်ရတဲ့ သူတွေအဖို့ "ဟာခနဲ၊ ဟင်ခနဲ" ဖြစ်ကုန်ကြပါတယ်။

သူတို့ အခြေအနေက ပိုထူးမလာသော်လည်းပဲ ပြည်ပက ပြန်ရောက်လာတဲ့အခါ အရင်ကလိုပဲ အတူ သွား အတူလာ၊ တွဲမြဲတွဲဆဲပါပဲ။ အဲဒီလို အခြေအနေတွေကို လွှတ်တော် လက်ဖက်ရည်သောက် နားတဲ့အခါမှာ သော်လည်းကောင်း၊ ထမင်းစား နားတဲ့အခါမှာ သော်လည်းကောင်း အချင်းချင်း ပြောကြ၊ ဆိုကြပါတယ်။ အထူးသဖြင့် အမျိုးသားကို ရတဲ့ အခွင့်အရေးကို အသုံးမချခဲ့လို့ စုတ်တသပ်သပ်နဲ့ ဖြစ်နေကြတာပါ။ အဲဒီလို ပြောနေကြတာကို တစ်နေ့ကျတော့ ကျွန်တော်တို့ ခေါင်းဆောင်က ကြားသွားပါတယ်။

အကျိုးအကြောင်း မေးတဲ့အခါ ကျွန်တော်တို့ကလည်း ဟုတ်တိုင်းမှန်ရာ ပြောရတာပေါ့။ အဲဒီတော့ ခဏလေး စဉ်းစားလိုက်ပြီး "ဒါဆိုရင် အမျိုးသားကို ခေါ်လိုက်" လို့ ပြောတော့ ဘသားချောက ရောက်လာပါတယ်။

သူ့ကို မေးပါတယ်။ တွဲနေတယ် ဆိုတာ ဟုတ်သလား။ ဘယ်လောက် ကြာပြီလဲ စသဖြင့်ပေါ့။ သူက လည်း မှန်တဲ့အတိုင်း ဖြေပါတယ်။ နောက်ဆုံးတော့ သူ့ကို လက်ထပ်ဖို့အထိ စဉ်းစားထားသလားလို့ မေးတဲ့အခါ သူကလည်း လက်ထပ်ချင်ကြောင်း ဝန်ခံပါတယ်။

သူပြီးတော့ အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ်ကို ခေါ်ပါတယ်။ ကျွန်တော်တို့လည်း ဘေးနားမှာ ရှိနေတာပေါ့။ သူကတော့ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နဲ့ပါ။ တွဲနေတာ ကြာပြီး ဖြစ်ကြောင်း ဝန်ခံပါတယ်။ နောက်ဆုံးတော့ "အတည် လက်ထပ်ယူမယ် ဆိုရင်ကော၊ ဘယ်လိုလဲ" လို့ မေးတဲ့အခါ သူက "မယူပါဘူး" တဲ့ဗျာ။ ကျွန်တော်တို့ ဘေးက ရှိနေတဲ့သူတွေ ပက်လက် လဲမသွားရုံတမည်ပါပဲ။ အဲဒီ မိန်းကလေး ပြတ်သားချက်ကတော့။

## အကျိုးဆက်

အဲဒီကျတော့မှ ပြဿနာ ဖြစ်တော့တာပါပဲ။ နဂိုကတော့ ဘာမှမဟုတ်သလို အတူ သွားလိုက်၊ အတူ စားလိုက်၊ ရန်ကုန်နဲ့ နေပြည်တော် အတူသွားလိုက်၊ ပြန်လိုက်နဲ့ ရှိနေခဲ့တာ အခုတော့ အားလုံး ပျက်သုဉ်းကုန်ပါပြီ။ အတူသွား အတူလာ မလုပ်တော့တဲ့အပြင်၊ တစ်ယောက်နဲ့ တစ်ယောက်လည်း သူစိမ်းတွေလို ဖြစ်သွားပြီး ခေါ်ခေါ်ပြောပြောတောင် မရှိတော့ပါဘူး။ ၂၀၁၅ ခုနှစ် ရွေးကောက်မှာတော့ နှစ်ယောက်စလုံး ပြန်လည် ရွေးကောက်ခြင်းခံရပါတယ်။

ဒါပေမဲ့ သူတို့နှစ်ဦးရဲ့ စိတ်ကူးယဉ် အချစ်ဇာတ်လမ်းလေးဟာ နိဂုံးတွဲသွားခဲ့ပါပြီ။ မိန်းကလေးကတော့ ဘယ်လိုနေမယ် မသိဘူး။ အမျိုးသားကတော့ အားတဲ့အခါတိုင်းမှာတော့ အလွမ်းသီချင်းတွေကိုပဲ ဆိုနေလေရဲ့။ ဒီမှာ ကျွန်တော် ပြောချင်တာက ကျွန်တော်တို့ ခေါင်းဆောင်ဟာ နိုင်ငံရေးမှာတော့ ပါရမီရှင် လူထု ခေါင်းဆောင်ပါ။ ဒါပေမဲ့ ချစ်ရေးချစ်ရာမှာတော့ သုညပါလို့ ပြောချင်ပါတယ်။

## ပြည်ပ ခရီးစဉ်များ- ဘာလီကျွန်း

ကြားဖြတ် ရွေးကောက်ပွဲ မပေါ်ခင်မှာပါ။ ဖိလစ်ပိုင် နိုင်ငံကို အခြေပြုတဲ့ "အာရှ ဒီမိုကရေစီ အဖွဲ့"က NLD ကိုယ်စားလှယ် တစ်ဦးကို အင်ဒိုနီးရှားနိုင်ငံ ဘာလီမှာ ကျင်းပတဲ့ ညီလာခံကို တက်ရောက်ဖို့ ဖိတ်ကြားပါတယ်။ ဒေါ်စုက ကျွန်တော့်ကို ရွေးချယ်လိုက်ပါတယ်။ တပ်မတော်ထဲမှာတုန်းကတော့ တာဝန်နဲ့ အိန္ဒိယနိုင်ငံကို ရောက်ဖူးခဲ့ပါတယ်။ တပ်က ထွက်ပြီး စီးပွားရေးလုပ်တော့ အခွင့်အရေးတွေ ရသော်လည်း မသွားဖြစ်ခဲ့ပါ။

အခုတော့ သွားရပါပြီ။ ရန်ကုန်က စင်ကာပူကို နှစ်နာရီ၊ စင်ကာပူက ဘာလီကို သုံးနာရီ လေယာဉ်ခရီး ရှိပါတယ်။ ပြည်ပခရီးကို သွားမယ် ဆိုကတည်းက အဝတ်အစားနဲ့ ပတ်သက်လို့ ခေါင်းထဲမှာ လုံးဝ မစဉ်းစားပါဘူး။ ဘာလီဟာ ရန်ကုန်နဲ့ ရာသီဥတု သိပ်ကွာမှာ မဟုတ်တဲ့အတွက် ကုတ်အင်္ကျီ၊ လည်စည်း၊ Neck Tie၊ ခြေအိတ်၊ ရှူးဖိနပ် လုံးဝ မစဉ်းစားပါ။ ကတ္တီပါ ဖိနပ်၊ ကချင် လုံချည်၊ ရှပ်အင်္ကျီ လည်ကတုံးနဲ့ ပင်နီ တိုက်ပုံ၊ ဒါပဲ တော်ပြီလေ။

စင်ကာပူ လေဆိပ်တို့၊ ဘာလီ လေဆိပ်တို့မှာတော့ ကျွန်တော်ရဲ့ ထူးခြားတဲ့ အဝတ်အစားကြောင့် ကျွန်တော့်ကို လူတွေ ဝိုင်းကြည့်တာတော့ မုန်ပါရဲ့။ ဒါပေမဲ့ ကျွန်တော် စိတ်ထဲမှာ ရှိုးတိုးရှန့်တန့် မဖြစ်ပါ။ ဘာ့ကြောင့်လဲ ဆိုတော့ ကုလားမကြီးတွေက ဆာရီနဲ့၊ အာရပ်တွေ ဆိုလည်း ခေါင်းပေါင်းနဲ့ ဝတ်ရုံကြီးတွေနဲ့ပါ။ ဒါ့ကြောင့် ကျွန်တော် အဝတ်အစားနဲ့ ပတ်သက်ပြီး ထွေထွေထူးထူး Self Conscious ဖြစ်စရာ မလိုဘူးလို့ ထင်ပါတယ်။ အစည်းအဝေး သုံးရက်စလုံးမှာ ဒီဝတ်စုံနဲ့ပဲ တက်ပြီး ကျွန်တော် မိန့်ခွန်း ပြောရမယ့်နေ့ကျ တော့ မောင့်ကျက်သရေ ခေါင်းပေါင်း ဆောင်းသွားပါတယ်။

## လှပသော ဘာလီ

ဘာလီ လေဆိပ်က သိပ်မကြီးပါ။ တာဝန်ကျတဲ့ လူဝင်မှု ကြီးကြပ်ရေးတို့၊ အကောက်ခွန်တို့ ဆိုတဲ့ အရာရှိတွေ ကလည်း ခရီးသည်တွေကို ဖော်ဖော်ရွေရွေ ဆက်ဆံပါတယ်။ အင်ဒိုနီးရှား နိုင်ငံဟာ တစ်နိုင်ငံလုံး အနေနဲ့ မွတ်စလင် ဘာသာဝင်တွေ အများစု ဖြစ်ပေမဲ့ ဘာလီကျွန်းက ဟိန္ဒူ ယဉ်ကျေးမှု လွှမ်းမိုးတဲ့ နေရာပါ။ ကျွန်းသူကျွန်းသား အများစုကလည်း ဖော်ဖော်ရွေရွေ ရှိကြပါတယ်။ ကျယ်ပြန့်တဲ့ လမ်းတွေနဲ့ လမ်းဆုံတွေမှာ ပြထားတဲ့ ပန်းပုရုပ်ကြီးတွေဟာ အလွန် လက်ရာမြောက်ပါတယ်။ ပေ လေး-ငါးဆယ်လောက် မြင့်ပါတယ်။

ဘီလူးရုပ်တွေ၊ ဂဠုန်ရုပ်တွေဟာ လွန်စွာ လက်ရာမြောက်လှပါတယ်။ အဲဒီလို လက်ရာမြောက်တဲ့ အရုပ်ကြီးတွေကို လမ်းဆုံ၊ လမ်းခွတွေက အဝိုင်း တွေမှာ တန်ဆာဆင်ထားတာပါ။ နေပြည်တော် အဝိုင်း တွေမှာ ပန်းပွင့်ကြီးတွေ ထားသလိုပေါ့။ မိုးရေချိန်များတဲ့ ဒေသမို့လို့ အရာရာဟာ စိမ်းလန်းနေပါတယ်။ ဟိုတယ်တွေကိုလည်း အကွက်ကျကျ တည်ဆောက်တဲ့အတွက် ကြည့်လိုက်တာနဲ့ သာယာနေပါတယ်။

အဆင့်အတန်းမြင့်တဲ့ ဟိုတယ်တွေ ဆိုပေမဲ့ ဖိမ်ခံနေချိန် မရပါဘူး။ ရောက်တာနဲ့ ဟိုတယ် အခန်းမှာ အသင့်ချထားပေးတဲ့ Agenda စာရွက်ကို ဖတ်၊ သတင်းပို့ရမယ့် နေရာကို သွားသတင်းပို့၊ ရောက်နေတဲ့ နိုင်ငံတကာက ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံ နှုတ်ဆက်၊ ဒါတွေနဲ့ပဲ တစ်မိုးချုပ်ပြီး အိပ်ချိန်အထိ ရောက်သွား



၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလက အင်ဒိုနီးရှား နိုင်ငံ၊ ဘာလီတွင် ကျင်းပသော "ဒီမိုကရေစီ ဖြန့်ပွားရေး အလုပ်ရုံ ဆွေးနွေးပွဲ" မှာ မြန်မာပြည် နိုင်ငံရေး အခြေအနေများ တင်ပြနေပုံ။



၂၀၁၄ ခုနှစ်၊ အင်ဒိုနီးရှား နိုင်ငံ၊ ဘာလီကျွန်းသို့ မန်းဇော်နီ (ရောဂတီတိုင်း ဝန်ကြီးချုပ်ဟောင်း) နဲ့အတူ သွားရောက် လည်ပတ်စဉ် လမ်းဆုံ တစ်နေရာတွင် ရှိသော ပန်းပုရုပ်ကြီး ရှေ့၌။

ခဲ့တာပါ။ နောက်နေ့ မနက်ဆိုလည်း မနက်စာ စားပြီးတာနဲ့ ရှစ်နာရီလောက်ကနေ ညနေ ငါးနာရီလောက်အထိ ဟောကြ၊ ပြောကြ၊ ဆွေးနွေးကြ၊ အပြန်အလှန် မေးခွန်းထုတ်ကြနဲ့ တစ်နေကုန်သွားပါလေရော။

## သတိပြုမိတဲ့ သူတို့ရဲ့ ရိုးရာ ကိုးကွယ်မှု

ဒီကိစ္စနဲ့ ပတ်သက်လို့ ဘယ်သူ့ကိုမှ မမေးမိပါဘူး။ မေးချိန်လည်း မရှိခဲ့ပါဘူး။ သွားရင်းလာရင်းနဲ့ ကားပေါ်က နေ ပတ်ဝန်းကျင် မြင်ကွင်းတွေကို ကြည့်ရင်းနဲ့ သတိပြုမိတဲ့ အချက်ပါ။ ဘာလဲဆိုတော့ လမ်းဘေးက ခြံနဲ့ ဝင်းနဲ့ အိမ်တွေဟာ သပ်ရပ် လှပကြပါတယ်။ ဒါပေမဲ့ ခြံတစ်ခုရဲ့ ဝင်းအတွင်းက ထောင့်တစ်နေရာမှာ အဆောက်အဦ သေးသေးလေး တစ်ခု အမြဲလိုလို တွေ့ရလေ့ ရှိပါတယ်။ အဲဒီ အဆောက်အဦ အတွင်းမှာတော့ ဘာရှိသလဲ မပြောတတ်ဘူး။

အပြင်မှာတော့ သောက်တော်ရေခွက်လို ဟာလေးတွေ တွေ့ရတယ်၊ အမွှေးတိုင်တွေ ထွန်းထားတာ တွေ့ရပါတယ်။ ကျွန်တော့် အထင်တော့ နတ်ကိုးကွယ်မှု တစ်ခုဖြစ်မလား။ ဟိန္ဒူ ဘာသာနဲ့ နွယ်တဲ့ နတ်ဘုရား တွေ ကိုးကိုးကွယ်ခြင်းလား တစ်ခုခုဖြစ်မယ် ထင်ပါတယ်။ ကျွန်တော် မူလက သိထားတာက အင်ဒိုနီးရှား နိုင်ငံဆိုတာ မွတ်စလင် နိုင်ငံ အဖြစ်နဲ့ပါ။ ဘာလီကျွန်းက မြင်ကွင်းတွေကျတော့ တစ်မျိုး ဖြစ်နေပြန်တာပေါ့။ သေချာတာကတော့ အင်ဒိုနီးရှား နိုင်ငံမှာ ဘာသာရေးဆိုင်ရာ လွတ်လပ်မှု ရှိတယ်ဆိုတဲ့ အချက် ဖြစ်ပါတယ်။

## ပါစကာ တေဇော (သို့မဟုတ်) အရက်သေစာ

ကြုံတုန်းမှာတော့ ကျွန်တော့်ရဲ့ အမူအကျင့်လေး တစ်ခုနဲ့ ပတ်သက်လို့ ရေးပြချင်ပါတယ်။ ဘယ်တုန်းက တည်းက စွဲနေတဲ့ အသုံးအနှုန်းလည်းတော့ မသိပါဘူး။ အရက်သေစာ သောက်စားမယ် ကြံတိုင်း "ကိုင်း၊ ပါစကာ တေဇောလေးတော့ မှိဝဲလိုက်ကြဦးစို့" လို့ ရေရွတ်လေ့ ရှိပါတယ်။ သဘောကတော့ "တစ်ခွက် တစ်ဖလားတော့ သောက်လိုက်ကြဦးစို့" ဆိုတဲ့ အဓိပ္ပာယ်ပါ။ ဒီအသုံးအနှုန်းကို မယဉ်ပါးတဲ့ မိတ်ဆွေ တချို့ အဖို့တော့ "ကျွန်တော် ပြောတာ ဘာပါလိမ့်" ဆိုပြီး ခေါတဖြုတ်တော့ ဇဝေဇဝါ ဖြစ်သွားတတ်ပါတယ်။ ကိုင်း... ဘာလီအကြောင်း ပြန်ဆက်ကြဦးစို့...။

ညကျတော့လည်း Dinner and Drinks ပေါ့။ ကျွန်တော်က အရက် သောက်တတ်ပေမဲ့ အလွန်အကျွံ သောက်ခဲပါတယ်။ ဆိုင်မှာ အပေါင်းအသင်းတွေနဲ့ သောက်တာထက် အိမ်မှာ သောက်တာကို ပိုသဘောကျ ပါတယ်။ ပြီးတော့ ကျွန်တော်က အရက် တစ်ခွက်ကို သောက်ရင် နာရီဝက်လောက် ကြာပါတယ်။ အချိန် နှစ်နာရီလောက်အတွင်းမှာ သုံး-လေးခွက်ထက် မပိုပါဘူး။ တချို့သူတွေကျတော့ ၁၀ မိနစ်၊ ၁၅ မိနစ်လောက် နဲ့ တစ်ခွက်၊ နာရီဝက်လောက် ဆိုရင် သုံး-လေးခွက် ချပြီးကြပြီ။ ဒီလို နှုန်းထားနဲ့ သောက်တဲ့သူတွေကို ကျွန်တော်က "ဂေါ်ရင်ဂျီသောက် သောက်တယ်" လို့ ပြောလေ့ရှိပါတယ်။ ဂေါ်ရင်ဂျီ ဆိုတာက အင်္ဂလိပ် ကိုလိုနီခေတ်က ခေါ် လာတဲ့ အောက်ခြေသိမ်း အလုပ်တွေကို လုပ်ရတဲ့ အိန္ဒိယ နွယ်ဖွား တချို့ကို ခေါ်တာပါ။

ကျွန်တော်က အရက်သောက်ရာမှာ သော်လည်းကောင်း၊ ဆေးလိပ်သောက်ရာမှာ သော်လည်းကောင်း အလွန်အကျွံ လုပ်ခဲပါတယ်။ ဆေးလိပ်ဆိုရင် အပေါ် တစ်နေရာမှာ ရေးခဲ့ဖူးပါတယ်၊ တစ်လကို စီးကရက် သုံးဘူး နှစ်ဘူး ရိကွာရခဲ့တာပါ။ အဲဒီတုန်းကတည်းက စသောက်ခဲ့တာ တစ်နေ့ သုံး-လေးလိပ်ထက် မပိုပါဘူး။ ဆေးလိပ် သောက်ရင်း လျှာက ပူလာပြီဆိုရင် ဆက်မသောက်ဘဲ ရပ်ပစ်လိုက်တာပါ။ နောက်နေ့ နောက်နေ့ တွေလည်း အဲဒီလိုပါပဲ။ ဒီနေ့ထိ ဆိုပါတော့။

## အရက် သောက်တတ်လာပုံ

အရက် သောက်တတ်လာပုံကတော့ တစ်မျိုး။ အရာရှိ ဖြစ်တဲ့အထိ အရက်ကို ဟုတ်တိပတ်တိ မသောက်ဖူးခဲ့ပါ။ ဗိုလ်လောင်းဘဝ နောက်ဆုံးနှစ်မှာတောင် လက်တည့်စမ်းတဲ့ အနေနဲ့တောင် မလုပ်ခဲ့ဖူးပါ။ အဲ... ၁၃-၄ နှစ်သားလောက်မှာတော့ ရွာကနေ အဖေ့ဖို့ လက်ဆောင်ယူလာတဲ့ ထန်းရည်ကို အဖေ တိုက်လို့ သောက်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ရယ်ရပါတယ်။ အဲဒီ ထန်းရည်ကို ဖန်ခွက် တစ်ခွက်စာလောက် သောက်ရုံနဲ့ မူးသွားခဲ့တာပါ။

အဲဒါကလွဲလို့ အရက်နဲ့ ပတ်သက်ပြီး ကျွန်တော့်မှာ အတွေ့အကြုံ မရှိခဲ့ပါ။ အရာရှိ ဖြစ်လို့ မိခင်တပ်ရင်း ရှိတဲ့ ကျုံပျော်ကို သွားရောက် သတင်းပို့ရပေမဲ့ တပ်က အရာရှိရိပ်သာမှာ တစ်ပတ် ကြာအောင် မနေခဲ့ဖူးပါဘူး။ ရှေ့တန်းစခန်း ဖြစ်တဲ့ ကျောင်းကုန်း၊ ရေကြည်၊ အသုတ် ဆိုတဲ့ မြို့ကလေးတွေ တစ်ဝိုက်မှာ ရှိတဲ့ လက်နက်ကိုင် အဖွဲ့အစည်းတွေအပြင် ရခိုင် ရိုးမ အရှေ့ခြမ်း စတဲ့ နေရာတွေကို စစ်ဆင်ရေး တာဝန်နဲ့ မရပ်မနား သွားခဲ့ရပါတယ်။

အဲဒီလို သွားရတော့ တစ်နေရာရာမှာ ညအိပ်ရင် တစ်ည နှစ်ညလောက်ပေါ့။ ပြီးရင် ခရီးဆက်ထွက်၊ အဲဒီလို ဖြစ်နေတော့ အိပ်စရာနေရာ အတည်တကျ မရှိဘူးပေါ့။ ကဲ.. စစ်ဆင်ရေး နားပါပြီတဲ့၊ တပ်က အရာရှိရိပ်သာမှာ ရှိတဲ့ ကိုယ့်အခန်းကို ဖုန်တွေ ရှင်းလင်းပြီးတော့ ညအိပ်ပါတယ်။ ကိုယ့်အခန်းနဲ့ ကိုယ်၊ ကိုယ့်အိပ်ရာနဲ့၊ ခုတင်နဲ့၊ မွေ့ရာနဲ့၊ ခြင်ထောင်နဲ့ အကျ ဆိုပေမဲ့ အိပ်မပျော်ပါ။ တစ်ညလုံး တလူးလူးတလွန့်လွန့်။ ကွာတားဂတ်လို့ ခေါ်တဲ့ ဗဟို ကင်းရုံက နာရီသံချောင်း ခေါက်တာတွေ နာခံရင်း မိုးစင်စင်လင်းခဲ့ရပါတယ်။ ဒါက တစ်ညလည်း မဟုတ်၊ နှစ်ညလည်း မဟုတ်ပါ။

နှစ်ည၊ သုံးညလောက် ကြာတော့ အိပ်မရတဲ့ဒဏ်က ထိလာပါတယ်။ တပ်က အရာရှိ ရိပ်သာမှာ ဘီလိယက်ခုံနဲ့ ဘား ရှိပါတယ်။ နောက်တန်းကို ပြန်လာတဲ့ အရာရှိတွေရှိရင် အဲဒီ ဘီလိယက်ခုံနဲ့ ဘားက ဖွင့်ပါတယ်။ စီနီယာ ဗိုလ်ကြီးတွေကလည်း ညစဉ်လိုလို ဘီလိယက် ထိုးရင်း၊ အရက် သောက်ရင်း လာလေ့ရှိကြပါတယ်။ နောက်တန်းရောက်လို့ သုံး-လေးရက် ကြာတဲ့အခါ စီနီယာ ဗိုလ်ကြီး တစ်ယောက်က "ကောင်လေး၊ အဆင်ပြေရဲ့လား" လို့ မေးပါတယ်။ ကျွန်တော်က "အိပ်ရာပြောင်းလို့လား မသိဘူး၊ ညည အိပ်မပျော်ဘူးဗျာ၊ နောက်တန်း ပြန်ရောက်ကတည်းကပဲ" လို့ ပြန်ပြောပါတယ်။

အဲဒီ ဗိုလ်ကြီးက "ဒါဆို လွယ်ပါတယ်ကွာ" ဆိုပြီး ကျွန်တော့်ကို ဘားကို ခေါ်သွားပါတယ်။ ဘားက ကောင်လေးကို "ရမ်တစ်ပက်၊ နီ၊ ရေခဲ မရောဘူး၊ နောက် ရေတစ်ခွက်" လို့ ပြောတော့ ကောင်လေးက အကုန်ချပေးပါတယ်။ "နီ" ဆိုတာက Neat ပါ။ ရေမရောတဲ့ အရက်ကို ဆိုလိုပါတယ်။ သူက ကျွန်တော့်ကို ရမ်ခွက် ထိုးပေးပြီး "ကောင်လေး၊ ချလိုက်" ဆိုပြီး သောက်ခိုင်းပါတယ်။ ကျွန်တော်က အနံ့ ခံကြည့်ပြီး၊ အနံ့ ပြင်းတော့ နှာခေါင်းရှုံ့မိပါတယ်။ ဒါပေမဲ့ စီနီယ ဗိုလ်ကြီးက တိုက်တွန်းတာနဲ့ နှာခေါင်းပိတ်ပြီး ရမ်တစ်ပက်ကို မော့ချလိုက်ပါတယ်။ ပြီးတော့ ရေတစ်ခွက်လုံး သောက်ချလိုက်ပါတယ်။

အဲဒီ ဗိုလ်ကြီးက "ကဲ ခဏနားပြီး ထမင်းစားတော့၊ အိုကေသွားလိမ့်မယ်" လို့ ပြောတဲ့အတိုင်း ခဏနေ ထမင်းစားပြီး အိပ်ခန်းကို ပြန်ပါတယ်။ အဲဒီညမှာတော့ ကောင်းကောင်း အိပ်ပျော်သွားပါတယ်။ နည်းတော့ သိသွားပြီပေါ့။ ဒီလိုနဲ့ ထမင်းမစားခင် တစ်ခွက်သောက်၊ နှစ်ခွက်သောက်၊ နောက်တော့ မော့မချတော့ဘဲနဲ့ ရေခဲလေး၊ ရေလေး ရော၊ နောက်တော့ ရေခဲနဲ့ ဆော်ဒါ ရော စသဖြင့် စမ်းစမ်း သောက်ရင်းနဲ့ သောက်ဖြစ်

သွားပါတယ်။ ဒါပေမဲ့ အထက်မှာ ပြောသလို သောက်ရင် အချိန်ဆွဲပြီး တစ်ငုံချင်း သောက်တတ်လို့ တစ်ခွက် ဆို နာရီဝက်လောက် ကြာတာပါ။

## ချီးယားစ်၊ ကမ်ပေ၊ ချကွ

ကျွန်တော် ထောင်ထဲမှာ နေတဲ့ အချိန်တွေမှာတော့ အရက်နဲ့ ကင်းကွာနေပါတယ်။ ထောင်ပြင် ရောက်တော့ လည်း အရက် မသောက်ဖြစ်သေးပါ။ "သုရာမေရယ" သိက္ခာပုဒ်ကို မြတ်စွာဘုရားက ငါးပါးသီလထဲမှာ ထည့်ပြီး သတ်မှတ်ခဲ့တာ ဗုဒ္ဓဘာသာဝင်တိုင်း သိပါတယ်။ ဒါပေမဲ့ အကြောင်းကြောင်းကြောင့် သော်လည်း ကောင်း။ အပေါင်းအသင်းများကြောင့် သော်လည်းကောင်း တွေ့တဲ့အခါမှာတော့ ကိုယ့်ကိုယ်ကိုယ် အလို လိုက်တဲ့ အနေနဲ့ သောက်မိပါတယ်။ ပေါ့ပေါ့ပါးပါးပါ။

အနောက်တိုင်းမှာရော အရှေ့တိုင်းမှာရော အရက်သောက်မယ် ဆိုတိုင်း အချင်းချင်း ဖန်ခွက်ချင်း တော့ပြီး အားပေးစကားတွေ ဆိုလေ့ ရှိကြပါတယ်။ အနောက်တိုင်းမှာတော့ Cheers (ချီးယားစ်)၊ Bottons up သဘောကတော့ ခွက်မှောက်ပေါ့။ တရုတ်တို့ ကိုးရီးယားတို့ ဆိုရင်တော့ "ကမ်ပေ"၊ Bottons up နဲ့ အဓိပ္ပာယ် ဆင်ပါတယ်။ တစ်ခါတလေကျတော့ နိုင်ငံခြားသားတွေနဲ့ အတူတူ စားသောက်တဲ့အခါ သူတို့က မကြာခဏ ချီးယားစ် လုပ်ပြီး ဗမာ ထုံးတမ်းစဉ်လာမှာ ဘယ်လို ပြောလေ့ရှိလဲလို့ အမေးခံရပါတယ်။ အဲဒီတော့ ကျွန်တော် လည်း ကြုံရာမရ ဖြစ်ပြီး မြန်မာလို ဆိုရင်တော့ "ချကွ" လို့ ပြောရင်ရ ပါတယ်လို့ ပြန်ပြောခဲ့ဖူးပါတယ်။ အဲဒီလို ပွဲဆိုရင်တော့ အခမ်းအနား ပြီးဆုံးတဲ့အထိ "ချကွ၊ ချကွ" ဖြစ်လာပါတော့တယ်။

## ဘာလီသို့ ဒုတိယ တစ်ခေါက်

လွှတ်တော် ကိုယ်စားလှယ်ဖြစ်မှ ဘာလီကျွန်းကို ဒုတိယ အကြိမ် ရောက်ခဲ့ရပါသေးတယ်။ ဘာလီကျွန်းပေါ် က တက္ကသိုလ်တစ်ခုမှာ ပြုလုပ်တဲ့ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေး ညီလာခံကို သွားရတာပါ။ ကျွန်တော် တစ်ယောက် တည်း မဟုတ်ပါဘူး။ ကျုံပျော် မြို့နယ်၊ လွှတ်တော် ကိုယ်စားလှယ် ဦးမန်းဂျော်နီ (ဧရာဝတီတိုင်း ဝန်ကြီးချုပ် ဟောင်း) လည်း ပါပါတယ်။ ကျွန်တော်တို့နဲ့အတူ ငြိမ်းချမ်းရေး အဖွဲ့မှာ ပါနေတဲ့သူ နှစ်ယောက်နဲ့ မဟာဗျူဟာ လေ့လာ သုံးသပ်ရေး အဖွဲ့က ကိုယ်စားလှယ် တစ်ယောက်လည်း ပါပါတယ်။ သူ့ကိုတော့ နာမည် မမှတ်မိ သော်လည်းပဲ ကိုယ်အလေးချိန် ပေါင် ၄၀၀ လောက် ရှိမယ့်သူဆိုတာတော့ မှတ်မိပါတယ်။

အဲဒီ အစည်းအဝေးမှာ ကျွန်တော်ကတော့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အရေးနဲ့ ပတ်သက်လို့ ကြိုးပမ်းမှု သမိုင်းကို ၁၉၈၈ ခုနှစ်က စပြီး ပေါ်ပေါက်လာခဲ့တဲ့ လူထု လှုပ်ရှားမှုက စတင်ပြီး တင်ပြခဲ့ပါတယ်။ မန်းဂျော်နီ ကြီးကတော့ NLD ရယ်လို့ ဖွဲ့ပြီးတဲ့နောက်ပိုင်းမှာ အဖိနှိပ်ခံရတာတွေ၊ နောက်ပိုင်းမှာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို လက်မခံသော်လည်းပဲ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခေါင်းဆောင်မှုကို ယုံကြည်တဲ့အတွက် ကြားဖြတ် ရွေးကောက်ပွဲကို ဝင်ရောက်ခဲ့တဲ့အကြောင်း စတဲ့ ကိစ္စတွေ တင်ပြပါတယ်။ သူ အင်္ဂလိပ်လို ပြောတဲ့ အသံနေအသံထားက အလွန်ပီသပြီး နားထောင်လို့ ကောင်းပါတယ်။

ဒီအစည်းအဝေးမှာလည်း အရင်တစ်ခါကလိုပါပဲ။ အစီအစဉ်တွေက ဆက်တိုက် ဖြစ်နေတဲ့ အတွက် ကိုယ်ပိုင်အချိန် မရှိသလောက်ပါပဲ။ ထမင်းစားပွဲတွေ၊ အင်တာဗျူးတွေ ဆက်တိုက် ဖြစ်နေခဲ့ပါတယ်။ ဘာလီ ကျွန်းကို နှစ်ကြိမ်တိုင်တိုင် ရောက်ခဲ့ပေမဲ့ အနီးနားမှာ ရှိနေပြီး သာယာလှတဲ့ ပင်လယ်ထဲမှာတောင် ရေကူးဖို့ အချိန်မရခဲ့ပါဘူး။

ဒီလို နိုင်ငံတကာ အစည်းအဝေးတွေကို တက်ခဲ့ရာမှာ ရရှိတဲ့ အကျိုးအမြတ်ကတော့ နိုင်ငံတကာ အတွေ့အကြုံရှိတဲ့ ဥပဒေ ပညာရှင်များ နိုင်ငံရေးသမားများနဲ့ နိုင်ငံ အသီးသီးက လွှတ်တော် ကိုယ်စားလှယ်များနဲ့ပါ သိကျွမ်း ခင်မင်ခဲ့ရပါတယ်။

## မထင်မှတ်သော ပြင်းစုန်မှု

ကျွန်တော် အထက်မှာရေးပြခဲ့တဲ့ ပေါင် ၄၀၀ လောက်ရှိတဲ့ ပုဂ္ဂိုလ်ဟာ အသက်ကတော့ ၄၀ လောက်တောင် ရှိမယ် မထင်ပါဘူး။ သူနဲ့ အင်ဒိုနီးရှား သံရုံးမှာ ဝီဇာ လျှောက်ကတည်းက ဆုံခဲ့ဖူးလို့ စကားစမြည် ပြောခဲ့ဖူးပါတယ်။ သူ့ဇနီးသည်လည်း ပါလာလို့ မိတ်ဆက်ပေးပါတယ်။ ဇနီးသည်က ချောချောလေးပါ။ အရွယ်တင်တယ်လို့ ပြောနိုင်ပါတယ်။ ဘာလီရောက်လို့ အစည်းအဝေး တက်တဲ့အခါမှာ သူတို့အပြင် ပြည်နိုင်ငံကြီးကလည်း နှစ်ယောက် သုံးယောက်လောက် ပါပါတယ်။ ငြိမ်းချမ်းရေး ကော်မရှင်က နှစ်ယောက်လောက်လည်း ပါတာမို့ ကျွန်တော်တို့ စကားကို ဆင်ခြင် ပြောရပါတယ်။

ရုတ်တရက်ကြည့်ရင် ကျွန်တော်တို့က ကျန်တဲ့ လူတွေကို အဖက်မလုပ်ဘူးလို့ ထင်စရာ ရှိပါတယ်။ ဒါပေမဲ့ မဟုတ်ပါ။ အဖွဲ့စုံက ပါတဲ့အတွက် စကားများမှာ စိုးလို့ ဆင်ခြင်နေခဲ့ကြတာပါ။ ဒီလို ဆင်ခြင်နေတဲ့ ကြားက ညှိခံပွဲတစ်ခုက အပြန် ဖယ်ရီကားပေါ်မှာ မဟာဗျူဟာ လေ့လာရေး အဖွဲ့က ပေါင် ၄၀၀ လောက် ရှိတဲ့ ပုဂ္ဂိုလ်နဲ့ စကားအခြေအတင် ပြောခဲ့ရပါတယ်။ သူက အရင် စစ်အစိုးရ လက်ထက်မှာ ဥရောပ နိုင်ငံများကို ရောက်ရှိပြီး စစ်အစိုးရရဲ့ လုပ်ငန်းကိစ္စတွေကို ရှင်းပြ (ရှေ့နေလိုက်ပြ) ရတဲ့ အလုပ်တွေ လုပ်တယ်လို့ သူက ပြောပါတယ်။ သူ့ရည်ရွယ်ချက်က (သူ့ ပြောစကားအရ) မြန်မာနိုင်ငံနဲ့ အစိုးရ အပေါ်မှာ အနောက်နိုင်ငံ ပိတ်ဆို့မှုတွေ လျှော့နိုင်သမျှ လျှော့အောင် ကြိုးစားပေးခြင်း ဖြစ်တယ်လို့ သိရပါတယ်။

သူ့လုပ်ရပ်တွေကို မကျေနပ်သော်လည်းပဲ စကားနည်း ရန်စဲ သဘောမျိုးနဲ့ ဘာမျှ မတုံ့ပြန်ခဲ့ပါဘူး။ ဒါပေမဲ့ သူက အဲဒီမှာတင် ရပ်မနေပါ၊ မမှန်ကန်တဲ့ အချက်တစ်ခုကို ကိုင်ပြီး ဆက်ပြောပါတယ်။ "ဟုတ်တယ်လေ၊ အန်ကယ်တို့ NLD ကလည်း လက်ရှိ အစိုးရ ခေါင်းဆောင်တွေကို နူရင်ဘတ် ခုံရုံးလိုဟာမျိုးတောင် တင်မယ်လို့ ကြုံးဝါးနေကြတာကိုး" ဆိုပြီး အတည်ပေါက်နဲ့ အပြင် တစ်ကားလုံး ကြားလောက်တဲ့ အသံနဲ့ ပြောပါတယ်။ ဒါကိုတော့ ကျွန်တော်က သည်းခံနေလို့ မရတော့ပါဘူး။ ဒါ့ကြောင့် "ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ" လို့ ခပ်မာမာနဲ့ မေးလိုက်ပါတယ်။

သူ ဆိုလိုတာကို ကျွန်တော် သိပါတယ်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ အပြီးမှာ ဦးကြည်မောင်ကို နိုင်ငံခြား သတင်းဌာန တစ်ခုက အင်တာဗျူး လုပ်ရာမှာ ဦးကြည်မောင် မပြောခဲ့တဲ့စကားကို မီဒီယာသမားက သူ့ဘာသာသူ ဖြည့်ပြီး ကွင်းစ ကွင်းပိတ်နဲ့ ရေးတဲ့ စကားတွေကို ရည်ညွှန်းတာပါ။ ဒီအကြောင်းအရာကိုပဲ အဲဒီတုန်းက S-1 လို့ခေါ်တဲ့ ဗိုလ်ချုပ် ခင်ညွန့်က သတင်းစာ ရှင်းလင်းပွဲ တစ်ခုမှာ ကလိမ်စေ့ ငြမ်းဆင်ခဲ့ပြီးပါပြီ။ ဒါကို သူက အတည်ပေါက်ကြီး ပြောနေတာပါ။ သူတို့ မဟာဗျူ ဟာ ဌာနက ဟောပြောပွဲ ဆွေးနွေးပွဲတွေမှာလည်း ဒီပုံစံ ပြောနေမှာ သေချာပါတယ်။

ကျွန်တော်က အသံမာမာနဲ့ မေးတော့ သူကလည်း ပြန်ငြင်းပါတယ်။ ကျွန်တော်က "သတင်းစာ ပညာမှာ Journalism မှာ သတင်း ဖြေသူ (သို့) မေးသူရဲ့ စကားမှာ ကွင်းစ ကွင်းပိတ် ပါတဲ့စာသား ဆိုရင် အင်တာဗျူး လုပ်သူက မူလ မေးတုန်းက မပါဘဲ နောက်မှ ဖြည့်တယ်လို့ မှတ်ယူရမယ် ဆိုတာ ခင်ဗျား သိလား" လို့ မေးတော့ သူက "မသိဘူး" လို့ ပြောပါတယ်။ "အေး၊ မသိဘဲနဲ့ ပေါက်ကရတွေ မပြောနဲ့" လို့

ပြောပြီး ငေါက်ရပါတယ်။ သူကလည်း မခံပါ။ ပြည်သူပိုင် သတင်းစာတွေထဲမှာ ပါတဲ့ ဆောင်းပါး အာဘော်တွေ အတိုင်းလျှောက်ရွတ်ပြီး "၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကျရင် ခင်ဗျားတို့ NLD သိမယ်" လို့ကြိမ်းသွားပါသေးတယ်။

မှန်တာ ဝန်ခံရရင် သူ့နာမည် မမှတ်မိတော့ပါ။ သူ့မိန်းမလေးက ချောချောလေး ဆိုတာရယ်၊ သူ့ရဲ့ ခန္ဓာကိုယ် အလေးချိန်ဟာ ပေါင် ၄၀၀ လောက် ရှိမယ် ဆိုတာရယ်တော့ မှတ်မိပါတယ်။ အော်... သူ ပြောဖူး သေးတယ်၊ သူ့အဖေက တပ်မတော်က အရာရှိကြီးတစ်ဦး ဖြစ်ပါသတဲ့။ နာမည် ပြောသော်လည်း မေ့သွားပါပြီ။ "ထွန်း" တော့ ပါတယ် ထင်ပါတယ်။

## ဥရောပခရီး- ဘယ်လ်ဂျီယမ်၊ ပော်လန်နဲ့ အင်္ဂလန်

ပထမအကြိမ် ဘာလီမှာလုပ်တဲ့ ဒီမိုကရေစီဆိုင်ရာ ညီလာခံကို ဖိတ်တဲ့ အဖွဲ့က ကျွန်တော့်ကို လိပ်မှုပြီး ဘယ်လ်ဂျီယမ် နိုင်ငံ၊ ဘရပ်ဆဲမြို့မှာ ရှိတဲ့ အီးယူ ဌာနချုပ်မှာလုပ်မယ့် ညီလာခံကို ဖိတ်ပါတယ်။ ကျွန်တော် တစ်ယောက်တည်းပါပဲ။ ထုံးစံအတိုင်း အဝတ်အစားနဲ့ ပတ်သက်လို့ ထွေထွေထူးထူး ပြင်စရာမလိုပါ။ သွားမယ့် အချိန်ကလည်း နွေဦးကာလမို့ ရာသီဥတု အထိုက်အလျောက် သာယာမယ်လို့ သိရပါတယ်။ ဒါပေမဲ့ လိုရမည်ရ ရှူးဖိနပ် တစ်ရံ၊ ခြေအိတ် နစ်စုံနဲ့ ကုတ်အင်္ကျီ အရှည် တစ်ထည်တော့ ယူသွားပါတယ်။

## အီးယူ ဗီဇာ

အလွယ်တကူ အီးယူလို့ ခေါ်နေတဲ့ အသုံးအနှုန်းဟာ အင်္ဂလိပ်လို Europian Union လို့ ခေါ်တဲ့ ဥရောပသမဂ္ဂပါ။ ဥရောပနိုင်ငံ ၁၃ နိုင်ငံ ပါဝင်ပါတယ်။ အင်္ဂလန် နိုင်ငံက မူလက အီးယူမှာ မပါပါ။ နောက်ပိုင်းမှသာ ပါလာပြီး ယမန်နှစ်ကတော့ အီးယူမှာ ပါချင်သလား၊ မပါချင်သလားဆိုတဲ့ နိုင်ငံလုံးဆိုင်ရာ သဘောထား ခံယူပွဲ Referendum ကျင်းပခဲ့ရာမှာ မပါချင်ဘူး ဆိုတဲ့ဘက်က နိုင်တဲ့အတွက် ဝန်ကြီးချုပ် David Cameron နုတ်ထွက် သွားပြီး အခု ဝန်ကြီးချုပ်အသစ် Theresa May က Brexit လို့ ခေါ်တဲ့ အင်္ဂလန် နိုင်ငံ အီးယူက နုတ်ထွက်ရေး ကိစ္စတွေ ဆက်လုပ်နေပါတယ်။

အီးယူ ဌာနချုပ်ကို ဘယ်လ်ဂျီယမ် နိုင်ငံ ဘရပ်ဆဲမြို့မှာ အခြေစိုက်ပေမဲ့ အီးယူ ဗီဇာကိုတော့ ဂျာမန် သံရုံးက ကိုင်တွယ်ပါတယ်။ အီးယူ ဗီဇာကို Chenkem ဗီဇာလို့ ခေါ်ပါသတဲ့၊ အဓိပ္ပာယ် မသိပါ။ အဲဒီ ဗီဇာ ရလို့ရှိရင် အီးယူ ၁၃ နိုင်ငံ ဘယ်နိုင်ငံမဆို သွားလို့ရပါတယ်။ ဒါပေမဲ့ အင်္ဂလန် နိုင်ငံ သွားမယ်ဆိုရင် ဗီဇာ သီးသန့် လျှောက်ရပါတယ်။ အင်္ဂလန် နိုင်ငံမှာတော့ ကျွန်တော့်ညီ မောင်ညို့နွဲ့ရဲ့ သမီး ဒေါက်တာ မေ သင်းလှိုင်နဲ့ ခင်ပွန်း ဘော်ဘီတို့ ရှိတဲ့အတွက် အင်္ဂလန်ဗီဇာကိုလည်း ယူခဲ့ပါတယ်။

## ဘရပ်ဆဲမြို့၊ ဘယ်လ်ဂျီယမ် နိုင်ငံ

ဘယ်လ်ဂျီယမ် နိုင်ငံကို သွားဖို့ လေယာဉ်ပျံ ခရီးစဉ် နစ်ဆင့် သွားရပါတယ်။ ရန်ကုန်က ဘန်ကောက်ကို Thai Airways၊ ဘန်ကောက်ကနေ ကရာချိ (ပါကစ္စတန်) ကို Air Asia၊ ကရာချိက ဘရပ်ဆဲကို Air Asia ပါပဲ။ ပြည်ပ ခရီးစဉ် သွားတဲ့အခါမှာ ပြည်ပ လေဆိပ်တွေရဲ့ ကြီးကျယ် ခမ်းနားမှု၊ လေဆိပ်တွေမှာ တာဝန်ကျတဲ့ အဖွဲ့အစည်း အသီးသီးရဲ့ လုပ်ငန်း တာဝန် ကျေပွန်မှုတွေကို သတိမထားပဲ မနေနိုင်ပါဘူး။ ကိုယ့်နိုင်ငံမှာ ဖြစ်နေတဲ့ အနေအထားတွေနဲ့ နှိုင်းယှဉ်ပြီး ဘယ်လို တိုးတက်အောင် လုပ်ရင် ကောင်းမလဲ ဆိုတဲ့ စိတ်နဲ့ အမြဲ လေ့လာ အကဲခတ်နေခဲ့တာပါ။

Air Asia နဲ့ ဘန်ကောက်ကနေ ကရာချိ၊ ကရာချိကနေ ဘရပ်ဆဲကို သွားတဲ့အခါမှာ ခရီးသည် အများစုဟာ အိန္ဒိယ နိုင်ငံသား (သို့) ပါကစ္စတန် နိုင်ငံသားတွေ ဖြစ်မယ်လို့ မှန်းဆရပါတယ်။ စိတ်ထဲမှာ သူတို့တစ်တွေ ခရီးထွက်နိုင်ကြတယ်၊ တချို့ကတော့ အပျော်ခရီး ဖြစ်မှာပေါ့၊ ကျန်တဲ့သူတွေကျတော့ စီးပွားရေးကိစ္စတွေ ဖြစ်နိုင်ပါတယ်။ သူတို့ကတော့ နိုင်ငံတကာရေးရာမှာ တော်တော့်ကို ရှေ့ပြေးနေပြီလို့ ယူဆမိပါတယ်။

ဘရပ်ဆဲ လေဆိပ်က တော်တော်ကျယ်ပါတယ်။ လုံခြုံရေးတွေလည်း အပြည့်ချထားပါတယ်။ ၂၀၁၃ ခုနှစ် ကာလမှာ ကချင် လုံချည်၊ ကတ္တီပါ ညှပ်ဖိနပ်၊ လည်ကတုံးနဲ့ ပင်နီ တိုက်ပုံတွေ ဝတ်ထားပေမဲ့ ဘယ်သူကမှ လူထူးလူဆန်း အနေနဲ့ မကြည့်ကြပါ။ ကျွန်တော် ပြောပြီးပြီပဲ၊ ဆာရီ ဝတ်တဲ့ ကုလားမကြီးတွေ၊ ဝတ်ရုံရှည်ကြီးတွေ၊ ဦးထုပ်တွေနဲ့ အာရပ်တွေ နေရာအနှံ့ တွေ့နေရပြီပဲ။ ကျွန်တော်တို့ကို ဖိတ်ခေါ်တဲ့အဖွဲ့က လာကြိုပါတယ်။ ဘူတာရုံက ထွက်လိုက်လို့ ငါးမိနစ် အကြာမှာ စက်မှုဇုန် တစ်ခုကို ဖြတ်ရပါတယ်။

အဆောက်အဦကြီး တစ်ခုကို မြင်လို့ ကျွန်တော် ကြည့်လိုက်တော့ အဲဒီ အဆောက်အဦရဲ့ ထိပ်မှာ ကြော်ငြာ စာလုံးကြီးကို ထင်းခနဲ တွေ့လိုက်ရပါတယ်။ KIA တဲ့။ လား လား တခြား ကုမ္ပဏီတွေ ကမ္ဘာ့ ကားဈေးကွက်ကို ထိုးဖောက်ဝင်ပြီးမှ သဘောပေါက်ပြီး ကုမ္ပဏီ အသစ်၊ နာမည် အသစ်နဲ့ ကမ္ဘာ့ ကားဈေးကွက်ကို ဝင်ရောက်လာတဲ့ တောင်ကိုးရီးယား နိုင်ငံက ကားစက်ရုံပါ။ အဲဒီစက်ရုံက ထွက်တဲ့ KIA ကားတွေက ဥရောပနဲ့ အမေရိကားကို ဖြန့်ပါသတဲ့။

ကျွန်တော်တို့လို ဧည့်သည်တွေကို အီးယူ ဌာနချုပ်နဲ့ မလှမ်းမကမ်းမှာရှိတဲ့ ဟိုတယ်မှာ နေရာချထားပေးပါတယ်။ အီးယူ ဌာနချုပ်ကို မိနစ် ၂၀ လောက် လမ်းလျှောက်တာနဲ့ ရောက်နိုင်ပါတယ်။ နောက်တစ်နေ့ အစည်းအဝေးအတွက် အီးယူ ဌာနချုပ်ကို သွားရပါတယ်။ ဓာတ်ပုံတွေမှာ တွေ့ဖူးတဲ့ ခံ့ညားလှတဲ့ အီးယူ အဆောက်အဦကြီးမှာ အစည်းအဝေး လုပ်ရမှာပါ။ အဲဒီ အစည်းအဝေးကို ဂျာမနီ နိုင်ငံ၊ ဒီမိုကရေစီ ဖောင်ဒေးရှင်း တစ်ခုက ကမကထ ပြုလုပ် ကျင်းပခဲ့ပါတယ်။ ကျွန်တော့် အလှည့်မှာတော့ မြန်မာနိုင်ငံ ဒီမိုကရေစီ ရရှိရေး အတွက် လှုပ်ရှားမှု နောက်ခံ သမိုင်းနဲ့ NLD ကြားဖြတ် ရွေးကောက်ပွဲ ဝင်ပြီး လွှတ်တော်ထဲ ရောက်ရှိသည်အထိ ကြိုးပမ်းခဲ့ရပုံများကို တင်ပြခဲ့ပါတယ်။ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယား နိုင်ငံ၊ ဖိလစ်ပိုင် နိုင်ငံနဲ့ မွန်ဂိုလီးယား နိုင်ငံတို့က ကိုယ်စားလှယ်တွေနဲ့လည်း တွေ့ဆုံပြီး အတွေ့အကြုံ ဖလှယ်ခဲ့ကြရပါတယ်။

## ချောကလက် ဘယ်လို လုပ်သလဲ

တစ်ရက်မှာတော့ အစည်းအဝေး နားတဲ့အချိန်မှာ စီစဉ်သူတွေက တစ်နေရာကို ခေါ်သွားပါတယ်။ အဲဒီနေရာကတော့ မုန့်ဆိုင်တစ်ခုပါ။ ချောကလက်နဲ့တကွ ကွတ်ကီးမျိုးစုံ ရောင်းတဲ့ဆိုင်ပါ။ အဲဒီဆိုင် ရောက်တဲ့အခါမှာ ကျွန်တော်တို့ကို နေရာထိုင်ခင်း ပေးပြီး အစီအစဉ်တစ်ခုကို ပြသပါတယ်။ အဲဒီ အစီအစဉ်ကတော့ ချောကလက်ကို ဘယ်လို လုပ်သလဲဆိုတာ လက်တွေ့ပြတာပါ။ ပထမဦးဆုံး ဂေါ်ရခါးသီးနဲ့ အသွင်တူပြီး အရွယ်ပါ တူတဲ့ အသီးခြောက် လေး-ငါးလုံးကို စားပွဲပေါ်မှာ တင်ထားပါတယ်။ အလယ်မှာတော့ ဖန်ဇလုံ တစ်ခု ချထားပါတယ်။

ဂေါ်ရခါးသီးနဲ့တူတဲ့ သစ်သီးတွေက ကိုကိုးသီးလို့ ခေါ်ပါသတဲ့။ အစီအစဉ် ကျင်းပတဲ့သူက အဲဒီထဲက အသီးတွေကို ဓားနဲ့ လှီးခွဲလိုက်ပါတယ်။ ပြီးတော့ အဲဒီထဲက အညိုရောင် အမှုန့်တွေကို ဖန်ဇလုံထဲကို ဇွန်းနဲ့ ခြစ်ချပါတယ်။ အဲဒီသစ်သီး အားလုံးကိုလည်း အလားတူ လုပ်ပေးပါတယ်။ ပြီးမှ သကြား နည်းနည်းပါတဲ့

ပူနွေးနေတဲ့ နို့နဲ့ ရောလိုက်ပါတယ်။ ပြီးတော့မှ အဲဒီခွက်ကို မွှေစက်နဲ့ မွှေပြီးတော့ သမမျှတသွားတဲ့အခါ စီစဉ်သူက "ချောကလက် ရပါပြီ" လို့ ကြေညာလိုက်ပါတယ်။

နောက်ပြီး သူက အရွယ်တော် ကြွေပန်းကန်လေး တစ်ခုစီမှာ သုံး-လေးဇွန်းလောက် ထည့်ပေးပြီး ကျွန်တော်တို့ကို မြည်းစေပါတယ်။ ဟုတ်ပါတယ်၊ ချောကလက်ပါပဲ။ ကျွန်တော်တို့ အဲဒီလို စားနေချိန်မှာ စီစဉ်သူက ချောကလက် အခြေခံအလုပ်က ရိုးရိုးလေး ဖြစ်ပါကြောင်း၊ ထူးခြား ဆန်းပြားတဲ့ ချောကလက် ဆိုရင်တော့ ကော်ဖီရနံ့ ထည့်ချင်သလား၊ မြေပဲကို ထောင်းပြီး ထည့်ချင်သလား ဒါမှမဟုတ် သီဟိုဠ်စေ့တွေကို အခြမ်းလုပ် ထည့်ချင်သလား မျိုးစုံ လုပ်လို့ ရပါကြောင်း ရှင်းပြပါတယ်။ ကျွန်တော့် အနေနဲ့တော့ တစ်သက်လုံး လွယ်လွယ်ကူကူ စားခဲ့ရတဲ့ ချောကလက် လုပ်နည်းကို လက်တွေ့ သိလိုက်ရတဲ့ ဗဟုသုတ ရခဲ့ပါတယ်။

## စက်ဘီး နိုင်ငံ

ဘရပ်ဆဲမြို့မှာ နေစဉ်အခိုက် ဟိုဟိုဒီဒီ လိုက်ပို့ပါတယ်။ ဥပမာ Antwarp ဆိပ်ကမ်း။ မြစ်ကြောင်း တစ်လျှောက်နဲ့ ပင်လယ်ဝမှာ တည်ဆောက်ထားတဲ့ သင်္ဘောဆိပ်ဟာ ၁၀ မိုင်လောက် ရှည်လျားပါတယ်။ ကမ္ဘာမှာ အဆင့်သုံးလောက် ရှိပါတယ်။ ထူးခြားချက် တစ်ခုက အဲဒီ သင်္ဘောဆိပ်ရဲ့ နှစ်မိုင်လောက် ရှည်တဲ့ ဆိပ်ကမ်းကို တရုတ်နိုင်ငံက နှစ်ရှည်လများ ငှားထားခြင်းပါ။

မြို့တွင်းလမ်းတွေကို ဖြတ်သန်းတဲ့အခါမှာ နေရာ အနှံ့အပြားမှာ စက်ဘီးတွေ ရာနဲ့ချီပြီး ရပ်ထားတဲ့ အဆောက်အဦတွေ ရှိပါတယ်။ အဲဒီလို အဆောက်အဦလေးတွေ နေရာအနှံ့ တွေ့တဲ့အခါ မေးကြည့်ပါတယ်။ မြို့ပေါ်က လူအများစုဟာ တစ်နေရာ တစ်နေရာ သွားရင် စက်ဘီး စီးသွားတာ များလို့ ဒီလို စက်ဘီးထားတဲ့ နေရာလေးတွေကို လုပ်ပေးထားရတာလို့ သိရပါတယ်။

အလားတူပဲ လမ်းအများစုရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ စက်ဘီးစီးဖို့ "စက်ဘီးလမ်း" Bicycle Lane တွေ စီစဉ်ပေးထားတာလည်း သတိပြုမိပါတယ်။ ဒီလို စက်ဘီး အသုံးများပြီး စက်ဘီးတွေကလည်း ဈေးနှုန်း သက်သာတဲ့အတွက် ပျောက်တာ၊ ရတာတော့ ရှိမှာမဟုတ်ဘူးနော်လို့ မေးကြည့်တဲ့အခါ အခိုးခံရတာတွေနဲ့ ပျောက်တာတွေ ရှိပါသတဲ့။ နိုင်ငံနဲ့ လူမျိုးတွေ ဘယ်လောက်ပဲ ကွဲပြားနေပါစေ၊ အခြေခံ လူသားတွေရဲ့ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ စိတ်ထားတွေကတော့ ဖြစ်မြဲဖြစ်လျက် ရှိနေပါလားလို့ ဆင်ခြင်မိပါတယ်။

## နယ်သာလန် နိုင်ငံ


ကျွန်တော် တည်းတဲ့ ဟိုတယ်ကို ပြန်ရောက်တဲ့အခါ ဟိုတယ် ဝန်ထမ်း တစ်ယောက်ကို အကူအညီ တောင်းပြီး အောက်ထပ် ဧည့်ကြိုဌာနမှာ ဖွင့်ထားတဲ့ အင်တာနက်မှာ ဟော်လန် နိုင်ငံက ကျွန်တော့် မိတ်ဆွေတွေကို Google မှာ ရှာခိုင်းပါတယ်။ ကောင်လေးကလည်း သဘောကောင်းပါတယ်။ သူ တတ်ထားတဲ့ ပညာ အစွမ်းလည်း ပြချင်တယ် ထင်ပါရဲ့။

သကြားစက် နှစ်လုံးနဲ့ အရက်ချက် စက်ရုံတွေ တည်စဉ်က လေး-ငါးနှစ်လောက် တွဲခဲ့ဖူးတဲ့ ပုဂ္ဂိုလ် နှစ်ယောက်ကို ရှာခိုင်းပါတယ်။ အဖြေကတော့ ကွယ်လွန်ကုန်ကြပါပြီတဲ့။ ရွှေတောင် အထည် အချောကိုင် စက်ရုံနဲ့ ပတ်သက်တဲ့ မန်နေဂျာကို မေးကြည့်တော့ အဲဒီပုဂ္ဂိုလ် ရှိရုံတင်မကဘူး၊ လိပ်စာနဲ့ ဖုန်းနံပါတ်ပါ ရပါတယ်။ ဒါ့ကြောင့် အဲဒီပုဂ္ဂိုလ်ကို တယ်လီဖုန်း ဆက်ကြည့်တဲ့အခါမှာ အဆက်အသွယ် ရပါတယ်။ သူကလည်း ဝမ်းတွေသာလို့။

ကျွန်တော့် ဟိုတယ်ကို အဲဒီနေ့ ညနေ လာတွေ့ပါတယ်။ သူနေတဲ့ မြို့နဲ့ ဘရပ်ဆဲနဲ့က နှစ်နာရီလောက် မောင်းရင် ရောက်ပါတယ်တဲ့။ သူ့ကို ကြည့်လိုက်တော့ တော်တော်အိုစာနေပါပြီ။ ကျွန်တော်လည်း သူ့မျက်စိမှာ အိုနေပြီ ဖြစ်မှာပေ့ါ။ သူနဲ့ တွေ့တုန်းက ၁၉၈၇-၈၈ ခုနှစ်၊ ကျွန်တော်က အသက် ၄၆-၄၇။ သူနဲ့ ပြန်တွေ့တဲ့ နှစ်က ၂၀၁၃ ခုနှစ်၊ အသက်က ၇၂ နှစ်။ ကြာခဲ့ပြီကော။ သူနဲ့ အတူ ညစာစားရင်း ရှေးဟောင်း နှောင်းဖြစ်တွေ ပြောတဲ့အခါမှာ ပော်လန် နိုင်ငံဟာ ကြီးမား ကျယ်ပြန့်တဲ့ နိုင်ငံ မဟုတ်လို့ ထင်ရှားတဲ့လူ အချင်းချင်းဟာ အဆက်အသွယ် ရှိတတ်လို့ ကျွန်တော်နဲ့ အရင်က ပတ်သက်ခဲ့ဖူးတဲ့ သကြားစက်က လူတွေ ကွယ်လွန်သွားကြပြီ ဖြစ်ကြောင်း သိရပါတယ်။

## ဆရာတင်မိုးရဲ့ မိသားစု

ကျွန်တော် ဘယ်လ်ဂျီယမ် နိုင်ငံကို သွားမယ်ဆိုတာ သိလို့ ကဗျာဆရာ ဦးတင်မိုးရဲ့ သမီးကြီးနဲ့ ဆက်သွယ်ပါတယ်။ သူတို့နဲ့ ကျွန်တော့်အိမ်က တစ်လမ်းတည်းပါ။ သမီးကြီးက ခရီးသွား လုပ်ငန်း လုပ်ပါတယ်။ သမီးငယ် နှစ်ယောက်က ဘယ်လ်ဂျီယမ် နိုင်ငံကို ရောက်နေတယ်လို့ သိရပါတယ်။ ဆရာ တင်မိုးဟာ ၁၉၉၅ ခုနှစ်



ဘယ်လ်ဂျီယမ် နိုင်ငံ၊
ဘရပ်ဆဲ မြို့တွင်
နေထိုင်ကြတဲ့
ကဗျာဆရာကြီး
ဦးတင်မိုးရဲ့
သမီး နှစ်ဦးနဲ့ အတူ။

ထောင်က လွတ်ပြီးတဲ့အချိန် နောက်ပိုင်းမှာ ပြည်ပကို ရောက်သွားပြီး ပြည်ပရောက် ဒီမိုကရေစီ အင်အားစုတွေ ရှိရာ အမေရိကန်၊ ဥရောပနဲ့ ဂျပန် နိုင်ငံတို့မှာ လှည့်လည် နေထိုင်ခဲ့တယ်လို့ သိရပါတယ်။ နောက်ဆုံးတော့ သမီးများရှိရာ ဘယ်လ်ဂျီယမ် နိုင်ငံမှာ ကွယ်လွန်ခဲ့တယ်လို့လည်း သိရပါတယ်။

ဆရာ တင်မိုးဟာ ရုပ်ကို မြင်လိုက်တာနဲ့ အညာသားမှန်း သိသာပါတယ်။ အသားအရေက ညိုညိုနဲ့ ရုပ်ကြမ်းပါတယ်။ မန္တလေး တက္ကသိုလ်မှာ ပညာသင်ခဲ့ပြီး စာရေးဆရာ ကိုမိုးသူတို့နဲ့ တက္ကသိုလ် တက်ဖက်တွေလို့ သိရပါတယ်။ သူ့ရုပ်ကို ကြည့်ရုံနဲ့ အင်မတန် သိမ်မွေ့ လှပတဲ့ စကားလုံးတွေနဲ့ ဖန်တီးတတ်တဲ့ ကဗျာဆရာလို့ ယုံနိုင်စရာမရှိပါဘူး။ ကဗျာလောကမှာ နာမည်ကြီးတဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်။ ဆရာကြီး မင်းသုဝဏ်နဲ့ ဆရာ ဇော်ဂျီတို့ပါ။ ဆရာ ဇော်ဂျီကိုတော့ "နေ" လို့ သတ်မှတ်ကြပြီး၊ ဆရာ မင်းသုဝဏ်ကိုတော့ "လ" လို့ သတ်မှတ်ကြပါတယ်။

ဆရာ ဇော်ဂျီဟာ "ဗေဒါလမ်း" လို ကဗျာမျိုးကို ပြောင်မြောက်အောင် စပ်ခဲ့တာ အားလုံး အသိပါ။ ကဗျာက အဓိပ္ပာယ် ပြည့်စုံ ကောင်းမွန်သလောက် ကာရံရဲ့ သဘောက မာရေကျောရေနိုင်တယ်လို့ ပြောကြပါတယ်။ ဆရာ မင်းသုဝဏ်ရဲ့ ကဗျာတွေကျတော့ အနုအရွ အလှအပလေးတွေ။ တစ်ယောက်နဲ့ တစ်ယောက် စတိုင်ချင်း မတူကြပါဘူး။ ဆရာ တင်မိုးကျတော့ ကျန်တဲ့ ကဗျာဆရာတွေထက် ခေါင်းတစ်လုံး ပိုတဲ့အဆင့် ရှိနေတာကို ကဗျာလောကက အသိအမှတ် ပြုထားကြပါတယ်။

ဆရာ တင်မိုးရဲ့ ဇနီးဟာ သူ ထောင်ထဲမှာ ရှိတုန်းမှာပဲ ကွယ်လွန်ခဲ့ပါတယ်။ သားသမီး ငါးယောက်မှာ ယောကျ်ားလေး တစ်ယောက်ပဲ ပါပါတယ်။ ဆရာ တင်မိုးရဲ့ ဇနီး အသုဘကိုတော့ မိတ်ဆွေ အပေါင်းအသင်းတွေက ပိုင်းဝန်း စီစဉ်ပေးခဲ့တာသိရပါတယ်။ သူ့ကိုတော့ ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့လောက်မှာ လွှတ်ပေးခဲ့ပါတယ်။ ကျွန်တော့်ကို မလွှတ်ခင် လေးရက်လောက် အလိုမှာပေ့ါ။ လွှတ်ပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်နဲ့ မကြာခဏ ဆုံဖြစ်ပါတယ်။ အဲဒီလို ဆုံဖြစ်တိုင်း ကိုမိုးသူ၊ ဦးသိန်းတင် (ကွယ်လွန်)၊ ဗိသုကာ ဦးကျော်မင်း (ကွယ်လွန်) တို့ ပါတတ်ပါတယ်။

ဒီကာလမှာပဲ ဆရာ တင်မိုးရဲ့ သမီး၊ စာရေးဆရာမ "မိုးချိုသင်း" အိမ်ထောင်ပြုလို့ ရောက်ခဲ့ပါသေးတယ်။ ဒဂုံ မြို့နယ်က မင်းကွန်း တိပိဋကတရ ကျောင်းတိုက်မှာပါ။ ဆရာ တင်မိုးနဲ့ ပတ်သက်တဲ့ ဧည့်သည်တွေ ဆိုတော့ NLD က ကျွန်တော် အပါအဝင် လူကြီးအချို့နဲ့ စာပေလောကက မိတ်ဆွေတွေ များပါတယ်။ အရမ်း ဖိနှိပ်နေတဲ့ ကာလဆိုတော့ စောင့်ကြပ် ကြည့်ရှုနေတဲ့သူတွေ ရှိနေတာကတော့ ထုံးစံလို့ ပြောရမှာပါ။ အခုတော့ မိုးချိုသင်းတို့ မိသားစုဟာ အမေရိကန် နိုင်ငံကို ရောက်ရှိ အခြေချနေပြီလို့ သိရပါတယ်။

## ဘရပ်ဆဲမြို့က ဆရာ တင်မိုးရဲ့ သမီးများ


ဘရပ်ဆဲမြို့မှာ ဆရာ တင်မိုးရဲ့သမီး နှစ်ယောက် ရှိပါတယ်။ သမီးငယ်ရဲ့ ခင်ပွန်းက ဗမာပါ။ သူတို့ နှစ်ယောက် က ဘရပ်ဆဲမြို့ကို ရောက်တာ မကြာသေးပါဘူး။ သူတို့ မိသားစုမှာ ကလေး နှစ်ယောက် ရှိပါတယ်။ နိုင်ငံသား ဖြစ်မှုနဲ့ အလုပ်အကိုင် ကိစ္စတွေနဲ့ ရုန်းကန်နေရဆဲပါ။ အခုတော့ အဆင်ပြေသွားပြီလို့ သိရပါတယ်။ သူ့ထက် အကြီးသမီး(အလတ်လို့ထင်ပါတယ်)ကတော့အခြေကျနေပါပြီ။ခင်ပွန်းဖြစ်သူက ဘယ်လ်ဂျီယမ်နိုင်ငံသားပါ။

သူတို့က ရောက်တာ စောသလို ခင်ပွန်းသည်ကလည်း အလုပ်အကိုင် ကောင်းတယ်နဲ့ တူပါတယ်။ သူတို့ နေတဲ့ အိမ်ကိုတောင် ခင်ပွန်းသည်က ကိုယ်တိုင် ဒီဇိုင်းဆွဲပြီး ကိုယ်တိုင် ဆောက်တာ သုံးနှစ်လောက်

အချိန်ယူပြီး တည်ဆောက်ခဲ့ရတယ်လို့ သိရပါတယ်။ အီးယူက အစည်းအဝေးတွေ ပြီးတဲ့အခါမှာ သူတို့ အိမ်မှာ သွားစတည်းချပါတယ်။ ကျွန်တော့်ကို အပေါ်ဆုံးထပ်က အခန်း တစ်ခန်းမှာ နေရာပေးပါတယ်။ ဆရာ တင်မိုး နေသွားခဲ့တဲ့ အခန်းလို့လည်း ပြောပါတယ်။

ကျွန်တော်က လုံချည်နဲ့ ပင်နီ တိုက်ပုံနဲ့ ညှပ်ဖိနပ်နဲ့ နေရာတကာ သွားတော့ ကျွန်တော့်ရဲ့ အဲဒီ အမူအရာတွေဟာ သူတို့အဖေနဲ့ တူလွန်းလို့ ဆိုတဲ့ စကား ခဏ ခဏ ပြောကြပါတယ်။ လွယ်အိတ် လွယ်တာ ကအစ တူပါသတဲ့။ မတူတာကတော့ ကျွန်တော်က သူတို့အဖေလို ဆေးလိပ်ကို ခွဲခွဲမြဲမြဲ မသောက်တာပါ။ ပြည်ပရောက်နေတော့ စီးကရက်ကိုလည်း တကူးတက ဝယ်ပြီး မသောက်တော့ဘူးလေ။ ပြီးတော့ ကျွန်တော် က မီးခြစ်တို့ မွေးညှပ်တို့ဆို ခဏ ခဏ ပျောက်တာ။

သူတို့ရဲ့ သမီး အကြီးလေးက ထူးခြားပါတယ်။ အမူအရာ သိမ်မွေ့ပြီး ရုပ်ရည် ချောမောပါတယ်။ ကျောင်းစာတွေမှာ ထူးချွန်ရုံတင်မက စန္ဒရားကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တီးတတ်နေပါပြီ။ ၂၀၁၄ ခုနှစ် လောက်တုန်းက သူတို့ တစ်မိသားစုလုံး ရန်ကုန်ကို လာလည်ကြပါတယ်။ ကျွန်တော်ကလည်း နေပြည်တော် မှာ လွှတ်တော် တာဝန်နဲ့ ရှိနေတော့ သူတို့နဲ့ တွေ့ရုံပဲ တွေ့လိုက်နိုင်ပါတယ်။ သူတို့ ကိုယ်တိုင်ကလည်း သွားလာ လည်ပတ်မှုတွေ များနေတဲ့အတွက် အချိန်အား မရသလောက် ဖြစ်နေကြပါတယ်။



ဘယ်လ်ဂျီယမ် နိုင်ငံ၊ ဘရပ်ဆဲ မြို့မှာ နေတဲ့ ဆရာ တင်မိုးရဲ့ သားမက် အိမ်တွင် နံနက်စာ စားစဉ်။

## ဟော်လန်/နယ်သာလန်/ဒတ်ချ်

ရှစ်လေးလုံး အရေးတော်ပုံ မတိုင်ခင်က စီးပွားရေး လုပ်ခဲ့တဲ့အခါ ဆက်ဆံခဲ့တဲ့ ဟော်လန် နိုင်ငံက မိတ်ဆွေတွေနဲ့ အဆက်အသွယ် ပြတ်ခဲ့ပါပြီ။ တချို့လည်း ကွယ်လွန်၊ တချို့လည်း အလုပ်က အနားယူ ဆိုတော့ ရှေ့လျှောက် ဆက်သွယ်စရာ အကြောင်းမရှိတော့ပါဘူး။ ကိုယ်ကိုယ်တိုင်ကလည်း စီးပွားရေး ဆက်လုပ်ဖို့ ရည်ရွယ်ချက် မရှိတော့ဘူးလေ။

ဒါပေမဲ့ ဆရာ တင်မိုးရဲ့ သမီးတွေ ပြောကြားချက်အရ မြန်မာပြည်ကနေ ထွက်လာခဲ့တဲ့ နိုင်ငံရေး အုပ်စု တချို့ နေတဲ့ မြို့တစ်မြို့ ရှိကြောင်း၊ အဲဒီမြို့မှာ မြန်မာ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းလည်း ရှိနေတဲ့ အကြောင်း သိရပါတယ်။ ကျွန်တော် ဘယ်လ်ဂျီယမ်ကို ရောက်နေတဲ့အကြောင်း သိရလို့ ကျွန်တော်နဲ့ တွေ့ချင်တဲ့အကြောင်း ပြောကြပါသတဲ့။ ဒါ့ကြောင့် ဆရာ တင်မိုး သမီး မိသားစုနဲ့ ဟော်လန် နိုင်ငံကို သွားကြပါတယ်။

အထက်မှာ ရေးသလို အဲဒီ နိုင်ငံကို ဟော်လန်လို့လည်း ခေါ်ပါတယ်၊ တရားဝင် အခေါ်အဝေါ်ကတော့ နယ်သာလန်ပါ။ လူမျိုးကိုကျတော့ ဒတ်ချ် Dutch လို့ ခေါ်ကြပါတယ်။ ဥရောပ နိုင်ငံက အချင်းချင်း စကားနာ ထိုးတဲ့ စကားတစ်ခု ရှိပါတယ်။ ဒတ်ချ်တွေဟာ ကပ်စီးနဲလွန်းလို့ သူတို့ကို ဥရောပရဲ့ ဂျူးတွေလို့လည်း သမုတ်ကြပါသတဲ့။

ကျွန်တော် အင်္ဂလိပ်စာတွေ ဖတ်လာတဲ့အခါ အသုံးအနှုန်း တစ်ခုကို မကြာခဏ တွေ့ခဲ့ရပါတယ်။ ဒါက ဘာလဲဆိုတော့ Let's go Dutch ဆိုတဲ့ စကားပါ။ အဓိပ္ပာယ်ကတော့ "ဆိုင်တစ်ခုကို သွားစားကြစို့၊ ကျသမျှ တစ်ယောက် တစ်ဝက်စံ" ဆိုတဲ့ သဘောပါ။ ကျွန်တော် သကြားစက်တွေ တည်ရင်းနဲ့ ဒတ်ချ် အင်ဂျင်နီယာတွေနဲ့ စကားစမြည် ပြောရင်း မေးကြည့်ပါတယ်။

"အတူတူ စားသမျှ သောက်သမျှကို တစ်ယောက် တစ်ဝက် ခံတဲ့အခါ ဒတ်ချ်တွေလို လုပ်ကြစို့" လို့ ဆိုတဲ့ စကားကို ဘာဖြစ်လို့ သုံးကြသလဲ ဆိုတော့ သူတို့က "အင်္ဂလိပ်ဆိုတဲ့ ကောင်တွေက အဲဒီလိုပဲ၊ ကောင်းတဲ့ အမူအကျင့်ဆို သူတို့ချည်းပဲ၊ မကောင်းတဲ့ အမူအကျင့်ဆို သူများတွေ လွှဲချ။ ဥပမာ- ရေချိုးလို့ အဝတ်ကို ရေဆွတ်ပြီးတော့ ချွေတာတဲ့အနေနဲ့ တစ်ကိုယ်လုံး ပွတ်ပြီး သန့်ရှင်းရေး လုပ်တာဆိုရင် German bath အဲဒီလို အသုံးအနှုန်းတွေ ထွင်ကြတာ" လို့ ပြောပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဘရပ်ဆဲက ထွက်ခဲ့ကြပါပြီ။ တစ်နာရီလောက် ကားမောင်းကြည့်တော့ နယ်စပ်ကို ရောက်ပါတယ်။ နယ်စပ်ဆိုလို့ ဘာဂိတ်မှ မရှိပါဘူး။ အကောက်ခွန် လူဝင်မှု ကြီးကြပ်ရေးရုံး မရှိပါဘူး။ လမ်းမပေါ်မှာ သင်္ဘောဆေးနဲ့ အဖြူရောင် သုတ်ထားပါတယ်။ နယ်စပ်မျဉ်းပေါ့။ ဘုရားစူးရစေ့ နယ်စပ်မျဉ်းပါ။ မဖွံ့ဖြိုးသေးတဲ့ နိုင်ငံတစ်ခုမှာ အစစ အရာရာ အကန့်အသတ် အတိုင်းအတာတွေနဲ့ ယဉ်ပါးခဲ့တော့ အခုလို လွတ်လပ် လွယ်ကူတဲ့ နယ်စပ်မျဉ်းကို ဖြတ်ကျော်ရတာဟာ ကျွန်တော့်အတွက် အလွန် ထူးခြားတဲ့ အတွေ့အကြုံ တစ်ခုပါ။

## ဟော်လန် နိုင်ငံက မြန်မာများ

ကြိုတင် ချိန်းထားတဲ့အတိုင်း ဟော်လန် နိုင်ငံထဲက မြို့လေး တစ်မြို့မှာ ရှိတဲ့ မြန်မာ ဘုန်းတော်ကြီးကျောင်းကို ကျွန်တော်တို့ ရောက်သွားကြပါတယ်။ ကျွန်တော် အရင် ပြောခဲ့ဖူးသလိုပါ၊ ထောက်လှမ်းရေးက အလိုက်ခံရ

တာ များလို့ ကိုယ့်စကားနဲ့ ကိုယ် ပြန်အချိခံရမှာစိုးတဲ့ အတွက် မှတ်တမ်းမှတ်ရာ မထားလို့ နေရာတွေ၊ နာမည်တွေ မဖော်ပြနိုင်တာကို တောင်းပန်ပါတယ်။ ဒီလိုဆို အဲဒီ ခရီးစဉ်အကြောင်း ဘာလို့ ရေးနေရသေးသလဲလို့ အပြစ်တင်ရင်လည်း ခံရမှာပါ။

အဓိက ရေးရတဲ့အကြောင်းက ပြည်ပမှာ ရောက်နေတဲ့ ဒီမိုကရေစီ လိုလားသူများရဲ့ အိမ်လွမ်းတဲ့ အာသီသ အကြောင်းရယ်၊ ပြည်တွင်းမှာ ဖြစ်နေတဲ့ နိုင်ငံရေး ဖြစ်စဉ်တွေပေါ်မှာ သူတို့ရဲ့ မသိမသာ ကွဲလွဲနေတဲ့ ထင်မြင်ချက်တွေ အကြောင်းပါ။ သူတို့ကို အပြစ်မတင်မိပါဘူး။ စာနာစိတ်နဲ့ သနားမိတာ တစ်ခုပါ။ NLD အနေနဲ့ ကြားဖြတ် ရွေးကောက်ပွဲ ဝင်ပြီး လွှတ်တော်ထဲ ရောက်နေတဲ့ ကိစ္စနဲ့ ပတ်သက်လို့ အမြင်တွေ ကွဲလွဲနေကြပါတယ်။

တချို့ကတော့ ဦးသိန်းစိန် ခေါင်းဆောင်တဲ့ စစ်တပ် တစ်ပိုင်း အစိုးရနဲ့ ပူးပေါင်းသွားပြီ၊ ဒီမိုကရေစီ ရေးက သွေဖည်သွားပြီလို့ ထင်ကြပါတယ်။ အားမလို အားမရ ဖြစ်ကြတယ်ပေါ့။ ကျွန်တော်က ရှင်းပြရပါတယ်၊ "ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံရေး ရည်မှန်းချက် တစ်ခုကို ချထားပြီးရင် ဘယ်တော့မှ စွန့်လွှတ်လေ့ မရှိပါဘူး၊ ပြည်သူလူထု အင်အားကိုလည်း ယုံကြည်သူ တစ်ယောက် ဖြစ်လို့ ပြည်သူလူထုရဲ့ ယုံကြည်မှုကို ဘယ်တော့မှ သွေဖည်မှာ မဟုတ်ပါဘူး" လို့ ပြောခဲ့ပါတယ်။

အဲဒီမြို့က ဆရာတော်နဲ့ မိတ်ဆွေများကို အလှမ်းကွာနေတဲ့ ပြည်တွင်း သတင်းများ၊ အထူးသဖြင့် နိုင်ငံရေး အနေအထားများကို အကျယ်တဝင့် ပြောခဲ့ရပါတယ်။ သူတို့ကလည်း ကျွန်တော် ပြောသမျှကို နားထောင်လို့ အားမရပါဘူး။ မေးခွန်းတွေ ထပ်ခါတလဲလဲ မေးခဲ့ကြပါတယ်။ သူတို့ တည်ခင်း ဧည့်ခံတဲ့ နေ့လယ်စာ စားပြီး ဘယ်လ်ဂျီယမ် နိုင်ငံကို ပြန်လာခဲ့ပါတယ်။

## အင်္ဂလန် နိုင်ငံသို့ Eurostar မြေအောက် ရထားဖြင့်

ဘယ်လ်ဂျီယမ် နိုင်ငံနဲ့ အင်္ဂလန်ဆိုတာ နီးနီးလေးပါ။ လေယာဉ်ပျံနဲ့ ဆိုရင် နာရီဝက်လောက်နဲ့ ရောက်နိုင်တာပါ။ ဒါပေမဲ့ စာတွေထဲက သိထားတဲ့အတိုင်း ဘရပ်ဆဲကနေ အင်္ဂလန်ကို Eurostar လို့ ခေါ်တဲ့ မြေအောက်ရထားနဲ့ သွားခဲ့ပါတယ်။ ရထား လက်မှတ်က လွယ်မှ လွယ်။ ရထား စီးရပြန်တော့လည်း ပတ်စ်ပို့နဲ့ လက်မှတ် ပြရုံနဲ့ ရထား လက်မှတ်မှာ ပါတဲ့ တွဲပေါ် တက်စီးလိုက်ရုံပါပဲ။ ရထား ထွက်ခါစတော့ ပတ်ဝန်းကျင် သဘာဝကို မြင်နိုင်ပေမဲ့ ပင်လယ်အောက် ရောက်သွားတဲ့ အခါမှာတော့ ဘာရှုခင်းမှ မမြင်ရတော့ပါ။

မြေအောက်ရထား လမ်းအပိုင်းက မိုင် ၂၀ ကျော်တယ်လို့ သိရပါတယ်။ အင်္ဂလန် နိုင်ငံ မြင်ကွင်းတွေနဲ့ ဘယ်လ်ဂျီယမ် နိုင်ငံ မြင်ကွင်းတွေဟာ သိပ်မခြားနားပါ။ ရန်ကုန်က ပဲခူးကို ရထားနဲ့ သွားသလိုပေါ့။ အဲဒီလို ခံစားရပါတယ်။ မကြာခင်မှာပဲ လန်ဒန် ဘူတာရုံကြီးကို ဆိုက်ရောက်ပါတော့တယ်။ အဲဒီမှာ ကျွန်တော့်ညီ နံပါတ် ၂ မောင်ညိုနွဲ့ရဲ့ သမီး ဒေါက်တာ သင်းသင်းလှိုင်နဲ့ ခင်ပွန်း ဘော်ဘီတို့ လာကြိုကြပါတယ်။ သူတို့ မိတ်ဆွေတွေလည်း ပါကြပါတယ်။

## မေသင်းနဲ့ ဘော်ဘီ Part I

မောင်ညိုနွဲ့နဲ့ မတီတီအုန်းတို့ဟာ ကျွန်တော်တို့ လင်မယားထက် သုံးလ စောပြီး လက်ထပ်ခဲ့ကြပါတယ်။ သူတို့ သမီးဦးက မေလမှာ မွေးလို့ မူလ နာမည် "သင်းသင်းလှိုင်" ကို ကျွန်တော်က "မေသင်း" လို့ ခေါ်ခဲ့တာပါ။ ကျွန်တော့် သမီးကြီးက ဇွန်လမှာ မွေးလို့ "မဇွန်" ဖြစ်လာပါတယ်။ ကျောင်းနာမည်ကတော့ "ဝင်းစုကြည်"

ပေါ့။ မေသင်းဟာ အင်မတန် ဉာဏ်ကောင်းပါတယ်။ ဒါကြောင့်မို့လို့လည်း ဆရာဝန် ဖြစ်လာတာပါ။ ကံကောင်းချင်တော့ သူ ဆရာဝန် ဖြစ်ပြီးတာနဲ့ နှစ်နှစ် အတွင်းမှာ အင်္ဂလန် နိုင်ငံကို M.R.C.P. ဘွဲ့ အတွက် ပညာတော်သင် ဆက်သွားရပါတယ်။

မေသင်းဟာ M.R.C.P. ဘွဲ့ကို ရှောရှောရှူရှူ ရပြီး အင်္ဂလန်မှာပဲ အလုပ်ရပါတယ်။ လုပ်သက်ရင့်လာတဲ့အခါ Cambridge မြို့က Adam Brook Hospital မှာ တာဝန် ထမ်းဆောင်ရပါတယ်။ အဲဒီမှာ ရှိနေစဉ် ကျွန်တော် ရောက်သွားတာပါ။ သူ့ခင်ပွန်းကတော့ "ဖွဲနန္ဒ" ဖြစ်ပြီး ခင်မင်သူတွေက သူ့ကို "ဘော်ဘီ" လို့ ခေါ်ကြပါတယ်။

ဘော်ဘီဟာ ရုပ်ရည် သန့်ပြန့်ပြီး သူ့ကို မြင်တဲ့လူတိုင်းက လူချော တစ်ယောက်လို့ သတ်မှတ်လေ့ ရှိကြပါတယ်။ တကယ်တော့ ဘော်ဘီဟာ မေသင်းရဲ့ မောင် "ထိန်လင်းကျော်"၊ ကျွန်တော်တို့ အခေါ် "နီချွန်" နဲ့ ကျောင်းနေဘက် သူငယ်ချင်းပါ။ အဲဒီ နီချွန် ဆိုတဲ့ နာမည်က ပဲခူး ရိုးမမှာ ရှိတဲ့ ဗကပ ဗဟိုကို တပ်မတော်က နှိမ်နင်းစဉ်က ဗကပ ဖွဲ့စည်းထားတဲ့ တောင်ပေါ် ၁၄ ရွာက သူတို့ရဲ့ ပြည်သူ့စစ် အဖွဲ့ဝင် ကလေး တစ်ယောက်ရဲ့ နာမည်ပါ။ "သခင် သန်းထွန်း နောက်ဆုံးနေ့များ" ဆိုတဲ့ စာအုပ်ထဲမှာ ဖမ်းမိတဲ့ ပြည်သူ့စစ် ကလေးက အသက် ခုနစ်နှစ်လောက်ပဲ ရှိမှာပါ။ သူက စတင်းဂန်း လွယ်ထားပြီး ပါးစပ်မှာ ဆေးပြင်းလိပ် ခဲထားပါတယ်။ သူ့နာမည်က နီချွန်ပါ။ မောင်ညီနွဲ့က သူ့နာမည်ကို ယူပြီး သူ့သား (စနေသား) ထိန်လင်းကျော်ကို နီချွန်လို့ ခေါ်တာပါ။

ကျွန်တော် အင်္ဂလန် ရောက်တဲ့အချိန်မှာ ဘော်ဘီက အင်္ဂလန်မှာ အခြေကျနေပါပြီ။ သူ့ရဲ့ အလုပ်ကတော့ အစားအသောက် ချက်ပြုတ်ရေး သင်တန်းကျောင်း တစ်ခုက နည်းပြဆရာပါ။ သူက အစားအသောက် ဝါသနာပါပြီး၊ အချက်အပြုတ်လည်း ဝါသနာ ပါပါတယ်။ လန်ဒန်မြို့က အစားအသောက် ဆိုင်ရာ အဖွဲ့အစည်း တစ်ခုက ကျင်းပတဲ့ "ချက်ပြုတ်ရေး ပြိုင်ပွဲ" မှာ နှစ်နှစ် ဆက်တိုက် ရွှေတံဆိပ်တွေ ရခဲ့ဖူးပါတယ်။

ပထမရတဲ့ တံဆိပ်ကတော့ မုန့်ဟင်းခါးနဲ့ပါ။ ပြိုင်ပွဲမှာ တာဝန်ရှိတဲ့ အကဲဖြတ် ဒိုင်လူကြီးတွေက သူ ပြိုင်ပွဲဝင်တဲ့ မုန့်ဟင်းခါးကို ပထမအဖြစ် ရွေးချယ်ခဲ့တာပါ။ နောက်တစ်ကြိမ် ရတဲ့ ဆုကတော့ ကျွန်တော်တို့ မိသားစု မိတ္ထီလာမှာ နေစဉ်ကတည်းက အမေ ချက်ကျွေးခဲ့တဲ့ "ပဲနောက် ထမင်း" နဲ့ပါ။ အောက်ပြည်က လူများက ပဲနောက် ထမင်း မစားဖူးကြပါ။

သာမန် ထမင်းအိုး တစ်လုံး ကျက်ခါနီးမှာ ပြုတ်ထားတဲ့ ပဲနောက်တွေနဲ့ ရောပြီး နပ်လိုက်ရင် ပဲနောက် ထမင်း ဖြစ်လာပါတယ်။ ပဲနောက် ထမင်းနဲ့ အလိုက်ဆုံးကတော့ ခရမ်းချဉ်သီးထောင်းပါပဲ။ အရည်ကြဲကြဲနဲ့ ငါးပိထောင်း ရောမွှေတာကိုတော့ "ပန်ထွေဖျော်" လို့ ခေါ်ပါတယ်။ ဘယ်အချိန် စားစား မငြီးငွေ့တဲ့ အစားအစာပါ။ ဘာအသားဟင်းမှလည်း မလိုပါ။

## ဘော်ဘီ၊ မေသင်းတို့ရဲ့သား ဂျက်ဂျက်

ကျွန်တော် အင်္ဂလန်ရောက်တဲ့ အချိန်မှာ ဘော်ဘီနဲ့ မေသင်းတို့ဟာ Cambridge မြို့မှာ အခြေကျနေပါပြီ။ နှစ်ထပ်တိုက် တစ်လုံးကို ဝယ်ပြီး နေနိုင်ကြတဲ့ အခြေအနေ ရောက်နေပါပြီ။ ကျွန်တော့်ကို သူတို့အိမ်က အပေါ်ထပ်မှာ ထားပါတယ်။ သူတို့မှာ သားလေးတစ်ယောက် ရှိပါတယ်။ နာမည်တော့ ဆန်းပါတယ်။ "ဂျက်ဂျက်" တဲ့၊ အသက်က သုံးနှစ်လောက် ရှိပါပြီ။ ဆော့သလား မပြောနဲ့၊ စိန်မျောက်မျောက်လို့ နာမည်ပေးရင်တောင် နာမည်က နိမ့်နေပါသေးတယ်။ ကျောင်းပိုင် နာမည်တော့ မသိပါဘူး။



လန်ဒန်မြို့ နာမည်ကျော် London Bridge နောက်ခံထားပြီး ဘော်ဘီ၊ မေသင်းတို့နဲ့ အတူ။



လန်ဒန်မြို့ ဘုတာရုံကြီးသို့ ဘရပ်ဆဲ မြို့မှ Eurostar ရထားဖြင့် ရောက်စဉ်။

အနောက်နိုင်ငံက အိမ်တွေအတိုင်းပါပဲ၊ သူတို့အိမ်တွေမှာ ခြံနဲ့ဝင်း မရှိပါဘူး။ ဆင်တူအိမ်တွေကတော့ ပတ်ပတ်လည်မှာ ရှိပါတယ်။ ဝင်ငွေ အလယ်အလတ် ရှိတဲ့ မိသားစုတွေ နေကြတဲ့ အတွက် ပတ်ဝန်းကျင် သန့်တယ်လို့ ပြောနိုင်ပါတယ်။ သူတို့တိုက်ရဲ့ မျက်နှာချင်းဆိုင်မှာ တော်တော် ကျယ်ပြန့်တဲ့ မြက်ခင်းပြင်ကြီး ရှိပါတယ်။ ဆောင်းတွင်းမှာတော့ နှင်းတွေ ဖုံးနေပါသတဲ့။

## စိန်မျောက်မျောက် ဂျက်ဂျက်

မေသင်းနဲ့ ဘော်ဘီတို့ရဲ့ သား ဂျက်ဂျက်ကတော့ စိန်မျောက်မျောက်လို့ ခေါ်ရအောင် အဆော့သန်ပါတယ်။ ဆော့လွန်းလို့ သူတို့ အင်္ဂလန်မှာ နေကတည်းက ဂျက်ဂျက်မှာ ပိုနေတဲ့ ကယ်လိုရီတွေ ဖြုန်းပစ်စေဖို့ ရေကူး

သင်တန်း ပို့ပါတယ်။ ဘောလုံး ကန်နိုင်းပါတယ်၊ ဒါလည်း အိမ်ရောက်တော့ ဆော့တာပါပဲ။ ဆော့လည်းဆော့ စားလည်းစား ဆိုတော့ လူကလည်း ထွား၊ အဝဘက်ကို ဦးတည်တဲ့ ဖွံ့ဖြိုးမှုတွေ ဖြစ်နေပါတယ်။

အခုတော့ သူတို့ တစ်မိသားစုလုံး ရန်ကုန် ပြန်ရောက်နေကြပါပြီ။ ဂျက်ဂျက်ကိုလည်း ကျောင်းထားပေး ပါတယ်။ ဘောလုံးလည်း စနစ်တကျ ကန်နိုင်းပါတယ်။ ဆော့မြဲ ဆော့လျက်ပါ။ ဒါပေမဲ့ သူ့မှာ ဂီတ ပါရမီ တစ်ခု ပါလာပါတယ်။ Great Grandfather ဦးလှထွန်းရဲ့ ဂီတ အမွေ ပါလာတယ် ထင်ပါတယ်။ စန္ဒရား ကောင်းကောင်း တီးတတ်ပါတယ်။ ဂန္ထဝင် ဂီတဆရာကြီး ဗီသိုဗင်ရဲ့ စန္ဒရား တီးကွက်တွေကို ကျွမ်းကျွမ်း ကျင်ကျင် တီးတတ်လို့ သူ့အတန်းမှာ လူသိများနေပါသတဲ့။

## လန်ဒန်မြို့က အမှတ်တရများ

ကျွန်တော် အင်္ဂလန်မှာ ရှိတဲ့အခိုက်မှာ မေသင်း ခွင့်ယူပါတယ်။ ကျွန်တော့်ကို လိုက်ပို့မလို့ပါ။ နောက်တစ်နေ့ မှာတော့ ဘာမင်ဟန်မြို့က မြန်မာဘုန်းကြီးကျောင်းကို ပို့ပါတယ်။ အဲဒီကျောင်းမှာ မေသင်းနဲ့ ဘော်ဘီတို့က ဝေယျာဝစ္စ အဖွဲ့ဝင်တွေပါ။ ဘော်ဘီကတော့ အလုပ်ရှိလို့ ခွင့်မယူနိုင်တဲ့အတွက် အဲ့ဒီ ဘုန်းကြီးကျောင်းကို မေသင်းက ကားနဲ့ လိုက်ပို့ပါတယ်။ ရာသီဥတုက အကောင်းကြီးလည်း မဟုတ်ပါ။ မိုးသဲသဲနဲ့ အဲဒီ ကျောင်းကို ရောက်သွားပါတယ်။

ဘုန်းကြီးကျောင်းက ကျယ်ကျယ်ဝန်းဝန်း ရှိပါတယ်။ အဆောက်အဦကလည်း ကျယ်ပြန့်ပါတယ်။ ဘုန်းကြီးကျောင်းဝင်း အတွင်းမှာ စေတီတစ်ဆူ တည်ထားပြီးသား ရှိနေပြီးပါပြီ။ ဒါပေမဲ့ ကျောင်းထိုင် ဆရာတော်ကတော့ ဗမာပြည်ကို ခဏ ပြန်နေတဲ့အတွက် မဖူးခဲ့ရပါဘူး။ အဲဒီကျောင်းဟာ နီးစပ်ရာ ဒေသ အတွင်းမှာ ရှိတဲ့ ဗမာတွေ စုဝေးရာ နေရာလို့ သိရပါတယ်။

## လန်ဒန်မြို့က လူ့အခွင့်အရေး အဖွဲ့တစ်ခု

နောက်တစ်နေ့မှာတော့ လန်ဒန်မြို့ တစ်နေရာမှာ ရှိတဲ့ လူ့အခွင့်အရေး အဖွဲ့တစ်ခုကို သွားရောက် တွေ့ဆုံခဲ့ ပါတယ်။ အဲဒီအဖွဲ့မှာ အမျိုးသမီးတွေ များပါတယ်၊ သူတို့က ကျွန်တော့်ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပြီး ကျွန်တော် ထောင်ထဲမှာ ရှိစဉ်က ကျွန်တော့်ကို လွှတ်ပေးဖို့ တောင်းဆိုတဲ့ သတင်းလွှာတွေ၊ ပို့စကပ်တွေ ထုတ်ပြီး လှုပ်ရှားခဲ့တဲ့ အကြောင်းတွေ ပြောပြပါတယ်။ ကျွန်တော်ကလည်း ထောင်ထဲမှာ နှစ်ရှည်လများ နေရတဲ့ ကာလတွေနဲ့ ပတ်သက်ပြီး အတွေ့အကြုံတွေ ပြောပြပါတယ်။

## နေ့ခင်းပိုင်း အစီအစဉ်

လူ့အခွင့်အရေးအဖွဲ့နဲ့ တွေ့ပြီးတဲ့အခါမှာ ဘော်ဘီက မေသင်းရဲ့ ဦးလေးတစ်ဦး (ဦးလှဖေ) နဲ့ ဇနီးတို့က နေ့လယ်စာ စားဖို့ ဖိတ်ထားတဲ့ စားသောက်ဆိုင် သွားကြပါတယ်။ အဲဒီဆိုင်က တရုတ် စားသောက်ဆိုင်ပါ။ အဲဒီဆိုင်က အစားအသောက်စာရင်း Menu ကို ကြည့်တော့ မြန်မာပြည်က တရုတ်ဆိုင်တွေလိုပါပဲ။ အစိမ်းကြော်၊ တောက်တောက်ကြော်၊ ကုန်းဘောင်ကြီးကျော်၊ ချိုချဉ်ကြော် စတာတွေကို အင်္ဂလိပ်လိုနဲ့ တရုတ်လို ရေးထားတာပါ။

ဦးလှဖေဟာ မောင်ညိုနွဲ့ရဲ့ ဇနီး မတီတီအုန်းရဲ့ အစ်ကိုတစ်ယောက်ပါ။ သူတို့ရဲ့ ဖခင်ဟာ အင်္ဂလိပ် အစိုးရ လက်ထက်က ငါးထောင်စားလို့ ခေါ်တဲ့ တရားဝန်ကြီး တစ်ယောက်ပါ။ သာမန် စာရေးတစ်ယောက်

တစ်လကို ၂၅ ကျပ် ရတဲ့ ကာလမှာ ဦးအုန်းဖေက တစ်လ ကျပ် ၅၀၀၀ ရခဲ့တာပါ။ ဒါ့ကြောင့် ဦးအုန်းဖေဟာ သူ့သားများ ဖြစ်တဲ့ ဦးတင်ဖေ၊ ဦးဝင်းဖေနဲ့ ဦးစံဖေတို့ကို အင်္ဂလန် နိုင်ငံကို လွှတ်ပြီး ဥပဒေဘွဲ့ ယူခိုင်းပါတယ်။

ဦးတင်ဖေနဲ့ ဦးဝင်းဖေတို့ ဘွဲ့အသီးသီး ရပြီး ပြန်လာကြပြီးပါပြီ။ ဦးစံဖေ ပညာသင်ခိုက် ကာလမှာ တော်လှန်ရေး ကောင်စီ တက်လာခဲ့ပါတယ်။ အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီး ဘွဲ့ရပြီးသော်လည်း ဦးလှဖေဟာ ဗမာပြည်ကို ပြန်မလာတော့ပါဘူး။ ဥပဒေ ပညာရှင် အင်္ဂလိပ် အမျိုးသမီး တစ်ယောက်နဲ့ အိမ်ထောင်ကျပြီး လန်ဒန်မှာပဲ အခြေချနေခဲ့တာပါ။ ကျွန်တော်က သူတို့ တည်ခင်း ကျွေးမွေးတဲ့ နေ့လယ်စာ စားခဲ့ရတာပါ။ မောင်ညိုနဲ့တို့ လင်မယားကတော့ သမီးခေါ်လို့ အင်္ဂလန် နိုင်ငံကို အခေါက်ခေါက် ရောက်ဖူးခဲ့ပါပြီ။

## သက်သတ်လွတ် စားတဲ့ ရောဘတ်ဖေ

ရောဘတ်ဖေ ဆိုတာ အထက်မှာ ရေးခဲ့တဲ့ ဦးလှဖေနဲ့ အင်္ဂလိပ် အမျိုးသမီး ရှေ့နေတို့က မွေးတဲ့ သား ဖြစ်ပါတယ်။ အဖေက မြန်မာ ဆိုပေမဲ့ ရောဘတ်ဖေရဲ့ ရုပ်ရည်ဟာ ဗမာရုပ် လုံးဝမပေါက်ပါဘူး။ အင်္ဂလိပ်လူမျိုး စစ်စစ် ပုံစံမျိုး ဖြစ်ပါတယ်။ သူလည်းပဲ အောင်မြင်တဲ့ ရှေ့နေတစ်ယောက် ဖြစ်ပြီး Arbitration Law ကို အထူး ကျွမ်းကျင်ပါတယ်။ သူဟာ ထူးထူးခြားခြား သက်သတ်လွတ် စားတဲ့သူ ဖြစ်ပါတယ်။ သက်သတ်လွတ် စားဖို့ ဖြစ်လာတဲ့ အကြောင်းကလည်း စိတ်ဝင်စားစရာ ကောင်းပါတယ်။

မိဘနှစ်ပါးလုံးက အောင်မြင်တဲ့ ရှေ့နေတွေလို့ သိရပါတယ်။ လန်ဒန်မှာ အိမ်ကြီးအိမ်ကောင်းနဲ့ နေရုံမက စကော့တလန်မှာလည်း မြေတွေ ပိုင်ပြီး မွေးမြူရေး လုပ်ငန်းတွေ ရှိတယ်လို့ သိရပါတယ်။ သူတို့ ကျောင်းအားရက်တွေမှာ တစ်နှစ်တစ်ခါလောက် စကော့တလန်ကို သွားရောက် လည်ပတ်ကြပါတယ်။ တစ်ခါမှာတော့ အဲ့ဒီလို လည်ပတ်ရင်း သူတို့ မွေးထားတဲ့ သိုးမကြီး တစ်ကောင်က သိုးလေးတွေ ပေါက်ပါသတဲ့။ အဲဒီ သိုးလေးတွေကို ရောဘတ်က ခင်တွယ်ပြီး အားရင် သူတို့နဲ့ ဆော့နေတတ်ပါတယ်။ အဲဒီ သိုးလေးတွေကို ရောဘတ်က နာမည်တွေလည်း ပေးထားပါသတဲ့။

နောက်တစ်နှစ် မိသားစုလိုက် အဲဒီလို လည်ပတ်တဲ့အခါမှာ ရောဘတ်က သူခင်တဲ့ သိုးလေးတွေကို ရှာတာ မတွေ့တော့ပါဘူးတဲ့။ နေ့လယ်စာ စားရင်းနဲ့ သူနဲ့ ခင်တဲ့ သိုးလေးတွေ (နာမည်တွေနဲ့ပေါ့) ဘယ် ရောက်သွားလဲလို့ မေးပါတယ်။ အဲဒီအခါမှာ လူကြီးတစ်ယောက်က "အဲဒီ သိုးလေးက မင်းပန်းကန်ထဲက ဟင်းခွက်ထဲ ရောက်နေပြီ" လို့ ပြန်ဖြေလိုက်ပါသတဲ့။

အဲဒီနေ့က စပြီး ရောဘတ်ဟာ သက်သတ်လွတ် စားပါတော့သတဲ့။ အခုတော့ ရောဘတ်ဟာ မိသားစု လိုက် ဟောင်ကောင်မှာ အခြေချ နေထိုင်ပြီး မြန်မာပြည်ကို မကြာခဏ လာလေ့ရှိပါတယ်။ နိုင်ငံတကာ ဥပဒေ အကြောင်းနဲ့ ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည် အကူအညီ တောင်းရင် သိလိုသမျှကို အကြံပေး နေပါတယ်။

## မြန်မာပြည်က သတင်း အဆက်အသွယ်

ကျွန်တော်နဲ့ မေသင်းက Cambridge-London ခရီးကို အသွားအပြန် ရထားနဲ့ သွားခဲ့ကြပါတယ်။ အလွန် အဆင်ပြေပါတယ်။ မေသင်းဟာ အလုပ်က ခွင့်ယူတယ် ဆိုပေမဲ့ ရထားပေါ်ကနေပြီးတော့ သူ့ဆေးရုံမှာ ရှိတဲ့ အလုပ်တွေကို ခရီးဆောင် Lap-top နဲ့ တစ်ခုပြီး တစ်ခု ဖယ်စက်သလို လုပ်နေပါတယ်။ အဲဒီလို လုပ်နေတဲ့

အခါမှာ တည်တည်ငြိမ်ငြိမ်ပါပဲ။ စိတ်ထဲမှာတော့ ဒီကောင်မလေး အလုပ်လုပ်တာ တော်တော်စေ့စပ်တာပဲလို့ မှတ်ချက်ချမိပါတယ်။

ရထားနဲ့ အဲဒီလို သွားနေတုန်းမှာ သူ့ဖုန်းထဲမှာ မက်ဆေ့တစ်ခု ဝင်လာတယ် ထင်ပါတယ်။ ကျွန်တော့်ကို မော့ကြည့်ပြီး "ဘဘ ဒေါက်တာ တင်မာအောင် ဆိုတာ သိလား" လို့ မေးပါတယ်။ ကျွန်တော်က "သိတာပေါ့၊ ဒေါ်စု PSO လေ၊ ဘာဖြစ်လို့လဲ" လို့ မေးတဲ့အခါ သူက မက်ဆေ့ တစ်ခုလာနေလို့ လို့ ပြောပါတယ်။ ကျွန်တော်က ဘာတဲ့လဲလို့ မေးတဲ့အခါ သူက ဖုန်းကိုပြပါတယ်။

ဖုန်းထဲမှာ တင်မာအောင်က ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ လန်ဒန်မြို့ကို ရောက်မယ့်ရက်ကို ဖော်ပြပြီး တည်းမယ့် ဟိုတယ် နာမည်နဲ့တကွ ကြာမယ့်အချိန် ရေးပြထားပါတယ်။ ဒေါ်စု လန်ဒန် ရောက်ချိန်မှာ အလုပ်များမှာ ဖြစ်တဲ့အတွက် သူ့ကို အနီးကပ် အကူအညီ ပေးနိုင် မပေးနိုင် သိလိုတဲ့အကြောင်း မေးထားတာပါ။ ကျွန်တော်က ဒေါ်စုနဲ့ ငယ်ငယ်ကို မေသင်းတို့ အင်္ဂလန်မှာ ရှိတဲ့အကြောင်း ပြောထားခဲ့ဖူးပါတယ်။

မေသင်းက ကျွန်တော့်ကို "သမီး သဘောတူလိုက်ရမလား" လို့ မေးတဲ့အခါ ကျွန်တော်က လက်ခံလိုက်ပေါ့ သမီးရယ်လို့ ပြောပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒေါ်စုဟာ လန်ဒန်ဆိုတာ နှစ်နှစ် သုံးနှစ်လောက်နေမှ တစ်ခေါက် ရောက်တာ၊ သာမန်အချိန်ဆိုရင် တွေ့ဖို့ မလွယ်တဲ့အတွက် အခွင့်အရေးရခိုက် ဒေါ်စုအတွက် လုပ်ပေးသင့်တယ်လို့ ယူဆလို့ပါ။

နောက်နှစ်ရက်မှာ ကျွန်တော် ပြန်ပါပြီ။ ကျွန်တော် ပြန်ပြီးမှ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ဟာ နော်ဝေး နိုင်ငံက တစ်ဆင့် လန်ဒန်ကို ရောက်ရှိလာခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အတူ ၁၉၈၈ ခုနှစ်ကတည်းက တွဲခဲ့ဖူးတဲ့အတွက် လန်ဒန်မှာ ရှိတဲ့ ဒေါ်စု အမျိုးတွေ တော်တော်များများ ရန်ကုန် လာခိုက်မှာ တွေ့ခဲ့ ခင်ခဲ့ဖူးပါတယ်။ သို့သော်လည်းပဲ ဒေါ်စုကို ကျွန်တော် စောင့်ပြီး တွေ့မယ်ဆိုရင် သူ့ရဲ့ အချိန်ဇယားတွေ ကမောက်ကမ ဖြစ်မှာစိုးလို့ သူ့အဖွဲ့ မရောက်ခင် ပြန်ခဲ့တာပါ။

အလားတူပဲ ဇာဂနာလည်း လန်ဒန်ကို ရောက်နေတယ်လို့ သိရပါတယ်။ အင်္ဂလန်ကို ရောက်နေတဲ့ ဒီမိုကရေစီ အင်အားစုတွေနဲ့ တွေ့နေကြောင်း သိရပါတယ်။ ဒေါ်စု ခရီးစဉ် ရှိတာကလည်း တစ်ကြောင်း၊ အင်္ဂလန်မှာလည်း ဒီမိုကရေစီ အင်အားစုတွေ အကွဲကွဲအပြားပြား ဖြစ်နေတာ သိနေတဲ့ အတွက်လည်း တစ်ကြောင်း ကျွန်တော် ဘယ်အဖွဲ့နဲ့မှ မတွေ့ခဲ့ပါ။

## အင်္ဂလန် ပါလီမန်

ကမ္ဘာကျော်တဲ့ အင်္ဂလန် ပါလီမန်ကို ရုပ်ရှင်ထဲမှာရော စာစောင်တွေထဲမှာပါ ဓာတ်ပုံတွေ မြင်ဖူးခဲ့ပါတယ်။ အခုတော့ ကိုယ်တိုင်ကိုယ်ကျ ရောက်ခဲ့ပြီပေါ့။ နေမဝင် အင်ပိုင်ယာကြီးကို ချုပ်ကိုင်ပြီး အာရှ၊ အာဖရိက၊ ဩစတေးလျနဲ့ တောင်အမေရိကတိုက်က နိုင်ငံတွေကိုပါ စနစ်တကျ ကြီးကြပ် အုပ်ချုပ် သွေးစုပ်ခဲ့တဲ့ အချက်အချာ ဗဟိုဌာနကြီးပါ။ ကျွန်တော် ရောက်ခဲ့ပါပြီ။ ကတ္တီပါ ဖိနပ်၊ ကချင် လုံချည်၊ ရှပ် လည်ကတုံး၊ ပင်နီ တိုက်ပုံနဲ့ လမ်းလျှောက်တဲ့ တုတ်နဲ့ပါ။ လွှတ်တော်ရဲ့ ပြင်ပမှာရှိတဲ့ ကျယ်ပြန့်တဲ့ လမ်းတွေမှာ ကမ္ဘာလှည့် ခရီးသည်တွေ အများအပြား ရှိနေကြပါတယ်။ တချို့လည်း အပျော်ခရီး၊ တချို့လည်း ပါလီမန် လေ့လာရေး ခရီး လာကြတယ်ပေါ့။ ဝင်ကြေး ပေးပြီး လေ့လာတာတောင် တန်းစီရပါတယ်။ ကံအားလျော်စွာ ကျွန်တော် အင်္ဂလန်မှာ ရှိနေတဲ့ ကာလ တစ်လျှောက်လုံး ရာသီဥတု သာယာပါတယ်။

ပါလီမန် လွှတ်တော်ခန်းမဟာ နေပြည်တော်က ကျွန်တော်တို့ လွှတ်တော်ရဲ့ တစ်ဝက်လောက်ပဲ ရှိမှာပါ။ အရေးကြီးတဲ့ ကိစ္စရှိလို့ လွှတ်တော် ကျင်းပတဲ့အခါ လွှတ်တော် အမတ် အများစု လာကြလေ့ ရှိပါသတဲ့။ အဲဒီအချိန်မှာ အမတ်တချို့ဟာ နေရာမရလို့ မိုးတိုးမတ်တပ် နေရပါသတဲ့။ ဒီအစဉ်အလာကို ထိန်းသိမ်းတဲ့အနေနဲ့ လွှတ်တော်ခန်းမကို ချဲ့ထွင်ဖို့ မစဉ်းစားကြပါဘူးတဲ့။ နောက် ထူးခြားချက်တစ်ခုက လွှတ်တော် အမတ် တစ်ယောက်ချင်းအတွက် ကုလားထိုင် ကိုယ်စီ မရှိပါ။ ခုံတန်းရှည်ကြီးများပေါ်မှာ ပူးပူးကပ်ကပ် ထိုင်ကြရတာပါ။

ပါလီမန် ဘိုးအေလို့ အများက သတ်မှတ်ထားတဲ့ အဆောက်အဦ လေ့လာပြီးတဲ့အခါ တခြား အခန်းတွေကိုလည်း ပတ်ပြီး ကြည့်ကြပါတယ်။ တစ်နေရာမှာတော့ ကွယ်လွန်သွားပြီဖြစ်တဲ့ နန်းရင်းဝန်ပဟောင်း ချာချီရဲ့ ခါးထောက်ပြီး မတ်တပ်ရပ်နေတဲ့ ရုပ်တုကြီးကို တွေ့ပါတယ်။ မျက်နှာအမူအရာက ခက်ထန်ပြီးတော့ တစ်လောကလုံး သူ့လုပ်စာ စားနေရတယ်ဆိုတဲ့ အမူအရာနဲ့ပါ။

သူဟာ ဒုတိယ ကမ္ဘာစစ်မှာ အင်မတန် အင်အားကောင်းပြီး ဘီလူးစီးသလို စစ်တိုက်တတ်တဲ့ ဟစ်တလာရဲ့ ဂျာမန် တပ်မတော်အပြင် အာရှမှာလည်း အင်မတန်စွာတဲ့ ဂျပန် တပ်မတော်တို့ကို မဟာမိတ် အင်အားစုနဲ့ နိုင်အောင် တိုက်ခဲ့ရာမှာ သူ့ရဲ့ ခေါင်းဆောင်မှုကြောင့် ဖြစ်ပါတယ်။ တစ်နေရာမှာတော့ ဝန်ကြီးချုပ်ဟောင်း မာဂရက် သက်ချာရဲ့ ရုပ်တုကို တွေ့ပါတယ်။ လမ်းပြကို ဒီရုပ်တုကို ဘာသတ္တုနဲ့ ထုထားတာလဲလို့ မေးတော့ သူက "သိပ်မသေချာဘူး၊ သတ္တုရောAlloy " ဖြစ်မယ် ထင်တယ်လို့ ဖြေပါတယ်။ ကျွန်တော်က ဒါဆိုတော့ မှားနေပြီလို့ ပြောတဲ့အခါ လမ်းပြက ဘာဖြစ်လို့လဲလို့ မေးပါတယ်။ ကျွန်တော်က "သူ့ကို အများက သံမဏိ လေဒီ Iron Lady လို့ ခေါ်ကြတာလေ၊ သံနဲ့လုပ်မှ မှန်မှာပေါ့" လို့ ပြောလိုက်ပါတယ်။

## ဘော်ဘီနဲ့ မေသင်းတို့ရဲ့ မိတ်ဆွေများ

ကျွန်တော် လန်ဒန်မြို့ကို ရောက်စဉ်က ဘော်လည်းကောင်း၊ ဟိုနားဒီနား သွားဖို့ ကိစ္စတွေ ပေါ်လာရင် ဘော်လည်းကောင်း လိုက်လံ ပို့ဆောင်တာတို့၊ အကူအညီ ပေးတာတို့ လုပ်ခဲ့တဲ့ ဘော်ဘီတို့ မိတ်ဆွေတွေ ရှိပါတယ်။ သူတို့ကတော့ ကိုသက်နိုင်နဲ့ မအိနိုင်တို့ မိသားစုနဲ့ ကိုဇော်လင်းနဲ့ မဝေဇံတို့ မိသားစုတွေ ဖြစ်ပါတယ်။ မဝေဇံက ရခိုင် အမျိုးသမီးပါ။ သူတို့က အကူအညီ ပေးရုံတင်မကဘူး နေ့လယ်စာ ညစာတွေနဲ့လည်း တည်ခင်း ဧည့်ခံပေးပါတယ်။

အဲဒီ မိတ်ဆွေတွေတင် မကပါဘူး။ ကျွန်တော် ရေးတဲ့ "အုန်းကျော်မြင့် ကိစ္စ" စာအုပ်မှာ ဖော်ပြဖူးတဲ့ "ရွှေနလုံးသားနဲ့လူ" လို့ သတ်မှတ်ထားခဲ့တဲ့ ဗိုလ်မြင့်သိန်း (လေ) [DSA-7] ရဲ့ သမီးငယ် မိသားစု ရှိပါတယ်။ သမီးကြီးက မသက်ထားလို့ ခေါ်ပြီး မိခင် ဒေါက်တာ ဒေါ်ဝင်းရီ ဆုံးသွားပြီးကတည်းက ပညာလည်း ဆက်မသင်တော့ဘဲ ဖခင်ကြီး သွားလေရာ တကောက်ကောက် လိုက်ပါနေတဲ့ သမီး အလိမ္မာပါ။

သမီးငယ်ကတော့ အိမ်ထောင်ကျပြီး ငွေစာရင်းနဲ့ ပတ်သက်တဲ့ ဘွဲ့တွေ ရတဲ့ အတွက် လန်ဒန်မှာ အလုပ်ရပါတယ်။ ခင်ပွန်းကလည်း အလုပ်နဲ့ပါ။ အထိုက်အလျောက် တတ်နိုင်ကြတဲ့ အတွက် ကိုယ်ပိုင်အိမ်တောင် ဝယ်နိုင်ခဲ့ပြီးပါပြီ။ သူတို့နေရာက အနည်းငယ် လှမ်းသော်လည်းပဲ ရောက်အောင် ကြိုးစားပြီး သွားခဲ့ပါတယ်။

## ဂန္ထဝင် လက်ဖက်ရည်ဆိုင်

"ရွှေနှလုံးသားနဲ့လူ" ကိုမြင့်သိန်းရဲ့ လမ်းညွှန်ချက်ကြောင့် ဒီလက်ဖက်ရည်ဆိုင်ကို ရောက်ခဲ့ပါတယ်။ သာမန် လက်ဖက်ရည်ဆိုင်နဲ့ မတူပါ။ ခြံဝင်း တစ်ခုထဲမှာပါ။ ခြံထဲမှာ ဇီးပင်တွေ၊ မာလကာပင်တွေ ရှိပါတယ်။ ခြံဝင်ဝမှာ အမှတ်တရ ပစ္စည်းတွေ ရောင်းတဲ့ ဆိုင်တွေ ရှိပါတယ်။ ဆိုင်ကို ကြီးကြပ်တဲ့ အမျိုးသမီးက ထူးထူးခြားခြား ဗိုလ်မြင့်သိန်းနဲ့ ရုပ်ချင်း ဆင်ပါတယ်။ ဗမာတော့ မဟုတ်ပါ။ အင်္ဂလိပ်လူမျိုး ဖြစ်ပါတယ်။

အတူ ပါလာတဲ့ ဘော်ဘီက ကျွန်တော်ဟာ ဗမာပြည်က ဖြစ်ကြောင်း မိတ်ဆက်ပေးတဲ့အခါ ဗိုလ်မြင့်သိန်းက သူ့ဆီ ပို့ထားတဲ့ ပို့စကတ်လေးတွေ ထုတ်ပြပါတယ်။ ဗိုလ်မြင့်သိန်း ရေးတဲ့ စာလေးတွေကိုလည်း တခုတ်တရ ဖတ်ပြပါတယ်။ ဗိုလ်မြင့်သိန်းက သူ့သမီးငယ်ဆီ လာလည်ရင်းနဲ့ ဒီနေရာကို မကြာခဏ ရောက်တတ်လို့ မိတ်ဆွေ ဖြစ်သွားကြတာပါ။

ဒီလက်ဖက်ရည်ဆိုင်ရဲ့ ထူးခြားချက်က အပေါ်မှာ ရေးခဲ့သလို သာမန် လက်ဖက်ရည်ဆိုင်နဲ့ မတူဘဲ ခြံဝင်းအတွင်းမှာ လာတဲ့ ဧည့်သည်တွေကို အေးအေးဆေးဆေး နားနေနိုင်အောင် ရည်ရွယ်ပြီး ဖွဲ့စည်းထားတာပါ။ ဒီလက်ဖက်ရည်ဆိုင်ကို အင်္ဂလိပ်စာပေမှာ နာမည်ကြီးတဲ့ စာရေးဆရာများ၊ ကဗျာဆရာများ လာလေ့ရှိကြပါသတဲ့။ သမိုင်းအခြေခံ ဝတ္ထုကြီးတွေ ရေးတဲ့ Sir Walter Scoott လို ဆရာကြီး၊ ရှားလော့ဟုမ်းကို ရေးခဲ့တဲ့ Sir Arthur Conan Doyle၊ အာဖရိက မုဆိုး Alan Quarter Maine ဇာတ်ကောင် အခြေပြု ရေးခဲ့တဲ့ Sir Ryder Haggard နဲ့ Charles Dicken ရဲ့ ဖောက်သည်တွေပါတဲ့။ လာနေကြ ကဗျာဆရာတွေရဲ့ နာမည်တွေလည်း ပြောပါတယ်။ မမှတ်မိတော့ပါ။

## ကျေနပ်မိတဲ့ ကိစ္စလေး တစ်ခု

မေသင်းနဲ့ ကျွန်တော် လန်ဒန်တစ်ခွင် ပြုံပြုံစင်အောင် တစ်နေ့လုံး လျှောက်လည်ခဲ့ကြရာမှာ တစ်ခါတလေ လမ်းလျှောက်တယ်၊ တစ်ခါတလေ မေသင်းတို့ မိတ်ဆွေတွေ လိုက်ပို့တဲ့ ကားနဲ့ သွားတယ်၊ တစ်ခါတလေ ကျတော့ လန်ဒန်မြို့က ရုပ်ဆိုးဆိုး Taxi အမည်းကြီးတွေကို စီးရပါတယ်။ အဲဒီ Taxi တွေ အကြောင်းကို ကျွန်တော် ထောင်ထဲမှာ နေခဲ့စဉ်တုန်းက Economists မဂ္ဂဇင်းထဲမှာ ဖတ်ဖူးကတည်းက စိတ်ဝင်စားခဲ့တာပါ။ အဲဒီတုန်းက ဖတ်ရသလို ရုပ်ဆိုးပေမဲ့ အတွင်းခန်းကတော့ ကျယ်ကျယ်ပြန့်ပြန့်နဲ့ သန့်သန့်ရှင်းရှင်းပါ။

တစ်နေကုန်လို့ အိမ်ပြန်ချိန်ရောက်တော့ ပြန်မယ့် ရထားက ည ၈း ၂၃ ပါတဲ့။ ရထားတွေ အချိန် မမှန်တဲ့ နိုင်ငံက လာလို့ထင်ပါရဲ့ မေသင်းကို မေးမိပါတယ်၊ ရထား အချိန်မှန်မှာပါနော်လို့ ဆိုတော့ မေသင်းက မှန်ပါတယ် ဘာဘတဲ့။ ကျွန်တော်တို့ ဘူတာရုံ ရောက်တော့ ၈း ၁၅ ကျော်ပါပြီ။ ကျွန်တော်တို့ စီးမယ့်ရထားဟာ ၈း ၂၃ လည်း ရောက်ရော ဆိုက်လာပါလေရော။ လူဖြင့် ကျေနပ်လိုက်တာ။

ငယ်စဉ်က ရှားလော့ဟုမ်း ဝတ္ထု ဖတ်တဲ့အခါ စုံထောက်ကြီးက သူ့ဆီ အမှုလာအပ်တဲ့ ဧည့်သည် ပြန်သွားတဲ့အခါ သူ့မိတ်ဆွေ ဒေါက်တာ ဝပ်ဆင်ကို ဒီဧည့်သည် ဘယ်နနာရီ၊ ဘယ်နမိနစ်မှာ ဆိုက်တဲ့ ရထားနဲ့ လာတာဗျလို့ ပြောတဲ့အခါ အမြဲ မှန်ကန်နေတာ သိခဲ့ရပါတယ်။ အခုလို လန်ဒန် ရထားတွေ အချိန်မှန်တာ ကိုယ်တိုင် သိလိုက်ရတော့ အသေးအဖွဲကိစ္စလေး ဆိုပေမဲ့ ကျေနပ်လိုက်တဲ့ ဖြစ်ခြင်း။ ကိုယ့် နိုင်ငံမှာ အဲဒီလို ဖြစ်လာဖို့ကတော့ လိုပါသေးတယ် ဆိုတဲ့ အတွေးနဲ့ သက်ပြင်းချမိပါတယ်။

## ဘော်ဘီနဲ့ မေသင်း Part-II

အခုတော့ မေသင်းနဲ့ ဘော်ဘီတို့ တစ်မိသားစုလုံး ရန်ကုန် ပြန်ရောက်ပြီး အခြေချ နေထိုင်နေကြပါပြီ။ ဒီလို နေဖို့ အခြေအနေတွေက ဒေါ်စု လန်ဒန်ကို လာရောက်စဉ်က မေသင်းက အနီးကပ်နေပြီး သူ့ရဲ့ဝေယျာဝစ္စတွေ လုပ်ပေးခဲ့ရင်းက ပုဂ္ဂိုလ်ရေး ခင်မင်မှုတွေ တည်ဆောက်နိုင်ခဲ့ကြတာပါ။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ NLD နိုင်ပြီးမှ သူတို့ ပြည်တော်ပြန်ဖို့ ဆုံးဖြတ်ခဲ့ကြတာပါ။ ဘော်ဘီက အချက်အပြုတ် ပညာရှင် ဖြစ်တဲ့အတွက် ပြန်ရောက်တာနဲ့ ကော့မှူးမြို့မှာ ဒေါ်စု တည်ထောင်ထားတဲ့ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှာ စေတနာ့ ဝန်ထမ်း လုပ်အားပေးခဲ့ပါတယ်။ အဲဒီမှာ ဖွင့်ထားတဲ့ ဟိုတယ်နဲ့ ပတ်သက်တဲ့ သင်တန်းကျောင်းမှာ အချက် အပြုတ် ဆိုင်ရာ နည်းပြချုပ်အဖြစ် နှစ်နှစ်လောက် လုပ်ခဲ့ဖူးပါတယ်။ အခုတော့ ရန်ကုန်မြို့ထဲမှာ ကိုယ်ပိုင် စားသောက်ဆိုင် တစ်ခု ဖွင့်ထားပါတယ်။

## မေသင်းနဲ့ ကျန်းမာရေး လုပ်ငန်းများ

ဗမာပြည် ပြန်မလာခင်က မေသင်းဟာ သာမန်ဆရာဝန် မဟုတ်တော့ပါဘူး။ Consultant လို့ ခေါ်တဲ့ သမား တော်ကြီး အဆင့် ရောက်နေပါပြီ။ အဲဒီ အနေအထားကနေ မိသားစုလိုက် ပြန်လာကြတာပါ။ မျှော်လင့်ချက် အပြည့်နဲ့ပေါ့။ ပြန်ရောက်တာနဲ့ ဒေါ်စု ကြီးမှူးပြီးတော့ ရန်ကုန် ဆေးရုံကြီး အဆင့်အတန်း ပြန်လည် မြှင့်တင်ရေး လုပ်ငန်းမှာ အရေးပါတဲ့ ကဏ္ဍက ပါဝင်ပါတယ်။

အဲဒါအပြင် အင်္ဂလန်က သူ့ရဲ့ မိတ်ဆွေတွေက တစ်ဆင့် ရန်ကုန် ဆေးရုံကြီး အတွက် အရေးကြီးတဲ့ စက်ကိရိယာများကို အခမဲ့ တပ်ဆင် ကူညီပေးခဲ့ပါတယ်။ နေပြည်တော်ကိုလည်း မကြာခဏ လာခဲ့ကြပြီး ကျန်းမာရေး ဝန်ကြီးနဲ့ တွေ့ဆုံကာ အရေးကြီးတဲ့ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ကိစ္စများကိုလည်း အကြံကောင်း ဉာဏ်ကောင်းပေးနေတာ သိရပါတယ်။ အသေးစိတ်တော့ မမေးမိပါဘူး။

## ချစ်လွန်လွန်းလို့

ဘော်ဘီနဲ့ မေသင်းတို့မှာ အချစ် ပြဿနာလေးတွေ ရှိပါတယ်။ ဒါကလည်း မေသင်းက ဘော်ဘီ့အပေါ် အချစ် လွန်ကဲရာက ဖြစ်လာတဲ့ ပြဿနာပါ။ ဘယ်လို အချစ်လွန်သလဲ ဆိုတော့၊ ဥပမာ- ဘော်ဘီက သူ့သင်တန်းက ဆရာ/ဆရာမ အချို့နဲ့ ဘန်ကောက်ကို လေ့လာရေး ခရီး ထွက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ မေသင်းက အင်္ဂလန် မှာပါ။ ဘော်ဘီက ဘန်ကောက် ရောက်တာနဲ့ မေသင်းကို ဖုန်းဆက်ပြီး သူတို့ ဘယ်ဟိုတယ်မှာ တည်းနေ ကြောင်းကို ပြောပါတယ်။

မေသင်းက ဒီလောက်နဲ့ မရပါဘူး။ အဘူတူ ပါလာတဲ့ ဆရာ/ဆရာမတွေရဲ့ အခန်းနံပါတ်တွေ မေးလို့ ဘော်ဘီက ပြောပြရပါတယ်။ နောက်တစ်နေ့ကျတော့ ဘော်ဘီက အဲဒီဟိုတယ်က ရေကူးကန်မှာ ရေဆင်း ကူးပါတယ်။ မေသင်း ဖုန်းဆက်တော့ သူ မရှိဘူးပေါ့။ အဲဒီမှာ မေသင်းက အတူ ပါလာတဲ့ ဆရာ/ဆရာမ တွေရဲ့ အခန်းတွေကို ဖုန်းဆက်ပြီး ဘော်ဘီ ရှိ/မရှိ သွယ်ဝိုက်ပြီး မေးပါတယ်။ အခန်းစေ့ မေးတယ်လို့ သိရပါတယ်။

သူတို့ လူစုံတဲ့အခါကျတော့ မေသင်းက ဘော်ဘီကို Checkig လိုက်တဲ့ ကိစ္စဟာ ဟာသ တစ်ခု ဖြစ်သွားတာပေါ့။ ဘော်ဘီကတော့ လူကြီးရှက်တော့ ရယ် ဆိုသလို ချော့လဲရောထိုင် လုပ်ခဲ့ရပါသတဲ့။

တကယ်တော့ အောင့်သက်သက်နဲ့ ခံတ္တိစ မနိုင်၍ သည်းခံလိုက်ရတဲ့ သဘောပါ။ အဲဒီ ကိစ္စ ကျွန်တော် သိတော့ မေသင်းကို ဖုန်းဆက်ပြီး ဒါမျိုး မလုပ်သင့်ကြောင်း၊ ယောက်ျားရဲ့ အသိုင်းအဝိုင်း ကြားမှာ သိက္ခာကျ တာမျိုး ဖြစ်စေကြောင်းကို ညင်ညင်သာသာနဲ့ ပြောရပါတယ်။

## Control Freak / Micro Management

ကျွန်တော် ပြောတာ မအောင်မြင်ပါ။ နောက်ပိုင်းမှာ ဒီထက်ဆိုးတဲ့ ကိစ္စလေးတွေ ဖြစ်လာတာ ကြားတော့ နောက်ဆုံး စကား တစ်ခုတော့ ပြောခဲ့ပါတယ်။ မေသင်းဟာ Control Freak တစ်ယောက် ဖြစ်လာနေကြောင်း၊ ကြာရင် ဘော်ဘီတစ်ယောက် မခံမရပ်နိုင် ဖြစ်ပြီး ပေါက်ကွဲတဲ့အဆင့်ထိ ရောက်လာနိုင်ကြောင်း သတိပေးခဲ့ ပါတယ်။ Controll Freak ဆိုတာက အသေးအဖွဲလေးက စပြီး ထိန်းချုပ်ဖို့ ကြိုးစားတတ်တဲ့သူကို ဆိုလိုတာပါ။ အခုတော့ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာ အခု ပူလိုက်၊ အခု အေးလိုက် ဖြစ်နေတယ်လို့ သိရပါတယ်။

## အပြန်ခရီးမှာ ငိုးရဲ့ယား Wheel Chair နဲ့

ဟီးသရိုး လေဆိပ်ကို ဘော်ဘီ လိုက်ပို့ပါတယ်။ သူ့ရဲ့ အကြံနဲ့ အပြန်ခရီးမှာ ကျွန်တော်ဟာ တွန်းလှည်း Wheel Chair နဲ့ ပြန်ဖို့ ဖြစ်လာပါတယ်။ ကျွန်တော့် အသက်ကလည်း ၇၂ နှစ် ဆိုတော့ အကျုံးဝင်တယ်လေ။ တွန်းလှည်းနဲ့ လေယာဉ်စီးရတာ အင်မတန် အဆင်ပြေပါတယ်။ လူဝင်မှု ကြီးကြပ်ရေးတို့၊ အကောက်ခွန်တို့ကို ဖြတ်သန်းရာမှာ အမြဲ ဦးစားပေး တစ်ပါ။ စစ်ဆေးရာမှာလည်း စစ်စစ်ပေါက်ပေါက် စစ်တာမျိုး မရှိပါ။

## ဟီးသရိုး လေဆိပ်က အတွေးများ

အပြန်မှာ စင်ကာပူ လေကြောင်းဌာနနဲ့ စင်ကာပူ နိုင်ငံက လှည့်ပြီး ပြန်ရမှာ ဖြစ်ပါတယ်။ စင်ကာပူ လေကြောင်း ဌာန ကောင်တာကို ကြည့်လိုက်တော့ အသက် ၃၀ အရွယ် ကောင်လေးတွေပါ။ စင်ကာပူ နိုင်ငံသား တရုတ် ကုလားလေးတွေပါ။ သူတို့ အလုပ်လုပ်တာ အကဲခတ်ကြည့်တော့ ကျွမ်းကျင်မှု ရှိတာတွေ တွေ့ရပါတယ်။

အဲဒီ ကောင်တာဘေးမှာ ရှိတဲ့ တခြားကောင်တာတွေ ကြည့်လိုက်တော့ ထိုင်း လေကြောင်းလိုင်း၊ မလေးရှား လေကြောင်းလိုင်း ကောင်တာတွေကို တွေ့ရပါတယ်။ အဲဒီ ကောင်တာတွေ ကြည့်လိုက်တော့ လည်း သူတို့ နိုင်ငံက ကလေးတွေ ပျော်ပျော်ပါးပါးနဲ့ ကျွမ်းကျွမ်းကျင်ကျင် အလုပ်လုပ်နေကြတာ တွေ့ရ ပါတယ်။ ကျွန်တော်က စီးပွားရေး လုပ်ခဲ့ဖူးတဲ့အတွက် "တို့ဗမာ လေကြောင်းလိုင်း ကောင်တာ ဟီးသရိုးမှာ ဖွင့်နိုင်ဖို့ ဘယ်နနှစ်များ စောင့်ရပါလိမ့်မလဲ" လို့ တွေးမိပါတယ်။

တကယ်တော့ အဲဒီ အနေအထား ရောက်အောင် အဆင့်ဆင့် လုပ်ရမှာလေးတွေ ရှိပါတယ်။ ငွေကြေး တောင့်တင်းမှုနဲ့ လေကြောင်းလိုင်း ချဲ့ထွင်နိုင်မှု၊ လေယာဉ်မှူးနဲ့တကွ လေယာဉ် ဝန်ထမ်းတွေ မွေးထုတ်ဖို့၊ နယူးယောက်၊ လန်ဒန်၊ ပဲရစ်၊ တိုကျို၊ ဘီဂျင်း မြို့ကြီးတွေမှာ လေကြောင်း လိုင်းခွဲတွေ ဖွင့်နိုင်အောင် ကျွမ်းကျင်တဲ့ ဝန်ထမ်းတွေ မွေးထုတ်ဖို့ ဆိုတဲ့အချက်တွေ ခေါင်းထဲမှာ စီရရီ ပေါ်လာပါတယ်။ မလုပ်တတ် စရာ မရှိပါဘူး။

ဒီလို ဖြစ်နိုင်အောင်ကလည်း ပတ်သက်ရာ ပတ်သက်ကြောင်း အခြေခံ အဖွဲ့အစည်းတွေ Infrastructure ပါ တစ်ပြိုင်နက် လုပ်တတ်အောင် လုပ်ဖို့ပဲ လိုပါတယ်။ တစ်ခုတော့ ရှိတာပေါ့လေ၊ ဒီလို လုပ်ငန်းကို အစိုးရက လုပ်မလား၊ ပုဂ္ဂလိက ကုမ္ပဏီတွေကိုပဲ လုပ်နိုင်းမလား ဆိုတဲ့ ဆုံးဖြတ်ချက်ကတော့ လိုတာပေါ့။

အစိုးရက လုပ်မယ် ဆိုရင်တော့ လုပ်ငန်း ကျွမ်းကျင်မှု အရမ်း လိုအပ်ပါလိမ့်မယ်၊ အဲဒီလိုမှ မဟုတ်ရင် Air India လို အစိုးရ တာဝန်ယူတဲ့အတွက် လစဉ်ကို အရှုံးပြတာမျိုးတွေ ဆိုရင်တော့ ဘာမှ ထူးခြားလာမှာ မဟုတ်ပါဘူး။

## ၁၄ နာရီကြာ လေယာဉ် ခရီး

စင်ကာပူ လေကြောင်းလိုင်းက A-380 Airbus လေယာဉ်ကြီးနဲ့ပါ။ Boeing-747 လေယာဉ်နဲ့ ယှဉ်နိုင်တဲ့ ဂျမ်ဘိုဂျက်ကြီးပါ။ ခရီးသည် ၅၀၀ ကျော် ဆံ့ပြီး ရုတ်တရက် ကြည့်လိုက်ရင် ရွာကြီး တစ်ရွာနဲ့ တူပါတယ်။ ကလေးတွေ ပါလာတဲ့ မိသားစုဆိုရင် အဲဒီ ကလေးတွေက လေယာဉ်ပျံပေါ်မှာ ပြေးလွှား ဆော့ကစားနေကြတာကို မိခင်တွေက စိုးရိမ်တကြီး လိုက်ထိန်းနေကြပါတယ်။

ကိုယ့်ရှေ့ ထိုင်ခုံနောက်ကျောမှာ TV/Video ပါတဲ့ အတွက် လေယာဉ်ပျံတက်ပြီး ခါးပတ် ဖြုတ်တဲ့ အချိန်ကစပြီးတော့ ကိုယ်ကြိုက်တဲ့ ဇာတ်ကားကို ရှာပြီး နားကျပ်တပ် ကြည့်လို့ ရပါတယ်။ ကျွန်တော့် အတွက်တော့ အကြိုက်ပေါ့။ ဟောလိဝုဒ်က နောက်ဆုံးပေါ် ရုပ်ရှင်တွေ ကြည့်ခဲ့ပါတယ်။ ဇာတ်ကား လေးကား၊ တစ်ကားကို နှစ်နာရီကျော်လောက် ကြာပါတယ်။ ရုပ်ရှင်တစ်ကား ပြီးလိုက် လေယာဉ်ပေါ်မှာ ပတ် လမ်းလျှောက်လိုက်၊ ၁၅ မိနစ်လောက် လမ်းလျှောက်ပြီးပြီ ဆိုတာနဲ့ ရုပ်ရှင်တစ်ကား ကြည့်၊ ပြီးရင် လမ်း လျှောက်။ အဲဒီလိုနဲ့ ရုပ်ရှင် လေးကားလောက်လည်း ကြည့်ပြီးရော လေယာဉ်လည်း စင်ကာပူ ရောက်ရော ဆိုပါတော့။

လန်ဒန်က ထွက်လာတော့ ညနေ လေးနာရီလောက်မှာပါ။ စင်ကာပူ ရောက်တော့ မနက် ခြောက်နာရီ လောက် ဖြစ်နေပြီပေါ့။ ဒါနဲ့ ပစ္စည်းတွေကို လန်ဒန်မှာကတည်းက ရန်ကုန်ကို ပို့ဖို့ လုပ်ထားတော့ ပစ္စည်း ယူစရာ မလိုတော့တဲ့အတွက် နားနေဆောင် Transit Lounge မှာ အိပ်ပစ်လိုက်ပါတယ်။ လေးနာရီလောက် တောင် ကြာပါတယ်။ ဒီလိုနဲ့ နေ့ခင်း နှစ်နာရီ လေယာဉ်ပျံနဲ့ ရန်ကုန်ကို ပြန်ရောက်ပါတယ်။

## တရုတ်ပြည် ခရီးစဉ်

"တရုတ်-မြန်မာ ချစ်ကြည်ရေး အသင်း" ရဲ့ ဖိတ်ကြားချက်အရ တရုတ် နိုင်ငံကို ၂၀၁၃ ခုနှစ်မှာ ရောက်သွား ခဲ့ပါတယ်။ နွေဦးကာလမှာပါ။ ထုံးစံအတိုင်း တရုတ်ပြည် နိုင်ငံခြားရေးဌာနက ဒုတိယ ဝန်ကြီးနဲ့ တွေ့ဆုံပြီး နှစ်နိုင်ငံ ချစ်ကြည်ရေး ကိစ္စကို အလေးထားပြီး ဆွေးနွေးခဲ့ပါတယ်။ နောက်ပြီး ကွန်မြူနစ် ပါတီက ညွှန်ကြား ရေးမှူးချုပ် (အမျိုးသမီး) နဲ့ တွေ့ဆုံပြီး ပါတီအချင်းချင်း ဆက်ဆံရေး မြှင့်တင်ဖို့ကိစ္စတွေ ဆွေးနွေးခဲ့ပါတယ်။

အဲဒီအချိန်မှာ ကျွန်တော့်ရဲ့ နှလုံးဟာ သန္တုပြစပြုပါပြီ။ ဝေးဝေးလံလံ လမ်းလျှောက်ရင် မောပါတယ်။ ဒါ့ကြောင့် မဟာတံတိုင်းကြီးကို သွားတဲ့အခါ တံတိုင်းပေါ်အထိ ရောက်နိုင်တဲ့ Cable Car နဲ့ ပို့ပေးပါတယ်။ တရုတ်-မြန်မာ ချစ်ကြည်ရေ အသင်းက ပုဂ္ဂိုလ်တွေက အလွန် တာဝန်ကျေပါတယ်။ မနက်ပိုင်းကို မဟာ တံတိုင်းကြီးကို ပို့ပြီးတဲ့အခါ ညပိုင်းကျတော့ နာမည်ကျော် ပီကင်း ဘဲကင်ဆိုင်မှာ ဧည့်ခံပါတယ်။

အဲဒီ ဘဲကင်ဆိုင်က ပီကင်းမှာ နာမည် အကြီးဆုံး ဘဲကင်ဆိုင် ဖြစ်ပါသတဲ့။ ဆိုင်က နှစ်ထပ်ပါ။ အောက်ထပ်မှာ သီးသန့် အခန်းတွေ ရှိသလို စားပွဲတွေကလည်း အလုံး ၂၀၀ လောက် ရှိမယ် ထင်ပါတယ်။ အပေါ်ထပ်မှာလည်း အလားတူပါပဲ ထူးခြားတာက အပေါ်ထပ်၊ အောက်ထပ် နေရာအနှံ့မှာ TV တွေ ရှိပါတယ်။ အဲဒီ TV တွေမှာ သူတို့ ဆိုင်ကို လာစားတဲ့ နိုင်ငံခြားက ခေါင်းဆောင်တွေ ဘဲကင် စားနေတာတွေကို ဗီဒီယို

ပြနေတာပါ။ သမ္မတ နစ်ဆင်နဲ့ နိုင်ငံခြားရေး ဝန်ကြီး ကီဆင်ဂျာ၊ ရုရှားနိုင်ငံက ခေါင်းဆောင်တွေကို တွေ့မြင်ခဲ့ရပါတယ်။ ကျွန်တော် စောင့်မကြည့်နိုင်ခဲ့လို့ပါ။ ကြည့်ခဲ့ရင် မြန်မာနိုင်ငံက ဦးနေတို့ ဦးနေဝင်းတို့ကို တွေ့ရမှာ သေချာပါတယ်။

## Xian မြို့

နောက်တစ်နေ့မှာ ကျွန်တော်တို့ Xian မြို့ကို သွားကြပါတယ်။ အစဉ်အဆက်က Xichuan ပြည်နယ်ရဲ့ မြို့ကြီးတစ်ခု ဖြစ်ခဲ့ပါတယ်။ အဲဒီမြို့မှာ ထူးခြားချက်က ပေ လေး-ငါးဆယ်လောက် မြင့်တဲ့ မြို့ရိုးကြီး ရှိနေတာပါ။ မန္တလေး မြို့ရိုးထက် သုံးဆလောက် မြင့်ပါတယ်။ မြို့ရိုးအပေါ်မှာ မြင်းရထားတွေ မောင်းနှင်နိုင်တဲ့အထိ ကျယ်ပြန့်တယ်လို့ ပြောကြပါတယ်။ နှစ်ပေါင်း ၃၀၀၀ ကျော် ကြာတဲ့ သမိုင်းကြောင်းတစ်လျှောက်မှာ ဒီမြို့တော်ကို ဘယ်ရန်သူကမှ တိုက်ခိုက် အောင်နိုင်ခြင်း မရှိခဲ့ပါဘူးတဲ့။

အခုတော့ အဲဒီ မြို့တံတိုင်းအတွင်းမှာ ဟိုတယ်တွေ၊ တက္ကသိုလ်တွေ ရှိနေပါပြီ။ ပြည်နယ်က နိုင်ငံအနောက်ခြမ်းဘက်မှာ ကျတော့ ဆိုဗီယက် နိုင်ငံက ခွဲထွက်ခဲ့တဲ့ နိုင်ငံတွေ ဖြစ်တဲ့ Azarbaigan၊ Turkmenistan စတဲ့ နိုင်ငံတွေက လူငယ်တွေ Xian က တက္ကသိုလ်တွေမှာ လာတက်နေကြပါတယ်။ အဲဒီ တိုင်းပြည်တွေက ယောက်ျားလေး၊ မိန်းကလေးတွေ အားလုံးလိုလိုဟာ ထောင်ထောင်မောင်းမောင်းနဲ့ ရုပ်ရည် ချောမောလှပကြပါတယ်။

## Terra-Cotta ရွှံ့ရုပ်ကြီးများ

ဒီရွှံ့ရုပ်ကြီးများ အကြောင်းကို လွန်ခဲ့တဲ့ နှစ် သုံး-လေးဆယ်လောက်ကတည်းက ဖတ်ဖူးခဲ့ပါတယ်။ အဲဒီခေတ်က တရုတ်နိုင်ငံက ထုတ်တဲ့ China Pictorial ဆိုတဲ့ မဂ္ဂဇင်းမှာ ဝေဝေဆာဆာ ဖော်ပြခဲ့တာပါ။ လယ်သမား တစ်ယောက်က သူ့လယ်ကို မြေပြုပြင်ရင်းနဲ့ မြေထဲမှ မြုပ်နေတဲ့ ရွှံ့ရုပ်ကြီးတွေ စတင် တွေ့ရှိခဲ့တာပါ။

တွေ့တာက တစ်ခု၊ နှစ်ခု မဟုတ်ပါဘူး။ ထောင်နဲ့ချီပြီး တွေ့ခဲ့တာပါ။ အရုပ်တွေက လူနဲ့ ရွယ်တူတွေဖြစ်ပြီး လက်ရာတွေက အသက်ပါလှပါတယ်။ အဲဒီ တွေ့ရှိမှုကြောင့် ကမ္ဘာကျော်သွားခဲ့ပါတယ်။ အရုပ်ပေါင်းက ၆၀၀၀ ကျော်တယ်လို့ သိရပါတယ်။ မူလ တွေ့စဉ်က ရွှံ့ရုပ်တွေကို ရောင်စုံ ဆေးခြယ်ထားတာပါ။ နှစ်ပတ် သုံးပတ်လောက် လေသလပ်သွားပြီ ဆိုတာနဲ့ အရောင်တွေ ပျယ်ကုန်သွားပါသတဲ့။ ဒါ့ကြောင့်မို့ ဘုရင်နဲ့ မိဖုရား ဂူတွေကိုတော့ အဲဒီလို ဆေးရောင်တွေ ပြယ်သွားမှာစိုးလို့ အခုထိ မဖွင့်သေးပါဘူး။

အဲဒီရွှံ့ရုပ်တွေ တွေ့တဲ့နေရာဟာ မြို့နဲ့ မိုင် ၂၀ လောက် ဝေးပါတယ်။ ရွှံ့ရုပ်တွေထားတဲ့ နေရာက အောင်ဆန်းကွင်းလောက် ကျယ်ပါတယ်။ အဲဒီနေရာ တစ်ခုလုံးကို ပေါင်းမိုး သဏ္ဍာန် အဆောက်အဦနဲ့ မိုးထားပါတယ်။ ပြည်တွင်း ပြည်ပ ခရီးသွားတွေကတော့ ဒုနဲ့ဒေးပါ။ ရွှံ့ရုပ်တွေ ဆိုပေမဲ့ အလွန် အသက်ဝင်တဲ့၊ အနုပညာမြောက်တဲ့ ပန်းပုရုပ်တုတွေပါ။ တစ်ရုပ်နဲ့ တစ်ရုပ် အမူအရာလည်း မတူပါဘူး။ ဆံပင်ပုံစံတွေလည်း မတူပါဘူး။ လက်နက်တွေလည်း အမျိုးမျိုးပါ။

မြင်းလေးကောင် ကတဲ့ ရထားတွေလည်း ပါပါတယ်။ မြင်းတွေကလည်း တကယ့်မြင်းတွေလိုပါ။ ရထားတွေကတော့ နှစ်ကာလ ကြာလို့ ဆွေးမြေ့ ပျက်စီးကုန်ပါပြီ။ ဒီအရုပ်တွေကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၀၀ လောက်က Xian ကို အုပ်ချုပ်ခဲ့တဲ့ ဘုရင်ကြီးက သူ သေသွားရင် စောင့်ရှောက်ဖို့ ရည်ရွယ်ပြီး ကိုယ်ရံတော်တပ်



၂၀၁၃ ခုနှစ် "တရုတ်-မြန်မာ ချစ်ကြည်ရေး အသင်း ရုံးချုပ် (ပီကင်း)" တွင် အသင်းသူ အသင်းသားများနဲ့ တွေ့ဆုံစဉ် အမှတ်တရ။



တရုတ်ပြည်တွင် "တီနံအန်မင် ရင်ပြင် Tienan-men Squar" သို့ သွားရောက် လည်ပတ်စဉ်။

အနေနဲ့ ထားခဲ့တာပါ။ ရာထူးတွေလည်း အဆင့်ဆင့် ရှိမှာ သေချာပါတယ်။ ရှေ့ဆုံးတန်းက အရုပ်ကြီးတွေက အသက် နည်းနည်းကြီးတဲ့ပုံ ပေါက်ပါတယ်။ ဗိုက်တွေလည်း နည်းနည်း ထွက်နေတဲ့ပုံပါ။ ဗိုလ်ချုပ်တွေ ဖြစ်မှာပေါ့။

## ဖားမင်းမြို့နဲ့ ဗုဒ္ဓဘုရားကျောင်း

Xian မြို့ကနေပြီး မဟာယာန ဗုဒ္ဓဘာသာ ကျောင်းရှိရာ ဖားမင်းမြို့ကို ဘတ်စ်ကားနဲ့ သွားကြပါတယ်။ လမ်းက တော်တော် ကောင်းပါတယ်။ အသွား ငါးလမ်း၊ အပြန် ငါးလမ်းပါ။ ထူးခြားတာက လမ်း လယ်ကောင်ကျွန်းတွေဟာ မြန်မာပြည်က အမြန်လမ်းမှာ စိတ်ကူးပေါက်သလို စိုက်ထားတဲ့ အပင်တွေနဲ့ မတူပါဘူး။ Xian ကနေ ဖားမင်း ရောက်တဲ့အထိ လမ်းတစ်လျှောက်လုံး (ကီလိုမီတာ ၂၀၀) မှာ ပုဏ္ဏရိက်ပင်တွေ တောက်လျှောက် စိုက်ထားတာပါ။ အမြင့်က လူတစ်ရပ်လောက် ရှိပြီး ထုက ငါးပေလောက် ရှိပါလိမ့်မယ်။

လမ်းက ချောမွေ့နေတာတွေရယ်၊ လမ်းလယ်ကျွန်းမှာ ပုဏ္ဏရိက်ပင် စိုက်တာတွေ မြင်ရပြီး ကျွန်တော် စိတ်ထဲကနေ ကြိတ်သဘောကျနေပါတယ်။ ပုဏ္ဏရိက်ပင်တွေ ထူတဲ့အတွက် တစ်ဖက်လမ်းက မီးရောင်ထိုးရင် ဒီဘက်ကို မီးထိုးတာ သက်သာမှာ သေချာပါတယ်။ ကား မတော်တဆ ဖြစ်လို့ လမ်းလယ်ကောင် တက်သွားပြီ

ဆိုလည်း ပုဏ္ဏရိက်ပင်တွေ ဝင်တိုးမိရင်တောင် ကားအပျက်လည်း သက်သာမယ်၊ လူထိခိုက် နာကျင်မှုလည်း သက်သာမှာ သေချာပါတယ်။

## ခမ်းနားလှသော ဘုရားကျောင်း

အထက်က တင်ပြပြီးတဲ့အတိုင်းပါပဲ။ မဟာယာန ဂိုဏ်းဝင် ဗုဒ္ဓဘာသာကျောင်းပါ။ ဘဏ္ဍာရေးကတော့ တော်တော် တောင့်တင်းဟန်တူပါတယ်။ အဆောက်အဦတွေက ခမ်းနားလှပါတယ်။ ရောက်တာနဲ့ ကျွန်တော်တို့ကို ကျောင်းထိုင်ဘုန်းကြီးနဲ့ အဖွဲ့က ကြိုဆို နှုတ်ဆက်ပြီး နေ့လယ်စာနဲ့ ဧည့်ခံ ကျွေးမွေးပါတယ်။ အားလုံး သက်သတ်လွတ်ပါ။ သက်သတ်လွတ်ဆိုပေမဲ့ ချိုချဉ်ကြော်၊ အစိမ်းကြော်၊ ကုန်းဘောင်ကြီးကြော်၊ ၁၂ မျိုး ဟင်းချို စတဲ့ ဟင်းပွဲတွေ အများကြီးနဲ့ ဧည့်ခံတာပါ။ အသား မပါသော်လည်း အသားတုတွေကို လှိုင်လှိုင် သုံးထားတာပါ။

နေ့လယ်စာ စားပြီးတာနဲ့ ကျောင်းက ပြတိုက်ကို ခေါ်သွားပါတယ်။ အဲဒီမှာ လောလောလတ်လတ် လာလည်သွားတဲ့ သမ္မတ ဦးသိန်းစိန်နဲ့ အဖွဲ့ ဓာတ်ပုံတွေ တွေ့ရပါတယ်။ အဲ့ဒါ ပြီးတော့ လျှပ်စစ်ကားလေး တွေနဲ့ အဆောက်အဦ တစ်ခုဆီကို ခေါ်သွားပါတယ်။ အဲဒီနေရာက တစ်မိုင်ကျော်လောက် ဝေးမယ် ထင်ပါတယ်။ အဲဒီ အဆောက်အဦ မရောက်ခင် လမ်းရဲ့ ဘယ်/ညာမှာ ပန်းပုရုပ်ကြီးတွေ ရှိပါတယ်။ ပေ ၄၀ လောက် မြင့်မယ့် ပန်းပုရုပ်ကြီး ရှစ်ရုပ် ရှိပါတယ်။ ဘာရုပ်တွေလဲလို့ ကျွန်တော်က မေးတော့ အဲဒီကျောင်းမှာ ခေတ်အဆက်ဆက်က သတင်းသုံးသွားတဲ့ ဆရာတော်ကြီးတွေရဲ့ ရုပ်တုတွေပါလို့ ပြန်ဖြေပါတယ်။

## မြတ်စွာဘုရားရဲ့ လက်ညှိုးတော်လို့ ပြောတဲ့အရာ

လျှပ်စစ်ကားနဲ့ မိနစ် ၂၀ လောက် သွားပြီးတဲ့အခါ အဆောက်အဦ တစ်ခုကို ရောက်ပါတယ်။ အတော် ခမ်းနားတဲ့ အဆောက်အဦပါ။ အဲဒီ အဆောက်အဦမှာ ဘာရှိသလဲလို့ မေးတော့ ဘုန်းကြီးတွေက ဘာသာပြန်က တစ်ဆင့် မြတ်စွာဘုရားရဲ့ လက်ညှိုးတော် ရှိကြောင်း အဲဒီ လက်ညှိုးတော် ဆိုတဲ့ သမိုင်းကြောင်းကို ရှည်ရှည်ဝေးဝေး ရှင်းပြပါတယ်။

ကျွန်တော်က ဗုဒ္ဓဝင်ကိုလည်း နှံ့နှံ့စပ်စပ် ဖတ်ဖူးတဲ့အပြင် မြတ်စွာဘုရားရဲ့ ဓာတ်တော်၊ မွေတော်တွေ အကြောင်းနဲ့ စွယ်တော်တွေ အကြောင်းပါ ဖတ်ဖူးထားတော့ သူတို့ ပြောတဲ့ ဇာတ်လမ်းတွေကို သည်းခံနားထောင်နေရပါတယ်။ ပြီးတော့ ထပ်ပြောသေးတယ်၊ "မြတ်စွာဘုရားရဲ့ လက်ညှိုးတော်ကို ကျွန်တော်တို့က လူတိုင်းကို ဖူးခွင့်ပြုတာ မဟုတ်ပါဘူး။ ဦးဝင်းထိန်လို အရေးကြီးတဲ့ နိုင်ငံခြား ဧည့်သည်မို့လို့ ခွင့်ပြုတာပါ" တဲ့။

ကျွန်တော်က ဧည့်သည် ဆိုတဲ့အခါကျတော့ သူတို့ ပြောတာကို မငြင်းပါဘူး။ အလိုက်သင့်လေးပဲ "ဟုတ်ကဲ့၊ ဟုတ်ကဲ့" လို့ ဆိုပြီး သူတို့ ဦးဆောင်သွားတဲ့ လက်ညှိုးတော် ရှိတဲ့ ခန်းမကို ဝင်သွားပြီး အရိုအသေ ပေးပါတယ်။ အဆောက်အဦက တော်တော် ခမ်းနားပါတယ်။ ပေ ၆၀x၄၀ လောက် ရှိတဲ့ ခန်းမရဲ့ ကြမ်းပြင် တစ်ခုလုံးက ကော်ဇော ခင်းထားပါတယ်။ ဘာပဲဖြစ်ဖြစ် လက်ညှိုးတော်ကို ဖူးပြီး လိုက်ပို့တဲ့သူတွေ အားလုံး ကျန်းမာ ချမ်းသာစေကြောင်း မေတ္တာပို့ခဲ့ပါတယ်။

## အမျိုးမြို့

အဲဒီက ပြီးတော့ အစီအစဉ်မှာ ပါတဲ့ တရုတ်ပြည် အရှေ့ဘက်ကမ်း ကမ်းခြေမှာ ရှိတဲ့ "ရှားမင်း" ဆိုတဲ့ မြို့ကို

လေယာဉ်နဲ့ သွားပါတယ်။ အဲဒီမြို့ဟာ အရင် အစိုးရ လက်ထက်တုန်းက "အမ္ပိုင်" လို့ ခေါ်ပါတယ်။ အဲဒီမြို့ဟာ လွတ်လပ်ရေးအတွက် နိုင်ငံခြား အကူအညီ ရှာရာမှာ ပထမဦးဆုံး ဗိုလ်ချုပ် အောင်ဆန်းနဲ့ ဗိုလ်ရန်အောင်တို့ ရောက်ခဲ့တဲ့မြို့ပါ။ အခုတော့ အဲဒီမြို့ကို အမ္ပိုင်လို့ လူတွေက မသိကြတော့ပါဘူး။

အဲဒီမှာလည်း ဗုဒ္ဓဘာသာကျောင်းတစ်ခု ရှိလို့ သွားရောက် အရိုအသေပြုပါသေးတယ်။ ပြီးမှ အဲဒီမြို့ရဲ့ ထူးခြားတဲ့ နေရာကို သွားကြပါတယ်။ ထူးခြားတဲ့ နေရာဆိုတာက ကျွန်းကြီး တစ်ကျွန်းပါ။ ဆိပ်ကမ်းကနေ လှမ်းမြင်နေရပါတယ်။ အဆောက်အဦ မျိုးစုံနဲ့ သစ်ပင်၊ ပန်းပင်တွေ အလွန်များကြောင်း အဝေးကပင် ကြည့်တာနဲ့ သိရပါတယ်။ တကယ်တော့ အဲဒီကျွန်းဟာ မန်ချူး မင်းဆက်တုန်းက တရုတ်ပြည်ကို ရောက်လာတဲ့ နိုင်ငံခြား သံတမန်တွေကို နေခွင့်ပြုတဲ့ ကျွန်းပါ။

တရုတ်ပြည်ဟာ နိုင်ငံခြားသားတွေကို အမြဲတမ်း မယုံသင်္ကာတဲ့ စိတ်နဲ့ အမြဲ ဆက်ဆံလေ့ ရှိကြပါတယ်။ နိုင်ငံတကာ ထုံးတမ်း အစဉ်အလာအရ သံရုံးတွေကို လက်ခံထားခွင့်နဲ့ နိုင်ငံခြား သံတမန်များကို ခွင့်ပြုဖို့ဟာ အင်မတန် ဝန်လေးကြပါတယ်။ နိုင်ငံတကာ ဖိအားတွေ များလာတဲ့ အခါကျတော့မှသာ သူတို့ကို လက်ခံခဲ့တာပါ။ ဒါပေမဲ့ ပြည်မမှာ အခြေချခွင့် မပြုဘဲ ပီကင်းနဲ့ မလှမ်းမကမ်းမှာရှိတဲ့ အမ္ပိုင်မြို့နဲ့ ကပ်လျက်က ကျွန်းပေါ်မှာ အခြေပြုခွင့်ပေးပါတယ်။

ကျွန်းပေါ်မှာ နိုင်ငံခြား သံရုံးတွေက ကိုယ့်ကို ခွင့်ပြုတဲ့ မြေပေါ်မှာ အဆောက်အဦတွေ ဆောက်ပါတယ်။ လူနေအိမ်တွေ ဆောက်ပါတယ်။ အဲဒီကျွန်းပေါ်မှာ နိုင်ငံခြား သံတမန် ၁၃ ဖွဲ့ရဲ့ အိမ်တွေ၊ ရုံးတွေ ရှိတယ်လို့ သိရပါတယ်။ အဆောက်အဦတွေက အဆင့်မြင့်တဲ့အခါကျတော့ ခုခါမှာ ဟိုတယ်တို့၊ စားသောက်ဆိုင်တို့ ဖွင့်ထားပါတယ်။ ကျွန်တော် သွားနေတဲ့အချိန်မှာ ခေတ်အစားဆုံး ကိစ္စကတော့ မြို့ပေါ်မှာ လက်ထပ်ပြီးခါစ စုံတွဲတွေဟာ အဲဒီကို လာပြီး ဓာတ်ပုံရိုက်ကြတာပါ။ အခုအခါ မြန်မာပြည်မှာ ခေတ်စားနေတဲ့ Pre-wedding ဓာတ်ပုံတွေ ရိုက်တာမျိုးနဲ့ တူပါတယ်။

## ကူမင်းမြို့သို့

ရှားမင်ကနေ ကူမင်းကို လေကြောင်းက သွားခဲ့ပါတယ်။ ကူမင်းမြို့ဟာ မြန်မာပြည်ရဲ့ နယ်စပ်ဖြစ်တဲ့ ယူနန် ပြည်နယ်ရဲ့ မြို့တော်ပါ။ ပြည်နယ်ရဲ့ အကျယ်အဝန်းက မြန်မာပြည်ထက် ကျယ်ပါတယ်။ လူဦးရေလည်း မတိမ်းမယိမ်းပါ။ တရုတ်-မြန်မာ ဆက်ဆံရေးအပြင် စီးပွား-ကူးသန်း ကိစ္စတွေမှာလည်း အချက်အချာ ကျနေပါတယ်။ နယ်စပ် ကုန်သွယ်ရေးဟာ အရေးပါတဲ့ ကဏ္ဍတစ်ခု ဖြစ်နေပါတယ်။ အဲဒါတွေအပြင် မြန်မာနဲ့ ယူနန် ပြည်နယ်တွေမှာ ရှိနေတဲ့ တိုင်းရင်းသား လူမျိုးစုတွေဟာလည်း ဟိုဘက် ဒီဘက် ခွနေတဲ့ အနေအထားပါ။

အဲဒီလို ကူးလူးဆက်ဆံမှုတွေ များတဲ့အတွက် ကူမင်းမှာပဲ ကောင်စစ်ဝန်ရုံး တစ်ရုံး ဖွင့်ထားပါတယ်။ ၂၀၁၃ ခုနှစ်ဆိုတော့ ကျွန်တော်တို့က အတိုက်အခံဘဝပဲ ရှိပါသေးတယ်။ လွှတ်တော်က စေလွှတ်တာ မဟုတ်ဘဲ ပါတီချင်း ဆက်သွယ် ဖိတ်ကြားတဲ့ ခရီးသည်မို့ ပီကင်းမှာရော၊ ကူမင်းမှာရော မြန်မာသံအဖွဲ့တွေနဲ့ တွေ့ဆုံခြင်း မရှိခဲ့ပါဘူး။

ကျွန်တော့်ကို ယူနန် ပြည်နယ် အုပ်ချုပ်ရေး အဖွဲ့၊ တိုင်းရင်းသား ရေးရာဌာနက အုပ်ချုပ်ရေး အဖွဲ့ လာတွေ့ပါတယ်။ မြန်မာပြည်မှာ ရှိတဲ့ တိုင်းရင်းသား အများစုဟာလည်း ယူနန် ပြည်နယ်မှာ ရှိတဲ့ အတွက် ကြုံတွေ့ရတဲ့ ပြဿနာများနဲ့ ဖြေရှင်း ဆောင်ရွက်ရမယ့် ကိစ္စတွေဟာလည်း များသောအားဖြင့် တူညီမှု ရှိပါကြောင်း စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ပါတယ်။ အဲဒီနောက်မှာ သူတို့ဌာနက ဖွင့်လှစ်ထားတဲ့

တိုင်းရင်းသားရေးရာ အုပ်ချုပ်မှု စီမံရေး ရုံးကို သွားရောက် လည်ပတ်ခဲ့ပြီး ဌာန ဆိုင်ရာများနဲ့ အမြင်ချင်း ဖလှယ်ခဲ့ပါတယ်။

တရုတ် နိုင်ငံဟာ ကွန်မြူနစ် နိုင်ငံ ဆိုပေမဲ့ တိုင်းရင်းသားရေးရာ ကိစ္စတွေမှာ သူတို့ ကိုင်တွယ်ပုံ ကိုင်တွယ်နည်းဟာ အလွန် ဒီမိုကရေစီဆန်ပါတယ်။ အဓိကအားဖြင့် နိုင်ငံတော် အချုပ်အချာ အာဏာနဲ့ ပတ်သက်ပြီး မထိပါးသ၍ လိုက်လျောနိုင်တဲ့ ကိစ္စမှန်သမျှ လိုက်လျောခဲ့တာ တွေ့ရပါတယ်။ တိုင်းရင်းသားတွေရဲ့ ရုပ်ပိုင်း ဆိုင်ရာနဲ့ စိတ်ပိုင်း ဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေတာလည်း တွေ့ရပါ တယ်။

## တိုင်းရင်းသား ရွာများ

သူတို့ရဲ့ ဖိတ်ခေါ်မှုကြောင့် တိုင်းရင်းသား ရွာတွေကိုလည်း ရောက်ခဲ့ပါတယ်။ ကချင်၊ ရှမ်း၊ လီဆူးနဲ့ ဝ ရွာတွေကိုပါ။ ၁ထမဆုံး သွားခဲ့တဲ့ ရွာက ကချင်ရွာပါ။ ရောက်ခဲ့သမျှ တိုင်းရင်းသား ရွာတိုင်းမှာ တရုတ် ပြည်တွင်း ပြည်မက ညှို့သည်တွေနဲ့ အမြဲတမ်း စည်ကားနေပါတယ်။ ဒါဟာ အတုခိုးသင့်တဲ့ အစီအစဉ်တစ်ခုပါ။

လမ်းပြတဲ့ ပုဂ္ဂိုလ်က ကချင်ရွာမှာ ကျွန်တော်တို့ကို ဘာသာပြန်က တစ်ဆင့် သူတို့ရဲ့ ဓလေ့ ထုံးစံတွေနဲ့ အစိုးရဘက်က ပံ့ပိုး ဆောင်ရွက်မှုတွေကို ရှင်းပြပါတယ်။ အဲဒီလို ရှင်းပြပြီးတော့ ကချင်ရွာရဲ့ ယဉ်ကျေးမှု အစီအစဉ် တစ်ခုနဲ့ ညှို့ခံပါတယ်။ ဒါကတော့ ကချင် မနော အကပါ။ မိန်းကလေး ငါးယောက်၊ ယောကျ်ားလေး ငါးယောက် ပါတဲ့ ယဉ်ကျေးမှု အဖွဲ့က သူတို့ရဲ့ ရိုးရာသီချင်းမှာ မောင်းအကနဲ့ ကတာ ဖြစ်ပါတယ်။

ကျွန်တော်က ထုံးစံအတိုင်း ကချင် လုံချည်နဲ့ ပင်နီ တိုက်ပုံ ဆိုတော့ ကချင် အမျိုးသားတွေရဲ့ အဝတ်အစားတွေနဲ့ အလွန် ဆင်တူနေတာပါ။ ကလို့ ခဏနေတော့ အဖွဲ့ထဲက ယောကျ်ားလေး တစ်ယောက်က ကျွန်တော့်ကို လာပြီး လက်ဆွဲခေါ်ပါတယ်။ ဆိုလိုတဲ့ အဓိပ္ပာယ်က သူတို့နဲ့ အတူ လိုက်ကပေါ့။ ဒါနဲ့ ကျွန်တော်လည်း အလိုက်သင့်၊ သူတို့ ပေးတဲ့ ဓားကို လက်က ကိုင်ပြီး လူတန်းထဲမှာ လိုက်ပါ ကရပါတယ်။ အဲဒီလို ကနေတဲ့ အချိန်မှာ ကျွန်တော့် ရှေ့မှာ ကချင် မိန်းကလေး တစ်ယောက်ပါ။ စိတ်ထဲမှာ ပေါ်လာတာက ဒီကလေးတွေဟာ ကချင်အစစ်မှ ဟုတ်ပါလေစပေါ့။

## နမ်ဖုံ့ငယ် စောရအိုင်

အဲဒီလို အတွေးပေါ်လာလို့ ကျွန်တော့်ရှေ့က ကောင်မလေး ကျွန်တော့်ဘက် နောက်ပြန် လှည့်ပြီး ပြုံးပြတဲ့ အချိန်မှာ "ရာရှားဆိုင်အိ" လို့ မေးလိုက်ပါတယ်။ သူက "ရှားဆိုင်" လို့ ပြန်ပြောပါတယ်။ အဓိပ္ပာယ်က ထမင်း စားပြီးပြီလားလို့ မေးတာကို သူက စားပြီးပြီလို့ ပြန်ဖြေတာပါ။ ဒါဆို သူတို့က ကချင် အစစ် မဟုတ်ဘူးပေါ့။ အဲဒီ ကလေးမ နောက်တစ်ခါ ပြန်လှည့်ကြည့်ပြန်တော့ ကျွန်တော်က "နမ်ဖုံ့ငယ် စောရအိုင်" လို့ ပြောလိုက်ပါတယ်။ ကောင်မလေးက "ဟင်…" ဆိုပြီး တခြားနေရာကို ထွက်ပြေးသွားပါတယ်။ လမ်းပြ လိုက်လာတဲ့ ကလေးက "အန်ကယ် ဘာပြောလိုက်တာလဲ" လို့ မေးတဲ့အခါ "နင့်ကို ငါကြိုက်တယ်လို့ ပြောလိုက်တာ" ဆိုတော့ သူတို့က စိတ်မဆိုးတဲ့အပြင် တဝါးဝါးနဲ့ ပွဲကျသွားပါလေရော။

ကျန်တဲ့ ရှမ်းရွာ၊ လီဆူးရွာနဲ့ ဝရွာတွေကိုလည်း ရောက်ခဲ့ပါတယ်။ အားလုံးက ပျော်ပျော်ပါးပါးနဲ့ ညှို့ခံကြတာဟာ တော်တော် အတုယူစရာ ကောင်းတဲ့ ကိစ္စတွေပါ။ ကျွန်တော် တပ်မှာ တာဝန် ထမ်းစဉ်က မတောက်တခေါက် တတ်ထားတဲ့ တိုင်းရင်းသား စကားတွေနဲ့ သူတို့ကို ဆက်ဆံတဲ့အခါ သူတို့ကလည်း သဘောကျကြပါတယ်။

## မြစ်ဆုံ စီမံကိန်း

နောက်တစ်နေ့ မနက်ခင်းမှာ ကျွန်တော့်ကို မြစ်ဆုံ စီမံကိန်း လုပ်တဲ့ ကုမ္ပဏီ ဌာနချုပ်ကို ခေါ်သွားပါတယ်။ အဲဒီမှာ စီမံကိန်းရဲ့ အဆင့်ဆင့်သော လုပ်ငန်းဆောင်တာများကို ဓာတ်ပုံများ၊ မြေပုံများနဲ့ အကျယ်တဝင့် ရှင်းပြခဲ့ပါတယ်။ ကျွန်တော် ရောက်တဲ့အချိန်မှာ အဲဒီ စီမံကိန်းကို သမ္မတ ဦးသိန်းစိန်က ရပ်ဆိုင်းပစ်လိုက်တာ တစ်နှစ်နီးပါးလောက် ရှိနေပါပြီ။

စီမံကိန်းရဲ့ အထွေထွေ ကုန်ကျစရိတ်ဟာ ဘီလီယံများစွာ ရှိတဲ့အတွက် သူတို့အဖို့ ဘယ်လောက် နစ်နာတယ် ဆိုတာကိုလည်း ပြောပြကြပါတယ်။ အဲဒီလို ရှင်းပြပြီးတဲ့ နောက်မှာ အဲဒီ စီမံကိန်း အဆင့်ဆင့်ရဲ့ ဓာတ်ပုံကြီးတွေ နံရံမှာ ကပ်ထားတာတွေကို လိုက်ပြပါတယ်။ အရင် အစိုးရ လက်ထက်က မြန်မာပြည်က အရာရှိကြီးတွေ မြစ်ဆုံ စီမံကိန်းကို လာလည်တဲ့အခါ ပြောကြားသွားတဲ့ စကားတွေကို အောက်ခြေမှာ စာလုံး ကြီးကြီးနဲ့ ရေးထားတာတွေလည်း တွေ့ရပါတယ်။

"ဤမြစ်ဆုံ စီမံကိန်းကြီး အမြန်ဆုံး အကောင်အထည် ဖော်နိုင်ဖို့ ကြိုးစားကြပါ" လို့ တိုက်တွန်းတဲ့ စာသားကို ထိုစဉ်က ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ရဲ့ ဓာတ်ပုံအောက်ခြေမှာ ကပ်ထားပါတယ်။ အလားတူပဲ ထွက်သွားတဲ့ ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး မြစ်ဆုံ စီမံကိန်းကို လာရောက် လည်ပတ်တဲ့ ဓာတ်ပုံတွေကိုလည်း ပုံကြီးချဲ့ပြီး ကပ်ထားတာ တွေ့ရပါတယ်။

အဲဒီ စီမံကိန်းနဲ့ ပတ်သက်လို့ ကျွန်တော့်ကို မေးတဲ့အခါ ဒီဆုံးဖြတ်ချက်ဟာ သမ္မတ ဦးသိန်းစိန် အစိုးရရဲ့ ဆုံးဖြတ်ချက် ဖြစ်ပါတယ်၊ သူတို့ကလည်း အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီး ဆုံးဖြတ်ချက် ချခဲ့ တယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့က လက်ရှိ အခြေအနေမှာ လွှတ်တော်ကိုယ်စားလှယ် အနေနဲ့ပဲ ရှိနေတာမို့ လောလောဆယ် တိကျတဲ့ အဖြေ မပေးနိုင်သေးပါကြောင်း ပြောခဲ့ပါတယ်။

## ပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူးရဲ့ ညစာ စားပွဲ

မြန်မာပြည် မပြန်ခင်ညမှာ ပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူးက ညစာနဲ့ ဧည့်ခံပါတယ်။ ထုံးစံ အတိုင်း တရုတ် လူမျိုးတွေက အင်မတန် ဧည့်ဝတ်ကျေတဲ့သူတွေဆိုတော့ စားကောင်းသောက်ဖွယ် အမျိုးမျိုးနဲ့ ဧည့်ခံပါတယ်။ ကျွန်တော် ရောက်တဲ့ နေရာတိုင်းမှာ နေ့လယ်စာ၊ ညစာကို အမြဲလိုလို ဖိတ်ခေါ် ကျွေးမွေးခဲ့ပါတယ်။ အစား အသောက်တွေကလည်းစုံလှပါတယ်။ အစားအသောက်စုံရုံတင်မက ဟင်းအမည်တွေကို ခင်းထားပုံကလည်း အလှအပ ဆင်ထားသလို ဖြစ်ခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်တော်က ဧည့်သည်တွေကို ဂုဏ်ပြုတဲ့ အနေနဲ့ "တရုတ် လူမျိုးတွေဟာ အစားအသောက်တွေကို ပါးစပ်နဲ့ မစားခင်မှာ မျက်စိနဲ့ အရင်စားလေ့ ရှိကြတယ်ဗျ" လို့ ပြောခဲ့ပါတယ်။

ယခု ယူနန် ပြည်နယ် အုပ်ချုပ်ရေးမှူးရဲ့ ညစာစားပွဲကလည်း ဒီအတိုင်းပါပဲ။ အဲဒီလို အစားအသောက် တွေ အပြင် ဧည့်ခံပွဲတိုင်းမှာ တိုက်တဲ့ ယမကာကတော့ တရုတ်ပြည်ရဲ့ နာမည်ကြီး "မော်ထိုင်း အရက်" ပါ။ သောက်ရတဲ့ ခွက်ကလည်း ထည့်လိုက်ရင် အညာ ဇီးသီးတစ်လုံး ပမာဏလောက်သာ ဆံ့တဲ့ ခွက် ငယ်ငယ် လေးပါ။ ညစာစားပွဲမှာ စကားတွေ ပြောလိုက်၊ အဲဒီလောက် တစ်ခွက်စာလေးကို မော့လိုက်နဲ့ တရွေ့ရွေ့ အချိန် ကုန်စေပါတယ်။ မော်ထိုင်းကလည်း လည်ချောင်းထဲ ဝင်တယ် ဆိုကတည်းက ပူထူသွားလောက်အောင် ပြင်းပြပါတယ်။

ဒုတိယ အုပ်ချုပ်ရေးမှူးက အမျိုးသမီးပါ။ အသက်က ၅၀ လောက် ရှိပါပြီ။ အိမ်ထောင် မရှိဘူးလို့ ပြောပါတယ်။ မြန်မာပြည်က ဧည့်သည်တွေ အလာများတော့ လက်ရှိ အစိုးရ အဖွဲ့ထဲက ဝန်ကြီးတချို့နဲ့ တိုက်ရိုက် အဆက်အသွယ် ရှိပါသတဲ့။ အင်တာနက်၊ အီးမေးလ်၊ ဖေ့စ်ဘုတ်တွေနဲ့ ဆက်နေတာပါတဲ့။ စကား ပြောရင်း ပြောရင်းနဲ့ မြစ်ဆုံကိစ္စ ရောက်တဲ့အခါ ကျွန်တော်က ကိုယ့်နိုင်ငံရဲ့ စွမ်းအင် လိုအပ်ချက်တွေ အကြောင်း သိသမျှ ရှင်းပြပါတယ်။

သူကလည်း သူတို့ပြည်နယ်ရဲ့ စွမ်းအင် လုပ်ငန်းတွေ ပြောတဲ့အခါ စကားတစ်ခွန်း လွှတ်ခနဲ ထွက်သွားပါတယ်။ သူတို့ပြည်နယ်မှာ ရေအားလျှပ်စစ်နဲ့ ဓာတ်အားတွေ ဖြန့်နေတာ ပြည်နယ်ရဲ့ လိုအပ်ချက်ထက်တောင် ပိုနေပါတယ်တဲ့။ ကျွန်တော်ကလည်း သူ့စကားကို နင်းပြီး "စွမ်းအင် လိုအပ်ချက်တွေ ပိုနေတယ်ဆိုရင် မြစ်ဆုံ စီမံကိန်းကို လုပ်တာ ဘာအဓိပ္ပာယ်လဲ" လို့ မေးတဲ့အခါ သူ ပြန်မဖြေနိုင်တော့ပါဘူး။ ဒါနဲ့ ကျွန်တော်လည်း စကားလွှဲပြီး တခြားအကြောင်းအရာတွေ ပြောရပါတယ်။

## ၂၀၁၅ ခုနှစ် အတွက် ကြိုတင် ဟောကိန်း

ထမင်းစားရင်း၊ မော်ထိုင်း သောက်ရင်း ဧည့်သည်တွေကို ထိခိုက်မယ့် စကားတွေ လွှဲရှောင်ရင်းနဲ့ စကားက ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲကို ရောက်သွားပါတယ်။ ဒါက ကျွန်တော့် ခွင်လေ။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ ကျွန်တော်တို့ ပါတီက ၈၂ ရာနှုန်း နိုင်ခဲ့ပုံတွေ၊ စစ်အစိုးရက ကတိမတည်ဘဲနဲ့ အရွေးချယ်ခံ လွှတ်တော် ကိုယ်စားလှယ် ၂၀၀ လောက်ကို ထောင်ချပုံတွေ၊ ဒါတွေ ကြားက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခေါင်းဆောင်မှုနဲ့ NLD ကို ပြည်သူလူထု ထောက်ခံပုံတွေ အကျယ်တဝင့် ပြောပြခဲ့ပါတယ်။

အဲဒီလို ပြောရင်းနဲ့ သူက နောက်ရွေးကောက်ပွဲ ဘယ်တော့ဖြစ်မယ် ဆိုတာ မေးပါတယ်။ ကျွန်တော်က ၂၀၁၅ ခုနှစ်မှာ ကျင်းပမှာ ဖြစ်ကြောင်း ပြောပြတဲ့အခါ သူက နိုင်ဖို့ အလားအလာ ဘယ်လောက်ရှိလဲလို့ မေးပါတယ်။ ကျွန်တော်က ၂၀၁၅ ခုနှစ်မှာလဲ တို့ပဲ နိုင်ဦးမှာပဲ၊ အဲဒီကျရင် NLD က အစိုးရ ဖြစ်မှာ ဆိုပြီး ပြောခဲ့ပါတယ်။ သူက ရုတ်တရက် ငြိမ်ကျသွားပြီး "မြန်မာပြည် အနာဂတ်ကို မင်းလို ရဲရဲတင်းတင်း ပြောတဲ့ စကားမျိုး မကြားဖူးဘူး" လို့ ပြောပါတယ်။ ကျွန်တော်က ၁၉၈၈ ခုနှစ်ကတည်းက ဒေါ်အောင်ဆန်းစုကြည်နဲ့ တွဲပြီး အလုပ်လုပ်ဖူးတော့ ပြည်သူ လူထုက သူ့ကို ဘယ်လောက် ချစ်တယ် ဆိုတာ သိလို့ ပြောရဲတာပါလို့ ရှင်းပြလိုက်ပါတယ်။ အဲဒါ ၂၀၁၃ ခုနှစ်မှာပါ။

## ပဲနီးလေးဟင်းနဲ့ ငါးခြောက် ခရမ်းချဉ်သီးချက်

ကူမင်းက ရန်ကုန် ပြန်ရောက်တော့ မနက် ၁၀ နာရီခွဲလောက် ရှိပါပြီ။ လေဆိပ်က အိမ်ကို ဖုန်းဆက်ပြီး ဘာဟင်းတွေ ချက်ထားသလဲလို့ မေးတော့ အိမ်က ကောင်မလေးတွေက ပဲနီလေးဟင်းနဲ့ ခရမ်းချဉ်သီး ငါးခြောက် ချက်ပါတဲ့။ ကျွန်တော်က အေး၊ ငါ လာခဲ့တော့မယ် နာရီဝက်အတွင်း ထမင်းစားချင်တယ်လို့ ပြောလိုက်ပါတယ်။ အိမ်ရောက်တော့ ပဲနီလေး ကြာဇံဟင်း ပူပူနွေးနွေး၊ ခရမ်းချဉ်သီး ငရုတ်စိမ်းနဲ့ ငါးခြောက် ဟင်းတွေကို ခေါင်းမဖော်တန်း လွေးမိပါတော့တယ်။

အိမ်က ကောင်မလေးတွေကတော့ တအံ့တသြနဲ့ပေါ့။ "ဘဘက ဟိုမှာ ဘာမှ မစားခဲ့ရဘူးလား" လို့ မေးတော့ ကျွန်တော်က "စားခဲ့ရပြီကောအေ၊ မနက် နေ့ ည၊ တရုတ် ထမင်း တရုတ် ဟင်းတွေချည်း စားနေ ရတော့ သူတို့ ဟင်းတွေက တို့လျှာနဲ့ မဟပ်မိဘူးအေ့၊ ဒါ့ကြောင့် မစားဖူးတဲ့ ထမင်းဟင်း ဆိုရင် တစ်နပ်



၂၀၁၀ ခုနှစ်က ဒေါ်အောင်ဆန်းစုကြည်၊
ဒေါ်စုစုလွင်တို့နဲ့အတူ
ညီနံပါတ် ၁၂ မောင်ကျော်လင်း၊
ဇနီး မမိုးငယ်နဲ့
သားသမီး သုံးယောက်။



လွှတ်တော်သို့ ရောက်ရှိလာတဲ့
ဒေါ်အောင်ဆန်းစုကြည်အား
ကြိုဆို နှုတ်ဆက်စဉ်။
အနောက်ဘက်မှာ ဒေါက်တာ မျိုးအောင်
(နေပြည်တော် မြို့တော်ဝန်)၊ ဦးကျော်သီဟ
(အမျိုးသား လွှတ်တော် ကိုယ်စားလှယ်) နဲ့
ဦးမင်းသူ (နေပြည်တော် ကောင်စီ
ကော်မတီဝင်)။



သူရ ဦးတင်ဦး၊ ဒေါက်တာ တင်မိုးဝေတို့နဲ့အတူ
ကျွန်တော်တို့ မိသားစု။

နှစ်နှပ်ပဲ ကောင်းတယ်၊ ကြာတော့ ရှိုးသွားရော၊ တစ်သက်လုံး စားလာတဲ့ တို့ ထမင်း ဟင်းကို ပြန်တမ်းတလာမိတော့တာပေါ့” သူတို့ နားလည်လား မလည်လားတော့ မသိပါဘူး၊ ကိုယ့် အတွေ့အကြုံပေါ် မူတည်ပြီး သုံးသပ်ပြမိတာပါ။

## နောင် လာလတ္တံ့သော ပြည်ပ ခရီးစဉ်များ

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တာဝန် ထမ်းဆောင်နေစဉ်က လည်းကောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲပြီးလို့ ပါတီ တာဝန်ချည်းပဲ ထမ်းဆောင်နေစဉ်က လည်းကောင်း ပြည်ပ အဖွဲ့အစည်းများနဲ့ မကြာခဏတွေ့ဆုံရပါတယ်။ အဲဒီလို တွေ့ဆုံတိုင်း တချို့သော အဖွဲ့တွေက သူတို့ နိုင်ငံကို လာလည်ဖို့ ဖိတ်ခေါ်လေ့ရှိပါတယ်။ ဥပမာ- အမေရိကန် နိုင်ငံမှာ ဒေါ်နယ်ထရမ့်နဲ့ ဟီလာရီ ကလင်တန်တို့ ရွေးကောက်ပွဲတုန်းက လေ့လာဖို့ ဖိတ်ကြားခံရပါတယ်။ အလားတူပဲ ဂျပန် နိုင်ငံ၊ နော်ဝေး နိုင်ငံ၊ ဩစတေးလျ နိုင်ငံ၊ ထိုင်ဝမ်၊ တရုတ် နိုင်ငံ၊ မွန်ဂိုးလီးယား နိုင်ငံ စတဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။

ကျွန်တော်က သူတို့ရဲ့ ဧည့်ခံမှုတွေကို ယဉ်ယဉ်ကျေးကျေးနဲ့ ငြင်းပယ်ပါတယ်။ ပြီးမှ ဆက်ပြီးတော့ ပြောရတာက ကျွန်တော်ဟာ အသက်အရွယ်လည်းကြီးလာပါပြီ။ ပါတီ တာဝန်တွေကိုပဲ ဖောက်ချလုပ်နေမှာပါ။ ပြည်ပ ခရီးစဉ်တွေကို လူငယ်များကိုပဲ ဦးစားပေး စေလွှတ်ချင်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဖိတ်ခေါ်မှု အားလုံးကို ပါတီ ဌာနချုပ်ကိုပဲ ဖြစ်ဖြစ်၊ လွှတ်တော် အသီးသီးကိုပဲ ဖြစ်ဖြစ် ပို့ပေးစေချင်ပါတယ်လို့ တိုက်တွန်းခဲ့ပါတယ်။ ကျွန်တော်ရဲ့ အဲဒီဆန္ဒကို အခွင့်ကြုံတဲ့အခိုက်မှာ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း တင်ပြ ပြောပြခဲ့ဖူးပါတယ်။

## ဘာ့ကြောင့်များပါလိမ့်

ပြည်ပ ခရီးစဉ်တွေနဲ့ ပတ်သက်လို့ ကျွန်တော့်ရဲ့ ဆန္ဒတွေကို ကြားသိရတဲ့ အပေါင်းအသင်း မိတ်ဆွေတချို့က “ဘာဖြစ်လို့လဲ” လို့ မေးကြပါတယ်။ ဒီမေးခွန်းကို ကျွန်တော် မကြာခဏ မေးခံရလေ့ ရှိပါတယ်။ ကျွန်တော်ကလည်း ပြန်ရှင်းပြရပါတယ်။ ကျွန်တော်ဟာ အသက်အရွယ်အားဖြင့် ၇၇ နှစ် ဆိုတော့ ၈၀ နား ကပ်နေပြီပေါ့။ ၁၀ တစ်သက်တာ ဖြတ်သန်းမှုတွေအရ သော်လည်းကောင်း၊ လေ့လာ ဆည်းပူးခဲ့မှုတွေကြောင့် သော်လည်းကောင်း ကျွန်တော့် အတွက် အတွေ့အကြုံသစ် မလိုတော့ပါဘူး။ လူကြီး တစ်ယောက်အနေနဲ့ တဖြည်းဖြည်း မှေးမှိန် ပျောက်ကွယ် Fade Out (သို့) Fade Away ဖြစ်ရမယ့် အလားအလာအတိုင်း နေထိုင်ကျင့်ကြံသွားရမှာပါ။

အရေးကြီးတဲ့ နောက်တစ်ချက်ကတော့ နေရာတကာမှာ ကိုယ်က အခွင့်အရေး မယူမိဖို့ပါ။ ပိုပြီး အရေးကြီးတဲ့ တစ်ချက်တော့ လူငယ်တွေကို တာဝန်အရ သော်လည်းကောင်း၊ အတွေ့အကြုံအရ သော်လည်းကောင်း လက်ကမ်းမျှဝေဖို့ ဖြစ်ပါတယ်။ အဲဒီ အကြောင်းရင်းတွေကြောင့် ကျွန်တော်ဟာ ပြည်ပ ခရီးစဉ် ဖိတ်ခေါ်မှုတွေကို စိတ်ပြတ်အောင် ဖြတ်ဖို့ ဆုံးဖြတ်ခဲ့တာပါ။

## ခေါင်းပေါင်း ပြဿနာ


ကျွန်တော် နောက်အခန်းမှာ ရေးမယ့် ကျန်းမာရေး ပြဿနာတွေ အကြောင်း မရေးခင် ကျွန်တော့်ရဲ့ ကျန်းမာရေးက တစ်စ တစ်စ နိမ့်ပါးလာတာ သတိပြုမိပါတယ်။ ဒါဘာ့ကြောင့်ပါလိမ့်လို့ စဉ်းစားတဲ့အခါ လွှတ်တော် တက်တဲ့ ကာလတွေမှာ ခေါင်းပေါင်း ပေါင်းထားရလို့ပဲလို့ တွေးဆမိပါတယ်။ လွှတ်တော်က




နေပြည်တော်မှာ ကျင်းပတဲ့ အရွေးချယ်ခံ လွှတ်တော် ကိုယ်စားလှယ်များ စွမ်းရည်မြှင့် သင်တန်းတွင် သင်တန်း တာဝန်ရှိသူများနဲ့အတူ။ နောက်တန်းတွင် နေပြည်တော် ဝန်းကျင် လွှတ်တော် ကိုယ်စားလှယ်များ။

---

၂၀၁၇ ခုနှစ်၊ တော်ဝင်နှင်းဆီ ခန်းမ၌ ကျင်းပတဲ့ လူငယ် ဆွေးနွေးပွဲ။



မနက် ၁၀ နာရီ စတယ်၊ နေ့ခင်းပိုင်း သုံးနာရီလောက်မှာ ပြီးတယ်၊ တစ်နေ့ ငါးနာရီ နီးပါးပေါ့။ တစ်ပတ်ကို ငါးရက် ဆိုရင် ၂၅ နာရီ။

အနောက်တိုင်း ဆေးပညာအရ သော်လည်းကောင်း၊ တိုင်းရင်း ဆေးပညာအရ သော်လည်းကောင်း သိရတာက လူတိုင်းဟာ စက္ကန့်နဲ့မပျှ အငွေ့ပြန်ပါတယ်။ အဲဒီလို အငွေ့ပြန်မှု ကျန်းမာရေး ညီညွတ်တာပါ။



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ
သူရ ရွှေမန်းနဲ့ တွေ့ဆုံ နှုတ်ဆက်စဉ်။
နောက်ဘက်မှာ မင်းကင်း မြို့နယ်
ကိုယ်စားလှယ် ဒေါ်ခင်မွှေးလွင်နဲ့
မင်္ဂလာ တောင်ညွန့် မြို့နယ်
ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်း။

နေ့တိုင်း နာရီများစွာ ခေါင်းပေါင်း ပေါင်းထားခြင်းဟာ ခေါင်းက ထွက်မယ့် အငွေ့တွေကို ပိတ်ဆို့ထားတဲ့ သဘောပေါ့။ ဒါဆိုရင် ကျန်းမာရေး ထိခိုက်ပြီပေါ့။

ဒါ့ကြောင့် လွှတ်တော်မှာ ကျွန်တော် အဆိုတစ်ခု တင်ပါတယ်။ ခေါင်းပေါင်း ဆောင်းခြင်းကို အမြဲသော်လည်းကောင်း၊ ယာယီ သော်လည်းကောင်း ခွင့်ပြုပေးဖို့။ ဘာ့ကြောင့်လဲဆိုတော့ လွှတ်တော်ထဲမှာ တပ်မတော်သားတွေ ခေါင်းပေါင်း မပေါင်းရပါဘူး။ ဦးထုပ်လည်း မဆောင်းရပါဘူး။ အလားတူ တိုင်းရင်းသား ဝတ်စုံ အချို့နဲ့ ခေါင်းပေါင်းလည်း မလိုပါဘူး။ အမျိုးသမီး လွှတ်တော် ကိုယ်စားလှယ်တွေလည်း ခေါင်းပေါင်း မပေါင်းရပါဘူး။ ဒါ့ကြောင့်မို့ ခေါင်းပေါင်း ပေါင်းခြင်းကို အမြဲသော် လည်းကောင်း၊ ယာယီ သော်လည်းကောင်း ခွင့်ပြုပေးဖို့ အဆိုတင်ခဲ့တာပါ။

ကျွန်တော့်အဆိုက ကျန်းမာရေး ဌာနက ဒုဝန်ကြီး ထင်ပါရဲ့ လာဖြေပါတယ်။ အချုပ်အားဖြင့် ပြောရရင် ခေါင်းပေါင်းဆိုတာ မြန်မာနိုင်ငံသားများရဲ့ ဂုဏ်ကျက်သရေကို ဖော်ပြတဲ့အတွက် လွှတ်တော်ထဲမှာ ကိုယ်စားလှယ်များ ခေါင်းပေါင်း ပေါင်းသင့်ပါကြောင်းလို့ ရှင်းပြပြီး ကျွန်တော့် အဆိုမအောင်မြင်ခဲ့ပါဘူး။ ခေါင်းပေါင်း ဆက်ပေါင်းဖို့ ဆုံးဖြတ်ကြောင်း လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက ကြေညာပြီး တုံးထုလိုက်ပါတယ်။

## နောက်ဘဝ မစောင့်ဘူး

ကျွန်တော် ဆေးရုံတက်နေတုန်း ထင်ပါရဲ့ သတင်းက ရောက်လာပါတယ်။ အဲဒီနေ့က လွှတ်တော် တက်လာတဲ့ ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက ကျန်းမာရေး မပြည့်စုံပါဘူးတဲ့။ လွှတ်တော် ကျင်းပနေတုန်းမှာပဲ သူက ကျန်းမာရေး မကောင်းကြောင်း၊ တစ်ကိုယ်လုံး ချွေးတွေထွက်ပြီး ကတုန်ကရင် ဖြစ်နေကြောင်း၊ ဒါ့ကြောင့်မို့ အခြေအနေ လိုအပ်ချက်အရ ခေါင်းပေါင်း ချွတ်ထားမယ် ဖြစ်ပါကြောင်း လွှတ်တော် တစ်ရပ်လုံးကို ကြေညာလိုက်ပါသတဲ့။

အဲဒီ သတင်းကြားတော့ "ရယ်လိုက်ရတာ ဖတ်ဖတ်မော ရင်ဘတ်နောက်က ကျော" လို့ ပြောရမတတ် ပါပဲ။ လားရှိုးက တရုတ်ကြီး တစ်ယောက် ပြောသလို "ဗမာဘုရား တန်ခိုးကြီးတယ်၊ နောက် ဘဝ မစောင့်ဘူး" လို့ပဲ မှတ်ချက်ချမိပါတယ်။

♥ ♥ ♥ ♥ ♥

## အခန်း (၁၃)
## သားရေး သမီးရေးနဲ့ ကျန်းမာရေး

### ကျွန်တော့် သားသမီးများနဲ့ မြေးများ

ကျွန်တော် အိမ်ထောင်ကျတဲ့ ၁၉၇၂ ခုနှစ်က စပြီး ကလေး တစ်ယောက် ရခဲ့ပါပြီ။ ရပုံက အဲဒီ ကလေးဟာ ကျွန်တော့် ဇနီးသည်ရဲ့ ညီမ အငယ်ဆုံးပါ။ နာမည်က ဝင်းမာမြင့်တဲ့။ အိမ်က လူတွေနဲ့ သူငယ်ချင်းတွေက မီးမီးလို့ ခေါ်ကြပါတယ်။ သုံးနှစ်သမီး ဖြစ်ပြီး သူ့အစ်မကြီးနဲ့ မခွဲနိုင်ပါဘူး ဆိုပြီး ပါလာတာပါ။ ဘဝရေစက် နီးတယ်လို့ ပြောလို့ရမယ် ထင်ပါတယ်။

ဇနီးသည် မသိန်းမြင့်ကြည်မှာ မွေးချင်း ခုနှစ်ယောက် ရှိပါတယ်။ သူက အကြီးဆုံးပါ။ မီးမီးက အငယ်ဆုံးပေါ့။ မီးမီး အကြောင်းကို အပေါ်မှာ ကျွန်တော် ရေးပြခဲ့ပြီးပါပြီ။ ကျွန်တော်တို့နဲ့ ဘယ်လောက် ရေစက်နီးသလဲ ဆိုရင် အသက် ၂၅ နှစ်မှာ သူ ကွယ်လွန်သွားတဲ့အထိ သူ့မိဘအိမ်ကို တစ်ညမှ ပြန်မအိပ်ဖူးပါဘူး။ "တို့အိမ်မှာလည်း တစ်ခါတလေ ပြန်လာအိပ်ဦးပေါ့အေ" လို့ သူ့အမေက ခေါ်တိုင်း မီးမီးက အမြဲ ငြင်းလေ့ရှိပါတယ်။ သူ့အဖေကဆိုရင် အဲဒီလို ငြင်းတိုင်း သူ့ကို ပြစ်ပြစ်နှစ်နှစ် ဆဲလေ့ရှိပါတယ်။

မီးမီးရဲ့ အမေက မွန်သွေးပါတော့ မီးမီးရဲ့ ရုပ်ရည်က ကုလားကပြားလို့ ထင်ရပါတယ်။ ငယ်ငယ်လေး ကတည်းက သတ္တိကောင်းပါတယ်။ လူလည်း မကြောက်၊ သရဲလည်း မကြောက်ပါ။ ယောကျ်ားလေး တစ်ယောက်လို အားကိုးရပါတယ်။ ကျွန်တော့် ကလေးတွေ အတွက်ကတော့ သူက အစ်မကြီးပေါ့။

သူကိုယ်တိုင် လက်ထပ်ဖို့ ဆုံးဖြတ်ပြီး စီစဉ်တဲ့အခါ လက်ထပ်ပွဲရက် မတိုင်ခင် တစ်ပတ် အလိုမှာ ဆုံးသွားတာကတော့ တကယ့်ကို ရင်နင့်စရာပါ။ သူ ဆုံးပါးသွားတဲ့အခါ ကျွန်တော့်မှာ အတွေး တစ်ခု ဝင်လာပါတယ်။ ဘာလဲဆိုတော့ သူဟာ ကျွန်တော်တို့နဲ့ ရေစက်ပါလို့ မကွဲမကွာ အတူနေခဲ့တယ်၊ ကျွန်တော်တို့နဲ့ ခွဲခွာပြီး သူ့ဘဝကို တည်ထောင်မယ်ဆိုတဲ့ အချိန်မှာ သူဟာ ကျွန်တော်တို့နဲ့ ထာဝရ ခွဲခွာသွားခဲ့ရပါတယ်လို့ ဆိုတဲ့ အတွေးပါ။

### မဝင်းစုကြည် (ခ) ဖွန်

သူက ၁၉၇၃ ခုနှစ်မှာ မွေးတာပါ။ မင်္ဂလာဒုံ စစ်ဆေးရုံမှာ ဖြစ်ပါတယ်။ မျှော်လင့်တာက ယောကျ်ားလေးပါ။ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲလေ။ သမီးကိုပဲ ချစ်ရတော့တာပေါ့။ သူက ငယ်စဉ်ကတည်းက ခေါင်းမာပါတယ်။ မထင်ရင် မထင်သလို ပြုမူလေ့ရှိပါတယ်။ ကျွန်တော် တပ်ထဲမှာ နေတုန်းက ဖြစ်စဉ်လေး တစ်ခုကို ပြောပြ

ချင်ပါတယ်။ ၁၉၇၄ ခုနှစ်မှာ ကျွန်တော် တပ်ခွဲမှူး သင်တန်း တက်ရပါတယ်။ ရပ်စောက်/ဖထူး တပ်မြို့မှာပါ။ အဲဒီတုန်းက ကျွန်တော်တို့ မိသားစုဟာ ယောက်လမ်း (ယခု ယောမင်းကြီးလမ်း) မှာ နေနေပါပြီ။ မဖွန်က တစ်နှစ်သမီး ကျော်ကျော်ပေ့ါ။

ကျွန်တော် ဖထူးတပ်မြို့မှာ ရှိနေစဉ် ဇနီးသည်ထံက ပုံမှန် စာလာပါတယ်။ စာလာတိုင်း အမြဲပါလေ့ရှိတာက သမီးဖွန်ကြောင့် ပြဿနာ အမြဲ ဖြစ်နေတဲ့ အကြောင်းပါ။ ဘာလဲဆိုတော့ သူက နေ့လယ် တစ်ချိန်လုံး အိပ်ပြီး ညမှာ မအိပ်တဲ့ ပြဿနာပါ။ မအိပ်ရုံတင်မကပါဘူး၊ တငိုငို တရယ်ရယ်နဲ့ ဂျီကျနေတဲ့ အကြောင်းပါ။ ဒါ့ကြောင့် အဲဒီအချိန်က ခေတ်စားနေတဲ့ ဂျပန် မျက်မမြင် ဓားသိုင်း ရုပ်ရှင်ကားမှာ ပါတဲ့ မင်းသမီး နာမည် "အိုအိရှီ" ရဲ့ နာမည်ကို တုပြီး သူ့ကို "ဖွန်အိဂျီ" လို့ ခေါ်နေကြကြောင်း၊ ညဆိုရင် သူ့ရယ်၊ အတူ လိုက်နေတဲ့ ညီနဲ့ ညီမများက တလှည့်စီ ပွေ့ချီပြီး ချော့မှ အငိုတိတ်ကြောင်း၊ ဒါ့ကြောင့် မနက်လင်းခါနီးမှ အိပ်ပျော်သွားတတ်လို့ သူ့ကို ချော့ရတဲ့ သူတွေအားလုံး ခြေကုန်လက်ပမ်းကျတာ နေ့တိုင်းလိုလို ဖြစ်ကြောင်း အမြဲ ပါလေ့ရှိပါတယ်။

ဖထူး တိုက်ခိုက်ရေး ကျောင်းမှာ သင်တန်းတက်ရတဲ့ အချိန်က ဆောင်းတွင်း ဖြစ်တော့ သိပ် မပင်ပန်းပါ။ စစ်နည်းဗျူဟာ လေ့ကျင့်ခန်းများကြောင့် အဝတ်တွေ အားလုံးနီးပါး မြေနီရောင်သမ်းတဲ့ ဒဏ်ခံရပါတယ်။ စစ်ရေး သင်ခန်းစာများကြောင့် outdoor ထွက်ရတာများလို့ ကိုယ်အလေးချိန် ၁၀ ပေါင်လောက် ကျပြီး လူကလည်း အသားညိုရာကနေ မည်းသွားတဲ့အဆင့် ရောက်နေပါတယ်။ ဒါ့ကြောင့် သင်တန်းပြီးလို့ ရန်ကုန် ပြန်တဲ့အခါ ဇနီးသည်နဲ့ ညီမ နနရီတို့ လာကြိုကြပါတယ်။ ကျွန်တော် ဘူတာရောက်တော့ သူတို့က ကျွန်တော့် ကို မမှတ်မိကြပါ။ နနက အနားရောက်တော့ "ဒါ ကိုကြီးလား" လို့ မေးတော့မှ ကျွန်တော်က "ဟဲ့၊ ဟုတ်တယ် လေ" လို့ ပြန်ဖြေမှ သူတို့က နှုတ်ဆက်ရဲတာပါ။

## သမီးလေးနဲ့ ကျွန်တော်

ကျွန်တော် ပြန်ရောက်တဲ့နေ့မှာပဲ ဇနီးနဲ့တကွ ညီ၊ ညီမများက "ကိုင်း၊ မဖွန်နဲ့ သူ့အဖေတော့ ဒီညက စပြီး တွေ့ကြပြီပေ့ါ" လို့ တဖွဖွ ပြောပြီး "ကိုကြီး သမီးကို ဒီညက စပြီး ကိုကြီးပဲ တာဝန်ယူတော့" လို့ အပ်ပါတယ်။ ကျွန်တော်က ညဉ်းပိုင်း ခုနစ်နာရီလောက် ရောက်တဲ့အခါ သမီးလေး ဖွန်အတွက် နို့ဖျော်ခိုင်းပါတယ်။ နို့ဘူး လည်း ရရော ကျွန်တော်က သမီးဖွန်ကို အိပ်ခိုင်းပြီး နို့ဘူး တိုက်ပါတယ်။ မဖွန်က နို့စို့ပါတယ်။ ကျွန်တော်က ပါးစပ်ကလည်း ပြောသေးတယ် "ကဲ သမီး၊ ဖေကြီး ပြန်လာပြီနော်၊ နို့စို့ပြီးရင် အိပ်တော့နော်" လို့ တဖွဖွ ပြောနေပါတယ်။ မဖွန်က နို့စို့ရုံတင်မကဘူး နို့ မကုန်ခင် တရှူးရှူးနဲ့ အိပ်ပျော်သွားပါလေရော။

အဲဒီမှာ မိန်းမကလည်း ဒေါ်ပွ၊ ညီ ညီမတွေကလည်း ဒေါ်ပွ။ ဒါတင်မက အိပ်နေတဲ့ သမီးဘေးမှာ အော်ကြပြန်ပါသေးတယ်။ "ဟဲ့ ဖွန်အိဂျီ၊ နင် တို့ကို ဒုက္ခပေးခဲ့တာ သုံး-လေးလ၊ တစ်လျှောက်လုံး ငါတို့ အိပ်ကောင်းခြင်း မအိပ်ရ၊ ဟဲ့ ထလေ၊ ထပါဦးလား၊ တို့တုန်းကလို ဂျီကျပါဦးလား" စသဖြင့်ပေ့ါ။ ဒါပေမဲ့ မဖွန်ကတော့ တုတ်တုတ်မျှ မလှုပ်ပါ။ သမီးနဲ့ ကျွန်တော်ရဲ့ ဆက်ဆံရေးက ဒီလိုပါ။

## သမီးရဲ့ Boy friends များ

ကျွန်တော်ဟာ ညီမတွေတုန်းကတည်းက ပွင့်ပွင့်လင်းလင်း ဆက်ဆံပါတယ်။ ဒါ့ကြောင့် သူတို့ ရည်းစားတွေ အကြောင်းလည်း ကောင်းကောင်း သိပါတယ်။ သမီးတွေကျတော့လည်း ဒီလိုပါပဲ။ သမီးဖွန်ကတော့ ၁၆ နှစ်

သမီးကတည်းက ရည်းစားထားတာပါ။ ကျွန်တော့် ထောင်ထဲ ရောက်သွားတော့ သူ ပိုလွတ်လပ်သွားပြီးတော့ ရည်းစားလည်း ပိုထားလာတယ်လို့ ပြောရမှာပေါ့။ ကျွန်တော်ကတော့ သူတို့ကို လုံးဝမပူပါ။ သူတို့ ဘယ်ဘဝ ရောက်ရောက် ကိုယ့်သမီးဟာ ကိုယ့်သမီးပဲ၊ နူနူရွဲ့ရွဲ့ ကိုယ့်သမီးပဲ၊ ဒီလိုပဲ သဘောထားခဲ့တာပါ။

သမီးက တက္ကသိုလ် ရောက်တော့ သူ့ဘဝ ပိုပြီး ကျယ်ပြန့်လာပါပြီ။ ရည်းစားကိုလည်း ထည်လဲ ထားပါ တယ်တဲ့။ တစ်ခါတလေတော့လည်း သူက ရည်းစား တစ်ယောက်မက ထားပါတယ်။ ဒီသတင်းတွေကိုတော့ ဇနီးသည် ထောင်ဝင်စာ လာတိုင်း ကြားနေကျပါ။ ကျွန်တော်ကတော့ ဘာမှစိတ်မပူပါ။ သူ့ဇာတ် သူ နိုင်မယ်လို့ ယုံကြည်လို့ပါ။ ဒါပေမဲ့ သူ့ဖြစ်စဉ် တစ်ခုကို ကြားလိုက်ရတော့ လက်ဖျားခါမိပါတယ်။ သူ့အဒေါ် တစ်ယောက် ပြန်ပြောလို့ သိရတာပါ။

တစ်ချိန်မှာတော့ သူက တစ်ပြိုင်နက်တည်း ရည်းစား သုံးယောက်ထားပါသတဲ့။ ကြာတော့ သူ ဖြတ်ချင် လာပြီနဲ့တူပါတယ်။ သူ့ရည်းစား သုံးယောက်လုံးကို တစ်နေ့တည်း၊ တစ်ချိန်တည်းမှာ ချိန်းပါတယ်။ ဘယ်ကိုလဲ ဆိုတော့ စမ်းချောင်းက သူ့အဒေါ်ရဲ့ အိမ်ကိုပါ။ သူ့အဒေါ်ရဲ့ မိသားစုက ကျိုက်ထီးရိုး ဘုရားဖူး သွားမယ် လုပ်တဲ့အခါ မဖွန်ကလည်း သူလည်း လိုက်မယ်ပေါ့။ အဲဒီတော့ ကျိုက်ထီးရိုး မသွားခင် တစ်ညအလိုမှာ သူ့အဒေါ်အိမ်မှာ ညသွားအိပ်ပါသတဲ့။ သူ့ကောင်လေး သုံးယောက်ကိုလည်း စမ်းချောင်းက အဒေါ်အိမ်ကို မနက်စောစော လာဖို့ တစ်ချိန်တည်း ချိန်းလိုက်ပါတယ်။

နောက်နေ့လည်းကျရော မိုးမလင်းခင် အဲဒီကောင်လေးတွေ ရောက်လာပါတယ်။ သူတို့ချင်း ဆုံကြ တော့ ဖွန်က သူ့ကို ခေါ်တာ၊ ငါ့ကို ခေါ်တာနဲ့ စကားများကြပါလေရော။ အဒေါ် အိမ်က ပထမထပ်မှာ ရှိတော့ ကောင်လေးတွေ စကားများနေတဲ့ အသံကို ကြားတဲ့အခါ ကောင်လေး သုံးယောက်ကို လှေကားရင်းမှာ တွေ့လိုက်ရပါတယ်။ မဖွန်က ဘယ်လို ပြောလိုက်တယ် မသိပါဘူး။ ကောင်လေးတွေလည်း ကျိုက်ထီးရိုး မလိုက်ဖြစ်တော့ပဲ ဖွန်နဲ့လည်း ကင်းကင်းရှင်းရှင်း ဖြစ်သွားကြပါတယ်။ သူ့အဒေါ်တွေကတော့ မဖွန်ရဲ့ ဇာတ်လမ်းကို အခုထိ ဩချလို့ မဆုံးပါဘူး။

## လူနှစ်ယောက်ရဲ့ မတူတဲ့ ခံစားချက်

ကျွန်တော် ပထမအကြိမ် အင်းစိန်ထောင်မှာ ရှိစဉ်တုန်းကပါ။ ထောင်ဝင်စာမှာ ဇနီးသည်က သမီး ဖွန် စင်ကာပူကို အလုပ်လုပ်ဖို့ ထွက်သွားပြီဆိုတဲ့ အကြောင်း ပြောပါတယ်။ ကျွန်တော့် အခန်းကို ပြန်ရောက်တော့ ဝမ်းသာတဲ့အနေနဲ့ ခုန်ပေါက်ပြီး ခြေရမ်းလက်ရမ်းနဲ့ လှုပ်ပြီး ကသလို လုပ်ပါတယ်။ ထောင်ဝင်စာကို အတူ လိုက်တဲ့ ထောက်လှမ်းရေးက ကောင်လေးက "အဘ ဘာဖြစ်နေတာလဲဗျ" လို့ မေးတဲ့အခါ "ငါ ထောင်ထဲမှာ ရှိတာတောင် ငါ့သမီးက နိုင်ငံခြားသွား အလုပ်လုပ်ဖို့ ထွက်သွားပြီ၊ ဒါကို သဘောကျလို့ကွ" လို့ ပြောတော့ သူ့ဆီက တခြား ဘဝတူ အကျဉ်းသား တစ်ယောက်အကြောင်း ကြားသိရပါတယ်။

နာမည်တော့ မပြောတော့ပါဘူး။ အဲဒီနေ့မှာပဲ အဲဒီလူကြီး ထောင်ဝင်စာရှိလို့ ကျွန်တော့်ကို မေးတဲ့ ထောက်လှမ်းရေးက ကောင်လေးက လိုက်ရပါတယ်။ ထောင်ဝင်စာမှာ သူ့ဇနီးက သူတို့ရဲ့ သားတစ်ယောက် ဂျပန်ကို ထွက်သွားတော့မယ်၊ ညနေ လေးနာရီမှာ Thai Airways နဲ့ သွားတော့မှာမို့ ထောင်ပေါ်က လေယာဉ် ပျံ ဖြတ်ရင် သူ့အတွက် ရည်မှန်းပြီး မေတ္တာပို့ဖို့ မှာပါတယ်။ ထောင်ဝင်စာ တွေ့ပြီး အပြန်လမ်းမှာ တစ်လျှောက် လုံး ငိုလာပါသတဲ့။ ဘာဖြစ်လို့ ငိုတာလည်းလို့ မေးတော့ သူ့သား နိုင်ငံခြားသွားမှာ လိုက်မပို့နိုင်တဲ့အတွက် ဝမ်းနည်းလို့ ငိုတာလို့ ပြောပါတယ်တဲ့။ သူ့အခန်းရောက်တော့လည်း ဆက်ငိုဆဲပါတဲ့။ ထောက်လှမ်းရေး

ကောင်လေးက "အဘတို့ နှစ်ယောက်ကတော့ စံပါပဲဗျာ၊ ဖြစ်တာခြင်း အတူတူ တစ်ယောက်က ငို၊ တစ်ယောက်က ရယ် တကယ်ပါပဲ" လို့ တတွတ်တွတ် ရွတ်ပြီး ထွက်သွားပါလေရော။

## မဖွန် အိမ်ထောင်ကျပြီ

မဖွန်စင်ကာပူမှာ နှစ်နှစ်လောက်ကြာပါတယ်။ ရတဲ့ လုပ်အားခတွေနဲ့ မိသားစုကိုပြန်လည်ထောက်ပံ့ခဲ့ပါတယ်။ အဲဒီမှာ နေရင်းနဲ့ အင်းစိန်ကပဲ ထွက်သွားတဲ့ ငယ်သူငယ်ချင်း တစ်ယောက်နဲ့ တွေ့ပြီး အိမ်ထောင်ကျပါတယ်။ ကျွန်တော်တို့ သိတော့ နှစ်ယောက်စလုံး ပြန်ခေါ်ပြီး လက်ထပ်ပေးလိုက်ပါတယ်။ တစ်နှစ်လောက် ကြာတော့ သမီးလေး တစ်ယောက် မွေးပါတယ်။ သူတို့ဘက်လည်း မြေးဦး၊ ကျွန်တော်တို့ဘက်လည်း မြေးဦး ဆိုတော့ ချစ်လိုက်ကြတာ။ နာမည်ကိုတောင် "ပိုင်းပုံချစ်" လို့ မှည့်ခေါ်ထားပြီး မိသားစုနဲ့ မိတ်ဆွေတွေက "ပိုင်း" လို့ ခေါ်ကြပါတယ်။

မဖွန်ရဲ့ ကောင်လေးက စိတ်ဆတ်ပါတယ်။ စကားများ ရန်ဖြစ်ရင် လက်ပါတတ်ပါတယ်။ ပိုင်းလေး ကိုယ်ဝန်နဲ့တုန်းကတောင် ပါးတွေ၊ နားတွေ အရိုက်ခံရလို့ အိမ်ကို ပြန်လာဖူးပါတယ်။ ကျွန်တော်ကပဲ ဖျောင်းဖျပြီး ပြန်ပို့လိုက်ရပါတယ်။ ပိုင်းလေး မွေးပြီး မကြာခင်မှာ စကားများကြတဲ့ အခါ လက်နဲ့ပါမက ခြေထောက်နဲ့ပါ ကန်တဲ့အထိ ဖြစ်လာလို့ အိမ်ပေါ်က တစ်ခါတည်း ဆင်းလာပါတော့တယ်။ ကလေးလေးကိုတော့ ထားခဲ့ရတာပေါ့။ အဲဒီအချိန်မှာ ကျွန်တော်လည်း ထောင်ထဲ ပြန်ရောက်နေပါပြီ။

## တော်တော် လူမဆန်တဲ့သူတွေ

ဒါနဲ့ မဖွန်က စွန့်စားပြီး ဩစတေးလျ နိုင်ငံ အဆက်အသွယ်နဲ့ ထွက်သွားတဲ့အခါ ဟိုဘက် မိသားစုက ပိုင်းလေးကို ကျွန်တော်တို့ မိသားစုနဲ့ လုံးဝ အဆက်ဖြတ်လိုက်ပါတယ်။ အရွယ် ရောက်လာလို့ ကျောင်းနေတဲ့ အခါ ရှစ်တန်းလောက် ရောက်တော့မှ သူ့သူငယ်ချင်း "ရွှေဥ" လို့ ခေါ်တဲ့ ကောင်မလေးက ဆောင်ရွက်ပေးလို့ ပိုင်းလေးဟာ ကျွန်တော့် ဇနီးနဲ့ တခြား အစ်ကို အစ်မတွေကို တွေ့ဖူးခဲ့ပါတယ်။ ဒီအကြောင်းကို တစ်ဖက်က သိသွားတော့ ကောင်လေး အဖေက ရွှေဥကို ကျိန်းမောင်းပြီး ထောင်ချပစ်မယ့်အထိ ခြိမ်းခြောက်တာ ခံရပါတယ်။

ရွှေဥ ကျေးဇူးနဲ့ ပိုင်းလေးရဲ့ အကြောင်းကို ပြန်ပြန်ကြားနေရပါတယ်။ အခုတော့ စက်မှု တက္ကသိုလ် နောက်ဆုံးနှစ်တဲ့။ Boy friend တစ်ယောက်လည်း ရှိနေပြီတဲ့။ စတဲ့ သတင်းတွေပေါ့။ အခုဆို သူဟာ ၂၀ နှစ် ရှိနေပါပြီ။ ရှားရှားပါးပါး တယ်လီဖုန်းနဲ့ စကားပြောဖူးရုံက လွဲလို့ ကျွန်တော် ပိုင်းလေးကို အခုထိ လူချင်း မတွေ့ဖူးသေးပါဘူး။

ဒီသမီးလေး အကြောင်း စဉ်းစားတဲ့အခါမှာ "ဩော် ဒီသမီးလေး ယခင် ဘဝ ဘဝတွေက ဘာဝဋ်ကြွေး ရှိခဲ့လို့ပါလိမ့်၊ အဖေရင်း အမေရင်းနဲ့ အတူ မနေရဘဲ တစ်သက်လုံး ခွဲခွာနေရတဲ့ အဖြစ်၊ သူ့အဖေကလည်း အမေရိကား ထွက်သွားပြီး သူ့အိမ်ထောင်နဲ့သူ။ အမေရင်းနဲ့ ခဏတဖြုတ် တွေ့ဖူးရုံကလွဲလို့ မိစုံဖစုံနဲ့ မနေဖူးခဲ့ရရှာဘူး" ။

ဒါပေမဲ့ သူ့ကို မွေးစားသလို စောင့်ရှောက်ထားတဲ့ အဒေါ် မိသားစုက ကြွယ်ဝသူတွေ ဖြစ်တော့ မိဘနဲ့ မနေရသော်လည်းပဲ ပညာရေးနဲ့ တခြား လူမှုရေး လိုအပ်ချက်တွေကိုတော့ ပြည့်ပြည့်စုံစုံ ရနေလေတော့ တော်ပါသေးရဲ့လို့ တွေးမိပါတယ်။ ပိုင်းလေးကို ကျွန်တော်တို့ မိသားစုနဲ့ လုံးဝ မထိတွေ့၊ မဆက်ဆံရအောင်

လုပ်ထားတဲ့ သူကတော့ ကောင်လေးရဲ့ အဖေပါ။ တိုတို ပြောရရင် တော်တော်ကို လူမဆန်တဲ့သူလို့ ပြောရမှာပါ။

## မဖွန်ရဲ့ နောက်အိမ်ထောင်

ဩစတေးလျ နိုင်ငံမှာ နေရင်း အဲဒီနိုင်ငံက သူတစ်ယောက်နဲ့ အိမ်ထောင်ကျပါတယ်။ ခင်ပွန်းသည်က ငါးဖမ်း လုပ်ငန်းနဲ့ ပတ်သက်တဲ့ အလုပ်တွေ လုပ်ပါတယ်။ သမီးကိုယ်တိုင်ကတော့ ပုံနှိပ်စက်ဆိုင်ရာ အလုပ်လုပ် ပါတယ်။ သားတစ်ယောက်၊ သမီးတစ်ယောက် ရှိနေပါပြီ။ သမီးကြီး နာမည်က "လဝန်းသော်တာ" ပါတဲ့။ ခုနစ်နှစ် ရှိပါပြီ။ ဓါတ်ပုံရိုက်ရင် အမြဲ အိုက်တင်ပေးလေ့ရှိတဲ့ အတွက် ကျွန်တော်က သူ့ကို "ပဲစိန်" လို့ ခေါ်ပါတယ်။ ဒီလို ခေါ်တိုင်း သူက နှုတ်ခမ်းစူပြတတ်ပါတယ်။

အငယ်ကောင်က သုံးနှစ် ရှိပါပြီ။ "ကျားလေး" လို့ နာမည်ပေးထားပါတယ်။ နာမည်စီးတယ်နဲ့ တူပါ တယ်။ ကြမ်းလိုက်၊ ရမ်းလိုက်တာကတော့ နှစ်ယောက်မရှိဘူး ပြောရပါမယ်။ လူကို တွေ့ရင် လက်သီးနဲ့ ထိုး၊ ခြေထောက်နဲ့ ကန်၊ ခေါင်းနဲ့ တိုက် အဲဒီလို လုပ်လေ့ရှိပါတယ်။ အဲဒီလိုမှမဟုတ်ဘဲ လူချင်း ရင်ဆိုင်ရရင် လက်နှစ်ချောင်းကို ကွေးပြီး မျက်နှာ အမူအရာ အမျိုးမျိုးနဲ့ ချိန်းခြောက်တဲ့ အပြင် ပါးစပ်ကလည်း မာန်ဖီ ပါသေးတယ်။

အဲဒီ မြေးနှစ်ယောက်လုံးရဲ့ အသားအရေဟာ အာရှတိုက်သားရဲ့ ပုံစံ တစ်ခုမှ မပါပါဘူး။ ဥရောပတိုက် သားလို့ ထင်ရလောက်အောင် အသားဖြူပါတယ်။ လဝန်းသော်တာကတော့ ဘုရားရှိခိုး ရတဲ့အပြင်၊ သံဗုဒ္ဓေ ဂါထာကိုလည်း အလွတ် ရွတ်နိုင်ပါတယ်။ အဲဒီအပြင် ဗိုလ်ချုပ် အောင်ဆန်း ကဗျာကိုလည်း အလွတ် ရွတ်နိုင် ပါတယ်။ အဲဒီလို ရွတ်တာတွေကို သူ့အမေက Facebook ပေါ် တင်လို့ တော်တော် လူကြိုက်များခဲ့တယ်လို့ သိရပါတယ်။

## Sonny Norton

မဖွန်ရဲ့ နောက်အိမ်ထောင် နာမည်က Sonny Norton ပါ။ သူက ပင်လယ် ငါး/ပုဇွန်တွေနဲ့ လုံးထွေးနေတဲ့ လုပ်ငန်းပါ။ အလောင်းအစား မရှိ၊ မူးယစ်ဆေးဝါး မသုံး၊ အရက် မသောက်တဲ့ နိုင်ငံခြားသားပါ။ ကျွန်တော် တိုက်တွန်းမှ တစ်ခါတလေ ဘီယာသောက်တာပါ။ သူက အချိန်အားရရင် ပင်လယ်ကမ်းစပ်နဲ့ နီးတော့ ငါးများ ထွက်လေ့ရှိပါတယ်။ ပင်လယ်ထဲထွက် ငါးများနိုင်အောင်လည်း မော်တော်ဘုတ်တစ်စီး ဝယ်ထားပါတယ်။

သူ ငါးများတာက ထူးဆန်းပါတယ်။ သူ များလို့ရတဲ့ ငါးက တစ်ထွာလောက်ပဲ ရှိရှိ၊ တစ်တောင် လောက်ပဲ ရှိရှိ၊ ငါးများချိတ်က ဖြုတ်ပြီး ဓာတ်ပုံရိုက် မှတ်တမ်းတင်ပါတယ်။ ပြီးတော့မှ ပြန်လွှတ်လိုက်ပါတယ်။ ဘယ်လို ပုံစံနဲ့ပဲ များများ အကုသိုလ် မကင်းဘူးဆိုတဲ့ အကြောင်း သူ့ကို ပြောပြဖို့ ရည်ရွယ်ထားပါတယ်။ မပြောဖြစ်သေးပါဘူး။

သူက သူ့သားသမီးတွေကိုတော့ အရမ်း ချစ်ပါတယ်။ စည်းကမ်းလည်း ထိန်းပါတယ်။ မအေကတော့ အလိုလိုက်လို့ မကြောက်ကြပါဘူး။ သူတို့ ဖအေကိုတော့ ချစ်လည်းချစ်၊ ကြောက်လည်းကြောက်ပေါ့။ ကျွန်တော်က လဝန်းသော်တာနဲ့ ကျားလေးတို့ကို ဖုန်းဆက်တိုင်း နှုတ်ဆက်လေ့ရှိတဲ့ စကားတစ်ခု ရှိပါတယ်။ ဖုန်းအဆက်အသွယ် ရတာနဲ့ ကျွန်တော်က "လဝန်းသော်တာ အီးစား၊ ကျားလေး အီးစား" ဆိုရင် သူတို့က လည်း "ဘိုးဘိုး အီးစား" လို့ ပြန်ပြောနေကျပါ။



၁၉၉၅ ခုနှစ်၊ ဒေါ်စု မိသားစုနဲ့ အတူ။ ဆရာ Michael Aris နဲ့ သားများ ဖြစ်ကြတဲ့ Alexander ၊ Kim နဲ့ သူ့ သူငယ်ချင်းများ။



မိသားစုများနဲ့ ဒေါ်အောင်ဆန်း စုကြည်။

သူတို့ မိသားစု နေပြည်တော် လာလည်တုန်းက လွှတ်တော်ကို လေ့လာရေးခရီး လာကြပါတယ်။ အဲဒီတုန်းက ဒေါ်စုကလည်း လွှတ်တော် ကိုယ်စားလှယ် ဖြစ်နေတော့ လွှတ်တော် ခဏနားတဲ့ အချိန်မှာ တွေ့ပြီး နှုတ်ဆက်ကြပါတယ်။ နှုတ်ဆက်ပြီး ဓာတ်ပုံရိုက်တော့ ကျွန်တော်နဲ့ မဖွန့်တို့ မိသားစုက ကပ်လျက်ပါ။ ကျွန်တော့် ဘေးမှာ ရှိနေတဲ့ လဝန်းသော်တာကို ကျွန်တော်က စလိုက်ပါတယ်။ "လဝန်းသော်တာ အီးစား" ဆိုတာနဲ့ သူကလည်း မဆိုင်းမတွ ပြန်အော်ပါတယ်။ "ဘိုးဘိုး အီးစား" ပေါ့။ ဒေါ်စုက "ကိုဝင်းထိန်၊ ကလေး တွေကို မဟုတ်တာတွေ သင်ပေးနေတယ်" လို့ မှတ်ချက်ပြုပါတယ်။

## သားကြီး မောင်ဆန်းဝင်းထိန်

ဇူလိုင်လ၊ အင်္ဂါနေ့မှာ မွေးလို့ သူ့ကို ဆန်းဝင်းထိန်လို့ နာမည်ပေးထားပါတယ်။ သမီးအကြီးက ဇွန်လမှာ မွေးလို့ မဇွန်။ သူက ဇူလိုင်မှာ မွေးလို့ "သားဂျူ.... သားဂျူ" လို့ ခေါ်ရင်းနဲ့ ကာလ ရွှေ့လျောလာတဲ့အခါ သားဂျူကနေ သားဂျူး ဖြစ်သွားရော။ အဲဒီတော့ သူ့ကို အမျိုးတွေကရော မိတ်ဆွေတွေကပါ သားဂျူးလို့



မဖွန်၊ မချစ်နဲ့ မြေး နှစ်ယောက်။



မြေးမလေး လဂန်းသော်တာ (ခ) Calias Norton (ကျွန်တော်ရဲ့ ခေါင်းပေါင်းနဲ့)။

ခေါ် နေကြပါပြီ။ ၁၉၉၆ ခုနှစ်မှာ ကျွန်တော် ပြန်အဖမ်းခံရပြီးတဲ့နောက် သမီးကြီး မဖွန်နဲ့ သားဂျူးတို့ တက္ကသိုလ် ရောက်နေကြပါပြီ။ တက္ကသိုလ်မှာ နှစ်ကုန်လို့ စာမေးပွဲဖြေတဲ့အခါမှာ မဖွန်ရော သူရော စာမေးပွဲကျပါတယ်။ ဒီကိစ္စကို သေသေချာချာ စဉ်းစားကြည့်တဲ့အခါမှာ ဒါဟာ တမင်သက်သက် လုပ်ကြံခံရတာလို့ သိလိုက်ပါတယ်။

ဘာ့ကြောင့်လဲ ဆိုတော့ အဲဒီကာလတုန်းက နိုင်ငံရေး အသိုင်းအဝိုင်းဟာ ရက်ရက်စက်စက် အနှိပ်ကွပ်ခံရတဲ့ ကာလ ဖြစ်ပါတယ်။ နိုင်ငံရေး လှုပ်ရှားမှုတွေမှာ တက်ကြွလို့ ထောင်ချခံရတဲ့ တက္ကသိုလ် ကျောင်းသားအများစု ကျောင်းထုတ်ခံရပါတယ်။ ဆေးတက္ကသိုလ် ကျောင်းသားတွေအဖို့ အလွန် နစ်နာလှပြီပေါ့။ တက္ကသိုလ် ပြန်တက်ချင်ရင် အဖြေက ရှင်းတယ်လေ။ သူတို့နဲ့ ပူးပေါင်းပေါ့။ အဲဒီလို ထောင်ထွက် ကျောင်းသားတွေထဲက အနည်းစုကတော့ သူတို့ရဲ့ ပံ့ပိုးမှုနဲ့ တက္ကသိုလ်ပြန်တက်ပြီး ဘွဲ့တွေ ရခဲ့တာ သိရပါတယ်။

ကျွန်တော်က ပထမ နိုင်ငံရေးအမှုနဲ့ ထောင်ကျတယ်၊ နောက်တစ်ခါ ထပ်ပြီးလှုပ်ရှားလို့ အဖမ်းခံရပြီး ထောင်ကျပြန်တယ်။ ဒါကို မိသားစုက ထိထိရောက်ရောက် မဟန့်တားနိုင်တဲ့အတွက် သူတို့ကိုပါ အပြစ်ပေးတဲ့ အနေနဲ့ စာမေးပွဲချပစ်တာပါ။ ဒါ့ကြောင့် သားရော၊ သမီးရော စိတ်ပျက်ပြီး နိုင်ငံခြားကို ထွက်သွားကြတာပါ။ အထက်မှာ ရေးခဲ့သလို သမီးဖွန်က ဩစတေးလျကို။ သားဂျူးကျတော့ အမေရိကားကို ထွက်သွားကြပါတယ်။

Illinois ပြည်နယ်က ချီကာဂိုမြို့မှာ ရောက်နေတဲ့ ကျွန်တော့်မိတ်ဆွေ ကိုသန့်ဇင်မြင့် (DSA အပတ်စဉ်-၁၁) နဲ့ ဇနီး မတင်ရီတို့က အများကြီး အကူအညီ ပေးပါတယ်။ ပြည်နယ် တက္ကသိုလ်မှာ ပညာသင်ခွင့်ရပြီး ဘွဲ့ရတဲ့အထိ ပညာဆုံးခန်းတိုင်အောင် သင်နိုင်ခဲ့ပါတယ်။ နောက်မှာ ဆန်ဖရန်စစ္စကိုမြို့မှာ အခြေစိုက်တဲ့ အာမခံ လုပ်ငန်း တစ်ခုမှာ အလုပ်လုပ်နေတာ ၂၀၁၇ ခုနှစ် အထိပါဘဲ။

အဲဒီလိုပြန်လာတဲ့အခါမှာ သူ့ရဲ့ လက်သုံးစကားက "ဖေကြီးကိုပြုစုဖို့" ပါတဲ့။ ဒါကြောင့် နေပြည်တော်မှာ နေတဲ့ ကျွန်တော့် အခန်းမှာ သုံး-လေးလလောက် အတူနေ၊ အတူစား၊ အတူသွားပေါ့။ တစ်နေ့တော့ ကျွန်တော့်ဆီကို လာပြီး အင်တာဗျူးတဲ့ သတင်းထောက်မလေး တစ်ဦးနဲ့ ချိတ်မိပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှာ လက်ထပ်ဖြစ်ခဲ့ပါတယ်။

မိန်းကလေးက ပြည်ပ သတင်းဌာန တစ်ခုမှာ လုပ်နေတာပါ။ အဲဒီ မိန်းကလေး နှင်းရတနာဇော်က ကျွန်တော်နဲ့ လွန်ခဲ့တဲ့ သုံး-လေးနှစ်ကတည်းက ရင်းနှီးခဲ့တာပါ။ ပထမ Reuters သတင်း ဌာနမှာ လုပ်တာပါ။ သူ့ဇာတိက မန္တလေးကပါ။ အဖေနဲ့တော့ မရင်းနှီးပေမဲ့ သူ့အမေက (ဒေါ်ယဉ်ယဉ်မြ) နေပြည်တော်မှာ နေတဲ့ အပြင် ပညာရေး ဌာနက အရာရှိတစ်ယောက် ဖြစ်တော့ ကျွန်တော်နဲ့ မကြာခဏ တွေ့ဖြစ်ပြီး ရင်းနှီး ခင်မင်ခဲ့ ပါတယ်။

## သားငယ်လေး (ခ) အောင်ခန့်ဝင်းထိန်

သမီးဖွန်ကို မွေးပြီးတော့ ဇနီးသည်က သားဆက်ခြားချင်တယ် ဆိုတဲ့ဆန္ဒနဲ့ ဆေးတွေ စားရပါတယ်။ အဲဒီ ဆေးတွေကို အားကိုး စားနေပြီး ကိုယ်ခန္ဓာ ကြံ့ခိုင်အောင် အေရိုးဗစ်နဲ့ ကိုယ်လက် ကြံ့ခိုင်ရေး လေ့ကျင့်ခန်းတွေ လုပ်နေခဲ့ပါတယ်။ အဲဒီလို လုပ်နေတဲ့ကြားထဲက သားဂျူး ကိုယ်ဝန်ဆောင်ပြီး မွေးလာတဲ့အပြင် သားငယ်လေး ကိုလည်း ဒီလိုနည်းနဲ့ ကိုယ်ဝန် ရှိလာခဲ့တာပါ။ အဲဒီသား နှစ်ယောက်လုံးဟာ ကျွန်တော်တို့နဲ့ ဘဝရေစက် ပါလို့ ဖြစ်မယ်လို့ ယူဆမိပါတယ်။

တကယ်တော့ သားငယ်လေး ကိုယ်ဝန်ဆောင်နေတဲ့ အချိန်မှာ ကျွန်တော်က အုန်းကျော်မြင့် ကိစ္စနဲ့ ပတ်သက်ပြီး တပ်မတော် ထောက်လှမ်းရေး အချုပ်ခန်း ရေကြည်အိုင် ရောက်နေတဲ့ ကာလပါ။ မိခင်လောင်း များ ကိုယ်ဝန်ဆောင်တဲ့အချိန်မှာ တတ်နိုင်သမျှ ပျော်ပျော်ရွှင်ရွှင် နေရပါတယ်။ စိတ်ထား ကောင်းကောင်း ထားရပါတယ်။

ကျွန်တော့် ဇနီးသည်မှာ အဲဒီလို မထားနိုင်ခဲ့ပါဘူး။ ခင်ပွန်းသည် အချုပ်အနှောင် ခံရတဲ့အတွက် ကြောင့် စိတ်သောက ခံနေခဲ့ရပါတယ်။ ဒါ့ကြောင့် သူ့ကို မီးရှူးသန့်စင်ပြီးတဲ့အခါ ငယ်စဉ်ဘဝမှာတုန်းက သိပ် မသိသာပေမဲ့ အသက်အရွယ် ရလာတာနဲ့အမျှ မသိမသာ တစ်မျိုး၊ သိသိသာသာ တစ်မျိုး ပြဿနာတွေ စဖန်တီးလာပါတယ်။ သူ ကိုယ်ဝန်ဆောင်ချိန်တုန်းက မိခင်ဖြစ်သူ သောကပဋိဒေဝ ခံစားခဲ့ရတာတွေရဲ့ အကျိုးဆက်ပါ။

ဥပမာ တစ်ခုပြောပါရစေ။ ၁၉၉၉ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခင်ပွန်း ဆရာ Michael Aris ကွယ်လွန်ခဲ့ပါတယ်။ မိသားစုရင်း အဆက်အသွယ် ရှိတဲ့အတွက် ကျွန်တော့် ဇနီးသည်က အဲဒီလကုန် ထောင်ဝင်စာ မလာနိုင်ခဲ့ပါဘူး။ ဒါ့ကြောင့် သားငယ်လေး တစ်ယောက်သာ လာခဲ့ပါတယ်။ မြင်းခြံ ထောင်မှာပါ။ ကျွန်တော်က တွေ့ခွင့်ရတဲ့ အချိန်လေးမှာ အခွင့်အရေး အပြည့်ယူပြီး သားငယ်လေးကို တရားဟော ရပါတယ်။ အိမ်မှာ ယောကျ်ားသား ဆိုလို့ သားတစ်ယောက်ပဲ ရှိကြောင်း၊ မိန်းမသားများ ဖြစ်တဲ့

အမေနဲ့ ညီမလေးကို ကိုယ်က စောင့်ရှောက်ရမယ်ဆိုတဲ့ အကြောင်းအတွေကို နည်းမျိုးစုံနဲ့ တတွတ်တွတ် ပြောခဲ့ပါတယ်။ သူကလည်း ဟုတ်ကဲ့၊ ဟုတ်ကဲ့ပေါ့။

ပြေလကုန်တော့ ဇနီးသည် ထောင်ဝင်စာ လာတွေ့ပါတယ်။ သူ ပထမဦးဆုံး ပြောတဲ့စကားက "ငယ်လေး မိန်းမခိုးပြေးသွားပြီ" ပါတဲ့။ ကျွန်တော့်မှာ ရင်ဘတ်ကို မြင်းကန်ခံရရင်တောင် အဲ့ဒီလောက် နာမယ် မထင်ပါဘူး။ အဲဒီလောက်ထိ ခံစားလိုက်ရတာပါ။ ဆက်ပြောတဲ့ စကားတွေအရ သိရတာက သင်္ကြန် ကာလ မှာ ကောင်မလေးတစ်ယောက်နဲ့ တွဲပြီး သင်္ကြန် လျှောက်လည်ကြပါသတဲ့။ သင်္ကြန်လည်း ပြီးရော နှစ်ယောက် သား ခိုးပြေးကြတာပါ။ မိန်းမက စိတ်ဆိုးလွန်းလို့ လက်မခံတော့ သူ့အဘိုး အဘွားအိမ်မှာ သွားနေရပါတယ်။ ကိုင်း စဉ်းစားသာကြည့်ကြပေတော့။

## ငယ်လေးရဲ့ ပညာရေး

ကျွန်တော် ၁၉၉၆ ခုနှစ် ပြန်အဖမ်းခံရတဲ့ အချိန်မှာ ငယ်လေးက ကြီးကောင်ဝင်နေပါပြီ။ ကျွန်တော် ပထမ အကြိမ် အဖမ်းခံရကတည်းက သူ့အမေကို ထော်လော်ကန့်လန့် လုပ်နေပါပြီ။ ဘယ်လိုမှ ထိန်းလို့မရတော့လို့ သူ ရှစ်တန်းကို ရောက်တဲ့အခါ မိတ္ထီလာကို ပို့လိုက်ပါတယ်။ မိတ္ထီလာမှာ ကျွန်တော့်ညီမတွေက ငယ်လေးကို ထိန်းလည်းထိန်း ပညာလည်း သင်ပေးပေါ့။ မိတ္ထီလာ ရောက်တော့လည်း ဘယ်သူ့စကားမှ နားမထောင်၊ ကျောင်းလည်း ပုံမှန်မတက်၊ အိမ်မှာလည်း ပြဿနာရှာ အမျိုးစုံ ဒုက္ခပေးခဲ့ပါတယ်။ ဒါကြောင့် ညီအစ်မတွေက ပတ်သက်ရာ ပတ်သက်ကြောင်းကို မျိုးစုံ ခယတောင်းပန်ပြီး ရှစ်တန်း အောင်အောင် မနည်း လုပ်ပေးလိုက်ရ ပါတယ်။

မိတ္ထီလာက အမျိုးတွေက အောင်ခန့်ကို လုံးလုံး ကြောက်သွားကြပါပြီ။ ဒါကြောင့် ကိုးတန်း ရောက်တဲ့ အခါ ရန်ကုန် ပြန်ပို့လိုက်ပါတယ်။ ဇနီးသည်က သူ့ကို ရန်ကုန်ကျောင်းမှာ မထားဘဲ ဦးလေးအရင်း ကျောင်း ဆရာကြီးတွေ ရှိတဲ့ အင်္ဂပူ မြို့နယ်၊ ကွင်းကောက်ရွာကို ပို့လိုက်ပါတယ်။ ဦးလေး နှစ်ယောက်က ရွာက အထက်တန်းကျောင်းမှာ အထက်တန်းပြ ဆရာတွေပါ။ ရွာမှာ နေထိုင်ပုံကို ဦးလေးတွေက ကျွန်တော့် ဇနီးသည်ထံ ဘာမျှ ပြန်မပြောကြပါဘူး။ ကိုးတန်း အောင်စာရင်း ထွက်တော့ မောင်အောင်ခန့် စာမေးပွဲ ကျပါတယ်။

ဦးလေးအရင်း နှစ်ယောက်က အဲဒီရွာမှာ အထက်တန်းပြ ဆရာတွေပါ။ ဒီကြားထဲက မောင်အောင်ခန့် စာမေးပွဲ ကျတယ် ဆိုတော့ တစ်ခုခုတော့ မှားနေပြီပေါ့။ ကျွန်တော် လှမ်းမေးကြည့်မှ အကြောင်းစုံ သိရတာပါ။ အဓိကအချက်က မောင်အောင်ခန့်ဟာ ကျောင်းတစ်ရက်မှ မတက်ပါဘူး။ ဘာလုပ်နေလဲဆိုတော့ ရွာဘေးက ချောင်းမှာ ရေကူးတယ်၊ ထန်းတောမှာ ထန်းတက်တယ် စသဖြင့် သူ စိတ်ကူးပေါက်တဲ့ အရာမှန်သမျှ လိုက် လုပ်နေပါတယ်။ အဲဒီတော့ စာမေးပွဲကျတာ ဘာဆန်းလို့လဲ။ ဦးလေးတွေကိုလည်း အပြစ်မတင်ရက်ပါ။

ကိုးတန်း မအောင်တော့ အင်းစိန်အိမ် ပြန်ရောက်ပါပြီ။ ကိုးတန်း အောင်အောင် ဇနီးသည်က ပိုက်ဆံ တွေ အကုန်အကျ ခံ၊ ဆရာ/ဆရာမတွေနဲ့ ပေါင်းပြီး လုပ်ပေးလိုက်ရပါတယ်။ ၁၀ တန်း ရောက်တော့ နာမည် ကြီး ကျူရှင် ဘော်ဒါတွေမှာ ပိုက်ဆံ သိန်းဂဏန်း အကုန်ခံပြီး ထားခဲ့ပါတယ်။ ငွေကုန်တာပဲ အဖတ်တင်တယ် ၁၀ တန်း မအောင်ပါ။ ဒါနဲ့ ကျွန်တော် အဖမ်းခံရပြန်၊ မြင်းခြံထောင် ရောက်၊ ဒီလိုနဲ့ အပြင်မှာ ယောင်လည်လည် လျှောက်နေရင်း ၁၉၉၉ ခုနှစ် အထိ ၁၀ တန်း မအောင်ပါ။

## ဘုရားစူးရစေ့၊ ငယ်လေး ဘွဲ့ရပြီတဲ့

ဟော... အခုတော့ မိန်းမပြီ။ ၁၀ တန်းက မအောင်သေးတော့ ဘာလုပ်ရင် ကောင်းမလဲ။ မောင်အောင်ခန့် သူ့ကိုယ်သူ ပြန်မေးနေဟန်တူပါတယ်။ ဒါနဲ့ ကျူရှင်ရယ်လို့ ဟုတ်တိပတ်တိ မတက်ဘဲ လက်ပူတိုက်ပြီး ၁၀ တန်း ဖြေလိုက်တာ အောင်ပါလေရော။ အဲဒီတော့ သူ့ပညာရေးကို အပတ်တကုတ် ကြိုးစားပြီး ငွေကုန်ကြေး ကျခံ လုပ်ပေးခဲ့တဲ့ သူ့အမေ ဘယ်လို ခံစားရမလဲ စဉ်းစားသာ ကြည့်ကြပါတော့။ ဒါနဲ့တင် မပြီးသေးဘူးခင်ဗျ၊ တပေးစာယူ သင်တန်းတွေ ဆက်တက်ပြီး စာမေးပွဲတွေဝ င်ဖြေတာ ဘွဲ့တောင် ရသွားပါသေးတယ်။ အောင်ခန့်က အဲဒီလို လူစားပါဆို။

အခုတော့ အဲဒီ ဇနီးသည်နဲ့ပဲ သမီး တစ်ယောက်၊ သား တစ်ယောက် ရနေပါပြီ။ စီးပွားရေးလည်း အထိုက်အလျောက် အဆင်ပြေနေပါပြီ။ တစ်ခုတော့ ကျွန်တော် စိတ်မကောင်းပါဘူး။ ကျွန်တော်ဟာ သူတို့ အရေးကို အလေးမပေးဘဲ နိုင်ငံရေးကို ဦးစားပေးတဲ့အတွက် ထောင်ကျခံခဲ့ရာမှာ သူတို့ဘဝလမ်းကြောင်းတွေ ထိခိုက်ခံရတာကို ပြန်ဖြည့်နိုင်စွမ်း မရှိတဲ့အချက်ကိုပါပဲ။ သို့သော်လည်းပဲ ကျွန်တော့် သားသမီးများကတော့ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော့်ကို အပြစ်တင်စကား မပြောကြပါဘူး။

## စိန်ပေဒါ သီချင်းလိုပါ

ကျွန်တော် ငယ်ငယ်က စိန်ပေဒါရဲ့ တတ်ပြားတစ်ချပ်ကို နားထောင်ဖူးပါတယ်။ ဆိုင်း နောက်ထနဲ့ ဆိုင်းဆရာ အပြန်အလှန်ဆိုတဲ့ သီချင်းပါ။ သီချင်းက ဒီလိုပါ...။

"လှရဲ့လား..... လှပါတယ်.... စိန်ပေဒါရေ့...၊ ဝရဲ့လား...... ဝပါတယ်.... စိန်ပေဒါရေ့...၊
အသားဖြူရဲ့လား..... အသား မဖြူပါဘူး.... စိန်ပေဒါရေ့.... (ငါးဟားဟား...)"

ငယ်လေးတို့ မိသားစုကလည်း ဒီလိုပါပဲ။ ကျွန်တော်တို့ ညီအစ်ကိုတွေထဲမှာ အသားဖြူတဲ့ သူတွေ ပါ သလို၊ ညီနံပါတ် ၆ မောင်နိုင်လင်းလို အသားညိုတဲ့ လူတွေလည်း ပါပါတယ်။ အဖေဘက်က အဘိုးနဲ့ သွား တူတာပါ။ ဒီတော့.......။

သားငယ်လေးက အသား ညိုသလို သူ့မိန်းမကျတော့ အသား မဖြူပါဘူး။ ဒါကြောင့် သူတို့ သားနဲ့ သမီးတွေကလည်း အသားဖြူတယ်လို့ ပြောလို့ မရပါဘူး။ အကြီးမ ချမ်းချမ်းကတော့ နှုတ်သွက်တယ်၊ ရုပ်က လည်း ချောတော့ သူ့ကို ကျွန်တော်က Charcoal မီးသွေးခဲလို့ ခေါ်ပါတယ်။ အဲဒီ အသုံးအနှုန်းက ကျွန်တော် တို့ခေတ် တက္ကသိုလ် အမျိုးသမီး အဆောင်တွေမှာ နေကြတဲ့ ကျောင်းသူတွေထဲက စတော်ပြီး၊ အသားညိုတဲ့၊ ရုပ်ချောတဲ့ သူတွေကို ခေါ်တဲ့ အသုံးအနှုန်းပါ။ နောက်တစ်မျိုး ဆိုရရင်တော့ ညိုချောပေါ့။ အရပ်ထွက်တာ မြန်တော့ အရင်တစ်နှစ်ကပဲ သူ့အမေ အရပ်ကို မီခဲ့ပါပြီ။ အားပေးတဲ့အနေနဲ့ သူ့ကို ဆုချခဲ့ပါသေးတယ်။ အခုတော့ ၁၀ တန်းတောင် ရောက်နေပါပြီ။

အငယ်ကောင် ခန့်ညီကတော့ ငယ်ငယ်လေးတည်းက ထူးခြားပါတယ်။ အသားဟင်း။ ငါးဟင်း။ ဆိတ်ဖြန် ဟင်း ဘာမှ မစားပါဘူး။ အတင်း ကျွေးရင်လည်း အော့မလို၊ အန်မလိုဖြစ်လို့ ဘာမှ ကျွေးမရပါဘူး။ ဒါပေမဲ့ ငါးသေးသေးလေးတွေကို အခြောက်ကြော်ရင်တော့ စားပါတယ်။ အခု တဖြည်းဖြည်း အသက်ရလာတော့မှ အသီးအရွက်ပြုတ်ကြော်၊ ကြက်ဥကြော်၊ ခေါက်ဆွဲကြော်၊ ပဲဟင်းတွေ ကျွေးလို့ ရလာတာပါ။ ကျွန်တော်တို့ အမျိုးတွေထဲမှာ ဦးလေး ဦးထွန်းယုနဲ့ ညီနံပါတ် ၅ မောင်ရဲမြင့်တို့ဟာ ဟာသဉာဏ် ရွှင်တဲ့နေရာမှာ သူများ

ထက် ပိုပါတယ်။ အခုလည်း အငယ်လေးရဲ့ သား ခန့်ညီက သူတို့ခြေရာကို နင်းမယ့် အရိပ်အရောင် တွေ့နေရပါပြီ။

## ချစ်စု ဝင်းထိန် (ခ) မချစ်

သူကလည်း ကျွန်တော်တို့နဲ့ ရေစက်ဆုံလို့ လူ့ဘဝ ရောက်လာတယ်လို့ ပြောရပါမယ်။ ကျွန်တော် တပ်က ထွက်တော့ စီးပွားရေး လုပ်ရတော့မယ်ပေါ့။ ဒါကြောင့် မရှိမသေ့စကား ပြောရရင် သားကြောဖြတ်လိုက်ပါတယ်။ ၁၉၇၈ ခုနှစ်လောက်မှာပါ။ ၁၉၈၄ ခုနှစ်လောက်ကျတော့ ကျွန်တော့် ဇနီးသည်မှာ ရောဂါတစ်မျိုး ဖြစ်လာပါတယ်။ ဘာရောဂါလည်း ဆိုတော့ ကိုယ်ဝန်ရှိချင်လို့တဲ့။ ဟိုက်... သောက်ခွေး။ ကျွန်တော်စိတ်ထဲက ရေရွတ်လိုက်တာပါ။ သူ့ကိုလည်း ပြောတယ် ဘယ်လိုလုပ် ဖြစ်မှာလည်းလို့။

အဲဒီလိုနဲ့ မိတ်ဆွေ အပေါင်းအသင်းတွေနဲ့ စကားစပ်မိတဲ့အခါ သားကြောဖြတ်တာကို ပြန်ဆက်လို့ရတယ်လို့ သိရပါတယ်။ အဲဒီလို စုံစမ်းရင်း၊ စုံစမ်းရင်းနဲ့ ကျုံးကြီးလမ်း မြရတနာ ဆေးခန်းမှာ ဖွင့်ထားတဲ့ ကျောက်ကပ် ပါရဂူ ဒေါက်တာ မြအောင်နဲ့ ဆက်မိပြီး ခွဲစိတ်တဲ့အဆင့် ရောက်သွားပါတယ်။ ၁၉၈၅ ခုနှစ်မှာပေါ့။ ဒါနဲ့ ၁၉၈၆ ခုနှစ်၊ နိုဝင်ဘာမှ သမီးလေးကို ဗိုက်ခွဲမွေးခဲ့ပါတယ်။ မိခင်ရော၊ ဖခင်ပါ သွေးထွက်သံယို ဖြစ်ပြီးမှ မွေးခဲ့ရတဲ့ ကလေးပါ။

အဲဒီ မွေးပြီးတဲ့နေ့မှာပဲ အောင်ဆန်းကျောင်းက ဆရာတော် ဦးပဏ္ဍိတထံကို ဆွမ်းသွားကပ်ပါတယ်။ တစ်ပတ် တစ်ခါ ပုံမှန် ဆွမ်းကပ်လေ့ ရှိပါတယ်။ ဆွမ်းကပ်ရင်းနဲ့ ကျွန်တော့်မှာ သမီးလေး မွေးကြောင်း၊ တနင်္လာ သမီး ဖြစ်ကြောင်း လျှောက်တဲ့အခါ ဆရာတော်က သူ့တပည့်တစ်ယောက်ကို ကျောက်သင်ပုန်း၊ ကျောက်တံ ယူခိုင်းပြီး မဟာဘုတ် ထူခိုင်းပါတယ်။ အဲဒီ ဆရာတော်က သမီးနဲ့ ပတ်သက်တဲ့ အချက် သုံးချက် ပြောကြားပါတယ်။

နံပါတ် ၁ က ဒီသမီးကို အမျိုးတွေက ချစ်ကြလို့ ငယ်စဉ်ဘဝက ကြီးတဲ့အထိ ငွေရှင်မယ်တဲ့။ ဟုတ်တယ်ဗျာ၊ သမီးလေးမှာ ဘယ်တော့မှ ပိုက်ဆံပြတ်တယ်လို့ မကြားရဘူး။ ဆွေမျိုး အသိုင်းအဝိုင်းက သော်လည်းကောင်း၊ မိတ်ဆွေတွေက သော်လည်းကောင်း သူ့ကို မုန့်ဖိုးတွေ အမြဲပေးလေ့ ရှိပါတယ်။

နံပါတ် ၂ အချက်က ပညာရေး ကောင်းမယ်။ ဒါလည်း ဟုတ်တာပဲ၊ ဉာဏ်ပညာ ထက်မြက်လို့ ၁၀ တန်းမှာ D တွေ အများကြီး ရသင့်ပါလျက် English စာ တစ်ခုတည်းပဲ မကောင်းတတ်လို့ D ပေးလိုက်ရတယ် ထင်ပါတယ်။ နောက်ပြီး သူ့ဘာသာသူ Online က လျှောက်ရင်းနဲ့ ထိုင်းနိုင်ငံက Rangsid university ရဲ့ စကောလားရှစ် ရခဲ့ပါတယ်။ အဲဒီက ပြီးတော့ ဩစတေးလျ နိုင်ငံ Melbourne တက္ကသိုလ်က စကောလားရှစ် ရပြန်ပါတယ်။ Gender Equality ဘာသာရပ်နဲ့ မဟာဘွဲ့ ရခဲ့ပါတယ်။

နံပါတ် ၃ အချက်ကတော့ လင်ကောင်း သားကောင်း ရမယ်ပါတဲ့။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာမှာ ဩစတေးလျ နိုင်ငံမှာ မွေးတဲ့ တရုတ်လေး တစ်ယောက်နဲ့ အိမ်ထောင်ကျပါတယ်။ ဒီကောင်က သူ့ကို တရုတ်လို့ ပြောရင် မကြိုက်ဘူး။ လင်ကောင်း သားကောင်း ဖြစ်/မဖြစ်ကတော့ အချိန်က ဆုံးဖြတ်မယ်လို့ သဘောပိုက်ထားပါတယ်။

## မလျှမ်းမ- ချစ်

သမီးလေးက အငယ်ဆုံးဆိုတော့ အချစ်ဆုံးလို့ ပြောရမှာ ဖြစ်ပါတယ်။ သူ ဘယ်လောက်ပဲ ဂျိကျ ဂျိကျ၊ ဘယ်လောက်ပဲ ဆိုးဆိုး ကျွန်တော် စိတ်ဆိုးလို့ မရပါဘူး။ သူလည်း သိပါတယ်။ ဒါပေမဲ့ တချို့ကိစ္စတွေမှာတော့ တော်တော်ကို လက်ဖျားခါရလောက်အောင် လျှမ်းပါတယ်။ ဥပမာ ဆိုပါတော့၊ ထိုင်းနိုင်ငံ တက္ကသိုလ်မှာ တက်နေရင်းနဲ့ ရန်ကုန်ကို ပြန်ဖို့ ပစ္စည်းကိရိယာ တန်ဆာပလာနှင့်တကွ ဘန်ကောက်က သုဝဏ္ဏဘုမ္မိ လေဆိပ်ကို ရောက်လာပါပြီ။ ဒါပေမဲ့ သူ စီးရမယ့် လေယာဉ်ပျံက ထွက်သွားပါပြီ။ လေယာဉ် လက်မှတ်မှာ ပါတဲ့ အချိန်ကို သေချာ မကြည့်မိလို့ နောက်ကျသွားတာပါ။ အဲဒီတော့ သူ ဘာလုပ်တယ် ထင်ပါသလဲ။

သူက ဉာဏ်ထက်မြက်သူ ဖြစ်လေတော့ ဩဇီမှာ ရှိတဲ့ အစ်မဆီ ဖုန်းဆက်၊ အမေရိကန်မှာ ရှိတဲ့ အစ်ကိုဆီ ဖုန်းဆက်၊ ဖုန်းဆက်ရင်းနဲ့လည်း ငို (မျက်ရည်က အင်မတန် လွယ်တာ)။ အဲဒီတော့ ပြည်ပ ရောက်နေတဲ့ အစ်မတွေ၊ အစ်ကိုတွေက တိုင်ပင်ပြီး လေဆိပ်မှာရှိတဲ့ လေကြောင်းလိုင်းတွေနဲ့ Online ဆက်၊ ပြီးမှ Online Payment နဲ့ လေယာဉ်ပျံ လက်မှတ်ဝယ်၊ နောက်နှစ်နာရီလောက် ကြာမှ မြန်မာပြည်ကို ထွက်မယ့် တခြား လေယာဉ်ပျံ တစ်စီးနဲ့ ပြန်ရတာပါ။ ဒါမျိုးက ဒီတစ်ခါ ဖြစ်တယ်ဆိုရင် တော်သေးရဲ့၊ တစ်ခါမကဘူး နှစ်ခါ သုံးခါ ဖြစ်တာပါ။ ဒါ့ကြောင့် ကျွန်တော် သူ့ကို မလျှမ်းမလို့ ခေါ်ရတာပါ။ သူ့အကျိုးပေးကလည်း တစ်မျိုး။ ဘယ်လောက်ပဲ အခက်အခဲတွေ ရှိနေပါစေ အဲဒီ အခက်အခဲက ကြီဖန် လွတ်မြောက်လာတတ်တဲ့ အကျိုးပေး တစ်ခု ရှိစမြဲ။

အခုတော့ သူက ကလေးအမေ ဖြစ်နေပါပြီ။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှာ ဗိတိုရိယ ဆေးရုံမှာ ဗိုက်ခွဲမွေးရပါတယ်။ ကျွန်တော့်ကိုလည်း ဂျိကျလို့ နေပြည်တော်ကနေ ရန်ကုန်ကို ပြန်ရပါတယ်။ အဲဒီအချိန်မှာ သူ မွေးပြီးပါပြီ။ တစ်နာရီလောက် မျက်နှာပြပြီး ပြန်ခဲ့ပါတယ်။ ဒါတောင် သူက ရန်ကုန်မှာ တစ်ပတ်လောက် နေစေချင်တာ။ ကျွန်တော်ကလည်း တကူးတက သွားရတဲ့အတွက် သူ ကျေနပ်အောင် ဆိုပါတော့၊ သူ့သားက အင်္ဂါသားမို့ နာမည်ကို "စိန်မျှောက်မျှောက်" လို့ ပေးခဲ့ပါတယ်။ နှုတ်ခမ်းစူပြီး ကျန်နေခဲ့လေရဲ့။

## မြေးဦးလေး "ဝိုင်း"

သမီးကြီး မဝင်းစုကြည် (ခ) ဇွန်ရဲ့ သမီးဦးပါ။ ကျွန်တော်တို့ မိသားစုအတွက် မြေးဦးလို့လည်း ပြောလို့ရပါတယ်။ သူ့ခင်ပွန်း နာမည်က ရဲနိုင်ကျော်ပါ။ အင်းစိန် တစ်မြို့တည်းသားပါ။ သမီးဇွန် စင်ကာပူမှာ အလုပ်သွားလုပ်တုန်းက ဆုံဆည်းခဲ့ကြတာပါ။ အဲဒီလို ဆုံစည်းရင်းက နှစ်ဦးသား ရည်ငံကြပြီး နောက်ဆုံးမှာတော့ နှစ်ဖက်မိဘ သဘောတူ လက်ထပ်ပေးလိုက်ပါတယ်။ နှစ်ဦးစလုံး ဗမာပြည် ပြန်ခေါ်ပြီး လက်ထပ်ပေးလိုက်တာပါ။ အဲဒါပြီးတော့ သမီးက သူ့ယောက္ခမအိမ်မှာ လိုက်နေပါတယ်။ အဲဒီ အိမ်မှာ နေရင်းနဲ့ သမီးလေးကို မွေးတာပါ။

ကလေးကို "ဝိုင်းပုံချစ်" လို့ အမည်ပေးခဲ့ပါတယ်။ သူတို့ဘက်လည်း မြေးဦး ဖြစ်ပါတယ်။ သမီးလေး မွေးပြီးကတည်းက သူတို့အိမ်ထောင်ရေး အဆင်မပြေပါဘူး။ နှစ်ယောက်သား စကားများကြတဲ့ အခါတိုင်း ယောကျ်ားလေးက လက်ပါပါတယ်။ တစ်ခါမှာတော့ လက်သီးနဲ့ ထိုးရုံတင်မက ခြေထောက်နဲ့ပါ အကန်ခံရလို့ အဲဒီအိမ်ပေါ်က ဆင်းလာပါတယ်။ ကျွန်တော်က သမီးကိုလည်း ဖျောင်းဖျ၊ ခမည်းခမက်များကိုလည်း အသိပေးပြီး သမီးကို ချော့မော့ ပြန်လွှတ်လိုက်ပါတယ်။

ကျွန်တော်တို့ ကိုယ်တိုင်ကလည်း လက်လွန်ခြေလွန် ဖြစ်တဲ့ အကြမ်းဖက်မှုမျိုးကို မနှစ်မြို့ပါဘူး။ ဒါပေ

မှဲ့ လင်ကိုယ်မယား ဖြစ်လာပြီလေ။ မိန်းကလေးဘက်က သည်းခံသင့်သလောက် သည်းခံသင့်တာပေါ့လို့ ကျွန်တော် ယူဆထားပါတယ်။ ဒါပေမဲ့ လင်မယားချင်း ပဋိပက္ခဟာ ပိုမို ဆိုးဝါးလာပါတယ်။ ဒါ့ကြောင့် ၁၉၉၇ ခုနှစ် (ကျွန်တော် မြင်းခြံထောင်မှာ ရှိနေစဉ်) မှာ သမီးဖွန်ဟာ သူ့ယောက်ျားကို အပြီးအပိုင် စွန့်ခွာမယ့်လမ်းကို ရွေးလိုက်ပါတယ်။ ဒါကတော့ ပတ်စ်ပို့ရအောင် လျှောက်ပြီး ဩစတေးလျ နိုင်ငံကို ထွက်ခွာသွားပါတယ်။ သမီးလေးကိုတော့ သူ့ယောကျ္ာမ အိမ်မှာပဲ ထားခဲ့ပါတယ်။

အခါတိုင်းဆိုရင် မြေးဦးလေး ဗိုင်းပုံချစ် (သို့) ဗိုင်းကို ဟိုဘက်အိမ် တစ်လှည့်၊ ဒီဘက်အိမ် တစ်လှည့် ပို့ပေးပြီးတော့ နေခဲ့ကြပါတယ်။ မြေးဦးလေးကိုလည်း ချစ်ကြလွန်းလို့ သူ့နာမည် အတိုကောက် "ဗိုင်း" လို့လည်း ခေါ်ကြပါတယ်။ သမီးဖွန် ဩဇီကို ထွက်သွားတဲ့အချိန်က စပြီး ဗိုင်းလေးကို ကျွန်တော်တို့ အိမ် လာမပို့တော့ပါဘူး။ အဲဒီလို လာမပို့တာဟာ ဒီနေ့ အထိပါပဲ။ နောက်ပိုင်းမှ သိရတာက အင်းစိန် တစ်မြို့တည်းမှာ နေရင် မလွှဲမရှောင်သာ တွေ့ချင် တွေ့နေမှာမို့ ယောကျ္ာမများက သူတို့ရဲ့ သမီး တစ်ယောက်ရဲ့ အိမ်ကို ပို့ထားပါတယ်။ အဲဒီ သမီးရဲ့ ယောက်ျားက နိုင်ငံခြား ခရီးသွား လုပ်ငန်းနဲ့ အောင်မြင်နေတဲ့သူပါ။ မရမ်းကုန်း မြို့နယ်မှာ နေပါတယ်။

## မရမ်းခြံ ကျောင်းသူ ရွှေဥ

ဗိုင်းလေးကို ကျောင်းထားတော့ ဦးဝိစာရလမ်းက မရမ်းခြံ အမျိုးသမီး ကျောင်းမှာပါ။ အသေးစိတ်တော့ ကျွန်တော်လည်း မသိပါဘူး။ ကျွန်တော်က ထောင်ထဲမှာကိုး။ သူနဲ့ တစ်တန်းတည်း ကျောင်း အတူ တက်တဲ့ "ရွှေဥ" ဆိုတဲ့ မိန်းကလေးက ကူညီ ဆက်သွယ်ပေးလို့ ဗိုင်းကလေးနဲ့ အဆက်အသွယ် ရပါတယ်။ ရွှေဥ ဆိုတဲ့ ကလေးမလေးက သမီး မချစ်နဲ့ ဆက်သွယ်မိဟန် တူပါတယ်။ ဒါ့ကြောင့် ဗိုင်လေးကို ရွှေဥက ကျောင်းချိန်မှာ Taxi နဲ့ အင်းစိန်အိမ် ခေါ်လာပါတယ်။ မိသားစုတွေနဲ့ တွေ့ဖြစ်ပါတယ်။ ဓာတ်ပုံတွေလည်း ရိုက်ကြပေါ့။

အဲဒီလို တွေ့ပေးတာကို သိသွားတော့ ဗိုင်းလေးရဲ့ အဘိုးက ကျောင်းဆင်းချိန်မှာ ရွှေဥနဲ့ တွေ့ပြီး ကြိမ်းမောင်းပါတယ်။ ထောင်ချပစ်မယ့်အထိကို ပြင်းပြင်းထန်ထန် ပြောပါတယ်။ ရွှေဥလေးက ငယ်ရွယ် နနယ်သေးတဲ့ ခုနစ်တန်း ကျောင်းသူ ဆိုတော့ ကြောက်လန့်ပြီး ဆက်လုပ်မပေးတော့ပါဘူး။ အဘိုးဆိုတဲ့ လူဟာ မြေးအရင်း ဗိုင်းလေးနဲ့ ကျွန်တော်တို့ကို လုံးဝ အဆက်အသွယ် ဖြတ်ထားတာပါ။ အချုပ်ပြောရရင်တော့ လူမဆန်ဘူးပေါ့။ သူ့ကိုတော့ ရပ်ရွာက လူတွေက ဘုရား၊ တရား ကြည်ညိုတဲ့ လူတစ်ယောက်လို့ ထင်မှတ်နေကြပါတယ်။

ဗိုင်းလေးနဲ့ ကျွန်တော့် မိသားစုက တယ်လီဖုန်း အဆက်အသွယ်တော့ ရှိနေပါတယ်။ ဒါပေမဲ့ ခိုးပြီး ဆက်ရတာပါ။ ကျွန်တော် ထောင်က လွတ်တော့လည်း တယ်လီဖုန်းနဲ့ စကားပြောဖူးပါတယ်။ ရှားရှားပါးပါး ခိုးပြောရတာပါ။ နောက်ပိုင်းတော့ ဗိုင်းလေးက ဆယ်တန်း အောင်ပါတယ်။ YIT မှာ တက်ရပါတယ်။ ဉာဏ် ကောင်းလို့ပေါ့။ ကျွန်တော်လည်း နှစ်လ တစ်ခါ၊ သုံးလ တစ်ခါလောက်တော့ ဖုန်းနဲ့ စကားပြောဖြစ်ပါတယ်။ သူ့ရဲ့ စကားပြောပုံ ပြောဟန်ဟာ သူ့အမေ မဖွန်နဲ့ တူပါတယ်။

ကျွန်တော်က သူ့ကို ရည်းစား ဘယ်နယောက် ရပြီလဲလို့ မေးတော့ သူက တစ်ယောက်တဲ့။ ကျွန်တော် က ပြန်ပြောလိုက်ပါတယ်။ သမီး အမေတော့ မမီဘူးလို့။ သမီးအမေက ညည်းအရွယ်မှာ ရည်းစားထားတာ လေး-ငါးယောက် ရှိပြီလို့ ပြောတော့ သူက ရယ်ပါတယ်။ သူနဲ့ စကားပြောရတာ ပွင့်ပွင့်လင်းလင်း ရှိပြီး နွေးထွေးမှု အပြည့်ပါ။

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်မှာ သမီးအငယ်ဆုံး မချစ် မင်္ဂလာဆောင်ပါတယ်။ အဲဒါကို အကြောင်းပြု ပြီး ဝိုင်းကို တယ်လီဖုန်းနဲ့ လာမလာလို့ မေးတဲ့အခါ သူက လာမယ်လို့ ပြောပါတယ်။ ကျွန်တော်က ကားနဲ့ ကြိုပေးရမလားလို့ မေးတော့ သူက သူ့အဖေနဲ့ လာခဲ့မယ်လို့ ပြောပါတယ်။ သူ့အဒေါ်နဲ့ သူ့အဒေါ် ယောက်ျား ကို အမေနဲ့ အဖေလို့ ခေါ်ပါတယ်။ မချစ် မင်္ဂလာမဆောင်ခင် တစ်ရက်မှာ ဝိုင်းက ကျွန်တော့်ဆီ ဖုန်းဆက်ပါ တယ်။ သူ့အမေနဲ့ ပုဂံ၊ ညောင်ဦးကို ဘုရားဖူးထွက်ရမှာမို့လို့ မင်္ဂလာဆောင် မလာနိုင်တော့ပါဘူးတဲ့။ ကျွန်တော် သဘောပေါက်လိုက်ပါပြီ။

လူမဆန်တဲ့ သူ့အဖိုးရဲ့ စနစ်ကြောင့် သူတို့နှစ်ယောက် ပုဂံကို ကမန်းကတန်း ထွက်သွားခဲ့ကြတာပါ။ ဒီစာကို ရေးနေချိန်မှာ ဝိုင်းလေးဟာ YIT ပဉ္စမနှစ် ရောက်နေပါပြီ။ အကျိုးဆောင်ခဲ့တဲ့ ရွှေဥကတော့ စတွေ့ တုန်းက ရှစ်တန်းပါ။ အခုတော့ တက္ကသိုလ် IR နောက်ဆုံးနှစ် ဖြစ်နေပါပြီ။ သမီးလို ဆက်ဆံတဲ့အတွက်ကြောင့် သူ့ကိုယ်ရေးကိုယ်တာ ကိစ္စတွေမှာတောင် ပွင့်ပွင့်လင်းလင်း ပြောနိုင်တဲ့အထိ ရင်းနှီးပါတယ်။ နောက်ပိုင်းတော့ သူ့မိသားစုနဲ့ပါခင်မင်ရင်းနှီးလာကြပါတယ်။ အဲဒီအပြင် NLD လှုပ်ရှားမှုတွေမှာလည်းပါဝင်ခဲ့တဲ့အတွက်ကြောင့် အခု ဆိုရင် NLD လူငယ်ခရိုင် ခေါင်းဆောင်တစ်ယောက် ဖြစ်နေပါပြီ။

## ကျန်းမာရေး အဆင့်ဆင့် ယိုရွင်းလာခြင်း

ကျွန်တော် ပြည်သူ့ကိုယ်စားလှယ် ဖြစ်ခဲ့တဲ့ ၂၀၁၂ ခုနှစ်က စပြီး ယနေ့ ၂၀၁၈ ခုနှစ်ထိ နေပြည်တော်မှာ နေခဲ့တာ ခုနှစ်နှစ်နီးပါး ရှိခဲ့ပါပြီ။ ရောက်တဲ့နှစ်က စပြီး ယခင်နှစ်အထိ တစ်နှစ်ကို တစ်ကြိမ်နီးပါး ဆေးရုံ တက်ခဲ့ရပါတယ်။ ဒါ့ကြောင့် ကျွန်တော်က "နေပြည်တော်နဲ့ ငါနဲ့ မတည့်ဘူးကွ" လို့ ရေရွတ်လေ့ရှိပါတယ်။

လွှတ်တော်တာဝန် ထမ်းဆောင်စဉ်မှာ ကျွန်တော်ဟာ ပြည်သူ့ငွေစာရင်း ကော်မတီ PAC မှာ အဖွဲ့ဝင် ဖြစ်ခဲ့ပါတယ်။ အဖွဲ့ဝင်ဖြစ်လို့မှ မကြာခင် ဗြိတိသျှ ပါလီမန်က PAC အဖွဲ့ လာရောက်ပြီး ကျွန်တော်တို့ အဖွဲ့ဝင်တွေရယ် ပတ်သက်ရာ ပတ်သက်ကြောင်း ပညာရှင်တွေ၊ လေ့လာသူတွေနဲ့ ဆွေးနွေးပို့ချမှုတွေ လုပ်ခဲ့ပါတယ်။ ရုံး ၂၀ မှာ လုပ်ခဲ့တာပါ။

သူတို့ရဲ့ ပို့ချမှု ပထမနေ့မှာတော့ ကောင်းစွာ လေ့လာနိုင်ခဲ့ပါတယ်။ သူတို့စကားအရ ပြောရရင် ဗြိတိသျှ အစိုးရအပေါ်မှာ သူတို့ရဲ့ PAC ဟာ အလွန် ဩဇာရှိနေကြောင်း၊ ဘာဖြစ်လို့လည်း ဆိုတော့ အစိုးရဲ့ အသုံးစရိတ် ဘောင်ဝင်တယ် မဝင်ဘူး ဆိုတာ နှစ်စဉ် စစ်ဆေးနေရတယ်၊ ခွင့်ပြုသင့်တာ ခွင့်ပြုပြီး ကန့်ကွက် သင့်တာ ကန့်ကွက်နေရကြောင်း စတဲ့ကိစ္စတွေ သိလာရပါတယ်။ အဲဒီ အကြောင်းအရာတွေ ဆွေးနွေးနေတဲ့ ခန်းမဟာ အလွန်အေးပါတယ်။ Aircorn အပြည့် ဖွင့်ထားလို့ပါ။

## ဆေးရုံ တက်ရပြီ (ခုတင်-၁၀၀၀)

PAC ဆွေးနွေးပွဲကို ဒုတိယနေ့ ဆက်တက်ပါတယ်။ မနက် ကိုးနာရီ စတာပါ။ ပထမတစ်ချိန် ပြီးလို့ လက်ဖက် ရည်သောက် Tea break ပေးပြီးတဲ့အခါမှာ ကျွန်တော့် တစ်ကိုယ်လုံး ချမ်းပြီး တုန်လာပါတယ်။ ၁၅ မိနစ် လောက်တော့ ကျွန်တော် တင်းခံပါသေးတယ်၊ ဒါပေမဲ့ မခံမရပ်နိုင်အောင် တဆတ်ဆတ် တုန်လာတဲ့အတွက် သင်တန်းကို တာဝန်ယူနေတဲ့ လွှတ်တော်က အရာရှိတွေကို သတင်းပို့တဲ့အခါ ဆေးရုံကို ခေါ်သွားပါတယ်။

ချက်ချင်း ဆေးရုံတင်လိုက်ပါတယ်။ ရောက်တာနဲ့ ဆီးစစ်၊ ဝမ်းစစ်၊ သွေးစစ်တာတွေ လုပ်ရပါတယ်။ ကျွန်တော့် ရောဂါက "ငှက်ဖျား" ပါတဲ့။ ကသာထောင်မှာ ဖြစ်ခဲ့တဲ့ ငှက်ဖျား ပြန်ထတဲ့ သဘောပေါ့။ အဲဒီ

တုန်းက ဆေးတွေ စားလို့ ပျောက်ခဲ့ပေမဲ့ အခုတော့ အကြောင်းအပေါင်းသင့်လို့ ၄က်ဖျားက တစ်ပတ်ပြန် အလည်လာတာပေါ့။ အဲဒီအခါ ရက်ပိုင်းတွေက အစားမမှန်၊ အအိပ်မမှန် ဖြစ်ပြီး ကိုယ်ခံအားတွေ ကျဆင်း သွားခဲ့တယ်နဲ့ တူပါတယ်။

## ဒုတိယအကြိမ် ကျန်းမာရေး ပြဿနာ

နောက်တစ်ခါ ဆေးရုံတက်ရတဲ့ အကြောင်းရင်းက နည်းနည်းတော့ ရယ်ရပါတယ်။ မိတ္ထီလာမှာပါ။ ခါတိုင်းလို စနေ၊ တနင်္ဂနွေတွေမှာ ကျေးရွာတွေကို ဆင်းပြီး လွှတ်တော်အကြောင်း ရှင်းပြ၊ လွှတ်တော် ရန်ပုံငွေနဲ့ လုပ်တဲ့ လုပ်ငန်းလေးတွေ အခြေအနေ လေ့လာ စတဲ့ကိစ္စတွေအတွက် မြို့ကို ပြန်ခဲ့တုန်းကပါ။ အခု ကွယ်လွန်သွားတဲ့ ညီမ မနုနုရီနဲ့ ခင်ပွန်း ကိုဆန်နီလှိုင်တို့အိမ်မှာ တည်းရင်းနဲ့ပါ။ သူတို့အိမ်က ပြည်သာယာ ၄ လမ်းမှာပါ။ အိမ်ဝင်းက ပေ ၆၀ x ၈၀ လောက် ကျယ်ပါတယ်။ ထူးခြားတာက အိမ်လုံခြုံရေးအတွက် ခွေး မမွေးပါဘူး။ ငန်းတွေ မွေးပါတယ်။

အဲဒီလို ငန်းတွေ မွေးတာ အဓိပ္ပာယ် ရှိပါတယ်။ သူတို့က ခွေးတွေ ဟောင်တာဟာ အထိုက်အလျောက် လုံခြုံရေး ကောင်းပေမဲ့ လာသမျှ လူကို ကိုက်တာကတော့ ပြဿနာ ဖြစ်တတ်ပါတယ်။ ဒါကြောင့် သူတို့က ငန်းမွေးတာပါ။ ငန်းက လူစိမ်းလာရင် အော်တတ်တဲ့အတွက် လုံခြုံရေးအတွက် အထောက်အကူ ဖြစ်ပါတယ်။ ငန်းက ရန်လုပ်လို့ အကိုက်ခံရရင်လည်း ဒဏ်ရာ မကြီးတတ်တဲ့ အတွက် ပြဿနာကြီးငယ် မဖြစ်တတ်ပါ ဘူး။

တနင်္ဂနွေတစ်နေ့ နံနက်ခင်းမှာ သူတို့ရဲ့ သမီးအငယ်ဆုံး သိမ့်ဆန်နီ (ကျွန်တော့် အခေါ် တောသူမ) ဟာ အိမ်အပြင်ဘက်မှာ "အမလေး၊ အမလေး" နဲ့ အော်သံကြားရပါတယ်။ ကျွန်တော် အပြင်ထွက်ကြည့်တော့ သူ့ကို ငန်းက လိုက်နေတာပါ။ ငန်းကလိုက် သူက ရှေ့ကပြေးနဲ့ အော်နေတာပါ။ ကျွန်တော်က အပြင်ထွက်ပြီး သူ့ကို "မပြေးနဲ့ ရပ်နေ" လို့ ပြောလိုက်ပါတယ်။ သူက ရပ်လိုက်တော့ ငန်းကလည်း ရပ်သွားပါတယ်။

ကျွန်တော်က သူ့ရှေ့မှာ ရပ်လိုက်ပြီး သိမ့် ကို "သမီး နောက်ဆုတ်၊ ဘဘ ပြမယ်" ဆိုပြီး ငန်းဘက်ကို လျှောက်သွားပါတယ်။ အဲဒီတော့ ငန်းက နောက်ဆုတ်သွားပါတယ်။ "တွေ့လား သမီး" ဆိုပြီး ငန်းဘက်ကို လျှောက်တော့ ငန်းက နောက်ဆုတ်သွားပါတယ်။ ကျွန်တော်က နောက်ဆုတ်တော့ ငန်းက လိုက်လာပါတယ်။ နောက်တစ်ခါ ထပ်ဆုတ်တော့ သူက လိုက်လာပြန်ပါတယ်။ ကျွန်တော် ထပ်ဆုတ်လိုက်ပါတယ်။ အဲဒီလို ဆုတ်ရင်း မြေပြင်မှာ ၄တ်လိုဖြစ်နေတဲ့ အုတ်ခဲစလေးနဲ့ ငြိတယ်ထင်ပါတယ်။ ကျွန်တော် ဖင်ထိုင်လျက် လဲ သွားပါတယ်။

ငန်းက ကျွန်တော့် ခြေသလုံးကို လာဆိတ်တော့ သိမ့်က ရှီးရှီးနဲ့ ခြောက်လို့ ပြန်ထွက်သွားပါ တယ်။ ကျွန်တော် ပြန်ထမယ်လုပ်တော့ ခါးက စူးခနဲ နာပြီး ထလို့ မရတော့ပါ။ သိမ့်က ကူညီပြီး ထနိုင်အောင် လုပ် ပေမဲ့ မရပါ။ ဒါကြောင့် အိမ်ထဲမှာ ရှိနေတဲ့ သူ့အဖေကို လှမ်းအော်ခေါ်ပြီး တွဲထူမှ ထနိုင်ပါတယ်။ ဒါပေမဲ့ ခါးက အရမ်းနာပါတယ်။ ဒါကြောင့် အိမ်ရှေ့မှာ သင်ဖြူးဖျာ ခင်းပြီး အဲဒီမှာ ခက်ခက်ခဲခဲ လှဲနေပြီး အနားယူပါတယ်။

အဲဒီလို အိပ်ရာက မထနိုင်ဘဲနဲ့ နေနေရတာ တစ်ပတ်လောက် ကြာပါတယ်။ အဲဒီတော့ ရေချိုးရာမှာ သူများက ရေပတ်တိုက်ပေးမှ သန့်ရှင်းသလို၊ အပေါ့အလေး သွားရာမှာလည်း ဘယ်လောက်ထိ ကရိကထ နိုင်မလဲ စဉ်းစားသာ ကြည့်ကြပါတော့။ လွှတ်တော်က ခွင့်ယူထားရပြီး နေပြည်တော် ပြန်ရောက်တဲ့အခါ ခုတင်-၁၀၀၀ ကို သွားပြရပါတယ်။ အဲဒီမှာ ဓာတ်မှန်ရိုက်ကြည့်တော့ ကျောရိုးက နံပါတ်မမှတ်တော့တဲ့

အဆစ်တစ်ခုမှာ ထိခိုက်သွားတယ်လို့ သိရပါတယ်။ အထူးကုကတော့ ခွဲမှကောင်းမယ်လို့ ပြောပေမဲ့ ကျွန်တော်က ခွဲလိုတဲ့ ဆန္ဒ မရှိတော့ပါ။

ဒါ့ကြောင့် အဲဒီခါးနာတာ ဆေးထိုး၊ ဆေးစား၊ ဆေးလိမ်းခြင်း နည်းတွေနဲ့ ထိန်းလာခဲ့တာ ယနေ့ထိ ဆိုပါတော့။ ကားစီးရင် သော်လည်းကောင်း၊ လေယာဉ်ပျံစီးရင် သော်လည်းကောင်း ခါး ပြန်နာတတ်လို့ ခါးပတ်ပတ်ပြီး သွားလာရပါတယ်။ ခါးပတ်သုံးစတုန်းက ကသိကအောက် ဖြစ်ပေမဲ့ အခုတော့ ရိုးသွားပါပြီ။

## ဖနောင့်ကြော Archille's Tandon

အရင်တစ်နှစ်က ခါးအနာ ရပြီးနောက်မှာ ကျွန်တော်ဟာ လက်ကိုင်တုတ်ကို အသုံးပြုရပါတော့တယ်။ အသုံး မပြုရင် ခါးနာ ပြန်ထတတ်လို့ပါ။ ခါးက သက်သာလာပြီးတဲ့နောက် ဝေဒနာတစ်ခုက မဖိတ်ခေါ်ပဲ ရောက်လာ ခဲ့ပါတယ်။ ဒါက ဖနောင့်ကြော စုတ်ပြဲသွားတာပါ။ ဖနောင့်ကြောကို အင်္ဂလိပ်ဘာသာမှာ သော်လည်းကောင်း၊ ဆေးပညာမှာ သော်လည်းကောင်း Archille's Tandon လို့ ခေါ်ပါတယ်။

အဲဒီ အသုံးအနှုန်းဟာ ဂရိ ဒဏ္ဍာရီက ဆင်းသက်လာတာပါ။ မိခင်ဖြစ်သူဟာ သူ့သား Archille ကို တစ်သက်တာလုံး ဘေးကင်းစေဖို့အတွက် "အမတ မြစ်ရေ" ထဲကို စိမ်လိုက်ပါတယ်။ အဲဒီလို စိမ်လိုက်တဲ့ အခါမှာ ဖနောင့်က ဖောက်ထိုး ကိုင်ပြီး နှစ်လိုက်တော့ အဲဒီကလေးဟာ သူ့တစ်ကိုယ်လုံး ဓားပြီး၊ လှံပြီး တန်ခိုးတွေ ရခဲ့ပါသတဲ့။ ဒါပေမဲ့ ဖနောင့်က ရေမစိုတော့ အဲဒီဖနောင့်သာလျှင် သူ့ရဲ့ အားနည်းချက် ဖြစ်ခဲ့ပါ တယ်။

ဒါကို သိတဲ့ ရန်သူတစ်ယောက်က သူ့ရဲ့ ဖနောင့်ကို မြားနဲ့ ပစ်လိုက်တဲ့အခါတော့ Archille ဟာ တိုက်ပွဲမှာ ကျဆုံးသွားခဲ့ပါတယ်။ လူ တစ်ဦးတစ်ယောက် (သို့) လူမှုအဖွဲ့ တစ်ခုရဲ့ အားနည်းချက်ကို ပြောချင်ရင် Archille's Heel အာချီလီရဲ့ ဖနောင့် ဆိုပြီး နှိုင်းယှဉ်လေ့ ရှိကြပါတယ်။ ကျွန်တော်ဟာ ဓား၊ လှံ လက်နက်တွေနဲ့ ရင်ဆိုင် ယှဉ်ပြိုင်ရလို့ အားနည်းချက်ကို ဆိုလိုတာ မဟုတ်ပါဘူး။ တစ်စုံတစ်ခုသော အကြောင်းကြောင့် ကျွန်တော့်ရဲ့ ဖနောင့်ကြော ပြဿနာတက်ခဲ့ရတာကို ပြောချင်လို့ပါ။

အဲဒီနေ့က ကျွန်တော်တို့ နေတဲ့ စည်ပင်ရိပ်သာကို NGO တစ်ဖွဲ့ ရောက်လာပါတယ်။ အဲဒီ NGO အဖွဲ့ ခေါင်းဆောင်က ကျွန်တော်တို့နဲ့ အရင်ကတည်းက သိကျွမ်း ခင်မင်ခဲ့တဲ့ လူငယ် တစ်ယောက်ပါ။ (အဲဒီ ကလေးက အခုတော့ လွှတ်တော် ကိုယ်စားလှယ် ဖြစ်နေပါပြီ။) သူက သူ့အဖွဲ့ကို လွှတ်တော် ကိုယ်စားလှယ် တွေရဲ့ လုပ်ငန်းဆောင်တာ ရှင်းပြပေးဖို့ မေတ္တာရပ်ခံပါတယ်။ ကျွန်တော်တို့ကလည်း သဘောတူ လက်ခံလိုက် ပါတယ်။

ချိန်းလိုက်တဲ့ ညနေမှာ သူတို့က စည်ပင်ရိပ်သာထဲက ခန်းမတစ်ခုမှာ ရောက်လာပါတယ်။ သူတို့နဲ့ တွေ့ဖို့ ကျွန်တော်ရယ်၊ မန်းဂျော်နီရယ်၊ နောက်နှစ်ယောက် နာမည်တော့ မေ့သွားပါပြီ။ သူတို့ ရောက်နေတဲ့ အဆောင်ကို ဖြတ်လမ်းက သွားကြပါတယ်။ အဆောင် ၃၈ ဘေးကပါ။ အဲဒီ အဆောင်လွှန်တော့ မြောင်းလေး ရှိပါတယ်။ ရေမရှိပေမဲ့ စိုနေပါတယ်။ တခြားသူတွေက ခုန်ပြီး ကျော်ပေမဲ့ ကျွန်တော်က ခြေလှမ်းကို ချဲ့ပြီးတော့ ကျော်ဖို့ ကြိုးစားပါတယ်။

ကျွန်တော် မထင်မှတ်တဲ့ အနေအထား တစ်ခု တွေ့လိုက်ရပါတယ်။ လှမ်းလိုက်တဲ့ ဘယ်ဘက် ခြေထောက်ဟာ မြောင်းတစ်ဖက် ရောက်တဲ့အခါ မြေက မထင်မှတ်ဘဲ ပျော့နေတဲ့ အတွက် ကျွံပြီးတော့

လူက ရှေ့ကို မောက်လျက် လဲသွားပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် ဘယ်ဘက် ဖနောင့်ကြော နေရာလောက်က "ဖောင်"ခနဲ မြည်သံ ကြားလိုက်ရပါတယ်။

ရှန်းထပြီး ပေနေတဲ့ ဗွက်တွေကို ဆေးကြောလိုက်ပါတယ်။ ပြီးမှ လူငယ်တွေနဲ့ တွေ့ဆုံပွဲကို ဆက်သွားပါတယ်။ သွေးပူနေတော့ နည်းနည်းပဲ နာတယ်ဆိုတဲ့ အသိနဲ့ ပြောစရာရှိတာ ဆက်ပြောပါတယ်။ စကားပြောတာ တစ်နာရီလောက် ကြာမှာပါ။ စကားပြောလို့လည်း ပြီးရော ပြန်ထတော့ မထနိုင်တော့ပါ။ ဘယ်ဘက်ဖနောင့် တအားနာနေပါပြီ။

ချက်ချင်းပဲ ဆေးရုံ အရေးပေါ်ဌာနကို သွားရပါတယ်။ ဆေးရုံက လိုလေသေး မရှိအောင် ပြုစုပြီးတော့ ဓာတ်မှန်လည်း ရိုက်ပေးပါတယ်။ အဲဒီကျတော့မှ ကျွန်တော်ရဲ့ Archille's Tandon စုတ်ပြဲ သွားတယ်ဆိုတာ သိရတာပါ။ နှိုင်းရရင် ပြုတ်ထားတဲ့ မျှစ်ကို တအား ဆောင့်ဆွဲလိုက်တဲ့အခါ ပြဲသွားတဲ့ သဘောမျိုးပေါ့။ ဒါကိုလည်း အရိုး အထူးကု ဆရာဝန်က ခွဲမလားလို့ မေးပါတယ်။ ကျွန်တော်က မခွဲဘူးဆိုပြီးတော့ ပိတ်ပြောလိုက်ပါတယ်။ အဲဒီနေရာကလည်း ပျောက်လိုက်၊ နာလိုက်နဲ့ ယနေ့ အထိပါပဲ။

တပ်ထဲမှာကတည်းက ဒူးဒဏ်ရာ ရခဲ့တဲ့အကြောင်း ရေးပြခဲ့ပြီးပါပြီ။ နောက်တော့ ခါးနာရပါတယ်။ အခုတော့ ဖနောင့်ကြော ဒဏ်ရာ ရပါတယ်။ အဲဒီ ဒဏ်ရာတွေကို ခွဲစိတ် ကုသဖို့ လိုကောင်း လိုမယ်လို့ ဆရာဝန်တွေက ပြောပေမဲ့ ခွဲစိတ်ဖို့ ကျွန်တော်က သဘောမတူခဲ့ပါ။ ဒီဒဏ်ရာတွေဟာ ကျွန်တော် သေတဲ့အထိ ပါသွားတော့မှာပါ။ ဒါ့ကြောင့်မို့လို့ ကျွန်တော်ဟာ ဘယ်ကိုပဲ သွားသွား တုတ်ကောက်နဲ့ လမ်းလျှောက်နေရတာပါ။ ချော်လဲမှာလည်း မပူပါ။ တုတ်ကောက်ဟာ ကျွန်တော့်ရဲ့ တတိယ ခြေထောက်ပါ။

## ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေး တာဝန်ခံ

၂၀၁၄ ခုနှစ်မှာပါ။ အဲဒီနှစ်က ကျွန်တော် အလုပ် တော်တော်များပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခရီးစဉ်များလေ ကျွန်တော် အလုပ်များလေပါပဲ။ အဲဒီနှစ်လောက်မှာလို့ ထင်ပါတယ်။ ကျွန်တော့်ကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေး အရာရှိအဖြစ် တာဝန်ပေးတဲ့ စာကို ရုံးချုပ်က ထုတ်ပါတယ်။ တစ်ပြိုင်နက်ထဲမှာ ဒေါက်တာ ဒေါ်တင်မေအောင်ကိုလည်း သူ့ရဲ့ ရုံးအဖွဲ့မှူး ဆိုတဲ့စာ ထုတ်ပြန်ခဲ့ပါတယ်။ ဒေါက်တာ ဒေါ်တင်မေအောင်ဆိုတာ ငယ်ငယ်ပါ။ ဒေါ်စု ဘေးနားမှာ ၂၀၁၁ ခုနှစ်လောက်ကတည်းက ရုံးလုပ်ငန်းတွေ အနီးကပ် တာဝန်ယူခဲ့တဲ့ သူပါ။

ဒီလို အမိန့်စာ ထုတ်ပြန်ရတဲ့ အကြောင်းတွေ ရှိပါတယ်။ ဘာ့ကြောင့် ဆိုတာတော့ ရှည်သွားမှာစိုးလို့မရေးပြတော့ပါဘူး။ အဲဒီ တာဝန်ပေးချက်အရ ကျွန်တော်ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခရီးစဉ်များ အားလုံး နီးနီးကို လိုက်ပါ ဆောင်ရွက်ပေးရပါတယ်။ ၁၉၈၈-၈၉ ခုနှစ် ကာလတွေတုန်းက လုပ်ခဲ့တဲ့ အလုပ်တွေကို နောင် ၂၄ နှစ် ကာလမှာ တစ်ဖန်ပြန်လုပ်ခဲ့ရတာပါ။

ဒေါ်စုရဲ့ ခရီးစဉ်ကို ကျွန်တော်က လိုက်လုပ်ပေးတဲ့အခါတိုင်း လူငယ်ခေါင်းဆောင် ဖြစ်တဲ့ မောင်မောင်ဦးကို အမြဲတမ်း လက်တွဲခေါ် ရပါတယ်။ သူနဲ့အတူ ဒေါ်စု လမ်းကြောင်းမှာ အမြဲတမ်း လိုက်နေကျ လူငယ်တွေလည်း ပါရပါတယ်။ လူထုနဲ့ တွေ့ရင် စကားပြောနိုင်အောင် အမိုးဖွင့်လို့ ရတဲ့ ကား၊ လုံခြုံရေး လူငယ်တွေတင်ဖို့ ပစ်ကာတ်ကား အကြီးစား နှစ်စီး လိုပါတယ်။

သူ သွားမယ့် နေရာ၊ တည်းခိုမယ့် နေရာတွေကို ရောက်ရင် အစစ အရာရာ စေ့စေ့စပ်စပ် စီစဉ်ရပါတယ်။ သွားရမယ့် လမ်းကြောင်း၊ တည်းခိုမယ့် နေရာ၊ တည်းခိုမယ့် အခန်း၊ ရေချိုးခန်း အိမ်သာ၊ စားသောက်ရမယ့်

အစားအစာ။ အစားအစာ ဆိုရာမှာလည်း မနက်စာ၊ နေ့လယ်စာ၊ ညစာ စတဲ့ ကိစ္စတွေကိုပါ အသေးစိတ် စီစဉ်ရပါတယ်။

အလားတူပဲ ဟောပြောမယ့်နေရာမှာ စင်ကို ဘယ်လို ဆောက်ရမယ်၊ အသံစနစ် ဘယ်လို လုပ်ရမယ်၊ နောက်ခံစာသား ရေးပုံတွေနဲ့ အပြင်အဆင် အားလုံး နယ်မြေ တာဝန်ခံတွေ သိအောင် ပြောပြရပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ အရင့်အရင်တုန်းက ဒီလို ပြောထားရက်နဲ့ ကိုးရိုးကားရား ဖြစ်ခဲ့တာတွေ ရှိလို့ပါ။

## သေမင်းက တံခါးခေါက်ပြီ

ကျွန်တော်က လုံခြုံရေး တာဝန်ခံပီပီ ဒေါ်အောင်ဆန်းစုကြည် ခရီးစဉ် ပထမတစ်ခေါက် အဖွဲ့လိုက်သွားပြီး အသေးစိတ် အစီအစဉ်တွေ ပြောပြခဲ့ပါတယ်။ ပြန်လာပါတယ်။ ဒေါ်စု ကိုယ်တိုင် ခရီးထွက်ပြီ ဆိုရင်လည်း ကျွန်တော် လိုက်ပါရပါတယ်။ ဥပမာတစ်ခု ပြောရမယ်ဆိုရင် ဒေါ်စု ရှမ်းပြည်နယ် တောင်ပိုင်းကို စည်းရုံးရေး ဆင်းပါတော့မယ်။ သွားမယ့်မြို့တွေကတော့ ဟဲဟိုး၊ တောင်ကြီး၊ လွိုင်လင်၊ နမ့်စမ်၊ မိုးနဲနဲ့ လဲချား။ ကျွန်တော်နဲ့ မောင်မောင်ဦး အပါအဝင် လူငယ် ရှေ့ပြေးစစ်ဖွဲ့က နေပြည်တော်က သောကြာနေ့ညနေ လွှတ်တော်အပြီးမှာ ထွက်ပါတယ်၊ အကြို ခရီးစဉ်ပါ။

တောင်ကြီးကို ရောက်တော့ ညနေ ငါးနာရီ ရှိပါပြီ။ အဲဒီမှာ ပြည်နယ်နဲ့ မြို့နယ်က တာဝန်ရှိသူတွေကို ခေါ်ပြီး အစည်းအဝေး လုပ်ပါတယ်။ ဟောပြောမယ့် ကိစ္စ၊ တည်းခိုမယ့် ကိစ္စနဲ့ အစားအသောက် ကိစ္စတွေကို အသေးစိတ် ညှိပါတယ်။ ညစာစားပြီး လွိုင်လင်ကို သွားပါတယ်၊ လွိုင်လင်ရောက်တော့ ညကိုးနာရီ ရှိပါပြီ။ လွိုင်လင်က ထွက်တော့ နမ့်စမ်။ နမ့်စမ် ရောက်တော့ မနက် နှစ်နာရီလောက် ရှိပါပြီ။ နမ့်စမ်မှာ ညစာစား၊ ညအိပ်နားပါတယ်။

နောက်တစ်နေ့ ဆက်ထွက်တော့ မိုးနဲ၊ မိုးနဲ ပြီးတော့ လဲချား။ လဲချားရောက်တော့ စနေနေ့ ညနေ လေးနာရီလောက် ရှိပါပြီ။ အားလုံး ညှိနှိုင်းပြီး ပြန်တော့ မှောင်ပြီပေါ့။ လဲချားမှာပဲ ညစာစား၊ ညအိပ်လိုက်ရ ပါတယ်။ နောက်တစ်နေ့ မနက် လဲချားက ထွက်တော့ နေပြည်တော်ကို စနေနေ့ညမှ ပြန်ရောက်ပါတယ်။ တချို့ ခရီးစဉ်တွေ ဆိုရင်တော့ တနင်္ဂနွေနေ့ သန်းခေါင်ကျော်မှ ရောက်တဲ့ အခါမျိုးလည်း ရှိပါတယ်။ ပြီးရင် ပုံမှန်အတိုင်း လွှတ်တော် ပြန်တက်ပေါ့။

ကျွန်တော် အဲဒီလို လုပ်နေတာဟာ အသက် ၅၀ ကျော်တုန်းကလည်း ဒီအတိုင်းပဲ၊ အသက် ၇၀ ကျော် တော့လည်း ဒီပုံစံပဲ ပြန်လုပ်နေခဲ့တာဟာ တောက်လျှောက်လို ဖြစ်နေပါတယ်။ ကျွန်တော်က ကိုယ့်အသက် ကိုယ် မေ့ပြီး လုပ်နေတာပါ။ တကယ်တော့ အသက် ၂၀ ပိုကြီးလာတာနဲ့အမျှ ပိုပြီး အိုစာမယ်၊ ပင်ပန်းမယ် ဆိုတာ မေ့နေခဲ့တာပါ။

တစ်နေ့ လွှတ်တော်တက်တဲ့အခါ လူက နေကောင်းနေသော်လည်း ကယား ပြည်နယ် ခရီးစဉ်က အပြန် ထင်ပါရဲ့ အအေးမိခဲ့ပါတယ်။ လွှတ်တော် တက်ခါစ ဥက္ကဋ္ဌ လာခါနီးလို့ ဘဲလ်တီးနေပါပြီ။ အဲဒီအချိန်မှာ ကျွန်တော်က အရမ်း ချောင်းချင်လွန်းလို့ "ဟိုက်ချိုး၊ ဟိုက်ချိုး" ဆိုပြီး အကျယ်ကြီး ချေလိုက်ပါတယ်။ ကိုယ့်ကိုယ် ကိုယ်တော့ ဘာဖြစ်သွားတယ် မသိပါဘူး။ သတိရလို့ မျက်စိဖွင့်ကြည့်တော့ ကျွန်တော့် ဘေးနားမှာ လွှတ် တော် ကိုယ်စားလှယ်/ဆရာဝန်တွေ ရောက်နေပါတယ်။

"ကျွန်တော် ဘာဖြစ်သွားလဲ" လို့ မေးတော့ တစ်ယောက်က "အဘ သတိမေ့သွားတာလေ" လို့ ပြောပါ တယ်။ "ဘယ်လောက် ကြာသွားလဲ" လို့ မေးတဲ့အခါ သူက "တစ်မိနစ် နှစ်မိနစ်လောက်လေ" လို့ ပြောပါတယ်။

ကျွန်တော်က ထမယ်လုပ်တော့ သူတို့က ဝိုင်းတားပါတယ်။ ပိုးချဲ ခေါ်ထားပါတယ်တဲ့။ ခဏနေတော့ ရောက်လာပါတယ်။ ဒါနဲ့ ပိုးချဲနဲ့ ထွက်တော့ ဒေါ်စုရှေ့က ဖြတ်ခဲ့ရပါတယ်။ သူက မျက်နှာပျက်ပျက်နဲ့ "လူကို စိတ်ပူအောင် လုပ်တတ်တယ်" ဆိုပြီး ပြောပါတယ်။ ကျွန်တော်က Evita ရုပ်ရှင်ကားထဲက Don't cry for me Argitina ဆိုတဲ့ အပိုဒ်ကို ဆိုပြခဲ့ပါတယ်။ ဒီသီချင်းက အဲဒီ ဇာတ်ကားရဲ့ ပင်တိုင်သီချင်း Theme song ဖြစ်ပါတယ်။ Madona ဆိုထားတာပါ။

အဲဒီကမှ ခုတင်-၁၀၀၀ က ICU၊ အဲဒီကမှ Ambulance ကားနဲ့ ရန်ကုန် ဆေးရုံကြီးက ICU ရောက်ခဲ့ပါတယ်။ ဒေါက်တာ တင်မျိုးဝင်းနဲ့ ဇနီး ဒေါက်တာ ဒေါ်ပြုံးမွန်အိတို့က အစစ အရာရာ အဆင်ပြေအောင် လုပ်ပေးခဲ့ပါတယ်။ ICU မှာ နှစ်ပတ်လောက် ကြာပါတယ်။ အချိန်က ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလမှာပါ။ အကြောင်းရင်းက ကျွန်တော့် ဦးနှောက်ကို အောက်ဆီဂျင် ရောက်တာ နည်းလို့ပါတဲ့။

ICU ဆိုတာက Intesive Care Unit အတိုကောက်ပါ။ မြန်မာလိုတော့ အရေးပေါ် လူနာ ဌာနပေါ့။ ကျွန်တော့်ကိုတော့ VIP အတွင်းခန်းမှာ ထားပြီး ကျန်တဲ့ လူနာတွေကိုတော့ အပြင် ခန်းမမှာ ထားပါတယ်။ အားလုံးလိုလိုက သေကောင်ပေါင်းလဲ လူနာတွေဆိုတော့ တစ်နေ့ကို နှစ်ယောက် သုံးယောက်လောက်က အမြဲလိုလို ကြွေလွင့် ပျက်စီးနေပါတယ်။ ခုတင်တစ်လုံး လွတ်ရင် နောက်တစ်ယောက် ချက်ချင်း ရောက်လာပါတယ်။ နှစ်လုံး လွတ်ရင်တော့ နှစ်ယောက်ပေါ့။ အဲဒီလို အနေအထားကနေပြီး ကျွန်တော်ဟာ ICU က အရှင်လတ်လတ် ပြန်ထွက်လာနိုင်ခဲ့တာပါ။

ဘာပဲပြောပြော၊ ကျွန်တော် အခုလို ခဏတစ်ဖြုတ် သတိမေ့သွားတာဟာ အသက်ရှင်နေခြင်းကို ခေတ္တ ခဏမျှ ရပ်ဆိုင်းခံလိုက်ရတာ ဖြစ်လို့ ဒါဟာ "ခဏတစ်ဖြုတ် သေခြင်း" ပဲလို့ သိလိုက်ပါတယ်။ သေမင်းကတော့ တံခါးလာခေါက်ပြီပေါ့။

## ဒုတိယအကြိမ် ၂၀၁၅ ခုနှစ်

အဲဒီနေ့ဟာ စနေ၊ တနင်္ဂနွေမို့လို့ မိတ္ထီလာကို ပြန်ရောက်နေတဲ့အချိန်ပါ။ တိုက်ဆိုင်တာက ဆန်နီနဲ့ နနတို့ရဲ့ သမီး အကြီးဆုံး စုဆန်နီရဲ့ မင်္ဂလာဆောင်နဲ့ပါ။ သူ့ခင်ပွန်းလောင်းကတော့ ငယ်သူငယ်ချင်း ဖြစ်တဲ့ ဒေါက်တာ ဇာနည်လင်းအောင်ပါ။ ကျွန်တော် လွှတ်တော်က ပြန်လာတဲ့အခိုက်မှာ သူတို့ အိမ်မှာလည်း လူစည်ကားနေပါတယ်။ စနေနေ့ဆိုတော့ အစည်ကားဆုံးပေါ့။ အမျိုးတွေရော မိတ်ဆွေတွေရော နနအိမ်မှာ ပြည့်လို့။

အဲဒီနေ့ ညပိုင်း နန အိမ်ဧည့်ခန်းမှာ လူစည်နေပါတယ်။ စကားတွေကလည်း တစ်ယောက်တစ်ပေါက် ပြောလို့ပေါ့။ အဲဒီအချိန်မှာ ကျွန်တော်က ကိုယ်အလေးချိန် များလာလို့ ညစာကို ဟုတ်တိပတ်တိ မစားတော့ပဲ သစ်သီးတွေပဲ စားနေတာပါ။ ကျွန်တော်က ထိုင်နေတုန်းမှာ အငယ်ဆုံး တောသူမက ကျွန်တော့်ကို လိမ္မော်သီး အခွံနွှာပြီး ခွံ့ကျွေးနေပါတယ်။ တစ်ယောက်ယောက်လည်း လှမ်းနောက်နေပါတယ်။ "အမလေး ဖားနေလိုက်တာ သူ့ဘကြီးကို"။

ကျွန်တော်ကလည်း သူခွံ့ပေးတာ စားလိုက်၊ စကားပြောလိုက်နဲ့ လုပ်နေတုန်း သတိမေ့ သွားပြန်ပါသတဲ့။ သတိရလို့ မျက်လုံးဖွင့်လိုက်တော့ နနက ကျွန်တော့် ပုခုံးကို ပယ်ပယ်နယ်နယ် နှိပ်နေပါတယ်။ ဘယ်လောက် အားပါသလဲ ဆိုရင် ကျွန်တော် ထိုင်နေတဲ့ ပလပ်စတစ် ကုလားထိုင်တောင် ကျိုးသွားပါတယ်။ အားလုံးကလည်း ရုတ်ရုတ်သဲသဲပေါ့။ လန့်ဖြန့်ကုန်ကြတာပေါ့။

ကျွန်တော်လည်း နောက်တစ်နေ့ မင်္ဂလာဆောင်ကို ဟန်ပြလောက်ပဲ တက်ပြီးတော့ ရန်ကုန် ဆေးရုံကြီးကို ပြန်သွား သတင်းပို့ရပါတော့တယ်။ ICU ကို ဒုတိယ တစ်ခါ ရောက်ရပြန်ပြီပေါ့။ ဦးနောက်ကို အောက်စီဂျင် မရောက်ဘူးဆိုတဲ့ ပြဿနာက ဒုက္ခပေးနေတာ ဖြစ်မှာပါ။ ဒါ့ကြောင့် ကျွန်တော့်ရဲ့ ရောဂါဟာ ဒီမှာတင် မပြီးတော့ဘူး။ ဒီထက် ပိုသိနိုင်မယ့် နေရာ သွားမှပဲ ကောင်းမှာပဲလို့ သဘောပေါက်ပြီး စင်ကာပူနိုင်ငံမှာ ရောက်နေတဲ့ မိတ်ဆွေ လင်မယားများ ဖြစ်ကြတဲ့ ကိုထွန်းအောင်ကျော်နဲ့ ဒေါက်တာ မိကျော်သောင်းတို့ရဲ့ ဖိတ်ကြားမှုကိုလည်း လက်ခံလိုက်ပါတယ်။

## ကိုထွန်းအောင်ကျော်နဲ့ ဒေါက်တာ မိကျော်သောင်း

ကျွန်တော် အပေါ်တစ်နေရာမှာ ရေးခဲ့ဖူးပါတယ်။ ကိုထွန်းအောင်ကျော်ဟာ စစ်တက္ကသိုလ် အပတ်စဉ် ၂ က ကျောင်းဆင်းပြီး လေ့ကျင့်ထူးချွန်ဆု ရခဲ့တဲ့ ဗိုလ်လောင်း တစ်ယောက်ပါ။ စစ်တက္ကသိုလ် ရောက်ခါစက ကျွန်တော်က ပထမနှစ်၊ သူက နောက်ဆုံးနှစ်၊ ကျွန်တော်တို့ရဲ့ ဗိုလ်လောင်း တပ်ခွဲမှူး၊ စိတ်သဘောထား ကောင်းပါတယ်။ လက်အောက်ငယ်သားတွေကို ဖိနှိပ်ခြင်း၊ ဟိန်းဟောက်ခြင်းများ လုပ်လေ့ရှိသူ မဟုတ်ပါ။ သူဟာ အရပ်က ငါးပေ ၁၁ လက်မ လောက် ရှိပြီး စကားပြော ညင်သာပါတယ်။

ကျောင်းဆင်းတော့ လေတပ်ကို ရောက်သွားပြီး ထူးချွန်တဲ့ လေယာဉ်မောင်း တစ်ယောက် ဖြစ်ခဲ့ပါတယ်။ အရာရှိငယ် ဘဝမှာ အမေရိကန် နိုင်ငံမှာ လေယာဉ်မောင်း သင်တန်း ဆက်တက်ရပါသေးတယ်။ အမေရိကန် နိုင်ငံက ပြန်လာပြီး ဒေါက်တာ မိကျော်သောင်းနဲ့ အိမ်ထောင်ပြုပါတယ်။ ဒေါက်တာ မိကျော်သောင်းဟာ မော်ကွန်းဝင် (ဒုတိယဆင့်) ရခဲ့တဲ့ ဒုဗိုလ်မှူးကြီး ကျော်သောင်းနဲ့ နိုင်ငံကျော် စာရေးဆရာမကြီး ဒေါ်ခင်နှင်းယု (ဒေါ်ခင်စု) တို့ရဲ့ တစ်ဦးတည်းသော သမီးပါ။

သူတို့မှာ ယောက်ျားလေး နှစ်ယောက် ထွန်းကားပါတယ်။ ပျော်ရွှင်တဲ့ အိမ်ထောင်ရေးကို တည်ဆောက်နိုင်ခဲ့ကြပါတယ်။ ဒါပေမဲ့ မထင်မှတ်တဲ့ ပြဿနာတစ်ခု ပေါ်ပေါက်ခဲ့ပါတယ်။ ဒါကတော့ ဦးနု အစိုးရကို ဗိုလ်ချုပ်ကြီး နေဝင်း ခေါင်းဆောင်တဲ့ တော်လှန်ရေး ကောင်စီက အာဏာသိမ်းခဲ့တဲ့ ကိစ္စ ဖြစ်ပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ မိကျော်သောင်း (မိ) ရဲ့အမေ ဒေါ်ခင်နှင်းယု (ဒေါ်ခင်စု) ဟာ ဦးနုရဲ့ တူမ ဖြစ်နေလို့ပါပဲ။ တူမ ဖြစ်နေရုံသာမက ဦးနု ဝန်ကြီးချုပ် တာဝန် ထမ်းဆောင်စဉ်တုန်းက ဦးနုရဲ့ PSO အဖြစ် အလုပ်လုပ်ပေးခဲ့တဲ့ အတွက် ဖြစ်ပါတယ်။

## မယုံကြတော့ဘူးတဲ့

ဦးနေဝင်း တာဝန် ယူချိန်က စပြီးတော့ နိုင်ငံရေး နယ်ပယ်မှာ "ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်" အမုန်း အငြိုး အလေ့အထတွေ ထွန်းကားလာပါတယ်။ အဲဒီတော့ လေတပ်မှာ တာဝန် ထမ်းဆောင်နေတဲ့ ကိုထွန်းအောင်ကျော်ကိုလည်း အဲဒီ ဂယက်တွေ လာရောက် ထိပါးခဲ့ပါတယ်။ ဥပမာ ကိုထွန်းအောင်ကျော် လေယာဉ်မောင်း တာဝန်နဲ့ ကျိုင်းတုံမြို့မှာ ရက်အနည်းငယ် သွားရပြီး ညအိပ်ညနေ နေရတယ် ဆိုရင် နောက်ပိုင်း (ကကလေ) က အမိန့်တစ်ခု လိုက်လာတတ်ပါတယ်။ အမိန့်က ကျိုင်းတုံမှာရှိတဲ့ လေတပ် စစ်သည်များ တာချီလိတ်ကို သွားခွင့်မပြုလို့ ဆိုတဲ့ အမိန့်မျိုးပါ။ ကိုထွန်းအောင်ကျော်ဟာ ဗဟုသုတ ကြွယ်ဝပြီး နိုင်ငံရေးကိုလည်း နားလည်တဲ့ အတွက် ဒီလို အမိန့်တွေဟာ သူ့ကို ရည်ရွယ်တယ်ဆိုတာ သိပါတယ်။

ဒါ့ကြောင့် ကိုထွန်းအောင်ကျော်ဟာ လေတပ်မှာ သူ ကြာကြာ နေလို့ မဖြစ်နိုင်ဘူးလို့ သုံးသပ်ပြီး

တပ်မတော်က နုတ်ထွက်ခဲ့ပါတယ်။ တပ်က နုတ်ထွက်ပြီးတဲ့အခါမှာ သူဟာ စီးပွားရေး လုပ်ငန်း မျိုးစုံ လုပ်ပါတယ်။ အထူးသဖြင့် ကားအရောင်းအဝယ် လုပ်ငန်းပါ။ အဲဒီခေတ်က လမ်းစဉ် ပါတီခေတ် ဆိုတော့၊ စီးပွားရေး အခွင့်အလမ်းတွေကလည်း အလွန်ရှားပါးတဲ့ ကာလဆိုတော့ ရရာအလုပ်ကို ကြံဖန်ပြီး လုပ်ခဲ့ကြရတာပါ။ ယုတ်စွအဆုံး ကုန်သွယ်ရေး အရောင်းဆိုင်တွေမှာ ရှားပါးပစ္စည်း (ဥပမာ- လျှပ်စစ် မီးပူ၊ ဓာတ်ဘူး) ရောင်းတယ် ဆိုရင်လည်း တန်းစီဝယ်ပြီး ပြန်ရောင်းစားတဲ့ အလုပ်မျိုးလည်း ကြုံရင်ကြုံသလို လုပ်ခဲ့ကြရတာပါ။

ကိုထွန်းအောင်ကျော် အဲဒီလို ရရာ စီးပွားရေး လုပ်ငန်းတွေ လုပ်နေတဲ့အချိန်မှာ ဇနီးသည် ဒေါက်တာ မိကျော်သောင်းကတော့ ပြင်ပ ဆေးခန်း ထိုင်ရင်းနဲ့ မိသားစု စားဝတ်နေရေးကို ပံ့ပိုးပါတယ်။ ဒါပေမဲ့ ချောင်ချောင်လည်လည် မရှိတဲ့အတွက် အဆက်အသွယ်တွေက တစ်ဆင့် အင်္ဂလန် နိုင်ငံကို ထွက်ခွာပြီး အလုပ် လုပ်ရပါတယ်။ အဲဒီအခါကျမှ ချောင်ချောင်လည်လည် ရှိလာပါတယ်။ ဒါပေမဲ့ ကိုထွန်းအောင်ကျော်ဟာ သားနှစ်ယောက်ရဲ့ ကျန်းမာရေး၊ ပညာရေးတို့ကို အဖေလို တစ်မျိုး၊ အမေလို တစ်ဖုံ ပြုစု စောင့်ရှောက်ခဲ့ရပါတယ်။

မိတစ်ယောက် အင်္ဂလန်မှာ တစ်ကိုယ်တည်း ရုန်းကန်နေရတဲ့အတွက် ကိုထွန်းအောင်ကျော်လည်း အင်္ဂလန်ကို လိုက်ဖို့ ကြိုးစားပါတယ်။ အဲဒီခေတ်က ဗမာဆိုရင် အင်္ဂလန် ဗီဇာ အင်မတန် ခက်ပါတယ်။ ဒါ့ကြောင့် မအောင်မြင်ပါ။ မိက မိသားစု ပြန်လည် ဆုံစည်းနိုင်ဖို့အတွက် ရည်ရွယ်ပြီး ဟောင်ကောင်ကို ပြောင်းအလုပ်လုပ်ပါတယ်။ အဲဒီအခါကျမှ ကိုထွန်းအောင်ကျော်နဲ့ သား နှစ်ယောက် ဟောင်ကောင်ကို လိုက်သွားနိုင်ပါတော့တယ်။

အဲဒီအချိန်မှာ အမြော်အမြင်ကြီးတဲ့ ကိုထွန်းအောင်ကျော်ဟာ သားနှစ်ယောက်ကို အိမ်ကို ဆရာခေါ်ပြီး အင်္ဂလိပ်စာ သင်စေခဲ့ပါတယ်။ ဒါ့ကြောင့် သူတို့ ဟောင်ကောင် ရောက်သွားတဲ့အခါ မှာ အင်္ဂလိပ်စာ အခြေခံ သင်တဲ့ ကျောင်းတွေမှာ သားနှစ်ယောက် ကောင်းကောင်း စာလိုက်နိုင်ခဲ့ပါတယ်။ အပိုဆုအဖြစ် ဟောင်ကောင်မှာ တရုတ်ဘာသာစကားလည်း သင်ရတော့ သားနှစ်ယောက်လုံး တရုတ်လို တတ်ကုန်ကြတာပေါ့။

## မဖွန်နဲ့ ကိုထွန်းအောင်ကျော်

မကြာမီ ကိုထွန်းအောင်ကျော်နဲ့ မိတို့ မိသားစုဟာ စင်ကာပူကို ပြောင်းလာကြပါတယ်။ ကိုထွန်းအောင်ကျော်လည်း ရန်ကုန်ကို မကြာခဏ ပြန်လာလည်တတ်ပါတယ်။ သူက ဂေါက်သီးရိုက်တာကို ခုံမင်တဲ့အတွက် ဒဉ်းကုန်း ဂေါက်ကွင်းကို ဂေါက်ရိုက်လာရင်းနဲ့ အင်းစိန်မှာရှိတဲ့ ကျွန်တော့်အိမ်ကို မကြာခဏ လာလည်လေ့ ရှိပါတယ်။ ဒီလိုလာရင်းနဲ့ မိသားစုချင်း ပိုမို ရင်းနှီးလာခဲ့ပါတယ်။ ကိုထွန်းအောင်ကျော်ဟာ ဘယ်လောက်ထိ အပေါင်းအသင်း ကောင်းလဲဆိုရင် ကျွန်တော့် သားငယ်နှစ်ကောင်နဲ့လည်း ဘော်ဒါတွေ ဖြစ်နေပါပြီ။

ကိုထွန်းအောင်ကျော် အဲဒီလို လာလည်တဲ့အချိန်မှာ တစ်ခါတလေ သူ့ရဲ့ သားများလည်း ပါလာတတ်ပါတယ်။ ထုတ်ပြီး မပြောခဲ့ဘူးပေမဲ့ ကိုထွန်းအောင်ကျော်ဟာ သူ့သားငယ်နဲ့ မဖွန်တို့ကို ရင်းနှီးစေချင်တဲ့ ဆန္ဒ ရှိတယ်ဆိုတာ အကဲခတ်မိပါတယ်။ မဖွန်ကလည်း အပျိုဖော်ဝင်စ ဖြစ်နေပါပြီ။ ဒါ့ကြောင့် ကျွန်တော် ထောင်ထဲ ရောက်တဲ့အချိန်မှာ သူက မဖွန်ကို စပွန်ဆာလုပ်ပြီး စင်ကာပူကို ခေါ်ခဲ့တာပါ။

ဒါပေမဲ့ မဖွန်ဟာ အပျိုဖော်ဝင်စကတည်းက ရည်းစားတွေ စုံအောင် ထားဖူးနေပါပြီ။ သူတို့ မိသားစု လေးယောက်နဲ့ မဖွန်တို့ တစ်အိမ်တည်း နေရင်ဖြင့် တစ်စ တစ်စနဲ့ ရင်းနှီးသွားမယ်လို့ ယူဆဟန်ရှိပါတယ်။ ဒါပေမဲ့ ရင်းနှီးမလာခဲ့ပါ။ အဲဒီအစား မဖွန်က ရဲနိုင်ကျော်ဆိုတဲ့ ကောင်လေးနဲ့ နီးစပ်လာလို့ သူတို့နှစ်ယောက်ကို

မြန်မာပြည် ပြန်ခေါ်ပြီး လက်ထပ်ပေးခဲ့ရပါတယ်။ (အပေါ် တစ်နေရာမှာ ရေးခဲ့ပြီးပါပြီ။)

ဒီလိုဖြစ်ခဲ့ပေမဲ့ ကျွန်တော်တို့ ကိုထွန်းအောင်ကျော်တို့ဟာ အခင်အမင် မပျက်ခဲ့ပါ။ တစ်ခါတော့ သူ့ကို မေးမိပါတယ်။ "ခင်ဗျာ့ အငယ်ကောင်ရော့ဗျ" လို့ ဆိုတော့ သူက စိတ်ပျက်လက်ပျက် အမူအရာနဲ့ "အမေရိက ရောက်နေပြီ ထင်တယ်၊ တစ်ကိုယ်တော် လေလွင့်ခြင်းပေါ့" လို့ ဖြေတဲ့အခါ စိတ်ထဲမှာ မသက်မသာ ခံစားရ ပါတယ်။

## ဆေးစစ်ဖို့ စင်ကာပူ သွားရပြီ

ရုတ်တရက် မေ့လဲတာ နှစ်ကြိမ် ဖြစ်လာခဲ့ပြီဆိုတော့ ကိုထွန်းအောင်ကျော်နဲ့ မိတို့ရဲ့ ဖိတ်ကြားမှုကို လက်ခံ လိုက်ပါတယ်။ စင်ကာပူ သွားရမယ်ဆိုတော့ အဖော်အဖြစ် အသင့်တော်ဆုံးကတော့ မချစ်ပေါ့။ ဒါပေမဲ့ သူက UN အလုပ်တစ်ခုမှာ ဝင်ခါစဆိုတော့ ခွင့်မရပါဘူး။ ဒါ့ကြောင့် နနရဲ့ သမီးအလတ် ထက်ဆန်နီ (ထက်ထက်) ကို အဖော်ခေါ်ရပါတယ်။

ကိုထွန်းအောင်ကျော်ရဲ့ တိုက်ခန်းက စတုတ္ထထပ်မှာပါ။ အိပ်ခန်း သုံးခန်း ပါပြီး ကျယ်ကျယ်လွင့်လွင့် ရှိပါတယ်။ သူတို့ ကိုယ်ပိုင်ပါ။ သားနှစ်ယောက်ကတော့ တစ်နယ်တစ်ကျေး ရောက်နေကြပြီ ဆိုတော့ ပိုနေတဲ့ အခန်းတွေမှာ မထက် တစ်ခန်း၊ ကျွန်တော် တစ်ခန်း နေခဲ့ကြပါတယ်။ လေးထပ်မို့လားမသိ ခြင်မကိုက်ပါ။ ဒါ့ကြောင့် ကျွန်တော့် အခန်းမှာ ပြတင်းပေါက်ကော၊ တံခါးမကြီးကိုပါ မပိတ်ဘဲ အိပ်လေ့ရှိပါတယ်။ အဲဒီမှာ နေတဲ့ နှစ်ပတ်လုံးပါ။

မိက စင်ကာပူ နိုင်ငံရဲ့ နာမည်ကြီး ဆေးရုံတစ်ခုမှာ မေ့ဆေး ပါရဂူအဖြစ် တာဝန် ထမ်းဆောင်ရာက အငြိမ်းစားယူခဲ့ပြီးပါပြီ။ သူ့ရဲ့ အဆက်အသွယ်နဲ့ နာမည်ကြီး ဆေးခန်းတစ်ခုမှာ ဆေးစစ်မှု ခံယူပါတယ်။ ဆီးစစ်၊ သွေးစစ် အားလုံး လုပ်ပါတယ်။ နောက်ပြီး MRI နဲ့ CT-Scans အားလုံး လုပ်ပါတယ်။ ဒါပေမဲ့ Angio-gram ကိုတော့ မလုပ်ခဲ့ပါ။ ဘာ့ကြောင့်လဲဆိုတော့ မိရဲ့အတွေ့အကြုံအရ မလိုအပ်ဘူးလို့ ဆိုလို့ပါ။ ဒါပေမဲ့ မိ ကျေးဇူးကြောင့် တခြားရောဂါတစ်ခုကိုတော့ မစစ်ရဘဲနဲ့ သိခဲ့ရပါတယ်။

## မိရဲ့ကျေးဇူး/ Sleep Apnea ရောဂါ

မိတို့အိမ်မှာနေတုန်းကဆေးရုံကိစ္စမရှိဘူးဆိုရင် ကိုထွန်းအောင်ကျော်နဲ့ကျွန်တော်နဲ့က ရေးဟောင်းနှောင်းဖြစ် တွေ ပြော၊ လက်ရှိ အနေအထားတွေကို ကျွန်တော်က ပြောပြ စသဖြင့် အချိန်ဖြုန်းကြပါတယ်။ စင်ကာပူက သွားသင့်သွားထိုက်တဲ့ နေရာတချို့ကိုတော့ ရောက်ပါတယ်။ နေရာတိုင်းတော့ မရောက်ခဲ့ပါ။ သွားချင်တဲ့ စိတ်၊ ကြည့်ရှု လေ့လာချင်တဲ့ စိတ်လည်း မရှိပါ။

ထက်ထက်ကတော့ ဘာအလုပ်မှ မရှိဘူးဆိုတာနဲ့ အပြင်ကို လျှောက်လည်တော့တာပါပဲ။ ဈေးဝယ် ထွက်ရလောက်အောင် ပိုက်ဆံ မပေါပေမဲ့ ရောက်တုန်းရောက်ခိုက် သွားချင်တဲ့ နေရာတွေကို လျှောက်သွား နေတာပါ။ သူ အပြင်ထွက်မယ် ဆိုပြီး "သွားတော့မယ်" လို့ နှုတ်ဆက်ရင် ကျွန်တော်က "စင်ကာပူ လာရတာ ထက်ထက်အတွက်တော့ အရမ်းတန်နေပြီ" လို့ ပြောလေ့ရှိပါတယ်။

မိက ညည ဆိုရင် တီဗွီကလာတဲ့ ရေးဟောင်း ဇာတ်ကားတွေ ညစဉ်လိုလို ကြည့်လေ့ရှိပါတယ်။ ထက်ထက်ကတော့ တစ်နေကုန် လျှောက်လည်လို့ စောစော အိပ်ရာဝင်လေ့ ရှိပါတယ်။ ကျွန်တော်နဲ့ ကို ထွန်းအောင်ကျော်တို့ကတော့ ပျမ်းမျှ ၁၀ နာရီလောက်ဆို အိပ်ရာဝင်ပါတယ်။ မိကတော့ Oldie Classics လို့

ခေါ်တဲ့ ရှေးဟောင်း အဖြူအမည်း ဇာတ်ကားတွေကို ကြည့်ရင်း ညစဉ်လို အိပ်ရာဝင် နောက်ကျပါတယ်။

## ကျွန်တော် အိပ်တာကို မိက လာအကဲခတ်တာ

တစ်မနက်၊ မနက်စာ စားနေတဲ့အချိန်မှာ မိက ပြောပါတယ်။ "ကိုဝင်းထိန်မှာ Sleep apnea ရှိတယ်" ပါတဲ့။ စာလုံးပေါင်းနဲ့ အဓိပ္ပာယ်ကို မေးကြည့်တော့ မိက ရှင်းပြပါတယ်။ "လူတစ်ယောက်ဟာ ကြီးကြီး ငယ်ငယ် အိပ်ကြတာပဲ၊ အဲဒီလို အိပ်တဲ့အခါ ကိုယ့်ကိုယ်ကိုယ်တော့ အိပ်ပျော်တယ် ထင်ကြတာ မွှတာပါပဲ။ ဒါပေမဲ့ တချို့ လူတွေကျတော့ အိပ်တယ်၊ တကယ်တော့ နစ်နစ်မြိုက်မြိုက် အိပ်မပျော်ဘူး၊ အိပ်ရင်းနဲ့ တစ်ခါတလေ နှစ်မိနစ် သုံးမိနစ်လောက် အသက်ရှူ ရပ်သွားတတ်တယ်၊ ပြီးမှ ဟိုက်ခနဲ၊ ဟိုက်ခနဲ ရေငုတ်တဲ့လူ ရေပေါ် ပြန်ပေါ်တဲ့အခါ လေကို တစ်ဝရှူတာမျိုးပေါ့"

မိက ဆက်ပြောပါတယ် "အဲဒီတော့ ဘာဖြစ်လဲ၊ ညစဉ် အသက်ရှူ မဝဘူးပေါ့၊ အဲဒီလို တစ်ရက်က တစ်လ၊ တစ်လက တစ်နှစ်နဲ့ နှစ်ကြာလာတဲ့အခါ အအိပ်မမှန်တဲ့ ရောဂါ ရပါလေရော။ ရလဒ်ကဘာလဲဆိုတော့ အသက်ရှူ မဝတဲ့ အကျိုးဆက်ကြောင့် အဲဒီပုဂ္ဂိုလ်ရဲ့ နှလုံးဟာ ကြီးလာတတ်ပါတယ်။ နှလုံးကြီးတော့ အမော မခံနိုင်ဘူးပေါ့။ ဒါ့ကြောင့်မို့လို့ ဦးနောက်ထဲကို အောက်စီဂျင် အပြည့်မရောက်ဘဲ ခဏ ခဏ မေ့လဲနေတာလေ။

"ကိုဝင်းထိန် ညက အိပ်နေတုန်း တံခါးမကြီး ဖွင့်ထားတော့ ကျွန်မ လာကြည့်တယ်၊ ငါးမိနစ် ၁၀ မိနစ်လောက် ကိုဝင်းထိန် အိပ်ပုံကို ကြည့်လိုက်တာနဲ့ သိပါပြီ။ Sleep apnea ပါပဲ" ဆိုပြီး ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ မှန်လည်း မှန်ပါတယ်။ တကယ်တော့ ဒီလို အအိပ်မမှန်တဲ့ ရောဂါ ရှိ/မရှိ သိချင်ရင် လူကို ဆေးရုံတင်ထားပြီး ၂၄ နာရီလုံးလုံး လေ့လာမှ သိနိုင်တာပါ။ အခုတော့ မိရဲ့ ကောင်းမှုနဲ့ ကျွန်တော့်ရဲ့ ရောဂါ တစ်ခုကို ပိုက်ဆံတစ်ပြားမှ မကုန်ဘဲ သိလိုက်ရပါတယ်။ ကျေးဇူးတင်လှပါဘီ။

## အောက်စီဂျင်စက်/C- Pad

"သမားဆို အိုမှ" ဆိုတဲ့ စကားအတိုင်း အငြိမ်းစား ယူပြီးဖြစ်တဲ့ ဒေါ်မိကျော်သောင်းရဲ့ တွေ့ရှိချက်အရ ခေါင်းထဲကို အောက်စီဂျင် မရောက်တာကို ကူညီ ပံ့ပိုးဖို့ အောက်စီဂျင်စက် ဆောင်ဖို့ အများက ကျွန်တော့်ကို အကြံပေးကြပါတယ်။ ဆေးလောက အခေါ်အရ C-Pad လို့ ခေါ်တဲ့ စက်ကလေး လိုအပ်လို့ ညတိုင်း တပ်ပြီးတော့ နှာခေါင်းက အသက်ရှူရပါတယ်။ စတပ်ခါစက ကသိကအောက်နိုင်ပေမဲ့ အခုတော့လည်း အသားကျသွားပါပြီ။

## ခွဲစိတ်ခန်း ဝင်ခဲ့ရသေးတယ်

စင်ကာပူက ပြန်ရောက်တော့ ရန်ကုန် ဆေးရုံကြီးက နှလုံးဌာနကို ပြန်ပြခဲ့ပါတယ်။ အဲဒီလို ပြတဲ့အခါ ဌာနမှူး ဒေါက်တာ ဒေါ်နွယ်နွယ်က ကျွန်တော့်ကို ပြောပါတယ်။ ဗမာပြည်ကို ဩစတေးလျ နိုင်ငံက နှလုံး ခွဲစိတ်ကု အဖွဲ့ လာစရာ ရှိကြောင်း၊ ဒါ့ကြောင့် ကျွန်တော့်ကို နှလုံး ခွဲစိတ်ကုသဖို့ စီစဉ်ပေးလိုကြောင်း ပြောတဲ့အခါ ကျွန်တော်က ဝမ်းသာအားရ လက်ခံခဲ့ပါတယ်။

ခွဲစိတ်မယ့်နေ့ကို ရောက်တဲ့အခါ ကျွန်တော်က လူနာ နံပါတ် ၁ ပါ။ ဝတ်စုံတွေ လဲပြီး ခွဲစိတ်ခန်းထဲကို ရောက်တဲ့အခါ ဒေါ်နွယ်နွယ်က ဩစတေးလျ နိုင်ငံက ခွဲစိတ်မှူ အဖွဲ့ခေါင်းဆောင်နဲ့ မိတ်ဆက်ပေးပါတယ်။ နာမည်တော့ မေ့သွားပါပြီ။ သူနဲ့အဖွဲ့က ကျွန်တော့်ကိုယ်မှာ လိုအပ်တဲ့ ကြိုးတွေ တပ်ဆင်ပါတယ်။ အဲဒီ ကြိုးတွေနဲ့ ဆက်နေတဲ့ တီဗီ ဖန်သားပြင်ကို ကြည့်တဲ့အခါ ကျွန်တော့် နှလုံးသားကို ပြန်မြင်နေရပါတယ်။

ခွဲစိတ် ဆရာဝန်ကြီးက တီဗီ ဖန်သားပြင်မှာ ပေါ်နေတဲ့ ကျွန်တော့် နှလုံးသားကို ပြပြီး သွေးကြောမကြီး သုံးခုအနက် နှစ်ခုက ကောင်းပြီးတော့ တစ်ခုမှာ ၇၀ ရာနှုန်း ပိတ်ဆို့နေတယ်လို့ ရှင်းပြပါတယ်။ ကျွန်တော် လည်း မြင်နေရပါတယ်။ ပြီးတော့ သူ့လက်ထဲမှာ ကိုင်ထားတဲ့ Capsule လေး တစ်ခု ကျွန်တော့်ကို ပြပြီး This is the Steant. I'm going to insert it through your artary လို့ ပြောပါတယ်။ Steant ဆိုတဲ့ ကိရိယာလေးကို ကျွန်တော့် သွေးကြောက တစ်ဆင့် ထည့်ပေးမယ်ပေါ့။ ပေါင်ခြံတည့်တည့်က သွေးကြောမကြီးက တစ်ဆင့်ပါ။

ထုံဆေးပေးပြီး ပေါင်တွင်းက အကြောကို ဖြတ်လိုက်တယ် ထင်ပါတယ်။ အသားနာကျင်ခြင်း မရှိပေမဲ့ လည်း တီဗီမှာ မြင်နေရတဲ့ ပိတ်လုနီးနီး ဖြစ်နေတဲ့ သွေးကြောမကြီးဟာ ရုတ်တရက် ပွင့်သွားပါတယ်။ ဆရာ ဝန်ကြီးက What? It's open. I haven't seen such kind of phenomenon. ဆိုလိုတာက ပေါင်က သွေးကြောကို ဖြတ်လိုက်တာနဲ့ နှလုံးသွေးကြောဟာ ရုတ်တရက် ပွင့်သွားခဲ့တာပါ။ သူ့အနေနဲ့ ဒီအဖြစ်မျိုး သူ့တစ်သက်မှာ တစ်ခါမှ မကြုံဖူးခဲ့တဲ့ အကြောင်း အာမေဋိတ်အသံနဲ့ ပြောတာပါ။ အဲဒီတော့ သူက Okay, then, It's not necessary to proceed anymore. "ထည့်စရာ မလိုတော့ဘူး ပြီးပြီပေါ့" ဆိုတဲ့ သဘောနဲ့ ခွဲထားတာကို ပြန်ချုပ်ပြီး ခွဲစိတ်မှု ပြီးဆုံးသွားခဲ့တာပါ။

ကျွန်တော့် ခွဲစိတ်မှုက ပြီးသွားပါတယ်။ ၁၀ မိနစ်တောင် ကြာမယ် မထင်ပါဘူး။ ရန်ကုန် ဆေးရုံကြီးကို ရောက်ခဲ့ရတာဟာ သုံးကြိမ်မြောက်ပါ။ ဒါဟာ ရန်ကုန် ဆေးရုံကြီးကို နောက်ဆုံး ရောက်ခဲ့တာပါ။ ဆေးရုံကြီး က ဆေးရုံအုပ်ကြီးနဲ့တကွ ဆရာဝန်များ သူနာပြု ဆရာမများကို အထူး ကျေးဇူးတင်ရှိကြောင်း ဤနေရာက ပြောကြားချင်ပါတယ်။

## ကျွန်တော့်ညီ ဒေါက်တာ နိုင်လင်း

ကျွန်တော် မြင်းခြံထောင် ရောက်ကတည်းက ထောင်ဝင်စာမှာ သူ အမြဲလိုလို ပါပါတယ်။ ကျွန်တော့် ကျန်းမာ ရေး အတွက်လည်း အမြဲတမ်း မေးမြန်းပြီး လိုအပ်တဲ့ ဆေးတွေလည်း လိုလေသေး မရှိအောင် ပံ့ပိုးပါတယ်။ အလားတူပဲ ကျွန်တော် ပြောင်းသမျှ ထောင်တွေကို ဖနီးသည် ထောင်ဝင်စာ ပို့ရင် သူ အမြဲလိုလို လိုက်ပါပြီး ကျန်းမာရေးကိစ္စနဲ့ ပတ်သက်လို့ တာဝန်ယူထားတဲ့ သဘောပေါ့။

ကျွန်တော့်ရဲ့ ကိုယ်အလေးချိန်ဟာ မြင်းခြံထောင်မှာ ရှိစဉ်က ပေါင် ၁၅၀ မကျော်ပါဘူး။ မန္တလေး ထောင်မှာ တစ်နှစ်ခွဲလောက် နေရတဲ့ ကာလမှာ ခန္ဓာကိုယ် အလေးချိန် တိုးလာတာပါ။ အကြောင်းက ထောင် အာဏာပိုင်တွေက အကျဉ်းသားတွေရဲ့ ထောင်ဝင်စာကို အမျိုးစုံ ကန့်သတ်လိုက်ပါတယ်။ တစ်မျိုးကို ၆၀ ကျပ်သားထက် မပိုရ၊ အမည်ကိုလည်း ခြောက်မျိုးထက် မပိုရ။ အဲဒီလိုမျိုးတွေ လုပ်လာပါတယ်။ ငွေကိုတော့ တစ်ယောက်ကို ကြိုက်သလောက် သွင်း၊ အကုန်လက်ခံတယ်။

အကျဉ်းသားတွေက ထောင်ဝင်စာနည်းတော့ အပ်ငွေ ပိုသုံးရပြီပေါ့။ အဲဒီလို ဖြစ်အောင် ဖန်တီးတာပါ။ အကျဉ်းသားတွေ အပြင်က ပစ္စည်းဝယ်ဖို့ လုပ်တဲ့ကိစ္စကို "ဈေးကား" လို့ ခေါ်ပါတယ်။ တစ်လ တစ်ခါ ဝယ်ခွင့် ပြုပါတယ်။ အဲဒီလို ဈေးကားကို တာဝန်ယူ ဝယ်ပေးရတဲ့ အကျဉ်းသားက ထောင်ပိုင်ရဲ့ လက်ရွေးစင်ပါ။ တစ်လ တစ်လကို ဈေးကားဝယ်ရင် အောက်ထစ် သိန်း ၅၀ ဖိုး လောက် ရှိပါတယ်။ လစဉ် ထောင်ပိုင်ကို ငါးသိန်းနဲ့ ၁၀ သိန်းကြား ဖန်တီးပေးရပါသတဲ့။

ပေးနိုင်မှာပေါ့၊ ဇီးကြမ်း ငှက်ပျောသီး အပြင်ဈေးမှာ တစ်ဖီး ကျပ် ၂၀၀ ဆိုရင် ထောင်ထဲရောက်တာနဲ့ ကျပ် ၄၀၀ ဖြစ်သွားပြီ။ ဆေးပေါ့လိပ် တစ်စီးကို အပြင်မှာ ကျပ် ၂၀၀ ဆိုပါစို့၊ ထောင်ထဲရောက်တာနဲ့ တစ်စီးကို

၃၅၀ ကျပ် အနည်းဆုံး ဆိုတော့ ထောင်ပိုင်အတွက် ဖန်တီးပေးရသလို ထောင်အရာရှိ အဆင့်ဆင့် အတွက်လည်း ရှာဖွေပေးရတော့ ဈေးကား တာဝန်ကျတဲ့ အကျဉ်းသားကို ထောင်ပိုင် ကိုယ်တိုင် ရွေးချယ်ပေးထားတာ သဘာဝကျပါတယ်။

ကျွန်တော့် ထောင်ဝင်စာက နှစ်ပတ်ဆို ကုန်ပြီ၊ မနက်စာကိုတော့ ဆန်ပြုတ်နဲ့ ကျွန်တော် တင်းတိမ်လို့ ရတယ်။ နေ့လယ်စာ ဆိုရင်လည်း ပဲဟင်းနဲ့ ငါးပိကျော် ဆိုတာနဲ့လည်း ဝပါတယ်။ ညနေကျတော့ ထမင်းနဲ့ တာတပေါ ဟင်းရည်။ တာတပေါ ဆိုတာက အသီးအရွက်တွေ ရောကျိုထားတဲ့ ဟင်းကို ထောင်ထဲမှာ ခေါ်တဲ့ ဟင်းပါ။ စားလို့ မရပါဘူး။ တစ်ခါတလေကျရင် ရာဘာဖိနပ် သဲကြိုးတောင် ပါလာတတ်ပါတယ်။

ကျန်းမာရေး ချို့တဲ့စပြုတဲ့အတွက် ညစာဝအောင် ဈေးကားနဲ့ ဖြည့်ဆည်းရပါတယ်။ ငှက်ပျောသီး နှစ်လုံးနဲ့ နို့မှုန့် နှစ်ဇွန်း နယ်ပြီး ညစာလုပ်ရပါတယ်။ တစ်လမှာ ၁၀ ရက် ၁၅ ရက်လောက်ပေါ့။ အဲဒါနဲ့ ကျွန်တော့် ကိုယ်အလေးချိန်ဟာ တိုးတိုးလာတာ ပေါင် ၁၆၀ လောက်အထိ ဖြစ်လာပါတယ်။ ၂၀၁၀ ခုနှစ် ထောင်က လွတ်တော့ ပေါင် ၁၆၀ ပါ။ ဒါပေမဲ့ အစားအသောက် စုံတာရယ်၊ မောင်နိုင်လင်း ပေးတဲ့ ဆေးတွေ မှီဝဲရင်းနဲ့ လွတ်တော် ကိုယ်စားလှယ် ဘဝမှာ ပေါင် ၁၈၀ ကျော်လာပါလေရော။ မတတ်နိုင်ဘူးလေ။

## ဒေါက်တာ ခင်မောင်မြင့်

ခွဲစိတ် ကုသရေးဘက်မှာ နာမည် ကျော်ကြားပြီး လူအများကလည်း ချစ်ခင် လေးစားရတဲ့ ဒေါက်တာ ခင်မောင်မြင့်ဟာ တစ်နေ့တော့ ကျွန်တော့်အိမ်ကို ရောက်လာပါတယ်။ သူက ပြောပါတယ် "ကျွန်တော်တို့ ဆေးကု ဆေးခန်းဖွင့်နဲ့ ငွေရှာနေတဲ့ အချိန်မှာ အဘတို့ ဒေါ်စုတို့က တိုင်းပြည်နဲ့ လူမျိုးအတွက် အနစ်နာခံပြီး လုပ်နေခဲ့ တာတွေကို တွေးမိပြီး ကျွန်တော်တို့ အခုအခါမှာ အသိအမြင်သစ်တွေ ရခဲ့ပါပြီ၊ ဒါ့ကြောင့် အဲဒါတွေကို ထေမိတဲ့ အနေနဲ့ တစ်ခုခု လုပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်" ဆိုပြီး စကားပဏာမ ပြောခဲ့ပါတယ်။

သူက ဆက်လက်ပြီး "အဲဒါကြောင့် အမေစုနဲ့ အဘကို ကျွန်တော့်အနေနဲ့ ရာသက်ပန် အကျိုးပြု တစ်ခု လုပ်ချင်ပါတယ်၊ ဒါက ဘာလဲဆိုတော့ အမေစုနဲ့ အဘတို့ကို ၂၄ နာရီ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ဖို့ သူနာပြု ပုဂ္ဂိုလ်တွေ ပို့ထားချင်ပါတယ်" လို့ ပြောတဲ့အခါ "ခင်ဗျာ့စိတ်ကူးကို ဒေါ်စုကို အရင် ပြောကြည့်ပါဦး" လို့ ပြန်အကြံပေးခဲ့ပါတယ်။ ကျွန်တော်က ဆက်ပြောလိုက်ပါသေးတယ်၊ "ဆရာ၊ ဒေါ်စု သဘောတူလို့ သူနာပြုတွေ ပို့ပေးမယ် ဆိုရင် ကျွန်တော့်အတွက် ပို့မယ့် ကလေးတွေဟာ အသက် ၃၀ အောက် ဖြစ်ရမယ် မိန်းကလေး ဖြစ်ရမယ်" ဆိုတော့ ဆရာက တဟားဟား ရယ်ပြီးတော့ "အဘကတော့ ပြောတော့မယ်" ဆိုပြီး မှတ်ချက်ချပါတယ်။

တကယ်တော့ သူ့အစီအစဉ်ကို ဒေါ်စုက လက်မခံတဲ့အတွက် အကောင်မထည် မပေါ်ခဲ့ပါဘူး။

♥♥♥♥♥

နေပြည်တော်
ခုတင် ၁၀၀၀
ဆေးရုံတွင်
တက်ရောက်နေတဲ့
ကျွန်တော့်အား
ဒေါ်အောင်ဆန်းစုကြည်
လာရောက်
တွေ့ဆုံစဉ်။
အနောက်ဘက်မှာ
ကိုစိုးဝင်းနဲ့
လင်းလင်း။





၂၀၁၇၊ ဖွန် ၁၉ ရက်နေ့တွင်
ကျရောက်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့
မွေးနေ့ကို ရည်စူးပြီး စင်ကာပူရောက်
မြန်မာများ စုပေါင်း လှူဒါန်းထားတဲ့
ရန်ပုံငွေဖြင့် ဆောက်လုပ်ထားတဲ့
ကျောင်းဆောင်အား ကိုယ်စား
သွားရောက် ဖွင့်လှစ်ပေးစဉ်။

---



ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်
ဖြစ်စဉ်က မိတ္ထီလာမြို့တွင် နေထိုင်ခဲ့တဲ့
နံပါတ် ၇ ညီမ ဒေါ်နုနုရီ (ကွယ်လွန်) နဲ့
ခင်ပွန်း မောင်ဆန်နီလှိုင်။

## အခန်း (၁၄)
## ကျေးဇူးကြီးသော ပုဂ္ဂိုလ်များ

### ဦးညီပုနဲ့ အမေနှင်း

မန္တလေးက ထင်ရှားတဲ့ မိသားစု တစ်ခုပါ။ "ငွေနှင်းဖြူ" လက်ဖက်စို၊ လက်ဖက်ခြောက် လက်လီ လက်ကား ရောင်းဝယ် ဖောက်ကားနေသူတွေ ဖြစ်ပါတယ်။ မန္တလေးမြို့ ရပ်ကွက်တွေ၊ လမ်းတွေတော့ ကျွန်တော် မခေါ်တတ်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျွန်တော်တို့ အဖွဲ့ ၁၄-၅ ယောက်လောက်ဟာ ၁၉၈၉ ခုနှစ် နှစ်စမှာ အထက်ဗမာပြည်ကို စည်းရုံးရေးခရီး ထွက်ပါတယ်။

ကျွန်တော်တို့အဖွဲ့ မန္တလေးမှာ တည်းခိုဖို့ ဘယ်ဟိုတယ်၊ ဘယ်တည်းခိုခန်းမှ လက်မခံရဲကြပါဘူး။ ဘုန်းကြီးကျောင်းတွေလည်း အလားတူပါပဲ။ အဲဒီသတင်းကို ကြားတော့ ဦးညီပုနဲ့ အမေနှင်းတို့က ဒေါ်စုနဲ့ တစ်ဖွဲ့လုံးကို သူတို့အိမ်မှာ ဖိတ်ခေါ်ပြီး ကျွေးမွေးထားပါတယ်။ ကျွန်တော်တို့အခေါ် အဘပုဟာ နိုင်ငံရေး မလုပ်ပါဘူး၊ စိတ်လည်း မဝင်စားပါဘူး။ ဒါပေမဲ့ ဗိုလ်ချုပ် အောင်ဆန်း သမီးဆိုတဲ့ သံယောဇဉ်နဲ့ လက်ခံတာပါ။

အဲဒီလို လက်ခံတဲ့အတွက် သူတို့အိမ်ရဲ့ ပတ်ပတ်လည်မှာ ထောက်လှမ်းရေး အဖွဲ့မျိုးစုံ၊ ရဲတွေနဲ့ တပ်မတော်သားတွေဟာ အမြဲတမ်းများ တပ်ချထားသလားလို့ ထင်ရလောက်အောင် ရှိနေကြပါတယ်။ ဒါပေမဲ့ အဘပုတို့ကတော့ အေးအေးဆေးဆေးပါ။ အဘပုတို့ အိမ်ကို အခြေချပြီး စစ်ကိုင်းတိုင်းဘက် ထွက်တယ်၊ ပြန်လာတယ်။ ကချင် ပြည်နယ် ထွက်တယ်၊ ပြန်လာတယ်။ ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုး၊ သိန္နီ၊ သီပေါဘက် သွားတယ်၊ ပြန်လာတယ်။

အဲဒီလို အခြေချပြီး အစည်းအဝေးလုပ်တဲ့ ခရီးစဉ်တွေ အားလုံးဟာ အောင်မြင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည် ပထမ အကြိမ် အကျယ်ချုပ်ကျတဲ့ အချိန်မှာ အဘပုဟာ လည်ချောင်း ကင်ဆာ ဖြစ်ပြီး ရန်ကုန် ဆေးရုံကြီး တက်ရပါတယ်။ ဆေးရုံပေါ်မှာပဲ ကွယ်လွန်လို့ သူ့အလောင်းကို ညတွင်းချင်း ကိုမော်နဲ့ ကိုအောင်တို့က မန္တလေးကို ပို့ပေးခဲ့ရပါသေးတယ်။

### ဒေါက်တာ မင်းသိမ်းနဲ့ ဒေါက်တာ နနဝင်း

ဒေါက်တာ မင်းသိမ်းဆိုတာ ဦးညီပုတို့ရဲ့ သားအကြီးပါ။ Ph.D. ဘွဲ့ကို ဩစတေးလျ နိုင်ငံက ရခဲ့တာပါ။ စက်မှု ၁ မှာ အမှုထမ်းရင်းနဲ့ စစ်ကိုင်းတိုင်း၊ ဘုတလင် မြို့နယ်၊ တွင်းတောင်က ထွက်တဲ့ စိမ်းပြာရေညှိ Spirulina ကို သုတေသန လုပ်ရင်း သူ့ရဲ့ သုတေသန စာတမ်းဟာ မြန်မာပြည်မှာသာမက ကမ္ဘာ တစ်ဝှမ်းလုံးက စိတ်ပါ ဝင်စားတဲ့ သူတွေအထိပါ ပျံ့နှံ့ ကျော်ကြားသွားခဲ့ပါတယ်။




မန္တလေး ညစာစားပွဲ တစ်ခုတွင် တွေ့ရတဲ့ အမေနင်း (ကွယ်လွန်သူ ဦးညီပုရဲ့ ဇနီး)၊ နောက်မှ ရပ်နေသူမှာ ဆေးကုသရာက လွဲလို့ ကျန်တာ အကုန်လုပ်တဲ့ ဒေါက်တာ နုနုဝင်း၊ အမေနင်းရဲ့ ညာဘက်မှာ ကိုတင်ထွဋ်ဦး (NLD အလုပ်အမှုဆောင် ကော်မတီဝင်)။

သူ့အဖေအိမ်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ ရက်သတ္တပေါင်းများစွာ စတည်းချတဲ့ကိစ္စနဲ့ ပတ်သက်လို့ မိဘများကို ပြစ်မှုမြောက်ခြင်း မဖြစ်ခဲ့ပါ။ ပြီးတော့ (ကျွန်တော့်အထင်) သူ့ရဲ့ ပညာဟာ ဒေါက်တာဘွဲ့အပြင် မြန်မာပြည်မှာ ရှားပါးတဲ့ Spirulina သုတေသန ပညာရှင်မို့ အရေးယူခြင်း မခံရတာလို့ ထင်ပါတယ်။

သူဟာ စက်မှု (ဆေးဝါး)က အငြိမ်းစားယူလိုက်တဲ့အခါ တိုက်ဆိုင်စွာ စစ်အစိုးရကလည်း မြန်မာပြည် စီးပွားရေးကို ဈေးကွက် စီးပွားရေး စနစ်နဲ့ လုပ်ဆောင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီ ဆုံးဖြတ်ချက်အရ တချို့ စက်ရုံတွေကို ပုဂ္ဂလိကတွေနဲ့ Joint venture ဖက်စပ်လုပ်ဖို့ သတ်မှတ်ရာမှာ စိမ်းပြာရေညှိ စက်ရုံလည်း တစ်ခု ပါဝင်ပါတယ်။ ဒါကြောင့် အငြိမ်းစားယူပြီးတဲ့ ဒေါက်တာ မင်းသိမ်းဟာ အဲဒီ စက်ရုံကို ဖက်စပ် လုပ်ငန်းအဖြစ် စက်မှု ၁ နဲ့ စတင် ဆောင်ရွက်ခဲ့ပါတယ်။

လုပ်ငန်း စတင်စဉ်က စိမ်းပြာရေညှိ ဖြစ်ပေါ်စေတဲ့ ရေခါးရေတွေဟာ ရေချို pH-7 ဖြစ်သွားလို့ စိမ်းပြာရေညှိ မထွက်ပါဘူး။ ရေတွေဟာ pH-9/ pH-10 လောက် ဖြစ်မှ စိမ်းပြာရေညှိ ထွက်တာပါ။ ဒါကြောင့် ရေချိုဖြစ်လာတာတွေကို ကာကွယ်ဖို့ လုပ်တာနဲ့ပဲ နှစ်နှစ် သုံးနှစ်လောက် ကြာသွားပါတယ်။ ရေညှိ မထွက်တော့ စက်ရုံလည်း မလည်ပါဘူး။ အရှုံးချည်းပဲပေါ့။ သူက ၃၀ ရာနှုန်း၊ အစိုးရက ၇၀ ရာနှုန်း ဆိုတော့ ရှုံးရင်လည်း အချိုးကျအတိုင်းပဲပေါ့။

ဒေါက်တာ မင်းသိမ်းဟာ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်က ကွယ်လွန်သွားခဲ့ပါတယ်။ ဒါကြောင့် သူ့သမီး ဆရာဝန်မ ဒေါက်တာ နုနုဝင်းက ဆက်လက် ဆောင်ရွက်နေပါတယ်။ ရေချိုဖြစ်တာတွေ ရပ်တန့်သွားလို့ စိမ်းပြာရေညှိတွေ ထွက်လာတဲ့အတွက် ရေညှိကို အခြေခံတဲ့ အားဆေးတွေ၊ သဘာဝ ဇီဝ မြေဩဇာတွေ ထုတ်လုပ်နိုင်ခဲ့ပါပြီ။ အဲဒီ ဒေါက်တာ နုနုဝင်းဆိုတဲ့ ကောင်မလေးဟာ ဆေးကုတဲ့ ဆရာဝန်မ မဟုတ်ဘဲ

စီးပွားရေး လုပ်တဲ့ ဆရာဝန်မပါ။ သူ့ခင်ပွန်း ကိုမြင့်ခိုင်နဲ့ သားသမီး သုံးယောက်ကို ပြုစု ပျိုးထောင်ရင်းနဲ့ ဘဝကို ဖြတ်သန်းနေပါတယ်။

## ကျွန်တော့်ဘဝထဲက တုံတုံများ

အထက်မှာ ရေးပြခဲ့တဲ့အတိုင်း ကျွန်တော့် ဇနီးသည်ရဲ့ မှတ်ပုံတင်နဲ့ ကျောင်းနာမည်က မသိန်းမြင့်ကြည်ပါ။ ဖခင် တပ်ကြပ်ကြီး ကျော်မြင့် တာဝန် ထမ်းဆောင်တဲ့ ကျိုင်းတုံမြို့မှာ နေရင်း သူ့ကို မွေးဖွားခဲ့လို့ အိမ်နာမည် တုံတုံလို့ ခေါ်ကြတာပါ။ သူ့အမျိုးတွေနဲ့ သူငယ်ချင်းများကလည်း တုံတုံပါပဲ။ ရှားပါးတဲ့ နာမည်မို့ လူအများက စိတ်ဝင်စားကြပါတယ်။

အဲဒီလိုနဲ့ ကြားဖြတ် ရွေးကောက်ပွဲ ဝင်မယ်ဆိုတော့ မိတ္ထီလာကို သွားရပါတယ်။ ကျွန်တော့် ရွေးကော်ပွဲ ကိုယ်စားလှယ်ကို ရှာတဲ့အခါ ထောင်က ပူပူနွေးနွေး ထွက်လာခါစ ကိုတင်ကိုကို ရွေးလိုက်ပါတယ်။ သူ့ မိသားစုနဲ့ပါ ခင်လာတဲ့အခါ ဇနီး မသီတာနဲ့ အကြီးမ ဆုမြတ်နိုးတို့နဲ့ပါ ခင်မင်လာခဲ့ပါတယ်။ ကိုတင်ကိုကိုနဲ့ မသီတာတို့မှာ သမီးနှစ်ယောက်ပဲ ရှိပါတယ်။ အငယ်မ နာမည်က တုံတုံပါတဲ့။ တိုက်ဆိုင်လိုက်တာလို့ ထင်မိခဲ့ပါတယ်။

အထက်မှာ ရေးပြခဲ့တဲ့ ဆေးမကုတဲ့ ဆရာဝန်မ နနဝင်း ယောကျ်ားက ကိုမြင့်ခိုင်ပါ။ ကိုမြင့်ခိုင်ရဲ့ မိသားစု အားလုံးက တရုတ်လူမျိုးတွေပါ။ သူက အရပ် ခြောက်ပေ ကျော်ပါတယ်။ ငယ်ငယ်က ဘတ်စကက် ဘော ကစားခဲ့ရုံမက မြန်မာ့လက်ရွေးစင် အဖြစ်ထိ ကစားခဲ့ဖူးပါတယ်။ သူ့ နနဝင်းနဲ့ အိမ်ထောင်ကျတော့ အသက် ၃၇ နှစ် ရှိပါပြီ။ မိန်းမ မယူတော့ဘူးလို့ စိတ်ပိုင်းဖြတ်ထားရာက နနဝင်းနဲ့ တွေ့မှ ရှာန်လျှောသွားတာပါ။

ကိုမြင့်ခိုင်က တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး၊ နနဝင်းက သွက်သွက်လက်လက်၊ ပျာကလတ် စိန်။ ပြောရရင်တော့ အပုပ်ချတာ မဟုတ်ပါဘူး။ ကိုမြင့်ခိုင် ပြောဖူးလို့ ပြန်ဖောက်သည်ချတာပါ။ "အဘရာ၊ ကျွန်တော် အသက် ၃၇ နှစ်ထိ မိန်းမ မယူတော့ဘူးလို့ ဆုံးဖြတ်ထားခဲ့တာ၊ သူနဲ့ တွေ့တော့ ယူဖြစ်သွားတယ် ဆိုပါတော့၊ Sedona Hotel မှာ မင်္ဂလာဆောင်လို့ ကျွန်တော်တို့ နှစ်ယောက် နေရမယ့် နေရာ (ပုလဲကွန်ဒို) ရောက်တော့ မိုးချုပ်ပြီပေါ့။ မှတ်မှတ်ရရ ရောက်လည်း ရောက်ရော မီးက ပျက်ကရော၊ အဲဒီမှာ မင်္ဂလာဦးည၊ ချူးပွဲချ ငိုမိတယ်ဗျာ"တဲ့။

ကျွန်တော်က "ဘာဖြစ်လို့လဲဗျ" လို့ မေးတဲ့အခါ သူကလည်း မသိပါဘူးဗျာလို့ လျှောချသွားပါတယ်။ ဘေးက နားထောင်နေတဲ့ နနဝင်းက ဒီကိစ္စ ဖွင့်ပြောရကောင်းလားလို့ ဆိုပြီး အပြစ်တင်တဲ့ သဘောနဲ့ သူ့ ကျောကို လက်သီးနဲ့ ထုနေပါတယ်။ ကိုမြင့်ခိုင်က နနဝင်းကို အရမ်း အလိုလိုက်ပါတယ်။ နနဝင်း လုပ်မယ့် စီးပွားရေး ကိစ္စတွေနဲ့ ပတ်သက်လို့ သူပဲ ဒိုင်ခံပြီး စီးပွား ရှာပေးတာပါ။ သူက ပြောသေးတယ်၊ "ကျွန်တော့် စီးပွားရေးနဲ့ ကျွန်တော် ဆိုရင် အခုဆို ခရိုနီတောင် ဖြစ်နေပြီ အဘရာ၊ သူ ဖြုန်းတာနဲ့ ပိုက်ဆံတွေ ကုန်တာပါပဲ" လို့ ပြောတော့ နနဝင်းက "ယောကျ်ား ပိုက်ဆံ၊ မိန်းမ ပိုက်ဆံပဲလေ" လို့ စပ်ဖြဲဖြဲနဲ့ ပြန်ပက်ပါတယ်။ ကိုမြင့်ခိုင် ရဲ့ အိမ်နာမည်ကလည်း တုံတုံပါတဲ့။

သူတို့ လင်မယားနဲ့ ကြုံတိုင်း ကျွန်တော်က "နနဝင်း၊ သိလား၊ တုံတု ဆိုတဲ့ကောင် သိပ်တော်တဲ့ကောင်" လို့ ခဏ ခဏ ပြောမိပါတယ်။ ဒါကို တုံတုံက သဘောမပေါက်ပါဘူး။ မျက်နှာက မရေမရာ ဖြစ်နေလို့ ကျွန်တော်က "နနဝင်းလို ကောင်မလေးကို အခုထိ သည်းခံ ပေါင်းနေနိုင်လို့ တော်တယ်လို့ ပြောတာ" လို့ ပြောမှ သူက အော်.... အော်နဲ့ သဘောပေါက်သွားပါတယ်။ သူတို့ သမီးအကြီးက ဇွန်လမှာ မွေးလို့ နာမည်က

ဖွန်ဖွန်ပါတဲ့။ ကျွန်တော့် သမီးကြီးနဲ့ သွားတူနေပြန်ရော။ ဖွန်ဖွန်က အသက် ၁၄ နှစ်သာ ရှိပေမဲ့ အရပ်က ငါး ပေ ရှစ်လက္မ ရှိနေပါပြီ။ သူ့အဖေနဲ့ တူလို့ပေါ့။ အခုတော့ အင်္ဂလန်နိုင်ငံ Oxford မှာ စာသွားသင်နေလေရဲ့။

## ကျွန်သေးတယ်

နောက်တစ်ယောက် ရှိပါသေးတယ်ဗျာ။ နေပြည်တော်က ကျွန်တော့် ကိစ္စဝိစ္စတွေ ကူညီပေးတဲ့ ကောင်လေး နာမည်က သက်ပိုင်ရှိန်။ အခုတော့ ရန်ကုန်တိုင်း လူငယ် တာဝန်ခံ ဖြစ်နေပါပြီ။ ကျွန်တော် ဒုတိယအကြိမ် ဆေးရုံတက်ကတည်းက လူနာစောင့် လုပ်ရင်းနဲ့ ခင်သွားပြီး နောက်ပိုင်းမှာ ကျွန်တော့်ရဲ့ ရုံးလုပ်ငန်းတွေ ကူလုပ်ပေးရင်းနဲ့ မြဲသွားတာပါ။ သူ့အဖေက တပ်ထဲကပါ၊ ကွယ်လွန်သွားပါပြီ။ ဖခင် ရတဲ့ ဆုကြေးငွေနဲ့ မင်္ဂလာဒုံ မြို့နယ်မှာ အခြေချပါတယ်။ နောက်ပိုင်း သူ့မိသားစုနဲ့ပါ ခင်မင်သွားခဲ့ပါတယ်။ မောင်နှမ သုံးယောက် ရှိပါတယ်။ အစ်ကိုကတော့ အိမ်ထောင်မကျသေးပါဘူး။ ညီမ အငယ် နာမည်ကတော့ တုံတုံပါတဲ့။

သားဂျူးနဲ့ နှင်းရတနာဇော်တို့ရဲ့ စေ့စပ်ပွဲကို မန္တလေးမှာ လုပ်ခဲ့ပါတယ်။ ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့် မောင်နဲ့ ဇနီး ဒေါက်တာ ဒေါ်ယုယုမေတို့ကို အကြီးမှူးထားလို့ပေါ့။ စေ့စပ်ပွဲ လုပ်မယ့်နေရာက ဝန်ကြီးချုပ် အိမ်နဲ့ ကိုက် ၁၀၀ လောက် ဝေးတဲ့အတွက် ခြေလျင်ပဲ သွားခဲ့ကြပါတယ်။ စေ့စပ်ပွဲက တစ်နာရီလောက်ပဲ ကြာပါတယ်။ အခမ်းအနား ပြီးတော့ အားလုံး ပြန်ကြတာပေါ့။ ကျွန်တော်တို့ကတော့ အားလုံးပြီးမှ ပြန်ကြတာ ပါ။ အိမ်က ထွက်တော့ အဲဒီအိမ်က ကောင်မလေးနဲ့ တူပါတယ်၊ သူက နှုတ်ဆက်ပါတယ်။ လက်ထဲမှာ ခွေးလေး တစ်ကောင် ပွေ့ထားပါတယ်။ အကောင် သေးသေးလေးပါ။ ကျွန်တော်က "ဟယ်.... ခွေးလေးက ချစ်စရာလေး၊ နာမည် ဘယ်လို ပေးထားသလဲ" လို့ မေးတော့ ကောင်မလေးက "ခွေးလေး နာမည်က တုံတုံ" တဲ့။ အဲဒါတွေကတော့ ကျွန်တော့် ဘေးနား ပတ်ပတ်လည်က တုံတုံတွေပါပဲ။

## ဦးအုန်းမြင့်နဲ့ ကိုနီတို့ သားအဖ

အရင်ခေတ်က လက်ဝဲ နိုင်ငံရေးသမားတိုင်းလိုလို ဦးအုန်းမြင့်ကို မသိတဲ့သူ မရှိကြပါ။ တကယ်တော့ ဦး အုန်းမြင့်ဟာ ကွန်မြူနစ်ဝါဒကို ယုံကြည်သက်ဝင်ပြီး တရုတ်လူမျိုး စစ်စစ် တစ်ယောက်ပါ။ ထောင် ခဏ ခဏ ကျဘူးတဲ့ အပြင် တော်လှန်ရေး ကောင်စီခေတ်က ကိုကိုးကျွန်းကို အပို့ ခံရတဲ့ သိမ်ဂကို နိုင်ငံရေးသမားဟောင်း တစ်ယောက်လည်း ဖြစ်ပါတယ်။

ထူးခြားတာက သူဟာ ဗိုလ်ချုပ် အောင်ဆန်းကို ခင်မင်တယ်၊ ယုံကြည်တယ် ဆိုတဲ့ ကွန်မြူနစ် တစ် ယောက်ပါ။ ဗိုလ်ချုပ် အောင်ဆန်း ကွယ်လွန်တော့လည်း ဒေါ်ခင်ကြည်ကို အမြဲလိုလို စောင့်ရှောက် ထောက်ပံ့ နေခဲ့ပါတယ်။ ဒါ့ကြောင့် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် မိသားစုနဲ့ ဦးအုန်းမြင့် မိသားစုဟာ နှစ်အိမ့် တစ်အိမ် ဖြစ်ရလောက်အောင် ခင်မင် ရင်းနှီးကြပါတယ်။

ဦးအုန်းမြင့်နဲ့ ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်က ဂျပန် သတင်းစာ Umiyuri Shinbon မှာ ဆောင်းပါး တစ်ပုဒ် ရေးခဲ့ဖူးပါတယ်။ သူဟာ ကွန်မြူနစ် ဝါဒကို ယုံကြည်တဲ့သူ ဖြစ်ပါတယ်။ မြန်မာပြည်က ကွန်မြူနစ် ပါတီဝင်တွေကိုလည်း သံယောဇဉ် ရှိပါတယ်။ ဒါပေမဲ့ သူ့မှာ ဒါနကုသိုလ် ရှိခဲ့တဲ့ အတွက်ကြောင့် (လို့ ယူဆပါတယ်) သူဌေး အဆင့်အတန်းလောက်ထိ ကြွယ်ဝပါတယ်။ လူပုံကို ကြည့်လိုက်ရင်လည်း သူက ဂျင်းဘောင်းဘီနဲ့ Walking Shoe နဲ့၊ တစ်ခါတလေ စပို့ရှပ်တောင် ဝတ်လိုက်သေးတယ်။

ကိုယ်ပိုင်ကား ရှိသော်လည်းပဲ ကားစီးခဲပါတယ်။ သွားစရာရှိရင် လွယ်အိတ် တစ်လုံးနဲ့ ဘတ်စ်ကားနဲ့

သွားလေ့ရှိသူပါ။ ကွန်မြူနစ်နဲ့ မတူတဲ့ ကွန်မြူနစ်ကြီးပါ။ ရှစ်လေးလုံး အရေးတော်ပုံ ဖြစ်တော့လည်း ဒေါ်အောင်ဆန်းစုကြည်ကို လုံးဝ ပံ့ပိုးပေးခဲ့တဲ့ အပြင် မြန်မာပြည်နဲ့ ကင်းကွာခဲ့တဲ့ ဒေါ်စုကို ပြည်တွင်း နိုင်ငံရေး အင်အားစုတွေရဲ့ ထောက်ခံမှုရအောင် လုပ်ပေးခဲ့ပါတယ်။ နဝတ အစိုးရတက်တော့ သူလည်း ဘယ်နေမလဲ အဖမ်းခံရပြီပေါ့။ လူက ပိန်ချုံးပြီး ကျန်းမာရေး ချို့တဲ့လို့ ထောင်ဆေးရုံ ခဏ ခဏ တက်ရပါတယ်။

## NLD လူမှု အထောက်အကူပြု အဖွဲ့

ဒေါ်အောင်ဆန်းစုကြည်လည်း အကျယ်ချုပ်က လွတ်ပြီ၊ သူကလည်း ထောင်က လွတ်ပြီ ဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေး အကြံပေးအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ နောက်ပြီး ဒေါ်စုရဲ့ တိုက်တွန်းချက်အရ "အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဗဟို လူမှုအထောက်အကူပြု အဖွဲ့" ဖွဲ့ပြီး အကျဉ်းကျတဲ့ နိုင်ငံရေးသမားတွေကို တတ်နိုင်သမျှ ထောက်ပံ့ဖို့ လုပ်ငန်းတွေ စတင်ခဲ့ပါတယ်။

အဲဒီအဖွဲ့မှာ ဦးအုန်းမြင့်က နာယက၊ ကျွန်တော်က ဥက္ကဋ္ဌ အဖြစ် တာဝန်ယူပြီး အဖွဲ့ဝင်များ အဖြစ် ဦးသိန်းတန် (ကွယ်လွန်)၊ ဗိသုကာ ဦးကျော်မင်း(ကွယ်လွန်)၊ အီဗား (ယခု ဩစတေးလျ ရောက်)၊ နီနီယဉ် (ယခု USA ရောက်)၊ ဦးနိုင်းနိုင်း၊ ဒေါ်သန္တာသွန်း (၁၉၉ဂ ဆိပ်ကမ်း မြို့နယ် အမတ်) တို့ ပါဝင်ပါတယ်။

ကျွန်တော်တို့ အဖွဲ့ဟာ ဒေါ်အောင်ဆန်းစုကြည်ကို အကြောင်းပြုပြီး လှူဒါန်းလာတဲ့ ငွေတွေကို သင့်သလို ထုခွဲပြီး နိုင်ငံရေး အကျဉ်းသားတွေကို ငွေရေးကြေးရေး ထောက်ပံ့ခဲ့တာပါ။ ထောက်ပံ့ငွေကိုတော့ သူတို့ မိသားစုတွေဆီကို မရောက်ရောက်အောင် ကြိုးစားပြီး ပို့ပေးပါတယ်။ ၁၉၉၅-၉၆ ခုနှစ် ကာလမှာ အကျဉ်းသား တစ်ယောက်ကို ကျပ် ၅၀၀ နှုန်းနဲ့ ထောက်ပံ့ခဲ့ပါတယ်။ အကျဉ်းသား ဦးရေ ၄၀၀ ခန့် ထောက်ပံ့နိုင်ခဲ့ပါတယ်။ နယ်ထောင်တွေကိုတော့ အလှမ်းမမှီခဲ့ပါ။

အဲဒီလို ထောက်ပံ့ခဲ့တာဟာ လူတိုင်းကိုတော့ မရောက်နိုင်ခဲ့ပါဘူး။ တချို့လည်း ထောက်ပံ့ကြေးကို မယူချင်ဘူး ဆိုပြီး ဆန္ဒပြတဲ့သူလည်း ရှိပါတယ်၊ စုံစမ်းမရလို့ မပံ့ပိုးနိုင်တာလည်း ရှိပါတယ်။ ၁၉၉၆ ခုနှစ်မှာ ကျွန်တော် အဖမ်းခံရပြန်တော့ ထောင်ထဲမှာ တွေ့ရတဲ့ ဘဝတူ တချို့က ကျွန်တော်တို့ရဲ့ ထောက်ပံ့မှု မရသေးပါကြောင်းလို့ ပြောတဲ့အခါ အလွန် မျက်နှာပူရပါတယ်။

"ဗဟို လူမှုအထောက်အကူပြု အဖွဲ့" ဟာ အလွန် အလုပ်များပါတယ်။ ၂၀၁၀ ခုနှစ် ကျွန်တော် ထောင်က လွတ်တော့ နိုင်ငံရေး အကျဉ်းသားများ အရေအတွက်ဟာ ထောင်ဂဏန်း ရှိနေပါပြီ။ နိုင်ငံရေး အကျဉ်းသား ဦးရေ တိုးလာသလို လူသိမခံဘဲ လှူတဲ့ ငွေကြေး ပမာဏလည်း များလာပါတယ်။ ဒါ့ကြောင့် ၂၀၁၀ ခုနှစ်ကနေပြီး ၂၀၁၂ ခုနှစ်လောက် အထိဟာ နိုင်ငံရေး အကျဉ်းသမားတိုင်းကို တစ်လလျှင် ကျပ်ငါးထောင် ထောက်ပံ့နိုင်ခဲ့ပါတယ်။ ထောင်က လွတ်တဲ့အခါ ခရီးစရိတ် ကျပ်တစ်သောင်း ပံ့ပိုးပါတယ်။ နိုင်ငံရေး အကျဉ်းသမားတစ်ဦး နေမကောင်းလို့ဆေးရုံတက်ရရင် တစ်ယောက်ကိုငါးသိန်း၊ တချို့ ၁၀ သိန်းအထိ ထောက်ပံ့နိုင်ပါတယ်။

## မရှိမဖြစ် ကိုနီ

ကိုနီ ဆိုတာက ဦးအုန်းမြင့်ရဲ့ သားပါ။ သားအဖ နှစ်ယောက် လေပေးဖြောင့်တာ တစ်ခါမှ မကြားဖူးဘူးပါ။ အမြဲ တကျက်ကျက်ပါ။ ဦးအုန်းမြင့်ကို လူချင်းတွေ့လို့ ကျွန်တော်က "ကိုနီ နေကောင်းလား" လို့ မေးရင် ဦးအုန်းမြင့်က "ဒီကောင် သေမှာပါ" လို့ အမြဲ ပြန်ဖြေလေ့ ရှိပါတယ်။ သူတို့ သားအဖ ဆက်ဆံရေးက ဒီလို မျိုးပါ။

ကိုနီကလည်း ကိုနီပဲ၊ အရက်ကလည်း သောက်သလား မပြောနဲ့၊ မိုးလင်းကနေ မိုးချုပ်။ သူ့အစ်မ ဒေါ်စုက "ကိုနီ လျှော့သောက်လေ" လို့ ပြောရင် သူက "ဟုတ်ကဲ့ အစ်မ" ချည်းပါပဲ။ ဘယ်တော့မှ စောဒက မတက်ပါဘူး။ ဒါပေမဲ့ သောက်မြဲ သောက်လျက်။ ဒါ့ကြောင့် သူ့ကျန်းမာရေးက မကောင်းပါဘူး။ အရပ်က ငါးပေ နှစ်လက်မလောက် ရှိမှာပါ။ အိမ်ထောင်ကလည်း မရှိဆိုတော့ သူ့ဘဝ တစ်လျှောက်လုံးဟာ ဒေါ်စု အတွက်လို့ပဲ သတ်မှတ်ထားသလို ဒေါ်စုရဲ့ ဝေယျာဝစ္စတွေကို အမြဲတမ်း မဆိုင်းမတွ လုပ်ပေးခဲ့ပါတယ်။

သူဟာ ဒေါ်စုနားမှာ နေပြီး ဝေယျာဝစ္စတွေ လုပ်ပေးခဲ့ပေမဲ့ သူဟာ ထောင်ဇာတာ မပါဘူးနဲ့ တူပါတယ်။ တစ်ခါမှ အဖမ်းမခံရပါဘူး။ သူဟာ အင်္ဂလိပ်လိုလည်း ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်တဲ့ အတွက်ကြောင့် ဒေါ်စုရဲ့ ပြည်ပ ဆက်ဆံရေး၊ သံတမန်တွေနဲ့ ဆက်ဆံရေးတွေမှာ အလွန် အသုံးတည့်ပါတယ်။ အရက် သောက်နေပေမဲ့ ဒေါ်စုရဲ့ အလုပ်တွေကို မှန်မှန်ကန်ကန် တိတိကျကျ လုပ်ပေးခဲ့ပါတယ်။

သူ့ရဲ့ ချစ်စရာ ကောင်းတဲ့ အချက်က သူဟာ ဒေါ်စု နားမှာ နေတယ် ဆိုပြီး ဘယ်တော့မှ ကြွားလုံး မထုတ်ဘူး၊ အခွင့်အရေးလည်း မယူဘူး။ ဒေါ်စုအပေါ် နှုတ်နဲ့ သော်လည်းကောင်း ကိုယ် အမူအရာနဲ့ သော်လည်းကောင်း စော်ကားတဲ့ သူတွေကို သည်းခံလေ့ မရှိပါဘူး။ သူ့ကို လူတော်တော်များများက မသိသော်လည်း အနီးကပ် အသိုင်းအဝိုင်းက ကိုနီ့ တန်ဖိုးကို သိကြပါတယ်။

## ကိုနီရဲ့ အမွေ

ကျွန်တော် ၂၀၁၀ ခုနှစ် ထောင်က လွတ်တော့ ဦးအုန်းမြင့် ကျန်းမာရေး ဖောက်နေပါပြီ။ သူ့အိမ်ကို သွားလည် တော့ အိပ်ရာက မထနိုင်ပါ။ ကျွန်တော့်ကို မြင်တော့ မျက်ရည်တွေ တွေတွေကျလာပါတယ်။ ကျွန်တော့်ကို စိုက်ကြည့်နေပါတယ်။ အမိပ္ပာယ်ကတော့ "ဦးထိန်ရေ ခင်ဗျားတို့ ဆက်ရုန်းကြဦးဗျ၊ ကျွန်တော်တော့ ဘာမှ မတတ်နိုင်တော့ပါဘူးဗျာ" ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ဒီလိုနဲ့ ဦးအုန်းမြင့်ဟာ ၂၀၁၀ ခုနှစ် မကုန်ခင်မှာ ကွယ်လွန် သွားခဲ့ပါတယ်။

ဦးအုန်းမြင့် ကွယ်လွန်သွားတော့ သူတို့အိမ်ကြီးကို ရောင်းလိုက်ပါတယ်။ နေရာက စီဒိုးနား ဟိုတယ် နားမှာ ဆိုတော့ ဈေးကောင်းရတယ်လို့ သိရပါတယ်။ ရောင်းရငွေကို မောင်နှမ လေးယောက် ခွဲယူကြရာမှာ ကိုနီက သိန်း ၅၀၀၀ လောက် ရတယ်လို့ သိရပါတယ်။ ဟုတ် မဟုတ်တော့ မပြောတတ်ပါ။ ကိုနီက အဲဒီက ရတဲ့ အမွေတွေကို ဒေါ်အောင်ဆန်းစုကြည်ကို ပံ့ပေးခဲ့တယ်လို့ သိရပါတယ်။ ကိုနီက အဲဒီလောက်အထိ ဒေါ်စုကို ချစ်ခဲ့တာပါ။

ကိုနီနဲ့ ပတ်သက်လို့ ထိုင်းနိုင်ငံထုတ် Bangkok Post သတင်းစာမှာ Unseen Hero ဆိုတဲ့ ခေါင်းစဉ်နဲ့ ကိုနီ့ အကြောင်း ဆောင်းပါး တစ်စောင် ဖတ်လိုက်ရပါတယ်။ မိမိ ကိုယ်ကျိုးအတွက် ဘာမှ မမျှော်မှန်းပဲ ဒေါ် အောင်ဆန်းစုကြည်ရဲ့လုပ်ငန်းတွေ အောင်မြင်ဖို့အတွက် လုံးဝ ပံ့အောခဲ့တာပါ။ အဲဒီ ဆောင်းပါး ခေါင်းစဉ်က "တေးသီ၍ ချီးကျူး မခံရသော သူရဲကောင်း" ပါတဲ့။

## Uncle Leo

အန်ကယ် လီယို ဆိုတာက ဒေါ်အောင်ဆန်းစုကြည်ဆီကို တစ်ပတ်တစ်ခါ လာပြီး သံတမန် လောက သတင်း နဲ့ ပြည်တွင်း ပြည်ပ နိုင်ငံခြားသားများ အသိုင်းအဝိုင်းက သတင်းတွေကို လာပြောလေ့ရှိတဲ့ သူတစ်ယောက်ပါ။ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် ရှိစဉ်ကတည်းက အိမ်ကို ဝင်ထွက်သွားလာသူ တစ်ဦး ဖြစ်ပါတယ်။ သူ့

မိသားစု အားလုံး ဩြစတေးလျ နိုင်ငံကို ရောက်နေပြီး သူကတော့ ကမ္ဘောဒီးယားဘုရားလမ်းက တိုက်တစ်လုံးမှာ တစ်ကိုယ်တည်း ခမ်းခမ်းနားနား နေထိုင်သူတစ်ဦး ဖြစ်ပါတယ်။

၁၉၉၆ ခုနှစ်၊ မေလပိုင်းလောက်မှာ စစ်အစိုးရရဲ့ ဖိနှိပ်မှု လုပ်ငန်းတွေ တိုးမြှင့်လာတဲ့အခါ အန်ကယ် လီယိုကြီးလည်း ပါသွားခဲ့တာပါ။ အန်ကယ် လီယိုကို ဖမ်းတာက နိုင်ငံရေးကိစ္စနဲ့ မဟုတ်ပါဘူး။ သူ့အိမ်မှာ သုံးတဲ့ ကြိုးဖုန်းတွေကို ခွင့်ပြုချက် မရှိဘဲ လိုင်းခွဲ နှစ်ခု သုံးခု ထားတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ တယ်လီဖုန်း ဥပဒေနဲ့ ငြိတယ်ပေါ့။ တကယ်တော့ သူဟာ ဒေါ်စုဆီ အပတ်စဉ် ဘာလုပ် သွားနေလဲ ဆိုတာ သိချင်လို့ပါ။

ထောင်ထဲ ရောက်တော့ ထောက်လှမ်းရေးက ဒေါ်စုအိမ်ကို အပတ်စဉ် ဘာလုပ်သွားသလဲလို့ မေးပါတယ်။ သူ့ကို ဖမ်းတာ ဆက်သွယ်ရေး ပုဒ်မနဲ့မို့လို့ ဒါတွေ မဖြေနိုင်ဘူး၊ တယ်လီဖုန်း ကိစ္စ မေးရင် ဖြေမယ်။ အဲဒါနဲ့ ပတ်သက်လို့ ဒဏ်ခတ်ခတ်၊ ထောင်ချချ ကိစ္စမရှိဘူး ဆက်လုပ်မယ် ဆိုပြီး မာရေကျောရေ ပြောပါတယ်။ အန်ကယ် လီယို ဆိုတာ သူဌေး အဆင့်အတန်းနဲ့ နေနေတာ ဖြစ်တဲ့အတွက် အစားအသောက်က အစ အနောက်တိုင်း အစားအစာတွေကို အိမ်က ထမင်းချက်ကို ချက်ခိုင်းပြီး နေ့စဉ် စားနေတာပါ။

ထောက်လှမ်းရေးကလည်း သူတို့ မေးတာ မဖြေရကောင်းလား ဆိုပြီး သူ့ကို ထောင်စာပဲ ကျွေးပါတယ်။ ဆိုးတာက သူ သောက်နေကျ ဆေးတွေ သူ့ကို မပေးပါဘူး။ အသက်ကလည်း ၆၀ ကျော်ပြီး သွေးတိုး၊ ဆီးချို၊ နှလုံး ရောဂါစုံ ရှိပါတယ်။ ငမိုက်သားများ လုံးဝ ဂရုမစိုက်တဲ့ အချက်က အန်ကယ် လီယိုဟာ အဲဒီအချိန်မှာ ဆွီဒင် နိုင်ငံရဲ့ တရားဝင် ကောင်စစ်ဝန် ဖြစ်နေတယ် ဆိုတဲ့ အချက်ပါ။ သံတမန် စည်းမျဉ်းအရ ကောင်စစ်ဝန် တစ်ယောက်ကို ဖမ်းလို့ မရပါဘူး။

နောက်ပိုင်းမှ ဆက်စပ်လို့ရတဲ့ သတင်းတွေအရ အန်ကယ် လီယိုဟာ နှစ်လအတွင်း ပေါင် ၂၀ လောက် ကျသွားတဲ့အပြင် တတိယလ အတွင်းမှာ ထောင်ထဲမှာပဲ ဆုံးပါးသွားခဲ့ပါတယ်။ အဲဒီလို ဆုံးပါးသွားမှ သံတမန် ရေးရာတွေနဲ့ ငြင်းကြခုန်ကြ၊ ပြောကြဆိုကြနဲ့၊ သူတို့က အရှက်တရားမှ မရှိတာ၊ ထောင်ပိုင် တစ်ယောက် ပြောသလို ပြောရမယ် ဆိုရင် "အကျဉ်းသား တစ်ယောက် သေရင် စာရွက် တစ်ရွက်ပဲ ကုန်တာပဲ" ဆိုတဲ့ သဘောထားမျိုးနဲ့ ပြဿနာ ဖြေရှင်းကြတာပါ။

## ယူနီစန်က မစ်ပယ်တွေး

ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ် ဖြစ်လာတော့ နေ့ခင်းဆိုရင် လွှတ်တော်ဘက်မှာ စားပါတယ်။ ညနေစာကိုတော့ ကြုံသလို စားကြပါတယ်။ စည်ပင်ရိပ်သာ ၂ ထဲမှာ စားသောက်ဆိုင် လေး-ငါးဆိုင်လောက် ရှိပါတယ်။ အမိုးကြီး၊ နှင်း ၂၊ ယူနီစန်၊ မြစ်ဆုံ စသဖြင့်ပေါ့။ တခြားဆိုင်လည်း ရှိပါတယ်။ ကျွန်တော်တို့နဲ့ နီးတာက အမိုးကြီး၊ နှင်း ၂ နဲ့ ယူနီစန်ပါ။ အမိုးကြီးမှာတော့ တစ်ကြိမ် နှစ်ကြိမ်ပဲ စားဖြစ်ပါတယ်။ နှင်း ၂ ကတော့ အပေါ်မှာ ရေးပြပြီးပါပြီ။

နှင်း ၂ က မြန်မာ အစားအသောက် ကောင်းပါတယ်။ မနက်စာအဖြစ် သင့်လျော်တဲ့ မုန့်ဟင်းခါးကို လည်း အများက ကြိုက်ကြပါတယ်။ ယူနီစန်ကျတော့ အစားအသောက် ပိုစုံပါတယ်။ တရုတ်စာ၊ မြန်မာစာ အပြင် ဘီယာလည်း ရတယ် ထင်ပါတယ်။ ကျွန်တော်လည်း စားဖြစ်တော့ ဆိုင်ပိုင်ရှင်တွေနဲ့ မျက်မှန်းတန်းမိပြီး ကြာတော့ မိတ်ဆွေတွေ ဖြစ်လာပါတယ်။ ဆိုင်ပိုင်ရှင်တွေက ဦးတင်ဆွေနဲ့ ဒေါ်ခင်သန်းနွဲ့ တို့ ဖြစ်ပါတယ်။ သူတို့မှာ သားသမီး ခြောက်ယောက် ရှိပြီး မန္တလေးမြို့ပေါ်မှာလည်း ယူနီစန် ဆိုင်ခွဲတွေ ရှိတယ်လို့ သိရပါတယ်။

နေပြည်တော် ယူနီစန်ကိုတော့ သူတို့သမီး အငယ်ဆုံး မစံပယ်ထွေးက ကွပ်ကဲပါတယ်။ နေပြည်တော်/ ပျဉ်းမနားမှာလည်း ယူနီစန် ဆိုင်ခွဲ သုံးခု ရှိပါတယ်။ မစံပယ်ထွေးက မန္တလေး စက်မှုတက္ကသိုလ်က မဟာဘွဲ့ ရထားပြီးသူ တစ်ယောက်ပါ။ ရုပ်ရည်လည်း အသင့်အတင့် ရှိပါတယ်။ သူတို့နဲ့ နီးစပ်ဖို့ ဖြစ်လာတာက ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလလောက်မှာပါ။

## တရင်းတနှီး ဖြစ်လာပြီ

ဒေါ်အောင်ဆန်းစုကြည်က လွှတ်တော်ထဲက တိုင်းရင်းသား လွှတ်တော် ကိုယ်စားလှယ်များကို မိတ်ဖြစ် ဆွေဖြစ် ညစားပွဲနဲ့ တည်ခင်း ဧည့်ခံပွဲအတွက် အစားအသောက်ကို ယူနီစန်က မှာပါတယ်။ NLD က ၄၃ ယောက်၊ အပြင် တိုင်းရင်းသား လွှတ်တော် ကိုယ်စားလှယ်တွေကလည်း ၅၀ လောက် ရှိတော့ ပေါင်း ၁၀၀ နီးပါးပေါ့။ တိုင်းရင်းသား အချို့က ယမကာကြိုက်တော့ အဲဒီ အတွက်လည်း စီစဉ်ပေးရပါတယ်။

တိုက်ဆိုင်ချင်တော့ အဲဒီ ရက်ပိုင်းမှာ အမေရိကန် နိုင်ငံကို ရောက်နေတဲ့ သားကြီး မောင်ဆန်းဝင်းထိန်လည်း ပြန်ရောက်နေပါတယ်။ သူကလည်း အဲဒီ ဧည့်ခံပွဲမှာ တက်ခဲ့ပါတယ်။ သားကြီးနဲ့ ဒေါ်စုက ငယ်ငယ်လေး ကတည်းက သိကျွမ်း ခင်မင်ပြီးသားပါ။ ကျွန်တော်က လူတွေနဲ့ ဆက်ဆံရာမှာ ခင်မင် ရင်းနှီးရုံမက ပြောမနာ ဆိုမနာ အဆင့်ထိ ရောက်အောင် ပြောဆို ဆက်ဆံလေ့ ရှိပါတယ်။ အဲဒီည ဧည့်ခံပွဲမှာ ပိုင်ရှင် ဦးတင်ဆွေ ကိုယ်တိုင် ကြီးကြပ် ဧည့်ခံပြီး မစံပယ်ထွေးလည်း ပါပါတယ်။

ကျွန်တော်က ကျေးရင်းမွေးရင်း နှုတ်ဆက်ရင်းနဲ့ မစံပယ်ထွေးကို "သမီးကို ချွေးမတော်မယ်" လို့ ပြောရင်း သားကြီးကို လက်ရပ်ခေါ်လိုက်ပါတယ်။ အနားရောက်လာတော့ သားကြီးကို "ဒါမစံပယ်ထွေးတဲ့၊ အင်ဂျင်နီယာနဲ့ မာစတာ ရပြီးသား၊ သူ့ကို ငါ ချွေးမတော်မယ်လို့ ပြောထားပြီးသား၊ အဲဒါ မင်း ဆက်လုပ်" လို့ ပြောလိုက်ပါတယ်။ မစံပယ်ကတော့ ရှက်ရှက်နဲ့ ပြုံးနေပါတယ်။ သားကြီး အမူအရာက မထုံတက်တေး။

သူတို့နှစ်ယောက်ကို ထားပြီး ကျွန်တော်က တခြား တိုင်းရင်းသား လွှတ်တော် ကိုယ်စားလှယ်ဘက်ကို သွားပြီး စကား ပြောပါတယ်။ အဲဒီည ညစာစားပွဲပြီးတော့ အခန်းပြန်ရောက်တဲ့အခါ သားကြီးကို မေးပါတယ်။ အခြေအနေ ဘယ်လိုလဲပေါ့။ သူက "ကျွန်တော့်ကို တယ်လီဖုန်း နံပါတ်နဲ့ E-mail လိပ်စာ ပေးလိုက်တယ်ဗျ" ပါတဲ့။ ကျွန်တော်က "ဒါဆို သဘောပေါက်ပေါ့ကွ၊ မိန်းကလေး တစ်ယောက်က ဖုန်းနံပါတ်နဲ့ E-mail လိပ်စာ ပေးတယ် ဆိုတော့ ငါက မင့်ကို ဘာဆက်လုပ်ပါလို့ ပြောဖို့ မလိုဘူးပေါ့"။ ဒီသူတောင်းစား (သားကြီး) က နောက်ပိုင်းမှာ ဘာမှ ဆက်မလုပ်ဘူးလို့ သိရပါတယ်။

သူတို့ နှစ်ယောက်ရဲ့ ထူးခြားချက် တစ်ခုက မွေးနှစ်၊ မွေးလ၊ မွေးရက် တိုက်ဆိုင်နေတာပါပဲ။ ၁၉၇၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်။ သားကြီးက မစံပယ်ထက် တစ်နာရီပဲ ပိုကြီးတာပါ။ ဒီလိုနဲ့ ကျွန်တော့်ရဲ့ သားကြီး မောင်ဆန်းဝင်းထိန် (ခ) သားဂျူး ၂၀၁၆ ခုနှစ်၊ ဇူလိုင်လောက်မှာ မြန်မာပြည်ကို အပြီးအပိုင် ပြန်လာပါတယ်။ ပြန်လာတဲ့ ရည်ရွယ်ချက်ကတော့ သူ့အဖေဖြစ်တဲ့ ကျွန်တော့်ကို ပြုစု စောင့်ရှောက်ဖို့ပါတဲ့။

ကျွန်တော်က အထူးကော်မရှင် အဖွဲ့ဝင်ဆိုတော့ နေပြည်တော်မှာ အမြဲလိုလို နေရပါတယ်။ သားဂျူးလည်း လိုက်နေပါတယ်။ ၂၀၁၇ ခုနှစ် သင်္ကြန်မတိုင်မီ ကာလလောက်မှာ ကျွန်တော့်ကို မီဒီယာ မိတ်ဆွေ နှင်းရတနာဇော်ဆိုတဲ့ မိန်းကလေး တစ်ယောက်က အင်တာဗျူး လာလုပ်ပါတယ်။ သားဂျူးက ဘေးမှာ နားထောင်ပေါ့။ တစ်နာရီလောက်ပဲ ကြာမှာပါ။ အဲဒီအချိန်က စပြီးတော့ သားဂျူးနဲ့ နှင်းရတနာဇော်တို့ ဆက်သွယ်မိကြပြီး ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာမှာ လက်ထပ်ဖြစ်တဲ့အထိ ခရီးရောက်သွားကြပါတယ်။

## စိတ်ထားကောင်းတာလား၊ နုးညံ့ သိမ်မွေ့တာလား

၂၀၁၃ ခုနှစ်၊ နှစ်ကုန်ပိုင်းလောက်က စပြီးတော့ ယူနီစန်က ကျွန်တော် လိုအပ်တဲ့ စားကောင်းသောက်ဖွယ်တွေကို မနက်/ည စပို့ပေးခဲ့ပါတယ်။ တစ်ယောက်စာသာမက ကျွန်တော့် အနီးအနားက မိတ်ဆွေတွေ စားနိုင်လောက်တဲ့ အထိ သုံး-လေးယောက်စာ ပို့ပေးတာပါ။ အားနာရတဲ့အထိပါပဲ။ ဒါပေမဲ့ သားဂျူးနဲ့ မစံပယ်ထွေးတို့ အခြေအနေကိုတော့ မမေးမိတော့ပါဘူး။

သားဂျူးက အင်မတန် နေနိုင်တဲ့ကောင်ပါ။ ကျွန်တော့်ဆီကို တစ်လနေလို့မှ တစ်ခါ ဖုန်းမဆက်ပါဘူး။ တစ်နှစ်နေမှ တစ်ခါပဲ ဆက်လေ့ရှိပါတယ်။ ဒါလည်း သူ့မွေးနေ့ (ဇူလိုင်လ ၂၉ ရက်) မှသာပါ။ သူ ဖုန်းဆက်တိုင်းတော့ မေးပါတယ်။ "ဟေ့ကောင်၊ မစံပယ်ထွေးနဲ့ အခြေအနေ ဘယ်လိုလဲ၊ မင်းမျက်နှာနဲ့ ငါ့ကို အစားအသောက်တွေ ပို့ပေးနေတာ မျက်နှာပူလှပြီ" လို့ ပြောလေ့ရှိပါတယ်။ သူကတော့ "ဟာဗျာ ဖေကြီးကလည်း" ဆိုတဲ့ စကားနဲ့ပဲ နိဂုံးချုပ်လေ့ရှိပါတယ်။

သူ ပြန်လာပြီး မနင်းရတနာဇော်နဲ့ ပြေလည်သွားတာကိုလည်း မစံပယ်ထွေး သိပါတယ်။ အဲဒီလို သိရဲ့တင်မက ကျွန်တော် ပုတာအိုကို သွားတော့ မစံပယ်ထွေးနဲ့ သူ့ရဲ့တူမ သီရိဝေ (M.Sc- IT) တို့ လိုက်လာရာမှာ သားဂျူးနဲ့ မနင်းရတနာဇော်တို့ကလည်း မမျှော်လင့်ပဲ ပါလာပါတယ်။ တစ်ခရီးတည်း သွားကြ လာကြဆိုတော့ အတူစား အတူလာပေါ့။ နောက်တစ်နေ့ည ဟိုတယ်မှာ Dinner စားတော့လည်း အားလုံး အတူတူပါ။ ဒါကိုလည်း မစံပယ်က ပြုံးပြုံးရွှင်ရွှင်နဲ့ သူ့ကို မခင်တွယ်ရကောင်းလားဆိုပြီး ငြိုငြင်တဲ့ အမူအရာ လုံးဝ မပြပါဘူး။

နောက်ဆုံး သားဂျူးတို့ နှစ်ယောက် နေပြည်တော်မှာ လက်ထပ်မယ် ဆိုတော့လည်း လိုအပ်တာတွေ လိုက်လံ ကူညီပေးတဲ့အပြင် မုဒိတာစိတ်နဲ့ ဆက်ဆံတာတွေ တောက်လျှောက် တွေ့မြင်နေခဲ့ရပါတယ်။ ကျွန်တော်က အမှတ်တမဲ့ မနေပဲ အရာအားလုံးကို လေ့လာနေတဲ့သူ ဆိုတော့ မစံပယ်ရဲ့ စိတ်ထားကို အတိုင်းသား သိမြင်ရပါတယ်။ စိတ်ထဲကလည်း "သူကလေး ငါ့သမီး ဖြစ်ရင် ကောင်းလိုက်မယ့်ဖြစ်ခြင်း" ဆိုပြီး ဆန္ဒပြုမိပါတယ်။

ဒီကြားထဲ ရယ်စရာကိစ္စလေးက ပေါ်လာပြန်ပါသေးတယ်။ ကျွန်တော်နဲ့ နီးစပ်တဲ့ အသိုင်းအဝိုင်းထဲက မိန်းကလေး တစ်ယောက်ပေါ့။ စိတ်ထားကောင်းပါတယ်။ ရုပ်ကတော့ ရွက်ကြမ်းရေကြိုပါ။ သူလေးက ကြားလူက တစ်ဆင့် "ကိုဂျူး သူ့ကို မကြိုက်နိုင်ဘူးလား" လို့မေးခိုင်းတော့ သားဂျူးက "ကြဲကြဲဖန်ဖန်ဗျာ အစ်မရာ" လို့ ပြန်ပြောလိုက်ပါတယ်။ အဲဒါလည်းပြီးရော အဲဒီကောင်မလေးက ကျွန်တော့်ကို စကားမပြောဘဲ နေတာ သုံး-လေးလ ကြာပါတယ်။

## ငါ့သမီးလေးကို ကြိုက်တဲ့သူ မပေါ်ပါစေနဲ့

ဒီနှစ် သင်္ကြန်အပြီး နှစ်ဆန်းတစ်ရက်နေ့မှာပါ။ မစံပယ်ထွေး ကျွန်တော့်ကို လာကန်တော့ပါတယ်။ အခါတိုင်းလည်း အခါကြီးရက်ကြီး လာကန်တော့နေကျပါ။ ဒီတစ်ခေါက်တော့ သူ့အဖေ ဦးတင်ဆွေလည်း ပါလာပါတယ်။ သူ ကန်တော့တော့ သူ့အဖေက ဘေးနားက ကုလားထိုင်ပေါ်မှာ ထိုင်စောင့်နေပါတယ်။ ကျွန်တော်ကလည်း ဆုပေးနေကြအတိုင်း "ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ၊ ကိုယ်ဆင်းရဲ ကင်းပါစေ၊ အစစအရာရာ အဆင်ပြေပါစေ" ဆိုတဲ့ ချမ်းမြေ့ရိပ်သာက မေတ္တာပို့အတိုင်း ဆုပေးပြီး "လင်ကောင်း သားကောင်း အမြန်ဆုံးရပါစေ" လို့ ဆုပေးလိုက်ပါတယ်။

အဲဒီအခါမှာ ဘေးမှာ ထိုင်နေတဲ့ မစံပယ် အဖေက "ကျွန်တော်ဆိုရင် အဲဒီလို ဆုမပေးဘူး" လို့ ပြောပါတယ်။ "ဘယ်လိုဆုပေးလဲဗျ" လို့ မေးတော့ သူက "ကျွန်တော့် သမီးလေးကို ကြိုက်တဲ့သူ မပေါ်ပါစေနဲ့၊ ကျွန်တော့် သမီးလေးကလည်း ပြန်ကြိုက်ရမယ့်သူ မပေါ်ပါစေနဲ့လို့ ဆုပေးသဗျ" လို့ ပြောတဲ့အခါ ကျွန်တော်က ရုတ်တရက် အမျက်ထွက်ပြီး "ခင်ဗျား တစ်ကိုယ်ကောင်း ဆန်လိုက်တာ၊ သားကြီး သမီးကြီး ငါးဦးကတော့ အိမ်ထောင်ကိုယ်စီနဲ့ မြေးတွေ တသီကြီး ရနေပြီ၊ မြေးတချို့ကိုတောင် ခင်ဗျားအင်္ဂလန် ပို့ပြီး ပညာသင်ပေးထားတာ၊ ဒီသမီး အငယ်ဆုံးကျမှ ချစ်တဲ့သူ မပေါ်ပါရစေနဲ့ ဆိုတာ အလွန် တစ်ကိုယ်ကောင်းဆန်တာပဲဗျ" လို့ ပြောလိုက်ပါတယ်။

နောက်ပြီး ကျွန်တော်က ဆက်ပြောပါသေးတယ်။ "ခင်ဗျား မတရားဘူး၊ ဒီသမီးငယ်ကျမှ အိမ်ထောင်မပြုစေဘဲ နိုင်းစားမှာပေါ့" လို့ ပြောတော့ သူက ပြုံးစိစိနဲ့ "ကျွန်တော်ကတော့ ဒီအတိုင်းပဲဗျ" လို့ ပြောပါတယ်။ ကျွန်တော်က "ဒုက္ခပဲ၊ မစံပယ်က ရုပ်လည်း ရှိတယ်၊ ပညာလည်း တတ်တယ်၊ အိမ်ထောင်ဘက်ပဲ လိုတော့တယ်၊ ခက်တာက ကျွန်တော်နဲ့ နီးစပ်တဲ့ လွှတ်တော် ကိုယ်စားလှယ် လူပျိုကြီးတွေကလည်း အဖြစ်မရှိ" အဲဒီလိုပဲ ညည်းမိပါတယ်။

## တော်ဝင် နင်းဆီ ကိုစိုးညွန့်

ကိုစိုးညွန့်ဟာ နိုင်ငံရေးအရ ပြောမယ်ဆိုရင် အလွန်တက်ကြွတဲ့ ပုဂ္ဂိုလ်ပါ။ သူ့ဝါသနာက သစ်ပင်၊ ပန်းမန် ဆိုတော့ NLDရဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌဖြစ်တဲ့အပြင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အိမ်မှန်သမျှကိုလည်း သူ့ရဲ့ သစ်ပင်ပန်းမန်တွေနဲ့ အမြဲတမ်း အလှဆင်ပေးတဲ့သူ ဖြစ်ပါတယ်။

သူဟာ NLD စဖွဲ့ကတည်းက ပါဝင်လာတဲ့သူ ဖြစ်တဲ့အပြင် ဗဟန်း မြို့နယ် NLD ဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ သူဟာ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်းဆုံ အနီးက "တော်ဝင် နင်းဆီ ခန်းမ" ပိုင်ရှင်လည်း ဖြစ်ပါတယ်။ နိုင်ငံရေး လွတ်လပ်မှုတွေ မရခင်ကတည်းက ကျွန်တော်တို့ အဖွဲ့ရဲ့ အခမ်းအနားတွေကို သူ့ဆီမှာ ကျင်းပခွင့်ပြုခဲ့တာပါ။ အများအမြင်အရ ပြောရရင် သူ တော်တော်စွန့်စားခဲ့တာပါ။ ပြီးတော့ NLD ဆိုတာကလည်း ဘယ်တော့မှ ငွေရေး ကြေးရေး မပြေလည်တဲ့လူတွေ ဆိုတော့ သူ့ကို အနိုင်ကျင့်ပြီး အခမ်းအနား လုပ်သွားတဲ့လူတွေ များပါတယ်။

## အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ၂၀၁၃ ခုနှစ် ပထမဦးဆုံး ညီလာခံ

ကျွန်တော်တို့ NLD ဟာ ၁၉၈၈ ခုနှစ် စတင် ဖွဲ့စည်းကတည်းက ညီလာခံ မလုပ်နိုင်ခဲ့ပါဘူး။ ညီလာခံ လုပ်ဖို့ နေနေသာသာ လူစုစု ရှိတာနဲ့ အမြဲတမ်း ဖြိုခွဲခံခဲ့ရတာ။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ အပြတ်အသတ် နိုင်တာကို လွှတ်တော် ခေါ်မပေးတဲ့အပြင် အရွေးချယ်ခံ ပုဂ္ဂိုလ်တွေကို ရာနဲ့ချီပြီး ထောင်ချခံခဲ့ရတာ။

၁၉၉၆ ခုနှစ်၊ မေလမှာလည်း ၁၉၉၀ ခုနှစ်တုန်းက အရွေးခံရတဲ့ လက်ကျန် အမတ်တွေနဲ့ အစည်းအဝေး လုပ်မယ် ဆိုတော့လည်း တစ်နိုင်ငံလုံး လူဖမ်းပွဲကြီး ကျင်းပခဲ့တာ။ အဲဒီနှစ်မှာပဲ ကမ္ဘာအေးဘုရားလမ်းက ကြည်အေး မုန့်တိုက်ရှေ့မှာ ဦးတင်ဦးနဲ့ ဒေါ်စုတို့ ဝိုင်းရိုက်ခံရတယ်။ နောက်နှစ်တွေမှာလည်း ရန်ကုန်-ညောင်တုန်း ကားလမ်း တစ်နေရာမှာ ရက်ရှည်လများ ပိတ်ဆို့ခံရတယ်။ ၂၀၁၃ ခုနှစ်ကျမှပဲ ဒီပဲယင်း အရေးအခင်း၊ ပြောမဆုံးပေါင် တောသုံးထောင်။

ဒွါကြောင့် ကြားဖြတ် ရွေးကောက်ပွဲ အပြီး လွှတ်တော် တက်နေစဉ်မှာ ပထမဦးဆုံး အကြိမ် ပါတီ

ညီလာခံ ကျင်းပခဲ့ပါတယ်။ အဲဒီလို ကျင်းပနိုင်အောင် ကိုစိုးညွန့်ကပဲ တော်ဝင် နင်းဆီ ခန်းမတစ်ခုမှာ NLD အဖွဲ့ဝင် လူ ၂၀၀၀ နီးပါးလောက် ပါဝင်တဲ့ ပထမအကြိမ် ပါတီ ညီလာခံကို ကျင်းပနိုင်ခဲ့ပါတယ်။ ကိုစိုးညွန့်ရဲ့ ကျေးဇူးဟာ အင်မတန် ကြီးမားပါတယ်။

အဲဒီ ပါတီ ညီလာခံမှာ ထူးခြားတာကတော့ ပြည်နိုင်ငံမြိုး ပါတီကို ဖိတ်ကြားတဲ့ အခါမှာ ဖွင့်ပွဲနေ့မှာ ဦးဌေးဦးနဲ့ အဖွဲ့ တက်ရောက်လာကြတာ တွေ့ရပါတယ်။ ပထမဦးဆုံး အကြိမ် ညီလာခံ ဆိုတော့ တိုင်းနဲ့ ပြည်နယ် ၁၄ ခုက ညီလာခံ ကိုယ်စားလှယ် နှစ်ထောင်ကျော် သောင်းသောင်းဖျဖျ တက်လာခဲ့ကြပါတယ်။ အဲဒီ ညီလာခံကြီးကပဲ ဗဟိုကော်မတီဝင် ၁၂၀ ကို ဒီမိုကရေစီနည်းကျ ရွေးချယ် တင်မြှောက်နိုင်ခဲ့ပါတယ်။ လွယ်လွယ်နဲ့ ပြီးမြောက်ခဲ့တာ မဟုတ်ပါဘူး။ ကိုယ်စားလှယ်လောင်း အချင်းချင်း အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြတာပါ။

## ဗဟို အလုပ်အမှုဆောင် အဖွဲ့

ညီလာခံကြီးက ဗဟို ကော်မတီဝင်များကို ရွေးချယ် တင်မြှောက်ပြီးတဲ့အခါ ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင်များ ရွေးချယ်ရေးကို ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် တာဝန် လွှဲအပ်လိုက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း နာယကများအဖြစ် ပြောင်းလဲ ဖွဲ့စည်းခဲ့ပြီးတဲ့အလျှောက် သူတို့နဲ့ ဆွေးနွေး ညှိနှိုင်းပြီး ဗဟို အလုပ်အမှုဆောင် အဖွဲ့ကို သတ်မှတ် ရွေးချယ်ခဲ့ပါတယ်။ ဒီညီလာခံကြီးက တင်မြှောက်ခဲ့လို့ပဲ ဒေါ်အောင်ဆန်းစုကြည်ဟာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ အဖြစ် ပထမဦးဆုံး အကြိမ် ရွေးချယ် တင်မြှောက်ခြင်း ခံခဲ့ရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ၁၈၊ ၉၊ ၁၉၈၈ ခုနှစ် NLD စဖွဲ့စဉ်ကတည်းက အထွေထွေ အတွင်းရေးမှူး တာဝန်ကို ထမ်းဆောင်ခဲ့ပါတယ်။ ဥက္ကဋ္ဌအဖြစ်ကတော့ အခု နာမကျန်း ဖြစ်နေတဲ့ နာယကကြီး သူရ ဦးတင်ဦး ဖြစ်ပါတယ်။ ၂၀၊ ၇၊ ၁၉၈၉ ခုနှစ်မှာ အကျယ်ချုပ်ချခံခဲ့ရတဲ့အခါ ဦးကြည်မောင်က ဆက်ပြီး ဥက္ကဋ္ဌ တာဝန် ယူပါတယ်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ အောင်နိုင်ရေးကို သူကပဲ ဦးစီးဦးဆောင်ပြုခဲ့တာပါ။

## ဥက္ကဋ္ဌ အဆင့်ဆင့်

ရွေးကောက်ပွဲပြီးလို့ သူရ ဦးတင်ဦး၊ ဥက္ကဋ္ဌ ဦးကြည်မောင်နဲ့ အတွင်းရေးမှူး ဦးချစ်ခိုင်တို့ကို ဖမ်းဆီးပြီး အင်းစိန်ထောင်ကို ပို့တဲ့အခါ ဦးအောင်ရွှေက ဥက္ကဋ္ဌ တာဝန်၊ ဦးလွင်က အတွင်းရေးမှူး တာဝန်ပါ။ သူတို့ ခေါင်းဆောင်တဲ့ ကာလမှာ NLD ကြုံတွေ့ရတဲ့ လောကဓံ လှိုင်းတံပိုးဟာ လွန်စွာ ပြင်းထန်ခဲ့ပါတယ်။ ဦးသန်းရွှေ၊ ဦးအေး၊ ဦးခင်ညွန့်နဲ့ ဦးတင်ဦးတို့ ခေါင်းဆောင်တဲ့ စစ်အစိုးရရဲ့ NLD နှစ်ခြမ်းကွဲရေး အစီအစဉ်၊ အမျိုးသား ညီလာခံကို မတက်တက်အောင် သိမ်းသွင်းပြီး သူတို့ရေးမယ့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ထောက်ခံစေမယ့် အစီအစဉ်တွေကို တောက်လျှောက် ရင်ဆိုင်ခဲ့ရပါတယ်။

၁၉၉၅ ခုနှစ်၊ ဇူလိုင်လမှာ ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်က လွတ်လာပြီးတဲ့ နောက်ပိုင်းမှာ NLD ဟာ ဒေါ်စုရဲ့ လိမ္မာ ပါးနပ်မှုကြောင့် နှစ်ခြမ်းမကွဲခဲ့ဘဲ ဦးအောင်ရွှေက ဥက္ကဋ္ဌ၊ အတွင်းရေးမှူးက ဦးလွင်၊ အထွေထွေ အတွင်းရေးမှူး တာဝန်ကို ဒေါ်အောင်ဆန်းစုကြည်က ဆက်လက် တာဝန်ယူခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် ပါတီ ညီလာခံမှ အစပြုပြီး ဒေါ်စုဟာ ဥက္ကဋ္ဌ ဖြစ်လာခဲ့တာပါ။

NLD စတင် ဖွဲ့စည်းကတည်းက ထမင်းအိုးထမ်း၊ ဟင်းအိုးထမ်း အဖြစ်နဲ့ ကျရာတာဝန် ထမ်းဆောင်ခဲ့

ရာမှ ပထမဦးဆုံး အကြိမ် ဗဟို ကော်မတီဝင် အဖြစ် အရွေးချယ်ခံရပြီး၊ တစ်ဆက်တည်းမှာပဲ ဗဟို အလုပ်အမှုဆောင် ကော်မတီဝင် အဖြစ် ရွေးချယ်ခြင်း ခံရပါတယ်။

ဗဟို ကော်မတီများ ရွေးချယ် တင်မြှောက်တဲ့ ကိစ္စကို ဒီမိုကရေစီ နည်းကျ ရွေးချယ် တင်မြှောက်ခဲ့ပေမဲ့ ဗဟို အလုပ်အမှုဆောင် ကော်မတီဝင်များကို ဒေါ်အောင်ဆန်းစုကြည်က ရွေးချယ် ခန့်အပ်ခဲ့ခြင်းများနဲ့ ပတ်သက်လို့ ဒီမိုကရေစီ မဆန်ဘူးလို့ ဝေဖန်မှုတွေ ရှိခဲ့ပါသေးတယ်။

♥ ♥ ♥ ♥ ♥

# အခန်း (၁၅)
# ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ

## မြေဝမ်းစရမ်းပျိုးခြင်း

ဗိုလ်ချုပ်ကြီး (ဟောင်း) ဦးတင်အေး ခေါင်းဆောင်တဲ့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် Union Election Commission (UEC) က ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်နေ့မှာ အထွေထွေ ရွေးကောက်ပွဲ ကျင်းပမယ့် အကြောင်း ကြေညာလိုက်ပါတယ်။

ဦးတင်အေးဟာ ထိုစဉ်က သမ္မတဖြစ်တဲ့ ဦးသိန်းစိန်ရဲ့ ငယ်သူငယ်ချင်းပါ။ စစ်တက္ကသိုလ် အပတ်စဉ် ၉ က ၁၉၆၇ ခုနှစ်မှာ အတူတူ ကျောင်းဆင်းပြီး အရာရှိ ဖြစ်လာတဲ့သူတွေပါ။ အဲဒီအပြင် အစုထိ ဗဟိုဘဏ် ဥက္ကဋ္ဌအဖြစ် တာဝန် ယူနေဆဲဖြစ်တဲ့ ဦးကျော်ကျော်မောင်နဲ့လည်း ဆွေမျိုးတော်ပါသတဲ့။ ဒီအကြောင်းတွေ သိထားတဲ့ ကျွန်တော်က ဗိုလ်တင်အေး အပေါ်မှာ အယုံအကြည် သိပ်မရှိပါဘူး။

UEC က အဲဒီလို ကြေညာပြီးတဲ့အခါ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ NLD ဗဟို အလုပ်အမှုဆောင် အဖွဲ့ - CEC က အစည်းအဝေး ကျင်းပပြီး ရွေးကောက်ပွဲမှာ ပါဝင် ဆင်နွှဲဖို့ တိုင်ပင်ကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မူကတော့ ရှင်းရှင်းလေးပါ။ (၁) မဲဆန္ဒနယ် အားလုံး ဝင်ပြိုင်မယ်၊ (၂) ရာနှုန်းပြည့် နိုင်အောင် လုပ်ရမယ်၊ ဒါပါပဲ။

အဲဒီလို CEC က မူချပေးပြီးတဲ့ အခါမှာ ကော်မတီ အသီးသီး ဖွဲ့ပြီးတော့ လုပ်ငန်း အသီးသီး ဆောင်ရွက်ကြပါတယ်။ ပထမဦးဆုံး လုပ်ရတဲ့ အလုပ်ကတော့ ရွေးကောက်ပွဲ ကြေညာစာတမ်း Election Manifesto ကို စတင် ပြုစုရပါတယ်။ အဲဒီ စာတမ်းမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးရာ၊ လုံခြုံရေး စတဲ့ အကြောင်းအရာတွေ ပါပါတယ်။ ရည်မှန်းချက်ကတော့ ရွေးကောက်ပွဲနိုင်လို့ အစိုးရ ဖွဲ့နိုင်ရင် ဘာတွေ လုပ်ကြမလဲ ဆိုတဲ့ လုပ်ငန်း ရည်မှန်းချက်တွေ အဆင့်ဆင့် ဖြစ်ပါတယ်။

## ဗဟို အောင်နိုင်ရေး အဖွဲ့

ဗဟို အောင်နိုင်ရေး အဖွဲ့ကို သူရ ဦးတင်ဦး ဥက္ကဋ္ဌ အဖြစ် တာဝန်ယူစေပြီး ကျွန်တော်နဲ့ CEC အဖွဲ့ဝင် အချို့ ပါပါတယ်။ အဲဒီအပြင် တိုင်းနဲ့ ပြည်နယ် အသီးသီးမှာ အားကိုးရမယ့် သူတွေကိုလည်း ထည့်သွင်းထားပါတယ်။ ဥပမာ- ဒေါ်ကြူကြူသန်း (သူ့ကိုတော့ ကချင် ပြည်နယ် အတွက်)၊ ကြည်ဖြူသျှင် (သူ့ကိုတော့ အနုပညာ နယ်ပယ် အတွက်)၊ မောင်မောင်ဦး (သူကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နယ်တကာ့နယ် လှည့်ပြီး စည်းရုံး

ရေး ခရီးစဉ်တွေမှာ အတူပါဖူးတဲ့ အတွက် လူသိများပါတယ်။ အဲဒီတုန်းက လူငယ် ခေါင်းဆောင်လည်း ဖြစ်ပါတယ်။ အခု အောင်နိုင်ရေး အဖွဲ့မှာလည်း အတွင်းရေးမှူးပါ။)။

အဲဒီအဖွဲ့က တိုင်းနဲ့ ပြည်နယ်အလိုက် ကိုယ်စားလှယ်လောင်းတွေ ရွေးချယ်ဖို့ ကြေညာချက်တွေ ထုတ်ပြန်ပါတယ်။ တစ်နိုင်ငံလုံးမှာ မြို့နယ်ပေါင်း ၃၃၀ ရှိပါတယ်။ အဲဒီမြို့နယ် အသီးသီးမှာ ရွေးကောက်ပွဲ ကျင်းပနိုင်မယ့် မြို့နယ်က ၃၀၀ ကျော်လေးပါ။ မြို့နယ် တစ်မြို့နယ်မှာ ပြည်သူ့လွှတ်တော် တစ်နေရာ၊ အမျိုးသားလွှတ်တော် တစ်နေရာနဲ့ တိုင်းဒေသကြီး (သို့) ပြည်နယ်လွှတ်တော် နှစ်နေရာ ပေါင်း လေးနေရာ။ တစ်နိုင်ငံလုံးဆိုတော့ ကိုယ်စားလှယ်လောင်းတွေဟာ ၁၂၀၀ ပေါ့။

အဲဒီတော့ ကျွန်တော်တို့က မြို့နယ်တွေကို ညွှန်ကြားရပါတယ်။ လိုအပ်တဲ့ နေရာ လေးနေရာနဲ့ အရန်အားဖြင့် လေးနေရာ၊ တစ်မြို့နယ်ကို ကိုယ်စားလှယ်လောင်း ရှစ်ယောက်စီ ရွေးပေးကြပါ ဆိုပြီးတော့ပေါ့။ အဲဒီလို ညွှန်ကြားထားတာတောင် တချို့မြို့နယ်တွေက ဦးစားပေး ၁ အတွက် လေးနေရာ၊ ဦးစားပေး ၂ အတွက် နောက်ထပ် လေးနေရာ၊ ပြီးတော့မှ အရန် လေးနေရာ ဆိုပြီး ၁၂ ယောက် စာရင်းပေးတဲ့ မြို့တွေလည်း ရှိပါတယ်။ ဒါမျိုးလေးတွေ ကြုံရတော့ အဲဒါ NLD ပဲလို့ စိတ်ထဲက မှတ်ချက်ပြုရပါတယ်။

အဲဒီလို ပို့ပေးတဲ့ ကိုယ်စားလှယ်လောင်းတွေကို အထပ်ထပ် စိစစ်ရပါတယ်။ ကိုယ်စားလှယ်လောင်း အရည်အချင်းတွေနဲ့ ပတ်သက်လို့ CEC က သဘောထား ထုတ်ပြန် ကြေညာထားတာ ရှိပါတယ်။ အရည်အချင်း ရှိတဲ့ ကိုယ်စားလှယ်လောင်းတွေကို ရွေးချယ်ရာမှာ အမျိုးသမီးတွေကို ဦးစားပေးဖို့နဲ့ အရည်အချင်းမီတဲ့ လူငယ်တွေကိုလည်း ထည့်သွင်း စဉ်းစားပေးဖို့ ဖြစ်ပါတယ်။ အဲဒါအပြင် ပညာရှင်တွေကိုလည်း ဦးစားပေးရမယ် ဖြစ်ကြောင်းလည်း ပါပါတယ်။ ဥပမာ ဆရာဝန်၊ အင်ဂျင်နီယာ၊ စီးပွားရေး ပညာရှင် စတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။

## အရည်အချင်းများ စိစစ်ရေး

ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းတွေကို အမည်စာရင်း မတင်သွင်းခင်မှာ သူတို့ အားလုံးရဲ့ ပိုင်ဆိုင်မှု အတွက် ကြေညာစာတမ်း တစ်ခု တောင်းပါတယ်။ နောက်တစ်ခုကတော့ NLD အတွက် ရွေးကောက်ပွဲ ဝင်ကြရမှာ ဖြစ်လို့ ပါတီရဲ့ မူဝါဒနဲ့ ညွှန်ကြားချက်များကို လိုက်နာပါမယ် ဆိုတဲ့ ကတိ ခံဝန်ချက် လူတိုင်းအတွက် တောင်းပါတယ်။ အဲဒီ ခံဝန်ချက်ဟာ ဥပဒေကြောင်းအရ ခိုင်မာအောင် ကျပ် ၃၀၀ တန် တံဆိပ်ခေါင်း ကပ်ပြီး ပေးပို့စေပါတယ်။

အဲဒါအပြင် ဆေးစစ်ချက် အပြည့်အစုံလည်း လိုအပ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကိုယ်စားလှယ်တိုင်းရဲ့ မှတ်တမ်း၊ ECG စစ်ဆေးချက်နဲ့ အခြား အရေးပါတဲ့ ဆေးစစ်ချက်တွေကိုလည်း တောင်းခံခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ ပိုင်ဆိုင်မှု စာရင်းတွေ ကြိုတင် တောင်းထားခြင်းဖြင့် နောင်မှာ ဖြစ်ပေါ် လတ္တံ့သော အဂတိတရား ထိပါးတာတွေကို ထိန်းသိမ်းနိုင်ဖို့၊ အရွေးခံရပြီ ဆိုရင် ကျန်းကျန်းမာမာနဲ့ တာဝန် ထမ်းဆောင်နိုင်ဖို့အပြင် ပါတီ စည်းကမ်းအတိုင်း လိုက်နာ ဆောင်ရွက်မယ့် ပုဂ္ဂိုလ်တွေ ဖြစ်လာစေဖို့ ရည်ရွယ်ပါတယ်။

အခု လွှတ်တော် သက်တမ်း နှစ်နှစ်ခွဲ ကာလမှာ NLD ကိုယ်စားလှယ်တွေ အကြောင်းကြောင်းကြောင့် ကွယ်လွန်ခဲ့ကြတာ ၁၀ ဦး မကတော့ပါဘူး။ များသောအားဖြင့် ကင်ဆာ ရောဂါကြောင့် ဖြစ်ကြပါတယ်။ ကင်ဆာ ဆိုတာကလည်း အသက်အရွယ်မရွေး၊ အချိန်မရွေး ဖြစ်လာခဲ့တဲ့ အတွက် "အော်... ဆေးစစ်ချက်တွေ မူလကတည်းက ယူထားပေလို့သာပဲ" လို့ စိတ်ဖြေရပါတယ်။





၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲ အောင်နိုင်ရေးရုံးသို့ လာရောက် အားပေးတဲ့ ဒေါ်အောင်ဆန်းစုကြည်၊ မအဲမွန် (အင်္ကျီ အဖြူ အပျောက်ကျား) နဲ့ မသီဂီတို့လည်း ရှိနေစဉ် (ဝဲပုံ)။

နိုင်ငံတော် တာဝန် လွှဲပြောင်းရေး အတွက် တာဝန် အပ်နှင်းခြင်း ခံရတဲ့ Transition Team နဲ့ ဦးသိန်းစိန် အစိုးရ အဖွဲ့ တာဝန်ခံများ ဆွေးနွေးစဉ် (ယာပုံ)။

---

မြို့နယ် အသီးသီးက ပို့လိုက်တဲ့ ကိုယ်စားလှယ်လောင်းတွေကို ကျွန်တော်တို့ CEC အဖွဲ့ဝင်များအပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးက ခေါင်းဆောင်တွေကိုပါ ခေါ်ပြီး ရက်ပေါင်း များစွာ ညှိနှိုင်း ရွေးချယ် စိစစ်ရပါတယ်၊ ငြင်းခုံရပါတယ်။ ပြီးမှ ရွေးချယ်ရတာပါ။ ဒီကာလမှာ မေးသင့်တဲ့ လူတွေလည်း ခေါ်မေးရ တွေ့သင့်တဲ့ လူတွေလည်း ခေါ်တွေ့ရပါတယ်။ အဲဒီလို လူတွေ့ မေးမြန်းတာတွေမှာ ပြင်းပြင်းထန်ထန် ငြင်းခုံတာတွေ၊ စားပွဲကိုတောင် လက်နဲ့ထုပြီးတော့ ဆန္ဒပြတာတွေအထိ ကြုံခဲ့ရဖူးပါတယ်။

•

## အောင်နိုင်ရေးရုံး

မြို့နယ်ပေါင်း ၃၃၀ အတွက် ကိုယ်စားလှယ်လောင်း ၁၃၀၀ ကျော်လောက်ကို စာရင်း ထုတ်ပြန်တဲ့အခါ တော်လှန်ရေး ပန်းခြံနဲ့ မလှမ်းမကမ်းမှာ ဖွင့်ထားတဲ့ ကျွန်တော်တို့ရဲ့ အောင်နိုင်ရေးရုံးဟာ NLD အဖွဲ့ဝင်တွေနဲ့ ရှုတ်ရှုတ်သဲသဲပေါ့။ ရွေးကောက်ပွဲ လုပ်မယ် ဆိုကတည်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့ အစီအစဉ်နဲ့ အောင်နိုင်ရေးရုံးကို အနောက် ရွှေဂုံတိုင် ရုံးချုပ်နဲ့ သီးခြား ခွဲပြီး အလုပ် လုပ်ကြပါတယ်။

အဲဒီရုံးဟာ မြေနီကုန်း တော်လှန်ရေး ပန်းခြံနားက မော်တော်ကား တာယာဆိုင်တွေထဲမှာ သီးခြား ဖွင့်ထားပါတယ်။ ပိုင်ရှင်ကတော့ နောင်မှာ သမ္မတ ဖြစ်လာမယ့် ဦးထင်ကျော်နဲ့ ဒေါ်စုစုလွင်တို့ ဖြစ်ပါတယ်။ ပိုင်ဆိုင်မှု အတိအကျ မသိသော်လည်းပဲ ကျွန်တော်တို့ဟာ အဲဒီ တိုက်ခန်းရဲ့ ပထမထပ်နဲ့ ဒုတိယထပ်မှာ နေရာယူကြပါတယ်။ ပထမထပ်ကို လူကြီးတွေ ရုံးခန်းအဖြစ် သုံးပြီး ဒုတိယထပ်ကိုတော့ အလုပ် လုပ်မယ့် အဖွဲ့ဝင်တွေအတွက် စီစဉ်ထားပါတယ်။

အဲဒီနေရာကို အောင်နိုင်ရေးရုံး အဖြစ်နဲ့ ရွေးချယ်ခဲ့တာ အလွန် အဆင်ပြေပါတယ်။ လူတော်တော်များများက NLD ရဲ့ အောင်နိုင်ရေး ကိစ္စတွေကို ရွှေဂုံတိုင် ရုံးချုပ်ကပဲ ကိုင်တွယ် ဆောင်ရွက်နေတယ်လို့ ထင်ကြပါတယ်။ စိတ်ဝင်စားတဲ့ လူတွေသာလျှင် အောင်နိုင်ရေးရုံးရဲ့ နေရာကို သိကြတာပါ။ ဒါ့ကြောင့် အနှောင့်အယှက် ကင်းကင်းနဲ့ လုပ်ငန်းတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

## ဥက္ကလောထပြီ

ခန့်မှန်းခြေ ဖွန်လ နောက်ဆုံးပတ်လောက်မှာ ထင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ CEC နဲ့ အရေးပါတဲ့ ဗဟိုကော်မတီ အချို့ ပါဝင်တဲ့ အဖွဲ့က NLD ကိုယ်စားလှယ်လောင်းများကို စိစစ် ရွေးချယ်ခဲ့ပါတယ်။ ရွေးချယ်ပြီးတဲ့ ကိုယ်စားလှယ်လောင်း စာရင်းကို UEC ကို ပို့ရသလို ကြေညာချက်လည်း ထုတ်ပြန်ရပါတယ်။

ကြေညာချက် ထုတ်ပြီးတာနဲ့ မူလ အဆိုပြုချက်မှာ ပါပြီး အရွေးမခံရတဲ့သူတွေက အောင်နိုင်ရေးရုံးကို လာပြီး ပြဿနာရှာပါတယ်။ ဟုတ်ပါတယ်၊ မြို့နယ်က ရွေးတဲ့အခါ ဦးစားပေးအဆင့်မှာ ပါပေမဲ့ သူ့ကို မရွေးပဲ အရန်ကို ရွေးရပါ့မလားဆိုပြီး ပြဿနာရှာတာပါ။ တချို့ကျတော့ ပြည်သူ့လွှတ်တော်လို့ စာရင်းသွင်းထားရာမှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ဖြစ်သွားတယ်၊ ဗဟိုက မသင့်လျော်ဘူးထင်လို့ သူ့ကို တိုင်းဒေသကြီးနဲ့ ပြည်နယ် ပို့လိုက်တယ်၊ ဒါမျိုးတွေကို ပြဿနာ လာရှာကြတာပါ။

အဲဒါမျိုးတင်မကဘူး ဂျာနယ် တချို့ကလည်း ဝိုင်းဝေဖန်ကြပါတယ်။ သူ့ကိုယ်သူ နိုင်ငံရေး သုခမိန်လို့ အထင်ရောက်နေသူ တစ်ယောက်က ကျွန်တော်တို့ ကိုယ်စားလှယ်လောင်းတွေ ရွေးချယ်ရာမှာ ငွေရေးကြေးရေး ပါတယ်၊ ဆရာမွေး တပည့်မွေး လုပ်တာတွေ ပါတယ် ဆိုပြီး ဆောင်းပါး တစ်စောင်ထဲမှာ ပယ်ပယ်နယ်နယ် ရေးထားပါတယ်။ လူပုဂ္ဂိုလ် နာမည် မပါပေမဲ့ အောင်နိုင်ရေး အဖွဲ့တစ်ခုလုံး စော်ကားထားတဲ့ အချက် ဖြစ်တဲ့အတွက် တချို့က တရားစွဲဖို့ တိုက်တွန်းပါတယ်။ ကျွန်တော်ကတော့ ရေးပါစေကွာ၊ တရားစွဲတယ် ဆိုရင် အလုပ်ရှုပ်တယ်။ ကိုယ်လုပ်ရမယ့် အလုပ်တွေ ပုံမှန် လုပ်လို့ရမှာ မဟုတ်တော့ဘူး ဆိုပြီးတော့ ဒီကိစ္စတွေ မေ့ပစ်လိုက်ပါတယ်။

## တချို့နေရာတွေမှာ ဆန္ဒတောင်ပြကြတယ်

ကိုယ်စားလှယ်လောင်း ရွေးတာနဲ့ ပတ်သက်လို့ မကျေနပ်ကြတဲ့အတွက် တချို့မြို့တွေမှာ ဆန္ဒပြကြပါတယ်။ တချို့မြို့တွေကျတော့ မကျေနပ်ကြလို့ အစုလိုက် အပြုံလိုက် နုတ်ထွက်ပြီး ကြေညာချက်တွေ ထုတ်ပြန်ကြပါတယ်။ အောင်နိုင်ရေး အဖွဲ့မှာ အဖွဲ့ဝင်တွေ အများကြီးနဲ့ ဖွဲ့စည်းထားပေမဲ့ နယ်က ပြဿနာတွေ တော်တော်များများကို ကျွန်တော်က ဒိုင်ခံ ဖြေရှင်းရလေ့ရှိပါတယ်။ ဒါ့ကြောင့်မို့ အင်တာဗျူးတွေမှာရော သတင်း ဆောင်းပါးတွေမှာရော ကျွန်တော့်ကို နာမည်တပ်ပြီး တိုက်ခိုက်တာတွေ ဖြစ်လာပါတယ်။

## ဖြူလုံးနဲ့ မဲလုံး

ဝေဖန်မှုတွေ၊ အရေးဆိုမှုတွေ များလာပေမဲ့ ကိုယ် လုပ်စရာရှိတဲ့ အလုပ်ကိုတော့ ဆက်လုပ်ပါတယ်။ ကျွန်တော်တို့ လူကြီးတွေက အဲဒီအလုပ်တွေ ဆက်လုပ်နေသလို အမြို့မြို့ အနယ်နယ်က NLD လူကြီး၊ လူငယ်တွေ အများအပြား လုပ်အားပေးရပါတယ်။ ဒီထဲမှာ ၂၀၁၂ ခုနှစ် လွှတ်တော် တက်စဉ်ကတည်းက

နေပြည်တော်မှာ နေစဉ် အစစ အရာရာ လုပ်အားပေးနေတဲ့ မိန်းကလေး နှစ်ယောက် ရှိပါတယ်။ သူတို့ နာမည်တွေကတော့ ဖြူလုံးနဲ့ မဲလုံးပါ။ သူတို့မှာ နာမည်တွေ ရှိပေမဲ့ ကျွန်တော် ကောင်းကောင်း မမှတ်မိတော့ပါ။

ကျွန်တော် အဲဒီလို ခေါ်လို့ တခြား လွှတ်တော် ကိုယ်စားလှယ်တွေကလည်း သူတို့ကို ဖြူလုံးနဲ့ မဲလုံးပဲ ခေါ်ကြပါတယ်။ ကွန်ပျူတာနဲ့ စာရိုက်ရမယ်ဆိုရင် သူတို့ နှစ်ယောက်က အမြဲတမ်း အဆင်သင့်ပါ။ တခြား ဝေယျာဝစ္စ အလုပ်တွေ လုပ်စရာ ရှိတယ် ဆိုရင်လည်း သူတို့ နှစ်ယောက်က ဖင်ပေါ့ပါတယ်၊ အတွဲလည်း ညီပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ ကိစ္စတွေ ပေါ်လာတဲ့ အခါကျတော့ ကျွန်တော်က နေပြည်တော်ကနေ ရန်ကုန်ကို ပြောင်းပြီးတော့ အောင်နိုင်ရေး ကိစ္စတွေ လုပ်ရပါတယ်။ သူတို့ နှစ်ယောက်ကလည်း ဘယ်သူမှ မတိုက်တွန်းရဘဲနဲ့ ရွေးကောက်ပွဲမှာ လုပ်အားပေးဖို့ ဆုံးဖြတ်ပြီး သူတို့ရဲ့ ဝင်ငွေ ရနေတဲ့ အလုပ်က ခွင့်ရက်ရှည် ယူပါတယ်။

သူတို့ နှစ်ယောက်စလုံးဟာ Linn Computer သင်တန်းကျောင်းက ဆရာမတွေပါ။ အဲဒီက ခွင့်ယူ၊ ရန်ကုန် မြို့လယ်ကောင်မှာ နေစရာ တစ်ခုရှာ၊ ဘယ်သူ့ဆီကမှ အကူအညီ မတောင်းဘဲ ရုတ်ရုတ်သဲသဲ အောင်နိုင်ရေး ကာလ တစ်ခုလုံး ရွေးကောက်ပွဲ ပြီးတဲ့အထိ လုပ်အားပေးသွားတာပါ။ ရွေးကောက်ပွဲ ပြီးသွားတော့လည်း အေးအေးဆေးဆေးနဲ့ နေပြီးတော့ ပြန်သွားကြပါတယ်။ ဘာအခွင့်အရေးမှ တောင်းဆိုမှု မရှိခဲ့ပါ။ သူတို့ရဲ့ အဓိက အရည်အချင်းက သူတို့ရဲ့ "အမေစု" ကို အရူးအမူး ကြည်ညို လေးစားတဲ့ စိတ်ဓာတ်ပါ။

## မအဲမွန်

မောင်မောင်ဦးက အမျိုးသမီး တစ်ယောက်ကို အောင်နိုင်ရေးရုံးကို ခေါ်လာပြီး ကျွန်တော်နဲ့ မိတ်ဆက်ပေးပါတယ်။ နာမည်က မအဲမွန်ပါတဲ့။ နာမည်က ဆန်းလို့ စိတ်ဝင်တစား ကြည့်လိုက်တော့ အမျိုးသမီးက အသက် ၃၀ ကျော်လောက် ရှိမယ် ထင်ပါတယ်။ ရုပ်ရည်က သန့်သန့်ပြန့်ပြန့်၊ ပညာတတ် စရိုက် လက္ခဏာမျိုးကို ထင်းခနဲ သိစေပါတယ်။ ကျွန်တော်က ရောက်ရောက်ချင်းပဲ "နာမည်က ဆန်းတယ်နော်၊ ဒီလို နာမည်မျိုး တစ်ခါမှ မကြားဖူးဘူး" လို့ ဆိုတော့ သူက "မွန်နာမည်ပါ၊ ကျွန်မ မိဘတွေက မွန်ပြည်နယ်ကပါ" လို့ ပြောပါတယ်။

သူက စင်ကာပူမှာ နှစ် အတော်ကြာကြာ အလုပ်လုပ်ပြီး ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ အမီ ခွင့်ရက်ရှည် ယူလာတာပါ။ NLD အောင်နိုင်ရေး အတွက် ဘယ်နေရာက ပါရ ပါရ ဝင်ကူချင်လို့ပါလို့ ပြောပါတယ်။ သူ နေတာက အောင်ဆန်း ရပ်ကွက်မှာ ဆိုတော့ မောင်မောင်ဦးနဲ့ နီးပါတယ်။ ဒါကြောင့် မောင်မောင်ဦးနဲ့ ဆက်မိပြီး အောင်နိုင်ရေးရုံးကို ရောက်လာဇာ ဖြစ်ပါတယ်။ သူ ကျွမ်းကျင်တာက IT ဖြစ်တဲ့ အတွက် အတော်ပဲ ဆိုပြီး ဖြူလုံး မဲလုံးတို့နဲ့ တွဲပြီး အလုပ် လုပ်စေခဲ့ပါတယ်။

ဒီလိုနဲ့ အောင်နိုင်ရေးရုံးမှာ မပျက်မကွက် ကိုယ့်စရိတ် ကိုယ်စားပြီး သုံးလလောက်ကို လုပ်အားပေးခဲ့တာပါ။ သူ မျှော်လင့်ချက်ကတော့ အမေစု နိုင်လို့ ဒီမိုကရေစီ အစိုးရ တက်လာရင် ပိုမိုပြီး ပွင့်လင်း လွတ်လပ်လာမယ်၊ အဲဒီအခါကျရင် သူ တတ်ကျွမ်းတဲ့ ပညာနဲ့ သူ့ ပတ်ဝန်းကျင်က ကလေးတွေရဲ့ ပညာရေး ကို တိုးတက်အောင် ဆောင်ရွက်ပေးချင်တဲ့ အာသီသပါ။ ရွေးကောက်ပွဲ ပြီးတော့လည်း ကျွန်တော်တို့နဲ့ အဆက်အသွယ် မပြတ်ပါ။ သူ့ရဲ့ ဆန္ဒတွေ လုံးဝ ပြည့်တဲ့အထိ မရောက်နိုင်သေးသော်လည်းပဲ အထိုက် အလျောက်တော့ လှုပ်ရှားနေပြီလို့ ကြားသိရပါတယ်။

လာမယ့် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲမှာလည်း သူက ၂၀၁၅ ခုနှစ်တုန်းကလို ကိုယ့်ထမင်း ကိုယ်စားပြီး အမေစု ပါတီ အောင်နိုင်ရေးအတွက် ဆက်လက် လုပ်အားပေးနေဦးမှာပါ။ ကျွန်တော်တို့ NLD ရဲ့ အင်အားဟာ မအဲမွန်တို့လို အမာခံတွေရဲ့ လုပ်အားအပေါ်မှာ အများကြီး တည်နေပါတယ်။

## မန္တလေးက ဖြူလုံးနဲ့ မဲလုံး

သူတို့လည်း ကျွန်တော့်ဆီကို ဘယ်လိုကနေ ဘယ်လို ရောက်လာမှန်း မသိပါ။ ပါတီ သံယောဇဉ်နဲ့ ဖြစ်လာတဲ့ ဆက်ဆံရေး တစ်ခုလို့ ထင်ပါတယ်။ သူတို့နဲ့ တွေ့ဆုံ ဆက်ဆံရင်း သိလာရတာက မဲလုံးက ပုဂံ/ညောင်ဦး NLD ကပါ။ မြို့နယ် EC အဖွဲ့ဝင် တစ်ယောက်ပေ့ါ။ သူလည်း အမေစု ခရေစီ တစ်ယောက်ပေ့ါ။ သူ့မြို့နယ်က အကြောင်းတွေ၊ သူ့ စည်းရုံးရေး ခရီးစဉ်တွေ ပြောရင် တစ်ခါတလေ တစ်နာရီ ကျော်တယ်။ သူ စကားပြောလို့ ပြီးရင် ကျွန်တော်က ပြောရတယ်၊ "ငါ့နားတွေ အရည်ပျော်မကျသေးဘူး၊ တော်တော်ပူလို့ ကျက်လုနီးပြီ" လို့ ပြောရပါတယ်။

သူ့အတွဲ ဖြူလုံးက မန္တလေးသူပါ။ ဖြူဖြူလုလု ကလေး သုံးယောက် အမေလို့ မထင်ရအောင် အရွယ် တင်ပါတယ်။ သူတို့ နှစ်ယောက်က နိုင်ငံရေး ကိစ္စတွေအပြင် သူတို့ ကိုးကွယ်တဲ့ ဆရာတော် တစ်ပါးကို ဒေါ်စု နဲ့ ဆုံစေချင်လို့ ကျွန်တော့်ကို ပိုင်းပူဆာကြတာပါ။ ကျွန်တော်လည်း ဒေါ်စု နယ်ကို စည်းရုံးရေး ခရီးစဉ် ထွက်တဲ့အခါတွေမှာ သော်လည်းကောင်း၊ အဲဒီ ဆရာတော်ကြီး နေပြည်တော် ကြွလာစဉ် သော်လည်းကောင်း ဆုံဆည်းဖို့ ကြိုးစားပေမဲ့ ယနေ့အထိ မအောင်မြင်သေးပါ။

ဖြူလုံးမှာ ထူးခြားချက်တစ်ခု ရှိပါတယ်။ သူ့ကိုယ်သူ နဂါးဘဝက လာတယ်ဆိုပြီး ယုံကြည်နေတာပါ။ မဟုတ်ဘူးလို့တော့ မပြောလိုပါဘူး။ ဒီလိုကိစ္စတွေက ဆန်းကြယ်ပါတယ်။ သူနဲ့ ထူးထူး ခြားခြားကြုံခဲ့ဖူးတာက ၂၀၁၄ ခုနှစ် မန္တလေးမှာပါ။ ဒေါ်စုက မန္တလေးမှာ ပုဒ်မ ၄၃၆ ပြင်ဆင်ရေးနဲ့ ပတ်သက်လို့ လူထု ဟောပြောပွဲ လုပ်တဲ့ ခရီးစဉ်မှာပါ။ သူတို့နဲ့ တိုက်ရိုက်တွေ့ဖို့ မစီစဉ်နိုင်ပေမဲ့ ကျွန်တော်တို့အဖွဲ့ မန္တလေး ရောက်မယ့်အချိန်၊ ဟောပြောမယ့် နေရာနဲ့ အချိန်တွေကိုတော့ အသိ ပေးထားပါတယ်။ သူတို့ကလည်း လာပြီး အားပေးမယ်လို့ ပြောပါတယ်။

သိကြတဲ့အတိုင်းပါ၊ ဒေါ်စု ဟောပြောပွဲဆိုတော့ မန္တလေး လူထုက ဒုံးလိုက် ကျင်းလိုက် လာကြတဲ့အပြင် အနီးပတ်လည် မြို့တွေက NLD တွေကလည်း အလံတလူလူနဲ့ လာနေလိုက်ကြတာ အောတိုက်ပေ့ါ။ ကျွန်တော်ကလည်း မောင်မောင်ဦး အကူအညီနဲ့ လုံခြုံရေး တာဝန်တွေကိုပဲ အာရုံစိုက်နေရတာပါ။ မန္တလေးက ဒေါက်တာ ဇော်မြင့်မောင်တို့၊ ကိုတင်ထွဋ်ဦးတို့ကလည်း တစ်တပ်တစ်အား ပိုင်းဝန်း ကူညီကြပါတယ်။

ဟောပြောပွဲ ပြီးသွားပါပြီ။ ပရိသတ်ကလည်း ထွက်ခွာစပြုနေတဲ့အချိန်မှာ ကျွန်တော့်ဆီကို ဖုန်းဝင်လာ ပါတယ်။ မဲလုံး။ သူက ဒေါ်စုရဲ့ မိန့်ခွန်းကို နားထောင်ရင်းနဲ့ ဖြူလုံး တစ်ယောက် သတိ မေ့လဲသွားလို့ပါတဲ့။ အခု ပရဟိတ အဖွဲ့တစ်ခုက ကူညီတဲ့ Ambulance ကားပေါ် ရောက်နေပါတယ်တဲ့။ "ဖြူလုံးက ဘဘနဲ့ စကား ပြောချင်လို့ပါ" တဲ့ ဆိုလို့ ဖုန်းပေးလိုက်တဲ့အတွက် စကားပြောလိုက်ပါတယ်။ ဖြူလုံးရဲ့ အသံက သဲ့သဲ့ လေးပဲ ကြားရပါတယ်။ "သမီး နေကောင်းလား၊ ဘာဖြစ်တာလဲ" လို့ မေးတဲ့အခါ သူက "အမေစု မိန့်ခွန်းကို ကြားရပြီးတော့ ဝမ်းသာလွန်းလို့ ဖြစ်သွားတယ် ထင်ပါတယ်" လို့ ပြန်ဖြေပါတယ်။ ကျွန်တော်က ဒါမျိုးတွေ ကြုံရဖူးတော့ အားပေးစကား ပြောပြီး ဖုန်းချလိုက်ပါတယ်။

## သူတို့ ကံကောင်းသွားကြတယ်

ဟုတ်ပါတယ်။ ဒေါ်စု မိန့်ခွန်းကို နားထောင်နေခိုက် ကာလမှာ တချို့ကတော့ မျက်ရည် ဖြိုင်ဖြိုင်ကျလို့၊ တချို့ ကျတော့လည်း ကြည်နူး ဝမ်းသာမှုနဲ့ မိန်းမောသွားကြတာတွေ တွေ့မြင်ခဲ့ရဖူးပါတယ်။ တချို့ (မိန်းမကြီးတွေ များပါတယ်) ဆို ပျော်လွန်းလို့ ဆိုပြီး ထကနေလိုက်ကြတာ ကွေးလို့။ ဒါ့ကြောင့်မို့ ဖြူလုံး ဖြစ်တာကို မအံ့သြပါဘူး။ ခံစားချက် နူးညံ့လို့ ဖြစ်တယ်လို့ပဲ သဘောပေါက်ပါတယ်။ ပြီးမှ မဲလုံးကို ပြောလိုက်ပါတယ်။ "သမီးတို့ရဲ့ အမေစုက နေရာ တစ်ခုမှာ (ဟိုတယ်) လူထု တွေ့ဆုံပွဲ ရှိတယ်၊ ပထမ တစ်ခုက မန္တလေးတိုင်း က NLD တွေနဲ့ ဒုတိယ တစ်ခုက မြို့မိမြို့ဖနဲ့၊ ဖြူလုံး နေကောင်းရင် လိုက်ခဲ့" လို့ မှာလိုက်ပါတယ်။

နာမည်တော့ မေ့သွားပါပြီ။ ဟိုတယ် အသစ်တစ်ခုပါ။ ခမ်းနား ထည်ဝါပါတယ်။ ဧည့်ခန်းမ တစ်ခုမှာ မန္တလေးတိုင်း NLD အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံပြီး ဒေါ်စုက မှာစရာရှိတာတွေ မှာသလို အဖွဲ့ချုပ်ဝင်တွေကလည်း မေးစရာရှိတာ မေးနဲ့ အချိန် တစ်နာရီခွဲလောက် ကြာသွားပါတယ်။ အားလုံးကလည်း ဝမ်းသာအားရနဲ့ ကျေနပ်ကြပါတယ်။

နောက်တစ်ပွဲကတော့ မန္တလေးက မြို့မိမြို့ဖတွေနဲ့ပါ။ ဒေါ်စုက ပရိသတ်အလိုက် လိုက်လျောညီထွေတဲ့ စကားတွေ ပြောတဲ့အခါ သူမတူအောင် ကျွမ်းကျင်တဲ့သူ ဖြစ်တဲ့အတွက် မြို့တစ်မြို့ရဲ့ ဂုဏ်သိက္ခာဟာ မြို့မိ မြို့ဖ ဖြစ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အနေအထားပေါ်မှာ တည်တဲ့အကြောင်း စပြီး စကားပြောပါတယ်။ မြို့မိမြို့ဖတွေ ကိုလည်း စကားပြောခွင့်၊ မေးခွန်းမေးခွင့် ပေးတဲ့အတွက် တွေ့ဆုံပွဲဟာ မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်သွားပါတယ်။

NLD အုပ်စုတွေနဲ့ စကားပြတ်သွားတဲ့အခါ ဖြူလုံးနဲ့ မဲလုံးတို့ Ambulance နဲ့ ရောက်လာကြပါတယ်။ မြို့မိမြို့ဖ တွေ့ဆုံပွဲမှာ သူတို့ကိုလည်း ဝင်ခွင့်ပြုလိုက်ပါတယ်။ တွေ့ဆုံပွဲပြီးလို့ ဒေါ်စုက လူကြီးမိဘတွေနဲ့ အလှည့်ကျ နှုတ်ဆက်စကား ပြောတဲ့အခါမှာ သူတို့ နှစ်ယောက်ကိုလည်း ကျွန်တော်က မိတ်ဆက်ပေးလိုက် ပါတယ်။ ဖြူလုံးကလည်း ဒေါ်စုကို လက်အုပ်ချီ နှုတ်ဆက်ပြီးတော့ ထောက်ခံပါကြောင်း၊ အားပေးနေမယ် ဖြစ်တဲ့အကြောင်းတွေ ပြောရင်းနဲ့ အလှူငွေ (ကျွန်တော့်အထင်) ကျပ်ငါးသိန်း ပေးအပ်တာ မြင်လိုက်ရပါတယ်။

ဖြူလုံးက တကယ်တော့ လုပ်ငန်းရှင်ကြီးပါ။ သူ့ခင်ပွန်း ကိုသိန်းဝင်းနဲ့ တွဲပြီး TW တံဆိပ်နဲ့ ထိုးမုန့်တွေ ထုတ်ဝေ ရောင်းချနေသူ ဖြစ်ပါတယ်။ ကိုသိန်းဝင်း ဆိုတာကလည်း မန္တလေး မြင့်မြင့်ခင် ထိုးမုန့်ရဲ့ သားပါ။ မိခင်ရဲ့ လုပ်ငန်းက ခွဲထွက်ပြီး ကိုယ့်နာမည်နဲ့ကိုယ် စီးပွားရေး လုပ်နေကြရာမှာလည်း အောင်မြင်တဲ့ လုပ်ငန်း ရှင်တွေ ဖြစ်နေပါပြီ။ မဲလုံးနဲ့ကတော့ ၁၀ ဘဝက ရေစက်နဲ့တူပါတယ်၊ ညီအစ်မ အရင်းလို မခွဲနိုင် မခွာရက် ဖြစ်နေပါတယ်။

## ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်

ဒီမိုကရေစီ နိုင်ငံမှာပဲဖြစ်ဖြစ်၊ အာဏာရှင် နိုင်ငံမှာပဲဖြစ်ဖြစ် ရွေးကောက်ပွဲတွေ ရှိပါတယ်။ အဲဒီလို ရွေးကောက် ပွဲတွေအတွက် ရွေးကောက်ပွဲ ကော်မရှင်ဆိုတာ မဖွဲ့မဖြစ် ဖွဲ့ပေးရမယ့် အဖွဲ့တစ်ခုပါ။ အဲဒီလို ဖွဲ့ရာမှာလည်း သာမန် ဝန်ထမ်းလောက်နဲ့ ဖွဲ့လို့မရပါ။ အများက သိက္ခာရှိတယ်လို့ ယုံကြည် လေးစားထိုက်တဲ့ သူတွေကို ထည့်ပြီး ဖွဲ့စည်းကြလေ့ရှိပါတယ်။ အသက်အရွယ် ၆၀ နဲ့ ၇၀ ကြားက ပုဂ္ဂိုလ်တွေနဲ့ ဖွဲ့တာများပါတယ်။

ဒါ့ကြောင့်မို့ နဝတ အစိုးရကလည်း ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲအတွက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကိုလည်း ဦးဘဌေး ခေါင်းဆောင်တဲ့ အငြိမ်းစား အရာရှိကြီး လေးဦး ပါဝင်တဲ့ ကော်မရှင်ကို

ဖွဲ့စည်းခဲ့ပါတယ်။ ပါဝင်တဲ့ ကော်မရှင် အဖွဲ့ဝင်များဟာ အငြိမ်းစား အရာရှိကြီးများ ဖြစ်ကြပါတယ်။ အဖွဲ့ဝင်တွေကတော့ တပ်မတော် အငြိမ်းစား အရာရှိ တစ်ဦးဖြစ်တဲ့ ဗိုလ်မှူးချုပ် စောကြာဒိုး၊ နောက်ပြီး ဖဆပလခေတ် ပါလီမန် အမတ်ဟောင်း ဆရာချယ်၊ ချွေတာ စုဆောင်းရေး မင်းကြီး (ငြိမ်း) ဦးကျော်ညွန့်တို့ ဖြစ်ပါတယ်။

## ရက်ရက်စက်စက် အသုံးချခံခဲ့ရသူများ

အထက်မှာ ဖော်ပြခဲ့တဲ့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်တွေဟာ သိက္ခာ သမာဓိအရာမှာ အလွန်မြင့်မားတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ အဲဒီထဲက တချို့သော ပုဂ္ဂိုလ်တွေကို သမ္မတဟောင်း ဦးနေဝင်းက ရွေးပေးတဲ့ ပုဂ္ဂိုလ်တွေလို့တောင် ကျွန်တော် သံသယ ရှိပါတယ်။ တကယ်တော့ အဲဒီ ပုဂ္ဂိုလ်ကြီးတွေဟာ နဝတ အစိုးရရဲ့ ပက်ပက်စက်စက် အသုံးချခံ ပုဂ္ဂိုလ်တွေ ဖြစ်သွားခဲ့ပါတယ်။ သူတို့ ဦးစီး ဦးဆောင် ကျင်းပပေးခဲ့တဲ့ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲဟာ တကယ်ကို လွတ်လပ်ပြီး တရားမျှတပါတယ်။ ဒီလူကြီးတွေ တာဝန်ကျေခဲ့ပါတယ်။

ရွေးကောက်ပွဲ ပြီးလို့ နိုင်တဲ့ ပါတီကို အာဏာ မလွှဲခဲ့တာကတော့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှာ ဘာတာဝန်မှ မရှိပါ။ သူတို့ အလွန်ဆုံး လုပ်နိုင်တာကတော့ နဝတ အစိုးရကို ရွေးကောက်ပွဲ ရလဒ်ကို အကောင်အထည် ဖော်ပေးပါလို့ တိုက်တွန်းရုံပဲ တတ်နိုင်မှာပါ။ သူတို့လည်း တိုက်တွန်းကောင်း တိုက်တွန်းခဲ့ပါလိမ့်မယ်။ လူသိရှင်ကြားတော့ ဟုတ်မယ် မထင်ပါဘူး။ အဲဒီအချိန်တုန်းက ကျွန်တော်က ထောင်ထဲ ရောက်နေတော့ အဲဒီကိစ္စတွေကို ဘာမှ မကြားသိရပါ။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှာတော့ ဥက္ကဋ္ဌက ကျွန်တော်အပေါ်မှာ ပြောခဲ့သလို ဗိုလ်ချုပ်ကြီး တင်အေး (ငြိမ်း) ဖြစ်ပါတယ်။ သူတစ်ယောက်ကိုပဲ မှတ်မိပြီး ကျန်တဲ့ အဖွဲ့ဝင်တွေ မမှတ်မိတော့ပါ။ အဲဒီ ကော်မရှင်ကိုလည်း ဗိုလ်ချုပ်ကြီး တင်အေးက သူ့စိတ်ကြိုက် လူတွေနဲ့ ဖွဲ့စည်းထားတယ်လို့ သိရပါတယ်။ ပါဝင်တဲ့ အဖွဲ့ဝင်တွေကတော့ အစိုးရဌာန အသီးသီးမှာ ကြီးလေးတဲ့ တာဝန်တွေ ထမ်းဆောင်ခဲ့ဖူးတဲ့ အငြိမ်းစား တပ်မတော် အရာရှိကြီးတွေ ဖြစ်မှာပါ။ ဒါမှမဟုတ် လည်း သူတို့ ဩဇာညောင်းတဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်မှာပါ။ ဒါ့ကြောင့်မို့လို့ UEC ကို အပြည့်အဝ အယုံအကြည် မရှိဘူးလို့ ကောက်ချက်ချထားပါတယ်။

## စည်းရုံးရေး ကာလ

မြန်မာနိုင်ငံ ရွေးကောက်ပွဲနေ့တွေမှာ စည်းရုံးရေး ကာလကို သုံးလလို့ပဲ သတ်မှတ်ထားလေ့ ရှိပါတယ်။ ရုတ်တရက် ကြည့်ရင် အချိန်တိုတယ် ဆိုပေမဲ့ တကယ်တန်း စည်းရုံးရေး ဆင်းရင် လုံလောက်တဲ့ အချိန်လို့ ပြောနိုင်ပါတယ်။ ၂၀၁၂ ကြားဖြတ် ရွေးကောက်ပွဲ ကာလမှာတုန်းကလည်း သုံးလပါပဲ။ ကျွန်တော့် မိတ္ထီလာ မြို့နယ်က ရွာပေါင်း ၃၇၉ ရွာ ရှိတော့ သုံးလ ကာလမှာ ရွာအစုံ မရောက်ခဲ့ပါဘူး။ ဒါပေမဲ့ အရေးပါတဲ့ ရွာတွေ အားလုံး နီးပါးလောက် ရောက်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကျတော့ အများကြီး ကျယ်ပြန့်သွားပါပြီ။ မြို့နယ်ပေါင်းကိုက ၃၀၀ ကျော်၊ တိုင်းနဲ့ ပြည်နယ်က ၁၄ ခု ဆိုတော့ မြိုင်မြိုင်ကြီး စည်းရုံးရေး ဆင်းကြရတာပေါ့။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လဆန်းက စတင်ပြီး စည်းရုံးခွင့် ရကြပါတယ်။ အဲဒီလို စည်းရုံးခွင့်လည်း ရရော ဗဟို အောင်နိုင်ရေးရဲ့ အဖွဲ့ အများစုဟာ လွှတ်တော် ကိုယ်စားလှယ်လောင်း ဖြစ်တော့ စည်းရုံးရေး ဆင်းရပါပြီ။ ဥပမာ- အခု သမ္မတ

ဖြစ်နေတဲ့ ကိုဝင်းမြင့်၊ နောက် မရမ်းကုန်း မြို့နယ်က ဒေါက်တာ ဒေါ်မေဝင်းမြင့်၊ မွန်ပြည်နယ် ချောင်းဆုံက ဒေါ်ခင်ဌေးကြွယ်၊ အင်းစိန် မြို့နယ်က မောင်မောင်ဦး စတဲ့ သူတွေပေ့ါ။

အောင်နိုင်ရေး အဖွဲ့ဝင်တွေ စည်းရုံးရေး ဆင်းကုန်ပြီ ဆိုတော့ အောင်နိုင်ရေးရုံးမှာ နာယကကြီး ဦးတင်ဦးရယ်၊ ကျွန်တော်ရယ် နှစ်ယောက်သာ လူကြီးအဖြစ် ကျန်နေခဲ့ပါတယ်။ အဲဒီလို ကျန်ခဲ့တဲ့သူတွေက မြို့လုံး၊ မဲလုံး အပါအဝင် လူငယ်တွေ များပါတယ်။ အဲဒီတော့ ရှိတဲ့လူနဲ့ပဲ တိုင်းနဲ့ ပြည်နယ် ၁၄ ခုရဲ့ ကိစ္စ အဝဝတွေကို စောင့်ကြပ် ကြည့်ရှုနေခဲ့ရတာပါ။ စည်းရုံးရေးကာလ သုံးလလုံးလုံး စနေ၊ တနင်္ဂနွေ မရှိ၊ ရက်အား မရှိ။ ညဆိုရင် ကိုးနာရီ ဆယ်နာရီမှ ပြန်၊ ပုံမှန်ပါပဲ။

## သက်ပိုင်ရှိန်း

ဒီကောင်လေးက မင်္ဂလာဒုံ မြို့နယ်က NLD လူငယ်တစ်ယောက်ပါ။ ကျွန်တော် ဆေးရုံတွေ စတက်ပြီ ဆို ကတည်းက လူနာစောင့် အနေနဲ့ စတာဝန်ယူခဲ့တာပါ။ နောက်ပိုင်းမှာ ခဏ ခဏ မေ့လဲမှာစိုးလို့ သူ့ကို ကျွန်တော့် အနီးကပ် လက်တိုလက်တောင်းအဖြစ် ခေါ်ထားရင်းနဲ့ ကျွန်တော်နဲ့ တွဲမိသွားတာပါ။ ၂၀၁၈ ခုနှစ် အထိ ဆိုပါတော့။ အခုတော့ သူက ရန်ကုန်တိုင်း လူငယ် တာဝန်ခံ ဖြစ်နေပါပြီ။ ဒါ့ကြောင့် ကျွန်တော်နဲ့ ကင်းကွာ သွားပါတယ်။

သူ့အဖေက အရာခံဗိုလ် ဘဝနဲ့ ကွယ်လွန်သွားလို့ ရတဲ့ ဆုကြေးငွေနဲ့ မင်္ဂလာဒုံမှာ အခြေချ နေနေ တာပါ။ အမေ တစ်ယောက်၊ အစ်ကို တစ်ယောက်နဲ့ ညီမ တစ်ယောက် ရှိပါတယ်။ အဖေ ဆုံးတော့ ကား အရောင်းအဝယ် စီးပွားရေး လုပ်ရင်းနဲ့ NLD လူငယ်ကို ရောက်လာတာပါ။ ဒီကောင်လေးက ကားမောင်း အရမ်း ကျွမ်းပါတယ်။ အမြန်လမ်းမှာ သတ်မှတ်တဲ့ အမြန်နှုန်းကျော်လို့ အဖမ်းခံရတာကို ငါးခါလောက် ရှိပါ တယ်။ တစ်ခါမိရင် ကျပ် ၅၀၀၀၀ ဒဏ်ရိုက်ခံရတာပါ။

သက်ပိုင်ရှိန်းက NLD ရဲ့ နိုင်ငံရေး အနေအထားကို ကောင်းကောင်း ကျွမ်းပါတယ်။ ဒါပေမဲ့ အအိပ်မက် ပါတယ်။ သူ့ကို မနိုးရင် မနက် ကိုးနာရီ ဆယ်နာရီ မထပါဘူး။ ဒါပေမဲ့ ကားမောင်းရပြီ ဆိုရင်တော့ ပိုက်လေ့ ပိုက်ထ မရှိပါဘူး။ ဒေါ်အောင်ဆန်းစုကြည် ခရီးစဉ်တွေနဲ့ မြန်မာပြည်အနှံ့ လိုက်ပါဖူးပါတယ်။ ခရီးစဉ် တစ်လျှောက်လုံး နေ့ရောညပါ မငိုက်ပဲ ကားမောင်းနိုင်ပါတယ်။ ခရီးစဉ်ပြီးလို့ တာဝန် မရှိတော့ဘူး ဆိုတာနဲ့ အိပ်ပါပြီ၊ ကုလားသေ ကုလားမော။

ကွမ်းလည်း အင်မတန်ကြိုက်တဲ့ ကောင်လေးပါ။ ဒေါ်စုက ကျန်းမာရေးအရ ကွမ်းမစားရေး လို့ဆော် တော့ ဒီကောင် ဒုက္ခလှလှ တွေ့တာပေ့ါ။ ကျွန်တော်က တစ်ပတ်ကို တစ်ရက် နှစ်ရက်လောက် ဒေါ်စုနဲ့ သွားသွားတွေ့ရတဲ့ အခါ ဒီကောင်က လိုက်ပို့ရမှာ ဆိုတော့ သွားတိုက်ရတာ အမော။ တစ်ခါမှာ သူ ကွမ်းစား နေရင်း ဒေါ်စုနဲ့ ပက်ပင်းတိုးလို့ ဟိုက "ကွမ်းလျှော့စား" လို့ တိုက်ရိုက် အပြောခံရဖူးပါတယ်။

လူငယ်ဆိုတော့ စိတ်ဆတ်ပါတယ်။ သူ ကားမောင်းနေခိုက် ဘေးက ကား သို့မဟုတ် မော်တော် ဆိုင်ကယ် တစ်စီးက ကိုးရိုးကားရား မောင်းသွားရင် သူက အမီလိုက်ပြီး လှမ်းဆဲလေ့ ရှိပါတယ်။ အဲဒီအခါမှာ ကျွန်တော်က ပြောရပါတယ်။ "ဟေ့ကောင်၊ မင်း ဆဲတာ ကိစ္စမရှိဘူး၊ မှန်တံခါး ပိတ်ထားတော့ ဟိုဘက်က ကောင်က မကြားရဘူး၊ ငါက ကြားရတယ်ကွ" လို့။

သူ့မှာလည်း ရည်မှန်းထားတဲ့ ကောင်မလေး ရှိပါတယ်။ ဂျိုဂျိုလင်းမောင် ဆိုလား။ ကျွန်တော် သိရ သလောက်တော့ သူက အဲဒီ ကောင်မလေးကို အလွန်နိုင်ပါသတဲ့။ ဟုတ်ပါလိမ့်မယ်၊ သူနဲ့ သူ့ကောင်မလေး

ဖုန်းဆက်တာကို နားထောင်ရရင် သူက တစ်ဖက်သတ် ဆူပူ ကြိမ်းမောင်းတာတွေကိုပဲ ကြားရလေ့ရှိပါတယ်။

၂၀၁၄-၂၀၁၅ ခုနှစ် ကာလတွေမှာ ကျွန်တော် ခရီးသွားရပါတယ်။ ခရီးသွားတိုင်းလည်း သက်ပိုင်ရှိန်းက ကားမောင်းရပါတယ်။ ကျွန်တော့်အတွက်ရော၊ NLD အတွက်ရော အလွန် တန်ဖိုး ရှိတဲ့ အချိန်ကာလတွေပါ။ အထူးသဖြင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ အောင်နိုင်ရေး ကာလ တစ်လျှောက်လုံးမှာ ကျွန်တော် အလုပ်လုပ်နိုင်အောင် သူကပဲ ပံ့ပိုးပေးခဲ့တာပါ။ သူ ကျွန်တော့် အနားမှာ အဲဒီလို နေနေတဲ့အတွက် မနာလိုတဲ့သူတွေက အင်တာနက်မှာရော၊ ဖေ့စ်ဘုတ်မှာပါ ဝေဖန်မှုတွေ ခံခဲ့ရပါတယ်။ တချို့ဆို ရိုင်းရိုင်းပြပြ ဆဲတာတွေတောင် ပါပါတယ်။

## စည်းရုံးရေး ကာလ ပြည်ခိုင်ဖြိုး လုပ်ရပ်များ

ခေတ်အဆက်ဆက် ရွေးကောက်ပွဲ စည်းရုံးရေးတွေ လုပ်တဲ့အခါမှာ ပြိုင်ဘက် အချင်းချင်းဟာ ကိုယ်က ပြည်သူလူထုအတွက် ပိုပြီး လုပ်နိုင်ကြောင်း၊ ပြိုင်ဘက် ပါတီနှင့် သူတို့ ကိုယ်စားလှယ်ကိုလည်း ပြည်သူ့အတွက် လုပ်နိုင်မှာ မဟုတ်ကြောင်းတွေ ပြောပြီး စည်းရုံးလေ့ရှိကြပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ စည်းရုံးရေးမှာလည်း အဲဒီပုံစံမျိုး တစ်ဖက်နဲ့ တစ်ဖက် ပြောဆို စည်းရုံးကြပါ တယ်။ အဲဒါအပြင် တစ်ဖက်ပါတီရဲ့ မကောင်းတဲ့အချက်တွေ ဖော်ထုတ်ပြီး စာရွက်စာတမ်းတွေ ထုတ်ဝေ ဖြန့်ဖြူးတာတွေလည်း ပြုလုပ်ကြပါတယ်။

ကျွန်တော်တို့ NLD ကတော့ ပြိုင်ဘက် ပါတီကို သော်လည်းကောင်း၊ ပြိုင်ဘက် ကိုယ်စားလှယ်လောင်းတွေကို သော်လည်းကောင်း စာနဲ့ ရေးသားပြီး ပုတ်ခတ်တာတွေ မလုပ်ခဲ့ပါဘူး။ အဲဒီလို မလုပ်ဖို့လည်း အားလုံးကို တားမြစ်ထားပါတယ်။ စကားအရာနဲ့ ပြောတာဆိုတာတွေကတော့ တားလို့ရမှာ မဟုတ်တဲ့အတွက် ညွှန်ကြားချက် ထွေထွေထူးထူး မထုတ်ပြန်ခဲ့ပါဘူး။

ပြည်ခိုင်ဖြိုး ပါတီကတော့ အဲဒီလို မဟုတ်ပါဘူး။ ပြိုင်ဘက် ကိုယ်စားလှယ်တွေကို ပုတ်ခတ်တဲ့ အပြင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်ပြီး အမျိုးမျိုး ဝေဖန် အပုပ်ချကြပါတယ်။ အဲဒီလို အပုပ်ချစရာ ကုန်ကြမ်းတွေကလည်း သူတို့မှာ အပြည့်အဝ ရှိနေပါတယ်။ အရင် နဝတနဲ့ နအဖလား၊ ဘာလား မသိပါဘူး၊ သူတို့ ခေတ်က ထုတ်ဝေတဲ့ သတင်းစာတွေထဲမှာ ဒေါ်စုနဲ့ ပတ်သက်လို့ သော်လည်းကောင်း၊ ဦးအောင်ရွှေ ဦးတင်ဦး စတဲ့ ပုဂ္ဂိုလ်တွေနဲ့ ပတ်သက်လို့ သော်လည်းကောင်း အပတ်စဉ်လိုလို ပါဝင်နေခဲ့ပါတယ်။

အဆိုးဆုံးလို့ ဆိုနိုင်တဲ့ ကိစ္စတစ်ခုလည်း ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါက ဘာလဲဆိုတော့ ဘာသာရေး/နိုင်ငံရေး ဆန်ဆန် ဖွဲ့ထားတဲ့ အဖွဲ့က NLD နဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုသာ မဲပေးခဲ့ရင် နောက်တစ်ချိန်မှာ မြန်မာ နိုင်ငံဟာ ဘာသာခြားတွေက စိုးမိုး အုပ်ချုပ်သွားမယ့် နိုင်ငံတစ်ခု ဖြစ်သွားနိုင်ကြောင်း သဘောပါတဲ့ ကြေညာ ချက် တစ်ခု ပြုစုပြီး ပုံနှိပ်ခဲ့ပါတယ်။ အဲဒီ ကြေညာချက်တွေကို သောင်းဂဏန်း (ကျွန်တော့် အထင် သိန်း ဂဏန်းတောင် ရှိနိုင်ပါတယ်) လောက်ကို ထုတ်ပိုးပြီး ပြည်ခိုင်ဖြိုး ခေါင်းဆောင်တွေဆီ ပို့လိုက်ပါတယ်။

အဲဒီလို ကြေညာချက်တွေကို မြို့နယ် အသီးသီးက သူတို့ ကိုယ်စားလှယ်လောင်းတွေကိုလည်း ဖြန့်ဝေ ခဲ့ပါတယ်။ အဲဒီ ကြေညာချက်တွေကို နယ်အသီးသီးမှာ တွေ့ရှိတဲ့ အတွက်ကြောင့် သူတို့ကလည်း ကျွန်တော် တို့ အောင်နိုင်ရေး ရုံးချုပ်ကို ပို့ပါတယ်။ အဲဒီစာတွေ အထုပ်လိုက် သူတို့လူကြီးတွေ ရုံးကို ရောက်လာပုံကိုလည်း ဓာတ်ပုံနဲ့တကွ သက်သေ အထောက်အထားနဲ့ ကျွန်တော်တို့ရုံးကို ရောက်လာပါတယ်။

အဲဒီအချိန်မှာ အောင်နိုင်ရေးရုံးမှာ လူကြီးဆိုလို့ သူရ ဦးတင်ဦးနဲ့ ကျွန်တော်ပဲ ကျန်နေခဲ့တာပါ။ ရသမျှ အချက်အလက်တွေကို ဦးတင်ဦးကို တင်ပြပြီး UEC ကို အထောက်အထားနဲ့တကွ တင်ပြခဲ့ပါတယ်။ ပိတ်ပင်

တားမြစ်ပေးဖို့ မေတ္တာရပ်ခံရင်း ကန့်ကွက်စာတွေ အကြိမ်ကြိမ် ပို့ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ သူ့ရဲ့ ကော့မှူး မြို့နယ်ကို မကြာခဏ စည်းရုံးရေး သွားရတာရယ်၊ တခြား မြို့နယ်တွေကိုလည်း သွားနေရတဲ့ အတွက် ကြုံကြိုက်တဲ့အခါမှ သူ့ကို တင်ပြနိုင်ပါတယ်။

## ကျွန်တော်ရဲ့ မိတ္ထီလာ မြို့နယ်

အောင်နိုင်ရေး လုပ်ငန်းတွေကို ၂၀၁၅ သကြင်္ကန် မတိုင်ခင်လောက်ကတည်းက စတင်ခဲ့ပါတယ်။ အဲဒီအချိန် မတိုင်ခင်က ကျွန်တော်ဟာ လွှတ်တော် ကိုယ်စားလှယ် အနေနဲ့ မြို့ကို အပတ်စဉ်တိုင်း ပြန်ရောက်ခဲ့ပါတယ်။ နယ်မြေက မဲဆန္ဒရှင်တွေနဲ့ တွေ့ဆုံခဲ့သလို မြို့နယ် NLD က ပုဂ္ဂိုလ်တွေနဲ့လည်း အမြဲလိုလို တွေ့ဆုံပြီး ဆွေးနွေးပွဲတွေ အကြိမ်ကြိမ် လုပ်ခဲ့ပါတယ်။ အဲဒီလို တွေ့ဆုံ ဆွေးနွေးပွဲတစ်ခုမှာ ကျွန်တော်ဟာ ကျန်းမာရေး ကြောင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ပါဝင်တော့မှာ မဟုတ်တဲ့အကြောင်း။ ဒါ့ကြောင့် မိတ္ထီလာ မြို့နယ်အတွက် ကိုယ်စားလှယ်လောင်း လေးဦးကို စိစစ် ရွေးချယ်ထားကြစေလိုကြောင်း ပြောခဲ့ပါတယ်။

ဒီလိုနဲ့ ကိုယ်စားလှယ်လောင်း စာရင်းတွေ မိတ္ထီလာက ပို့လာတဲ့အခါ သူတို့စာရင်းထဲက မိတ္ထီလာ NLD ဥက္ကဋ္ဌ ဒေါက်တာ ဝင်းစိုးဦးကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း အဖြစ် သတ်မှတ်ထားကြောင်း တွေ့ရပါတယ်။ မိတ္ထီလာ NLD မှာ အဆက်ဆက် ခေါင်းဆောင်ခဲ့တဲ့ ဒေါက်တာ သိန်းလွင်ဟာ ကျန်းမာရေး ကြောင့် ဆက်လက် တာဝန်မယူနိုင်တဲ့အခါ အများဆန္ဒအရ ဒေါက်တာ ဝင်းစိုးဦးကို ဥက္ကဋ္ဌ အဖြစ် တာဝန် ယူစေခဲ့ပါတယ်။

## ဒေါက်တာ ဝင်းစိုးဦး

ဒေါက်တာ ဝင်းစိုးဦးဟာ ရုပ်ရည် သန့်ပြန့်ပြီး လူချောတစ်ဦးလို့ ဆိုနိုင်ပါတယ်။ တိရစ္ဆာန် ဆေးကု ဆရာဝန်ဘွဲ့ ရပြီး ကိုယ်ပိုင် စီးပွားရေး လုပ်ငန်းနဲ့ အဆင်ပြေနေသူ ဖြစ်ပါတယ်။ ဇနီးသည်က ကျန်းမာရေး အနည်းငယ် ချို့တဲ့ပြီး သားလေး တစ်ယောက် ရှိပါတယ်။ ကျွန်တော် လွှတ်တော် ကိုယ်စားလှယ် ဖြစ်စဉ် မိတ္ထီလာကို အပတ်စဉ် ပြန်တဲ့အခါတိုင်း မြို့ပေါ်မှာ အစည်းအဝေး လုပ်ရတာမျိုး ရှိသလို ရွာတွေကို သွားပြီး မဲဆန္ဒရှင်တွေနဲ့ တွေ့ရတာတွေလည်း ရှိခဲ့ပါတယ်။ အဲဒီလို ကိစ္စတိုင်းမှာ ဒေါက်တာ ဝင်းစိုးဦးနဲ့တကွ NLD မြို့နယ် EC အဖွဲ့ ဝင် အချို့ကို အမြဲလိုလို ခေါ်ပါတယ်။

ခေါ်ရတဲ့ ရည်ရွယ်ချက်ကလည်း အမျိုးမျိုး ရှိပါတယ်။ NLD အစိုးရ တက်နေလင့်ကစား တချို့ ခရိုင်/ မြို့နယ်တွေမှာ အုပ်ချုပ်ရေး အဖွဲ့၊ စည်ပင် စတဲ့ အဖွဲ့တွေဟာ NLD ကို လူရာမသွင်းချင်တဲ့ အနေအထားတွေ ရှိနေဆဲပါ။ ကျွန်တော်နဲ့ အာဏာပိုင် အဖွဲ့အစည်းတွေ တွေ့တိုင်း NLD အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံ ဆွေးနွေးခွင့် ရတဲ့ အတွက်ကြောင့် ခင်မင် ရင်းနှီးမှု တည်ဆောက်နိုင်တယ်၊ ကျွန်တော်နဲ့ ရပ်/ကျေးက မဲဆန္ဒရှင်တွေနဲ့ တွေ့တဲ့အခါတိုင်း ပြောဆို ဆွေးနွေးတဲ့ အချက်တွေကို သူတို့အနေနဲ့ အတုယူ လေ့လာပြီး ရှေ့ဆက်လုပ်ရမယ့် လုပ်ငန်းတွေ အတွက် နမူနာ ဖြစ်စေမယ်၊ အဲဒါတွေ အပြင် ဥက္ကဋ္ဌ ဒေါက်တာ ဝင်းစိုးဦး၊ အတွင်းရေးမှူး ဇော်ဇော်အောင်နဲ့ တခြား EC အဖွဲ့ဝင်တွေ ဖြစ်တဲ့ ဒေါ်နွဲ့စမ်းကြည်တို့၊ ကိုမောင်ကိုတို့နဲ့လည်း အချင်းချင်း ရင်းနှီးမှု ပိုရနိုင်မယ် ဆိုတဲ့ အကျိုးတွေ ရစေချင်လို့ ဖြစ်ပါတယ်။

ဒေါက်တာ ဝင်းစိုးဦးအပြင် ကျွန်တော်နဲ့ ရင်းနှီးတဲ့ ပုဂ္ဂိုလ်တစ်ဦးကတော့ ကိုတင်ကိုကို ဖြစ်ပါတယ်။ သူဟာ အခု မန္တလေးတိုင်း NLD အတွင်းရေးမှူးအဖြစ် တာဝန် ထမ်းဆောင်နေဆဲပါ။ ၂၀၁၅ ခုနှစ် ရွေးကောက်

ပွဲ အတွက် သူ့ကို တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်အဖြစ် လျာထားပါတယ်။ သူဟာ ၂၀၁၂ ကြားဖြတ် ရွေးကောက်ပွဲ ကာလတုန်းက ကျွန်တော့်ရဲ့ ရွေးကောက်ပွဲ ကိုယ်စားလှယ်ပါ။

ဒါ့ကြောင့် ကြားဖြတ် ရွေးကောက်ပွဲမှာ ကျွန်တော် စည်းရုံးရေးဆင်းတဲ့ အနေအထားကို ကောင်းကောင်း အကျွမ်းဝင်ပါတယ်။ ရွေးကောက်ပွဲမှာ ကျွန်တော် ဘယ်ရွာတွေမှာ ရှုံးတယ်၊ ဘယ်ရွာတွေမှာ နိုင်တယ်၊ တပ် မဲဆန္ဒနယ်တွေမှာ ရှုံးတယ်၊ မြို့ပေါ် ရပ်ကွက်တွေမှာ ကျွန်တော် နိုင်တယ်ဆိုတဲ့ အချက်အလက်တွေ သူ့မှာ ရှိပါတယ်။ ဒါ့ကြောင့် သူ့အတွက် ရွေးကောက်ပွဲ စည်းရုံးရေး လုပ်ငန်းတွေ ဖြောင့်ဖြူးမယ်လို့ ယူဆခဲ့ပါတယ်။

## မိတ္ထီလာကို မပြန်ရတော့ဘူး

စည်းရုံးရေး လုပ်ငန်းတွေ စတင်တဲ့ ဩဂုတ်လမှာကတည်းက မိတ္ထီလာက ကျွန်တော့် အဆက်အသွယ်တွေကို သီးသန့် ပြောထားတာ ရှိပါတယ်။ မိတ္ထီလာ ရွေးကောက်ပွဲမှာ NLD လွှတ်တော် ကိုယ်စားလှယ်လောင်းတွေရဲ့ အလားအလာကို ကျွန်တော့်ဆီ သတင်းပို့ပေးရမယ့် အစီအစဉ်ပါ။ ဒါ့ကြောင့် မိတ္ထီလာ မြို့နယ် NLD စည်းရုံးရေး အခြေအနေတွေကို ကျွန်တော် တော်တော်များများ သတင်းရခဲ့ပါတယ်။

မိတ္ထီလာက ရွေးကောက်ပွဲဝင်မယ့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းနဲ့ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် တခြားတစ်ယောက်တို့ကို ကျွန်တော် ကောင်းကောင်း မသိပါဘူး။ နယ်မြေ စည်းရုံးရေး ဆင်းတဲ့အခါမှာ ကိုယ်စားလှယ်လောင်း လေးယောက်၊ အနည်းဆုံး သုံးယောက် တွဲပြီး စည်းရုံးရေး ဆင်းကြဖို့၊ ဒါမှသာ မဲဆန္ဒရှင်တွေက NLD ကို တလေးတစားနဲ့ မဲပေးချင်စိတ် ပေါက်လာမှာ ဖြစ်တဲ့ အကြောင်း မကြာခဏ မှာကြားထားခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ တကယ် စည်းရုံးရေး ဆင်းတဲ့အခါ အဲဒီလို သုံး-လေးယောက် ဆင်းကြတာ ခပ်ရှားရှားပါ။ တစ်ယောက်ချင်း၊ နှစ်ယောက်ချင်းပဲ စည်းရုံးရေး သွားကြတယ်။ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်လောင်း ဆိုရင် ဟုတ်တိပတ်တိ စည်းရုံးရေး မဆင်းဘူး၊ သူတို့ စည်းရုံးရေးဟာ ထိရောက်မှု မရှိဘူး ဆိုတာတွေ ကြားလာရပါတယ်။

ဒါ့ကြောင့် စက်တင်ဘာ လဆန်းလောက်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ကျွန်တော် တင်ပြပါတယ်။ မိတ္ထီလာမှာ အခြေအနေ မကောင်းဘူး၊ ကျွန်တော် နှစ်ပတ် သုံးပတ်လောက် သွားကူမှ ကောင်းမယ် ထင်တယ်လို့ ပြောပါတယ်။ သူက သဘောမတူပါ။ မိတ္ထီလာ ကိစ္စကို ဒေါက်တာ ဇော်မြင့်မောင်ကို ကူခိုင်းမယ်လို့ ပြောပါတယ်။ ဒါနဲ့ပဲ ကျွန်တော် မိတ္ထီလာကို သွားကူမယ့် အစီအစဉ် အကောင်အထည် မပေါ်ခဲ့ပါ။ နောက်တစ်ချက်က တစ်နိုင်ငံလုံးရဲ့ စည်းရုံးရေး အခြေအနေတွေနဲ့ ပတ်သက်လို့ ကျွန်တော်ကပဲ နေ့စဉ် ဒေါ်စုကို တင်ပြနေရတဲ့ တာဝန်ကလည်း ပျက်လို့ မဖြစ်ပြန်ဘူး။

## ရွေးကောက်ပွဲမှာ NLD ရဲ့ အလားအလာ

အောင်နိုင်ရေးကာလ တစ်လျှောက်လုံးမှာ ပြည်တွင်း ပြည်ပ မီဒီယာများနဲ့ အင်တာဗျူးလည်း အမြဲမပြတ် လုပ်ခဲ့ရပါတယ်။ ဒီရွေးကောက်ပွဲကို ပြည်တွင်း မီဒီယာများက စိတ်ဝင်စားတာထက် ပြည်ပ မီဒီယာများက ပိုမို စိတ်ဝင်စားပါတယ်။ ကမ္ဘာကျော် မီဒီယာများဖြစ်တဲ့ BBC ၊ CNN ၊ Reuters ၊ CNAI (စင်ကာပူ)၊ NHK ၊ Al Jercia စတဲ့ ဌာနတွေက မီဒီယာသမားတွေ အောင်နိုင်ရေးရုံးကို ချောင်းပေါက်မတတ် ရောက်လာကြပါတယ်။ နာယကကြီး ဦးတင်ဦးနဲ့ ကျွန်တော်ပဲ ဒိုင်ခံ ဖြေကြားနေရတော့ ကြာလာတဲ့အခါ ငြီးငွေ့လို့တောင် လာပါတယ်။ စိတ်ထဲကလည်း အောင်နိုင်ရေးရုံးကို ချောင်ထဲမှာ ရွေးထားပေလို့သာပဲလို့ တွေးမိပါတယ်။

အဲဒီ မီဒီယာတွေနဲ့ တွေ့တိုင်း အမြဲ အမေးခံရတဲ့ မေးခွန်းတစ်ပုဒ်ကတော့ ကျွန်တော်တို့ NLD အနေနဲ့ လာမယ့် ရွေးကောက်ပွဲမှာ ဘယ်လို မျှော်မှန်းထားသလဲ ဆိုတဲ့မေးခွန်းပါ။ ကျွန်တော်တို့ NLD ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ တွေးခေါ် မြော်မြင်မှုနဲ့ ဘက်ပေါင်းစုံ လေ့လာရေးတွေ လုပ်ခဲ့ပါတယ်။ ရွေးကောက်ပွဲ အလားအလာကို သက်ဆိုင်ရာ NLD အဖွဲ့အစည်း အသီးသီးရဲ့ တင်ပြချက်တွေကို လေ့လာသလို သီးခြားဖွဲ့စည်း စေလွှတ်ထားတဲ့ လေ့လာရေး အဖွဲ့တွေရဲ့ တင်ပြချက်တွေကိုလည်း လေ့လာပါတယ်။ သီးခြားစေလွှတ်ထားတယ် ဆိုတဲ့အဖွဲ့က ကိုမျိုးရန်နောင်သိမ်းရဲ့ အဖွဲ့ဖြစ်ပါတယ်။

## အနုပညာရှင်တို့ရဲ့ စွမ်းအား

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲရဲ့အဓိက မောင်းနှင်တဲ့ အင်ဂျင်ဟာ ဒေါ်အောင်ဆန်းစုကြည်ပါ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စည်းရုံးရေး စွမ်းအားသာ မရှိရင် NLD ရဲ့ စည်းရုံးရေး အင်အားဟာ မကောင်းနိုင်ပါ။ အလားတူပဲ ဒေါ်အောင်ဆန်းစုကြည်ကို ချစ်ခင် လေးစားတဲ့ အနုပညာရှင်များရဲ့ ပံ့ပိုးမှုလည်း အဓိကကျပါတယ်။

ပထမဦးဆုံး ဖော်ပြချင်တာကတော့ ကိုရဲလွင်တို့ ကိုသားထွေးတို့ ခေါင်းဆောင်တဲ့ "ပန်းရဲ့လမ်း" ပါ။ သူတို့ အဖွဲ့ဟာ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲ မတိုင်ခင်ကတည်းက အနောက် ရွှေဂုံတိုင် ရုံးချုပ် အခမ်းအနား ရှိတိုင်း လာရောက် ဖြေဖျော်လေ့ရှိတဲ့ အဖွဲ့ပါ။ ဒေါ်အောင်ဆန်းစုကြည်ကို ချစ်ခင်လေးစားသလောက် သတ္တိလည်း တကယ်ကောင်းတဲ့ အဖွဲ့ပါ။ သူတို့ ခေါင်းဆောင် ကိုရဲလွင် ဆိုတာကတော့ သတ္တိအကောင်းဆုံးပေါ့။ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း အပြတ်ထောက်ခံတဲ့ ပုဂ္ဂိုလ်ပေါ့။ မကြာမီက သူ ကွယ်လွန်သွားခဲ့တာဟာ အနုပညာ လောကက ကြယ်တစ်ပွင့် ကြွေကျသွားတာဖြစ်သလို NLD ရဲ့ အမာခံ အင်အား တစ်ခု လျော့နည်းသွားတာလို့လည်း မှတ်ယူမိပါတယ်။

နောက်တစ်ဖွဲ့ ပြောချင်တာကတော့ လင်းလင်းနဲ့ ချစ်သုဝေတို့ လင်မယားပါ။ လင်းလင်းကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရွေးကောက်ပွဲ တစ်လျှောက်လုံး ရွေးကောက်ပွဲ မပြီးမချင်း မောင်မောင်ဦးရဲ့ လုံခြုံရေးအဖွဲ့နဲ့ ပူးတွဲပြီး တောက်လျှောက် လိုက်လာတဲ့သူ ဖြစ်ပါတယ်။ သူ ဝင်ငွေ ရပေါက်ရလမ်းဖြစ်တဲ့ ခွေထုတ်ခြင်း၊ စတိတ်ရှိုးတွေမှာ သီချင်းဆိုခြင်း ဆိုတဲ့အလုပ်တွေမှာ ကျောခိုင်းပြီး တစိုက်မတ်မတ် ဆောင်ရွက်ခဲ့တာပါ။ ချစ်သုဝေတို့၊ ထွန်းအိန္ဒြာဗိုလ်တို့ကတော့ လိုအပ်တဲ့ အချိန်တိုင်း၊ နေရာတိုင်း NLD စည်းရုံးရေး သီချင်းတွေ ဆိုပြီး အားပေးခဲ့ကြပါတယ်။

## လူမင်းရဲ့ အခွေ

ဒီအခွေကတော့ တော်တော် ပေါက်ပါတယ်။ ကင်ပြမှုလည်း ကောင်း၊ လူမင်းရဲ့ အပြောအဆို၊ ဟန်ပန်တွေက နိုင်ငံရေး မျက်စိနဲ့ ကြည့်ရင် အရိုးကျလွန်းလို့ "ဒီပုဂ္ဂိုလ် ရုပ်ရှင် မရိုက်ဘဲ၊ နိုင်ငံရေး လုပ်ရင် ကောင်းမယ်" လို့တောင် ကျွန်တော့် စိတ်ထဲက အောက်မေ့မိပါတယ်။ အဲဒီအခွေမှာ ပါတဲ့ ဇာတ်လမ်းတိုလေးဟာ မဆလခေတ်၊ နဝတ ခေတ်က ဝါဒဖြန့် ရုပ်ရှင်တွေနဲ့ ယှဉ်ရင် ဆီနဲ့ ရေပါ။ ကိုယ် ပြောချင်တာကို အတုံးလိုက် အတစ်လိုက် မပြောဘဲ သဘာဝကျအောင် ရိုက်ကူးထားတာပါ။ ဆရာမကြီးတော့ ကြည်ဖြူသျှင်ပေါ့။

## အခြား အခြားသော ပုဂ္ဂိုလ်တွေ

လူတိုင်းစေ့ မဖော်ပြနိုင်ပေမဲ့ ကျွန်တော့်စိတ်ထဲမှာ မှတ်မိသလောက် ပြောပြရမယ် ဆိုရင် ခန့်စည်သူ၊ မိုးယံဇွန်၊

ဇင်ဝိုင်းတို့၊ သဥ္ဇာဝင့်ကျော်၊ ခိုင်သင်းကြည် စတဲ့ ပုဂ္ဂိုလ်တွေပါ။ နာမည် ကျန်သွားရင်တော့ တောင်းပန်ပါတယ်။ ရွေးကောက်ပွဲ ပြီးလို့ ဒေါ်အောင်ဆန်းစုကြည် အိမ်ဝင်းမှာ လုပ်တဲ့ တွေ့ဆုံပွဲ တစ်ခုမှာ ရွေးကောက်ပွဲမှာ ကူညီခဲ့တဲ့ အနုပညာသမားတွေကို ကျွန်တော် စုံစုံညီညီ တွေ့ခဲ့ပါတယ်။

စစ်သူကြီး မဟာ ဗေလုဝလို့ ဒေါ်စုက သမုတ်ခံရတဲ့ ကိုဗေလုဝနဲ့ အရိုင်း၊ ပန်းရဲ့လမ်း အဖွဲ့၊ သူတို့ကတော့ ပင်တိုင်ပေါ့။ အဆိုတော်တွေထဲက ဆိုရင်လည်း ဘျိူ၊ ကော်နီ၊ စောဖိုးခွား၊ R ဇာနည်နဲ့ မိသားစု။ အဲ မှတ်မိလို့ ပြောရဦးမယ် R ဇာနည်နဲ့ လှမင်းရဲ့ ကလေးတွေ ဆိုထားတဲ့ "မီးမီး အတွက်၊ မဲပေးပါ၊ သားသား အတွက် မဲပေးပါ" ဆိုတဲ့ သီချင်းဟာလည်း တော်တော် ပေါက်ပါတယ်။ အဲဒီ သီချင်းကို ဘယ်သူစပ်တယ် ထင်ပါသလဲ။ ဒေါ်စု ကိုယ်တိုင် ခင်ဗျ။

ဂျီလတ်တို့၊ ရန်ရန်ချမ်းတို့၊ (ဒေါ်)နွဲ့ယဉ်ဝင်းနဲ့ သံသာဝင်း၊ အနဂ္ဂ.....၊ အို စုံလို့။ ကျွန်တော့် အသည်းစွဲ အဆိုတော် အိုင်းရင်းဇင်မာမြင့်ကလည်း အမေစုမှ အမေစု ခင်ဗျ။

## ဆိုက်ကားသမားများ

ဒေါ်စုက ရွေးကောက်ပွဲအတွက် စည်းရုံးတဲ့အခါမှာ တိုင်းရင်းသား လူမျိုးစုများ အရေးတင်မက လူတန်းစား အလွှာပေါင်းစုံ အတွက်လည်း စဉ်းစားပါတယ်။ ဒါ့ကြောင့်မို့လို့ ပြည်နယ်တွေကို သွားပြီး စည်းရုံးရေး ဆင်းရင် တိုင်းရင်းသား ပါတီက ခေါင်းဆောင်တွေ၊ တိုင်းရင်းသားတွေနဲ့ အမြဲ တွေ့ဆုံ စကားပြောပြီး သူ့ရဲ့ စေတနာ အခြေခံနဲ့ တိုင်းရင်းသားများအပေါ် ထားတဲ့ သဘောထားတွေကို ပြောပြလေ့ရှိပါတယ်။

အလားတူပဲ မြန်မာတွေနဲ့ တွေ့ဆုံ ပြောဆိုရမှာလည်း အခြေအနေနဲ့ အချိန်အခါပေါ်မှာ မူတည်ပြီး စကားစမြည် ပြောဆိုလေ့ရှိပါတယ်။ ကျွန်တော့် အမြင်အရ အဲဒီလို စည်းရုံးရေး လမ်းစဉ် ဖော်ထုတ်ရာမှာ ရန်ကုန်တိုင်းက ဆိုက်ကားသမားတွေကို စည်းရုံးတဲ့ ဖြစ်စဉ်ဟာ သူ့ရဲ့ အပြောင်မြောက်ဆုံး လမ်းစဉ်တစ်ခု A Master Strock လို့ ပြောရပါမယ်။ ဆိုက်ကားသမားတွေကို နာမည်တပ်ပြီး စည်းရုံးလိုက်တာဟာ လူထု လူတန်းစား အားလုံးကို စည်းရုံးလိုက်တာနဲ့ အတူတူပါပဲ။

## ကိုမျိုးရန်နောင်သိမ်းရဲ့ အဖွဲ့

မျိုးရန်နောင်သိမ်း ဆိုတာ နိုင်ငံရေး အသိုင်းအဝိုင်းမှာ မသိတဲ့သူ မရှိသလောက်ပါ။ ၈၈ မျိုးဆက် ကျောင်းသားတွေနဲ့ စာရင်တော့ နှစ်အနည်းငယ် နောက်ကျပါတယ်။ ဒါပေမဲ့ သူ့ရဲ့ နိုင်ငံရေး လှုပ်ရှားမှုတွေကို မျက်စိနောက်တဲ့ စစ်အစိုးရက ဖမ်းပြီး ထောင်ချလိုက်ခြင်းအားဖြင့် သူလည်း နိုင်/ကျဉ်း တစ်ယောက် ဖြစ်သွားပြီး ထောင်ထဲမှာ သူ့အရင် ရောက်နေတဲ့ နိုင်/ကျဉ်းဟောင်းကြီးတွေနဲ့ ပေါင်းစည်းပြီး သဟဇာတ ဖြစ်သွားခဲ့ပါတယ်။

သူဟာ ပညာဉာဏ် ထက်မြက်ပြီးတော့ ထောင်က လွတ်ပြီး ဆက်လက် လေ့လာတဲ့အခါ အင်္ဂလိပ်ဘာသာ စကားကို လူစဉ်မီအောင် ပြောတတ်လာပါတယ်။ သူ့ရဲ့ နိုင်ငံရေး အယူအဆတွေဟာ ကျွန်တော်တို့နဲ့ သိပ်မကွာခြားပါ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခေါင်းဆောင်မှုကို ယုံကြည်တဲ့ အတွက် သူဟာ NLD ရဲ့ အမာခံ လူငယ် ခေါင်းဆောင်တစ်ယောက် ဖြစ်လာပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ကိုယ်ပိုင် နိုင်ငံရေး သဘောတရားတွေနဲ့ လှုပ်ရှားလာရတဲ့အခါ ပင်မ NLD လူငယ်ထုနဲ့ ရံဖန်ရံခါ သဘောထား မတိုက်ဆိုင်မှုတွေ ဖြစ်ခဲ့ပါတယ်။

သူရဲ့ လုပ်ရည်ကိုင်ရည်ကို အကဲခတ်မိတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ သူရဲ့ အဖွဲ့ကို ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ NLD ရဲ့ အလားအလာ အကဲဖြတ်ဖို့ သီးသန့် ဖွဲ့စည်းစေပြီး တိုင်းနဲ့ ပြည်နယ် အားလုံးကို စေလွှတ်ပြီး သီးခြား လွတ်လပ်တဲ့ လေ့လာရေး Independent Survey ပြုလုပ်စေခဲ့ပါတယ်။ သူဟာ အလုပ်ကြိုးစားပါတယ်။ လုပ်ငန်းတာဝန်ရဲ့ ရည်မှန်းချက် Objective ကိုလည်း ကောင်းကောင်း သဘောပေါက်ပါတယ်။ ဒါ့ကြောင့် သူနဲ့ သူ့အဖွဲ့ရဲ့ အကဲဖြတ် အစီရင်ခံစာ Survey Report တွေဟာ ကျွန်တော်တို့ အောင်နိုင်ရေးရုံးကို ရောက်လာပါတော့တယ်။

## မျိုးရန်နောင်သိမ်းရဲ့ အကဲဖြတ်မှု

သူရဲ့ Report တွေအရ တိုင်းတွေမှာ NLD အောင်နိုင်မှု အားကောင်းမယ်၊ ၈၀ ရာနှုန်းကနေ ၈၅ ရာနှုန်း အထိ။ ပြည်နယ်တွေ ဥပမာ- ရှမ်း၊ ရခိုင်တွေမှာ အားနည်းမယ်။ ခန့်မှန်းခြေ ၆၀ ရာနှုန်းကနေ ၇၀ ရာနှုန်းအထိ အောင်နိုင်မယ့် အလားအလာ ရှိတယ် ဆိုတဲ့ သတင်းတွေ ဖတ်ရပါတယ်။ သူ့ လေ့လာပုံ လေ့လာနည်းကလည်း စနစ် ကျနတဲ့အတွက် ကျွန်တော်က အဲဒီသတင်းတွေကို မြှင့် သုံးသပ်ပြီးတော့ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကို ဆက်လက် တင်ပြရပါတယ်။

ဒါ့ကြောင့်မို့လို့ သတင်းမီဒီယာတွေက ကျွန်တော့်ကို ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ အလားအလာတွေနဲ့ ပတ်သက်လို့ မီဒီယာတွေက မေးရင် "ရွေးကောက်ပွဲမှာ NLD ရဲ့ အောင်နိုင်ရေး အလားအလာဟာ ၇၀ ရာနှုန်း ကျော်မယ်" လို့ပဲ ပြောလေ့ရှိပါတယ်။ ဒါက တမင်သက်သက် လျှော့ပြောထားခြင်းပါ။ မြို့နယ် အသီးသီးက ပို့လာတဲ့ အကဲဖြတ်ချက်တွေနဲ့ မျိုးရန်နောင်သိမ်းရဲ့ Report တွေ အရ အောင်နိုင်ခြေ အလားအလာဟာ ဒီထက် များမယ် ဆိုတာ ကျွန်တော် ခန့်မှန်းထားပြီးသားပါ။ အဲဒီလိုပဲ ဒီသဘောထားတွေကို ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကိုလည်း တင်ပြထားပြီး ဖြစ်ပါတယ်။

အဲဒီလို ပြောရတာလည်း အကြောင်းရှိပါတယ်။ ပြည်ခိုင်ဖြိုး ခေါင်းဆောင်တွေကလည်း မီဒီယာတွေကို ပြောကြားရာမှာ သူတို့ကလည်း ၇၀ ရာနှုန်း ကျော်နိုင်မယ်လို့ ခန့်မှန်းထားကြောင်း ပြောကြတာ ဖတ်ရပါတယ်။ သူတို့ကတော့ ဘယ်လို အချက်အလက်ပေါ် မူတည်ပြီး ပြောသလဲမသိပါ။ အဲဒီလို နိုင်မယ် ဆိုတဲ့ အကြောင်းကိုလည်း သူတို့ရဲ့ နာယကကြီး ဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုလည်း သတင်းပို့ထားပါသတဲ့။ ရွေးကောက်ပွဲမှာ မရှုမလှ ရှုံးသွားတဲ့အခါ ဦးသန်းရွှေက သူတို့ကို အတွေ့တောင် မခံတော့ဘူးလို့ ကြားရပါတယ်။ "ဟိုကောင်၊ မျက်ပြူးကို မလာစေနဲ့" လို့ ဦးသန်းရွှေက ပြောပါသတဲ့။ ဟုတ် မဟုတ်တော့ မသိပါ။

## UEC ဥက္ကဋ္ဌ ဦးတင်အေးရဲ့ ဖိတ်ခေါ်မှု

ရွေးကောက်ပွဲ စည်းရုံးခွင့်ရတဲ့ သုံးလလောက် ကာလမှာ အောင်နိုင်ရေးရုံးရဲ့ အဓိက အလုပ်ဟာ မြို့နယ် အသီးသီးက အစီရင်ခံစာတွေ လက်ခံ ဖတ်ရှု အကဲဖြတ်ပြီး အခြားပါတီတွေရဲ့ ဥပဒေမဲ့ လုပ်ရပ်တွေကို စုစည်းပြီး UEC ကို တင်ပြစာ၊ ကန့်ကွက်စာတွေ ရေးဖို့ရတဲ့ အလုပ်တွေနဲ့ မအားပါ။ အဲဒီလိုပဲ တခြား ပါတီတွေကလည်း UEC ကို တိုင်ကြားထားတဲ့ အကြောင်းတွေ ဂျာနယ် အသီးသီးမှာ ဖတ်ခဲ့ကြရပါတယ်။

အဲဒီလို ဖြစ်နေတုန်း UEC က ကျွန်တော်တို့ ပါတီ အားလုံးကို ဖိတ်ကြားစာပို့ပါတယ်။ အောက်တိုဘာ လထဲမှာပါ။ ကျွန်တော်တို့ အထင်တော့ ပါတီ အသီးသီးက တိုင်ကြားစာတွေ၊ ကန့်ကွက်စာတွေနဲ့ ပတ်သက်လို့

UEC က ဖြေကြား ရှင်းလင်းမယ်လို့ ယူဆပါတယ်။ ကျွန်တော်က လွဲလို့ လွှတ်ရမယ့်လူ မရှိတော့ သတ်မှတ်တဲ့ နေ့မှာ UEC ရုံးချုပ် နေပြည်တော်ကို ရောက်ခဲ့ပါတယ်။

ကျွန်တော် မှတ်မိသမျှ ၁၃ ပါတီ တက်ရောက်ပါတယ်။ ကျွန်တော့်ရဲ့ ညာဘက်ဘေးမှာ အခု ပြည်နိုင်ငံဖြိုး ဥက္ကဋ္ဌ ဖြစ်နေတဲ့ ဗိုလ်ချုပ် သန်းဌေး ရှိနေပါတယ်။ ကျွန်တော့် ဘယ်ဘက်မှာတော့ နေဇင်လတ်နဲ့ ကျော်စွာစိုးတို့ ပါတီက ကိုယ်စားလှယ်တွေပါ။ အစည်းအဝေး စတာနဲ့ UEC ဥက္ကဋ္ဌ ဦးတင်အေးက မိန့်ခွန်း ပြောပါတယ်။ သူက ရောက်ရောက်ချင်း ဆောက်နဲ့ထွင်း ဆိုသလို "ဒီအစည်းအဝေးကို ခေါ်ရတဲ့ ရည်ရွယ်ချက်က ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို ရွှေ့ဆိုင်းချင်လို့ အခုလို ခေါ်ယူ ညှိနှိုင်းခြင်း ဖြစ်ပါတယ်" လို့ ပြောပါတယ်။

ကျွန်တော့် စိတ်ထဲမှာတော့ မထင်မှတ်တာ ကြားလိုက်ရလို့ "ခွေးမသား တင်အေးကတော့ လုပ်ပြီ" လို့ ရေရွတ်လိုက်မိပါတယ်။ တကယ်တော့ UEC ဥက္ကဋ္ဌကို ပေါ်ပေါ်ထင်ထင် ဒီလိုပြောလို့ မဖြစ်ပါဘူး။ ဒါပေမဲ့ သူက DSA အပတ်စဉ် ၉ လေ၊ ကျွန်တော်က အပတ်စဉ် ၅ ဆိုတော့ သူက ဂျူနီယာပေါ့။ DSA ရဲ့ စီနီယာ၊ ဂျူနီယာ ထုံးတမ်း အစဉ်အလာအရ သူ့ကို စိတ်ထဲက ကြိတ်ဆဲမိတာပါ။ (ဆဲခွင့်ရှိတယ်လေ။)

သူက ဆက်ပြောပါသေးတယ်။ "ရွေးကောက်ပွဲကို ရက်ရွှေ့ဖို့ အခုလို ပြောပြရခြင်း အကြောင်းက မိုးရွာတာ ပြင်းထန်လို့ ချင်းပြည်နယ်၊ ဟားခါးမြို့မှာ မြေပြိုမှုတွေ ဖြစ်တယ်၊ နောက်ပြီး ကချင် ပြည်နယ်၊ ကောလင်း၊ ဝန်းသိုဘက်မှာလည်း ရေတွေကြီးလို့ လူတွေ ထောင်နဲ့ သောင်းနဲ့ ချီပြီး ရေဘေးဒုက္ခ ကြုံနေရပါ တယ်၊ ဒါ့ကြောင့် သူ့တို့ရဲ့ ဒုက္ခတွေကို စာနာသောအားဖြင့် ရွေးကောက်ပွဲကို ရွှေ့ချင်တာပါ၊ ဒီကိစ္စနဲ့ ပတ်သက် လို့ ပါတီ အသီးသီးရဲ့သဘောထားလည်း သိချင်ပါတယ်" လို့ ပြောပါတယ်။

သူ စကားပြောပြီးတဲ့အခါ ဘေးကလူတွေ ကြားအောင် အသံထွက်ပြီး "ခွေးမသား တင်အေး ဆိုတဲ့ ကောင်၊ ကလိမ်ကကျစ်၊ ပါတီ အချင်းချင်း ပြဿနာတွေ ဖြေရှင်းပေးမယ် ထင်လို့ အစည်းအဝေး လာတက်တာ၊ အခုတော့ ရွေးကောက်ပွဲ ရွှေ့ချင်လို့တဲ့၊ ဘာကောင်လဲ ဒီကောင်က" လို့ တတွတ်တွတ် ရွတ်နေပါတယ်။ ကျွန်တော် တမင်သက်သက် လုပ်တာပါ။ ကျွန်တော် ပြောတဲ့စကားတွေကို ဘေးနားမှာ ရှိတဲ့ ပါတီက လူ တချို့က ကျွန်တော့် စကားတွေကို လုံးစေ့ပတ်စေ့ ပြန်သတင်းပို့မယ်လို့ ယူဆထားလို့ပါ။

အဲဒီနောက်မှာတော့ ထုံးစံအတိုင်း ပါတီတွေရဲ့ ထင်မြင် ယူဆချက်တွေ မေးပါတယ်။ ပါတီ သုံးခု လောက်ကတော့ ဥက္ကဋ္ဌကြီးရဲ့ စာနာမှုကို လေးစားသောအားဖြင့် ရွေးကောက်ပွဲ ရွှေ့ဆိုင်းတာကို ထောက်ခံ ပါကြောင်း၊ ပါတီ အများစုကတော့ ဒီကိစ္စနဲ့ ပတ်သက်လို့ ဥက္ကဋ္ဌ သဘောပါဆိုပြီး အိပ်ယောင်ဝါးကြပါတယ်။ ကျွန်တော့် အလှည့် ရောက်ပါပြီ၊ ကျွန်တော်က ထပြီး တင်ပြပါတယ်…။

"ဥက္ကဋ္ဌကြီး ခင်ဗျား (အဲဒီလို အစချီလိုက်ရတော့ စိတ်ထဲက ရယ်ချင်သွားမိတယ်)၊ ချင်းပြည်နယ်၊ ဟားခါး မြို့နယ်မှာ အကြီးအကျယ် မြေပြိုမှု ဖြစ်တာ မှန်ပါတယ်၊ အလားတူပဲ ဝန်းသို၊ ကောလင်း ဒေသတွေမှာ ရေကြီးလို့ လူတွေ ဒုက္ခရောက်တာတွေလည်း မှန်ပါတယ်။ သူတို့ရဲ့ ဒုက္ခကို စာနာသောအားဖြင့် ဥက္ကဋ္ဌကြီးက ရွေးကောက်ပွဲကို ရက်ရွှေ့ချင်တဲ့ အကြောင်းပြောရင်း ကျွန်တော်တို့ ဆန္ဒတွေကို မေးခဲ့တာ အတွက် ကျေးဇူးလည်း တင်ပါတယ်။ ဒုက္ခရောက်တဲ့ သူတွေအပေါ်မှာ စာနာစိတ် အပြည့်နဲ့ စဉ်းစားပြီး ဆောင်ရွက်မယ့် ဥက္ကဋ္ဌကြီးရဲ့သဘောထားကိုလည်း လေးစားပါတယ်။

"ဒါပေမဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား၊ ဥက္ကဋ္ဌကြီးနဲ့တကွ ဒီမှာ ရောက်နေတဲ့ ပါတီ ခေါင်းဆောင်ကြီးတွေ အားလုံး စဉ်းစားကြည့်နိုင်ဖို့ ကျွန်တော် တစ်ခု တင်ပြပါရစေ။ ဘာအကြောင်းလဲဆိုတော့ ၂၀၀၈ ခုနှစ်၊ မေလမှာ

မြန်မာပြည် အောက်ပိုင်း ဧရာဝတီတိုင်းမှာ နာဂစ်ဆိုတဲ့ မုန်တိုင်းကြီး တိုက်ခဲ့တာ အားလုံး မှတ်မိကြပါလိမ့်မယ်၊ အဲဒီ မုန်တိုင်းကြီးကြောင့် လူပေါင်း တစ်သိန်း သုံးသောင်းကျော် ကွယ်လွန်ခဲ့တယ်လို့ သိရပါတယ်။

"အဲဒီ မုန်တိုင်းကြီး တိုက်ပြီးလို့ ရက်သတ္တပတ်အတွင်းမှာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေနဲ့ ပတ်သက်တဲ့ ဆန္ဒခံယူပွဲကြီးကို ကျင်းပ ပြီးစီးပြီး အတည်ပြုခဲ့ပါတယ်၊ အခု ဟားခါးတို့၊ ဝန်းသို၊ ကောလင်းတို့မှာ ဖြစ်ခဲ့တဲ့ သဘာဝ ဘေးအန္တရာယ်ဟာ နာဂစ်နဲ့ နှိုင်းယှဉ်ရင် အပုံ တစ်သိန်းပုံ တစ်ပုံ မရှိပါဘူး ခင်ဗျား၊ ဒါ့ကြောင့် ဥက္ကဋ္ဌကြီး တင်ပြတဲ့ အကြောင်းချင်းရာတွေဟာ မလုံလောက်တဲ့ အတွက် ကျွန်တော်တို့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်အနေနဲ့ လုံးဝ ကန့်ကွက်ပါတယ် ခင်ဗျား" လို့ တင်ပြလိုက်ပါတယ်။

ပါတီ ပေါင်းစုံက သူတို့ သဘောထားတွေကို တင်ပြပြီးတဲ့အခါ UEC ဥက္ကဋ္ဌ ဦးတင်အေးက ပါတီ ခေါင်းဆောင် အားလုံးကို နေ့လယ်စာ စားဖို့ အစည်းအဝေး ခေတ္တ ရပ်နားပါတယ်။ အဲဒီလို ရပ်နားလိုက်တာဟာ မောင်တင်အေးအတွက် အန္တရာယ်ဝင်တာပါပဲ။ နေ့လယ်စာ စားဖို့ အားလုံး အပြင်ကို ထွက်ခွာသွားနေချိန်မှာ ကျွန်တော်က ဒေါ်အောင်ဆန်းစုကြည်ကို တိုက်ရိုက် ဖုန်းဆက်ပါတယ်။ အကျဉ်းချုပ်အားဖြင့် UEC ဥက္ကဋ္ဌက ရွေးကောက်ပွဲ ရွှေ့ချင်တဲ့ ဆန္ဒနဲ့ အပြော၊ တခြားပါတီတွေ တခြားပါတီတွေရဲ့ ထောက်ခံတဲ့ သဘောထား၊ ကျွန်တော်ကတော့ ဥက္ကဋ္ဌ ဒေါ်စုကို သတင်းပို့ချိန် မရလို့ ကိုယ့်ဆန္ဒကို ဖော်ပြပြီး ကန့်ကွက်တဲ့ အကြောင်း တင်ပြလိုက်ပါတယ်။

## မီဒီယာတွေရဲ့အစွမ်း

ဒေါ်အောင်ဆန်းစုကြည်က ကျွန်တော် ပြောတာကို သေချာ နားထောင်ပြီး UEC ဥက္ကဋ္ဌရဲ့ သဘောထားကို ကျွန်တော် ကန့်ကွက်လိုက်တာ မှန်ကန်ကြောင်း ပြန်ပြောပါတယ်။ ဒါ့ကြောင့် ကျွန်တော်လည်း တယ်လီဖုန်း ပိတ်ပြီး နေ့လယ်စာ စားဖို့ အစည်းအဝေး ခန်းမကြီးက ထွက်လိုက်ပါတယ်။ အခန်းတံခါးမ အပြင်ရောက်တော့ မီဒီယာသမား ၁၄-၅ ယောက်လောက်က အသင့်စောင့်နေပါတယ်။ သူတို့က မေးလို့ ကျွန်တော်က UEC ဥက္ကဋ္ဌရဲ့ တင်ပြချက်၊ တခြား ပါတီတွေရဲ့ ထောက်ခံချက်နဲ့ ကျွန်တော်ရဲ့ ကန့်ကွက်ချက်တွေ စီကာစဉ်ကာ ပြောပြလိုက်ပါတယ်။

ဒီအခြေအနေ အရပ်ရပ်ကို ဒေါ်အောင်ဆန်းစုကြည်ကို တင်ပြပြီး သူကလည်း ကျွန်တော် ကန့်ကွက်တာကို သဘောတူကြောင်းကိုပါ တစ်ဆက်တည်း ပြောပြလိုက်ပါတယ်။ အဲဒီလို သူတို့ကို ပြောပြီးမှ နေ့လယ်စာ စားဖို့ ထမင်းစားခန်းကို ဆက်သွားခဲ့ပါတယ်။ ကျွန်တော် အဲဒီလို ပြောလိုက်တဲ့အတွက် နောက်ထပ် ဂယက်ကြီး တစ်ခုနဲ့ ဂယက်သေး တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

## နောက်ဆက်တွဲ ဂယက်များ

UEC ဥက္ကဋ္ဌ ဦးတင်အေးက ရွေးကောက်ပွဲကို ရက်ရွှေ့ချင်တဲ့ အကြောင်း ကျွန်တော် ပြောလိုက်တဲ့ သတင်းဟာ ဖေ့စ်ဘုတ်/အင်တာနက်က တစ်ဆင့် တစ်မုဟုတ်ချင်း ပြန့်နှံ့သွားပါတယ်။ ဒီသတင်းဟာ ပြည်တွင်းမှာသာမက ပြည်ပထိပါ ဂယက်ရိုက်သွားပါတယ်။ ကျွန်တော်တို့ နိုင်ငံကို စစ်အစိုးရက တစ်ဆင့် ဦးသိန်းစိန် ခေါင်းဆောင်တဲ့ စစ်တစ်ပိုင်း အစိုးရ၊ အဲဒီက တစ်ဆင့် အရပ်သား ဦးဆောင်တဲ့ ဒီမိုကရေစီ အစိုးရ အဖြစ် အဆင့်ဆင့် ပြောင်းလဲနေတဲ့ ကာလအတွက် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဟာ အလွန် အရေးကြီးတဲ့ အလှည့်အပြောင်း ဖြစ်မှာပါ။

ဒါကို ပြည်နိုင်ဖြိုး ပါတီရဲ့ အခြေအနေကို စိတ်မချလို့ ဗိုလ်တင်အေးက ရွေးကောက်ပွဲကို ရက်ရွှေ့ချင်တာပါ။ ဒီအကြံအစည်မှာ သမ္မတ လုပ်နေတဲ့ သူ့သူငယ်ချင်း မောင်သိန်းစိန်လည်း ပါမယ်လို့ ယူဆရပါတယ်။ နိုင်ငံတကာ နိုင်ငံရေး အကဲဖြတ်သူများအဖို့ အလွန် အရေးကြီးတဲ့ သတင်းပါ။ ဒါ့ကြောင့်မို့လို့ အဲဒီနေ့ ညနေ တစ်လျှောက်လုံး ဖေ့စ်ဘုတ်နဲ့ အင်တာနက်မှာ ရွေးကောက်ပွဲ ရက်ရွှေ့မယ့် ကိစ္စနဲ့ ပတ်သက်ပြီး မကျေနပ်တဲ့သူတွေလည်း ဆဲကြ၊ ဆိုကြ။ နိုင်ငံရေး သုခမိန် ဆိုတဲ့ လူတွေကလည်း အမျိုးမျိုး ဝေဖန်ကြ၊ ဆွေးနွေးကြနဲ့ အဲဒီနေ့ တစ်ညနေလုံး ပွက်လောထအောင် ဂယက်ရိုက်သွားတယ်လို့ သိရပါတယ်။

အစိုးရ ဌာနပိုင်းကလည်း သူတို့သာ အဲဒီလို ရက်ရွှေ့ရင် သူတို့အတွက် နိုင်ငံတကာမှာ များစွာ အကျိုးယုတ်စရာ ရှိတယ်လို့ သဘောပေါက်သွားဟန် ရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ညပိုင်း ရုစ်နာရီလောက် ထင်ပါရဲ့၊ ရွေးကောက်ပွဲတွေကို မူလအတိုင်း ကျင်းပတော့မယ်လို့ ကြေညာလိုက်ရပါတော့တယ်။ အဲဒီအခါကျမှပဲ ကျွန်တော် ကန့်ကွက်ရကျိုး နပ်ပြီလို့ ကျေနပ်မိပါတော့တယ်။

ဟုတ်တယ်လေ၊ ကျွန်တော်တို့ ကိုယ်စားလှယ်တွေကလည်း တစ်နိုင်ငံလုံး အနှံ့ စည်းရုံးရေး ဝင်နေကြပြီ။ ဒေါ် အောင်ဆန်းစုကြည်ကလည်း နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲဆိုတဲ့ အချိန်ဇယားအတိုင်း အချိန်ညှိပြီး တစ်နိုင်ငံလုံး စည်းရုံးရေး ခရီးတွေ မရပ်မနား ထွက်ခဲ့တာပါ။ ရွေးကောက်ပွဲ ရပ်သွားမယ် ဆိုရင် ကျွန်တော်တို့ရဲ့ ရွေးကောက်ပွဲ လုပ်ငန်းစဉ် တစ်ခုလုံး ကမောက်ကမ ဖြစ်သွားမှာ သေချာပါတယ်။

## သနားစရာ မီဒီယာသမားများ

ကျွန်တော်ဟာ လွှတ်တော် ကိုယ်စားလှယ် ဘဝကတည်းက မီဒီယာသမားများနဲ့ အဆင်ပြေအောင် ဆက်ဆံခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ မိတ္ထီလာ အရေးအခင်းက စပြီး သူတို့နဲ့ လက်ပွန်းတတီး ဖြစ်ခဲ့ပါတယ်။ မေးခွန်းတွေ မေးတာ အချိုးမကျလို့ ကျွန်တော်ရဲ့ တုန့်ပြန်မှု အချို့တွေနဲ့ ပတ်သက်ပြီး ပွဲဆူသွားခဲ့တာတွေတော့ ရှိပါတယ်။ ဒါတွေနဲ့ ပတ်သက်လို့ ကျွန်တော်က အမှတ်ထားလေ့ မရှိပါ။

ဒါ့ကြောင့်မို့ ကျွန်တော်နဲ့ ပတ်သက်လို့ ဖေ့စ်ဘုတ်မှာ ပါတဲ့ ရုပ်ပြောင် တစ်ခုကို ကြိုက်လို့ ဒေါင်းလုပ်ဆွဲထားပြီး ကျွန်တော့် အခန်းတံခါးမှာ ကပ်ထားပါသေးတယ်။ အဲဒီ ရုပ်ပြောင်ကတော့ ကျွန်တော်က ကုလားထိုင်မှာ ထိုင်နေတယ်၊ ကျွန်တော့်ကို လက်ပစ်ဗုံးတွေနဲ့ ပစ်နေကြတယ်၊ ကျွန်တော့် အနားလည်း ရောက်ရော ပန်းတွေ ဖြစ်သွားတယ် ဆိုတဲ့ရုပ်ပြောင်ပါ။ အဓိပ္ပာယ်ကတော့ ဘယ်သူက ဘာပဲ ဝေဖန် ဝေဖန် ကျွန်တော်က ပန်းနဲ့ ပေါက်တယ်လို့ပဲ ထင်တယ် ဆိုတဲ့ရုပ်ပြောင်ပါ။

ဒါ့ကြောင့်မို့လို့ UEC အစည်းအဝေး ခန်းမက ထွက်တော့ မီဒီယာသမားတွေနဲ့ တွေ့တဲ့အခါ သူတို့ကို အမှန်အတိုင်း ပြောပြလိုက်တာပါ။ ကျွန်တော် ပြောလိုက်တဲ့ သတင်းဟာ မထင်မှတ်ပဲ အရှိန်အဟုန် ပြင်းပြင်းနဲ့ ဂယက်ထသွားပါတယ်။ အဲဒီ ဂယက်ထမှုကြောင့် ဗိုလ်သိန်းစိန်နဲ့ ဗိုလ်တင်အေးတို့ ကြံရွယ်ထားတဲ့ ရွေးကောက်ပွဲ ရွှေ့ရေးဆိုတဲ့ မဟာစီမံကိန်းကြီး ပျက်သွားခဲ့တာပါ။

ဒီကိစ္စကို သာမန်လို့ ထင်ပေမဲ့ မြန်မာနိုင်ငံ ဒီမိုကရေစီရေးနဲ့ ပတ်သက်ရင် အထင်ကရ မှတ်တိုင် တစ်ခုပါ။ အဲဒီလို သူတို့ ရည်မှန်းတဲ့ ကိစ္စ ပျက်စီးသွားတာကို မီဒီယာသမားတွေကြောင့်ပဲလို့ ဗိုလ်တင်အေးက ကောက်ချက်ချလိုက်ဟန် တူပါတယ်။ အဲဒီနေ့က စပြီး UEC ဝင်းအတွင်းကို ဘယ်မီဒီယာသမားမှ ဝင်ခွင့်မပြုတော့ပါဘူး။ UEC ရုံးအပြင်ဘက်က လမ်းဘေး သစ်ပင်လေးတွေမှာပဲ စောင့်နေနိုင်းပါတော့တယ်။ ကျွန်တော်က အလုပ် ကိစ္စရှိလို့ UEC ရုံးနားက ဖြတ်သွားတိုင်း ရုံးရှေ့က လမ်းဘေးမှာ မီဒီယာသမားတွေ ရပ်တဲ့လူက

ရပ်၊ ထိုင်တဲ့လူက ထိုင်နေကြတာတွေ တွေ့တော့ သူတို့ကို သနားမိသွားသလို ပြုံးလည်း ပြုံးမိသွားပါတယ်။

## ရွေးကောက်ပွဲ နီးလာပါပြီ

နိုဝင်ဘာလ ၈ ရက်နေ့ဟာ ရွေးကောက်ပွဲနေ့ပါ။ (နောက်မှ သိရတာက ဦးသိန်းစိန် အားကိုးနေတဲ့ ဗေဒင်ဆရာက နိုဝင်ဘာလ ၈ ရက်နေ့သာ ရွေးကောက်ပွဲ လုပ်ရင် ပြည်ခိုင်ဖြိုး ပါတီ အပြတ်အသတ် နိုင်မယ် ပြောလို့ အဲဒီနေ့ ရွေးတာပါတဲ့။) ကျွန်တော်တို့ အဲဒီတုန်းကတော့ ဒါတွေ ခေါင်းထဲ မရှိပါ။ ကိုယ် ကိုယ်တိုင်လည်း ဘယ်ဗေဒင်မှ မမေးမိပါ။

ဒီလိုနဲ့ အောက်တိုဘာလကုန် နောက်ဆုံးပတ်မှာ ရန်ကုန်တိုင်းကို ပြောလိုက်ပါတယ်။ တစ်မြို့နယ်ကို လူငယ် လေးယောက်စီ အောင်နိုင်ရေးရုံးကို လွှတ်ပေးပါလို့။ အဲဒီ လူငယ်လေးတွေ နောက် နစ်ရက် သုံးရက်အတွင်း ရောက်လာကြပါတယ်။ ပေါင်း ၁၈၀ ကျော်ပေါ့။ အဲဒီ လူငယ်လေးတွေကို တိုင်းနဲ့ ပြည်နယ် တစ်ခုကို လေး-ငါးယောက်စီ တာဝန် ချထားပေးလိုက်ပါတယ်။ ပြီးရင် သူတို့ကို တယ်လီဖုန်း တစ်ယောက် တစ်လုံးစီ ပေးပြီး မြို့နယ် အသီးသီးနဲ့ စတင် အဆက်အသွယ် ယူခိုင်းပါတယ်။

ကျွန်တော်တို့က မြို့နယ်အလိုက် သတ်မှတ်ထားတဲ့ တယ်လီဖုန်းတွေကို သူတို့နဲ့ အဆက်အသွယ် ယူခိုင်းပါတယ်။ မနက် တစ်ချိန်၊ နေ့လယ် တစ်ချိန်၊ ညနေ တစ်ချိန် ဆက်သွယ်ခိုင်းပါတယ်။ ထူးရင်း ထူးသလို သတင်းပို့ဖို့လည်း မှာထားပါတယ်။ နိုဝင်ဘာလဆန်းလောက်ကျတော့ အဆက်အသွယ်တွေ ချောမွေ့နေပါပြီ။ ရွေးကောက်ပွဲနေ့ မရောက်ခင်ကတည်းက သူတို့အားလုံးဟာ မြို့နယ် အသီးသီးက ရွေးကောက်ပွဲ တာဝန်ရှိတဲ့ ပုဂ္ဂိုလ် အများစုနဲ့ ဆက်ဆံရေး အခြေအနေ ကောင်းနေပါပြီ။ ရွေးကောက်ပွဲနေ့မှာတော့ သူတို့အားလုံး အလုပ်များကြပြီပေါ့။

## ရွေးကောက်ပွဲနေ့

အများ မျှော်လင့် စောင့်စားနေတဲ့ ရွေးကောက်ပွဲနေ့ ရောက်ပါပြီ။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲ မရောက်ခင် တစ်ရက်ကတော့ (နိုဝင်ဘာလ ၇ ရက်) UEC ရဲ့ ဥပဒေအရ တစ်နိုင်ငံလုံး စည်းရုံးရေး လုပ်ငန်းတွေ ရပ်ထားရတာပါ။ ဟောပြော ဆွေးနွေးခြင်း၊ ဝါဒဖြန့်၊ စာရွက်စာတမ်း ဖြန့်ချိခြင်း၊ အသံချဲ့စက်နဲ့ လှည့်လည် စည်းရုံးခြင်းတို့ အားလုံး ရပ်ခိုင်းထားလိုက်ပါတယ်။ နေရာ အသီးသီးမှာ ထောင်ထားတဲ့ ဗီနိုင်းတွေကိုတောင် ဖြုတ်ခိုင်းထားပါတယ်။

ကျွန်တော်လည်း အရင်ရက်တွေက သုံး-လေးလလောက် ဆက်တိုက် နေ့ရောညပါ စနေ၊ တနင်္ဂနွေပါ မကျန် နိုဝင်ဘာလ ၇ ရက်နေ့ အထိ အလုပ် လုပ်ခဲ့ရတော့ ရွေးကောက်ပွဲနေ့ မနက်မှာ အားရပါးရ အိပ်ပစ်လိုက်ပါတယ်။ အောင်နိုင်ရေးရုံးကို နေ့လယ်စာ စားပြီးမှ ရောက်ပါတယ်။ ဒါပေမဲ့ တာဝန် အသီးသီး ချထားပေးတဲ့ လူငယ်တွေကတော့ ရုံးမှာ အိပ်၊ ရုံးမှာ စားကြရပြီး အလှည့်ကျ ညအိပ်၊ ညနေ နေကြရပါတယ်။ သူတို့ စားဖို့၊ သောက်ဖို့လည်း စရိတ်ကျခံပေးပါတယ်။

## အောင်နိုင်ရေးရုံးနဲ့ ရွှေဂုံတိုင် NLD ရုံးချုပ်တို့ရဲ့ ကဏ္ဍများ

ရွေးကောက်ပွဲ နီးတာနဲ့ ရွှေဂုံတိုင် NLD ရုံးချုပ်မှာ ပြင်ဆင်မှုတွေ စနေပါပြီ။ အခြေအနေကလည်း လိုအပ်ပါတယ်။ အဓိကကတော့ ဒေါ်အောင်ဆန်းစုကြည် ပုံပါတဲ့ ဗီနိုင်းတွေ ထောင်တာရယ် အရွယ်အစား ကြီးမားတဲ့



ပြည်ထောင်စု လွှတ်တော်သို့ ဧည့်သည်တော် အဖြစ် တက်ရောက်ခဲ့တဲ့ ဒေါ်စု၊ သူရ ဦးရွှေမန်း၊
သူရ ဦးတင်ဦး၊ ဦးထင်ကျော် (သမ္မတ မဖြစ်ခင် ရက်ပိုင်းအလို) နဲ့ ဦးဝင်းထိန်။
နောက်ဘက်မှာ ဖြိုးဇေယျာသော် (လွှတ်တော် ကိုယ်စားလှယ်)၊ မငယ်၊ ကိုစိုးဝင်းနဲ့
ကိုအောင်စိုး (လွှတ်တော် ကိုယ်စားလှယ်)။




အနိုင် ရရှိခဲ့ကြတဲ့ အထက် မြန်မာပြည် ကိုယ်စားလှယ်များ စွမ်းရည်မြှင့် သင်တန်း။
ဦးကိုနီ၊ ဒေါက်တာ ဇော်မြင့်မောင်၊ ဦးစိုးဝင်း၊ ဦးမျိုးရန်နောင်သိမ်းတို့နဲ့ အတူ။

---

LED- Display တစ်ခုကို IT ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ညှိနှိုင်းပြီး တပ်ဆင်ပါတယ်။ အဲဒီလို တပ်ဆင်ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့စည်းရုံးရေးဗွီဒီယိုတွေနဲ့အစမ်းပြထားပြီးလုထုပရိသတ်ကိုစိတ်ဝင်စားစေခဲ့ပါတယ်။

အောင်နိုင်ရေး ရုံးမှာတော့ ပေါ်ပေါ်ထင်ထင် ဖြစ်စေမယ့် ပြင်ဆင်မှုများ ဘာမှ မလုပ်ပါဘူး။ တာဝန်ကျနေတဲ့ လူငယ်များကိုသာ လန်းဆန်း တက်ကြွနေအောင် အားပေး လှုံ့ဆော်မှုမျိုးတွေကိုသာ လုပ်နေခဲ့ပါတယ်။




ငြိမ်းချမ်းရေး ညီလာခံနဲ့ တစ်ပြိုင်နက် ကျင်းပတဲ့ ဘောလုံး ပြိုင်ပွဲမှာ နိုင်ကျဉ်း ဘောလုံးသမား တစ်ဦးနဲ့ ပတ်သက်ပြီး ကျွန်တော် ပြောပြသော အကြောင်းအရာ တစ်ခုကို ဒေါ်စု သဘောကျ ရယ်မောနေစဉ်။ ဘေးပတ်လည်တွင် ဒေါ်စုစုလွင်၊ သမ္မတကြီး ဦးထင်ကျော်၊ ဒေါက်တာ တင်မျိုးဝင်း။ နောက်တန်းတွင် ကိုစိုးဝင်းနဲ့ ဝန်ကြီးချုပ်များ ဖြစ်တဲ့ ဦးဖြိုးမင်းသိန်းနဲ့ ဒေါက်တာ ဇော်မြင့်မောင်။



ဗိုလ်ချုပ်မှူးကြီး
မင်းအောင်လှိုင်နဲ့
အတူ၊
ဒုတိယ အကြိမ်
ပင်လုံ ညီလာခံ။

ဒီလိုနဲ့ ရွေးကောက်ပွဲ ညနေပိုင်းမှာတော့ လူငယ်တွေ စတင် အလုပ်များနေပါပြီ။ အနောက် ရွှေဂုံတိုင်လမ်းက NLD ရုံးချုပ်မှာတော့ ရွေးကောက်ပွဲ အဖြေ သိချင်တဲ့ ပရိသတ်တွေ တစ်စတစ်စနဲ့ စုဝေး ရောက်ရှိလာကြပါပြီ။

အောင်နိုင်ရေးရုံးမှာ တာဝန်ကျတဲ့ လူငယ်တွေဟာ ကိုယ်ကျရာ တိုင်းနဲ့ ပြည်နယ် အတွင်းက မြို့နယ် အောင်နိုင်ရေး အဖွဲ့ အသီးသီးနဲ့ ဆက်သွယ်ပြီး သတင်းရယူပါတယ်။ ရတဲ့ သတင်းတွေကိုမှ သီးသန့် ဖွဲ့စည်း

ထားတဲ့ အဖွဲ့ကို ပို့ပေးရပါတယ်။ အဲဒီအဖွဲ့တွေဆီမှာ တိုင်းနဲ့ ပြည်နယ် အသီးသီးက မြို့နယ် စာရင်းတွေ ရှိပါတယ်။ မြို့နယ်တိုင်းမှာလည်း ရွေးကောက်ပွဲဝင်တဲ့ ကိုယ်စားလှယ် စာရင်းတွေပါ ရှိပါတယ်။ ရတဲ့ သတင်းပေါ် မူတည်ပြီး ကိုယ့် ကိုယ်စားလှယ်က မဲအရေအတွက် ဘယ်လောက်နဲ့ နိုင်တယ်၊ သို့မဟုတ် ရှုံးတယ် ဆိုတဲ့ သတင်းတွေကို သတင်းရယူရပါတယ်။

မြို့နယ်အသီးသီးက ပို့တဲ့သတင်းကိုလည်း ရေးမှတ်ထားပေမဲ့ အဲဒီသတင်း မှန်/မမှန် ထပ်ပြီး စစ်ဆေး Check လုပ်တဲ့ အဖွဲ့က သီးသန့်ရှိပါတယ်။ အဲဒီလို စိစစ်ပြီးမှ ကျွန်တော့်ဆီ ရောက်လာတဲ့ စာရင်းတွေကို ကျွန်တော် လက်မှတ်ထိုးပြီး အနောက် ရွှေဂုံတိုင်လမ်းက ဌာနချုပ်ကို ဆက်သားနဲ့ ပို့ပါတယ်။ ပြီးမှ တယ်လီဖုန်းနဲ့ အတည်ပြုပေးရပါတယ်။ ရုံးချုပ်မှာတော့ ဦးဉာဏ်ဝင်းတို့၊ ကိုဟံသာတို့ ၊ ကိုသိန်းဦးတို့၊ ဒေါ်လှဲ့တို့ပေါ့။ ဒေါ်မြင့်မြင့်စိန်နဲ့ ဒေါ်စော (နေပြည်တော် မြို့တော်ဝန် ဒေါက်တာ မျိုးအောင်ရဲ့ ဇနီး) တို့လည်း ပါတာပေါ့။

ကျွန်တော်တို့ဆီက အတည်ပြုချက်တွေ ရသလို ရုံးချုပ်မှာလည်း မြို့နယ်အသီးသီးနဲ့ ဆက်သွယ်တဲ့ ယန္တရား တစ်ခုလည်း ရှိပါတယ်။ ပိုသေချာအောင်လို့ပေါ့။ ကျွန်တော်တို့ အောင်နိုင်ရေးရုံးက ရတဲ့ စာရင်းတွေကို ရုံးချုပ်ပို့၊ ရုံးချုပ်က ကြေညာချက်ထုတ်၊ ကြေညာချက် တစ်ခု ထွက်လာတိုင်း ရုံးရှေ့မှာ ရောက်နေတဲ့ လူထုကြီးကလည်း "ဟေး.... ဝါး" နဲ့ အော်၊ ပုံတွေမောင်းတွေ တီးတဲ့ လူက တီးကြ၊ ကတဲ့လူက ကကြနဲ့ ရုတ်ရုတ်သဲသဲပေါ့၊ ပျော်စရာကြီးပါပဲ။

ကျွန်တော်တို့ ရတဲ့သတင်းကို ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ဦးဦးဖျားဖျား သတင်းပို့ရပါတယ်။ ရွေးကောက်ပွဲ နီးတဲ့အခါ ဦးတင်ဦးက ရုံးကို မပြတ်လာထိုင်လေ့ ရှိပါတယ်။ ရသမျှ သတင်းကိုတော့ သူ့ကို ဦးစွာ တင်ပြလေ့ ရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ တစ်နိုင်ငံလုံး စည်းရုံးရေး ခရီးစဉ်တွေ ရှိနေတဲ့ အတွက် ရံဖန်ရံခါမှသာ လာနိုင်ပါတယ်။

ညပိုင်း ရောက်လာလေလေ ကျွန်တော်တို့ NLD ကိုယ်စားလှယ်လောင်းတွေ အခြေအနေ ကောင်းတဲ့ သတင်းတွေ ကြားလာလေလေပါ။ အဲဒီတော့ ဒီရွေးကောက်ပွဲမှာ NLD နိုင်ဖို့ အလားအလာ များနေပြီပေါ့။ ကျွန်တော်တို့ ရုံးချုပ်က လူငယ်တွေကလည်း အလွန် လန်းဆန်း တက်ကြွ နေကြပါတယ်။ ကျွန်တော်ကတော့ ၁၉၈၈ ခုနှစ်က စပြီး နိုင်ငံတော်ကို ဒီမိုကရေစီ နိုင်ငံအဖြစ် ပေါ်ထွန်းနိုင်ဖို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဖွဲနဲ့ ကြိုးပမ်းချက်တွေဟာ ရောင်နီသမ်းလာပြီ ဖြစ်လို့ ဝမ်းသာရပါတယ်။

## UEC ဦးတင်အေးရဲ့ နောက်ဆုံးရိုက်ချက်

နယ်အသီးသီးက သတင်းတွေဟာ ဝမ်းသာ အားတက်စရာတွေမို့ စိတ်တွေ ရွှင်လန်းနေတဲ့ အချိန်မှာ စိတ်နောက်စရာ သတင်းတစ်ခု ဝင်လာပါတယ်။ အဲဒီသတင်းက ဘာလဲဆိုတော့ UEC က ခရိုင် ကော်မရှင်တွေကို ညွှန်ကြားချက် တစ်စောင် ပို့လိုက်ပါသတဲ့၊ အဲဒီ ညွှန်ကြားချက်မှာ ဘာပါသလဲ ဆိုတော့ မဲရုံတွေ ပိတ်လို့ မဲတွေ ရေတွက်ပြီးတဲ့ အခါမှာ ပုံစံ အသီးသီး ဖြည့်ရပါတယ်။ မဲရုံတွေက UEC ရုံးချုပ်ကို ပို့တဲ့ ပုံစံ ၁၉ (ထင်ပါတယ်) ကို မကြေညာပဲ ထားဖို့၊ ကြေညာတာကို UEC ရုံးချုပ်ကပဲ လုပ်မှာ ဖြစ်တဲ့ အကြောင်း ပါတဲ့ ညွှန်ကြားချက်ပါ။

ကျွန်တော်တို့ အောင်နိုင်ရေးရုံးမှာ ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေတွေ ရှိပါတယ်။ ကျွန်တော်က လည်း ဖတ်ပြီးသားပါ။ အောင်နိုင်ရေး ဥက္ကဋ္ဌ ဦးတင်ဦးကလည်း လက်တန်းမပြောဘဲ အဲဒီ ဥပဒေ စာအုပ်ကို ပြန်ကြည့်ရပါတယ်။ UEC ရဲ့ ညွှန်ကြားချက်ဟာ ဥပဒေနဲ့ မညီကြောင်း ချက်ချင်း တွေ့ပါတယ်။ သူတို့

ညွှန်ကြားချက် ထုတ်ကတည်းက ဥပဒေနဲ့ မညီကြောင်း ကျွန်တော် သိသော်လည်း အောင်နိုင်ရေး ဥက္ကဋ္ဌ သူရ ဦးတင်ဦးကို တင်ပြတဲ့အခါ သူကလည်း သိပြီးသားမို့ ကျွန်တော် ပြောပြတဲ့အချက်ကို ထောက်ခံပါတယ်။ ဒါ့ကြောင့် သူ့သဘောတူညီချက်အရ UEC ကို စာတစ်စောင် ရေးဖို့ မူကြမ်း တစ်စောင် ကျွန်တော် ချက်ချင်း ရေးပါတယ်။

စာကို UEC ဥက္ကဋ္ဌထံကို လိပ်မူပါတယ်။ အကြောင်းအရာမှာတော့ UEC ရဲ့ ညွှန်ကြားချက်ဟာ မြို့နယ်တွေကို အကြောင်းမကြားဘဲ ခရိုင် ရွေးကောက်ပွဲ ကော်မရှင်တွေကိုသာ ပို့တဲ့အတွက် ပွင့်လင်း မြင်သာမှု မရှိကြောင်း၊ UEC ရဲ့ ညွှန်ကြားချက်ဟာ ဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ မညီကြောင်း၊ ညွှန်ကြားချက်ဟာ ဥပဒေအပေါ် လွှမ်းမိုးနေတဲ့ သဘော သက်ရောက်နေကြောင်း၊ မြန်မာနိုင်ငံမှာ ခေတ်အဆက်ဆက် ဥပဒေမည်သို့ပင် ရှိစေကာမူ ညွှန်ကြားချက်တွေ ထုတ်ပြီး ဥပဒေမဲ့ လုပ်ရပ်တွေ ထွန်းကားခဲ့လို့ မြန်မာနိုင်ငံရဲ့ အခြေအနေဟာ ယနေ့အထိ နိမ့်ကျနေတာ ဖြစ်ကြောင်း စတဲ့ အချက်တွေ ဖော်ပြပြီး ရေးသားခဲ့ပါတယ်။

အဲဒီ မူကြမ်းကို ဦးတင်ဦးက သဘောတူတဲ့အတွက် စာချော ရေးပြီး ဦးတင်ဦး လက်မှတ် ထိုးခဲ့ပါတယ်။ အဲဒီစာကို အစောင်ရေ များများ ကူးပြီး နေရာဌာန အသီးသီးက UEC က ပေးထားတဲ့ Fax နဲ့ ညဦးပိုင်းမှာ ပို့လိုက်ပါတယ်။ အဲဒီစာဟာ ထိရောက်တယ်လို့ ထင်ပါတယ်။ နောက်တစ်နေ့ကျတော့ UEC ကနေပြီး လက်အောက် ရွေးကောက်ပွဲ ကော်မရှင် အသီးသီးကို ပုံစံ ၁၉ ထုတ်ပြန် ကြေညာခွင့်ပြုလိုက်ပါတယ်။ ကောင်းလေစွ၊ ကောင်းလေစွ။

## မိတ္ထီလာမှာတော့ ရှုံးခဲ့တယ်

တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အပြတ်အသတ် အနိုင်ရခဲ့ပေမဲ့ ကျွန်တော့်ရဲ့ ဇာတိမြေ ဖြစ်တဲ့ မိတ္ထီလာမှာတော့ ရှုံးခဲ့ပါတယ်။ ရှုံးတာမှ အပြတ်အသတ်ပါ။ ကျွန်တော် တကယ့်ကို ကြေကွဲရပါတယ်။ စည်းရုံးရေး ကာလကတည်းက အခြေအနေ မကောင်းတာ သိလို့ သူတို့ကို ကူညီ ပံ့ပိုးနိုင်အောင် ဖေါ်စုကို ခွင့်တောင်းခဲ့ပေမဲ့ မရခဲ့ပါ။ အဲဒီတော့ ကျွန်တော် ဘာများတတ်နိုင်ဦးမှာလဲ။

မိတ္ထီလာမှာ ကျွန်တော်တို့ ဘာ့ကြောင့် ရှုံးရတယ် ဆိုတာကို ဆန်းစစ်တဲ့အခါ သူတို့ဘက်က စည်းရုံးရေး အပြတ်အသတ် လုပ်ခဲ့လို့လို့ ကောက်ချက်ချမိပါတယ်။ သမ္မတ လုပ်နေတဲ့ မောင်သိန်းစိန်ဟာ မိတ္ထီလာမြို့ကို စည်းရုံးရေး ကာလမှာ သုံးကြိမ်တောင် ရောက်ခဲ့ပါတယ်။ ပထမတစ်ကြိမ်မှာတော့ ယန္တရားစက်တွေ ရာနဲ့ချီ သုံးပြီး မိတ္ထီလာ မြောက်ကန်ကို ဆည်ဖို့တဲ့ အခမ်းအနား အကြီးအကျယ် လုပ်ခဲ့ပါတယ်။ ယန္တရားကြီးတွေကတော့ ဟန်ပြပါ။ မိတ္ထီလာ ပတ်ဝန်းကျင် မြို့နယ် အသီးသီးမှာ ရှိတဲ့ ယန္တရားစက်ကြီးတွေကို တန်းစီပြပြီး သမ္မတလည်း ပြန်ရော အဲဒီစက်တွေလည်း ပြန်ရော ဆိုတဲ့ ဇာတ်လမ်း ရှိခဲ့တာပါ။

နောက်တစ်ခေါက်ကျတော့ သမ္မတ ခေါင်းဆောင်တဲ့ အင်အားတွေ စုစည်းပြီး မိတ္ထီလာကို လာပြီး ဘာလာလုပ်တယ်လို့တော့ မသိပါဘူး။ မြောက်ဘက် ကန်ဘောင်က တစ်နေရာမှာ ဘုရား တစ်ဆူ တည်ခဲ့ပါတယ်။ ကျွန်တော်တို့ လူမျိုးကလည်း သိတယ်မို့လား၊ ကြည်ညို သဒ္ဓါတရား အားကောင်းတော့ မြို့မိမြို့ဖနှင့် တကွ ဝေလေလေတွေ အင်နဲ့အားနဲ့ အားပေးကြတာပေါ့။

ရွေးကောက်ပွဲ နေ့မှာတော့ ဥပဒေနဲ့ မညီတာတွေ ဖြစ်ခဲ့ပါတယ်။ မနက်ပိုင်း မဲပေးတာတွေ စဲသွားပြီး နေ့ခင်းပိုင်းမှာ မတော်မတရားတွေ ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒါတွေနဲ့ ပတ်သက်လို့ တရားဝင် တိုင်ပါလားလို့ ပြောတော့ မဲရုံမှူးလုပ်တဲ့ ဆရာ/ဆရာမတွေ ဒုက္ခရောက်မှာ စိုးလို့ မတိုင်တော့ဘူးလို့ ဖြေကြပါတယ်။

အဲဒီတော့ ကျွန်တော်လည်း ဘာတတ်နိုင်ဦးမှာလဲ။ အမယ်... မိတ္ထီလာ ရှုံးတာနဲ့ ပတ်သက်လို့ ဒေါ်စုက ကျွန်တော့်ကို အပြစ်မတင်ဘူးဗျ။ ဒေါက်ဇော်ကို ပုံချလိုက်တယ်။ ဟာ...ဟ။

## သုံးသပ်ချက်

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ စာရင်းချုပ်လိုက်တော့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်က တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ၈၀ ရာခိုင်နှုန်း နီးပါး နိုင်ခဲ့ပါတယ်။ ထူးခြားချက်ပါ။ ၁၉၉၀ ခုနှစ်၊ မေလ ရွေးကောက်ပွဲတုန်း ကလည်း ၈၂ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲတုန်းကလည်း ၉၀ ရာခိုင်နှုန်းကျော်၊ ယခု ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာလည်း ၈၀ ရာခိုင်နှုန်း နီးပါးဆိုတော့ ပြည်သူလူထုက NLD ကို ထောက်ခံတဲ့ နှုန်းဟာ နှစ်ပေါင်း ၂၅ နှစ်တိုင်အောင် တည်တံ့နေတဲ့ သဘောပေ့။ ကမ္ဘာ့သမိုင်းမှာ လူထု ထောက်ခံမှုကို ထိန်းသိမ်းထားနိုင်တဲ့ ရေချိန်ဟာ ဘယ်မှာမှ ရှာလို့ မရနိုင်ဘူးလို့ ဆိုချင်ပါတယ်။

တနင်္သာရီနဲ့ မကွေးတိုင်းကတော့ ရာနှုန်းပြည့် နိုင်ခဲ့တာပါ။ ၁၉၉၀ ခုနှစ်တုန်းကလည်း တနင်္သာရီတိုင်း က ရာနှုန်းပြည့်ပါ။ ကျန်တဲ့ တိုင်းနဲ့ ပြည်နယ် အသီးသီးမှာလည်း ၈၀ ရာခိုင်နှုန်းကျော်၊ ၉၀ ရာခိုင်နှုန်း နီးပါး နိုင်ခဲ့ကြတာပါ။ အားနည်းတဲ့ နေရာတွေကတော့ ရခိုင် ပြည်နယ်နဲ့ ရှမ်းပြည်နယ်ပါ။ တိုင်းရင်းသား ပါတီတွေက အားကောင်းပါတယ်။

အချုပ်အားဖြင့် ပြောရရင် ရွေးကောက်ပွဲ အသီးသီးမှာ အခုလို သောင်ပြို ကမ်းပြို နိုင်ခဲ့ရတဲ့ အဓိက အကြောင်းရင်းဟာ ဒေါ်အောင်ဆန်းစုကြည်အပေါ် ပြည်သူလူထုက အစဉ်အဆက် ထောက်ခံလို့ ဖြစ်တယ် ဆိုတဲ့ အကြောင်း အသေအချာ ပြောရပါတယ်။

♥♥♥♥♥

# အခန်း (၁၆)
# နိုင်ငံတော် တာဝန် လွှဲပြောင်း လက်ခံခြင်း

## မကြုံစဖူး ထူးကဲသည့် ဖြစ်ရပ်

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ရွေးကောက်ပွဲမှာ အပြတ်အသတ် နိုင်ခဲ့ခြင်းဟာ ပြည်တွင်းမှာ သာမက ပြည်ပ နိုင်ငံရေး အကဲခတ်သူများကပါ တအံ့တသြ ဖြစ်ခဲ့ကြရပါတယ်။ မကြုံစဖူး ထူးကဲတဲ့ ဖြစ်ရပ်လို့လည်း ဝေဖန်ကြပါတယ်။ အောင်နိုင်ရေး ကာလမှာ ပြည်တွင်း ပြည်ပ မီဒီယာများနဲ့ ကျွန်တော် အင်တာဗျူး လုပ်တဲ့အခါ ခန့်မှန်းခြေ ပြောပြခဲ့ဖူးတဲ့ ၇၀ ရာနှုန်းထက်ကျော်တဲ့ ပမာဏနဲ့ နိုင်ပွဲ ရခဲ့တာပါ။ နိုင်ပြီ ဆိုတော့လည်း ကြားဖူးနားဝရှိတဲ့ Success has a thousand fathers အဆိုအမိန့်လိုပါပဲ။ တိုက်ရိုက် ဘာသာပြန်ရရင် နိုင်ပြီ ဆိုရင်တော့ အဖေလို့ အခေါ်ခံရမယ့်သူ ၁၀၀၀ လောက် ပေါ်လာတယ်။ ဆိုလိုတာက နိုင်ပြီဆိုတာနဲ့ သူ့ကြောင့် နိုင်တာ၊ ငါ့ကြောင့် နိုင်တာ ဆိုတဲ့ ဂုဏ်ယူစကား ပြောမယ့်သူတွေ အများကြီး ပေါ်လာတာပါ။

ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကတော့ အမြော်အမြင်ကြီးတဲ့ ညွှန်ကြားချက် တစ်ခု တိုတို တုတ်တုတ် ထုတ်ခဲ့ပါတယ်။ ဒါက ဘာလဲဆိုတော့ "ရွေးကောက်ပွဲမှာ အရွေးချယ်ခံရတဲ့ NLD ကိုယ်စားလှယ် တွေဟာ လွန်ကဲတဲ့ အောင်နိုင်ရေး အခမ်းအနားတွေ မပြုလုပ်ဖို့ပါ" တဲ့။ NLD အဖွဲ့ကြီးဟာ သန့်နဲ့ရှိတဲ့ အဖွဲ့ဝင်တွေ ရှိလင့်ကစား ခေါင်းဆောင်ရဲ့ စကားကိုတော့ လိုက်နာကြပါတယ်။ ဒါ့ကြောင့် အရွေးချယ်ခံရတဲ့ NLD ကိုယ်စားလှယ်တွေဟာ သူများ မျက်စိနောက်စေမယ့် အောင်ပွဲခံမှုတွေ မပြုလုပ်ခဲ့ပါဘူး။ မလိုလားအပ်တဲ့ အခြေအနေမျိုးတွေကို ရှောင်နိုင်ခဲ့တယ်လို့ ပြောနိုင်ပါတယ်။

## ကောလာဟလတွေ

UEC က ရွေးကောက်ပွဲ ရလဒ်တွေကို ကြေညာပြီးတဲ့နောက်မှာ ပြည်တွင်းကရော၊ ပြည်ပက ပုဂ္ဂိုလ်တွေကပါ "တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဦးသိန်းစိန် အစိုးရက ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ ပါတီကို အာဏာ လွှဲပါ့မလား" ဆိုတဲ့ မေးခွန်းတွေ မေးလာကြပါတယ်။ မေးလည်း မေးစရာပဲလေ။ ၁၉၉၀ ခုနှစ်၊ မေလ ရွေးကောက်ပွဲမှာ အပြတ်အသတ် နိုင်ခဲ့တဲ့ ဗိုလ်ချုပ်မှူးကြီး စောမောင်က သူပေးခဲ့တဲ့ ကတိကို ဖျက်ပြီး အာဏာ မလွှဲခဲ့ဘူးလေ။

အဲဒီ ကောလာဟလဟာ နိုင်ငံရေးသမားတွေကိုသာမက ပြည်သူလူထုကိုပါ ခြောက်လှန့်ခဲ့ပါတယ်။ ကျွန်တော်ကတော့ ဒိုင်ခံ အာမခံနေရပါတယ်။ ဒီတစ်ခါ ရွေးကောက်ပွဲကတော့ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲလို

အလဟဿ ဖြစ်သွားမှာ မဟုတ်ပါဘူး။ ပြီးတော့ နိုင်ငံတကာ အခြေအနေကလည်း ၁၉၉၀ ခုနှစ်နဲ့ အရမ်းကွာနေပါပြီ။ ဦးသိန်းစိန် အစိုးရကလည်း ရွေးကောက်ပွဲ နိုင်လို့ ဦးသန်းရွှေက အာဏာလွှဲပေးခဲ့တာ၊ ဒါ့ကြောင့် ဦးသိန်းစိန်ကလည်း သူ့ နာမည်အပျက်ခံပြီး မလွှဲဘဲနေမှာ မဟုတ်ပါဘူးဆိုတဲ့ အကြောင်းတွေပေ့ါ။

## မဟာဗျူဟာမြောက် လှုပ်ရှားမှုများ

ပြောမယ့်သာ ပြောရပါတယ်၊ တကယ်တော့ ရွေးကောက်ပွဲ နိုင်ပြီဆိုရင် အစိုးရဖွဲ့ရမှာ ဓမ္မတာပါ။ ဒါပေမဲ့ ကျွန်တော်တို့ အဖွဲ့ထဲမှာ အစိုးရ လုပ်ငန်းတာဝန်နဲ့ ပတ်သက်ပြီး အတွေ့အကြုံရှိတဲ့လူ အင်မတန် အလွန်ရှားပါတယ်။ ပြီးတော့ အစိုးရအဖြစ်နဲ့ လုံးဝ တာဝန်ယူရမှာ ဆိုတော့ သမ္မတက စပြီး ဝန်ကြီးများ၊ တိုင်းနဲ့ ပြည်နယ် ဝန်ကြီးချုပ်တွေနဲ့ ဝန်ကြီးတွေ အားလုံးကို တာဝန်ယူ ခန့်အပ်ရမှာပါ။ ဒီပြဿနာတွေ အားလုံးကို ဒေါ်အောင်ဆန်းစုကြည်က သူ့ လွှတ်တော် ကိုယ်စားလှယ်အဖြစ် အသုံးပြုနေတဲ့ I-12 မှာ ကျွန်တော်တို့ကို တိုင်ပင်ပါတယ်။ ကျွန်တော်တို့ ဆိုတာက အခု သမ္မတဖြစ်နေတဲ့ ကိုဝင်းမြင့်ရယ်၊ မန္တလေးတိုင်း ဝန်ကြီးချုပ် ဖြစ်နေတဲ့ ဒေါက်တာ ဇော်မြင့်မောင်ရယ်၊ ကျွန်တော်ရယ်ပါ။

အစိုးရ ဖွဲ့စည်းရေးနဲ့ ပတ်သက်ပြီး တိုင်ပင်နေတဲ့ကြားက ဒေါ်အောင်ဆန်းစုကြည်ဟာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနဲ့ သွားရောက် တွေ့ဆုံခဲ့ပါတယ်။ အဲဒီ တွေ့ဆုံပွဲက လွယ်လွယ်နဲ့ဖြစ်ခဲ့တာ မဟုတ်ပါဘူး။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့ မြေး ဖိုးလပြည့်က တစ်ဆင့် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့ ဦးရွှေမန်းလည်း အထိုက်အလျောက် ပတ်သက်ခဲ့တယ်လို့ သိရပါတယ်။ အခြေခံ အကြောင်းတရားကတော့ တိုင်းပြည် တာဝန်ကို ယူရတော့မယ့် ဒေါ်အောင်ဆန်းစုကြည်ဟာ အရင်အစိုးရကို ခေါင်းဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်ကို လေးစားသမှုနဲ့ သွားရောက် တွေ့ဆုံခြင်း ဖြစ်ပါတယ်။

အဲဒီ တွေ့ဆုံပွဲမှာ ပြောကြ ဆိုကြတာတွေနဲ့ ပတ်သက်လို့တော့ အသေးစိတ် ထုတ်ပြန် ကြေညာတာ မရှိပါဘူး။ ဒါပေမဲ့ ဒေါ်စုနဲ့ ပတ်သက်လို့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက “ရွေးကောက်ပွဲနိုင်တဲ့ အတွက် သူဟာ တိုင်းပြည် ခေါင်းဆောင် ဖြစ်သွားပြီကွ၊ တို့ကလည်း အထိုက်လျောက် အသိအမှတ် ပြုရမှာပေ့ါ” လို့ မှတ်ချက် ချခဲ့ကြောင်း သိရပါတယ်။

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ တွေ့ဆုံခြင်း

အဲဒီ တွေ့ဆုံပွဲမှာ ဒေါ်စုနဲ့အတူ ကိုဝင်းမြင့်၊ ဒေါက်တာ ဇော်မြင့်မောင်၊ ဒေါက်တာ တင်မျိုးဝင်းနဲ့ ကျွန်တော်တို့ ပါပါတယ်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့အတူ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဗိုလ်ချုပ်ကြီး မြတ်ထွန်းဦးနဲ့ တခြား ဗိုလ်ချုပ်ကြီး နှစ်ဦး ပါပါတယ်။ ကာကွယ်ရေး ဝန်ကြီးဌာနကို ကျွန်တော် မရောက်ဖူးပါဘူး၊ သွားလိုက်ရတာ တမေ့တမောကြီးပါ။ နောက်တစ်ခါ ပြန်သွားမယ်ဆိုရင်တောင် ကျွန်တော် သွားတတ်မယ် မထင်ပါဘူး။

တွေ့ဆုံပွဲက တစ်ဘက် ငါးယောက်စီဆိုတော့ သူတို့ဘက်က Protocol အရ စီစဉ်တယ် ထင်ပါတယ်။ ဒိုင်ခံပြောသူ နှစ်ဦးကတော့ ဒေါ်စုနဲ့ မင်းအောင်လှိုင်တို့ပါပဲ။ ဒေါ်စုက ရွေးကောက်ပွဲ နိုင်ပြီး အစိုးရ တာဝန်ကို ယူရတဲ့အခါမှာ တပ်မတော်ရဲ့ ကဏ္ဍက အရေးပါလို့ လာရောက် တွေ့ဆုံခြင်း ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ရည်မှန်းချက်များမှာ ဖော်ပြထားတဲ့အတိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပြီး ငြိမ်းချမ်းရေးနဲ့ နိုင်ငံ ဖွံ့ဖြိုးရေးကိုလည်း ဦးစားပေးမှာ ဖြစ်ကြောင်း ပြောကြပါတယ်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကတော့ တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ဦးထိပ်



ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့နဲ့ တွေ့ဆုံပွဲ။

ထားပြီး နိုင်ငံ့တာဝန်တွေ ထမ်းဆောင်ရင်းနဲ့ ရွေးကောက်ပွဲမှာ နိုင်လာတဲ့အတွက် အစိုးရအဖွဲ့ ဖြစ်ပေါ်လာတဲ့ အခါ နိုင်ငံ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားမယ် ဖြစ်ကြောင်း ပြောကြားခဲ့တာ မှတ်မိပါတယ်။ ဒါပေမဲ့ အသေးစိတ်တော့ မမှတ်မိတော့ပါ။

## သူတို့က အဓိကကိုး

ဘာပဲပြောပြော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ဦးသန်းရွှေရဲ့ အလိုကျ ဆွဲပြီး အတည်ပြုခဲ့တယ်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကိုလည်း ဦးသန်းရွှေရဲ့ အလိုကျအတိုင်း ကျင်းပပေးခဲ့တယ်။ အဲဒါအပြင် ဦးသိန်းစိန် အစိုးရ ဖွဲ့နိုင်တဲ့အထိ ဦးသန်းရွှေက ကွပ်ကဲခဲ့တယ်။ အစိုးရ တာဝန်ကိုလည်း သူပဲ လွှဲပေးခဲ့တယ်။ မင်းအောင်လှိုင်ကိုလည်း တပ်မတော် ဦးစီးချုပ်အဖြစ် သူပဲ ရွေးချယ် တာဝန်ပေးခဲ့တယ်။ (ဟုတ် မဟုတ်တော့ မသိပါ၊ ဗေဒင်ကိန်းခန်းအရလို့လည်း ပြောပါတယ်။)

အဲဒီအချက်တွေကြောင့် ဒေါ်အောင်ဆန်းစုကြည်ဟာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ကို သွားရောက် တွေ့ဆုံခြင်း ဖြစ်ပါတယ်။ ခေတ်စကားနဲ့ ပြောရရင်တော့ အထာထားတယ်ပေါ့။ အဲဒီ တွေ့ဆုံပွဲတွေဟာ ကမ္ဘာ့အရပ်ရပ်ကပါ အာရုံစိုက်လာကြတဲ့အထိ အရေးပါကြောင်း သိသာပါတယ်။ ကျွန်တော်တို့ကတော့ ကိုယ့်ခေါင်းဆောင်ရဲ့ ဆောင်ရွက်ချက်တွေကို ကြိုက်ပြီးရင်း ကြိုက်ရင်းပေါ့။

အလားတူပဲ အရင် လွှတ်တော် ခေါင်းဆောင်တွေ ဖြစ်တဲ့ သူရ ဦးရွှေမန်း၊ ဦးခင်အောင်မြင့်နဲ့တကွ အရေးကြီးတဲ့ ကော်မတီ ဥက္ကဋ္ဌတွေနဲ့ပါ တွေ့ဆုံပြီး နောင်လွှတ်တော်မှာ တွေ့ကြုံစရာ ရှိတဲ့ ကိစ္စရပ်များကို ဆွေးနွေးကြပါတယ်။ သူရ ဦးရွှေမန်းနဲ့ ဦးခင်အောင်မြင့်တို့ အရင် လွှတ်တော်ကာလတွေမှာ ဆောင်ရွက်ခဲ့တဲ့ လုပ်ရပ်တွေကိုလည်း အသိအမှတ်ပြုခဲ့ပါတယ်။

## နိုင်ငံတာဝန် လွှဲပြောင်း လက်ခံရေးအဖွဲ့ Transition Team

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလကုန်လောက်မှာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်နဲ့ ဦးသိန်းစိန် အစိုးရတို့ နိုင်ငံ့ တာဝန် လွှဲပြောင်း လက်ခံဖို့ ကျွန်တော်တို့ဘက်က အဖွဲ့တစ်ခု ဖွဲ့ပါတယ်။ အင်္ဂလိပ်လို Transition Team လို့

ခေါ်ပါတယ်။ အဲဒီအဖွဲ့မှာ ကျွန်တော့်ကို ဥက္ကဋ္ဌတာဝန် ပေးပြီး အဖွဲ့ဝင်များအဖြစ် ဒေါက်တာ အောင်သူ (လယ်/ဆည် ဝန်ကြီး) နဲ့ ဒေါက်တာ မျိုးအောင် (နေပြည်တော် မြို့တော်ဝန်) တို့ကို တာဝန်ပေးပါတယ်။

ကျွန်တော့်ကို အဲဒီတာဝန်ပေးတော့ တော်တော့်ကို ဝန်လေးသွားပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ မြန်မာနိုင်ငံမှာ ပထမဦးဆုံးအကြိမ် အရပ်သား ကြီးမှူးတဲ့ ဒီမိုကရေစီ အစိုးရအဖြစ် ပေါ်ထွန်းလာရာမှာ Transition Team က အရေး ဖြစ်တယ် ဆိုတာ သဘောပေါက်မိလို့ပါ။ ဦးသိန်းစိန် အစိုးရဘက်က တာဝန်ယူရတဲ့ ပုဂ္ဂိုလ်တွေကတော့ စီမံ ဘဏ္ဍာဝန်ကြီး ဦးလှထွန်း၊ ပြန်ကြားရေးဝန်ကြီး ဦးရဲထွဋ်၊ ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်း၊ ယခု ညွှန်ကြားရေးမှူးချုပ် ဖြစ်နေတဲ့ ဦးဇော်ဌေးနဲ့ တခြား ညွှန်ချုပ်တစ်ဦးပါ။

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလထဲက တစ်နေ့မှာ နစ်ဖက် Transition Team တွေကို ဒေါ်စုက လွှတ်တော်ထဲ I-12 မှာ တွေ့ဆုံ စည်းဝေးခဲ့ပါတယ်။ ရွေးကောက်ပွဲ ရလဒ်အရ ရွေးကောက်ပွဲ နိုင်တဲ့ ပါတီကို ရှုံးတဲ့ ပါတီက အာဏာ လွှဲပေးရတယ် ဆိုတာ ဒီမိုကရေစီ ကျင့်စဉ်တစ်ခု ဖြစ်တယ်ဆိုတဲ့ စကားနဲ့ အစချီပြီး ကျွန်တော်တို့ လုပ်ရမယ့် လုပ်ငန်းတွေကို လမ်းကြောင်းပေးပါတယ်။

၁၉၆၂ ခုနှစ်ကတည်းက ၂၀၁၅ ခုနှစ်အထိ ဆိုတော့ နှစ်ပေါင်း ၆၂ နှစ်ကျော် တပ်မတော်က ပုံစံ အမျိုးမျိုးနဲ့ လွှမ်းမိုး အုပ်ချုပ်ခဲ့ရာက အရပ်သား အစိုးရကို နိုင်ငံ့အာဏာ လွှဲမယ် ဆိုတာ မကြုံစဖူး ထူးကဲတဲ့ ဒီမိုကရေစီ အာဏာ လွှဲပြောင်းရေး ဖြစ်တဲ့အတွက် အဖွဲ့ နှစ်ဖွဲ့လုံး စည်းစည်းလုံးလုံးနဲ့ အလုပ်လုပ်မယ်လို့ ယုံကြည်ကြောင်း၊ သဘောထား ကွဲလွဲမှုတွေကိုလည်း ခင်မင် ရင်းနှီးမှုကို အရင်းခံပြီး ပြဿနာတွေ ဖြေရှင်းနိုင်မယ်လို့ ယုံကြည်ကြောင်း ပြောကြားခဲ့ပါတယ်။ တက်ရောက်တဲ့ ပုဂ္ဂိုလ်တွေ အားလုံးက ဘာမှ မပြောကြသော်လည်း ဗိုလ်ရဲထွဋ်ကတော့ ဒေါ်စုကို ဦးတည်ပြီး "အစ်မ၊ ငြင်းစရာ ခုံစရာ ရှိရင်တော့ ငြင်းရမှာပဲနော်" လို့ ပြောပါတယ်။ ကျွန်တော့် စိတ်ထဲမှာ "အလုပ်ဖြင့် မစရသေးဘူး၊ ဒီကောင်ကတော့ လုပ်ပြီ" လို့ပဲ မှတ်ချက် ချမိပါတယ်။

Transition Team နဲ့ ဦးသိန်းစိန် အစိုးရ အဖွဲ့ ပထမဦးဆုံး တွေ့ဆုံစဉ်။



## ကျွန်တော် ဘာလုပ်ချင်သလဲတဲ့

Transitation Team ကိစ္စနဲ့ အလုပ်များနေတဲ့ နေ့တစ်နေ့မှာပါ။ ဒေါ်စုရဲ့ I-12 က ဥက္ကဋ္ဌ အခန်းမှာ ဖြစ်ပါတယ်။ ကိုဝင်းမြင့်နဲ့ ဒေါက်တာ ဇော်မြင့်မောင်တို့ ရှိနေကြပါတယ်။ အဲဒီအချိန်မှာ ကိုဝင်းမြင့်ကို လွှတ်တော် ဥက္ကဋ္ဌ၊ ဒေါက်တာ ဇော်မြင့်မောင်ကို မန္တလေးတိုင်း ဝန်ကြီးချုပ် အဖြစ်နဲ့ လျာထားပြီးပါပြီ။ တရားဝင် မကြေညာရသေးပါ။

အဲဒီအခါမှာ ဒေါ်အောင်ဆန်းစုကြည်က မေးပါတယ်။ "ကိုဝင်းထိန်၊ ဘယ်ဝန်ကြီးဌာနကို ယူချင်ပါသလဲ" တဲ့။ ကျွန်တော် မူလတည်းက စဉ်းစားထားပြီးပါပြီ။ ဒေါ်စုက ကျွန်တော့်ကို အဲဒီလို Offer ပေးရင် ဘယ်လိုဖြေရမလဲ ဆိုတာ။ အဲဒီအချိန်အထိ ကျွန်တော်ဟာ နှစ်ကြိမ်တိုင်တိုင် သတိမေ့ပြီး လဲကျ Collapse ဖြစ်ခဲ့ဖူးပါတယ်။ အသက်ကလည်း ၇၄ နှစ် ရှိပါပြီ။

သတိမေ့ လဲသွားတယ်ဆိုတဲ့ အဓိပ္ပာယ်က ကျွန်တော့်ရဲ့ အသက်ဟာ မိနစ်ပိုင်းလောက် ယာယီ သေသွားခဲ့တာပါ။ ကျွန်တော် ဝန်ကြီးဌာန တစ်ခုကို ယူပြီး အလုပ် လုပ်ခဲ့ရင် အလုပ်ရဲ့ ဖိအားကြောင့် ကျွန်တော့်ရဲ့ အသက်ဟာ တိုသွားနိုင်ပါတယ်။ ဒီထက် ပိုအရေးကြီးတဲ့ ကိစ္စက အလုပ် လုပ်ရင်းနဲ့ ကုသိုလ် ဖြစ်မယ့် ကိစ္စတွေ၊ အကုသိုလ် ဖြစ်မယ့် ကိစ္စတွေ ကြုံရမှာပါ။ အဲဒီလို အကုသိုလ် ကိစ္စတွေ ကြုံလာရင် ကျွန်တော်ရဲ့ အနာဂတ် သံသရာခရီး အတွက် ရင်လေးစရာပါ။

ကြုံကြိုက်မှု တစ်ခုမှာ ကျွန်တော် ဒေါ်အောင်ဆန်းစုကြည်ကို ပြောဖူးပါတယ်။ "ကျွန်တော် အခု လုပ်နေတာတွေဟာ Fifty - Fifty ပဲ " လို့။ ဆိုလိုတာက မြန်မာလို ပြောရရင် ၅၀ - ၅၀ ပေါ့။ ပထမ Fifty ကတော့ နေ့စဉ် ကြုံတွေ့နေရတဲ့ လူမှုရေး ကိစ္စ၊ နိုင်ငံရေး ကိစ္စတွေအတွက် အချိန်ပေးပြီး လုပ်နေပါတယ်။ နောက် Fifty ကတော့ နောင်သံသရာ ခရီးအတွက် ဒါန-သီလ-ဘာဝနာကိစ္စတွေ မမေ့မလျော့သော သတိနဲ့ ဆင်ခြင်နေတာကို ဆိုလိုပါတယ်။ ဒေါ်စုက ဘာမှမတုံ့ပြန်ပါ။

အဲဒီလို မူလက ဆင်ခြင်ထားပြီးသား ဖြစ်တဲ့အတွက် ဒေါ်စုက ဘယ်ဝန်ကြီးဌာနကို လိုချင်သလဲလို့ မေးတဲ့အခါ "ကျွန်တော် ကျန်းမာရေး မကောင်းဘူး။ ဒါ့ကြောင့် ဘယ်ဝန်ကြီးဌာနမှ မယူပါရစေနဲ့၊ ပါတီဝင်အဖြစ်နဲ့ပဲ ပါတီကိစ္စတွေ ကျွန်တော် လုပ်ပေးပါ့မယ်" လို့ ပြန်ပြောခဲ့ပါတယ်။

အခု ဒီစာရေးနေရင်းနဲ့ ပြန်ပြောင်း စဉ်းစားတဲ့အခါကျတော့ ကျွန်တော်ရဲ့ အဲဒီ ဆုံးဖြတ်ချက်နဲ့ ပတ်သက်လို့ ဝမ်းနည်းစရာ၊ နောင်တရစရာ မဖြစ်ခဲ့ပါဘူး။ စိတ်ထားသန့်ပါတယ်။

## ပြန်ကြားရေး ဝန်ကြီး ဦးရဲထွဋ်

ဦးလှထွန်းက DSA အပတ်စဉ် ၁၅ ကပါ။ ကျွန်တော့်ညီ မောင်တင်စိုးနဲ့ အပတ်စဉ် အတူတူပါ။ ဗိုလ်ရဲထွဋ်ကတော့ ကျွန်တော်နဲ့ ဇာတ်လမ်း ရှိခဲ့ဖူးပါတယ်။ ကျွန်တော် တပ်က ထွက်ပြီး ကျူရှင် ပြစဉ်တုန်းက သူနဲ့ ဆုံခဲ့ဖူးတာပါ။ သူ့အဖေက ထိုစဉ်က ရဲချုပ် ဗိုလ်မှူးကြီး ရွှေသန်း ဖြစ်ပါတယ်။ (နောက်ပိုင်းတော့ ကြယ်ငါးပွင့်မှာ MD ဖြစ်သွားပါတယ်။) သူက ၁၀ တန်း အောင်ပြီးစပါ။ ကျွန်တော် DSA က ဆင်းခဲ့တဲ့သူဆိုတာ သိတော့ သူက အကူအညီ တောင်းပါတယ်။ DSA ဖြေဖို့ပါ။

ကျွန်တော်က "မင်းအဖေ ဗိုလ်မှူးကြီးပဲလေကွာ၊ သူ့ကို ပြောပါ့လား" လို့ ပြောတော့ သူက "အဲဒါပေါ့ အန်ကယ်ရာ၊ ကျွန်တော့်အဖေက ပြောတယ်၊ သူ OTT ဖြေတုန်းက တောက လာတာတဲ့၊ ဘယ်သူ

အကူအညီမှ မပါဘဲ တပ်ထဲ ရောက်လာတာ၊ မင်းလည်း မင်းဘာသာမင်း လုပ်၊ ငါ့လာမပြောနဲ့ ဆိုလို့ မနစ်က ဖြေတာ ကျတယ်ဗျာ၊ ဒီနှစ်လည်း ထပ်ဖြေမှာမို့လို့ အန်ကယ့် အကူအညီ လိုချင်လို့” ဆိုတဲ့အတွက် ကျွန်တော်က သူ့ကို Individual test၊ Group test၊ Psycho test စတဲ့အကြောင်းတွေကို အသေးစိတ် ပြောပြခဲ့ဖူးပါတယ်။

အဲဒီနှစ်မှာ သူ အောင်သွားပါတယ်။ အောင်လို့လည်း ကျွန်တော့်ကို ကျေးဇူးတင်ကြောင်း လာပြောတဲ့အခါ “မင်းကံလည်း ပါပါသေးတယ်ကွာ” လို့ ပြန်ပြောခဲ့ပါတယ်။ DSA- 17 လား မမှတ်မိတော့ပါဘူး။ ဒီလိုနဲ့ ကျွန်တော်လည်း ကြားဖြတ် ရွေးကောက်ပွဲမှာ လွှတ်တော် ကိုယ်စားလှယ် ဖြစ်လာရော ဆိုပါတော့၊ တစ်နေ့မှာ လွှတ်တော် တက်တော့ မစခင်မှာ အသက် ၄၀ ကျော်အရွယ် လူတစ်ယောက်က ကျွန်တော့်ဆီ လာပြီး နှုတ်ဆက်ပါတယ်။

သူက “အန်ကယ် ကျွန်တော့်ကို မမှတ်မိဘူးလား” လို့ မေးတော့ ကျွန်တော်က “ဆောရီးဗျာ၊ မမှတ်မိဘူး” လို့ ပြန်ဖြေရပါတယ်။ “ကျွန်တော် ရဲထွဋ်လေ၊ ကျွန်တော် DSA ဖြေဖို့ အန်ကယ်ဆီက အကူအညီ တောင်းဖူးတယ်၊ အခု ပြန်ကြားရေးမှာ ဒုဝန်ကြီး ဖြစ်နေလို့ လွှတ်တော် မေးခွန်းတွေ လာဖြေတာပါ” လို့ ပြောပါတယ်။ ကျွန်တော်က ဝမ်းသာကြောင်း ပြန်ပြောပြီး စိတ်ထဲက “အော်... ဗိုလ်ရဲထွဋ် ပြန်ကြားရေး ရောက်ပြီး နေရာတကာ တွင်ကျယ်နေတာနဲ့ ပတ်သက်လို့ ငါလည်း တရားခံပေါ့” လို့ အောက်မေ့မိပါတယ်။

## အစည်းအဝေးတွေ စပြီ

Trasition Team နှစ်ဖွဲ့ရဲ့ အစည်းအဝေးကို အစိုးရ အဖွဲ့ရုံး ပထမထပ် အစည်းအဝေး ခန်းမမှာ လုပ်ပါတယ်။ ကျွန်တော်တို့ဘက်က သုံးယောက်၊ သူတို့ဘက်က ငါးယောက် တက်ကြပါတယ်။ အစည်းအဝေး စတဲ့အခါမှာ ကျွန်တော်က နှစ်ဖက် ဆွေးနွေးပွဲ နွေးနွေးထွေးထွေး ဖြစ်အောင် ပေါ့ပေါ့ပါးပါး စကားတွေနဲ့ စပါတယ်။ ဘယ်လိုလဲ ဆိုတော့ “ဟုတ်မဟုတ်တော့ မသိဘူးဗျ၊ ခင်ဗျားတို့ဘက်က လူကြီးတွေက ဗေဒင် ယတြာ သိပ် ယုံကြတာ ဆိုတော့ ခင်ဗျားတို့ အဖွဲ့ကိုလည်း ဒီလို ပုံစံနဲ့ ဖွဲ့ပေးလိုက်ကြတာများလားလို့” လို့ ပြောလိုက်ပါတယ်။ ဦးလှထွန်းက “ဘယ်လိုလဲလို့၊ ကျွန်တော်တို့ နားမလည်ဘူး” လို့ ပြန်ပြောပါတယ်။

ကျွန်တော်က “ဒီလိုဗျာ၊ ခင်ဗျား နာမည်ကလည်း ဦးလှထွန်း၊ ဟိုညွှန်ကြားရေးမှူးချုပ် နာမည်ကလည်း ဦးလှထွန်း၊ ကျွန်တော့် အဖေ နာမည်ကလည်း ဦးလှထွန်း ဆိုတော့ နာမ်နိမိတ်ထားတာများလားလို့” ပြောလိုက်တဲ့အခါမှာ သူတို့ဘက်က ဝါးခနဲ ရယ်လိုက်ကြပါတယ်။ အဲဒီကတည်းက နှစ်ဖက် ဆွေးနွေးပွဲတွေဟာ အဆင်ပြေ ချောမွေ့ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ အဓိက ရည်မှန်းချက်ကလည်း အစိုးရ နှစ်ဖွဲ့ တာဝန် အပြောင်းအလဲမှာ အတတ်နိုင်ဆုံး ချောချောမွေ့မွေ့ ဖြစ်ရေးပါပဲ။

ဒီလိုနဲ့ Trasition Team တွေရဲ့ အစည်းအဝေးတွေဟာ စုစုပေါင်း ငါးကြိမ်လောက် လုပ်ခဲ့ရပါတယ်။ ထွေထွေထူးထူး အခက်အခဲ မရှိပါ။ အစည်းအဝေး လုပ်ပြီးတိုင်းလည်း ဒေါ်အောင်ဆန်းစုကြည်ကို အစ အဆုံး သတင်းပို့ပါတယ်။

## အစိုးရ ဖွဲ့စည်းရေး

အစိုးရ ပြောင်းလဲရေးနဲ့ ပတ်သက်လို့ Trasition Team နဲ့ ကျွန်တော် အလုပ်များနေတဲ့ အချိန်မှာ တစ်ဖက်က လည်း အစိုးရ ဖွဲ့စည်းရေးနဲ့ ပတ်သက်ပြီး ဒေါ်စုနဲ့ အကြိမ်ကြိမ် အစည်းအဝေး လုပ်ခဲ့ရပါတယ်။ ပထမဦးဆုံး ဦးစားပေး ရွေးချယ်မှုကတော့ သမ္မတ ရာထူးပါပဲ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ဒေါ်အောင်ဆန်း

စုကြည် သမ္မတ ရာထူးကို မယူနိုင်တဲ့အတွက် တခြား သင့်လျော်သူတစ်ယောက်ကို သမ္မတရာထူး ပေးဖို့ ရွေးချယ်ရပါတယ်။

## ဦးထင်ကျော်ကို သမ္မတရာထူး ပေးရေး

အဲဒီလို စဉ်းစားတဲ့အခါမှာ နိုင်ငံရေး အသိုင်းအဝိုင်းထဲက သင့်လျော်သူတွေကို စဉ်းစားပြီး စာရင်းချုံ့ Narrow down လုပ်ကြည့်တဲ့အခါ ဦးထင်ကျော်ကိုပဲ အားလုံးက သဘောတူကြပါတယ်။ ဦးထင်ကျော်ဟာ ကွယ်လွန်သွားသူ နိုင်ငံကျော် ကဗျာဆရာကြီး မင်းသုဝဏ်ရဲ့ သားပါ။ စိတ်သဘောထား နူးညံ့ သိမ်မွေ့ပါတယ်။ သူ့ရဲ့ ဇနီးကတော့ သုံးခွ မြို့နယ်က လွှတ်တော် ကိုယ်စားလှယ် ဒေါ်စုစုလွင် ဖြစ်ပါတယ်။ ဒေါ်စုစုလွင်ဟာ ကွယ်လွန်သွားတဲ့ NLD အတွင်းရေးမှူး ဦးလွင်ရဲ့ သမီး ဖြစ်ပါတယ်။

ဦးထင်ကျော်ဟာ တက္ကသိုလ်က စီးပွားရေးနဲ့ ဘွဲ့ရခဲ့ပြီး စီမံ/ဘဏ္ဍာ ဝန်ကြီးဌာနမှာ အလုပ်ဝင်ခဲ့ပါတယ်။ အတွေ့အကြုံ ရင့်ကျက်လာတဲ့အခါမှာ FERD လို့ ခေါ်တဲ့ဌာနမှာ လက်ထောက် ညွှန်ကြားရေးမှူး တာဝန် ထမ်းဆောင်ပါတယ်။ ၁၉၈၀ ခုနှစ်ကျော်တဲ့ ကာလတွေမှာ ကျွန်တော်က စက်မှု ၁ ဝန်ကြီးဌာနနဲ့ စာချုပ် ချုပ်ဖို့ ဆွေးနွေးတဲ့အခါ ကိုထင်ကျော်က FERD ကိုယ်စား လာရောက် ဆွေးနွေးတဲ့အတွက် အဲဒီကတည်းက သူနဲ့ ခင်မင်နေတာပါ။ ဒါကြောင့် ဒေါ်စုက ကိုထင်ကျော်ကို သမ္မတ ရာထူးပေးဖို့ အဆိုပြုတော့ ကျွန်တော် ဝမ်းမြောက်ဝမ်းသာ ထောက်ခံခဲ့ပါတယ်။

## ဦးဟင်နရီ ဗန်ထီးယူ

ရွေးကောက်ပွဲပြီးလို့ လွှတ်တော် ကိုယ်စားလှယ် အသစ်တွေ နေပြည်တော် ရောက်တဲ့အခါမှာ ဒေသအလိုက် ကိုယ်စားလှယ် အချင်းချင်း ညှိနှိုင်းကြတာ၊ ဆွေးနွေးကြတာတွေ ရှိလာပါတယ်။ ထူးထူးခြားခြား ချင်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ၁၀ ယောက်လောက်က သူတို့ ပြည်နယ်မှာ သူတို့ လိုလားတဲ့ ပုဂ္ဂိုလ်တစ်ဦးကို ဝန်ကြီးချုပ် အဖြစ် ခန့်အပ်ဖို့ ကျွန်တော့်ကို လာအရေးဆိုကြပါတယ်။ ကျွန်တော်က လက်မခံခဲ့ပါ။

သူတို့ ပြောတာကို ငြိမ်းပယ်ရှုံတင်မက "ခင်ဗျားတို့ရဲ့ လုပ်ရပ်ဟာ အုပ်စုဖွဲ့သလို ဖြစ်နေတယ်၊ ဒေါ်အောင်ဆန်းစုကြည်က ဒီလို လုပ်ရပ်မျိုးကို မလိုလားဘူး။ ခင်ဗျားတို့ ပြည်နယ်နဲ့ သင့်လျော်တဲ့ ဝန်ကြီးချုပ်တစ်ဦးကို သူ ခေါင်းဆောင်ပြီး ပါတီ CEC က ရွေးချယ်ပေးပါလိမ့်မယ်" လို့ ခပ်မာမာနဲ့ ပြန်ပြောရပါတယ်။ သူတို့ ရောက်လာတာက မနက်ပိုင်းမှာပါ။

ညနေပိုင်းကျတော့ ကျွန်တော့် အခန်းကို ချင်း လွှတ်တော် ကိုယ်စားလှယ် ဖြစ်တဲ့ ဦးဟင်နရီ ဗန်ထီးယူ ရောက်လာပါတယ်။ သူက "မနက်က ကျွန်တော်တို့ ပြည်နယ်က လွှတ်တော် ကိုယ်စားလှယ်အချို့ ဘယ်သူ့ကို ဝန်ကြီးချုပ် ဖြစ်ရေးအတွက် စာလာတင်တယ်လို့ သိရတယ်၊ အဲဒီ လုပ်ရပ်တွေထဲမှာ ကျွန်တော် မပါဘူး" ဆိုပြီး ပြောတော့ ကျွန်တော် စိတ်ဝင်စားသွားပါတယ်။

"ဘာဖြစ်လို့ မပါတာလဲ" လို့ မေးတော့ သူက ပြန်ဖြေပါတယ်၊ "ကျွန်တော်တို့ အခု ရွေးကောက်ပွဲဝင်တာ ကိုယ့်မြို့နယ်ကို ကိုယ်စားပြုပြီး ဝင်တာပါ၊ ရာထူး တာဝန် ဆိုတာ တောင်းမယူသင့်ဘူး၊ အထက် အဖွဲ့အစည်းက သင့်လျော်ရာကို ရွေးချယ်ပေးမယ်လို့ ယုံကြည်တယ်" လို့ ပြန်ဖြေပါတယ်။ သူ ပြောတာဟာ သမာသမတ်ကျပါတယ်။ သူ့ ကိုယ်ရေးရာဇဝင်ကလည်း အကွေ့အကောက် သိပ်မများဘဲ ဌာနဆိုင်ရာ အတွေ့အကြုံလည်း အထိုက်အလျောက် ရှိတယ်ဆိုတာ သိရပါတယ်။

## ဒုသမ္မတ ရွေးချယ်ရေး

သမ္မတ ရာထူးတွက် ဦးထင်ကျော်ကို အားလုံး သဘောတူပြီးတဲ့ အခါ ဒုတိယ သမ္မတ တစ်ယောက်ကို တိုင်းရင်းသားထဲက ရွေးချင်တယ်လို့ ဒေါ်စုက ဆန္ဒပြုပါတယ်။ သူက ဆက်ပြီး တိုင်းရင်းသား ဆိုတိုင်းလည်း မဖြစ်ဘူး၊ တည်တည်ငြိမ်ငြိမ်နဲ့ ဒုတိယ သမ္မတ တာဝန်ကို ထမ်းဆောင်နိုင်တဲ့သူမျိုး ဖြစ်စေချင်တယ်လို့ ပြောတဲ့ အခါ ဒေါ်စုကို ဟင်နရီ ဗန်ထီးယူကို ခေါ်တွေ့သင့်တဲ့အကြောင်း တင်ပြလိုက်ပါတယ်။ သူက ဟင်နရီနဲ့ နှစ်ကြိမ်လောက် တွေ့ဆုံ ဆွေးနွေးပြီးတဲ့အခါ သူ့ကို ဒုတိယ သမ္မတလောင်း အဖြစ် စာရင်း တင်သွင်းဖို့ အတည်ပြုလိုက်ပါတယ်။

ဟင်နရီဟာ စက်မှု (စားကုန်) မှာ အရာရှိအဖြစ် အမှုထမ်းပြီး စက်ရုံအချို့မှာလည်း စက်ရုံမှူးအဖြစ် တာဝန်ယူခဲ့ဖူးပါတယ်။ တပ်မတော်မှာလည်း ဗိုလ်မှူး အဆင့်ထိ ရောက်ခဲ့ဖူးပြီး စက်မှု ၁ ဝန်ကြီးဌာနက အငြိမ်းစားယူတဲ့အခါ ဖိလစ်ပိုင်၊ နယူးဇီလန်နဲ့ အမေရိကန်နိုင်ငံတွေမှာ နေခဲ့ဖူးပါတယ်။ သူ့ရဲ့ဇနီး ဒေါ်ရွှေလှမ်းကတော့ ပညာရပ်ဆိုင်ရာ ဒေါက်တာဘွဲ့ နှစ်ခု ရရှိထားသူ ဖြစ်ပါတယ်။ သူတို့ရဲ့ သားသမီး သုံးယောက်ကတော့ ပညာသင်ဆဲပါ။

## လွှတ်တော် ဥက္ကဋ္ဌ/ ဒုတိယ ဥက္ကဋ္ဌများ

ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံရဲ့ ထိပ်ပိုင်း ရာထူးတွေကို စဉ်းစားတဲ့အခါမှာ အမျိုးသား ရင်ကြားစေ့ရေး ဆိုတဲ့မူနဲ့ စဉ်းစားခဲ့တာပါ။ ဟန်နရီ ဗန်ထီးယူကို ဒုတိယ သမ္မတလောင်း အဖြစ် နာမည်စာရင်း တင်သွင်းခဲ့တာကလည်း ဒီသဘောထား အခြေခံနဲ့ ရွေးခဲ့တာပါ။ အဲဒါတွေ ပြီးတော့ လွှတ်တော် ဥက္ကဋ္ဌနဲ့ ဒုတိယ ဥက္ကဋ္ဌ ရာထူးတွေပါ။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ တာဝန်ကိုတော့ ဥပဒေကြောင်း ကျွမ်းကျင်တဲ့ ကိုဝင်းမြင့်ကို တာဝန်ပေးမှာ ဖြစ်ပါတယ်။ သင့်လည်း သင့်လျော်ပြီး သဘာဝလည်း ကျပါတယ်။ ကိုဝင်းမြင့်က ဥပဒေဘက်မှာ နိုင်နင်းတဲ့ ပုဂ္ဂိုလ် တစ်ဦးမို့လို့ပါ။ ဒုတိယ ဥက္ကဋ္ဌကိုတော့ ပြည်နိုင်ငြိုးက ဦးတီခွန်မြတ်ကို ဒေါ်စုက အဆိုပြုပါတယ်။ ကျွန်တော်တို့ကလည်း ထောက်ခံကြပါတယ်။ ဦးတီခွန်မြတ်ဟာ ပြည်နိုင်ငြိုး ပါတီက ဖြစ်ပေမဲ့ အရင် လွှတ်တော်ကတည်းက သမာသမတ်ကျစွာ လုပ်ငန်းတွေ ဆောင်ရွက်ခဲ့တယ် ဆိုတာ သိခဲ့ရလို့ပါ။

## အမျိုးသား လွှတ်တော်

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ရာထူးအတွက်တော့ တော်တော် ရှာယူရပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ ပညာ အရည်အချင်း၊ အတွေ့အကြုံ၊ အသက်အရွယ် စတဲ့ အချက်အလက်တွေ ရှာတဲ့အခါမှာ ဦးမန်းဝင်းခိုင်သန်းကို တွေ့ရပါတယ်။ ဦးမန်းဝင်းခိုင်သန်းဟာ ကရင် အမျိုးသားဖြစ်ပြီး ဥပဒေ ပညာရှင်ပါ။ နောက်ပြီးတော့ အာဇာနည် မန်းဘခိုင်ရဲ့ မြေးတစ်ဦး ဖြစ်ကြောင်းလည်း သိရပါတယ်။ ဒါ့ကြောင့် မန်းဝင်းခိုင်သန်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ရွေးချယ်လိုက်ပါတယ်။

ဒုတိယ ဥက္ကဋ္ဌကိုတော့ ရခိုင်ပါတီ တစ်ခုက ရခိုင်အမျိုးသား ဦးအေးသာအောင်ကို ဒေါ်စုက လျာထားပါတယ်။ ဦးအေးသာအောင်ဟာ စစ်အစိုးရက နိုင်ငံရေးပါတီတွေကို အပြတ် နှိပ်ကွပ်တဲ့ အခါ NLD နဲ့ ပူးပေါင်းပြီး တခြား ရှမ်း SNLD၊ ချင်းပါတီတို့နဲ့ ပူးပေါင်းပြီး CRPP အနေနဲ့ ဖွဲ့စည်းပြီး စစ်အစိုးရရဲ့ ဖိနှိပ်မှုကို ကြံ့ကြံ့ခံခဲ့တဲ့

ပုဂ္ဂိုလ် တစ်ဦးပါ။ ဦးအေးသာအောင်ကလည်း ဒီရာထူးကို လက်ခံတဲ့အတွက် အဆင်ပြေသွားပါတယ်။ သူ့ကို အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌအဖြစ် လျာထားတာကို လက်ခံဖို့ ကျွန်တော် ကိုယ်တိုင် သူ့မိသားစု နေတဲ့ စမ်းချောင်းက ကွန်ဒိုမှာ သွားအသိပေးခဲ့ပါတယ်။

## CRPP အဖွဲ့ဝင် SNLD

ခွန်ထွန်းဦး ခေါင်းဆောင်တဲ့ SNLD ဟာ CRPP ရဲ့ အမာခံပါတီ တစ်ခုဖြစ်ပါတယ်။ CRPP ဆိုတာ ကျွန်တော် ထောင်ထဲမှာ ရှိနေစဉ်ကတည်းကဖွဲ့စည်းခဲ့တာပါ။ အဓိပ္ပာယ်က ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ အရွေးချယ်ခံခဲ့ရတဲ့ ကိုယ်စားလှယ်တွေ ပါတဲ့ ပါတီအချို့ စုစည်းပြီး စစ်အစိုးရ ဖိနှိပ်မှုကို တောင့်ခံတဲ့အဖွဲ့ပါ။ သွားလေသူ S-1 လို့ ခေါ်တဲ့ ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဒီအဖွဲ့ကို ဖျက်ပေးဖို့ တောင်းဆိုဖူးပါတယ်။ ရွေးကောက်ပွဲ နိုင်တဲ့အခါ ဒေါ်စုကလည်း CRPP ထဲက တစ်ဦးကို ဝန်ကြီး တစ်နေရာ ပေးဖို့ လျာထားပါတယ်။ အသစ်ဖွဲ့မှာ ဖြစ်တဲ့ တိုင်းရင်းသားရေးရာ ဝန်ကြီးဌာန အတွက်ပါ။ ခွန်ထွန်းဦးက ကျန်းမာရေး မပြည့်စုံတဲ့အတွက် သူ့ပါတီက စိုင်းညွန့်လွင်ကို အဲဒီဝန်ကြီးဌာန အတွက် လျာထားကြောင်း ကျွန်တော့်ကို သွားအသိပေးခိုင်းပါတယ်။

ကျွန်တော် ရန်ကုန်ကို ပြန်ရပါတယ်။ ကိုးမိုင်၊ အေဝမ် မြို့နားက ခွန်ထွန်းဦးရဲ့ အိမ်ကို ရက်ချိန်းတောင်းပြီး သွားပါတယ်။ ကျွန်တော် ရောက်တော့ ခွန်ထွန်းဦးနဲ့တကွ သူ့ပါတီဝင် လေး-ငါးဦး တွေ့ပါတယ်။ ကျွန်တော်က ဒေါ်စု လွှတ်လိုက်လို့ လာရတဲ့ အကြောင်း၊ နိုင်ငံရေးအရ ဖိနှိပ်မှုများတဲ့ အချိန်တုန်းက CRPP မှာ အတူ လက်တွဲ ပါဝင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကို ဂုဏ်ပြုတဲ့အနေနဲ့ SNLD က စိုင်းညွန့်လွင်ကို အသစ်ဖွင့်မယ့် တိုင်းရင်းသား ရေးရာ ဝန်ကြီးဌာနမှာ ဝန်ကြီးရာထူး ပေးချင်ကြောင်း ပြောကြားပါတယ်။

ခွန်ထွန်းဦးက "တစ်ယောက်တည်းလား" လို့ မေးတဲ့အခါ ကျွန်တော်က "ဟုတ်ကဲ့၊ တစ်ယောက်တည်း ပါပဲ" လို့ ပြန်ဖြေရပါတယ်။ သူကတော့ နှစ်ယောက်လောက်ထိ လိုချင်ဟန်တူပါတယ်။ ဒါပေမဲ့ ကျွန်တော်က လည်း ဒေါ်စု မှာထားတာထက် ပိုပြောလို့ မဖြစ်ပါ။ နေပြည်တော် ပြန်ရောက်တော့ အကျိုးအကြောင်းကို ဒေါ်စုကို သတင်းပို့ပါတယ်။ နောက်တစ်ပတ်ကျတော့ စိုင်းညွန့်လွင်ကိုယ်တိုင် နေပြည်တော်ကို ရောက်လာပြီး ဒေါ်စုနဲ့ တွေ့ပါတယ်။ ဒေါ်စု ကမ်းလှမ်းတဲ့ တိုင်းရင်းသားဝန်ကြီး ရာထူးကို လက်ခံမယ့် အကြောင်း ပြောသွား ပါတယ်။ အဲ နောက်တစ်ပတ်ကျတော့ စိုင်းညွန့်လွင်ဆီက ဖုန်းလာပါတယ်။ တိုင်းရင်းသား ဝန်ကြီးရာထူးကို မယူတော့ဘူးပါတဲ့။ ဘယ်တတ်နိုင်မလဲ။ ဒါ့ကြောင့် တိုင်းရင်းရေးရာ ဝန်ကြီးရာထူးကို မွန်အမျိုးသား ပါတီ တစ်ခုက ခေါင်းဆောင် နိုင်သက်လွင်ကို ရွေးချယ်လိုက်ရပါတယ်။

## ပြည်ခိုင်ဖြိုးက ပုဂ္ဂိုလ်များ

ဒီမှာလည်း ပြည်ခိုင်ဖြိုးက သင့်လျော်တဲ့ ပုဂ္ဂိုလ်တချို့ကို ဝန်ကြီး ရာထူး ပေးဖို့ စဉ်းစားကြပါတယ်။ အရင် လွှတ်တော်ကတည်းက ဒေါ်စုက လူတွေကို သေသေချာချာ လေ့လာထားတာပါ။ ဒါ့ကြောင့် သူရ ဦးအောင်ကို ကို သာသနာရေးနဲ့ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ဦးသိန်းဆွေကို အလုပ်သမားနဲ့ လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန ဝန်ကြီးများအဖြစ် ပေးဖို့ သဘောကိုက်ညီကြပါတယ်။ ဒါကလည်း ဒေါ်စု ချမှတ်ထားတဲ့ အမျိုးသား ရင်ကြားစေ့ ရေး မူဝါဒရဲ့ လုပ်ရပ်တစ်ခုပါ။ ပြည်ခိုင်ဖြိုးက ပုဂ္ဂိုလ်တွေကို ဒေါ်စုက ဝန်ကြီးရာထူး ပေးတာနဲ့ ပတ်သက်လို့ ပြည်ခိုင်ဖြိုး ခေါင်းဆောင်တွေက သဘောထားအမြင် မကြည်လင်ကြပါ။ ဒါ့ကြောင့် ရာထူး လက်ခံတဲ့ ပုဂ္ဂိုလ်တွေကို ပြည်ခိုင်ဖြိုးက ထုတ်ပယ်ခြင်း ခံရပါတယ်။

## ကန်ပက်လက်မြို့က ဦးစံခင်

ချင်းပြည်နယ် တောင်ပိုင်း ကန်ပက်လက်မြို့က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟာ ဦးစံခင် ဖြစ်ပါတယ်။ သူ့ရ ဦးအောင်ကိုကို ဝန်ကြီးရာထူး ပေးမယ်ဆိုတဲ့အခါ သူက အကြီးအကျယ် မကျေနပ်ပါဘူး။ သူ့ရ ဦးအောင်ကိုဟာ ပလက်ဝ မြို့နယ်က သူနဲ့ ပြိုင်ခဲ့တဲ့ ပြည်နိုင်ငံဖြိုးက ကိုယ်စားလှယ်လောင်းပါ။ သူ့ရ ဦးအောင်ကိုက ရှုံးပြီး သူက နိုင်ခဲ့တာပါ။ သူက နိုင်ခဲ့ပြီး သာမန် လွှတ်တော် ကိုယ်စားလှယ်သာ ဖြစ်ခဲ့ပြီး သူ့ကို ရှုံးတဲ့ သူ့ရ ဦးအောင်ကိုက ဝန်ကြီး ဖြစ်သွားတာကို လုံးဝ မကျေနပ်လို့ NLD ကတောင် ထွက်မယ်လို့ ခြိမ်းခြောက်လာပါတယ်။

အဲဒီအမှုက ကျွန်တော့်ဆီ ရောက်လာပါတယ်။ ရယ်လည်း ရယ်ချင်၊ စိတ်လည်း ရှုပ်ပေါ့။ အလုပ်က များပါတယ်ဆိုပါမှ။ ကိုစံခင်ရဲ့ လော့ဂျစ်ကို ကျွန်တော် နားလည်ပါတယ်။ Very simple logic ပါ။ ကန်ပက်လက်မြို့နယ်က ရွေးကောက်ပွဲမှာ သူနဲ့ သူ့ရ ဦးအောင်ကိုတို့ အကြိတ်အနယ် ပြိုင်ခဲ့ရတယ်။ သူက နာတဖျားနဲ့ နိုင်ခဲ့တာ ကျွန်တော်တို့ သိပါတယ်။ ပုံမှန် မဲရေတွက်နေစဉ်တုန်းက သူက ရှုံးနေပြီး သန်းခေါင်ကျော်မှ ရောက်လာတဲ့ ရွာက မဲပုံးတွေ ရတော့မှ သူ နိုင်ခဲ့တာပါ။

"သူက သာမန် လွှတ်တော်ကိုယ်စားလှယ်ပဲ ဖြစ်နေပြီး သူ့ကို ရှုံးသွားတဲ့သူက ဝန်ကြီး ဖြစ်လာတယ်ဆိုတာ လုံးဝ အဓိပ္ပာယ်မရှိဘူး"။ ဦးစံခင်က အဲဒီလို တွေးတာပါ။ ဒါကြောင့် ကျွန်တော် အချိန်မဆိုင်းပဲ ဦးစံခင်ကို သွားခေါ် နိုင်းပါတယ်။ ဒေါ်စုရဲ့ I-12 က အစည်းအဝေး ခန်းမမှာ သူ့ကို ခေါ်ပြီး စကားပြောရပါတယ်။ ဒီတစ်ခေါက် စကားပြောတဲ့အခါ သူ့ကို ဒေါနဲ့မောနဲ့ ပြောရပါတယ်။ ခင်ဗျားကို NLD က ရွေးလို့ လွှတ်တော် ကိုယ်စားလှယ် ဖြစ်လာတာ၊ NLD လူကြီးတွေက ချမှတ်တဲ့ လမ်းစဉ်ကို လိုက်နာရမှာ ခင်ဗျား တာဝန်ပဲ၊ ဒါ့ကြောင့် လူကြီးတွေရဲ့ သဘောထားကို ကဖျက်ယဖျက် မလုပ်ပါနဲ့ ဘာညာပေါ့။ သူကလည်း မလျှော့ပါဘူး။ တင်းတင်းမာမာပါပဲ။ ဒါနဲ့ စဉ်းစားပါဦးလို့ ဆိုပြီး သူ့ကို ပြန်လွှတ်လိုက်ပါတယ်။

နောက်တစ်နေ့ကျတော့ မနက်စောစော ကျွန်တော့် အခန်းကို ခေါ်ပြီး အကျိုးနဲ့ အကြောင်းနဲ့ ရှင်းပြပါတယ်။ ကျွန်တော်တို့ NLD အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခေါင်းဆောင်မှုနဲ့ ဒီလို အနေအထားကို ရောက်လာတာ သူ့အနေနဲ့ သဘောပေါက်ဖို့ လိုကြောင်း၊ ဒါ့ကြောင့် သူ့ရ ဦးအောင်ကိုကို ဝန်ကြီး ခန့်လိုက်တာနဲ့ ပတ်သက်လို့ သဘောထားကြီးကြီးနဲ့ လက်ခံဖို့ လိုကြောင်း ရှင်းပြပါတယ်။ သူက တင်းတင်းမာမာ မရှိဘဲနဲ့ သူ့ရဲ့ ရပ်တည်ချက်ကိုသာ ကိုင်စွဲပြီးတော့ ပြောနေခဲ့ပါတယ်။ ဒီတစ်ခေါက်လည်း သူ စိတ်မပြောင်းသေးပါ။

နောက်တစ်ကြိမ် ကျွန်တော် တစ်ယောက်တည်း မဟုတ်တော့ပါဘူး။ ကိုဝင်းမြင့်လား၊ မောင်မောင်ဦးလား တစ်ယောက်တော့ ပါပါသေးတယ်။ အဲဒီအခါမှာတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသား ရင်ကြားစေ့ရေး မူအရ ပြည်နိုင်ငံဖြိုးက ပုဂ္ဂိုလ် အချို့ကို ထည့်သွင်းပြီး အစိုးရ ဖွဲ့တာနဲ့ ပတ်သက်လို့ သေသေချာချာ သဘောပေါက်ဖို့ လိုကြောင်း၊ ဒီလိုနဲ့ပဲ ဒေါ်အောင်ဆန်းစုကြည်နဲ့ အကြိမ်ကြိမ် ကိုင်ပေါက်တော့မှ သူ လက်ခံသွားပါတယ်။ မောလိုက်တဲ့ဖြစ်ခြင်း။

အခုတော့လည်း စိတ်မကောင်းစရာပါ။ လွန်ခဲ့တဲ့ နှစ်ထဲမှာပဲ သူ့ဇနီးသည်က ဆုံးပါးသွားခဲ့ပြီး ၂၀၁၈ ခုနှစ်၊ နှစ်စလောက်မှာ ကတည်းက သူ့ကို စွဲကပ်လာတဲ့ ကင်ဆာရောဂါကြောင့် ဦးစံခင် တစ်ယောက်လည်း ကွယ်လွန်သွားခဲ့ပါပြီ။ NLD ရဲ့ တပ်သားကောင်း တစ်ယောက် ဆုံးရှုံးခဲ့ရပါတယ်။

## ထိပ်ပိုင်း အဖွဲ့အစည်းများ

အစိုးရအဖွဲ့ကို နေပြည်တော်မှာပဲ အခြေချဖို့ ဒေါ်အောင်ဆန်းစုကြည်က သဘောတူလိုက်ပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ် သုံးနှစ်လောက်တုန်းကတော့ အစိုးရ အဖွဲ့ကို ရန်ကုန်ကို ပြန်ပြောင်းရင် ကောင်းမလားလို့ စဉ်းစားခဲ့ကြပြီး ဆွေးနွေးတာတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ရန်ကုန်ရဲ့ လမ်းမကြီးတွေပေါ်မှာ ကားကြပ်တဲ့ ကိစ္စတွေ ဆိုးဆိုးဝါးဝါး ဖြစ်လာတဲ့ အချိန်ကစပြီး ကျွန်တော်တို့ အားလုံးလိုလိုဟာ အစိုးရ အဖွဲ့ကို ရန်ကုန်ကို ပြန်ပြောင်းဖို့ ဆိုတာ မဖြစ်နိုင်တော့ဘူးလို့ သဘောပေါက်ခဲ့ကြပါပြီ။

## နေပြည်တော် မြို့တော်ဝန်

အစိုးရအဖွဲ့ ဖွဲ့စည်းရေး ကိစ္စ ပြန်ကောက်မယ် ဆိုရင် နေပြည်တော်က စရပါတယ်။ နေပြည်တော် မြို့တော်ဝန် အဖြစ် ဒေါက်တာ မျိုးအောင်ကို ထားဖို့ ဒေါ်အောင်ဆန်းစုကြည်က လျာထားပါ တယ်။ ဒေါက်တာ မျိုးအောင် ဟာ တည်ငြိမ်တဲ့ ပုဂ္ဂိုလ်ဖြစ်ပြီး NLD ရဲ့ ဒီမိုကရေစီ ခရီးကြမ်းကြီးမှာ တောက်လျှောက် ပါဝင်လာခဲ့သူ ဖြစ်ပါ တယ်။ ဒါ့ကြောင့် သူ့ကို မြို့တော်ဝန်အဖြစ် ရွေးခဲ့တာ မှန်ကန်တယ်လို့ယူဆပါတယ်။

## အခြား ထိပ်ပိုင်း အဖွဲ့အစည်းများ

ဗဟိုဘဏ် ဥက္ကဋ္ဌ နေရာကိုတော့ ဆန့်ကျင် ဝေဖန်သူတွေ များခဲ့ပေမဲ့ ဦးကျော်ကျော်မောင်ကိုပဲ ဆက်ထားဖို့ ဒေါ်စုက ဆုံးဖြတ်ပါတယ်။ အလားတူပဲ တရားသူကြီးချုပ်အဖြစ် (ဗိုလ်ချုပ်) ထွန်းထွန်းဦးကို တာဝန်ပေးပြီး ရှေ့နေချုပ် အဖြစ်လည်း (ဗိုလ်ချုပ်) ထွန်းထွန်းဦးကို တာဝန်ပေးဖို့ သဘောတူကြပါတယ်။ အဲဒီလို အရေးကြီး တဲ့ ရာထူးကြီးတွေ တာဝန်ယူရတဲ့ ပုဂ္ဂိုလ် နှစ်ယောက် နာမည်တူနေတာဟာ ထူးခြားပါတယ်။ ပြီးတော့ သူတို့ နှစ်ယောက်လုံးကလည်း တပ်မတော်က ထိပ်တန်း အရာရှိကြီးတွေပါ။ သူတို့ နှစ်ဦးလုံးဟာ ဒေါ်အောင်ဆန်း စုကြည် ရည်ရွယ် မျှော်မှန်းတဲ့ တရားဥပဒေ စိုးမိုးရေး အခြေအနေ တိုးတက် ကောင်းမွန်ဖို့ ဆောင်ရွက်ရာမှာ အထောက်ကူရမယ်လို့ မျှော်လင့်မိပါတယ်။

စာရင်းစစ်ချုပ် ရာထူးအတွက် စဉ်းစားကြရတဲ့အခါ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေ များပေမဲ့ ဆရာကြီး ဦးမော်သန်းရဲ့ အရည်အသွေးကိုတော့ ယှဉ်နိုင်သူ ရှားပါတယ်။ ဒါ့ကြောင့် ဆရာကြီးကိုပဲ စာရင်းစစ်ချုပ်အဖြစ် အားလုံးက သဘောတူ လက်ခံကြပါတယ်။ ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌအနေနဲ့ ဒေါက်တာ ဝင်းသိန်းကိုပဲ ဒေါ်စု လက်ခံလိုက်ပါတယ်။ ဒေါက်တာ ဝင်းသိန်းဟာ တပ်မတော် (ရေ) ကပါ။ သူဟာ ရေကြောင်းပညာနဲ့ ပတ်သက် ပြီး ဘွဲ့အမျိုးမျိုး ရရှိထားပြီး ရေကြောင်းသိပ္ပံ ကျောင်းအုပ်ကြီးအဖြစ် နှစ်အတော်များများ ထမ်းဆောင်ခဲ့ဖူးပါ တယ်။ သူဟာ DSA အပတ်စဉ် ၁၁ က ကျောင်းဆင်းခဲ့သူဖြစ်ပြီး အခု နာမည်ကျော်ကြား၊ လူကြောက်များနေတဲ့ ဝန်ကြီးဟောင်း ဦးစိုးသိန်း၊ အထူး ကော်မရှင် ဥက္ကဋ္ဌ သူရ ဦးရွှေမန်းတို့နဲ့ အပတ်စဉ် အတူတူပါ။

## ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ရာထူးကို ဆရာကြီး ဦးလှသိန်းကို တာဝန်ပေးခဲ့ပါတယ်။ ဦးလှသိန်းဟာ တက္ကသိုလ် အသီးသီးမှာ ပါမောက္ခအဖြစ် တာဝန် ထမ်းဆောင်ခဲ့ရာက နောက်ဆုံးမှာ ပါမောက္ခချုပ် အဖြစ်မှ အငြိမ်းစားယူခဲ့တာပါ။ သူဟာ ဒီမိုကရေစီ လမ်းကြောင်းကို နားလည် သဘော ပေါက်သူ ဖြစ်တယ်လို့ ယုံကြည်ရတဲ့အတွက် ဒီတာဝန်ဟာ သူနဲ့ အသင့်လျော်ဆုံးလို့ ယူဆပါတယ်။ သူ့ရဲ့

ဇနီးသည် ဒေါ်အေးသီတာဟာ ရုပ်ရည် ပြေပြစ်သူတစ်ဦး ဖြစ်ပါတယ်။ နာမည်ကျော် ရုပ်ရှင်မင်းသား အောင်ရဲလင်းရဲ့ အဒေါ်အရင်းလို့ သိရပါတယ်။

## ပြည်ထောင်စု အစိုးရ အဖွဲ့ဝင်များ

ပြီးခဲ့တဲ့ ဦးသိန်းစိန်ရဲ့ အစိုးရအဖွဲ့မှာ ဝန်ကြီးတွေ၊ ဒုဝန်ကြီးတွေ အရေအတွက် များလွန်းလို့ ဌာနတချို့ကို ပူးပေါင်းပြီး ဝန်ကြီးဌာန အရေအတွက် လျှော့ဖို့ ဒေါ်စု အကြံရပါတယ်။ ကျွန်တော်တို့ကလည်း ထောက်ခံပါတယ်။ ဒါ့ကြောင့် သင့်လျော်တဲ့ ပုဂ္ဂိုလ်တွေကို ကျွန်တော်တို့ အားလုံးက ဝိုင်းဝန်း ရှာဖွေကြရပါတယ်။ အင်္ဂလိပ်လို ဆိုရင်တော့ Head hunting လို့ ပြောရမှာပေါ့။ အသေးစိတ်တော့ မရေးတော့ပါဘူး။

အလုပ်တွေက များလွန်း၊ အချိန်တွေက နည်းလွန်းလို့ တချို့ဝန်ကြီးတွေ ဆိုရင် လူကိုယ်တိုင် မတွေ့နိုင်ခဲ့ပါဘူး။ တယ်လီဖုန်းနဲ့ပဲ အမေးအဖြေ လုပ်ပြီး သဘောတူညီချက် ရယူခဲ့ရပါတယ်။ တချို့သော ပုဂ္ဂိုလ်တွေကျတော့ သုံးကြိမ်မက၊ လေးကြိမ်လောက်ထိ သဘောပေါက်အောင် စည်းရုံးခဲ့ရပါတယ်။ ရလဒ်ကတော့ အခုရှိနေတဲ့ ပြည်ထောင်စု ဝန်ကြီးများ အဖွဲ့ပေါ့။ ချွင်းချက်အနေနဲ့ ပြောရမယ်ဆိုရင် ရာထူးက နုတ်ထွက်သွားကြတဲ့ ဦးဖေဇင်ထွန်းနဲ့ ဦးကျော်ဝင်းတို့က လွဲလို့ပေါ့။

ဒုဝန်ကြီးတွေကိုတော့ ဒေါ်စုက များများစားစား မထားချင်ပါဘူး။ ဒါပေမဲ့ မဖြစ်မနေ ထားရမယ် ဆိုတော့လည်း ခန့်ရတာပါပဲ။ ဒီလို စိစိစစ်စစ်နဲ့ လူရွေးခဲ့တာတောင်မှ လယ်/ဆည် ဒုဝန်ကြီး တစ်ယောက်ကို ထုတ်ပစ်ရတဲ့ အခြေအနေ ဖြစ်ရပါတယ်။ ဒါနဲ့ ပတ်သက်လို့လည်း ကျွန်တော့်ကို အများက ဝိုင်းဝန်း တိုက်ခိုက်တာ ခံခဲ့ရပါတယ်။ စိတ်မကောင်းတာ တစ်ခုက အဲဒီပုဂ္ဂိုလ်ရဲ့ ပညာကို လေးစားတဲ့အတွက် သူ့ကို နေပြည်တော်က ကော်မတီဝင် (ဒုဝန်ကြီးနဲ့ တန်းတူ) အဖြစ် တာဝန် ပေးတာကို သူ လက်မခံခဲ့တာပါပဲ။

သူက ပညာမာန ကြီးတဲ့သူ ထင်ပါရဲ့၊ နုတ်ထွက်ဖို့ သဘောမတူပဲ သူ့ကို ထုတ်လိုက်ပါ၊ ထုတ်လိုက်ပါလို့ အတန်တန် တောင်းဆိုခဲ့တဲ့အတွက် သမ္မတက အမိန့်ထုတ်လိုက်ရတာပါ။ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော်နဲ့ ဒေါက်တာ မျိုးအောင်တို့ဟာ သူ့ကို အကြိမ်ကြိမ် တွေ့ပြီး ဆွေးနွေးခဲ့ပါတယ်။ မေတ္တာရပ်ခံခဲ့ပါတယ်။ ကျွန်တော်တို့ မအောင်မြင်ခဲ့ပါ။

နောက်တစ်ခု စိတ်မကောင်း ဖြစ်မိတဲ့ အချက်တစ်ခု ရှိပါတယ်။ သူ့ကိစ္စနဲ့ ပတ်သက်လို့ မီဒီယာ အင်တာဗျူးတွေ လုပ်ခဲ့ရာမှာ သူ့ရဲ့ ပြောဆိုချက်တစ်ခုမှာ "ဦးဝင်းထိန်က ရုတ်တရက် စိတ်ဆိုးပြီး ပုဆိုးကို မ, ကာ ဒေါနဲ့မောနဲ့ ထွက်သွားတယ်" ဆိုပြီး ပြောခဲ့တာကိုပါပဲ။ သူ ဒုတိယ ဝန်ကြီး အဖြစ်က သိက္ခာရှိရှိ အငြိမ်းစား ယူနိုင်ဖို့အတွက် ဒေါက်တာ မျိုးအောင်တို့၊ မောင်မောင်ဦးတို့၊ ကိုဘမျိုးသိန်းတို့နဲ့ အကြိမ်ကြိမ် ကြိုးစားခဲ့တာ အရာမထင်ခဲ့ပါဘူး။

ဝန်ကြီးဌာနတွေကို ချုံ့တာရယ်၊ ဒုဝန်ကြီး အရေအတွက်တွေ နည်းတာရယ်က ဆိုးကျိုးတစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်။ ဘာလဲဆိုတော့ အရင် အစိုးရကတည်းက ဆောက်ထားတဲ့ ဝန်ကြီး၊ ဒုဝန်ကြီး အိမ်တွေ အများကြီး လွတ်နေတာပါပဲ။ အိမ်ဆိုတာ လူနေမှ ရှင်သန်ခွင့်ရတဲ့ အနေအထားပါ။ လူမနေတော့ ခြစား၊ ကြွက်ကိုက်နဲ့ အိမ်တွေ ပျက်ပါတယ်။ အရင် အစိုးရ လက်ထက်တုန်းကဆိုရင် ကျွန်တော် သွားစစ်ဆေးစဉ်က တွေ့ခဲ့ဖူးပါတယ်။ ဘာလဲဆိုတော့ တချို့ ဝန်ကြီးအိမ်တွေရဲ့ အိမ်အတွင်းခန်းမှာ ရေတံခွန် အသေးစားလေးတွေတောင် ဖန်တီး နေထိုင်ခဲ့ကြတာပါ။

## တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရ အဖွဲ့များ

ကချင် ပြည်နယ်ကိုတော့ ဒေါက်တာ ခက်အောင်ကို မူလကတည်းက လျာထားတာပါ။ ကချင် ပြည်နယ် ကိုယ်စားလှယ်လောင်းတွေ စာရင်းပြုစုတဲ့အခါ ကချင် ပြည်နယ် တာဝန်ခံ မကြူကြူသန်းကို ဒေါ်စုက ကချင် ပြည်နယ်အတွက် ဝန်ကြီးချုပ်နဲ့ သင့်လျော်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ရွေးချယ် လျာထားဖို့ ပြောခဲ့တာပါ။ ဒါ့ကြောင့် ဒေါ်ကြူကြူသန်းက ဒေါက်တာ ခက်အောင်လို ပုဂ္ဂိုလ်ကို ရအောင် ရွေးချယ်ခဲ့တာပါ။ အရ တော်တယ်လို့ ပြောနိုင်ပါတယ်။

## ကချင် ပြည်နယ် စည်းရုံးရေး တာဝန်ခံ ဒေါ်ကြူကြူသန်း

အလျဉ်းသင့်တုန်း ဒေါ်ကြူကြူသန်း အကြောင်း ပြောရရင် သူဟာ ၁၉၈၉ ခုနှစ်၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကချင် ပြည်နယ် ခရီးစဉ် တစ်ခုလုံးကို သူ ခေါင်းဆောင်ပြီး စီစဉ်ခဲ့တာပါ။ သူ မရှိရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကချင် ပြည်နယ် ခရီးစဉ် လုံးဝ ဖြစ်လာစရာ အကြောင်းမရှိပါဘူး။ အဲဒီ ခရီးစဉ် အောင်မြင်လွန်းလို့ တိုင်းမှူး ဗိုလ်ချုပ် ကျော်ဘနဲ့ S-1 ဗိုလ်ချုပ် ခင်ညွန့်တို့ရဲ့ အထူး အာရုံစိုက်မှု ခံခဲ့ရတာပါ။ အဲဒီတုန်းက သူ့ တွဲဘက်ရဲဘော်ကတော့ မကြည်ကြည်စိုး ဖြစ်ပါတယ်။

ရှစ်လေးလုံး အရေးတော်ပုံ စတင်တဲ့အခါမှာ သူက အထက်တန်းပြ ဆရာမတစ်ဦး အဖြစ်နဲ့ သပိတ်ထဲမှာ ပါဝင်ခဲ့ပါတယ်။ ဇာတိက ဗန်းမော်ကပါ။ နယ်က နိုင်ငံရေး လှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့ရင်းနဲ့ ဒေါ်စုက မျက်စိကျပြီး သူ နှံ့စပ်တဲ့ ကချင် ပြည်နယ် စည်းရုံးရေးကို တာဝန်ပေးထားခဲ့တာပါ။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲပြီးတဲ့အခါ သူလည်း ဘာသားနဲ့ ထုထားလို့လဲ အဖမ်းခံရတော့တာပေါ့။ ရန်ကုန် ဇာတိ ဖြစ်ပေမဲ့ သူ့ကို တမင်သက်သက် မန္တလေးထောင်ကို ပို့လိုက်ပါတယ်။ ထောင်ဝင်စာ ပါးရှားတဲ့အတွက် အတော် ကသီခဲ့ပါတယ်။ သူများတွေကို နှစ်နှစ် သုံးနှစ်နဲ့ ပြန်လွှတ်ခဲ့ပေမဲ့ သူက ငါးနှစ်လောက် နေခဲ့ရပါတယ်။ ရန်ကုန်မှာ နေတဲ့သူကို မန္တလေးထောင်ကို ပို့တဲ့ ဇယားဟာ အဲဒီတုန်းက ထောက်လှမ်းရေး ဗိုလ်မှူး သန်းထွန်း (နောင် ဗိုလ်မှူးချုပ်) ရဲ့ လက်ချက်နဲ့တူပါတယ်။

ဒေါ်ကြူကြူသန်းဟာ အခုထိ ကချင် ပြည်နယ် စည်းရုံးရေးအတွက် တာဝန်အရှိဆုံးသူ ဖြစ်သလို၊ တာဝန်ရှိနေဆဲသူလည်း ဖြစ်ပါတယ်။ ကချင် ပြည်နယ်မှာ NLD ရွေးကောက်ပွဲ နိုင်တာရယ်၊ NLD အစိုးရဖွဲ့နိုင်တာတွေရယ်ဟာ မကြူရဲ့ စွမ်းဆောင်ချက် အများကြီး ပါပါတယ်။ စိတ်မကောင်းစရာတစ်ခုက အခုလို NLD က အာဏာ ရလာတဲ့အခါ ဒေါ်ကြူကြူသန်းရဲ့ လုပ်ခဲ့တဲ့ ပမာဏတွေကို လျှော့ချချင်ကြပြီး အခု လက်ရှိ အနေအထားမှာတောင် နေရာ မပေးချင်တဲ့သူတွေ ပေါ်နေပါပြီ။

## စစ်ကိုင်တိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနဲ့ ဧရာဝတီတိုင်း

မကွေးတိုင်းကတော့ တနင်္သာရီတိုင်းလိုပဲ ရာနှုန်းပြည့် နိုင်တဲ့တိုင်းပါ။ ဒီတိုင်းကို ဝန်ကြီးချုပ် ရွေးမယ်ဆိုတော့ ဒေါက်တာ အောင်မိုးညိုက လွဲလို့ ဘယ်သူရှိရမှာလဲ။ ကိုညိုက ဘယ်လောက် အခက်အခဲတွေ ကြုံကြုံ ထောင် ဘယ်လိုပဲ ကျကျ ပျော်ပျော်နေတတ်တဲ့ သူတစ်ယောက်ပါ။ ထူးခြားတာက သူက လူပျိုကြီးခင်ဗျ။ လူစုံရာမှာ သူရဲ့ ဂေါ်မစွံ လူပျိုကြီးအဖြစ်ဟာ အားလုံးက ဗိုင်းစ,လို့ ကောင်းတဲ့အဖြစ်ပါ။ သူ့လူပျိုကြီး ဘဝကလည်း ခပ်ဆန်းဆန်း။

သူ့မှာ ငယ်ရည်းစား တစ်ယောက် ရှိပါသတဲ့။ သူ့အိမ်နဲ့ မလှမ်းမကမ်းမှာ နေပါသတဲ့။ ဒါပေမဲ့ သူတို့

သမီးရည်းစား ဖြစ်တော့ သူ့ အဖေ အမေက သဘောမတူပါဘူးတဲ့။ ဒီလိုနဲ့ လူပျိုကြီးဘဝနဲ့ နေခဲ့လိုက်တာ သူ့ကောင်မလေးကလည်း အိမ်ထောင်မပြုပါဘူးတဲ့။ အခု ဝန်ကြီးချုပ် ဖြစ်ပြီဆိုတော့ ကျွန်တော်က ပြောပါတယ်၊ "ဟေ့လူ ခင်ဗျား အခု ဝန်ကြီးချုပ် ဖြစ်နေပြီ၊ မိဘတွေ ရှိနေသေးရင်လည်း သူတို့က သဘောတူမှာပါ၊ သူကလည်း ခင်ဗျားကို စောင့်တဲ့အနေနဲ့ အိမ်ထောင်မပြုဘူး ဆိုတော့ အခုဆို ယူလို့ရပြီလေ" လို့ ဆိုတော့ သူ ဘာပြောတယ်ထင်လဲ၊ "သူ့တူမတွေက ပိုလှတယ်ဗျ" တဲ့။

မန္တလေးတိုင်းမှာလည်း အလားတူပါပဲ။ ဒေါက်တာ ဇော်မြင့်မောင်က လွဲလို့ ဘယ်သူ ရှိရမှာလဲ။ အခု သူ့ကို NLD ဒုတိယ ဥက္ကဋ္ဌ ၂ အဖြစ်နဲ့ ဒေါ်စုက တာဝန်ပေးခဲ့တာဟာ သူ့ရဲ့အရည်အချင်းကို ပြတာပါပဲ။ ၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲမှာ အရွေးခံရပေမဲ့ ယှဉ်ပြိုင် အစိုးရ ဖွဲ့မယ်လို့ စွပ်စွဲခံရပြီး ထောင်ထဲမှာ ၁၉ နှစ်လောက် တောက်လျှောက် နေခဲ့ရတာပါ။ ဒါတောင် သူ့ရဲ့ နိုင်ငံရေး ယုံကြည်ချက် မပျက်ပြားဘဲ ခိုင်မာနေတဲ့အတွက် အခုဆိုရင် မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ်အဖြစ် ပြောင်မြောက်စွာ တာဝန် ထမ်းဆောင်နေခဲ့တာပါ။

ဒေါက်တာ မြင့်နိုင်ကတော့ စစ်ကိုင်းအတွက် သင့်လျော်တဲ့ ပုဂ္ဂိုလ်ပါ။ နိုင်ငံရေး သက်တမ်း တစ်လျှောက် သူ့ရဲ့ အမူအကျင့်က တစ်ခါတလေ ဝူးဝူးဝါးဝါး ဖြစ်တတ်လွန်းလို့ သူ့ကို "ဗိုလ်သံဒုတ်" လို့ နာမည်ပေးခံခဲ့ရတာပါ။ သူ့ဘဝကလည်း တော်တော် နာကျည်းစရာ ဖြစ်ခဲ့ပါတယ်။ သူ ထောင်ဒဏ် နှစ်များစွာ ကျခံနေတဲ့ ကာလတစ်ခုမှာ သူ့ဇနီးသည်က နောက်အိမ်ထောင် ပြုသွားခဲ့ပါတယ်။ ထောင်က လွတ်ပြီး အတော်ကြာတော့မှ သူ နောက်အိမ်ထောင်ပြုခဲ့တာပါ။ ကြားဖြတ် ရွေးကောက်ပွဲမှာ လွှတ်တော် ကိုယ်စားလှယ် ဖြစ်လာခဲ့ပြီး သူရော၊ သူ့ဇနီးပါ ကြီးမားတဲ့ ရောဂါ ဝေဒနာတွေ ခံစားခဲ့ရပါတယ်။ ကံကြီးလို့ အခုထိ အသက်ရှင်ပြီး တာဝန်တွေ ထမ်းဆောင်နိုင်တာပါ။

မန်းရော်နီကလည်း ဧရာဝတီတိုင်း၊ ကျုံပျော်မြို့နဲ့ NLD မှာ တောက်လျှောက် လုပ်လာခဲ့တာပါ။ ၁၉၉၆ ခုနှစ်က စပြီး ဖိနှိပ်မှုတွေ ပြင်းထန်လာတဲ့အခါမှာ ဒေါ်အောင်ဆန်းစုကြည် အိမ်ထဲမှာ နှစ်နဲ့ချီပြီး ခိုလှုံနေခဲ့ရတာပါ။ ဒေါ်အောင်ဆန်းစုကြည်က မန်းရော်နီကြီးရဲ့ ရိုးသားမှုနဲ့ NLD အပေါ်မှာ သစ္စာရှိမှု အတိုင်းအတာတွေကို ကောင်းကောင်း သိပါတယ်။ ဒါ့ကြောင့်မို့လည်း ဒေါ်အောင်ဆန်းစုကြည်က သူ့ကို ဧရာဝတီတိုင်း ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးခဲ့တာပါ။ နောက်ပိုင်းတော့ အကြောင်းအရာ မျိုးစုံတွေ မပြေမလည် ဖြစ်ပြီး ဝန်ကြီးချုပ် ရာထူးက နုတ်ထွက်စေခဲ့ပါတယ်။

## ကရင်ပြည်နယ်က ဒေါ်နန်း

ဒေါ်နန်းခင်ထွေးမြင့်ဟာ တက္ကသိုလ် ကျောင်းသူ ဘဝတုန်းက တော်တော် ချောတယ်လို့ ပြောကြပါတယ်။ RFA မှာ လုပ်နေတဲ့ ကိုခင်မောင်စိုးကလည်း အဲဒီလို ပြောဖူးပါတယ်။ ၁၉၇၄-၇၅ ခုနှစ် ဦးသန့် အရေးအခင်းနဲ့ ထောင်ကျခဲ့စဉ်တုန်းက အတူတူပါပဲတဲ့။ ထောင်ဝင်စာမှာ မနန်းနဲ့ ဆုံမိလို့ ရှိရင် စကားပြောခွင့် မရပေမဲ့ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ရင်း ကျေနပ်ခဲ့ကြရတာပါတဲ့။ အဲဒီလို ထောင်ဝင်စာမှာ တစ်ခါ ဆုံမိတယ် ဆိုတာနဲ့ သူတို့မှာ မနန်းခင်ထွေးမြင့်ရဲ့ အလှကို သုံး-လေးရက်လောက် ပြောလို့မဆုံးပါဘူးတဲ့။

ကိုခင်မောင်စိုးက မြန်မာပြည် ပြန်လာပြီး RFA အတွက် နိုင်ငံရေးသမားတွေနဲ့ အင်တာဗျူး လုပ်တဲ့အခါ ဒေါ်နန်းနဲ့လည်း တွေ့ခဲ့ပါသတဲ့။ အဲဒီလို တွေ့ပြီး ပြန်လာတဲ့အခါ ကျွန်တော်တို့ကို ပြောပါတယ်၊ "မနန်းကဗျာ၊ ဟိုတုန်းက သိပ်လှတာပဲ၊ အခုတော့...." သူ ရှေ့ဆက် မပြောနိုင်တော့ပါဘူး။ တကယ်တော့ ဒေါ်နန်းဟာ ဘဝအတွက် ရုန်းကန်ရမှုနဲ့ ထောင်ဒဏ်တွေကြောင့် အရင်ကလို မလန်းဆန်းနိုင်တော့ပါဘူး ထင်ပါရဲ့။

ဒေါ်နန်းဟာ ကရင် ပြည်နယ်မှာ နိုင်ငံရေး အစဉ်အလာ ကြီးခဲ့တဲ့ မိသားစုက ပေါက်ဖွားလာခဲ့တာပါ။ ဒီမိုကရေစီရေးအတွက် တစိုက်မတ်မတ် နိုင်ငံရေး လှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့ရင်း ကရင် ပြည်နယ် အရေးတွေ ပါဝင် လှုပ်ရှားရင်းနဲ့ NLD ဖွဲ့တော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခေါင်းဆောင်မှုကို ယုံကြည် လက်ခံရင်း CEC ဖြစ်လာခဲ့ပြီး အခုတော့ ကရင် ပြည်နယ် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူ ထမ်းဆောင်နေပါပြီ။

CEC အစည်းအဝေး တချို့မှာ သူ ဆောင်ရွက်ချက် ကိစ္စအချို့နဲ့ ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်က တင်းတင်းမာမာ ဝေဖန်တဲ့အခါမှာ သူ့ရဲ့ တုံ့ပြန်မှု အမူအရာက လက်ညှိုးလေးနဲ့ နှုတ်ခမ်းထောင့်ကို ထောက်ရင်း "အစ်မ၊ ဒီကိစ္စက ဒီလိုပါ......" ပြန်လည် ဖြေကြားရင်း မျက်ရည်တွေ တောက်တောက်ကျလာလေ့ ရှိပါတယ်။ အင်မတန် မျက်ရည်လွယ်တဲ့သူပါ။ ဒါပေမဲ့ တစ်ခါမှ ကလန်ကဆန် ပြန်ပြောလေ့ မရှိပါ။ သူ့အမူအရာနဲ့ ပတ်သက်လို့ အစည်းအဝေး ပြီးတဲ့အခါတိုင်း ကျွန်တော်တို့က ပိုင်းဟာသလုပ်လေ့ရှိပါတယ်။

သူဟာ ကရင် ပြည်နယ် တိုးတက်ရေးအတွက် အစဉ်သဖြင့် စဉ်းစား ဆောင်ရွက်နေတဲ့သူ တစ်ဦးဖြစ်ပါတယ်။ တစ်လောက သူ့ပြည်နယ်မှာ စွမ်းအင် တိုးတက်ရေးအတွက် ကျောက်မီးသွေးနဲ့ စွမ်းအင် ထုတ်လုပ်ရေးကို အားတက်သရော ဆောင်ရွက်ခဲ့ပါတယ်။ အတော်လည်း ခရီးရောက်နေပါပြီ။ ဒါပေမဲ့ လူမှု အဖွဲ့အစည်း အချို့က ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြပါတယ်။ ပြည်ထောင်စု အဆင့်ကလည်း ပထမတော့ သဘောတူမလို ဖြစ်ခဲ့ပါတယ်။ သို့သော် ဆက်မလုပ်ဖို့ အပေါ်က ဆုံးဖြတ်ချက်ကို သူဟာ ရင်နာနာနဲ့ လက်ခံခဲ့ရပါတယ်။ ချုံးပွဲချ ငိုတဲ့အထိ ခံစားခဲ့ရတယ်လို့ သိရပါတယ်။

ရှမ်းပြည်နယ် အတွက် ဒေါက်တာ လင်းထွဋ်၊ ကယား ပြည်နယ် အတွက် အယ်လ်ဖောင်းရှို၊ မွန်ပြည်နယ် အတွက် ကိုမင်းမင်းဦး၊ တနင်္သာရီမှာ ဒေါက်တာ လဲ့လဲ့မွန်၊ ပဲခူးတိုင်းအတွက် ဦးဝင်းသိန်း၊ ရန်ကုန်တိုင်း အတွက် ကိုဖြိုးမင်းသိန်း၊ ချင်းပြည်နယ် အတွက် ဆလိုင်း လျန်လွယ်တို့ကိုတော့ သက်ဆိုင်ရာ တိုင်းနဲ့ ပြည်နယ် အသီးသီးက လွှတ်တော် ကိုယ်စားလှယ်တွေကို ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် အကြိမ်ကြိမ် လူချင်းတွေ့၊ ဆွေးနွေးပြီးမှ ရွေးချယ်ခဲ့တာပါ။ အဲဒီလို ရွေးချယ်နိုင်အောင် ကိုဝင်းမြင့်၊ ဒေါက်တာ ဇော်မြင့်မောင်နဲ့ ကျွန်တော်တို့က စုဆောင်း ရွေးချယ်ပေးခဲ့ပါတယ်။

## ရခိုင် ပြည်နယ်က ဦးညီပု

သိကြတဲ့အတိုင်း ရခိုင် ပြည်နယ်ဟာ သမိုင်းအစဉ်အလာ ကြီးတဲ့ ပြည်နယ်တစ်ခုပါ။ ကုန်းဘောင်ခေတ်ကျမှ မြန်မာနိုင်ငံရဲ့ အစိတ်အပိုင်း ဖြစ်လာခဲ့တာပါ။ ဒါဟာ သမိုင်းအမှန်မို့ ဘယ်လိုမှ ငြင်းပယ်လို့မရတဲ့ မှတ်တိုင်ပါ။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲရဲ့ ရလဒ်အဖြစ် တနင်္သာရီတိုင်းနဲ့ အတူ ပထမဦးဆုံး ကျွန်ဖြစ်ခဲ့တဲ့ ပြည်နယ်တစ်ခုပါ။ သူ့တစ်ပါး လက်အောက် ရောက်လို့ နစ်နာ ဆုံးရှုံးမှုတွေကတော့ များလှပါတယ်။

ဒါပေမဲ့ အဆိုးထဲက အကောင်းကတော့ အင်္ဂလိပ် ကိုလိုနီ အစိုးရရဲ့ လူမှု အစီအစဉ်များ (ဝါ) ကျွန် မွေးမြူရေး လုပ်ရပ်များကြောင့် ရခိုင် ပြည်နယ်က ထူးချွန်တဲ့သူ တော်တော်များများဟာ ပညာတတ်များ ဖြစ်လာခဲ့ကြပါတယ်။ ဒါ့ကြောင့်မို့လို့ မြန်မာပြည် လွတ်လပ်ရေး ရပြီး အစိုးရ ဖွဲ့တဲ့အခါ ဌာန ဆိုင်ရာ အသီးသီးမှာ ရခိုင်လူမျိုးများကို ရာထူးကြီးများ အပ်နှင်းခြင်း ခံခဲ့ရတာ သတိပြုမိပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ကြိုးပမ်း လှုပ်ရှားကြတဲ့အခါ တက်ကြွတဲ့ ရခိုင် နိုင်ငံရေး ခေါင်းဆောင်များဟာ မြန်မာ နိုင်ငံရေးသမားများနဲ့ ပူးပေါင်း ပါဝင်ခဲ့ကြပါတယ်။ ဒါ့ကြောင့် မြန်မာပြည် လွတ်လပ်ရေး ရတဲ့အခါ ရခိုင် ပြည်နယ်ဟာ မြန်မာပြည်နဲ့ တစ်ပေါင်းတည်း ဖြစ်ခဲ့ပြီး ဗိုလ်ချုပ် အောင်ဆန်း ခေါင်းဆောင်တဲ့

အစိုးရ ဖွဲ့ရာမှာ ရခိုင်လူမျိုး ဦးစံသာအောင်လည်း ဝန်ကြီးတစ်ပါးအဖြစ် ပါဝင်ခဲ့ပါတယ်။ အလားတူပဲ ကွန်မြူနစ်ဝါဒ လိုလားတဲ့ ဗိုလ်ပေါက်သာကျော်တို့၊ ကျော်ဇံရှီးတို့ကလည်း သူတို့ ဝါဒ အောင်မြင်ရေးအတွက် သီးခြား လှုပ်ရှားမှုတွေ ရှိခဲ့ပါတယ်။

ဒါ့ကြောင့် စစ်အစိုးရ လက်ထက် ဒီမိုကရေစီ အရေးအတွက် လှုပ်ရှားမှုတွေမှာ ဦးအေးသာအောင် (ယခု အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ) ခေါင်းဆောင်တဲ့ ရခိုင်ပါတီဟာ NLD က ဦးဆောင် ဖွဲ့စည်းခဲ့တဲ့ CRPP မှာ တစိုက်မတ်မတ် ပါဝင်ခဲ့ပါတယ်။ ဦးညီပုကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခေါင်းဆောင်မှုကို ယုံကြည်တဲ့ အတွက် NLD မှာ ပါဝင်ပြီး ရခိုင်ပြည်နယ် အတွက် တာဝန်ယူ လှုပ်ရှားခဲ့ပါတယ်။ သူဟာ စားဝတ် နေရေးအတွက် ပင်ပင်ပန်းပန်း အဆင်းရဲခံ လှုပ်ရှားပြီး ရခိုင် ပြည်နယ်မှာ ဒီမိုကရေစီ အောင်မြင်ရေးအတွက် ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့ကြောင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ အရွေးချယ်ခံခဲ့ရပြီး ဒေါ်အောင်ဆန်းစုကြည်က ပြည်နယ် ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရပါတယ်။

## ရခိုင် ပြည်နယ်နဲ့ ရှမ်းပြည်နယ်

တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ NLD က သောင်ပြို ကမ်းပြို နိုင်ခဲ့ပေမဲ့ ရခိုင် ပြည်နယ်နဲ့ ရှမ်းပြည်နယ်တို့မှာ NLD အရွေးချယ်ခံ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ အရေအတွက်ဟာ Majority အများစု မဟုတ်ပါ။ သို့သော်လည်း အထိုက်အလျောက် အင်အားရှိတဲ့ အဖွဲ့ ဖြစ်တဲ့အတွက် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ အဲဒီ ပြည်နယ် နှစ်ခုမှာ NLD အဖွဲ့ဝင်တွေ (ဒေါက်တာ လင်းထွဋ်နဲ့ ဦးညီပု) က ဝန်ကြီးချုပ် အဖြစ် တာဝန်ယူပြီး ဝန်ကြီးနေရာ အချို့ကိုတော့ တခြား တိုင်းရင်းသား ပါတီဝင်၊ ပြည်ခိုင်ဖြိုး ပါတီဝင် ကိုယ်စားလှယ်များကို ခန့်အပ်ရပါတယ်။

ဒါ့ကြောင့် အဲဒီ ပြည်နယ် နှစ်ခုမှာ NLD အစိုးရဟာ Minority Government အဖြစ် လှုပ်ရှားရတဲ့အခါ အတိုက်အခံတွေ အားကောင်းတဲ့အတွက် ဒေါက်တာ လင်းထွဋ်နဲ့ ဦးညီပုတို့ဟာ သည်းခံ၊ စိတ်ရှည်ပြီး အမြော် အမြင် ကြီးကြီးနဲ့ အစိုးရ အဖွဲ့ တာဝန်များကို ထမ်းဆောင်ရပါတယ်။ ဘူးသီးတောင်၊ မောင်တော ဒေသမှာ ဒေသခံ ဘင်္ဂါလီ မွတ်စလင်တွေနဲ့ ပြဿနာ ပေါ်တဲ့အခါ ဦးညီပုရဲ့ တာဝန်ဟာ ပိုမို ကြီးမား ခက်ခဲလာပါတယ်။ သို့သော်လည်း ဦးညီပုဟာ အဲဒီ အခက်အခဲတွေ ကြားက တာဝန် ကျေပွန်အောင် ဦးဆောင်မှု ပေးနိုင်ခဲ့တာ တွေ့ရပါတယ်။

## ဒေသဆိုင်ရာ အစိုးရ အဖွဲ့ဝင်များ

ပြည်ထောင်စုအဆင့် အဖွဲ့ဝင် ဝန်ကြီးများကို ဒေါ်အောင်ဆန်းစုကြည်က စိစစ် ရွေးချယ်ခဲ့သလို တိုင်း ဒေသကြီးနဲ့ ပြည်နယ် အစိုးရ အဖွဲ့ဝင် ဝန်ကြီးများကိုလည်း သူကပဲ ရွေးချယ် တာဝန်ပေးခဲ့ပါတယ်။ အရေ အတွက် များပြားသလို အချိန်မီ ဆောင်ရွက်ရတာ ဖြစ်လို့ တော်တော် လက်ဝင်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ CEC အဖွဲ့ဝင်များဟာ တစ်နိုင်ငံလုံးက ရွေးကောက်ပွဲ ဝင်မယ့် ကိုယ်စားလှယ်လောင်းများကို စိစစ်ခဲ့ရတဲ့ အတွက် ရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်များကိုလည်း အထိုက်အလျောက် သိကျွမ်းမှု ရှိခဲ့ပါတယ်။ သို့သော် အလွန်လက်ဝင်တဲ့ အလုပ်ပါ။

ဒေါ်အောင်ဆန်းစုကြည်ဟာ ပြည်ထောင်စုအဆင့် အစိုးရ အဖွဲ့ဝင်တွေကို အရေအတွက် လျှော့သလို တိုင်းဒေသကြီး/ပြည်နယ် အစိုးရ အဖွဲ့ဝင် ဝန်ကြီးတွေကိုလည်း အရေအတွက် လျှော့ဖို့ ဆုံးဖြတ်ပါတယ်။

ဦးသိန်းစိန် လက်ထက်က အဲဒီအဆင့် အစိုးရ အဖွဲ့ဝင် ဝန်ကြီးတွေကို ရှစ်ယောက်ကနေ ၁၀ ယောက်လောက် ထိ ဖွဲ့စည်း ခန့်ထားခဲ့ပါတယ်။ နောက်လာမယ့် အစိုးရ အဖွဲ့တွေအတွက် ဝန်ကြီး ငါးနေရာပဲ ထားဖို့ ဆုံးဖြတ် ပါတယ်။ တပ်မတော်က ခန့်အပ်မယ့် လုံ/နယ် ဝန်ကြီးနဲ့ ပေါင်းမှ ခြောက်ဦးပဲ ရှိမှာပါ။ နည်းနည်းနဲ့ ကျဲကျဲ ဝိုင်းစေချင်တဲ့ သဘောပေါ့။

## ပြည်ထောင်စု ဥပဒေရေးရာနဲ့ အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ် သုံးသပ်ရေး ကော်မရှင်

အစိုးရအဖွဲ့ အသီးသီးကို ရွေးချယ် ဖွဲ့စည်းနေတဲ့ ကာလမှာ တစ်ပြိုင်နက်တည်း ပြည်ထောင်စု ဥပဒေရေးရာနဲ့ အထူး ကိစ္စရပ်များ လေ့လာ ဆန်းစစ် သုံးသပ်ရေး ကော်မရှင်(အထူးကော်မရှင်) ကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။ ကော်မရှင် ဥက္ကဋ္ဌကိုတော့ သူရ ဦးရွှေမန်းကို တာဝန်ပေးပါတယ်။ သူကလည်း အဲဒီ ကော်မရှင်မှာ တာဝန် ယူရမယ် ဆိုရင် လစာမဲ့ ထမ်းဆောင်ချင်ပါတယ်၊ အဖွဲ့ဝင်များကိုလည်း သင့်လျော်မယ် ထင်ရတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းပါရစေလို့ တင်ပြချက်ကို ဒေါ်အောင်ဆန်းစုကြည်က သဘောတူခဲ့ပါတယ်။

ကျွန်တော်လည်း အဲဒီ အဖွဲ့ဝင် ဖြစ်ခဲ့ပါတယ်။ အဲဒီ ကော်မရှင် ဥက္ကဋ္ဌအဖြစ် သူရ ဦးရွှေမန်းဟာ နိုင်ငံနဲ့ နိုင်ငံသားများအကျိုးကို စေတနာမှန်မှန်နဲ့ တာဝန် ထမ်းဆောင်နေတာ တွေ့ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်လည်း ဒီကော်မရှင်နဲ့ မကြာခဏ တွေ့ဆုံပြီး နိုင်ငံအတွက် အကျိုးရှိမယ့် အကြံဉာဏ်များ၊ ဥပဒေများ ပြုစု တင်ပြဖို့ တိုက်တွန်းခဲ့ပါတယ်၊ အထူး ကော်မရှင်ဟာ ဥပဒေပြုခွင့် အာဏာ မရှိသော်လည်း မိမိတို့ တွေ့ရှိ ချက်၊ ပြုစုချက်များကို အစိုးရအဖွဲ့ (သို့) လွှတ်တော် အသီးသီးကို တင်ပြခဲ့ပါတယ်။

## နိုင်ငံတော် အာဏာကို တကယ့်ကို လွှဲပြောင်းပါပြီ

ရင်တထိတ်ထိတ်နဲ့ နိုင်ငံတာဝန် လွှဲပြောင်းရေး အဖွဲ့ Trasition Team ကို တာဝန်ယူပြီး ဦးသိန်းစိန် အစိုးရဲ့ ကိုယ်စားလှယ် အဖွဲ့နဲ့ အစည်းအဝေးတွေ အကြိမ်ကြိမ် လုပ်ပြီးတဲ့အခါ တကယ့် အာဏာ လွှဲပြောင်းမယ့်ရက် တဖြည်းဖြည်း နီးလာပါပြီ။ ဦးသိန်းစိန် အဖွဲ့က ခက်ခဲတဲ့ ကိစ္စတွေနဲ့ ပြဿနာ အထွေအထူး မလုပ်သလို လွှတ်တော်ရေးရာ ကိစ္စတွေမှာလည်း သူရ ဦးရွှေမန်းနဲ့ ဦးခင်အောင်မြင့်တို့ဟာ လူကြီးလူကောင်း ပီသစွာ ပူးပေါင်း ကူညီမှုတွေ ရှိခဲ့ပါတယ်။

အခက်အခဲ အထစ်အငေါ့တွေ မရှိဘူး ဆိုသော်လည်းပဲ မဲ့ပြုံးပြုံးစရာ ကိစ္စလေး တစ်ခုတော့ ဖြစ်ခဲ့ပါ တယ်။ ဦးလှထွန်း ခေါင်းဆောင်တဲ့ အဖွဲ့က သမ္မတ နှစ်ဦး တာဝန် အပြောင်းအလဲ လုပ်ရာမှာ သမ္မတ အိမ်တော်မှာ စစ်ရေးပြ အခမ်းအနားနဲ့ လုပ်ချင်ကြောင်း ပြောပါတယ်။ ဒါကို ဒေါ်အောင်ဆန်းစုကြည်က မလိုလားပါ။ ဒါ့ကြောင့် ကျွန်တော်တို့ကလည်း ငြင်းလိုက်ရပါတယ်။ ညပိုင်း ညစာစားပွဲနဲ့ ဧည့်ခံရေး ကိစ္စကို တော့ ဒုတိယ သမ္မတ ဦးမြင့်ဆွေကို တာဝန်ပေးထားပါတယ် (လို့ ထင်ပါတယ်)။ ကျွန်တော်တို့ဘက်က တင်ပြတာ တစ်ခုရှိပါတယ်။ ဘာလဲဆိုတော့ ညစာစားပွဲ လုပ်နေတဲ့ အချိန်မှာ မီးရှူးမီးပန်း ဖောက်ချင်ပါတယ်လို့ ပြောခဲ့တာပါ။ သူတို့ဘက်က အဖြေကတော့ လောလောဆယ် မီးရှူးမီးပန်းတွေ လက်ကျန် မရှိတော့ပါဘူးတဲ့။ ဒါလေးပါပဲ။

## ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်၊ သမိုင်းဝင်နေ့

အမျိုးသားနဲ့ ပြည်သူ့လွှတ်တော် ပေါင်းတဲ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး/အခမ်းအနား ကျင်းပပါ

တယ်။ အနယ်နယ် အရပ်ရပ် လေ့လာတဲ့ ဧည့်သည်တွေ များလွန်းလို့ အားလုံးကို လွှတ်တော် အဆောက် အဦထဲ ဝင်ခွင့် မပေးနိုင်ပါ။ ဧည့်သည်တော်တွေ လေ့လာတဲ့နေရာမှာ နာယကကြီး သူရ ဦးတင်ဦးနဲ့ ဖနီး ဒေါက်တာ တင်မိုးဝေတို့ တက်ရောက်ပါတယ်။ သူရ ဦးရွှေမန်းနဲ့ ကျွန်တော်တို့ကတော့ သူတို့ ဘေးမှာပါ။ ဒေါ်အောင်ဆန်းစုကြည်ကတော့ ကော့မှူး မြို့နယ် ကိုယ်စားလှယ် အနေနဲ့ လွှတ်တော် တက်ပါတယ်။

အပေါ်ထပ်ကနေပြီး လွှတ်တော်ခန်းမထဲကို ကြည့်တဲ့အခါ ခန်းမ တစ်ခုလုံး ပင်နီ တိုက်ပုံအကျီ ဝတ်တဲ့ NLD ကိုယ်စားလှယ်တွေကို တစ်ဝကြီး မြင်ရပါတယ်။ စိတ်ထဲမှာ "အော်... နှစ်ပေါင်း ၃၀ နီးပါး အဆင်းရဲခံ လှုပ်ရှားခဲ့တဲ့ ဒီမိုကရေစီ အရေးတော်ပုံကြီးဟာ ဒီနေ့တော့ အကောင်အထည် ပေါ်ခဲ့ပြီကော" လို့ စိတ်ထဲမှာ အတွေး ပေါ်လာပါတယ်။ ဒီအတွေးတွေနဲ့ ကျွန်တော်ဟာ ပီတိမျက်ရည် ကျခဲ့မိပါတယ်။

တစ်ဆက်တည်း တွေးမိတာက ကိုထင်ကျော် သမ္မတ အနေနဲ့ နေရမယ့် သမ္မတ အိမ်တော်၊ ကိုဝင်းမြင့်တို့၊ မန်းဝင်းခိုင်သန်းတို့ နေရမယ့် လွှတ်တော် ဥက္ကဋ္ဌ အိမ်တော်များကို ကျွန်တော်က စစ်ဆေး လက်ခံခဲ့ရတော့ အဲဒီ အဆောက်အဦတွေရဲ့ ခမ်းနားမှုတွေဟာ ပြောလို့ဆုံးမယ် မထင်ပါဘူး။ အဲဒီ အိမ်ကြီး တွေ ခမ်းနား ထည်ဝါအောင် ပတ်ပတ်လည်မှာ ရံထားတဲ့ တိုင်လုံးကြီးတွေကိုက ၂၃ လုံး ရှိပါတယ်။ အလား တူပဲ လွှတ်တော် အဆောက်အဦတွေလည်း ခမ်းနားလှပါတယ်။ စိတ်ထဲမှာ "သူတို့ ခများ တစ်သက်လုံး နေသွားကြမယ် ဆိုတဲ့ စိတ်ကူးနဲ့ ဒါကြီးတွေကို ဆောက်ခဲ့တာ၊ အခုတော့ အားလုံးကို စွန့်ပစ်ရပြီး အိမ်နိမ့်စံ ဘဝကို ရောက်နေကြပါပကော၊ သူတို့ ဘယ်လောက်ထိ စိတ်နာလိုက်မလဲလေ" လို့ တွေးမိရင်း သံဝေဂရမိ ပါတယ်။

အဲဒီနေ့ လွှတ်တော်ထဲမှာ ကိုထင်ကျော်က သမ္မတ အဖြစ်၊ ဦးမြင့်ဆွေနဲ့ ဟန်နရီ ဗန်ထီးယူတို့က ဒုတိယ သမ္မတများ အဖြစ် ကျမ်းကျိန်ဆိုတဲ့ မြင်ကွင်းဟာ ကျွန်တော့် မျက်စိထဲမှာ ဘယ်လိုမှ ဖျောက်ဖျက်လို့ မရတဲ့ မြင်ကွင်းပါ။ ကျွန်တော်ဟာ ထောင်အကျခံ၊ စီးပွားအပျက်ခံ၊ မိသားစုတွေ ဖရိုဖရဲ အဖြစ်ခံပြီး နိုင်ငံရေး လုပ်ခဲ့တာ လုပ်ရကျိုးနပ်ပြီပေါ့လို့လည်း ခံစားမိပါတယ်။

## ကမ္ဘာက စိတ်ဝင်စားတဲ့ ဓာတ်ပုံ တစ်ပုံ

သမ္မတနဲ့ ဒုတိယ သမ္မတတွေ ကျမ်းသစ္စာ ကျိန်ဆိုပြီးတဲ့အခါ ကိုထင်ကျော်က သမ္မတအဖြစ် မိန့်ခွန်း ပြောပါ တယ်။ မိန့်ခွန်း ပြောပြီးတဲ့ အခါကျတော့ အဲဒီနေ့ အခမ်းအနား ပြီးသွားပါပြီ။ ပြီးတာနဲ့ သမ္မတ အိမ်တော်မှာ စောင့်နေတဲ့ ဦးသိန်းစိန်ဆီ သွားပြီး သမ္မတ ရာထူး လွှဲပြောင်း လက်ခံယူမယ့် အစီအစဉ်ပါ။ ကိုထင်ကျော်နဲ့ First Lady ဒေါ်စုစုလွင်တို့ လွှတ်တော်က ထွက်သွားပြီးတဲ့အခါ ကျွန်တော်တို့လည်း သမ္မတ အိမ်တော်ကို အူယားဖားယား လိုက်သွားရပါတယ်။ ကိုထင်ကျော်က သမ္မတဆိုတော့ သမ္မတ ယာဉ်တန်းရဲ့ လုံခြုံရေး အစီ အစဉ်တွေကြောင့် ကျန်တဲ့ကား အားလုံး စောင့်ပေးရပါတယ်။

သမ္မတ ဦးထင်ကျော်နဲ့ သမ္မတ ကတော် ဒေါ်စုစုလွင်တို့ သမ္မတ အိမ်တော်ကို ရောက်တဲ့အခါ အခမ်း အနားတွေ ကျင်းပတဲ့ အဆောင်ကို သွားရပါတယ်။ အဲဒီမှာ အစိုးရ အဖွဲ့ဝင် အဟောင်းနဲ့ အသစ်တွေ ရှိပါ တယ်။ သမ္မတ ဦးသိန်းစိန်က ဦးထင်ကျော်ကို သမ္မတ တာဝန်တွေ လွှဲပြောင်းပေးပြီး အခမ်းအနား ဆိုင်ရာ ရွှေစလွယ်ကိုပါ ကိုယ်တိုင်ကိုယ်ကျ ဝတ်ဆင်ပေးတဲ့ အစီအစဉ် ဖြစ်ပါတယ်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ ဒေါ်အောင်ဆန်းစုကြည်လည်း ရှိနေပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို တပ်မတော်က တာဝန်ပေး ခန့်အပ်တဲ့ ဗိုလ်ချုပ်ကြီး သုံးယောက်နဲ့ တပ်ချုပ်

က မိတ်ဆက်ပေးပါတယ်။ ကာကွယ်ရေး ဝန်ကြီးအဖြစ် ဒုတိယ ဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ပြည်ထဲရေး ဝန်ကြီးအဖြစ် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဆွေနဲ့ နယ်စပ် စည်ပင် ဝန်ကြီး အဖြစ် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်တို့ ဖြစ်ပါတယ်။ အဲဒီ သုံးယောက်ကို ဒေါ်အောင်ဆန်းစုကြည်က စကားပြောလိုက်တဲ့အခါမှ သူတို့ အားလုံးက ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော ဖြစ်သွားကြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ အဲဒီ ဗိုလ်ချုပ်ကြီး သုံးယောက်တို့ ပြုံးပြုံးရွှင်ရွှင် ဖြစ်နေတဲ့ ဓာတ်ပုံဟာ On-line မှာ ပျံ့နှံ့သွားပြီး အဲဒီနေ့မှာ တစ်ကမ္ဘာလုံးက စိတ်အဝင်စားဆုံး ဓာတ်ပုံတစ်ပုံ ဖြစ်သွားပါတယ်။ "သူတို့ ဘာလို့များ ဒီလောက် သဘောကျနေကြပါလိမ့်" လို့ အဲဒီ ဓာတ်ပုံ မြင်ရတဲ့သူတိုင်းက မေးခွန်း ထုတ်နေကြပါတယ်။ ဒေါ်စု ပြောလိုက်တဲ့ စကားကတော့ ရိုးရိုးရှင်းရှင်းလေးနဲ့ အလွန် လှပါတယ်။ "ကျွန်မကတော့ ဗိုလ်ချုပ်ကြီးတွေနဲ့ တွေ့ရမယ် အောက်မေ့ပါတယ်၊ လက်စသက်တော့ ရုပ်ရှင်မင်းသားတွေနဲ့ စာရေးဆရာတွေပဲ တွေ့ရပါလား" လို့ ဖြစ်ပါတယ်။

အဓိပ္ပာယ်က မြန်မာ့ ရုပ်ရှင် လောကမှာ နာမည်ကြီးခဲ့တဲ့ မင်းသားကြီး တစ်ယောက်က ကျော်ဆွေ၊ အခု လောလောဆယ် မင်းသား လုပ်နေတဲ့ တစ်ယောက်က ရဲအောင်၊ နောက်ပြီး စာရေးဆရာနဲ့ ကဗျာဆရာ အဖြစ် နာမည်ကျော်နေတဲ့ မောင်စိန်ဝင်း (ပုတီးကုန်း) တို့ကို ဆိုလိုတာပါ။ ဒေါ်စုက ဉာဏ်ပြေးလေတော့ အဲဒီ ဗိုလ်ချုပ်ကြီး သုံးယောက်စလုံးဟာ မပြုံးမရယ်ဘဲ မနေနိုင်တော့အောင် ဖြစ်ခဲ့တာပါ။ တကယ်တော့ သူဟာ ဒီ ပုဂ္ဂိုလ်တွေနဲ့ နောင်မှာ ဆက်ဆံတဲ့အခါမှာ လွယ်ကူအောင် တစ်နပ္ပတ္တိဉာဏ်ကို သုံးလိုက်တာ ဖြစ်ပါတယ်။ အင်္ဂလိပ်လို ပြောရရင် Ice is broken ပေါ့။

## နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲ နိုင်ပြီးတဲ့အခါ ဒေါ်အောင်ဆန်းစုကြည်ဟာ အင်တာဗျူးတွေ လုပ်ရပါတော့တယ်။ အဲဒီအခါမှာ သတင်းထောက် တစ်ဦးက "ဖွဲ့စည်းပုံအရ သမ္မတ လုပ်ခွင့် မရှိရင် အစိုးရ အဖွဲ့ကို ဘယ်လို ဖွဲ့စည်း ဆောင်ရွက်မှာလဲ" လို့ မေးတဲ့အခါ ဒေါ်စုက "ကျွန်မက သမ္မတအပေါ်က နေမှာ" ဆိုပြီး ပြောခဲ့ဖူးပါတယ်။ အဲဒီစကားနဲ့ ပတ်သက်လို့ ဝေဖန်မှုတွေ ရှိခဲ့ပေမဲ့ ကျွန်တော်တို့က သဘောကျပါတယ်။

တကယ့်ကို အစိုးရ ဖွဲ့တဲ့အခါမှာ ဒေါ်စုအနေနဲ့ အစိုးရ အဖွဲ့ကို ထိရောက်စွာ ကွပ်ကဲနိုင်ဖို့ အနေအထား တစ်ခု လိုပါတယ်။ အဲဒီ အနေအထားကို ရောက်အောင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှာ ပါတဲ့ ပုဒ်မ ၂၁၇ နဲ့ ၂၁၈ တို့ကို လက်တွေ့ အသုံးချဖို့ ဖြစ်လာပါတယ်။ ပုဒ်မ ၂၁၇ မှာ "ပြည်ထောင်စု လွှတ်တော်သည် အာဏာပိုင် အဖွဲ့အစည်း တစ်ရပ်ရပ်အား လည်းကောင်း၊ အာဏာပိုင် ပုဂ္ဂိုလ် တစ်ဦးဦးအား လည်းကောင်း တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပေးအပ်ခြင်း မပြုနိုင်ဟု မမှတ်ယူရ" ဆိုပြီး ရေးထားပါတယ်။

အဲဒီ ပုဒ်မကို ကျွန်တော် ဖတ်တဲ့အခါမှာ လူက အူကြောင်ကြောင် ဖြစ်သွားပါတယ်။ အင်္ဂလိပ်လို ရေးရရင်တော့ Double negative သဘောမျိုးပေါ့။ မရှိ- မဟုတ်- မဖြစ် ဆိုတဲ့ သဘောကို နှစ်ကြိမ် သုံးထားတာပါ။ ဥပဒေ ပညာရှင်များရဲ့ ပညာခန်းလို့ ကျွန်တော် ထင်ပါတယ်။ အဲဒီလို ရေးမယ့်အစား "......... တစ်ဦးဦးအား လည်းကောင်း တာဝန်နဲ့ လုပ်ပိုင်ခွင့်များ ပေးနိုင်သည်" လို့ ရေးရင် ပိုကောင်းမယ် မဟုတ်ပါလား။ ပညာရှင်တော့ မဆန်ဘူးပေါ့၊ မခံ့ညားဘူးပေါ့။ ဒါပေမဲ့ အဓိပ္ပာယ်က သိပ်ရှင်းလင်း လွယ်ကူပါတယ်။

အဲဒီ ပုဒ်မတွေကလည်း တော်တော် ထူးခြားပါတယ်။ အဲဒီ စာသားအတိုင်းပဲ ၁၉၄၇ ခုနှစ် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေမှာလည်း ပါပါတယ်။ ဒါ့အပြင် ဦးနေဝင်း လက်ထက်မှာ ရေးခဲ့တဲ့ ၁၉၇၄ ခုနှစ်

ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှာလည်း ပါပါတယ်။ ဒီပုဒ်မရဲ့ ကျေးဇူးကြောင့် ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်ရယ်လို့ တာဝန် ထမ်းဆောင်နိုင်တာပါ။

အဲဒီပုဒ်မကို အသုံးချဖို့အတွက် အဓိက ဖော်ထုတ် အကြံပေးတဲ့သူကတော့ မသမာသူ တစ်ဦးက လုပ်ကြံလို့ မင်္ဂလာဒုံ လေဆိပ်မှာ ကွယ်လွန်သွားတဲ့ ရှေ့နေကြီး "ဦးကိုနီ" ဖြစ်ပါတယ်။ ဦးကိုနီဟာ ဥပဒေ ရေးရာမှာ အလွန် ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ် တစ်ယောက် ဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ကိုလည်း လုံးဝ ဆန့်ကျင်တဲ့ ပုဂ္ဂိုလ် တစ်ယောက် ဖြစ်ပါတယ်။ (သူ လုပ်ကြံခံရတဲ့ အကြောင်းရင်း တစ်ခုဟာ အဲဒီ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို သဲကြီးမဲကြီး ဆန့်ကျင်ပြီး ဟောပြောပွဲတွေလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ခဲ့ တာကြောင့် ဖြစ်နိုင်ပါတယ်။)

ဒီပုဒ်မနဲ့ ပတ်သက်လို့ တာဝန်ယူပြီး ဒိုင်ခံ စာဖွဲ့ရသူကတော့ ကိုဝင်းမြင့်ပေါ့။ ဥပဒေ တစ်ခု ပြုစုရာမှာ Spirit of Law လို့ ခေါ်ရမယ့် ဥပဒေရဲ့ ရည်ရွယ်တဲ့ အနှစ်သာရ ရှိသလို Letter of Law လို့ ခေါ်ရမယ့် ဥပဒေနဲ့ တူတဲ့ အရေးအသားလည်း ဆီလျော်ဖို့ လိုပါတယ်။ အဲဒီ ဥပဒေအရ ဖန်တီးတဲ့ ရာထူးကတော့ နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဖြစ်ပါတယ်။

## အတိုက်အခံတွေနဲ့ပါ

လွှတ်တော် နှစ်ရပ်လုံးမှာ ကျွန်တော်တို့ NLD က လူအများစုပါ။ လူအများစု ဆိုတိုင်း ဥပဒေ ဆိုင်ရာ အဆို တွေကို လွယ်လွယ်ကူကူ ကျော်ဖြတ်နိုင်တာ မဟုတ်ပါ။ အဆိုတစ်ခု ဖြစ်လာပြီ ဆိုတိုင်း ဘယ်လို မဲပေးရမယ် ဆိုတာ လွှတ်တော် ဥက္ကဋ္ဌက တာဝန်ပေးထားတဲ့ Whip လို့ ခေါ်တဲ့ လွှတ်တော် ကိုယ်စားလှယ်က နှိုးဆော် ပေးရပါတယ်။ Whip ဆိုတာက ဒီမိုကရေစီ နိုင်ငံကြီးတွေ ဖြစ်တဲ့ အမေရိကန် နိုင်ငံနဲ့ အင်္ဂလန် နိုင်ငံ လွှတ်တော်တွေမှာ ထားရှိတဲ့အတိုင်း လိုက်နာ ဆောင်ရွက်တာပါ။

Whip ဆိုတဲ့ အဓိပ္ပာယ်က သိကြတဲ့အတိုင်း "ကြာပွတ်" ပေါ့။ မြင်းတွေ၊ နွားတွေကို ကိုယ်လိုရာ ခရီး ဖြောင့်ဖြောင့် သွားနိုင်အောင် ကြာပွတ်နဲ့ ထိန်းရကြောင်းရသလို လွှတ်တော် ကိုယ်စားလှယ်တွေကိုလည်း ထိန်းရတဲ့သူကို Whip လို့ ခေါ်တာပါ။ ရုတ်တရက် ကြည့်ရင်တော့ ရိုင်းသလိုလို ရှိပါတယ်။ ဒါပေမဲ့ သူတို့ ဆီမှာက ဒီထုံးတမ်းစဉ်လာဟာ နှစ် ရာနဲ့ချီ ရှိနေပါပြီ။ အခု ကျွန်တော်တို့ လွှတ်တော်မှာတော့ ကိုမောင်မောင် ဦးက ပြည်သူ့ လွှတ်တော် Whip နဲ့ ကိုသိန်းဆွေကတော့ အမျိုးသား လွှတ်တော် Whip တို့ ဖြစ်ကြပါတယ်။

နိုင်ငံတော် အတိုင်ပင်ခံ ဆိုင်ရာ လွှတ်တော် ဥပဒေ တင်တဲ့အခါမှာ မျှော်မှန်းတဲ့အတိုင်း ပြည်ခိုင်ဖြိုး ပါတီနဲ့ တပ်မတော်သား ကိုယ်စားလှယ်တွေက ကန့်ကွက်ခဲ့ပါတယ်။ မဲခွဲလို့ နိုင်တာကတော့ ကြိုသိပြီးသား ဆိုပေမဲ့ ကန့်ကွက်တဲ့သူတွေရဲ့ တင်ပြချက်တွေနဲ့ ပြောဆိုချက်တွေဟာ နိုင်ငံရေးအရ မလိုလားအပ်တဲ့ အချက်တွေ ပါပါတယ်။ အလားတူပဲ ဒုတိယ သမ္မတ ဟန်နရီ ဗန်ထီးယူကိုလည်း ကန့်ကွက်ခဲ့ကြတာပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့က အများစု ဆိုတော့ အဲဒီကိစ္စတွေမှာ အနိုင်ရခဲ့ပါတယ်။

သမ္မတ ဦးထင်ကျော် တာဝန်ယူပြီးတဲ့ အချိန်ကစပြီး ကျွန်တော်တို့ Transition Team ရဲ့ လုပ်ငန်း တာဝန်တွေ ပြီးဆုံးသွားပါပြီ။ အစိုးရ နစ်ဖွဲ့ အာဏာ လွှဲပြောင်းရေးဟာ ချောချောမွေ့မွေ့ အောင်မြင်ခဲ့တဲ့အတွက် ကျွန်တော် ကြိတ်ပြီး ဂုဏ်ယူမိပါတယ်။

## လူတွေ လဲခဲ့ရတယ်

NLD အစိုးရ စတင် တာဝန်ယူတဲ့ အချိန်ကစပြီး ယနေ့အထိ ပြည်ထောင်စု အဆင့်မှာ ဝန်ကြီး နှစ်ပါးနဲ့ ဒုဝန်ကြီး တစ်ပါးတို့ကို လဲလှယ်ခဲ့ရပါတယ်။ ဒုဝန်ကြီး အသစ်အချို့လည်း ဖြည့်စွက် ခန့်အပ်ခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်မှာတော့ မွန်ပြည်နယ်မှာ ကိုမင်းမင်းဦးအစား ဒေါက်တာ အေးဇံနဲ့ လဲလှယ် အစားထိုးခဲ့ရသလို၊ ဧရာဝတီတိုင်းမှာလည်း မန်းဂျော်နီကြီး အစား ဦးလှမိုးအောင်နဲ့ အစားထိုး ခန့်အပ်ခဲ့ရပါတယ်။ ဒေသဆိုင်ရာ ဝန်ကြီး အချို့ကိုတော့ ပဲခူးတိုင်း၊ မကွေးတိုင်းနဲ့ ချင်းပြည်နယ်တို့မှာ ဆောင်ရွက်ခဲ့ပါတယ်။ နောက်လည်း အခါအားလျော်စွာ ဒီလို ကိစ္စတွေ ဖြစ်နေဦးမှာပါပဲ။

## နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်ရဲ့ဦးစားပေး ကိစ္စများ

နောက်ကြောင်းပြန် စဉ်းစားကြည့်တဲ့အခါ ကျွန်တော်တို့ NLD ဟာ မြေပေါ် သူပုန်ဆန်ဆန် အဖွဲ့အစည်း တစ်ခုကနေပြီးတော့ အခုလို နိုင်ငံ့ တာဝန် ထမ်းဆောင်နိုင်တဲ့အထိ အောင်မြင်မှု ရခဲ့တာဟာ အကြောင်းရင်း တစ်ခုပဲ ရှိပါတယ်။ ဒါကတော့ ဒေါ်အောင်ဆန်းစုကြည်ပါပဲ။ သူ့အစွမ်းကြောင့် ဒီလို ဖြစ်လာရတာ ဆိုတဲ့ အကြောင်းကိုလည်း အခွင့်ကြုံတိုင်း ပြောခဲ့ပါတယ်။ ဟုတ်တယ်လေ။ NLD ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပါတီဆိုတာ လူတိုင်း သဘောပေါက်ဖို့ လိုပါတယ်။ သွန်ချင်သလို သွန်၊ မှောက်ချင်သလို မှောက်လို့ရတဲ့ အနေအထားပါ။

♥♥♥♥♥

## အခန်း (၁၇)
## ရေးပြချင်သေးတဲ့ ပုဂ္ဂိုလ်အချို့

### ကိုဝင်းမြင့်

ကိုဝင်းမြင့်ကတော့ အခု သမ္မတ တာဝန် ထမ်းဆောင်နေပါပြီ။ "တစ်ချိန်ကျရင် ငါ သမ္မတ ဖြစ်ရမယ်" လို့ ဘယ်တုန်းကမှ အိပ်မက် မမက်ခဲ့တဲ့သူ ဖြစ်ပါတယ်။ ဒါပေမဲ့ "လွှကံဆိုတာ ပြောလို့ မရဘူး" ဆိုတဲ့ ရှေးစကား တစ်ခုအရ သူ အခု သမ္မတ ဖြစ်နေပါပြီ။ ဇနီး ဒေါ်ချိုကတော့ First Lady ပေါ့။

ကိုဝင်းမြင့်ဟာ ၁၉၉၀ ခုနှစ်ကတည်းက ဧရာဝတီတိုင်းက အရွေးချယ်ခံ ပုဂ္ဂိုလ် တစ်ယောက် ဖြစ်ပါ တယ်။ သူက လူအေးဖြစ်တော့ အာဏာပိုင်တွေက ချက်ချင်း မျက်စိမကျပါ။ ဒါ့ကြောင့် စောစောစီးစီး အဖမ်း မခံရဘူးပေါ့။ ၁၉၉၆ ခုနှစ်၊ နဝတရဲ့ အထွေထွေ ဖိနှိပ်၊ နှိမ်နင်းရေး လုပ်ငန်းတွေ စတော့မှ သူနဲ့ လူကြီးတချို့ကို လှည်းကူး မြို့နယ်က ရဲမွန် တပ်စခန်းမှာ အကျယ်ချုပ်ချခြင်း ခံခဲ့ရပါတယ်။ ထောင်မဆန့်တော့လို့ပါ။ ငါးနှစ် လောက်ကြာပါတယ်။

### အပေးအယူ လုပ်ဖို့ ကမ်းလှမ်းကြသေးတယ်

ဇနီး ဒေါ်ချိုနဲ့ ကလေး နှစ်ယောက် (သမီး တစ်ယောက်၊ သား တစ်ယောက်) ဟာလည်း ရုန်းရင်းကန်ရင်းနဲ့ လောကဓံ ပင်လယ်ကို တမေ့တမောကြီး ကူးခတ်ခဲ့ကြရပါတယ်။ တစ်ချိန်မှာတော့ သူတို့ရဲ့ သားဟာ သေ လောက်တဲ့ အထိ ရောဂါ ရလာပါတယ်။ အဲဒီအခါမှာ အာဏာပိုင်တွေက ဦးဝင်းမြင့်ကို အပေးအယူ လုပ်ဖို့ ကမ်းလှမ်းပါတယ်။ သူ့သားရဲ့ ရောဂါကို အနီးကပ် ပြုစုခွင့် ရချင်ရင် နိုင်ငံရေး မလုပ်တော့ပါဘူးလို့ လက်မှတ် ထိုးဖို့ပါ။ ဒါပေမဲ့ ဦးဝင်းမြင့် လက်မခံခဲ့ပါဘူး။

သားကတော့ ဆုံးပါးသွားခဲ့ပါတယ်။ ကိုယ်ချင်းစာတရား ရှိတဲ့သူတိုင်း စုတ်တသပ်သပ် ဖြစ်ခဲ့ပါတယ်။ အချိန်တန်လို့ သူတို့ ပြန်လွှတ်ပေးတဲ့အခါမှာ ဥက္ကဋ္ဌ ဦးအောင်ရွှေနဲ့ တွဲပြီး ပါတီလုပ်ငန်းတွေ ဆောင်ရွက်ပါ တယ်။ ဦးအောင်ရွှေဟာ ရုံးလုပ်ငန်း စည်းစနစ်တွေ ကျွမ်းကျင်တဲ့အတွက် ကိုဝင်းမြင့်ဟာ ဦးအောင်ရွှေထံက ပညာတွေ အများကြီး ရလိုက်ပါတယ်။

၂၀၁၂ ခုနှစ်၊ ကြားဖြတ် ရွေးကောက်ပွဲမှာ လွှတ်တော် ကိုယ်စားလှယ် ပြန်ဖြစ်လာတော့ လွှတ်တော်မှာ ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် တာဝန်ယူတဲ့ "တရားဥပဒေ စိုးမိုးရေးနဲ့ တည်ငြိမ်ရေး ကော်မတီ" မှာ အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ရတော့ သူဟာ ဒေါ်စုဆီက နိုင်ငံရေး အတွေးအခေါ် တွေ အများကြီး ရခဲ့ပါ

တယ်။ အဲဒီလို အနှစ်နှစ် အလလ ကြုံခဲ့ရတဲ့ နိုင်ငံရေး လောကဓံနဲ့ အတွေးအခေါ်တွေဟာ လွှတ်တော် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်တဲ့အခါ ပြန်လည် အသုံးချနိုင်တာ တွေ့ရပါတယ်။

## ကိုဝင်းမြင့်ရဲ့ ဟာသအရှိန်

အရင် လွှတ်တော်ကာလ ပြီးဆုံးခါနီးမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ အနယ်နယ် အရပ်ရပ်ကို ခရီး ထွက်ပါတယ်။ ဟောပြောပွဲတွေ လုပ်ပါတယ်။ တစ်ခါတစ်ရံ ကိုဝင်းမြင့်ကို ခေါ်ပါတယ်။ သူကလည်း ရှေ့နေ လုပ်ခဲ့ဖူးတဲ့အတွက် အပြောကောင်း၊ အဟောကောင်းပါ။ သူ စကားပြောတိုင်း နိဂုံးချုပ်ခါနီးမှာ မှတ်သားလောက်ဖွယ် ကောင်းတဲ့ ကဗျာတစ်ပုဒ် ရွတ်ပြလေ့ ရှိပါတယ်။

ကျွန်တော်တို့ ကိုဝင်းမြင့်နဲ့အတူ ဒေါ်စု ခရီးစဉ်လိုက်တဲ့အခါမှာ အတွေ့အကြုံတွေ စုံပါတယ်။ ဒေါ်စုဟာ ခရီးစဉ်တိုင်း အချိန်ဇယား တိကျတဲ့အတွက် သွားမယ်ဆိုရင် သွားမယ်၊ ရပ်မယ်ဆိုရင် ရပ်မယ်၊ ကြားဖြတ် အစီအစဉ်တွေ ထိုးမယ်ဆိုရင် သူ သိပြီးမှသာ လုပ်ရပါတယ်။ အစီအစဉ်မှာ မပါတဲ့ ကိစ္စတစ်ခု ပေါ်လာရင် ပြောလို့ မဆုံးတော့ပါဘူး။

အဲဒီတော့ သူ့ခရီးစဉ် Convoy ဆိုရင် ရှေ့ဆုံးကားက လုံခြုံရေး လူငယ်တွေ၊ နောက်ကားက ကျွန်တော်၊ ကိုဝင်းမြင့်နဲ့ မောင်မောင်ဦးတို့ကား၊ နောက်ကားက ဒေါ်စုနဲ့ မငယ်၊ နောက်ဆုံးကားက လုံခြုံရေး လူငယ်တွေရဲ့ ကား။ အဲဒီနောက်မှာတော့ ဒေသခံလူတွေ နည်းရင်နည်းသလို၊ များရင်များသလို ကားတန်းရှည်လေပေါ့။

တစ်နေရာကနေ တစ်နေရာ သွားပြီဆိုရင် လမ်းမှာ ဘယ်မှာမှ မရပ်ပါဘူး။ အပေ့ါအပါးက စလို့ပေ့ါ။ အဲဒီတော့ ကျွန်တော်တို့က သောက်ရေသန့် ပုလင်းလွတ်တွေ ဆောင်ထားရပါတယ်။ အပေ့ါ သွားချင်ရင် ပုလင်းနဲ့ ပြဿနာ ရှင်းလေ့ရှိပါတယ်။ မောင်မောင်ဦးတို့ ကျွန်တော်တို့ကတော့ ကျွမ်းနေပြီ။ ကိုဝင်းမြင့်ကတော့ ဒါတွေ မကျွမ်းသေးပါဘူး။ သူက အန္တရာယ် မလွယ်နိုင်လို့ ပူဆာတော့ သောက်ရေသန့် ပုလင်းလွတ် တစ်လုံး ပေးပြီး ရှင်းခိုင်းပါတယ်။ သူက ခဏနေတော့ "ဟာကွာ အဆင်မပြေဘူး မောင်မောင်ဦးရ၊ စိုကုန်ပြီ၊ လုံချည်တွေ စိုကုန်ပြီ" လို့ ညည်းပါတယ်။ ကျွန်တော်တို့ကတော့ တဝါးဝါး တဟားဟားပေ့ါ။

## ကိုဝင်းမြင့် အမေ ခေါ်လာတယ်

၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲမှာ ရွေးချယ်ခံရတဲ့ ကျွန်တော်တို့ NLD လွှတ်တော်ကိုယ်စားလှယ်တွေဟာ မေလဆန်းလောက်ကတည်းက နေပြည်တော် စည်ပင်ရိပ်သာ ၂ ကို တဖွဲဖွဲ ရောက်လာကြပါတယ်။ ကျွန်တော်ကတော့ ယနေ့ထိ နေနေဆဲဖြစ်တဲ့ အဆောင် ၃၇၊ အခန်း ၂ မှာ နေရာချထားခြင်း ခံရပါတယ်။ အဲဒီအဆောင်မှာပဲ ကိုဝင်းမြင့်က အခန်း ၇ မှာ ရောက်နေပါပြီ။ သူနဲ့အတူ ဇနီး ဒေါ်ချိုလည်း ပါလာတာ တွေ့ရပါတယ်။

ဒေါ်ချိုကို အဲဒီအခါကျမှ တွေ့ဖူးတာပါ။ ကိုဝင်းမြင့်နဲ့ ရွယ်တူလို့ သိရပါတယ်။ ကိုဝင်းမြင့်က အသက် ၆၀ ခန့်လောက်ဆိုတော့ ဒေါ်ချိုလည်း အသက်တူတဲ့အတွက် မြန်မာပြည်က အမျိုးသမီးများလိုပဲ အရွယ် သိပ်မတင်တော့ပါဘူး။ ဒေါ်ချိုဟာ ငယ်ငယ်ကတော့ မိန်းမချောတစ်ယောက် ဖြစ်မှာပါ။ သဒ္ဓါတရား ကောင်းပြီး နောက်ပိုင်း ရောက်လာတဲ့ လူငယ် လွှတ်တော် ကိုယ်စားလှယ်များ ဖြစ်တဲ့ ကိုအောင်စိုးတို့၊ ကိုကျော်သီဟတို့၊ ကိုမင်းသူတို့ ဆိုရင် ဒေါ်ချို့ လက်ရာ ထမင်းကောင်း၊ ဟင်းကောင်း စားနေကျပါ။

ကျွန်တော်တို့ ရောက်လာပြီဆိုတော့ ဒေါ်စုက တွေ့ရအောင် ခေါ်ပါတယ်။ စည်ပင်ရိပ်သာ ၂ အနေအထား သိချင်လို့ ဖြစ်ပါတယ်။ ဒေါ်စုက အဲဒီအချိန်မှာ ဥက္ကံရသီရိ မြို့နယ်က နှင်းဆီစံအိမ်မှာ ရောက်နေပါပြီ။ ဒေါ်စုက ဘယ်သူတွေ ရောက်နေပြီလဲ မေးတော့ ဗြိုးဗေယျာသော်တို့၊ ကိုဝင်းမြင့်တို့ ရောက်နေပြီ ဖြစ်ကြောင်း၊ ကိုဝင်းမြင့်က သူ့အမေကိုလည်း ခေါ်လာကြောင်း ကျွန်တော်က ပြောလိုက်တော့ ဒေါ်စုကလည်း "အော်... အော်" ပေါ့။ မှတ်ထားလိုက်တယ် ထင်ပါတယ်။

နောက်တစ်နေ့ တိုက်တိုက်ဆိုင်ဆိုင် ဒေါ်စုက ဗြိုးဗေယျာသော် အခန်းကို ရောက်လာပါတယ်။ အဲဒီအချိန်မှာ ဗြိုးဗေယျာသော်ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိုယ်ရေးအရာရှိ သဘောမျိုး တာဝန်ပေးဖို့ ကြေညာပြီးပါပြီ။ ဗြိုးဗေယျာသော် အခန်းနဲ့ ကိုဝင်းမြင့် အခန်းက မျက်နှာချင်းဆိုင်လောက်ပါ။ ဒေါ်စု လာတယ်ဆိုတော့ ရောက်နှင့်နေတဲ့လူတွေ သွားရောက် တွေ့ဆုံ နှုတ်ဆက်ကြပါတယ်။ အဲဒီမှာ ဒေါ်ချိုလည်း သွားနှုတ်ဆက်ပါတယ်။ ကိုဝင်းမြင့်ကတော့ အပြင်သွားနေလို့ မရှိပါ။

ဒေါ်ချိုက ဒေါ်စုကို "အစ်မ၊ ကျွန်မက ကိုဝင်းမြင့်ရဲ့......." လို့ ဆိုလိုက်တာနဲ့ နှုတ်သွက်တဲ့ ဒေါ်စုက "အော်... ကိုဝင်းမြင့် အမေ ဆိုတာလား" လို့ မှတ်ချက်ပြုလိုက်ပါတယ်။ အဲဒီအခါမှာ ဘေးနားက ရောက်နေတဲ့သူ အချို့က "ဝါး" ခနဲ ရယ်လိုက်ကြပါတယ်။ ကျွန်တော့် လက်ချက်မှန်း ရိပ်မိတဲ့ ဘော်ဒါ တစ်ယောက်က "ဦးထိန်ကတော့ လုပ်ချလိုက်ပြန်ပြီ" ဆိုတော့မှ ဒေါ်စုလည်း လိပ်ပတ်လည်သွားပြီး ရယ်ပါတော့တယ်။ ကျွန်တော့်ကိုတော့ အဲဒီလို Practical joke လုပ်ရကောင်းမလား ဆိုပြီး မကျေမနပ်နဲ့ မျက်စောင်းထိုးပါတယ်။

ကျွန်တော်လည်း အဲဒီ ဟာသဟာ ကျွန်တော်တို့ အသိုင်းအဝိုင်းမှာ ပျံ့နှံ့သွားပါတယ်။ ဒီဟာသနဲ့ ပတ်သက်လို့ နောက်ပိုင်းမှာ ဒေါ်စုက "ဒေါ်ချိုဟာ ကိုဝင်းမြင့်ရဲ့ ညီမ၊ ဒေါ်ချိုဟာ ကိုဝင်းမြင့်ရဲ့ ညီမ" လို့ တတွတ်တွတ် ရွတ်ပြီး ကျွန်တော့်ရဲ့ ဟာသကို ချေဖျက်ပေးခဲ့ပါတယ်။

## ဒေါက်တာ ဒေါ်မေဝင်းမြင့်

ကျွန်တော့်အခေါ် "ဒေါ်မေ" ရဲ့ ငယ်နာမည်က မဝင်းမြင့်ပါ။ ဆရာဝန်ဖြစ်ပြီး နောက်ပိုင်း အိမ်ထောင်ကျတော့ သူ့အမျိုးသားရဲ့ နာမည်ကလည်း ကိုဝင်းမြင့်ပါ။ ဒါ့ကြောင့် သူ့နာမည်ကို "မေဝင်းမြင့်" လို့ တရားဝင် ပြောင်းခဲ့တာပါ။ ဒေါ်မေရဲ့ နိုင်ငံရေး ခရီးလမ်းဟာ အတော့်ကို ကြမ်းတမ်းပါတယ်။ သူဟာ NLD ကို စဝင်လာစက မရမ်းကုန်း မြို့နယ်က စခဲ့တာပါ။ နောက်ပိုင်း အမျိုးသမီး အဖွဲ့မှာ တက်ကြွစွာ ပါဝင် လှုပ်ရှားရင်းနဲ့ အခုတော့ CEC အဖွဲ့ဝင် အဖြစ်နဲ့ လည်းကောင်း၊ NLD အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ အနေနဲ့ လည်းကောင်း တာဝန်ယူနေပါပြီ။

ဒေါ်မေရဲ့ အဓိက အရည်အချင်းတွေမှာ အလုပ်ရှိရင် မနားမနေ အလုပ်လုပ်ပါတယ်။ NLD အပေါ်မှာလည်း သစ္စာရှိပါတယ်။ မမှန်ရင် မမှန်သလို၊ မှန်ရင် မှန်သလို ဝေဖန် ထောက်ပြရဲတဲ့သူ တစ်ယောက် ဖြစ်ပါတယ်။ ဖိနှိပ်မှုတွေ တိုးလုပ်လာတဲ့ ၁၉၉၆ ခုနှစ်က စပြီး အာဏာပိုင်တွေက ဒေါ်မေအပေါ်မှာ အာရုံစိုက်လာကြပါပြီ။ အဲဒီ အကျိုးဆက်အဖြစ် အဖမ်းခံရပြီး ထောင်ဒဏ် ခုနစ်နှစ် အချခံရပါတယ်။ ခုနစ်နှစ် ပြည့်ပြန်တော့လည်း အာဏာပိုင်တွေက သူ့ကို အရမ်းချစ်တော့ ပြန်မလွှတ်ဘဲ နောက်ထပ် လေးနှစ် နေခဲ့ရပါတယ်။ စုစုပေါင်း ၁၁ နှစ်ပေါ့။

ကျွန်တော်တို့ လုပ်ရင်းကိုင်ရင်း ငြင်းကြခုံကြ၊ စကားများကြ၊ ပြန်ခင်လိုက်ကြနဲ့ ရှိတတ်ကြပါတယ်။ ကိုဝင်းမြင့်က ဒေါ်မေကို အစ,ဆုံးပါ။ ငြင်းခုန်ပြီးလို့ ဒေါ်မေက နှုတ်ခမ်းစူပြီး ထွက်သွားတဲ့အခါ သူက "ဒေါ်မေက ထောင်ထဲမှာ အနေကြာတော့ နည်းနည်း ချောင်သွားပြီ ထင်တယ်" လို့ မကြားတကြား မှတ်ချက်

ချလေ့ရှိပါတယ်။ ကျွန်တော်နဲ့လည်း တစ်ခါတလေ သဘောထား မတိုက်ဆိုင်လို့ ဒေါ်မေ စိတ်ကောက်ပြီး နှစ်လ သုံးလလောက် စကားမပြောပဲ နေတာရှိခဲ့ဖူးပါတယ်။ သူ့အကြောင်း သိနေတော့ ကျွန်တော်က သူ့ကို ပြုံးပြုံးနဲ့ ဆက်ဆံလေ သူ ဒေါပွလေပါပဲ။ သူ ဒေါပွစေချင်ရင် စလို့ လွယ်လွယ်လေး။

ကျွန်တော်က သူတို့ မိသားစုနဲ့ ခင်မင် ရင်းနှီးပါတယ်။ တစ်ခါတလေ ခရီးအတူ သွားရလေ့ ရှိခဲ့ဖူးပါ တယ်။ ရန်ကုန်မြို့ထဲ ခရီး ဆိုရင် ကိုဝင်းမြင့် မောင်းပြီး ဒေါ်မေက ရှေ့က ထိုင်၊ ကျွန်တော်က နောက်က ထိုင်တဲ့ လမ်းကြောင်းမျိုး နှစ်ကြိမ် သုံးကြိမ် သွားခဲ့ဖူးပါတယ်။ သူတို့နှစ်ယောက်က လမ်းကြောင်းနဲ့ပဲ ဖြစ်ဖြစ်၊ အကြောင်းအရာ တစ်ခုနဲ့ပဲ ဖြစ်ဖြစ် ငြင်းလိုက်ကြတာ၊ ငြင်းလိုက်ကြတာ နောက်က ပါတဲ့ ကျွန်တော့်ကို တောင် သူတို့ မေ့သွားဟန်တူပါတယ်။ သူတို့ လင်မယား နှစ်ယောက် အဲဒီလို အတိုင်အဖောက် ညီနေတာ ဟာလည်း လင်မယားဘဝ မြဲနေခြင်းရဲ့ အဓိက အကြောင်းတွေပဲလားလို့တောင် အတွေးပေါက်ခဲ့မိပါတယ်။

ကိုဝင်းမြင့်ကတော့ အရာရှိဘဝက ပင်စင်ပေးခြင်း ခံရသူ ဖြစ်ပါတယ်။ ဘာ့ကြောင့်လဲ ဆိုတာကိုတော့ မေးနေစရာ မလိုပါဘူး။ နဝတ လက်ထက်မှာ အဲဒီလို အငြိမ်းစားပေးခံရတဲ့ အရာရှိတွေက ဒုနဲ့ဒေးလေ။ တက္ကသိုလ်က ဆရာတွေတောင် မလွတ်ပါဘူး။ ကိုဝင်းမြင့်က စာဖတ်အားကောင်းတဲ့သူ ဖြစ်တော့ အကြောင်း အရာ မျိုးစုံကို ဆွေးနွေးနိုင်ပါတယ်။ ကျိုးကြောင်း ဆီလျော်အောင် အမြေရှာတတ်ပါတယ်။ ဒါ့ကြောင့် သူ့ အရည်အချင်းကို အသိအမှတ်ပြုတဲ့ အနေနဲ့ "ဒေါ်မေ၊ ကိုဝင်းမြင့်က တကယ်တော်တဲ့ ပုဂ္ဂိုလ်ဗျာ" လို့ ခဏ ခဏ ရေရွတ်ပါတယ်။ နှစ်ခါ သုံးခါလောက်နဲ့ ဒေါ်မေ သဘောမပေါက်ပါဘူး။ ကျွန်တော် ထပ်ခါ ထပ်ခါ ရွတ် တော့မှ သူက "အမယ်၊ ကျုပ်က ညံ့တယ်လို့ ဆိုလိုတာလား" လို့ ပြန်ပက်ပါတယ်။ ကျွန်တော်က "အဲဒီလို မဟုတ်ပါဘူးဗျာ" လို့ လျော့ချရပါတယ်။

## စည်းကမ်းကြီးတဲ့ မဝင်းမြင့်

ဒေါ်မေက စည်းကမ်းသမားပါ။ ဆေးတက္ကသိုလ်မှာ သူနဲ့ အပတ်စဉ် အတူ တက်ပြီး ဆရာဝန် ဖြစ်ခဲ့တဲ့ လွှတ်တော် ကိုယ်စားလှယ်တွေ ပါလာပါတယ်။ ဒေါက်တာ ဒေါ်သန်းငွေ၊ ဒေါ်ရွှေပုံ၊ ဒေါ်ခင်ညို၊ ဒေါက်တာ အောင်ထွန်းခိုင်တို့အပြင် ငြိမ်းချမ်းရေး ကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းလည်း ပါပါတယ်။ ဒေါ်မေ စည်းကမ်းကြီးကြောင်း သူ့သူငယ်ချင်းတွေ ပြန်ဖောက်သည်ချလို့ သိရပါတယ်။

ဒေါ်မေက မော်လမြိုင် ဇာတိပါ ဆေးတက္ကသိုလ်တက်တော့ လမ်းမတော် ဆေးတက္ကသိုလ်က အဆောင်မှာ နေရပါတယ်။ ကိုဝင်းမြင့်နဲ့ သမီးရည်းစား ဖြစ်တော့ ဒေါ်မေ့ အဆောင်ကို ပုံမှန် လာတွေ့ဖြစ် တယ်ပေါ့။ တစ်နေ့တော့ ကိုဝင်းမြင့်နဲ့ မဝင်းမြင့်တို့ အကြီးအကျယ် ပြဿနာတက်ပါတယ်တဲ့။ ကိုဝင်းမြင့်က ဧည့်ခန်းမှာ စောင့်နေ၊ ဒေါ်မေက ဆင်းမလာနဲ့ ကြားထဲက ဒေါ်ရွှေပုံတို့ ဒေါ်သန်းငွေတို့ ဘာလုပ်ရမှန်း မသိဘဲ ဗျာများနေခဲ့ကြတာပေါ့။

နောက်မှ အေးအေးဆေးဆေး မေးကြည့်တော့ ပြဿနာဖြစ်တဲ့ ညနေက မဝင်းမြင့်က ဆူးလေဘုရား လမ်းမှာ ရှိတဲ့ စာအုပ်ဆိုင်ကို စာအုပ် သွားဝယ်မလို့ ကိုဝင်းမြင့်ကို အဖော်ခေါ်ပါတယ်။ ပြီးမှ နှစ်ယောက်သား ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း ဆူးလေဘုရားလမ်းဘက်ကို ခြေကျင်ပဲ သွားကြတာပေါ့။ သမီးရည်းစား နှစ်ယောက်လေ၊ လမ်းမတော်က ဆူးလေဘုရားထိ သွားရတဲ့ခရီးကို တိုတယ်လို့တောင် အောက်မေ့မှာ။

သူတို့ စာအုပ်ဆိုင် သွားတဲ့အချိန်က အလုပ်ဆင်း၊ ရုံးဆင်းတဲ့ အချိန်ပါ။ ဗိုလ်ချုပ်အောင်ဆန်းလမ်း တစ်လျှောက် ပလက်ဖောင်းတွေမှာ လူတွေ ပြည့်နေမှာပေါ့။ အဲဒီတုန်းက မီးရထားရုံးနဲ့ မျက်နှာချင်းဆိုင်မှာ

ရုပ်ရှင်ရုံ နှစ်ရုံလည်း ရှိပါသေးတယ်။ ပြဿနာက အပြန်မှာ ဖြစ်တာပါ။ ပလက်ဖောင်းပေါ်မှာ လမ်းလျှောက်တော့ လူတွေ တိုးရတာပေါ့။ တစ်နေရာမှာ လူတွေက ပြည့်ကြပ်နေတော့ ကိုဝင်းမြင့်က မဝင်းမြင့်ရဲ့ လက်မောင်းကို ကိုင်ပြီး လမ်းကြောင်းမှန်ကို ပို့ပေးလိုက်တာပါ။ အဲဒါ သူ့ကို ခွင့်မတောင်းဘဲနဲ့ လက်မောင်းကိုင်ရမလား ဆိုပြီး တရှူးရှူးနဲ့ ဒေါပွပြီး အဆောင်ပြန် ရောက်လာကြတာပါ။ အဲဒီနေ့တော့ မဝင်းမြင့်က ကိုဝင်းမြင့်ကို လုံးဝ စကားမပြောတော့ပါဘူးတဲ့။ ဒေါ်မေက အဲဒီလိုပါဆို။

## ဒေါက်တာ ဒေါ်သန်းငွေ (ကျွန်တော့်ရဲ့ မေခလာ)

ဒေါ်သန်းငွေက ရှမ်းအမျိုးသမီးပါ။ တောင်ကြီး ဇာတိပေါ့။ သူ့ခင်ပွန်း ကိုစိန်စီက အငြိမ်းစား သစ်တော အရာရှိတစ်ယောက်ပါ။ အငြိမ်းစားယူပြီးမှ ရှေ့နေအလုပ် ဝင်လုပ်တော့လည်း အောင်မြင်တဲ့ ရှေ့နေတစ်ယောက်ဖြစ်ခဲ့ပါတယ်။ သူဟာ ခဏ ခဏ လေဖြတ်ပေမဲ့ ကံကြီးတဲ့သူမို့ ထင်ပါရဲ့ အခုထိ ကျန်းမာနေဆဲလို့ ပြောရမှာပေါ့။ ဒေါ်ငွေက ကိုစိန်စီကို အလွန် သံယောဇဉ်ကြီးပါတယ်။ ကျွန်တော်တို့ သတိပြုမိလောက်အောင်ကို သူ့ယောက်ျားကြီးကို ချစ်တာပါ။

သမီးကြီး ဒေါက်တာ ရီပြုံးက ဩဇီမှာ၊ အငယ်မ ဖြူဖွေးက တောင်ကြီးမှာ ခရီးသွား လုပ်ငန်းနဲ့ အောင်မြင်နေပါတယ်။ သူ့ကလေးတွေနဲ့လည်း ကျွန်တော် ခင်ပါတယ်။ ဥပမာ- ကျွန်တော့် သားကြီး မောင်ဆန်းဝင်းထိန် အမေရိကားက ပြန်လာတော့ ကျွန်တော်ရဲ့ ရှမ်းပြည်နယ် ခရီးစဉ်မှာ ဒီကောင် လိုက်လာပါတယ်။ တောင်ကြီး ရောက်တော့ ဒေါ်ငွေအိမ်ကို သွားလည်ပါတယ်။ ဖြူဖွေးလည်း ရှိပါတယ်။ ကျွန်တော်က "ဟေ့ ဖြူဖွေး၊ ဒါ ဘဘရဲ့ သားကြီးလေ၊ အမရိကားက ပြန်လာတာ၊ အခုထိ Single ပဲ" ဆိုတော့ ဖြူဖွေးက ချက်ချင်း အထာပေါက်ပါတယ်။ "ဒါဆို ထားခဲ့လေ" လို့ တစ်ခွန်း ပြောလိုက်တာနဲ့ မောင်ဆန်းဝင်းထိန် ဖျားသွားပြီး လှည့်တောင် မကြည့်ရဲတော့သလို ဖြစ်သွားပါတယ်။

ဒေါ်ငွေက ဘာပဲလုပ်လုပ် စဉ်းစဉ်းစားစားနဲ့ တည်တည်ငြိမ်ငြိမ် လုပ်လေ့ရှိပါတယ်။ သဒ္ဓါတရားလည်း အလွန် ကောင်းပါတယ်။ ကျွန်တော့်ကိုလည်း တစ်လ တစ်ခါ၊ တစ်လ နှစ်ခါ ဆိုသလို အမြဲတမ်း ငွေရေးကြေးရေးအရ ထောက်ပံ့ပါတယ်။ ကျွန်တော်က အားနာလို့ ငြင်းပေမဲ့ သူက လက်မခံဘူး၊ အတင်း ပေးလေ့ရှိပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ကျွန်တော် အလုပ်တာဝန်နဲ့ ခရီးတွေ ဟိုသွား ဒီသွား သွားရလို့ ကုန်ကျစရိတ်တွေက အိပ်စိုက်လုပ်နေရတာ သူသိလို့ ဖြစ်ပါတယ်။

ဒါ့ကြောင့် သူ့ကို "ကျွန်တော့်ရဲ့ မေခလာ" လို့ သမုတ်ခဲ့တာပါ။ သူကတော့ "အို.. ဦးထိန် ဒါတွေ ခေါင်းထဲမထည့်နဲ့၊ ဦးထိန် ပြေလည်ဖို့ပဲ အရေးကြီးတယ်၊ ကျွန်မမှာ လွှတ်တော် ကိုယ်စားလှယ် လခအပြင် သမီးတွေကလည်း အမြဲတမ်း ထောက်ပံ့နေတာ" လို့ ပြောလေ့ရှိပါတယ်။ သူ့အကျိုးပေးကလည်း ထူးဆန်းပါတယ်။ သူ့ဆီက မကြာခဏ ကြားရတဲ့ စကားက "ကျွန်မလေ၊ တစ်ခါတလေ ဗီရိုတွေ သေတ္တာတွေ ဖွင့်မိတဲ့အခါ ဘယ်တုန်းက ထည့်ထားမှန်း မသိတဲ့ ပိုက်ဆံတွေ သောင်းဂဏန်း သိန်းဂဏန်း ပြန်တွေ့ဖူးတာတွေ ရှိတယ်" လို့ ဖြစ်ပါတယ်။

## She saves the day

ဒီကိစ္စကတော့ မှတ်မှတ်ရရပါ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှမ်းပြည်နယ် ခရီးစဉ်မှာပါ။ အစီအစဉ်က ရှမ်းပြည်နယ်က လူကြီး တစ်ယောက်က ဒေါ်စု လာမယ်ဆိုရင် မိုးနဲ့အထိ လေယာဉ် စီးလုံးငှားပေးမယ်။ လေယာဉ်

ငွားခကို အဲဒီလူကြီးရဲ့ စပွန်ဆာက ခံမယ်၊ အဲဒီအတွက် သူက ရှမ်းပြည်နယ်၊ မဲဆန္ဒနယ် တစ်ခုက ရွေးကောက်ပွဲ ဝင်မယ်ပေါ့။ အဲဒီလူကြီးနဲ့ စပွန်ဆာရဲ့ နားလည်မှု ဒါကို ကျွန်တော်တို့ မသိခဲ့ပါ။

အဲဒီအကြောင်းတွေ မသိခင်မှာ ကျွန်တော်တို့က ရှမ်းပြည်နယ် အစိုးရက တစ်ဆင့် မိုးနဲမှာ လေယာဉ်ပျံ ဆင်းခွင့်ပြုဖို့ တင်ပြတော့ ခွင့်ပြုချက် မရပါ။ အဲဒီကွင်းကို ဆင်းချင်ရင် ကာကွယ်ရေး ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက် လိုပါတယ်တဲ့။ ကျွန်တော် ကြိုးစားကြည့်ပါတယ်။ လွှတ်တော်ထဲ မကြာခဏလာပြီး မေးခွန်းတွေ ဖြေလေ့ရှိတဲ့ ကာကွယ်ရေး ဝန်ကြီးဌာနက ဝန်ကြီး၊ ဒုဝန်ကြီးများက တစ်ဆင့်ပေါ့။ ဒါလည်း မအောင်မြင်ပါ။ ဒါ့ကြောင့် ကျွန်တော်တို့က ဒေါ်စုနဲ့အဖွဲ့ကို ဟဲဟိုး လေဆိပ်မှာပဲ ဆင်း၊ အဲဒီကမှ ကားနဲ့ သွားကြမယ်ပေါ့။

ဒါ့ကြောင့် ဒေါ်စုနဲ့အဖွဲ့ ဟဲဟိုးကို မရောက်ခင် ကျွန်တော်တို့က ကြိုတင်သွားပြီး အဲဒီက စောင့်မယ်၊ အဲဒီကမှ ယာဉ်တန်းနဲ့ ရှမ်းပြည်နယ် ခရီးစဉ် ဆိုတက်မယ်ပေါ့။ ကျွန်တော်တို့ ဟဲဟိုးကို သွားတော့ ကားပေါ်မှာ ကျွန်တော်ရယ်၊ မောင်မောင်ဦးရယ်၊ ဒေါ်ငွေရီ၊ ကိုဝင်းမြင့်လည်း ပါတယ် ထင်ပါတယ်။ လမ်းခရီးမှာပဲ တယ်လီဖုန်း ဝင်လာပါတယ်။ လေယာဉ်ပျံ စပွန်ဆာ လုပ်မယ့်သူက ဘန်ကောက်ကို ထွက်သွားပါတယ်တဲ့။ ဘာ့ကြောင့်လဲ ဆိုတော့ အဲဒီ ပုဂ္ဂိုလ် NLD လွှတ်တော် ကိုယ်စားလှယ်လောင်း အဖြစ် ရွေးချယ်ခံဖို့ NLD– CEC က ပယ်ချလိုက်တဲ့အတွက်ပါတဲ့။

အဲဒီလိုဆို ခက်ပြီပေါ့။ ကားပေါ်မှာပဲ ဒေါ်ငွေ့ကို ပြောရပါတယ်။ စီးလုံးငှား လေယာဉ်ပျံ အတွက် စပွန်ဆာ မရှိရင် ဒေါ်စုတို့လည်း လေယာဉ်ပျံနဲ့ ဟဲဟိုးကို မလာနိုင်တော့ဘူး ဖြစ်တော့မှာပေါ့။ ဒီလိုဆိုရင် ရှမ်းပြည်နယ် ခရီးစဉ်တစ်ခုလုံး ကမောက်ကမ ဖြစ်ပြီပေါ့။ အဲဒီ ခရီးစဉ်အတွက်က ကျွန်တော်တို့ မောင်မောင်ဦးတို့ တစ်ပတ်ကြိုပြီး မြို့တိုင်းကို သွားပြီး ခရီးစဉ် အသေးစိတ်ကို စီစဉ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီသတင်းရတော့ ဒေါ်ငွေက ကျွန်တော့်ကို "ဦးထိန်၊ ဘာမှ မဆုံးဖြတ်နဲ့ဦး၊ ကျွန်မ ကြိုးစားကြည့်ဦးမယ်" ဆိုပြီး တယ်လီဖုန်း တစ်လုံးနဲ့ စတင် အလုပ်များပါတော့တယ်။

တိုတိုပြောရရင် အဲဒီ ခရီးစဉ်အတွက် လိုအပ်မယ့် လေယာဉ် စီးလုံးငှားခ ကျပ်သိန်း ၃၀၀ ကို ဒေါ်ငွေက သူ့မိတ်ဆွေတွေ၊ အမျိုးတွေကို ဖုန်းဆက်ပြီး အကူအညီ တောင်းခဲ့တာပါ။ ကျွန်တော်တို့ ဟဲဟိုး မရောက်ခင် မှာပင် အဲဒီငွေကို ဒေါ်စုအတွက်မို့ ခဏ လှူဒါန်းမယ့် လူတွေနဲ့ ဆက်သွယ်ပြီး အဆင်ပြေသွားခဲ့ပါတယ်။ နောက် တစ်နေ့ ဒေါ်စုနဲ့ အဖွဲ့ ဟဲဟိုး ရောက်လာတော့မှ အကျိုးအကြောင်း ပြောပြပြီး ဒေါ်သန်းငွေရဲ့ ကြိုးပမ်းမှုနဲ့ ခရီးစဉ် အဆင်ပြေသွားပြီ ဖြစ်ကြောင်း ဒေါ်စုကို တင်ပြရင်း ကျွန်တော်က အင်္ဂလိပ်လို မှတ်ချက်ပြုပေးလိုက် ပါတယ်။ She saves the day ဆိုပြီးတော့ပေါ့။

## အဆိုးထဲက အကောင်း

မိုးနဲမှာ လေယာဉ်ပျံ ဆင်းခွင့် မရတာလည်း ခပ်ကောင်းကောင်းပါ။ Blessing in disguise ပေါ့။ ဒေါ်စုရဲ့ ယာဉ်တန်းဟာ ဟဲဟိုးကနေ တောင်ကြီးမြို့ကို ဝင်တယ် ဆိုတာနဲ့ အို… ကြိုလိုက်ကြတဲ့ လူတွေ၊ ကြိုပြီး နှီးဆော်ထားရင်တောင် လူထုက အဲဒီလောက် များမယ် မထင်ပါဘူး။ ထွက်လာလိုက်ကြတာ ရှမ်းတွေရော၊ ပအိုဝ်းတွေရော၊ ဗမာတွေရော။ မူလ အစီအစဉ်မှာ တောင်ကြီးမှာ နားဖို့ မပါတော့ လူထုကိုပဲ ဒေါ်စုက ကားပေါ်မှာ မတ်တတ်ရပ်ပြီး နှုတ်ဆက်ရပါတယ်။ တောင်ကြီး မြို့စွန် ရောက်တဲ့အထိ တစ်နာရီခွဲ နှစ်နာရီ လောက် ကြာမယ် ထင်ပါတယ်။ အားရစရာကြီးပါ။

## အပြန်ခါကျတော့ တစ်မျိုး

တောင်ကြီး အစီအစဉ်က အပြန်ခရီးကျမှပါ။ သူ့ရဲ့ ဟောပြောပွဲနေရာကို မီးပုံးပျံလွှတ်တဲ့ ကွင်းမှာ လုပ်ဖို့ ပြည်နယ် အစိုးရက ခွင့်မပြုပါဘူးတဲ့။ ဖြစ်ရပြန်ပြီ။ ဒါကြောင့် ပြည်နယ်က တာဝန်ရှိ တဲ့သူတွေက ၂၂ ဘီးတပ် ယာဉ်တစ်စုရဲ့ နောက်ဘက်က ကားဘော်ဒီပေါ်မှာ ဒေါ်စုပုံနဲ့ ဗီနိုင်းတွေ ဆင်ပြီး ဟောပြောပွဲ စင်မြင့် လုပ်ခဲ့ရပါတယ်။ အဲဒီပေါ်မှာပဲ အသံချဲ့စက်တွေ တပ်ဆင်ပြီး ဒေါ်စုရဲ့ ဟောပြောပွဲကို အောင်မြင်အောင် လုပ်နိုင်ခဲ့ပါတယ်။ မီးပုံးပျံကွင်းလောက် မကျယ်ပေမဲ့ လာတဲ့ လူတွေ အကုန်ဆံ့တဲ့ ကွင်းလေး တစ်ခုမှာပါ။

## ဦးအောင်သောင်း

ဦးအောင်သောင်းက လွန်ခဲ့တဲ့ နှစ်နှစ်ကျော်လောက်က ကွယ်လွန်ခဲ့ပါပြီ။ မကွယ်လွန်မီမှာ ဦးအောင်သောင်း ဟာ လွှတ်တော် ကိုယ်စားလှယ် တစ်ယောက် ဖြစ်တဲ့အပြင် ပြည်ခိုင်ဖြိုး ပါတီရဲ့ အထင်ကရ ခေါင်းဆောင် တစ်ဦး ဖြစ်ပါတယ်။ ကျွန်တော်နဲ့တော့ လွှတ်တော်မှာ မကြာခဏ မျက်နှာချင်း ဆိုင်မိခဲ့ကြပေမဲ့ မေးထူး ခေါ်ပြော အဆင့်လောက်ပဲ ရှိပါတယ်။ လွှတ်တော်ထဲမှာတော့ ပြည်ခိုင်ဖြိုး ကိုယ်စားလှယ် အများစုဟာ ကိစ္စ တစ်ခုခုပေါ်တိုင်း ဦးအောင်သောင်းဆီ သွားကြပါသတဲ့။

သူ့ရဲ့နောက်ဆုံးအချိန် ရောဂါဖိစီးမှု အကြောင်းကို ဂယနကျ မသိရပေမဲ့ အဲဒီနေ့ လွှတ်တော်ထဲမှာ မှတ်မှတ်ရရ ဖြစ်ခဲ့တာက အကြောင်းအရာ တစ်ခုနဲ့ ပတ်သက်လို့ မဲခွဲ ဆုံးဖြတ်တဲ့ ကိစ္စတစ်ခု ရှိပါတယ်။ အကြောင်းအရာကတော့ မမှတ်မိတော့ပါ။ အဲဒီနေ့က မဲခွဲတာ တစ်ကြိမ်နဲ့ မပြတ်လို့ သုံးကြိမ်လောက် မဲ ပြန်ပေးရတယ် ဆိုတာ မှတ်မိပါတယ်။ ဒါကြောင့် အခါတိုင်းလို လွှတ်တော်ပြီးတဲ့ အချိန်ဟာ ညနေ သုံးနာရီ ကျော်ကျော်လောက် ဖြစ်ပေမဲ့ အဲဒီနေ့က ငါးနာရီကျော်မှ လွှတ်တော်ပြီးပါတယ်။ အဲဒီနေ့ညမှာ ရောဂါ ဖောက်တယ် ဆိုတော့ နေ့ခင်း လွှတ်တော်မှာ မဲအကြိမ်ကြိမ် ပေးရလို့ လွှတ်တော် ကိုယ်စားလှယ် အားလုံး နောက်ကျမှ ကိုယ့်နေရာကိုယ် ပြန်ရောက်ပါတယ်။

ဦးအောင်သောင်းဟာ တောင်သာ ဇာတိ ဖြစ်ပါတယ်။ တပ်မတော်ထဲမှာ တာဝန် ထမ်းဆောင်ရင်း ဒုတိုင်းမှူး/ဗိုလ်မှူးကြီး အထိ ရာထူးတက်ခဲ့ပါတယ်။ အဲဒီနောက်မှာ ကုန်သွယ်ရေး ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းကြည်ရဲ့ လက်အောက်မှာ ဒုဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရပါတယ်။ ခေတ်အဆက်ဆက် မြန်မာ့ နိုင်ငံရေး ခရီးမှာ မြင်းခြံ/ တောင်သာ/ ဝဲလောင်သားတွေက တွင်ကျယ်လေ့ ရှိကြပါတယ်။ NLD စဖွင့်စ ကတည်းက ပါလာတဲ့ အတွင်းရေးမှူး ဗိုလ်မှူးကြီးဟောင်း ချစ်ခိုင်ကလည်း အဲဒီဘက်က ဇာတိပါ။

ဦးအောင်သောင်းဟာ ဒုတိယ ဝန်ကြီးတုန်းက ဩဇာ အာဏာ သိပ်မကြီးသေးပါဘူး။ သူ စက်မှု ၁ ဝန်ကြီး ဖြစ်တော့မှ ဩဇာ အာဏာ ကြီးလာတဲ့အပြင် ချမ်းသာ ကြွယ်ဝမှုကလည်း တစ်ရှိန်ထိုး တိုးတက် လာတယ်လို့ ကြားသိရပါတယ်။ အသေးစိတ်တော့ မသိပါ။ ပြည်ခိုင်ဖြိုး ပါတီမှာလည်း အချက်အချာကျတဲ့ နေရာကို ရောက်လာပါတယ်။ အဲဒီအချိန်က စပြီးတော့ သူ့ရဲ့ ဩဇာ အာဏာဟာ တစ်ရှိန်ထိုး တိုးတက် လာပါတယ်။

ဩဇာ အရှိန်အဝါနဲ့ ကြွယ်ဝမှုတွေ တိုးတက်လာတဲ့အခါ ပြည်ခိုင်ဖြိုး ပါတီမှာ တခြား အရေးကြီးတဲ့ ပုဂ္ဂိုလ်တွေဖြစ်တဲ့ ဦးဒွေးဦးနဲ့ ဦးသောင်းတို့ထက်တောင် ပိုအရေးပါတဲ့ ပုဂ္ဂိုလ် ဖြစ်လာခဲ့ပါတယ်။ တစ်ချိန်တည်း မှာပဲ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ကို နှိပ်ကွပ်ရေးမှာလည်း သူက ရှေ့တန်းက ပါဝင် ဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။

## မကွယ်လွန်မီက မှာကြားချက် တစ်ခု

အတိအကျတော့ မသိရပါဘူး။ တစ်ဆင့်ကြားပါ။ သူ လွှတ်တော် ကိုယ်စားလှယ် ဘဝမှာ ဒေါ်အောင်ဆန်း စုကြည်နဲ့ မကြာမကြာ တွေ့ဆုံ စကားပြောရပါတယ်။ အဲဒီလို စကားပြောရင်းနဲ့ သူဟာ ဒေါ်အောင်ဆန်းစုကြည် အပေါ် ထားခဲ့တဲ့ တင်းမာမှုတွေ လျော့ပါးသွားခဲ့တယ်လို့ သိရပါတယ်။ သူ မကွယ်လွန်မီ လအနည်းငယ် အလို မှာ သူ့သား သုံးယောက်ကို ခေါ်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်လို့ သူ့သဘောထားကို ပြောပြခဲ့ပါ သတဲ့။

ယုံကြည်ရတဲ့ ပုဂ္ဂိုလ် တစ်ယောက်ရဲ့ ပြောကြားချက်အရ ကြားသိရတာက ဦးအောင်သောင်းဟာ သူ့သားတွေကို ဒီလိုသဘောမျိုး ပါတဲ့စကားတွေ ပြောခဲ့ပါသတဲ့။ "အရင်က ငါ ဒီကောင်မလေး အပေါ်မှာ ထင်ခဲ့တာက သူဟာ နိုင်ငံခြားမှာ အကြာကြီး နေခဲ့ပြီး မြန်မာပြည်မှာ တွင်ကျယ်ဖို့ လာလုပ်နေတာ၊ နိုင်ငံ ခြားသားလည်း ယူထားသေးတယ်။ အခုတော့ လွှတ်တော်မှာ နေရင်း သူ ပြောပုံဆိုပုံနဲ့ လုပ်ကိုင် ဆောင်ရွက် တာတွေကို အကဲခတ်တဲ့ အခါ သူဟာ တကယ်ပဲ တိုင်းပြည်အပေါ် စေတနာ ထားတယ် ဆိုတာ သိလာရတယ်။ ဒါ့ကြောင့် သူ့ကို အဖက်ဖက်က ကူညီဖို့ အတွေးပေါက်လာသလို မင်းတို့လည်း သူ့ကိစ္စ မှန်သမျှကို "တတ်နိုင် သမျှ ပံ့ပိုးကြ" ဆိုတဲ့ စကားပါ။

သူ ကွယ်လွန်သွားတဲ့ နောက်ပိုင်း သူ့သားတွေဟာ ဦးအောင်သောင်း မှာကြားခဲ့တဲ့အတိုင်း လိုက်နာ ဆောင်ရွက်ကြမယ်လို့ ကျွန်တော် ယုံကြည်မိပါတယ်။

## မောင်မောင်ဦး

သူက ပြောရမယ် ဆိုရင် တက္ကသိုလ် ကျောင်းသား ဘဝကတည်းက နိုင်ငံရေး လှုပ်ရှားမှုထဲမှာ ပါခဲ့တာပါ။ မင်းကိုနိုင်၊ ကိုကိုကြီး၊ မိုးသီးဇွန်၊ ထွန်းအောင်ကျော်တို့နဲ့ ခေတ်ပြိုင်ပါ။ ဟိုပုဂ္ဂိုလ်တွေကတော့ ကျောင်းသား လှုပ်ရှားမှုမှာ နာမည်ရလာခဲ့ကြပါတယ်။ သူကတော့ NLD မှာ လူငယ်ဘဝက စဝင်ခဲ့တာပါ။ အဲဒီလို မဝင်ခင်မှာ စစ်အစိုးရ တက်တာနဲ့ ထိုင်းနိုင်ငံဘက်ကို ထွက်သွားခဲ့ဖူးပါတယ်။ အဆိုတော် မွန်းအောင်နဲ့ အတူတူပဲပေါ့။ သူတို့ သွားတဲ့အချိန်က စောတော့ တစ်ဖက်နိုင်ငံမှာ ဘာအစီအစဉ်မှ မရှိတဲ့အတွက် သူတို့ဘာသာ ဝတ်ဝတ် ပြတ်ပြတ်နဲ့ ရပ်တည်ခဲ့ကြရတာပါ။ စစ်အစိုးရက သူတို့ကို ပြန်လည် ဖိတ်ခေါ်တဲ့ အစီအစဉ် လုပ်တဲ့အခါကျမှ ပြန်လာခဲ့ကြတာပါ။

## မောင်မောင်ဦး ထောင်ကျပြီ

တောထဲက ပြန်လာတဲ့အခါ ရန်ကုန်တိုင်း NLD တာဝန်ခံအနေနဲ့ လှုပ်ရှား ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်မှာ သူလည်း ဒေါ်စုခြံထဲမှာ ရောက်နေတဲ့အတွက် သူလည်း တစ်ပါတည်း အဖမ်းခံရပြီး ထောင်ကျခဲ့ပါတယ်။ ၁၉၉၂ ခုနှစ် အထိပါ။ သူ ထောင်က လွတ်တော့ မာစတာတန်း ဆက်တက်ရင်း နိုင်ငံရေး လှုပ်ရှားမှုတွေ လုပ်နေခဲ့တဲ့အတွက် ၁၉၉၆ ခုနှစ်မှာ ဝန်ကြီးချုပ် ဦးနု ရာပနကိစ္စနဲ့ ပတ်သက်ပြီး ထောင်တစ်ခါ ပြန်ကျရပါတယ်။

ကျွန်တော် ၁၉၉၆ ခုနှစ်၊ မေလမှာ ပြန်အဖမ်းခံရတော့ သူက အရင် ရောက်နှင့်နေပါပြီ။ ၁၉၉၇ ခုနှစ်မှာ ကျွန်တော် မြင်းခြံထောင်ကို ပြောင်းရပါတယ်။ သူကလည်း ၁၉၉၈ ခုနှစ်မှာ မြင်းခြံထောင် ရောက်လာပြီး

ရေစက်ဆုံချင်တော့ ကျွန်တော့် အခန်းဘေးက အခန်းမှာ ရောက်လာပါတယ်။ အဲဒီတုန်းက မြင်းခြံထောင်ကို ပုံစံထောင်အဖြစ် သတ်မှတ်ထားလေတော့ တစ်ခန်းနဲ့ တစ်ခန်း အဆက်အသွယ် မလုပ်ရ၊ စကား မပြောရဆိုတဲ့ တင်းကြပ်တဲ့ စည်းကမ်းတွေ ထုတ်ထားတုန်း ကာလပါ။ ဒါ့ကြောင့် သူရောက်စက တန်းစီးတွေ သူ့ကို ပုံစံ မောင်းတော့ ကျွန်တော် အတိုင်းသား ကြားနေရတာပါ။ ဒါ့ကြောင့် ကျွန်တော့် အခန်းဘေး သူ ရောက်လာတာ သိလိုက်ရတာပါ။

ညပိုင်းမှာ သူ့နံရံကို တစ်တောက်တောက် ခေါက်ပြီး ဆက်သွယ်ခဲ့ပေမဲ့ သူက ပြန်မဆက်သွယ်လို့ ကျွန်တော် ရှိမှန်း သူ မသိခဲ့သေးပါ။ နောက်ပိုင်းကျမှ တစ်စ တစ်စ သူ သိသွားခဲ့ပါတယ်။ ကျွန်တော် မန္တလေး ထောင်၊ ကသာထောင်တွေ တစ်ခုပြီး တစ်ခု ပြောင်းရာမှာ သူ ပြန်လွတ်သွားပါတယ်။ သူက အောင်ဆန်းမှာ နေတော့ ကျွန်တော်ကလည်း အင်းစိန်မှာ၊ တစ်မြို့နယ်တည်း။ ဒါ့ကြောင့် ရေစက်လို့ ဆိုရမလား၊ တနွယ်ငင် တစ်စင်ပါ ဆိုသလို အမြဲ ထိတွေ့ ဆက်ဆံမှု ရှိခဲ့ပါတယ်။

## မမြ

မောင်မောင်ဦးရဲ့ အမေ ဒေါ်မြဟာ ကျွန်တော်နဲ့ အသက် မတိမ်းမယိမ်းပါ။ ငယ်ငယ်တုန်းကတော့ ရုပ်ရည် ချောမော လှပပါလိမ့်မယ်။ လင်သားဖြစ်သူဟာ အရက်သမားမို့ စောစော ကွယ်လွန်ခဲ့ပါတယ်။ ငယ်ငယ် ရွယ်ရွယ်နဲ့ မုဆိုးမ ဖြစ်ခဲ့ရတာပါ။ အောင်ဆန်းမြို့မှာ အခြေချရင်း သားသုံးယောက်ကို လူလားမြောက်အောင် ကျွေးမွေး ပြုစု ပျိုးထောင်ခဲ့သူ တစ်ဦး ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို အသေအလဲ ထောက်ခံခဲ့ သူလည်း ဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ်မှာ ဒေါ်စု အကျယ်ချုပ်က လွတ်တော့ ခက်ခက်ခဲခဲ အခမ်းအနားတွေ သူ့ခြံထဲမှာ လုပ်တိုင်း အမြဲ တက်ရောက်လေ့ ရှိသူပါ။

မောင်မောင်ဦးရဲ့ မိန်းမ၊ မကျော့ကတော့ မောင်မောင်ဦး ထောင်ကျနေတဲ့ အချိန် ချစ်သူ ဘဝမှာတောင် ထောင်ဝင်စာ ပုံမှန် ပို့ခဲ့သူပါ။ ပုံစံ ၁၀ မှာ သူ့နာမည် ရအောင်သွင်းပြီး ထောင်ဝင်စာကို ယောက္ခမလောင်း မမြနဲ့ အတူ လာခဲ့သူပါ။ ကျွန်တော် ထောင်ထဲမှာ ရှိစဉ်ကပင် မောင်မောင်ဦး လွတ်မြောက်သွားတဲ့အခါ သူတို့ လက်ထပ်လိုက်ကြပါတယ်။ မကျော့ ဖာတိ ဒိုက်ဦးကို မိန်းမတောင်း သွားတော့ လက္ခဏာ ဆရာ စံဇာဏီဘိုတို့ ဇနီးမောင်နှံအပြင် ကျွန်တော့်မိန်းမလည်း လိုက်ပါသွားခဲ့ပါတယ်တဲ့။ အခုတော့ သားသမီး နှစ်ယောက် ရနေ ပါပြီ။

အကြီးကောင် ကျော်ဇကတော့ ၁၀ တန်းကို နှစ်ချင်းပေါက် အောင်ပြီး ဥပဒေ ဘာသာရပ်နဲ့ တက္ကသိုလ် ဆက်တက်မယ်လို့ ပြောသံကြားပါတယ်။ သမီးငယ် ဝတ်မှုန်ကတော့ ခုနစ်တန်းပါ။ အင်မတန် စကားကြွယ်တဲ့ ကောင်မလေးပါ။ သူ့ထက် ကြီးတဲ့သူတွေကိုလည်း စကားအရာနဲ့ နှိပ်ကွပ်လေ့ ရှိပါသတဲ့။ ဥပမာ- သူ့အဖေ မောင်မောင်ဦးက တဖြည်းဖြည်း ဝလာပြီး သိသိသာသာ ဗိုက်ထွက်နေတာ ကြာပါပြီ။ အဲဒါကို ဝတ်မှုန်က ဘာပြောလဲ ဆိုတော့ "လူတွေက သမီးတို့ အိမ်ကို မြင်ရင် ဖေကြီး လာဘ်မစားဘူး ဆိုတာ သိကြမှာပါ၊ ဒါပေမဲ့ ဖေကြီးဗိုက်ကို မြင်ရင်တော့ ယုံကြမှာ မဟုတ်ဘူး" ပါတဲ့။

သူက သူ့အဖေနဲ့ အမေရဲ့ ဖူးစာရေးကိုလည်း စိတ်ဝင်စားပါတယ်။ ဘယ်တုန်းက ကြိုက်တယ်၊ ဘယ် အသက်အရွယ်မှာမင်္ဂလာဆောင်တယ် စသဖြင့်ပေါ့။ မောင်မောင်ဦးလွတ်တော်ကနားလို့ အိမ်ပြန်ရောက်တုန်း မကျော့က "အစ်ကိုကြီး၊ အစ်ကိုကြီးရဲ့ သမီးလည်း ကြည့်ပြောဦး၊ သူ့ကျရင် အသက် ၂၁ နှစ်လောက်မှာ အိမ်ထောင်ပြုမယ်လို့ ပြောနေတယ်" လို့ ပြောပါတယ်။ မောင်မောင်ဦးက "ဟုတ်လား သမီး" လို့ မေးတော့

ဝတ်မှုန်က "ဟုတ်တယ်လေ ဖေကြီး။ ဖေကြီးနဲ့ မေကြီး လက်ထပ်တော့ မေကြီးက အသက် ၂၈ နှစ်တောင် ရှိပြီဆိုတော့ သိပ်ကြီးနေပြီ၊ ဒါ့ကြောင့် သမီးက အသက် ၂၁ နှစ်လောက်ဆို အတော်ပဲလို့ ဆုံးဖြတ်ထားတာ" လို့ ပြောပါသတဲ့။ မောင်မောင်ဦးတစ်ယောက် ကိုယ့်နဖူးကို လက်ဝါးနဲ့ ရိုက်နေရပါပြီ။

## ကြားဖြတ် ရွေးကောက်ပွဲမှာ အောင်နိုင်ရေး တာဝန်

ကြားဖြတ် ရွေးကောက်ပွဲ ကာလမှာ ကျွန်တော်က မိတ္ထီလာကို သွားနေရတော့ သူနဲ့ အဆက်အသွယ် ပြတ်သွားပါတယ်။ ဒါပေမဲ့ သူနဲ့ တခြားလူငယ် တချို့ကို ဒေါ်စုက ကြားဖြတ် ရွေးကောက်ပွဲ အောင်နိုင်ရေး အတွက် တာဝန်ပေးတဲ့အတွက် သူဟာ စစ်ကိုင်းတိုင်းနဲ့ မကွေးတိုင်းဘက်ကို သွားရောက် လှုပ်ရှားရပါတယ်။ တော်တော် ခက်ခက်ခဲခဲ လုပ်ခဲ့ရတယ်လို့ သိရပါတယ်။ သူနဲ့အတူ ရုပ်ရှင်မင်းသား ရဲတိုက်လည်း ပါတဲ့အတွက် သူ့ကို သင့်လျော်သလို ပြည်သူလူထုနဲ့ ထိတွေ့ပြီး အောင်နိုင်ရေးအတွက် အထောက်အကူ ဖြစ်အောင် လုပ်ခဲ့ပါတယ်။

စစ်ကိုင်းတိုင်းက ဒေါက်တာ မြင့်နိုင်၊ ကိုခင်မောင်သိန်း၊ ဒေါ်ခင်စန်းလှိုင်နဲ့ ဒေါ်ခင်မွေးလွင်တို့ အနိုင်ရပြီး မကွေးတိုင်းကလည်း ဒေါက်တာ အောင်မိုးညို၊ ဒေါက်တာ တင်ဌေးအောင်၊ ဦးမြင့်အောင်နဲ့ ကိုပိုက်ကိုတို့ အနိုင် ရရှိခဲ့ပါတယ်။ သူတို့ အနိုင်ရခဲ့တဲ့ ဖြစ်စဉ်တွေမှာ မောင်မောင်ဦးရဲ့ လုပ်အားလည်း ပါတယ်လို့ ဆိုရမှာပါ။

## လုံခြုံရေး တာဝန်

ကြားဖြတ် ရွေးကောက်ပွဲ ကာလမှာ မောင်မောင်ဦးရဲ့ လုပ်ကိုင် ဆောင်ရွက်ခဲ့တာတွေကို ဒေါ်အောင်ဆန်းစုကြည် သဘောပေါက်သွားပါပြီ။ ဒါ့ကြောင့် သူ လှုပ်ရှားရမယ့် ခရီးစဉ် ဥပမာ- လက်ပံတောင်းတောင် ကိစ္စ၊ ပုဒ်မ ၄၃၆ ပြင်ဆင်ရေးအတွက် စည်းရုံး လှုပ်ရှားမှု၊ ဗိုလ်ချုပ် အောင်ဆန်း နှစ် ၁၀၀ ပြည့် စတဲ့ လှုပ်ရှားမှုတွေမှာ မောင်မောင်ဦးက မပါမဖြစ် ပါလာရပါတော့တယ်။

ကျွန်တော်က လုံခြုံရေး တာဝန်ခံရယ်လို့ သတ်မှတ်ခံရတဲ့အခါမှာ ကျွန်တော်နဲ့ ပြန်တွဲမိကြပြန်ပြီပေါ့။ ရှမ်းပြည်နယ် ခရီးစဉ် တစ်ခုမှာတော့ မောင်မောင်ဦးရဲ့ စရိုက်သဘာဝ တစ်ခုကို ဒေါ်အောင်ဆန်းစုကြည် သတိပြုမိတဲ့အထိ ဖြစ်ခဲ့ပါတယ်။ အဲဒီ ခရီးစဉ်မှာ ကျွန်တော်လည်း ပါပါတယ်။ ခရီးစဉ် မတိုင်မီ အကြို သွားညှိတဲ့အခါမှာလည်း ကျွန်တော် ပါပါတယ်။ အထက်မှာ ကျွန်တော် တင်ပြဖူးသလိုပဲ ခရီးစဉ်ကို အသေးစိတ် စီစဉ်ပေးခဲ့တာပါ။

ရှမ်းပြည်နယ်က မြို့လေး တစ်မြို့မှာ တည်းခိုခန်းက တစ်ခုပဲ ရှိပါတယ်။ အခန်း ၂၀ ပဲ ရှိပါတယ်။ ဒါ့ကြောင့် အခန်းတွေကို ကျွန်တော်တို့ ကြည့်ရှု လေ့လာပြီး ဘယ်အခန်းမှာ ဒေါ်စုကို ထားမယ်၊ ဘယ်အခန်းမှာ မငယ် နေမယ်၊ အတူပါလာမယ့် ဒေါက်တာ ဒေါ်သန်းငွေကို ဘယ်အခန်းမှာ ထားမယ် (ဒေါ်စု အခန်း ဘယ်နဲ့ညာ) ပြီးမှ သူတို့ အခန်းရှေ့ တည့်တည့်မှာ ကျွန်တော်ရယ် ၊ မောင်မောင်ဦးရယ်နဲ့ ဦးကျော်ခင်တို့ စသဖြင့် တိတိကျကျ သတ်မှတ်ပေးခဲ့ပါတယ်။ မြို့နယ် NLD – EC နဲ့ ပြည်နယ်က တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကလည်း "ဟုတ်ကဲ့" ပေါ့။

ဒေါ်စု အဲဒီမြို့ကို ရောက်တော့ ထုံးစံအတိုင်း လူထု ဟောပြောပွဲ လုပ်ပါတယ်။ ပြီးခါနီးမှာ လင်းလင်းနဲ့ လူငယ် တချို့ကို ထားခဲ့ပြီး ကျွန်တော်နဲ့ မောင်မောင်ဦးတို့က တည်းခိုခန်းကို သွားပြီး နေရာချထားဖို့ စီစဉ်ပါတယ်။ မြို့နယ် EC တွေ လုပ်လိုက်ပုံက ဒေါ်စုကိုတော့ ကျွန်တော်တို့ ပြောခဲ့တဲ့ အခန်းမှာပဲ သတ်မှတ်ထားပြီး

သူ့ဘေး ပတ်ပတ်လည်မှာ ပြည်နယ်က လူကြီး တချို့နဲ့ ကျွန်တော်တို့ မသိတဲ့သူတွေကို နာမည် ကတ်ပြားတွေ ကပ်ပြီး နေရာချထားတာ တွေ့ရပါတယ်။

ကျွန်တော်ရော၊ မောင်မောင်ဦးရော ဘယ်မှာ စိတ်မဆိုးပဲ ရှိပါ့မလဲ။ တချို့ အခန်းတွေမှာတော့ ပြည်နယ်က လူကြီးတွေရဲ့ ပစ္စည်းတွေတောင် ရောက်နေပါပြီ။ အဲဒီမှာ မောင်မောင်ဦးက အခန်းထဲမှာ နေရာ ချထားတဲ့ ပစ္စည်းတွေ ဆွဲထုတ်၊ မြို့နယ် EC တွေ ရောက်လာတဲ့ အခါကျတော့လည်း သူက "ခင်ဗျားတို့ဗျာ သေသေချာချာ မှာထားလျက်နဲ့ ဘယ်လို လုပ်ကြတာလဲ" လို့ ပြောလည်း ပြော၊ သူတို့ စီစဉ်ထားတဲ့ နံပါတ်ပြား တွေကိုလည်း ဆွဲဖြုတ်နဲ့ ပွဲကြမ်းရပါတော့တယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ ရောက်တဲ့ အခါကျတော့ ဒေါသခန်းတွေ ပြီးသွားပါပြီ။ အားလုံး အစီအစဉ်တကျ ဖြစ်သွားပါပြီ။ ဒါပေမဲ့ နောက်တစ်နေ့ အစီအစဉ်တွေ အားလုံးပြီးလို့ ပြန်တော့မယ် ဆိုတော့ အဲဒီမြို့က NLD အတွင်းရေးမှူးက စာနှစ်စောင် ကျွန်တော့်ကို ပေးပါတယ်။ တစ်စောင်က ဒေါ်စုအတွက်၊ တစ်စောင်က ကျွန်တော့်အတွက်။ လမ်းသွားရင်း စာကို ဖောက်ဖတ်တဲ့ အခါကျတော့ မောင်မောင်ဦးက သူတို့ကို ဒေါသတကြီးနဲ့ ပြုမူ ဆက်ဆံတဲ့အကြောင်း၊ ဒေါ်စုလို လူနားမှာ ဒီလိုလူမျိုး မထားသင့်ဘူး ဆိုတဲ့ အကြောင်းတွေ ရေးပြီး တိုင်ကြားတဲ့စာပါ။

ကျွန်တော်ကတော့ အကြောင်းစုံ သိပြီးသား ဆိုတော့ တဟားဟား ရယ်ပြီး "မောင်မောင်ဦး ဖတ်ကြည့်" ဆိုပြီး ပေးဖတ်လိုက်ပါတယ်။ စာကို သူက ဖတ်ပြီးတော့ "ဘယ်တတ်နိုင်မလဲ အန်ကယ်ရာ" ဆိုတဲ့ မှတ်ချက်နဲ့ ကျွန်တော့်ကို စာ ပြန်ပေးပါတယ်။ နေပြည်တော် ပြန်ရောက်တော့ ငယ်ငယ်က ကျွန်တော့်ကို အဲဒီစာနဲ့ ပတ်သက်လို့ ဘယ်လို သဘောရသလဲလို့ ဒေါ်စု မေးခိုင်းပါသတဲ့။ ကျွန်တော်က ဖြစ်ကြောင်းကုန်စင် ပြောပြပြီး မောင်မောင်ဦး ဒေါသထွက်တာ မှန်တယ်၊ ကျွန်တော်လည်း ပါတယ်၊ ဘာ့ကြောင့် ဒေါသထွက်ရသလဲ ဆိုတဲ့ အကြောင်းတွေပါ ရှင်းပြရပါတယ်။

ဒါနဲ့ပဲ ဒီကိစ္စဟာ ပြီးပြီးပျောက်ပျောက် ဖြစ်သွားပါတယ်။ ဒါပေမဲ့ နောက်ပိုင်း သွားလာ လှုပ်ရှားရတာတွေ ဆက်လုပ်ရတဲ့ အခါမှာ တစ်ခါ တစ်ခါ ဒေါ်စုက "မောင်မောင်ဦး ဒေါသကြီးတယ်" ဆိုတဲ့ မှတ်ချက်ချလေ့ ရှိပါ တယ်။ ဒေါ်စုရဲ့ မှတ်ဉာဏ်မှာတော့ မောင်မောင်ဦးဟာ တကယ့်ကို ဒေါသကြီးတဲ့ ကောင်လေးပေါ့။

## မောင်မောင်ဦး လွှတ်တော် ကိုယ်စားလှယ် ဖြစ်ပြီ

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် ကြိုတင် ပြင်ဆင်ရတဲ့အခါ အင်းစိန် မြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စား လှယ် နေရာအတွက် မောင်မောင်ဦးကို ကျွန်တော် စိတ်ထဲက သတ်မှတ်ထားပါတယ်။ ထောင်အကြိမ်ကြိမ် ကျပြီးခဲ့တာတောင် ဆက်ပြီး နိုင်ငံရေး လုပ်ဖို့ မတွန့်တဲ့သူ၊ အာဏာပိုင်တွေ မျက်မုန်းကျိုးနေတဲ့ ဒေါ်အောင်ဆန်း စုကြည့်ရဲ့ ခရီးစဉ်တိုင်းလိုလိုကို ရှေ့တန်းက ပါခဲ့တဲ့သူ။ အသက်အရွယ်အားဖြင့်လည်း ၄၅ နှစ် ကျော်နေပြီ ဆိုတော့ သင့်လျော်တဲ့သူ တစ်ယောက်လို့ ကျွန်တော်က ယူဆပြီး သတ်မှတ်ခဲ့တာပါ။

ဒါ့ကြောင့် ကျွန်တော်က သူ့ကို "မင်း အင်းစိန် မြို့နယ်က ဝင်အရွေးခံ" လို့ ပြောတော့ သူက ငြင်းပါ တယ်။ ကျွန်တော်က တိုက်တိုက်တွန်းတွန်း ပြောရတဲ့အပြင် အဆဲလေးပါ ဖက်လိုက်မှ သူက လက်ခံသွားခဲ့ တာပါ။ လက်ခံသွားပြီ ဆိုတော့လည်း ရပ်ကွက်တွေကို ဆင်း၊ မဲဆန္ဒရှင်တွေနဲ့ တွေ့ပြီး တလေးတစား စည်းရုံး ရေး ဆင်းခဲ့ပါတယ်။ နောက်ဆုံးတော့ သူဟာ အရွေးခံရပြီးတော့ လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာခဲ့ပါ တယ်။

သူ စည်းရုံးရေးခရီး ဆင်းတဲ့အခါ ကျွန်တော့် သမီးငယ် မချစ်ကလည်း နှစ်ပတ်လောက် ဝင်ပြီး လုပ်အား ပေးခဲ့ပါသေးတယ်။ မောင်မောင်ဦးရဲ့ မှတ်ချက်အရတော့ "ဒီကောင်မလေးက ဆရာမကြီး အန်ကယ်ရဲ့၊ တစ်နေရာမှာ စကားပြောမယ် ဆိုတာနဲ့ သူက Wet tissue တစ်ခု ထုတ်ပြီး ကျွန်တော့် မျက်နှာကို သန့်ရှင်းရေး လုပ်ဖို့ အမြဲလုပ်ပေးပါတယ်၊ ဘယ်ရပ်ကွက်မှာ ဘယ်လိုပြော၊ ဘယ်သူ့ကို ဘယ်လိုဆက်ဆံ ဆိုတာကအစ ကျွန်တော့်ကို လိုက် Guide လုပ်ပေးနေတာဗျ" လို့ ပြောပါတယ်။ အခုတော့ မောင်မောင်ဦးဟာ ပြည်သူ့ လွှတ်တော်ရဲ့ Whip အဖြစ်ပါ တာဝန်ယူနေပါပြီ။

မောင်မောင်ဦးဟာ ငယ်စဉ်က ဘဝ ကြမ်းတမ်းခဲ့ပါတယ်။ ဖခင်က မီးရထား ဘူတာရုံ တာဝန်ခံဘဝနဲ့ အရက်ပဲ သောက်နေခဲ့တာပါ။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဖခင် ကွယ်လွန်သွားတော့ မုဆိုးမ အမေကြီးရဲ့ ပြုစု ပျိုးထောင်မှုနဲ့ ကြီးပြင်းလာခဲ့တာပါ။ မိတဆိုးဘဝနဲ့ ကြီးပြင်းလာရင်း မူးယစ်ဆေးဝါးနဲ့လည်း ယဉ်ပါးခဲ့ဖူးတဲ့ အကြောင်း ဝန်ခံခဲ့ဖူးပါတယ်။ ဒါပေမဲ့ မူးယစ်ဆေးဝါးရဲ့ လွှမ်းမိုးမှုကနေ ရုန်းထွက်ပြီး ကိုယ့်ကိုယ်ကိုယ် ပြုစု ပျိုးထောင်ခဲ့ရာမှာ မြန်မာ့ ဘော်လီဘော လက်ရွေးစင် အဆင့်အထိ ရောက်ခဲ့ပါတယ်။ အဲဒီကမှ ရှစ်လေးလုံး အရေးတော်ပုံကြီးမှာ ပါဝင်ခဲ့တာပါ။

## မချစ်နဲ့ ကယားပြည်က ရှားတော

ကျွန်တော်က ဗဟိုအောင်နိုင်ရေး အဖွဲ့မှာ နေရင်းနဲ့ တစ်နိုင်ငံလုံးရဲ့ စည်းရုံးရေး အခြေအနေတွေကိုလည်း အမြဲ အကဲဖြတ်နေရတာပါ။ အဲဒီလို အကဲဖြတ်နေရာက ကယား ပြည်နယ် ရှားတောမြို့မှာ ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ် မဝင့်ဝါထွန်းဟာ အရမ်း ရှုန်းကန်နေရတယ်၊ သူ့ပြိုင်ဘက်က အလွန် အားကောင်းတယ် ဆိုတာတွေ ကြားနေရပါတယ်။

အားကောင်းနေတဲ့ ပြိုင်ဘက်ဆိုတာက ဝန်ကြီးဟောင်း ဦးအောင်မင်း ဖြစ်ပါတယ်။ သူ့ သမက်က နိုင်ငံကျော် အဆိုတော် ရဲလေး ဖြစ်ပါတယ်။ ရဲလေး ကိုယ်တိုင် ရှားတောကို လိုက်လာပြီး လူငယ်တွေကို စည်းရုံးတာ တော်တော် ထိရောက်နေပါသတဲ့။ ပြီးတော့ ဦးအောင်မင်းက လွန်ခဲ့တဲ့ လအနည်းငယ် စပြီး အခမဲ့ ဆေးခန်းတစ်ခု ဖွင့်ထားပါသေးတယ်။ ဆရာဝန် ဆရာမတွေ အပြည့်နဲ့ ဆေးဝါး အစုံအလင် ဆိုတော့ အဲဒီ ဆေးခန်းက တော်တော် လူစည်ပါတယ်။ ကျွန်တော် ကိုယ်တိုင် ရောက်ခဲ့လို့ မြင်ခဲ့ရတာပါ။ ဆိုတော့ ကျွန်တော်တို့ ကိုယ်စားလှယ် မဝင့်ဝါထွန်းက နောက်ကနေ လိုက်စည်းရုံးနေရသလို ဖြစ်တာပေ့ါ။

ဒီတော့ ကျွန်တော်က မေးပါတယ်၊ မချစ်ကို။ ရှားတောလို တောကျတဲ့နေရာမှာ စည်းရုံးရေး လုပ်ပေး နိုင်မလား ဆိုတော့ သူက လက်ခံပါတယ်။ ကျွန်တော် မေးရတဲ့ အကြောင်းက သူဟာ ဩဇီမှာ သွားပြီး နှစ်နှစ် ကျော်ကျော် မာစတာဘွဲ့ယူပြီး ပြန်ရောက်တာ မကြာသေးပါဘူး။ သူ လက်ခံတယ် ဆိုတော့ ကျွန်တော်က ဒေါ်စုကို အကျိုးအကြောင်း ပြောပြီး ရှားတောကို လူကိုယ်တိုင် လိုက်ပို့ပါ တယ်။ လွိုင်ကော်ကို လေယာဉ်ပျံနဲ့၊ အဲဒီကမှ ရှားတောကို ကားနဲ့။ လမ်းကတော့ မေမြို့၊ လားရှိုး လမ်းသဘောမျိုး အတက်အဆင်း များပါတယ်။

ကျွန်တော်ရောက်တော့ ရှားတော မြို့နယ် အောင်နိုင်ရေး အဖွဲ့နဲ့ မဝင့်ဝါထွန်းတို့ စတည်းချတဲ့ အိမ်မှာ သူတို့နဲ့ တွေ့ပါတယ်။ အပေါ်ထပ်က အခန်းကျယ်ကြီးမှာ မိန်းကလေးတွေ စုအိပ်ကြပါသတဲ့။ ချစ်လည်း အဲဒီမှာ အိပ်ရမှာပေ့ါ။ ကျွန်တော်က သူတို့နဲ့ တစ်နာရီလောက် ပြောဆိုကြည့်တဲ့အခါ ချစ်ရဲ့ စည်းရုံးရေး လုပ်အားကို အားလုံးက ကြိုဆိုကြပါတယ်။ ဒါနဲ့ ကျွန်တော်လည်း စိတ်ချလက်ချနဲ့ ထွက်လာပြီး ဗိုလ်အောင်မင်း ရဲ့ ဆေးခန်းနားက ဖြတ်ပြန်လာခဲ့ပါတယ်။ သူ့ဆေးခန်းက လူစည်ကားပါတယ်။

## Organic မချစ်

ရွေးကောက်ပွဲ ပြီးပါပြီ။ မဝင့်ဝါထွန်း ရှားတော မြို့နယ်မှာ နိုင်ပါတယ်။ ဗိုလ်အောင်မင်း ရှုံးပါတယ်။ မချစ် သွားပြီး လုပ်အားပေး စည်းရုံးရကျိုးနပ်ပါတယ်။ အိမ်ပြန်ရောက်လို့ သူ ပြောတဲ့စကားတွေ အရ သော်လည်း ကောင်း၊ ဝင့်ဝါထွန်းနဲ့ တွေ့ပြီး ပြောကြ ဆိုကြတဲ့အခါမှာ သော်လည်းကောင်း သိရတာက မချစ်တို့ စည်းရုံးရေး ထွက်ရင် မနက်စောစော ထွက်ရင် ထွက်၊ ဒါမှမဟုတ်ရင် ညနေပိုင်း လူတွေ တောင်ယာက ပြန်လာကြမှ ထွက်ပြီး စည်းရုံးကြ၊ တစ်ရွာက တစ်ရွာ သွားမယ်ဆိုရင် မော်တော်ဆိုင်ကယ်နဲ့ သွားနိုင်တာက ရှားပြီး ခြေကျင် သွားကြရပါသတဲ့။

ပြီးတော့ စကားက မပေါက်ဘူး။ တိုင်းရင်းသားတွေနဲ့ ပြောမယ်ဆိုရင် ဘာသာပြန် တစ်ယောက် လိုပါ သတဲ့။ စကားပြောတာ နားလည်သလား၊ နားမလည်သလားတော့ မသိဘူး ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပုံပါတဲ့ စာရွက်နဲ့ သူ့ဓာတ်ပုံကို လက်ညှိုးနဲ့ ထောက်ပြီး ပြောရင် အားလုံးက ခေါင်းတညိတ်ညိတ်ပါတဲ့။

ရှားတောက မြို့ဆိုပေမဲ့ ရွာကြီး တစ်ရွာသာသာပါ။ သားဈေး၊ ငါးဈေးလည်း မရှိဘဲ ငါးရက် တစ်ဈေး ဆိုတော့ အစားအသောက် ပါးရှားပါတယ်။ အဲဒီတော့ ရွာတွေ ရောက်ရင် သူတို့က လက်ဆောင်ပေးတဲ့ ဘူးသီးတို့၊ ဖရုံသီးတို့၊ သခွားသီးတို့ကို အားပြုပြီး စားကြရပါသတဲ့။ သားစိမ်း၊ ငါးစိမ်းက တစ်ပတ် တစ်ခါမှ ရတာပါ။ လက်ဆောင်ရတဲ့ သီးနှံကလည်း သဘာဝအတိုင်း စိုက်ပျိုးထားကြတာ ဖြစ်တော့ ဓာတ်ဆေးတွေ ကင်းတာပေါ့။ တကယ့် Organic အစစ်ပါပဲ။ ဒါကြောင့် မချစ်ကို Organic မချစ်လို့ နာမည်ပေးလိုက်တာပါ။

## ဗိုလ်အောင်မင်းရဲ့ ဆေးခန်း

မချစ် ရောက်ပြီး မကြာခင်မှာ ဝင့်ဝါထွန်းရဲ့ အနေအထားဟာ မရေရာခဲ့ပေမဲ့ ကျွန်တော်နဲ့ မချစ် ရောက်ပြီး နောက်ပိုင်းမှာ အခြေအနေ ကောင်းလာခဲ့ပါတယ်။ ရန်ကုန်က ရန်ရန်ချမ်းနဲ့ အဖွဲ့၊ ပန်းရဲ့လမ်း စတဲ့ ဂီတ ဖျော်ဖြေရေးတွေရဲ့ အရှိန်ကြောင့် အခြေအနေ ပိုကောင်းလာခဲ့ပါတယ်။ ဗိုလ်အောင်မင်းရဲ့ သမက် ရဲလေးက လည်း ကြာကြာ မနေနိုင်လို့ ပြန်သွားပါသတဲ့။

ရွေးကောက်ပွဲလည်း ပြီးပြီ၊ ဗိုလ်အောင်မင်းလည်း ရှုံးပြီ ဆိုတော့ အဲဒီနေ့ (ရွေးကောက်ပွဲနေ့) ညနေ လောက်က စပြီး ဗိုလ်အောင်မင်း ဖွင့်ထားတဲ့ ဆေးခန်းက ဆရာဝန်တွေ သူနာပြုတွေဟာ ပတ်စာခွာ ဖျာ သိမ်းပြီး ပြန်သွားကြပါသတဲ့။ နောက်တစ်နေ့မှာ အရင်က လာနေကျ လူနာတွေ ရောက်လာကြပါတယ်တဲ့။ ဆေးခန်းက နေရာပဲ ကျန်တော့တယ်။ ဆေးခန်း ဆိုင်းဘုတ်တွေ၊ လူနာ ကြည့်တဲ့ စားပွဲ ကုလားထိုင် ဘာညာ တွေလည်း မရှိတော့ပါဘူးတဲ့။ အဲဒီအခါ သူတို့ ရောဂါ ဝေဒနာ လာပြတဲ့ တိုင်းရင်းသား လူနာများခမျာ ဘယ်လို ခံစားရမယ် ဆိုတာ စဉ်းစားသာကြည့်ကြပါတော့။

## လက်တွဲဖြုတ်ခဲ့ရသူများ

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းတွေ ရွေးတဲ့အခါ ပဲခူးတိုင်း အရှေ့ပိုင်းက ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် တစ်ယောက်ကိုတော့ ပယ်လိုက်ပါတယ်။ မပယ်လို့လည်း မရပါဘူး။ သူ လွှတ်တော် ကိုယ်စားလှယ် ဖြစ်နေခိုက် နယ်တွေကို ထွက်ပြီး စကားပြောတဲ့ အခါ စည်းလွတ် ဝါးလွတ်တွေ ပြောတယ်၊ ငွေရေးကြေးရေးလည်း မရှင်း မရှင်း ဖြစ်တယ်ဆိုတဲ့ သက်သေ အထောက်အထားနဲ့ တွေ့ရလို့

သူ့ကို ပယ်ရတာပါ။ ချက်ချင်း အရေးယူတာမျိုး မဟုတ်ပါဘူး၊ သူ့ခြေလှမ်း ပျက်နေတာကို တွေ့ခဲ့စဉ် ကတည်းက အကြိမ်ကြိမ် သတိပေးခဲ့ပါတယ်။ ဒါ့ပေမဲ့ သူကတော့ ဘာမှ မပြုပြင်ခဲ့ပါဘူး။

## မခင်သန္တာ၊ တံတားဦး မြို့နယ်

မခင်သန္တာကျတော့ ပြဿနာ တစ်မျိုး။ သူဟာ မြို့နယ် NLD- EC နဲ့ လုံးဝ ပုလဲနံပ မသင့်ပါဘူး။ လွှတ်တော် ကိုယ်စားလှယ် တစ်ယောက်ဟာ မြို့နယ် NLD တွေနဲ့ ရင်းရင်းနှီးနှီး ရှိရမယ် ဆိုတာ သူ့ကို အကြိမ်ကြိမ် သတိပေးခဲ့ပါတယ်။ ပြုပြင်ခိုင်းပါတယ်။ ကျွန်တော်နဲ့ ဒေါက်တာ ဇော်မြင့်မောင်တို့ ကိုယ်တိုင် (တစ်ခါမှာတော့ ကွယ်လွန်သွားတဲ့ ဦးပေါခင်တောင် ပါပါတယ်။) သုံးကြိမ်တိုင်တိုင် တံတားဦးကိုသွားပြီး ပြေလည်အောင် ညှိနှိုင်းပေးခဲ့ပါတယ်။ မအောင်မြင်ပါဘူး။

နောက်တစ်ချက်က သူဟာ တံတားဦး မြို့နယ်က ဆိုသော်လည်းပဲ သူ့မြို့နယ်နဲ့ မဆိုင်တဲ့ မန္တလေးက (သို့) တခြား မြို့နယ် တစ်ခုခုက ပြဿနာတွေကို လွှတ်တော်မှာ တင်ပြပြီး အဆို တင်တာတို့ မေးခွန်းထုတ်တာ တို့ လုပ်လာပါတယ်။ ဒါမျိုးတွေ မလုပ်ဖို့ တားပေမဲ့ သူက မဆင်ခြင်ခဲ့ပါ။ သို့သော်လည်း မခင်သန္တာဟာ ဗဟို ကော်မတီဝင် ဖြစ်တဲ့အတွက် ပါတီရဲ့ လှုပ်ရှားမှုတွေမှာ ပါဝင်ဆောင်ရွက်ဆဲ ရှိနေလျက်ပါ။

## နေပြည်တော်က ကိုမင်းသူ

ကိုမင်းသူက မိုးကုတ် ဇာတိပါ။ သူ့ဇနီး ဒေါ် နန်း ဆိုရင် မိုးကုတ်မြို့နယ် NLD ဥက္ကဋ္ဌအဖြစ် တာဝန် ထမ်းဆောင်ခဲ့ ဖူးပါတယ်။ သူက အသိအကျွမ်း ပေါပါတယ်။ အလုပ်လည်း တကယ်လုပ်ပါတယ်။ ကိုမင်းသူရဲ့ အားနည်းချက် တစ်ခုက စကား အလွန်ပြောခြင်း ဖြစ်ပါတယ်။ လွှတ်တော်ပြီးလို့ အားလုံး ပြန်ကြတော့မယ် ဆိုရင် သူ့နားမှာ သတင်းထောက်တွေ ဝိုင်းဝိုင်းလည်လို့။ ဒါ့ကြောင့် သူ့ကို မကြာခဏ အင်တာဗျူး မလုပ်ဖို့ တားရပါတယ်။ သိပ်မအောင်မြင်ပါ။

ကိုမင်းသူ ပြဿနာတစ်ခု ဖြစ်လာပါတယ်။ ဒါက ဘာလဲဆိုတော့ နေပြည်တော်မှာ လုပ်တဲ့ မဘသ အစည်းအဝေးတစ်ခုနဲ့ ပတ်သက်ပြီး သူက ဖေ့စ်ဘုတ် တင်ခဲ့တာပါ။ သူက အဲဒီမှာ တက်တဲ့ ဘုန်းကြီးတချို့ဟာ အဓိပ္ပာယ် ကောင်းကောင်း မသိဘဲ သူများ နဖားကြိုး ထိုးလို့ လာတက်ကြတာပါ ဆိုပြီး ရေးခဲ့တာပါ။ အဲဒီ အစည်းအဝေးမှာ တကယ် တက်ခဲ့တဲ့ ဆရာတော်တစ်ပါးရဲ့ တပည့်တွေက မခံမရပ်နိုင် ဖြစ်ပြီး သူတို့ ဘုန်းကြီးကို နွားနဲ့ နှိုင်းရမလားဆိုတဲ့ ဒေါသနဲ့ တရားစွဲခဲ့ပါတယ်။ တရားစွဲရုံတင်မက တရားစွဲတဲ့ ပုဒ်မ အရ သူ့ကို ဖမ်းချုပ်ဖို့အထိ လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြလာပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော်တို့ အလုပ်များကြတာပေါ့။ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း တင်ပြခဲ့ ရပါတယ်။ ဒါ့ကြောင့် ကျေလည်ရာ ကျေလည်ကြောင်းကို ဒေါ်စုကိုယ်တိုင် အဲဒီ ဘုန်းကြီးကျောင်းကို သွား ရောက်ပြီး တောင်းပန်ခဲ့ရပါတယ်။ ဒါ့ကြောင့်မို့လို့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ လက်တွဲဖြုတ်ခဲ့ရတာပါ။

## ကိုကျော်သီဟ (ခ) ချယ်ရီကိုကို

ရှစ်လေးလုံး အရေးတော်ပုံ ကာလမှာ ကိုကျော်သီဟဟာ မန္တလေး တက္ကသိုလ် သမိုင်းဌာနမှာ ကျူတာ ဖြစ်နေ ပါပြီ။ ကျောင်းသားဆောင် တစ်ခုမှာလည်း အဆောင်မှူးပါ။ ဒါပေမဲ့ အရေးတော်ပုံထဲမှာ ပါဝင် ဆင်နွှဲခဲ့လို့ ထောင် ငါးနှစ် ကျခံခဲ့ရပါတယ်။ သူ အဲဒီလို ပါဝင် ပတ်သက်တဲ့ အတွက်ကြောင့် သူ့ဖခင် ဒုဗိုလ်မှူးကြီး

ကျော်မြင့်ဟာလည်း အငြိမ်းစားပေးခြင်း ခံရပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်လို့ ကိုကျော်သီဟက "သူ့အဖေကို အကုသိုလ် နယ်ပယ်ထဲက ထွက်ရအောင် ဖြစ်စေခဲ့တာမို့ အဖေ့ကို တစ်နည်းအားဖြင့် အကျိုးပြုခဲ့တာ" လို့ ပြောလေ့ရှိပါတယ်။

သူဟာ မေမြို့ (သို့) ပြင်ဦးလွင် ဇာတိ ဖြစ်တဲ့အပြင် ကြားဖြတ် ရွေးကောက်ပွဲမှာ ပြင်ဦးလွင်က လွှတ်တော် ကိုယ်စားလှယ်အဖြစ် အရွေးခံရတဲ့အတွက် ကျွန်တော်နဲ့ အခန်းချင်း ကပ်ပြီး နေရတဲ့ အတွက် ကြောင့် ခင်မင်သွားပါတယ်။ အသက် ၅၀ ကျော်ပေမဲ့ အိမ်ထောင် မရှိတဲ့အတွက် သူ့ကို အများက ကဗျာ ဆန်ဆန် ချယ်ရီကိုကိုလို့လည်း ခေါ်ကြပါတယ်။ စတဲ့နောက်တဲ့ သဘောလည်း ပါတာပေါ့။ လွှတ်တော် လေ့လာရေး အဖွဲ့တွေ လာလို့ အမျိုးသမီး ဧည့်သည်တွေ များတယ်ဆိုရင် ကျွန်တော်က သူ့ကို မိတ်ဆက် ပေးရာမှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကိုကျော်သီဟ (သို့) ချယ်ရီကိုကိုလို့ ပြောပေးလေ့ရှိပါတယ်။ ပရိသတ်ကရော သူကရော သဘောတွေ ကျလို့။

ကျွန်တော် မေမြို့ကို ရောက်လို့ သူ့အိမ် သွားလည်တဲ့အခါ သူ့မိဘနဲ့ တွေ့ဆုံ ခင်မင်ခွင့် ရခဲ့ပါတယ်။ ဒုဗိုလ်မှူးကြီး ကျော်မြင့် (ငြိမ်း) နဲ့ ဇနီး ဒေါ်ခင်မေစုတို့ ဖြစ်ပါတယ်။ ကျွန်တော်က ရောက်တာနဲ့ သူ့အမေကို စကားနာထိုးပါတယ်၊ "အစ်မကြီး သားက အသက်လည်း ၅၀ ကျော်ပြီ၊ အခုထိ တစ်ကိုယ်တည်း လူပျိုကြီး၊ အဲဒါ အစ်မကြီး အစ်ကိုကြီးတို့မှာ တာဝန်ရှိတယ်" လို့ ဆိုတဲ့အခါ သူ့အမေက "အို... ဒီအတိုင်းပဲ ကောင်းတယ်" လို့ တုံ့ပြန်ပါတယ်။

ကျွန်တော်က ဆက်ပြောပါတယ်။ "လွှတ်တော်ထဲမှာ ပညာတတ်၊ ဥစ္စာပေါ၊ ရုပ်ချော ကိုယ်စားလှယ်မ လေးတွေ အများကြီး၊ ကျွန်တော် တာဝန်ယူပြီး ပေးစားပေးမယ်လေ" လို့ ပြောတဲ့ အခါ သူ့အမေက "အို... မကြားချင်ဘူး....... မကြားချင်ဘူး....၊ ဒီတိုင်းပဲ ကောင်းတယ်" လို့ ခါးခါးသီးသီး ငြင်းပါတယ်။ နောက်ပိုင်း သူတို့အိမ် သွားလည်ရင် ဒီ Topic အကြောင်း ရောက်တာနဲ့ သူ့အမေက ကျွန်တော့်ကို ရန်တွေ့တော့တာပါပဲ။ ပြီးတော့ ပြောသေးတယ်၊ "ဒီဦးဝင်းထိန် ဆိုတဲ့လူနဲ့ စကားပြောရတာ ဘယ်တော့မှ အပေါက်အလမ်း မတည့် ဘူး" ပါတဲ့။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ကျွန်တော်က အောင်နိုင်ရေး အဖွဲ့ဝင်အနေနဲ့ သူ့ကို ပြင်ဦးလွင်မှာပဲ ဆက်ပြီး အရွေးခံဖို့လုပ်တော့ တချို့က သဘောမတူပါဘူး။ သူ့မှာ ပြောပလောက်တဲ့ နိုင်ငံရေး ပြစ်မှု မရှိတဲ့ အတွက် ကျွန်တော်ကပဲ အတိုက်အခံ လုပ်ပြီး သူ့ကို ကိုယ်စားလှယ်လောင်း ဖြစ်ဖို့ ထောက်ခံခဲ့ပါတယ်။ နောက်ဆုံးတော့ သူ့ကို ရွေးကောက်ပွဲ ဝင်ဖို့တော့ သဘောတူတယ်၊ ပြင်ဦးလွင်မှာတော့ မဝင်စေရဘူးလို့ ဖြစ်လာတာနဲ့ ကျွန်တော်ကပဲ အမျိုးသားလွှတ်တော် နေရာ (ဝမ်းတွင်းနဲ့ သာစည် နယ်မြေ) မှာ နေရာချထား ပေးလိုက်ပါတယ်။

သူရွေးကောက်ပွဲကို အကြိတ်အနယ် ကြိုးစားရပါတယ်။ သူ မကျွမ်းတဲ့ ဒေသဆိုတော့ ရွာတွေ အထိ ဆင်းပြီး စည်းရုံးပါတယ်။ ကံအားလျော်စွာ နယ်ခံ NLD တွေက သူ့ကို သိနေကြတော့ ပိုင်းကူကြပါတယ်။ ရွေးကောက်ပွဲမှာ သာစည် မြို့နယ်မှာ မနိုင်ပါဘူး။ ဝမ်းတွင်း မြို့နယ်မှာ အပြတ်အသတ် နိုင်တဲ့အတွက် ကြောင့် အခုဆိုရင် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်အဖြစ် တာဝန် ထမ်းဆောင်နေတဲ့အပြင် "ပတ်ဝန်း ကျင်နဲ့ သယံဇာတ ရေးရာ ကော်မတီမှာ" ဥက္ကဋ္ဌ အဖြစ် ခန့်အပ်ခြင်းခံရပြီး ဒီကော်မတီရဲ့လုပ်ငန်းတွေကို ထိရောက်စွာ ဆောင်ရွက်နေပါတယ်။

၂၀၁၈ ခုနှစ်၊ မေလကုန်လောက်မှာ ကိုကျော်သီဟရဲ့ ဖခင်ဟာ အသက် ၈၆ နှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။

သူ့ဇနီးကတော့ ၈၄ နှစ် ရှိပါပြီ။ အသုဘကို ကျွန်တော် ရောက်သွားပါတယ်။ ဒေါ်ခင်မေစုဟာ နှစ်ပေါင်း ၆၀ နီးပါး ဘဝအဖော်ဖြစ်ခဲ့တဲ့ ပုဂ္ဂိုလ် လက်တွဲဖြုတ်သွားတော့ သူဟာ လောကဓမ္မတာအရ ခံစားမှု ရှိခဲ့ပေမဲ့ တည်တည်ငြိမ်ငြိမ် ရှိပါတယ်။ ပူဆွေးမှုကို အိန္ဒြေနဲ့ ထိန်းနိုင်တဲ့ သဘောပါ။

ကျွန်တော့် အတွေ့အကြုံအရ လင်မယားတွေ ရှိရာမှာ လင်သား သေဆုံးလို့ ဇနီးသည်က တည်တည် ငြိမ်ငြိမ်နဲ့ လောကဓံကို ရင်ဆိုင်ခဲ့တယ်ဆိုရင် အဲဒီ အမျိုးသမီးဟာ နောင်မှာလည်း သားသမီးတွေကို ပြုစု ပျိုးထောင်ရင်းနဲ့ တစ်သက်လုံး တစ်ကိုယ်ရေတစ်ကာယနဲ့ နေသွားကြတာ တွေ့ရပါတယ်။ အဲဒီလို မဟုတ်ဘဲ ဇနီးသည်က လူးလိမ့် ငိုကြွေးနေပြီ ဆိုရင်တော့ သူဟာ တစ်နှစ် နှစ်နှစ်အတွင်း နောက်အိမ်ထောင်ပြုသွားကြ တာ တွေ့ရပါတယ်။

ဗိုလ်မှူးကြီး ကျော်မြင့် အငြိမ်းစားပေးခံရတဲ့ အချိန်ကစပြီး သူနဲ့ ဒေါ်ခင်မေစုတို့ဟာ ပြင်ဦးလွင်မှာပဲ အခြေချကြပါတယ်။ ၁၉၈၉ ခုနှစ်လောက် ကတည်းက စလို့ပေါ့။ ၂၀၁၈ ခုနှစ်မှာ ဗိုလ်မှူးကြီး ကျော်မြင့် ကွယ်လွန်တော့ နှစ်ပေါင်း ၃၀ နီးပါး အတူတူနေခဲ့ကြတာပါ။ သမီးတွေ အားလုံးက အိမ်ထောင်နဲ့မို့ ခွဲနေကြ ပေမဲ့ ကိုကျော်သီဟကတော့ အတူနေ သားလေး ဖြစ်ခဲ့တာပါ။ ထောင်က လွတ်ခါစကတော့ လူထု ဒေါ်အမာ ရဲ့ မန္တလေးက အိမ်မှာ ဝေယျာဝစ္စတွေ လုပ်ပေးရင်းနဲ့ လ အတော်ကြာ အတူနေခဲ့ဖူးပါတယ်။

ဒေါ်စု မန္တလေး ခရီးစဉ်မှာ လူထု ဒေါ်အမာကို သွားတွေ့ရင်းနဲ့ ကိုကျော်သီဟနဲ့ ဆုံခဲ့ဖူးပါတယ်။ ဒီလို သိကျွမ်းခဲ့တဲ့ အကျိုးဆက်အဖြစ် သူ့ကို ပြင်ဦးလွင် အမတ်လောင်းအနေနဲ့ လျာထားတဲ့အခါ ဒေါ်စု သဘောတူခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်က စတင်တဲ့ လွှတ်တော်တွေထဲမှာ အထူးသဖြင့် အမျိုးသား လွှတ်တော်မှာ ကိုကျော်သီဟရဲ့ အရည်အချင်းကို မှီတဲ့ လွှတ်တော် ကိုယ်စားလှယ်တွေက လူနည်းစုပါ။

အခုတော့ ဒေါ်ခင်မေစုဟာ မန္တလေးမှာ ရှိတဲ့ သူ့သမီးတစ်ယောက်ရဲ့ မိသားစုနဲ့အတူ နေထိုင်လျက် ရှိပါတယ်။ ဒါပေမဲ့ "မေမြို့ကို ပြန်မယ်..... မေမြို့ကို ပြန်ချင်တယ်" ဆိုတဲ့ စကားကတော့ ကိုကျော်သီဟ သူ့အမေကို ဖုန်းဆက်တိုင်း ကြားနေကျ စကားတွေ ဖြစ်ပါတယ်။ စာနာတဲ့စိတ်နဲ့ ဆင်ခြင်ကြည့်တဲ့အခါ သူ့ရဲ့ ဘဝအဖော်နဲ့ အတူတူ နေခဲ့တဲ့ နေရာလေးကို တမ်းတတဲ့ စိတ်နဲ့ ပြောနေတာလို့ သဘောပေါက်ပါတယ်။ သားကလည်း လွှတ်တော် ကိုယ်စားလှယ် ဖြစ်နေတော့ သူ့အမေနဲ့ အတူတူ မနေနိုင်ခဲ့ပါဘူး။ မေမြို့အိမ်ကို လည်း သော့ပိတ်ထားရပါသတဲ့။

## ကိုအောင်စိုး

ကိုအောင်စိုးက တနသ်ာရီနယ်သားပါ။ သူ့နယ်က လူတွေနဲ့ တွေ့ရင်တော့ သူတို့စကားနဲ့ ပြောလေ့ရှိပြီး ရန်ကုန်မှာ ဆိုရင်တော့ ဗမာလိုပဲ ပီပီသသ ပြောနိုင်ပါတယ်။ သူတို့ ဒေသစကားမှာ ဘိတ်(မြိတ်)သံနဲ့ စကား ပြောရင် ဘယ်လိုမှ နားမလည်ပါ။ ရှစ်လေးလုံး အရေးတော်ပုံကြီး စကတည်းက လှုပ်ရှားမှုမှာ ပါဝင်ခဲ့ပြီး NLD ဖွဲ့တဲ့အခါမှာ လူငယ်အဖွဲ့ ခေါင်းဆောင်အဖြစ် စတင် ပါဝင်ခဲ့ပါတယ်။ ဒါ့ကြောင့် သူ့ကို NLD သန္ဓေလို့ ပြောလို့ ရပါတယ်။

NLD ဝင်ခါစကတည်းက အိမ်ထောင် ရှိပါတယ်။ သမီးလေး တစ်ယောက် ရနေပါပြီ။ ကိုအောင်စိုး နိုင်ငံရေး လုပ်တာကို သူ့မိန်းမက လုံးဝ သဘောမတူပါ။ ဒါ့ကြောင့် ကိုအောင်စိုးကို သမီးလေးနဲ့ ထားခဲ့ပြီး ပြည်ပကို အပြီး ထွက်ခွာသွားပါတယ်။ အဲဒီ သမီးလေးကို ကိုအောင်စိုး မိဘ (အဘိုး၊ အဘွား) တွေကပဲ စောင့်ရှောက်ခဲ့လို့ ယခုအခါမှာ ပညာလည်း စုံ၊ ကြင်ရာလည်း စုံ သဘောမျိုး ဖြစ်လာပြီး ယခုအချိန်မှာ

ကလေး နှစ်ယောက်တောင် ရနေပါပြီ။

ကိုအောင်စိုးဟာ NLD ရဲ့ နိုင်ငံရေး ခရီးကြမ်းနဲ့အတူ သူ့ဘဝဟာလည်း မြင့်လိုက်၊ နိမ့်လိုက်နဲ့ပေါ့။ မြင့်တာက နည်းပြီး၊ နိမ့်တာက များတဲ့ အနေအထားပါ။ သူ့ဇာတိမှာတော့ ဘိုးဘွားပိုင် ခြံလုပ်ငန်းတွေ ရှိပေမဲ့ ရန်ကုန်မှာတော့ ဘာစီးပွားရေးမှ လုပ်လို့မရပါ။ ကိုယ်ပိုင် တိုက်ခန်းလေး တစ်ခုပဲ ရှိပါတယ်။ သူ ထားဝယ် (သို့) မြိတ်မှာ ရှိတုန်း ရန်ကုန်က အစည်းအဝေး ခေါ်ရင် တစ်ခါတလေ ပို့ဆောင် ဆက်သွယ်ရေး အဆင်မပြေလို့ မိုင် ၃၀ ခရီးလောက်ကို တစ်နေကုန် လမ်းလျှောက်သွားရတဲ့ အခါမျိုးလည်း ရှိခဲ့ပါတယ်တဲ့။

၂၀၁၀ ခုနှစ်၊ ဇူလိုင်မှာ ကျွန်တော် ထောင်က လွတ်ပြီး နိဝင်ဘာလလောက်မှာ ရုံးချုပ်ကို ပုံမှန်လာပြီး အလုပ် လုပ်တဲ့အချိန်ကျမှ ကျွန်တော် သူ့ကို သတိထားမိခဲ့ပါတယ်။ အဲဒီအချိန်မှာ သူက မြင့်ဌေး၊ အေးထွန်း၊ လုဦး၊ မျိုးညွန့် (ကွယ်လွန်) တို့နဲ့အတူ ရုံးချုပ်မှာ ပင်တိုင် လုပ်အားပေး အနေနဲ့ ရှိနေကြပါပြီ။ အဲဒီအချိန်တုန်းက သူ နေတဲ့ အလုံမြို့နယ် တိုက်ခန်းက ရုံးချုပ်ကို လာရင် များသောအားဖြင့် ခြေကျင် လာရလေ့ ရှိပါတယ်။ ဘတ်စ်ကားခတောင် မတတ်နိုင်ပါဘူးတဲ့။ ရုံးချုပ်ရောက်မှ တတ်နိုင်တဲ့ NLD လူကြီးများရဲ့ ကျွေးမွေး၊ ပေးကမ်းမှုနဲ့ နေ့စဉ် ရပ်တည်ခဲ့ကြရတာပါ။

## လွှတ်တော် ကိုယ်စားလှယ် ဖြစ်ပြီ

၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲမှာ ကိုအောင်စိုးဟာ သရက်ချောင်း မြို့နယ်က လွှတ်တော် ကိုယ်စားလှယ် အဖြစ် အရွေးခံရပါတယ်။ ကျွန်တော်တို့ လွှတ်တော် ရောက်တဲ့အခါ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိုယ်ရေး အရာရှိအဖြစ် လွှတ်တော် ကိုယ်စားလှယ် ဖြိုးဇေယျာသော်ကို တာဝန်ပေးခဲ့ပါတယ်။ ဇေယျာသော်ဟာ ဒေါ်စုရဲ့ ရုံးလုပ်ငန်းတွေကို အာရုံစိုက်ပြီး အလုပ်လုပ်နေတဲ့ ကာလတွေ ရှိတတ်ပါတယ်။ အဲဒီအခါ ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်တက်၊ လွှတ်တော် ဆင်းတဲ့ အခိုက်အတန့်တွေမှာ ရံဖန်ရံခါ လုံခြုံရေး လစ်ဟာနေတာ ကျွန်တော်တွေ့ရပါတယ်။

ဒါ့ကြောင့် ကျွန်တော်က ကိုအောင်စိုးကို ခေါ်ပြီး "ကိုအောင်စိုး၊ ဇေယျာသော်က ကိုယ်ရေး အရာရှိမို့ အလုပ်တွေ များတယ်၊ ဒါ့ကြောင့် တစ်ခါတလေ ဒေါ်စု လွှတ်တော် တက် လွှတ်တော် ဆင်းတဲ့အခါမှာ လုံခြုံရေး အမြင်နဲ့ ကြည့်ရင် လစ်ဟာနေတာ တွေ့ရတယ်၊ ဒါ့ကြောင့် ဒီနေ့က စပြီး ခင်ဗျား ဒေါ်စု လွှတ်တော် လာရင် လှေကားရင်းက စောင့်၊ သူ့နေရာကို ထိုင်ပြီးမှ ခင်ဗျားနေရာ ခင်ဗျား ပြန်ထိုင်၊ လွှတ်တော် ဆင်းရင်လည်း သူ့ကားပေါ် တက်တဲ့အထိ လိုက်ပို့၊ သူ့ကား ထွက်မှ ခင်ဗျားလည်း အဆောင်ပြန်" ဆိုပြီး ပြောခဲ့ပါတယ်။

သူကလည်း ဟုတ်ကဲ့ ဆိုပြီး အဲဒီနေ့က စလို့ ဥက္ကဋ္ဌ လွှတ်တော်ဆင်း၊ လွှတ်တော်တက်တွေမှာ ဒေါ်စု ဘေးက အမြဲလို ပါလာခဲ့ပါတယ်။ လွှတ်တော်ပြီးတဲ့ အထိပါပဲ။ ကျွန်တော် တပ်ထဲမှာတုန်းက တနသ်ာရီတိုင်းက အရာရှိနဲ့ အခြား အဆင့်တွေနဲ့ ကြုံခဲ့ဖူးပါတယ်။ သူတို့ရဲ့ အဓိက အရည်အချင်းက အမိန့်နာခံတတ်ခြင်းနဲ့ ခိုင်းတဲ့တာဝန် ကျေပွန်အောင် ဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။ အခုလည်း ကိုအောင်စိုးက အဲဒီအတိုင်းပါပဲ။

နောင်များ မကြာမီမှာ ကိုအောင်စိုးကို ဒေါ်စုက "ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင်" အဖြစ် တာဝန် တိုးမြင့်ပေးခဲ့တဲ့အပြင် ငြိမ်းချမ်းရေး ကော်မရှင်မှာလည်း အဖွဲ့ဝင်အဖြစ် ပါဝင်စေခဲ့ပါတယ်။ ကိုအောင်စိုးဟာ အရင် လွှတ်တော် ကာလတုန်းက ဒေါ်စုဘေးမှာ အမြဲတမ်း တွေ့နေရပေမဲ့ အဲဒီ ရင်းနှီးမှုကို အကြောင်းပြုပြီး ဒေါ်စုကို သီးသန့် တင်ပြ တောင်းဆိုခြင်း၊ အခွင့်အရေး တောင်းခြင်းများ လုံးဝ မရှိခဲ့ပါဘူး။ အဲဒီလို နေတတ်ခဲ့တာပါ။ ဒါ့ကြောင့် ကိုအောင်စိုးဟာ ဟိုးအောက်ခြေ လူငယ်ဘဝမှ NLD ရဲ့ အမြင့်ဆုံး တာဝန်

ဖြစ်တဲ့ ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင်ထိ ဖြစ်လာတာပါ။ နောင်း NLD လူငယ်များ အတုခိုးစေဖို့ ဖြစ်သလို ဂုဏ်ယူစရာလည်း ဖြစ်ပါတယ်။

ပါတီရေးရာ ကိစ္စတွေမှာ အဲဒီလို တစ်ဆင့်ပြီး တစ်ဆင့် တာဝန်တွေ တိုးတိုး ထမ်းဆောင်လာခဲ့ရပေမဲ့ နလုံးသားရေးမှာတော့ ရေရေရာရာ ဘာမှ ဖြစ်မလာသေးပါဘူး။ သူက လွှတ်တော် သွားဖို့ အခန်းကို သော့ပိတ်တဲ့ အခါတိုင်း "သွားပြီ မိန်းမရေ" လို့ အော်လေ့ရှိပြီး၊ လွှတ်တော်က ပြန်လာလို့ အခန်းသော့ ဖွင့်ပြီ ဆိုရင်လည်း "ပြန်လာပြီ မိန်းမရေ" လို့ အော်ပြီး နှုတ်ဆက်လေ့ရှိပါတယ်။ အကြောင်းမသိတဲ့ လူတွေကတော့ သူ့အခန်းထဲမှာ သူ့မိန်းမ ရောက်နေတဲ့ သဘောမျိုး ထင်ကြပါလိမ့်မယ်။ ဒါပေမဲ့ တကယ်တန်း စောင့်ကြည့် ရင်တော့ ဘာမှ မရှိ၊ နတ္ထိ။

သူလည်း နလုံးသားရေးရာနဲ့ ပတ်သက်လို့ ကြိုးစားပါတယ်။ မြိတ်/ထားဝယ်ဘက်မှာရော၊ ရန်ကုန်မှာ ရော၊ နေပြည်တော်မှာရောပေါ့။ သူ့ရဲ့ ရုပ်ရည်က အရွယ်လည်း တင်တယ်၊ ဖော်ရွေတဲ့ အမူအရာလည်း ရှိတော့ အမျိုးသား၊ အမျိုးသမီးတွေက သူ့ကို ခင်မင်တတ်ကြပါတယ်။ သူ စိတ်ဝင်စားတဲ့ မိန်းကလေးနဲ့ စကားပြောတဲ့ အခါ အိမ်ထောင် ကွဲခဲ့ဖူးကြောင်း၊ ကလေး ရှိခဲ့ဖူးကြောင်း အဲဒီ အထိတော့ ဟုတ်ပါပြီ။ မြေးပါ ရနေပြီဆိုတဲ့ စကားပါ ဆက်ပြောမိလေတော့ သူ့ကို စိတ်ဝင်စားတဲ့ မိန်းကလေးတွေက သူ့ကို ဆက်ပြီး စိတ်မဝင်စားနိုင်ကြတော့ပါဘူး။

## ကိုလှဝင်း (လေသူရဲတစ်ဦး)

ကိုလှဝင်းက DSA အပတ်စဉ် ၄၊ ကျွန်တော်က အပတ်စဉ် ၅၊ တပ်ခွဲ တစ်ခွဲတည်း၊ သူက တပ်စု ၄၊ ကျွန်တော် က တပ်စု ၆ ဆိုတော့ မတွေ့ချင်မှ အဆုံးပေါ့။ သူ့ပုံစံက ကလန်ကုလား၊ ပိန်ပါးပါးနဲ့ ရုပ်က ချောတယ်လည်း ပြောလို့ မရ၊ ရုပ်ဆိုးတာလည်း မဟုတ်၊ ကြားရုပ်ပေါ့။ ဇာတိက ဘီလူးကျွန်း၊ ချောင်းဆုံကပါ။ ငယ်ငယ်က တော်တော် ရုန်းကန်ခဲ့ရတယ်လို့ သိရပါတယ်။ သူ ကျောင်းဆင်းတော့ လေတပ်ကို ရောက်တဲ့အခါ လေယာဉ် မောင်း သင်တန်း တက်ရင်နဲ့ ကျွန်တော့် အိမ်ကိုလည်း ရောက်ဖူးတဲ့အတွက် မိသားစုလိုက် ရင်းနှီးတဲ့ သဘောပေါ့။

ကျွန်တော် ကျောင်းဆင်းတော့ မြစ်ဝကျွန်းပေါ် ရောက်သွားတာနဲ့ သူနဲ့ အဆက်အသွယ် ပြတ်သွား ပါတယ်။ ၁၉၆၉ ခုနှစ် ကျွန်တော် စစ်ရုံးကို ရောက်တော့ သူနဲ့ ပြန်တွေ့မိပါတယ်။ အဲဒီအချိန်မှာ သူဟာ လေသူရဲတစ်ဦး အနေနဲ့ စာရေးနေပါပြီ။ ခုနှစ်တော့ မေ့သွားပါပြီ။ သူ ရေးတဲ့ "အာကာသ ၁၀ နှစ် ခရီး" ဆိုတဲ့ စာအုပ်နဲ့ အမျိုးသား စာပေဆု (သုတ) ရသွားတဲ့အခါမှာ သူဟာ နာမည်ရ စာရေးဆရာ တစ်ယောက် ဖြစ်လာ ခဲ့ပြီပေါ့။

အဲဒီအချိန်မှာပဲ သူ့ဇနီး "ခင်" နဲ့ ပြဿနာ တက်နေပါပြီ။ သမီး နှစ်ယောက်လည်း ရနေပါပြီ။ အကြောင်း ရင်းကိုတော့ ကျွန်တော် မမေးခဲ့ပါဘူး။ ဇနီးနဲ့ ကတောက်ကဆ ဖြစ်ပြီး အိမ်ပေါ်က ဆင်းလာခဲ့ပါတယ်။ သူ့အိမ် ဆိုတာက ကမ်းနားလမ်းက ကုန်သွယ်ရေးရုံးကြီးနဲ့ မနီးမဝေးမှာပါ။ ပထမထပ် တိုက်ခန်း ဖြစ်ပါတယ်။ သူ ဆင်းလာတော့ ဘယ်ကို ရောက်သွားတယ် ထင်ပါသလဲ။ စစ်ရုံးက ကျွန်တော် နေနေတဲ့ လူပျိုဆောင် အခန်း ကိုပါ။ ၁၅ ပေ x ပေ ၂၀ လောက်သာ ရှိတဲ့ အခန်းလေးပါ။

အဲဒီတုန်းက ကျွန်တော်ကလည်း အိမ်ထောင်မကျသေး၊ ကျွန်တော့်ညီ နံပါတ် ၂ မောင်ညိုနွဲ့ (ခ) မောင်ထွန်းထိန်ကလည်း ပါတီ ဌာနချုပ်မှာ စာပြုအနေနဲ့ အလုပ်ဝင်နေပါပြီ။ ညီနံပါတ် ၄ မောင်ရဲမြင့် (ခ)

မောင်လင်းထွန်းကလည်း ဘွဲ့ရပြီးလို့ ရန်ကုန်လာပြီး အလုပ် ရှာနေတဲ့ ကာလ ဖြစ်ပါတယ်။ သူတို့လည်း အိမ်ထောင် မကျသေးတော့ အနောက် ရန်ကင်းမှာ နေတဲ့ ဦးလေး ဦးထွန်းယုံ ရဲ့ တိုက်ခန်းမှာ နေနေကြတာပါ။ ဒါ့ကြောင့် သူတို့လည်း ကျွန်တော့်ဆီကို မကြာခဏ ဝင်ထွက်သွားလာ နေကြတာပေါ့။

အပေါ်မှာ ကျွန်တော် ရေးပြပြီးခဲ့ပါပြီ။ မောင်ညိုနွဲ့ဟာ DSA အပတ်စဉ် ၆ က ကျောင်းဆင်းခါနီး သုံး-လေးရက်အကြာမှာ ထုတ်ပယ်ခြင်း ခံရတော့ ၁၉ နှစ်သားလေးရဲ့ ခံစားချက်ကို မှန်းဆ ကြည့်လို့ ရနိုင်ပါတယ်။ တက္ကသိုလ် နောက်ဆုံးနှစ် တက်ခွင့်ရတဲ့ အချိန်မှာ သူ့နာမည်ကို မောင်ထွန်းထိန်လို့ ပြောင်းလိုက်တာပါ။ "ထိန်" ဆိုတဲ့ နာမည်ကိုတော့ ကျွန်တော့်ကို လေးစားမှုနဲ့ ရွေးလိုက်တာ ထင်ပါတယ်။ ဒီနေ့ထိ မမေးဖူးပါဘူး။ "ထွန်း" ဆိုတာကတော့ စနေသားမို့လို့ပါ။

သူဟာ မွေးကတည်းက နေ့နံ နံနဲ့ ကိုက်အောင် နာမည် မှည့်မထားခဲ့ပါ။ ကျွန်တော်ကတော့ ဗုဒ္ဓဟူး သားမို့လို့ "ဝင်း" ပေါ့။ သူ မွေးတဲ့အချိန်မှာ ကျွန်တော်တို့ ရွာတွေဘက်မှာ သီချင်းတစ်ပုဒ် နာမည်ကြီးနေခဲ့ပါတယ်။ အဲဒီသီချင်းက "ဆေးတံကို တစ်ညှိုလောက်၊ ရော့... သောက်တော့ပေး၊ မယူလိုက်က မိုက်လို့ထင်၊ ယူလိုက်ပြန်က ကြိုက်လို့ထင်၊ သောက်စေချင် ခုတင်မှာ ထောင်ခဲ့ကွယ်၊ ညိုနွဲ့ရဲ့လေး" ဖြစ်ပါတယ်။ အဲဒီ သီချင်း နာမည်ကြီးနေတာကြောင့် အဘိုး ဆြာသော့က သူလည်း မွေးရော "ညိုနွဲ့လို့ မှည့်ကွာ" ဆိုတာနဲ့ သူ့နာမည် ညိုနွဲ့ ဖြစ်လာခဲ့တာပါ။

သူ့ပုံက တစ်စက်လေးမှ မညိုနွဲ့ပါဘူး။ အဲ... ညိုတော့ညိုတယ်၊ နွဲ့တော့ မနွဲ့ပါဘူး။ ဘော်လုံး ကန်ရင် လူချဖို့သာ အမြဲတမ်း စဉ်းစားနေတဲ့ကောင်။ သူ DSA က အထုတ်ခံရတဲ့အခါမှာ သူ့မှာ စိတ်ရောဂါ Mental trauma ရခဲ့ပါတယ်။ သဘာဝပါပဲ။ နောက်ပိုင်းတော့ သူဟာ အန္တရာယ် ဖြစ်စေမယ့် အမူအကျင့်တွေ ရှောင်နိုင်ခဲ့ပါတယ်။ ဒါ့ကြောင့်လဲ နဝတခေတ်က UEC မှာ ဒုညွှန်ချုပ်အဖြစ် တာဝန် ထမ်းဆောင်ပြီး အငြိမ်းစား ယူခဲ့ပါတယ်။ ဒုညွှန်ချုပ် ဆိုပေမဲ့ ညွှန်ချုပ် အလုပ်ပဲ လုပ်ရတာပါ။ တင်းပြည့်၊ ကျပ်ပြည့် ညွှန်ချုပ် မဖြစ်တာကတော့ ကျွန်တော့်ညီ ဖြစ်နေလို့ပါတဲ့။

မောင်လင်းထွန်း (ခ) မောင်ရဲမြင့်ကတော့ ကျွန်တော့်ညီ နံပါတ် ၄ ပါ။ ဗုဒ္ဓဟူးသားမို့ ရဲမြင့် ဖြစ်လာတာပါ။ ဒါပေမဲ့ ကျွန်တော်နဲ့ မောင်ညိုနွဲ့တို့ DSA ရောက်သွားတော့ အိမ်မှာ အကြီးဆုံး ဆိုလို့ နံပါတ် ၃ ညီမက ညီအစ်ကို မောင်နမထဲမှာ အကြီးဆုံးဖြစ်လာတာပေါ့။ ကျန်တဲ့ ညီအစ်ကို မောင်နမတွေက ဉာဏ်ကောင်းတော့ ၁၀ တန်းကို နှစ်ချင်းပေါက် အောင်ခဲ့ကြတာပါ။ မောင်ရဲမြင့် ၁၀ တန်း တက်လာတော့ သူလည်း ၁၀ တန်း၊ ရဲမြင့် ၁၀ တန်း အောင်သွားတော့ တက်လာတဲ့ ညီမ ၅ လှစန်းရီက ၁၀ တန်း ရောက်လာပြန်ရော၊ လှစန်းရီ ၁၀ တန်း အောင်သွားပြန်တော့ ညီ နံပါတ် ၆ မောင်တင်စိုး ၁၀ တန်း၊ သူလည်း ၁၀ တန်းပါ။

အငယ်တွေ ၁၀ တန်း အောင်သွားလေလေ သူ့ မခံချင်စိတ်က ပိုကြီးလာလေလေပါပဲ။ ၁၀ တန်းကို ခြောက်ခါလောက် ဖြေပြီးမှ အောင်တယ်လို့ ထင်ပါတယ်။ ဖွဲ့ကတော့ ကောင်းပါတယ်။ စာပေးစာယူနဲ့ ဘွဲ့ရတယ်၊ နောက်ပြီး B.Ed တက်တာ အောင်ပြန်တယ်။ အခြား သင်တန်းတွေလည်း တက်ပါတယ်။ အဲဒီတော့ ဟာသဉာဏ် ရွှင်တဲ့ မောင်ရဲမြင့်က သူ့ကို "အစ်မကြီး ဘွဲ့တွေ ဆက်မယူနဲ့တော့ဗျ" လို့ ဆိုတဲ့အခါ သူက "ဘာဖြစ်လို့လဲ" လို့ မေးတော့ ရဲမြင့်က ခပ်တည်တည်နဲ့ "ယပ်တောင် မဆန့်ဘဲ နေလိမ့်မယ်" လို့ ပြောတဲ့အခါ သူ ချက်ချင်း သဘောမပေါက်ပါ။ ရဲမြင့်က ကြာကြာ ဟန်မဆောင်နိုင်ဘဲ ပြုံးဖြီးဖြီး ဖြစ်လာတော့မှ "သေချင်းဆိုး" ဆိုပြီး သဘောပေါက်သွားပါတယ်။ ရဲမြင့် ဆိုလိုတာက လူတစ်ယောက် သေရင် ယပ်တောင်ကမ်းရတဲ့အခါ လူ့နာမည်နောက်က ဘွဲ့တွေ ရေးလေ့ရှိတာကို ဆိုလိုတာပါ။

အဲဒီ ညီမ နံပါတ် ၃ ကျွန်တော်တို့အိမ်မှာ စိုးမိုးလာတော့ အမေကလည်း လိုက်လျောညီထွေ ဖြစ်အောင် လိုက်လိုက်လျောလျော ရှိခဲ့ပါတယ်။ ဗေဒင်တွေသင်၊ ဘာတွေသင်နဲ့ သူ့ ဩဇာညောင်းမယ့်သူ့ မှန်သမျှကို နာမည်တွေ ပြောင်းပစ်လိုက်ပါတယ်။ ရဲမြင့်ကို လင်းထွန်း၊ ညီနံပါတ် ၈ အခု ဆရာဝန် ဖြစ်နေတဲ့ကောင်ကို ဒွေးအောင်ကနေ နိုင်လင်း၊ ညီနံပါတ် ၁၃ သန့်ဇော်ကို သိန်းထိုက်၊ အဲဒီလို ဖြစ်ကုန်ပါတယ်။ သူ့နာမည်က မူလ ကြည်စန်းကနေ စောကြည်စန်း။ အဘွားက ရှမ်းသွေးပါလို့ ဆိုပဲ။ အဲ့ကြောင်ကြောင်နဲ့၊ နာမည်တွေ ပြန်ပြင်လို့ မရတော့ဘူးလေ၊ လွန်ကုန်ပြီ။

## မောင်လင်းထွန်းနဲ့ အဝင်းတို့ရဲ့မိသားစု

မောင်လင်းထွန်းကတော့ မန္တလေးတိုင်း သမဝါယမ အသင်းချုပ်မှာ စာရင်းစစ် လုပ်ပါတယ်။ သူ့မိန်းမက မန္တလေးသူ။ တာမွေက တိုက်ခန်းတစ်ခုမှာ နေပြီး အခုတော့ Online နဲ့ ဗေဒင်ဟောပါသတဲ့။ သူ့အိမ်နာမည်က အဝင်း ဆိုပေမဲ့ ဗေဒင်ဆရာမ နာမည်ကတော့ "ငြိမ်းစန္ဒာ" ဆိုပဲ။ တော်တော်တော့ အလုပ်ဖြစ်နေတယ်တဲ့။ အလုပ်ဖြစ်လို့ Laptop ရိုက်နိုင်တဲ့ ကလေးမလေး တစ်ယောက် ငှားထားရတဲ့အပြင် အိမ်မှာမိတ္တူကူးစက်တောင် ဝယ်ထားရပါသတဲ့။

သူတို့မှာ သားသမီး လေးယောက် ရှိပါတယ်။ သား သုံးယောက်နဲ့ သမီး တစ်ယောက်။ သားတွေရဲ့ နာမည်က လင်းရောင်ထိန်၊ ဖြိုးအောင်ထိန်နဲ့ စည်သာထိန်တို့ ဖြစ်ပါတယ်။ အကိုကြီး ဖြစ်တဲ့ ကျွန်တော့်ကို လေးစားသမှုနဲ့ အဲဒီလို နာမည်တွေ မှည့်ထားတယ် ထင်ပါတယ်။ သမီးကျမှ ပြုံးသီရိ ဖြစ်သွားတာပါ။ လင်းရောင်ထိန်နဲ့ ဖြိုးအောင်ထိန်တို့ကတော့ မူဆယ်မှာ အခြေချပြီး နယ်စပ် ကုန်သွယ်ရေးနဲ့ အဆင်ပြေနေကြပါတယ်။ အိမ်နဲ့ ကားနဲ့ မိသားစုနဲ့ ဖြစ်နေကြပါပြီ။ သူတို့ မိန်းမတွေကတော့ ရှမ်းမတွေချည်းပါပဲ။ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးပေ့ါ။

အလတ်ကောင်က စည်သာထိန်ပါ။ Electronic နဲ့ ဘွဲ့ရပြီးသား။ ကုမ္ပဏီ လေး-ငါးခုလောက်မှာ အလုပ် ဝင်ခဲ့ဖူးပါသတဲ့။ သူ့ကို ဝေဖန်ရင် သော်လည်းကောင်း၊ ငေါက်ရင် သော်လည်းကောင်း မလုပ်တော့ဘဲ ထွက်ခဲ့ပါသတဲ့။ အခုတော့လည်း NGO လိုလို ဘာလိုလို လုပ်နေတာ အဖေလည်း မသိရ၊ အမေလည်း မသိရ။ မိဘ နှစ်ယောက်ကိုလည်း သူ စိတ်မတွေ့ရင် ပြန်ဝေဖန်ဖို့ ဝန်မလေးတဲ့ ကလေးတစ်ယောက်ပါ။ ဒီလို လူမျိုးက ကံကြီးထိုက်တယ် ဆိုတာ နားမလည်တဲ့သူမျိုးပေ့ါ။

ဒီကောင်က ရန်ကုန်မြို့မှာ နာမည်ကြီးတဲ့ တရားရိပ်သာတွေမှာ မဝင်ခဲ့ဖူးတာ မရှိပါ။ ဝိပဿနာ တရားတွေကို ရှင်းပြမယ် ဆိုရင်လည်း သူက ဆရာတစ်ဆူ နီးပါးလောက် ပြောနိုင်၊ ဟောနိုင်ပါတယ်။ မိတ္ထီလာက ကျွန်တော့်ညီရဲ့ မိတ်ဆွေတချို့ (ဖိုးချိုတို့၊ မောင်နုတို့) ဆိုရင် သူ့ကို အထင်တွေကြီးလို့၊ "ဟော့ကောင်၊ ရဲမြင့် .. မင့်သားက မဆိုးဘူးကွ" လို့ ချီးကျူးခံရပါတယ်။ ဒါ့ကြောင့် ကျွန်တော်က သူ့ကို နာမည်တစ်ခု ပေးခဲ့တာ အခု တွင်သွားပါပြီ။ "ဘဒ္ဒန္တ စည်သာထိန်" ပါတဲ့။

## ကျွန်တော့်ညီများနဲ့ ကိုလှဝင်း

အဲဒီလို သွားလာနေကြတော့ ကိုလှဝင်းနဲ့ ကျွန်တော့်ညီတွေ ပြန်တွေ့ပြီးတော့ ဆက်ဆံရေးတွေ ပိုပြီး များလာပါတယ်။ အဲဒီလို များလာတော့ တချို့ကိစ္စလေးတွေမှာ သဘောထား မတိုက်ဆိုင်မှုလေးတွေ ဖြစ်လာပါတယ်။ ဒါပေမဲ့ ပြင်းပြင်းထန်ထန် ခါးခါးသီးသီး မဟုတ်ပါ။ ကိုလှဝင်းက ရဲမြင့်နဲ့ ပတ်သက်ရင် ခဏ ခဏ ပြောလေ့

ပြောထ ရှိတဲ့ စကားရှိပါတယ်။ “မင်းတို့ ညီအစ်ကိုတွေထဲမှာ ငါ အကြောက်ဆုံးက ရဲမြင့်ပဲကွ” ပါတဲ့။

ညိုနွဲ့နဲ့ ပတ်သက်ရင်လည်း အခုထိ တွင်နေတဲ့ ကိစ္စတစ်ခု ရှိပါတယ်။ ကိုလှဝင်းက ကျွန်တော်နဲ့ အသက် မတိမ်းမယိမ်းပါ။ စာရေးအား မကျပါဘူး။ ကျွန်တော် ထောင်ထဲမှာ ရှိစဉ် ကတည်းက သူ့စာတွေ ဆောင်းပါးတွေ ကျွန်တော် မပြတ် ဖတ်ခဲ့ပါတယ်။ သူ့ရဲ့ ဘာသာပြန် စာအုပ်တစ်အုပ်က တော်တော် ပေါက်ပါတယ်။ “ပါပီလွန်” ဆိုတဲ့ စာအုပ်ပါ။ တစ်ချိန်တုန်းက ပြင်သစ် နိုင်ငံက ပါပီလွန် ဆိုတဲ့ လူတစ်ယောက်ဟာ မတရား ထောင်ချခံရပြီး တောင်အမေရိကတိုက်က ကိုလိုနီ နယ်မြေတစ်ခုကို တစ်ကျွန်း အပို့ခံရတာပါ။

အဲဒီ တစ်ကျွန်းကမှ ထွက်ပြေးပြီး လမ်းတစ်လျှောက်မှာ တိုင်းရင်းသား လူမျိုးစုတွေနဲ့ တွေ့၊ သူတို့ဆီမှာ အိမ်ထောင်ကျ၊ ပြန်ထွက်ပြေး၊ နောက်ဆုံး ဂျမေကာ ကျွန်းနိုင်ငံကမှ ပြင်သစ် နိုင်ငံ ပြန်ရောက်ပြီး သူ့အမှုကို ပြန်လှန်ရင်းနဲ့ အနိုင်ရခဲ့ပါတယ်။ မူရင်း ပြင်သစ်ဘာသာနဲ့ ရောင်းအကောင်းဆုံး စာအုပ် ဖြစ်ခဲ့သလို ရုပ်ရှင် ရိုက်ရာမှာလည်း အောင်မြင်ပါတယ်။ ကိုလှဝင်း ဘာသာပြန်တဲ့ အဲဒီ စာအုပ်လည်း လူကြိုက် များပါတယ်။

အဲဒီ စာအုပ်ကို မောင်ညိုနွဲ့ ဖတ်ပြီးတဲ့အခါ ကိုလှဝင်းကို ပြောပါတယ်။ “ကိုလှဝင်း၊ ခင်ဗျားရဲ့ ပါပီလွန် စာအုပ်က သိပ်ဖတ်လို့ ကောင်းတာပဲ၊ ကျွန်တော် အရမ်း ကြိုက်တယ်ဗျာ” လို့ ဆိုတော့ ကိုလှဝင်းက ပြုံးပြီး ကျေနပ်နေတာပေါ့။ ပြီးတော့ မောင်ညိုနွဲ့က ဆက်ပြောပါတယ်၊ “ခင်ဗျား အဲဒီ ဘာသာပြန် စာမူကို ဘယ်လောက် ပေးဝယ်လိုက်ရသလဲ” လို့ ပြောတော့ ကိုလှဝင်းက “ငါ-ိုးမသား” လို့ ပယ်ပယ်နယ်နယ် ပြန်ဆဲ လိုက်ပါတယ်။

ညိုနွဲ့ရဲ့ စကားကို အပာတ်အောက်မေ့ပြီး ကျန်တဲ့လူတွေက နားထောင်နေလိုက်ကြတာ၊ ကိုလှဝင်း ပျစ်ပျစ်နစ်နစ် ဆဲလိုက်တော့မှပဲ အားလုံးက ဝါးခနဲ ဖြစ်ကုန်ကြတာပေါ့။ ညိုနွဲ့က အဲဒီလိုကောင်ပါ။ အခု နောက်ပိုင်းမှာ ကျွန်တော် စိတ်ဆိုးလို့ ဆဲစရာ ပေါ်လာရင် ငါ ကိုလှဝင်းလို ဆဲလိုက်မှာနော်လို့ ပြောလေ့ရှိပါတယ်။ ကိုလှဝင်းကလည်း အဲဒီကိစ္စ အစဖော်တိုင်း စိတ်ဆိုးမြဲ၊ စိတ်ဆိုဆဲပါ။

## ကိုလှဝင်းနဲ့ နောက်အိမ်ထောင်

ကိုလှဝင်း ကျွန်တော့်အခန်းကို ရောက်လာတဲ့အချိန်မှာ သူဟာ နောက်အိမ်ထောင်ပြုဖို့ အစ ပျိုးနေပါပြီ။ သူက ဆေးတက္ကသိုလ် ၂ မှာ ကျောင်းတက်နေတဲ့ မမြင့်မြင့်တင်ပါ။ နောက်ပိုင်း ကျွန်တော် မမြင့်မြင့်တင်နဲ့ သိလာတဲ့ အခါမှာ သူဟာ စိတ်သဘောထား ကောင်းတယ်၊ ရတနာ သုံးပါးလည်း ကိုင်းရှိုင်းတယ်။ မိဘများက မိုးကုတ် မြို့ရဲ့ အချမ်းသာဆုံး မိသားစုထဲမှာ ပါပါတယ်။ ကျောင်းသူ ဘဝတည်းက သူဟာ ဘဏ်မှာ ဖွင့်ထားတဲ့ ငွေ စာရင်းနဲ့ ကျောင်းသုံး၊ ဈေးသုံး လုပ်နေတာပါ။ ရုပ်ကတော့ ရွက်ကြမ်းရေကြိုပါ၊ အဝေးမှုန် မျက်မှန်လည်း တပ်ထားရပါတယ်။

မမြင့်မြင့်တင်က ကိုလှဝင်းကို ကျောင်းသူ ဘဝကတည်းက မိတ်ဆက်စာ ရေးပါတယ်။ မိတ်ဆက်စာ ရေးရင်းနဲ့ ကိုလှဝင်းက စာပြန်တော့ အဆက်အသွယ် ဖြစ်သွားကြတယ် ဆိုပါတော့။ ဒီလိုနဲ့ ကိုလှဝင်းကလည်း လူပျိုလို ပြန်ဖြစ်၊ သူ့စာအုပ်ကလည်း အောင်မြင်ဆိုတော့ မမြင့်မြင့်တင်နဲ့ ဆက်ဆံရေးဟာ ပိုပြီး ရင်းနှီးလာ တယ်နဲ့ တူပါတယ်။ ကျွန်တော် မရှိတဲ့ စနေ၊ တနင်္ဂနွေ ဆိုရင် မမြင့်မြင့်တင် စစ်ရုံး လူပျိုရိပ်သာကို လာလည် လေ့ ရှိပါတယ်။ တစ်ခါတလေ အနောက် ရန်ကင်းက ဦးလေး ဦးထွန်းယျ အိမ်မှာ ဆုံတတ်ကြပါတယ်။

ကိုလှဝင်းဟာ ပထမတော့ သူဟာ စာရေးတတ်တဲ့အတွက် ပြန်ကြားရေးမှာ တွဲဖက်ပြီး လုပ်နေတာတော့ သတိရပါတယ်။ နောက်ပိုင်းတော့ ဘယ်လို ဖြစ်ကြသလဲ ကျွန်တော် မျက်ခြေပြတ်သွားပါတယ်။ မမြင့်မြင့်

တင်နဲ့ အိမ်ထောင်ပြုပြီး မိုးကုတ်ကို ပါသွားပါတယ်။ တိုက်ဆိုင်ချင်တော့ အဲဒီအချိန်မှာ ဦးနေဝင်း အစိုးရက မိုးကုတ် စစ်ဆင်ရေး လုပ်တဲ့ အချိန် ဖြစ်ပါတယ်။

အစိုးရက မိုးကုတ်ကို မွှေနှောက်ပြီး နာမည် ရှိနေတဲ့ သူဌေးတွေကို စတင် ထိန်းသိမ်းပါတော့တယ်။ အဲဒီအချိန်မှာ မမြင့်မြင့်တင်ရဲ့ အဖေနဲ့ အစ်ကိုတို့ဟာ အဖိုးတန် ကျောက်တွေနဲ့အတူ တစ်ဖက် နိုင်ငံကို တိမ်းရှောင်သွားပါတော့တယ်။ မမြင့်မြင့်တင်ရဲ့ မိဘအိမ်ကို အာဏာပိုင်တွေက လာရှာတဲ့အခါ အမေနဲ့ မမြင့်မြင့်တင်ပဲ ရှိနေပါတယ်။ လာရှာတဲ့ အဖွဲ့ခေါင်းဆောင်က သူ့ရဲ့ အထက်အရာရှိကို ဒီအိမ်မှာ မိန်းမသားပဲ ရှိတယ်၊ ယောက်ျားသား ဆိုလို့ ရန်ကုန်က ခဏလာတဲ့ ဗိုလ်ကြီး လှဝင်း ဆိုတဲ့သူပဲ ရှိပါတယ်လို့ ဆက်သွယ်ရေး စက်နဲ့ တင်ပြတဲ့အခါ တစ်ဖက်က "ရှိတဲ့ ယောက်ျားပဲ ခေါ်ခဲ့" ဆိုတဲ့ အမိန့်နဲ့ ကိုလှဝင်း အဖမ်းခံရပါပြီ။

ကိုလှဝင်းဟာ အဲဒီအမိန့်ကို စိတ်အနာဆုံးပါ။ အပြစ်ရှိတယ်၊ မရှိတယ် မစိစစ်ဘဲနဲ့ လက်တန်း အဖမ်းခံ ရတဲ့ အဖြစ်နဲ့ ကြုံရတာပါ။ ဘာမှ အပြစ်မရှိပေမဲ့ ကိုလှဝင်းဟာ ထောင်ထဲမှာ ရှစ်လလောက် နေလိုက်ရပါတယ်။ အဲဒီလို အပြစ်မရှိဘဲ အဖမ်းခံရတဲ့ အတွက်ကြောင့် ကိုလှဝင်းဟာ စိတ်အနာကြီး နာပြီး မမြင့်မြင့်တင်နဲ့ မွေးကင်းစ သားကြီးကို ခေါ်ပြီး တစ်ဖက်နိုင်ငံကို ထွက်သွားပါတော့တယ်။

## နိုင်ငံရေး ခိုလှုံခွင့်

ကိုလှဝင်းနဲ့ မိသားစုဟာ ထိုင်းနိုင်ငံကို သွားတဲ့အခါ လွယ်လွယ်ကူကူနဲ့ ရောက်သွားတာ မဟုတ်ပါဘူး။ ဘန်ကောက်မြို့ကို ရောက်တဲ့အခါ အဲဒီမှာ ရှိတဲ့ အင်္ဂလန် နိုင်ငံ သံရုံးနဲ့ ဆက်သွယ်ပါတယ်။ သံရုံးမှာ သူဟာ စာရေးဆရာ ဖြစ်တဲ့အကြောင်း၊ အစိုးရရဲ့ မိုးကုတ် စစ်ဆေးရေးမှာ မတရား အဖမ်းခံရတဲ့ အကြောင်းတွေ ဖော်ပြပြီး အင်္ဂလန်နိုင်ငံမှာ နိုင်ငံရေး ခိုလှုံခွင့် တောင်းခဲ့ပါတယ်။ ဒါလည်း လွယ်လွယ်ကူကူ ရခဲ့တာ မဟုတ်ပါဘူး။

နောက်ဆုံးတော့ ကိုလှဝင်းတို့ မိသားစုဟာ အင်္ဂလန် နိုင်ငံမှာ နိုင်ငံရေး ခိုလှုံခွင့် ရသွားပါတယ်။ စကော့တလန် နိုင်ငံဘက်မှာ နေရာချထားခြင်း ခံရတယ်လို့ သိရပါတယ်။ ကိုလှဝင်းဟာ အဲဒီမှာ နေရင်းနဲ့ ဥရောပ နိုင်ငံတွေကို သွားရောက် လည်ပတ်ခဲ့ပါတယ်။ ဒါ့အပြင် မမြင့်မြင့်တင် မိသားစုရဲ့ လုပ်ငန်းဖြစ်တဲ့ ကျောက်လုပ်ငန်းနဲ့ ပတ်သက်ပြီး Gemnology နဲ့ ပတ်သက်တဲ့ ဒီပလိုမာ သင်တန်း တက်ခဲ့ပါတယ်။ ဒါ့ကြောင့် ကျောက်လုပ်ငန်းကိုလည်း အထိုက်အလျောက် နားလည်လာပါတယ်။

## ၁၉၈၀ ခုနှစ် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်

၁၉၈၀ ခုနှစ်၊ နယုန် လပြည့်နေ့မှာ ဦးနေဝင်း အစိုးရဟာ သာသနာ သန့်ရှင်းရေးကို အောင်မြင်စွာ ဆောင်ရွက် နိုင်ခဲ့တဲ့ အထိမ်းအမှတ်နဲ့ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် ကြေညာခဲ့ပါတယ်။ ကိုလှဝင်းတို့ကလည်း အဲဒီ ကြေညာချက်ကို အခွင့်ကောင်းယူပြီး မြန်မာပြည်ကို ပြန်လာခဲ့ပါတယ်။ ပြန်လာတော့ ကုန်းလမ်းနဲ့ တာချီလိတ်က တစ်ဆင့်ပါ။ သူ့ကို ထောက်ခံမယ့်သူ ဘယ်သူရှိသလဲလို့ မေးတော့ ထောက်လှမ်းရေးမှာ ရှိတဲ့ သူ့ အပတ်စဉ်က ကိုဇော်ဝိတ် (ဒုဗိုလ်မှူးကြီး ဖြစ်နေပါပြီ) ရှိတယ် ဆိုတဲ့အကြောင်း ပြောပြီး အဲဒီ ညွှန်းဆိုချက်နဲ့ သူတို့ မိသားစု မြန်မာပြည် ပြန်ရောက်ခဲ့ပါတယ်။

အဲဒီအချိန်မှာ သူတို့မှာ သားငယ် တစ်ယောက် ထပ်ရနေပြန်ပါပြီ။ ရောက်ခါစက ရေကျော်ဘက်မှာ တိုက်ခန်း တစ်ခန်း ဝယ်ပြီး နေကြပါတယ်။ ကိုလှဝင်းဟာ ပြည်ပကို ရောက်နေပေမဲ့ ဖနီးကြီး "ခင်" နဲ့ သမီး

နှစ်ယောက်ကိုလည်း ဆက်လက် ထောက်ပံ့ခဲ့တယ်လို့ သိရပါတယ်။ ဒါ့ကြောင့် ကိုလှဝင်းဟာ ကုန်သည်လမ်းက ခင်ရဲ့ အခန်းကို လာလိုက်၊ ရေကျော်က မမြင့်မြင့်တင် အခန်းကို သွားလိုက်နဲ့ ကူးချည်သန်းချည် ရှိနေခဲ့ပါတယ်။ ခင်က အင်မတန် သဘောပြည့်ဝတဲ့သူပါ။ ကရင် လူမျိုး ဖြစ်ပြီး အ.ထ.ပြ အနေနဲ့ သမီးတွေကို ပြုစုပျိုးထောင်နေခဲ့သူပါ။

## မမြင့်မြင့်တင် ကွယ်လွန်ရှာပြီ

ရေကျော်မှာ နေတဲ့ ကိုလှဝင်းအိမ်ကိုလည်း ကျွန်တော် မကြာ မကြာ ရောက်ပါတယ်။ မမြင့်မြင့်တင်နဲ့ အဖေနဲ့ အစ်ကိုတွေကို လုံးဝ စုံစမ်းလို့ မရတော့ပေမဲ့ အမေကတော့ ရှိနေဆဲပါ။ ဒါ့ကြောင့် ကိုလှဝင်းနဲ့ မမြင့်မြင့်တင်တို့ဟာ အမေနဲ့ ပြန်ဆက်သွယ်မိပြီး ရန်ကုန်၊ မိုးကုတ် ကူးလူးဆက်ဆံရေးတွေ ပြန်လုပ်နေကြပါတယ်။ အဲဒီလို အခါမျိုးမှာ ကိုလှဝင်းဟာ မမြင့်မြင့်တင် အမေရဲ့ အစီအစဉ်အရ လက်ကျန် နီလာ၊ ပတ္တမြား ကျောက်တွေကို အစိုးရ ကျောက်မျက် ကော်ပိုရေးရှင်းမှာ တရားဝင် ရောင်းချခဲ့တာတွေလည်း ကျွန်တော် သိရပါတယ်။

အဲဒီလို အဆင်ပြေတဲ့အခါမှာ မမြင့်မြင့်တင်မှာ အသည်းကင်ဆာ ဖြစ်နေကြောင်း သိရပါတယ်။ သူကိုယ်တိုင်က ဆရာဝန် ဖြစ်တော့ မမြင့်မြင့်တင်ဟာ သူ့ရောဂါကို တည်တည်ငြိမ်ငြိမ်ပဲ ရင်ဆိုင်ပါတယ်။ အထူးကု ဆရာဝန်ကြီးတွေနဲ့ တိုင်ပင်တဲ့အခါ သူ့ရဲ့သက်တမ်းဟာ အလွန်ဆုံး နှစ်နှစ်ပဲ ကျန်တော့တယ်ဆိုတာ သိရပါတယ်။

ဒါ့ကြောင့် ရောဂါ မကျွမ်းခင်မှာ မမြင့်မြင့်တင်ဟာ ခွင့်တောင်းပြီး ခင်နဲ့ သွားတွေ့ခဲ့ပါတယ်။ တွေ့တဲ့အခါ သူ့ရောဂါကြောင့် လူ့ပြည်မှာ ကြာကြာ နေနိုင်မှာ မဟုတ်တော့တဲ့အတွက် သူ့သား နှစ်ယောက်ကိုလည်း ခင်က စောင့်ရှောက်ပေးဖို့ ပြောတဲ့အခါ ခင်ကလည်း နဂိုတည်းက သဘောကောင်းသူ ဖြစ်တော့ လက်ခံလိုက်ပါတယ်။ မမြင့်မြင့်တင်ဟာ နှစ်နှစ် မပြည့်ခင် ကွယ်လွန်သွားခဲ့ပါတယ်။ သူ့ အသုဘကို ကျွန်တော် လိုက်ပို့တဲ့အခါ ဟံသာဝတီ ဦးဝင်းတင်နဲ့ စာရေးဆရာ မောင်သော်က (ခ) ဗိုလ်မှူး ဘသော်တို့ကိုလည်း တွေ့ဆုံခဲ့ရပါတယ်။

## ရှစ်လေးလုံး အရေးတော်ပုံ အစက ကိုလှဝင်း

ကျွန်တော့် ရုံးက မဂိုလမ်း (ရွှေဘုံသာလမ်း)၊ ကိုလှဝင်းနဲ့ ခင်ရဲ့ တိုက်ခန်းက ကုန်သည်လမ်း ဆိုတော့ နီးပါတယ်။ သူလည်း ကျွန်တော့်ရုံးကို မကြာ မကြာ လာလေ့ရှိပါတယ်။ ၁၉၈၈ ခုနှစ်၊ မတ်လ၊ ဖုန်းမော်အရေးအခင်းက စပြီး တိုင်းပြည် မငြိမ်မသက် ဖြစ်ခဲ့ပါတယ်။ အဲဒီ မငြိမ်သက်မှုတွေဟာ တဖြည်းဖြည်းနဲ့ ကျယ်ပြန့်လာပြီး မဆလ အစိုးရက အထူး ဖွင့်ထားတဲ့ ဆိုင်တွေကို လူထုက ဖောက်ပြီး လုတဲ့ အဖြစ်တွေ ဖြစ်နေပါပြီ။

ကျွန်တော် အဲဒီအချိန်မှာတုန်းက စီးပွားရေး လုပ်ငန်းတွေ အများမပြတ်သေးတော့ ဘယ်လှုပ်ရှားမှုမှ မပါသေးပါဘူး။ ဒါပေမဲ့ ကိုလှဝင်းကတော့ စလုပ်နေပါပြီ။ သူရယ်၊ ဦးဝင်းတင်ရယ်၊ ဦးကိုယုနဲ့ ဗိုလ်မှူး ဘသော်တို့ဟာ သူ့ရဲ့ လေးဘီးကားလေးနဲ့ စီခနဲဆို သွားလိုက်၊ စီခနဲဆို သွားလိုက်၊ ပြီးရင် လမ်းမတော်က ဦးဝင်းတင်ရဲ့ အခန်းမှာ ဆုံလိုက်ကြ၊ ဆွေးနွေးကြ၊ ဝေဖန်ကြနဲ့ မရှိတဲ့ အလုပ်တွေ ရှာကြံ လုပ်နေပါတယ်။ သူတို့ရဲ့ အခြေခံ သဘောထားတွေကတော့ သိလာပါတယ်။ မဆလ အစိုးရ ပြုတ်ကျပြီး ဒီမိုကရေစီ စနစ်ပေါ် အခြေခံတဲ့ အစိုးရ တစ်ရပ် ပေါ်လာရေး ဖြစ်ပါတယ်။

## ကျွန်တော်နဲ့ သူရ ဦးတင်ဦး

ကျောင်းသားတွေ ခေါင်းဆောင်တဲ့ အုံကြွ လှုပ်ရှားမှုဟာ ဩဂုတ်လ ၈ ရက်နေ့ ကတည်းက စတင်နေပါပြီ။ အဲဒီအချိန်မှာ (အပေါ်မှာလည်း ရေးဖူးခဲ့ပါတယ်) ကျွန်တော့်ကို သူရ ဦးတင်ဦးကြီးက တယ်လီဖုန်း ဆက်ပါတယ်။ သူ့ကို ပတ်သက်ရာ ပတ်သက်ကြောင်းတွေက နိုင်ငံရေး လှုပ်ရှားမှုတွေမှာ ပါဝင်ဖို့ တိုက်တွန်းနေကြပြီ။ သူကလည်း ပါဝင်ဖို့ ဆုံးဖြတ်ပြီးပြီမို့ ကျွန်တော့်ကို သူ့ရဲ့ လုပ်ငန်းတွေကို ကူညီဖို့ မေတ္တာရပ်ခံတာပါ။ ကျွန်တော်ကလည်း မစွမ်းရင်းကလည်း ရှိ၊ ကစွန်းခင်းကလည်း ငြိ ဆိုတော့ သူ့နိုင်ငံရေး လှုပ်ရှားမှုတွေမှာ စိတ်တက်ကြွစွာနဲ့ ပါဝင်ခဲ့ပါတယ်။

## ကိုလှဝင်းတို့ ရှေ့ကျွံသွားပြီ

ရန်ကုန် ဆေးရုံကြီးဝင်းအတွင်းကို တပ်က သေနတ်နဲ့ ပစ်တဲ့အချိန်က စပြီး ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံရေး လှုပ်ရှားမှုတွေမှာ ပါဝင်ဖို့ ဆုံးဖြတ်ပြီးပါပြီ။ ဘယ်လို လုပ်မယ်၊ ဘယ်သူတွေနဲ့ တွဲလုပ်ရမယ် ဆိုတာ တွေတော့ ယတိပြတ် မဆုံးဖြတ်ရသေးပါဘူး။ ပထမပိုင်းတော့ သေဒဏ်က လွတ်လာတဲ့ ကိုထွေးမြင့်နဲ့ တွဲမိကြပါသေးတယ်။ ဒီကြားထဲမှာလည်း ဦးဝင်းတင်တို့ အုပ်စုနဲ့ တစ်နေရာမှာ တိတ်တဆိတ် တွေ့ခဲ့ပါတယ်။ ဘာလုပ်သင့်တယ်၊ ဘယ်လို လှုပ်ရှားသင့်တယ် ဆိုတဲ့ ယေဘုယျ စူးစမ်းတဲ့သဘောပါ။

အဲဒီအချိန်မှာ ဦးစိန်လွင် သမ္မတ ဖြစ်နေပါပြီ။ မကြာခင်မှာပဲ ဒေါက်တာ မောင်မောင် သမ္မတ ဖြစ်လာပြန်ပါပြီ။ အဲဒီအချိန်မှာ ကိုလှဝင်းဟာ သူ့ရဲ့ လှုပ်ရှားမှုတွေကို ပြန်လည် စဉ်းစား သုံးသပ်ပြီး သူဟာ မကြာခင် အဖမ်းခံရနိုင်တယ်လို့ တွက်လိုက်ပါတယ်။ အဲဒီလို တွက်ပြီးတော့ ကျွန်တော့်ကို တစ်နေရာမှာ ချိန်းပါတယ်။ သူဟာ အဖမ်းခံရတော့မှာမို့လို့ သူ မရှိတဲ့အချိန် ခင်နဲ့ ကလေး လေးယောက်ကို အကူအညီ ပေးဖို့ ကျွန်တော့်ကို မေတ္တာရပ်ခံပါတယ်။ ကျွန်တော်ကလည်း သဘောတူ လက်ခံခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော်ဟာ ဦးတင်ဦး လှုပ်ရှားတိုင်း သူ့ဆီ သွားနေခဲ့ပေမဲ့ ဂေါက်ရိုက်တော့ မပျက်သေးပါ။

## ကျွန်တော် ကြားဖြတ် ရွေးကောက်ပွဲ ဝင်တော့မယ်

ကျွန်တော် ရှေ့ကို Fast Forward လုပ်လိုက်ပါရစေ။ ၂၀၁၂ ခုနှစ်၊ ကြားဖြတ် ရွေးကောက်ပွဲကို ကျွန်တော် ဝင်ဖို့ ဖြစ်လာပါတယ်။ အဲဒီလို ဖြစ်လာတော့ ကိုလှဝင်းက ကျွန်တော်နဲ့ ပတ်သက်တဲ့ ဆောင်းပါး တစ်ပုဒ်ကို Northern Star ဂျာနယ်မှာ ရေးပါတယ်။ ခက်ခဲ ကြပ်တည်းတဲ့ ကာလမှာ အဲဒီ ဆောင်းပါး ပါလာခဲ့ပါတယ်။ ထုတ်ဝေသူကို မမှတ်မိတော့ပေမဲ့ အဲဒီ ဂျာနယ် တာဝန်ခံကတော့ DSA အောက်ဖက် Intake တစ်ခုက ကလေး တစ်ယောက်လို့ ပြောပါတယ်။ အဲဒီ ဆောင်းပါးဟာ ကျွန်တော့်ဘဝရဲ့ မှတ်ကျောက်တစ်ခု ဖြစ်လို့မို့ အရင်းအတိုင်း ဖော်ပြလိုက်ပါရစေ။

သူ ရေးတဲ့ ဆောင်းပါး နာမည်ကတော့ "သူငယ်ချင်း သံမဏိ ဝင်းထိန်" ပါတဲ့။

လွန်ခဲ့သော နှစ်ပတ်လောက်က သူ ကျွန်တော့်ဆီကို ဖုန်းဆက်ခဲ့ပါတယ်။

"ကိုလှဝင်း၊ ကျွန်တော် ခင်ဗျားဆီ ခဏ လာချင်လို့၊ အားတယ် မဟုတ်လား၊ အိမ်မှာ ရှိနေတယ် မဟုတ်လား"

"အေး... ရှိနေတယ်၊ လာခဲ့လေ"

နာရီဝက်လောက် အတွင်းမှာပဲ သူ ကျွန်တော့်ဆီကို ရောက်လာပါတယ်။

"ထိုင်... သူငယ်ချင်း၊ ဘာကိစ္စ ရှိလို့လဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်တော် ရွေးကောက်ပွဲ ဝင်ဖို့ကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားဆီက အလှူခံချင်လို့"

"မင်းတို့ ပါတီက ကုန်ကျမယ့် စရိတ်တွေ မပေးဘူးလား"

"ပေးတော့ပေးတယ်၊ မစို့မပို့ ပေးတာ၊ ဘယ်လောက်မှာလဲဗျာ၊ ပါတီမှာကလည်း ပိုက်ဆံ ရှိတာမှ မဟုတ်ဘဲ၊ သူများ လာလှူကြတဲ့ ငွေတွေနဲ့ ရပ်တည်နေရတာ"

သူ့ပုံသဏ္ဌာန်မှာ ဒီနေ့ လူဝကြီး ဖြစ်နေပါပြီ။ သူ့ကို ကျွန်တော် တစ်သက်လုံး တွေ့ဖူးနေခဲ့တာက ဒီပုံသဏ္ဌာန်မျိုး လုံးဝမဟုတ်ပါ။ ခန္ဓာကိုယ်က မပိန်မဝ၊ မျက်နှာက အမြဲ ပြုံးချိုလျက်။ လူချော တစ်ယောက် မဟုတ်ပေမဲ့ ပညာတတ်၊ လူရည်သန့် ပုံမျိုး ရှိသည်ကိုတော့ ဘယ်သူမှ ငြင်းနိုင်မယ် မဟုတ်ပါ။

ဒီနေ့တော့...။ ကျွန်တော် တစ်သက်လုံး မထင်ထားခဲ့တဲ့ ပုံသဏ္ဌာန်မျိုး ဖြစ်အောင် သူ့ ခန္ဓာကိုယ်မှာ ဝတုတ်နေပါတယ်။ တကယ်တော့ သူနဲ့ ကျွန်တော် စတင် ခင်မင်ခဲ့ကြသည်မှာ ကြာပါပြီ။ တိတိကျကျ ပြောရရင်တော့ ၁၉၅၉ ခုနှစ် ကတည်းကပေါ့ ခင်ဗျာ။ ကျွန်တော်က စစ်တက္ကသိုလ် အပတ်စဉ် ၄။ သူက စစ်တက္ကသိုလ် အပတ်စဉ် ၅။

ကျွန်တော်က သူ့ထက် တစ်နှစ် စီနီယာကျပါတယ်။ အသက်ကလည်း တစ်နှစ်လောက်ပဲ ကွာပါလိမ့်မယ်။ ဒါပေမဲ့ အဲဒီခေတ်ရဲ့ စစ်တက္ကသိုလ် ဓလေ့ အစဉ်အလာ အတိုင်း စီနီယာ ဖြစ်နေတဲ့ ကျွန်တော့်ကို သူက အမြဲ 'ကို' တပ်ခေါ်ပြီး သူ့ကို ကျွန်တော်က 'မင်း'၊ 'ငါ' နဲ့ အမြဲ စကားပြောခဲ့ပါတယ်။

ဒီနေ့ နှစ်ပေါင်း ၅၃ နှစ် ရှိနေပါပြီ။ ၁၉၅၉ စစ်တက္ကသိုလ်ကို ရောက်လာစက သူ့ခန္ဓာကိုယ်က ပိန်ပိန်ရှည်ရှည်လေး။ နောက် သူ့မျက်နှာက ကလေး မျက်နှာ baby face။ ဒီနေ့အထိလည်း သူ့မျက်နှာက ကျွန်တော့် မျက်စိထဲမှာတော့ ကလေး မျက်နှာပါပဲ။ အဲဒီခေတ်က စစ်တက္ကသိုလ်မှာ ဗိုလ်လောင်း တပ်ခွဲ နှစ်ခွဲပဲ ရှိပါတယ်။ ဘုရင့်နောင် တပ်ခွဲနဲ့ အနော်ရထာ တပ်ခွဲ။

သူနဲ့ ကျွန်တော် နှစ်ယောက်လုံးက ဘုရင့်နောင် တပ်ခွဲကပါ။ သူက တပ်စု ၅ အဆောင်။ ကျွန်တော်က တပ်စု ၄ အဆောင်။ ဒါပေမဲ့ အဲဒီခေတ်က စစ်တက္ကသိုလ်က လေးနှစ်၊ သင်တန်းသား အားလုံး ပေါင်းလိုက်မှ လူဦးရေက ၁၅၀ မပြည့်ပါဘူး။ ပိုဆိုးတာက သူတို့ အပတ်စဉ် ၅ လူဦးရေက အလွန် နည်းပါတယ်။ ၂၀ လောက်ပဲ ရှိခဲ့တယ်လို့ ထင်ပါတယ်။ ဒါကြောင့် စစ်တက္ကသိုလ် တစ်ခုလုံးမှာ တစ်ယောက်နဲ့ တစ်ယောက် မသိသူ၊ မခင်သူ မရှိကြပါဘူး။

သူနဲ့ ကျွန်တော် စစ်တက္ကသိုလ်မှာ သုံးနှစ်အတူ နေလာခဲ့ဖူးပါတယ်။ အဲ... ကျွန်တော် ကျောင်းဆင်းတဲ့ ၁၉၆၂ ခုနှစ် အထိပေါ့ ခင်ဗျား။ ကျွန်တော် မှတ်မိပါသေးတယ်။ ၁၉၆၂ ခုနှစ်မှာ ကျွန်တော် ကျောင်းဆင်းပြီး မိတ္ထီလာ လေတပ်စခန်းကို ပြောင်းရွှေ့ဖို့ လုပ်တုန်းမှာ သူ ကျွန်တော့် အခန်းကို ရောက်လာပါတယ်။

"ကိုလှဝင်း... ခင်ဗျား ဘီဒီအက်(ပ်) စောင်ကို ယူမသွားဘူး မဟုတ်လား၊ ကျွန်တော့်ကို ပေး"

"ဘာလုပ်ဖို့လဲ"

"ကျွန်တော့် မိဘက ဆင်းရဲတယ်လေဗျာ၊ အဖေက ကျောင်းဆရာ၊ ကျွန်တော့် ညီအစ်ကို မောင်နှမက ဆယ်ယောက်ကျော်တောင် ရှိတယ်၊ ခင်ဗျား ဘီဒီအက်(ပ်)ကို ကျွန်တော့် ညီတွေ၊ ညီမတွေ

တစ်ယောက်ယောက် ခြုံဖို့ ရတာပေါ့"

"ရော့... ယူသွား၊ ငါက လွှင့်ပစ်တော့မလို့"

ရယ်ရတယ် ခင်ဗျ။ အဲဒီခေတ် စစ်တက္ကသိုလ်က စစ်ပစ္စည်းတွေ အလွန် ပေါပါတယ်။ ဗိုလ်လောင်း တစ်ယောက်ယောက် ကျောင်းဆင်းသွားရင် ကျောင်းက သုံးဖို့ ထုတ်ပေးထားတဲ့ ဘာပစ္စည်းကိုမှ ပြန်အပ်စရာ မလိုပါဘူး။ အကုန် ယူသွားခွင့် ပြုထားပါတယ်။ လစာကတော့ ပထမနှစ်မှာ ၅၈ ကျပ်၊ နောက်ဆုံးနှစ်မှာ ၆၂ ကျပ်၊ သင်တန်း လေးနှစ်မှာ တစ်နှစ်ကို လစာ တစ်ကျပ် တိုးတာပေါ့ ခင်ဗျား။

လစာ ဆိုလို့ ပြောရဦးမယ်။ အဲဒီခေတ်က ကျွန်တော်တို့ စစ်တက္ကသိုလ်ကို ရောက်လာကြတဲ့ လူတွေက ဆင်းရဲတဲ့ မိသားစုက လာခဲ့ကြတဲ့လူတွေ အလွန် များပါတယ်။ ဗိုလ်လောင်း လစာ ကျပ် ၆၀ လောက်ထဲကပဲ အိမ်ကို ပြန်ပို့တဲ့လူက ပို့ရတယ်။ ဝင်းထိန်ကတော့ ထိပ်ဆုံးက ပါတာပေါ့ ခင်ဗျား။ သူ ဗိုလ်လောင်း ဘဝ လေးနှစ်လုံးမှာ သူ့မိဘကို သူ့လစာ တစ်ဝက်၊ အဲ... ကျပ် ၃၀ ပေါ့ ခင်ဗျား။ အမြဲ ပို့ပေးခဲ့ပါတယ်။

ကျွန်တော်က စစ်တက္ကသိုလ်တုန်းက လူပျင်း ခင်ဗျ။ ကျွန်တော် ဘယ်လောက် အပျင်းကြီးတယ် ဆိုတာ တစ်ကျောင်းလုံး သိကြပါတယ်။ ဝင်းထိန်ကတော့ ကျွန်တော်နဲ့ ဆန့်ကျင်ဘက်။ အလွန် ကြိုးစားတယ် ခင်ဗျာ။ ကျောင်းစာမှာလည်း ကြိုးစားတယ်။ စစ်ပညာမှာလည်း ကြိုးစားတယ်။ ကျွန်တော်က ကျောင်းဆင်းတော့ ကျွန်တော့် သင်တန်းမှာ ဘိတ်ဆုံး။ အဲ့... နောက်ဆုံးက အောင် တယ်။ သူက သင်တန်းမှာ ထိပ်ဆုံးက အောင်ရုံသာ မဟုတ်ဘူး။ အောင်စစ်သည်ဆုလည်း ရခဲ့တယ်။ ရွှေတံဆိပ် ပညာတံခွန်လည်း ရခဲ့ပါတယ်။

စစ်တက္ကသိုလ် အပတ်စဉ် ၁ က အပတ်စဉ် ၅ အထိ ဗိုလ်လောင်းတွေထဲမှာ သူ့လို ဆုနှစ်ဆု ရဖူး တာ သူတစ်ယောက်ပဲ ရှိပါတယ်။ ကျောင်းဆင်းပြီးတော့ ကျွန်တော် လေယာဉ်ပျံမောင်း သင်တန်း ကျောင်း တက်တယ်။ နောက် ၅၀၂ လေတပ်စခန်းကို ရောက်သွားပြီး လေသူရဲအဖြစ် စစ်ဆင်ရေး တာဝန် အမျိုးမျိုးကို ထမ်းဆောင်ရတယ်။ ၁၉၇၁ ခုနှစ်မှာ ကျွန်တော် တပ်မတော် (လေ) က အငြိမ်းစား ယူလိုက်ပါတယ်။ ကျန်းမာရေးကြောင့်ပါ။ နားက သွေးထွက်ပြီး လေယာဉ်ပျံ မမောင်းနိုင်တဲ့ အတွက်ပါ။

အဲဒီအချိန်မှာ ဝင်းထိန်က စစ်ရုံးချုပ်ကို ရောက်နေပါပြီ။ ဗိုလ်မှူးကြီး ကြည်မောင် (နောင် ကျန်းမာ ရေး ဝန်ကြီး ဖြစ်ပြီး ယနေ့ ကွယ်လွန်) ရဲ့ ကိုယ်ရေးအရာရှိ ဖြစ်နေတယ်လို့ ကျွန်တော် ထင်ပါတယ်။ စစ်တက္ကသိုလ်က ဆင်းလာပြီး ဆယ်နှစ်လောက် ကြာတဲ့အထိ သူနဲ့ ကျွန်တော် ပြန်မတွေ့ကြပါဘူး။ ဘယ်လို ပြန်တွေ့ကြတယ်လို့ ထင်ပါသလဲ။ ၁၉၈၀ ပြည့်နှစ်အတွင်းလောက်မှာ ဖြစ်ပါလိမ့်မယ်။ ပထမဆုံး မြင့်သန်း ကျွန်တော့်ဆီ ရောက်လာပါတယ်။ မြင့်သန်းက ကျွန်တော်နဲ့ စစ်တက္ကသိုလ် တစ်ပတ်စဉ်တည်း အောင်တဲ့ သူငယ်ချင်းပါ။

"ငါလာတာ ဝင်းထိန်အတွက် ဘာလုပ်ပေးရင် ကောင်းမလဲလို့ လာတိုင်ပင်တာ"

မှန်ပါသည်။ အဲဒီအချိန်မှာ ဝင်းထိန်ကလည်း တပ်က ထွက်ခဲ့ပါပြီ။ ဗိုလ်ကြီး အုန်းကျော်မြင့်တို့ အာဏာသိမ်းဖို့ ကြံစည်တဲ့ အမှုမှာ စစ်ရုံးက အရာရှိ အများကြီးကို ပင်စင်ပေးလိုက်ပါတယ်။ အဲဒီ အထဲမှာ ကံဆိုးတဲ့ သူလည်း ပါပြီး ထွက်ခဲ့ရတာပါ ခင်ဗျား။

"ငါ ဘာလုပ်ပေးရမှာလဲ၊ ဒီကောင့် အတွက် အလုပ်ရှာပေးရမှာလား"

"ရှာပေးနိုင်ရင် ကောင်းတာပေါ့ကွာ၊ ခု ဒီကောင်ကို ငါက အမေရိကန် ပြည်ထောင်စုကို အပြီး for good ပေါ့ကွာ၊ သွားခိုင်းမလို့၊ အမေရိကန် ဗီဇာ ရနိုင်တဲ့ နည်းလမ်း ငါ့မှာ ရှိတယ်၊ မင်းဆီ လာတာက

မင်းက နိုင်ငံခြားမှာ အကြာကြီး နေခဲ့ဖူးတော့ အမေရိကန် ရောက်ရင် ဒီကောင် ဘာအလုပ် လုပ်စားမလဲလို့ လာတိုင်ပင်တာကွ၊ ဒီကောင်က ခြေလျင်က ထွက်တာ ဆိုတော့ ကျွမ်းကျင်မှု ပညာ Skill က ဘာမှ မရှိဘူး"

"လွယ်လွယ်လေးပါကွာ၊ သွားသာ သွားနိုင်း၊ ဟိုရောက်ရင် ကူလီလုပ်လို့ ပြောလိုက်"

"ဘာ... ကူလီလုပ်... ခွေးကောင်၊ ငါက အတည် လာမေးနေတာ"

"ငါကလည်း အတည် ဖြေနေတာ၊ ဒီကောင် ဘယ်လောက်တော်တဲ့ အကောင်ဆိုတာ မင်းလည်း သိနေတာပဲ၊ မင်း စကားပုံတစ်ခု ကြားဖူးတယ် မဟုတ်လား၊ ပတ္တမြား မှန်ရင် နွံမှာ မနစ်ဘူး ဆိုတာ၊ အမေရိကန် ပြည်ထောင်စုမှာက တော်တဲ့ အကောင်က ဘယ်တော့မှ အောက်မှာ ကြာကြာ မနေရဘူး၊ ဒီကောင် ဟိုရောက်သွားရင် တစ်နေ့ရာမဟုတ် တစ်နေ့ရာ အောင်မြင်မှာပဲ ကြောက်မနေနဲ့၊ သွားသာ သွားနိုင်းလိုက်"

သူ အမေရိကန် ပြည်ထောင်စုကို for good မသွားဖြစ်လိုက်ပါဘူး။ သူတို့ အပတ်စဉ်ထဲက မျိုးမြင့်ရဲ့ ယောက်ဖ ဦးကျော်သောင်း ရုံးမှာ လခစား ဝင်လုပ်တယ် ဆိုတဲ့ သတင်းကို ကြားရပါတယ်။ ဦးကျော်သောင်းက အဲဒီခေတ်က ရန်ကုန်မြို့မှာ နာမည်ကြီး နိုင်ငံခြား ကိုယ်စားလှယ် ခင်ဗျား။

နောက်သုံးနှစ်ကြာတော့ သူ ဦးကျော်သောင်း အလုပ်ကထွက်ပြီး ကိုယ်ပိုင် နိုင်ငံခြား ကိုယ်စားလှယ် အလုပ်ကို စလုပ်နေပြီ ဆိုတဲ့ သတင်းကို ကြားရပါတယ်။နောက် နှစ်နှစ်လောက်ကြာတော့ သူ ကျွန်တော့် ရုံးခန်းကို ရောက်လာပါတယ်။

စာရှသူ။ သင် ယုံနိုင်မှာလား။ အဲဒီအချိန်မှာ သူ သူဌေးပေါက်စလေး ဖြစ်နေပါပြီ။ ကိုယ်ပိုင်ကား စီးနေပါပြီ။

"ပြော သူငယ်ချင်း၊ မင်းကို ငါ ဘာအကူအညီ ပေးရမလဲ"

"ပြည်ပမှာ ရှိတဲ့ ဒေါ်လာငွေကို ပြည်တွင်းကို ကျပ်ငွေအဖြစ် အလိမ်မခံရဘဲ ရောက်လာအောင် ဘယ်လို လုပ်ရမလဲ"

"မင်း နိုင်ငံခြား ကုမ္ပဏီက ရတဲ့ ကော်မရှင်တွေကို မြန်မာငွေ လုပ်ချင်လို့လား"

"ဟုတ်တယ်"

ကျွန်တော်ထံတွင် သူ့ပြဿနာကို ရှင်းပေးနိုင်တဲ့ နည်းလမ်းပေါင်း များစွာ ရှိပါတယ်။ အဲဒီ အချိန်က ကျွန်တော်က အောင်မြင်တဲ့ ရတနာကုန်သည် တစ်ဦး ဖြစ်နေပါပြီ။ ပြည်ပ အဆက်အသွယ်တွေလည်း အများကြီး ရှိတဲ့အတွက် သူ လာပြောတဲ့ ပြဿနာက ကျွန်တော့်အတွက် ပြဿနာ မဟုတ်ပါ။ လမ်းစဉ်ပါတီ ခေတ်က ရတနာ ကုန်သည်တိုင်း လုပ်တတ်တဲ့ အလုပ် ဖြစ်ပါတယ်။

"မင်း တပ်မှာ ဗိုလ်မှူး မဖြစ်လိုက်ဘူးလား"

"မဖြစ်ဘူး၊ ဖြစ်တော့ ဖြစ်တော့မလို့ဘဲ၊ တပ်ခွဲမှူး ဖြစ်နေပြီ၊ အမိန့် မထွက်သေးတာ၊ အဲဒီအချိန်မှာ တပ်က ထွက်လိုက်ရတာပဲ"

သူနဲ့ ကျွန်တော် အဲဒီအချိန်က စပြီး စီးပွားရေး လောကမှာ လက်တွဲနေလာခဲ့ကြပါတယ်။ သူ့ အောင်မြင်မှုက အလွန် မြန်တယ် ခင်ဗျား။

အစပိုင်းမှာ သူ့ထက် ကျွန်တော် ပိုက်ဆံ အများကြီး ပိုရှိပါတယ်။ ဒါပေမဲ့ တဖြည်းဖြည်း ကျွန်တော့်ကို မှီလာပြီး ၁၉၈၈ ခုနှစ် ရောက်တဲ့အခါကျတော့ ကျွန်တော့်ကိုတောင် သူ သာတော့မလို ဖြစ်နေခဲ့ပါပြီ။ မှန်ပါသည်။ သူ့မိဘကို သူ စောင့်ရှောက်တာကတော့ သူ့မိဘ ကွယ်လွန်ချိန် အထိပါပဲ။

သူ့ ညီအစ်ကို မောင်နမတွေကိုလည်း သူပဲ တာဝန်ယူ ကျောင်းထားပေးခဲ့ပါတယ်။

"ကျွန်တော် အခု ပိုက်ဆံ ရှိလာတော့ အမေ့အတွက် ကျွန်တော် စိန်နားကပ် တစ်ရံ ဝယ်သွားပေးပြီး ကိုယ်တိုင် သွားပန်ပေးတယ်၊ အမေ့ကို ကျွန်တော် ပန်ပေးနေတုန်းမှာ အမေက မျက်ရည်တွေကျလာပြီး ငိုတယ်၊ နောက် ဘာပြောသလဲ သိလား၊ အမေ ဝမ်းသာလွန်းလို့ပါ သားရယ်တဲ့"

ကျွန်တော်လည်း သူ့လို ဆင်းရဲတဲ့ ဘဝက လာခဲ့တာပါပဲ၊ ကျွန်တော် ပိုက်ဆံရှိတဲ့ အချိန်မှာ ကျွန်တော့် အမေ မရှိတော့ပါဘူး၊ အကယ်၍ ရှိခဲ့ရင်လည်း ဝင်းထိန်လို စိန်နားကပ် ဝယ်ပေးချင်စိတ်ရှိချင်မှ ရှိပါလိမ့်မယ်။

၁၉၈၈ ခုနှစ်ဟာ သူရဲ့ အထွတ်အထိပ် အောင်မြင်တဲ့ အချိန်ပါပဲ၊ ပြဿနာက ကျွန်တော့်ဆီက စတာပါ၊ သူ နိုင်ငံရေးကို စိတ်မပါပါဘူး၊ တိုင်းပြည်ကို ချစ်တဲ့စိတ်၊ ရိုးသားတဲ့စိတ်ကတော့ သူ့မှာ အပြည့်ရှိပါတယ်၊ ဖြစ်ချင်တော့ ၁၉၈၈ အရေးအခင်းကြီး ဖြစ်တဲ့အချိန်မှာ ကျွန်တော် အိမ်မှာ ငြိမ်ငြိမ် မနေပါဘူး၊ ကားတစီးနဲ့ တစ်မြို့လုံး လှည့်ပြီး လိုက်ကြည့်တယ်၊ စာပေလောကမှ ကျွန်တော့် မိတ်ဆွေတွေ အိမ် သွားလည်တယ်၊ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေကို ဆွေးနွေးတယ်၊ စပ်စုတာပေ့ါ ခင်ဗျာ။

အဲဒါတွေ အလုပ်ကောင်းရင်းနဲ့ တစ်နေ့ မနက်ပိုင်း ကိုဝင်းတင်ဆီ ရောက်၊ နောက်... မောင်သော်က ဆီရောက်၊ သူတို့ နှစ်ယောက်လုံးကလည်း ကျွန်တော့် အစ်ကိုကြီးတွေလိုပါပဲ၊ မငြင်းနိုင်ပါဘူး၊ နှစ်ယောက်လုံးကလည်း လူတော်တွေပါ၊ ကျွန်တော်နဲ့ အလွန် ခင်ခဲ့ဖူးတဲ့ လူတွေပါ၊ အဲဒီ ခင်မင်မှုကြောင့်လည်း အလွန် ကြောက်တတ်တဲ့ ကျွန်တော် စာရေးဆရာ သမဂ္ဂထဲ ပါသွားတယ်၊ နောက် ပိုလ်သူရလမ်းမှာ လျှို့ဝှက် ပြုလုပ်တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံတဲ့ အဖွဲ့ထဲမှာလည်း ပါသွားပြန်ပါတယ်၊ မိမိ စည်းကျော်သွားပြီ ဖြစ်တာကို မိမိ ချက်ချင်း သိတယ်၊ မိမိ အဖမ်းခံရဖို့ များနေပြီ။

ဒါကြောင့် ဝင်းထိန်ကို ကျွန်တော် ရှာရတယ်၊ သူက အဲဒီတုန်းက ဂေါက်ကွင်းမှာ ခင်ဗျ၊ သူ့သားတွေနဲ့ ဂေါက်သီး ကစားနေပါတယ်၊ နောက် သူနဲ့ ကျွန်တော် အင်းစိန် လမ်းမပေါ်က ချစ်တီးဘုရားကျောင်း ရှေ့မှာ ကားနှစ်စီး ဆုံပြီး အရေးပေါ် တွေ့ကြတယ်။

"ဘာဖြစ်တာလဲ ကိုလှဝင်း"

"ငါတော့ အဖမ်းခံရတော့မလား မသိဘူး သူငယ်ချင်း"

ကျွန်တော် ပါဝင်ခဲ့မိတဲ့ ဇာတ်စုံကို သူ့ကို ပြောပြလိုက်ပါတယ်။

"ကျွန်တော် ဘာလုပ်ပေးရမလဲ"

"မင်းကို ငါ ပိုင်ဆိုင်တဲ့ အတွင်းပစ္စည်းနဲ့ ငွေစာရင်း လာပေးတာ၊ တကယ်လို့ ငါ အဖမ်းခံရရင် ဒီငွေနဲ့ ပစ္စည်းတွေကို ခင်... မင်းကို ထုတ်ပေးလိမ့်မယ်၊ မင်း သိမ်းထား၊ ပွားအောင် လုပ်ပေး၊ ငါ့မိသားစုကို စောင့်ရှောက်ပေးပါကွာ"

အဲဒီအချိန်က တိုင်းပြည်က ပျက်သလို ဖြစ်နေတဲ့ အချိန်။

"ခင်ဗျား ထင်သလိုလည်း ဖြစ်ချင်မှ ဖြစ်မှာပါ၊ မပူနဲ့၊ ဖြစ်ခဲ့ရင်လည်း ခင်ဗျား လုပ်ခိုင်းတာ ကျွန်တော် အကုန်လုံး လုပ်ပေးမယ်၊ ခင်ဗျား အခု လုပ်တာတွေ မမှားပါဘူး၊ ခင်ဗျား နေရာမှာ ကျွန်တော် ဆိုရင် ကျွန်တော်လည်း ခင်ဗျားလိုပဲ လုပ်မိမှာပဲ၊ ကိုယ့်နိုင်ငံအတွက် အခုချိန်မှာ ကိုယ် မပါလို့မှ မရတာဘဲ၊ မိုးချုပ်တော့မယ်၊ ခင်ဗျား ပြန်တော့၊ ခင်ခင်ကိုလည်း ပြောလိုက်၊ ကျွန်တော် တာဝန်ယူတယ်လို့"

လူ့လောကကြီးမှာ မမျှော်လင့်ထားတာတွေ အကုန် ဖြစ်လာခဲ့ပါတယ်၊ ၁၉၈၈ ခုနှစ်မှာ တက်ကြွတဲ့ ကျွန်တော်က ဘာမှ ဖြစ်မလာပါဘူး၊ အဲဒီအချိန်က ဂေါက်သီးရိုက်နေတဲ့ ဝင်းထိန်က နိုင်ငံရေးလောက

ထဲ ရောက်သွားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အနီးကပ် ပုဂ္ဂိုလ် ဖြစ်လာတယ်။ ထောင်ထဲ အကြိမ်ကြိမ် ဝင်ရပြီး စုစုပေါင်း သူ့ရဲ့ ထောင်သက်တမ်းက ၁၉ နှစ်၊ နှစ် ၂၀ လောက် ရှိလိမ့်မယ်လို့ ထင်ပါတယ်။ စစ်တက္ကသိုလ် သမိုင်းမှာ အမြင့်ဆုံး ထူးချွန်ဆု နှစ်ဆုရပြီး ထောင်ထဲမှာ နှစ် ၂၀ လောက် နေခဲ့ဖူးတာ သူ တစ်ယောက်ပဲ ရှိပါတယ်။ နောင်နှစ်ပေါင်း ၁၀၀ ကြာတဲ့အချိန်မှာလည်း သူ တစ်ယောက် ပဲ ရှိလိမ့်မယ်လို့ ထင်ပါတယ်။

ဟော..ဒီနေ့ မိတ္ထီလာမြို့ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲ ဝင်တော့မလို့တဲ့။ ကျွန်တော် စဉ်းစားကြည့်တယ်။ ဒီနေ့ ကျွန်တော့် အသက်က ၇၀ ကျော် အရွယ် ရောက်နေပါပြီ။ ကျွန်တော့် ဘဝမှာ လူမျိုးစုံ တွေ့ခဲ့ဖူးပါတယ်။ ကျွန်တော် ရိုးရိုးသားသား ပြောတာပါ။ ကျွန်တော် မြင်တွေ့ဖူးတဲ့ လူတွေ အကုန်လုံးမှာ ဝင်းထိန်လောက် ဉာဏ်ပညာ ရှိသူ၊ ဝင်းထိန်လောက် ရိုးသားသူ၊ ဝင်းထိန်လောက် မိဘကျေးဇူးကို သိသူ၊ ကျေးဇူး ဆပ်ခဲ့ဖူးသူမျိုး မရှိခဲ့ပါဘူး။

[၂၀၁၂ ခုနှစ်၊ မတ်လ၊ Northern Star ဂျာနယ်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည့် ဝတ္ထုဟန် ရေးဖွဲ့ထားသော ဆောင်းပါးကို မမေ့နိုင်သဖြင့် ပြန်လည် တင်ပြပါသည်။]

## ပြန်ကောက်ကြည်းစို့

ဒီလိုနဲ့ ကျွန်တော် ထောင်ကျသွားပါတယ်။ ၁၉၉၅ ခုနှစ်မှာ ပြန်လွှတ်တော့ ကိုလှဝင်းက ခေါင်းကြီး ကိုလှမြင့် (အပတ်စဉ်-၃) နဲ့ တွဲပြီး ဗိုလ်ချုပ်ဈေးမှာ ဆိုင်ခန်းလား၊ ရုံးခန်းလား မသိ တွဲအလုပ်လုပ်နေပါတယ်။ ကျွန်တော် ထောင်မကျခင်ကနဲ့ ထောင်က လွှတ်လာပြီး အပြင်က စီးပွားရေး အခြေအနေတွေဟာ အတော် ခြားနားသွား ပါပြီ။ သားသမီး အကြီးတွေကလည်း တက္ကသိုလ် ရောက်နေကြပြီ ဆိုတော့ မိသားစု ဝင်ငွေအတွက် ဘာလုပ် ရမယ် ဆိုတာ တဝဲလည်လည်နဲ့ အဖြေရှာနေခဲ့ပါတယ်။ ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည်လည်း အကျယ်ချုပ်က ပြန်လွှတ်ပြီ ဆိုတော့ သူ့ နိုင်ငံရေး လုပ်ငန်းတွေမှာ ပါဝင် လုပ်ဆောင်ရင်း ၁၉၉၆ ခုနှစ်မှာ တစ်ခါ ပြန်အဖမ်းခံ ရလို့ ထောင်ကျပြန်ပါပြီ။

၂၀၁၀ ခုနှစ်မှာ ကျွန်တော် ထောင်က လွှတ်တော့ ကိုလှဝင်းရဲ့ ကြွယ်ဝမှုဟာ တော်တော့်ကို အဆင့်မြင့် နေပါပြီ။ တက္ကသိုလ်ရိပ်သာ လမ်းသစ်ဘက်မှာ ခြံနဲ့ ဝင်းနဲ့၊ ဝင်းထဲမှာလည်း ကား လေး-ငါး-ခြောက်စီး။ နောက် မကြာခင် တစ်နှစ် နှစ်နှစ် အတွင်းမှာ သူ သံလျင်ကို ရောက်သွားပြန်ပါပြီး ခြံဝင်း အကျယ်ကြီးနဲ့၊ အထဲမှာတော့ တန်ဖိုး အလွန်မြင့်တဲ့ ပန်းချီကားတွေ၊ ပန်းပုတွေ၊ တော်တော်များများကတော့ Antique အဆင့်ဝင်တွေပါ။ သူ့ ခြံဝင်းအတွင်းက ပန်းချီ ပန်းပုတွေရဲ့ တန်ဖိုးဟာ ကုဋေနဲ့ချီပြီး ရှိမယ်လို့ ကျွန်တော် မှန်းဆရပါတယ်။

သမီးတစ်ယောက်ကတော့ ဩဇီရောက်ပြီး အခြေချနေပါပြီ။ သား နှစ်ယောက်နဲ့ သမီး တစ်ယောက်တို့ ကတော့ ရန်ကုန်မှာ အခြေချပြီး အောင်မြင်တဲ့ စီးပွားရေး လုပ်ငန်းရှင်တွေ ဖြစ်နေပါပြီ။ သူ့မှာ ခက်တာက ခင်က အသက်ကြီးလို့ သူ့လုပ်ငန်းတွေကိုရော၊ သူ့ကိုရော စိတ်မဝင်စားတော့ပါဘူး။ သားတွေ၊ သမီးတွေက လည်း ပန်းချီ၊ ပန်းပု ကိစ္စတွေ လုံးဝ စိတ်မဝင်စားပါဘူး။ သူ့ရဲ့ အနုပညာ ပစ္စည်းတွေနဲ့ ပတ်သက်လို့ ဘာ လုပ်ရင် ကောင်းမလဲလို့ ကျွန်တော့်ကို မကြာ မကြာ တိုင်ပင်လေ့ရှိပါတယ်။ ကျွန်တော် အကြံမပေးတတ်ပါ။ တစ်လောကတော့ သူ့ပစ္စည်းတွေကို ဇေကမ္ဘာ ဦးခင်ရွှေက ပုတ်ပြတ် ဝယ်လိုက်ပြီလို့ ကြားရပါတယ်။ သူကတော့ အဲဒီနေရာမှာ ဆက်နေမြဲပါပဲ။ ဘယ်လို Arrangement နဲ့ လုပ်နေသလဲတော့ ကျွန်တော် မမေးမိ တော့ပါ။

## မောင်ဆန်းဝင်းထိန်နဲ့ မနှင်းရတနာဇော်တို့ရဲ့ ဖူးစာ

သားဂျူးဟာ ၁၉၉၇ ခုနှစ်မှာ US ကို အပြီးအပိုင် ထွက်သွားပြီး ဟိုမှာ ဘွဲ့တွေရ၊ အလုပ်တွေနဲ့ အခြေကျနေပါပြီ။ နိုင်ငံသားလည်း ဖြစ်နေပါပြီ။ ကျွန်တော်ကတော့ သူတို့ဘဝနဲ့ ပတ်သက်လို့ ဘာမှ လုပ်မပေးနိုင်တဲ့ အတူတူ ကံကြမ္မာရဲ့ ဖန်တီးရာကိုပဲ လက်ခံခဲ့ပြီး သူတို့ဘဝနဲ့ ပတ်သက်လို့ ဘယ်လိုမှ နည်းပေးလမ်းပြ မလုပ်နိုင်ခဲ့ပါ။ သူကလည်း မြန်မာပြည်ကို ၂၀၁၇ ခုနှစ် ပြန်လာတဲ့အထိ အိမ်ထောင်မကျခဲ့သေးပါ။ သူနဲ့ နှင်းရတနာဇော် ဆိုတဲ့ ကောင်မလေး ကျွန်တော့် အခန်းမှာ ဆုံရာက တွဲမိသွားကြတာပါ။

ပိုပြီး နီးစပ်သွားတာက ပူတာအိုမြို့နားက မူလာရှီး ဆိုတဲ့ ရွာကလေးမှာ စင်ကာပူက လှူဒါန်းတဲ့ သူတွေကြောင့် ဆောက်ပြီးသွားတဲ့ ကျောင်းကို ဒေါ်အောင်ဆန်းစုကြည် ကိုယ်စား သွားရောက် ဖွင့်လှစ်တဲ့ ခရီးမှာ ဖြစ်ပါတယ်။ နောက်တစ်နေ့ ပူတာအို မထွက်ခင် မန္တလေးက ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်ရဲ့ အိမ်မှာ ကျွန်တော်နဲ့ သားဂျူးတို့ ညအိပ် တည်းပါတယ်။ ည ၁၀ နာရီလောက်မှာ သားဂျူး ဖုန်းဆက်နေပါတယ်။ နှင်းရတနာဇော်နဲ့ပါ။

ဖုန်းထဲက ငိုတဲ့ အသံကြားလို့ သားဂျူးကို စပီကာဖွင့်လို့ ပြောတဲ့အခါ နှင်းရတနာဇော်က သူနဲ့ သားဂျူး တို့ သမီးရည်းစား ဖြစ်နေတာကို သူ့အဘွားက ဆူနေတဲ့ အကြောင်း၊ ဘာ့ကြောင့်လဲ ဆိုတော့ သူက ၂၆ နှစ်၊ သားဂျူးက ၄၁ နှစ်၊ ဒီလို အသက်ကွာတဲ့ လူနဲ့မှ ဖြစ်လေခြင်း ဆိုပြီး စကား ကတောက်ကဆတ် ဖြစ်ကြလို့ ငိုနေတာပါတဲ့။ အဲဒီတော့ ကျွန်တော်က မနေနိုင်ဘူး၊ တယ်လီဖုန်းကိုယူပြီး "သမီးလည်း အရွယ်ရောက်နေပြီ၊ ကိုယ်ပိုင်အလုပ်တွေတောင် လုပ်နေပြီ၊ အဲဒီတော့ အဘွားစကားနားထောင်ပြီး သားဂျူးနဲ့ အဆက်ဖြတ်မှာလား" လို့ မေးတော့ အဆက်မဖြတ်ပါဘူးတဲ့။

ကျွန်တော်က နောက်တစ်နေ့ သူ့အစီအစဉ်ကို မေးတဲ့အခါ သူ ရန်ကုန်ကို လေယာဉ်ပျံနဲ့ ပြန်မှာပါတဲ့။ အဲဒီတော့ ကျွန်တော်က နောက်တစ်နေ့မှာ ပူတာအို သွားမယ် လိုက်မလား ဆိုတော့ သူက လိုက်မယ်လို့ ပြောပါတယ်။ ဒါနဲ့ သက်ပိုင်ရှိန်းကို လေယာဉ်ပျံ လက်မှတ် ရ မရ မေးခိုင်းတော့ ရမယ် ဆိုတာနဲ့ နောက်တစ်နေ့ သူ ပူတာအိုကို လိုက်လာဖြစ်ပါတယ်။ သူ့အိမ်ကိုတော့ ရန်ကုန်ကို လေယာဉ်ပျံနဲ့ ပြန်သွားပြီလို့ ပြောခဲ့ပါတယ်။

ဒါနဲ့ မြစ်ကြီးနား ပူတာအို ခရီးစဉ် နှစ်ညအိပ်မှာ သူတို့နှစ်ယောက် ပိုပြီး ခင်မင်ရင်းနှီးဖို့ ဖြစ်လာပါတယ်။ အပြန်ခရီးမှာတော့ နှင်းရတနာဇော်က ရန်ကုန်ကို လေကြောင်းနဲ့ ပြန်၊ ကျွန်တော်နဲ့ သားဂျူးကတော့ တံတားဦး လေဆိပ်မှာ ဆင်းပြီး ကားနဲ့ နေပြည်တော် ပြန်ခဲ့ပါတယ်။ သားကလည်း အသက် ၄၀ ကျော်ပြီ ဆို တော့ သူတို့ နှစ်ယောက် သဘောတူမယ်ဆိုရင် မြန်မြန် လက်ထပ်ကြဖို့ တိုက်တွန်းလိုက်ပါတယ်။

အဲဒီတော့ ကျွန်တော် စဉ်းစားရပါပြီ။ သမီးငယ်ရဲ့ မင်္ဂလာဆောင်က အရင် တစ်နှစ်ကပဲ ရန်ကုန်က နီဝိုတယ် ဟိုတယ်မှာ ခမ်းခမ်းနားနား လုပ်ပြီးခဲ့ပါပြီ။ အဲဒီ မင်္ဂလာဆောင် အခမ်းအနား တစ်ခုလုံးကို ပြောရင် တော့ ယုံကြမှာ မဟုတ်ဘူး၊ မချစ် တစ်ယောက်တည်း လုပ်သွားတာပါ။ ဖိတ်စာ ရိုက်တာတွေ၊ ဟိုတယ် ငှားတာတွေ၊ သတို့သမီး သတို့သား ဝတ်စုံ၊ နှစ်ဖက်အမျိုးတွေ ဝတ်စုံ၊ လူပျိုရံ အပျိုရံ ဝတ်စုံ၊ မင်္ဂလာခန်းမ အဆင်အပြင် အားလုံး သူ လုပ်သွားတာပါ။ သူတစ်ယောက်တည်း လုပ်သွားတာပါ။

အစိုးရအဖွဲ့ထဲကလည်း လုပ်ဖော်ကိုင်ဘက်တွေ ဖိတ်ထားတဲ့အတွက် ဧည့်သည်တော် နေရာချထား တာက အစ Max ကိုဇော်ဇော်နဲ့ မောင်မောင်ဦးတို့ အုပ်စုတို့ နှစ်ရက် သုံးရက် တိုင်ပင်ပြီး လုပ်ခဲ့တာပါ။

ကျွန်တော်ကလည်း "အုန်းကျော်မြင့် စာအုပ်" က ရတဲ့ စာမူခ သိန်း ၂၀ ကို မချစ်ကို လွှဲပေးခဲ့ပါတယ်။ တကယ် ကုန်တာကတော့ အဲဒီထက် များပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော် မမေးမိပါဘူး။

## နေပြည်တော်မှာပဲ လုပ်တော့မယ်

သားဂျူးကို မင်းတို့ ဘယ်တော့ မင်္ဂလာဆောင်ချင်သလဲ မေးတော့ သူက ၂၀၁၈ ခုနှစ် သင်္ကြန်ပြီးလောက်မှ လုပ်ချင်တယ် ပြောပါတယ်။ သူက တစ်ဆက်တည်း မင်္ဂလာဆောင်အတွက် ဒေါ်လာ သုံးသောင်းလောက်ထိ သူ တတ်နိုင်တယ် ပြောပါတယ်။ မြန်မာငွေနဲ့ တွက်ရင် သိန်း ၃၀၀ ကျော်ပေါ့။ ကျွန်တော်က ဘာလို့ ၂၀၁၈ ခုနှစ်ထိ စောင့်နေမှာလဲ၊ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းလောက် လုပ်ပါလား၊ အချိန်ဆွဲတာ အဓိပ္ပာယ် မရှိဘူးလို့ ပြောလိုက်ပါတယ်။

ဩဇီက သမီးကြီး မဖွန် လာတဲ့အခါမှာ သော်လည်းကောင်း၊ သားဂျူး ပြန်လာစဉ်က သော်လည်းကောင်း၊ ပိုက်ဆံ ဘယ်လောက် ပါလာသလဲလို့ မမေးခဲ့ဘူးပါ။ အလားတူပဲ သူတို့ ဟိုမှာ လုပ်တဲ့ အလုပ်တွေကို တော့ သိပါတယ်။ လခ ဘယ်လောက် ရတယ်၊ ဝင်ငွေ ဘယ်လောက် ရတယ် ဆိုတာ ဘယ်တော့မှ မမေးမိပါ။ တမင်သက်သက် မမေးတာပါ။ သူတို့ ရလာတဲ့ ဝင်ငွေဟာ ကျွန်တော်တို့ မိဘတွေနဲ့ မဆိုင်ဘူးလို့ ယူဆလို့ ဖြစ်ပါတယ်။

မင်္ဂလာဆောင်ရမယ့် နေရာကို စဉ်းစားတဲ့ အခါကျတော့လည်း ရန်ကုန်မှာ မလုပ်ချင်ပါဘူး။ လုပ်ဖော်ကိုင်ဖက်တွေကို ဖိတ်ရရင် သူတို့ခမျာ ရန်ကုန်ကို တကူးတက လာရမယ့် ကိစ္စအတွက် အားနာရပါတယ်။ ဒါ့ကြောင့် လုပ်မယ့်လုပ် နေပြည်တော်ပဲ လုပ်ရင် ကောင်းမယ်လို့ သဘောရတဲ့ အတွက် သားဂျူးကလည်း သဘောတူခဲ့ပါတယ်။

ဒါ့ကြောင့် M-Gallery က မန်နေဂျာ ကိုကျော်သူရနဲ့ တိုင်ပင်ပြီး မင်္ဂလာဆောင်ကိစ္စ စီစဉ်ကြပါတယ်။ နေပြည်တော်မှာ လုပ်မှာ ဖြစ်တဲ့အတွက် မိတ္ထီလာက ဆွေမျိုး၊ မိတ်သင်္ဂဟတွေနဲ့ မန္တလေးမြို့မှာ အခြေချနေတဲ့ နှစ်ဖက်သော လူကြီးအမျိုးတွေထဲက တစ်ဦးတည်းသော ကျန်ခဲ့တဲ့ ဦးလေး ဦးသန်းမောင်နဲ့ သူ့ဇနီး ဒေါ်အေး သန်းတို့ကို ဦးစားပေး ဖိတ်ကြားရပါတယ်။

မင်္ဂလာဆောင်တာက ညပိုင်းဆိုတော့ အလုပ်အားချိန် ဖြစ်လို့ ထင်ပါတယ်။ လူတော်တော် စည်ကားပြီး တချို့ဆိုရင် နေရာ မရကြပါဘူး။ တက်တဲ့ ဧည့်သည်တွေကလည်း သမ္မတ ဦးထင်ကျော်နဲ့ ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ ပြည်ထောင်စု အဆင့် ပုဂ္ဂိုလ်များ တက်ရောက်ကြတဲ့ အတွက် သူတို့ မင်္ဂလာပွဲထက် အဆင့်မြင့်တဲ့ ပွဲ မရှိနိုင်တော့ဘူးလို့ ထင်မှတ်ရပါတယ်။ ကျွန်တော်ကလည်း နှစ် ၂၀ ကျော် ထောင်ကျချိန်မှာ သူတို့အတွက် ဘာမှ လုပ်မပေးနိုင်ခဲ့တာကို ပြန်လည် ဖြည့်ဆည်းပေးခြင်းပဲလို့ သဘောထားပြီး လုပ်ပေးခဲ့တာပါ။

လုပ်ပေးပြီးတဲ့ အခါမှာလည်း ထင်တဲ့အတိုင်းပါပဲ၊ ချီးကျူး အားကျတာတွေထက် အပုပ်ချတဲ့ Comment တွေ တသီကြီး ရခဲ့တာပေါ့။ နဂိုက မျှော်လင့်ပြီးသားမို့ ထူးပြီး မခံစားတော့ပါဘူး။ ဒီမင်္ဂလာပွဲမှာ ပြောစရာ ရှိတာက နှစ်ပေါင်းများစွာ သူစိမ်းလို ဖြစ်နေခဲ့တဲ့ ဇနီးသည်ဟာ မင်္ဂလာပွဲမှာ ကျွန်တော်နဲ့ တွဲပြီး အတူ လမ်းလျှောက်ခဲ့တဲ့ ကိစ္စပါ။ မချစ် မင်္ဂလာဆောင်တုန်းကလည်း တွဲလျှောက်ဖူးပါရဲ့။ ဒါပေမဲ့ စားပွဲမှာ ထိုင်ကြတဲ့ အခါကျတော့ တစ်ယောက်ခြား ထိုင်ခဲ့တာပါ။ ဒါလေးပါပဲ။




ကျွန်တော့်အပေါ် ဝေဖန်မှု အမျိုးမျိုး ပေါ်ပေါက်ခဲ့တဲ့ သားကြီး မောင်ဆန်းဝင်းထိန်နဲ့ မနင်းရတနာဇော် တို့ရဲ့ နေပြည်တော်က မင်္ဂလာဆောင်ကို တက်ရောက် အားပေးခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်။ (ဝဲပုံ) ၂၄၊ ၁၂၊ ၂၀၁၆ နေ့က မွေးမသား Eugune Qua နဲ့ မချစ်တို့ မင်္ဂလာဆောင်။ (ယာပုံ)

---

သားကြီးရဲ့ မင်္ဂလာဆောင်ဟာ ကျွန်တော့်ကို အကြောင်းပြုလို့သာ ခံ့ညား ထည်ဝါသွားတယ်လို့ ပြောနိုင်ပါတယ်။ မိဘ တစ်ယောက်အနေနဲ့ သား၊ သမီးတွေရဲ့ ကောင်းစားရေးကို အထိုက်လျောက် လုပ်ပေးနိုင်ခဲ့တဲ့ အတွက်လည်း ကျေနပ်မိပါတယ်။ ကျွန်တော်ရဲ့ အရှိန်အဝါကြောင့် ကြီးကျယ်သလို ဖြစ်သွားတဲ့အခါ ကျွန်တော်ဟာ သားကြီး မင်္ဂလာဆောင်ကို အကြောင်းပြုပြီး အမြတ်ထုတ်တယ်လို့ ဝေဖန်တာတွေလည်း ကြားသိရပါတယ်။

မင်္ဂလာဆောင် ကုန်ကျစရိတ်နဲ့ ပတ်သက်လို့ ဘယ်လောက် ကုန်သလဲ ဆိုတာ သားကြီးကို ကျွန်တော် မမေးခဲ့ပါ။ သူများတွေ ထင်သလောက် မကုန်နိုင်ဘူးလို့တော့ တွက်မိပါတယ်။ ဥပမာ- မင်္ဂလာဆောင် နောက်ခံ နံရံ တစ်ခုလုံး ပန်းတွေနဲ့ တန်ဆာဆင်တဲ့အခါမှာ တစ်ယောက်သော ပုဂ္ဂိုလ်က သိန်း ၂၀ လောက် ကုန်ခဲ့တယ်လို့ Facebook မှာ ရေးခဲ့ပါတယ်။ အဲဒီ နံရံမှာ ဆင်တဲ့ ပန်းတွေက ပန်းအစစ် မဟုတ်ဘဲ ပန်းအတု တွေနဲ့ လုပ်ထားတယ် ဆိုတာ အဲဒီငနဲ သိမှာ မဟုတ်ဘူးလေ။

ဒါပေမဲ့ မင်္ဂလာဆောင်နဲ့ ပတ်သက်တဲ့ ကောင်းကျိုး၊ ဆိုးကျိုးတွေ အားလုံးကို ကျွန်တော် ခံယူရမယ် ဆိုတာ နဂိုကတည်းက နလုံးသွင်းပြီးသားပါ ခင်ဗျာ။

## ကိုမိုးဝင်းမောင်

ကိုမိုးဝင်းမောင်က DSA အပတ်စဉ် ၁၃ ကပါ။ ကျွန်တော့်ညီ မောင်ညိုနွဲ့လိုပဲ သင်တန်းကို ပြီးဆုံးအောင်

မတက်လိုက်ရပဲ ကျောင်းအုပ်ကြီးရဲ့ Return to home (RTH) အမိန့်နဲ့ အိမ်ပြန်ပို့ခြင်း ခံရတာပါ။ တစ်နည်းအားဖြင့် ပြောရရင် DSA က ထုတ်ပစ်ခြင်းခံရတာပါ။ DSA က ထွက်တော့ သူဟာ BAC လို့ ခေါ်တဲ့ မြန်မာ့ လေကြောင်းလိုင်းမှာ လေယာဉ်မောင်း အလုပ် ရရှိခဲ့ပါတယ်။ ကျွန်တော်က စီးပွားရေး နယ်ပယ်ထဲ ဝင်လှုပ်ရှားရင်းနဲ့ ဟဲဟိုးတို့၊ စစ်တွေတို့ကို လေကြောင်းခရီးနဲ့ ခဏ ခဏ သွားလာရင်းနဲ့ သူနဲ့ တွေ့ဆုံ ခင်မင်ခဲ့ရပါတယ်။

အဲဒီခေတ်က (အခုလည်းပဲ အဲဒီလို ရှိနေပါတယ်။) BAC မှာ ပိုင်းလော့ တချို့ဟာလည်း DSA က ဆင်းတဲ့ အရာရှိတွေ ပြောင်းလဲ တာဝန် ထမ်းဆောင်နေကြပါတယ်။ အဲဒီလို ကာလတွေမှာ ဆိုရင် ဘယ်နေရာ ရောက်ရောက် DSA ကလို့ ဆိုတာနဲ့ အလိုလို မိတ်ဖွဲ့ပြီး စုစည်းလေ့ရှိကြပါတယ်။ ဒါ့ကြောင့် BAC ရောက်နေတဲ့ အပတ်စဉ် ၁၀ က ဗိုလ်ဖေယျတို့လို ကလေးတွေနဲ့လည်း အလိုလို သိကျွမ်း ခင်မင်ရပါတယ်။

ကိုမိုးဝင်းမောင်က သူ့မိသားစုနဲ့အတူ မြို့ထဲက လမ်းကျယ်ကြီး တစ်ခုမှာရှိတဲ့ တိုက်ခန်းတစ်ခုမှာ နေပါတယ်။ သူကလည်း လေယာဉ်မောင်း ဖြစ်ပြီး ပြည်ပခရီးစဉ်တွေ ရှိတော့ နိုင်ငံခြားကို ခဏ ခဏ သွားရတဲ့အခါ ကျွန်တော်ကလည်း ပြင်ပနဲ့ ငွေရေး၊ ကြေးရေး ဆက်သွယ်မှုတွေ လုပ်ရတော့ သူနဲ့ မကြာခဏ ဆက်ဆံဖူးပါတယ်။ ကျွန်တော်တို့ နှစ်ယောက်စလုံးဟာ စီးပွားရေး အဆင်ပြေနေတဲ့ လူတွေလို့ ပြောလို့ရပါတယ်။ ဒီလို ပြေလည်နေပေမဲ့ နိုင်ငံရဲ့ တစ်စ တစ်စ ယိုရွင်းနေတဲ့ လူမှုရေး၊ စီးပွားရေး အခြေအနေတွေ သိမြင် ခံစားကြတာ တွေမှာတော့ တူနေပါတယ်။

သူဟာ ပြည်တွင်း လေကြောင်း ခရီးစဉ်တွေ သွားရတုန်းကဆိုရင် ဗိုလ်ချုပ် အောင်ကြီးရဲ့ ၄၁ မျက်နှာ စာတမ်းကို ထောင်နဲ့ချီ ကော်ပီကူးပြီး ဖြန့်ချိခဲ့ဖူးတဲ့သူပါ။ သူ့ရဲ့ နိုင်ငံရေး အခြေခံ သဘောထားကို အဲဒီ လုပ်ရပ်နဲ့ပဲ အကဲဖြတ်နိုင်ပါတယ်။ ရှစ်လေးလုံး အရေးတော်ပုံကြီး ပေါ်လာတဲ့ အခါကျတော့ သူဟာ လေယာဉ် မောင်း/မယ်များ သမဂ္ဂမှာ ပါဝင် လှုပ်ရှားခဲ့ပါတယ်။ ထင်ပေါ်တက်ကြွတဲ့ ခေါင်းဆောင် မဟုတ်တော့ ချက်ချင်း အဖမ်းအဆီး မခံရပါဘူး။ ဒါပေမဲ့ အာဏာပိုင်တွေရဲ့ စောင့်ကြည့်ခြင်းကို ခံရတဲ့ စာရင်းမှာတော့ ပါသွားပါ တယ်။




ကျွန်တော် မတက်ရောက်နိုင်ခဲ့တဲ့ မောင်စိုးဌေး၊ မလှစန်းရီ (ဆရာမကြီး ဒေါ်သိန်းရင်) တို့ရဲ့သား ဒေါက်တာ ကောင်းချစ်စိုးနဲ့ မမြလေးကျော်တို့ရဲ့ မင်္ဂလာဆောင်ကို တက်ရောက်ခဲ့ကြတဲ့ ကျွန် ညီအစ်ကို မောင်နှမများ။

## ကိုမိုးဝင်းမောင်ရဲ့ ဘဝ အပြောင်းအလဲ

နဝတ အစိုးရ တက်ပြီး မကြာမီမှာပဲ ကိုမိုးဝင်းမောင်ဟာ ပြည်ပကို သွားမယ့် ခရီးစဉ်အတွက် ထွက်ခွာမယ့် ဆဲဆဲမှာ အထိန်းသိမ်း ခံရပါတယ်။ သူ့ဆီမှာ တားမြစ်ထားတဲ့ ပစ္စည်းတွေ တွေ့ရတယ်ဆိုတဲ့ အကြောင်း ပြချက်နဲ့ပါ။ ဒါနဲ့ပဲ သူဟာ လအနည်းငယ်လောက် ထိန်းသိမ်းခံရပြီး အလုပ်က ထွက်လိုက်ရပါတယ်။ သူ့ဘဝ အတွက် ကောင်းဖို့ ဖြစ်လာတယ်လို့ ဆိုရမှာပါ။ အဲဒီအချိန်မှာလည်း သူနဲ့ ကျွန်တော် အဆက်မပြတ်တဲ့ အပြင် ကျွန်တော် လုပ်နေတဲ့ နိုင်ငံရေး ခရီးစဉ်ကိုလည်း အမြဲ ထောက်ခံ အားပေးခဲ့ပါတယ်။

ကျွန်တော် ၁၉၉၅ ခုနှစ် ထောင်က လွတ်တဲ့ အခါမှာလည်း ကျွန်တော့်ကို တကူးတက လာရောက် တွေ့ဆုံပြီး ထောက်ခံမြဲ ထောက်ခံခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲ ကာလမှာလည်း သူက ကျွန်တော် အလွန် အားကိုးရတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာပါတယ်။ သူ့ရဲ့ စီးပွားရေး အခြေအနေဟာလည်း အဆင့်မြင့်သွားပါပြီ။ ရှစ်လေးလုံး အရေးတော်ပုံကာလက သူရ ဦးတင်ဦးနဲ့အတူ ကျွန်တော် ခဏ ခဏ ရောက်ဖူးခဲ့တဲ့ ဗိုလ်မှူးကြီး ချစ်ခိုင် (ကွယ်လွန်) ရဲ့ ခြံတစ်ခြံကို ဝယ်ပြီး အခြေချနိုင်တဲ့အထိ ဖြစ်လာပါတယ်။ သမ္မတဟောင်း ဦးထင်ကျော်တို့ အိမ်နဲ့လည်း နီးပါတယ်။ သူတို့ချင်းဟာလည်း ခင်မင်တဲ့ အိမ်နီးနားချင်းတွေ ဖြစ်နေပါပြီ။

## သိန်းသိန်းနဲ့ အေးမာ

သူတို့ နှစ်ယောက်ဟာ မလှိုင် မြို့နယ်၊ ဆုံတွင်းရွာက ဖြစ်ပါတယ်။ ကျွန်တော် ထောင်ကျနေတုန်း သူတို့ နှစ်ယောက် ကျွန်တော့် အိမ်မှာ ရောက်လာကြတာပါ။ အိမ်ဖော် သဘောမျိုးပေါ့။ အခုဆိုရင် ကျွန်တော့် အိမ်မှာ သူတို့ ရောက်နေတာ ၁၄-၅ နှစ်လောက် ရှိနေပါပြီ။ ကျွန်တော်တို့ကလည်း နှမ်ချင်းပြုချင်း မရှိဘဲ တန်းတူရည်တူဆက်ဆံတဲ့အတွက်ဆွေမျိုးအိမ်သားလိုဖြစ်နေကြပါပြီ။တချို့ဆွေမျိုးရင်းချာတွေထက်တောင် ယုံကြည် စိတ်ချရတဲ့သူတွေ ဖြစ်နေပါပြီ။

ကျွန်တော် ရှိရာ ထောင်ကို အမျိုးသမီးက ထောင်ဝင်စာ လာပို့မယ်ဆိုရင် တစ်ခါတလေ သူတို့ထဲက တစ်ယောက်ကို ထောင်ဝင်စာ အဖော် ခေါ်လာတတ်သလို ထောင်ဝင်စာ အဖော်လိုက်မယ့်သူ ရှိရင် သူတို့ နှစ်ယောက်ကို အိမ်စောင့် ထားခဲ့ရပါတယ်။ အင်မတန် စိတ်ချရပါတယ်။ သူတို့ရဲ့ ထူးခြားတဲ့ အရည်အချင်းတွေ ထဲက ထင်ရှားတဲ့ အချက် နှစ်ချက်ကို ပြောရမယ် ဆိုရင်... နံပါတ် ၁၊ ငွေရေးကြေးရေးနဲ့ ပတ်သက်လို့ လုံးဝ စိတ်ချရပါတယ်။ တစ်ပြား နှစ်ပြားတင် မကပါဘူး၊ ထောင်နဲ့ သောင်းနဲ့ ချီတဲ့ ငွေတွေကို အထားမှားမိရင်လည်း သူတို့က သစ္စာ ရှိပါတယ်။ နံပါတ် ၂ ကတော့ အစားအသောက်တွေနဲ့ ပတ်သက်လို့ စိတ်ချရခြင်းပါ။ အိမ်မှာ စားစရာတွေ အလျှံပယ် ရှိပေမဲ့ သူတို့ နှစ်ယောက်စလုံးဟာ သူတို့ စားသင့်တဲ့ အစားကိုသာ စားပြီး ကျန်တဲ့ ဟင်းတွေကိုတော့ လက်ဖျားနဲ့တောင် တို့လေ့မရှိပါ။

အေးမာက ရုပ်ရည် အသင့်အတင့် ရှိပါတယ်။ သိန်းသိန်းထက် ပိုလှပါတယ်။ တစ်ခါ တစ်ခါကျတော့ အေးမာက စိတ်ကောက်တတ်ပါတယ်။ သူတို့ နှစ်ယောက်လုံးဟာ ရွာမှာ လေးတန်းအောင်လို့ အပြင်ထွက် အလုပ်လုပ်ရင်း ရသမျှ ငွေတွေထဲက အများစုကို မိဘတွေကို ထောက်ပံ့နေခဲ့ကြတာပါ။ တန်ဆောင်တိုင် ကာလမှာ ဆိုရင်တော့ ရန်ကုန်မြို့ရောက်ပြီး အလုပ်လုပ်နေတဲ့ သူတို့ ရွာသူ ရွာသားတွေနဲ့ ကားကြီး တစ်စီး ငှားပြီး ရွာပြန်လေ့ရှိကြပါတယ်။

## နောက်ကျောကို ဓားနဲ့ ထိုးသတဲ့

သူတို့ ရွာကိုပြန်တိုင်း ကျွန်တော်က "ညည်းတို့လည်း အရွယ်ရောက်ပြီ၊ ၃၀ တောင် ကျော်နေကြပြီ ဆိုတော့ အိမ်ထောင်ပြုချိန် ရောက်ပြီ၊ ညည်းတို့ ကြိုက်တဲ့ ကောင်လေးတွေ ရှိရင် ခေါ်လာခဲ့၊ ငါ လက်ထပ်ပေးမယ်" လို့ ပြောတဲ့အခါ သိန်းသိန်းဆိုတဲ့ ဂျူလယ်မက "ကျွန်မတို့ မှန်းထားတဲ့ ကောင်လေးတွေက မိန်းမတွေ ရပြီး ကလေးတွေတောင် မွေးနေကြပြီ၊ ရွာမှာ ကျွန်မတို့က အပျိုကြီးတွေတောင် ဖြစ်နေပြီ" လို့ ပြန်ပြောလေ့ ရှိပါတယ်။ နှစ်တိုင်းပါပဲ။

တကယ်တော့ ဒီကောင်မ နှစ်ကောင်စလုံးက အင်မတန် ပိရိတာပါ။ အေးမာ ထမင်းချက် တာဝန် ယူထားတော့ ဈေးသွားရင် သူပဲ သွားပါတယ်။ ဈေးသွားရင်းနဲ့ ကောင်လေး တစ်ကောင်နဲ့ တွေ့ပြီး ကြိုက်မိ ကြတယ်ပေါ့။ (နောက်မှ သိရတာပါ။) သိန်းသိန်းလည်း ဒီလိုပါပဲ။ လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်ကျမှ သူ့မှာ ကြိုက်တဲ့လူ ရှိနေကြောင်း၊ သူ့အသက်ကလည်း ၃၄ နှစ် ရှိပြီဆိုတော့ ယူဖို့သင့်ပြီ ထင်လို့ ကျွန်တော်တို့ကို ဖွင့်ပြောပါတယ်။ ကျွန်တော်ကတော့ "ကြိုက်ပြီ၊ ဘယ်တော့လဲ" ပေါ့။ ဒါပေမဲ့ ဇနီးသည်ကတော့ တစ်မျိုးခင်ဗျ။

ရှုးရှုးရှဲရှဲနဲ့ ဒေါ်တွေပွပြီး "နင်တို့က ငါ့ကို ပစ်သွားတော့မှာပေါ့လေ၊ ဘယ်တုန်းက ကြိတ်ကြံနေမှန်း မသိတဲ့ ကောင်မ၊ ငါ့နောက်ကျောကို ဓားနဲ့ ထိုးတယ်" ဆိုပြီး ပေါက်ကွဲပါလေရော။ ကျွန်တော်ကတော့ တစ်ချီ တစ်ချီ အဲဒီလို ဖောက်တတ်မှန်း သိတော့ ပထမ ဘာမှ မပြောသေးပါဘူး။ ပြောပါများလာတော့ ကျွန်တော်က မပြောမဖြစ် ပြောရပါတယ်။ "တုံရယ်၊ ကိုယ့်တူမလို သမီးလို ဖြစ်နေတဲ့ ကလေးတွေပဲ၊ သူတို့ဘဝ သီးခြား တည်ဆောက်တော့မယ် ဆိုရင် ကိုယ်ကတောင် ဝမ်းသာအားရ ထောက်ပံ့ပေးရမှာ၊ မုဒိတာ တရား ထားလိုက် စမ်းပါ" ဆိုတဲ့အခါမှာ သူက ထုံးစံအတိုင်း ဆောင့်ကြီးအောင့်ကြီးနဲ့ ထွက်သွားပါလေရော။

သိန်းသိန်း တစ်အိုးတစ်အိမ် ထူတော့မယ် ဆိုတာကို အခွင့်ကောင်းယူပြီး အေးမာကလည်း သူ့မှာ ရည်ရွယ်တဲ့သူ ရှိနေပြီ ဖြစ်ကြောင်း၊ သူလည်း မငယ်တော့တဲ့အတွက် သူ့ကောင်လေးနဲ့ လက်ထပ်ချင်ကြောင်း ဖွင့်ပြောပါတယ်။ ကျွန်တော်ကတော့ ငယ်ငယ်တည်းက တစ်ကိုယ်တည်း နေတဲ့ အကျင့်ရယ်၊ ထောင်ထဲမှာ အနှစ် ၂၀ ကျော် နေလာခဲ့တဲ့ အတွေ့အကြုံတွေရယ်ကြောင့် ကိုယ့်ဘာသာကိုယ် နေရမယ်ဆိုရင်လည်း ပြဿနာ မရှိပါဘူး။ မိန်းမကတော့ ခြွေရံသင်းပင်းနဲ့ နေမှ ရမယ့်သူ ထင်ပါရဲ့၊ ကူဖော်လောင်ဘက်တွေ ရအောင် ရှာနေလေရဲ့။

အေးမာနဲ့ ရတဲ့ ယောက်ျားကတော့ ကံကောင်းမှာပါ။ သူက အချက်အပြုတ် ကောင်းတယ်၊ သိန်းသိန်းကတော့ အပြင် လုပ်ငန်းတွေမှာ ချက်ချက်ချာချာ လုပ်နိုင်ပါတယ်။ ဩဇီက ကျွန်တော့် သမီးကြီး နိုင်းစေသမျှ ငွေ အပေးအယူ၊ ပစ္စည်း အပေးအယူ ကိစ္စတွေ အားလုံးကို အဆင်ပြေအောင် စီမံခန့်ခွဲနိုင်ပါတယ်။ သူ အဲဒီလို သမီးဖွန် ကိစ္စတွေကို လုပ်ပေးနေတာ နှစ်ကာလ ကြာခဲ့ပါပြီ။ ဒါ့ကြောင့် ကျွန်တော်က သိန်းသိန်းနဲ့ ပတ်သက်ရင် မှတ်ချက်ပေးမိပါတယ်။ "ဒီကောင်မလေးက၊ လေးတန်းပဲ အောင်ပေလို့၊ ဘွဲ့ရ ပညာတတ်သာ ဖြစ်ရင် ဗမာပြည်ကို ရောင်းစားမှာ" လို့။

ဒေါ်အောင်ဆန်းစုကြည် အိမ်မှာ ဝေယျာဝစ္စ လုပ်အားပေးဖို့ လိုရင် သူတို့ နှစ်ယောက်ကိုပါ မိန်းမက ခေါ်သွားလေ့ရှိတော့ ဒေါ်စုနဲ့လည်း အကျွမ်းတဝင် ရှိပါတယ်။ ကျွန်တော် ကိုယ်တိုင်လည်း သူတို့ရွာကို ရောက်ဖူးပါတယ်။ NLD အစိုးရ တက်တဲ့အခါ သူတို့ရွာ မီးလင်းရေးအတွက် ဒေါက်တာ ဇော်မြင့်မောင် ကိုယ်တိုင် ကြိုးစား ပံ့ပိုးပေးလို့ သူတို့ရွာ တစ်ရွာလုံး ၂၀၁၇ ခုနှစ်မှာ လျှပ်စစ်မီး ရသွားခဲ့ပါပြီ။ အခုတော့ သိန်းသိန်းက အိမ်ထောင်ကျပြီးရုံတင်မကဘူး၊ သမီးဦးလေးတောင် မွေးပြီးပါပြီ။

အေးမာကလည်း မကြာခင် အိမ်ထောင်ပြုတော့မယ်လို့ ကျွန်တော် မေးတိုင်း ပြောပါတယ်။ ဘယ်တော့လဲလို့ မေးတဲ့အခါကျတော့ ဟိုလိုလို ဒီလိုလို မရေမရာ ဖြေပါတယ်။ သူကောင်လေးက ဝန်ထမ်း ဖြစ်နေတော့ မပြည့်စုံသေးဘူးတဲ့။ ရန်ကုန်မြို့မှာ နေစရာ ရှာရဦးမယ် ထင်ပါတယ်။ သူတို့ နှစ်ယောက် အကြောင်းကို အခုလို တကူးတက ရေးပြရတာက ကျွန်တော်ဟာ အဲဒီလို သစ္စာရှိတဲ့ သူတွေနဲ့ ကြီးငယ်မဟူ၊ ချစ်ခင် ပေါင်းသင်း ဆက်ဆံရတဲ့ အကျိုး ရှိနေတယ် ဆိုတာ သိစေချင်လို့ပါ။

♥♥♥♥♥

## အခန်း (၁၈)
## ဒီဘဝသံသရာ ဆုံးခန်းတိုင်လု နီးပြီ

### နိဂုံးချုပ်ချိန် တန်ပါပြီ

ကျွန်တော်ရဲ့ ဘဝ အတ္ထုပ္ပတ္တိကို ရေးကတည်းက "သံသရာ တကွေ့" လို့ နာမည် ပေးခဲ့တာပါ။ ဆီလျော်လှပါတယ်။ အရင်ဘဝတုန်းက "ဦးသာသန" ဘုန်းကြီး ဘဝနဲ့ သံသရာ တစ်ဘဝ ခရီးနှင်ခဲ့တယ်။ အခုလည်း "ဦးဝင်းထိန်" ဆိုတဲ့ လူ့ဘဝနဲ့ သံသရာခရီးကို လျှောက်လှမ်းနေတယ်။ ဒီဘဝသံသရာ ခရီးဟာ ပြီးဆုံးခါနီးပြီလို့ မှန်းဆမိပါတယ်။

ကျွန်တော် အထက်မှာ တင်ပြခဲ့သလို ကျွန်တော့် ဘဝခရီးရဲ့ (၁) ကလေး ဘဝ၊ (၂) တပ်မတော်သား ဘဝ၊ (၃) စီးပွားရေးသမား ဘဝနဲ့ (၄) နိုင်ငံရေးသမား ဘဝများကို ဖြတ်သန်းလာခဲ့ရပါတယ်။ ကလေးဘဝမှာတော့ စိတ်ဆင်းရဲမှုရယ်လို့ ဟုတ်တိပတ်တိ မကြုံရပဲ မိစုံ ဖစုံနဲ့ ကြီးပြင်းခွင့်ရတဲ့ ဘဝတစ်ခု အဖြစ်နဲ့ ဖြတ်သန်းလာခဲ့ရတာဟာ ကျေနပ်စရာတစ်ခုပါ။

### ဒုတိယဘဝ

တပ်မတော်သား ဘဝမှာလည်း အရည်အချင်း နှစ်မျိုး ရှိရာမှာ ပထမ တစ်မျိုးဖြစ်တဲ့ တိုက်ရည်ခိုက်ရည်မှာလည်း အညံ့စားထဲမှာ မပါဝင်ခဲ့တာ ကိုယ့်ဘာသာကိုယ် သိပါတယ်။ ဒုတိယ တစ်မျိုးဖြစ်တဲ့ ရုံးလုပ်ငန်းတွေမှာလည်း ကိုယ့်အရည်အချင်းကိုယ် လူကြီးတွေက သတိပြုမိကြလို့ စစ်ရုံးကနေ တပ်ကို ပြန်ပါရစေတော့လို့ ဆိုတာတောင် ခွင့်မပြုခဲ့ကြပါဘူး။ နောက်ဆုံး ဗိုလ်အုန်းကျော်မြင့် ကိစ္စနဲ့ တည့်တည့် တိုးတော့မှ တပ်က အငြိမ်းစားပေးခြင်း ခံခဲ့ရပါတယ်။ ကြမ္မာငင်တဲ့ ဖြစ်ရပ်လို့ သဘောပေါက်ပြီး လောကဓံကို ရင်ဆိုင်ခဲ့ပါတယ်။

### တတိယဘဝ

တပ်ကနေပြီး မိမိဆန္ဒ မပါဘဲနဲ့ လောကဓံနဲ့ ဘဝကြမ္မာ အကြောင်းကို သဘောပေါက်စပြုလာခဲ့ပါပြီ။ အရပ်သား ဖြစ်ခါစက မရေရာတဲ့ ဘဝကို လေး-ငါးနှစ်နီးပါး လင်မယား နှစ်ယောက် ခါးစည်းပြီး ရင်ဆိုင်ခဲ့ရတဲ့ အဖြစ်တွေကို မေ့ရက်စရာ မရှိပါဘူး။ အဲဒီ ကာလတုန်းက ဖြတ်သန်းခဲ့ရတဲ့ အနေအထားတွေကို ဇနီးသည်ကို ပြောပြခဲ့ဖူးပါတယ်။ သူက တန်ဖိုးထားရကောင်းမှန်း မသိခဲ့ပါ။

ဘဝကို မရေမရာ ဖြတ်သန်းလာခဲ့ရာက စီးပွားရေး လုပ်ငန်း လောကမှာ မထင်မှတ်လောက်အောင်

အောင်မြင်မှု ရခဲ့ပါတယ်။ ဦးနေဝင်းရဲ့ မဆလခေတ်မှာ ဆီလို အပေါက်ရှာပြီး တိုးရင်း၊ လုပ်ရင်းနဲ့ အောင်မြင်ခဲ့တာပါ။ သံသရာ ခရီးကို သဘောပေါက်နေပြီ ဖြစ်တဲ့အတွက် အဲဒီ စီးပွားရေး အကျိုးပေးမှုဟာ ယခင် ဘဝ ဘဝက ပြုခဲ့ဖူးတဲ့ ဒါနအကျိုးပဲလို့ နှစ်နှစ်ကာကာ ယုံကြည်မိပါတယ်။

အဲဒီတုန်းက သူများက သမုတ်သလို ကျွန်တော်ဟာ သူဌေးကလေး ပေါက်စ ဖြစ်ခဲ့တာ အမှန်ပါပဲ။ အဲဒီအတိုင်း စီးပွားရေး ဆက်လုပ်မယ်ဆိုရင် နဝတခေတ်မှာ တေဇတို့၊ Max ဇော်ဇော်တို့၊ ကိုချစ်ခိုင်တို့တောင် ကျွန်တော့်ကို မှီမယ် မထင်ပါဘူး။ ဒါပေမဲ့ ပြဋ္ဌာန်းထားတဲ့ ဘဝကြမ္မာက ကျွန်တော့်ကို သူတို့လို ဖြစ်ခွင့်မပေးခဲ့ပါဘူး။ နိုင်ငံရေး လောကထဲ ရောက်ပြီး ထောင်ဒဏ် အကြိမ်ကြိမ် ကျခံခဲ့ရပါတယ်။

## အကျဉ်းခံဘဝ

ဗိုလ်အုန်းကျော်မြင့် ကိစ္စတုန်းက ခြောက်လ၊ နိုင်ငံရေးသမား ဘဝနဲ့ သုံးကြိမ် အဖမ်းခံခဲ့ရာက စုစုပေါင်း ထောင်ထဲမှာ ကြာတဲ့အချိန်ဟာ ၁၉ နှစ်နဲ့ ရှစ်လ၊ ပေါင်းဆိုရင်တော့ အနှစ် ၂၀ နဲ့ နှစ်လပေါ့။ ကျွန်တော့် အသက်ကို ၈၀ မှာ သေမယ်လို့ တွက်ခဲ့ရင် ဘဝရဲ့ လေးပုံတစ်ပုံ ထောင်ထဲမှာ နေခဲ့ရတာပေါ့။ သံသရာမှာ တင်ခဲ့တဲ့ ဘဝ ဝဋ်ကြွေးတွေကို ပေးဆပ်ရတာများလေလို့ တွေးမိပါတယ်။ ဝဋ်ကြွေးကြောင့် မဟုတ်ဘူး ဆိုရင် တော့လည်း "ပြုသူ အသစ်၊ ဖြစ်သူ အဟောင်း" ဖြစ်မှာပေါ့။

ဘာပဲဖြစ်ဖြစ် ကံကြမ္မာရဲ့ စေစားချက်ကတော့ ပါမယ်လို့ တွက်မိပါတယ်။ ထောင်ကျခံခဲ့ရတဲ့ ကာလတွေနဲ့ ပတ်သက်လို့ ရံဖန်ရံခါ ပေါ်ပေါက်လာတဲ့ ခံးသီးမှုတွေကိုလည်း ကြိုးစား ဖြေဖျောက်နိုင်ခဲ့ပါတယ်။ တစ်ခုပဲ စိတ်မကောင်းမိတာက ကျွန်တော့်ရဲ့ ဇနီးသည်နဲ့ သားသမီးများဟာ ကျွန်တော့်ကြောင့် စိတ်ဆင်းရဲ၊ လူဆင်းရဲ ဖြစ်ခဲ့ရတာကိုပါပဲ။

ဒါကြောင့်လဲ ကျွန်တော့်ကို သူ ထောင်ဝင်စာလာ တွေ့တဲ့အချိန်မှာ "တုံ၊ ကိုကြီးကို မစောင့်နဲ့တော့၊ အိမ်ထောင်ပြုချင်လည်း ပြုလိုက်၊ ကိုကြီး ခွင့်ပြုတယ်" လို့ တစ်ကြိမ်မက ပြောခဲ့ဖူးပါတယ်။ သူကတော့ အဲဒီလို ပြောရမလား ဆိုပြီး ရှုံ့ရှုံ့ရှားရှားနဲ့ ပေါက်ကွဲခဲ့ဖူးပါတယ်။ ကျွန်တော့် အပေါ်မှာ စေတနာ မေတ္တာ ထားတာကြောင့်လား၊ ဒါမှမဟုတ် ကျွန်တော့် အတွက် သူ တာဝန်ကျေမှု ဖြစ်မယ် ဆိုတဲ့ အတ္တကြောင့်လေလား၊ ကျွန်တော် ခွဲခြား မသိနိုင်တော့ပြီ။

## စေတုဗ္ဗဘဝ

ကျွန်တော် နိုင်ငံရေး လောကထဲကို ရောက်လာရတဲ့ အဓိက အကြောင်းရင်းကတော့ နာယကကြီး သူရ ဦးတင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ စီးပွားရေး လုပ်ငန်းတွေနဲ့ လုံးထွေးနေတုန်းမှာ သူ့ရဲ့ မေတ္တာရပ်ခံချက်နဲ့ သူ့ရဲ့ ရှစ်လေးလုံး အရေးတော်ပုံမှာ လှုပ်ရှားမှုတွေကို ပံ့ပိုးရင်း နိုင်ငံရေး ဝဲသြယထဲမှာ ပါဝင်ခဲ့တာပါ။

ဒုတိယ အကြောင်းရင်းတော့ ဒေါ်အောင်ဆန်းစုကြည် ဖြစ်ပါတယ်။ ဦးတင်ဦးနဲ့အတူ လှုပ်ရှားရင်း သူ တိုက်တွန်းလို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရုံးအဖွဲ့ထဲ ရောက်ခဲ့တယ်။ ၁၉၉၅ ခုနှစ် ဒေါ်စု အကျယ်ချုပ်က လွတ်တဲ့အခါ သူ့ရဲ့ မေတ္တာရပ်ခံချက်ကြောင့် ကျွန်တော်ကလည်း လိုလိုလားလား လိုက်ပါ ဆောင်ရွက်ခဲ့တာပါ။ ဘာဆင်ခြေမှ ပေးစရာ မရှိပါဘူး။

တတိယ အကြောင်းရင်းကတော့ သွားလေသူ ဗိုလ်ချုပ်မှူးကြီး စောမောင် ဖြစ်ပါတယ်။ ၅၊ ၇၊ ၁၉၈၉ ရက်နေ့မှာ ပြောတဲ့ သူ့ရဲ့ မိန့်ခွန်းထဲမှာ "ရွေးကောက်ပွဲ လုပ်ပေးမယ်၊ ရွေးကောက်ပွဲ ပြီးရင် နိုင်တဲ့ ပါတီက

အစိုးရ လုပ်ပြီး Constitution ဖွဲ့စည်းပုံ ဆွဲကြလေ၊ ကျုပ်တို့ကတော့ Barrack ကို ပြန်မှာ" လို့ ကမ္ဘာသိ ကြေညာခဲ့ပါတယ်။ အဲဒီလို ကြေညာခဲ့လို့ "ငါတော့ နိုင်ငံရေး ကိစ္စတွေနဲ့ ပတ်သက်လို့ သူတို့ကို (ဒေါ်စုနဲ့ ဦးတင်ဦး) ရွေးကောက်ပွဲ ပြီးတဲ့အထိ လိုက်လုပ်ပေးလိုက်ဦးမယ်၊ ရွေးကောက်ပွဲ ပြီးလို့ သူတို့ အစိုးရ ဖွဲ့ပြီးတဲ့ အခါကျမှ ကိုယ့်စီးပွားရေး ပြန်ဆက်လုပ်မယ်" ဆိုတဲ့ တွက်ကိန်းနဲ့ နိုင်ငံရေး ရေယဉ်ကြောမှာ မျောပါခဲ့တာပါ။

## ဘယ်သူ့မပြု မိမိမှု

ကျွန်တော် နိုင်ငံရေး ရေယဉ်ထဲကို လိုလိုလားလား မျောပါခဲ့တာက ၁၉၉၅ ခုနှစ်၊ ထောင်က လွတ်ပြီးမှ ပို သေချာသွားတာပါ။ ဘာ့ကြောင့်လဲဆိုတော့ ထောင်ထဲမှာရော၊ ထောင်က လွတ်ချိန်မှာရော ထောက်လှမ်းရေး ပုဂ္ဂိုလ်တွေရဲ့ ပြောပုံ ဆိုပုံ လေသံတွေဟာ သူတို့ Barrack ကို ပြန်မယ် ဆိုတဲ့ ဗိုလ်စောမောင်ရဲ့ သဘောနဲ့ လုံးလုံး ဆန့်ကျင်နေပါတယ်။ တစ်သက်လုံး အာဏာ ယူထားမယ် ဆိုတဲ့သဘော ထင်ရှားနေတာပေါ့။

အဲဒီတော့ ကျွန်တော့်စိတ်မှာ "ဗိုလ်စောမောင် ညာတယ်" ဆိုတဲ့ အသိဟာ နက်နက်ရှိုင်းရှိုင်း စွဲထင် လာပါတယ်။ အဲဒီလို ညာတဲ့ အတွက်ကြောင့် တိုင်းပြည်လည်း နာတယ်၊ ကမ္ဘာ့ အလယ်မှာလည်း မျက်နှာ ငယ်ရတယ်၊ ပြည်သူလူထု ခံစားရတဲ့ ဒုက္ခတွေကတော့ ပြောလို့ ဆုံးမယ် မထင်တော့ပါဘူး။ ဒါ့ကြောင့် "ငါ နိုင်ငံရေး ဆက်လုပ်မှ ဖြစ်မယ်၊ တိုင်းပြည်ကို ဒီမိုကရေစီ နိုင်ငံ ဖြစ်အောင် လုပ်မှဖြစ်မယ်၊ ဒါပေမဲ့ ငါဟာ လူထု ခေါင်းဆောင် မဟုတ်ဘူး၊ လူထု ခေါင်းဆောင်တွေ ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးတို့ကို ဝိုင်းဝန်း ကူညီရမယ်" ဆိုတဲ့ အသိနဲ့ နိုင်ငံရေးခရီး ဆက်ခဲ့တာပါ။

ဒီလိုလုပ်လို့ ထောင်ထဲမှာ နှစ်ရှည်လများ နေခဲ့ရတာကို ဘယ်သူ့ကြောင့်၊ ဘယ်ဝါ့ကြောင့်လို့မှ လွှဲမချ ချင်ပါဘူး။ ကိုယ့် ရွေးချယ်မှုနဲ့ ကိုယ့် ဆုံးဖြတ်ကြောင့် ကြုံရတဲ့ ဘဝကြမ္မာတွေပါ။ ပြောရရင် ဘယ်သူ့မပြု မိမိမှု ပေါ့။ ဒီလို သဘောထားကြောင့် ကျွန်တော် ထောင်ကျခဲ့တဲ့အတွက် စီးပွားရေး ပျက်သွားပါပြီ။ မိသားစု ဘဝ တွေလည်း ဖရိုဖရဲ ဖြစ်ကုန်ပါပြီလို့ သူများကို လွှဲမချပါဘူး။

## Bonus နဲ့ နေနေတာပါ

အခု ကျွန်တော်ဟာ အသက် ၈၀ ကို တစ်စ တစ်စ ချဉ်းကပ်နေပါပြီ။ မြန်မာနိုင်ငံ သန်းခေါင်စာရင်းအရ မြန်မာပြည်မှာ ယောက်ျား ဆိုရင် ပျမ်းမျှ အသက် ၆၇ နှစ်လို့ ပြောပါတယ်။ ဒါဆိုရင် ကျွန်တော်ဟာ ပျမ်းမျှ အသက်ထက် ၁၀ နှစ်ကျော် ကြီးနေလေတော့ ပြောရရင် ခုအချိန်မှာ ကျွန်တော်ဟာ Bonus နဲ့ နေနေတာပေါ့။ ဒီအသိနဲ့မို့ ကျွန်တော်ဟာ တစ်နေ့ အသက်ရှင်တိုင်း တစ်နေ့ Bonus ရနေတယ်လို့ သဘောထားပါတယ်။

## ဝေဖန် တိုက်ခိုက်ကြတာတွေနဲ့ ပတ်သက်လို့

ကျွန်တော့် နိုင်ငံရေး လမ်းခရီးမှာ စောစောပိုင်းကတော့ သိပ် အသံတွေ မကြားခဲ့ရပါဘူး။ ၂၀၁၀ ခုနှစ် ရွေး ကောက်ပွဲ ပြီးလို့ လွတ်လာတဲ့အခါ အထူးသဖြင့် ၂၀၁၃ ခုနှစ်က စပြီး ကျွန်တော် CEC ဖြစ်နေတဲ့ အချိန်က စပြီးတော့ ကျွန်တော့်ကို ဝေဖန်တာတွေ၊ ပြောဆိုတာတွေ ကြုံလာရပါတယ်။ ထူးဆန်း အံ့ဩစရာ ကောင်းတာ က ကျွန်တော်နဲ့ ခင်ပါတယ် ဆိုတဲ့ NLD ထဲက ပုဂ္ဂိုလ်တွေကပါ ကွယ်ရာ တစ်မျိုး၊ ရှေ့မှာ တစ်မျိုး ဝေဖန် တိုက်ခိုက်လာကြပါတယ်။

ကျွန်တော့်ကို လျှပ်တစ်ပြက် ဂျာနယ်က ကိုမြတ်ခိုင် မေးဖူးလို့ ပြောခဲ့ဖူးပါတယ်။

"ကျွန်တော့်ကို ရေးတာ၊ ပြောတာတွေနဲ့ ပတ်သက်လို့ တရားမစွဲပါဘူး" ဆိုတဲ့ စကားပါ။ သူက ဘာဖြစ်လို့လည်းလို့ မေးတဲ့ အခါကျတော့ "ခင်ဗျား စဉ်းစားကြည့်ဗျာ၊ တရားစွဲပြီ ဆိုတာနဲ့ ရှေ့နေ ငှားရဦးမယ်၊ ရုံးချိန်း သွားရဦးမယ်၊ အလုပ်တွေ ပိုရှုပ်လာမယ်ဗျာ၊ အလုပ်ရှုပ်မှာတွေ မြင်လို့ ဘာမှ မတုံ့ပြန်ချင်ဘူး" လို့ ပြန်ဖြေခဲ့ဖူးပါတယ်။

အဲဒီလိုပဲ ကျွန်တော့်ကို ဝေဖန်တာနဲ့ ပတ်သက်လို့ ဖေ့စ်ဘုတ်က ကာတွန်းလေး တစ်ခုကို ကြိုက်လို့ Download ဆွဲပြီး ကျွန်တော့် အခန်းရှေ့မှာ ကပ်ထားဖူးပါတယ်။ "ကျွန်တော်က ကုလားထိုင်မှာ ထိုင်နေတယ်၊ တစ်ဖက်က ကျွန်တော့်ကို လက်ပစ်ဗုံးတွေနဲ့ ပစ်နေတယ်၊ ကျွန်တော့်နား ရောက်တော့ ပန်းတွေ ဖြစ်ကုန်တယ်၊ ဒီသဘောပါတဲ့ ကာတွန်း" ပါ။ ကာတွန်း ခေါင်းစဉ်က "ပန်းနဲ့ ပေါက်သလိုပဲ သဘောထားတယ်" ပါတဲ့။

ခင်မင်တဲ့ သူတွေနဲ့ ဒီလို ကိစ္စမျိုးတွေ စကားပြောဖြစ်တဲ့အခါ ကျွန်တော်က နိပါတ်တော်ထဲက ဇာတ်တစ်ပုဒ်နဲ့ နှိုင်းယှဉ်ပြီး ပြန်ဖြေလေ့ရှိပါတယ်။ "ငါ့ဒေါသက ငါ့ကိုယ်ထဲမှာ မရှိဘူး၊ ထုပ်ပိုးပြီး သဖန်းပင်မှာ ချိတ်ထားတယ်၊ ငါ လိုချင်မှ လိုသလို ထုတ်သုံးတယ်" လို့။ နိပါတ်တော်က ဇာတ်တစ်ခုထဲမှာ ကျေးဇူးရှင် ပုဏ္ဏားရဲ့ နှလုံးသားကို မိန်းမကို ပေးဖို့ ခေါင်းကို ကျောက်တုံးနဲ့ ထုတော့ မျောက်မင်းက မသေဘူး၊ သူက ဘေးလွတ်ရာရောက်မှ "ဟယ်.. ပုဏ္ဏား၊ ငါ့နှလုံးသားက ငါ့ကိုယ်ထဲမှာ မရှိဘူး၊ သဖန်းပင်မှာ ချိတ်ထားတယ်" လို့ ဆိုပြီး မျောက်မင်းက အမှတ်အတေး မထားဘဲ သူပြန်ရာ လမ်းကိုတောင် လိုက်ပြခဲ့သေးတဲ့ ဇာတ်လမ်းပါ။ ဘုရားအလောင်း မျောက်မင်းဟာ အာဃာတ ထားလေ့ မရှိဘူးဆိုတဲ့ သာဓကပါ။

## မိမိကိုယ်ကိုယ် သုံးသပ်ခြင်း

အသက်အရွယ်ကလည်း ကြီးပြီ၊ ပါတီမှာလည်း သဘာပတိ ဖြစ်လာတော့ ကြီးလေးတဲ့ တာဝန်တွေလည်း ထမ်းဆောင်ဖို့ မလိုတော့ဘူး၊ အေးအေးဆေးဆေးပေါ့။ အပေါ်မှာ ရေးခဲ့ဖူးသလို အရာရာကို ယောနိသောမနသိကာရ စိတ်ထားနဲ့ပဲ ဆင်ခြင်ပါတယ်။ ပြီးတာတွေလည်း ပြီးပါစေတော့။ ကျွန်တော့်အပေါ် ကံသုံးပါးနဲ့ ပစ်မှားမိတဲ့သူတွေ ရှိသေးရင်လည်း သူတို့ထိုက်နဲ့ သူတို့ကံ၊ ဘာမှ တုံ့ပြန်လိုတဲ့ စိတ် မရှိတော့ပြီ။

၂၀၁၄ ခုနှစ်၊ Finalcial Times သတင်းဂျာနယ်တွင် ဖော်ပြခဲ့တဲ့ ဆောင်းပါးမှ ကျွန်တော့်ရဲ့ ပုံတူ။



နောင်ဖြစ်လာမယ့် သံသရာ ဘဝ ကူးဖို့ အတွက်ပဲ ပြင်ဆင်ဖို့ လိုပြီ၊ ဒါပေမဲ့ နှစ်ရှည်လများ ထောင်ဒဏ် ကျခံပြီးတော့ ဖြတ်သန်းခဲ့ရတဲ့ နိုင်ငံရေး အခြေခံ စိတ်ထားတွေတော့ ရှိနေဆဲပါ။ ဒီ စိတ်တွေကို အခြေခံပြီး အနာဂတ် မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ကျွန်တော့ အတွေးကလေးတွေကို တော့ အရိပ်အမြွက်မျှ ပြောချင်ပါတယ်။

## ပါရမီရှင် ဒေါ်အောင်ဆန်းစုကြည်

သူ့ကို နိုင်ငံရေး လုပ်ဖော်ကိုင်ဘက် အဖြစ်နဲ့ ရင်းနှီးနေတဲ့စိတ်ကို ခဏ ဖယ်ကြည့်လိုက်ပါ။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးရဖို့ အတွက် သော့လည်းကောင်း၊ နိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် သော့လည်းကောင်း။ ဒီနိုင်ငံမှာ သူမှတစ်ပါး အခြားမရှိပြီလို့ ပြောချင်ပါတယ်။ သူ့ကို ကျွန်တော်က ပါရမီရှင်လို့လည်း မြင်ပါတယ်။ ဦးဝင်းတင် အကြောင်း ရေးတဲ့ ဆောင်းပါးထဲမှာ ဖော်ပြခဲ့ဖူးသလိုပါပဲ။ She is the only hope for our country. ဒီလို သဘောထားတာပါ။

ဘာ့ကြောင့် ဒီလို ပြောရသလဲ၊ ကျွန်တော့်မှာ ခိုင်မာတဲ့ အကြောင်းရင်းတွေ အများကြီးပါ။ ၁၉၈၈ ခုနှစ် တုန်းကတော့ နိုင်ငံရေး နယ်ပယ်ထဲကို အကြောင်းကြောင်းကြောင့် ရောက်လာပေမဲ့ အဓိကကျတဲ့ နိုင်ငံရေး အုပ်စုတွေက သူ့ကို အလေးမထားပါ။ ၁၉၈၉ ခုနှစ်ကနေ ၁၉၉၅ ခုနှစ်အထိ အကျယ်ချုပ် ကျခံခဲ့ရတာကိုလည်း အများစုက အထင်မကြီး။ အဲဒီနောက်ကျမှ လူစုလူဝေးနဲ့ ပိုင်းရိုက်တယ်၊ ထပ်ပြီး အကျယ်ချုပ် ချထားပြန်တယ်၊ သူက အဲဒီ လောကဓံတွေ အားလုံးကို ကြံ့ကြံ့ခံနိုင်တယ် ဆိုတဲ့ အရည်အချင်းတွေ ထင်ရှားလာတော့မှ "လူတွေက၊ ဒီကလေးမ မဆိုးဘူး" ဆိုတဲ့ အတွေးတွေ ဝင်လာကြတာပါ။

ဒါပေမဲ့ အခြေခံ လူတန်းစားလို့ ပြောရမယ့် Grassroot က လူထုတွေကတော့ အမေစုမှ အမေစု ဖြစ်လာကြတာဟာ သူဟာ ဗိုလ်ချုပ် အောင်ဆန်း သမီးမို့လို့လည်း ဟုတ်တယ်၊ ပြည်သူလူထု အပေါ် အမြဲ ဖြောင့်မတ် မှန်ကန်တဲ့ စိတ်ထားနဲ့ အပြောတွေကြောင့်လည်း ဖြစ်တယ်။ အားလုံး သိကြတဲ့အတိုင်း ၂၀၀၃ ခုနှစ်မှာ ဒီပဲယင်း အရေးအခင်းနဲ့ ဒေါ်စုကို လုပ်ကြံခဲ့တာတောင် သူက ဒီနေ့ထိ တစ်ခွန်းမှ မဟာဖူးဘူး။ NLD ရဲ့ ကံကြမ္မာဟာ အဲဒီနှစ်က အနိမ့်ဆုံးပါ။

အဲဒီလို အသက်လေးငွေ့ငွေ့နဲ့ ဖုတ်လိုက် ဖုတ်လိုက် ဖြစ်နေတဲ့ ဘဝကနေပြီး ယနေ့ နိုင်ငံတော် တာဝန်ကို ယူနိုင်တဲ့အထိ ဖြစ်လာတာဟာ သူ့တစ်ဦးတည်း အစွမ်းမဟုတ်လို့ ဘယ်သူ့ အစွမ်းလဲ။ ဒါ့ကြောင့် ကျွန်တော်က သူ့ကို ပါရမီရှင်လို့ သတ်မှတ်ထားတာပါ။

နောက်ပြီး အခု လုပ်နေတဲ့ ငြိမ်းချမ်းရေး လမ်းစဉ် ဆိုတာ အခုမှ ဖြုန်းစားကြီး ထလုပ်တဲ့ လမ်းစဉ် မဟုတ်ပါဘူး။ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ကတည်းက NLD က ချမှတ်ထားတဲ့ မူဝါဒအတိုင်း အကောင်အထည် ဖော်နေတာပါ။ ဘာမူဝါဒလည်း ဆိုတော့ ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခတွေကို ငြိမ်းချမ်းစွာ ဆွေးနွေးပြီး နိုင်ငံရေးနည်းနဲ့ အဖြေရှာဖို့ ဆိုတဲ့ မူအတိုင်း လုပ်နေတာပါ။

## တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ထားသင့်တဲ့ သဘောထား

ငြိမ်းချမ်းရေး ဆွေးနွေးပွဲမှာ ပါဝင်နေတဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေကို ဖြစ်စေချင်တာက ၁၉၄၇ ခုနှစ်မှာ ဗိုလ်ချုပ် အောင်ဆန်းနဲ့တကွ တိုင်းရင်းသား ခေါင်းဆောင်ကြီးများ အချင်းချင်း ထားရှိတဲ့ ရင်းနှီး ပွင့်လင်းတဲ့ ချစ်ကြည်ရေးကို ရရှိအောင် ပြန်လည် တည်ဆောက်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

အခုဟာ IT ခေတ်လည်း ဖြစ်တယ်၊ တိုင်းရင်းသားများဟာလည်း ကမ္ဘာအနှံ့ ရောက်ရှိပြီး အခြေချ နေထိုင်လျက် ရှိကြပါတယ်။ အဲဒီ ပုဂ္ဂိုလ် အချို့ဟာလည်း ငြိမ်းချမ်းရေး ဖြစ်စဉ်မှာ ပါဝင်နေကြပါတယ်။ ဆက်လက်လည်း ပါဝင်နေဆဲ ဖြစ်ပါတယ်။ ၎င်းတို့ ပြည်ပမှာ အခြေကျနေတဲ့ အခါမှာ ဖြစ်ပေါ်လာတဲ့ ဆန္ဒများ အတွေးအခေါ်များကို ရှေ့တန်း မတင်ဘဲ ပြည်တွင်းမှာပဲ ဘိုးစဉ်ဘောင်ဆက် အခြေချနေတဲ့ တိုင်းရင်းသား

တွေရဲ့အကျိုးကို ရှေးရှု ဆောင်ရွက်သင့်ကြပါတယ်။

ပြီးတော့ ရည်မှန်းချက် အမျိုးမျိုး ရှိနေတဲ့ နိုင်ငံတကာ အဖွဲ့အစည်း အသီးသီးတွေရဲ့ အကြံဉာဏ်တွေ၊ အားပေး ကူညီမှုတွေကိုလည်း သတိနဲ့ ယှဉ်ပြီး လက်ခံသင့်ကြပါတယ်။ အကုန် မဟုတ်သော်လည်းပဲ အချို့သော ပြည်ပ အဖွဲ့အစည်းတွေဟာ မြန်မာနိုင်ငံကို Balkanisation ဖြစ်လာအောင် လျှို့ဝှက် တွန်းအား ပေးနေတဲ့ အလုပ်တွေကို သတိနဲ့ ယှဉ်ပြီး ရှောင်ရှားနိုင်ကြပါစေ။

အခု လောလောဆယ် ပေါ်ပေါက်နေတဲ့ ရခိုင်ပြည်နယ် မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တော အရေး အခင်းဟာ အထင်ရှားဆုံး သာဓကပါ။ ARSA အဖွဲ့ရဲ့ အန္တိမ ရည်မှန်းချက်ဟာ အဲဒီ ဒေသကို သူတို့ရဲ့ လွတ်မြောက်ရေး ဒေသ အဖြစ် တည်ဆောက်ရေး ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အချုပ်အချာကို ထိပါးဖို့ ဖြစ်လာပါပြီး လွတ်မြောက်ရေး ဒေသ တည်ဆောက်ရေး ဆိုတဲ့ သူတို့ရဲ့ ရည်မှန်းချက် ဆိုတာကို ကျွန်တော် အဖက်ဖက်က သုံးသပ်ပြီး ပြောလိုက်တာပါ။ သူတို့နဲ့ သူတို့ အသိုင်းအဝိုင်းတွေရဲ့ နောက်ခံ နိုင်ငံတကာ အုပ်စုတွေဟာ အံ့လိုက် ကျင်းလိုက် ဖြစ်နေတယ်။ အင်မတန် လိမ္မာ ပါးနပ်ပြီး ကောက်ကျစ်တဲ့ အဖွဲ့အစည်းတွေ ဖြစ်လေတော့ သူ လုပ်သမျှ ပြောသမျှတွေဟာ အလွန် ပါးနပ်ကြတယ် ဆိုတာ သတိရှိစေချင်ပါတယ်။

## တပ်မတော်နဲ့ ပတ်သက်လို့

ကျွန်တော်ဟာ တပ်မတော်ထဲမှာ တာဝန် ထမ်းဆောင်နေစဉ်က ဗိုလ်ချုပ်ကြီး နေဝင်း၊ ဗိုလ်ချုပ်ကြီး စန်းယု၊ ဗိုလ်ချုပ်ကြီး သူရ တင်ဦးနဲ့ ဗိုလ်ချုပ်ကြီး သူရ ကျော်ထင်တို့ကို မှီခဲ့ပါတယ်။ လူငယ် အရာရှိ ဘဝနဲ့ အဲဒီ ပုဂ္ဂိုလ်ကြီးတွေရဲ့ အရည်အသွေးတွေကိုလည်း ဉာဏ်မှီသလောက် အကဲဖြတ်ခဲ့ပါတယ်။ တစ်ဦးချင်း ကောင်းကွက်လေးတွေကိုလည်း သတိပြုမိပါတယ်။ အထူးသဖြင့် ဗိုလ်ချုပ်ကြီး စန်းယုနဲ့ ထိုစဉ်က ဒုဗိုလ်မှူးကြီး ထွန်းရီ (နောင်မှာ ဒုတိယ ဗိုလ်ချုပ်ကြီး၊ ကွမ်းလုံ သူရဲကောင်း) တို့ အကြောင်းကို အထက် တစ်နေရာမှာ ဖော်ပြခဲ့ပြီးပါပြီ။

အဲဒီ ပုဂ္ဂိုလ်တွေဟာ ဘုန်းကံကြီးမားတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်သလို အရည်အချင်းလည်း ရှိကြတဲ့ ပုဂ္ဂိုလ် တွေပါ။ ဒါပေမဲ့ တပ်မတော်သား ဘဝနဲ့ နိုင်ငံရေး ဖြစ်စဉ်တွေမှာ ပါဝင်ခဲ့တာ သူတို့ရဲ့သန္တာနစရာကောင်းတဲ့ ကံကြမ္မာတွေပဲလို့ မြင်မိပါတယ်။ လူတွေက ဘယ်လောက် တော်နေပေမဲ့ ပါဝင် လှုပ်ရှားရတဲ့ နိုင်ငံရေး လမ်းစဉ်ဟာ မမှန်ကန်တဲ့အတွက် သူတို့ဟာ သမိုင်းမှာ ကောင်းမွန်တဲ့ မှတ်ချက်တွေ ရနိုင်မှာ မဟုတ်ပါဘူး။ ဒီလို ပြောရတာ အကြောင်းရှိပါတယ်။

## ဗိုလ်ချုပ်နဲ့ အရမ်း ကွာတယ်

ကျွန်တော် စစ်ရုံး မရောက်ခင် သနက ၅ မှာ တာဝန် ထမ်းဆောင်ရင်း ကက (ကျင့်) ရဲ့ အစီအစဉ်နဲ့ တခြား အရာရှိအချို့နဲ့ အတူ ရုရှားဘာသာကို အချိန်ပြည့် သင်တန်း တက်ခဲ့ရပါတယ်။ ဒုတိယနှစ် ပြီးဆုံးခါနီးမှာ ကျောင်းသားတိုင်း စာတမ်း တစ်ခုစီ တင်ပြရပါတယ်။ ကျွန်တော်က ဗိုလ်ချုပ် အောင်ဆန်း အကြောင်းကို ရွေး လိုက်ပါတယ်။ ဗိုလ်ချုပ် အောင်ဆန်း အတ္ထုပ္ပတ္တိ ရေးနိုင်ဖို့ အတွက် တပ်မတော် မော်ကွန်းတိုက်က စာအုပ် တွေကို ငှားရမ်း မှီငြမ်းရပါတယ်။

တပ်မတော် မော်ကွန်းတိုက်မှာက အဲဒီမှာ အရာရှိ ဖြစ်နေတဲ့ ကိုဝင်းတင်က အများကြီး အကူအညီ ပေးခဲ့ပါတယ်။ ကိုဝင်းတင်ဟာ DSA အပတ်စဉ် ၇ က ဖြစ်ပြီး ကျောင်းဆင်းမယ့် နှစ်မှာ ဓာတုဗေဒ ဘာသာရပ်

လက်တွေ့မှာ လက်ထဲမှာ မတော်တစ်ဆ ပေါက်ကွဲမှုဖြစ်လို့ လက်ချောင်းလေးတွေ ပြတ်သွားပါတယ်။ ဒါ့ကြောင့် ကျောင်းက ထွက်လိုက်ရပြီး တက္ကသိုလ်က ဘွဲ့ရတဲ့အခါမှာ မော်ကွန်းတိုက်မှာ အလုပ်ရနေတာပါ။ စာအုပ်တွေ ငှားဖို့ သူ့ကို အားကိုးရပါတယ်။

ဗိုလ်ချုပ် အောင်ဆန်း အကြောင်းကို စာရေးဆရာ မျိုးစုံ ရေးတဲ့ စာအုပ်တွေ ဖတ်ရတဲ့အပြင် သူ့ရဲ့ မိန့်ခွန်းတွေကိုလည်း ဖတ်ရပါတယ်။ အဲဒီ စာတမ်းကို ပြုစုတဲ့အခါမှာ အဲဒီအခါတုန်းက UFL လို့ ခေါ်တဲ့ နိုင်ငံခြား ဘာသာ သိပ္ပံမှာ တစ်ခုတည်းသာ ရှိတဲ့ ရုရှား လက်နှိပ်စက်နဲ့ ရိုက်ပြီး တင်ခဲ့ပါတယ်။ စာမျက်နှာ ၄၀ လောက် ရှိပါတယ်။ အဲဒီလို ဗိုလ်ချုပ် အကြောင်း ပြုစုရင်းနဲ့ ဗိုလ်ချုပ်ရဲ့ မိန့်ခွန်း တိုတိုလေး (တစ်မျက်နှာ လောက်ပဲ ရှိတာပါ) တစ်ခုကို ဖတ်လိုက်ရတော့ ကျွန်တော် ခေါင်းကြီးသွားပြီး ကြက်သီးမွေးညင်း ထခဲ့ပါတယ်။ မျက်စိထဲမှာ ကြယ်တွေ လတွေတောင် မြင်ရသလိုပါပဲ။

အဲဒီ မိန့်ခွန်းက ဗိုလ်ချုပ် အောင်ဆန်းက ရန်ကုန်၊ မင်္ဂလာဒုံ မှော်ဘီနဲ့ ပဲခူး တစ်ဝိုက်က အရာရှိကြီး တွေကို ရုတ်တရက် စုစည်းပြီး ပြောတဲ့ မိန့်ခွန်းပါ။ အကြောင်းက၊ လွတ်လပ်ရေး ရဖို့ နိုင်ငံရေး အရ ဆက်လုပ်ရမှာ ဖြစ်တဲ့အတွက် ဗိုလ်ချုပ်က တပ်မတော်က နုတ်ထွက်မယ် ဆိုတဲ့ သတင်း ဖြစ်လာလို့ပါ။ သူ မိန့်ခွန်း ပြောတဲ့ အချိန်မှာတော့ ဗိုလ်ချုပ်ဟာ တပ်မတော်က နုတ်ထွက်ပြီးပါပြီ။ ဗိုလ်ချုပ်သာ တပ်မတော်ကသူ နုတ်ထွက်ရင် တပ်မတော်ကတော့ ဒုက္ခရောက်တော့မှာပဲ၊ အားကိုးရာမဲ့ ဖြစ်ကုန်ပြီ စတဲ့ အပြောအဆိုတွေ ဖြစ်လာလို့ပါ။ ဒါ့ကြောင့် နီးစပ်ရာ အရာရှိတွေကို စုစည်းပြီး အခြေအနေ ရှင်းပြတဲ့ မိန့်ခွန်းပါ။ အတိအကျ မဟုတ်ပေမဲ့ သဘောကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

"အခုလို မင်းတို့ကို ခေါ်ပြီး ပြောရတဲ့ အကြောင်းရင်းက ငါ တပ်က ထွက်တော့မယ် ဆိုတဲ့ သတင်း ကြောင့် တပ်ထဲမှာ ဟိုလို ဒီလို စကားတွေ ပွထနေလို့ အခုလို ခေါ်ပြောရတာပါ။ ဟုတ်တယ်၊ တို့က သူ့ကျွန် ဘဝက လွတ်ပြီးတော့ အင်္ဂလိပ်ကိုလည်း တော်လှန်ပြီးပြီ၊ ဂျပန်ကိုလည်း တော်လှန်ပြီးပြီ၊ ဗမာ့ တပ်မတော် ရယ်လို့လည်း မားမားမတ်မတ် ပေါ်ထွန်းလာပြီ၊ ဒါပေမဲ့ လွတ်လပ်ရေး မရသေးဘူး။ လွတ်လပ်ရေး ရအောင် နိုင်ငံရေးနည်းနဲ့ ဆက်ကြိုးစားရဦးမယ်၊ ဒါ့ကြောင့် ငါ တပ်က ထွက်ပြီး အင်္ဂလိပ်ထံက လွတ်လပ်ရေး ရအောင် လုပ်ရဦးမယ်။

"ငါ တပ်က ရာထူးနဲ့ နိုင်ငံရေး ဆက်လုပ်လို့ မဖြစ်ဘူး။ စစ်တပ်နဲ့ နိုင်ငံရေး ကွဲပြား ခြားနားမှု ရှိရမယ်၊ မကွဲပြားပဲ စစ်တပ်နဲ့ နိုင်ငံရေး ရောသွားရင် ငါးပါးမက သံယာစင်ပါ မှောက်တတ်တယ်၊ ဒါ့ကြောင့် ငါ တပ်က ထွက်ရတာကို သဘောပေါက်ကြ၊ တပ်မှာ စိတ်ချ ယုံကြည်ရတဲ့ ဗိုလ်လက်ျာကို ငါ ထားခဲ့တယ်၊ တပ်က အရေးအခင်း ကိစ္စတွေကို ငါကလည်း ပစ်ထားမှာ မဟုတ်ဘူး၊ အမြဲ စောင့်ကြည့်နေမှာ၊ မင်းတို့ စိတ်ချလက်ချနဲ့ ကိုယ့်တာဝန်ကိုယ် ကျေအောင် ထမ်းဆောင်ကြ"

အဲဒီသဘောပါတဲ့ မိန့်ခွန်းတိုတိုလေးပါ။ "စစ်တပ်နဲ့ နိုင်ငံရေး ရောရင် ငါးပါးမက၊ သံယာစင်ပါ မှောက်မယ်" ဆိုတဲ့ စကား ဖတ်လိုက်ရလို့ ကျွန်တော်ဟာ ရုတ်တရက် ကြက်သီးမွေးညင်းတွေ ထသွားပြီး ခေါင်းလည်း တော်တော် ကြီးသွားပါတယ်။ အဲဒီ မိန့်ခွန်းက တပ်မတော် မော်ကွန်းတိုက်မှာ ရှိပါလိမ့်မယ်။ ကွယ်လွန်သွားတဲ့ ဥက္ကဋ္ဌဟောင်း ဦးအောင်ရွှေ၊ ကျွန်တော့် ဆရာ သူရ ဦးတင်ဦးကြီးနဲ့ တခြားလူဟောင်းကြီး တွေကို မေးကြည့်တဲ့အခါမှာ သူတို့လည်း အဲဒီ မိန့်ခွန်းကို သိကြပါသတဲ့။

ကျွန်တော် အဲဒီ မိန့်ခွန်းကို ဖတ်မိတဲ့ အချိန်ဟာ ၁၉၆၈ ခုနှစ်ပါ။ တပ်မတော်ဟာ တော်လှန်ရေး ကောင်စီ အဖြစ် ဖွဲ့ပြီး မြန်မာပြည်ကို ဆိုရှယ်လစ် လမ်းစဉ်နဲ့ အကောင်အထည် ဖော်တော့မယ်လို့ အတိ

အလင်း ကြေညာပြီးပါပြီ၊ လွန်ကျွံကုန်ပါပြီ။ အဲဒီ မိန့်ခွန်း တိုတိုလေး ဖတ်ပြီးတဲ့အခါ ဗိုလ်ချုပ်ဟာ အသက်ငယ်ငယ်လေးနဲ့ ရှေ့ကို အများကြီး ကြိုမြင်နိုင်တဲ့ အမြော်အမြင်ကြီးတဲ့ ခေါင်းဆောင် တစ်ဦးပါလားလို့ ပိုမို လေးစားမိပါတယ်။ တစ်ဆက်တည်း ပေါ်လာတဲ့ အတွေးကတော့ ဗိုလ်ချုပ်ဟာ ကိုယ်ကျိုးနဲ့ ပတ်သက်လို့ တစ်စက်လေးမှ မရှိခဲ့ပါလား ဆိုတဲ့ အသိကြောင့် "အော်... ဗိုလ်ချုပ်နဲ့တော့ ကွာလှချည်လား" လို့ ညည်းတွားမိပါတယ်။

## ဘယ်သူ ဘယ်လိုပဲ ကောင်းကောင်း၊ စနစ်ကောင်းမှလား

၁၉၈၇ ခုနှစ်မှာ ကျွန်တော်တို့ နိုင်ငံဟာ LDC လို့ ခေါ်တဲ့ ကမ္ဘာ့ ဖွံ့ဖြိုးမှု အနိမ့်ဆုံး တိုင်းပြည် အဖြစ် ကုလသမဂ္ဂက အသိအမှတ် ပြုလိုက်ခြင်းဟာ ဗိုလ်ချုပ် ကြိုတင် ပြောခဲ့တဲ့ သံယာစင်ပါ မှောက်ခဲ့တဲ့ကိန်းပါပဲ။ အဲဒီလိုပါပဲ၊ ရှစ်လေးလုံး အရေးတော်ပုံကြီး ပေါ်ခဲ့တာဟာ ဦးနေဝင်း ဝါဒ ကျဆုံးခဲ့တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ တစ်နည်း ပြောရရင် နိုင်ငံ့အရေးကို တပ်မတော်က ပါဝင် ဦးဆောင်ခဲ့ခြင်းရဲ့ ရလဒ်လို့လည်း ပြောရမှာပါ။ ဒါကို အေးဆေးတည်ငြိမ်တဲ့ စိတ်နဲ့ ဝေဖန်ပိုင်းခြားဖို့ ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော် တစ်သက်တာ ဖတ်ကြား လေ့လာဖူးတဲ့ ဗဟုသုတတွေနဲ့ ယှဉ်ပြီး ရေးပြချင်စရာလေးတွေ ရှိပါတယ်။

## ပထမ ဂျပန် နိုင်ငံ

ဂျပန် နိုင်ငံနဲ့ ကျွန်တော်တို့ နိုင်ငံဟာ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးတော့ ပြာပုံ ဖြစ်ခဲ့တာခြင်း အတူတူပါပဲ။ အဏုမြူ ဗုံးအကျ ခံရတဲ့ ဂျပန် နိုင်ငံက ပိုပြီး အထိနာတယ်လို့ ဆိုရမှာပါ။ ဒီလိုနဲ့ ကျွန်တော်တို့ နှစ်နိုင်ငံဟာ ပြာပုံထဲက ရုန်းထခဲ့ကြရတဲ့ ဘဝတွေဟာ အတူတူပါပဲ။ ဒါပေမဲ့ ဂျပန် နိုင်ငံက စစ်အတွင်းက သူတို့ ကျူးကျော်ခဲ့တဲ့ ဖိလစ်ပိုင်၊ မြန်မာ၊ မလေးရှား စတဲ့ နိုင်ငံတွေကို စစ်လျော်ကြေး ပေးခဲ့ကြရပါသေးတယ်။

မြန်မာနိုင်ငံရဲ့ နိုင်ငံရေး ခရီးစဉ်ကို အားလုံး သိပြီးသားမို့ ရေးမပြတော့ပါဘူး။ ဂျပန် နိုင်ငံရဲ့ နိုင်ငံရေး ကတော့ အထိုက်အလျောက် တည်ငြိမ်တယ်လို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ သူတို့ အစိုးရရဲ့ ဝန်ကြီးချုပ်တွေဟာ အလွန်ဆုံးခံလှ တစ်နှစ် နှစ်နှစ်ပါပဲ။ ဆိုလိုတာက အစိုးရ ခေါင်းဆောင်တွေဟာ အမြဲတမ်း ပြောင်းလဲနေတယ် ဆိုတဲ့ အချက်ပါ။ နှစ်ပေါင်း ၇၀ လောက် ကာလအတွင်း ခြွင်းချက်အနေနဲ့ ပြောရရင် Mr. Nakasone ၊ Mr. Koizumi နဲ့ အခု တက်နေတဲ့ Mr. Shinzo Abe တို့ သုံးယောက်သာ ဝန်ကြီးချုပ် သက်တမ်း သုံး-လေးနှစ်စီ လောက် အုပ်ချုပ်ခဲ့ကြတာပါ။

ဒါပေမဲ့ ဂျပန် နိုင်ငံဟာ ကမ္ဘာမှာ အခုဆိုရင် နံပါတ် ၃၊ မူလက နံပါတ် ၂ ပါ။ တရုတ်ကြီး တက်လာလို့ နံပါတ် ၃ ဖြစ်သွားတာပါ။ ပြောချင်တာ ကျွန်တော်တို့ နှစ်နိုင်ငံစလုံး ပြာပုံဘဝက ရုန်းကန်ခဲ့ကြရတာမှာ ဂျပန်က ထိပ်တန်း ရောက်ပြီး၊ ကျွန်တော်တို့ နိုင်ငံက ဘယ်အဆင့် မှာပါလဲ။

## ဒုတိယ တောင်ကိုရီးယား

ကိုးရီးယား စစ်ပွဲဟာ ၁၉၅၃ ခုနှစ်မှ ပြီးသွားတာပါ။ ကျွန်တော်တို့ လွတ်လပ်ရေး ရပြီးနောက် ခုနစ်နှစ် ကြာမှ တောင်ကိုးရီးယား နိုင်ငံရယ်လို့ စတင် ပေါ်ပေါက်ခဲ့တာပါ။ နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ကြသူတွေထဲမှာလည်း (ဗိုလ်ချုပ်ကြီး) ပတ်ချုံဟီး၊ (ဗိုလ်ချုပ်ကြီး) ချွန်ဒူးဟွမ်ကနေ ယနေ့အထိ မွန်ဂျေးအင် အထိ အုပ်ချုပ်ခဲ့ကြပါတယ်။

သိကြတဲ့အတိုင်း ပတ်ချုံဟီး လုပ်ကြံခံခဲ့ရတယ်။ သူ့နောက်က သမ္မတတွေ ဖြစ်လာတဲ့ ချွန်ဒူးဝှမ်၊ ရိုတေဝူးတို့ဟာ အဂတိ တရားတွေကြောင့် ထောင်ကျခဲ့ရတယ်။ နိုမူဟွန်းကတော့ အဂတိ တရားနဲ့ စွပ်စွဲခံရမှာ စိုးလို့ တောင်ပေါ်က ခုန်ချပြီး သတ်သေသွားပါတယ်။ ပတ်ချုံဟီးရဲ့သမီး သမ္မတပေါင်း အမျိုးသမီးဟာလည်း ထောင်ထဲမှာ။ အရင် သမ္မတ ဖြစ်ခဲ့ဖူးတဲ့ လီမြောင်ဘတ်ကလည်း တရားစွဲခံထားရတယ် ဆိုတော့ သူတို့နိုင်ငံရဲ့ ခေါင်းဆောင် ဖြစ်ခဲ့ဖူးတဲ့သူတွေဟာ မုချ ထောင်ကျတဲ့ ဇာတ်လမ်းတွေ ဖြစ်ခဲ့/ဖြစ်နေဆဲပါ။

ဆိုလိုတာက နိုင်ငံရေး တည်ငြိမ်မှု မရှိဘူးဆိုတဲ့ သဘောပါ။ ဘယ်ခေါင်းဆောင်ကိုမှလည်း အားကိုးလို့ မရတဲ့ အနေအထား ထင်ပါရဲ့။ ဒါပေမဲ့ တောင်ကိုးရီးယား နိုင်ငံရဲ့ ဖွံ့ဖြိုး တိုးတက်မှုကတော့ အံ့မခန်းပါ။ ဆန်ဆောင်း၊ ဟွမ်ဒိုင်း၊ ဒေဝူး ဆိုတဲ့ နာမည်တွေဟာလည်း ကမ္ဘာတစ်ဝှမ်းမှာ ကျော်ကြားတဲ့ Brand name တွေ ဖြစ်နေပါပြီ။

အဲဒီ နှစ်နိုင်ငံရဲ့ တိုးတက်မှုတွေနဲ့ ကျွန်တော်တို့ နိုင်ငံ အနေအထားကို ယှဉ်ပြီး သုံးသပ်ရရင် တိုင်းပြည် တစ်ခု တိုးတက်တယ် ဆိုတာ (၁) ခေါင်းဆောင်ကြောင့်လား၊ (၂) နိုင်ငံရေးကြောင့်လား၊ (၃)လူမျိုးကြောင့်လား ဆိုတဲ့ မေးခွန်းတွေကို စာရှုသူများ စဉ်းစား ဆင်ခြင်ကြလျက် အဖြေထုတ်ကြပါရန် တိုက်တွန်းပါတယ်။

## ယနေ့ အခြေအနေ

ယနေ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး အခြေအနေကို ကြည့်လိုက်မယ် ဆိုရင် မြန်မာနိုင်ငံကို လွင်ပြင်ကြီး တစ်ခု အနေနဲ့ မြင်ကြည့်လိုက်ကြရအောင်။ အဲဒီ လွင်ပြင်ကြီးထဲမှာ ထင်ရှားတဲ့ တိုင်ကြီး နှစ်တိုင်ကို တွေ့ရပါလိမ့်မယ်။ ပထမ တစ်တိုင်ကတော့ ဒေါ်အောင်ဆန်းစုကြည် ဖြစ်ပြီး၊ ဒုတိယတိုင်ကတော့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖြစ်ပါတယ်။ ကျန်တာတွေက အသေးအဖွားပါ။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ရဖို့ရယ်၊ ဖွံ့ဖြိုး တိုးတက်ဖို့ရယ် ဆိုရာမှာ အဲဒီ တိုင်ကြီး နှစ်တိုင်ပေါ်မှာပဲ တည်ပါတယ်။ နိုင်ငံတကာ အကဲဖြတ်သူများကရော၊ ပြည်တွင်း နိုင်ငံရေး လေ့လာသူများကပါ ဒေါ်အောင်ဆန်းစုကြည်သာလျှင် တစ်ဦးတည်းသော မျှော်လင့်ချက် ဆိုတာ အားလုံး သဘောပေါက်ထားဖို့ လိုပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ပြည်သူလူထုက သူ့ကို တစ်ခဲနက် ထောက်ခံထားလို့ပါ။

နိုင်ငံရေး ပါတီတွေကို ထောက်ခံသူတွေက ကိုယ့်ပါတီနဲ့ ကိုယ် ထောက်ခံကြတာ ဖြစ်ပြီး တပ်မတော်ကတော့ တစ်နိုင်ငံလုံးက ထောက်ခံမှု ရှိပါတယ် ဆိုတဲ့ စကားကတော့ ကိုယ်လိုရာ ကိုယ်ဆွဲပြီး ပြောတာလို့ ထောက်ပြပါရစေ၊ ညီလေး မောင်မင်းအောင်လှိုင်။ ဒီအတွေးအခေါ်ကို တကယ် ယုံကြည်နေတယ် ဆိုရင်တော့ နိုင်ငံရဲ့ အနာဂတ်ဟာ တိုးတက် ကောင်းမွန်လာမယ်လို့ မမျှော်လင့်နိုင်ပါဘူး။ အဲဒီလိုပဲ စိတ်မကောင်းစွာနဲ့ သုံးသပ်ပြရမှာပါ။

စေတနာ အရင်းခံပြီး နိုင်ငံ တိုးတက်စေချင်တယ် ဆိုရင်တော့ ညီလေးဘက်က လျှော့ရမှာပါ။ တတိယ အကြိမ် ပင်လုံမှာ ပြောကြားခဲ့တဲ့ ညီလေးရဲ့ မိန့်ခွန်းကို အများပြည်သူတွေက မထောက်မညှာ ဝေဖန်တဲ့ စကားတွေကို အထူး ဂရုပြုစေချင်ပါတယ်။ ဆိုလိုတာက ပြည်သူလူထုရဲ့ ဆန္ဒကို သိအောင် ကြိုးစားဖို့ပါ။

အဲဒီလို သိအောင် ကြိုးစားရာမှာ အခြေခံထားရမယ့် စိတ်ထားကတော့ ညီလေးတို့ ကိုယ်တိုင်ကို စစ်တက္ကသိုလ်တုန်းက ဆရာ အသီးသီးက သင်ကြားပေးခဲ့တဲ့ သတ္တိနဲ့ ပတ်သက်တဲ့ သင်ခန်းစာတွေကို ပြန် ဆင်ခြင်စေလိုပါတယ်။ အထူးသဖြင့် မှန်တဲ့ဘက်က ရပ်တည်ရဲတဲ့ Moran Courage ကို အခြေခံရမှာပါ။

စဉ်းစားပုံ၊ စဉ်းစားနည်းကလည်း Outside the box ဆိုတဲ့ ဖောက်ထွက် စဉ်းစားနည်းနဲ့ စဉ်းစားစေချင်ပါတယ်။

ဥပမာ ပြရရင် ၁၉၈၆ ခုနှစ်က ဖိလစ်ပိုင် နိုင်ငံမှာ ကြုံခဲ့တဲ့ နိုင်ငံရေး အကြပ်အတည်းမှာ General Ramos ဘယ်လို ပြုမူ ဆောင်ရွက်ခဲ့တာကို ပြန်လေ့လာရင် သဘောပေါက်လာမှာပါ။ ဒီလို ပြုလုပ်ခြင်းအားဖြင့် ညီလေးဟာ ပြည်သူ့ အချစ်တော်၊ ပြည်သူ့ ဘက်က ရပ်တည်တဲ့ သူရဲကောင်း တစ်ယောက် ဖြစ်လာနိုင်တဲ့ အလားအလာ ရှိတယ် ဆိုတာ ထောက်ပြပါရစေ။

အဲဒီလို လုပ်နိုင်ခဲ့မယ် ဆိုရင်တော့ ခုနက ကိုကြီး ထောက်ပြတဲ့ မြန်မာနိုင်ငံတည်း ဟူသော လွင်ပြင်ကြီးမှာ တည်ရှိနေတဲ့ တိုင်ကြီး နှစ်တိုင်ဟာ သဟဇာတ ဖြစ်သွားပြီး ငြိမ်းချမ်းရေးနဲ့ နိုင်ငံ ဖွံ့ဖြိုးရေးကို ထိထိရောက်ရောက်၊ မြန်မြန်ဆန်ဆန် ဆောင်ရွက်သွားနိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

## နှုတ်ဆက်စကား

ကျွန်တော်ကတော့ ဘဝ နေဝင်ချိန် ရောက်နေပါပြီ။ ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ပြီ၊ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ပြီ ဆိုတော့ ဘဝမှာ လိုချင်တာ ဘာမှ မရှိသလောက်ပါပဲ။

တွေ့ကြုံရတဲ့ ပြဿနာတွေကိုလည်း အပေါ်မှာ ခဏ ခဏ ရေးပြခဲ့ဖူးသလို "ယောနိသောမနသိကာရ" သဘောနဲ့ ဆင်ခြင်တတ်တဲ့ အလေ့အထ တည်ဆောက်နေတယ် ဆိုတော့ ဘယ်လောကဓံကိုမဆို တည်ငြိမ်တဲ့ စိတ်နဲ့ပဲ ဖြတ်သန်းနိုင်ဖို့ ကြိုးစားနေခဲ့ပါတယ်။

အလားတူပဲ တစ်နေ့ကုန်ရင် တစ်နေ့ Bonus ရတယ်လို့ သဘောပိုက်ပြီး ကုသိုလ်တရား တိုးတက်ပွားများလျက်၊ အကုသိုလ် တရားများ ခေါင်းပါးလာအောင်လည်း အပ္ပမာဒေန၊ သမ္မာဒေထ စိတ်နဲ့ နေထိုင်သွားမှာ ဖြစ်ပါကြောင်း။

I will never die, but I'll just fade away.

သတ္တဝါ အားလုံး ကျန်းမာ ချမ်းသာကြပါစေ။

*မေတ္တာဖြင့် ...*

**ဝင်းထိန်**